ဒီပဲယင်းမြို့၊ သုံးထပ်ရွှေကျောင်းဆရာတော်

သိရိသဒ္ဓမ္မာဘိလင်္ကာရထေရ်အရှင်

## မူလမဟာဗုဒ္ဓဝင်

# တထာဂတဥဒါနဒီပနီ

ပထမတွဲ

ဦးမြင့်စိုး၊ ဦးစိုးတင့်နှင့် ပါဠိဆရာများ
စိစစ်ကြပ်မ ပြင်ဆင်ကြသည်။

၁၃၇၀ ၂၀၀၈

ကျမ်းစာအုပ်ဓမ္မဒါနအလှူရှင်

ဤတထာဂတဥဒါနဒီပနီကျမ်းကို အဆက်မပြတ်

လည်ပတ်ထုတ်ဝေနိုင်ရန် ရည်သန်၍ ငွေပဒေသာပင်စိုက်ထူကာ

ပညာသံဝတ္တနိကကုသိုလ်ပြုကြသော ဓမ္မဒါန ဒါယကာများ

✡ နှစ်ဖက်မိဘများ

အားအမှူးထား၍

အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး

✡ ဗိုလ်မှူးချုပ်မြင့်စိုး ဒေါ်ခင်မြဦး

သမီး မဆုသစ်ထူး မမေသင်္ကြန်ဦး

မိသားစုနှင့်

✡ ဓမ္မမိတ်ဆွေများ

ကောင်းမှု

# တထာဂတဥဒါနဒီပနီ

## သုံးထပ်ရွှေကျောင်းဆရာတော်

## ပထမတွဲ

ဒီပဲယင်းမြို့ သုံးထပ်ရွှေကျောင်းဆရာတော်

သိရိသဒ္ဓမ္မာဘိလင်္ကာရထေရ်အရှင်

# မူလမဟာဗုဒ္ဓဝင်

# တဿာဂတာဒဥဒါနဒီပနီ

## ပထမတွဲ

ဦးမြင့်စိုး၊ ဦးစိုးတင့်နှင့် ပါဠိဆရာများ
စိစစ်ကြပ်မ ပြင်ဆင်ကြသည်။

၁၃၇၀ ၂၀၀၈

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
အမှတ် ၂၇၅၉၀
ရက်စွဲ ၄.၁၁.၁၁
သုတေသနစာကြည့်တိုက်

# ပုံနှိပ်မှတ်တမ်း

ဒုတိယအကြိမ်

အုပ်ရေ (၁၀၀၀)

၁၃၇၀-ခုနှစ်၊ (၂၀၀၈- ခုနှစ်)

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးဇာနည်ဝင်း
မှတ်ပုံတင်အမှတ် (၀၃၈၄၃ / ၀၂၄၀၅) က
ပုံနှိပ်ထုတ်ဝေပါသည်။

# အမှာစာ

တထာဂတဥဒါနဒီပနီကျမ်းပြုဆရာတော်မှာ "ဒီပဲယင်းမြို့ အနောက်တောင်ခွင်၊ မြို့၏အပြင်ပ၊ မြင့်မြတ်လှသောမြေအရပ်တွင် မြို့သူကြီး ဖေယျဝမှု ဆောက်လှူအပ်သော သုံးထပ်ရွှေကျောင်း ဆရာတော်၊ ၃၈-ဝါရ၊ ဘဒ္ဒန္တသိရိသဒ္ဓမ္မာဘိလင်္ကာရမထေရ် ဖြစ်သည်။ သာသနာတော် ၂၃၁၆-ခုနှစ်၊ ကောဇာ ၁၁၃၄-ခုနှစ်တွင် ဤဗုဒ္ဓဝင် မြန်မာစကားပြေကျမ်းကြီးကို ပြုစီရင်၏"ဟု ဤကျမ်းနိဂုံး၌ ပြဆိုထားသည်။ သို့သော်လည်း ဒုတိယတွဲ၊ ပဥ္စမပိုင်း စာပိုဒ်အမှတ် ၃၀၆-တွင် "သာသနာတော်သည် ရတနာပုရပြည်ကြီးသို့ ရောက်သဖြင့် သက္ကရာဇ် ၇၂၆-ခု၊ သာသနာတော်နှစ် ၁၉၀၈-နှစ်၌ ရတနာပုရပြည် တည်ထောင်သော သတိုးမင်းဖျားမှစ၍ သုံးကျိပ်သုံးယောက်သောမင်းဆက် ရောက်ပြီးသည်တိုင်အောင် ဆောင်ရွက်စောင်မ အုပ်ချုပ်ထိမ်းသိမ်းသဖြင့် ရတနာပုရပြည်ကြီး၌ မြတ်စွာဘုရား သာသနာတော် စည်ပင်ပွင့်လင်းထွန်းပသောအခါ သာသနာတော်နှစ် ၂၃၁၆-နှစ်၊ သက္ကရာဇ် ကောဇာ ၁၁၃၄-နှစ်တွင် ဤစာကျမ်းသစ် ဖြစ်သတည်း"ဟု ပြဆိုရာ ခုနှစ်နှင့် ခေတ်ကာလညီအောင် ညှိယူရပေမည်။ ဟံသာဝတီရိုက်မှာ ၅-တွဲ၊ ၅-အုပ် ရှိသည်။ ယခုအကြိမ်တွင်မူ အကိုင်ရ လွယ်ကူအောင် ၅-တွဲအစား ဆိုက်ကြီးဖြင့် ၂-တွဲသာ ထားပါသည်။ ဟံသာဝတီရိုက်တွင် ပုဒ်မခွဲပုံ၊ ခေါင်းစီးတပ်ပုံများ ကောင်းမွန်သဖြင့် သူ့ဟန်အတိုင်းနီးပါး ယူထားပါသည်။ ထို့ပြင် အလွယ်တကူရှာယူနိုင်ရန် မှတ်သားဖွယ်ရာ အက္ခရာဝလိပုဒ်စဉ်ကိုလည်း နောက်ဆက်တွဲ ထည့်သွင်းပါသည်။ ဗုဒ္ဓဝင်ကျမ်းများအကြောင်းကို ပညာရှင်အသီးသီးတို့ ရေးသားကြပြီး ဖြစ်ရာ ဤ၌ အထူးဖော်မပြတော့ပါ။ ဤကျမ်းကို ဟံသာဝတီရိုက် နိဒါန်းတွင် "မူလမဟာ ဗုဒ္ဓဝင်"ခေါ် ဆိုထိုက်ကြောင်း ပြဆိုထားသည်။ သက္ကရာဇ်အစောပိုင်းက စီရင်ခဲ့သဖြင့် မူလ ဟူသောအမည်, အကြောင်းအရာ စုံလင်လှသဖြင့် မဟာ-ဟူသောအမည်ဖြင့် ဗုဒ္ဓဝင်ဟူသော နာမ်ပုဒ်ကို ဝိသေသပြုသည်မှာလည်း အလွန်သင့်လျော်ပါသည်။

ဇာတတ္ထကီနှင့် သောတတ္ထကီကျမ်းတို့မှာ သင်္ဂါယနာတင် မဟုတ်သော်လည်း အရေးတယူ အလေးမူထိုက်ကြောင်း အထောက်အထား သာဓကဖြင့် ဇိနတ္ထပကာသနီကျမ်းတွင် ပြဆိုပြီးဖြစ်သည်။ သိရီမဟာမာယာဒေဝီ မယ်တော်မာယာဝတ္ထုမှာ စာငယ်ဟု အချို့ဆရာတော်တို့ သဘောထားကြပါသော်လည်း ထိုခေတ်အနေကို ထည့်ဝါခန့်ငြား သိသာထင်ရှားအောင် ဖော်ပြထားသည့် ကျမ်းစာပင် ဖြစ်သည်။ ဤကျမ်းများကို ထေရဝါဒ၏ ဆန့်ကျင်ဘက် 'ဗုဒ္ဓစရိတ စသည်တို့နှင့် တစ်တန်းစားထဲ'ဟု မှတ်ချက်ချရန် ခဲယဉ်းပေရာသည်။ ထိုကျမ်းများမှ အဆိုအမိန့်များကို ဤကျမ်းတွင် ကြည်ညိုဖွယ်ရာ ထည့်သွင်းစီရင်ထားသဖြင့် ဗဟုသုတများကို အလွယ်တကူ ရယူနိုင်ပါသည်။

ဓမ္မကထိကဆန်ဆန် 'ဟောတရား'ဓမ္မကထာ ပါဠိရေးကျမ်းစာများမှာ သီရိလင်္ကာတွင် **မဓုရသဝါဟိနီ** စသည်ကျမ်းများ၊ ထိုင်းတွင် ဇင်းမယ်ပဏ္ဏာသ စသည်များ၊ သက္ကတဖြင့် မဟာယာနဆိုင်ရာတွင် ဗုဒ္ဓစရိတစသည်များ ရှိခဲ့ကြသည်။ ထိုတွင် အချို့ဝတ္ထုမှာ ကြည်ညိုဖွယ်ရာ စိတ်ဝင်စားဖွယ်ရာ များစွာပါသည်။ ထို့ကြောင့်ပင် ဤဗုဒ္ဓဝင်တွင် ဇမ္ပုပတိဝတ္ထုစသည်ကို ထည့်သွင်းထားဟန်တူပါသည်။ မှန်လောက်, မမှန်လောက်ကို သမိုင်းရှုထောင့်အရ ၁၊ အချိန်, ၂၊ နေရာဒေသနှင့် ၃၊ ဖြစ်ပျက်ပုံ စသည်များဖြင့် ခိုင်မာသော အထောက်အထားယူပြီး စိစစ်ကြရမြဖြစ်သည်။ စိစစ်သော် ဇမ္ပုပတိမင်း ဖြစ်ထွန်းချိန်မှာ ယင်းဝတ္ထု အဆိုအရ ဝေဠုဝန်ကျောင်းတွင် ဘုရားရှင်သီတင်းသုံးတော်မူချိန် ဖြစ်သည်။ ယင်းဇမ္ပုပတိမှာ ပဥ္စာလပြည်ဒေသတွင် နန်းစံသည်၊ ဘုန်းတေဇာ အလွန်ကြီးသည်။ ၁၀၁-ပါးသောမင်းများကို ဖမ်းယူလှောင်ထားနိုင်သည်အထိ အစွမ်းထက်သည်။ 'ဘုရားရှင်သည် တန်ခိုးအကြီးဆုံး' ဟူသော သတင်းကို ကြားသိရရာ 'ဗိုလ်မထား'ဟူသော မခံချင်စိတ်ဖြင့် တိုက်ခိုက်အနိုင်ယူရန် မာဂဓတိုင်း၊ ရာဇဂိုရ်သို့ စစ်အင်္ဂါ ၄-ပါးဖြင့် ချီလာသည်။

ဘုရားရှင်လက်ထက်၌ ဇမ္ဗူဒိပ်တွင် **တိုင်းသောဠသ** ရှိသည်။ ထို ၁၆-တိုင်းပြည်တွင် **မဂဓ၊ ကောသလ၊ ဥဇ္ဇေနီနှင့် ကောသမ္ဗီ**ပြည်တို့မှာ လက်နက်နိုင်ငံကြီးများ ဖြစ်ကြ၍ ကျန် ၁၄-တိုင်းမှာ တိုင်းငယ်, ပြည်ငယ်များသာ ဖြစ်ကြသည်။ ယင်း ၄-ပြည်၏ အရှင်ဖြစ်သော **ဗိမ္ဗိသာရ၊ ပသေနဒီကောသလ၊ စန္ဒပဇ္ဇောတနှင့် ဥတေန**မင်းတို့မှာ စစ်ရေးအမြင်, စစ်ရေးအတွေ့အကြုံ ရင့်မာသည့် စစ်ပညာတတ် စစ်ဘုရင်များ ဖြစ်ကြသည်။ 'ဤဘုရင်များကို ပဥ္စာလတိုင်းနိုင်ငံငယ်က အောင်နိုင်ပြီး ဖမ်းဆီးခံရသည်'ဟု ပြဆိုထားသည်ကို မတွေ့ရ၊ ပဥ္စာလမှ မဟာတပ်မတော်ကြီးသည် ရာဇဂြိုဟ်သို့ ချီလျှင် ကောသလတိုင်းကို ဖြတ်ကျော်ရမည်။ ပသေနဒီကောသလမင်းက လက်ပိုက်ကြည့်နေမည် မဟုတ်။ ဘုရားရှင်သည် မဂဓတိုင်း၊ နေပြည်တော်ရာဇဂိုရ်၊ ဝေဠုဝန်ကျောင်းတွင် သီတင်းသုံးတော်မူရာ ဘုရားရှင်ထံ ရောက်အောင် မဂဓတိုင်းထဲသို့လည်း ဝင်ရဦးမည်၊ စစ်သည် အမြောက်အမြားသခင်, မဟာတပ်မတော်ကြီးပိုင်ရှင် ဘုရင် ဗိမ္ဗိသာရ-ကလည်း အဝင်မခံ တိုက်ခိုက်တွန်းလှန်မည်သာ ဖြစ်သည်။ "ဇမ္ပုပတိ၏နန်းမှာ တိုင်းကြီး သောဠသထဲက ပဥ္စာလပြည်မဟုတ်၊ အခြားပဥ္စာလပြည်ဖြစ်သည်"ဟု ဆိုရန်မှာလည်း ထိုခေတ် ပထဝီဝင်မြေပုံတွင် အခြားပဥ္စာလ-ဟု မရှိ။ ဤသို့လျှင် ဝတ္ထုဆိုတိုင်း ဖြစ်ပျက်မှု မရှိနိုင်သည်မှာ ထင်ရှားသည်။ ထို့ကြောင့် ဇမ္ပုပတိမင်းအတ္ထုပ္ပတ်မှာ အခြေအမြစ်မရှိ ဖြစ်သွားတော့သည်။ ဆက်လက်၍ ကျမ်းဂန်သာဓကများဖြင့် စိစစ်လိုလျှင် ဗုဒ္ဓနိုင်ငံတော် (ပထမတွဲနှင့် ဒုတိယတွဲ)တို့မှ ဖြစ်ပျက်ပုံနှင့် သာဓကများကို အလွယ်တကူ လေ့လာရယူနိုင်ပါသည်။

ကျမ်းဆရာသည် ကျမ်းဂန်များစွာမှ ပိဋကတ်ကို ကျစ်ကျစ်လစ်လစ်ထုတ်ယူ၍ စိတ်ဝင်းစားဖွယ် ရသမြောက်အောင် ရေးစွမ်းတော်မူနိုင်သည်။ ဤကျမ်းကို နောက်ဆုံးရိုက် ၁၉၅၈-ခုနှစ်က ဖြစ်ခဲ့ရာ ယခုဆိုလျှင် နှစ်ပေါင်း ၅၀-လွန်ခဲ့ပြီ၊ ရှာမရအောင် ရှားပါးခဲ့လေပြီ။ သို့ဖြစ်ရာ ရှေးဟောင်း အဆင့်မြင့်ကျမ်းစာများ မပျောက်ပျက်စေရန် ရည်သန်၍ ဤဗုဒ္ဓဝင်ကို ရွေးချယ်ပုံနှိပ်ပါသည်။ ရှေးဦးစွာ ကွန်ပျူတာစာစီ၍ ဒေါ်ချောနွယ်အောင်၊ ကိုတေဇာလင်းတို့က မူရင်းကျမ်းနှင့် တိုက်ဆိုင်ကာ ပရူအကြိမ်ကြိမ်ထုတ်ပါသည်။ ဆရာကြီး ဦးမြင့်စိုး လက်ထောက်ညွှန်မှူး(ငြိမ်း)၊ ဆရာကြီးဦးသိန်းအောင် (ဟာရာဏသီ)၊ ဆရာကြီးဦးစိုးတင့် (မဟာသဒ္ဓမ္မဇောတိက)တို့အမှူးပြုသည့် ရွှေသုဝဏ်ကျောင်းအဖွဲ့က သန့်စင်အောင် တည်းဖြတ်သုတ်သင်ကြပါသည်။

ဤဒုတိယအကြိမ် အုပ်ရေ ၁၀၀၀-ပုံနှိပ်ရာတွင် အုပ်ရေ ၁၀၀-ကို သာသနာရေးဦးစီးဌာနအားလည်းကောင်း ၂၀၀-ကို ဤကျမ်းစာအလှူရှင်အားလည်းကောင်း ကျန် ၇၀၀-ကို နောက်နောင်တွင် အဆက်မပြတ် ပုံနှိပ်ထုတ်ဝေနိုင်စေရန် ရန်ကုန်မြို့၊ ကမ္ဘာအေး စေတီလမ်း၊ ဓမ္မစကြာ၊ ဗုဒ္ဓစာပေအဖွဲ့အားလည်းကောင်း ဖြန့်ဝေအပ်နှံပါသည်။

"ယေ ဘိက္ခဝေ ဗုဒ္ဓေ ပသန္နာ၊ အဂ္ဂေ တေ ပသန္နာ၊ ဘုရားရှင်အား ကြည်ညိုသူသည် အမြတ်ဆုံးကို ကြည်ညိုသည် မည်၏"-ဟူသော ဒေသနာတော်နှင့်အညီ ဘုရားရှင်အား အစဉ်တစိုက် ကြည်ညိုကိုးကွယ်နေသည့်, အကြီးအကဲများ၏ လမ်းညွှန်မှုကိုယူ၍ စေတီပုထိုးများကို တည်လှူနေသော အနောက်မြောက်ပိုင်းတိုင်း၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး + ဇနီး ------ **ဒေါ်ခင်မြဦး၊ သမီး မဆုသစ်ထူး၊ မမေသကြန်ဦး၊** ------------ မိသားစုနှင့် ဓမ္မမိတ်ဆွေများက **'သံတောင်ကြီးမြို့၊ ကေတုသိဂီစေတီ ရွှေထီးတော်တင်ပွဲမှ** ဆက်နွယ်၍ ဖြစ်ပေါ်လာသော **'အမေးတော်ဖြေကျမ်း'** ဓမ္မစေတီကို တည်လှူကြသည့် ဒကာများအတူ' ကြည်ဖြူစေတနာ ဝေဖြာလျှံလန်း သဒ္ဓါပန်းပွင့်ကြသည်နှင့်အညီ "ဘုရားအကြောင်းအရာ ဗုဒ္ဓဝင်ကျမ်းမျိုးကို ငွေပဒေသာပင်စိုက်၍ ပညာသံဝေဂနိက ကုသိုလ်အဖြစ် ပုံနှိပ်လှူဒါန်းလိုပါသည်"ဟု လျှောက်ထားကြသဖြင့် ယခု စာဒါယကာ တာဝန်ယူနေရသော အနောက်မြောက်ပိုင်းတိုင်း အဝင်အပါ ဒီပဲယင်းဌာနမှ သုံးထပ်ရွှေကျောင်းဆရာတော် ပြုစုစီရင်ခဲ့သည့် မူလမဟာဗုဒ္ဓဝင်မည်ထိုက်သော ဤတထာဂတဉဒါနဒီပနီကျမ်းကို ယင်းဒကာများ၏ ပါရမီအလီလီ ပြည့်ညီအောင်မြင်အောင်, မူလရည်ရွယ်ချက်များလည်း ပြည့်စုံအောင် ပုံနှိပ်လုပ်ဆောင်အပ်ပါသတည်း။

ဘဒ္ဒန္တသဒ္ဓိယ

( 12.5.08 )

# တထာဂတဉဒါနဒီပနီ

## တထာဂတဉဒါနဒီပနီ၊ ပထမတွဲ၊ ပထမပိုင်း၊

### မာတိကာ

-------


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| - | အမှာစာ | [ ၉ ] |
| - | ဟံသာဝတီရိုက် နိဒါန်း | [ ၂၀ ] |
| - | ပဏာမနှင့် ပဋိညာဉ် | ၁ |
| ၁။ | ဘုရားဆုပန် သချေ်-၂၀ | ၂ |
| ၂။ | သုမေဓာရသေ့အကြောင်း | ၇ |
| ၃။ | ဘုရားဖြစ်အံ့သော တိတ်နိမိတ်များ | ၂၁ |
| ၄။ | ပါရမီ ၁၀-ပါးကို ဆင်ခြင်သုံးသပ်တော်မူခြင်း | ၂၄ |
| ၅။ | ဗျာဒိတ်ရကြောင်း အင်္ဂါ ၈-ပါး | ၃၂ |
| ၆။ | နှစ်ကျိပ်သုံးဆူတို့၌ ဗျာဒိတ်ခံခြင်း | ၃၄ |
| ၇။ | ဗျာဒိတ်ရပြီး ပါရမီဖြည့်ရသော ဇာတ်တော်စဉ် | ၆၀ |
| ၈။ | မဟာသမ္မတမင်း၏ မင်းဆက်များ | ၆၄ |
| ၉။ | ကပိလဝတ်ပြည် တည်ထောင်ခြင်း | ၆၉ |
| ၁၀။ | ကောလိယပြည် တည်ထောင်ခြင်း | ၇၂ |
| ၁၁။ | ကပိလဝတ်ပြည် သာကီဝင်မင်းဆက် | ၇၄ |
| ၁၂။ | မယ်တော်မာယာ အတ္ထုပ္ပတ္တိ | ၇၅ |
| ၁၃။ | သုဒ္ဓေါဒနအတွက် မိဖုရားလောင်း ရှာပုံ | ၇၉ |
| ၁၄။ | သီဟဟနုမင်းကြီး၏ အိပ်မက် | ၈၆ |
| ၁၅။ | အိပ်မက်ဖတ်နေစဉ် ပုဏ္ဏားများ ပြန်ရောက်လာခြင်း | ၈၈ |
| ၁၆။ | သုဒ္ဓေါဒနနှင့် မာယာမင်းသမီး ဝိဝါဟမင်္ဂလာ | ၉၂ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇။ | မဟာမာယာကို ကပိလဝတ်သို့ ဆောင်ခြင်း | ၁၀၁ |
| ၁၈။ | သုဒ္ဓေါဒနမင်းသား ထိးနန်းဆက်ခံခြင်း | ၁၀၃ |
| ၁၉။ | အလောင်းတော်အား ပဋိသန္ဓေယူရန် တောင်းပန်ခြင်း | ၁၀၅ |
| ၂၀။ | အလောင်းတော်တို့ ကြည့်ခြင်းကြီး ၅-ပါး | ၁၀၇ |
| ၂၁။ | ဘုရားလောင်း သန္ဓေယူခြင်း၏ ပုဗ္ဗနိမိတ် | ၁၀၉ |
| ၂၂။ | ပုဗ္ဗနိမိတ်ကို ပုဏ္ဏားတို့ ဖတ်ဆိုခြင်း | ၁၁၁ |
| ၂၃။ | မယ်တော်ကို နတ်တို့ စောင့်ရှောက်ခြင်း | ၁၁၂ |
| ၂၄။ | မဟာမာယာဒေဝီ ဒေဝဒဟပြည်သို့ သွားခြင်း | ၁၁၅ |
| ၂၅။ | လုမ္ဗိနီ၌ ဘုရားလောင်း ဖွားမြင်ခြင်း | ၁၁၉ |
| ၂၆။ | ပုဗ္ဗနိမိတ်ဖြစ်ခြင်း, ဥဒါန်းကျူးခြင်း , ၇-ဘဝါးကြွခြင်း | ၁၂၁ |
| ၂၇။ | ဖွားဖက်တော် ၇-ယောက်၊ မယ်တော်မာယာ စုတေခြင်း | ၁၂၇ |
| ၂၈။ | ၃၂-ပါးသော ပုဗ္ဗနိမိတ်တို့၏အကျိုး | ၁၂၉ |
| ၂၉။ | ကာလဒေဝိလ ရသေ့အကြောင်း | ၁၃၂ |
| ၃၀။ | အလောင်းတော့်လက္ခဏာကို ဖတ်စေ၍အမည်မှည့်ခြင်း | ၁၃၄ |
| ၃၁။ | လက္ခဏာတော်ကြီး ၃၂-ပါး | ၁၃၅ |
| ၃၂။ | မဟာပုရိသလက္ခဏာ၏ အကြောင်းနှင့်အကျိုး | ၁၄၅ |
| ၃၃။ | လက္ခဏာတော်ငယ်-၈၀ | ၁၅၀ |
| ၃၄။ | နိမိတ် ၄-ပါးကို မမြင်ရအောင် စောင့်ရှောက်ထားခြင်း | ၁၅၄ |
| ၃၅။ | မိထွေးတော်လက်၌သာ ကြီးမြင့်လာရပုံ | ၁၅၅ |
| ၃၆။ | သုဒ္ဓေါဒနမင်းကြီး လယ်ထွန်မင်္ဂလာ | ၁၅၆ |
| ၃၇။ | အလောင်းမင်းသား၏ ပြာသာဒ် ၃-ဆောင် | ၁၅၈ |
| ၃၈။ | လေးအတတ် ၁၂-ပါးကို ပြခြင်း | ၁၆၀ |
| ၃၉။ | နိမိတ်ကြီး ၄-ပါး ထင်ခြင်း | ၁၆၂ |

# တထာဂတဥဒါနဒီပနီ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၀။ | သိကြားမင်း တန်ဆာဆင်စေခြင်း | ၁၆၉ |
| ၄၁။ | သားတော် ရာဟုလာကို ဖွားမြင်တော်မူခြင်း | ၁၇၁ |
| ၄၂။ | ဘုရားလောင်း တောထွက်တော်မူခြင်း | ၁၇၂ |
| ၄၃။ | အနောမာမြစ်၌ ဆံတော် ပယ်ခြင်း | ၁၇၇ |
| ၄၄။ | စူဠာမဏိပုထိုးတည်ခြင်း | ၁၇၉ |
| ၄၅။ | ဃဋိကာရ ဗြဟ္မာမင်း ဒုဿစေတီ တည်ခြင်း | ၁၇၉ |
| ၄၆။ | ကဏ္ဍကမြင်း နတ်သားဖြစ်ခြင်း | ၁၈၀ |
| ၄၇။ | ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်ခြင်း | ၁၈၁ |
| ၄၈။ | ဗိမ္ဗိသာရမင်း တောင်းပန်ခြင်း | ၁၈၂ |
| ၄၉။ | ရသေ့ ၂-ဦးထံ နည်းခံပြီးမှ ဒုက္ကရစရိယာကျင့်တော်မူခြင်း | ၁၈၄ |
| ၅၀။ | ပဥ္စဝဂ္ဂီ ၅-ဦးတို့အကြောင်း | ၁၈၅ |
| ၅၁။ | ဒုက္ကရစရိယာ ကျင့်တော်မူပုံ | ၁၈၅ |
| ၅၂။ | သားတော်သေလွန်ပြီ-ဟု ခမည်းတော်အား ပြောခြင်း | ၁၈၇ |
| ၅၃။ | ဒုက္ကရစရိယာကျင့်စဉ် မာရ်နတ်တားမြစ်ခြင်း | ၁၈၈ |
| ၅၄။ | ဘုရားလောင်းကိုစွန့်၍ ပဥ္စဝဂ္ဂီတို့သွားကြခြင်း | ၁၉၀ |
| ၅၅။ | သုဇာတာ ဃနာနို့ဆွမ်းချက်ပုံ | ၁၉၁ |
| ၅၆။ | အိပ်မက်ကြီး ၅-ပါး | ၁၉၃ |
| ၅၇။ | နို့ဃနာဆွမ်းကို ရွှေခွက်နှင့်တကွ ခံတော်မူခြင်း | ၁၉၄ |
| ၅၈။ | နေရဥ္ဇရာမြစ်နားတွင် နို့ဃနာဆွမ်းကိုဘုဉ်းပေးတော်မူခြင်း | ၁၉၆ |
| ၅၉။ | အလောင်းတော် မဟာဗောဓိမဏ္ဍိုင်သို့ ကပ်တော်မူခြင်း | ၁၉၇ |
| ၆၀။ | စတုရင်္ဂဝီရိယကို အားထုတ်တော်မူခြင်း | ၁၉၈ |
| ၆၁။ | မာရ်စစ်သည်တို့ကို အောင်မြင်တော်မူခြင်း | ၂၀၀ |
| ၆၂။ | နတ်, ဗြဟ္မာ, နဂါး, ဂဠုန်တို့ ကောင်းချီးပေးကြခြင်း | ၂၁၁ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၃။ | နတ်, ဗြဟ္မာတို့ အထူးထူးအပြားပြား ပူဇော်ကြခြင်း | ၂၁၃ |
| ၆၄။ | ပဋိစ္စသမုပ္ပါဒ် ဆင်ခြင်တော်မူခြင်း | ၂၁၇ |
| ၆၅။ | ဘုရားဖြစ်တော်မူခြင်း | ၂၂၁ |
| ၆၆။ | ဘုရားဖြစ်တော်မူခိုက် ပုဗ္ဗနိမိတ် ၃၂-ပါး | ၂၃၀ |
| ၆၇။ | သဗ္ဗညုတဉာဏ်တော်၏သရုပ် | ၂၃၅ |
| ၆၈။ | ကရုဏာ, မဟာဝဇိရ, ပဋိသမ္ဘိဒါ ဉာဏ်တော် ၃-ပါး | ၂၄၄ |
| ၆၉။ | အသာဓာရဏ ဉာဏ်တော် ၆-ပါး | ၂၅၁ |
| ၇၀။ | အဘိညာဉ် ၆-ပါး, ဝိဇ္ဇာ ၈-ပါး, ဝေသာရဇ္ဇဉာဏ်တော် ၄-ပါး | ၂၅၄ |
| ၇၁။ | ဒသဗလဉာဏ်တော် ၁၀-ပါး | ၂၅၇ |
| ၇၂။ | အာဝေဏိက ဗုဒ္ဓဓမ္မ ၁၈-ပါး | ၂၆၆ |
| ၇၃။ | အစိန္တေယျ ၄-ပါး | ၂၆၇ |
| ၇၄။ | သတ္တသတ္တတိ ဉာဏ်တော် | ၂၇၅ |


# တထာဂတဉဒါနဒီပနီ၊ ပထမတွဲ၊ ဒုတိယပိုင်း၊


| | | |
|---|---|---|
| ၇၅။ | ဂုဏ်တော် ၉-ပါး၊ အရဟံဂုဏ်တော် | ၂၇၉ |
| ၇၆။ | သမ္မာသမ္ဗုဒ္ဓဂုဏ်တော် | ၂၈၁ |
| ၇၇။ | ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော် | ၂၈၂ |
| ၇၈။ | သုဂတဂုဏ်တော် | ၂၈၂ |
| ၇၉။ | လောကဝိဒူဂုဏ်တော် | ၂၈၄ |
| ၈၀။ | လောကဓာတ် ၄-ပါးနှင့် ခေတ် ၃-ပါး | ၂၈၉ |
| ၈၁။ | စကြဝဠာတည်ဟန် | ၂၉၁ |
| ၈၂။ | မြင်းမိုရ်တောင်တည်ဟန် | ၂၉၃ |
| ၈၃။ | သီဒါ ၇-တန်, တောင်စဉ် ၇-ထပ် | ၂၉၄ |

# တထာဂတဥဒါနဒီပနီ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈၄။ | မြင်းမိုရ်တောင် အရောင် ၄-ပါး | ၂၉၉ |
| ၈၅။ | အရှေ့ကျွန်း | ၃၀၀ |
| ၈၆။ | ဇမ္ဗူဒီပါတောင်ကျွန်း | ၃၀၀ |
| ၈၇။ | အနောက်ကျွန်း | ၃၀၁ |
| ၈၈။ | မြောက်ကျွန်း | ၃၀၁ |
| ၈၉။ | မြောက်ကျွန်းသူတို့၏ အခြင်းအရာအကျယ် | ၃၀၂ |
| ၉၀။ | တောင် ၅-လုံး၊ နန္ဒမူလိုဏ်၊ မဉ္ဇူသကပန်းပင် | ၃၀၆ |
| ၉၁။ | အနဝတတ်အိုင် | ၃၀၈ |
| ၉၂။ | ဆဒ္ဒန်အိုင် | ၃၁၀ |
| ၉၃။ | မန္ဒာကိနီအိုင် | ၃၁၂ |
| ၉၄။ | ဇမ္ဗူဒီပါကျွန်းတည်ဟန်နှင့် လူနေ, ရေနေ | ၃၁၃ |
| ၉၅။ | ငရဲကြီး ၈-ထပ် | ၃၁၄ |
| ၉၆။ | အဝီစိငရဲကြီး၏ အဖြစ်အပျက် | ၃၁၅ |
| ၉၇။ | ငရဲကြီး ၈-ထပ်၏သက်တမ်း | ၃၁၆ |
| ၉၈။ | ဥဿဒရက်ငရဲသူတို့၏ မကောင်းမှု | ၃၁၈ |
| ၉၉။ | မြင်းမိုရ်တောင် အာလိန် ၅-ဆင့် | ၃၂၃ |
| ၁၀၀။ | တာဝတိံသာနတ်ပြည်တည်ဟန် | ၃၂၅ |
| ၁၀၁။ | သုဓမ္မာဇရပ်၌ တရားဟောပုံ | ၃၂၈ |
| ၁၀၂။ | ဧရာဝဏ်ဆင် | ၃၃၀ |
| ၁၀၃။ | သိကြားမင်း၏မိဖုရားများ | ၃၃၁ |
| ၁၀၄။ | စတုမဟာရာဇ်နတ်မင်းတို့ လူ့ပြည်ဆင်း၍ စာရင်းမှတ်ယူခြင်း | ၃၃၄ |
| ၁၀၅။ | နတ်ပြည်တည်ပုံနှင့် နတ်သက်တမ်း | ၃၃၅ |
| ၁၀၆။ | ဗြဟ္မာ့ပြည်တည်ပုံနှင့် ဗြဟ္မာသက်တမ်း | ၃၃၇ |
| ၁၀၇။ | အသေင်္ချေယျကပ်၏ ဖြစ်ပုံ, ပျက်ပုံ | ၃၄၁ |
| ၁၀၈။ | ကမ္ဘာ ၅-ရပ်, လောကဓာတ် ၄-ပါး | ၃၄၈ |
| ၁၀၉။ | နေ, လ, နက္ခတ်တို့တည်ပုံ၊ လှည့်ပတ်ရာခရီးလမ်း | ၃၄၉ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁၀။ | ရာသီစက်တွင် နေ, လ, နက္ခတ်တို့ သွားလာပုံ | ၃၅၆ |
| ၁၁၁။ | လူတို့တရားမစောင့်က နေ, လ, နက္ခတ်တို့ အသွားမမှန် | ၃၇၀ |
| ၁၁၂။ | ကျွန်းကြီး ၄-ကျွန်း၌ နေထွက်, နေဝင် | ၃၇၁ |
| ၁၁၃။ | အနုတ္တရော ပုရိသဒမ္မသာရထိ ဂုဏ်တော် | ၃၇၂ |
| ၁၁၄။ | သတ္ထာ ဒေဝမနုဿာနဂုဏ်တော် | ၃၇၅ |
| ၁၁၅။ | ဗုဒ္ဓဂုဏ်တော် | ၃၇၇ |
| ၁၁၆။ | ဘဂဝါ ဂုဏ်တော် | ၃၇၉ |
| ၁၁၇။ | မဂ်ဖိုလ်ရမည့် ဝေနေယျတို့ကို မြင်တော်မူပုံ | ၃၉၃ |
| ၁၁၈။ | ပဋ္ဌာန်းကျမ်းကို သုံးသပ်ရာ ရောင်ခြည်တော်ထွက်ပေါ်လာပုံ | ၃၉၅ |
| ၁၁၉။ | ဒိဋ္ဌမင်္ဂလိက ပုဏ္ဏားအကြောင်း | ၃၉၇ |
| ၁၂၀။ | မုဥ္စလိန္ဒနဂါးမင်း ပါးပျဉ်းဖြင့် မိုးကာထားပုံ | ၃၉၉ |
| ၁၂၁။ | တပုဿ, ဘလ္လိကတို့ ဆံတော်ရှင် ရရှိခြင်း | ၄၀၀ |
| ၁၂၂။ | သဟံပတိဗြဟ္မာ တရားဟောရန် တောင်းပန်ပုံ | ၄၀၄ |
| ၁၂၃။ | မိဂဒါဝုန်သို့ အကြွ ဥပကနှင့်တွေ့ခြင်း | ၄၀၈ |
| ၁၂၄။ | ဥပကရဟန်းပြု အကျွတ်တရားရခြင်း | ၄၁၀ |
| ၁၂၅။ | ဓမ္မစကြာတရားတော်ကို ဟောတော်မူခြင်း | ၄၁၂ |
| ၁၂၆။ | အရှင်ကောဏ္ဍည အတ္ထုပ္ပတ္တိ | ၄၁၆ |
| ၁၂၇။ | ပဉ္စဝဂ္ဂီ ၅-ဦး အတ္ထုပ္ပတ္တိ | ၄၁၇ |
| ၁၂၈။ | သာတာဂိရိနှင့် ဟေမဝတနတ်သားတို့အကြောင်း | ၄၁၉ |
| ၁၂၉။ | အရှင်ယသမထေရ်အကြောင်း | ၄၂၁ |
| ၁၃၀။ | အရှင်ယသ၏ အဆွေ သူဌေးသား ၅၄-ယောက် | ၄၂၄ |
| ၁၃၁။ | ဧရကပတ္တနဂါး၊ ဥတ္တရလုလင် | ၄၂၆ |
| ၁၃၂။ | ရှေ့ဦးပညတ်တော်မူသော သိက္ခာပုဒ် | ၄၃၁ |
| ၁၃၃။ | ဘဒ္ဒဝဂ္ဂီ မင်းသားသုံးကျိပ် | ၄၃၃ |
| ၁၃၄။ | ဥရုဝေလကဿပ ရသေ့ညီနောင် | ၄၃၄ |
| ၁၃၅။ | ရဟန္တာ ၁,၀၀၀-ခြံရံလျက် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူခြင်း | ၄၄၇ |

# တထာဂတဥဒါနဒီပနီ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃၆။ | ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်တော်မူခြင်း | ၄၅၀ |
| ၁၃၇။ | ဝေဠုဝန်ကျောင်းတော်ကို အလှူခံတော်မူခြင်း | ၄၅၁ |
| ၁၃၈။ | အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန် | ၄၅၄ |
| ၁၃၉။ | ရဟန်းတို့ပြစ်တင်၍ ရှေးအကြောင်း ဆောင်တော်မူခြင်း | ၄၆၁ |
| ၁၄၀။ | သုဒ္ဓေါဒနမင်းကြီးက ဘုရားပင့်ရန် စေလွှတ်ခြင်း | ၄၆၃ |
| ၁၄၁။ | ကပိလဝတ်ပြည် ကြွရန်လျှောက်ထားခြင်း | ၄၆၄ |
| ၁၄၂။ | သာကီဝင်မင်းတို့အား တန်ခိုးပြတော်မူခြင်း | ၄၆၈ |
| ၁၄၃။ | ဘုရားရှင် ကပိလဝတ်၌ ဆွမ်းခံဝင်တော်မူခြင်း | ၄၇၁ |
| ၁၄၄။ | ယသောဓရာတိုက်ခန်းသို့ ဘုရားဝင်တော်မူခြင်း | ၄၇၄ |
| ၁၄၅။ | နန္ဒမင်းသားကို ရဟန်းပြုတော်မူခြင်း | ၄၇၅ |
| ၁၄၆။ | ရာဟုလာအား သာမဏေပြုပေးတော်မူခြင်း | ၄၇၆ |
| ၁၄၇။ | မင်းသား ၆-ပါး, ဆေတ္တာသည်တို့ ရဟန်းပြုကြခြင်း | ၄၇၈ |
| ၁၄၈။ | ရှင်ရာဟုလာ ရဟန္တာဖြစ်ခြင်း | ၄၈၁ |
| ၁၄၉။ | သုမနပန်းသည် ပန်းလှူဒါန်းပုံ | ၄၈၂ |
| ၁၅၀။ | ဇေတဝန်ကျောင်းတော် ဆောက်လုပ်လှူဒါန်းခြင်း | ၄၈၈ |
| ၁၅၁။ | ဇေတဝန်ကျောင်းတော်ရာသည် ဘုရား ၇-ဆူတို့၏ ကျောင်းတော်ရာဖြစ်ခဲ့ပုံ | ၄၉၀ |
| ၁၅၂။ | မင်းနန်ကို ခေါ်၍ တာဝတိံသာ ကြွတော်မူခြင်း | ၄၉၁ |
| ၁၅၃။ | ညီတော်မင်းနန်၏ ရှေးအကြောင်းခြင်း | ၄၉၄ |
| ၁၅၄။ | အဂ္ဂိဒတ္တရသေ့အကြောင်း | ၄၉၅ |
| ၁၅၅။ | ဇမ္ဗုကရဟန်းအကြောင်း | ၅၀၀ |
| ၁၅၆။ | ဝေသာလီ၌ ဘေး ၃-ပါးဆိုက်ရောက်ပုံ | ၅၀၉ |
| ၁၅၇။ | ဘုရားလောင်း သခ်ပုဏ္ဏား | ၅၁၅ |
| ၁၅၈။ | ဗုဒ္ဓကိစ္စတော် ၅-ပါး | ၅၁၉ |
| ၁၅၉။ | သူဌေးသား ဥဂ္ဂသေနအကြောင်း | ၅၂၃ |
| ၁၆၀။ | ဥဂ္ဂသေနမထေရ်၏ ရှေးအကြောင်း | ၅၂၇ |

# တထာဂတဥဒါနဒီပနီ၊ ပထမတွဲ၊ တတိယပိုင်း -၁


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆၁။ | ကောလိယနှင့် ကပိလ စစ်ပြိုင်မ်းစေတော်မူခြင်း | ၅၃၁ |
| ၁၆၂။ | ရဟန်းပြုသော မင်းသား-၅၀၀ | ၅၃၅ |
| ၁၆၃။ | သုဒ္ဓေါဒနမင်းကြီး ဝေဒနာဖြစ်ပေါ်ခြင်း | ၅၄၄ |
| ၁၆၄။ | မိထွေးတော် ရဟန်းပြုခြင်း | ၅၄၉ |
| ၁၆၅။ | မိထွေးတော်၏ ရှေးအကြောင်း | ၅၅၄ |
| ၁၆၆။ | ယသောဓရာ ဘိက္ခုနီမ ပြုခြင်း | ၅၅၅ |
| ၁၆၇။ | ရူပနန္ဒာထေရီမအကြောင်း | ၅၅၆ |
| ၁၆၈။ | နာဂဒီပသို့ ကြွတော်မူခြင်း | ၅၆၁ |
| ၁၆၉။ | ဥပ္ပလဝဏ်ထေရီမအကြောင်း | ၅၆၂ |
| ၁၇၀။ | ခေမာမိဖုရားအကြောင်း | ၅၆၄ |
| ၁၇၁။ | ခေမာမိဖုရား၏ ရှေးကောင်းမှုကိုပြခြင်း | ၅၆၆ |
| ၁၇၂။ | ဇမ္ဗုပတိမင်းအကြောင်း | ၅၆၆ |
| ၁၇၃။ | အရှင်ပိဏ္ဍောလထေရ်၏ ပြာဋိဟာပြခြင်း | ၅၇၉ |
| ၁၇၄။ | ဘုရား ယမကပြာဋိဟာပြတော်မူခြင်း | ၅၉၃ |
| ၁၇၅။ | တာဝတိံသာ၌ တရားဟောတော်မူခြင်း | ၆၀၆ |
| ၁၇၆။ | နတ်ပြည်မှ ရတနာစောင်းတန်းဖြင့် ဆင်းသက်ခြင်း | ၆၁၁ |
| ၁၇၇။ | စိဉ္စမာဏ မိန်းမယုတ်အကြောင်း | ၆၁၆ |
| ၁၇၈။ | မဟာပဒုမမင်းသားအကြောင်း | ၆၁၉ |
| ၁၇၉။ | စိဉ္စမာဏ၏ စွပ်စွဲခံရခြင်း ရှေးအကြောင်း | ၆၂၀ |
| ၁၈၀။ | နကုလပိတာ, နကုလမာတာ | ၆၂၁ |
| ၁၈၁။ | ဗောဓိမင်းသားအကြောင်း | ၆၂၂ |
| ၁၈၂။ | ပဥ္စဂ္ဂဒါယကပုဏ္ဏားအကြောင်း | ၆၂၃ |
| ၁၈၃။ | မာဂဏ္ဍီပုဏ္ဏား ဇနီးမောင်နှံ | ၆၂၈ |
| ၁၈၄။ | ကောသမ္ဗီပြည် သူဌေး ၃-ဦး | ၆၃၂ |

# နိဒါန်း

**ကျမ်းပြုဆရာတော်** ဤတထာဂတဉဒါန ဒီပနီကျမ်းကို စီရင်တော်မူသော ကျမ်းပြုဆရာတော် အရှင်မြတ်သည်ကား ဒီပဲယင်းမြို့ အနောက်တောင်ထောင့် ဇေယျဝမု အမည်ရှိသော မြို့သူကြီးမင်း ဆောက်လုပ်လှူဒါန်းအပ်သည့် ၃-ထပ်ရွှေကျောင်းကြီး ဝိဟာရ၌ ၄-ဖြာ ကြိယာပထ မျှတရွှင်ပြုံး သီတင်းသုံးနေထိုင်တော်မူသော **သီရိသဒ္ဓမ္မာဘိလင်္ကာရ** ဘွဲ့အမည်ရှိ ဒီပဲယင်းဆရာတော်ဘုရားကြီးပင် ဖြစ်လေသည်။

အဆိုပါ ဆရာတော်ဘုရားကြီးသည် သမ္မာသမ္ဗောဓိဘုရားဆုကြီးကို တောင်းတော်မူသော အာဇာနေယျပုဂ္ဂလဝိသိသ် မဟာကရုဏာ စိတ်လွှန်ကဲသူ ဖြစ်သည် အားလျော်စွာ ပညာပါရမီ ဖြည့်ရန်အလို့ငှါရင်း သတ္တဝါအများ သဒ္ဓါတရားတိုးပွား၍ နိဗ္ဗာန်တိုင် အကျိုးများရန် အလို့ငှါရင်း ဤ **တထာဂတဉဒါနဒီပနီကျမ်း**ကို ပြုစီရင်တော်မူခဲ့လေသည်။

**ကျမ်း၏ အခြင်းအရာ** "ဉဒါနကထာဝဒါနော၊ အဖြစ်အပျက်နှင့်ယှဉ်သော ဉဒါန်းစကားကို ကြားဆိုတော်မူတတ်ထသော"ဟု ဤကျမ်း၏ နိဂုံးတွင် ဆိုထားသည်ကို ထောက်၍ **ဉဒါန-သဒ္ဒါ**သည် အဖြစ်အပျက်, အကြောင်းအရာ-ဟု အဓိပ္ပါယ်ရပေသည်၊ သို့ဖြစ်၍ "တထာဂတဉဒါနဒီပနီ၊ ဘုရားသခင်၏ အဖြစ်အပျက်, ဘုရားသခင်၏ အကြောင်းအရာတို့ကို ထင်ထင်ရှားရှား, ပေါ်ပေါ်လွင်လွင်, ကျယ်ကျယ်ပြန့်ပြန့် ပြဆိုသောကျမ်း" ဟု ဆိုရာကျပေသည်။

ထိုအတိုင်းလည်း မှန်နေပေသည်၊ ဘုရားသခင်၏ အဖြစ်အပျက်, အကြောင်းအရာများကို ပြဆိုသော မြန်မာစကားပြေ ကျမ်းများမှာ **ဗုဒ္ဓဝင်ဝတ္ထု, ဇိနတ္ထပကာသနီ, ဗုဒ္ဓုပ္ပတ္တိကထာ** စသည်ဖြင့် များစွာရှိလေသည်။

ထိုကျမ်းများတို့ထက် (သာသနာ-၂၃၁၆၊ ကောဇာသက္ကရာဇ် ၁၁၃၄-ခုနှစ်၌ ထွက်ပေါ်လာသော) ဤတထာဂတဉဒါနဒီပနီကျမ်းသည် ၂-ဆ ကျော်ခန့် ကျယ်ပြန့်နေသည့်အပြင် ထိုကျမ်းတို့ထက် ရှေးကျ၍ ထိုကျမ်းတို့မှီရာ မူလကျမ်းကြီး တစ်ဆူဖြစ်ပေသည်။ ထို့ကြောင့် ဤကျမ်းကြီးကို-

- **မူလမဟာဗုဒ္ဓဝင်** ဟူ၍၎င်း

- **မူလမဟာဇိနတ္ထပကာသနီ** ဟူ၍၎င်း

- **မူလမဟာဗုဒ္ဓုပ္ပတ္တိကထာ** ဟူ၍၎င်း- ခေါ် ဆိုပါက ခေါ် ဆိုနိုင်ကြောင်း ပညာရှိကဝိသူမွန်အပေါင်းတို့ ကောင်းကောင်းကြီး ဝန်ခံကြရပေသည်။

**ဟံသာဝတီ၏ အာသီသ** ကျွန်ုပ်တို့ ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်၏ အာသီသတောင့်တရင်း နှလုံးသွင်းမှာ ပါဠိတော်များ, အဋ္ဌကထာများ, ဋီကာများ, ယောဇနာများ, ဂန္ထဂန္တရများနှင့်တကွ ရှေးဆရာတော်ကြီးများ ရေးသားတော်မူခဲ့သော ပိဋကတ်တော်လာ စာပေများ မတိမ်ကော မပပျောက်စေရန်၎င်း မသူတော်တရား ကွယ်ပ၍ သူတော်တရား ထွန်းကားလာစေရန်၎င်း ဗုဒ္ဓသာသနာတော်ကြီး စည်ပင်ပြန့်ပွား၍ အစွန်ရှည်စွာ တည်စေရန်၎င်း ရည်သန်ပြီးလျှင် အဆက်မပြတ် ပိဋကတ်တော် ကျမ်းစာများကို ရိုက်နှိပ်အပ်သည်ဖြစ်၍ ယခုအခါ ဤ**ကထာဂတဥဒါနဒီပနီ**ကျမ်းကို ရှင်းလင်းသေသပ်သော အထားအသို အပိုအလိုမရှိသော ပုဒ်ပါဌ် အဖြတ်အရပ် ကျနသေချာ၍ အက္ခရာပုဒ်ဗျည်း မလိပ်လည်းစေရအောင် **ပါဠိဆရာကြီး ဦးခင်စိုး** [သာသနဓဇ သီရိပဝရဓမ္မာစရိယ] အမှူးရှိသော ပါဠိဆရာအဖွဲ့အား ကောင်းစွာသုတ်သင်ပြင်ဆင်စေကာ စက်တင်ပုံနှိပ်အပ်သည် ဖြစ်ပါကြောင်း။

ဟံသာဝတီ

### သိရိသဒ္ဓမ္မာဘိလင်္ကာရထေရ်

# မူလမဟာဗုဒ္ဓဝင်

# တထာဂတဥဒါနဒီပနီ

## ပထမတွဲ၊ ပထမပိုင်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဏာမနှင့် ပဋိညာဉ်

၁။ အနန္တဂုဏသမ္ပန္နံ၊ သေဋ္ဌံ ဇေဋ္ဌံ အဂ္ဂံ ဇိနံ။
သဗ္ဗသတ္တဟိတာဝဟံ၊ သတ္တုဒါနကထာချာတံ။

၂။ နိဗ္ဗာနနာယကံ နေယျံ၊ သာမလာရိယဇံ နာထံ။
ဝန္ဒိတွာ သမ္မာသမ္ဗုဒ္ဓံ၊ ကရိဿဟံ ဗုဒ္ဓုဒါနံ။

၃။ သဇ္ဇနာနံ ပဋ္ဌာကာလေ၊ သောတာလင်္ကာရဘာဝတ္ထံ။
နီတတ္ထံ နာနာဂန္ထေသု၊ ဂဟေတွာ သခေ်ပေနေ၀။

၁။ အဟံ၊ ငါသည်။ အနန္တဂုဏသမ္ပန္နံ၊ အဆုံးမရှိသော ကျေးဇူးနှင့် ပြည့်စုံတော်မူထသော။ သေဋ္ဌံ၊ ချီးမွမ်းအပ်သော သူတို့ထက် အထူးသဖြင့် ချီးမွမ်းအပ်ထသော။ ဇေဋ္ဌံ၊ ကြီးသောသူတို့ထက် အထူးသဖြင့် ကြီးတော်မူထသော။ အဂ္ဂံ၊ အမျိုးအားဖြင့် မြတ်တော်မူထသော။ ဇိနံ၊ မာရ် ၅-ပါးကို အောင်တော်မူပြီးထသော။ သဗ္ဗသတ္တ ဟိတာဝဟံ၊ ခပ်သိမ်းသော သတ္တဝါ အပေါင်းတို့၏ အကျိုးစီးပွါးကို ရွက်ဆောင်တော်မူတတ်ထသော။ သတ္တုဒါနကထာချာတံ၊ သတ္တဝါအပေါင်းတို့၏ ဥဒါန်းစကားကို ဟောကြားတော်မူတတ်ထသော။

၂/၃။ နေယျံ၊ ကျွတ်ထိုက်သော ဝေနေယျသတ္တဝါကို။ နိဗ္ဗာနနာယကံ၊ နိဗ္ဗာန်သို့ ဆောင်တော်မူတတ်ထသော။ နာထံ၊ လူ ၃-ပါးတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူထသော။ သာမလာရိယဇံ၊ အညစ်အကြေးကင်းသော သူတော်ကောင်းတို့၏ တရား, အရိယာ ၈-ယောက်တို့နှင့်တကွ ဖြစ်တော်မူထသော။ သမ္မာသမ္ဗုဒ္ဓံ၊ သခ်တ, အသခ်တအားဖြင့်ပြားသော ခပ်သိမ်းသော တရားတို့ကို မဖောက်မပြန် မိမိအလိုလို သိတော်မူတတ်သော မြတ်စွာဘုရားကို။ ဝန္ဒိတွာ-ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍-

ပစ္ဆာကာလေ၊ နောက်နောက်သောအခါ၌။ သဇ္ဇနာနံ၊ သူတော်ကောင်းတို့အား။ သောတာလင်္ကာရ ဘာဝတ္ထံ၊ နား၏တန်ဆာ ဖြစ်စိမ့်သောငှါ။ နာနာဂန္ထေသု၊ အထူးထူးသော ကျမ်းတို့၌။ နီတံ၊ ဆောင်သင့်သော။ အတ္ထံ၊ အနက်ကို။ ဂဟေတွာ၊ ယူ၍။ သင်္ခေပေနေဝ၊ အကျဉ်းအားဖြင့်သာလျှင်။ ဗုဒ္ဓုဒါနံ၊ မြတ်စွာဘုရား၏ ဥဒါန်းစကားကို။ ကရိဿံ၊ ပြုပေလတ္တံ့။

✪✪✪✪✪✪✪✪✪✪

## ၁။ ဘုရားဆုပန် သင်္ချေ-၂၀

**စိန္တိတံ သတ္တသင်္ချေယျံ၊ နဝသင်္ချေယျ ဝါစကံ။**
**ကာယဝါစာ စတုချာတံ၊ ဗုဒ္ဓတ္တံ သမုပါဂတံ။**

သာရိပုတ္တ၊ ချစ်သား သာရိပုတ္တရာ။ အဟံ၊ ငါသည်။ သတ္တသင်္ချေယျံ၊ မဟာကပ်အပေါင်း ၇-သင်္ချေပတ်လုံး။ စိန္တိတံ၊ ဘုရားဆုကို တောင်းအံ့ကြံ၍ ပါရမီကို ဖြည့်၏။ နဝသင်္ချေယျံ၊ မဟာကပ်အပေါင်း ၉-သင်္ချေကာလပတ်လုံး။ ဝါစကံ၊ ဘုရားဖြစ်ရလို၏-ဟု နှုတ်ဖြင့် တောင်း၍ ပါရမီကို ဖြည့်၏။ စတုချာတံ၊ ၄-သင်္ချေနှင့် (ကမ္ဘာတစ်သိန်း) ကာလပတ်လုံး။ ကာယဝါစာ၊ ကိုယ်, နှုတ်, နှလုံး ၃-ပါးဖြင့် ပါရမီဖြည့်၍ ဆုတောင်း၏။ ဇတ္တကံ၊ ဤမျှလောက်သော ကာလပတ်လုံး။ ပါရမိယော၊ ပါရမီတို့ကို။ ပူရေတွာ၊ ဖြည့်၍။ ဗုဒ္ဓတ္တံ၊ ဘုရားအဖြစ်သို့။ သမုပါဂတံ၊ ကောင်းစွာ ရောက်၏။

ဤသို့ ဟောတော်မူအပ်သော ဂါထာ၌ အဓိပ္ပါယ်သော်ကား "ချစ်သားသာရိပုတ္တရာ၊ သင်တို့ ဆရာ ငါဘုရားသည် ဘုရားဖြစ်ရလို၏"ဟု စိတ်ဖြင့်ကြံလျက် ပါရမီကို ဖြည့်ရသည်ကား မဟာကပ်အပေါင်း ၇-သင်္ချေကြာ၏။ "ဘုရားဖြစ်ရလို၏"ဟု နှုတ်ဖြင့် တောင်း၍

ပါရမီတို့ကို ဖြည့်ရသည်ကား ၉-သင်္ချေနှင့် မဟာကပ်အပေါင်း များတောင်းကြာ၏။ ကိုယ်, နှုတ်, နှလုံး ၃-ပါးဖြင့် ဆုတောင်းလျက် ပါရမီဖြည့်ရသည်ကား လေးသင်္ချေနှင့် ကမ္ဘာအစွန်း တစ်သိန်းလျှင်တည်း။ ဤမျှလောက်သော ကာလပတ်လုံး ပါရမီ-၃၀, စွန့်ခြင်းကြီး ၅-ပါး, စရိယ ၃-ပါးတို့ကို ဖြည့်ကျင့်၍ ဘုရားအဖြစ်သို့ ရောက်ရ၏" ဟူလိုသည်။

## စိတ်ကြံဆုပန် ၇-အသင်္ချေ

ဤဂါထာ၌ သတ္တသင်္ချေယျ၏ သရုပ်ကား-

၁။ နန္ဒအသင်္ချေ်,　　၂။ သုနန္ဒအသင်္ချေ်,

၃။ ပထဝီအသင်္ချေ်,　　၄။ မဏ္ဍအသင်္ချေ်,

၅။ ဓရဏီအသင်္ချေ်,　　၆။ သာဂရအသင်္ချေ်,

၇။ ပုဏ္ဍရိကအသင်္ချေ်-　　ဟူ၍ ၇-ပါးတည်း။

ထို ၇-အသင်္ချေ်တို့တွင်-

၁။ နန္ဒအသင်္ချေ်၌ ဖြဟ္မဒေဝ အစရှိသောဘုရား ၅,၀၀၀-တို့သည် ဖြစ်ကုန်၏။

| | | | |
|---|---|---|---|
| ၂။ သုနန္ဒအသင်္ချေ်၌ ဘုရား- | ။ | ၉,၀၀၀ | ။ |
| ၃။ ပထဝီအသင်္ချေ်၌ ဘုရား- | ။ | ၁၀,၀၀၀ | ။ |
| ၄။ မဏ္ဍအသင်္ချေ်၌ ဘုရား- | ။ | ၁၁,၀၀၀ | ။ |
| ၅။ ဓရဏီအသင်္ချေ်၌ ဘုရား- | ။ | ၂၀,၀၀၀ | ။ |
| ၆။ သာဂရအသင်္ချေ်၌ ဘုရား- | ။ | ၃၀,၀၀၀ | ။ |
| ၇။ ပုဏ္ဍရိက အသင်္ချေ်၌ ဘုရား- | ။ | ၄၀,၀၀၀ တို့သည် ဖြစ်ကုန်၏။ | |

ဤသို့အားဖြင့် ၇-အသင်္ချေ်အတွင်း၌ ဖြစ်ကုန်သော ဘုရားအပေါင်း တစ်သိန်း, နှစ်သောင်း, ငါးထောင် (၁၂၅,၀၀၀)ရှိကုန်၏။ လူ ၃-ပါးတို့၏ အထွတ်ဖြစ်တော်မူသော အရှင်ဂေါတမမြတ်စွာဘုရားသည် ထိုတစ်သိန်း, နှစ်သောင်း, ငါးထောင်သော ဘုရားတို့၏ အထံ၌ "ငါသည် ဘုရားဖြစ်ရလို၏" ဟု စိတ်တော်ကသာ ကြံလျက် အလှူကြီးစွာပေးခြင်း စသော ပါရမီ-၃၀ တို့ကို ဖြည့်တော်မူခဲ့၏။

## နှုတ်မြွက်ဆုပန် ၉-အသင်္ချေ

နဝသင်္ချေယျ၏ သရုပ်ကား-

၁။ သဗ္ဗဘဒ္ဒအသင်္ချေ, ၂။ သဗ္ဗဖုလ္လအသင်္ချေ,

၃။ သဗ္ဗရတနအသင်္ချေ, ၄။ ဥသဘက္ခန္ဓအသင်္ချေ,

၅။ မာနိဘဒ္ဒအသင်္ချေ, ၆။ ပဒုမအသင်္ချေ,

၇။ ဥသဘအသင်္ချေ, ၈။ ခန္ဓုတ္တမအသင်္ချေ,

၉။ သဗ္ဗဖာလအသင်္ချေ- ဟူ၍ ၉-ပါးတည်း။

ထို ၉-ပါးတို့တွင်-

၁။ သဗ္ဗဘဒ္ဒအသင်္ချေ၌ ပေါရာဏဂေါတမ အစရှိသော ဘုရား ၅၀,၀၀၀- ဖြစ်၏။

၂။ သဗ္ဗဖုလ္လအသင်္ချေ၌ ဘုရား- - - - - - - ၆၀,၀၀၀၊ ။

၃။ သဗ္ဗရတနအသင်္ချေ၌ ဘုရား- - - - - - ၇၀,၀၀၀၊ ။

၄။ ဥသဘက္ခန္ဓအသင်္ချေ၌ ဘုရား- - - - - - ၈၀,၀၀၀၊ ။

၅။ မာနိဘဒ္ဒအသင်္ချေ၌ ဘုရား- - - - - - ၉၀,၀၀၀၊ ။

၆။ ပဒုမအသင်္ချေ၌ ဘုရား- - - - - - ၂၀,၀၀၀၊ ။

၇။ ဥသဘအသင်္ချေ၌ ဘုရား- - - - - - ၁၀,၀၀၀၊ ။

၈။ ခန္ဓုတ္တမအသင်္ချေ၌ ဘုရား- - - - - - ၅,၀၀၀၊ ။

၉။ သဗ္ဗဖာလအသင်္ချေ၌ ဘုရား- - - - - - ၂,၀၀၀-ဖြစ်၏။

ဤသို့လျှင် ပေါင်းသောအားဖြင့် ၉-အသင်္ချေတွင်း၌ သုံးသိန်း, ရှစ်သောင်း, ခုနစ်ထောင်(၃၈၇,၀၀၀) ကုန်သော မြတ်စွာဘုရားတို့သည် ဖြစ်ကုန်၏။

ထို ၉-အသင်္ချေတို့တွင် သဗ္ဗဘဒ္ဒအသင်္ချေ၌ ငါတို့ အရှင်ဂေါတမ အလောင်းတော်သည် နန္ဒာမည်သော ပြည်၌ လောကသာရ အမည်ရှိသော စကြာမင်း ဖြစ်၏။ ထိုအခါ ကပိလဝတ်ပြည်၌ သာကီဝင်မင်းမျိုး သကျမုနိ ပေါရာဏဂေါတမ အမည်တော်ရှိသော ဘုရားဖြစ်တော်မူ၏။ ငါတို့ မြတ်စွာဘုရား အလောင်းတော် စကြာမင်းသည် ထိုမြတ်စွာဘုရားအား စန္ဒကူးနံ့သာ အတိပြီးသော စုလစ်အမွန်းတပ်သော ကျောင်းတစ်သိန်း,

မဏ္ဍာပ်တစ်သိန်း, စကြာတစ်သိန်း, ဇရပ်တစ်သိန်း, ရေအိမ်တစ်သိန်း, တံခါးမုခ်တစ်သိန်း, ဆွမ်းဝတ်တစ်သိန်း, အပ်တစ်သိန်း၊ ဤသို့သော အလှူကြီးကို ပေး၍ "နောင်သောအခါ အရှင်ဘုရားနှင့်အတူ ဘုရားဖြစ်ရပါလို၏" ဟု နှုတ်မြွက်၍ ဆုတောင်းတော်မူ၏။

တောင်းဟန်ကား "အရှင်ဘုရားကဲ့သို့ အမည်လည်း သကျမုနိဂေါတမ, ခမည်းတော်လည်း သုဒ္ဓေါဒန, မယ်တော်လည်း သီရိမဟာမာယာ, မယားကား ယသောဓရာ, သားကား ရာဟုလာ, ဖွားဖက် ကျွန်ဆန်, စီးသည့် မြင်းယာဉ် ကဏ္ဍက, ပြည်လည်း ကပိလဝတ်, ပွင့်သည့်သစ်ပင် ညောင်ဗုဒ္ဓဟေ၊ ဤသို့ အချင်းခပ်သိမ်း အရှင်ဘုရားနှင့် အတူတူချည်း ဖြစ်ရပါလို၏"ဟု ဆုတောင်း၏။ ထိုအခါ သကျမုနိ ပေါရာဏဂေါတမ ဘုရားလည်း "ငါ့အတူ ဖြစ်လတ္တံ့၊ ဝေးမူကား ဝေးသေး၏" ဟု အနိယတဗျာဒိတ် ကြားတော်မူခဲ့၏။

ဤသို့လျှင် ပေါရာဏဂေါတမ အစရှိသော ၉-အသင်္ချေအတွင်း၌ ဖြစ်ကုန်သော သုံးသိန်း, ရှစ်သောင်း, ခုနစ်ထောင်ကုန်သော ဘုရားရှင်တို့၏ အထံ၌ ဒါန, သီလ အစရှိသော ကုသိုလ်ကို ပြုလျက် နှုတ်မြွက်၍ ဘုရားဆုကို တောင်းတော်မူ၏။ တရားတော်ကို နာ၏။ ပါရမီ ၁၀-ပါး, စွန့်ခြင်းကြီး ၅-ပါး, စရိယ ၃-ပါးတို့ကို ဖြည့်ကျင့်တော်မူ၍ အနိယတဗျာဒိတ်ကို ရတော်မူ၏။

[ ဤမျှသော စကားအစဉ်ကား "ငါတို့သုံးလူ့အထွတ် အရှင်ဂေါတမဘုရားသည် ၇-အသင်္ချေတွင်း၌ ဖြစ်ကုန်သော ဘုရားတို့၏ အထံတော်၌ 'ဘုရားဆုကို တောင်းအံ့'ဟု ကြံလျက် ပါရမီဖြည့်ရန် ၉-အသင်္ချေတွင်း၌ ဖြစ်ကုန်သော ဘုရားရှင်တို့၏ အထံ၌ 'ဘုရားဆုကို ရပါလို၏'ဟု နှုတ်မြွက်၍ ဆုတောင်းတော်မူသဖြင့် ဒါန, သီလ အစရှိသော ပါရမီတို့ကို ဖြည့်တော်မူကြောင်းကို ဆိုသောစကားတည်း။ ]

## ကိုယ်, နှုတ်ဆုပန် ၄-အသင်္ချေ

ကာယဝါစာ စတုချာတံ-ဟူသော ပါဌ်၌ ၄-အသင်္ချေဟူသည်ကား-

၁။ သေလအသင်္ချေ, ၂။ ဘာသအသင်္ချေ,

၃။ ဇယအသင်္ချေ ၄။ ရုစိယအသင်္ချေ-ဟူ၍ ၄-ပါးတည်း။

ဤ ၄-အသင်္ချေတို့၌ ဘုရား မဖြစ်၊ ပစ္စေကဗုဒ္ဓါ မဖြစ်၊ စကြာဝတေးမင်းမျှသော်လည်း မဖြစ်၊ အချည်းနှီး သုဉ်းခဲ့၏။

၁။ ဤဘဒ္ဒကပ်ကမ္ဘာမှ ပြန်၍ရေသော် ၄-အသင်္ချေနှင့် ကမ္ဘာတစ်သိန်းမြောက် ဖြစ်သော သာရမဏ္ဍကမ္ဘာ၌ **တဏှင်္ကရာ, မေဓင်္ကရာ, သရဏင်္ကရာ, ဒီပင်္ကရာ**-ဟူ၍ ဘုရား ၄-ဆူ ဖြစ်တော်မူ၏။ ဒီပင်္ကရာလွန်၍ သာရမဏ္ဍကပ် ဆုံးခဲ့လျှင် သေလအသင်္ချေ လုံးလုံး ဘုရားမဖြစ်ဘဲ သုဉ်းခဲ့၏။

၂။ ထိုသေလအသင်္ချေကို လွန်၍ သာရကမ္ဘာ၌ **ကောဏ္ဍညဘုရား** ၁-ဆူ ဖြစ်တော်မူ၏။ ကောဏ္ဍညဘုရားလွန်၍ သာရကပ်ဆုံးခဲ့လျှင် ဘာသအသင်္ချေ၌လည်း ဘုရားမဖြစ်ဘဲ သုဉ်းခဲ့၏။

၃။ ထိုဘာသအသင်္ချေကို လွန်၍ သာရမဏ္ဍကမ္ဘာထက်၌ **မင်္ဂလ, သုမန, ရေဝတ, သောဘိတ** ဘုရား ၄-ဆူ ဖြစ်တော်မူ၏။ သောဘိတလွန်၍ သာရမဏ္ဍ ကမ္ဘာဆုံးလျှင် ဇယအသင်္ချေလုံးလုံး ဘုရားမဖြစ်ဘဲ သုဉ်းပြန်လေ၏။

၄။ ထိုအသင်္ချေကို လွန်၍ ဝရကမ္ဘာထက်၌ **အနောမဒဿီ, ပဒုမ, နာရဒ** ဘုရား ၃-ဆူ ဖြစ်တော်မူ၏။ နာရဒဘုရားလွန်၍ ဝရကပ်အဆုံး၌လည်း ရုစိယအသင်္ချေလုံးလုံး ဘုရားမဖြစ်ဘဲ သုဉ်းပြန်လေ၏။

ထိုရုစိယအသင်္ချေကို လွန်၍ သာရကပ်၌ **ပဒုမုတ္တရ** ဘုရား ၁-ဆူသာ ဖြစ်တော်မူ၏။ ပဒုမုတ္တရဘုရား လွန်၍ သာရကမ္ဘာဆုံးလျှင် ၁-ကမ္ဘာ ဘုရားမဖြစ်ဘဲ သုဉ်း၏။

ထိုနောက် မဏ္ဍကမ္ဘာထက်၌ **သုမေဓ, သုဇာတ** ဘုရား ၂-ဆူ ဖြစ်တော်မူ၏။ မဏ္ဍကမ္ဘာ ဆုံးလျှင် ဘုရားမဖြစ်ဘဲ ကမ္ဘာပေါင်း ၁,၈၀၀ သုဉ်း၏။

ထိုနောက် ဝရကမ္ဘာ၌ **ပိယဒဿီ, အတ္ထဒဿီ, ဓမ္မဒဿီ** ဘုရား ၃-ဆူ ဖြစ်တော်မူ၏။ ဝရကမ္ဘာဆုံးလျှင် ၉၄-ကမ္ဘာ သုဉ်း၏။

ထိုနောက် သာရကမ္ဘာ၌ သိဒ္ဓတ္ထ ဘုရား ၁-ဆူ ဖြစ်တော်မူ၏။ သာရကပ်လွန်လျှင် ဘုရား မဖြစ်ဘဲ ၉၂-ကမ္ဘာ သုဉ်း၏။

ထိုနောက် မဏ္ဍကမ္ဘာ၌ တိဿ, ဖုဿ ဘုရား ၂-ဆူ ဖြစ်တော်မူ၏။ မဏ္ဍကမ္ဘာ လွန်လျှင် ဘုရားမဖြစ်ဘဲ ၉၁-ကမ္ဘာ သုဉ်း၏။

ထိုနောက် သာရကမ္ဘာ၌ ဝိပ**ဿီ** ဘုရား ၁-ဆူသာ ဖြစ်တော်မူ၏။ သာရကမ္ဘာ အဆုံး၌ ဘုရားမဖြစ်ဘဲ ကမ္ဘာ ၃၀-သုဉ်း၏။ ထိုနောက် မဏ္ဍကမ္ဘာ၌ **သိခီ, ဝေဿဘူ** ဘုရား ၂-ဆူ ဖြစ်တော်မူ၏။ မဏ္ဍကမ္ဘာမှ နောက်၌ ဘုရားမဖြစ်ဘဲ ကမ္ဘာ ၃၀-သုဉ်း၏။

ထိုနောက် ဤဘဒ္ဒကပ်ကမ္ဘာ၌ **ကကုသန်, ကောဏာဂုံ, ကဿပ, ဂေါတမ** ဟူ၍ ဘုရား ၄-ဆူ ဖြစ်တော်မူပြီ၊

ဤငါတို့အရှင် ဂေါတမဖြစ်တော်မူသော အန္တရကပ်ဆုံး၍ နောက်အန္တရကပ် တစ်ကပ်ခွဲ ရောက်လျှင် အရိမေတ္တေယျဘုရား ဖြစ်တော်မူလတ္တံ့၊

ဤဘုရား ၅-ဆူဖြစ်ရာဖြစ်သော ဤကမ္ဘာသည်လျှင် ကောင်းမြတ်သော ဘဒ္ဒကပ်မည်၏။ ဤသို့လျှင် ၄-အသင်္ချေနှင့် ကမ္ဘာတစ်သိန်းတွင်း၌ တဏှင်္ကရာဘုရားမှစ၍ ကဿပဘုရား တိုင်အောင် နှစ်ကျိပ်ခုနစ်ဆူကုန်သော ဘုရားရှင်တို့သည် ဖြစ်တော်မူကုန်၏။

✪✪✪✪✪✪✪✪✪✪

## ၂။ သုမေဓာရသေ့အကြောင်း

### ဆုပန်သော်လည်း ဗျာဒိတ်မရ

ဤ ၄-အသင်္ချေနှင့်ကမ္ဘာတစ်သိန်းအတွင်း၌ ဖြစ်တော်မူကုန်သော ရှင်စောဘုရားတို့၏အထံ၌ ငါတို့အရှင်ဂေါတမ ဘုရားအလောင်းတော်သည် ကိုယ်, နှုတ်, နှလုံး ၃-ပါးဖြင့် ပါရမီကို ဖြည့်၍ ဘုရားဆုကို တောင်းတော်မူသော အကြောင်းကို သူတော်ကောင်းတကာတို့အား မှတ်သားစေလို ညွှန်ပြဆိုအံ့၊ ဤဘဒ္ဒကပ်ကမ္ဘာမှ ပြန်၍ရေသော် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းမြောက်ဖြစ်သော သာရမဏ္ဍကမ္ဘာ၌ တဏှင်္ကရာ, **မေဓင်္ကရာ, သရဏင်္ကရာ** ဘုရား ၃-ဆူတို့ အထံ၌လည်း ငါတို့အရှင် ဂေါတမအလောင်းတော်သည် ကိုယ်, နှုတ်, နှလုံး ၃-ပါးဖြင့် ဒါန, သီလ အစရှိသော ကောင်းမှုတို့ကိုပြု၍ ဘုရားဆုကို တောင်းတော်မူ၏။ အင်္ဂါ ၈-ပါး မစုံငြား၍ ဗျာဒိတ်မခံရ။

### သုမေဓာသတို့သား၏ ပညာ, ဥစ္စာ

သရဏင်္ကရာဘုရား ဖြစ်တော်မူသောနောက်၌ ဒီပင်္ကရာမြတ်စွာဘုရား မဖြစ်မီ လူတို့အသက် တစ်သိန်းနေသော ကာလ၌ ကျုံးမြောင်း, ပစ္စင်, ရင်တား, ပြအိုး, တန်ဆောင်း, ရွှေနန်းပြာသာဒ်တို့ဖြင့် ရှုချင်ဖွယ် နှလုံးမွေ့လျော်ဖွယ်ရှိသော-

ဆင်သံ,　　မြင်းသံ,　　ရထားသံ,　　ခရုသင်းသံ,

စည်ကြီးသံ,　　လက်ခတ်သံ,　　မောင်းကြေးနင်းသံ,　　ခွက်ခွင်းသံ,

စားလှည့်ကုန်-ဟု ခေါ်သောအသံ,　　သောက်လှည့်ကုန်-ဟု ခေါ်သောအသံ၊

ဤ ၁၀-ပါးသော အသံတို့ဖြင့် မဆိတ်မည် ခပ်သိမ်းသော အင်္ဂါလက္ခဏာနှင့် ပြည့်စုံသော, ခပ်သိမ်းသော ကာမဂုဏ်တို့နှင့် ပြည့်စုံသော, ရတနာ ၇-ပါးတို့နှင့်ပြည့်စုံသော,

အထူးထူးသော လူမျိုးတို့ဖြင့် ပြွမ်းသော, ကောင်းမှုကို ပြုကုန်သော သူတို့၏ နေရာဖြစ်သော **အမရဝတီ** မည်သော ပြည်၌ ဗြာဟ္မဏမဟာသာလမျိုး၌ အရှင်ဂေါတမ အလောင်းတော်သည် သုမေဓာဟူ၍ ကျော်စောထင်ရှားစွာ ဖြစ်၏။

အမိမျိုးမှရင်း, အဘမျိုးမှရင်း ကောင်းစွာ စင်ကြယ်သော ဝမ်းမီးရှိ၏။ အမျိုး ၇-ဆက်တိုင်အောင် ဇာတိဝါဒဖြင့် မကဲ့ရဲ့အပ်၊ ရှုချင်ဖွယ်ရှိ၏။ မြတ်သော အဆင်းသဏ္ဌာန်ရှိသော ကိုယ်နှင့်ပြည့်စုံ၏။ အကုဋေမက များသော ရွှေ, ငွေ ရှိ၏။ ဥစ္စာစပါး များစွာ၏။ ထိုသုမေဓာလည်း တပါးအမှုကို မပြုမူ၍ ပုဏ္ဏား၏ အတတ်ကို သင်၍ ဗေဒင် ၃-ပုံတို့၏ အပြီးသို့ရောက်၏၊ လက္ခဏာကျမ်း၌လည်းကောင်း၊ ဣတိဟာသလျှင် ၅-ခုမြောက်ဖြစ်သော **နိဃဏ္ဍုကျမ်း, ကေဋုဘကျမ်း**တို့နှင့်တကွဖြစ်သော သဒ္ဒါကျမ်းတို့၌ရင်း အပြီးသို့ရောက်၏။

ထိုသုမေဓာသည် ငယ်စဉ်ကပင် အမိ, အဘ လွန်ခဲ့၏။ ထိုအခါ၌ **သီရိဝဍ္ဍန** အမည်ရှိ သော အမတ်သည် ရွှေ, ငွေ, ပတ္တမြား, ပုလဲ အစရှိသော ရတနာတို့ဖြင့် ပြည့်သော တိုက်တို့ကို ဖွင့်၍ ကြေးနီပုရပိုက်ကိုယူ၍-

"သတို့သား၊ ဤမျှသော ဥစ္စာသည် သင်၏ အမိမှပါသော ဥစ္စာတည်း၊ ဤမျှသော ဥစ္စာသည် သင်၏ အဘမှပါသော ဥစ္စာတည်း၊ ဤမျှသော ဥစ္စာသည် အဖွားမှပါသော ဥစ္စာတည်း၊ ဤမျှသော ဥစ္စာသည် အဖိုးမှပါသော ဥစ္စာတည်း"၊

ဤသို့လျှင် အထက်သို့ အမျိုး ၇-ဆက်တိုင်အောင် ကြား၍ "ဤအလုံးစုံတို့ကို ခံစားပါလော့" ဟူ၍ ကြား၏။

## သုမေဓာသတို့သား သံဝေဂရ၍ တောထွက်ခြင်း

ထိုသို့ ကြားသောအခါ၌ သုမေဓာပုဏ္ဏားသည် ဆိတ်ကွယ်ရာ၌ နေ၍ ကြံ၏-

၁။ ဤမျှလောက်သော ဥစ္စာတို့ကို ရုံးစု၍ ငါ၏အမိ, အဘ, အဖိုး, အဖွား အစရှိသော သူတို့သည် တမလွန်သို့ သွားကုန်သည်ရှိသော် တစ်သပြာကိုမျှ ယူ၍ မသွားလေကုန်။ ငါသည် ယူ၍ သွားအံ့သောငှါ အပ်၏။

၂။ အမိဝမ်း၌ ပဋိသန္ဓေ နေရခြင်းသည်လည်း ဆင်းရဲ၏။ ခန္ဓာကိုယ်၏ ပျက်ခြင်းသည်လည်း ဆင်းရဲ၏။ မိုက်မဲတွေဝေ၍ သေရခြင်းသည်လည်း ဆင်းရဲ၏။

၃။ ငါသည် ပဋိသန္ဓေနေခြင်းသဘော, အိုခြင်းသဘော, နာခြင်းသဘော, သေခြင်းသဘော ရှိ၏။ သေခြင်းမရှိသော, ဘေးတို့၏ ကုန်ရာဖြစ်သော နိဗ္ဗာန်ကို ရှာအံ့။

၄။ အထူးထူးသော ပိုးလောက်တို့ဖြင့်ပြည့်သော ဤခန္ဓာကိုယ်ကို ငဲ့ကွက်ခြင်း မရှိသည်ဖြစ်၍ သွားရာ၏။

၅။ ဘဝမှ လွတ်ခြင်းငှါ အကြင်အကြောင်းသည် ရှိ၏။ ထိုအကြောင်းကို ရှာအံ့။

၆။ ဆင်းရဲခြင်းရှိသော် ချမ်းသာရှိသကဲ့သို့ ဘဝရှိသည်ရှိသော် ဘဝကင်းခြင်းကို အလိုရှိအပ်၏။

၇။ အပူရှိသော် အချမ်းရှိသကဲ့သို့ ထို့အတူ မီး ၃-ပါးရှိသော် မီး ၃-ပါး၏ ငြိမ်းခြင်းကို အလိုရှိအပ်၏။

၈။ မကောင်းမှုရှိသော် ကောင်းမှုရှိသကဲ့သို့ ထို့အတူ ဖြစ်ခြင်းရှိသော် မဖြစ်ခြင်းကို အလိုရှိအပ်၏။

၉။ မစင်ဖြင့် လိမ်းကျံသော ယောက်ျားသည် ရေဖြင့်ပြည့်သော ဆည်ကန်ရှိလျက် ထိုဆည်ကန်ကို မရှာအံ့၊ ဆည်ကန်၏အပြစ် မဟုတ်သကဲ့သို့ ကိလေသာအညစ်အကြေး ဆေးလျှော်ရာ အမြိုက်နိဗ္ဗာန်တည်းဟူသော ရေကန်ရှိလျက် ထိုအမြိုက်နိဗ္ဗာန်တည်းဟူသော ရေကန်ကို မရှာအံ့၊ အမြိုက်နိဗ္ဗာန်တည်းဟူသော ရေကန်၏ အပြစ် မဟုတ်။

၁၀။ ရန်သူဖြင့် ခြံရံအပ်သော ယောက်ျားသည် တပါးပြေးရာခရီးရှိလျက် မပြေးအံ့၊ ခရီး၏အပြစ် မဟုတ်သကဲ့သို့ ထို့အတူ ကိလေသာထိုးကျင့်သောသူသည် ကိလေသာ ငြိမ်းရာ နိဗ္ဗာန်ဟူသော ခရီးရှိလျက် ထိုခရီးကို မရှာအံ့၊ ထိုအပြစ်သည် နိဗ္ဗာန်ခရီး၏ အပြစ် မဟုတ်။

၁၁။ အနာနှိပ်စက်သော ယောက်ျားသည် ဆေးသမားရှိလျက် အနာကို ဆေးမကုအံ့ ဆေးသမား၏အပြစ် မဟုတ်သကဲ့သို့ ထို့အတူ ကိလေသာ အနာနှိပ်စက်သော ယောက်ျားသည် ကိလေသာကို ငြိမ်းစေတတ်သော ဆရာရှိလျက် ထိုဆရာကို မရှာအံ့၊ ထိုအပြစ်သည် ဆရာ၏အပြစ် မဟုတ်။

၁၂။ လည်၌ ဆွဲအပ်သော စက်ဆုပ်ဖွယ်သော အကောင်ပုပ်ကို စွန့်ပစ်၍ သွားသော ယောက်ျားသည် ချမ်းသာစွာ အိပ်ရ, နေရသကဲ့သို့ ထို့အတူ ငါသည်လည်း

အထူးထူးသော ပိုးလောက်တို့၏ စုဝေးရာဖြစ်သော ဤခန္ဓာကိုယ်တည်းဟူသော အကောင်ပုပ်ကို ငဲ့ကွက်ခြင်းကင်းသဖြင့် စွန့်၍ သွားအံ့။

၁၃။ မိန်းမ, ယောကျ်ားတို့သည် ကျင်ကြီးစွန့်ရာ အရပ်၌ ကျင်ကြီးကို စွန့်၍ ငဲ့ကွက်ခြင်းမရှိ၊ သွားကုန်သကဲ့သို့ ထို့အတူ ငါသည်လည်း အထူးထူးသော ပိုးလောက်တို့ဖြင့် ပြည့်သော ဤကိုယ်ကို ကျင်ကြီးအိမ်ကို စွန့်၍ သွားသကဲ့သို့ သွားအံ့။

၁၄။ အိုသော, ပေါက်သော, ရေယိုသောလှေကို လှေရှင်သည် ငဲ့ကွက်ခြင်းမရှိ စွန့်၍သွားသကဲ့သို့ ထို့အတူ ငါသည်လည်း ၉-ပါးသော အပေါက်တို့မှ အမြဲယိုသော ဤအကောင်ပုပ်ကို ငဲ့ကွက်ခြင်း မရှိသည်ဖြစ်၍ လှေအိုကိုကဲ့သို့ စွန့်၍သွားအံ့။

၁၅။ ဥစ္စာကို ယူ၍သွားသော ယောကျ်ားသည် ခိုးသူကိုမြင်၍ ဥစ္စာပြတ်အံ့သည်ကို စိုးသောကြောင့် စွန့်၍သွားသကဲ့သို့ ထို့အတူ ငါသည်လည်း ကုသိုလ်ပြတ်အံ့သည်ကို စိုးသောကြောင့် ခိုးသူနှင့်တူသော ဤကိုယ်ကို စွန့်၍သွားအံ့။

ဤသို့ များစွာကြံပြီး၍ မင်းအား ကြားပြီးလျှင် မြို့၌ စည်လည်စေ၏။ အကုဋေ အရာမက များစွာသော ဥစ္စာတို့ကို ကိုးကွယ်ရာရှိသောသူ, မရှိသောသူတို့အား ရေပြည့်အိုးကို မှောက်သွန်ဘိသကဲ့သို့ ပေးလှူ၍ ငါတို့ အရှင်ဂေါတမ အလောင်းတော် သုမေဓာသည် ဟိမဝန္တာသို့ ဝင်လေ၏။

## သိကြားမင်းက ကျောင်းစသည်ကို ဖန်ဆင်းစေခြင်း

ထိုအကြောင်းကို သိကြားမင်းမြင်သဖြင့် ဝိသုကြံနတ်သားကိုခေါ်၍ "အချင်း ဝိသုကြံ၊ ယနေ့ သုမေဓာ ပညာရှိသည် 'ရဟန်းပြုအံ့'ဟု တောသို့ဝင်၏။ ထိုသုမေဓာ၏ နေရာအရပ်ကို ဖန်ဆင်းချေ"ဟု စေ၏။ ဝိသုကြံနတ်သားလည်း "ကောင်းပါပြီ" ဟု ဝန်ခံ၍-

၁။ လုံခြုံစွာ မွေ့လျော် ပျော်ဖွယ်ရှိသော သစ်ရွက်မိုးသော(သင်္ခမ်း၌) ဥစ္စာစပါး သိမ်းဆည်းရခြင်း မရှိသည်၏အဖြစ်,

၂။ အပြစ်မရှိသော ဆွမ်းကို ရှာရသောအဖြစ်,

၃။ ပြီးပြီးသောဆွမ်းကို စားရသောအဖြစ်,

၄။ ပြည်တိုင်းကားကို နှိပ်စက်၍ ဥစ္စာ အသပြာကို ယူကုန်သော မင်းတို့၌ကဲ့သို့ ပြည်တိုင်းကားကို နှိပ်စက်ခြင်း ကိလေသာ၏ မရှိသောအဖြစ်,

၅။ သစ်, ဝါးစသော အဆောက်အဦတို့၌ ဆန္ဒရာဂကင်းသောအဖြစ်,

၆။ ခိုးသူတို့၏ လုယက်ခြင်းကြောင့် ဘေးမရှိသောအဖြစ်,

၇။ မင်း, မင်းတို့၏ အမတ်တို့နှင့် မနီးနှောသောအဖြစ်,

၈။ အရပ်လေးမျက်နှာတို့၌ ပိတ်ပင်ခြင်း မရှိသောအဖြစ်,

ဤသို့အားဖြင့် ၈-ပါးသော ရဟန်း၏ ချမ်းသာခြင်းနှင့် ပြည့်စုံသော နေရာသခ်မ်းကိုလည်း ဖန်ဆင်း၏။

၁။ ကြမ်းတမ်းသော မညီမညွတ်သော မြေအဖို့ရှိသောအပြစ်,

၂။ စင်္ကြံတွင်း၌ သစ်ပင်ရှိသောအပြစ်,

၃။ မြက်ချုံနွယ် ဖုံးလွှမ်းသောအပြစ်,

၄။ အလွန်ကျဉ်းလွန်းသောအပြစ်,

၅။ အလွန်ကျယ်လွန်းသောအပြစ်,

ဤသို့အားဖြင့် ၅-ပါးသော အပြစ်မှကင်းသော အနံမှာ ၂-တောင့်ထွာရှိသော နံပါး ၂-ဖက်တို့၌ အနံ ၁-တောင်ရှိသော စင်္ကြံယ်နှင့်တကွသော အလျားအားဖြင့် အတောင် ၆၀-ရှိသော နူးညံ့သိမ်မွေ့ ညီညွတ်သော အပြင်ရှိသော သဲတို့ဖြင့် ကြဲထသော စင်္ကြံကို ဖန်ဆင်း၏။

အကြင်အခြင်းဖြင့် ဖန်ဆင်းသည်ရှိသော် ထိုသခ်မ်း၌ နေသောသူသည် အဘိညာဉ် ၅-ပါးကို ရခြင်း၏အကြောင်းဖြစ်သော ဝိပဿနာအားကို ဆောင်နိုင်၏။ ထိုအခြင်းဖြင့် ကုဋ္ဌီ, လိုဏ်, စင်္ကြံ အစရှိသည်တို့ဖြင့် တန်ဆာဆင်အပ်သော အသီးအပွင့်ကို ဆောင်သော သစ်ပင်တို့ဖြင့် ဖုံးလွှမ်းအပ်သော မွေ့လျော်ဖွယ် အေးမြသော ရေရှိသော ဖဲစေအပ်ပြီးသော ကြောက်မက်ဖွယ်သော သားရဲ, ငှက်ရဲရှိသော ဆိပ်ငြိမ်ခြင်းငှာခံ့သော သခ်မ်းကို ဖန်ဆင်းပြီး၍ တန်ဆာဆင်အပ်သော စင်္ကြံ၏ အစွန်း ၂-ဖက်တို့၌ တံကဲပျဉ်စီရင်၍ ထိုင်စိမ့်သောငှါ စင်္ကြံအလယ်၌ ညီညွတ်သော အပြင်ရှိသော ပဲနောက်အဆင်းရှိသော ကျောက်ဖျာ ဖန်ဆင်း၍-

၁။ သခ်မ်းအတွင်း၌ ဆံကျစ်အဝန်း, လျော်တေသက်န်း, တိဒဏ္ဍာ, ကရားစသော ရသေ့ပရိက္ခရာတို့ကိုဎင်း

၂။ မဏ္ဍပ်၌ သောက်ရေအိုး, သောက်ရေခွက်ငယ်, ရေသောက်ခရုသင်းတို့ကိုင်ရင်း

၃။ မီးတင်းကုပ်၌ မီးမယ်ဖျူး, ထင်းအစရှိသည်တို့ကိုရင်း-

ဤသို့လျှင် ရသေ့တို့အား အဆောက်အဦဖြစ်ထိုက်သော အလုံးစုံသော ဝတ္ထုကို ဖန်ဆင်း၍ သင်္ခမ်း၏နံရံ၌ "အကြင်သူတို့သည် ရသေ့, ရဟန်းပြုလိုကုန်၏။ ထိုသူတို့သည် ဤပရိက္ခရာတို့ကိုယူ၍ ရဟန်းပြုပါကုန်" ဟု ကမ္ပည်းစာရေး၍ နတ်ပြည်သို့ ပြန်လေ၏။

## လျှော်တေသင်္ကန်းကို ဝတ်၍ ဆင်ခြင်တော်မူခြင်း

သုမေဓာပညာရှိလည်း ဟိမဝန္တာတောင်ခြေ၌ တောင်မြောင်ချောက်ကြား အစဉ်မှီး သဖြင့် မိမိအား နေခြင်းငှါ လျောက်ပတ်သင့်တင့်သော အရပ်ကို ကြည့်ရှုရှာလတ်သော် တစ်ခုသော မြစ်အကွေ့၌ ဝိသုကြုံနတ်သား ဖန်ဆင်းသော သိကြားပေးသော မွေ့လျော်ဖွယ် ရှိသော သင်္ခမ်းကိုမြင်၍ စင်္ကြံဦးသို့ သွားခြေရာ မမြင်သော် "မချွတ် ရဟန်းတို့သည် ဝေးသော ရွာ၌ ဆွမ်းခံ၍ ပင်ပန်းစွာလာ၍ သင်္ခမ်းတွင်း၌ ဝင်၍ နေကုန်သည်ဖြစ်လတ္တံ့."ဟု ကြံ၍ အတန်ငယ်ငံ့၍ နေပြီးမှ "အလွန်ကြာစွတကား၊ သိရလတ္တံ့"ဟု သင်္ခမ်းတံခါးကို ဖွင့်၍ အတွင်းသို့ဝင်ပြီးလျှင် ထိုမှ, ဤမှ ကြည့်သော် နံရံမ၌ အက္ခရာတို့ကို ဖတ်၍ "ဤအလုံးစုံသော ပရိက္ခရာသည် ငါ့အား အပ်သော ပရိက္ခရာတည်း၊ ဤပရိက္ခရာတို့ကို ယူ၍ ရဟန်းပြုအံ့"ဟု မိမိဝတ်ခဲ့သော ပုဆိုး၌-

၁။ ထိုပုဆိုး၏ အဖိုးကြီးသောအပြစ်,

၂။ သူတစ်ပါးနှင့် စပ်သဖြင့် ဖြစ်သောအပြစ်,

၃။ သုံးဆောင်သဖြင့် လျင်စွာ ညစ်နွမ်းလွယ်သော အပြစ်,

၄။ သုံးဆောင်သဖြင့် ဆွေးမြေ့လွယ်သော အပြစ်,

၅။ တဖန်ရှာ၍ ရနိုင်ခဲသော အပြစ်,

၆။ ရဟန်းတို့အား မလျောက်ပတ်သော အပြစ်,

၇။ ရန်သူတို့နှင့်ဆက်ဆံသည်ဖြစ်၍ ရန်သူတို့ မယူနိုင်အောင် လုံခြုံစွာထားရသော အပြစ်,

၈။ သုံးဆောင်သောသူအား အတင့်အတယ် တန်ဆာဆင်သော အပြစ်,

၉။ ယူဆောင်၍ ခရီးသွားသော် ပခုံးဝန်လေးသော အပြစ်,

ဟုဆိုအပ်သော ရဟန်းတို့အား ဤ ၉-ပါးသော အပြစ်တို့သည် ထင်ကုန်သောကြောင့် ဝတ်ရုံသော ပုဆိုးကို စွန့်၍-

၁။ သိကြားပေးသော အဖိုးနည်းသော အပ်သော ကောင်းသောအဖြစ်,

၂။ မိမိကိုယ်တိုင် ပြုလွယ်သောအဖြစ်,

၃။ သုံးဆောင်သဖြင့် ညစ်နွမ်းခဲသောအဖြစ်,

၄။ ဖွပ်ရသော်လည်း ကြာမြင့်ခြင်း မရှိသောအဖြစ်,

၅။ သုံးဆောင်သဖြင့် ဆွေးမြေ့လွယ်သော်လည်း မချုပ်ရသောအဖြစ်,

၆။ တဖန်ရှာ၍ ရလွယ်သောအဖြစ်,

၇။ ရသေ့, ရဟန်းတို့အား လျောက်ပတ်သောအဖြစ်,

၈။ ရန်သူတို့အား မသုံးဆောင်ထိုက်သောအဖြစ်,

၉။ သုံးဆောင်သောသူအား အတင့်အတယ် မရှိသောအဖြစ်,

၁၀။ ဆောင်ခြင်း၌ ပေါ့ပါးသောအဖြစ်,

၁၁။ သင်္ကန်းပစ္စည်း၌ အလိုနည်းသောအဖြစ်,

၁၂။ လျှော်တေခွါခြင်း၌ တရားနှင့်အညီ အပြစ်မရှိသောအဖြစ်,

၁၃။ လျှော်တေသင်္ကန်းပျောက်သော်လည်း ငဲ့ကွက်ခြင်းမရှိသည်၏အဖြစ်

ဤ ၁၃-ပါးသော အကျိုးဆက် ဂုဏ်ကျေးဇူးတို့ကို လျှော်တေသင်္ကန်း၌ မြင်၍ အလောင်းတော် သုမေဓာသည် သင်္ကန်းတန်း၌ ဆွဲအပ်သော အနောဇာပန်းဆိုင်းနှင့်တူသော လျှော်တေသင်္ကန်း တစ်ထည်ကို ဝတ်၍ ထိုသင်္ကန်း၏ အထက်၌ ရွှေအဆင်းနှင့်တူသော လျှော်တေသင်္ကန်း တစ်ထည်ကို ဖုံးလွှမ်း၍ ပဲနောက်အဆင်းနှင့်တူသော ခွါနှင့်တကွသော သစ်နက်ရေကို ပခုံးတစ်ဖက်၌တင်၍ ဆံကျစ်အဝန်းကိုစွပ်၍ ဆံကျစ်နှင့်တကွ မတုန်မလှုပ် ဖြစ်စိမ့်သောငှါ သစ်နှစ်ဆံထိုးကို လျှို၍ ပုလဲသွယ်နှင့် တူသော ဆိုင်း၌ သန္တာနှင့်တူသော ကရားကို ထည့်၍ အရပ် ၃-ပါး၌ ကောက်သော ထမ်းပိုးကိုယူ၍ တစ်ဖက်သော ထမ်းပိုးစွန်း၌ ကရားကို, တစ်ဖက်စွန်း၌ တံချူ, သင်တောင်း, တိဒဏ္ဍ အစရှိသည်တို့ကို ဆွဲ၍ ပြာစစ်ထမ်းပိုးကို ပခုံးတစ်ဖက်၌ထမ်း၍ လက်ျာလက်ဖြင့် တောင်ဝှေးကို ကိုင်၍ သင်္ခမ်းမှထွက်၍ အတောင် ၆၀-မျှသော စင်္ကြံ၌ တလူးလာလာ သွား၍ မိမိ၏ အသွင်ကို ကြည့်၍-

" ငါ၏ နှလုံးအလိုသည် အပြီးရောက်ပြီ၊ ငါ့အား ရဟန်းအဖြစ်သည် တင့်တယ်စွ တကား၊ ဘုရား, ပစ္စေကဗုဒ္ဓါ အစရှိသော လှံ့လကြီးသော သူတို့သည် ရဟန်းအဖြစ် မည်သည်ကို ချီးမွမ်းအပ်၏၊ ငါသည် ယရာဝါသဖြင့် နှောင်ဖွဲ့ခြင်းကို ပယ်ရပြီ၊ တောထွက်အပ်သည် ဖြစ်ပြီ၊ မြတ်သော ရဟန်းအဖြစ်ကို ငါရပြီ၊ ရဟန်းတရားကို ပြုအံ့၊ မဂ်, ဖိုလ်ချမ်းသာကို ရလတ္တံ့"-

ဟူ၍ အားထုတ်ခြင်း ရှိသည်ဖြစ်၍ ပြာစစ်ထမ်းပိုးကိုချ၍ စင်္ကြံ၏ အလယ်၌ ပဲနောက် အဆင်းနှင့် တူသော ကျောက်ဖျာ၌ ရွှေဆင်းတုကဲ့သို့ ထိုင်လျက် နေ့အဖို့ကို လွန်စေ၍ ညချမ်းသောအခါ၌ သင်္ခမ်းသို့ဝင်၍ ကြိမ်(ဖြင့်)ခက်သော ညောင်စောင်း၏ နံပါး၌ သစ်ခက်အခင်း၌ လျောင်း၍ ကိုယ်ကို ဥတုကိုယူစေ၍ မိုးသောက်အားကြီးသောအခါ၌ နိုး၍ မိမိ၏ သေခြင်းကို ဆင်ခြင်၏။

" ငါသည် ယရာဝါသအိမ်၌ နေခြင်းအပြစ်ကိုမြင်၍ မနှိုင်းယှဉ်အပ်သော စည်းစိမ်ချမ်းသာ အခြံအရံကိုစွန့်၍ တောသို့ဝင်၍ နေကွမ္မစျာန်ကို ရှာလိုသည်ဖြစ်၍ ရဟန်းပြု၏။ ယခုအခါ၌ ယနေ့မှစ၍ မေ့လျော့သဖြင့် နေခြင်းငှါ မအပ်၊ ဆိပ်ငြိမ်ခြင်းကိုစွန့်၍ ကျင်လည်သောသူကို မိစ္ဆာဝိတက်ဟူသော ယင်တို့သည် ခဲတတ်ကုန်၏။ ယခုအခါ ငါသည် ဆိပ်ငြိမ်ခြင်းကို ပွားစိမ့်သောငှာ အပ်၏။ ငါသည် အိမ်ရာနေသော ကြောင့်ကြခြင်းမှ အပြစ်ကိုမြင်၍ တောထွက်၏။ ဤသစ်ရွက်မိုးသော သင်္ခမ်းသည် နှစ်လိုဖွယ်ရှိ၏။ ဥသျှစ်သီးမှည့် အဆင်းနှင့်တူသော အပြေအပြစ် ပြုအပ်သော မြေအဖို့ရှိ၏။ ငွေအဆင်းနှင့်တူသော ဖြူသောနံရံရှိ၏။ ခိုခြေ၏ အဆင်းနှင့်တူသော အဆင်းရှိသော သစ်ရွက်အမိုးရှိ၏။ ဆန်းကြယ်သော အခင်းနှင့်တူသော အဆင်းရှိသော ကြိမ်(ဖြင့်)ခက်သော ညောင်စောင်းရှိ၏။ ဤနေရာအရပ်သည် နေခြင်းငှါ ချမ်းသာလှ၏။ ဤသင်္ခမ်းထက် လူဖြစ်သောအခါ ငါ့အား အိမ်၏ ပြည့်စုံခြင်းသည် လွန်သကဲ့သို့ မထင်ပြီ"၊ ဤသို့ကြံ၍-

## သစ်ရွက်မိုးကျောင်းကို စွန့်၍ သစ်ပင်ရင်းသို့ကပ်ခြင်း

တဖန် သစ်ရွက်မိုးသော သင်္ခမ်း၌ အပြစ်ကို ဆင်ခြင်ပြန်သော် သင်္ခမ်း၌ အပြစ် ၈-ပါးကို မြင်၏။

၁။ များစွာသော အဆောက်အဦတို့ကို ပေါင်းစု၍ ပြုရ, ရှာရသော အဖြစ်တည်းဟူသော အပြစ်,

၂။ မြက်, သစ်ရွက်, မြေတို့သည် ကျသည်ရှိသော် ထိုမြက်, သစ်ရွက်တို့ကို ထားအပ်သော အဖြစ်ဖြင့် အမြဲသုတ်သင်ရခြင်းတည်းဟူသော အပြစ်,

၃။ ကျောင်းမည်သည်ကား ကြီးသောသူအား ရောက်၏။ သီတင်းကြီးလာသဖြင့် အခါမဟုတ်သည်၌ ထရသောသူအား စိတ်ဧကဂ္ဂတာမကျ၊ ထိုကြောင့် ထရသော အဖြစ်တည်းဟူသော အပြစ်,

၄။ အချမ်း, အပူကို ဖျောက်သဖြင့် ကိုယ်၏ သိမ်မွေ့နူးညံ့ခြင်းကို ပြုတတ်သော အဖြစ်တည်းဟူသော အပြစ်,

၅။ အိမ်တွင်းသို့ ဝင်သဖြင့် တစ်စုံတစ်ခုသော မကောင်းမှုကို ပြုခြင်းငှါ တတ်နိုင်၏။ ထိုကြောင့် ကဲ့ရဲ့ခြင်းကို ဖုံးလွှမ်းသော အဖြစ်တည်းဟူသော အပြစ်,

၆။ ငါ၏ကျောင်း-ဟူ၍ သိမ်းဆည်းခြင်းကို ပြုရခြင်းအဖြစ်တည်းဟူသော အပြစ်,

၇။ အိမ်ရှိသောအဖြစ် မည်သည်ကား ၂-ယောက်နေသကဲ့သို့ ရှိသောအပြစ်,

၈။ သန်း, ကြမ်းပိုး အစရှိသည်တို့နှင့် ဆက်ဆံသောကြောင့် များစွာသော သူတို့နှင့် ဆက်ဆံသော အဖြစ်တည်းဟူသောအပြစ်-

ဤသို့ ၈-ပါးသော အပြစ်တို့ကို မြင်တော်မူ၍ အလောင်းတော် သုမေဓာပုဏ္ဏားပညာရှိသည် သိကြားကပ်လှူသော သင်္ခမ်းကို စွန့်တော်မူပြန်၏။ ဤသို့ သစ်ရွက်မိုးသော သင်္ခမ်းကို စွန့်ပြီး၍ ၁၀-သော ကျေးဇူးနှင့်ပြည့်စုံသော သစ်ပင်ရင်းသို့ ကပ်လေ၏။ ထိုသစ်ပင်ရင်း၌ ၁၀-သော ကျေးဇူးကား-

၁။ နည်းသော အဆောက်အဦရှိသောအဖြစ်,

၂။ ထိုသစ်ပင်ရင်းသို့ကပ်၍ နေရကာမျှသာဖြစ်၍ မသုတ်သင်ရသောအဖြစ်,

၃။ သီတင်းကြီးလာသည်-ဟု မထရသောအဖြစ်,

၄။ ကဲ့ရဲ့ခြင်းကို မဖုံးလွှမ်းသောအဖြစ်,

၅။ လွင်တီးခေါင်ကဲ့သို့ ကိုယ်ကို မခန့်ကျန်းစေသောအဖြစ်,

၆။ သိမ်းဆည်းခြင်းကို မပြုရသောအဖြစ်,

၇။ အိမ်၌ တပ်ခြင်းကို ပယ်ရသောအဖြစ်,

၈။ သန်း, ကြမ်းပိုး အစရှိသည်တို့နှင့် ဆက်ဆံသော အိမ်၌ကဲ့သို့ သစ်ပင်ရင်းကို သုတ်သင်အံ့၊ သင်တို့ထွက်ကုန်ဟူ၍ မဆိုရသောအဖြစ်,

၉။ နေသောသူအား နှစ်သက်ခြင်းနှင့် တကွဖြစ်သောအဖြစ်,

၁၀။ ရောက်လေရာရာ အရပ်၌ သစ်ပင်ရင်းတည်းဟူသော ကျောင်းကို ရလွယ်သည်၏ အဖြစ်ကြောင့် မငဲ့ကွက်ရသောအဖြစ်,

ဤသို့အားဖြင့် သစ်ပင်ရင်း၌ ၁၀-ပါးသော ကျေးဇူးတို့ကို မြင်တော်မူ၍ သိကြားကျောင်း၌ တစ်ညဉ့်မျှ အိပ်ပြီးလျှင် သစ်ပင်ရင်းကျောင်းသို့ ပြောင်းတော်မူလေ၏။

## ချာန်သမာပတ်၌ မွေ့လျော်၍ ဘုရားပွင့်မှန်း မသိခြင်း

အိမ်မှလာ၍ တစ်မိုးသောက်သောနေ့၌ ဆွမ်းအလို့ငှါ သွားလေသော် ရောက်သောရွာ၌ လူတို့သည် ကြီးစွာသော အားထုတ်ခြင်းဖြင့် လှူကြကုန်၏။ ထိုအလောင်းတော် သုမေဓာသည် ဆွမ်းစားခြင်း ကိစ္စကို ပြီးစေ၍ သခ်မ်းသို့လာ၍ ထိုင်နေတော်မူလျက် ကြံ၏။ "ငါသည် အစာအဟာရ မစားရသောကြောင့် ရဟန်းပြုသည်မဟုတ်၊ ဤသိမ့်မွေ့သော အစာအာဟာရသည်လည်း မာန်ယစ်ခြင်း, ငါယောကျ်ား-ဟူ၍ ယစ်ခြင်းကို ပွါးစေတတ်၏။ အာဟာရ အကြောင်းရင်းရှိသော ဆင်းရဲ၏ အဆုံးသည် မရှိ၊ အကြင် ငါကြံအောက်မေ့သည်ကား သူတပါးတို့ စိုက်ပျိုးသော စပါးမှဖြစ်သော အစာကိုစွန့်၍ အလိုလိုကြွေသော သစ်သီးကိုသာ စား၍ ရဟန်းတရားကိုသာ ပြုတော့အံ့"ဟု ကြံတော်မူပြီး၍ အလောင်းတော် သုမေဓာသည် ထိုအခါမှစ၍ ထိုကြံတော်မူတိုင်း ပြု၍ စေ့ဆော်လျက် လုံ့လပြုလျက် ၇-ရက်အတွင်း သမာပတ် တို့ကိုရင်း, အဘိညာဉ် ၅-ပါးတို့ကိုရင်း ဖြစ်စေတော်မူ၏။

ဤသို့ ၇-ရက်၏အတွင်း၌ ရသေ့ ရဟန်း၏ တရားအပြီးသို့ရောက်သော သုမေဓာရှင်ရသေ့၏ သာသနာတော်၌ ဒီပင်္ကရာမြတ်စွာဘုရား၏ အလောင်းတော်သည် တုသိတာမှ စုတေခဲ့၍ ရမ္မာဝတီပြည်၌ သုဒေဝမင်း၏ သုမေဓာ အမည်ရှိသော မိဖုရားဝမ်း၌ ပဋိသန္ဓေစွဲယူတော်မူ၍ ၁၀-လစေ့လျှင် ဖွားတော်မူ၍ အရွယ်သို့ရောက်သောအခါ ခမည်းတော်က ရမ္မာဝတီပြည်ကို အပ်နှင်းသဖြင့် ဟံသ, ကောဉ္စာ, မယူရ တည်းဟူသော ရွှေနန်းပြာသာဒ် ၃-ဆောင်၌ သုံးသိန်းသော မောင်းမအခြံအရံရှိသော ပဒုမာအမည်ရှိသော တောင်ညာမိဖုရားကြီးနှင့် အနှစ် ၁၀,၀၀၀-ပတ်လုံး မင်း၏စည်းစိမ်ကို ခံစားတော်မူပြီး၍ ဥသဘက္ခန္ဓ အမည်ရှိသော သားတော်တစ်ပါး ဖွားမြင်လျှင် ဆင် ၈၄,၀၀၀- ခြံရံလျက် ဆင်ယာဉ်စီး၍ တောထွက်တော်မူ၏။ တစ်ကုဋေမျှသော ဗိုလ်ခြေပါလေ၏။ ဖြဟ္မာကပ်လှူသော ကြာသကၤန်းကို ဝတ်၍ ရဟန်းပြု၏။

ဒုက္ကရစရိယာ ၁၀-လကျင့်၏။ ရွာနိဂုံးသို့ ဆွမ်းရပ်တော်မူ၏။ နိဂုံးသူတို့သည် ယနာဆွမ်းကို လှူကြကုန်၏။ ဘုဉ်းပေးတော်မူပြီးလျှင် နေ့အဖို့ အင်ကြင်းတော၌ နေတော်မူ၍ ညချမ်းသောအခါ ဗောဓိချာသို့ တက်တော်မူလေ၏။ သုနန္ဒာမည်သော မြက်ရိတ်သမားသည် ၈-ဆုပ်မြက်ကို လှူလိုက်၏။ ထိုမြက်ကို ညောင်ကြတ်ပင်အောက် ဖြန့်ကြတော်မူလျှင် ၁၃-တောင်အစောက်ရှိသော ရွှေပလ္လင်ပေါက်၍ ထိုပလ္လင်ထက်၌ သစ္စာ ၄-ပါးတရားကို သိတော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူ၏။ သုဒ္ဓါဝါသပြဟ္မာကြီး တောင်းပန်သောကြောင့် နန္ဒာရုံ၌ ကုက္ကိုပင်ရင်းတွင် ဓမ္မစကြာတရားကို ဟောတော်မူ၏။

ဤသို့ ဒီပင်္ကရာမြတ်စွာဘုရား-

- ပဋိသန္ဓေနေတော်မူသောအခါ,
- ဖွားတော်မူသောအခါ,
- ဘုရားဖြစ်တော်မူသောအခါ,
- ဓမ္မစကြာတရား ဟောတော်မူသောအခါ-

ဤ ၄-ပါးတို့၌ ၃၂-ပါးသော ပုဗ္ဗနိမိတ်တို့သည် ထင်ရှားဖြစ်ကုန်၏။ တစ်သောင်းသော စကြဝဠာတို့၌ မြေကြီးပြင်းစွာ တုန်လှုပ်၏။ ဤ ၄-ပါးသော အကြောင်းတို့ကို အလောင်းတော် သုမေဓာ ရှင်ရသေ့သည် ဈာန်သမာပတ် ချမ်းသာ၌ မွေ့လျော်ပျော်ပါးနေမိ၍ မသိဘဲ အလျှင်(း)လွန်လေ၏။

## လမ်းပြင်နေကြစဉ် ဘုရားရှင်ကြွလာတော်မူခြင်း

ဤဒီပင်္ကရာ မြတ်စွာဘုရားသည် ဓမ္မစကြာတရားကို ဟောတော်မူပြီး၍ အကြင်အခါ၌ ကျောက်အတိပြီးသော သုဒဿနတောင်၌ သုဒဿနကျောင်းတော်ဝယ် နေတော်မူ၏။ ထိုအခါ ဒီပင်္ကရာမြတ်စွာဘုရားကို ပစ္စန္တဒေသ အရပ်သားတို့သည် ဆွမ်းလုပ်ကျွေးအံ့သောငှါ ပင့်ဖိတ်၍ ထိုမြတ်စွာဘုရား ကြွလာတော်မူရာခရီး၌ ရေစီးညွန်ပျောင်းရှိသော အရပ်တို့ကို ထိုအရပ်သားတို့သည် ဝမ်းမြောက်ဝမ်းသာ တူးဆွခဲ့ထွင် ပြင်ဆင်ဖို့ကြကုန်၏။

ထိုအခါ သုမေဓာရှင်ရသေ့သည် မိမိနေရာ သခ်မ်းမှထွက်၍ လျှော်တေသက်န်းတို့ကိုခွါ၍ ကောင်းကင်ပြင်၌ ချာန်ဖြင့် သွားလေသည်ရှိသော် ဝမ်းမြောက်ဝမ်းသာ ခရီးသုတ်သင် ပြင်ဆင်ဖို့ကြသော သူအပေါင်းတို့ကို မြင်၍ ကောင်းကင်မှ သက်ခဲ့၍ "အို-လူအများတို့၊ သင်တို့ ယခု တစ်စုတစ်ဝေး ဝမ်းမြောက်ဝမ်းသာ ရွှင်ပျစွာ ခရီးသုတ်သင်

ပြုပြင်ကြသည်ကား အဘယ်သူ၏ ကြွသွားတော်မူရာ ခရီးပေနည်း”ဟု မေးလေ၏။ ထိုသူများလည်း ကြားပေကုန်၏။ “ အို-ရှင်ရသေ့၊ ယခုအခါ ဘုံ ၃-ရွာ၌ အတုမရှိမြတ်သော ဒီပင်္ကရာ အမည်ရှိသောဘုရား ထင်ရှားဖြစ်တော်မူ၏။ ထိုဘုရား၏ ဆွမ်းစားကြွတော်မူရာ ခရီးကို ပြင်ဆင်ဖို့ကြကုန်၏”ဟု ကြားပေကုန်၏။

ထိုသို့ ကြားသောခဏ၌ သုမေဓာရသေ့အား နှစ်လိုခြင်းဖြစ်သဖြင့် “ဘုရား, ဘုရား” ဟု ဆိုလျက် ထိုအရပ်၌ ရပ်၍ ရွှင်သော စိတ်ရှိသည်ဖြစ်၍ “ဤညွန့်ပျောင်း၌ ဘုရားမျိုးကို စိုက်ပျိုးအံ့၊ ဘုရားဖြစ်သောအခါသည် မလွန်စေသတည်း”ဟု ကြံပြီး၍ “အို-လူအများတို့၊ ဘုရားကြွတော်မူရာ ခရီးကို အကယ်၍ သုတ်သင်ကုန်အံ့၊ ငါ့အား တစ်ဖို့ပေးပါ၊ ငါလည်း ခရီးကို သုတ်သင်ပါအံ့”ဟူ၍ တောင်း၏။ ထိုအခါ သုမေဓာရှင်ရသေ့အား ခရီးတစ်ဖို့ကို ပေးလေကုန်၏။ ရှင်ရသေ့လည်း “ဘုရား, ဘုရား”ဟု ကြံလျက် သုတ်သင်၏။

သုမေဓာရှင်ရသေ့၏ ဖို့တာခရီး မပြီးမီလျှင် ဒီပင်္ကရာမြတ်စွာဘုရားသည် လေးသိန်း အရေအတွက်ရှိသော တပည့်သံဃာ ရဟန္တာအပေါင်းနှင့် ထိုခရီးသို့ ကြွတော်မူလတ်၏။ ခရီးဦးကြိုဆိုကုန်သော နတ်, လူအပေါင်းတို့သည် ဝမ်းမြောက်ဝမ်းသာ ခရာ,စည်ကြီးတို့ကို တီးကုန်၏။ ကောင်းချီးပေးသော အခြင်းအရာကို ဖြစ်စေကုန်၏။ နတ်တို့သည် လူတို့ကို မြင်ကုန်၏။ လူတို့သည် နတ်တို့ကို မြင်ကုန်၏။ နတ်, လူ ၂-ပါးတို့သည် လက်အုပ်ချီကာ မြတ်စွာဘုရားသို့ လိုက်ကုန်၏။ နတ်, လူ ၂-ပါးတို့သည် မိမိတို့၏ စည်မျိုး ၅-ပါးတို့ကို တီးကုန်လျက် မြတ်စွာဘုရားသို့ လိုက်ကုန်၏။ ကောင်းကင်ဖြင့် လာကုန်သော နတ်တို့သည် နတ်ပြည်၌ဖြစ်သော ထင်ရှားပန်း, ပဒုမာပန်း, ပင်လယ်ကသစ်ပန်းတို့ကို အရပ်တစ်ပါးမှသည် အရပ်တစ်ပါးသို့ ကြဲကုန်၏။ ကောင်းကင်ဖြင့် လာကုန်သော နတ်တို့သည် စန္ဒကူးမှုန့်ကိုဎင်း အလုံးစုံသော မြတ်သော အခိုးအထုံနံ့သာကိုဎင်း အရပ်တစ်ပါးမှ အရပ်တစ်ပါးသို့ ကြဲကုန်၏။ မြေ၌ သွားကုန်သော လူတို့သည် စကားပန်းကိုဎင်း ထင်းရှူးပန်းကိုဎင်း တမာပန်း, ပုန်းညက်ပန်း, ကံ့ကော်ပန်း, ဆတ်သွားပန်းတို့ကိုဎင်း အရပ်တစ်ပါးမှ အရပ်တစ်ပါးသို့ ကြဲကုန်၏။

## မိမိကိုယ်ကို တံတားခင်း၍ ဗျာဒိတ်ခံခြင်း

ထိုအခါ၌ သုမေဓာရှင်ရသေ့သည် ဆံကိုဖြေ၍ လျှော်တေကိုဎင်း, ခြုံနှင့်တကွ သစ်နက်ရေကိုဎင်း ညွန်၌ဖြန့်၍ မှောက်လျက်အိပ်၏။ “အရှင်ဘုရားသည် တပည့်နောက်ပါ ရဟန္တာလေးသိန်းတို့နှင့်တကွ အကျွန်ုပ်ကျောက်ကို နင်း၍ ကြွတော်မူပါ၊ ညွန်ပျောင်းကို

နင်းတော်မမူပါလင့်၊ အကျွန်ုပ်ကိုနင်း၍ ကြွတော်မူခြင်းသည် အကျွန်ုပ်အား စီးပွါးအလို့ငှါ ဖြစ်ပါလတ္တံ့” ဟူ၍ လျှောက်၏။

မြေ၌ဝပ်သော သုမေဓာရှင်ရသေ့အား ဤသို့စိတ်၌ အကြံဖြစ်၏။

၁။ “ ငါသည် ယခု ဤမြတ်စွာဘုရား ခြေတော်ရင်း၌ ကိလေသာကိုသာ သတ်ခြင်းငှါ အလိုရှိအံ့၊ သတ်နိုင်ရာ၏။

၂။ ဤသို့ ဒီပင်္ကရာမြတ်စွာဘုရားအထံ၌ မထင်ရှားသော အသွင်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသဖြင့် ငါ့အား အဘယ်အကျိုးရှိပါအံ့နည်း၊ သဗ္ဗညုအဖြစ်သို့ ရောက်၍ နတ်နှင့်တကွသောလူ၌ ဘုရားဖြစ်ရလို၏။

၃။ ငါသည် အား-လုံ့လ အမြင်ရှိသော ယောကျ်ားဖြစ်လျက် တစ်ယောက်တည်း ကူးသဖြင့် ငါ့အား အဘယ်အကျိုးရှိအံ့နည်း၊ သဗ္ဗညုအဖြစ်သို့ရောက်၍ နတ်နှင့် တကွသော လူကို သံသရာမှ ထုတ်ဆယ်ကယ်တင်ရလို၏။

၄။ ယောကျ်ားမြတ်ဖြစ်သော ငါသည် ဤမြတ်စွာဘုရား ခြေတော်ရင်း၌ ပြုအပ်သော အသက်ကိုစွန့်၍ နင်းသွားစရာ တံတားခင်းရသော ကောင်းမှုကြောင့် သဗ္ဗညုအဖြစ်သို့ ရောက်၍ များစွာသော လူအပေါင်းကို ကယ်ချွတ်ရလို၏။

၅။ သံသရာအလျဉ်ကိုဖြတ်၍ ဘဝ ၃-ပါးကို ဖြတ်၍ မဂ္ဂင် ၈-ပါး တရားသင်္ဘော လှေသို့တက်၍ နတ်နှင့်တကွသော လူကို နိဗ္ဗာန်ကူးတို့ ပို့ရလို၏”။

ဤသို့ကြံ၍ “ အကျွန်ုပ်အား နင်းသွားတော်မူပါ၊ နင်းသွားတော်မူပါ” ဟုလျှောက်၏။ ဒီပင်္ကရာမြတ်စွာဘုရားလည်း ဦးခေါင်းရင်း၌ရပ်၍ “ဤသုမေဓာကား အဘယ်ဆုကို တောင်းသနည်း” ဟု ဉာဏ်တော်ဖြင့်ရှုသော် ဘုရားဆုကို တောင်းသည်-ဟု မြင်တော်မူ၍ “ရှေးဘုရားတို့၌လည်း ပါရမီကို ဖြည့်ဖူးလေပြီလော”ဟု ဉာဏ်တော်ဖြင့်ရှုသော် ၇-သင်္ချေတွင်း၌ ဖြစ်ကုန်သော တစ်သိန်း, နှစ်သောင်း, ငါးထောင်ကုန်သော ဘုရားတို့၏ အထံ၌ရင်း, ၉-သင်္ချေတွင်း၌ ဖြစ်ကုန်သော သုံးသိန်း, ရှစ်သောင်း, ခုနစ်ထောင်ကုန်သော ဘုရားတို့၏ အထံ၌ရင်း ပါရမီဖြည့်လေပြီ၊ အင်္ဂါ ၈-ပါးမစုံ၍ နိယတဗျာဒိတ်ကိုသာ မရပလေသေးသည်”ဟု မြင်တော်မူပြီးမှ နောက်ကို ရှုပြန်သော် ဤကမ္ဘာမှ ၄-သင်္ချေနှင့် ကမ္ဘာတစ်သိန်းအထက်၌ ဘဒ္ဒကပ်ကမ္ဘာတွင် ဘုရား ၃-ဆူတို့နောက် ဘုရားဖြစ်လတ္တံ့-ဟု အလုံးစုံကို မြင်တော်မူ၍ ယခု သုမေဓာ ဗျာဒိတ်ရကြောင်း အင်္ဂါ ၈-ပါးစုံလေပြီ၊ သုမေဓာအား ဗျာဒိတ်ကြားအံ့-ဟု ကြံတော်မူ၍ ဤသို့ ဗျာဒိတ်စကားကို ကြားတော်မူ၏။

၁။ "ချစ်သားရဟန်းတို့၊ ဆံကျစ်ထုံးသော ခြိုးခြံသော အကျင့်ရှိသော ဤရှင်ရသေ့ကို ရှုကြပါကုန်လော့၊ ဤကမ္ဘာမှ ၄-သင်္ချေနှင့် ကမ္ဘာတစ်သိန်းအထက်၌ ဤသုမေဓာ ရသေ့သည် လောက ၃-ပါး၌ ဘုရားစင်စစ်ဖြစ်လတ္တံ့။

၂။ မွေ့လျော်ဖွယ်ရှိသော ကပိလဝတ်ပြည်မှ တောထွက်၍ အနေဘမာမြစ်နား၌ ယင်္ဂကာရပြဟ္မာလျှသော ကြာသက်န်းဖြင့် ၆-နှစ်ပတ်လုံး ဒုက္ကရစရိယာကျင့်ပြီး၍ အဇပါလ ညောင်ပင်ရင်း၌ သေနနိဂုံး၌ သေနသူဌေးသမီး သုဇာတာလှူသော နို့ယနာကိုခံ၍ နေရဥ္စရာမြစ်နား၌ ထိုဘုရားသည် ဘုဉ်းပေးလတ္တံ့။

၃။ ညချမ်းသောအခါ၌ နတ်တို့ စီရင်အပ်သော ခရီးဖြင့် ဗောဓိပင်သို့ ကပ်လတ္တံ့၊ ဗောဓိပင်ကို လက်ျာရစ်လှည့်၍ ညောင်ဗုဒ္ဓဟေပင်ရင်း၌ ဤဘုရားသည် သစ္စာ ၄-ပါးတရားကို သိလတ္တံ့။

၄။ ဤဘုရားကို ဖြစ်စေတတ်သော အမိကား-မာယာ၊ အဘကား-သုဒ္ဓေါဒန၊ ကြင်ဘက်တော်ကား-ယသောဓရာ၊ သားကား-ရာဟုလာ၊ ဤရသေ့သည် ဂေါတမ ဟူသော အမည်ဖြင့် ထင်ရှားစွာ ဘုရားဖြစ်လတ္တံ့။

၅။ ကင်းပြီးသော ရာဂရှိသော ငြိမ်သက်တည်ကြည်သော စိတ်ရှိသော ဥပတိဿ ကား-လက်ျာရံ, ကောလိတကား-လက်ဝဲရံ ဖြစ်လတ္တံ့၊ အာနန္ဒာကား-အလုပ် အကျွေး ဖြစ်လတ္တံ့၊ ခေမာ, ဥပ္ပလဝဏ်တို့ကား-လက်ျာရံ, လက်ဝဲရံ တပည့် ရဟန္တာမ ဖြစ်ကြကုန်လတ္တံ့။

၆။ ဤဘုရား၏ ပွင့်ရာဗောဓိကား-ညောင်ဗုဒ္ဓဟေဖြစ်လတ္တံ့"။ဤသို့ ဒီပင်္ကရာ မြတ်စွာဘုရား ဗျာဒိတ်ကြားတော်မူ၏။

## သုမေဓာရသေ့အား ချီးကျူးပူဇော်ကြခြင်း

ထိုမြတ်စွာဘုရား၏ စကားကို ကြားကြကုန်၍ နတ်, လူတို့သည် ဝမ်းမြောက် ဝမ်းသာ ဖြစ်ကုန်၍ သုမေဓာရှင်ရသေ့သည် 'ဘုရား'ဟူသော မျိုးစေ့၏ အညွန့်တည်း-ဟု ဟစ်ကြွေး ကြော်ငြာကြကုန်၏။ လက်ပန်းပေါက် ခတ်ကြကုန်၏။ ရယ်ကြကုန်၏။ တစ်သောင်းသော စကြဝဠာ၌ နေကြကုန်သော နတ်, လူတို့သည် လက်အုပ်ချီလျက် ရှိခိုး ကြကုန်၏၊

"ဒီပင်္ကရာဘုရားသာသနာ၌ မင်္ဂ, ဖိုလ်မရ၊ ချွတ်ယွင်းကုန်အံ့၊ နောင်အခါ၌ ဤအလောင်းတော်ဖြစ်သော ဘုရားကို မျက်မှောက်ပြုရလိုကုန်၏။ တန္တုကား မြစ်ကို ကူးကုန်သော လူတို့သည် ရည်မှတ်ရာ အညာဆိပ်မှ ချွတ်ယွင်းကုန်အံ့၊ အောက်ဆိပ်ကိုယူ၍ မြစ်ကို ကူးကုန်၏။ ထို့အတူ အလုံးစုံသော ငါတို့သည် ဤဒီပင်္ကရာဘုရားမှ လွတ်ကုန်အံ့၊ နောင်အခါ၌ ဤသုမေဓာ ဖြစ်တော်မူသော ဂေါတမဘုရားကို မျက်မှောက်ပြုရပါလိုကုန်၏" ဟု ဆုတောင်းကြကုန်၏။

လောက ၃-ပါးကို အကြွင်းမရှိ သိတော်မူသော ဒီပင်္ကရာမြတ်စွာဘုရားလည်း ဤမျှသော ဗျာဒိတ်စကားကို ကြားတော်မူ၍ လက်ျာခြေတော်ကို ချီတော်မူလေ၏။ ထိုရော အခါ နောက်တော်၌ ပါကုန်သော သံဃာတော် အပေါင်းတို့သည် သုမေဓာရသေ့ကို လက်ျာ ရစ်လှည့်၍ သွားလေကုန်၏။ လူ, နဂါး, ဂန္ဓဗ္ဗနတ်တို့သည် ရှိခိုး၍ ဖဲကြလေကုန်၏။ သံဃာ တော်နှင့်တကွဖြစ်သော ဒီပင်္ကရာဘုရားသည် သုမေဓာရှင်ရသေ့၏ မျက်စိအမြင်ကို လွန်လေသည်ရှိသော် နှစ်လိုဝမ်းသာ သုမေဓာသည် နေရာမှ ထ၏။ ထိုအခါ ချမ်းသာခြင်း, ဝမ်းမြောက်ခြင်းဖြင့် နှစ်သက်ခြင်းနှံ့သော ကိုယ်ရှိသည်ဖြစ်၍ ထက်ဝယ်ဖွဲ့ခွေနေတော်မူ၍ ဤသို့ ကြံ၏၊ "ငါသည် ဈာန်သမာပတ်၌ အလေ့အလာဖြစ်ပြီ၊ အဘိညာဉ် ၅-ပါးတို့၌ အပြီးရောက်ပြီ၊ တစ်သောင်းသော လောကဓာတ်၌ ငါနှင့်တူသော ရသေ့မည်သည် မရှိ၊ တန်ခိုးကျေးဇူးတို့၌ အတုမရှိသည်ဖြစ်၍ ဤသို့သော ချမ်းသာကို ရပြီ" ဟုကြံ၏။

✪✪✪✪✪✪✪✪✪✪✪

## ၃။ ဘုရားဖြစ်အံ့သော တိတ်နိမိတ်များ

ထိုသုမေဓာရှင်ရသေ့ ထက်ဝယ်ဖွဲ့ခွေနေရာ၌ တစ်သောင်းသော စကြဝဠာ၌ နေကုန်သော နတ်, လူတို့သည် သည်းစွာသော အသံကို ဖြစ်စေကုန်၏။ ဤသုမေဓာရှင်ရသေ့ သည် မချွတ်လျှင် ဘုရားဖြစ်လတ္တံ့။

၁။ ရှေးဘုရားလောင်းတို့၏ ဗျာဒိတ်ရစ ထက်ဝယ်ဖွဲ့ခွေနေသော အခါ၌ အကြင် နိမိတ်တို့သည် ထင်ကုန်မြဲ၊ ထိုနိမိတ်တို့သည် ယခုထင်ကုန်ပြီ၊ အချမ်းကင်းခြင်း, အပူငြိမ်းခြင်း နိမိတ်တို့သည် ယခုထင်ကုန်၏။ မချွတ်လျှင် ဘုရားဖြစ်လတ္တံ့။

၂။ တစ်သောင်းသော လောကဓာတ်သည် အသံမရှိကုန်သည်ဖြစ်၍ နှောင့်ယှက်ခြင်း မရှိကုန်သည် ဖြစ်ကုန်၏။ ထိုနိမိတ်တို့သည် ယခုထင်ကုန်၏။ မချွတ်လျှင် ဘုရား ဖြစ်လတ္တံ့။

၃။ ပြင်းစွာသော လေတို့သည် မလာကုန်၊ မြစ်ရေတို့သည် မစီးကုန်၊ ဤနိမိတ်တို့သည် ယခုထင်ကုန်၏။ မချွတ်လျှင် ဘုရားဖြစ်လတ္တံ့။

၄။ ထိုရှေးဘုရားလောင်းတို့ ဗျာဒိတ်ရစ ထက်ဝယ်ဖွဲ့ခွေနေသောအခါ၌ ကြည်း၌ရင်း၊ ရေ၌ရင်း ဖြစ်ကုန်သော ပန်းတို့သည် ပွင့်ကုန်၏။ အလုံးစုံသော ထိုပန်းတို့သည် ပွင့်ကုန်ပြီ။ မချွတ်လျှင် ဘုရားဖြစ်လတ္တံ့။

၅။ ထိုအခါ၌ နွယ်တို့သည်ရင်း၊ သစ်ပင်တို့သည်ရင်း အသီးကို ဆောင်ကုန်၏။ ထိုအလုံးစုံ နွယ်သစ်ပင်တို့သည် သီးကုန်ပြီ၊ မချွတ်လျှင် ဘုရားဖြစ်လတ္တံ့။

၆။ ထိုရှေးသောအခါ၌ ကောင်းကင်ပြင်၌ရင်း၊ မြေ၌ရင်း တည်ကုန်သော ရတနာတို့သည် ထွန်းပကုန်၏။ ထိုအလုံးစုံသော ရတနာတို့သည် ယခုထွန်းပကုန်၏။ မချွတ်လျှင် ဘုရားဖြစ်လတ္တံ့။

၇။ ထိုရှေးသောအခါ၌ နတ်၌ရင်း၊ လူ၌ရင်း ဖြစ်ကုန်သော စည် ၅-ပါးတို့သည် အလိုလို မြည်ကုန်၏။ ယခုအခါ ထို ၅-ပါးကုန်သော စည်တို့သည် အလိုလို မြည်ကုန်ပြီ၊ မချွတ်လျှင် ဘုရားဖြစ်လတ္တံ့။

၈။ ထိုရှေးသောအခါ၌ အထူးသဖြင့် ဆန်းကြယ်သော ပန်းမိုးတို့သည် ကောင်းကင်မှ ရွာကုန်၏။ ထိုပန်းမိုးတို့သည် ယခုရွာကုန်၏၊ မချွတ်လျှင် ဘုရားဖြစ်လတ္တံ့။

၉။ မဟာသမုဒ္ဒရာသည် အောက်သို့ မစီးဘဲ လည်၏။ တစ်သောင်းသော စကြဝဠာသည် တုန်လှုပ်၏။ ထို ၂-ပါးတို့သည် ယခုပြင်းစွာ မြည်ကုန်၏။ မချွတ်လျှင် ဘုရားဖြစ်လတ္တံ့။

၁၀။ ထို ရှေးဘုရားလောင်းတို့ ဗျာဒိတ်ရစ ထက်ဝယ်ဖွဲ့ခွေနေသော အခါ၌ ယူဇနာ တစ်သောင်းရှိသော အဝီစိငရဲ၌ မီးတို့သည် ငြိမ်းကုန်၏။ ထိုမီးတို့သည် ယခု ငြိမ်းကုန်၏။ မချွတ်လျှင် ဘုရားဖြစ်လတ္တံ့။

၁၁။ နေသည် အညစ်အကြေးကင်း၏။ အလုံးစုံသော ကြယ်တို့သည် ထင်ကုန်၏။ ယခု ထိုကြယ်တို့သည် ထင်ကုန်၏။ မချွတ်လျှင် ဘုရားဖြစ်လတ္တံ့။

၁၂။ ထိုရှေးသောအခါ၌ မိုးမရွာဘဲ ရေတို့သည် မြေ၌ ပေါ်ထွက်ကုန်၏။ ထိုရေတို့သည် ယခုမြေ၌ ပေါ်ထွက်ကုန်၏။ မချွတ်လျှင် ဘုရားဖြစ်လတ္တံ့။

၁၃။ ကြယ်အပေါင်းတို့သည် အထူးသဖြင့် ထွန်းကုန်၏။ လမင်းသည် ဝိသာခါနှင့် ယှဉ်၏။ နက္ခတ်တို့သည် ထွန်းပကုန်၏။ မချွတ်လျှင် ဘုရားဖြစ်လတ္တံ့။

၁၄။ တွင်း၌နေသော သတ္တဝါ, ချောက်၌နေသော သတ္တဝါတို့သည် မိမိနေရာမှ ထွက်ကုန်၏။ ယခု ထိုသတ္တဝါတို့သည် နေရာမှ ထွက်ကုန်ပြီ၊ မချွတ်လျှင် ဘုရားဖြစ်လတ္တံ့။

၁၅။ ထိုရှေးသောအခါ၌ သတ္တဝါတို့အား မွေ့လျော်ခြင်းဖြင့် ရောင့်ရဲကုန်၏၊ ယခု ထိုသတ္တဝါတို့အား မွေ့လျော်ခြင်းဖြင့် ရောင့်ရဲကုန်၏။ မချွတ်လျှင် ဘုရားဖြစ်လတ္တံ့။

၁၆။ ထိုရှေးသောအခါ၌ အနာတို့သည် ငြိမ်းကုန်၏။ ငတ်မွတ်ခြင်းသည် ပျောက်၏။ ထို ၂-ပါးတို့သည် ယခုထင်ကုန်၏။ မချွတ်လျှင် ဘုရားဖြစ်လတ္တံ့။

၁၇။ ရာဂသည် ခေါင်းပါး၏။ ဒေါသ, မောဟသည် ပျောက်၏။ ထိုအလုံးစုံတို့သည် ယခုကင်းကုန်ပြီ၊ မချွတ်လျှင် ဘုရားဖြစ်လတ္တံ့။

၁၈။ ထိုရှေးသောအခါ၌ ဘေးသည် မဖြစ်၊ ထိုဘေးမဖြစ်ခြင်းသည် ယခုထင်၏။ မချွတ်လျှင် ဘုရားဖြစ်လတ္တံ့။

၁၉။ ထိုအကြောင်းဖြင့် ငါတို့သိကုန်၏။ မြူသည် အထက်သို့ မတက်၊ ယခု ထိုမြူ မတက်ခြင်းသည် ထင်၏။ ထိုအကြောင်းဖြင့် ငါတို့သိကုန်၏။ မချွတ်လျှင် ဘုရားဖြစ်လတ္တံ့။

၂၀။ မကောင်းသော အနံ့သည် ဖဲ၏၊ နတ်၌ဖြစ်သော အနံ့သည် မွှေးကြိုင်လှိုင်၏။ ထိုနတ်၌ဖြစ်သော အနံ့သည် ယခုလှိုင်၏။ မချွတ်လျှင် ဘုရားဖြစ်လတ္တံ့။

၂၁။ အရူပပြဟ္မာတို့ကိုထား၍ ခပ်သိမ်းသော နတ်, ပြဟ္မာတို့သည် ထင်ကုန်၏။ ယခုအလုံးစုံသော ထိုနတ်ပြဟ္မာတို့သည် ထင်ကုန်၏။ မချွတ်လျှင် ဘုရားဖြစ်လတ္တံ့။

၂၂။ အကြင်မျှလောက်သော ငရဲတို့သည် ရှိကုန်၏။ အလုံးစုံသော ငရဲတို့သည် ထိုရှေးသောအခါ၌ ထင်ကုန်၏။ ထိုအလုံးစုံသော ငရဲတို့သည် ယခုထင်ကုန်၏။ မချွတ်လျှင် ဘုရားဖြစ်လတ္တံ့။

၂၃။ ထိုရှေးသောအခါ၌ နံရံ, တံခါးရွက်, တောင်တို့သည် မပိတ်ပင်ကုန်၊ ယခု ထိုအလုံးစုံတို့သည် ဟင်းလင်းဖြစ်ကုန်ပြီ၊ မချွတ်လျှင် ဘုရားဖြစ်လတ္တံ့။

၂၄။ ထိုရှေးဘုရားလောင်းတို့ ဗျာဒိတ်ရစ ထက်ဝယ်ဖွဲ့ခွေနေသောအခါ စုတေခြင်းသည်၎င်း, ပဋိသန္ဓေနေခြင်းသည်၎င်း မရှိ၊ ထိုစုတေခြင်း, ပဋိသန္ဓေနေခြင်းတို့သည် ယခုမထင်ကုန်၊ သုမေဓာရှင်ရသေ့သည် မချွတ်လျှင် ဘုရားဖြစ်လတ္တံ့။

" ရှင်ရသေ့ လှံ့လကို မြဲစွာ ချီးမြှောက်ပါ၊ နောက်သို့ မဆုတ်ပါလင့်၊ ရှေ့သို့သာ တက်ပါ၊ ထိုအလုံးစုံသော တိတ်နိမိတ်တို့ကို အကျွန်ုပ်တို့သည် သိပါကုန်၏။ ရှင်ရသေ့သည် မချွတ်လျှင် ဘုရားဖြစ်တော်မူပါလတ္တံ့"၊ ဤသို့ နတ်, လူတို့သည် ပြင်းစွာ ဟစ်ကုန်၏။

✪✪✪✪✪✪✪✪✪✪

## ၄။ ပါရမီ ၁၀-ပါးကို ဆင်ခြင်သုံးသပ်တော်မူခြင်း

### ၁-ဒါနပါရမီ

ထိုအခါ၌ သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာဘုရား၏ ဗျာဒိတ်စကားကိုရင်း, လူ, နတ်တို့၏ နိမိတ်တဘောင် ဖတ်သော အသံကိုရင်း ကြား၍ ဝမ်းမြောက်ဝမ်းသာ နှစ်လိုရွှင်ပျ သော စိတ်ရှိသည်ဖြစ်၍ ဤသို့ကြံ၏။

"ဘုရားရှင်တို့သည် ၂-ခွန်းသော စကားကို မဆိုကုန်၊ အချည်းနှီးသော စကားကို မဆိုကုန်။ မြတ်စွာဘုရားတို့၏ စကားတော်သည် ချွတ်ယွင်းသော မည်သည်မရှိ၊ ငါသည်ကား မချွတ်လျှင် ဘုရားဖြစ်လတ္တံ့၊ အတန်ကြား ကောင်းကင်သို့ ပစ်အပ်သော အုတ်ခဲသည် မြေသို့ အကျမြဲသကဲ့သို့ ထို့အတူ ဘုရားမြတ်တို့၏ စကားတော်သည် မချွတ်မြဲ၏။

ဥပမာ တစ်နည်းတုံ ခပ်သိမ်းသော သတ္တဝါတို့အား သေခြင်းမြဲသကဲ့သို့ ထို့အတူ ဘုရားမြတ်တို့၏ စကားသည် မချွတ်မြဲ၏။

တနည်းတုံ-ညဉ့်၏ ကုန်ခြင်းသို့ရောက်သော် နေ၏တက်ခြင်းမြဲသကဲ့သို့ ထို့အတူ ဘုရားတို့၏ စကားသည် မချွတ်မြဲ၏။

တနည်းတုံ-အိပ်ရာမှထွက်သော ခြင်္သေ့၏ ဟောက်ခြင်းမြဲသကဲ့သို့ ထို့အတူ ဘုရားမြတ်တို့၏ စကားသည် မချွတ်မြဲ၏၊

ဥပမာတနည်းတုံ- ကိုယ်ဝန်ဆောင်သော သတ္တဝါတို့အား ကိုယ်ဝန်ချခြင်း မြဲသကဲ့သို့ ထို့အတူ ဘုရားမြတ်တို့၏ စကားတော်သည် မချွတ်မြဲ၏။ ငါသည် မချွတ်အမြဲလျှင် ဘုရားဖြစ်လတ္တံ့။

ထိုသို့ မှန်သော်လည်း လွန်လေပြီးသော ရှေးဘုရားတို့သည် အကြောင်းမရှိသဖြင့် ဘုရားအဖြစ်သို့ မရောက်လေကုန်၊ ဘုရားအဖြစ်ကို ပြုတတ်ကုန်သောကြောင့်သာလျှင်

ဘုရားအဖြစ်သို့ ရောက်ကုန်ပြီ၊ နောင်လာလတ္တံ့သော ဘုရားတို့သည်လည်း အကြောင်းမရှိဘဲ ဘုရားအဖြစ်သို့ မရောက်နိုင်၊ ဘုရားအဖြစ်ကို ပြုတတ်ကုန်သော အကြောင်းတို့သာလျှင် ဘုရားအဖြစ်သို့ ရောက်စေကုန်လတ္တံ့၊ ထို့ကြောင့် ငါသည် ဘုရားအဖြစ်ကို ပြုတတ်ကုန်သော အကြောင်းတရားတို့ကို စူးစမ်းရှာဖွေဦးအံ့"ဟု ကြံပြီး၍ ဤအရပ်မှ ထိုအရပ်မှ အထက်သို့, အောက်သို့ အကြင်မျှလောက် ဓမ္မဝတ်၌ စူးစမ်းရှာဖွေသော် ၁၀-ပါးသော ပါရမီတို့တွင် ရှေးဘုရားတို့သည် အလေ့အကျက်ပြုအပ်သော ခရီးမသဖွယ် ဖြစ်သော **ဒါနပါရမီကို** ရှေးဦးစွာ သုမေဓာရှင်ရသေ့ မြင်လေ၏။

ဤသို့ မြင်ပြီး၍ ကိုယ်ကို ဆုံးမ၏၊ " သုမေဓာ၊ အကယ်၍ သင်သည် ဘုရားအဖြစ်သို့ ရောက်လိုမူ ရှေးဦးစွာ ဤဒါနပါရမီကို မြဲစွာပြု၍ ဆောက်တည်လော့၊ ဒါနပါရမီကို ဖြည့်သော အဖြစ်သို့ ရောက်စေလော့၊ ဥပမာကား အကြင်အမှတ်မဲ့သော သူ၏အောက်သို့ မျက်နှာပြု၍ ထားရသော ရေပြည့်သော ဖျဉ်းသည် အကြွင်းမဲ့ ရေကိုအန်သကဲ့သို့ ထိုဖျဉ်း၌ အစောင့်မရှိသကဲ့သို့ ထို့အတူ သင်သည်လည်း ဖုန်းတောင်းယာစကာတို့ကိုမြင်၍ အယုတ်, အလတ်, အမြတ်မရွေး အောက်သို့မျက်နှာထားသော ဖျဉ်းသည် အကြင်အကြွင်းမဲ့ အန်သကဲ့သို့ အကြွင်းမဲ့ အလှူကို ပေးလော့" ဟူ၍ ဆုံးမ၏။

## ၂-သီလပါရမီ

"ဘုရားအဖြစ်သို့ ရောက်ကြောင်းဖြစ်သော တရားတို့သည် ဤမျှသာ မဖြစ်ကုန်လတ္တံ့၊ ဤဒါနပါရမီမှ တပါး ဖြစ်ကုန်သော အကျင့်တရားတို့သည် သဗ္ဗညုတဉာဏ်ကို ရင့်စေတတ်ကုန်၏။ ထိုတရားတို့ကို စူးစမ်းရှာဖွေဦးအံ့" ဟူ၍ စူးစမ်းရှာဖွေသော် ရှေးဘုရားတို့သည် အမြဲမှီဝဲအပ်သော ၂-ခုမြောက်သော **သီလပါရမီကို**မြင်၍ "သင်သုမေဓာသည် အကယ်၍ ဘုရားအဖြစ်သို့ ရောက်လိုအံ့။ ဤသီလပါရမီကို မြဲစွာပြု၍ ဆောက်တည်လော့၊ သီလပါရီကို ဖြည့်လော့၊

ဥပမာကား စာမရီမည်သော သားသည် တစ်စုံတစ်ခု၌ ငြိသော မိမိ၏အမြီးကို မပျက်စေမူ၍ ထိုငြိရာ၌ သေခြင်းသို့ ကပ်သကဲ့သို့ ထို့အတူ ဘုံ ၃-ပါးတို့၌ သီလကို ဖြည့်သောသူသည် စာမရီသား အမြီးကို စောင့်သကဲ့သို့ အခါခပ်သိမ်း သီလကို စောင့်လော့"

## ၃-နေက္ခမ္မပါရမီ

" ဗုဒ္ဓဝံမှသည် ဤမျှသာ မဟုတ်လတ္တံ့သေး၊ ဤမှတပါး ဘုရားဉာဏ်ကို ရင့်စေတတ်သော တရားကို စူးစမ်းဦးအံ့" ဟု စူးစမ်းသော် ရှေးဘုရားတို့ မှီဝဲအပ်သော ၃-ခုမြောက်သော နေက္ခမ္မပါရမီကို မြင်၍ "သင်သုမေဓာသည် အကယ်၍ ဘုရားဖြစ်လိုအံ့၊ ဤ ၃-ခုမြောက်သော နေက္ခမ္မပါရမီကို မြဲစွာဆောက်တည်လော့၊

ဥပမာကား နှောင်အိမ်၌ ရှည်မြင့်စွာ နေရသော ဆင်းရဲဖြင့် နှိပ်စက်သော ယောကျာ်းသည် ထိုနှောင်အိမ်၌ တပ်ခြင်းကို မဖြစ်စေဘဲ လွတ်ကြောင်းကိုသာ ရှာသကဲ့သို့ ထို့အတူ သင်သည်လည်း ဘဝ ၃-ပါးတို့ကို နှောင်အိမ်ကဲ့သို့ မှတ်၍ ဘဝမှ လွတ်ခြင်းငှါ တောထွက်ခြင်းကို ရှေးရှုလော့"။

## ၄-ပညာပါရမီ

" ဗုဒ္ဓဝံမှသည် ဤမျှသာ မဟုတ်တန်သေး၊ ဤမှတပါး ဆင်ခြင်စူးစမ်းအံ့" ဟု စူးစမ်းဆင်ခြင်သော် ရှေးဘုရားတို့ မှီဝဲအပ်သော ၄-ကြိမ်မြောက်သော ပညာပါရမီကို မြင်၍ "သင်ရသေ့သည် အကယ်၍ ဘုရားဖြစ်လိုအံ့၊ ဤ ၄-ကြိမ်မြောက်ဖြစ်သော ပညာပါရမီကို မြဲစွာဆောက်တည်လော့၊ ပညာပါရမီကိုဖြည့်သော အဖြစ်သို့ရောက်လော့၊

ဥပမာကား အယုတ်၊ အလတ်၊ အမြတ်ဖြစ်သော အမျိုးတို့ကို မကြည့်မူ၍ ဆွမ်းခံသွားသော ရဟန်းသည် မျှလောက်ရုံဖြစ်သောဆွမ်းကို ရသကဲ့သို့ ထို့အတူ သင်သုမေဓာသည် အခါခပ်သိမ်း များစွာသောသူကို မေးမြန်း၍ ပညာပါရမီကိုဖြည့်သော အဖြစ်သို့ ရောက်၍ ဘုရားအဖြစ်သို့ ရောက်လတ္တံ့"။

## ၅-ဝီရိယပါရမီ

"ဗုဒ္ဓဝံမှတို့သည် ဤမျှသာ မဟုတ်ကုန်သေး၊ ဤမှတစ်ပါး သဗ္ဗညုတဉာဏ်ကို ရင့်စေတတ်သော တရားတို့ကို စူးစမ်းဦးအံ့" ဟူ၍ စူးစမ်းသော် ရှေးဘုရားတို့သည် အမြဲမှီဝဲအပ်သော ၅-ခုမြောက်ဖြစ်သော ဝီရိယပါရမီကိုမြင်၍ "သင်သုမေဓာသည် အကယ်၍ ဘုရား-အဖြစ်သို့ ရောက်လိုအံ့၊ ဤ ၅-ခုမြောက်သော ဝီရိယပါရမီကို မြဲစွာပြု၍ ဆောက်တည်လော့၊ ဝီရိယပါရမီကို ဖြည့်သောအဖြစ်သို့ ရောက်စေလော့၊

ဥပမာကား သားတို့၏ မင်းဖြစ်သော ကေသရာဇာခြင်္သေ့သည် အခါခပ်သိမ်း ထိုင်ခြင်း, ရပ်ခြင်း, သွားလာခြင်းတို့၌ မတွန့်တိုသော လုံ့လရှိသည်ဖြစ်သကဲ့သို့ ထို့အတူ သင်ရသေ့သည် ခပ်သိမ်းသော ဘဝ၌ မြဲစွာလုံ့လကို ချီးမြှောက်ပါလော့၊ ဝီရိယပါရမီကို ဖြည့်၍ ဘုရားအဖြစ်သို့ ရောက်လတ္တံ့"။

## ၆-ခန္တီပါရမီ

"ဘုရားဖြစ်စေတတ်သော တရားတို့သည် ဤမျှသာ မဖြစ်တန်သေး၊ ဤမှတစ်ပါး ဘုရားဖြစ်စေတတ်သော တရားတို့ကို စူးစမ်းဦးအံ့" ဟု စူးစမ်းသော် ရှေးဘုရားတို့သည် မှီဝဲအပ်သော ၆-ခုမြောက်သော **ခန္တီပါရမီ**ကို မြင်၍ "သင်သုမေဓာသည် ၆-ခုမြောက်သော ဤခန္တီပါရမီကို မြဲစွာဆောက်တည်၍ ထိုသည်းခံခြင်း၌ နှလုံး နှစ်ခွမရှိမူ၍ ဘုရားအဖြစ်သို့ ရောက်လတ္တံ့၊

ဥပမာကား မြေကြီးသည် လူတို့စွန့်အပ်သော ပန်းနံ့သာ စသည်ကိုငှ်း, မစင်တီးပြင် အစရှိသည်ကိုငှ်း အလုံးစုံကို သည်းခံ၏။ ထိုကောင်းသည်, မကောင်းသည်၌ မုန်းခြင်း, ချစ်ခြင်းကို မပြုသကဲ့သို့ ထို့အတူ သင်သုမေဓာသည် ခပ်သိမ်းသော သူတို့အား အမျှစီရင်ခြင်း၌ ခံ့သည်ဖြစ်၍ ခန္တီပါရမီကိုဖြည့်၍ ဘုရားအဖြစ်သို့ ရောက်လတ္တံ့"။

## ၇-သစ္စာပါရမီ

"ဘုရားအဖြစ်ကို ပြုတတ်သော တရားတို့သည် ဤမျှသာ မဟုတ်တန်သေး၊ ဤမှတပါး စူးစမ်းဦးအံ့"ဟူ၍ စူးစမ်းသော် ရှေးဘုရားတို့ မှီဝဲအပ်သော ၇-ခုမြောက်သော **သစ္စာပါရမီ**ကိုမြင်၍ "သင်သုမေဓာသည် ၇-ခုမြောက်သော ဤသစ္စာပါရမီတို့ကို မြဲစွာ ဆောက်တည်လော့၊ ထိုသစ္စာပါရမီ၌ ၂-ခွန်းသော စကားကို မဆိုမူ၍ ဘုရားအဖြစ်သို့ ရောက်လတ္တံ့၊

ဥပမာကား သောက်ရှူးကြယ်သည် နတ်နှင့်ကတွသောလူ၌ ချိန်သဖွယ်ဖြစ်၏။ မိုးဥတု၌ငှ်း, ဆောင်း, နွေဥတု၌ငှ်း သွားမြဲခရီးမှ မလွဲသကဲ့သို့ ထို့အတူ သင်သည် သစ္စာစကားကို ဆိုမြဲစကားမှ မလွဲလင့်၊ သစ္စာပါရမီကိုဖြည့်သော အဖြစ်သို့ရောက်၍ ဘုရားဖြစ်လတ္တံ့"။

## ၈-အဓိဋ္ဌာန်ပါရမီ

"ဗုဒ္ဓဓမ္မတို့သည် ဤမျှသာ မဖြစ်ကုန်သေး၊ ဤမှတပါး ဘုရားဖြစ်စေတတ်သော တရားတို့ကို စူးစမ်းဦးအံ့" ဟု စူးစမ်းသောအခါ၌ ရှေးဘုရားတို့ မှီဝဲအပ်သော ၈-ခုမြောက်သော အဓိဋ္ဌာန်ပါရမီကိုမြင်၍ "သင်သုမေဓာသည် ၈-ခုမြောက်သော ဤ အဓိဋ္ဌာန်ပါရမီကို မြဲစွာ ဆောက်တည်၍ ထိုအဓိဋ္ဌာန်၌ တုန်လှုပ်ခြင်း မရှိသည်ဖြစ်၍ သင်သည် ဘုရားဖြစ်လတ္တံ့၊

ဉပမာကား မတုန်မလှုပ် ကောင်းစွာတည်သော ကျောက်တောင်သည် ပြင်းစွာသော လေမုန်တိုင်းတို့ကြောင့် မတုန်လှုပ်၊ မိမိနေရာ၌ တည်သကဲ့သို့ ထို့အတူ သင်သည် အခါခပ်သိမ်း ဆောက်တည်မြဲ၌ မတုန်မလှုပ်သည် ဖြစ်လော့၊ အဓိဋ္ဌာန်ပါရမီကို ဖြည့်၍ ဘုရားအဖြစ်သို့ ရောက်လတ္တံ့"။

## ၉-မေတ္တာပါရမီ

"ဗုဒ္ဓဓမ္မတို့သည် ဤမျှသာ မဟုတ်တန်သေး၊ ဤမှတစ်ပါး ဘုရားဖြစ်စေတတ်သော တရားတို့ကို စူးစမ်းဦးအံ့"ဟု စူးစမ်းသောအခါ၌ ရှေးဘုရားတို့ မှီဝဲအပ်သော ၉-ခုမြောက်သော မေတ္တာပါရမီကိုမြင်၍ "သင်သုမေဓာသည် ၉-ခုမြောက် ဤမေတ္တာကို မြဲစွာဆောက်တည်၍ မေတ္တာ*(ဘာဝနာအားဖြင့် အခြားသူတို့)*နှင့်မတူသည်ဖြစ်၍ ဘုရားအဖြစ်သို့ ရောက်လတ္တံ့၊

ဉပမာကား ရေသည် သူတော်ကောင်းကိုဂင်း မကောင်းသောသူကိုဂင်း အချမ်းဖြင့် အမျှ နှံ့၏၊ မြူအညစ်အကြေးကို မျှော၏၊ ထို့အတူ သင်သုမေဓာသည် သင့်အား အကျိုးစီးပွါးကို ဆောင်သောသူအားဂင်း မဆောင်သောသူအားဂင်း မေတ္တာချစ်ခြင်း အမျှဖြစ်လော့၊ မေတ္တာပါရမီကို ဖြည့်၍ ဘုရားဖြစ်လတ္တံ့"။

## ၁၀-ဉပေက္ခာပါရမီ

"ဘုရားအဖြစ်ကို ပြုတတ်သော တရားတို့သည် ဤမျှသာလျှင် မဖြစ်ကုန်သေး၊ ဤမေတ္တာမှတပါး အကြင်တရားတို့သည် သဗ္ဗညုတဉာဏ်ကို ရင့်စေတတ်ကုန်၏။

ထိုတရားကို စူးစမ်းဦးအံ့”ဟု စူးစမ်းသော် ထိုအခါ၌ ဘုရားရှင်တို့ အဖန်တလဲလဲ အမြဲမှီဝဲ အပ်သော ၁၀-ခုမြောက်ဖြစ်သော ဥပေက္ခာပါရမီကိုမြင်၍ “သင်သုမေဓာရသေ့သည် ၁၀-ခုမြောက်ဖြစ်သော ဥပေက္ခာပါရမီကို မြဲစွာဆောက်တည်၍ ချိန်သဖွယ်ဖြစ်ခြင်းမြဲသည် ဖြစ်၍ ဘုရားအဖြစ်သို့ ရောက်လတ္တံ့၊

ဥပမာကား မြေကြီးသည် လူတို့စွန့်အပ်သော မစင်တီးပြင်ကိုရင်း, စင်ကြယ်သော ပန်းနံ့သာကိုရင်း လျစ်လျူရှု၏။ အမျက်ထွက်ခြင်းမှ ကင်းသကဲ့သို့ ထို့အတူ သင်သုမေဓာ သည် ဆင်းရဲ, ချမ်းသာတို့၌ ချိန်သဖွယ်ဖြစ်သော လျစ်လျူရှုခြင်း ဥပေက္ခာပါရမီကို ဖြည့်အပ်ပြီးသော အဖြစ်သို့ ရောက်၍ သစ္စာ ၄-ပါးတရားကိုသိသော ဘုရားအဖြစ်သို့ ရောက်လတ္တံ့”။

“သုမေဓာ၊ အကြင်တရားတို့သည် သဗ္ဗညုတဉာဏ်ကို ရင့်စေတတ်ကုန်၏။ ထိုတရားတို့သည် လောက ၃-ပါး၌ ဤမျှသာလျှင် ဖြစ်ကုန်၏။ ထိုပါရမီ ၁၀-ပါးကိုထား၍ အလွန်မရှိပြီ၊ ထိုပါရမီ ၁၀-ပါးတရားတို့၌ သင်သုမေဓာသည် မြဲစွာဆောက်တည်လော့” ဟု မိမိကိုယ်ကို ဆုံးမ၏။

## မြေလျှင်လှုပ်ခြင်း

သဘောလက္ခဏာနှင့်တကွ ဤပါရမီ ၁၀-ပါးတရားတို့ကို သုံးသပ်သောအလောင်း တော် သုမေဓာ၏ တရားတန်ခိုး အာနုဘော်ကြောင့် တစ်သောင်းသော စကြဝဠာ၌ မြေကြီး သည် ပြင်းစွာတုန်လှုပ်၏။ တုန်လှုပ်လျက် ကျည်းညည်း၏။ ကြံညှစ်ယန္တရားကဲ့သို့ရင်း, ဆီညှစ်ယန္တရားစက်ကဲ့သို့(ရင်း) ပြင်းစွာလည်၏။ ဒီပင်္ကရာဘုရားအား ဆွမ်းလုပ်ကျွေးရာ၌ ပရိသတ်အလုံးစုံသည် တုန်လှုပ်သော နှလုံးရှိကုန်လျက် မူးကုန်လျက် ထိုအရပ်၌ မြေ၌ အိပ်ရ၏။ အထောင်မကသော ဖျဉ်းတို့သည်ရင်း, အရာမျှကုန်သော ရေအိုးတုပ်တို့သည်ရင်း ထိုဆွမ်းလုပ်ကျွေးရာ၌ အချင်းချင်း ခတ်မိကုန်လျက် ညက်ညက်ကြေလေကုန်၏။ လူများ အပေါင်းတို့သည် ထိတ်လန့်ကြောက်ကုန်သည်ဖြစ်၍ ကြောင့်ကြသဖြင့် နှိပ်စက်ကုန်သည် ဖြစ်၍ ဒီပင်္ကရာဘုရားသို့ ကပ်လာကုန်၍ “လူအပေါင်းအား ကောင်းကျိုး, မကောင်းကျိုး အဘယ်သို့ ဖြစ်လတ္တံ့နည်း၊ အလုံးစုံသော လူသည် ကြောက်ခြင်းဖြင့် နှိပ်စက်ကုန်၏။ မျက်စိအမြင်ရှိတော်မူသော မြတ်စွာဘုရားသည် ဖျောက်တော်မူပါလော့”ဟု လျှောက်၏။

ထိုအခါ ဒီပင်္ကရာမြတ်စွာဘုရားသည် “အို-လူအများတို့၊ ဤမြေ လှုပ်ရာ၌ မကြောက်ကုန်လင့်၊ ယခုအခါ၌ အကြင်သုမေဓာကို ‘သင်သည် လောက ၃-ပါး၌ ဘုရား

ဖြစ်လတ္တံ့'ဟု ဗျာဒိတ်ကြား၏။ ထိုသုမေဓာသည် ရှေးဘုရားတို့ မှီဝဲအပ်သော တရားကို သုံးသပ်ဆင်ခြင်၍ ဘုရားဖြစ်ကြောင်း ဖြစ်သောတရားကို အကြွင်းမဲ့သုံးသပ်သော ထိုသုမေဓာ၏ တရားတန်ခိုးအာနုဘော်ကြောင့် တစ်သောင်းသော စကြဝဠာ၌ မြေသည် တုန်လှုပ်၏"ဟု ကြားသိစေ၏။ ထိုအခါ၌ မြတ်စွာဘုရား စကားတော်ကိုကြား၍ ကြောက်လန့်ခြင်း ငြိမ်းကုန်ပြီးသော လူအပေါင်းတို့သည် တဖန် သုမေဓာရှင်ရသေ့သို့ ကပ်လာကုန်၍ ရှိခိုးကုန်၏။ ထိုအခါ၌ သုမေဓာရသေ့သည် ဘုရားကျေးဇူးကို ဆောက်တည်၍ နှလုံးမြဲမြံစွာ ပြု၍ ဒီပင်္ကရာမြတ်စွာဘုရားကို ရှိခိုး၍ နေရာမှ ထ၏။

## နတ်, လူတို့ ချီးမွမ်းထောမနာ ပြုကြခြင်း

နေရာမှ ထသော သုမေဓာအား နတ်, လူတို့သည် နတ်၌ဖြစ်သော ပန်း, လူ၌ဖြစ်သော ပန်းတို့ဖြင့် ကြဲကုန်၏။ နတ်, လူတို့သည် ဝမ်းမြောက်ကုန်သည်ဖြစ်၍ "သင်ရသေ့၊ ချမ်းသာခြင်းကို ရစေသတည်း၊ သင်ရသေ့သည် အကြင်ဆုကို အလိုရှိ၏၊ တောင့်တ၏၊ ထိုကြီးစွာသောဆုကို ရစေသတည်း။ သင်ရသေ့အား ခပ်သိမ်းသော ဘေးရန်တို့သည် ကြဉ်ရှောင်စေသတည်း၊ စိုးရိမ်ခြင်းတို့သည်ငြိမ်း, ခပ်သိမ်းသော အနာတို့သည်ငြိမ်း ပျောက်စေကုန်သတည်း၊ ခပ်သိမ်းသော အန္တရာယ်တို့သည် မဖြစ်စေကုန်သတည်း၊ လျင်စွာ မြတ်သော သစ္စာ ၄-ပါးတရားကို ရှင်ရသေ့သည် မြင်သိစေသတည်း။ အတန္တကား-အပွင့်ကို ဆောင်ကုန်သော သစ်ပင်တို့သည် အခါရောက်သော် ပွင့်ကုန်သကဲ့သို့ ထို့အတူ ရှင်ရသေ့သည် ဘုရားဉာဏ်ဖြင့် ပွင့်စေသတည်း၊

ဥပမာကား ခပ်သိမ်းသော ဘုရားတို့သည် ပါရမီ ၁၀-ပါးကို ဖြည့်ကုန်သကဲ့သို့ ထို့အတူ ရှင်ရသေ့သည်လည်း ပါရမီ ၁၀-ပါးတို့ကို ဖြည့်လေလော့၊ ခပ်သိမ်းသော ဘုရားတို့သည် ဗောဓိမဏ္ဍိုင်၌ သစ္စာ ၄-ပါးတရားတို့ကို သိကုန်သကဲ့သို့ ထို့အတူ ရှင်ရသေ့သည် အောင်မြေဗောဓိ၌ သစ္စာ ၄-ပါးတရားတို့ကို သိစေသတည်း။

ခပ်သိမ်းသော ဘုရားတို့သည် ဓမ္မစကြာတရားကို ဟောကုန်သကဲ့သို့ ရှင်ရသေ့သည်လည်း ဓမ္မစကြာတရားကို ဟောစေသတည်း။ လပြည့်နေ့၌ လမင်းသည် စင်ကြယ်သော အရောင်ရှိသည်ဖြစ်၍ တင့်တယ်သကဲ့သို့ ထို့အတူ ရှင်ရသေ့သည် သဗ္ဗညုတဉာဏ်ဖြင့် ပြည့်လျက် တစ်သောင်းသော လောကဓာတ်၌ ထွန်းပတော်မူလော့၊ ရာဟုမှ လွတ်သော နေမင်းသည် အပူဖြင့်လွန်စွာ ထွန်းပသကဲ့သို့ ထို့အတူ ရှင်ရသေ့သည် လောက ၃-ပါးမှ လွတ်၍ ဘုရား၏ အသရေဖြင့် ထွန်းပတော်မူလော့၊ ခပ်သိမ်းသော မြစ်တို့သည် သမုဒ္ဒရာသို့

စီးဝင်လာကုန်သည်၊ ထို့အတူ နတ်နှင့်တကွသော လူတို့သည် ရှင်ရသေ့အထံသို့ စုဝေးလာစေကုန်သတည်း"။

ဤသို့လျှင် နတ်, လူအပေါင်းတို့သည် ချီးမွမ်းထောမနာကြကုန်၏။ ဤသို့ ချီးမွမ်းထောမနာ ပြုအပ်ပြီးသော သုမေဓာရှင်ရသေ့သည် ၁၀-ပါးသော တရားတို့ကို မြဲစွာ ဆောက်တည်၍ ထို ၁၀-ပါးသော တရားတို့ကို ဖြည့်လျက် တောသို့ဝင်လေ၏။

## ဒီပင်္ကရာဘုရား၏ သာသနာထွန်းကားပုံ

ထိုအခါ သံဃာတော်နှင့်တကွ ဒီပင်္ကရာမြတ်စွာဘုရားကို ဆွမ်းလုပ်ကျွေးကုန်ပြီး သော ထိုလူများတို့သည် ဒီပင်္ကရာမြတ်စွာဘုရားအား ကိုးကွယ်ခြင်းသို့ ရောက်ကုန်၏။ ဒီပင်္ကရာမြတ်စွာဘုရားသည်-

- အချို့သော သူကို သရဏဂုံဆောက်တည်စေ၏။
- အချို့သော သူကို ပဉ္စသီ ဆောက်တည်စေ၏။
- အချို့သော သူကို ဒသသီ ဆောက်တည်စေ၏။
- အချို့သောသူအား သာမည ဖိုလ်ကိုပေး၏။
- အချို့အား ပဋိသမ္ဘိဒါ ၄-ပါးကို,
- အချို့အား သမာပတ် ၈-ပါးကို,
- အချို့အား ဝိဇ္ဇာ ၃-ပါးကို ပေးတော်မူ၏။

ထိုသို့သော နည်း,အစဉ်ဖြင့် ဆုံးမတော်မူ၏။ ထို့ကြောင့် သာသနာတော် ပြန့်ပွား၏။ များစွာ သော သူတို့ကို သံသရာဝဋ်မှ ကယ်တော်မူ၏။ ဒုဂ္ဂတိမှ လွတ်စေ၏။ ယူဇနာတစ်သိန်း အထက် ကျွတ်ထိုက်သော ဝေနေယျတို့ကို မြင်တော်မူ၍ ကျွတ်စေ၏။

ပဌမဗောဓိ၌ အကုဋေ ၁၀၀-သော ဝေနေယျတို့ကို ကျွတ်စေ၏၊ ဒုတိယဗောဓိ၌ အကုဋေ ၉၀-တို့ကို ကျွတ်စေ၏၊ တတိယဗောဓိ၌ တာဝတိံသာ၌ တရားဟောတော်မူ၏။ အကုဋေ ကိုးသောင်းကျွတ်၏၊

ပဌမအစည်းအဝေး၌ ရဟန္တာကုဋေ တစ်သိန်းစည်းဝေး၏၊ ဒုတိယအစည်းအဝေး၌ နာရဒတောင်ထွတ်၌ အကုဋေ ၁၀၀-သော ရဟန္တာစည်းဝေးကုန်၏။ တတိယအစည်းအဝေး ၌ကား ကျောက်အတိပြီးသော သုဒဿနတောင်၌ အကုဋေ ကိုးသောင်းသော ရဟန္တာ စည်းဝေးကုန်၏။

ဒီပင်္ကရာမြတ်စွာဘုရား သုဒဿနတောင်ကျောင်း၌ သီတင်းသုံးနေတော်မူသော အခါ သုမေဓာရသေ့ ဗျာဒိတ်ရတော်မူ၏။ ထိုအခါ နှစ်သိန်းသော ဝေနေယျတို့သည် မဂ်, ဖိုလ်ရကြကုန်၏။ ၁-ယောက်, ၂-ယောက်တို့၏ မဂ်, ဖိုလ်ရခြင်းကား မရေတွက်နိုင် ဖြစ်၏။ ထိုအခါ ပြန့်ပြောစည်ပင်သော ဒီပင်္ကရာမြတ်စွာဘုရား သာသနာကို အရှင် သုမေဓာရသေ့သည် အထူးသဖြင့် သုတ်သင်၏။ လေးသိန်းသော **ဆဠဘိညရဟန္တာ** တို့သည် အခါခပ်သိမ်း မြတ်စွာဘုရားကို ခြံရံကုန်၏။ ထိုအခါ၌ အကြင်သူတို့သည် ရဟန္တာမဖြစ်, သေက္ခသာဖြစ်၍ လူ့အဖြစ်ကို မစွန့်ကုန်၊ ထိုသူတို့သည် ကဲ့ရဲ့အပ်သည် ဖြစ်ကုန်၏။

ဒီပင်္ကရာမြတ်စွာဘုရား၏ ပြည်တော်ကား-**ရမ္မဝတီ**၊ ခမည်းတော်ကား-**သုဒေဝ**၊ မယ်တော်ကား-**သုမေဓာ**၊ လက်ျာရံ အဂ္ဂသာဝကကား-**သုမင်္ဂလ**၊ လက်ဝဲရံ အဂ္ဂသာဝက ကား-**တိဿ**၊ အလုပ်အကျွေးကား-**သောဘိတ**၊ **နန္ဒာ**ကား-လက်ျာရံ အဂ္ဂသာဝိကာ၊ **သုနန္ဒာ** ကား-လက်ဝဲရံ အဂ္ဂသာဝိကာ ရဟန္တာမ၊ အလုပ်အကျွေး ဒါယကာတွင် အကြီးကား- **တပုဿနှင့် ဘလ္လိက**၊ ဒါယိကာမတွင် အကြီးကား **သိရိမာနှင့် သေနာ**လျှင် အကြီးတည်း၊ ဗောဓိပင်ကား-**ညောင်ကြတ်**၊ အရပ်တော်ကား-**အတောင်-၈၀**၊ ကိုယ်တော်မှထွက်သော ရောင်ခြည်တော်ကား ထက်ဝန်းကျင်သို့ **၁၂-ယူဇနာ**ပြေး၏၊ အသက်တော်ကား-**တစ်သိန်း**၊ ထိုမျှလောက်သော ကာလပတ်လုံး လူအပေါင်းကို ကယ်တင်တော်မူ၍ **နန္ဒာရုံ**၌ ပရိနိဗ္ဗာန် ပြုတော်မူ၏၊ ဓာတ်တော်ကို ထိုနန္ဒာရုံ၌ ၃၆-ယူဇနာ အစောက်ရှိသော စေတီတည်၍ လူ, နတ်တို့ ကိုးကွယ်လေကုန်၏။

✪✪✪✪✪✪✪✪✪✪

### ၅။ ဗျာဒိတ်ရကြောင်း အင်္ဂါ ၈-ပါး

သုမေဓာရှင်ရသေ့သည် အင်္ဂါ ၈-ပါးနှင့် ပြည့်စုံသောကြောင့် ဒီပင်္ကရာမြတ်စွာဘုရား ဗျာဒိတ်ကြားတော်မူ၏-ဟုဆိုရာ၌ ဗျာဒိတ်ရခြင်းအကြောင်း အင်္ဂါ ၈-ပါးဟူသည်ကား-

**မနုဿတ္တံ လိင်္ဂသမ္ပတ္တိ၊ ဟေတု သတ္ထာရဒဿနံ။**

**ပဗ္ဗဇ္ဇာ ဂုဏသမ္ပတ္တိ၊ အဓိကာရော စ ဆန္ဒတာ။**

ဟူသော ဂါထာနှင့်အညီ-

၁။ လူစင်စစ်ဖြစ်ခြင်း,

၂။ ယောက်ျားစင်စစ်ဖြစ်ခြင်း,

၃။ တိဟိတ် ပဋိသန္ဓေနေရခြင်း,

၄။ ဘုရားကို ဖူးတွေ့ရခြင်း,

၅။ ရသေ့ရဟန်းဖြစ်ရခြင်း,

၆။ ဈာန်သမာပတ်အဘိညာဉ်စသော ကျေးဇူးနှင့်ပြည့်စုံခြင်း,

၇။ ကိုယ့်အသက်ကိုစွန့်၍ ကောင်းမှုပြုခြင်း,

၈။ ဘုရားဖြစ်ခြင်းငှါ ပြင်းသောဆန္ဒရှိခြင်း,

ဤ **၈-ပါးသော အင်္ဂါ**တို့နှင့် ပြည့်စုံသည်ဖြစ်၍ သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာမြတ်စွာဘုရား ခြေတော်ရင်း၌ နေရာတိုင်းပြည်, မိဘ, အမည်အရည် စသည်တို့နှင့်တကွ နိယတဗျာဒိတ်ကို ရသတည်း။

ဤနိယတဗျာဒိတ်ရပြီးသော ဘုရားလောင်းတို့သည် ဘုရားအဖြစ်သို့ မရောက်မီ ကမ္ဘာအကုဋေ ၁၀၀-မက များစွာ သံသရာ၌ ကျင်လည်သော်လည်း အဝီစိငရဲ၌ မဖြစ်၊ လောကန္တရိက် ငရဲတို့၌လည်း မဖြစ်၊ ပူလောင်ခြင်း ပြင်းသောတဏှာရှိသော ငတ်မွတ်ခြင်း ပြင်းသော ကာလကဉ္စိက အသုရာ ပြိတ္တာလည်း မဖြစ်၊ ဒုဂ္ဂတိ၌ ဖြစ်ငြားသော်လည်း **ငုံးအောက်ငယ်သော** တိရစ္ဆာန် မဖြစ်၊ လူ၌ ဖြစ်သော်လည်း အမိဝမ်းတွင်း၌ ကန်းသောသူ, **နားပင်းသောသူ, အအ, အဆွံ့** မဖြစ်၊ မိန်းမ မဖြစ်၊ ဥဘတောဗျည်း နပုံးပဏ္ဍုက် မဖြစ်၊ **မိစ္ဆာ ဒိဋ္ဌိအယူကို မမှီဝဲ၊ ကံသာလျှင်ပြု၏-ဟု အယူရှိ၏။**

နတ်ပြည်၌ ဖြစ်သော်လည်း **အသညသတ်,** သုဒ္ဓါဝါသ, **အရူပဘုံ**တို့၌ မဖြစ်၊ တောထွက်ခြင်းသို့သာ ညွတ်ကုန်၏။ လောဘ, ဒေါသအစရှိသော ကိလေသာတို့၌ မယှဉ်ကုန်၊ လောကတ္ထစရိယကို ကျင့်ကုန်၏။ ခပ်သိမ်းသော ပါရမီတို့ကို ဖြည့်ကုန်၏။ **နိယတဗျာဒိတ်**ကို ရပြီးသော ဘုရားအလောင်းတို့သည် ဤမျှသော အကျိုးတို့ကို ရကုန်၏။

[ ဤမျှသော စကားအစဉ်သည်ကား လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း အထက်၌ သာရမဏ္ဍကမ္ဘာ၌ အရှင်ဂေါတမအလောင်းတော် သုမေဓာပုဏ္ဏားဖြစ်၍ ဒီပင်္ကရာမြတ်စွာ ဘုရားအထံ၌ ကိုယ်, နှုတ်, နှလုံး ၃-ပါးဖြင့် ပါရမီကို ဖြည့်ဟန်, ဗျာဒိတ်ရဟန် အတ္ထုပ္ပတ္တိကို ဆိုသော စကားတည်း]

✪✪✪✪✪✪✪✪✪✪✪

## ၆။ နှစ်ကျိပ်သုံးဆူတို့ထံ၌ ဗျာဒိတ်ခံခြင်း

### ၁-ကောဏ္ဍညဘုရား

ဒီပင်္ကရာဘုရား ဖြစ်တော်မူပြီးသောနောက် ကမ္ဘာတစ်သင်္ချေလွန်၍ သာရကပ်၌ အသက်တစ်သိန်းနေသော ကာလ၌ ရမ္မဝတီပြည်၌ **သုနန္ဒာ** အမည်ရှိသော မင်းသည် သုဇာတာမိဖုရားနှင့်တကွ မင်းပြု၏။ ထိုအခါ **ကောဏ္ဍည**ဘုရားလောင်းသည် သုဇာတာ မိဖုရားဝမ်း၌ဖြစ်၍ ဖွား၍ အရွယ်ရောက်လျှင် ခမည်းတော် နန်းကိုနှင်း၍ **ရမ္မ, သုဘ, သုရမ္မ** (ရာမ, သုရာမ, သုဘ)အမည်ရှိသော ပြာသာဒ်ရွှေနန်း ၃-ဆောင်၌ မောင်းမသုံးသိန်း အခြွေအရံရှိသော **စန္ဒာဒေဝီ** မိဖုရားနှင့် မင်း၏စည်းစိမ်ကို အနှစ်တစ်သောင်းပတ်လုံး စံစားခံစား၍ **ဝိဇိတသေန** အမည်ရှိသော သားတော်ဖွားသည့်ညဉ့်တွင် **ရထားစီး**၍ တောထွက်တော်မူ၏။ ပြဟ္မာကပ်သော သင်္ကန်းကို ဝတ်၍ ရဟန်းပြု၏။ နောက်ပါ အခြွေအရံ အကုဋေမျှသော လူတို့သည်လည်း ရဟန်းပြုလေကုန်၏။ **ဒုက္ကရစရိယာ ၁၀-လ** ကျင့်တော်မူ၏။ သုနန္ဒာမည်သော နိဂုံး၌ သူဌေးသမီး **ယသောဓရာ** ရွှေခွက်နှင့်တကွ လှူလိုက်သော နို့ယနာကို ဘုဉ်းပေးတော်မူ၍ အင်ကြင်းတော၌ နေ့အဖို့နေပြီး၍ ညချမ်းသောအခါ၌ ဗောဓိချာသို့ သွားသည်ရှိသော် **သုနန္ဒာ** မည်သော မြက်ရိတ်သမားသည် လှူအပ်သော ၈-ဆုပ်သောမြက်ကို ခံတော်မူ၍ **သာလကလျာဏီ** အမည်ရှိသော ဗောဓိပင်ရင်း၌ သစ္စာပြု၍ ကြတော်မူလျှင် ၅၈-တောင် အစောက်ရှိသော ရွှေပလ္လင်ပေါက်၍ ရွှေပလ္လင်ထက်၌နေ၍ သစ္စာ ၄-ပါးတရားတို့ကို သိ၍ ဘုရားဖြစ်တော်မူ၏။

သတ္တပဏ္ဏအမည်ရှိသော ဥယျာဉ်တော်၌ ဓမ္မစကြာတရားကို ဟောတော်မူ၏။ လူ, နတ်, ပြဟ္မာ **အကုဋေတစ်သိန်း** အကျွတ်တရား ရကုန်၏။

- လက်ျာရံ အဂ္ဂသာဝကကား **သုနန္ဒ**, လက်ဝဲရံ အဂ္ဂသာဝကကား **သုဘဒ္ဒ**တည်း၊
- အလုပ်အကျွေးကား **အနုရုဒ္ဓ**တည်း၊ တိဿာကား လက်ျာရံရဟန္တာမအကြီးတည်း၊
- ဥပတိဿာကား လက်ဝဲရံ ရဟန္တာမအကြီးတည်း၊
- သောဏ, ဥပသောဏတို့ကား လက်ျာရံ, လက်ဝဲရံ သီတင်းသည် ဒါယကာအကြီးတည်း၊
- သုနန္ဒာနှင့် သိရိမာကား လက်ဝဲရံ, လက်ျာရံ သီတင်းသည် ဒါယိကာမအကြီးတည်း၊
- အရပ်တော်ကား ၈၈-တောင်, အသက်တော်ကား **တစ်သိန်း**တည်း၊

သာဝက အစည်းအဝေး ၃-ပါးတွင် ပဌမအစည်းအဝေး၌ ကုဋေတစ်သိန်း, ဒုတိယ၌လည်း ကုဋေ တစ်သိန်း, တတိယ၌လည်း ကုဋေတစ်သိန်းတည်း၊ ထိုအခါ ငါတို့ ဘုရားအလောင်းသည် ဝိဇိတာဝီ အမည်ရှိသော **စကြဝတေးမင်း** ဖြစ်၍ ဘုရားအမှူးရှိသော ကုဋေတစ်သိန်း အရေအတွက်ရှိ သော သံဃာတော်အား အလှူကြီးကိုပေး၍ ဘုရားဆုကို တောင်းတော်မူ၏။

ကောဏ္ဍညမြတ်စွာဘုရားလည်း "ဤကမ္ဘာမှ ၃-သင်္ချေနှင့် ကမ္ဘာတစ်သိန်း အထက်၌ ဂေါတမအမည်ရှိသော ဘုရားဖြစ်လတ္တံ့"ဟု ဗျာဒိတ်ကြား၍ တရားဟော တော်မူ၏။ တရားတော်ကိုကြားလျှင် သဒ္ဓါကြည်ညို၍ သာသနာတော်၌ ရဟန်းပြု၏။ ပိဋကတ် ၃-ပုံကိုလည်း တတ်အောင်သင်၏။ အဘိညာဉ် ၅-ပါး, သမာပတ် ၈-ပါးတို့ကို ဖြစ်စေ၍ မယုတ်သော ဈာန်ရှိသဖြင့် စုတေ၍ ဗြဟ္မာ့ပြည်၌ ဖြစ်လေ၏။ ကောဏ္ဍညဘုရား လည်း **နန္ဒာရုံ**၌ ပရိနိဗ္ဗာန် ပြုတော်မူလေ၏။ ဓာတ်တော်ကို ၇-ယူဇနာ အစောက်ရှိသော စေတီတည်၍ လူ, နတ်တို့ ကိုးကွယ်လေကုန်၏။

## ၂-မင်္ဂလဘုရား

ကောဏ္ဍညမြတ်စွာဘုရား၏ နောက်၌ ကမ္ဘာတစ်သင်္ချေကို လွန်၍ တစ်ခုသော သာရမဏ္ဍကပ်၌ မင်္ဂလ, သုမန, ရေဝတ, သောဘိတ-ဘုရား ၄-ဆူတို့သည် ဖြစ်ကုန်၏။ ထိုအခါ လူတို့တွင် အသက်တစ်သိန်းနေသော ကာလ၌ ဥတ္တရမည်သော ပြည်၌ ဥတ္တရမင်း ၏ ဥတ္တကာ အမည်ရှိသော မိဖုရားဝမ်း၌ မင်္ဂလဘုရားအလောင်း စွဲဝင်လာ၍ ဖွား၍ အရွယ်ရောက်လျှင် ပြည်ကိုနှင်းသဖြင့် ယသဃတ, သုစိမ-စသော ပြာသာဒ်ရွှေနန်း ၃- ဆောင်၌ ယသဝတီ အမည်ရှိသော မိဖုရားနှင့်တကွ မောင်းမသုံးသောင်း ခြံရံလျက် မင်းစည်းစိမ်ကို ခံစား၍ သားတော်သီလဝကို ဖွားသည့်ညဉ့်တွင် ဥတ္တရမည်သော မြင်းကိုစီးလျက် တောထွက်တော်မူလေ၏။ ၃-ကုဋေမျှသော လူများသည် ရဟန်းလိုက်၍ ပြုလေ၏။ ဗြဟ္မာ ကပ်လှူသော သင်္ကန်းကိုဝတ်၍ ၁၀-လ ဒုက္ကရစရိယာ ကျင့်တော်မူ၏။ ဥတ္တရမည်သော နိဂုံး၌ ဥတ္တရမည်သော သူဌေးသမီး ရွှေခွက်နှင့်တကွ လှူလိုက်သော နို့ဃနာကို ဘုဉ်းပေး၍ အင်ကြင်းတော၌ နေ့အဖို့နေပြီးမှ ဥတ္တရမည်သော မြင်းစာရိတ် သမားသည် လှူအပ်သော ၈-ဆုပ်မြက်ကိုခံ၍ ဗောဓိပင်သို့ ကပ်လေ၏။

ကုံကော်ပင်ရင်း၌ ၈-ဆုပ်မြက်ကိုကြဲလျှင် ၅၈-တောင်ရှိသော ရွှေပလ္လင်ဖြစ်၏။ ရွှေပလ္လင်ထက်၌ သစ္စာ ၄-ပါး ထင်ရှားသိ၍ ဘုရားဖြစ်တော်မူ၏။ **သိရိဝရဥတ္တရာရာမ**-ဟူသော ဥယျာဉ်၌ ဓမ္မစကြာကို ဟောတော်မူ၏။ တစ်ကုဋေမျှသော လူ, နတ်, ဗြဟ္မာတို့သည် ကျွတ်ကုန်၏။ တပည့် အစည်းအဝေး ၃-ပါးတွင် ပဌမ၌ ရဟန္တာ အကုဋေတစ်သိန်း, ဒုတိယ၌ ရဟန္တာ အကုဋေတစ်သိန်း, တတိယ၌ကား-ထိုမင်္ဂလဘုရား၏ မိထွေးတော်သား ညီတော် အာနန္ဒာမင်းသားသည် အကုဋေ-၉၀ အရေအတွက်ရှိသော ပရိသတ်နှင့်တကွ တရားနာအံ့သောငှါ ကျောင်းသို့သွား၍ တရားတော်ကို ကြားနာရလျှင် ပဋိသမ္ဘိဒါ ၄-ပါး နှင့်တကွ ရဟန္တာဖြစ်၏။ မြတ်စွာဘုရားလည်း ဧဟိဘိက္ခု ခေါ်တော်မူ၍ ဧဟိဘိက္ခု ရဟန္တာ ချည်း အကုဋေ-၉၀ တတိယ အစည်းအဝေးဖြစ်၏။

- လက်ျာရံ အကြီးကား **သုဒေဝ**, လက်ဝဲရံအကြီးကား **ဓမ္မသေန**၊
- **အရှင်ပါလိတ** ကား အလုပ်အကျွေးတည်း၊ **သီလဝါ**ကား လက်ျာရံ တပည့်မအကြီးတည်း၊
- **အသောကာ** ကား လက်ဝဲရံ တပည့်မအကြီးတည်း၊
- **သုနန္ဒ**နှင့် **ဝိသာခ**ကား သီတင်းသည် ဒါယကာအကြီးတည်း၊
- **အနုလာ**နှင့် **သုတနာ**ကား သီတင်းသည်မ အကြီးတည်း၊
- အရပ်တော်ကား ၈၈-တောင်၊ - အသက်တော်ကား **အနှစ်ကိုးသောင်း**၊

အရောင်တော်ကား-တပါးဘုရားတို့၏ အရောင်သည် ကိုယ်တော်မှ ထက်ဝန်းကျင် အတောင် ၈၀-မျှ ထွန်းသကဲ့သို့ မဟုတ်မူ၍ စကြဝဠာတစ်သောင်းလုံးကို အနှံ့ထွက်၍ အမြဲတည်၏။ သစ်ပင်, မြေ, တောင်, သမုဒ္ဒရာတို့သည်ရင်း၊ အယုတ်သဖြင့် ထမင်းအိုး အစရှိသည်တို့ကိုစွဲ၍ ရွှေပြားဖြင့် ခြံရံဘိသကဲ့သို့ ဖြစ်ကုန်၏။

သက်တော်ရှည်သမျှ ကာလပတ်လုံး လ, နေတို့သည် မိမိတို့အရောင်အဝါဖြင့် မထွန်းနိုင်ကုန်၊ နေ့, ညဉ့်အပိုင်းအခြား မထင်၊ နေ့အခါ နေရောင်ဖြင့် သွားသကဲ့သို့ သတ္တဝါတို့သည် ဘုရား၏ အရောင်ဖြင့် အမြဲသွားလာကုန်၏။ ညဉ့်အခါ ပွင့်သောပန်းတို့၏ အစွမ်းဖြင့်ရင်း, နံနက်အခါ တွန်ကုန်သော ငှက်အစရှိသည်တို့၏ အစွမ်းအားဖြင့်ရင်း လူတို့သည် နေ့, ညဉ့်အပိုင်းအခြားကို မှတ်ရကုန်၏။ ဤသို့သော အာနုဘော်သည် တစ်ပါးသော ဘုရားတို့အား မရှိသလော-ဟူသော် မရှိသည်မဟုတ်၊ တပါးသော ဘုရားရှင်တို့အားလည်း အလိုတော်ရှိသည်ရှိသော် စကြဝဠာတစ်သောင်းလုံးကိုရင်း, ထိုထက် အလွန်ကိုရင်း အရောင်တော်ဖြင့် ထွန်းလင်းစေနိုင်၏။ မင်္ဂလဘုရားအားကား ရှေးဆုတောင်းကံ၏ အစွမ်း ကြောင့် တပါးသော ဘုရားတို့အား ကိုယ်တော်ထက်ဝန်းကျင် တစ်လံမျှလောက်

အရောင်တော်သည် အမြဲထွန်းသကဲ့သို့ တစ်သောင်းသောစကြာဝဠာကို အမြဲထွန်းသတည်း။

"အဘယ်ကောင်းမှုကို ပြုသနည်း" ဟူငြားအံ့၊ မင်္ဂလဘုရားသည် ဝေဿန္တရာကဲ့သို့ အဆုံးစွန်သော အလောင်းတော်၏အဖြစ်၌ သားမယားနှင့်တကွ ဝင်္ကပါတောင်၌နေ၏။ **ခရဒါဌိက** အမည်ရှိသော ဘီလူးသည် ပုဏ္ဏားအသွင်ဖြင့် ဘုရားလောင်းသို့ကပ်၍ ၂-ယောက်သော သူငယ်ကို အလှူခံ၏။ ဘုရားလောင်း လှူတော်မူ၏၊ ဘီလူးသည် စင်္ကြံဦး၌ တံကဲပျဉ်ကိုမှီ၍ ကြာစွယ်, ကြာရင်းကိုကဲ့သို့ သူငယ် ၂-ယောက်တို့ကို ဘုရားလောင်းမြင်စဉ် စားလေ၏။ ဘီလူးခံတွင်းဖွင့်ကာမျှ၌ မီးလျှံကဲ့သို့ သွေးအရည်ယိုသည်ကို မြင်သောဘုရားလောင်းအား တစ်ဆံဖျားမျှ နှလုံးမသာ မဖြစ်မူ၍ ငါ၏အလှူသည် ကောင်းစွတကား-ဟု ကြံသော ဘုရားလောင်းအား ကြီးစွာသော နှစ်လိုဝမ်းမြောက်ခြင်းဖြစ်၏။ "ဤကောင်းမှုအကျိုးအားကြောင့် နောင်ဘုရားဖြစ်သောအခါ၌ ဤသို့သောနည်းဖြင့် ငါ၏ကိုယ်မှ အရောင်တို့သည် ထွက်စေကုန်သတည်း" ဟု ဆုတောင်း၏။

ထိုမှတပါးလည်း ထိုမင်္ဂလဘုရားသည် အလောင်းတော်ဖြစ်သောအခါ **ဘုရားတစ်ဆူ၏စေတီကို** မြင်၍ ဤစေတီတော်အား "ငါသည် အသက်ကို စွန့်အံ့သောငှါ အပ်၏" ဟု ဆီမီးတိုင်ကို ရစ်သောနည်းဖြင့် တစ်ကိုယ်လုံးကို ဆီဆွတ်သော ပုဆိုးဖြင့် ရစ်၍ တစ်တောင်မျှလောက် အငုံရှိသော အဖိုးတစ်သိန်းထိုက်သော ရွှေခွက်ကို ထောပတ်ဖြင့် ပြည့်စေ၍ ထိုခွက်၌ ၁၀၀၀-သော ဆီမီးစာတို့ကို ထွန်းညှိစေ၍ ထိုဆီမီးခွက်ကို ဦးခေါင်းဖြင့်ယူ၍ တစ်ကိုယ်လုံးကို ထွန်းညှိစေ၍ စေတီကို လက်ျာရစ်လည်လျက် တစ်ညဉ့်လုံးကို ထွန်းစေ၏။ ဤသို့ အရုဏ်တက်သည်တိုင်အောင် လုံ့လပြုသော်လည်း မွေးတွင်းတစ်ခုမျှကိုလည်း အငွေ့သည် မယူ၊ ပဒုမာကြာတိုက်သို့ ဝင်သောအခါကဲ့သို့ ဖြစ်လေ၏။ ဤသို့ပြုအပ်သော ကောင်းမှု ၂-ပါးကြောင့် ထိုဘုရား၏ ကိုယ်တော်မှ ထွက်သော အရောင်သည် စကြာဝဠာတစ်သောင်းကို နှံ့၍ နေ့, ညဉ့်မပြတ် ထွန်း၏။

ထိုမင်္ဂလဘုရား ဖြစ်တော်မူသောအခါ၌ အရှင်ဂေါတမအလောင်းတော်ကား သုရုစိပုဏ္ဏားဖြစ်၍ ပဋ္ဌမအစည်းအဝေး၌ ကုဋေတစ်သိန်းသော သံဃာတော်နှင့်တကွ မြတ်စွာဘုရားကို "နက်ဖြန် အကျွန်ုပ် ဆွမ်းကို အလှူခံတော်မူပါ" ဟု ဖိတ်မံ၍ အိမ်သို့ရောက်လျှင် ကြံ၏- "ငါသည် ဤမျှလောက်သော အရှင်မြတ်တို့အား ယာဂုဆွမ်း, ပုဆိုး အစရှိသော အလှူဝတ္ထုတို့ကို လှူအံ့သောငှါ တတ်နိုင်ပါ၏။ အရှင်မြတ်တို့ နေရာသည် အဘယ်ကဲ့သို့ ဖြစ်ပါလတ္တံ့နည်း" ဟု ကြံ၏။ ထိုအကြံကို သိကြားမင်းသိ၍ "ငါသည် သုရုစိပုဏ္ဏား အလှူပေးရာ ကောင်းမှုဝင်အံ့" ဟု ကြံ၍ လက်သမား အသွင်ဖြင့် ပဲခွပ်, ပုဆိန် အစရှိသည် လက်စွဲ

လျက် ဘုရားလောင်း၏ရှေ့၌ ထင်ရှားဖြစ်လာ၍ "အခဖြင့် တစ်စုံတစ်ခုသော ပြုဖွယ်ကိစ္စ ရှိပါ၏လော" ဟု မေး၏။ "အဘယ်အမှုကို ပြုအံ့နည်း"ဟု မေးလျှင် "ငါမတတ်သော လက်အမှုမည်သည် မရှိ၊ အလိုရှိတိုင်း ပြုတတ်ပါ၏"ဟု ဆိုသော် "ငါ့အား ကုဋေတစ်သိန်း သော သံဃာတော်တို့အား ဆွမ်းလှူပါမည်၊ အရှင်ကောင်းတို့ နေစရာ မဏ္ဍပ်ပြုပါ"ဟုဆို၏။

" အခပေးအံ့လော့"ဟု မေးလျှင် "ပေးပါအံ့" ဟူ၍ ဆိုသောခဏ၌ ၁၂-ယူဇနာ, ၁၃-ယူဇနာရှိသော အရပ်ကို ကသိဏ်းဝန်းကဲ့သို့ ဖြစ်စေပြီးမှ "ဤအရပ်၌ရတနာ ၇-ပါး အတိပြီးသော မဏ္ဍပ်သည် ပေါက်စေသတည်း" ဟု ကြံ၍ ကြည့်သောခဏ၌ မြေကိုခွဲ၍ ပေါက်၏။ ရွှေသည်တိုင်တို့၌ ငွေကြာသွတ်, ငွေသည်တိုင်တို့၌ ရွှေကြာသွတ်, ပတ္တမြားသည် တိုင်တို့၌ သန္တာဖြင့်ပြီးသော ကြာသွတ်, သန္တာဖြင့်ပြီးသော သည်တိုင်တို့၌ ပတ္တမြားဖြင့် ပြီးသော ကြာသွတ်, ရတနာ ၇-ပါးအတိပြီးသော သည်တိုင်တို့၌ ရတနာ ၇-ပါးအတိပြီးသော ကြာသွတ်တို့သည် ဖြစ်ကုန်၏။ တစ်တိုင်နှင့်တစ်တိုင် အကြားအကြားတို့၌ ရွှေချုကွန်ယက် တို့သည် ဆွဲကုန်၏။ လေညှင်းခတ်သောအခါ၌ နတ်တို့၏ စည်, စောင်းငြင်းအသံကဲ့သို့ မြည်ကုန်၏။ အကြားအကြား၌ နံ့သာဆိုင်း, ပန်းဆိုင်းတို့သည် ဆွဲကုန်၏ "ကုဋေတစ်သိန်း သော ရဟန်းတို့၏ နေရာတို့သည်ငှင်း, သပိတ်ခြေတို့သည်ငှင်း မြေမှာပေါက်စေသတည်း" ဟု ကြည့်သောခဏ၌ ပေါက်ကုန်၏။

အထောင့်တိုင်း, အထောင့်တိုင်း ရေအိုးကြီးတို့ကို ဖန်ဆင်း၏။ ဤအလုံးစုံကို ဖန်ဆင်းပြီး၍ "အရှင်၊ မဏ္ဍပ်ကိုကြည့်၍ ငါ့အား အခပေးလော့" ဟုဆို၏။ ဘုရားလောင်း လည်း မဏ္ဍပ်ကိုမြင်လျှင် ပီတိ ၅-ပါးဖြင့် အခြားမဲ့နှံ့သော ကိုယ်ရှိသည်ဖြစ်၍ မဏ္ဍပ်ကိုကြည့် ၍ "ဤမဏ္ဍပ်ကို လူဖြစ်သောသူသည် ပြုအပ်သည် မဟုတ်၊ ငါ၏အလိုကိုသိ၍ သိကြား ဖန်ဆင်းလာသတည်း၊ ဤသို့ သဘောရှိသော မဏ္ဍပ်၌ တစ်နေ့မျှသာ အလှူပေးအံ့သောငှါ မအပ်၊ ၇-ရက်ပတ်လုံး အလှူပေးအံ့" ဟု ကြံပြီး၍ ထိုမဏ္ဍပ်၌ ဘုရားအမှူးရှိသော ကုဋေ တစ်သိန်းမျှသော သံဃာတော်ကို နေစေ၍ ကြီးစွာသော အိုးတို့ကို ခုံလောက်၌တင်၍ နို့ရည်ဖြင့် ပြည့်စေ၍ ဆန်အတန်ငယ်ထည့်၍ ပျားသကာ မုန့်, ထောပတ်တို့ဖြင့် ပြုပြင်အပ် သော တစ်ခဲနက်ကျက်စေအပ်သော နို့ယနာဖြင့် ၇-ရက်ပတ်လုံး လုပ်ကျွေး၏၊ လူတို့ချည်း သာ မလှူဒါန်းနိုင်ကုန်၊ နတ်တို့လည်း လူတို့နှင့် တစ်ယောက်ခြားနေ၍ လှူဒါန်းကုန်၏။

၁၂-ယူဇနာ, ၁၃-ယူဇနာ အရပ်တို့သည်လည်း ရဟန်းတို့အား နေအံ့သောငှါ မလောက်ကုန်၊ ရဟန်းတို့သည် မိမိတို့၏ တန်ခိုးဖြင့် ဖန်ဆင်း၍ နေရကုန်၏။ အဆုံးစွန် သော နေ့၌ကား ဆွမ်းဘုဉ်းပေးပြီးသော် အလုံးစုံသော ရဟန်းတို့၏ သပိတ်ကိုဆေး၍ ဆေးအလို့ငှါ ထောပတ်, ဆီဥ, ပျား, တင်လဲတို့ဖြင့် ပြည့်စေ၍ သင်္ကန်း ၃-ထည်စီနှင့်တကွ

လျှ၏၊ သဃ်နေ့ဖြစ်သော ရဟန်းသည် ရအပ်သော သက်န်းအစုံသည်ကား အဖိုးတစ်သိန်း ထိုက်၏၊ မင်္ဂလဘုရား ဆွမ်းအနုမောဒနာ ပြုပြီးလျှင် "ဤဒါယကာသည် ဤသို့ သဘောရှိသော ကြီးစွာသော အလှူကိုပေး၏။ အဘယ်ကဲ့သို့ ဖြစ်လတ္တံ့နည်း"ဟု ဆင်ခြင်သော် ဤကမ္ဘာမှ ကမ္ဘာတစ်သိန်း အလွန်ရှိကုန်သော နှစ်သင်္ချေတို့၏ အထက်၌ ဂေါတမဘုရား ဖြစ်လတ္တံ့-ဟု မြင်တော်မူ၍ ဘုရားအလောင်းကို ခေါ်တော်မူပြီးလျှင် "သင်ဒါယကာသည် ဤမျှလောက်သော ကာလကိုလွန်၍ ဂေါတမ အမည်ရှိသော ဘုရားဖြစ်လတ္တံ့" ဟု ဗျာဒိတ် ကြားတော်မူ၏။

သုရုစိပုဏ္ဏားလည်း "ငါသည် ဘုရားဖြစ်လတ္တံ့၊ ငါ့အား အိမ်ရာထောင်ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း"ဟု ကြံပြီး၍ အလုံးစုံသော စည်းစိမ်ဥစ္စာတို့ကိုစွန့်၍ မြတ်စွာဘုရား အထံ၌ ရဟန်းပြု၍ ပိဋကတ် ၃-ပုံကို တတ်အောင်သင်၍ အဘိညာဉ် ၅-ပါး, သမာပတ် ၈-ပါးတို့ကို ဖြစ်စေ၍ အသက်အတိုင်းနေ၍ စုတေသော် ဗြဟ္မာ့ပြည်၌ ဖြစ်လေ၏။ မင်္ဂလဘုရားလည်း အသက်တော် ၉-သောင်းပြည့်လျှင် ဝဿာရုံ၌ ပရိနိဗ္ဗာန် ပြုတော်မူလေ၏။ ဓာတ်တော်တို့ကို ယူဇနာ-၃၀ အမြင့် စေတီတည်၍ လူ, နတ်တို့ ကိုးကွယ်ကုန်၏။ ပရိနိဗ္ဗာန် ပြုတော်မူသည်နှင့် တပြိုင်နက် တစ်သောင်းသော စကြဝဠာတို့သည် အမိုက်အတိ ဖြစ်ကုန် ၏။ စကြဝဠာတစ်သောင်းလုံးတို့၌ လူတို့သည် ပြင်းစွာ ငိုကြွေးကြကုန်၏။

## ၃-သုမနဘုရား

မင်္ဂလမြတ်စွာဘုရား၏ နောက်၌ လူတို့အသက် တစ်သိန်းနေသော ကာလ၌ ခေမ အမည်ရှိသော ပြည်၌ သုဒတ္တမင်း၏မိဖုရား သိရိမာ အမည်ရှိသော မိဖုရားကြီး၏ ဝမ်း၌ သုမနဘုရားအလောင်း စွဲဝင်လာ၍ ဖွား၍ အရွယ်ရောက်လျှင် မင်း၏စည်းစိမ် အနှစ် တစ်သောင်း ခံစားပြီးမှ သားတော်ဖွားသည်တွင် ဆင်စီး၍ တောထွက်တော်မူ၏။ ၁၀-လ ဒုက္ကရစရိယာ ကျင့်တော်မူ၏။ ကံ့ကော်ပင်ရင်း ရွှေပလ္လင်ထက် ဘုရားဖြစ်တော်မူ၏။ ပဌမ အစည်းအဝေး၌ ကုဋေတစ်သိန်းသော ရဟန္တာတို့သည် ဖြစ်ကုန်၏။ ဒုတိယ အစည်း အဝေး၌ ကဥ္စနတောင်ထွတ်၌ အကုဋေ ကိုးသန်းသော ရဟန္တာတို့သည် စည်းဝေးကုန်၏။ တတိယ အစည်းအဝေး၌ အကုဋေရှစ်သန်းသော ရဟန္တာတို့သည် စည်းဝေးကုန်၏။

ထိုအခါ အရှင်ဂေါတမ ဘုရားအလောင်းတော်ကား နဂါးပြည်၌ တန်ခိုးအာနုဘော် ကြီးလှစွာသော အတုလ အမည်ရှိသော နဂါးမင်းဖြစ်၍ လူ့ပြည်၌ ဘုရားဖြစ်သည်ကြား၍ ဆွေမျိုးအပေါင်းတို့ဖြင့် ခြံရံလျက် နဂါးပြည်မှ ထွက်လေ၍ ပဌမအစည်းအဝေး၌ ကုဋေ

**တစ်သိန်း** အခြံရံရှိသော မြတ်စွာဘုရားအား နတ်တို့၏ စည်, စောင်းငြင်းဖြင့် ပူဇော်၍ ကြီးစွာသော အလှူကြီးကို ဖြစ်စေ၏။ အသီးအသီး ပုဆိုးတစ်စုံစီ သံဃာတော်အား လှူ၏။ သရဏဂုံဆောက်တည်၏။

သုမနဘုရားလည်း "သင်နဂါးမင်းသည် နောင်သောအခါ၌ **ဂေါတမ** အမည်ရှိသော ဘုရားဖြစ်လတ္တံ့" ဟု ဗျာဒိတ်ကြားတော်မူ၏။ သုမနမြတ်စွာဘုရား-

- ပြည်တော်ကား-**မေခလ**၊ ခမည်းတော်ကား-**သုဒတ္တ**၊ မယ်တော်-**သီရိမာ**၊
- လက်ျာရံကား-**သရဏ**၊ လက်ဝဲရံကား- **ဘာဝိတတ္တ**၊
- အလုပ်အကျွေးကား-**ဥဒေန**၊
- **သောဏာနှင့် ဥပသောဏာ**ကား-လက်ျာရံ, လက်ဝဲရံ တပည့်သမီးအကြီးတည်း၊
- ဗောဓိပင်ကား-**ကံ့ကော်ပင်** ၊ အရပ်တော် -**အတောင်-၉၀**၊
- အသက်တော်-**၉-သောင်း**ပြည့်လျှင် ပရိနိဗ္ဗာန် ယူတော်မူလေ၏။

## ၄-ရေဝတဘုရား

သုမနဘုရား လွန်တော်မူပြီးသောနောက် ရေဝတဘုရား ဖြစ်တော်မူ၏၊ သာဝက အစည်းအဝေး ၃-ပါးတွင် ပဌမအစည်းအဝေး၌ ရေတွက်ခြင်း မည်သည်မရှိ၊ ဒုတိယ အစည်းအဝေး၌ ကုဋေတစ်သိန်း၊ တတိယ အစည်းအဝေး၌လည်း **ကုဋေတစ်သိန်း** သော ရဟန္တာတို့သည် စည်းဝေးကုန်၏။ ထိုအခါ ငါတို့ဘုရားအလောင်းတော်ကား **အတိဒေဝ** အမည်ရှိသော ပုဏ္ဏားဖြစ်၍ မြတ်စွာဘုရား တရားတော်ကို ကြား၍ သရဏဂုံ ၃-ပါးဆောက်တည်၍ မြတ်စွာဘုရား၏ ကိလေသာကို ပယ်ခြင်း၌ ကျေးဇူးကိုချီးမွမ်း၍ အပေါ်ရုံပုဆိုးဖြင့် ပူဇော်၏။

ရေဝတဘုရားလည်း အတိဒေဝပုဏ္ဏားအား "နောင်သောအခါ **ဂေါတမဘုရား** ဖြစ်လတ္တံ့"ဟု ဗျာဒိတ်ကြားတော်မူ၏။ ထိုမြတ်စွာဘုရား ဖွားတော်မူသော ပြည်ကား-**ဓညဝတီ**၊ ခမည်းတော်ကား-**ဝိပုလမင်း**၊ မယ်တော်ကား-**ဝိပုလာမိဖုရား**၊ လက်ျာရံအကြီးကား-**ဝရုဏ**၊ လက်ဝဲရံအကြီးကား-**ဗြဟ္မဒေဝ**၊ အလုပ်အကျွေးကား-**သမ္ဘဝ**၊ **ဘဒ္ဒါနှင့်သုဘဒ္ဒါ**ကား-တပည့်သမီးအကြီးတည်း၊ ဗောဓိကား-**ကံ့ကော်ပင်**၊ အရပ်တော်ကား-**အတောင်-၈၀**၊ အသက်တော်ကား-**အနှစ်ခြောက်သောင်း**တည်း။

## ၅-သောဘိတဘုရား

ရေဝတဘုရားနောက် အနှစ်တစ်သိန်းသော ကာလ၌ သောဘိတဘုရား ဖြစ်တော်မူ၏။ သာဝက အစည်းအဝေး ၃-ပါးတွင် ပဌမအစည်းအဝေး၌ **အကုဋေ-၁၀၀**၊ ဒုတိယ၌ **အကုဋေ-၉၀**၊ တတိယ၌ **အကုဋေ-၈၀**သော ရဟန္တာအစည်းအဝေးတို့သည် ဖြစ်ကုန်၏။ ထိုအခါ ငါတို့ဘုရားအလောင်းကား-**အဇိတ** အမည်ရှိသော ပုဏ္ဏားဖြစ်၍ မြတ်စွာဘုရား တရားတော်ကို ကြား၍ သရဏဂုံ ဆောက်တည်ပြီးလျှင် ဘုရားအမှူးရှိသော သံဃာတော်အား ကြီးစွာသော အလှူကိုပေး၏။

သောဘိတဘုရားလည်း "ဒါယကာ၊ နောင်သောအခါ **ဂေါတမဘုရား** ဖြစ်လတ္တံ့" ဟု ဗျာဒိတ်ကြားတော်မူ၏။ ထိုမြတ်စွာဘုရား-

- ပြည်တော်ကား-**သုဓမ္မ**၊　ခမည်းတော်ကား-**သုဓမ္မ**၊　မယ်တော်ကား-**သုဓမ္မ**၊
- **အသမနှင့်သုနေတ္တ**ကား လက်ျာရံ, လက်ဝဲရံအကြီးတည်း၊
- အလုပ်အကျွေးကား **အနောမ**၊
- **နကုလာနှင့် သုဇာတာ**ကား တပည့်သမီး လက်ျာရံ, လက်ဝဲရံ အကြီးတည်း၊
- ဗောဓိကား-**ကံ့ကော်ပင်**၊　အရပ်တော် **၅၈-တောင်**၊
- အသက်တော်ကား-**အနှစ် ကိုးသောင်း**တည်း။

## ၆-အနောမဒဿီဘုရား

သောဘိတဘုရား၏ နောက်အဖို့၌ အသင်္ချေကိုလွန်၍ တစ်ခုသော ဝရကပ်၌ အနောမဒဿီ, ပဒုမ, နာရဒ ဘုရား ၃-ဆူတို့သည် ဖြစ်ကုန်၏၊ အနောမဒဿီဘုရား၏ အစည်းအဝေး ၃-ပါးတွင် ပဌမ၌ **ရှစ်သိန်း**၊ ဒုတိယ၌ **ခုနစ်သိန်း**၊ တတိယ၌ **ခြောက်သိန်း**သော ရဟန္တာတို့သည် စည်းဝေးကုန်၏။ ထိုအခါ ငါတို့ အရှင်ဂေါတမ အလောင်းတော်ကား တန်ခိုးအာနုဘော်ကြီးသော **ဘီလူးစစ်သူကြီး**ဖြစ်၍ အကုဋေတစ်သိန်းမကသော ဘီလူးတို့ကို အစိုးရ၏။ ထိုငါတို့ဘုရားအလောင်း ဘီလူးစစ်သူကြီးသည် "လောက၌ ဘုရားဖြစ်၏" ဟု ကြား၍ လူ့ရွာသို့လာ၍ ဘုရားအမှူးရှိသော သံဃာအား အလှူကြီးပေး၏။

အနောမဒဿီဘုရားလည်း "နောင်သောအခါ၌ သင်သည် ဘုရားဖြစ်လတ္တံ့" ဟု ဗျာဒိတ် ကြားတော်မူ၏။ ထိုမြတ်စွာဘုရား၏-

- ပြည်ကား-စန္ဒဝတီ၊ ခမည်းတော်ကား ယသဝါ အမည်ရှိသောမင်းတည်း၊
- မယ်တော်ကား-ယသောဓရာ၊ နိသဘကား-လက်ျာရံ၊
- အနောမကား-လက်ဝဲရံသာဝကအကြီးတည်း၊ ဝရုဏရဟန္တာကား-အလုပ်အကျွေးတည်း၊
- သုန္ဒရီနှင့် သုမနာကား လက်ျာရံ, လက်ဝဲရံ တပည့်သမီး အကြီးတည်း၊
- ဗောဓိပင်ကား ထောက်ကြံ့၊ အရပ်တော်ကား ၅၈-တောင်၊
- အသက်တော်ကား အနှစ် တစ်သိန်းတည်း။

## ၇-ပဒုမဘုရား

အနောမဒဿီဘုရား လွန်သည့်နောက် မြ သာလူတို့ အသက် တစ်သိန်း နေသောကာလ၌ ပဒုမဘုရား ဖြစ်တော်မူ၏။ အစည်းအဝေး ၃-ပါးတွင် ပဌမ အစည်းအဝေး၌ ကုဋေတစ်သိန်း၊ ဒုတိယအစည်းအဝေး၌ သုံးသိန်း၊ တတိယအစည်းအဝေး၌ကား ကြီးစွာသော တောအုပ်၌ နေကုန်သော ရဟန္တာ နှစ်သိန်းတို့သည် အစည်းအဝေး ဖြစ်ကုန်၏။ ပဒုမမြတ်စွာဘုရားသည် ထိုတောအုပ်၌ နေတော်မူသောအခါ ငါတို့ အရှင်ဂေါတမ အလောင်းတော်သည် ခြင်္သေ့ဖြစ်၍ နိရောဓသမာပတ် ဝင်စားသော မြတ်စွာဘုရားကို မြင်၍ ကြည်သောစိတ်ဖြင့် လက်ျာရစ်လှည့်ပြီးလျှင် ရှိခိုး၍ နှစ်လိုဝမ်းမြောက်သည်ဖြစ်လျက် ၃-ကြိမ် ခြင်္သေ့၏ အသံကို မြည်သဖြင့် ပူဇော်၍ ၇-ရက်ပတ်လုံး ဘုရားလျှင် အာရုံရှိသော ပီတိကို မစွန့်မူ၍ နှစ်လိုခြင်း, ချမ်းသာခြင်းဖြင့် အစာမကျက်စားမူ၍ အသက်ကို စွန့်ကြခြင်းဖြင့် မြတ်စွာဘုရားကို ဆည်းကပ်လျက် တည်၏။

မြတ်စွာဘုရားလည်း နိရောဓသမာပတ်မှ ထသည်ရှိသော် ခြင်္သေ့ကိုကြည့်၍ "ရဟန်းသံဃာကိုမြင်၍ စိတ်ကိုကြည်ညိုစေအံ့၊ ရဟန်းသံဃာသည် လာစေသတည်း" ဟု ကြံတော်မူ၏။ ထိုခဏ၌ အလုံးစုံသော သံဃာတော်သည် လာ၏၊ ခြင်္သေ့လည်း သံဃာတော်၌ စိတ်ကိုကြည်စေ၏။

ပဒုမဘုရားလည်း အလောင်းတော် ခြင်္သေ့မင်း၏ စိတ်အလိုကို ကြည့်တော်မူ၍ "သင်သည် နောင်သောအခါ ဂေါတမ အမည်ရှိသော ဘုရားဖြစ်လတ္တံ့"ဟု ဗျာဒိတ်ကြားတော်မူ၏။ ပဒုမဘုရား-

- ပြည်ကား-စမ္ပက၊ ခမည်းတော်ကား-အသမ၊ မယ်တော်ကား အသမာတည်း၊
- သာလ, ဥပသာလကား လက်ျာရံ, လက်ဝဲရံအကြီးတည်း၊

- အလုပ်အကျွေးကား-**ဝရုဏ**မည်၏၊
- **ရာမာ, သုရာမာ**ကား-လက်ျာရံ, လက်ဝဲရံ တပည့်သမီး အကြီးတည်း၊
- ဗောဓိပင်ကား-ကြောင်လျှောငယ်တည်း၊ 　　အရပ်တော်ကား-၅၈-တောင်၊
- အသက်တော်ကား-အနှစ်**တစ်သိန်း**တည်း။

## ၈-နာရဒဘုရား

ပဒုမဘုရား လွန်ပြီးသည့်နောက် မြင့်မြသော လူတို့ အနှစ်ကိုးသောင်းနေသော ကာလ၌ နာရဒဘုရား ဖြစ်တော်မူ၏။ တပည့် အစည်းအဝေး ၃-ကြိမ်တည်း။ ပဌမအစည်းအဝေး၌ **ကုဋေတစ်သိန်း**၊ ဒုတိယ၌ **အကုဋေကိုးသန်း**၊ တတိယ၌ **အကုဋေရှစ်သန်း**၊ ရဟန္တာတို့သည် စည်းဝေးကုန်၏။ ထိုအခါ အရှင်ဂေါတမ အလောင်းတော်ကား ရသေ့ရဟန်းပြု၍ အဘိညာဉ် ၅-ပါး, သမာပတ် ၈-ပါးတို့၌ အလေ့အလာ ပြုအပ်သော ဝသီဘော်ရှိသည်ဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်အား အလှူကြီးပေး၍ စန္ဒကူးနံ့သာနီဖြင့် ပူဇော်ခြင်းကို ပြု၏။

ထိုနာရဒဘုရားလည်း "သင်ရသေ့သည် နောင်သောအခါ ဂေါတမဘုရား ဖြစ်လတ္တံ့"ဟု ဗျာဒိတ်ကြားတော်မူ၏။ နာရဒဘုရား-

- ပြည်တော်ကား-**ဓညဝတီ**တည်း၊ ခမည်းတော်ကား-**သုဒေဝ**၊
- မယ်တော်ကား-**အနောမာ**တည်း၊
- **ဘဒ္ဒသာလ**နှင့် **ဇိတမိတ္တ**ကား-လက်ျာရံ, လက်ဝဲရံ တပည့်သား အကြီးတည်း၊
- အလုပ်အကျွေးကား-**ဝါသေဋ္ဌ**တည်း၊ 　ဥတ္တရာနှင့် ဖဂ္ဂုနီကား တပည့်သမီးအကြီးတည်း၊
- ဗောဓိကား-ကြောင်လျှာကြီးတည်း၊ 　　အရပ်တော်ကား-၈၈-တောင်၊
- အသက်တော်ကား-ကိုးသောင်းတည်း။

## ၉-ပဒုမုတ္တရဘုရား

နာရဒမြတ်စွာဘုရားနောက်၌ တစ်သင်္ချေကိုလွန်၍ ဤကမ္ဘာမှပြန်၍ ရေသော် ကမ္ဘာတစ်သိန်းထက်၌ တစ်ခုသော သာရကပ်၌ ပဒုမုတ္တရ ဘုရားတစ်ဆူ ဖြစ်တော်မူ၏။

ထိုမြတ်စွာဘုရား၏ တပည့်အစည်းအဝေး ၃-ပါးတွင် ပဌမ၌ **ကုဋေတစ်သိန်း**၊ ဒုတိယ ဝေဘာရတောင်၌ **အကုဋေကိုးသန်း**၊ တတိယ၌ **အကုဋေရှစ်သန်း**သော ရဟန္တာတို့သည် စည်းဝေးကုန်၏။ ထိုအခါ ငါတို့ဘုရားအလောင်းတော်ကား **ဇဋိလ** အမည်ရှိသော သူဌေး ကြီးဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်အား သင်္ကန်းအလှူကို ပေး၏။

ထိုပဒုမုတ္တရဘုရားလည်း "သင်သူဌေးသည် နောင်သောအခါ **ဂေါတမ** အမည် ရှိသော ဘုရားဖြစ်လတ္တံ့" ဟု ဗျာဒိတ်ကြားတော်မူ၏။ ပဒုမုတ္တရဘုရား လက်ထက်တော်၌ တိတ္ထိတို့သည် မရှိကုန်၊ နတ်လူတို့သည် ဘုရားကိုသာ ကိုးကွယ်ကုန်၏။ ထိုမြတ်စွာဘုရား-

- ပြည်တော်ကား **ဟံသာဝတီ**၊ ခမည်းတော်ကား **အာနန္ဒာ**၊
- မယ်တော်ကား **သုဇာတာ**တည်း၊ **ဒေဝလ**နှင့်**သုဇာတ**ကား တပည့်သားအကြီးတည်း၊
- အလုပ်အကျွေးကား-**သုမန**မထေရ်တည်း၊
- **အမိတာ**နှင့် **အသမာ**ကား တပည့်သမီး အကြီးတည်း၊
- ဗောဓိကား-**အင်ကြင်းပင်** တည်း၊ အရပ်တော်ကား-**၈၈-တောင်**၊
- အရောင်တော်ကား ကိုယ်တော်မှ ထက်ဝန်းကျင် အရပ်သို့ **၁၂-ယူဇနာ**တိုင်တိုင် ထွန်း၏။
- အသက်တော်ကား **အနှစ်တစ်သိန်း**တည်း။

## ၁၀-သုမေဓာဘုရား

ထိုပဒုမုတ္တရ ဘုရားနောက်၌ ကမ္ဘာသုံးသောင်းကိုလွန်၍ တစ်ခုသော မဏ္ဍကပ်၌ သုမေဓာ, သုဇာတာ ဘုရား ၂-ဆူ ဖြစ်တော်မူ၏။ သုမေဓာဘုရားအား တပည့်အစည်း အဝေး ၃-ပါးတွင် ပဌမ သုဒဿနမြို့၌ **ကုဋေ-၁၀၀**သော ရဟန္တာတို့သည် စည်းဝေးကုန် ၏။ ဒုတိယ၌ **ကုဋေ-၉၀**၊ တတိယ၌ **အကုဋေ-၈၀**တို့သည် စည်းဝေးကုန်၏။ ထိုအခါ အရှင်ဂေါတမ အလောင်းတော်ကား ဥတ္တရ အမည်ရှိသော လုလင်ဖြစ်၍ မြှုပ်ထားအပ် သော အကုဋေ-၈၀သော ဥစ္စာကို စွန့်၍ ဘုရားအမှူးရှိသော သံဃာတော်အား အလှူကြီး ပေး၍ သရဏဂုံ ဆောက်တည်၍ တောထွက်၍ ရဟန်းပြု၏။

ထိုသုမေဓာဘုရားလည်း ထိုဥတ္တရလုလင်ကို "နောင်အခါ **ဂေါတမဘုရားဖြစ်လတ္တံ့**" ဟု ဗျာဒိတ်ကြားတော်မူ၏။ ထိုဘုရား-

- ပြည်ကား သုဒဿန၊ ခမည်းတော်ကား သုဒတ္တ၊ မယ်တော်ကား သုဒတ္တာတည်း၊
- **သရဏနှင့် သဗ္ဗကာမ**ကား လက်ျာရံ, လက်ဝဲရံ တပည့်အကြီးတည်း၊
- **သာဂရမထေရ်**ကား အလုပ်အကျွေးတည်း၊
- ရာမာနှင့် သုရာမာကား တပည့်သမီးအကြီးတည်း၊
- ပွင့်တော်မူသော ဗောဓိကား-**တမာပင်**တည်း၊
- အရပ်တော် **၈၈-တောင်**၊ အသက်တော်ကား-**အနှစ်ကိုးသောင်း**တည်း။

## ၁၁-သုဇာတဘုရား

သုမေဓာဘုရား လွန်သည့်နောက် မြင့်မြဲသော လူတို့အနှစ်ကိုးသောင်းနေသော ကာလ၌ **သုဇာတဘုရား** ဖြစ်တော်မူ၏။ အစည်းအဝေး ၃-ပါးတွင် ပဌမ၌ **ခြောက်သန်း**၊ ဒုတိယ၌ **ငါးသန်း**၊ တတိယ၌ **လေးသန်း** ရဟန္တာတို့သည် စည်းဝေးကုန်၏။ အရှင်ဂေါတမ အလောင်းတော်သည် **စကြဝတေးမင်း** ဖြစ်၏။ ဘုရားဖြစ်သည်-ဟု ကြား၍ ဘုရားအထံသို့ ဆည်းကပ်၍ တရားတော်ကိုနာ၍ ဘုရားအမှူးရှိသော သံဃာတော်အား ရတနာ ၇-ပါးနှင့်တကွ ၄-ကျွန်းလုံးကို ပူဇော်၍ ရဟန်းပြု၏။ အလုံးစုံသော တိုင်းသူတို့သည် တိုင်း၌ ဖြစ်သော အခွန်ကိုယူ၍ အရံစောင့် ကိစ္စကို ပြီးစေကုန်လျက် ဘုရားအမှူးရှိသော သံဃာတော်အား အလှူကြီးကို ပေးကုန်၏။

သုဇာတဘုရားလည်း ထိုဘုရားအလောင်းကို ဗျာဒိတ် ကြားတော်မူ၏။ သုဇာတဘုရား-

- ပြည်ကား သုမင်္ဂလမည်၏။ ခမည်းတော်ကား ဥဂ္ဂတမည်သောမင်းတည်း၊
- မယ်တော်ကား ပဘာဝတီ မိဖုရားတည်း၊
- **သုဒဿနနှင့် သုဒေဝ**ကား လက်ျာရံ, လက်ဝဲရံ အကြီးတည်း၊
- အလုပ်အကျွေးကား **နာရဒ** အမည်ရှိသော မထေရ်တည်း၊
- နာဂါနှင့်နာဂသမာလာကား တပည့်သမီးအကြီးတည်း၊ ဗောဓိကားကြခတ်ဝါးပင်တည်း၊
- အရပ်တော်ကား အတောင်-၅၀၊ အသက်တော်ကား အနှစ်ကိုးသောင်းတည်း။

## ၁၂-ပိယဒဿီဘုရား

ထိုသုဇာတာဘုရားနောက်၌ ဤကမ္ဘာမှ ပြန်၍ရေတွက်သော် ကမ္ဘာ ၁၁၈-ကမ္ဘာ အဆုံး၌ တစ်ခုသော ဝရကပ်၌ **ပိယဒဿီ, အတ္ထဒဿီ, ဓမ္မဒဿီ** ဘုရား ၃-ဆူ ဖြစ်တော်မူ၏။ **ပိယဒဿီဘုရား**၏ တပည့်အစည်းအဝေး ၃-ပါးတွင် ပဌမ၌ **အကုဋေတစ်သိန်း**၊ ဒုတိယ၌ **အကုဋေ -၉၀**၊ တတိယ၌ **အကုဋေ-၈၀** ရဟန္တာတို့သည် စည်းဝေးကုန်၏။ ထိုအရှင်ဂေါတမ အလောင်းတော်ကား **ကဿပ** အမည်ရှိသော ပုဏ္ဏားလုလင်ဖြစ်၍ ဗေဒင် ၃-ပုံတို့၏ အပြီးသို့ရောက်၏။ မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို ကြား၍ အကုဋေတစ်သိန်းသော ဥစ္စာကို စွန့်သဖြင့် သံဃာ့အာရာမ်ပြုစေ၍ သရဏဂုံတို့၌၎င်း, ပဥ္စသီတို့၌၎င်း, ဒသသီတို့၌၎င်း ဆောက်တည်၏။

ထိုအခါ၌ ပိယဒဿီ မြတ်စွာဘုရားလည်း ငါတို့ဘုရားအလောင်းတော်ကို "သင်ပုဏ္ဏားလုလင်သည် ဤကမ္ဘာမှ သည် ၁၁၈-ကမ္ဘာလွန်သဖြင့် သစ္စာ ၄-ပါး တရားကိုသိသော ဂေါတမဘုရားဖြစ်လတ္တံ့"ဟု ဗျာဒိတ်ကြားတော်မူ၏။ ထိုမြတ်စွာဘုရား-

- ပြည်တော်ကား **အနောမ**(သုဓည)မည်၏၊
- ခမည်းတော်ကား **သုဒိန္န**(သုဒတ္တ) အမည်ရှိသော မင်းတည်း၊
- မယ်တော်ကား **စန္ဒာ**(သုစန္ဒာ) အမည်ရှိသော မိဖုရားတည်း၊
- ပါလိတ, သဗ္ဗဒဿီကား လက်ျာရံ, လက်ဝဲရံအကြီးတည်း၊
- သောဘိတမထေရ်ကား-အလုပ်အကျွေးတည်း၊
- သုဇာတာနှင့် ဓမ္မဒိန္နာကား တပည့်သမီးအကြီးတည်း၊
- ဗောဓိပင်ကား ထောက်ကြံ့တည်း၊ အရပ်တော်ကား **အတောင်-၈၀**၊
- အသက်တော်ကား **အနှစ် ကိုးသောင်း**တည်း။

## ၁၃-အတ္ထဒဿီဘုရား

ပိယဒဿီ ဘုရားနောက်၌ အတ္ထဒဿီဘုရား ဖြစ်တော်မူ၏၊ အစည်းအဝေး ၃-ပါးတွင် ပဌမ၌ ကိုးသန်း, ရှစ်သိန်းသော တပည့်ရဟန္တာတို့သည် စည်းဝေးကုန်၏။ ဒုတိယ၌ ရှစ်သန်း, ရှစ်သိန်း၊ တတိယ၌လည်း ရှစ်သန်း, ရှစ်သိန်းတို့သည် စည်းဝေးကုန်၏။ ထိုအခါ

ရှင်ဂေါတမအလောင်းကား **သုသိမ** အမည်ရှိသော တန်ခိုးကြီးသော ရသေ့ဖြစ်၍ နတ်ပြည်မှ ထင်ရှားပန်းကို ဆောင်ခဲ့၍ **အတ္ထဒဿီ** မြတ်စွာဘုရားကို ပူဇော်၏။

ထိုမြတ်စွာဘုရားသည် အလောင်းတော်ရသေ့ကို **ဗျာဒိတ်** ကြားတော်မူ၏။ ထိုမြတ်စွာဘုရား၏-

- ပြည်တော်ကား **သောဘန** အမည်ရှိ၏၊
- ခမည်းတော်ကား **သာဂရ** အမည်ရှိသော မင်းတည်း၊
- မယ်တော်ကား **သုဒဿနာ**မိဖုရားတည်း၊
- **သန္တ**နှင့် **ဥပသန္တ**ကား လက်ျာရံ, လက်ဝဲရံ အကြီးတည်း၊
- **အဘယ**မထေရ်ကား အလုပ်အကျွေးတည်း၊
- **ဓမ္မာ**နှင့် **သုဓမ္မာ**ကား လက်ျာရံ, လက်ဝဲရံတပည့်သမီး အကြီးတည်း၊
- ဗောဓိပင်ကား **စကား**ပင်တည်း၊ အရပ်တော်ကား အတောင်-၈၀၊
- အရောင်တော်ကား အခါခပ်သိမ်း ကိုယ်တော်မှ ထက်ဝန်းကျင် **တစ်ယူဇနာ** ထွန်း၏၊
- အသက်တော်ကား အနှစ်**တစ်သိန်း**တည်း။

## ၁၄-ဓမ္မဒဿီဘုရား

ထိုမြတ်စွာဘုရားနောက်၌ **ဓမ္မဒဿီ** ဘုရားဖြစ်တော်မူ၏။ တပည့် အစည်းအဝေး ၃-ပါးတွင် ပဌမ၌ **အကုဋေ-၁၀၀**၊ ဒုတိယ၌ **အကုဋေ-၉၀**၊ တတိယ၌ **အကုဋေ-၈၀** သော သံဃာ့အစည်းအဝေးဖြစ်၏။ ထိုအခါ၌ ငါတို့ဘုရားအလောင်းကား သိကြားမင်းဖြစ်၍ နတ်၌ဖြစ်သော ပန်းတို့ဖြင့်၎င်း, နတ်၌ဖြစ်သော စည်, စောင်းငြင်းတို့ဖြင့်၎င်း မြတ်စွာဘုရားကို ပူဇော်၏။ ဓမ္မဒဿီမြတ်စွာဘုရားလည်း အလောင်းတော် သိကြားမင်းကို ဗျာဒိတ် ကြားတော်မူ၏။

ထိုမြတ်စွာဘုရား-

- ပြည်တော်ကား **သရဏ**မည်၏၊ ခမည်းတော်ကား ***သရဏ**မည်သော မင်းတည်း၊
- မယ်တော်ကား **သုနန္ဒာ** မိဖုရားတည်း၊
- **ပဒုမ**နှင့် **ဖုဿဒေဝ** အရှင်ကား-လက်ျာရံ, လက်ဝဲရံအကြီးတည်း၊

- **သုနေတ္တ** အရှင်ကား အလုပ်အကျွေးတည်း၊
- **ခေမာနှင့် သဗ္ဗနာမာ**ကား တပည့်သမီးအကြီးတည်း၊
- ပွင့်တော်မူသောဗောဓိကား **သံသတ်ပင်** (ထောက်ကြံ့ပင်)တည်း၊ [မျက်နှာပန်းပင်လည်းဆို၏]။
- အရပ်တော်ကား **အတောင်-၈၀**၊ အသက်တော်ကား အနှစ် **တစ်သိန်းတည်း**။

## ၁၅-သိဒ္ဓတ္ထဘုရား

ဓမ္မဒဿီ မြတ်စွာဘုရားနောက်၌ ဤကမ္ဘာမှသည် ၉၄-ကမ္ဘာထက်၌ တစ်ခုသော* သာရကပ်၌ လူတို့အသက် တစ်သိန်းနေသော ကာလ၌ ဝေဘာရပြည်၌ **ဇယသေန** (ဥဒေန)မင်း၏ **သုဖဿာ**မည်သော မိဖုရား၏ဝမ်း၌ **သိဒ္ဓတ္ထ**ဘုရားလောင်း စွဲယူလာ၍ ဖွား၍ အရွယ်ရောက်လျှင် ခမည်းတော် နန်းကိုနှင်းသဖြင့် **ကောကာ, သုပ္ပလ, ပဒုမ**အမည်ရှိသော ရွှေနန်းပြာသာဒ် ၃-ဆောင်၌ **သောမနဿာ**မိဖုရားနှင့်တကွ လေးသောင်း, ရှစ်ထောင်သော မောင်းမရံလျက် အနှစ် တစ်သောင်းပတ်လုံး မင်း၏စည်းစိမ်ကို ခံစား၍ သားတော် **အနုပမ**ကို ဖွားသည့် ညဉ့်တွင် **ရွှေထမ်းစင်စီး**၍ တောထွက်၏။ အကုဋေမျှသော လူတို့လည်း လိုက်၍ ရဟန်းပြုလေ၏။ ပြဟ္မာကပ်လှူသော သင်္ကန်းကိုဝတ်၍ ဒုက္ကရစရိယာ ၁၀-လ ကျင့်၏။ အသဒိသ ပုဏ္ဏားရွာ၌ **သုနေတ္တာ** ပုဏ္ဏားသမီးလှူအပ်သော ရွှေခင်းနို့, ရွှေခွက်နှင့် နို့ဃနာကို ခံယူ၍ ဘုဉ်းပေးပြီးလျှင် အိမ်ဆီးတောတွင် နေ့အဖို့နေ၍ ညချမ်းသောအခါ ဗောဓိပင်သို့ တက်လေသော် **ဝရုဏ** မည်သော မြက်ရိတ်သမားလှူအပ်သော ၈-ဆုပ်သောမြက်ကို မဟာလှေကားပင်ရင်း၌ ကြဲသဖြင့် အတောင်-၄၀ ရွှေပလ္လင်ပေါက်၍ ထိုရွှေပလ္လင်ထက်၌ သစ္စာ ၄-ပါး တရားကိုသိ၍ ဘုရားဖြစ်တော်မူ၏။

သာဝက အစည်းအဝေးတွင် ပဌမ၌ **အကုဋေ တစ်သိန်း**၊ ဒုတိယ၌ **အကုဋေ-၉၀**၊ တတိယ၌ **အကုဋေ-၈၀**တို့သည် အစည်းအဝေးဖြစ်ကုန်၏။

- သမ္ဗလနှင့်သုမိတ္တကား- လက်ျာရံ, လက်ဝဲရံ အကြီးတည်း၊
- ရေဝတ အရှင်ကား- အလုပ်အကျွေးတည်း၊
- သီဝလာနှင့် သုရာမာကား တပည့်သမီးအကြီးတည်း၊

- မြတ်စွာဘုရား အရပ်တော်ကား အတောင်-၆၀၊
- အသက်တော်ကား အနှစ်တစ်သိန်းတည်း၊

ထိုအခါ ရှင်ဂေါတမ အလောင်းတော်ကား-ကျော်စောထင်ရှားသော အဘိညာဉ် အားနှင့် ပြည့်စုံသော မင်္ဂလရသေ့ဖြစ်၍ ဇမ္ဗူသပြေသီးကို ဆောင်ချေ၍ မြတ်စွာဘုရား အားလှူ၏၊ သိဒ္ဓတ္ထဘုရားလည်း သုမင်္ဂလရသေ့ကို "၉၄-ကမ္ဘာထက်၌ ဂေါတမဘုရား ဖြစ်လတ္တံ့"ဟု ဗျာဒိတ်ကြား၏၊ သိဒ္ဓတ္ထဘုရားလွန်လျှင် ဓာတ်တော်ကို ဌာပနာ၍ ၄-ယူဇနာ အစောက်ရှိသော စေတီတော်တည်၍ လူ, နတ်တို့ ကိုးကွယ်၏။

## ၁၆-တိဿဘုရား

သိဒ္ဓတ္ထဘုရား လွန်သည့်နောက် ဤကမ္ဘာမှ ပြန်၍ရေသော် ၉၂-ကမ္ဘာထက် မဏ္ဍ ကပ်၌ တိဿ, ဖုဿ ဘုရား ၂-ဆူ ဖြစ်တော်မူ၏။ တိဿဘုရားဖြစ်သော ပြည်ကား ခေမ အမည်ရှိ၏။ ခမည်းတော်ကား ဇနသန္ဓမည်၏။ မယ်တော်ကား ပဒုမာမိဖုရားတည်း၊ တိဿဘုရားအလောင်းကို ဖွားလျှင် ခမည်းတော် နန်းကို နှင်းသဖြင့် ဂုဟသေလ, နာရိသယ, နိသဘပဒုမ ဟူသော ရွှေနန်း ၃-ဆောင်၌ သုဘဒ္ဒါမည်သော မြောက်သားတော်နှင့်တကွ မောင်းမ သုံးသောင်းသုံးထောင်ရံလျက် အနှစ်ခုနစ်ထောင်ပတ်လုံး မင်း၏စည်းစိမ်ကို ခံစား၍ သားတော် အာနန္ဒာကို ဖွားသောညဥ့်တွင် အာနန္ဒာမည်သော မြင်းကို စီး၍ တောထွက်တော်မူ၏။

အကုဋေမျှသော လူများလည်းလိုက်၍ ရဟန်းပြုလေ၏။ ဗြဟ္မာလှူသော သင်္ကန်း ကို ဝတ်၍ ၈-လ ဒုက္ကရစရိယာကျင့်၏။ ဝီရမည်သော နိဂုံးပြည် ဝီရမည်သော သူဌေးသမီး လှူသော နို့ဃနာကို ရွှေခွက်နှင့်တကွခံ၍ ဘုဉ်းပေးပြီးသော် နေ့အဖို့ အင်ကြင်းတော၌ နေ၍ ညချမ်း၌ ဗောဓိပင်သို့ သွားလေရာတွင် ဝိဇိတကသင်္ဂါမည်သော လယ်စောင့် သည် လှူအပ်သော နေဇာမြက် ၈-ဆုပ်ကို ပိတောက်ပင်ရင်း၌ ကြဲလေသော် အတောင်- ၄၀- ရှိသော ရွှေပလ္လင်ပေါက်၍ ထိုပလ္လင်ထက်၌ ဘုရားဖြစ်တော်မူ၏။

ယသဝတီမည်သောပြည်၏အနီး မိဂဒါဝုန်တော၌ ဓမ္မစကြာတရားဟောတော်မူ၏၊ အကုဋေအရာမကသော လူ, နတ်, ဗြဟ္မာ အကျွတ်တရားရ၏၊ အစည်းအဝေး ၃-ပါးတွင် ပဌမ၌ အကုဋေတစ်ရာ၊ ဒုတိယ၌ အကုဋေကိုးဆယ်၊ တတိယ၌ အကုဋေရှစ်ဆယ်ကုန်သော ရဟန္တာတို့ အစည်းအဝေးဖြစ်ကုန်၏၊

- ဖြဟ္မဒေဝနှင့်ဥဒယကား လက်ျာရံ, လက်ဝဲရံ တပည့်သားအကြီးတည်း၊
- **သုမင်္ဂလအရှင်ကား** အလုပ်အကျွေးတည်း၊
- **ဖုဿာနှင့် သုဒတ္တာကား** တပည့်သမီးအကြီးတည်း၊
- **သာဝကနှင့် အသောကကား** သီတင်းသည်အကြီး အလုပ်အကျွေးတည်း၊
- **ကိသာဂေါတမီနှင့် ဥပသေနာကား** သီတင်းသည်မ အလုပ်အကျွေးတည်း၊
- အရပ်တော်ကား **အတောင်-၆၀၊** အသက်တော်ကား- **အနှစ်တစ်သိန်းတည်း။**

ထိုအခါ ရှင်ဂေါတမအလောင်းတော်ကား စည်းစိမ်ချမ်းသာကြီးစွာသော **သုဇာတ** အမည်ရှိသောမင်းဖြစ်၍ ရသေ့ ရဟန်းပြု၍ တန်ခိုးကြီးသောအဖြစ်သို့ရောက်၍ ဘုရားဖြစ်သည်ဟုကြား၍ နတ်ပြည်၌ဖြစ်သော ထင်ရှားပန်း, ပဒုမာပန်း, ပင်လယ် ကသစ်ပန်းတို့ကို ဆောင်ချေ၍ ပရိသတ်လေးပါးတို့၏ အလယ်၌ ကြွတော်မူသော မြတ်စွာဘုရားကို ပူဇော်၍ ကောင်းကင်၌ ဗိတာန်ဖြစ်၍ တည်၏၊ တိဿမြတ်စွာဘုရားလည်း အလောင်းတော်ရသေ့ကို "ဤကမ္ဘာမှ သည် ကိုးဆယ့်နှစ်ကမ္ဘာအထက်၌ **ဂေါတမ** အမည်ရှိသော ဘုရားဖြစ်လတ္တံ့" ဟု ဗျာဒိတ်ကြားပေ၏။

## ၁၇-ဖုဿဘုရား

တိဿဘုရားနောက်၌ ဖုဿဘုရားဖြစ်၏။ ပြည်ကား **ကာသိ**မည်၏၊ ခမည်းတော်ကား ဇယသေနမင်းတည်း၊ မယ်တော်ကား သိရိမာမိဖုရားတည်း၊ ဖုဿဘုရားအလောင်းကို ဖွား၍ အရွယ်ရောက်လျှင် ခမည်းတော်ပြည်ကို နှင်းသဖြင့် **ဂရုဠ,ပက္ခဟံသ, သုဝဏ္ဏ** အမည်ရှိသော ပြာသာဒ် ရွှေနန်း ၃-ဆောင်၌ မြောက်သားတော် ကိသာဂေါတမီ အမှူးပြုသော မောင်းမ သုံးသောင်းခြံရံ၍ အနှစ်သုံးသောင်း မင်း၏စည်းစိမ်ကို **ခံစား၍** သားတော် **အာနန္ဒာ**ကို ဖွားသည့်ညဥ့်တွင် **ဆင်စီး၍** တောထွက်တော်မူ၏။ အကုဋေမျှသော လူဗိုလ်ခြေလိုက်၍ ရဟန်းပြုလေ၏။ ဖြဟ္မာကပ်လှူသော သင်္ကန်းကိုဝတ်၍ ၆-လ ဒုက္ကရစရိယာ ကျင့်တော်မူ၍ အထွက်တွင် **သိရိဝဍ္ဎာ**မည်သောသူဌေးသမီး လှူလိုက်သော နို့ဃနာကို ဘုဉ်းပေး၍ ယင်းတိုက်တော၌ နေ့အဖို့နေ၍ ညချမ်းသောအခါ ဗောဓိပင်သို့ တက်လေသော် သိရိဝဍ္ဎမည်သောဒါယကာလှူသော ၈-ဆုပ်သောမြက်ကို **သျှိသျှား**ပင် အောက်၌ ကြဲလေသော် ၃၈-တောင် ရွှေပလ္လင်ပေါက်၍ ထိုရွှေပလ္လင်ထက်၌ ဘုရားဖြစ်တော်မူ၏။

သက်ဿမြို့၏အနီး မိဂဒါဝုန်တော၌ ဓမ္မစကြာတရား ဟောတော်မူ၏။ အကုဋ္ဋေတစ်သိန်းသော လူ, နတ်, ဗြဟ္မာတို့သည် အကျွတ်တရား ရကုန်၏။ အစည်းအဝေး ၃-ပါးတွင် ပဌမ၌ **ခြောက်သန်း**၊ ဒုတိယ၌ **ငါးသန်း**၊ တတိယ၌ **သုံးသန်း, နှစ်သိန်း**သော ရဟန္တာတို့သည် အစည်းအဝေး ဖြစ်ကုန်၏။

- **သုရက္ခိတနှင့် ဓမ္မသေန**ကား လက်ျာရံ, လက်ဝဲရံ တပည့်သားအကြီးတည်း။
- **အရှင်သဘိယ**ကား အလုပ်အကျွေးတည်း၊
- **စာလာနှင့် ဥပစာလာ**ကား တပည့်သမီးအကြီးတည်း၊
- အရပ်တော်ကား **၅၈-တောင်**၊　　အသက်တော်ကား **ကိုးသောင်း**တည်း။

ထိုအခါ ငါတို့ ဘုရားအလောင်းကား **ဝိဇိတာဝီ** အမည်ရှိသော မင်းဖြစ်၍ ဘုရားဟောတော်မူသော တရားကို ကြား၍ မြတ်သောမင်း၏ အဖြစ်ကို စွန့်၍ မြတ်စွာဘုရားအထံ၌ ရဟန်းပြု၍ ပိဋကတ် ၃-ပုံကို တတ်အောင် သင်၏။ သီလပါရမီကို ဖြည့်၏။ လူတို့အား တရားမပြတ်ဟောပေ၏။ ဖုဿမြတ်စွာဘုရားလည်း ငါတို့ ဘုရားအလောင်းကို "နောင်သောအခါ **ဂေါတမဘုရား** ဖြစ်လတ္တံ့"ဟု ဗျာဒိတ်ကြားတော်မူ၏။ ငါတို့ဘုရားအလောင်းလည်း ရဟန်းအဖြစ်မှ စုတေသော် ဗြဟ္မာ့ပြည်၌ ဖြစ်လေ၏။ ဖုဿမြတ်စွာဘုရားအသက်တော် **ကိုးသောင်း**ပြည့်၍ ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန် ယူတော်မူ၏။

## ၁၈-ဝိပဿီဘုရား

ဖုဿဘုရား လွန်ပြီးသောနောက် ဤကမ္ဘာမှ ၉၁-ကမ္ဘာအထက် သာရကပ်၌ **ဝိပဿီဘုရား** တစ်ဆူဖြစ်တော်မူ၏။ ဘုရားဖြစ်တော်မူသော ပြည်ကား **ဗန္ဓုမတီ**တည်း၊ ခမည်းတော်ကား **ဗန္ဓုမမင်း**တည်း၊ မယ်တော်ကား **ဗန္ဓုမတီ** မိဖုရားတည်း၊ ဝိပဿီဘုရားအလောင်းကို ဖွားတော်မူ၍ အရွယ်ရောက်လျှင် ခမည်းတော် နန်းကို နှင်းသဖြင့် **နန္ဒ, သုနန္ဒ, သိရိမာ**ဟူသော ပြာသာဒ်ရွှေနန်း ၃-ဆောင်၌ **သုဒနာ** မိဖုရားနှင့် မောင်းမ-၁,၂၀၀၀၀ ရံလျက် အနှစ်ရှစ်သောင်း မင်း၏စည်းစိမ်ကို ခံစားပြီး၍ သားတော် **သမဝဋ္ဋက္ခန္ဓ**ကို ဖွားသည်နေ့တွင် ရထားစီး၍ တောထွက်တော်မူ၏။ ရှစ်သောင်းလေးထောင်သော လူများလည်းလိုက်၍ ရဟန်းပြုလေ၏။ ဗြဟ္မာကပ်လှူသော သင်္ကန်းကို ဝတ်၍ ၈-လ ဒုက္ကရစရိယာ ကျင့်တော်မူ၍ အထွက်တွင် **သုဒဿန** သူဌေးသမီး လှူအပ်သော နို့ဃနာကို ရွှေခွက်နှင့်တကွ ခံတော်မူ၍ ဘုဉ်းပေးပြီးလျှင် အင်ကြင်းတော၌ နေ့အဖို့နေ၍

ညချမ်း၌ ဗောဓိပင်သို့ တက်လေသော် **သုဇာတ**မည်သော လယ်စောင့်လုလင် လှူသော နေဇာမြက် ၈-ဆုပ်ကိုခံ၍ **သခွက်ပင်**ရင်း၌ ခင်းကြဲလျှင် ၅၃-တောင်ရှိသော ရွှေပလ္လင်ပေါက်၍ ထိုရွှေပလ္လင်ထက်၌ နေ၍ ဘုရားဖြစ်တော်မူ၏။

ဗန္ဓုမတီပြည်၏အနီး မိဂဒါဝုန်တော၌ ဓမ္မစကြာတရား ဟောတော်မူ၏။ အစည်းအဝေး ၃-ပါးတွင် ပဌမအစည်းအဝေး၌ ရဟန္တာ ၆-သန်း, ၈-သိန်း၊ ဒုတိယတစ်သိန်း၊ တတိယရှစ်သောင်း ရဟန္တာ အစည်းအဝေးတို့သည် ဖြစ်ကုန်၏။

- **အရှင်ခဏ္ဍ**ကား လက်ျာရံ အကြီးတည်း၊ **အရှင်တိဿ**ကား လက်ဝဲရံအကြီးတည်း၊
- **အသောက**ကား အလုပ်အကျွေးတည်း၊
- **စန္ဒာနှင့် စန္ဒမိတ္တာ**ကား လက်ျာရံ, လက်ဝဲရံ တပည့်သမီးအကြီးတည်း၊
- ပုဏ္ဏနှင့်သုမိတ္တကား သီတင်းသည်အကြီးတည်း၊
- နာဂါနှင့်ဥပ္ပလာကား သီတင်းသည်မအကြီးတည်း၊ အရပ်တော်ကား **အတောင်-၈၀**၊
- အရောင်တော်ကား အခါခပ်သိမ်း ကိုယ်တော်မှ ထက်ဝန်းကျင်သို့ **၇-ယူဇနာ** တိုင်အောင် ထွန်း၏၊
- အသက်တော်ကား **ရှစ်သောင်း**တည်း။

ထိုအခါ အရှင်ဂေါတမ အလောင်းတော်ကား **အတုလ**မည်သော နဂါးမင်းဖြစ်၍ ရတနာ ၇-ပါး အတိ စီအပ်သော ရွှေအင်းပျဉ်ကို မြတ်စွာဘုရားအား လှူ၏၊ ဝိပဿီဘုရားလည်း ထိုအတုလနဂါးမင်းအား "**ဤကမ္ဘာမှ ၉၁-ကမ္ဘာထက်၌ ဘုရားဖြစ်လတ္တံ့**" ဟု ဗျာဒိတ်ကြားတော်မူ၏၊ အသက်တော် ရှစ်သောင်းပြည့်လျှင် ဝိပဿီမြတ်စွာဘုရားသည် သုမိတ္တာရုံ၌ ပရိနိဗ္ဗာန် ပြုတော်မူ၏။ ဓာတ်တော်ကို ဌာပနာ၍ ၇-ယူဇနာရှိသော စေတီတည်၍ လူ, နတ်တို့ ကိုးကွယ်ကုန်၏။

## ၁၉-သိခီဘုရား

ဝိပဿီဘုရား လွန်တော်မူသောနောက် ၅၉-ကမ္ဘာ(ပတ်)လုံး ဘုရားမဖြစ်ဘဲ သုဉ်းပြီး၍ ဤကမ္ဘာမှ ပြန်၍ရေသော် ၃၁-ကမ္ဘာမြောက်သော မဏ္ဍကမ္ဘာ၌ **သိခီ, ဝေဿဘူ** ဘုရား ၂-ဆူ ဖြစ်တော်မူ၏။ သိခီဘုရားဖြစ်သော ပြည်ကား **အရုဏဝတီ**တည်း၊ ခမည်းတော်ကား **အရုဏဝါမင်း**တည်း၊ မယ်တော်ကား **ပဘာဝတီမိဖုရား**တည်း၊

**သိခီ**ဘုရားအလောင်းကို နိသဘဟူသော ဥယျာဉ်တော်၌ ဖွားတော်မူ၍ အရွယ်ရောက်လျှင် ခမည်းတော်က ပြည်ကို နှင်း၍ **သုစန္ဒက, ဂိရိ, ဝသဘ** စသော ပြာသာဒ် ရွှေနန်း ၃-ဆောင်၌ **သဗ္ဗကာမာ** မည်သော မိဖုရားနှင့်တကွ မောင်းမရှစ်သောင်း လေးထောင် ရံလျက် အနှစ်-၇၀၀၀ မင်း၏စည်းစိမ်ကို ခံစားပြီးမှ သားတော် **အတုလ**ကို ဖွားသည့်ညဉ့် **ဆင်စီး၍** တောထွက်တော်မူ၏။ ဗိုလ်ခြေ-၇၀၀၀ လိုက်၍ ရဟန်းပြုလေ၏။ ပြဟ္မာကပ်လှူသော သင်္ကန်းကို ဝတ်၍ ၈-လ တိုင်တိုင် ဒုက္ကရစရိယာ ကျင့်ပြီးသော် အထွက်နေ့တွင် **သုဒဿန** နိဂုံး၌ **ပိယဒဿီ** သူဌေးသမီးလှူသော နို့ယနာကို ဘုဉ်းပေး၍ ရှားတော၌ နေ့အဖို့ နေပြီး၍ ညချမ်းသောအခါ ဗောဓိပင်သို့ သွားလေသော် **အနောမဒဿီ**မည်သော ရသေ့လှူသော နေဇာမြက်ဆုပ်ကို **ပုဏ္ဍရိက်**(သရက်ဖြူ) ပင်ရင်း၌ ခင်းကြဲတော်မူလျှင် ၂၄-တောင်သော ရွှေပလ္လင်ပေါက်၍ ထိုပလ္လင်ထက်၌ နေတော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူ၏။

အရုဏဝတီပြည်၏အနီး မိဂဒါဝုန်တော၌ ဓမ္မစကြာတရား ဟောတော်မူ၏။ တပည့် အစည်းအဝေး ၃-ပါးတွင် ပဌမ၌ **ရဟန္တာတစ်သိန်း**၊ ဒုတိယ၌ **ရှစ်သောင်း**၊ တတိယ၌ **ခုနစ်သောင်း** ရဟန္တာတို့သည် စည်းဝေးကုန်၏။

- **အဘိဘူနှင့် သမ္ဘဝ**ကား လက်ျာရံ, လက်ဝဲရံ တပည့်အကြီးတည်း၊
- **ခေမင်္ကရ**အရှင်ကား အလုပ်အကျွေးတည်း၊
- **သခိလာနှင့်ပဒုမာ**ကား- လက်ျာရံ, လက်ဝဲရံ တပည့်သမီးအကြီးတည်း၊
- အရပ်တော်ကား **အတောင်-၇၀**၊
- အရောင်တော်ကား နေ့, ညဉ့်မပြတ် ကိုယ်တော်မှ ထက်ဝန်းကျင် ၃-ယူဇနာတိုင်တိုင် နှံ့၍တည်၏။
- အသက်တော်ကား ခုနစ်သောင်းတည်း။

ထိုအခါ ငါတို့အရှင်ဂေါတမ အလောင်းတော်ကား **အရိန္ဒမ** မည်သော မင်းဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်အား သင်္ကန်းစုံနှင့် တကွသော အလှူကြီးကို ဖြစ်စေ၍ ရတနာ ၇-ပါးတို့ဖြင့် တန်ဆာဆင်အပ်သော ဆင်ရတနာကို လှူ၍ ထိုဆင်၏ အဖိုးအတိုင်း အရှည်ဖြင့် ကျိုကျဘဏ္ဍာကို လှူ၏၊ သိခီမြတ်စွာဘုရားလည်း ထိုအလောင်းတော် **အရိန္ဒမ** မင်းကို "သင်ဒါယကာသည် ဤကမ္ဘာမှ ၃၁-ကမ္ဘာ အထက်၌ **ဂေါတမဘုရား** ဖြစ်လတ္တံ့" ဟု ဗျာဒိတ်ကြားတော်မူ၏။ သီလဝတီမည်သော ပြည်၏အနီး အဿာရုံ၌ နိဗ္ဗာန်ဝင်တော်မူ၏။ ဓာတ်တော်ကို ဌာပနာ၍ ၃-ယူဇနာရှိသော စေတီတည်၏။

## ၂၀-ဝေဿဘူဘုရား

သိခီဘုရား လွန်ပြီးသော် ဝေဿဘူဘုရား ဖြစ်တော်မူ၏။ ဖြစ်တော်မူသော ပြည်ကား **အနောမ** အမည်ရှိ၏၊ ခမည်းတော်ကား **သုပ္ပတီတ**မည်သောမင်းတည်း၊ မယ်တော်ကား **ယသဝတီ**အမည်ရှိ၏၊ အနုပမမည်သော ဥယျာဉ်တွင် **ဝေဿဘူ** ဘုရားလောင်းကို ဖွားတော်မူ၏။ ဖွား၍ အရွယ်ရောက်လျှင် ခမည်းတော်က ပြည်ကို နှင်း၍ **ရုစိ, သုရုစိ, ရတိဝဍ္ဎန**ဟူသော ရွှေနန်းပြာသာဒ် ၃-ဆောင်၌ **သုစိတ္တာ**မိဖုရားနှင့် မောင်းမ သုံးသောင်း ခြံရံလျက် အနှစ်-၆၀၀၀ မင်း၏စည်းစိမ်ကို ခံစားပြီးမှ သားတော် **သုပ္ပဗုဒ္ဓ**ကို ဖွားသောညဉ့်တွင် ရွှေထမ်းစင်စီး၍ တောထွက်တော်မူ၏။ သုံးသောင်းခြောက်ထောင်သော လူများတို့သည် လိုက်၍ ရဟန်းပြုကုန်၏။ ပြဟ္မာကပ်လှူသော ကြာသင်္ကန်းကိုဝတ်၍ ၆-လဒုက္ကရစရိယာ ကျင့်တော်မူ၏။ ဒုက္ကရစရိယာ အထွက်၌ **သုစိတ္တ**မည်သော နိဂုံး၌ **သိရိဝဍ္ဎန**ာ သူဌေးသမီးလှူသော နို့ဃနာကို ရွှေခွက်နှင့်တကွ ခံ၍ ဘုဉ်းပေးပြီးလျှင် အင်ကြင်းတော၌ နေ့အဖို့နေ၍ ညချမ်းသော် ဗောဓိသို့ သွားသောအခါ **နရိန္ဒ**မည်သော နဂါးမင်းလှူသော နေဇာမြက် ၈-ဆုပ်ကို **အင်ကြင်း**ပင်ရင်း၌ ကြတော်မူလျှင် **အတောင်-၄၀** ရှိသော ရွှေပလ္လင် ပေါက်၍ ထိုရွှေပလ္လင်ထက်၌ ဘုရားဖြစ်တော်မူ၏။

အနောမမည်သောပြည်၏ အနီး၌ အရုဏမည်သော ဥယျာဉ်တွင် ဓမ္မစကြာ တရား ဟောတော်မူ၏။ အကုဋေရှစ်သောင်းသော လူ, နတ်, ပြဟ္မာတို့သည် အကျွတ်တရား ရကုန်၏။ တပည့်အစည်းအဝေး ၃-ပါးတွင် ပဌမအစည်းအဝေး၌ **ရှစ်သောင်း**၊ ဒုတိယ၌ **ခုနစ်သောင်း**၊ တတိယ၌ **ခြောက်သောင်း** ရဟန္တာ အစည်းအဝေးတို့သည် ဖြစ်ကုန်၏။

- အရှင်သောဏကား လက်ျာရံ၊ ဥတ္တရကား လက်ဝဲရံ အဂ္ဂသာဝကအကြီးတည်း၊
- အရှင်ဥပသန္တကား အလုပ်အကျွေးတည်း၊
- ရာမာ, သမာလာကား လက်ျာရံ, လက်ဝဲရံ တပည့်သမီးအကြီးတည်း၊
- သောတ္ထိကနှင့် ရမ္မကား ဒါယကာ သီတင်းဦးအကြီးတည်း၊
- ဂေါတမီနှင့် သိရိမာကား ဒါယိကာမ သီတင်းဦးအကြီးတည်း၊
- အရပ်တော်ကား အတောင် ၆၀-တည်း၊ အသက်တော်ကား အနှစ်ခြောက်သောင်းတည်း။

ထိုအခါ အရှင်ဂေါတမ အလောင်းတော်သည် သုဒဿန အမည်ရှိသော မင်းဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်အား သင်္ကန်းစုံနှင့်တကွ အလှူကြီးကို ပေး၍ မြတ်စွာဘုရား အထံ၌ ရဟန်းပြု၏။ ဝေဿဘူမြတ်စွာဘုရားလည်း အရှင်ဂေါတမ

အလောင်းတော် ရဟန်းကို "ဤကမ္ဘာမှ သည် ၃၁-ကမ္ဘာအထက်၌ **ဂေါတမ** အမည်ရှိသော ဘုရားဖြစ်လတ္တံ့" ဟု ဗျာဒိတ်ကြားတော်မူ၏။ ဘုရားအလောင်းသည် အသက်အတိုင်းနေ၍ စုတေလေသော် ပြဟ္မာ့ပြည်၌ ဖြစ်လေ၏။ ဝေဿဘူမြတ်စွာဘုရား အသက်တော် ခြောက်သောင်းပြည့်သော် ဥသဘဝတီမည်သောပြည်၏ အနီး ခေမမိဂဒါဝုန်၌ ပရိနိဗ္ဗာန် စံတော်မူ၏။ ဓာတ်တော်ကို ဌာပနာ၍ စေတီအမြင့်အတောင်-၁၀၀၀ တည်လေ၏။

## ၂၁-ကကုသန်ဘုရား

ဝေဿဘူဘုရား လွန်တော်မူသောနောက် ၂၉-ကမ္ဘာလုံး အလျဉ်းဘုရား မဖြစ်၊ သုဉ်းပြီး၍ ဤဘဒ္ဒကပ်ကမ္ဘာ၌ **ကကုသန်, ကောဏာဂုံ, ကဿပ, ဂေါတမ** ၄-ဆူဖြစ်ပြီး၍ အရိမေတ္တယျဘုရား ဖြစ်တော်မူလတ္တံ့၊ ဤသို့ ဘုရား ၅-ဆူတို့၏ ဖြစ်ရာဖြစ်သောကြောင့် ဘဒ္ဒကပ်မည်သတည်း။

ကပ်အပြားကား ၁-**အာယုကပ်**, ၂-**အန္တရကပ်**, ၃-**အသင်္ချေယျကပ်**, ၄-**မဟာကပ်**-ဟူ၍ ၄-ပါးဖြစ်သတည်း၊ ထို ၄-ပါးတို့တွင်-

၁။ (အာယုကပ်ဟူသည်ကား) အသက် ၁၀-တမ်း, ၂၀-တမ်း(လ) ၉၀-တမ်း, ၁၀၀-တမ်း, ၁၁၀-တမ်း, ၁၂၀-တမ်း, (လ)၁၉၀-တမ်း, ၂၀၀-တမ်း (လ) ကဋာနတမ်း, မဟာကဋာနတမ်း, အသင်္ချေယျတမ်း၊ ဤသို့ အသက်နေသော ကာလကို မှတ်၍ သမုတ်အပ်သော ကာလသည် **အာယုကပ်** မည်၏။

၂။ အန္တရကပ် ဟူသည်ကား ၁၀-တမ်းမှစ၍ အစဉ်အတိုင်း အသင်္ချေယျတမ်းတိုင်အောင် တက်ပြီး၍ အသင်္ချေယျတမ်းမှသည် အစဉ်အတိုင်း ၁၀-တမ်းတိုင်အောင် ယုတ်၍ အသက်နေသော ကာလသည် **အန္တရကပ်**မည်၏။

၃။ ဤအန္တရကပ် ၆၄-သည်ကား အသင်္ချေယျကပ်မည်၏။ တစ်နည်းလည်း အန္တရကပ် ၂၀-သည် **အသင်္ချေယျကပ်** မည်၏-ဟူ၍လည်း ဆို၏။ အသင်္ချေယျကပ်သည်ကား
-**သံဝဋ္ဋ**အသင်္ချေယျကပ်, -**သံဝဋ္ဋဋ္ဌာယီ**အသင်္ချေယျကပ်,
-**ဝိဝဋ္ဋ**အသင်္ချေယျကပ်, -**ဝိဝဋ္ဋဋ္ဌာယီ**အသင်္ချေယျကပ်ဟူ၍ ၄-ပါး ရှိ၏။

(က) ကမ္ဘာပျက် မိုးရွာသည်မှစ၍ နေ ၇-စင်းပေါ်သဖြင့် မီးလောင်၍ မီးလျှံ စဲသည်တိုင်အောင် အန္တရကပ် ၆၄-ကပ်နှင့်မျှသော ကာလသည် **သံဝဋ္ဋ** အသင်္ချေယျကပ် မည်၏။

(ခ) မီးလျှံစဲသည်မှစ၍ တဖန်ကမ္ဘာပြုမိုး ရွာသည်တိုင်အောင် ပျက်၍ ဟင်းလင်း ဖြစ်၍ အန္တရကပ် ၆၄-ကပ်နှင့် အမျှတည်သော ကာလသည် **သံဝဋ္ဋဋ္ဌာယီ** အသင်္ချေယျကပ် မည်၏။

(ဂ) ကမ္ဘာပြုမိုး ရွာသည်မှစ၍ မြင်းမိုရ်, မြေ, တောင်, နေ, လ, နက္ခတ်တာရာ ပေါ်သည်တိုင်အောင် အန္တရကပ် ၆၄-ကပ်နှင့်မျှသော ကာလသည် **ဝိဝဋ္ဋ** အသင်္ချေယျကပ် မည်၏။

(ဃ) မြင်းမိုရ်, နေ, လ, နက္ခတ်, တာရာ ပေါ်သည်မှစ၍ တဖန် ကမ္ဘာပျက်မိုး ရွာသည်တိုင်အောင် အန္တရကပ် ၆၄-ကပ်နှင့်မျှသော လူနေဖြစ်သော ကာလ သည် **ဝိဝဋ္ဋဋ္ဌာယီ** အသင်္ချေယျကပ် မည်၏။

၄။ ဤအသင်္ချေယျ ကပ် ၄-ပါးကို ပေါင်း၍ **မဟာကပ်** ဆိုသတည်း။

ဤဘဒ္ဒကပ်ထက်၌ အန္တရကပ် ၇-ကပ်နှင့် အခွဲတွင် ကကုသန် မြတ်စွာဘုရား ဖြစ်တော်မူ၏။ ဖြစ်တော်မူသော ပြည်ကား **ခေမာ** အမည်ရှိ၏၊ ခမည်းတော်ကား **အဂ္ဂိဒတ္တ** ပုဏ္ဏားတည်း၊ မယ်တော်ကား **ဝိသာခါ** အမည်ရှိသော ပုဏ္ဏေးမတည်း၊ **ခေမာဝတီ** အမည်ရှိ သော ပြည်၏အနီး ဥယျာဉ်တော်တွင် ဘုရားအလောင်းကို ဖွားတော်မူ၏။ အရွယ်ရောက် လျှင် ခမည်းတော်က ပြည်ကို နှင်း၍ **ကာမ, ကာမဝဏ္ဏ, ကာမသုဒ္ဓိ**-ဟု သမုတ်အပ်သော ပြာသာဒ် ရွှေနန်း ၃-ဆောင်၌ **ရောစိနီ** အမည်ရှိသော မြောက်သားတော် ပုဏ္ဏေးမ မိဖုရား နှင့် ပုဏ္ဏေးမအပေါင်း သုံးသောင်း ခြံရံလျက် အနှစ်လေးသောင်းပတ်လုံး ကာမစည်းစိမ်ကို ခံစားပြီးမှ သားတော် ဥတ္တရာကို ဖွားသည်ညဉ့်တွင် ရထားစီး၍ တောထွက်တော်မူ၏။ လူများ(၄၀,၀၀၀)လိုက်၍ ရဟန်းပြုလေ၏။ ပြဟ္မာကပ်လှူသော ကြာသင်္ကန်းကိုဝတ်၍ ၈-လပတ်လုံး ဒုက္ကရစရိယာ ကျင့်တော်မူ၏။

အထွက်နေ့တွင် သုစိရိန္ဒမည်သော နိဂုံး၌ ဝဇိရိန္ဒမည်သော သူဌေးသမီး လှူလိုက် သော နို့ဃနာကို ဘုဉ်းပေး၍ အိမ်ဆီးတောတွင် နေ့အဖို့နေ၍ ညချမ်းသောအခါ ဗောဓိချာ သို့ သွားလေသော် သုဘဒ္ဒမည်သော လယ်စောင့်လုလင် လှူလိုက်သော နေဇာမြက် ၈- ဆုပ်ကိုခံ၍ ကုက္ကိုပင်ရင်း၌ ခင်းကြဲတော်မူလျှင် အတောင်-၄၀ အလျား, အနံရှိသော ရွှေပလ္လင်ပေါက်၍ ထိုရွှေပလ္လင်ထက်၌ ဘုရားဖြစ်တော်မူ၏။ **မကိလ**မည်သော ပြည်၏အနီး ဣသိပတနမိဂဒါဝုန်တော၌ ဓမ္မစကြာတရား ဟောတော်မူ၏။ အကုဋေလေးသောင်း မျှသော လူ, နတ်, ပြဟ္မာတို့သည် အကျွတ်တရား ရကြကုန်၏။ **လေးသောင်းကုန်သော** ရဟန္တာအစည်း အဝေးတို့သည် တစ်ကြိမ်သာ ဖြစ်ကုန်၏။

- ဝိဓုရနှင့် သဉ္ဇီဝကား လက်ျာရံ, လက်ဝဲရံ အကြီးတည်း။
- ဗုဒ္ဓိဇအရှင်ကား အလုပ်အကျွေးတည်း၊
- သာမာနှင့် စမ္ပာကား လက်ျာရံ, လက်ဝဲရံ တပည့်သမီးအကြီးတည်း၊
- အစ္စုတနှင့် သုမနကား ဒါယကာ သီတင်းဦးအကြီးတည်း၊
- နန္ဒာနှင့် သုနန္ဒာကား ဒါယိကာမ သီတင်းဦးအကြီးတည်း။
- အရပ်တော်ကား အတောင်-၄၀ တည်း၊
- အရောင်တော်ကား အခါခပ်သိမ်း ၁၀-ယူဇနာ ထွန်း၏။
- အသက်တော်ကား-လေးသောင်းတည်း။

ထိုအခါ ငါတို့ဘုရား အလောင်းတော်ကား ခေမာမည်သော ပြည်၌ ခေမာ အမည်ရှိသော မင်းဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်အား သပိတ်, သင်္ကန်းနှင့်တကွဖြစ်သော အလျှကြီးကိုဎင်း မျက်စဉ်း အစရှိသော ဆေးတို့ကိုဎင်း လှူ၍ တရားတော်မြတ်ကို ကြားနာရ၍ ပြည်ကို စွန့်၍ ဘုရားအထံ၌ ရဟန်းပြုတော်မူ၏။ ကကုသန်ဘုရားလည်း "သင်ချစ်သားသည် ဤကမ္ဘာဝယ် ကဿပဘုရားနောက်၌ ဂေါတမမည်သော ဘုရားဖြစ်လတ္တံ့" ဟု ဗျာဒိတ်ကြားတော်မူ၏။ ကကုသန် မြတ်စွာဘုရားလည်း အသက်တော် လေးသောင်းပြည့်ခဲ့သော် ခေမာရာမကျောင်းတော်၌ ပရိနိဗ္ဗာန် စံတော်မူလေ၏။ ဓာတ်တော်ကို ဌာပနာ၌ အတောင် ၁၀၀၀-မျှ လောက်သော စေတီတည်လေ၏။

## ၂၂-ကောဏာဂုံဘုရား

ကကုသန်ဘုရား လွန်တော်မူသည့်နောက် ဘဒ္ဒကပ် ကမ္ဘာဦးမှသည် အန္တရကပ် ၈-ကပ်နှင့် အခွဲရောက်သောအခါ လူတို့အသက် သုံးသောင်းနေသော ကာလ၌ ကောဏာဂုံဘုရား ဖြစ်တော်မူ၏။ ဖြစ်တော်မူသောပြည်ကား သောဘဝတီအမည်ရှိ၏၊ ခမည်းတော်ကား ယညဒတ္တ အမည်ရှိသော ပုဏ္ဏားတည်း၊ မယ်တော်ကား ဥတ္တရာ အမည်ရှိသော ပုဏ္ဏေးမတည်း၊ သောဘဝတီမည်သော ဥယျာဉ်တော်၌ ကောဏာဂုံ ဘုရားလောင်းကို ဖွားတော်မူ၏။ တုသိတ, သန္တုသိတ, သန္တုဋ္ဌ အမည်ရှိသော ရွှေနန်းပြာသာဒ် ၃-ဆောင်၌ ရုစိဂတ္တာ အမည်ရှိသော မြောက်သားတော် မိဖုရားနှင့်တကွ ပုဏ္ဏေးမပေါင်း ခြောက်သောင်း, လေးထောင်ခြံရံလျက် အနှစ်-၃၀၀၀ ပတ်လုံး ကာမဂုဏ်စည်းစိမ်ကို ခံစားတော်မူ၍ သားတော် သတ္တဝါဟကို ဖွားသည့်ညဥ့်တွင် ဆင်စီး၍ တောထွက်တော်မူ၏။ ထိုဘုရားလောင်းသို့ လိုက်၍ ပုဏ္ဏားသုံးသောင်းတို့သည် ရဟန်းပြုကုန်၏။

ထိုရဟန်း သုံးသောင်းခြံရံလျက် ၆-လ ဒုက္ကရစရိယာ ကျင့်၍ ကဆုန်လပြည့်နေ့၌ အင်္ဂီသောနပုဏ္ဏား၏ သမီးလှူသော နို့ဃနာကို ဘုဉ်းပေး၍ ရှားတော၌ နေ့အဖို့ နေ၍ ညချမ်းသော အခါ ဇောတိန္ဓုက အမည်ရှိသော လယ်စောင့်သည် လှူအပ်သော နေဇာမြက် ၈-ဆုပ်ကို ရေသဖန်းပင်ရင်း၌ ခင်းကြဲတော်မူလျှင် အတောင်-၂၀ အလျား, အနံရှိသော ရွှေပလ္လင်ပေါက်၍ ထိုရွှေပလ္လင်ထက်၌ ဘုရားအဖြစ်သို့ ရောက်တော်မူ၏။

သဟမ္ပတိပြဟ္မာ တောင်းပန်သဖြင့် သုဒဿနမည်သော ပြည်၏အနီး ဣသိပတန မိဂဒါဝုန်တော၌ ဓမ္မစကြာတရား ဟောတော်မူ၏။ အကုဋေမျှလောက်သော လူ, နတ်, ပြဟ္မာတို့သည် အကျွတ်တရားရကုန်၏။ သုံးသောင်းကုန်သော တပည့်ရဟန္တာ အစည်းအဝေးတို့သည် တစ်ကြိမ်သာ ဖြစ်ကုန်၏။

- ဘိယျသနှင့် ဥတ္တရကား အဂ္ဂသာဝက အကြီးတည်း၊
- ရှင်သောတ္ထိဇကား အလုပ်အကျွေးတည်း၊
- သုမုဒ္ဒါနှင့် ဥတ္တရာကား တပည့်သမီး အကြီးတည်း၊
- ဥဂ္ဂနှင့် သောမဒေဝကား ဒါယကာသီတင်းဦး အကြီးတည်း၊
- သီလဝါနှင့် သာမာကား သီတင်းသည်မ အကြီးတည်း၊
- အရပ်တော်ကား အတောင်-၃၀၊ အသက်တော်ကား သုံးသောင်းတည်း။

ထိုအခါ ရှင်ဂေါတမ အလောင်းတော်ကား ထိုမိထိလာမြို့၌ ပဗ္ဗတမည်သော မင်းဖြစ်၍ အမတ်အပေါင်းခြံရံလျက် မြတ်စွာဘုရား အထံသို့ သွား၍ တရားတော်ကို နာ၍ ဘုရားအမှူးရှိသော သံဃာတော်ကို ပင့်ဖိတ်၍ ကြီးစွာသော အလှူကြီးကို ပေး၍ ပဋ္ဋုဏ္ဏတိုင်း၌ဖြစ်သော ပုဆိုး, စီနကတိုင်း၌ဖြစ်သော ပုဆိုး, ပိုးချည်ပုဆိုး, ကမ္ဗလာဘဲ့ဖြူ ပုဆိုးတို့ကိုရင်း ရွှေပြားဖြင့်ပြီးသော ကုက္ကား, တံခွန်ကိုရင်း လှူ၍ မြတ်စွာဘုရား အထံ၌ ရဟန်းပြုလေ၏။ ကောဏာဂုံမြတ်စွာဘုရားလည်း ရှင်ဂေါတမအလောင်းကို "သင်သည် ဤကမ္ဘာဝယ် ကဿပဘုရားဖြစ်တော်မူသောနောက်၌ ဂေါတမ အမည်ရှိသော ဘုရား ဖြစ်လတ္တံ့" ဟု ဗျာဒိတ်ကြားတော်မူ၏။ ကောဏာဂုံ မြတ်စွာဘုရားလည်း အသက်တော် သုံးသောင်းစေ့ခဲ့သော် ပဗ္ဗတာရုံကျောင်း၌ ပရိနိဗ္ဗာန် စံတော်မူလေ၏။ ဓာတ်တော်ကို ဇမ္ဗူဒီပါကျွန်း၌ စေတီ ထောင်, သောင်းတည်၍ ကိုးကွယ်လေကုန်၏။

## ၂၃-ကဿပဘုရား

ကောဏာဂုံ ဘုရားလွန်ပြီးနောက် ဤဘဒ္ဒကပ် ကမ္ဘာဦးမှ အန္တရကပ် ၉-ကပ်နှင့် အခွဲရောက်လတ်သော် လူတို့အသက် နှစ်သောင်းနေသော ကာလ၌ ကဿပဘုရား

ဖြစ်တော်မူ၏။ ထိုဘုရားဖြစ်တော်မူသော ပြည်ကား **ဗာရာဏသီ**မည်၏၊ ခမည်းတော်ကား ဗြဟ္မဒတ္တပုဏ္ဏားတည်း၊ မယ်တော်ကား **ဓနဝတီ**အမည်ရှိသော ပုဏ္ဏေးမတည်း၊ ကဿပ ဘုရားလောင်းဖွား၍ အရွယ်ရောက်လျှင် **ဟံသ, ယသ, သိရိနန္ဒ** အမည်ရှိသော ပြာသာဒ် ရွှေနန်း ၃-ဆောင်၌ သုနန္ဒာမြောက်သားတော် ပုဏ္ဏေးမ အမျုးရှိသော ပုဏ္ဏေးမအပေါင်း ရှစ်သောင်း, လေးထောင်ရံလျက် အနှစ်-၂၀၀၀ ပတ်လုံး ကာမဂုဏ်စည်းစိမ်ကို ခံစားပြီး၍ သားတော် **ဝိဇိတသေန**ကို ဖွားသည့်ညဥ့်တွင် ပြာသာဒ်စီးလျက် တောထွက်တော်မူ၏။ အကုဋေမျှလောက်သော သူတို့သည် လိုက်၍ ရဟန်းပြုလေကုန်၏။

ဗြဟ္မာကပ်လှူသော ကြာသင်္ကန်းကို ဝတ်၍ ၇-ရက်ဒုက္ကရစရိယာ ကျင့်တော်မူ၍ အထွက်နေ့၌ မြောက်သားတော် **သုနန္ဒာ** မိဖုရား လှူလိုက်သော နို့ဃနာကို ဘုဉ်းပေး၍ ရှားတောဝယ် နေ့အဖို့နေပြီးသော် ညချမ်းသောအခါ၌ ဗောဓိပင်သို့ သွားလေသောအခါ **သောမ**မည်သော လယ်စောင့်လုလင်လှူလိုက်သော နေဇာမြက် ၈-ဆုပ်ကို ပညောင်ပင် ရင်း၌ ခင်းကြဲတော်မူလျှင် ၁၅-တောင် အလျား, အနံရှိသော ရွှေပလ္လင်ပေါက်၍ ထိုပလ္လင် ထက်၌ ဘုရားဖြစ်တော်မူ၏။

သဟမ္ပတိဗြဟ္မာ တောင်းပန်သဖြင့် ဗာရာဏသီပြည်အနီး ဣသိပတနမိဂဒါဝုန် တော၌ ဓမ္မစကြာတရားကို ဟောတော်မူ၏။ အကုဋေ နှစ်သောင်းမျှလောက်သော လူ, နတ်, ဗြဟ္မာတို့သည် ကျွတ်ကုန်၏။ နှစ်သောင်းသော တပည့်ရဟန္တာ အစည်းအဝေးတို့သည် တစ်ကြိမ်သာဖြစ်၏။

- **တိဿနှင့်ဘာရဒွါဇ**ကား လက်ျာရံ, လက်ဝဲရံအကြီးတည်း၊
- **အရှင်သဗ္ဗမိတ္တ**ကား အလုပ်အကျွေးတည်း၊
- **အနုဠာနှင့် ဥရုဝေဠာ**ကား လက်ျာရံ, လက်ဝဲရံ တပည့်သမီးအကြီးတည်း၊
- **သုမင်္ဂလနှင့် ဃဋိကာရ**ကား ဒါယကာသီတင်းဦး အကြီးတည်း၊
- **ဝိဇိတသေနာနှင့် ဘဒ္ဒါ**ကား ဒါယိကာမသီတင်းဦး အကြီးတည်း၊
- အရပ်တော်ကား အတောင်-၂၀၊　　အသက်တော်ကား နှစ်သောင်းတည်း။

ထိုအခါ အရှင်ဂေါတမ အလောင်းတော်ကား ဇောတိပါလ အမည်ရှိသော ပုဏ္ဏား လုလင်ဖြစ်၍ ဗေဒင် ၃-ပုံတို့၌ အပြီးသို့ ရောက်၏။ မြေ၌ရင်း, ကောင်းကင်၌ရင်း ကျော်စော ထင်ရှား၏။ သီတင်းဦး အကြီးဖြစ်သော အိုးထိန်းသည် ဃဋိကာရနှင့် အဆွေခင်ပွန်းဖြစ်၏။ ထိုဃဋိကာရနှင့်တကွ မြတ်စွာဘုရားအထံသို့ ရောက်၍ တရားစကားကို ကြား၍ ယရာဝါသ

၌ အပြစ်ကို မြင်သဖြင့် စည်းစိမ်ချမ်းသာကို စွန့်၍ တောထွက်၍ ရဟန်းပြု၏။ ပိဋကတ် ၃-ပုံကို တတ်အောင်သင်၏။ ဝတ်ကြီး, ဝတ်ငယ်နှင့် ပြည့်စုံသဖြင့် မြတ်စွာဘုရား သာသနာတော်ကို တင့်တယ်စေ၏။

ကဿပမြတ်စွာဘုရားလည်း အရှင်ဂေါတမ အလောင်းတော်ကို "ဤကမ္ဘာ၌ ငါဖြစ်သော အန္တရကပ်၏ နောက်ဖြစ်သော အန္တရကပ်ထက်၌ ဂေါတမ အမည်ရှိသော ဘုရားဖြစ်လတ္တံ့" ဟု ဗျာဒိတ်ကြားတော်မူ၏။ကဿပမြတ်စွာဘုရားလည်း အသက်တော် နှစ်သောင်းပြည့်သော် ကာသိတိုင်း၊ သေတဗျမြို့(အနီး)၊ သေတဗျဥယျာဉ်ကြီးအတွင်း၌ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ဓာတ်တော်ကို ၁-ယူဇနာ အမြင့်ရှိသော စေတီ၌ ကိုးကွယ်လေကုန်၏။

[ဤမျှသော စကားအစဉ်သည်ကား ဒီပင်္ကရာမြတ်စွာဘုရားနောက် ကောဏ္ဍညမြတ်စွာဘုရားမှစ၍ ကဿပ မြတ်စွာဘုရားတိုင်အောင် ၄-သင်္ချေနှင့် ကမ္ဘာတစ်သိန်းတွင်း၌ ဖြစ်ကုန်သော နှစ်ကျိပ်သုံးဆူကုန်သော ဘုရားရှင်တို့၏အထံ၌ ကိုယ်, နှုတ်, နှလုံး ၃-ပါးဖြင့် ပါရမီကို ဖြည့်၍ ဘုရားဆုကို တောင်းသဖြင့် အစဉ်အတိုင်း ငါတို့အရှင်ဂေါတမ အလောင်းတော်သည် ဗျာဒိတ်ရသည်ကို ဆိုသော စကားတည်း။]

✪✪✪✪✪✪✪✪✪✪✪

## ၇။ ဗျာဒိတ်ရပြီး ပါရမီဖြည့်ရသော ဇာတ်တော်စဉ်

## ပါရမီ ၁၀-ပါး၊ အပြား- ၃၀

ကဿပမြတ်စွာဘုရား၏ နောက်အဖို့၌ကား အရှင်ဂေါတမ မြတ်စွာဘုရားကို ထား၍ တစ်ပါးသော ဘုရားဖြစ်ခြင်း မည်သည်မရှိ၊ ဤသို့ ဒီပင်္ကရာမြတ်စွာဘုရား ခြေတော်ရင်း၌ အရှင်ဂေါတမအလောင်းတော်သည် သုမေဓာရသေ့ဖြစ်၍

မနုဿတ္တံ လိင်္ဂသမ္ပတ္တိ၊ ဟေတု သတ္ထာရဒဿနံ။
ပဗ္ဗဇ္ဇာ ဂုဏသမ္ပတ္တိ၊ အဓိကာရော စ ဆန္ဒတာ။
အဋ္ဌဓမ္မသမောဓာနာ၊ အဘိနီဟာရော သမိဇ္ဈတိ။ ။

မနုဿတ္တံ၊ လူ၏အဖြစ်ငှင်း။ လိင်္ဂသမ္ပတ္တိ၊ ပုရိသလိင်နှင့်ပြည့်စုံခြင်းငှင်း။ ဟေတု၊ တိဟိတ်ပဋိသန္ဓေ နေရခြင်းငှင်း။ သတ္ထာရဒဿနံ၊ ဘုရားကို ဖူးတွေ့ရခြင်းငှင်း။ ပဗ္ဗဇ္ဇာ၊ ရသေ့ရဟန်း အဖြစ်ကိုရခြင်းငှင်း။ ဂုဏသမ္ပတ္တိ၊ ဈာန်အဘိညာဉ် စသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံခြင်းငှင်း။ အဓိကာရော စ၊ ကိုယ်, နှုတ်, နှလုံးဖြင့် ကုသိုလ်ကိုပြုခြင်းငှင်း။ ဆန္ဒတာ၊ ဘုရားအဖြစ်၌ ပြင်းသော အလိုဆန္ဒရှိသော အဖြစ်ငှင်း။ ဣမေ အဋ္ဌဓမ္မသမောဓာနာ၊ ဤ ၈-ပါးသော တရားတို့ကို ပေါင်းအပ်သည်ဖြစ်၍။ အဘိနီဟာရော၊ ဘုရားဆုကို တောင်းသည်ရှိသော်။ သမိဇ္ဈတိ၊ ပြည့်စုံ၏။

ဟူသော ဂါထာနှင့်အညီ မနုဿတ္တ အစရှိသော အကြောင်းတို့နှင့် ပြည့်စုံသည် ဖြစ်၍ "ဂေါတမ အမည်ရှိသော ဘုရားဖြစ်လတ္တံ့"ဟု ကြားအပ်သော နိယတဗျာဒိတ်ကိုရပြီး သည်ဖြစ်၍ နောက်ကောဏ္ဍည အစရှိကုန်သော နှစ်ကျိပ်သုံးဆူကုန်သော ဘုရားရှင်တို့၏ အထံ၌လည်း အစဉ်အတိုင်း နိယတဗျာဒိတ်ခံခဲ့၍ နိယတဗျာဒိတ်ကို ရခြင်းကြောင့် အဝီစိငရဲ၌ မဖြစ်ခြင်းအစရှိသော အောက်၌ဆိုအပ်ပြီးသော ၁၈-ပါးသော အကျိုးတို့ကို ရသဖြင့် ဘုရားဖြစ်ခြင်း၏ အကြောင်းတရားတို့ကို ထိုမှ, ဤမှ ဆင်ခြင်သည်ရှိသော် ဒါနပါရမီ အစရှိသော ၁၀-ပါးသော တရားတို့ကို မြင်သဖြင့် ထိုတရားတို့ကို လုံ့လအားထုတ် ဖြည့်ကျင့်လျက် ဝေဿန္တရာ ကိုယ်တော်၏ အဖြစ်တိုင်အောင်လာသော ဘုရားလောင်းအား ဖြည့်အပ်သော ပါရမီတော်သည် အယုတ်, အလတ်, အမြတ်အားဖြင့် ဒသပါရမီ, ဒသဥပ ပါရမီ, ဒသပရမတ္ထပါရမီ-ဟူ၍ ၃၀-အပြားရှိ၏။ ထိုပါရမီတို့တွင်-

၁။ အပဖြစ်သော ဥစ္စာဘဏ္ဍာကို စွန့်၍ ပါရမီကို ဖြည့်ခြင်းသည် ဒသပါရမီမည်၏။

၂။ မျက်စိ, နား, နှာခေါင်း အစရှိသော ကိုယ်အင်္ဂါကို လှီးဖြတ်၍ ဖြည့်အပ်သော ပါရမီသည် ဒသဥပပါရမီမည်၏။

၃။ ကိုယ်တော်၏ အသက်ကိုပင် စွန့်၍ ဖြည့်အပ်သော ပါရမီသည် ဒသပရမတ္ထ ပါရမီမည်၏။

တစ်နည်းလည်း-

၁။ သုမေဓာ အလောင်းတော် ဖြစ်သည်မှစ၍ တုသိတာနတ်ပြည်၌ သေတကေတု နတ်သားဖြစ်သည်တိုင်အောင် ဖြည့်အပ်သော ပါရမီသည် ဒသပါရမီမည်၏။

၂။ ရှင်သိဒ္ဓတ်ကိုယ်တော်အဖြစ်၌ ဖြည့်အပ်သော ပါရမီတော်သည် ဒသဥပပါရမီ မည်၏။

၃။ ဗောဓိမဏ္ဍိုင်၌ သစ္စာ ၄-ပါးတရားကို သိတော်မူသည်မှ နိဗ္ဗာန်ယူတော်မူသည် တိုင်အောင် ဖြည့်အပ်သော ပါရမီတော်သည် ဒသပရမတ္ထပါရမီမည်၏။

တစ်နည်းလည်း -

၁။ ထိုအဝီစိငရဲ၌ မဖြစ်ခြင်း အစရှိသော ၁၈-ပါးသော အကျိုးတို့ကို ရ၍လာသော ဘုရားလောင်းအား-

**အကိတ္တိပုဏ္ဏား, သင်္ခပုဏ္ဏား, ဓနဉ္စယမင်း, မဟာသုဒဿန စကြာမင်း, မဟာဂေါဝိန္ဒပုဏ္ဏား, နေမိမင်း, စန္ဒကုမာရမင်း, ဝိသယှသူဌေး, သိဝိမင်း, ဝေဿန္တရာ-**

အစရှိသော ဤအန္တရကပ်၌ဖြစ်သော ဇာတ်တော်တို့၌ ဒါနပါရမီဖြည့်သဖြင့် ဖြည့်အပ်သော ပါရမီရှိသော ကိုယ်တော်၏ အဖြစ်တို့၏ အတိုင်းအရှည် သည် မရှိသည်သာလျှင်တည်း၊ စင်စစ်အားဖြင့် ယုန်ပညာရှိဖြစ်သောအခါ၌ "ဆွမ်းအလို့ငှါ ကပ်လာသော ပုဏ္ဏားကို မြင်၍ ပေးကမ်းခြင်းဖြင့် ငါနှင့်တူသောသူ မရှိ၊ ဤသို့ စွန့်ကြဲခြင်းသည် ငါ့အား ဒါနပါရမီတည်း"ဟု မိမိကိုယ်ကို စွန့်ကြဲခြင်းကို ပြုသော ဘုရားလောင်း ယုန်ပညာရှိ၏ ဒါနပါရမီသည် ပရမတ္ထပါရမီမည်၏။

၂။ **သီလဝမင်း, စမ္ပေယျနဂါးမင်း, ဘူရိဒတ်နဂါးမင်း, ဆဒ္ဒန်ဆင်မင်း, ဇယဒိသမင်း၏သား အလီနသတ္တုမင်းသား** ဤသို့ အစရှိသော ဘဝ၏အဖြစ်၌ သီလပါရမီကို ဖြည့်သော ကိုယ်တော်၏ အဖြစ်ကို မရေတွက်နိုင်၊ စင်စစ်အားဖြင့် သင်္ခပါလနဂါးမင်း ဖြစ်သောအခါ "တံကျင်တို့ဖြင့် ထိုးသော်၎င်း လှံတို့ဖြင့် ထိုးဆွသော်၎င်း ရွာစားသား၌ အမျက်မထွက်၊ ဤသည်လျှင် သီလပါရမီတည်း" ဟု မိမိကိုယ် အသက်ကို စွန့်ခြင်းကို ပြုသော ဘုရားလောင်း၏ သီလပါရမီသည် ပရမတ္ထပါရမီမည်၏။

၃။ သောမနဿမင်းသား, ဟတ္ထိပါလမင်းသား, အယောဃရပဏ္ဍိတဖြစ်သော အခါတို့၌ ကဲ့သို့ နေက္ခမ္မပါရမီကို ဖြည့်သော ကိုယ်တော်၏ အတိုင်းအရှည်သည် မရှိသည်သာ လျှင်တည်း၊ စင်စစ်အားဖြင့် စူဠသုတသောမမင်းဖြစ်သောအခါ၌ "လက်သို့ ရောက်ပြီးသော ပြည်ကြီးကို ငြိတွယ်ခြင်းမရှိ၊ ဤသည်ကား ငါ့အား နေက္ခမ္မပါရမီ တည်း"ဟု မင်းအဖြစ်ကို စွန့်၍ တောထွက်တော်မူသော နေက္ခမ္မပါရမီသည် ပရမတ္ထ ပါရမီ မည်၏။

၄။ ဝိဓုရပညာရှိ, မဟာဂေါဝိန္ဒပညာရှိ, ကုဒါလပညာရှိ, အာရကပညာရှိ, ဗောဓိပရိဗိုဇ်, မဟောသဓပညာရှိ၊ ဤသို့ အစရှိသော ဇာတ်တို့၌ ပညာပါရမီကို ဖြည့်သကဲ့သို့ ဖြည့်အပ်သော ပါရမီရှိသော ကိုယ်တော်၏ အဖြစ်တို့ကို မရေတွက်နိုင်သည်သာလျှင်တည်း၊ စင်စစ်အားဖြင့် သတ္တုဘတ္တဇာတ်၌လာသော သေနကပညာရှိဖြစ်သောအခါတို့၌ "ပညာဖြင့် စူးစမ်းဆင်ခြင်၍ ပုဏ္ဏားကို ဆင်းရဲမှ လွတ်စေ၏၊ ငါ၏ပညာနှင့်တူသော သူ မရှိ၊ ဤသည်လျှင် ငါ့အား ပညာပါရမီတည်း"ဟူ၍ သားရေအိတ်၏ အတွင်း၌ ရှိသော မြွေကိုပြသော ဘုရားလောင်း၏ **ပညာပါရမီသည် ပရမတ္ထပါရမီ** မည်၏။

၅။ ထို့အတူ ဝီရိယပါရမီကို ဖြည့်သော ကိုယ်တော်၏ အဖြစ်တို့ကိုလည်း မရေတွက်နိုင်သည်သာလျှင်ကတည်း၊ စင်စစ်အားဖြင့် **မဟာဇနက** မင်းဖြစ်တော်မူသောအခါ၌ "ကမ်းကိုမမြင်ဘဲ သမုဒ္ဒရာ၏ အလယ်၌ ခပ်သိမ်းသော သင်္ဘောသား အပေါင်းတို့သည် သေခြင်းသို့ ရောက်လေကုန်ပြီးလျက် စိတ်၏ချွတ်ယွင်းခြင်းမရှိ၊ ဤသည်လျှင် ငါ့အား ဝီရိယပါရမီတည်း"ဟု သမုဒ္ဒရာကို ကူးသော ဘုရားအလောင်း၏ **ဝီရိယပါရမီ**သည် ပရမတ္ထပါရမီမည်၏။

၆။ **ခန္တီဝါဒီရသေ့** ဖြစ်သောအခါ၌ "ထက်စွာသော ပုဆိန်ဖြင့်ပေါက်သော ကာသိမင်း၌ အမျက်မထွက်၊ ဤသည်လျှင် ငါ့အား ခန္တီပါရမီတည်း" ဟု စိတ်မရှိသကဲ့သို့ သည်းခံသော ဘုရားလောင်း၏ **ခန္တီပါရမီ**သည် ပရမတ္ထပါရမီမည်၏။

၇။ **မဟာသုတသောမမင်း** ဖြစ်သောအခါ၌ သစ္စာစကားကို စောင့်လျက် အသက်တော်ကို စွန့်၍ ၁၀၁-ယောက်သော မင်းတို့ကို သေဘေးမှ လွတ်စေသော ဘုရားလောင်း **သစ္စာပါရမီ**သည် ပရမတ္ထပါရမီမည်၏။

၈။ **မူဂပက္ခ**ဇာတ်၌ အမိကို မုန်းသောကြောင့်လည်း မဟုတ်၊ အဘကို မုန်းသောကြောင့်လည်း မဟုတ်၊ သဗ္ဗညုတဉာဏ်ကို ချစ်တော်မူလှသောကြောင့် အသက်တော်ကို စွန့်၍ မ-အသော်လည်း အ-သကဲ့သို့, မဆွံ့သော်လည်း ဆွံ့သကဲ့သို့, နားမပင်းသော်လည်း ပင်းသကဲ့သို့ ဓိဋ္ဌာန်တော်မူသော **အဓိဋ္ဌာန်ပါရမီ**တော်သည် ပရမတ္ထပါရမီမည်၏။

၉။ ဧကရာဇ်မင်းဖြစ်သော ကာလ၌ တစုံတယောက်သော သူသည် ဘုရားလောင်းကို မထိတ်လန့်စေ၊ တစုံတယောက်သောသူအား ဘုရားလောင်း မကြောက်၊ မေတ္တာ၏ အစွမ်းဖြင့် တော၌ မွေ့လျော်တော်မူ၏။ အသက်ကို မငဲ့မူ၍ မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းသော ဘုရားလောင်း၏ **မေတ္တာပါရမီ**တော်သည် ပရမတ္ထပါရမီမည်၏။

၁၀။ **လောမဟံသဇာတ်၌** သုသာန်တစ၌ အိပ်ခြင်းကိုပြ၏။ သချိုင်း၌ရှိသော အရိုးစုကို အနီး၌ထား၍ အိပ်ခြင်းကို ပြ၏။ ရွာသူသားငယ်တို့သည် ကပ်လာကုန်၍ တစ်ပါး မကများသော အရုပ်ကိုပြကုန်၏။ တံတွေးထွေးခြင်း အစရှိသည်တို့ဖြင့်၎င်း ပန်းနံ့သာပူဇော်ခြင်း စသည်တို့ဖြင့်၎င်း ဆင်းရဲ, ချမ်းသာကို ဖြစ်စေကုန်သော ရွာသူသားငယ်အပေါင်းတို့၌ လျစ်လျူရှုသော အဖြစ်ကို မလွန်သော ဘုရားလောင်း၏ ဥပေက္ခာပါရမီတော်သည် ပရမတ္ထပါရမီမည်၏။

[ဤမျှသော စကားသည်ကား အကျဉ်းသာတည်း၊ အကျယ်အားဖြင့် ဤအနက်ကို **စရိယာပိဋကဌ်လာသော** နည်းဖြင့် သိအပ်၏။ ဤအန္တရကပ်၌ ဤမျှ ဆိုခဲ့ပြီးသော ဇာတ်တော်တို့သာလျှင် ဖြစ်သည်မဟုတ်၊ ဤရေးခဲ့ပြီးသော ဇာတ်တို့နှင့်တကွ ၅၅၀-သော ဇာတ်တို့သည် ဖြစ်ကုန်၏။ ထိုအတ္ထုပ္ပတ္တိတို့ကိုလည်း ထိုထို သာ ဇာတ်တို့ကိုမှီ၍ သိအပ်ကုန်၏]

ဤသို့လျှင် ပါရမီတို့ကို ဖြည့်တော်မူ၍ ဝေဿန္တရာ ကိုယ်တော်၏ အဖြစ်၌တည် လျက် ပဉ္စယနာဂ ဆင်ဖြူရတနာကို လှူခြင်း, သတ္တသတက မဟာဒါနကို ဖြစ်စေခြင်း, မဒ္ဒီမိဖုရားကို လှူခြင်း, ဇာလီ, ကဏှာဇိန်တို့ကို လှူခြင်းအစရှိသော စိတ်မရှိသော မြေကြီးသည်လျက်လည်း ၇-ကြိမ် လှုပ်ခြင်းကို ပြုခြင်း၏ အကြောင်းဖြစ်သော အလှူကြီး တို့ကို ပေးပြီး၍ ထိုကိုယ်၏ အဖြစ်မှ စုတေသော် တုသိတာနတ်ပြည်၌ ဖြစ်၍ တပါးသော နတ်တို့ကို ၁၀-ပါးသော အကြောင်းတို့ဖြင့် လွန်၍ လူတို့၏ နှစ်အရေအတွက်အားဖြင့် အနှစ် ၅၇-ကုဋေ, ၆-သန်းပတ်လုံး နတ်၏ စည်းစိမ်ချမ်းသာကို ခံစားတော်မူလေပြီ။

[ ဤမျှသော စကားအစဉ်သည်ကား အရှင်ဂေါတမ မြတ်စွာဘုရား ဖြစ်တော်မူ သော အန္တရကပ်တွင် ထိုထိုသော အလောင်းတော်ဇာတ်ဖြစ်၍ ဖြည့်တော်မူအပ် သော ပါရမီတို့၏ အခြင်းအရာကိုဆိုသော စကားအစဉ်တည်း။]

✪✪✪✪✪✪✪✪✪✪✪

## ၈။ မဟာသမ္မတမင်း၏ မင်းဆက်များ

"ကဿပမြတ်စွာဘုရားနောက်၌ အရှင်ဂေါတမ ဖြစ်တော်မူ၏" ဟူရာ၌ အဘယ်မျှလောက်သော ကာလ၌ ဖြစ်သနည်းဟူမူကား-

၁။ အခွဲနှင့်တကွ အန္တရကပ် ၉-ကပ်မြောက်၌ အသက်ဆုတ်၍ နှစ်သောင်းနေသော ကာလတွင် ကဿပဘုရား ဖြစ်တော်မူပြီး၍ ထိုကဿပဘုရား ဖြစ်တော်မူသော

အန္တရကပ်၏ အဆုံး၌ အသက် ၁၀-နှစ်တမ်းမှစ၍ တက်ပြန်လတ်သော် ၁၀-ခု မြောက်ဖြစ်သော အန္တရကပ်တွင် အသက် အသင်္ချေယျနှစ်ပတ်လုံးနေသော ကာလ၌လည်း ငါတို့အရှင် ဂေါတမ အလောင်းတော်သည် မဟာသမ္မတမင်း ဖြစ်၏။

- မဟာသမ္မတမင်း၏သားကား- ရောဇ။
- ရောဇသား ဝရရောဇ
- ဝရရောဇသား ကလျာဏ
- ကလျာဏသား ဝရကလျာဏ
- သား-ဥပေါသထ
- သား-မန္ဓာတ်
- သား-ဝရ
- သား-ဥပဝရ
- သား-စေတိယ
- သား-မုစလ
- သား-မဟာမုစလ
- သား-မုစလိန္ဒ
- သား-သာဂရ
- သား-သာဂရဒေဝ
- သား-ဘရတ
- သား-အင်္ဂီရသ
- သား-ရုစိ
- သား-သုရုစိ
- သား-ပတာပ
- သား-မဟာပတာပ
- သား-ပနာဒ
- သား-မဟာပနာဒ
- သား-သုဒဿန
- သား-မဟာသုဒဿန
- သား-နေရု
- သား-မဟာနေရု
- မဟာနေရု၏သား-အစ္စိမ

မဟာသမ္မတမှစ၍ အစ္စိမတိုင်အောင် မဟာသမ္မတမင်း၏ သား, မြေး, မြစ်ဖြစ်ကုန်သော နှစ်ကျိပ်ရှစ်ယောက်သော မင်းတို့သည် အသက်အသင်္ချေ နေသော ကာလ၌ ဖြစ်ကုန်၏။ ကုသဝတီပြည်, ရာဇဂြိုဟ်ပြည်, မိထိလာပြည်တို့၌ မင်းပြုကုန်၏။

၂။ နှစ်ကျိပ်ရှစ်ယောက်တွင် အဆုံးစွန်သော အစ္စိမမင်း၏သား အမည်မထင်ရှားသော မင်းတစ်ယောက်သည် ကုသဝတီပြည်၌ ဖြစ်၏။ ထိုမင်း၏ သား, မြေး, မြစ်ဖြစ်သော မင်းဆက်တို့သည် ၁၀၀-တိုင်အောင် ကုသဝတီပြည်၌ ဖြစ်ကုန်၏။

၃။ ထို ၁၀၀-သော မင်းဆက်တို့တွင် အဆုံးစွန်သောမင်းကား အရိန္ဒမ မည်၏။ ထိုအရိန္ဒမမင်း၏သား, မြေး, မြစ်ဖြစ်သော မင်းဆက်ကား ငါးကျိပ်ခြောက်ယောက်တည်း၊ ထိုငါးကျိပ် ခြောက်ယောက်သော မင်းတို့သည် အယုဇ္ဈပုရပြည်၌ ဖြစ်ကုန်၏။

၄။ ထိုငါးကျိပ် ခြောက်ယောက်တို့တွင် အဆုံးစွန်သောမင်းကား ဒုပ္ပသတမင်းမည်၏။ ဒုပ္ပသတမင်း၏သား, မြေး, မြစ်ဖြစ်သော မင်းဆက်ကား ခြောက်ကျိပ်တည်း၊ ဤခြောက်ကျိပ်သော မင်းတို့သည် ဗာရာဏသီပြည်၌ ဖြစ်ကုန်၏။

၅။ ထိုခြောက်ကျိပ်သော မင်းတို့တွင် အဆုံးစွန်သောမင်းကား **အဇိတဇနမင်းတည်း**၊ ထိုအဇိတဇနမင်း၏သား, မြေး, မြစ်ဖြစ်သော မင်းဆက်ကား ရှစ်သောင်း, လေးထောင်တည်း၊ ထိုရှစ်သောင်း, လေးထောင်သော မင်းတို့သည် ကမ္ဗလမည်သော ပြည်၌ ဖြစ်ကုန်၏။

၆။ ထိုရှစ်သောင်း, လေးထောင်တို့တွင် အဆုံးစွန်သောမင်းကား ဗြဟ္မဒတ္တတည်း၊ ဗြဟ္မဒတ္တမင်း၏သား, မြေး, မြစ်ဖြစ်သော မင်းဆက်ကား သုံးကျိပ်ခြောက်ယောက်တည်း၊ ထိုသုံးကျိပ်ခြောက်ယောက်သော မင်းတို့သည် တိတ္တိပုရမည်သောပြည်၌ ဖြစ်ကုန်၏။

၇။ ထိုသုံးကျိပ်ခြောက်ယောက်တို့တွင် အဆုံးစွန်သောမင်းကား **ကမ္ဗလဝသမင်းတည်း**၊ ထိုမင်း၏သား, မြေး, မြစ်ဖြစ်သော မင်းဆက်ကား **သုံးကျိပ်နှစ်ယောက်တည်း**၊ ထိုသုံးကျိပ်နှစ်ယောက်သော မင်းတို့သည် ဧကစက္ခုမည်သော ပြည်၌ ဖြစ်ကုန်၏။

၈။ သုံးကျိပ်နှစ်ယောက်တို့တွင် အဆုံးစွန်သောမင်းကား **သူရိန္ဒဒေဝမင်းမည်၏**။ သူရိန္ဒဒေဝမင်း၏ သား, မြေး, မြစ်ဖြစ်သော မင်းအဆက်ကား **နှစ်ကျိပ်ရှစ်ယောက်**တည်း၊ ထိုနှစ်ကျိပ်ရှစ်ယောက်သော မင်းတို့သည် ဝဇိရဝုတ္တိမည်သော ပြည်၌ ဖြစ်ကုန်၏။

၉။ ထိုနှစ်ကျိပ်ရှစ်ယောက်တို့တွင် အဆုံးစွန်သောမင်းကား **သာဓိနမည်သော မင်းတည်း**၊ သာဓိနမင်း၏ သား, မြေး, မြစ်ဖြစ်သော မင်းဆက်ကား **နှစ်ကျိပ် ရှစ်ယောက်တည်း**၊ ထိုနှစ်ကျိပ်ရှစ်ယောက်သော မင်းတို့သည် မဓုရာပြည်၌ ဖြစ်ကုန်၏။

၁၀။ နှစ်ကျိပ်ရှစ်ယောက်တို့တွင် အဆုံးစွန်သောမင်းကား ဓမ္မဂုတ္တမင်းတည်း၊ ဓမ္မဂုတ္တမင်း၏ သား, မြေး, မြစ်ဖြစ်သော မင်းဆက်ကား **တစ်ကျိပ်ရှစ်ယောက်တည်း**၊ ထိုတစ်ကျိပ်ရှစ်ယောက်သော မင်းတို့သည် အရိဋ္ဌပုရပြည်၌ ဖြစ်ကုန်၏။

၁၁။ တစ်ကျိပ်ရှစ်ယောက်သော မင်းတို့တွင် အဆုံးစွန်သောမင်းကား **သိပ္ပမင်းတည်း**၊ ထိုသိပ္ပမင်း၏ သား, မြေး, မြစ်ဖြစ်သော မင်းဆက်ကား **တစ်ကျိပ်ခုနစ်ယောက်တည်း**၊ ထိုတစ်ကျိပ် ခုနစ်ယောက်သော မင်းတို့သည် ဣန္ဒပတ္ထပြည်၌ ဖြစ်ကုန်၏။

၁၂။ ထိုတစ်ကျိပ်ခုနစ်ယောက်တို့တွင် အဆုံးစွန်သောမင်းကား ဗြဟ္မဒတ္တမင်းတည်း၊ ဗြဟ္မဒတ္တမင်း၏ သား, မြေး, မြစ်ဖြစ်သော မင်းဆက်ကား **တစ်ကျိပ်ငါးယောက်တည်း၊** ထိုတစ်ကျိပ်ငါးယောက်သော မင်းတို့သည် ဧကစက္ခုမည်သော ပြည်၌ ဖြစ်ကုန်၏။

၁၃။ ထိုတစ်ကျိပ်ငါးယောက်တို့တွင် အဆုံးစွန်သောမင်းကား ဗလဒတ္တမင်းတည်း၊ ဗလဒတ္တမင်း၏ သား, မြေး, မြစ်ဖြစ်သော မင်းဆက်ကား **တစ်ကျိပ်လေးယောက်** တည်း၊ ထိုတစ်ကျိပ် လေးယောက်သော မင်းတို့သည် ကောသမ္ဗီပြည်၌ ဖြစ်ကုန်၏။

၁၄။ ထိုတစ်ကျိပ်လေးယောက်တို့တွင် အဆုံးစွန်သောမင်းကား ဟတ္ထိဒေဝ မင်းတည်း၊ ဟတ္ထိဒေဝမင်း၏ သား, မြေး, မြစ်ဖြစ်သော မင်းဆက်ကား ၉-ယောက်တည်း၊ ထို ၉-ယောက်သော မင်းတို့သည် ကဏ္ဏဂေါတ္တမည်သော ပြည်၌ ဖြစ်ကုန်၏။

၁၅။ ၉-ယောက်သော မင်းတို့တွင် အဆုံးစွန်သောမင်းကား **နရဒေဝ** မင်းတည်း၊ နရဒေဝ မင်း၏ သား, မြေး, မြစ်ဖြစ်သော မင်းဆက်ကား ၇-ယောက်တည်း၊ ထို ၇-ယောက်သော မင်းတို့သည် ဂေါဇာမပြည်၌ ဖြစ်ကုန်၏။

၁၆။ ထို ၇-ယောက်တို့တွင် အဆုံးစွန်သောမင်းကား မဟိန္ဒမင်းတည်း၊ မဟိန္ဒမင်း၏ သား, မြေး, မြစ်ဖြစ်သော မင်းဆက်ကား **တစ်ကျိပ်နှစ်ယောက်တည်း၊** ထိုတစ်ကျိပ် နှစ်ယောက်သော မင်းတို့သည် စမ္ပာပြည်၌ ဖြစ်ကုန်၏။

၁၇။ ထိုတစ်ကျိပ်နှစ်ယောက်သော မင်းတို့တွင် အဆုံးစွန်သောမင်းကား နာဂဒေဝမင်း တည်း၊ နာဂဒေဝမင်း၏ သား, မြေး, မြစ်ဖြစ်သော မင်းဆက်ကား နှစ်ကျိပ် **ငါးယောက်တည်း၊** ထိုနှစ်ကျိပ်ငါးယောက်တို့သည် မိထိလာပြည်၌ ဖြစ်ကုန်၏။

၁၈။ နှစ်ကျိပ်ငါးယောက်တွင် အဆုံးစွန်သောမင်းကား အညတြမင်းတည်း၊ ထိုမင်း၏ သား, မြေး, မြစ်ဖြစ်သော မင်းဆက်ကား **တစ်ကျိပ်နှစ်ယောက်တည်း၊** ထိုတစ်ကျိပ်နှစ်ယောက်တို့သည် တက္ကသိုလ်ပြည်၌ ဖြစ်ကုန်၏။

၁၉။ ထိုတစ်ကျိပ်နှစ်ယောက်တွင် အဆုံးစွန်သောမင်းကား ကာဠိဿရ မင်းတည်း၊ ထိုကာဠိဿရမင်း၏ သား, မြေး, မြစ်ဖြစ်သော မင်းဆက်ကား တစ်ကျိပ်နှစ်ယောက် တည်း၊ ထိုတစ်ကျိပ်နှစ်ယောက်တို့သည် ကုသိနာရုံပြည်၌ ဖြစ်ကုန်၏။

၂၀။ ထိုတစ်ကျိပ်နှစ်ယောက်သော မင်းတို့တွင် အဆုံးစွန်သောမင်းကား သူရိန္ဒဒေဝမင်း တည်း၊ ထိုမင်း၏ သား, မြေး, မြစ်ဖြစ်သော မင်းဆက်ကား ၉-ယောက်တည်း၊ ထို ၉-ယောက်သော မင်းတို့သည် မလိတ္တမည်သောပြည်၌ ဖြစ်ကုန်၏။

၂၁။ ထို ၉-ယောက်သော မင်းတို့တွင် အဆုံးစွန်သောမင်းကား **သာဂရဒေဝမင်းတည်း၊** သာဂရဒေဝမင်း၏သားကား **မဃဒေဝမင်းတည်း၊** ထိုမဃဒေဝမင်း၏ သား, မြေး, မြစ်ဖြစ်သော မင်းဆက်ကား **ရှစ်သောင်း, လေးထောင်တည်း၊** ထိုရှစ်သောင်း, လေးထောင်သော မင်းတို့သည် မိထိလာပြည်၌ ဖြစ်ကုန်၏။

၂၂။ ရှစ်သောင်းလေးထောင်တို့တွင် အဆုံးစွန်သောမင်းကား **နေမိမင်းတည်း၊**

- နေမိမင်း၏ သားကား **ကာဠာယဇကမင်းတည်း၊**
- ကာဠာယဇကမင်း၏ သားကား **သမင်္ကီရမင်းတည်း၊**
- ထိုသမင်္ကီရမင်း၏ သားကား **အသောစမည်၏။**

အသောစမင်း၏ သား, မြေး, မြစ်ဖြစ်သော မင်းဆက်ကား **ရှစ်သောင်း, လေးထောင်** တည်း၊ ကာဠာယဇက, သမင်္ကီရ, အသောစ ဤ ၃-ယောက်နှင့်သော် **ရှစ်သောင်း, လေးထောင်, သုံးယောက်တည်း၊** ထိုရှစ်သောင်း, လေးထောင်, သုံးယောက်တို့သည် ဗာရာဏသီပြည်၌ ဖြစ်ကုန်၏။

၂၃။ ရှစ်သောင်း, လေးထောင်, သုံးယောက်တို့တွင် အဆုံးစွန်သောမင်းကား **သီဟပ္ပတိ** မင်းမည်၏။

- သီဟပ္ပတိမင်း၏ သားကား **ဝိဇိတသေနမည်၏။**
- ဝိဇိတသေနမင်း၏ သားကား **ဓမ္မသေနမည်၏။**
- ဓမ္မသေနမင်း၏ သားကား **နာဂသေနမည်၏။**
- နာဂသေနမင်း၏ သားကား **သမ္မတမည်၏။**
- သမ္မတမင်း၏ သားကား **ဒိသမ္ပတိမည်၏။**
- ဒိသမ္ပတိမင်း၏ သားကား **ရေဏုမည်၏။**
- ရေဏုမင်း၏ သားကား **ကုသမည်၏။**
- ကုသမင်း၏ သားကား **မဟာကုသ** မည်၏။
- မဟာကုသမင်း၏ သားကား **ဝဿဓမည်၏။**
- ဝဿဓမင်း၏ သားကား **ဒသရထမည်၏။**
- ဒသရထမင်း၏ သားကား **ရာမမည်၏။**
- ရာမမင်း၏ သားကား **ဝိလာသမည်၏။**
- ဝိလာသမင်း၏ သားကား **စိတ္တရဿိမည်၏။**

- စိတ္တရသီမင်း၏ သားကား **သမ္ပရသီမည်**၏။
- သမ္ပရသီမင်း၏ သားကား **သုဇာတမည်**၏။
- သုဇာတမင်း၏ သားကား **ဩက္ကာကရာဇ်မည်**၏။

ဝိဇိတသေနမင်းကစ၍ တစ်ကျိပ်ခြောက်ယောက်သော မင်းတို့သည်လည်း ဗာရာဏသီပြည်၌ ဖြစ်ကုန်၏။

မဟာသမ္မတမင်းမှစ၍ ဩက္ကာကရာဇ်တိုင်အောင် မင်းဆက်ကား **နှစ်သိန်း, ငါးသောင်း, နှစ်ထောင်, ငါးရာ, ငါးကျိပ်,** ခြောက်ယောက်တည်း။

✪✪✪✪✪✪✪✪✪✪

## ၉။ ကပိလဝတ်ပြည် တည်ထောင်ခြင်း

### ဩက္ကာကရာဇ်မင်း၏ သားတော်, သမီးတော်များ

ထိုရေတွက်ခဲ့ပြီးသော မင်းအပေါင်းတို့တွင် အဆုံးစွန်ဖြစ်သော ဩက္ကာကရာဇ်မင်း၌ မိဖုရားကား-

**ဟတ္ထာ, စိတ္တာ, ဇန္တု, ဇာလိနီ, ဝိသာခါ**-ဟူ၍ မိဖုရား ၅-ယောက်တို့သည် ရှိကုန်၏။ မိဖုရားတစ်ယောက် တစ်ယောက်၌ မောင်းမအခြွေအရံ ၅၀၀-စီ ရှိကုန်သတည်း၊

ထိုမိဖုရား ၅-ယောက်တို့တွင် ဟတ္ထာမိဖုရား၌-

**ဩက္ကာမုခ, ကရကဏ္ဍု, ဟတ္ထိနိက, သိနိသူရ** ဟူ၍ သားယောကျ်ား ၄-ယောက်၊

**ပိယာ, သုပ္ပိယာ, အာနန္ဒာ, ဝိဇိတာ, ဝိဇိတသေနာ**-ဟူ၍ သမီးမိန်းမ ၅-ယောက်တို့သည် ရှိကုန်၏။ ဟတ္ထာမိဖုရားလွန်ခဲ့သော် အဆင်းလှသော မင်းသမီးငယ်တစ်ပါးကို ဆောင်၍ မိဖုရားကြီး၏ အရာ၌ ထားပြန်၏။

ထိုမိဖုရားသည် ဇန္တုအမည်ရှိသော သားယောကျ်ားတစ်ယောက်ကို ဖွားလျှင် ဩက္ကာကရာဇ်မင်းကြီး နှစ်သက်သဖြင့် ဆုပေးမိချေ၏။ ထိုမိဖုရားသည် အဆွေအမျိုးတို့နှင့် တိုင်ပင်၍ မိမိသား၏ မင်းအဖြစ်ကို တောင်း၏၊ ဩက္ကာကရာဇ်မင်းကြီးသည် "သင်သည် ငါ၏သားကြီးတို့အား အန္တရာယ်ပြုခြင်း ငှါ အလိုရှိဘိ၏" ဟု ခြိမ်းချောက်၏။

ထိုမိဖုရားသည် မင်းကြီးကို အဖန်တလဲလဲ နှစ်သက်စေ၍ တောင်းပန်၏။ ထိုအခါ မင်းကြီးသည် မိဖုရားအလိုသို့ ပါသည်ဖြစ်၍ သားအကြီးတို့ကိုခေါ်၍ "ချစ်သားတို့၊ ငါသည် သင်တို့၏ ညီငယ်ကို မြင်၍ ထိုသူ၏ အမိအား ဆုပေးမိ၏။ ထိုအမိသည် သား၏ မင်းအဖြစ်ကို တောင်း၏။ သင်တို့သည် မင်္ဂလာရှိသော ဆင်, မြင်း, ရထားတို့ကို ထား၍ ကြွင်းသော ဆင်, မြင်း, ရထားတို့ကို အလိုရှိသည့်အတိုင်းယူ၍ ချမ်းသာရာသွား၍ နေလေကုန်၊ ငါလွန်သဖြင့် လာ၍မင်းပြုလှည့်ကုန်" ဆို၍ ရှစ်သောင်းသော အမတ်တို့နှင့်တကွ လွှတ်လိုက်၏။ ထိုသားကြီး ၄-ယောက်တို့သည် အထူးထူးအပြားပြား ငိုမြည်တမ်းကုန်၍ ခမည်းတော်မင်းကို၎င်း မင်းမောင်းမတို့ကို၎င်း "အကျွန်ုပ်တို့၏ အပြစ်ကို သည်းခံပါ" ဟု တောင်းပန်၍ ထွက်လေကုန်၏။ နှမ ၅-ယောက်တို့သည် " မောင်တို့နှင့် အတူလိုက်ကုန်အံ့" ဟု ခမည်းတော်ကို ပန်ကြား၍ လိုက်လေကုန်၏။ ထိုဩက္ကာမုခ အစရှိသော မင်းညီနောင် ၄-ယောက်တို့သည် နှမတို့ကို ယူ၍ စစ်အင်္ဂါ ၄-ပါးနှင့်တကွ မြို့မှ ထွက်လေကုန်၏။

"မင်းသားတို့သည် ခမည်းတော်လွန်သဖြင့် လာ၍ မင်းပြုကုန်လတ္တံ့၊ ငါတို့သည် လိုက်၍ လုပ်ကျွေးကုန်အံ့" ဟု များစွာကုန်သော ဗိုလ်ပါတို့သည် အစဉ်လိုက်လေကုန်၏။ ရှေးဦးစွာသောနေ့၌ တစ်ယူဇနာမျှသော စစ်သည်တို့သည် ပါကုန်၏။ ၂-ရက်မြောက်သောနေ့၌ ၂-ယူဇနာမျှသော စစ်သည်တို့သည် ပါကုန်၏၊ ၃-ရက်မြောက်သော နေ့၌ ၃-ယူဇနာရှိသော စစ်သည်တို့သည် ပါကုန်၏။ မင်းသားတို့သည် တိုင်ပင်ကုန်၏ "ဤစစ်သည်ဗိုလ်ပါတို့သည် များစွာ၏၊ တစ်စုံတစ်ယောက်သော သာမန္တရာဇ်မင်းကို နှိပ်စက်၍ တိုင်းကား ဇနပုဒ်ကို လုယူသော် ငါတို့အား မြစ်တားအံ့သောငှါ မစွမ်းနိုင်ကုန်၊ သူတစ်ပါးတို့အား နှိပ်စက်ခြင်းကို ပြုသဖြင့် အဘယ်မူစအံ့နည်း၊ ဤဇမ္ဗူဒီပါကျွန်းသည် အလွန်ကျယ်စွာ၏။ တောအရပ်၌ မြို့တည်ထောင်အံ့" ဟု တိုင်ပင်ကုန်၏။ ဟိမဝန္တာတောသို့ ရှေးရှုသွား၍ မြို့ရာရှာလေကုန်၏။

## ကပိလရသေ့ကျောင်းရာ၌ မြို့တည်ခြင်း

ထိုအခါ အရှင်ဂေါတမ အလောင်းတော်သည် ဗြာဟ္မဏမဟာသာလအမျိုး၌ ဖြစ်သဖြင့် ကပိလပုဏ္ဏားဟု ထင်ရှားကျော်စောစွာ ဖြစ်၍ ကာမဂုဏ်တရားကို စွန့်၍ ရသေ့ရဟန်းပြု၍ ဟိမဝန္တာတောအရပ်၌ တည်သော ရေကန်၏အနား အင်ကြင်းတော၌ သစ်ရွက်မိုးသော သင်္ခမ်းဖန်ဆင်း၍ နေ၏။ ထိုဘုရားလောင်း ကပိလရှင်ရသေ့သည် ဘူမိဇာလ အမည်ရသော အတတ်ကို တတ်သဖြင့် အတောင်-၈၀ မြင့်သော ကောင်းကင်၌၎င်း, အတောင်-၈၀ ဝင်လေသော အောက်မြေထဲ အရပ်၌၎င်း ကျေးဇူး, အပြစ်ကို မြင်နိုင်၏။

တစ်ခုသောအရပ်၌ မြက်ချုံနွယ်တို့သည် လက်ျာရစ်လည်ကုန်၍ အရှေ့မျက်နှာသို့သာ အညွှန့်နှာမောင်းတို့သည် ရှေးရှုထင်ကုန်၏။ ခြင်္သေ့, ကျားတို့သည် သမင်, ဝက်တို့ကို လိုက်သည်ရှိသော်, ကြောင်တို့သည် ကြွက်တို့ကို လိုက်သည်ရှိသော် ထိုအရပ်သို့ ဝင်ရောက်သော သမင်, ဝက်, ကြွက်တို့ကို အစဉ်လိုက်၍ နှိပ်စက်အံ့သောငှါ မဝံ့ကုန်၊ ထိုသမင်, ဝက်, ကြွက်တို့သည်လည်း ပြန်၍ ခြိမ်းခြောက် အံ့တုသကဲ့သို့ ထင်၍ ပြေးလေကုန်၏။

ထိုရသေ့သည် "ဤအရပ်ကား ရန်ကို အောင်နိုင်သော အရပ်တည်း" ဟု သိ၍ ထိုအရပ်၌ မိမိသင်္ခမ်းဆောက်၍ နေ၏။ ထိုအခါ မြို့ရာရှာကုန်သည်ဖြစ်၍ မိမိအနီးသို့ ရောက်လာသော မင်းသားတို့ကို မေး၍ ထိုအကြောင်းကို ကြားကုန်သော် ထိုမင်းသားတို့၌ အစဉ်သနားသဖြင့် သင်တို့သည် ငါနေသော တောအရပ်၌ မြို့ဖန်ဆင်းကုန်၊ ဤမြို့၌ဖွားသော ယောကျ်ားတို့တွင် တစ်ယောက် တစ်ယောက်သောသူသည် အရပ်တပါးမှလာသော ယောကျ်ား-၁၀၀ကိုရင်း ၁၀၀၀-ကိုရင်း နှိပ်စက်ခြင်းငှါ တတ်နိုင်လတ္တံ့၊ ဤမြို့သည် ဇမ္ဗူဒိပါကျွန်း၌ မြတ်သော မြို့ဖြစ်လတ္တံ့၊ ဤငါ၏သင်္ခမ်းရာ၌ မင်း၏အိမ်ကို ဖန်ဆင်းကုန်၊ ဒွန်းစဏ္ဍားသားဖြစ်ငြားသော်လည်း ဤငါ၏ သင်္ခမ်းရာ၌နေ၍ မင်းအဖြစ်ကို အလိုရှိသော် အလုံးစုံသော ဇမ္ဗူဒိပါကျွန်းကို အောင်၍ စကြဝတေးမင်းသည် ဖြစ်ရာ၏" ဟု အရှင်ကပိလရသေ့ မိန့်တော်မူ၏။ ထိုမင်းသားတို့လည်း "ဤအရပ်သည် အရှင်ကပိလရသေ့ နေတော်မူသော အရပ်ဖြစ်ပေသည်"ဟု လျှောက်ဆိုကုန်၏။ "ငါ၏ နေရာအရပ်ဖြစ်သည်-ဟု သင်တို့မကြံကုန်လင့်၊ ငါမူကား နံပါးတစ်ဖက်၌ သင်္ခမ်းဆောက်၍ နေရလတ္တံ့၊ ဤအရပ်၌ မြို့တည်ကုန်၊ ငါ၏ သင်္ခမ်းရာ၌ မင်းအိမ်ကို ဆောက်ကုန်၊ ဤမြို့ကို ကပိလဝတ္ထု-ဟူ၍ အမည်ခေါ်ဝေါ်ကုန်" ဟူ၍ ဘုရားလောင်း ရှင်ရသေ့ မိန့်တော်မူပြန်လေ၏။ ထိုမင်းညီနောင် ၄-ယောက်အမှူးရှိသော စစ်သည်ဗိုလ်ပါ အပေါင်းတို့သည် ထိုအရပ်၌ မြို့တည်၍ ကပိလဝတ္ထုပြည်ဟူ၍ သမုတ်၏။

## သာကီဝင်မင်းမျိုး-ဟု ထင်ရှားခြင်း

အမတ် ၈-ယောက်တို့နှင့်တကွ ထိုမင်းသားတို့သည် ထိုအရပ်၌ နေခြင်းကို ပြုကုန်၏။ ထိုသို့နေပြီး၍ မင်းသားတို့ အရွယ်ရောက်လတ်သော် အမတ်တို့ တိုင်ပင်ကုန်၏။ "အကယ်၍ ဤမင်းသားတို့သည် ခမည်းတော် အထံ၌ ဖြစ်ကုန်အံ့၊ အိမ်ရာ ထိမ်းမြားခြင်းကို ခမည်းတော် ပြုပေရာ၏၊ ယခု ဤအရပ်၌ မင်းသားတို့ အိမ်ထောင်ခြင်းငှါ ငါတို့၏ ဝန်ဖြစ်ချေတော့မည်" ဟု တိုင်ပင်ကုန်၏။ မင်းသား, မင်းသမီးတို့နှင့်လည်း တကွ တိုင်ပင်ကုန်သော်

မင်းသားတို့လည်း "ငါတို့သည် မင်းသမီးတို့ကို အလိုရှိကုန်၏။" မင်းသမီးတို့သည်လည်း "ငါတို့သည် မင်းသားတို့ကို အလိုရှိကုန်၏" ဟူ၍ ဆိုကုန်သဖြင့် "အမိမျိုးမှရင်း အဘမျိုးမှရင်း ၂-ပါးစုံမှ စင်ကြယ်သော မင်းသား, မင်းသမီးတို့ကို ရနိုင်ခဲကုန်၏။ အရှင်မင်းသားတို့သည် မောင်, နှမ အချင်းချင်း ချစ်သောနေခြင်းကို ပြုတော်မူကုန်" ဟူ၍ အမတ်တို့ လျှောက်ဆိုကုန်၏။

ထိုမင်းသားတို့သည် အမျိုးပျက်အံ့သည်ကို စိုးသောကြောင့် နှမအကြီးကို အမိအရာ၌ ထား၍ မင်းသား ၄-ယောက်တို့သည် အစဉ်အတိုင်း နှမတစ်ယောက် တစ်ယောက်နှင့်တကွ ပေါင်းဖော်ခြင်းကို ပြု၍ ပြည်တည်ထောင်လေကုန်၏။ ထိုအခါ ကပိလရသေ့လည်း ထိုမင်းတို့၏ ဆရာဖြစ်၍ ထိုမင်းသားတို့အား အကျိုးစီးပွားများအံ့သော အကြောင်းကို ဆုံးမတော်မူ၏။ ထိုမင်းသားတို့လည်း ဘုရားလောင်းကို ဆရာပြု၍ ပစ္စည်း ၄-ပါးတို့ဖြင့် လုပ်ကျွေးကုန်၏။ ထိုမင်းသားတို့သည် ဘုရားလောင်း ရှင်ရသေ့၏ အဆုံးအမ၌ တည်သောကြောင့်ရင်း မြတ်သောအရပ်၌ နေရသောကြောင့်ရင်း အဆုံးစွန်သော ဇမ္ဗူဒီပါကျွန်းကို အစိုးရသော မင်းဖြစ်ကုန်၏။ ထိုမင်းသားတို့ အမျိုးပျက်အံ့သည်ကို စိုးသောကြောင့် မောင်နှမချင်းချင်း အိမ်ရာစုံဖက်အကြောင်းကို ခမည်းတော် ဩက္ကာကရာဇ်မင်းကြီးကြားသဖြင့် "သကျာ ဝတ ဘော ကုမာရာ"ဟု ချီးမွမ်းတော်မူသောကြောင့်ရင်း သာကဝနသဏ္ဍာ၌ နေကြကုန်သောကြောင့်ရင်း ကပိလဝတ်ပြည်ကို တည်ထောင်သော ဩက္ကာမုခမင်းမှစ၍ သာကီဝင်မင်းမျိုး-ဟူ၍ ကျော်စောထင်ရှားလေသတည်း။

✪✪✪✪✪✪✪✪✪✪

## ၁၀။ ကောလိယပြည် တည်ထောင်ခြင်း

ထိုအခါ ဗာရာဏသီမင်းကြီးသည်လည်း ကိုယ်၌ နူနာရှိသည်ဖြစ်၍ ပြည်ကို အိမ်ရှေ့မင်းဖြစ်သော သားအား နှင်းခဲ့၍ တောအရပ်သို့ လာခဲ့၍ ကပိလဝတ်ပြည်နှင့် ၃-ယူဇနာခန့်ကွာသော တောအရပ်၌ အခေါင်းရှိသော ကလောပင်ကြီး၌ လေသာနန်းပြုတင်း တံခါးဖောက်၍ ခြင်္သေ့စားကွင်း, ကျားစားကွင်းတို့ကို ရှာမှီးစားသောက်လျက် ကလောပင်၏ အခေါင်း၌ နေ၏။ ကလောပင်၏ အငွေ့သင့်သဖြင့် ရှည်ကြာလတ်သော် ထိုနူနာပျောက်လေ၏။ ကပိလဝတ်ပြည်၌ မင်းညီနောင် မောင်နှမ ၈-ယောက်တို့ အမိအရာထားသော နှမအကြီး၌လည်း နူနာရှိသည် ဖြစ်၏။

မင်းသား, မင်းသမီးတို့၌လည်း သားငယ်, သမီးငယ်တို့သည် ပြန့်ပွားသည်ရှိသော် သားငယ်, သမီးငယ်တို့နှင့် ရောယှက်သဖြင့် နူနာပြန့်ပွားအံ့သည်ကို ကြောက်သောကြောင့် နူနာရှိသော နှမအကြီးကို အသက်ရှည်သမျှ မှိဝဲလောက်အောင်သော မျိုးရိက္ခာနှင့်တကွ တောသို့ဆောင်၍ ထိုဗာရာဏသီမင်း နေရာအရပ်မှ ဟစ်သံ, ကြော်(အော်)သံကြားလောက် ကောင်းသောအရပ်၌ တွင်းကြီးကျယ်စွာတူး၍ မိုး, ရေ, လေ စသော ဘေးအန္တရာယ် မဖြစ်ရအောင် လုံခြုံစွာ မိုးကာဖုံးအုပ်၍ သွား, လာ, တက်, သက်စိမ့်သောငှါ လှေကား လုပ်၍ ထား၏။

တရံရောအခါ ကျားတွေ့၍လူနံ့ဖြင့် အစာအလို့ငှါ ပြင်းစွာဟိန်းသော အသံကို မိန်းမဖြစ်၍ ကြောက်သောကြောင့် ဟစ်ကြော်(အော်)လေ၏။ ထိုအသံကို ဗာရာဏသီမင်း ညဉ့်က ကြား၍ မိုးသောက်လျှင် ထိုအသံကြားရာ အရပ်ကိုမှတ်၍ အစာရှာအံ့သောငှါ လာ၍ ထိုမင်းသမီးကိုတွေ့သဖြင့် အကြောင်းကို ပြောဆိုကြပြီးသော် ယူဆောင်၍ ကလောပင်ကြီး၌ သားခင်ပွန်းပြု၍ နေကြလေ၏။

ကလောငွေ့သင့်သဖြင့် မိဖုရားလည်း နူနာပျောက်လေ၏။ မိဖုရားလည်း အစုံ, အစုံ ၁၆-ကြိမ် ဖွားသဖြင့် သားယောကျ်ားချည်း သုံးကျိပ်နှစ်ယောက်ဖြစ်၏။ ထိုအခါ ဗာရာဏသီမှ တောဖျားလွန်သော မုဆိုးနှင့်တွေ့ကြ၍ အကြောင်းခြင်းရာ အလုံးစုံကို ကြားသိပြီးသော် မုဆိုးပြန်၍ သားတော်မင်းအား ကြားလျှောက်လေသော် အဘကို ယူအံ့သောငှါ ၃-ယူဇနာမျှသော စစ်သည်ဗိုလ်ပါနှင့်တကွ လာသော်လည်း "မလိုက်ပြီ" ဟု ထိုအရပ်တွင် မြို့တည်၍ ကလောပင်ကို ခုတ်လှည်း၍ ကလောပင်ရာတွင် နန်းဆောက်၍ ပြည်ရွာတည်ထောင်၍ နေ၏။

ကလောပင်ရာတွင် တည်ထောင်သောကြောင့် ထိုပြည်ကို ကောလိယ-ဟု သမုတ်၏။

[ ဤမျှသော စကားအစဉ်သည်ကား အရှင်ဂေါတမဘုရား ဖြစ်တော်မူလတ္တံ့- ပြည် ဖြစ်သော ကပိလဝတ်ပြည်, သာကီဝင်မင်းမျိုးတို့ အစဖြစ်ဟန်ကို ဆိုသောစကား တည်း]

✪✪✪✪✪✪✪✪✪✪✪

## ၁၁။ ကပိလဝတ်ပြည် သာကီဝင်မင်းဆက်

ဤသို့အစစ္စာ သာကီဝင်မင်းမျိုးဟူ၍ ဩက္ကာမုခမင်း တည်ထောင်အပ်သော ကပိလဝတ်ပြည်၌ မင်းဆက်ကား-

**ဩက္ကာမုခမင်း**၊ ထိုမင်း၏သား **နိပူရ**၊ နိပူရမင်း၏သား **စန္ဒိမ**၊

စန္ဒိမမင်း၏သား **စန္ဒမုခ**၊ စန္ဒမုခမင်း၏သား **သိဝိ**၊

သိဝိမင်း၏သား **သဉ္စယ**၊ သဉ္စယမင်း၏သား **ဝေဿန္တရာ**၊

ဤဝေဿန္တရာမင်းကား အရှင်ဂေါတမအလောင်းတော် အဆုံးစွန်ဖြစ်သော မင်းတည်း။

ဝေဿန္တရာမင်း၏သား **ဇာလီ**၊ ဇာလီမင်း၏သား **သီဟဝါဟန**၊

သီဟဝါဟနမင်း၏သား **သီဟဿရ**၊

ဤရေတွက်ခဲ့ပြီးသော နိပူရ အစရှိသော ၉-ယောက်သော မင်းတို့သည် ဩက္ကာမုခမင်း၏ သား, မြေးတို့တည်း။ သီဟဿရမင်း၏ မြေး, မြစ်ဖြစ်သော မင်းဆက်တို့ သည်ကား ရှစ်သောင်း, နှစ်ထောင်တို့တည်း။ ရှစ်သောင်း, နှစ်ထောင်တို့တွင် အဆုံးစွန်ကား ဇယသေနမင်းတည်း။ ဇယသေနမင်းသည် အရှင်ဂေါတမဘေးတော်တည်း။

ဤဩက္ကာမုခ မင်းမှစ၍ ဇယသေနမင်းတိုင်အောင် **ရှစ်သောင်း, နှစ်ထောင်,** တစ်ကျိပ်သော မင်းတို့သည် ကပိလဝတ်ပြည်၌ဖြစ်သော မင်းဆက်တို့တည်း။ ဇယသေနမင်း၏ သားကား သီဟဟနု, သမီးကား ယသောဓရာ ဟူ၍ သား, သမီး ၂-ယောက်ရှိသတည်း။

"ဘေးတော်ဇယသေနမဖြစ်မီ ရှေးအထက်က သာကီဝင်မင်းတို့ ရေဖျန်းကစားရာ ရေအိုင် အနီး၌ မင်းတဲဆောက်၍ ထိုမင်းတဲကို အမှီပြု၍ ပြည်ကြီးဖြစ်၏၊ ထိုပြည်ကြီးသည် ထိုရေအိုင်ကိုစွဲ၍ ဒေဝဒဟဟု တွင်၏၊ ထိုပြည်၌ဖြစ်သော သာကီဝင်မင်းတို့သည် ဒေဝဒဟ သာကီဝင်တွင်ကုန်၏။ ထိုဒေဝဒဟပြည်၌ ဒေဝဒဟမင်း၏သားကား အဥ္စနတည်း၊ သမီး တော်ကား ကဥ္စနာတည်း၊ ဤသို့ သား, သမီး ၂-ယောက်ရှိသည်"။

ဇယသေနမင်း၏သား သီဟဟနုနှင့် ဒေဝဒဟမင်း၏သမီး ကဥ္စနာကို ထိမ်းမြား၏။ ထိမ်းမြားရာတွင် မြင်သည်ကား-

သုဒ္ဓေါဒန, ဓောတောဒန, သုက္ကောဒန, သက္ကောဒန, အမိတောဒန- ဟူ၍ သားယောကျ်ား ၅-ယောက်တည်း။

**အမိတာ, ပါလိတာ-** ဟူ၍ သမီး မိန်းမ ၂-ယောက်တည်း။

ဒေဝဒဟမင်း၏သား **အဥ္စနနှင့်** ဇယသေနမင်း၏သမီး **ယသောဓရာကို** ထိမ်းမြား၏။ ထိမ်းမြားရာတွင် မြင်သည်ကား-

သမီး **မဟာမာယာ, ပဇာပတိ** ဟူ၍ ၂-ယောက်၊

သားယောက်ျားကား **သုပ္ပဗုဒ္ဓ, ဒဏ္ဍပါဏိ**-ဟူ၍ ၂-ယောက်၊

ပေါင်း ၄-ယောက်တည်း။

ဒေဝဒဟပြည်၌ အရှင်ဂေါတမ၏ ဘိုးတော် **အဥ္စနမင်း** လက်ထက် လောကီချွန်ကိုရသော အရှင်ဒေဝိလရသေ့ပေါ် ရှိ၍ အရှင်ဒေဝိလရသေ့နှင့် ဘိုးတော် အဥ္စနမင်းတိုင်ပင်၍ ရှိသည့်နှစ် ကောဇာသက္ကရာဇ် ရှစ်ထောင်, ခြောက်ရာ, လေးဆယ်(၈,၆၄၀)ပြည့်ကို တပေါင်းလကွယ်၊ စနေနေ့တွင် ချေ၍ တန်ခူးလဆန်း ၁-ရက်၊ တနင်္ဂနွေနေ့ကို အစပြု၍ သက္ကရာဇ် ၁-ခု-ဟု ထားသည်။ သူဇိမာတ်, ပဥ္စတား, နာရီ အစရှိသော အလုံးစုံသော ဗေဒင်ကျမ်း တိမ်းယိမ်း ယိုးယွင်းသည်ကို ဖြောင့်မတ်အောင် ပြင်ဆင်၍ ထားသည်။ ဘိုးတော် အဥ္စနမင်း ထားသော သက္ကရာဇ် ၁၀-ခု၊ ဝါဆိုလပြည့်၊ စနေနေ့၊ နေထွက်အခါတွင် **သုဒ္ဓေါဒနမင်းကြီးကို** ဖွားမြင်တော်မူသည်။

✪✪✪✪✪✪✪✪✪✪

## ၁၂။ မယ်တော်မာယာ အတ္ထုပ္ပတ္တိ

### မဒ္ဒရာဇ်မင်းသမီးဖြစ်ခြင်း

အရှင်ဂေါတမဘိုးတော် အဥ္စနမင်းထားသည့် သက္ကရာဇ် ၁၂-ခုတွင် မဟာမာယာကို ဖွားမြင်သည်။ သိရီမဟာမာယာ အတ္ထုပ္ပတ္တိကား-ဤသို့တည်း။

ဝိပဿီမြတ်စွာဘုရား ဖြစ်သောကာလ၌ မြတ်စွာဘုရားမယ်တော် အလောင်းသည် **ဗန္ဓုမမင်းကြီး၏ သမီးအကြီး** ဖြစ်၍ ခမည်းတော် မင်းကြီးပေးအပ်သော အဖိုးအနဂ္ဃဖြစ်သော စန္ဒကူးနံ့သာနှစ်ကို ရသဖြင့် သိမ်မွေ့လှစွာသော အမှုန့်ကိုပြု၍ ရွှေပန်းတောင်းဖြင့်ယူ၍ ဆီမီးအခိုးအထုံ ပန်းနံ့သာတို့ကိုလည်း ယူ၍ အခြံအရံတစ်ထောင်နှင့်တကွ ခေမမိဂဒါယတောကျောင်း၌ မြတ်စွာဘုရား အထံသို့သွား၍ ရွှေအဆင်းနှင့်တူသော မြတ်စွာဘုရားကိုယ်တော်ကို စန္ဒကူးမှုန့်ဖြင့် ပူဇော်၍ အကြွင်းကိုလည်း ဂန္ဓကုဋီတိုက်တော်၌ ကြဲ၍ "လူ ၃-ပါးတို့၏ ခရီးညွှန်ဖြစ်တော်မူသော အရှင်ဘုရား၊ ဤပြုပါရသော ကောင်းမှုကြောင့်

နောင်အခါ၌ အကျွန်ုပ်သည် အရှင်ဘုရားကဲ့သို့သော မြတ်စွာဘုရား၏ မယ်တော် ဖြစ်ပါရလို၏”ဟူ၍ ဆုတောင်း၏။ ဝိပဿီ မြတ်စွာဘုရားလည်း “နောင်ဂေါတမမြတ်စွာ ဘုရား၏ မယ်တော် ဖြစ်လတ္တံ့”ဟု ဗျာဒိတ်ကြားတော်မူ၏။

ထိုဒါယိကာမသည် အသက်အတိုင်းနေ၍ စုတေသော် နတ်ပြည်၌ ဖြစ်လေ၏။ နတ်ပြည်ကသည် လူ့ပြည်၊ လူ့ပြည်ကသည် နတ်ပြည် ကျင်လည်သဖြင့် ကဿပမြတ်စွာ ဘုရား ဖြစ်တော်မူသောအခါ ဗာရာဏသီပြည်၌ ကိကီမင်း၏ သမီး ၇-ယောက်တွင် နောက်ဆုံးမြောက် သံဃဒါသီအထက် **သုဓမ္မာ** အမည်ရှိသော သမီးဖြစ်လာ၍ မြတ်စွာ ဘုရား တရားတော်ကို ကြား၍ လေးသိန်းသော သံဃာတော်နှင့်တကွ မြတ်စွာဘုရားအား အလှူကြီးကို ပေး၏။ ထိုကိုယ်အဖြစ်မှ စုတေသော် နတ်ပြည်၌ ဖြစ်လေ၏။ နတ်ပြည်, လူ့ပြည်ကျင်လည်၍ နောက်အဖို့၌ သိကြားမင်း၏ မိဖုရားဖြစ်၏။ ထိုကိုယ်အဖြစ်မှ စုတေ သော် လူ့ပြည်သို့လာ၍ မဒ္ဒရာဇ်တိုင်း၌ မဒ္ဒရာဇ်မင်း၏ သမီးဖြစ်လာ၏။ **ဖုဿတီ** အမည်ရှိ ၏။ ကပိလဝတ်ပြည်၌ သြက္ကာမုခမင်းမှစ၍ ၅-ဆက်မြောက်ဖြစ်သော သိဝိမင်း၏သား **သိဉ္စယ**နှင့် ထိမ်းမြား၍ ဝေဿန္တရာမယ်တော် ဖြစ်လာ၏။

## အဥ္စနမင်း၏ သမီးဖြစ်ခြင်း

ထိုအဖြစ်မှ စုတေသော် တုသိတာနတ်ပြည်၌ ဖြစ်လေ၏။ တုသိတာမှ စုတေ၍ ဒေဝဒဟပြည်၌ အဥ္စနမင်းကြီး၏ မိဖုရား ယသောဓရာဝမ်း၌ ခမည်းတော် အဥ္စနမင်းထား သော သက္ကရာဇ် ၁၀-ခု၊ တပို့တွဲလပြည့်ကျော် ၂-ရက်၊ တနင်္ဂနွေနေ့တွင် စွဲဝင်လာ၍ ၎င်းသက္ကရာဇ် ၁၂-ခု၊ နတ်တော်လပြည့်ကျော် ၂-ရက်၊ တနင်္လာနေ့တွင် ဖွားမြင်၏။ အလွန် သော လက္ခဏာနှင့် ပြည့်စုံ၏။ ကောင်းခြင်း ၅-ပါးနှင့် ပြည့်စုံ၏။ ဆုံးမအပ်သော ဣန္ဒြေရှိ၏။ ကောင်းစွာ စောင့်ရှောက်အပ်သော ပဥ္စသီရှိ၏။ ခြေဖဝါး, လက်ဖဝါးတို့သည် ညီညွတ်သော အပြင်ရှိကုန်၏။ အထူးထူးသော အဆင်းနှင့် ပြည့်စုံ၏။

ထိုသတို့သမီး၏ ကျော, ရင်, နံပါးတို့သည် စိတ္တလတာဥယျာဉ်၌ ရွှေရွက်ပတ်ဖြင့် ဖုံးအပ်သော ရွှေငှက်ပျောပင်ကဲ့သို့ တင့်တယ်၏။ ၆၄-ပါးသော လက္ခဏာတို့နှင့် ပြည့်စုံ၏။ ယာမာနတ်ပြည် ပတ္တမြားဗိမာန်၌ နေသော နတ်သမီးကဲ့သို့ တပါးသောသူအား နှလုံး မွေ့လျော်ဖွယ်ရှိ၏။ လပြည့်ဝန်းနှင့်တူသော မျက်နှာရှိ၏။ ဖွား၍ တစ်နှစ်ရှိပြီးသော သမင်မ၏ မျက်စိကဲ့သို့ ညိုသော မျက်စိရှိ၏။ ကရဝိတ်ငှက်၏ အသံကဲ့သို့ သာယာသော အသံရှိ၏။ မြင်တိုင်း, မြင်တိုင်းသော သူတို့သည် သတို့သမီး၏ကိုယ်၌ ထားအပ်သော မျက်စိရှိ၏။

ဤသို့ခပ်သိမ်းသော လက္ခဏာတို့နှင့် ပြည့်စုံသော သတို့သမီးကိုမြင်၍ ခမည်းတော် အဥ္စနမင်းကြီးအား အတိုင်းအရှည်ကိုလွန်သော ချစ်ခြင်း, နှစ်လိုခြင်းသည် ဖြစ်၏။ ထိုသတို့သမီးအား အမည်မှည့်အံ့သောနေ့၌ တစ်သိန်းသော သတို့သမီးငယ်တို့ကို ဆောင်ချေစေ၍ ခြံရံစေပြီးမှ လက္ခဏာဖတ်တတ်သော ပုဏ္ဏားတို့ကိုခေါ်စေ၍ သမီးတော်ကိုပြ၍ လက္ခဏာကြီး, ငယ်တို့ကို ကြည့်စေ၏။ ဗေဒင် ၃-ပုံတို့၌ အပြီးသို့ရောက်ကုန်ပြီးသော ပုဏ္ဏားတို့သည် ခပ်သိမ်းသော လက္ခဏာတို့နှင့် ပြည့်စုံသော, ကိုယ်၏အရောင်ဖြင့် တောက်ပသော, အံ့ဖွယ်သရဲရှိသော, မိန်းမ၏အဖြစ်ဖြင့် အဆုံးစွန်သော ကိုယ်၏အဖြစ်၌ တည်သော, နေအရောင်နှင့်ပေါင်းမိသဖြင့်ပွင့်သော ပဒုမာကြာကဲ့သို့ ပြုခဲ့ပြီးသော ကောင်းမှုကြောင့်ပြီးသော, အင်္ဂါကြီး, ငယ်လက္ခဏာတို့ဖြင့် ကောင်းစွာပွင့်သော သတို့သမီးငယ်ကို မြင်၍ အံ့ဖွယ်သရဲဖြစ်သဖြင့် အထူးထူးအပြားပြား ချီးမွမ်းကုန်၏။

အဥ္စနမင်းကြီးအား ကြားပေကုန်၏။

"အရှင်မင်းကြီး၊ သမီးတော်သည် အလွန်အဆင်းလှစွာ၏။ နတ်ပြည်၌၎င်း, လူ့ပြည်၌၎င်း ခပ်သိမ်းသော မိန်းမတို့သည် ဤသမီးတော်နှင့် မတူကုန်၊ ဤသတို့သမီး၏ အာနုဘော်အားဖြင့် ၃-ပါး အပြားရှိသော စည်းစိမ်ချမ်းသာနှင့် ပြည့်စုံရာ၏"ဟု ကြားကုန်သော် မင်းကြီးလည်း ပုဏ္ဏားတို့ကို "ဤသတို့သမီးသည် စကြဝတေးမင်း၏ မိဖုရားတည်းဖြစ်လတ္တံ့လော၊ ထိုသတို့သမီး၏ဝမ်း၌ ကိန်းဝပ်သောသားသည် လူ, နတ်တို့အား ခပ်သိမ်းသော ချမ်းသာကို ပေးတတ်သော သစ္စာ ၄-ပါးတရားကို သိတတ်သော ဘုရားဖြစ်လတ္တံ့လော" ဤသို့မေး၏။ "အရှင်မင်းကြီး၊ အရှင်မင်းကြီး၏ သမီးတော်သည် မြတ်စွာဘုရားမယ်တော်ဖြစ်လတ္တံ့ စင်စစ်လျှင်မှန်၏"ဟု ကြားကုန်၏။ ထိုစကားကို ကြား၍ အလွန်နှစ်သက်ဝမ်းမြောက်သည်ဖြစ်၍ ရတနာ ၇-ပါးတို့ဖြင့် စီအပ်သော ဧယင်ကို ပြုစေ၍ ကောင်းသော နက္ခတ်နှင့်ယှဉ်လျက် ကြီးစွာသော ပွဲလမ်းသဘင်ဖြင့် ပုခက်တင်သော မင်္ဂလာပြု၍ အလွန်သော အသရေ အရောင်၏ ပြည့်စုံခြင်းကြောင့် သိရိမဟာမာယာ-ဟူသော အမည်ကို မှည့်ကုန်၏။

ထိုသိရိမဟာမာယာ အမည်ရှိသော သတို့သမီးသည် များစွာသော အခြံအရံဖြင့် ကြီး၍ ၁၆-နှစ် အရွယ်ရောက်သောအခါ၌ မြို့၏ အလယ်၌ မြင့်စွာသော တောင်၏ အထိပ်၌ တစ်ခဲနက်သော အလျှံနှင့်တကွဖြစ်သော အရပ် ၄-မျက်နှာမှ ထင်ရှားသော မီးရှူးစည်းကဲ့သို့ ကိုယ်မှထွက်သော အရောင်ဖြင့် တောက်ပလျက် အလွန်သော အဆင်းကို ဆောင်သည်ဖြစ်၍ ထင်ရှားဖြစ်၏။

## သိရိမဟာမာယာ၏ အံ့ဖွယ် ၁၂-ပါး

ထိုသိရိမဟာမာယာ အမည်ရှိသော သတို့သမီးအား ၁၂-ပါးသော အံ့ဖွယ်တို့သည် ဖြစ်ကုန်၏။

၁။ ထိုသတို့သမီးသည် တစ်နေ့သ၌ တစ်ကွမ်းစားဆန်ဖြင့် ချက်သော ထမင်းအိုးကို အနီး၌ထား၍ ရွှေယောင်းမကို ကိုင်၍ အသက်ရှည်သော ကာလပတ်လုံး ဇမ္ဗူဒီပါကျွန်းသူတို့အား ပေးသော်လည်း မကုန်နိုင်၊ အဖန်တလဲလဲ ပြည့်သည်သာ လျှင်တည်း။ ဤလည်း အံ့ဖွယ်တစ်ပါး,

၂။ အနာနှိပ်စက်သော သူကို ထိုသတို့သမီးလက်ဖြင့် သုံးသပ်သော် ရောဂါလွတ်၍ အသက်ရှည်၏။ ဤလည်း အံ့ဖွယ်တစ်ပါး,

၃။ ထိုသတို့သမီးသည် သစ်ပင်၌ သစ်ရွက်ကို ကိုင်သည်ရှိသော် ကိုင်တိုင်း, ကိုင်တိုင်းသော သစ်ရွက်တို့သည် ရွှေရွက်ချည်းသာ ဖြစ်ကုန်၏။ ဤလည်း အံ့ဖွယ်တစ်ပါး,

၄။ ထိုသတို့သမီးသည် သစ်သီးမျိုးစေ့တို့ကို လက်ဖြင့်စိုက်၍ ရေသွန်းအံ့၊ ထိုခဏ၌ ပင်စည်ဖြစ်၍ အခက်, အရွက်, အပွင့်, အသီးကို ဆောင်၏။ ဤလည်း အံ့ဖွယ်တစ်ပါး,

၅။ ရေမရှိသော တောင်ထိပ်၌ ထိုသတို့သမီး ရေမွတ်၏-ဟူ၍ဆိုအံ့။ ထန်းလုံးမျှလောက်သော ရေအလျဉ်သည် ထိုသတို့သမီး၏ ရှေ့၌ မြေကိုခွဲ၍ ဖောက်၏။ ဤလည်း အံ့ဖွယ်တစ်ပါး,

၆။ ထိုသတို့သမီးသည် ကစားအံ့သောငှါ အကြင်အရပ်သို့သွား၏။ ထိုအရပ်၌ ဘုမ္မစိုး, ရုက္ခစိုး, အာကာသစိုးနတ်တို့သည် နတ်၌ဖြစ်သော အာဟာရကို ရွှေအခွက်၌ ပြည့်စေ၍ ထိုသတို့သမီးအား ဆက်လာကုန်၏။ ထိုအစာ အာဟာရကို အခြံအရံနှင့်တကွ သတို့သမီး စားရ၏။ ဤလည်း အံ့ဖွယ်တစ်ပါး,

၇။ ထိုသတို့သမီးသည် မပျော်မရွှင်၍ ဥယျာဉ်, တော, တောင်သို့ သွားအံ့၊ ဥယျာဉ်, တော, တောင်၌ စောင့်သော နတ်တို့သည် ရေ, နံ့သာဖြင့် ချိုးစေ၍ နတ်၌ဖြစ်သော တန်ဆာတို့ဖြင့် တန်ဆာဆင်စေကုန်၏။ ဤလည်း အံ့ဖွယ်တစ်ပါး,

၈။ ထိုသတို့သမီးသည် ကျက်သရေတိုက်သို့ဝင်၍ အခြံအရံတို့နှင့်တကွ အိပ်အံ့၊ ၈-ယောက်သော ဘီလူးနတ်တို့သည် ဝရဇိန်သန်လျက်ကို ကိုင်၍ ဘေးအန္တရာယ် ပျောက်စိမ့်သောငှါ စောင့်လာကုန်၏။ ဤလည်း အံ့ဖွယ်တစ်ပါး,

၉။ ထိုသတို့သမီးသည် နေလေရာ, သွားလေရာ, ရပ်လေရာ, ကစားမြူးထူးရာတို့၌ ပုဆိုးဝတ်ဆင် လူအသွင်ကို ဆောင်ကုန်လျက် ဘီလူးနတ်မင်းတို့ စောင့်ကုန်၏။ ဤလည်း အံ့ဖွယ် တစ်ပါး,

၁၀။ ပူအိုက်သောအခါ ဟိမဝန္တာ၌နေသော နတ်တို့သည် အိုင်ကြီး ၇-အိုင်တို့မှ ရေကို ရွှေအိုးဖြင့်ဆောင်၍ သတို့သမီးကို ချိုးစေကုန်၏။ ဤလည်း အံ့ဖွယ်တစ်ပါး,

၁၁။ ချမ်းသောအခါ ဟိမဝန္တာတောင်၌ ပေါက်သော ပဒေသာပင်မှ အလျား အတောင်-၈၀, အနံအတောင်-၄၀ရှိသော နတ်ပုဆိုးကို ယူ၍ သတို့သမီးအား ပေးဆက်ကုန်၏။ ဤလည်း အံ့ဖွယ်တစ်ပါး,

၁၂။ ထိုမြို့၌ နေကုန်သော ဆင်းရဲသား, ရဟန်း, ပုဏ္ဏားတို့ကိုမြင်၍ ရွှေ, ငွေ, ဥစ္စာတို့ကို ပေးချင်သော စိတ်သည် ထိုသတို့သမီးအား ဖြစ်အံ့၊ ကောင်းကင်မှ ရတနာ-၇ ပါး မိုးတို့သည် ရွာကုန်၏၊ ထိုရတနာတို့ကိုယူ၍ ထိုသူတို့အား ပေးရ၏။ ဤလည်း အံ့ဖွယ်တစ်ပါး,

ထိုသိရိမဟာမာယာ သတို့သမီးအား ဤ၁၂-ပါးသော အံ့ဖွယ်တို့သည် ထင်ရှား ဖြစ်ကုန်၏။ အရွယ်သို့ရောက်သော် ထိုသတို့သမီးကို ခရီးသွားသော သူတို့သည် မြင်ကုန်အံ့၊ ခရီး၌ တွေ့ဝေကုန်၏။ ထမင်းစားစဉ် မြင်ကုန်အံ့၊ ထမင်းဆုပ်ကို နား, နှာခေါင်းတို့သို့ သတိချွတ်ယွင်း၍ သွင်းမိကုန်၏။ မြင်တိုင်း, မြင်တိုင်းသော ယောကျ်ားတို့သည် ချစ်ခြင်း, နှစ်လိုခြင်း ပြင်းစွာ ဖြစ်ကုန်၏။

✪✪✪✪✪✪✪✪✪✪

## ၁၃။ သုဒ္ဓေါဒနအတွက် မိဖုရားလောင်း ရှာပုံ

ထိုသိရိမဟာမာယာ ၁၆-နှစ်အရွယ်ရောက်သောအခါ ကပိလဝတ်ပြည်၌ သီဟဟနုမင်းကြီး၏ သားတော် သိရိသုဒ္ဓေါဒနမင်းသားလည်း ၁၈-နှစ်အရွယ်ရောက်သဖြင့် "ယခုအခါ၌ ငါ၏ သားတော်အား မင်း၏ အဘိသိက်ပေးအံ့၊ မြတ်သော အမျိုး၌ဖြစ်သော ၆၄-ပါးသော လက္ခဏာနှင့် ပြည့်စုံသော သီလအကျင့်နှင့် ပြည့်စုံသော တင့်တယ်ခြင်း အထွတ်သို့ရောက်သော မိဖုရားကြီးအရာ၌ ထားထိုက်သော သတို့သမီးကို ရအပ်၏" ဟု ကြံ၍ မိန်းမလက္ခဏာ, ယောကျ်ားလက္ခဏာတို့၌ လိမ်မာကုန်သော ဗေဒင် ၃-ပုံတို့ကို အကုန်အစင် တတ်ကုန်သော ပုဏ္ဏား ၈-ယောက်တို့ကို ခေါ်၍-

"ဆရာပုဏ္ဏားတို့ ငါ၏သားတော် အလို့ငှါ ခပ်သိမ်းသော အရပ်တို့ကို သွားချေကုန်၊ သီလသီတင်းနှင့် ပြည့်စုံသော ၆၄-ပါးသော မိန်းမလက္ခဏာနှင့် ပြည့်စုံသော အလွန်အဆင်းလှသော သတို့သမီး ရတနာကို ဆောင်ချေကုန်၊ ငါ၏သားတော်ကို သတို့သမီး ရတနာနှင့်တကွ ရတနာ ၇-ပါးတို့၏ အစုထက်၌ နေစေ၍ မြတ်သောမင်း၏ အဖြစ်၌ အဘိသိက်သွန်းအံ့။ ခြောက်သန်းသော သာကီဝင်မင်းတို့၏ အလယ်၌ အစိုးရသော ဧကရာဇ်မင်း၏ အရာ၌ ထားအံ့။ တစ်ရာအလွန်ရှိသော ထီးဆောင်းမင်းတို့ထက် ငါ၏သားတော် သိရိသုဒ္ဓေါဒနမင်းသားသည် မြတ်၏။ ထို့ကြောင့် သင်တို့ သတို့သမီးရတနာ ရှာအံ့သောငှါ သွားချေကုန်"-

ဟု-မိန့်တော်မူ၍ ရှစ်ထောင်သော အသပြာတို့ကို ပုဏ္ဏားတို့အား ပေး၍ ၆၄-ပါးသော လက္ခဏာနှင့် ပြည့်စုံသော မိဖုရားမြတ်အရာ၌ ထားထိုက်သော သမီးကညာ ရတနာကို ရှာစိမ့်သောငှါ ပုဏ္ဏား ၈-ယောက်တို့ကို သီဟဟနုမင်းကြီး စေလွှတ်တော်မူလိုက်၏။

## ပုဏ္ဏားတို့ မိန်းမောမူးဝေကြခြင်း

ထိုရောအခါ၌ နွေသစ်ဥတု ဆန်းလတ်သော် သိရိမဟာမာယာ သတို့သမီးသည် တောဉယျာဉ် ကစားလိုသဖြင့် ခပ်သိမ်းသော တော, တောင်, ဉယျာဉ်, သစ်ပင်နွယ်တို့သည် အသီးအပွင့်နှင့် ပြည့်စုံသော တန်ခူးလပြည့်နေ့၌ နံနက်စောစောကလျှင် အထူးထူးသော အစာအာဟာရတို့ကို ချက်ပြုတ်စေ၍ ယူအပ်သည်ကို ယူဆောင်၍ အမိအဖတို့ကို ပန်ကြား၍ တစ်သိန်းသော မောင်းမတို့ဖြင့်ခြံရံ၍ မြို့မှထွက်၍ တောင်ထိပ်၌တည်သော နှလုံးမွေ့လျော်ဖွယ်ရှိသော ဉယျာဉ်သို့ ဝင်လေ၏။

ထိုတောင်ဝှမ်းမှထွက်သော အထူးသဖြင့် စင်ကြယ်သန့်ရှင်းသော, မနောက်သော, သစ်ပင်သစ်ခက်, ဝါးရုံအရိပ်တို့ဖြင့် ဖုံးလွှမ်းသည်ဖြစ် ၍ ချမ်းအေးမြိန်မြတ်သော ရေရှိသော သီတာအမည်ရှိသော မြစ်သည်ရှိ၏။ ထိုတောင်ကြား ချောက်၌စီးသော သီတာမြစ်၌ ထိုသတို့သမီးသည် အခြွေအရံတို့နှင့်တကွ ရေချိုးကစား၍ မြစ်မှတက်၍ ချောက်ကမ်းနား၌ စားသောက်ကုန်ပြီးသော် အထူးထူးသော ပန်းပွင့်တို့ကို ဆွတ်၍ တတ်လှစွာသော ပန်းသမားသီကုံးသကဲ့သို့ အထူးထူးသော ရုပ်ကြီး, ရုပ်ငယ်တို့ဖြင့် တန်ဆာဆင်အပ်သော ပန်းကုံးကိုပြု၍ သစ်ပင်ရိပ်၌ အထူးထူးသော စည်, စောင်းငြင်း, သီချင်း, အဲအံတို့ဖြင့် ဉယျာဉ် ကစားကုန်၏။

ထိုအခါ သီဟဟနုမင်းကြီး စေအပ်သော ပုဏ္ဏား ၈-ယောက်တို့သည် ထိုထိုသို့သော ရွာ, နိဂုံး, ဇနပုဒ်, မြို့တို့၌ မြတ်သောမင်းမျိုး, မင်းနွယ်, အိမ်ရှေ့မင်း, စစ်သူကြီး, အမတ်,

သူဌေးတို့၏ အမျိုးအနွယ်တို့၌ ၆၄-ပါးသော လက္ခဏာနှင့် ပြည့်စုံသော မိဖုရားကြီးအရာ၌ ထားထိုက်သော သတို့သမီးကို စူးစမ်းရှာဖွေကုန်သော် မရကုန်၊ ၁၈-ပါးသောလက္ခဏာနှင့် ပြည့်စုံသော သတို့သမီးကိုမျှလည်း မရကုန်သည်ဖြစ်၍ ထိုထိုသို့သောအရပ်မှ ပြန်ခဲ့ကုန်၍ သာကီဝင်မင်းတို့၏ အမျိုးအနွယ်တို့၌ ကြည့်ရှုရှာဖွေသော် မရကုန်သည်ဖြစ်၍ ထိုပုဏ္ဏားတို့သည် သီဟဟနုမင်း၏ ယောက်ဖတော် အဥ္စနမင်း၏ပြည် ဒေဝဒဟသို့ လာခဲ့ကုန်၍ အစဉ်သဖြင့် သိရိမဟာမာယာမင်းသမီး ကစားသော ဥယျာဉ်သို့ရောက်၍ အထူးထူးသော ပန်းပွင့်၊ သစ်သီးတို့ကို ဆောင်သော အထူးထူးသော သစ်ပင်တို့ဖြင့် တင့်တယ်သော တောင်ထိပ်ဥယျာဉ်ကိုရင်း တောင်ဝှမ်းမှထွက်၍ တောင်ကြားချောက်ဖြင့်စီးသော သန့်ရှင်း စင်ကြယ်သော သီတာမြစ်ရေကိုရင်း မြင်၍ "စည်၊ စောင်းငြင်း၊ သီချင်း၊ အဲအံတို့ဖြင့် လှည့်လည်၍ ဥယျာဉ်၌ တစ်ယောက်သော မင်းသည် အခြွေအရံတို့နှင့်တကွ ဥယျာဉ်ကစား၏။ ငါတို့သိရအောင် ဝင်ကုန်အံ့" ဟူ၍ ဥယျာဉ်တွင်းသို့ ဝင်ကြလေသော် ကခြင်း၊ သီခြင်း၊ စည်၊ စောင်းငြင်း၊ ပဥ္စင်တူရိယာတို့ဖြင့် တီးမှုတ်ကုန်သော မင်းမောင်းမ တစ်သိန်းတို့ဖြင့် ခြံရံအပ်သော သဘင်ကို မြင်လေကုန်၏။

ထိုသဘင်၏ အလယ်၌ ရတနာ ၇-ပါးတို့ဖြင့် စီရင်အပ်သော ပလ္လင်ထက်၌နေသော သတို့သမီးကိုလည်း တုသိတာနတ်ပြည်၌ များစွာသော နတ်သမီးတို့ဖြင့် ခြံရံအပ်သော သန္တုသိတနတ်သမီးကို မြင်သကဲ့သို့ အလုံးစုံ သန့်ရှင်းစင်ကြယ်သော ပတ္တမြားတို့၏ အလယ်၌ မဏိဇောတိရသပတ္တမြားကိုကဲ့သို့၊ အလုံးစုံပွင့်ကုန်သော ပန်းတို့၏ အလယ်၌ ပဒုမာကြာကိုကဲ့သို့၊ ၁၀၁-ယောက်သော မင်းတို့၏အလယ်၌ စကြာမင်းကိုကဲ့သို့၊ ကောင်းကင်၌ပျံသော ဟင်္သာတို့၏ အလယ်၌ ရွှေဟင်္သာမင်းကိုကဲ့သို့၊ သမုဒ္ဒရာ အပြင်ဝယ် လှေအပေါင်းတို့၏ အလယ်၌ ရွှေလှေကိုကဲ့သို့၊ တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်း၌ခင်းသော ပဏ္ဍုကမ္ဗလာ ကျောက်ဖျာထက်၌ နတ်အပေါင်းတို့ဖြင့် ခြံရံအပ်သော သိကြားမင်းကိုကဲ့သို့၊ နက္ခတ် ကြယ် အပေါင်းတို့သည် ခြံရံအပ်သော လပြည့်ဝန်းကိုကဲ့သို့၊ ရှေ့သုံးသိန်း၊ နောက်သုံးသိန်း၊ အောက်သုံးသိန်းအားဖြင့် ယူဇနာ ကိုးသိန်းသော အရပ်တို့၌ အလင်းကို ပြုတတ်သော နေမင်းကိုကဲ့သို့၊ ရွှေကျောက်ဂူမှ ထွက်သော ခြင်္သေ့မင်းကိုကဲ့သို့၊ ပလ္လင်၏ အထက်၌ တောက်ပလျက် ပြိုးပြိုးပြက်သော အသရေဖြင့် တင့်တယ်ခြင်းသို့ ရောက်လေသော လက်၊ ခြေ၊ ဦးခေါင်း၊ နားတို့၌ ပတ္တမြားနားတောင်း၊ ခါးကြိုး၊ လက်ကောက်၊ လက်ကြပ်၊ ခြေကျင်းတို့ဖြင့် တန်ဆာဆင်အပ်သော ရွှေပန်းတန်ဆာလည်း ပန်ထသော ခပ်သိမ်းသော အင်္ဂါကြီး၊ ငယ်တို့မှ ထွန်းပသောအရောင်တို့ဖြင့် တင့်တယ်သော သတို့သမီးကို မြင်ကုန်၍ ထိုပုဏ္ဏား ၈-ယောက်တို့သည် ထိုမြင်ရာ အရပ်၌ စိတ်မရှိကုန်သကဲ့

သို့ မိန်းမောမူးဝေကုန်သည်ဖြစ်၍ မိမိတို့ဆောင်အပ်သော အဝတ်တန်ဆာကိုမျှ မသိကုန်မူ၍ အထူးထူးအပြားပြားသော စကားကိုဆို၍ ယောင်ယမ်းကြကုန်၏။

## ကောဏ္ဍညပုဏ္ဏား လျှောက်ထားခြင်း

သိရိမဟာမာယာ သတို့သမီးသည် ထိုပုဏ္ဏားတို့၏ အခြင်းအရာကိုမြင်၍ မောင်းမ တစ်ယောက်ကိုခေါ်၍ အကြောင်းကို မေးစေ၏။ ထိုပုဏ္ဏား ၈-ယောက်တို့တွင် အဋ္ဌာရသသိပ္ပတို့၌ရင်း, ဗေဒင် ၃-ပုံတို့၌ရင်း အပြီးသို့ရောက်သော ကောဏ္ဍညပုဏ္ဏားသည် ရှေး၌ပြုအပ်သော ကောင်းမှုရှိသည်၏ အဖြစ်ကြောင့် သမာဓိစိတ်ကို ဖြစ်စေ၏။ ထိုမေး လာသော မောင်းမငယ်၏ စကားကို ကြားသဖြင့် သိရိသုဒ္ဓေါဒနမင်းသား၏ မိဖုရားကြီး အလို့ငှါ ခမည်းတော် သီဟဟနုမင်းကြီး စေအပ်သော အကြောင်းအလုံးစုံကို မောင်းမငယ် အား ကြားပေ၏။ ထိုမောင်းမငယ်သည် တဖန်သွား၍ မိမိသခင်အရှင်မအား အကြောင်း အလုံးစုံကို ကြားပေ၏။ ထိုအခါ သိရိမဟာမာယာ မင်းသမီးသည် ကောဏ္ဍညပုဏ္ဏားကို ခေါ်စေ၍ မောင်းမအခြံအရံ တစ်သိန်းတို့၏အလယ်၌ သင့်တင့်လျောက်ပတ်ရာက နေစေ၍ "သင်တို့ မွေးဖွားသော အရပ်သည် အဘယ်တိုင်း၌ ဖြစ်သနည်း၊ အဘယ်မည်သော အကြောင်းဖြင့် ဤငါတို့အရပ်သို့ ရောက်လာသနည်း၊ မေးအပ်သော သင်ပုဏ္ဏားသည် ငါ့အား ကြားလော့၊ အကြင်ဝတ္ထုကို သင်သည် အလိုရှိ၏။ ထိုဝတ္ထုကို ငါပေးအံ့" ဟူ၍ ဆို၏။

ထို ကောဏ္ဍညပုဏ္ဏားသည် ခပ်သိမ်းသော သူတို့၏ နှစ်သက်ခြင်းကို ဆောင်တတ် သော ကရဝိက်ငှက်, ကိန္နရီငှက်မတို့၏ တွန်ရင့်သော အသံကိုလွန်၍ ဗြဟ္မာမင်း၏ အသံနှင့်တူသော သာယာစွာသော သန့်ရှင်းပြေပြစ်သော လက္ခဏာနှင့် ပြည့်စုံသော စကားရှိသော အသံဖြင့် သိရိမဟာမာယာ မေးသောစကားကိုကြားလျှင် ရင်ကိုဖွင့်၍ အူသိမ်, အူမကို နုတ်ယူဘိသကဲ့သို့ တပ်သောစိတ်ဖြင့် အလွန်မိန်းမောတွေဝေကြီးစွာ ပင်ပန်းခြင်း ဖြစ်၍ ထိုအရပ်၌ မူးမိုင်တွေဝေ သေငယ်သေသကဲ့သို့ ဖြစ်၏။ ထိုသို့ဖြစ်သည်ကို သိရိမဟာ- မာယာသတို့သမီးမြင်၍ အလွန်ချမ်းအေးလှစွာသော ရေဖြင့် ကောဏ္ဍညပုဏ္ဏားကို ဆွတ်ဖျန်းစေလျက် သက်သာရာကိုရ၍ သတိကိုဖြစ်စေပြီးလျှင် သီဟဟနုမင်းကြီး စေအပ်သော အကြောင်းကိုရင်း သိရိသုဒ္ဓေါဒနမင်းသား အကြောင်းကိုရင်း ဤသို့လျှောက် ကြား၏။

"ခပ်သိမ်းသော သူတို့သည် လေးမြတ်ကြည်လင် ချစ်ခင်အပ်သော အရောင်အဆင်း, တင့်တယ်ခြင်း အသရေနှင့် ပြည့်စုံတော်မူသော အရှင်မင်းသမီး၊ ကပိလဝတ်ပြည်သူ လူခပ်သိမ်းတို့၏ အရှင်ဖြစ်သော သီဟဟနု အမည်ရှိသော မင်းကြီးသည် ထွန်းပသော တန်ခိုးအာနုဘော် ရှိတော်မူ၏။ ခပ်သိမ်းသော သူတို့၏ အသရေကို ပြန့်ပွားစေတတ်၏။

ထိုမင်းကြီး၏ သားတော်သည်ကား သိရိသုဒ္ဓေါဒန အမည်ရှိ၏။ သားအပေါင်းတို့ကို အစိုးရသော ခြင်္သေ့မင်းကဲ့သို့ ရဲရင့်၏။ ဆဒ္ဒန်ဆင် ၁၀-စီးအားကို ဆောင်၏။ အင်္ဂါကြီး, ငယ် အလုံးအရပ်နှင့် ပြည့်စုံ၏။ ထိုသိရိသုဒ္ဓေါဒန အမည်ရှိသော မင်းသားကို ၁၀၁-ယောက်သော မင်းတို့၏ အလယ်၌ တင့်တယ်စိမ့်သောငှါ မင်း၏အဘိသိက်ဖြင့် သွန်းခြင်းကို ပြုလတ္တံ့၊ ထိုသိရိသုဒ္ဓေါဒနမင်းသားသည်ကား ၁၈-နှစ်မျှ အရွယ်ရှိ၏။ ပွတ်သစ်သော ကြေးမုံကဲ့သို့ အရောင်အသရေရှိသော မျက်နှာတော်ရှိ၏။ ခပ်သိမ်းသော အတတ်တို့၌ အပြီးသို့ရောက်၏။ ထိုမင်းသား၏ မိဖုရားအလို့ငှါထိုက်သော ကောင်းခြင်း ၅-ပါးနှင့် ပြည့်စုံသော ၆၄-ပါးသော လက္ခဏာနှင့် ပြည့်စုံသော မင်းသမီးကို ရှာကုန်သည်ဖြစ်၍ ထိုထိုသို့သော အရပ်တို့၌ အကျွန်ုပ်တို့သည် လှည့်ပတ်သွားကုန်၏။ သီဟဟနုမင်းကြီးသည် အကျွန်ုပ်တို့ကို စေအပ်ကုန်၏။

ကျော်စောထင်ရှားသော အလုံးစုံသော ရှစ်သောင်း, လေးထောင်ကုန်သော မြို့ကြီး, ငယ်တို့၌ ရှာကုန်သော်လည်း မရ, မမြင်ကုန်သည်ဖြစ်၍ ဤဒေဝဒဟပြည်သို့ အကျွန်ုပ်တို့ လာပါကုန်၏။ ဤယခုအခါ၌ အသက်ရှင်သော လူ၌ အတုမရှိသော လူတို့၏ ရုပ်အဆင်းကိုလွန်၍ ယာမာနတ်သမီးကဲ့သို့ မြတ်သောအနွယ်ဖြင့် တောက်ပသော ခပ်သိမ်းသော မိန်းမတို့ထက်မြတ်သော အရှင်မကို ကျွန်ုပ်တို့ မြင်ရပြီ၊ ကပိလဝတ်ပြည်သို့ ပြန်ကုန်အံ့၊ အရှင်မကို မြင်ရသော အကြောင်းကို သီဟဟနုမင်းကြီးအား ကြားကုန်အံ့။ မိဖုရားကြီးအရာ၌ ထားစိမ့်သောငှါ ကြားလျှောက်ကုန်အံ့၊ အဘိသိက်သွန်းခြင်းကို ပြုလတ္တံ့၊ ၂-ပါးသော မင်းသား, မင်းသမီးတို့သည် အမျိုးအနွယ်တူကုန်၏။ ကောင်းသော သီလအကျင့်, အဆင်း, သဒ္ဓါ, ပညာရှိကုန်၏။ မင်းအဖြစ်ကို ပြုလတ္တံ့၊ သိကြားမင်းသည် သုဇာတာအမည်ရှိသော အသုရာ သမီးကညာနှင့်တကွ မွေ့လျော်ပျော်ပါးသကဲ့သို့ ထို့အတူ အရှင်မတို့သည် မင်းမျိုးမင်းနွယ်၌ တင့်တယ်ကုန်လတ္တံ့၊ ဤသို့ အကျွန်ုပ်တို့ ဝမ်းမြောက်ဝမ်းသာ တိုင်ပင်ပါကုန်၏။ အကျွန်ုပ်တို့သည် အရှင်မအလို့ငှါ ဤအရပ်သို့ လာပါကုန်၏" ဟု ကောဏ္ဍညပုဏ္ဏားသည် မင်းသမီးကို လျှောက်လေ၏။

## ပုဏ္ဏားတို့ကို ခမည်းတော်ထံ ပို့စေခြင်း

ထိုစကားကို သိရိမဟာမာယာ ကြားသဖြင့် သိရိသုဒ္ဓေါဒနမင်းသားကို မမြင်ရသေးဘဲလျှင် အလွန်တရာ နက်စွာသောတွင်း၌ ထွန်းလင်းညီးအပ်သော ဆီမီးကဲ့သို့ အလွန်လျှင် နှစ်လိုခြင်း ပြင်းစွာဖြစ်၍ စိတ်၌ချစ်ခြင်းဖြစ်၏။ မြင့်စွာသောတောင်ထိပ်၌ ဥဒေါင်းအပေါင်းသည် တိမ်တိုက်ကို မှတ်ခွင့်ရသဖြင့် နေမင်းသည် ရေ၌ ပဒုမ္မာကြာ၏ ပွင့်ချိန်ကို မှတ်သဖြင့် ကုမုဒြာကြာ၏ ရေနှင့် အဆွေခင်ပွန်း၏အဖြစ်သည် ဝေး၏။ နေနှင့် အဆွေခင်ပွန်းအဖြစ်သည် နီးသကဲ့သို့ သိရိသုဒ္ဓေါဒနမင်းသားနှင့် အရပ်ဝေးခြားသော်လည်း ကာမရာဂ နီးစပ်သည်ဖြစ်၍ သိရိသုဒ္ဓေါဒနမင်းသား၏ သတင်းစကားကို ကြားသော သိရိမဟာမာယာ မင်းသမီးအား ချစ်ခြင်းပြင်းစွာ ဖြစ်လေ၏။

ဤသို့ မင်းသမီးသည် ကောဏ္ဍညပုဏ္ဏား၏ စကားကို ကြားသဖြင့် ပြင်းစွာ ချစ်နှစ်လိုသော စိတ်ရှိသော်လည်း မိန်းမတို့၏ မာယာဖြင့် ဖုံးလွှမ်း၍ မနှစ်သက်သကဲ့သို့ပင် တိတ်တဆိတ်နေပြီး၍ "အမောင်-ပုဏ္ဏားတို့၊ ယခုအခါ အကျွန်ုပ်တို့ ငယ်စွာသေး၏။ စင်စစ်သော်ကား အကျွန်ုပ်အား အမိ, အဖတို့သည် ရှိပေကုန်၏။ အမိ, အဖတို့၏ အထံသို့သွား၍ တိုင်ပင်ပါကုန်"ဟူ၍ ဆို၏။ ထိုစကားကို ကြား၍ ကောဏ္ဍညပုဏ္ဏားလည်း "ကောင်းလှပါပြီအရှင်မ၊ သီဟဟနုမင်းကြီးသည် အကျွန်ုပ်တို့ကို စေသောကာလ၌ လက်ဆောင်ဖြစ်သော ပတ္တမြားလည်ရွဲတန်ဆာကို အကျွန်ုပ်၏လက်၌ ထား၍ ဤသို့ မှာလိုက်၏။ 'ဆရာပုဏ္ဏား၊ အကြင်အရပ်၌ မိန်းမရတနာကို မြင်လေသောအခါ ဤပတ္တမြားလည်ရွဲကို ထိုသတို့သမီး၏လည်၌ ဆင်ပါလေ' ဟူ၍ မှာတော်မူလိုက်၏။

ထို့ကြောင့် သီဟဟနုမင်းကြီး ပေးအပ်လိုက်သော လည်ရွဲတန်ဆာကို အရှင်မင်းသမီး ယူတော်မူပါ"ဟု ပေးဆက်၏။ ထိုစကားကိုကြား၍ "ပုဏ္ဏား၊ ကောင်းပြီ၊ ဆောင်ခဲ့လော့"ဟု ဆို၍ အလုပ်အကျွေးငယ် တစ်ယောက်ကို ဆောင်ယူစေ၍ ရေနံ့သာဖြင့် ဆေးကြော၍ ခပ်သိမ်းသော အမွှေးမျိုးတို့ဖြင့် ထုံအပ်သော နံ့သာဖြင့် လိမ်းကျံ၍ ရွှေပန်းတောင်းထက် ပတ္တမြားကြုတ်၌ထား၍ သုပတိဋ္ဌ အမတ်ကို ခေါ်စေ၍ အကြောင်းအလုံးစုံကို ကြားစေ၍ ဒေဝဒဟ မြို့တွင်း၌ မိမိခမည်းတော် အဉ္စနမင်းကြီး၏ အထံသို့ ပုဏ္ဏား ၈-ယောက်တို့ကို ပို့စေလေ၏။

## သီဟဟနုမင်းကြီးထံ ပဏ္ဏာလက်ဆောင် ပို့ဆက်စေခြင်း

ထိုသုပတိဋ္ဌအမတ်သည် အဥ္စနမင်းကြီးကို ရိုသေစွာရှိခိုး၍ အလုံးစုံသော အကြောင်းကို ကြားလျှောက်၍ ပဏ္ဏား ၈-ယောက်တို့ကို ပြပေ၏။ ထိုအကြောင်းကို ကြား၍ အဥ္စနမင်းကြီးသည် ပုဏ္ဏားတို့ကို ဤသို့ ဆို၏။ " အို-ဆရာပုဏ္ဏားတို့ သင်တို့ကို ခြောက်သိန်းသော သာကီဝင်မင်းတို့ကို အစိုးရသော သီဟဟနုမင်းကြီးသည် မိမိသားတော် သုဒ္ဓေါဒနမင်းသားကို အဘိသိက်သွန်းအံ့သောငှါ, သတို့သမီးရတနာကို ရှာစိမ့်သောငှါ စေအပ်ကုန်သလော"ဟူ၍ ဆို၏။ "စေအပ်ကုန်သည် မှန်၏"ဟု လျှောက်ကုန်၏။ "ပုဏ္ဏားတို့၊ သိရိသုဒ္ဓေါဒနမင်းသားသည် ဖွားသည်မှစ၍ အနှစ်ဘယ်မျှရှိမည်နည်း"ဟု မေး၏။ "၁၈-နှစ်ခန့် ရှိပါပြီ" ဟူ၍ လျှောက်ကုန်သော် "ထိုမင်းသားသည် ပဥ္စသီ, ဒသသီတို့၌ငှင်း မင်းကျင့်တရား ၁၀-ပါးတို့၌ငှင်း တည်၏လော"ဟူ၍ မေးပြန်၏။ "မြတ်သောမင်းကြီး၊ ဤမင်းသားသည် ငယ်သော အခါမှစ၍ အမြဲသီလ၌ တည်၏။ မင်းကျင့်တရား၌ ကျင့်၏"၊ ဤသို့ လျှောက်ကုန်၏။

ထိုစကားကို ကြား၍ အဥ္စနမင်းကြီးသည် နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ ဤသို့ ကြံ၏၊ "ငါ၏ သမီးတော် သိရိမဟာမာယာသည် ယခုအခါ ၁၆-နှစ်ပြည့်ပြီ၊ သီဟဟနုမင်းကြီးသည်လည်း ဤဇမ္ဗူဒီပါကျွန်း၌ တန်ခိုးကြီး၏၊ အာနုဘော်ကြီး၏။ များစွာသော ဆင်, မြင်း, ရထားရှိ၏။ ကျွန်ယောကျ်ား, ကျွန်မိန်းမ, စည်းစိမ်ချမ်းသာ, အခြံအရံနှင့် ပြည့်စုံ၏။ ထိုမင်း၏သား သိရိသုဒ္ဓေါဒနမင်းသားသည်လည်း ကြီးသောကောင်းမှု အဆောက်အဦရှိ၏။ ထိုသတို့သားသည် ငါ၏သမီးတော်နှင့်တကွ မင်း၏အဘိသိက်သို့ ရောက်၍ ၁၀၁-ယောက်သော မင်းတို့ဖြင့် ခြံရံလျက် ဇမ္ဗူဒီပါကျွန်း အပြင်၌ မြတ်သောမင်း ဖြစ်လတ္တံ့၊ ငါ၏ သမီးသည်လည်း တပါးသော မိန်းမနှင့် မတူသည်ဖြစ်၍ ထိုမင်းသား၏ မြတ်သော မိဖုရားအရာ၌ တည်ထိုက်၏"ဟု ကြံပြီး၍ ဤသို့ကြံသော မင်းကြီး၏ ကိုယ်တွင်း၌ အတိုင်းအရှည်ကိုလွန်သော နှစ်လိုခြင်းပီတိသည် ဖြစ်၏။

အဥ္စနမင်းကြီးသည် သုပတိဋ္ဌ အမတ်ကိုခေါ်၍ "အို-အမတ်၊ မိဖုရားထံသို့သွား၍ မိဖုရားအား ပုဏ္ဏားတို့လာသော အကြောင်းကို ဆို၍ ထိုပုဏ္ဏားတို့အား မြတ်နိုးတနာ ပူဇော်သကာ စီရင်ပါစေ"ဟု ဆို၏။ ထိုအမတ်လည်း "ကောင်းပါပြီ"ဟု ဝန်ခံ၍ မိဖုရား အထံသို့သွား၍ အလုံးစုံကို ကြားလျှောက်၏။ မိဖုရားလည်း ထိုစကားကိုကြား၍ ထမင်း အဖျော် အစရှိသည်တို့ကို ပြည့်စုံစေ၍ ထိုပုဏ္ဏားတို့အား အရိုအသေပြုခြင်းငှါ ပို့စေ၏။ အဥ္စနမင်းကြီးလည်း ထိုပုဏ္ဏားတို့အား ပူဇော်သက္ကာရ မြတ်နိုးတနာ များစွာပြု၏။ ထိုအခါ

သိရိမဟာမာယာ မင်းသမီးလည်း တစ်နေ့ပတ်လုံး ဥယျာဉ်ကစား၍ နတ်၏ ဗိမာန်နှင့်တူသော တန်ဆာဆင်သော ရထားသို့တက်၍ များစွာသော အခြံအရံဖြင့် ဒေဝဒဟမြို့သို့ ဝင်လာ၏။ ခမည်းတော် အဥ္စနမင်းကြီးသည် သိရိမဟာမာယာကို မိမိနှင့်တကွ ဆောင်အပ်သော ထီးဖြူရှိသော မြတ်သောနေရာ၌ နေစေ၍ မင်း, အိမ်ရှေ့မင်း, ဗိုလ်မှူး, ပုဏ္ဏား, သူကြွယ် အစရှိသော သူတို့ကို စည်းဝေးစေ၍ ထိုသူတို့အား အကြောင်းအလုံးစုံကို ကြားပေ၏။ ထိုအလုံးစုံသော သူတို့သည် ဝမ်းမြောက်ဝမ်းသာ "ကောင်းပါပြီ" ဟူ၍ လျှောက်ကုန်၏။

အဥ္စနမင်းကြီးလည်း ထိုပုဏ္ဏား ၈-ယောက်တို့ကို မွေ့လျော်ဖွယ်ရှိသော ပြာသာဒ်၌ တစ်ညဉ့်မျှ တည်းခိုနေစေ၍ ထိုမိုးသောက်သောနေ့၌ ထိုပုဏ္ဏားတို့နှင့်တကွ တမန်အဆင့်ဖြင့် အသရေ၏ ပွင့်ခြင်းဖြင့် ချစ်ခင်လေးမြတ်အပ်သော အဆွေခင်ပွန်း၏ အဖြစ်ကို ပြုတတ်သော သတင်းစကားကိုငင်း အတိုင်းအရှည်မရှိ လွန်သော အဖိုးကြီးသော ပဏ္ဏာလက်ဆောင်တို့ကိုငင်း သီဟဟနုမင်းကြီး၏ အထံသို့ ပို့ဆက်စေ၏။ ထိုအခါ ထိုပုဏ္ဏားတို့သည် အဥ္စနမင်းကြီးကို ရှိခိုးခွင့်ပန်၍ တမန်တို့နှင့်တကွ ကပိလဝတ်ပြည်သို့ ပြန်လေကုန်၏။

✪✪✪✪✪✪✪✪✪✪✪

## ၁၄။ သီဟဟနုမင်းကြီး၏ အိပ်မက်

ထိုပုဏ္ဏားတို့ ဒေဝဒဟပြည်မှ ထွက်သောနေ့၌ သီဟဟနုမင်းကြီးလည်း နံနက်စောစော ဦးခေါင်းလျှော်ပြီး၍ အထူးမွန်မြတ်သော ဘောဇဉ်ကို စား၍ များစွာသော အခြံအရံတို့နှင့်တကွ ရွှေပြာသာဒ်သို့တက်၍ အရှေ့မျက်နှာအဖို့၌ ခြသေ့်ခံသော လေသာတံခါးကို ဖွင့်၍ ရှေးရှုမျက်နှာပြု၍ ရာဇပလ္လင်ထက်နေလျက် အမတ်တို့နှင့်တကွ ထိမ်းမြားမင်္ဂလာပြုအံ့သော အကြောင်းကို တိုင်ပင်၍ ညချမ်းသောအခါ ပြာသာဒ်မှသက်၍ လေသာနန်းမသို့ တက်၍ ညစာစားပြီးသော် အသရေရှိသော တိုက်သို့ဝင်၍ အိပ်၏။ ထိုသီဟဟနုမင်းကြီးသည် မိုးသောက်ထအခါ၌ နတ်နှင့်တကွသော လူ၌ သိကြားအစရှိသော သတ္တဝါတို့အား နေခြင်းငှါ မရအပ်ဘူးသော ဗိမာန်အိပ်မက်ကို မြင်မက်၏။ အိပ်မက်ကား ဤသို့တည်း။

၁။ ဤဇမ္ဗူဒီပါကျွန်း၏ အလယ်၌ ဘုံ ၂၈-ဆင့်ရှိသော ရတနာဗိမာန်သည် မြေမှ ပေါက်၍ အထက်ဘဝဂ်ကို လွန်၍ တည်၏။ အောက်ဆုံးဘုံဆင့်သည် ယူဇနာရှစ်သောင်း, ငါးထောင်မြင့်၏။ အမြင့်ကား ထက်ဝန်းကျင်မှ စကြဝဠာတစ်သောင်းကို ဖုံးလွှမ်း၍ တည်၏။ ၂၇-ဆင့်ရှိသော ဘုံတို့သည်ကား ကာမာဝစရနတ်ပြည် ၆-ထပ်, ရူပါဝစရ

ဖြဟ္မာ့ပြည် ၁၆-ထပ်, အရူပဖြဟ္မာ့ပြည် ၄-ထပ်ကို ဖုံးလွှမ်း၍ ထွန်းပလျက် တည်ကုန်၏။ ထိုရတနာဗိမာန်၏ အလယ်၌ သုံးသန်း, လေးသိန်း ယူဇနာ အစောက်မြင့်သော ခုနစ်သန်း, ခုနစ်သိန်း ယူဇနာအပြန့်ကျယ်သော ရတနာပလ္လင်သည် ရှိ၏။ ထိုပလ္လင်၌ *နရသီဟ အမည်ရှိသော ယောကျ်ားသည် များစွာသော နတ်သမီး အခြံအရံတို့နှင့်တကွနေ၍ တံခါး ၈-မျက်နှာတို့ကို ဖွင့်အံ့သောငှါ တိုင်ပင်၏။ ထိုခဏ၌ ထက်ဝန်းကျင်သော စကြဝဠာတိုက်တို့မှ အထူးထူးသော အရုပ်ရှိသော မိုးပေါက်တို့ဖြင့် မိုးကြီးသည် တက်လတ်၍ ထိုယောကျ်ား၏ ခြေရင်း၌ ရွာ၏။ အထူးထူးသော အရုပ်တို့ဖြင့်ပြီးသော မိုးပေါက်တို့သည် ထိုယောကျ်ားမြတ်၏ စကားကို ကြားကုန်၍ သူမြတ်ချည်း ဖြစ်ကုန်၍ ထိုသူမြတ် ယောကျ်ားကို ခြံရံကုန်၏။ ထိုအခါ၌ ထိုယောကျ်ားမြတ်သည် ထိုအလုံးစုံသော သူတို့ကို မြတ်သော အတတ်ကို သင်၍ ထိုသူတို့အား အတုမရှိသော ချမ်းသာကို ပေး၏။ ဤလည်း အိပ်မက်တစ်ပါး။

၂။ ထို့နောင် ဗိမာန်မှ အရှေ့မျက်နှာအဖို့၌ အလွန်နက်စွာသော ဂင်္ဂါမြစ်သည်ဖြစ်၍ အလွန်အလျဉ်တွေသော အမွန်ရှိ၏။ များစွာသော မြစ်တို့မှ စီးဝင်၏။ အလွန်တက်သော တံပိုးရှိ၏။ ထိုယောကျ်ားမြတ်သည် ထိုဂင်္ဂါမြစ်နား၌နေ၍ ကမ်းတစ်ဖက်ကို ကြည့်သော် မြင်ခြင်းကို အလွန်ပြုခဲ၏။ ထိုအခါ၌ ယောကျ်ားမြတ်သည် ဂင်္ဂါဆိပ်၌ ရတနာဖြင့်ပြီးသော လှေဖောင်ကို ကောင်းစွာဖွဲ့၍ ထား၏။ ထိုအခါ၌ သမုဒ္ဒရာ အပြင်မှထွက်သော သတ္တဝါအပေါင်းတို့သည် ယောကျ်ားမြတ်၏ ခြေရင်း၌ မြတ်သောသူချည်း ဖြစ်၍ ဗေဒင်ကို သင်ကုန်၏။ ထိုနောင်မှ အထူးထူးသော အရုပ်ရှိသော သတ္တဝါတို့သည် တက်လာ၍ ယောကျ်ားမြတ်၏ ခြေရင်း၌ ဝပ်လာကုန်၏။ မြတ်သော သူတော်ကောင်းချည်းဖြစ်၍ ဗေဒင်ကို သင်ကုန်၏။ ကောင်းကင်မှ သက်လာကုန်သော အထူးထူးသော အရုပ်တို့ဖြင့် တန်ဆာဆင်အပ်သော သတ္တဝါတို့သည် ယောကျ်ားမြတ်၏ ခြေရင်း၌ ကျကုန်၍ မြတ်သော သူချည်းဖြစ်ကုန်၍ ဗေဒင် သင်ကုန်၏။

ထိုအခါ ယောကျ်ားမြတ်သည် ထိုသူတို့ကိုယူ၍ ထိုရတနာဖြင့်ပြီးသော လှေ၌ထား၍ အလွန်နက်စွာသော အလွန်တက်သော တံပိုးရှိသော မြစ်ကြီး, မြစ်ငယ်တို့မှ စီးဝင်သော ဤသမုဒ္ဒရာသည် အလွန်ငန်သော ရေရှိသော်လည်း ထိုရတနာဖြင့်ပြီးသော လှေ၌ တစ်ပေါက်မျှ မဝင်စေမူ၍ မိမိမူကား ပဲ့စင်၌ ထိုင်၍ တက်မကို ကိုင်၍ ဖြောင့်စွာပြု၏။ မိမိ၏ ဆင်သောတန်ဆာဖြစ်သော နီလှစွာသော ပုဆိုးကို လင်းယဉ်ရွက် ပြု၍ ထိုးဝါးဖြင့် ကန်စေ၍ အထူးထူးသော လိပ်, ငါး, မကန်း အစရှိသော ရန်သူတို့ကို မျက်စောင်းထိုးကာမျှ

ဖြင့် ဝေးစွာပြေးစေ၍ မမြင်နိုင်သော တစ်ဖက်ကမ်းသို့ဆောင်၍ အိုခြင်း, သေခြင်း မရှိသော ဘေးတို့၏ကုန်ရာဖြစ်သော တံတိုင်း ၇-ထပ်, ကျုံး ၇-ထပ်ရှိသော မြတ်သော ပြာသာဒ်နန်းနှင့်ပြည့်စုံသော အနာလယ အမည်ရှိသော မြို့သို့သွင်းထားပြီးလျှင် တဖန်လာ၍ မြတ်သော သူတို့ကို ရတနာတို့ဖြင့် ပြီးသော လှေ၌ ပြည့်စေ၍ ဆောင်၏။ ဤသို့ အဖန် တလဲလဲပြုလျက် ယောက်ျားမြတ်သည် ရတနာဗိမာန်ရှင် ဖြစ်၏။ ဤသည်လည်း အိပ်မက်တစ်ပါး။

✪✪✪✪✪✪✪✪✪✪

## ၁၅။ အိပ်မက်ဖတ်နေစဉ် ပုဏ္ဏားများ ပြန်ရောက်လာခြင်း

သီဟဟနုမင်းကြီးသည် ဤအိပ်မက် ၂-ပါးကိုမြင်၍ နိုးပြီးလျှင် အိပ်ရာမှထ၍ ကိုယ်လက် သုတ်သင်ခြင်းကိုပြု၍ နံနက်စောစောကလျှင် ရတနာပလ္လင်ထက်သို့ တက်၍ ကောဏ္ဍညပုဏ္ဏား၏ အဘဖြစ်သော ပုဏ္ဏားကို ခေါ်စေ၍ မြတ်နိုးတနာ ပူဇော်သက္ကာရပြု၍ မိမိအိပ်မက်ကို ပြန်ကြား၏။ ထိုအခါ ထိုပုဏ္ဏားသည် အိပ်မက်ကို စူးစမ်းဆင်ခြင်၍ နတ်မျက်စိဖြင့် မြင်သကဲ့သို့ မင်းကြီးအား ကြားပေ၏။

"အရှင်မင်းကြီး၊ သားတော် သိရိသုဒ္ဓေါဒနမင်းသားနှင့် အတူတကွ အဘိသိက်သွန်းဖက်ဖြစ်သော ၆၄-ပါးသော လက္ခဏာနှင့် ပြည့်စုံသော ကောင်းခြင်း ၅-ပါးနှင့် ပြည့်စုံသော သတို့သမီးကိုရ၍ ပုဏ္ဏား ၈-ယောက်တို့ ယခုလာကုန်ပြီ" ဟူ၍ လျှောက်၏။ မင်းကြီးလည်း နှစ်လိုဝမ်းမြောက်သည်ဖြစ်၍ "ပုဏ္ဏားတို့၊ ၆၄-ပါးသော လက္ခဏာနှင့် ပြည့်စုံသော သတို့သမီးကို အကယ်၍ ရခဲ့ကုန်အံ့၊ ငါ့အား အဘယ်သို့ ကျေးဇူးဖြစ်ပါလတ္တံ့နည်း"ဟု မေး၏။ "အရှင်မင်းကြီး၊ ထိုသတို့သမီးသည်ကား နိဗ္ဗာန်ချမ်းသာကို ပေးခြင်းငှါ စွမ်းနိုင်သော သဗ္ဗညုဘုရား၏မယ်တော် ဖြစ်လတ္တံ့" ဟူ၍ ကြားကုန်၏။

ထိုစကားကို မင်းကြီးကြား၍ "ငါ၏ အထံသို့ အဘယ်အခါ၌ ရောက်လာလတ္တံ့နည်း"ဟူ၍ မေးပြန်၏။ "အရှင်မင်းကြီး၊ ယခုအခါ၌ပင် ရောက်လာကုန်လတ္တံ့၊ ထို့ကြောင့် အိပ်မက်မြင်တော်မူသည်"ဟု လျှောက်၏။

ထိုစကားကိုကို ကြား၍ အလွန်နှစ်လိုခြင်းဖြစ်သဖြင့် ထိုပုဏ္ဏားနှင့်တကွ စကားပြော၍ နေစဉ် ထိုပုဏ္ဏား ၈-ယောက်တို့သည် လက်ဆောင်ပဏ္ဏာကာရတို့နှင့်တကွ လာကုန်၏။ သီဟဟနုမင်းကြီးသည် ပဏ္ဏာကာရနှင့်တကွလာကုန်သော ပုဏ္ဏားတို့ကိုမြင်၍ အလွန်နှစ်လိုသော စိတ်ရှိသည်ဖြစ်၍ "ဩော်၊ အရတော်စွတကား"ဟု မိန့်၏။ ထိုပုဏ္ဏားတို့သည်

ပဏ္ဏာလက်ဆောင်ကို မင်းကြီးအား ကပ်ကုန်၏။ မင်းကြီးလည်း အထူးထူးအပြားပြားသော ရတနာပဏ္ဏာလက်ဆောင်တို့ကို မြင်၍ ဤသို့ကြံ၏။ "ဤပုဏ္ဏားတို့သည် အဖိုးအတိုင်း မသိထိုက်သော ပဏ္ဏာကာရကိုင်း သတို့သမီးကိုင်း ငါ၏ယောက်ဖတော် အဥ္စနမင်းကြီးမှ ရခဲ့ကုန်သည်ဖြစ်လတ္တံ့" ဟု ကြံပြီး၍ အတန်ငယ် အပင်အပန်း ဖြေစေပြီးသော် တဖန်မေး၏။ "အို ပုဏ္ဏားတို့၊ သင်တို့သည် မြတ်သော သတို့သမီးကို ရခဲ့ပါကုန်၏လော" ဟု မေး၏။

## မင်းကြီးအား အကျိုး, အကြောင်းကို လျှောက်ထားခြင်း

ထိုသို့မေးသောအခါ ထိုပုဏ္ဏားတို့သည် ဝမ်းမြောက်ဝမ်းသာ လျှောက်ကုန်၏။ "အရှင်မင်းကြီး၊ အကျွန်ုပ်တို့ ၈-ယောက်သော ပုဏ္ဏားတို့သည် သားတော် သိဒ္ဓတ္ထ မင်းသား၏ မိဖုရားရတနာအလို့ငှါ ဇမ္ဗူဒီပါကျွန်း၌ ရှစ်သောင်း, လေးထောင်သော မြို့ကြီး, မြို့ငယ်တို့သို့သွား၍ မင်း, အိမ်ရှေ့မင်း, စစ်သူကြီး, သူဌေး, သူကြွယ်တို့၏ အိမ်တို့၌ ၆၄-ပါးသော လက္ခဏာနှင့် ပြည့်စုံသော သမီးကညာ ရတနာကို ကြည့်ရှုမေးမြန်း စူးစမ်းရှာဖွေသော် မရကုန်၍ ပြန်ခဲ့ရာတွင် ဒေဝဒဟပြည်၌ အဥ္စနမင်း၏သမီးတော် သိရိမဟာမာယာကို မြင်ရပါကုန်၏။

ထိုမင်းသမီးသည် ၆၄-ပါးသော လက္ခဏာတို့နှင့်ရှင်း ကောင်းခြင်း ၅-ပါးတို့နှင့်ရှင်း ပြည့်စုံပေ၏။ ထိုသတို့သမီး၏ ခြေဖဝါး ၂-ဖက်အပြင်တို့၌ ကြာမျိုး ၅-ပါး, ခရုသင်း, စကြာရတနာ, အိုင်ကြီး ၇-အိုင် သီဒါ, သတ္တရဘန်, ပန်းဖြင့်ပြည့်သော ပန်းတောင်း, ကျွန်းငယ် နှစ်ထောင်အရံရှိသော ၄-ကျွန်း, အထူးထူးသော အရုပ်တို့ဖြင့် တန်ဆာဆင်၏။ အလွန် အထူးသဖြင့် စင်ကြယ်သော အရောင်ရှိသော လ, နေ, နက္ခတ်, အထူးထူးသော အရုပ်တို့ ဖြင့် ပြည့်၏။ ယုဂန္ဓိုရ်တောင်ထိပ်၌ သွားသကဲ့သို့ နတ်နှင့်တကွသော လောက၌ အတုမရှိ မြတ်သော သမီးကညာပေတည်း"ဟု လျှောက်ကုန်၏။

ထိုစကားကို ကြား၍ သီဟဟနုမင်းကြီးသည် အလွန်ဝမ်းမြောက်သော စိတ်ဖြင့် ကိုယ်တွင်း၌ နှစ်လိုခြင်း ပြင်းစွာဖြစ်၏။ မင်းကြီးလည်း ပုဏ္ဏားတို့ကို တဖန်မေးပြန်၏။ "အို-ပုဏ္ဏားတို့၊ အဥ္စနမင်းကြီးအား အခြံအရံ ဆင်, မြင်း, စည်းစိမ်ချမ်းသာတို့သည် အဘယ် မျှလောက် ဖြစ်ကုန်သနည်း"ဟု မေး၏။ ထိုပုဏ္ဏားတို့သည် အဥ္စနမင်းကြီး၏ စည်းစိမ် ချမ်းသာတို့ကို ဤသို့ ကြားပေ၏။

"အရှင်မင်းကြီး၊ အကျွန်ုပ်တို့၏ ကိုးကွယ်ရာဖြစ်သော သာကီဝင်မင်းမျိုးတို့ကို အစိုးရတော်မူသော အရှင်မင်းကြီးသည် ဘုန်းတန်ခိုးကြီးတော်မူသကဲ့သို့ လူတို့ကို အစိုးရ

တော်မူသော အဥ္စနမင်းကြီးသည်လည်း ဘုန်းတန်ခိုးကြီးတော်မူ၏။ ဒေဝဒဟပြည်တော်သည် တံတိုင်း ၇-ထပ်ရံ၏။ တံခါး, ပစ္စင်, ရင်တားတို့နှင့်လည်း ယှဉ်၏။ နက်စွာသော ၇-တန်သော ကျုံးလည်းရှိ၏။ မြို့၏ အလယ်၌ ပြာသာဒ် ၅-ဆောင်တို့ဖြင့် ခြံရံအပ်သော စင်ကြယ်သော အရောင်ရှိသော ရွှေနန်းဗိမာန်သည် ရွှေပင်ကဲ့သို့ တောက်ပ၏။ ၉-ကုဋေသော စစ်သည်သူရဲရှိ၏။ ဆင် ၅-ကုဋေရှိ၏။ မြင်း ၇-ကုဋေရှိ၏။ ဗိုလ်ပါကား-အတိုင်းမသိ များ၏။ လေးသမား ရှစ်သောင်း, လေးထောင်ရှိ၏။ စပါးကျီ, ဆန်ကျီတို့သည် အတိုင်းမသိ များကုန်၏။ ကျွန်မိန်းမ, ကျွန်ယောကျ်ားတို့သည် အဆုံးမရှိ၊ အရေအတွက် မသိနိုင်ကုန်၊ မြို့တွင်း, မြို့ပ၌ ကြီးစွာသော ရွာတို့သည် ပြန့်ပြောစွာ ကျယ်ကုန်၏။ မြို့၏အပ၌ ၅-ကုဋေသော သူဌေးတို့သည် ရှိကုန်၏။ များစွာသော စပါးဥစ္စာ ရှိကုန်၏။ များစွာသော ဇနပုဒ်တို့သည် ရှိကုန်၏။ အိမ်ဈေးသဘင်နှင့် ပြည့်စုံကုန်သော ဇနပုဒ်တို့သည် များစွာရှိကုန်၏။

"လူတို့ကို အစိုးရတော်မူသော မင်းမြတ်၊ ထိုဒေဝဒဟမြို့သည် ဝပြောသာယာ မွေ့လျော်ဖွယ်ရှိ၏။ ထိုမြို့၌ဖြစ်သော မင်း၏သမီးတော်သည် မဟာမာယာ အမည်ရှိ၏။ ခပ်သိမ်းသော မိန်းမတို့နှင့် မတူကုန်၊ နတ်ပြည်၌ရှင်း, လူ့ပြည်၌ရှင်း ဤသတို့သမီးကဲ့သို့ အကျွန်ုပ်တို့ မမြင်ဖူးချေကုန်၊ ဘုန်းတန်းခိုးကြီး၏။ ကျော်စောထင်ရှား၏။ ဤသတို့သမီးသည် မြတ်သော သမီးကညာရတနာ မည်၏။ အလုံးစုံသော တစ်သိန်းသော သမီးကညာတို့သည် ခြံရံကုန်၏။ အခါခပ်သိမ်း နတ်ပြည်၌ သုဇာတာမိဖုရားကဲ့သို့ တင့်တယ်၏။ ညဥ့်အခါ တောင်ဖျား၌ တောက်ပသော မီးရှူးကဲ့သို့ ဇမ္ဗူဒီပါကျွန်း၌ ထွန်းပ၏။ ဤမိန်းမကဲ့သို့ မမြင်ဖူးကုန်၊ တာဝတိံသာ၌ နန္ဒဝန်ဥယျာဉ်နှင့်တူသော ဥယျာဉ်၌ ကစားကုန်၏။ ခရီးသွားပင်ပန်းသော သူတို့ကို မြင်ကာမျှ ရှုးခြင်းကို ပြုတတ်၏။ ထိုသတို့သမီး၏ အရောင်သည် ထွန်းပသော ပတ္တမြားကဲ့သို့ တောက်ပ၏။ အထူးထူးသော ရတနာတို့ဖြင့် တောက်ပလျက်ရှိသော ပဒေသာပင်ကဲ့သို့ တောက်ပ၏။ ကြယ်တို့၏ အလယ်၌ လပြည့်ဝန်းကဲ့သို့ တစ်သိန်းမျှသော မောင်းမတို့၏ အလယ်၌ ထွန်းပ၏။

ကျွန်ုပ်တို့သည် ရှေး၌ မိန်းမရတနာကို မမြင်ဖူးချေကုန်၊ သားတော် သိရိသုဒ္ဓေါဒန၏ အာနုဘော်ဖြင့် ယခုမှ မိန်းမရတနာကို မြင်ရပေချေသည်၊ ဥတုအခါ ရောက်လတ်သော် အထူးထူးသော သစ်ပင်တို့သည် ပွင့်ကုန်သကဲ့သို့ ၆၄-ပါးသော လက္ခဏာတို့မှ ထွက်သော အရောင်ဖြင့် ထွန်းပ၏။ ဟင်္သာမ၏ သွားခြင်းကဲ့သို့ ထိုသတို့သမီးသည် ဥယျာဉ်၌ သွား၏။ ကရဝိတ်ငှက် တွန်ရင့်ကျူးသော အသံကဲ့သို့ သာယာစွာသော စကားကို ဆိုတတ်၏။ ပြဟ္မပါရိသဇ္ဇာဘုံမှလာသော ပြဟ္မာမင်း၏ တင့်တယ်ခြင်းနှင့်တူသော တင့်တယ်ခြင်းရှိ၏။

ပြဟ္မာ၏ အသံကဲ့သို့ မြတ်သော ပဲ့တင်ထပ်သော အသံရှိ၏။ သတို့သမီး၏ဆံတို့သည် ၃-တောင်မျှလောက် ရှည်ကုန်၏။ ထိုမှတပါး သားလျှီးဓားကဲ့သို့ အဖျားၥ ကော့ရရော့ညွတ်၏။

ရွှေဖြင့်ပြီးသော အဝတ်ကို ဝတ်၏။ ရွှေဖြင့်ပြီးသော ခါးကြိုးကို စည်း၏။ ဥတ္တရကုရုကျွန်း၌ ပဒေသာပင်မှ လာသော ဘွဲ့ဖြူပုဆိုးသည် အထူးထူးသော အရုပ်ဖြင့် ပြည့်၏၊ ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်၏။ ထိုသတို့သမီးကို အခါခပ်သိမ်း တစ်သိန်းသော မိန်းမတို့သည် ခြံရံကုန်၏။ မြင်မြင်သမျှ နတ်, လူတို့အား ရှု၍ မရောင့်ရဲနိုင်ကုန်၊ လူ့ပြည်, နတ်ရပ်တို့၌ ခပ်သိမ်းသော မိန်းမတို့သည် မတူကုန်၊ မိန်းမတကာတို့ထက် မြတ်သော သမီးကညာရတနာကို အကျွန်ုပ်တို့ တွေ့ခဲ့ပါပြီ၊ ဤသတို့သမီးသည် အမည်အားဖြင့် သိရိမဟာမာယာ အမည်ရှိ၏။ လောက၌ ထင်ရှားရှိ၏။ အမိအဖတို့သည် အလွန်မြတ်သော အမျိုးအနွယ်၌ ဖြစ်ကုန်၏။ ပဉ္စသီ ၅-ပါးကို စောင့်၏။ ငြိမ်သက်၏။ ယဉ်ကျေး၏။ ဆုံးမအပ်သော ဣန္ဒြေရှိ၏။ မင်းကျင့်တရား ၁၀-ပါးကို ကျင့်ကုန်သော မင်းမြတ်တို့၏ အလို့ငှါ ရှာဖွေလှည့်ပတ် သွားကုန်သော သူတို့အား ဤသမီးကညာရတနာကဲ့သို့ အလွန်ရခဲစွာ၏။

ဤသို့လျှင် ဤမျှသော စကားတို့ဖြင့် ကောဏ္ဍညပုဏ္ဏားသည် ခမည်းတော် အဥ္စနမင်း၏ရှင်း သမီးတော် သိရိမဟာမာယာ၏ရှင်း စည်းစိမ်ချမ်းသာ လက္ခဏာနှင့် ပြည့်စုံခြင်းကို ချီးမွမ်းပြီး၍ တဖန်အဥ္စနမင်းကြီး မှာကြားလိုက်သော သတင်းစကားကို ကြားအံ့သောငှါ "မြတ်သောမင်းကြီး၊ ထိုသတို့သမီး၏ ခမည်းတော် အဥ္စနမင်း၏ အထံသို့သွား၍ ပတ္တမြားလည်ရွဲတန်ဆာကိုရှင်း အရှင်မင်းကြီးတို့၏ ပဏ္ဏာကာရကိုရှင်း ပြ၍ အလုံးစုံသော အကြောင်းကို ပြန်ကြား၍ အရှင်မင်းကြီးတို့၏ စည်းစိမ်ချမ်းသာ, ဆင်, မြင်း, ရထား, ဗိုလ်ပါသူရဲများသော အဖြစ်ကိုရှင်း ဘုန်းတန်ခိုး အာနုဘော်ကိုရှင်း အကျွန်ုပ်တို့ ချီးမွမ်းလျှောက်ကြားကုန်၏။ ထိုအခါ အဥ္စနမင်းကြီးသည် အလွန်နှစ်လိုသော စိတ်ရှိ၍ အကျွန်ုပ်တို့ကို မေးမြန်း၏။

"သီဟဟနုမင်းကြီးအား သား, သမီး အဘယ်မျှ ရှိပေသနည်း" ဟု မေးသောကြောင့် သားယောကျ်ား-၅-ယောက်, သမီးမိန်းမ-၂-ယောက် ရှိကုန်၏-ဟု ဆိုကုန်သော် "အဘယ်ကဲ့သို့ အမည်ရှိကြကုန်သနည်း" ဟု မေးပြန်သောကြောင့် သမီးတော်နှင့်တကွ ဘိသိက်သွန်းအံ့ကြံသော သားတော်အကြီးသည် သိရိသုဒ္ဓေါဒန အမည်ရှိ၏။ ထို့အောက်ကို ဓောတောဒန, သုက္ကောဒန, သက္ကောဒန, အမိတောဒန၊ အစဉ်အတိုင်း အမည်တို့သည် ဖြစ်ကုန်၏။ သမီးတော်အကြီးကား-အမိတာ, အငယ်ကား-ပါလိတာမည်၏-ဟု လျှောက်ပေသော် 'ကောင်းပြီ' ဆိုတော်မူ၍ သားတော် ၅-ယောက်တို့တွင် သိရိသုဒ္ဓေါဒနမင်းသား၏ ဂုဏ်ကျေးဇူးကို အကျွန်ုပ်တို့ကြား၍ အလွန်ဝမ်းမြောက်တော်မူသဖြင့် မိဖုရားကြီးကိုရှင်း

ကျော်စောထင်ရှားသော မင်းသား, စစ်သူကြီး, အမတ်, သူဌေး, သူကြွယ် အလုံးစုံတို့ကိုရင်း ခေါ်တော်မူ၍ အကျွန်ုပ်တို့နှင့်တကွပင် သားတော်နှင့် ထိမ်းမြားအံ့သော အကြောင်းကို တိုင်ပင် နှိုင်းရှည့်တော်မူပေသည်၊ ထိုအလုံးစုံသော သူတို့သည်လည်း 'ကောင်းပါပြီ' ဟူ၍ ဝန်ခံကြကုန်၏။ တိုင်ပင်ပြီးသော အဆုံး၌ ခဲဖွယ်ဘောဇဉ်တို့ဖြင့် ကျွန်ုပ်တို့ကို ရောင့်ရဲစေ၍ ပဏ္ဏာကာရနှင့်တကွ ထိမ်းမြားအံ့သော သတင်းစကားကိုမေး၍ အကျွန်ုပ်တို့ကို လွှတ်လိုက်၏" ဟူ၍ လျှောက်ကုန်၏။

## သီဟဟနုမင်းကြီး နှစ်သက်တော်မူခြင်း

သီဟဟနုမင်းကြီးသည်လည်း ထိုကောဏ္ဍည အစရှိသော ပုဏ္ဏားတို့ ပြန်လျှောက်သော စကားကို ကြား၍ အလွန်ဝမ်းမြောက်သည်ဖြစ်၍ ထိုခဏ၌ **သုဒ္ဓိယ** အမည်ရှိသော အမတ်အား ခြောက်သိန်းသော သာကီဝင်မင်းတို့ကို ခေါ်စေ၍ ထိုမင်းတို့နှင့် တိုင်ပင်၍ ၈-ယောက်သော ပုဏ္ဏားတို့ကိုရင်း သုဒ္ဓိယအမတ်ကိုရင်း **သတိမန္တ** အမည်ရှိသော အမတ်ကိုရင်း သာကီဝင်မင်းသား ၃-ယောက်တို့ကိုရင်း ယူစေ၍ များစွာသော **လက်ဆောင်ပဏ္ဏာကာရ**ကိုလည်း ထိုပုဏ္ဏားတို့၏ လက်၌ အပ်ပေး၍ အဥ္စနမင်းကြီး၏ အထံသို့ ထိမ်းမြားအံ့သော အဆောက်အဦကို စီရင်စိမ့်သောငှါ စေလိုက်၏။

✪✪✪✪✪✪✪✪✪✪✪

## ၁၆။ သုဒ္ဓေါဒနနှင့် မာယာမင်းသမီး

### ဝိဝါဟမင်္ဂလာ

### နေ့, ရက်သတ်မှတ်၍ မင်းသားကို ခမ်းနားစွာ လိုက်ပို့ကြခြင်း

ထိုအလုံးစုံသော သူတို့သည် ဒေဝဒဟမြို့သို့သွား၍ အဥ္စနမင်းကြီးအား ကြားလျှောက်ကုန်၏။ သီဟဟနုမင်းကြီးသည် ပေးမှာအပ်သော သတင်းစကားကို အဥ္စနမင်းကြီး ကြားသဖြင့် နှစ်လိုသော စိတ်ရှိသည်ဖြစ်၍ **ဥပဝါဟစစ်သူကြီး**ကိုရင်း **သုပတိဋ္ဌအမတ်, အိမ်ရှေ့မင်း, သီလာစိမင်း, တိက္ခသလကမင်း**တို့ကိုရင်း ယူ၍ များစွာသော ပဏ္ဏာကာရတို့နှင့်တကွ သီဟဟနုမင်းကြီး၏အထံသို့ စေလိုက်၏။ ထိုအလုံးစုံသော သူတို့သည် သီဟဟနုမင်းကြီး၏ အထံသို့သွား၍ ကောင်းသောနေ့, ရက်တို့နှင့် ယှဉ်၍ ထိမ်းမြား မင်္ဂလာပြုစေခြင်းငှါ အဥ္စနမင်းကြီး မှာတော်မူလိုက်တိုင်းကို လျှောက်ကုန်၏။ သီဟဟနုမင်းကြီးလည်း

အားရနှစ်သက်တော်မူ၍ ထိုတမန်တို့အား များစွာသော ပူဇော်သက္ကာရကို ပြု၍ ကောင်းသော လက်ဆောင် ပဏ္ဏာကာရ, လ, ရက်, နက္ခတ်အခါ တို့နှင့်တကွ ထိုဒေဝဒဟမြို့က တမန်တို့ကို လွှတ်လိုက်၏။

ထို့နောင်မှ သီဟဟနုမင်းကြီးသည် အလုံးစုံသော သာကီဝင်မင်းတို့ကို ခေါ်၍ ထိမ်းမြားမင်္ဂလာပြုအံ့သောငှါ-

(၁)　များစွာသော သေအရက်, ထမင်း, အဖျော်တို့ကို စီရင်စေ၍,

(၂) က။　ကပိလဝတ်မြို့မှ ဒေဝဒဟမြို့တိုင် ယူဇနာ-၃ဝခန့် ကွာသောခရီးကို သုတ်သင်စေ၍,

ခ။　တန်ဆာဆင်စေ၍,

ဂ။　နံပါး ၂-ဖက်တို့၌ ကြံ, ငှက်ပျောတို့ကို စိုက်စေ၍,

ဃ။　ခရီးနံပါး ၂-ဖက်တို့၌ ကခြင်း, သီခြင်း, စည်, စောင်းငြင်း, ပဥ္စင်တူရိယာ တီးမှုတ်ခြင်းနှင့် ယှဉ်သော သဘင်သည်တို့ကို တည်နေစေ၍,

င။　ခရီး၏အထက်၌ ဗိတာန်ကြက်၍ အထူးထူးသော ပန်းဆိုင်း, နံ့သာဆိုင်းတို့ကို တွဲလျားဆွဲစေ၍,

စ။　ပေါက်ပေါက်လျှင် ၅-ခုမြောက်သော ပန်းတို့ကို ကြဲစေ၍,

ဆ။　ပတ်သာ, စောင်းငြင်း, ခရုသင်း, စည်ကြီး, မုရိုးစည် အစရှိသည်တို့ကို ခရီး၏ နံပါး ၂-ဖက်၌ တည်နေစေ၏။ ထို့နောင်မှ-

(၃)　ငွေကြိုးဖြင့် ခက်အပ်သော ရွှေကတင်အပ်သော ရွှေဖြင့်ပြီးသော ဦးကင်း တန်ဆာရှိသော ရွှေခေါင်းလောင်း, ရွှေဆည်းလည်း, ရွှေခြူ, ရွှေညောင်ရွက် တို့ဖြင့် ဆွဲသော ထိုဆင်၏ ကျောက်ထက်၌ အထူးထူးသော ရတနာတို့ဖြင့် စီအပ်သော ပြာသာဒ်ကို တင်ပြီးသော် မြတ်နိုးသော နီလာ, ပတ္တမြား, ပုလဲတို့ဖြင့် စီအပ်သော ရွှေတိုင်ဖြင့် ဆောက်အပ်သော ထီးဖြူရှိသော စဉ်းငယ် လက်ျာခရီသော အစွယ်ရှိသော ၂,ဝဝဝ-သော အထူးထူးသော တန်ဆာတို့ဖြင့် တန်ဆာဆင်သော ကိုယ်လုံးဖြူသော ဆင်ထက်သို့ နန္ဒဝန်ဉယျာဉ်၌ ကစားသော နတ်တို့ကဲ့သို့ ခပ်သိမ်းသော သာကီဝင်မင်းသားတို့ကို တက်စီးစေ၍

(၄)　ရတနာ ပစ္စယ အမည်ရှိသော မြတ်သော ဆင်မင်း၏ ကျောက်ကုန်းထက်၌ သိရိသုဒ္ဓေါဒနမင်းသားကို တင်၍ ၁ဝ၁-ယောက်သော မင်းတို့ကို ခြံရံစေ၏။

ထို့နောက်မှ-

(၅) - တိမ်တိုက်ကြား၌ ဖြစ်သော ဝဇိရစိန်ကျောက်အဆင်းနှင့် တူသော သွား,

- ဇလပ်ပန်း အဆင်းနှင့်တူသော အလုံးစုံဖြူသော ကိုယ်, ရှိသော

- ဟင်္သာမင်း၏ ခြေအဆင်းနှင့်တူသော ခြေ, ရှိသော

- နက္ခတ်တို့၏ မင်းဖြစ်သော လ, နေ, လေ၏ လျင်ခြင်းကဲ့သို့ လျင်ခြင်းအဟုန် ရှိသော

- ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်သော ၃၀,၀၀၀-သော မြင်း-

တို့ကို နန္ဒဝန်ဥယျာဉ်၌ ကစားသော နတ်သားတို့ကဲ့သို့ အလွန်တင့်တယ်ကုန်သော သာကီဝင် မင်းသားတို့ကို တက်စီးစေ၍ သိရိသုဒ္ဓေါဒနမင်းသားကို ခြံရံစေကုန်၏။ ထို့နောက်မှ-

(၆) အညို, အရွှေ, အနီ, အဖြူ, အမောင်း, ပြိုးပြိုးပြက်သော အရောင်တို့ဖြင့် အထူးသဖြင့် ဆန်းကြယ်သော ရတနာတန်ဆာတို့ဖြင့် တန်ဆာဆင်ကုန်သော ကိုးသိန်းသော လေးသမားတို့သည် လေးလက်နက်စွဲကုန်လျက် ဆင်အပေါင်းတို့၏ ရှေ့မှ သွားစေ၏။

(၇) ထိုအခါ သီဟဟနုမင်းကြီးသည် ၃၀,၀၀၀-သော လှည်းတို့ကို ဆောင်ယူစေ၍ ဆန်အစရှိသည်တို့ ပြည့်စေ၍ ရှေ့မှသွားစေအပ်၏။

(၈) ထို့နောင်မှ ၄,၀၀၀-သော လှည်းတို့၌ ယောက်မ, ဟင်းချို အစရှိသည်တို့ကို တင်စေ၍ ရှေ့မှသွားစေ၏။

(၉) ထို့နောက် ၆,၀၀၀-သော လှည်းတို့၌ အထူးထူးသော သားတို့၏ အသားတို့ဖြင့်ငင်း အထူးထူးသော ငါးတို့၏ အသားတို့ဖြင့်ငင်း ပျား, သရက်သီး အစရှိသော အထူးထူးသော ပဏ္ဏာကာရတို့ဖြင့်ငင်း ဆား, ငါး, ပျား, တင်လဲ, သကာ, ပဲနောက်, ထုံး, ရှားစေး, ကွမ်း အစရှိသည်တို့ဖြင့်ငင်း ပြည့်စေ၍ ရှေ့မှသွားစေ၏။

(၁၀) သီဟဟနုမင်းကြီးသည်ကား စစ်သူကြီး, အမတ်, သူဌေး, သူကြွယ်, မင်း, မောင်းမ အပေါင်းတို့ဖြင့် ခြံရံလျက် မင်္ဂလာဆင်တော်ကို စီး၍ အင်္ဂါ ၄-ပါး ရှိသော စစ်သည်တို့နှင့်တကွ အလုံးစုံ၏ နောက်မှ သွား၏။

## အသောကဥယျာဉ်၌ ထိမ်းမြားရန် စီစဉ်ခြင်း

ထိုအခါ အဥ္စနမင်းကြီးသည် သီဟဟနုမင်းကြီးလာသော အကြောင်းကို ကြား၍ ယသောဓရော မိဖုရားကြီးကို ခေါ်၍ စစ်သူကြီးအမတ် စသည်တို့ဖြင့် ခြံရံလျက် ယာဉ်ငယ် တစ်ခုကို စီး၍ မြို့မှထွက်၍ အသောကဥယျာဉ်၌ ယာဉ်ငယ်ကို ထားခဲ့၍ ခြေဖြင့်သွား၍ သီဟဟနုမင်းကြီးကို ရှိခိုး၍ မိမိမြို့သို့ ဆောင်၏။ ထိုအသောကဥယျာဉ်သို့ ရောက်သော အခါ၌ သီဟဟနုမင်းကြီးသည် အလွန်မွေ့လျော်ဖွယ်ရှိသော ဥယျာဉ်ကို မြင်၍ အဥ္စနမင်း ကြီးကို ဤသို့ ဆို၏။ "ယောက်ဖ အဥ္စန၊ ငါ့အား ဆင်, မြင်း, ဗိုလ်ပါ အလွန်များလှစွာ၏။ မြို့တွင်း၌ နေအံ့သော်ငါ မလျောက်ပတ်၊ ဤဥယျာဉ်သည် အလွန်ကျယ်စွာ၏။ အလွန်မြတ် သော သူတို့အား နေခြင်းငှါ ထိုက်၏။ အလွန်ကြီးစွာသော သဘင်ကို ပြုခြင်းငှါ ထိုက်၏။ ကျယ်သော အလွန်နက်သော ရေအစရှိသော အရိပ်ရေတို့ဖြင့် သင့်တင့်လျောက်ပတ်၏။ အလွန်မွေ့လျော်ဖွယ်ရှိသည်ဖြစ်၍ ဤဥယျာဉ်၌သာလျှင် ငါနေအံ့သော်ငါ အပ်၏"ဟု ဆို၏။ ထိုစကားကို ကြား၍ အဥ္စနမင်းကြီးလည်း "ကောင်းပြီ" ဟု ဝန်ခံ၍ ထိုဥယျာဉ်ကို သုတ်သင် ပြင်ဆင်၍ နေစေ၏။ သီဟဟနုမင်းကြီးလည်း ထိုဥယျာဉ်၌ သစ်ခက်တပ် ဆောက်၍ နေခြင်းကို ပြု၏။

(၁) တစ်ညဉ့်မိုးသောက်သောနေ့၌ **သူရဂုဏအမည်ရှိသော** လက်သမားဆရာကို ခေါ်၍ အရဏ်တက်သောအခါမှစ၍ ယူဇနာခွဲရှိသော အရပ်၌ ကြီးစွာသော မဏ္ဍပ်ကို ပြုစေ၏။

(၂) ထိုနောင်မှ ၁၀၀-သော သည်တိုင်တို့ဖြင့် တန်ဆာဆင်အပ်သော ဘုံ ၉-ဆင့်ရှိသော **ကောကနုဒ** အမည်ရှိသော **ပြာသာဒ်ကို** ပြုစေ၏။

(၃) အဥ္စနမင်းကြီးလည်း **စပါးရွက်ဖြင့်** မိုးသောပြာသာဒ်,
**ဝါးရွက်ဖြင့်** မိုးသောပြာသာဒ်၊ ဤ ၂-ဆောင်သော ပြာသာဒ်တို့ကို ပြုစေ၏။ ထိုပြာသာဒ် ၃-ဆောင်တို့သည် တစ်လခြင်း ပြီးကုန်၏။

(၄) တပေါင်းလ၌ကား ဒေဝဒဟမြို့ကို တာဝတိံသာနတ်ပြည်ကဲ့သို့ တန်ဆာဆင်၍, အသောကဥယျာဉ်ကို တံတိုင်းတို့ဖြင့် ရံစေ၍ ပြာသာဒ် ၃-ဆောင်တို့ကို တန်ဆာ ဆင်၍ မဏ္ဍပ်၏ အလယ်၌ မြတ်သောသူတို့အား ထိုက်သော ပလ္လင်၌ ထန်းလုလင် တစ်ဖျားမျှ ပမာဏရှိသော ရတနာ ၇-ပါး အပုံအစုကို ပြု၍ အဖိုးအတိုင်း မသိထိုက် သော ကမ္ဗလာပုဆိုး ဖြင့် ဖုံးလွှမ်း၍ ထားစေ၏။

(၅) အရုဏ်တက်သော အခါ၌ သိရိမဟာမာယာကို သိရိဋ္ဌန အမည်ရှိသော ပြာသာဒ် ထက်၌ အထူးထူးသော နံ့သာတို့ဖြင့် ထုံအပ်သော ဂေါသီတစန္ဒကူးနံ့သာ ရေဖြင့် ချိုးစေ၏။ အထူးထူးသော တန်ဆာတို့ဖြင့် တန်ဆာဆင်စေ၍ တစ်သိန်းသော သမီးကညာတို့ဖြင့် ခြံရံစေ၏။

(၆) ထိုအခါ သီဟဟနုမင်းကြီးသည် သိရိသုဒ္ဓေါဒနမင်းသားကို အထူးထူးသော နံ့သာ တို့ဖြင့် ထုံအပ်သောရေဖြင့် ချိုးစေ၍ မင်း၏အဘိသိက်သွန်းခြင်းငှါ ထိုက်သော ပုဆိုးအစုံကို ဝတ်စေ၍ အထူးထူးသော တန်ဆာတို့ဖြင့် တန်ဆာဆင်၍ လက်ထပ် ရေစင် သွန်းအပ်သောအခါကို ကြည့်၍ "ဤအခါသည်လျှင် အခါရောက်ပြီ"ဟု သိ၍ မြတ်သော သူတို့သည် စီးခြင်းငှါထိုက်သော ရထား၌ အထူးထူးသော ရတနာပန်းဆိုင်းတို့ကို ဆွဲ၍ ကုမုဒြာကြာဖြူ အဆင်းနှင့်တူသော ဖောင်းဝတ်မြင်း ၄-စီးတို့ကို က၍ သိရိမဟာမာယာ သတို့သမီး၏ အထံသို့ ပို့လေစေ၏။

## သုဒ္ဓေါဒနမင်းသား ပြဟ္မာကြီး ထိမ်းမြားပေးခြင်း

(၇) ထိုခဏ၌ သိကြားမင်း၏ နေရာကျောက်ဖျာသည် ပူသော အခြင်းအရာကို ပြု၏။ သိကြားမင်းလည်း ထိုအကြောင်းကို သိ၍ "အဘယ်အလို့ငှါနည်း" ဟု နတ်မျက်စိ ဖြင့် ကြည့်သော် ထိုအကြောင်းကို မြင်၍ "ယခုအခါ၌ သံသရာ၏ အဆုံးကို ပြုတတ်သော အလွန်ကြမ်းသော မောဟတည်း-ဟူသော ကွန်ယက်ဖြင့် ဖုံးလွှမ်း သော မိစ္ဆာဒိဋ္ဌိ-ဟူသော အမိုက်တိုက်၏ တံခါးရွက်ကို အဋ္ဌင်္ဂိက မဂ်တည်း ဟူသော သံကောက်ဖြင့် ဖွင့်တတ်သော သဗ္ဗညုဘုရားလောင်း၏ မယ်တော် ဖြစ်လတ္တံ့သော သိရိမဟာမာယာသည် သိရိသုဒ္ဓေါဒန မင်းသားနှင့်တကွ ယရာဝါသပြု၍ နေအပ်သော ထိမ်းမြားခြင်းသည် ဖြစ်လတ္တံ့" ဟု သိ၍ နတ်အပေါင်းတို့ဖြင့် ခြံရံလျက် ဝိသုကြံနတ်သားကို နတ်၌ဖြစ်သော ပုဆိုးတစ်စုံကို ယူစေ၍ အသုရာ၏သမီးဖြစ်သော သုဇာတာကို ရှေ့သွားပြု၍ နတ်ပြည်မှ သက်ဆင်းလာ၏။

(၈) သိရိမဟာမာယာ မင်းသမီးလည်း ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင် လျက် တစ်သိန်းသော သမီးကညာတို့ဖြင့် ခြံရံလျက် ပြာသာဒ်မှသက်၍ မြတ်သော သူတို့အား ထိုက်သော ရထားသို့တက်၍ သိကြားမင်း၏ မိဖုရားသုဇာတာကို ရှေ့သွားပြု၍ မြို့မှ ထွက်၍ ဥယျာဉ်သို့ ရှေးရှုသွားလေ၏။

(၉) အသုရာ၏သမီး သိကြားမင်းကြီး၏ မိဖုရား သုဇာတာသည် နတ်သမီးအပေါင်း ခြံရံလျက် နတ်ရထားသို့တက်၍ သိရိမဟာမာယာ၏ ရှေ့မှ သွား၏။

(၁၀) ထိုသိရိမဟာမာယာ၏ နောက်မှကား-သိကြားမင်းသည်ရင်း ခမည်းတော် အဥ္စနမင်းသည်ရင်း မင်း, အိမ်ရှေ့မင်း အစရှိသည်တို့ဖြင့် ခြံရံလျက် အစဉ်သဖြင့် သွား၏။

(၁၁) ခပ်သိမ်းသော နတ်အပေါင်းတို့သည် ခရီးနံပါး ၂-ဖက်မှ ရတနာ ၇-ပါးဖြင့်ပြီးသော တံခွန်, ကုက္ကား အစရှိသည်တို့ဖြင့် အစဉ်ကို ပြု၍သွားကုန်၏။

(၁၂) ယူဇနာခွဲရှိသော မဏ္ဍပ်၏ ထက်ဝန်းကျင်မှ ခြံရံ၍ နတ်အပေါင်းတို့သည် နေကုန်၏။

(၁၃) ထိုသိရိမဟာမာယာ မြို့မှ ထွက်သောအခါ၌ ကောင်းကင်မှ ထင်ရှားပန်း အစရှိသော အထူးထူးသော နတ်ပန်းမိုးတို့သည် ရွာကုန်၏။ ရွာသော ပန်းအစုတို့သည် ၁-ယူဇနာ အနံ, ၂-ယူဇနာ အလျားရှိသော အရပ်၌ မြင်၏။ ကျောက်ကုန်းမြင့် ပမာဏတက်ကုန်၏။ သိရိမဟာမာယာသည် မြို့မှထွက်၍ နတ်အပေါင်းတို့နှင့် တကွ မြို့မှ ၂-ကောသရှိသော အရပ်သို့ရောက်လေ၏။

(၁၄) ထိုအခါ သီဟဟနုမင်းကြီးသည် များစွာသော ဆင်, မြင်းတို့ကို အစဉ်သဖြင့် ထား၍ ထို့နောင် ရတနာပစ္စယဆင်ဖြူတော်၏ ကျောက်၌ ရွှေ, ငွေ, ဝဇီရစိန်, ပုလဲ, သန္တာ, ကျောက်မျက်ရွဲ, ပတ္တမြားကွန်ယက်-ဟု ဆိုအပ်ကုန်သော ၇-ပါးသော ကွန်ယက်တို့ကို ခင်း၍ ရွှေ, ငွေ အစရှိသော ရတနာ ၇-ပါးတို့ဖြင့် စီအပ်သော ပြာသာဒ်ကို ထား၍ သိရိသုဒ္ဓေါဒနမင်းသားကို ပြာသာဒ်ထက်သို့တင်၍ ၁၀၁-ယောက်သော မင်းတို့ကို ခြံရံစေ၏။

(၁၅) သိရိသုဒ္ဓေါဒနမင်း၏ ရှေ့မှ သုဒ္ဓါဝါသဗြဟ္မာကြီးသည် လပြည့်ဝန်း ပမာဏရှိသော ကြီးစွာသော ထီးဖြူကို ကိုင်၍သွား၏။

(၁၆) သီဟဟနုမင်းကြီးသည်ကား ခြောက်သိန်းသော သာကီဝင်မင်းတို့ဖြင့် ခြံရံလျက် ထိုမင်းသားနောက်မှ သွား၏။ ဓောတောဒန, သက္ကောဒန, သုက္ကောဒန, အမိတောဒန၊ မင်းသားညီနောင် ၄-ယောက်တို့သည် တစ်ခုသော မင်္ဂလာရထားကို စီး၍ စစ်အင်္ဂါ ၄-ပါးနှင့်တကွ ဗြဟ္မာမင်း၏နောက်မှ သိရိသုဒ္ဓေါဒနမင်းသား၏ ရှေ့၌ သွား၏။

(၁၇) ဤသို့ အစဉ်အားဖြင့် မင်း ၂-ပါးတို့ကို ခြံရံ၍ နတ်တို့သည် လာကုန်၏။ ထိုအခါ၌ **သိရိသုဒ္ဓေါဒနမင်းသားသည်** ဤသို့များစွာသော အခြံအရံတို့နှင့်တကွ ထိုမဏ္ဍပ်မှ ၂-ကောသရှိသော အရပ်ကို လွန်၍ **သိရိမဟာမာယာအား** ခရီးဦးကြိုခြင်းကို ပြု၏။

(၁၈) ထိုအခါ သီဟဟနုမင်းကြီးသည်ဂင်း အဥ္စနမင်းကြီးသည်ဂင်း ခပ်သိမ်းသော ပရိသတ်နှင့်တကွ မဏ္ဍပ်သို့ ဝင်လေကုန်၏။

(၁၉) ထို့နောင်မှ **သုဒ္ဓါဝါသဗြဟ္မာကြီးသည်** အခါကို ကြည့်၍ "ဤအချိန်သည်ကား ထိမ်းမြားအံ့သော အခါရောက်ပြီ"ဟုသိ၍ **သိရိသုဒ္ဓေါဒနမင်းသား၏ လက်ကို ကိုင်၍** ရတနာစု၏ အထက်သို့ တင်၏။ သိကြားမင်း၏ **မိဖုရား သုဇာတာသည်လည်း သိရိမဟာမာယာ၏ လက်ကို ကိုင်ငင်၍** ထိုရတနာစု၏ အထက်သို့သာ တင်၏။ ထိုရတနာစု၏ အထက်၌ မင်းသား, မင်းသမီး ၂-ယောက်တို့သည် အချင်းချင်း လက်ကို ကိုင်ကြကုန်၏။

## လက်ထပ်ပွဲအပြီးတွင် အသီးသီး ကောင်းချီးပေးကြခြင်း

- သိကြားနတ်မင်းသည် မိုး ၄-လအသုံမဆိတ်မြည်သော **ခရုသင်းကို** မှုတ်လျက် ရပ်၏။
- ပဥ္စသိခနတ်သားသည် ၃-ဂါဝုတ်အတိုင်း အရှည်ရှိသော **စောင်းကို** တီး၏။
- နတ်၌ဖြစ်သော စည်, စောင်းငြင်းတို့ကိုဂင်း **လူ၌ဖြစ်သော စည်, စောင်းငြင်းတို့ကိုဂင်း** တပြိုင်နက် တီးမှုတ်ကုန်၏။
- သုဒ္ဓါဝါသဗြဟ္မာမင်းသည် အနဝတတ်အိုင်ရေဖြင့် ပြည့်သော **ကရားကို** ကိုင်၍ မင်္ဂလာစကားကို ဆို၍ ထိမ်းမြားသော မင်္ဂလာရေဖြင့် မင်းသား, မင်းသမီးတို့၏ ထိပ်၌ အဘိသိက်သွန်း၏။ ထိုခဏ၌-

  ၁။ နှစ်သိန်း, လေးသောင်း အထုရှိသော မြေကြီးသည် ရွှေတောင်တွင်းမှ ထွက်လတ်သော ရှင်ပျနှစ်သက်သော ဆဒ္ဒန်ဆင်မင်းကဲ့သို့ ကြိုးထစ်လျက် ပြင်းစွာ တုန်လှုပ်၏။
  ၂။ ရှစ်သောင်း, လေးထောင် အစောက်ဆောင်သော မြင်းမိုရ်တောင်မင်းသည်လည်း မီးအုံးသော ကြိမ်ကဲ့သို့ မင်းသား, မင်းသမီးတို့သို့ ရှေးရှုညွတ်၏။
  ၃။ ရှစ်သောင်း, လေးထောင် အပြင်ကျယ်သော သမုဒ္ဒရာသည်လည်း လှိုင်းတံပိုးဖြင့် ပြင်းစွာ ချောက်ချား၏။

၄။ အခါမဲ့ လျှပ်စစ်နွယ်တို့သည် ပြိုးပြိုးပြက် ထွက်ကုန်၏။

၅။ မိုးသည် ကြိုးမြည်လျက် တခဏ ရွာခြင်းကို ရွာ၏။

၆။ ဟိမဝန္တာတော၌ နေကုန်သော ခြင်္သေ့ အစရှိကုန်သော အခြေ ၄-ခုသော သတ္တဝါတို့သည် အလုံးစုံသော ယူဇနာ ၃,၀၀၀-ကျယ်သော ဟိမဝန္တာတောအရပ်ကို တပြိုင်နက် ပဲ့တင်ထပ်စေလျက် မြည်ကုန်၏။

၇။ ခေါရမာလိပန်း, သူရိယမာလိပန်း, ခေါသိမာလိပန်း, ဒိဋ္ဌမာလိပန်း, သလိမာလိပန်း, ပတ္တမာလိပန်း, နီလမာလိပန်း၊ ဤ ၇-ပါးသော ရတနာပန်းတို့သည် မဏ္ဍပ်ကြီး၏ ထက်ဝန်းကျင်မှ ၁-ယူဇနာရှိသော အရပ်တို့၌ ရွာကုန်၏။

၈။ အလုံးစုံသော စကြဝဠာတိုက်၌ နေကုန်သော နတ်တို့သည် အထူးထူး အပြားပြားရှိသော ရတနာတို့ကို ထိုမင်းသား, မင်းသမီးတို့အား ပဏ္ဏာလက်ဆောင် အလို့ငှါ ဆက်လာကုန်၏။

ဤသို့လျှင် မြေကြီးမှ အထက်သို့ ဘဝဂ်တိုင်အောင် လူတို့ကောင်းချီးပေးသော အသံဖြင့် တခဲနက် ပဲ့တင်ထပ်သည် ဖြစ်၏။ ထိုအခြင်းအရာကို မြင်၍ အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်း၌ နေကုန်သော ၁၀၁-ယောက်သော မင်းတို့သည်၎င်း သီဟဟနု အစရှိသော သာကီဝင်မင်းတို့သည်၎င်း စစ်သူကြီး, အမတ်, ပုဏ္ဏား, သူဌေး, သူကြွယ်, ကုန်သည်, သူဆင်းရဲ ဖြစ်ကုန်သော အလုံးစုံကုန်သော သူတို့သည်၎င်း ကြက်သီးမွေးညှင်း ထပြီးလျှင် အံ့ဖွယ်သရဲ ဖြစ်ကုန်သည်ဖြစ်၍ "ထို ၂-ယောက်သော မင်းသား, မင်းသမီးတို့သည် ဩဇာ-ဘုန်းကြီးကုန်စွ၊ တန်ခိုးအာနုဘော် ကြီးပေကုန်စွတကား၊ ခပ်သိမ်းသော လက္ခဏာအင်္ဂါတို့နှင့် ပြည့်စုံကုန်သည်ဖြစ်၍ တက်သစ်သော နေကဲ့သို့ တောက်ပကုန်၏"၊ ဤသို့ ချီးမွမ်းကုန်လျက် ကောင်းချီးပေးကုန်၏။

ခပ်သိမ်းသော ဆင်, မြင်း, ရထား, နတ်, ဗြဟ္မာတို့၏ ကြွေးကြော်သော အသံသည် မဟာသမုဒ္ဒရာ အဝှမ်း၌ မိုးကြိုးပစ်သော အသံကဲ့သို့ ဖြစ်၏။ ထိုအခါ သိရိမဟာမာယာ၏ ခမည်းတော် အဥ္စနမင်းကြီးသည်၎င်း မယ်တော် ယသောဓရာမိဖုရားသည်၎င်း သိရိသုဒ္ဓေါဒနမင်းသား၏ ခမည်းတော် သီဟဟနုမင်းကြီးသည်၎င်း ထိုအလုံးစုံသော သူအပေါင်းတို့သည် မဖြစ်ဖူးမြဲသော ပြာဋိဟာကို မြင်ကုန်၍ အထပ်ထပ် ကောင်းချီးပေးကုန်လျက် ကိုယ်တွင်း၌ နှစ်သက်ခြင်း ပီတိတို့ကို ဖြစ်စေကုန်၏။

## ဆုတောင်း ပတ္တနာပြု၍ ၇-ရက် သဘင်ကစားခြင်း

ယသောဓရာမိဖုရားသည် ဆီမီး, နံ့သာပန်း အစရှိသည်တို့ကို ကိုင်၍ သုဒ္ဓါဝါသဘုံ၌ နေသော သဟမ္ပတိဗြဟ္မာကိုင်ငင်း မဟာဗြဟ္မာကိုင်ငင်း ပရနိမ္မိတဝသဝတ္တီ နတ်သမီးကိုင်ငင်း သိကြား, သုဇိတာတို့ကိုင်ငင်း၊ ဤ ၅-ယောက်သော သူတို့ကို ပူဇော်ရှိခိုး၍ သမီးတော် သိရိမဟာမာယာ၏ ဘုန်းတန်ခိုးကြီးသော အဖြစ်ကို ဤသို့ ကြား၏။ "ဤမင်္ဂလာပ်သဘင် မင်္ဂလာပွဲကြီး၌ စည်းဝေးလာကုန်သော တန်ခိုးကြီးကုန်သော အို-အရှင်နတ်များတို့ အကျွန်ုပ်၏ စကားကို နာပါကုန်၊ အကျွန်ုပ်၏ သမီးတော် သိရိမဟာမာယာ၏ ဝမ်းမှ ဖွားသောသူငယ်သည် သစ္စာ ၄-ပါးတရားတို့ကို သိ၍ လောက ၃-ပါး၌ ဘုရားဖြစ်တော်မူလတ္တံ့၊ ဓမ္မစကြာတရားကို ဟောလတ္တံ့၊ ထိုအကျွန်ုပ်သား ဘုရား၏ အထံ၌ ခပ်သိမ်းသော နတ်, လူတို့သည် ခပ်သိမ်းသော ဆင်းရဲကို ဖျောက်၍ အိုခြင်း, သေခြင်း မရှိသော နိဗ္ဗာန်ပြည်မြတ်သို့ ရောက်ကုန်လတ္တံ့" ၊ ဤသို့လျှင် ကြား၏၊ ဤသို့ ယသောဓရာမိဖုရား ကြားပြီး၍ ပန်း, နံ့သာတို့ဖြင့် မင်းသား, မင်းသမီး ၂-ယောက်တို့ကို ပူဇော်၍ မိမိနေရာသို့ သွားလေ၏။

ထို ယသောဓရာ မိဖုရားသည် ပူဇော်ပြီးသည်ရှိသော် သီဟဟနုမင်းကြီးသည်ငင်း အဥ္စနမင်းကြီးသည်ငင်း အလုံးစုံသော သာကီဝင်မင်းတို့သည်ငင်း ၁၀၁-ယောက်သော ထီးဆောင်းမင်းတို့သည်ငင်း မင်းသား, မင်းသမီး ၂-ယောက်တို့ကို ပူဇော်ရှိခိုးကုန်၏။ မဟာဗြဟ္မာကြီးတို့သည်ငင်း ကာမာဝစရနတ်ပြည် ၆-ထပ်၌နေသော နတ်တို့သည်ငင်း မင်းသား, မင်းသမီး ၂-ယောက်တို့ကို ခပ်သိမ်းသော ရတနာတို့ဖြင့် ပူဇော်ကုန်၏။ ခပ်သိမ်းသော ရုက္ခစိုး, ဘုမ္မစိုး အစရှိသော နတ်တို့သည် ပန်းနံ့သာတို့ဖြင့် ပူဇော်ကုန်၏။ ဘီလူးနတ်တို့သည် မြတ်သော ကျောက်မျက်ရွဲရတနာတို့ဖြင့် ပူဇော်ကုန်၏။

ဒါနဝါဘီလူးတို့ကို အစိုးရသော ဝေဿဝဏ္ဏနတ်မင်းကြီးသည်လည်း ဟိမဝန္တာတော၌ ရောက်သော ပဒေသာပင်မှ အထူးထူးသော ရတနာတို့ကိုင်ငင်း နတ်တို့ အသုံးအဆောင်တို့ကိုင်ငင်း ကျွန်းထိပ်၌ရောက်သော ဇမ္ဗူသပြေပင်၏ လက်ျာတောင်ကိုင်းမှ လျှော၍ကျသော ဇမ္ဗုနဒရွှေဖြစ်ထိုက်သော ဇမ္ဗူသပြေသီးကိုင်ငင်း ဆောင်၍ ၂-ယောက်သော မင်းသား, မင်းသမီးတို့၏ ရှေ့မှ ထန်းတစ်ဖျားပမာဏ ပုံစု၍ ပူဇော်၏။ ထိုအခါ သိကြား, ဗြဟ္မာစသော ခပ်သိမ်းသော နတ်တို့သည် ထိုမင်းသား, မင်းသမီးတို့အား မြတ်သော တောင့်တခြင်းဖြင့်-

၁။ အသက်ရှည်သည် ဖြစ်စေကုန်သတည်း။

၂။ စည်းစိမ်ချမ်းသာ များစေကုန်သတည်း။

၃။ အခြံအရံ များစေကုန်သတည်း။

၄။ ၉၆-ပါးသော အနာ, ၃၂-ပါးသော ကြမ္မာ, ၂၅-ပါးသော ဘေး, ၁၆-ပါးသော ဥပဒ္ဒဝေါ-ဟု ဆိုအပ်သော ခပ်သိမ်းသော အန္တရာယ်တို့သည် ကင်းငြိမ်းကုန်သည် ဖြစ်၍ နိဗ္ဗာန်ရောက်သည် တိုင်အောင် ချမ်းသာခြင်းသည် ပွားများစေကုန်သတည်း။

ဤသို့ ဆိုကုန်ပြီး၍ ကောင်းချီးပေးကုန်၏။ ၇-ရက်ပတ်လုံး သဘင် ကစားကုန်၏။ ၇-ရက်ကို လွန်ပြီးသောအခါ၌ အလုံးစုံသော နတ်, ပြဟ္မာတို့သည် ထိုမင်းသား, မင်းသမီးတို့အား အဆုံးအမပေး၍ ပဉ္စင်္ဂသီလတို့ကို အမြဲဆောက်တည်စေ၍ မိမိတို့၏ နေရာဖြစ်သော နတ်ပြည်သို့ သွားလေကုန်၏။

✪✪✪✪✪✪✪✪✪✪

## ၁၇။ မဟာမာယာကို ကပိလဝတ်သို့ ဆောင်ခြင်း

### သိကြားမင်းကိုယ်တိုင် လိုက်ပို့ခြင်း

သီဟဟနုမင်း, အဉ္စနမင်း အစရှိသော အလုံးစုံသော လူပရိသတ်တို့သည်ကား ထိုမဏ္ဍပ်၌ ၃-လပတ်လုံး သဘင်ကစား၍ တန်ခူးလ၏ လကွယ်ပက္ခ၌ ကပိလဝတ်ပြည်သို့ သွားအံ့သောငှါ တိုင်ပင်ကုန်၏။

၁။ ထိုအခါ သီဟဟနုမင်းကြီးသည် သုဒ္ဓိယ အမည်ရှိသော အမတ်ကို ၃၀,၀၀၀-ကုန်သော သာကီဝင်မင်းသားတို့နှင့်တကွ ပြာသာဒ်တစ်ဆောင် ဆောက်စိမ့်သောငှါ စေ၏။ ထိုအလုံးစုံသော လူတို့သည် ကပိလဝတ်ပြည်သို့ သွား၍ ၅၀၀-ကုန်သော စန္ဒကူးနှစ် သည်တိုင်တို့ဖြင့် ဘုံ ၅-ဆင့်ရှိသော ပြာသာဒ်ကို ဆောက်ကုန်၏။ ထိုပြာသာဒ်သည် စန္ဒနသာရ မည်၏။

၂။ ထို့နောင် သားတော် သုက္ကောဒနမင်းသားကို ၁၀၁-ယောက်သော ထီးဆောင်းမင်းတို့နှင့်တကွ ပြာသာဒ် တစ်ဆောင် ဆောက်စိမ့်သောငှါ စေ၏။ ထိုအလုံးစုံသော သူတို့သည် ကပိလဝတ်ပြည်သို့ သွား၍ ၇၀၀-သော ချရား, စကား သည်တိုင်တို့ဖြင့် ဘုံ ၇-ဆင့်ရှိသော ပြာသာဒ်ကို ဆောက်ကုန်၏။ ထိုပြာသာဒ်သည် ဗာကုလ-ပြာသာဒ် မည်၏။

၃။ ထို့နောင် သိရိမဟာမာယာ၏ ခမည်းတော် အဥ္စနမင်းကြီးသည် သုပတိဋ္ဌအမတ်ကို ၁,၀၀၀-သော မင်းသားတို့နှင့်တကွ ကပိလဝတ်ပြည်သို့ သွား၍ ပြာသာဒ်တစ်ဆောင် ဆောက်စိမ့်သောငှါ စေ၏။ ထိုသူတို့သည်လည်း ကပိလဝတ်ပြည်သို့ သွား၍ ၁,၀၀၀-သော သစ်နှစ် သည်တိုင်တို့ဖြင့် ဘုံ ၉-ဆင့်ရှိသော ပြာသာဒ်ကို ဆောက်ကုန်၏။ ထိုပြာသာဒ်သည် **သဟဿသာရ** မည်၏။

ထိုအလုံးစုံသော သူတို့သည် ပြာသာဒ် ၃-ဆောင်တို့၏ ပြီးသောအခါ၌ ဒေဝဒဟပြည်သို့ တဖန်ပြန်လာကုန်၏။ ထိုအခါ သီဟဟနုမင်းကြီးသည် ကပိလဝတ်ပြည်သို့ သွားအံ့သောငှါ ခရီးကို တာဝတိံသာ၌ နန္ဒဝန်ဥယျာဉ်ကို သွားသော ခရီးကဲ့သို့ တန်ဆာဆင်စေ၍ မြတ်သောသူတို့အား ထိုက်သော ရွှေရထားကို ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်စေ၍ သားတော်, ချွေးမတော်တို့အား ကပ်စေ၏။ ရထားထက်၌ သားတော်နှင့်တကွ ချွေးမတော်ကို နေစေ၍ တစ်သောင်းခြောက်ထောင်ကုန်သော သမီးကညာတို့ကိုရင်း, တစ်သိန်းသော မင်းသမီးတို့ကိုရင်း, ၁၀၁-ယောက်သော ထီးဆောင်းမင်းတို့ကိုရင်း, ခြောက်သိန်းသော သာကီဝင်မင်းသားတို့ကိုရင်း ခြံရံစေ၍ သီဟဟနုမင်းကြီးသည် စစ်အင်္ဂါ ၄-ပါးနှင့်တကွ ရှေ့မှသွား၍ မိမိ၏နောက်မှ သားတော် အရှိသော အလုံးစုံသော သူတို့ကို အစဉ်လိုက်စေကုန်၏။ အလုံးစုံသော နတ်တို့သည် ထိုသိရိသုဒ္ဓေါဒန မောင်နှံကို ခြံရံကုန်၏။

ထိုအခါ သိကြားမင်းသည် သုဇာတာနှင့်တကွ နတ်မြင်း ၁,၀၀၀-ကသော **ဝေဇယန္တာ** ရထားကိုစီး၍ သိရိသုဒ္ဓေါဒန, သိရိမဟာမာယာတို့စီးသော ရထားနှင့် အတူသွား၏။ ထိုအခါ ခပ်သိမ်းသော နတ်လူအပေါင်းတို့သည် ထိုရထား ၂-ဆောင်ကို ခြံရံ၍ သီဟဟနုမင်းကြီး၏ နောက်မှ သွားလေ၏။ ထိုအလုံးစုံတို့၏ နောက်မှ သိရိမဟာမာယာ၏ ခမည်းတော် အဥ္စနမင်းကြီးသည် ခပ်သိမ်းသော စစ်သည်ကို စီရင်၍ ဆင်စီး, မြင်းစီး, ရထားစီး, ခြေသည်သူရဲ အပေါင်းတို့ကို ခြံရံစေ၍ အစဉ်လိုက်၏။ ထို့နောက်မှ အထူးထူးသော အသုံးအဆောင်, အဆောက်အဦတို့ကို ဆောင်ရွက်ကုန်သော သူတို့သည် ယူအပ်သော အလုံးစုံသော ဘဏ္ဍာတို့ကိုယူ၍ ဆင်, မြင်း, ရထား, ကျွဲ, နွား, လှည်းတို့ဖြင့် လိုက်လေကုန်၏။ အဥ္စနမင်းကြီးသည် မိမိ၏ သမီးတော် သိရိမဟာမာယာအား ပေးအပ်သည်နှင့်ယှဉ်သော ရွှေ, ငွေ, ဥစ္စာကို ပေး၍ ကုဋေတစ်သိန်းသော ကျွန်မိန်းမ, ကုဋေတစ်သိန်းသော ကျွန်ယောကျ်ားတို့ကိုရင်း ကိုးသောင်းသော ဆင်မတို့ကိုရင်း အစွမ်းလျင်ခြင်း ပြင်းသော လုံ့လရှိသော ဆင်ပေါက် ၉၀,၀၀၀-တို့ကိုရင်း ၈၄,၀၀၀-သော မြင်းတို့ကိုရင်း ၂-ခေါဘိဏီသော ကျွဲ, နွား, ဆိတ်, ဝက်တို့ကိုရင်း ပေး၏။

ထိုအလုံးစုံတို့သည် ထိုသူ၏ နောက်၌ လိုက်လေကုန်၏။ **ဒေဝဒဟပြည်မှ ကပိလဝတ်ပြည်တိုင်အောင်** ယူဇနာ-၃၀ ခြား၏။ ယူဇနာ ၃၀၀-ရှိသောတိုင် အပြန့်ကျယ်၏။ ထိုအရပ်သည် ကောင်းကင်ပြင်၌ တခဲနက်တက်သော မိုးကြီးကဲ့သို့ ဖြစ်၏။ ထိုသူတို့၏ အကြား၌ လက်ဆုပ်ထိုးရုံမျှသည် မဖြစ်၊ ထိုအလုံးစုံသော သူတို့သည် တပေါင်းတည်း ကပိလဝတ်ပြည်တိုင်အောင် သွားလေကုန်၏။ ထိုအလုံးစုံသော သူတို့သည် ၄-လတို့ကိုင်း လခွဲတို့ကိုင်း လွန်စေ၍ အလုံးစုံကို အကြွင်းမဲ့ တစ်ခုတစ်ခုသော အပေါင်းကို ပေါင်း၍ ထားကုန်၏။

## သီရိသုဒ္ဓေါဒနမင်းအား ထီးနန်းအပ်ခြင်း

ထိုအခါ သီဟဟနုမင်းကြီးသည် သားတော် သီရိသုဒ္ဓေါဒနကို သီရိမဟာမာယာနှင့် တကွ ရတနာပလ္လင်ထက်၌ နေစေ၍ ပြာသာဒ်၏ အစဉ်အားဖြင့် ၃-ကြိမ် မင်း၏ အဘိသိက် ဖြင့် သွန်းခြင်းကိုပြု၍ ထိုအဘိသိက်သွန်းပြီးသည်၏ အခြားမဲ့၌ စန္ဒနသာရ အမည်ရှိသော ပြာသာဒ်ထက်၌ တင်၍ ယူဇနာ ၃၀၀-အဝန်းရှိသော သက္ကတိုင်း၊ ကပိလဝတ်ပြည်၌ **သီရိသုဒ္ဓေါဒန** ဟူသော အမည်ဖြင့် ကျော်စောထင်ရှားစွာ မြတ်သောမင်း၏အဖြစ်သို့ ဆောင်နှင်း၏။

ထိုအခါ၌ ခပ်သိမ်းသော မင်းအမတ် အစရှိသော အလုံးစုံသော သူတို့သည် သီရိသုဒ္ဓေါဒနမင်းမြတ်အား အဘိသိက်သွန်းသော အဆုံး၌ သီရိသုဒ္ဓေါဒနမင်းကိုင်း သီရိမဟာမာယာမိဖုရားကိုင်း ရှိခိုးပူဇော် ကန်တော့၍ မိမိတို့ နေရာအရပ်သို့ သွားလေ ကုန်၏။ ထိုအခါ၌ သုဒ္ဓေါဒနမင်းကြီးသည် သီရိမဟာမာယာနှင့်တကွ မင်း၏အဖြစ်၌တည် ၍ ပဥ္စသီ ၅-ပါးကိုင်း ၁၀-ပါးသော မင်းကျင့်တရားကိုင်း ဖြည့်ကျင့်လျက် တရားနှင့် ညီသဖြင့် မင်း၏အဖြစ်ကို ပြု၏။ ထိုအခါ သီဟဟနုမင်းကြီးသည် သားတော်အား မင်း၏အဖြစ်ကို ပေး၍ အလှူ အစရှိသော ကောင်းမှုတို့ကို ပြု၍ အသက်အတိုင်းနေ၍ စုတေသော် နတ်ရွာသို့ လားလေ၏။

✪✪✪✪✪✪✪✪✪✪

## ၁၈။ သုဒ္ဓေါဒနမင်းသား ထီးနန်းဆက်ခံခြင်း

သီရိသုဒ္ဓေါဒနမင်းမြတ်သည် အဘ၏ အမွေဥစ္စာဖြစ်သော မင်း၏အဖြစ်ကိုရ၍ ခမည်းတော်မင်းကြီး၏ နိုင်ငံ၌ ပြည်သူ, ပြည်သား အပေါင်းတို့ကို ပေးကမ်းခြင်း အစရှိသော

သင်္ဂဟဝတ္ထု ၄-ပါးတို့ဖြင့် နှစ်သက်စေလျက် သိရိမဟာမာယာ မိဖုရားနှင့်တကွ အလွန်မွန်မြတ်သော ကိုယ်၏ အဖြစ်ဖြင့် မင်း၏ စည်းစိမ်ချမ်းသာကို ခံစားတော်မူ၏။ ခမည်းတော် အဥ္စနမင်းနှင့် အရှင်ဒေဝီလရသေ့ တိုင်ပင်၍ထားသည့်-

- သက္ကရာဇ် ၁၂-ခု၊ နတ်တော် လပြည့်ကျော်၊ ၂-ရက်၊ တနင်္လာနေ့တွင် သိရိမဟာမာယာ ဖွားသည်။
- သိရိသုဒ္ဓေါဒနမင်းသားကား အဥ္စနမင်းထားသည့် သက္ကရာဇ် ၁၀-ခုက ဖွားသည်။
- သိရိမဟာမာယာ ၁၆-နှစ်နှင့် ၃-လအလွန် ခမည်းတော်ထားသည့် သက္ကရာဇ် ၂၈-ခု၊ တပေါင်းလတွင် သိရိသုဒ္ဓေါဒန မင်းသားနှင့် ထိမ်းမြားသည်။
- သိရိမဟာမာယာထက် သိရိသုဒ္ဓေါဒန ၂-နှစ်ကြီး၏။
- သိရိမဟာမာယာ ညီမတော် ပဇာပတိကိုလည်း သိရိသုဒ္ဓေါဒနမင်းကြီး သိမ်းပိုက်ပြန်၏။
- သီဟဟနုမင်းကြီး၏သမီး သိရိသုဒ္ဓေါဒနမင်း၏ နှမတော် အမိတာနှင့် အဥ္စနမင်းကြီး၏သား သုပ္ပဗုဒ္ဓနှင့်လည်း နောက်ထပ် ထိမ်းမြားကြပြန်၏။

ကပိလဝတ်ပြည်၌ အစစွာသော ဩက္ကာမုခမင်းမှစ၍ ၇-ဆက်မြောက် အလောင်းတော် ဝေဿန္တရာမင်း ဖြစ်၏။ ဝေဿန္တရာကိုယ်တော် အဖြစ်မှ စုတေ၍ တုသိတာနတ်ပြည်၌ သေတကေတု အမည်ရှိသော နတ်သားဖြစ်၍ လူတို့၏ နှစ်ဖြင့် အနှစ် ၅၇-ကုဋေနှင့် အနှစ် ၆,၀၀၀,၀၀၀-ပတ်လုံး နတ်၏စည်းစိမ်ကို ခံစားတော်မူခိုက် ဝေဿန္တရာမင်းကြီး၏ သားတော် ဇာလီမင်းမှစ၍ မင်းဆက်ပေါင်းကား ခမည်းတော် သုဒ္ဓေါဒနတိုင်အောင် ၈၂,၀၀၅-ယောက်တည်း။

[ဤမျှသော စကားအစဉ်သည်ကား အရှင်ဂေါတမ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့် မယ်တော် သိရိမဟာမာယာကို ထိမ်းမြားမင်္ဂလာ ပြုသည်ကိုဆိုသော စကားအစဉ်တည်း။]

✪✪✪✪✪✪✪✪✪✪✪

## ၁၉။ အလောင်းတော်အား ပဋိသန္ဓေယူရန် တောင်းပန်ခြင်း

သိရိမဟာမာယာကို ဖွားဦးစဥ် "ဘုရား၏ မယ်တော်ဖြစ်လတ္တံ့" ဟူ၍ ပုဏ္ဏားတို့ လက္ခဏာ ဖတ်ကုန်သည်ကား ထိုသတို့သမီး ခြေဖဝါးတို့၌ ဘုရား၏မယ်တော် ဖြစ်ထိုက်သော စက်လက္ခဏာ ရှိသည်ကို ဗေဒင်ကျမ်းနှင့်အညီ ပုဏ္ဏားတို့ မြင်ကုန်သောကြောင့်ငှင်း ကောလာဟလ ၃-ပါးတို့တွင်-

" ဧက္ကတော ဝဿသဟဿမတ္တကေ ဗုဒ္ဓေါ ဥပ္ပဇ္ဇိဿတီတိ ဒေဝတာ ဥဃ္ဃောသန္တိ"-

ဟူသော ပါဠိနှင့်အညီ " ဤသည့်နှစ်မှ အနှစ်တစ်ထောင်၏ အထက်၌ ဘုရားဖြစ်လတ္တံ့, ဖြစ်လတ္တံ့ ဟူ၍ နတ်တို့သည် လူ့ရွာခရီး၌သွား၍ ဟစ်ကုန်သဖြင့် လောက၌ ဘုရား ဖြစ်လတ္တံ့ ဖြစ်လတ္တံ့ ဟူ၍ ကျော်စောရှိနှင့်သော အသံကို ကြားဖူးကုန်သောကြောင့်ငှင်း "ဘုရား၏ မယ်တော် ဖြစ်လတ္တံ့"ဟု နိမိတ်ဖတ်လေကုန်သတည်း။

ထိုနတ်သားတို့ ကောလာဟလစကား ပြောကြားသော နှစ်မှသည် အနှစ် ၁,၀၀၀- ပြည့်ကာနီးလတ်သော် အလောင်းတော် သေတကေတုနတ်သားသည် တုသိတာနတ်၏ အသက်ပြည့်၍ အထက်နတ်ပြည်သို့ ပြောင်းကာနီးသဖြင့် စကြဝဠာတစ်သောင်း၌ နေကုန်သော နတ်, ဗြဟ္မာအပေါင်းတို့သည် ငါတို့စကြဝဠာတိုက်၏ ထိပ်၌ ယုဇနာ သုံးသန်း အဝန်းရှိသော ကျောက်မျက်ရွဲ ကျောက်ဖျာအတိ ညီညွတ်စွာ ခင်းအပ်သော ခပ်သိမ်းသော နတ်တို့သည် စုဝေး၍ မင်္ဂလာစကား ပြောဆိုရာ အရပ်သည် ရှိ၏။ ထိုအရပ်၌ တညီတညွတ် စည်းဝေးကုန်၍ "အို-နတ်များတို့၊ လောက ၃-ပါး၌ ဆီမီးသဖွယ်ဖြစ်သော ကဿပမြတ်စွာ ဘုရား ပရိနိဗ္ဗာန်ပြုတော်မူသော နှစ်မှ စ၍ လောက၌ ဘုရားတည်းဟူသော နေသည် မရှိ၊ ထို့ကြောင့် လောကသည် အမိုက်အတိ ဖြစ်ခဲ့၏။

စင်စစ်သော်ကား တုသိတာနတ်ပြည်၌ ဂေါတမအလောင်းတော် သေတကေတု နတ်သားသည် စေတုတ္တရာပြည်၌ သိဝိဥယမင်း၏သား ဝေဿန္တရာဖြစ်သော ကာလ၌ ပစ္စယနာဂ ဆင်ဖြူရတနာကို လှူခြင်း, ဇာလီ, ကဏှာကိုလှူခြင်း, သတ္တသတ္တက မဟာဒါနတို့ ကို မြေကြီးကို ၇-ကြိမ် တုန်လှုပ်စေ၍ ကြီးစွာသော ကောင်းမှုတို့ကို ပြု၍ ဘုရားအဖြစ်ကို ဆုတောင်း၏။ ထိုဘုရားလောင်းသည် ၄-သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီတို့ကို ဖြည့်အပ်ပြီ၊ ဝေဿန္တရာအဖြစ်မှ စုတေသော် တုသိတာနတ်ပြည်၌ နတ်၏ စည်းစိမ်ကို ခံစား၏။ ယခုအခါ၌ ဤနတ်သားအား ဘုရားဖြစ်အံ့သောအခါ နီးပြီ၊ ငါတို့သည် ထိုနတ်သား၏ အထံသို့သွား၍ လူ့ပြည်၌ ဘုရားဖြစ်စေခြင်းငှါ တောင်းပန်ကုန်အံ့"ဟု တိုင်ပင်ကုန်ပြီး၍

ငါတို့ ဘုရားလောင်း နတ်သား၏ အထံသို့သွား၍ ထိုအလောင်းနတ်သားအား နတ်၏အဖြစ်မှ စုတေခြင်း၏ အကြောင်း ၅-ပါး ထင်သောအခါ၌ ဤသို့ တောင်းပန်ကုန်၏။

"အို-ကောင်းသော အခြင်းအရာရှိသော အလောင်းနတ်သား၊ ကဿပဘုရား ပရိနိဗ္ဗာန် ပြုတော်မူသော ကာလမှစ၍ ခပ်သိမ်းသော လူအပေါင်းတို့သည် လောဘ, ဒေါသ, မောဟတို့သည် နှိပ်စက်အပ်ကုန်သည်ဖြစ်၍ အချင်းချင်း သတ်ခြင်း, ခတ်ခြင်း အစရှိသော အကုသိုလ် ဒုစရိုက်တို့ကိုသာ ပြုကျင့်ကုန်၏။ အပါယ် ၄-ပါးတို့၌သာ ပြည့်စေကုန်၏။ နတ်ပြည်, လူ့ပြည်တို့၌ဖြစ်သော တစ်စုံတစ်ယောက်သော သူကိုမျှ မမြင်ပါကုန်ပြီ၊ တရားဆီမီး၏ ငြိမ်းခြင်းကြောင့် လောကကို အမိုက်အတိ ထူထပ်စွာ ဖုံးလွှမ်းခဲ့ပြီ၊ ခပ်သိမ်းသော သတ္တဝါ အပေါင်းတို့သည် သံသရာ ဝဲသြဃ၌ နစ်ခဲ့ကုန်ပြီ၊ သင်နတ်သားသည် ပါရမီတို့ကို ဖြည့်သည်မှာလည်း သိကြား, ဗြဟ္မာတို့၏ စည်းစိမ်ချမ်းသာကို အလိုရှိ၍ ဖြည့်သည်မဟုတ်၊ လောက ၃-ပါးကို သံသရာဝဋ်မှ ထွက်စေခြင်းငှါ သဗ္ဗညုတဉာဏ်ကို အလိုရှိ၍ ပါရမီ ဖြည့်အပ်၏။ ယခုအခါ ဘုရားဖြစ်အံ့သောအခါ ရောက်ပြီ၊ အလောင်းနတ်သား၊ လူ့ပြည်သို့သွား၍ အထူးသဖြင့် စင်ကြယ်သော အမျိုးရှိသော အမိဝမ်း၌ စွဲဝင်လော့၊ အမိ၏ဝမ်းမှ ဖွားပြီးသော် တောထွက်၍ အောင်မြေပလ္လင် ဗောဓိပင်၌ သစ္စာ ၄-ပါးတရားတို့ကို သိသဖြင့် ဘုရားအဖြစ်သို့ရောက်၍ နတ်နှင့်တကွသော လူတို့ကို သံသရာမှ ထုတ်ဆယ် ကယ်ပါလော့၊ ကျွတ်ထိုက်သော ဝေနေယျတို့ကို သစ္စာ ၄-ပါးတရားတို့ကို သိပါစေလော့" ဟူ၍ တောင်းပန်ကုန်၏။

## နတ်တို့ စုတေခြင်း၏ နိမိတ် ၅-ပါး

နတ်၏ အဖြစ်မှ စုတေခြင်းအကြောင်း ပုဗ္ဗနိမိတ် ၅-ပါး-ဟူသည်ကား-

၁။ ပန်သောပန်း၏ ညှိုးခြင်း၊
၂။ ကိုယ်၌ဝတ်သော အဝတ်တို့၏ ညစ်နွမ်းခြင်း၊
၃။ ကိုယ်မှချွေးယိုခြင်း၊
၄။ အဆင်းမလှသောအဖြစ်သို့ ရောက်ခြင်း၊
၅။ နတ်၏နေရာ၌ မတည်ခြင်း-

ဤ ၅-ပါးတည်း၊ ထို ၅-ပါးတို့တွင်-

၁။ ပန်း၏ညှိုးခြင်းဟူသည်ကား ပဋိသန္ဓေနေသောနေ့၌ ပန်သောပန်းသည် အနှစ် အကုဋေ ၅၇-ကုဋေ, ၆-သန်းပတ်လုံး မညှိုးမူ၍ လူတို့၏ရက်ဖြင့် ၇-ရက်မျှ တည်၍ စုတေလတ္တံ့သောအခါ၌ ညှိုးကုန်၏။

၂။ **နတ်ဝတ်ပုဆိုးတို့သည်လည်း** ထို့အတူ မညစ်မနွမ်းတည်ပြီး၍ ထိုအခါ၌ ညစ်နွမ်းကုန်၏။

၃။ **နတ်တို့အား** အချမ်း, အပူမည်သည် မရှိ၊ ထိုအခါ ပူအိုက်သည်ဖြစ်၍ ကိုယ်မှ ချွေးတို့သည် အပေါက်, အပေါက်ယိုကုန်၏။

၄။ **အဆင်းမလှခြင်းဟူသည်ကား** နတ်တို့အား မိမိတို့၏ အသက် အပိုင်းအခြားရှိသော ကာလပတ်လုံး သွားကျိုးခြင်း, ဆံဖြူခြင်း, အရေတွန့်ခြင်း စသည်တို့ဖြင့် အဆင်း၏ ဖောက်ပြန်ခြင်းမည်သည် မဖြစ်၊ နတ်သမီးတို့သည် ၁၆-နှစ်အရွယ်, နတ်သားတို့ အနှစ် ၂၀-အရွယ်သာဖြစ်၍ ထင်ကုန်၏။ စုတေခါနီးသော ကာလ၌ ပင်ပန်းခြင်းရှိသော ကိုယ်၏အဖြစ်သည် ထင်ကုန်၏။

၅။ **နတ်၏နေရာ၌ မတည်ခြင်းဟူသည်ကား** နတ်တို့အား မိမိတို့၏ အသက်အပိုင်းအခြားရှိသော ကာလပတ်လုံး နတ်ပြည်၌ မမွေ့လျော်ခြင်း မည်သည် မရှိ၊ စုတေခါနီးသော ကာလ၌ကား မမွေ့လျော်ကုန်၊ ဆန့်ကျင်သော နှလုံးရှိကုန်၏။

ဤနိမိတ် ၅-ပါးတို့သည် ငါတို့ဘုရားအလောင်း သေတကေတုနတ်သားအား ထင်ကုန်၏။ ဤ ၅-ပါးသော နိမိတ် ထင်သောအခါ၌ တောင်းပန်ကုန်၏။

✪✪✪✪✪✪✪✪✪✪

## ၂၀။ အလောင်းတော်တို့ ကြည့်ခြင်းကြီး ၅-ပါး

ထိုနတ်အပေါင်းတို့ တောင်းပန်သောအခါ၌ ဘုရားလောင်း နတ်သားသည်

၁။ ဘုရားဖြစ်အံ့သောအခါ,

၂။ ဘုရားဖြစ်ရာကျွန်း,

၃။ ဘုရားဖြစ်ရာအရပ်,

၄။ ဘုရားဖြစ်ရာ အမျိုး,

၅။ ဘုရားလောင်းမယ်တော်၏ အသက်အပိုင်းအခြား၊

ဤ ၅-ပါးသော ကြည့်ခြင်းကြီးတို့ကို ကြည့်တော်မူ၏။ ထို ၅-ပါးတို့တွင် -

၁။ ကာလကိုကြည့်ရာ၌ အနှစ်တစ်သိန်းမှ အထက်၌ငင်း အနှစ် ၁၀၀-မှ အောက်၌ငင်း ဘုရားတို့သည် မဖြစ်ကုန်၊ ထို ၂-ပါးသော အပိုင်းအခြားတို့၏ အတွင်း၌သာ ဖြစ်ကုန်၏။ အနှစ်တစ်သိန်းမှ အထက်၌ အဘယ်ကြောင့် မဖြစ်သနည်းဟူမူကား အလွန် အသက်ရှည်သောအခါ၌ လူတို့အား အိုခြင်း, သေခြင်း သဘောတို့သည် မထင်ကုန်၊ ထို့ကြောင့် အနိစ္စ, ဒုက္ခ, အနတ္တ-ဟူ၍ လက္ခဏာရေး ၃-ပါးကို ဟော သော်လည်း ထိုးထွင်း၍ သိခြင်းငှါ မဖြစ်ကုန်။ ဤသို့ မဖြစ်သော် ဘုရားအဆုံး အမသည် သံသရာဝဋ်မှ ထွက်မြောက်ကြောင်း မဟုတ်သည် မည်၏။ ထို့ကြောင့် အထက်၌ မဖြစ်။ အနှစ်-၁၀၀မှ အောက်၌လည်း အသက်တိုလွန်းသောကြောင့် လူတို့အား လောဘ, ဒေါသ, မောဟ-ထူပြောသောကြောင့် ဘုရားအဆုံးအမသည် ဆုံးမတိုင်း မတည်၊ ရေ၌ သားသော အရေးကဲ့သို့ လျင်စွာ ပျက်လွယ်၏။ ထို့ကြောင့် အနှစ်-၁၀၀အောက် အသက်ယုတ်သော ကာလ၌လည်း မဖြစ်။ ဤယခုအခါ၌ကား- လူတို့အသက် အနှစ်-၁၀၀ နေသောကာလတည်း။ ဘုရားဖြစ်ထိုက်သော ကာလ တည်း-ဟု အခါကို မြင်တော်မူ၏။

၂။ ကျွန်းကို ကြည့်ရာ၌ အရံကျွန်းငယ်နှင့်တကွ ဖြစ်ကုန်သော ၄-ကျွန်းတို့တွင် ဇမ္ဗူဒီပါမှ တပါးသော ကျွန်းတို့၌ ဘုရားမဖြစ်။ ကျွန်းငယ် ၂၀၀၀-အရံရှိသော ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်း၌သာ ဘုရားဖြစ်၏-ဟု မြင်၏။

၃။ အရပ်ကို ကြည့်ရာ၌ ဤဇမ္ဗူဒီပါကျွန်းသည် အလျားအားဖြင့်ငင်း အနံအားဖြင့်ငင်း ယူဇနာ ၁၀,၀၀၀- နှင့်နှင့်ကျယ်၏။ အဘယ်အရပ်၌ ဘုရားဖြစ်သနည်း-ဟု ကြည့် သော်-

- အရှေ့အရပ်မျက်နှာမှ အပိုင်းအခြားကား **ဂဇင်္ဂလအမည်ရှိသော နိဂုံး၊**
- အရှေ့တောင်ထောင့် အရပ်မှ အခြားကား **သလ္လဝတီအမည်ရှိသော ချင်းတွင်းမြစ်၊**
- တောင်အရပ်မှ အခြားကား **သေတကဏ္ဏိကနိဂုံး၊**
- အနောက်မှ အခြားကား **ထူဏ အမည်ရှိသော ပုဏ္ဏားရွာ၊**
- မြောက်မျက်နှာအရပ်မှ အခြားကား **ဥသိရဒ္ဓဇတောင်၊**

ဤသို့ နိမိတ်အခြား ၅-ရပ်နှင့်တကွ တောင်, မြောက်အားဖြင့် အလျားယူဇနာ- ၃၀၀, အရှေ့-အနောက်အားဖြင့် အနံယူဇနာ-၂၅၀ အတိုင်းအရှည်ရှိသော အဝန်း အားဖြင့် ယူဇနာ ၉၀၀-ရှိသော မဇ္ဈိမဒေသအရပ်၌သာ ဘုရား, ပစ္စေကဗုဒ္ဓါ,

အင်္ဂသာဝက, မဟာသာဝက, စကြာ၀တေးမင်း, ခမည်းတော်, မယ်တော်တို့သည် ဖြစ်ကုန်၏။ ယခုလည်း ဤမဇ္ဈိမဒေသအရပ်၌ ကပိလဝတ်ပြည်၌ ဖြစ်အပ်၏-ဟု မြင်၏။

၄။ **အမျိုးကို** ကြည့်ရာ၌ ဘုရားတို့သည် ကုန်သည်တို့၏ အမျိုး၌ဌင်း သူဆင်းရဲ အမျိုး၌ဌင်း မဖြစ်ကုန်၊ လောက၌ မြတ်၏ဟူ၍ သမုတ်အပ်သော မင်းမျိုး, ပုဏ္ဏားမျိုးတို့၌သာ ဖြစ်ကုန်၏။ ယခုအခါ၌ သာကီဝင်မင်းမျိုးတို့သည် မြတ်၏-ဟူ၍ လောက၌ သမုတ်၏။ ကျွန်းလုံးကျော်စော ထင်ရှား၏။ သာကီဝင်မင်းမျိုး၌ ငါသည် ဖြစ်ရလတ္တံ့၊ သိရိသုဒ္ဓေါဒနမင်းကြီးသည် ငါ၏ ခမည်းတော်ဖြစ်လတ္တံ့-ဟု မြင်၏။

၅။ **မယ်တော်၏ အသက်အပိုင်းအခြားကို** ကြည့်ရာ၌ ဘုရား၏ မယ်တော် မည်သည် ကား ကာမ၌ လျှပ်ပေါ်သည်, သေသောက်ကြူးသည် မဖြစ်, ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဖြည့်အပ်ပြီးသော ပါရမီရှိ၏။ ဖွားသောအခါမှစ၍ မကျိုးမပျက် ၅-ပါးသော သီလကို စောင့်၏။ ယခုအခါ၌ သိရိမဟာမာယာသည် ဤဆိုအပ်ပြီး သော သဘောရှိ၏။ ငါ၏မယ်တော် ဖြစ်လတ္တံ့၊ အသက်ကြွင်းသည် အဘယ်မျှ လောက်ရှိလေသနည်း-ဟု ဆင်ခြင်သော် ၁၀-လနှင့် ၇-ရက်သာ အသက်၏ အပိုင်း အခြား ကြွင်းသည်ကို မြင်၏။

✪✪✪✪✪✪✪✪✪✪

## ၂၁။ ဘုရားလောင်း သန္ဓေယူခြင်း၏ ပုဗ္ဗနိမိတ်

ဤသို့ အလောင်းတော် သေတကေတုနတ်သားသည် ၅-ပါးသော ကြည့်ခြင်းကြီး တို့ကို ကြည့်ပြီး၍ "ငါကဲ့သို့ ဆင်းရဲကင်းသော နတ်အပေါင်းတို့အား ဘုရားဖြစ်အံ့သောအခါ ရောက်ပြီ။ လူ့ပြည်သို့သွား၍ ငါဘုရားဖြစ်တော့အံ့"-ဟု နတ်တို့အား အဆုံးအဖြတ်ကိုပေး၍ "သင်တို့, သင်တို့ သွားလေကုန်"ဟု နတ်တို့ကို လွှတ်လိုက်၍ တုသိတာနတ်တို့ဖြင့် ခြံရံလျက် **နန္ဒဝန်ဥယျာဉ်သို့** သွားလေ၏။ ကာမာဝစရနတ်ပြည် ၆-ထပ်တို့၌ နန္ဒဝန်ဥယျာဉ်ရှိသည် ချည်းဖြစ်ကုန်၏။ နန္ဒဝန်ဥယျာဉ်၌ စုတေသော နတ်တို့သည် သုဂတိသို့သာ လားရကုန်၏။ ရှေး၌ ပြုအပ်သော ကောင်းမှုကံ တိုက်တွန်းအပ်သော နတ်တို့သည်သာ နန္ဒဝန်ဥယျာဉ်သို့ သွားကုန်၏။ ထိုဘုရားအလောင်းသည်လည်း ကောင်းမှုကံတိုက်တွန်းအပ်သော နတ်တို့ဖြင့် ခြံရံလျက် ထိုဥယျာဉ်သို့ သွား၍ စုတေ၍ မယ်တော်မာယာဝမ်း၌ သတိအဆင်အခြင်

ရှိသည်ဖြစ်၍ ပဋိသန္ဓေစွဲယူလေ၏။ အဥ္စနမင်းကြီး ထားအပ်သော ကောဇာသက္ကရာဇ် ၆၇-ခု၊ ဝါဆိုလပြည့်၊ ကြာသပတေးနေ့၊ ညဥ့်၊ ဥတ္တရာသဠ် နက္ခတ်နှင့်ယှဉ်၍ ပဋိသန္ဓေ စွဲယူတော်မူ၏။

ထိုအခါ သိရိမဟာမာယာ မိဖုရားသည်လည်း ဝါဆိုလဆန်း ၉-ရက်နေ့မှစ၍ သေသောက်ခြင်းကင်းသော ပန်းနံ့သာ အခိုးအထုံလိမ်းခြင်း, တန်ဆာဆင်ခြင်းနှင့် ပြည့်စုံသော နက္ခတ်သဘင်ကို ၆-ရက်ပတ်လုံး ခံစားပြီး၍ ၇-ရက်မြောက်ဖြစ်သော ဝါဆိုလပြည့်နေ့ နံနက်စောစော၌ နံ့သာရေချိုး၍ ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်လျက် မွန်မြတ်သော ဘောဇဉ်ကို စား၍ ၈-ပါးသော ဥပုသ်သီလအင်္ဂါတို့ကို ဆောက်တည်လျက် ကျက်သရေတိုက်သို့ ဝင်လျက် အသရေရှိသော အိပ်ရာ၌ လျောင်းလျက် အိပ်ပျော်ခြင်းသို့ ရောက်ပြီးသော် မိုးသောက်အားကြီးသောအခါ၌ ဘုရားလောင်း ပဋိသန္ဓေယူခြင်း၏ ပုဗ္ဗနိမိတ်ဖြစ်သော အိပ်မက်ကို မြင်၏။ “အဘယ်ကဲ့သို့ မြင်သနည်း”ဟူတုံအံ့-

သိရိမဟာမာယာ မိဖုရားကို စတုမဟာရာဇ် နတ်မင်း ၄-ယောက်တို့သည် အိပ်ရာနှင့်တကွ ထမ်းကုန်၍ အနဝတတ်အိုင်နား၌ တင့်အပ်သော အရပ်၌ ထားကုန်၏။ နတ်တို့သည်လာကုန်၍ လူ၏အညစ်အကြေးကို ဖျောက်အံ့သောငှါ ရေချိုးစေ၍ နတ်၌ဖြစ်သော အဝတ်တို့ကို ဝတ်၍ နတ်၌ဖြစ်သော နံ့သာတို့ဖြင့် လိမ်းကျံ၍ နတ်ပန်းတို့ကို ပန်စေကုန်၍ ထိုအနဝတတ်အိုင်မှ မနီးမဝေးသော အရပ်၌ ငွေတောင်၏ အတွင်း၌ ရွှေဗိမာန်ရှိ၏။ ထိုရွှေဗိမာန်၏ အတွင်း၌ အရှေ့သို့ ဦးခေါင်းပြု၍ အိပ်စေကုန်၏။ ထိုငွေတောင်မှ မနီးမဝေးသော အရပ်၌ ရွှေတောင်ရှိ၏။ ထိုရွှေတောင်၌ ဆင်ဖြူတစ်ခုသည် ကျက်စား၍ ရွှေတောင်မှသက်၍ ငွေတောင်သို့တက်၍ မြောက်အရပ်မှလာ၍ ရွှေဗိမာန်တွင်းသို့ ဝင်၍ မိဖုရားကို လက်ျာရစ် ၃-ပတ်လည်၍ လက်ျာနံပါးကို ဖွင့်၍ ဝင်လာသည်ကို မြင်မက်၏။

ထိုသို့ မြင်မက်သောခဏ၌ ဘုရားအလောင်းသည် သတိအဆင်အခြင် ရှိသည်ဖြစ်၍ တုသိတာနတ်ပြည်မှ စုတေခဲ့၍ သက္ကရာဇ် ၆၇-ခု၊ ဝါဆိုလပြည့်နေ့၊ ညဥ့်၊ မိုးသောက်အားကြီးတွင် ဥတ္တရာသဠ် နက္ခတ်နှင့် ယှဉ်လျက် မေတ္တာပုဗ္ဗဘာဂ ဖြစ်သော ကာမာဝစရသော-မနဿသဟဂုတ် ဉာဏသမ္ပယုတ် မဟာကုသိုလ် အသင်္ခါရိကစိတ်၏ အကျိုးဖြစ်သော ပဌမမဟာဝိပါက်စိတ်ဖြင့် မယ်တော်မာယာဝမ်း၌ ပဋိသန္ဓေစွဲယူ၏။ ထိုအခါ ယသောဓရာ အလောင်းသည် တုသိတာမှ စုတေခဲ့၍ ဒေဝဒဟပြည်၌ သုပ္ပဗုဒ္ဓမင်း၏မိဖုရား အမိတာ၏ ဝမ်း၌ ပဋိသန္ဓေစွဲယူ၏။

ဘုရားလောင်း ပဋိသန္ဓေ နေသောအခါ၌ ၁၀,၀၀၀-သော စကြဝဠာတိုက်၌ မြေကြီးသည် ၆-ပါးအပြားဖြင့် ပြင်းစွာ တုန်လှုပ်၏။

- အရှေ့မှမြင့်၍ အနောက်မှ နိမ့်၏။
- တဖန် အနောက်မှ မြင့်ပြန်၍ အရှေ့မှ နိမ့်၏။
- တောင်မှ မြင့်၍ မြောက်မှ နိမ့်၏။
- တဖန် မြောက်မှ မြင့်ပြန်၍ တောင်မှနိမ့်၏။
- အလယ်မှ မြင့်၍ အနားဝန်းကျင်မှ နိမ့်၏။
- တဖန် အနားဝန်းကျင့်မှ မြင့်ပြန်၍ အလယ်မှနိမ့်၏။

မြေလှုပ်ခြင်း အစရှိသော ၃၂-ပါးသော နိမိတ်တို့သည် ဖြစ်ကုန်၏။ ၁၀,၀၀၀-သော စကြဝဠာမှ နတ်တို့သည် ဤစကြဝဠာမှာချည်း စည်းဝေးလာကုန်၍ အုတ်အုတ်ကျက်ကျက် ဖြစ်၏။ အိပ်မက်မြင်၍ နိုးသောအခါ၌ မိမိမြင်မက်သော အိပ်မက်ကို အဖန်တလဲလဲ ယူပြီး၍ အိပ်မက်အလိုကား- ငါ၏ဝမ်း၌ ပဋိသန္ဓေစွဲ၏။ စွဲသော သူငယ်သည်လည်း မိန်းမမဟုတ်၊ ယောကျ်ားတည်း။ ဘုန်းရှိသည် ဖြစ်လတ္တံ့၊ အကယ်၍ အိမ်နေအံ့၊ စကြဝတေးမင်း ဖြစ်လတ္တံ့၊ တောထွက်၍ ရဟန်းပြုအံ့၊ ဘုရားဖြစ်လတ္တံ့။

✪✪✪✪✪✪✪✪✪✪✪

## ၂၂။ ပုဗ္ဗနိမိတ်ကို ပုဏ္ဏားတို့ ဖတ်ဆိုခြင်း

ဤသို့ မိမိအိပ်မက်ကို မိမိပင်လျှင် ဗေဒင် ၄-ပုံတို့၌ အပြီးသို့ရောက်သော ပုဏ္ဏားကဲ့သို့ဖတ်၏။ ညဥ့်သည် လင်းသဖြင့် သုဒ္ဓေါဒနမင်းကြီး အိပ်ရာတိုက်မှ ထ၍ ကိုယ်လက်သုတ်သင်ပြီး၍ မြတ်သော ပလ္လင်ထက်နေသော အခါ၌ မိဖုရားသည် မြင်အပ်သော အိပ်မက်ကို မင်းကြီးအား ကြားပေ၏။ မင်းကြီးလည်း ၆-ကျိပ်, ၄-ယောက်သော ပုဏ္ဏားတို့ကို ခေါ်စေ၍ နွားချေးဖြင့် လိမ်းကျံအပ်သော မြေ၌ နေရာကောင်းမွန်စွာ ခင်း၍ နေစေပြီးလျှင် ထောပတ်, ပျား, သကာတို့ဖြင့် ပြုပြင်အပ်သော နို့ဃနာတို့ဖြင့် ရွှေခွက်, ငွေခွက် တို့ကို ပြည့်စေ၍ ရွှေခွက်, ငွေခွက်တို့ဖြင့် အုပ်၍ ပုဏ္ဏားတို့အား လှူ၏။ ထိုမှတပါး အစာမချေသော အဝတ်ပုဆိုးတန်ဆာ အစရှိသည်တို့ကို လှူဒါန်းပူဇော်၍ မိဖုရား၏ အိပ်မက်ကို မေး၏။ ထို ၆-ကျိပ်, ၄-ယောက်သော ပုဏ္ဏားတို့တွင် ၈-ယောက်သော ပုဏ္ဏားတို့က လျှောက်ဆိုကုန်၏။

"အလုံးစုံသော မြေကို အစိုးရတော်မူသော မင်းကြီး၊ အရှင့်မိဖုရားကြီး၏ အိပ်မက်သည် အလွန်ကောင်းမြတ်သော အိပ်မက်တည်း၊ မိဖုရားဝမ်း၌ ပဋိသန္ဓေတည်၏။

ဤပဋိသန္ဓေသည် မိန်းမမဟုတ်၊ ယောကျ်ားဖြစ်၏။ ဘုန်းရှိသောသူ ဖြစ်လတ္တံ့၊ အကယ်၍ အိမ်ရာထောင်သော လူ၏ဘောင်၌ နေအံ့၊ စကြဝတေးမင်းဖြစ်လတ္တံ့၊ တောထွက်၍ ရဟန်းပြုအံ့၊ သစ္စာ ၄-ပါးတရားကို သိသော ဘုရားစင်စစ် ဖြစ်လတ္တံ့၊ မိစ္ဆာဒိဋ္ဌိ အယူရှိကုန်သော သူကန်းတို့အား ဉာဏ်တည်းဟူသော အလင်းကို ပြုလတ္တံ့"၊ ဤသို့ ကြားလျှောက်ကုန် ၏။

သုဒ္ဓေါဒနမင်းကြီးလည်း ပုဏ္ဏားတို့ စကားကို ကြား၍ ရွှင်လန်းနှစ်သက်သည်ဖြစ်၍ မိဖုရားအား ကိုယ်ဝန်အစောင့်အရှောက်ကို ပေး၏။ ထိုအခါမှစ၍ မောင်းမတို့သည် မိဖုရားအား အလွန်အိပ်ခြင်း, အလွန်ထိုင်ခြင်း, အလွန်ရပ်ခြင်း, အလွန်သွားခြင်းတို့ကို မြစ်၍ ဣရိယာပုထ် ၄-ပါး မျှသောအဖြစ်၌ တည်စေကုန်၏။ အလွန်ချဉ်သော, အလွန်စပ်သော, အလွန်ခါးသော, အလွန်ချိုသော, အလွန်ငန်သော ဘောဇဉ်တို့ကို မစားစေကုန်၊ အလွန်မွန်မြတ်သော နူးညံ့သိမ့်မွေ့သော ဩဇာရှိသော အစာတို့ကို အတိုင်းအရှည်နှင့်ယှဉ်၍ စားစေကုန်၏။ မချမ်းလွန်း, မပူလွန်းသော အစာကို စားစေကုန်၏။ မချမ်းလွန်း, မပူလွန်းသော ရေဖြင့် ချိုးစေကုန်၏။

✪✪✪✪✪✪✪✪✪✪✪

## ၂၃။ မယ်တော်ကို နတ်တို့ စောင့်ရှောက်ခြင်း

ဤသို့ ကိုယ်ဝန်၏ အစောင့်အရှောက်ကို ရပြီးသော ဘုရားလောင်း၏ မယ်တော်အား ဘေးဥပဒ္ဒဝေါတို့ကို မြစ်အံ့သောငှါ စတုမဟာရာဇ် နတ်မင်းကြီး ၄-ယောက်တို့သည် ဝဇိရစိန် သန်လျက်ကို ကိုင်ကုန်၍ ကျက်သရေတိုက်၏ အရပ် ၄-မျက်နှာတို့၌ နေ့, ညဉ့် ပတ်လုံး စောင့်ကုန်၏။ ဤစကြဝဠာနတ်မင်းကြီး ၄-ယောက်တို့သာ မဟုတ်ကုန်သေး။ ၁၀,၀၀၀-သော စကြဝဠာတို့တွင် တစ်ခုတစ်ခု၌ ၄-ယောက်, ၄-ယောက်စီ ဖြစ်သဖြင့် ၄၀,၀၀၀, ၄၀,၀၀၀-ကုန်သော စတုမဟာရာဇ်နတ်မင်းတို့သည် ဝဇိရစိန်သန်လျက်ချည်း ကိုင်ကုန်၏။ ကျက်သရေတိုက်၏ တံခါးမှစ၍ ဆန့်ကျင်သော သဘောရှိသော မြေဘုတ် ဘီလူး, တုန်လှုပ်ခြင်းကို ပြုတတ်သော ဘီလူးအပေါင်းတို့ကို ဖယ်စေ၍ စကြဝဠာ တံတိုင်းတိုင်အောင် အစောင့်အရှောက်ကို ထားကုန်၏။

ထိုစတုမဟာရာဇ်နတ်တို့သာ မဟုတ်ကုန်သေး။ ပဒုမ မဟာဗြဟ္မာ, အာကာသဋ္ဌ မဟာဗြဟ္မာ, ဝိပုလ္လမဟာဗြဟ္မာ, ပဒုမတနု မဟာဗြဟ္မာ၊ ဤဗြဟ္မာကြီး ၄-ယောက်တို့သည်လည်း အထက်ကောင်းကင်၌ ထိုင်ကုန်၍ နေ့, ညဉ့်ပတ်လုံး ဘုရားလောင်းကို စောင့်၏။

မြေအောက်၌ နေကုန်သော ကာလနဂါး, ဓတရဋ္ဌနဂါး, ဝိရူဠ္ဟနဂါး, မဏိအက္ခိကနဂါး၊ ဤနဂါးမင်း ၄-ယောက်တို့သည်လည်း မိဖုရားနေသော ကျက်သရေတိုက်အောက်၌ ထိုင်၍ နေကုန်လျက် ဘုရားလောင်းကို စောင့်ကုန်၏။ ဘုမ္မစိုးနတ်, ရုက္ခစိုးနတ်, အာကာသစိုးနတ် တို့သည် ကုဋေတစ်သိန်းသော နတ်တို့ဖြင့် ခြံရံလျက် ဝဇီရစိန် သန်လျက် လက်စွဲကာ, စွဲကာ ဘုရားလောင်းမယ်တော်နေသော ပြာသာဒ်ကို ထက်ဝန်းကျင်မှ ရံလျက် စောင့်ကုန်၏။

"အဘယ်အလို့ငှါ စောင့်အပ်ကုန်သနည်း။ ဘုရားလောင်းအား ကလလရေကြည် တည်သောအခါမှစ၍ ကုဋေတစ်သိန်းသော မာရ်နတ်တို့သည် ကုဋေတစ်သိန်းသော မြင်းမိုရ်တောင်ကို ချီ၍ ဘုရားလောင်းအားရင်း, မယ်တော်အားရင်း, အန္တရာယ်ပြုအံ့သောငှါ အကယ်၍ လာကုန်အံ့၊ အန္တရာယ်ပြုခြင်းငှါ မတတ်နိုင်ကုန်သည်သာတည်း"၊ ထိုစကားသည် မှန်၏။ ရူပတိတုပ္ပါဒဝတ္ထု၌-

**"အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ၊ အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ။ ဂစ္ဆထ တုမှေ ဘိက္ခဝေ ယထာဝိဟာရံ၊ အရက္ခိယာ ဘိက္ခဝေ တထာဂတာ"**

ဟူ၍ မြတ်စွာဘုရား ဟောတော်မူ၏။

ထိုပါဠိ၌ အဓိပ္ပါယ်ကား "ချစ်သား ရဟန်းတို့၊ အကြင် အကြောင်းဖြင့် မြတ်စွာ ဘုရားကို သူတစ်ပါး၏ လုံ့လဖြင့် အသက်မှ ချနိုင်ရာ၏။ ထိုအကြောင်းသည် အကြောင်း မဟုတ်၊ အရာမဟုတ်၊ မြတ်စွာဘုရားတို့သည် သူတစ်ပါး လုံ့လ မဟုတ်သဖြင့် ပရိနိဗ္ဗာန် ပြုကုန်လတ္တံ့၊ သင်တို့သည် သင်တို့ကျောင်းသို့ သွားလေကုန်၊ မြတ်စွာဘုရားတို့ကို သင်တို့ မစောင့်အပ်ကုန်"ဟူ၍ ဟောတော်မူ၏။

ထို့ကြောင့် ဘုရားလောင်းအားရင်း, မယ်တော်အားရင်း အသက်အန္တရာယ်မရှိ၊ စင်စစ်သော်ကား အဆင်းမလှကုန်သော အမြင်မကောင်းကုန်သော သားငှက်တို့သည် ရှိကုန်၏။ ထိုသားငှက်တို့၏ အရုပ်ကို မြင်၍ရင်း အသံကို ကြား၍ရင်း ဘုရားလောင်း၏ မယ်တော်အား ကြောက်ခြင်း, ထိတ်လန့်ခြင်းသည် ဖြစ်ရာ၏။ ထိုကြောက်ခြင်း, ထိတ်လန့် ခြင်းတို့ကို မြစ်အံ့သောငှါ စောင့်ကုန်၏။

တစ်နည်းလည်း ဘုရားလောင်း၏ ဘုန်းတန်ခိုးအားဖြင့် ရိုသေခြင်း ဖြစ်ကုန်သဖြင့် စောင့်ကုန်၏။ ကျက်သရေ တိုက်တွင်းသို့ ဝင်၍ စောင့်ကုန်သော နတ်မင်းကြီး ၄-ယောက် တို့သည် ဘုရားလောင်း၏ မယ်တော်အား မိမိကိုယ်ကို ပြုကုန်သလော, မပြုကုန်သလော- ဟူတုံအံ့။ ရေချိုးခြင်း, တန်ဆာဆင်ခြင်း အစရှိသော ကိုယ်လက် သုတ်သင်ခြင်း ကိစ္စပြု

ထိုစကားကို ကြားသဖြင့် သုဒ္ဓေါဒနမင်းကြီးသည် "ကောင်းပြီ"ဟု ဆို၍ သုံးသိန်းသော ပေါက်တူးဆရာတို့ကို ခေါ်လျက် ကပိလဝတ်ပြည်မှသည် ဒေဝဒဟပြည်တိုင်အောင် ယူဇနာ-၃ဝရှိသော ခရီးကို ညီညွတ်လှအောင် တူးဆွချဲ့ထွင် ဖို့ပြင်စေ၍ ညီတော်သက္ကောဒနကိုင်ငင်း အမိတောဒနကိုင်ငင်း သုဒ္ဓိယအမတ်, သုဂန္ဓအမတ်တို့ကိုင်ငင်း ခေါ်စေ၍ "အမောင်တို့ ၄-ယောက်သည် များစွာသော ဗိုလ်ပါတို့နှင့်တကွ မြို့မှထွက်၍ ကပိလဝတ်မှသည် ဒေဝဒဟမြို့တိုင်အောင် ခရီးကို တန်ဆာဆင်ချေ" ဟူ၍ စေ၏။ .

ထို ၄-ယောက်တို့သည် မိမိတို့၏ အခြွေအရံတို့ကိုခေါ်၍ မြို့မှထွက်၍ ခရီးနံပါး ၂-ဖက်တို့၌ ကွမ်းရွက်, ဆေး, ငှက်ပျောပင်, ကြံပင်, ပဒုမာကြာပွင့် ပြည့်သော ရေသွတ်မြူတာ, ရေပြည့်သော အိုးစရည်း, ကသောသူ, ကစေသောသူ, သီသောသူ, သီစေသောသူ, ကခြင်း, သီခြင်း, တီးမှုတ်ခြင်း, စည်ကြီး, မုရိုးစည်, တစ်ဖက်ပိတ်စည်, ၂-ဖက်ပိတ်သောစည်, ငြင်းသမား စသည်တို့ကိုင်ငင်း အထူးထူးသော ငါး, အမဲ, ပျား, တင်လဲ, မုန့်, သကာ, ထောပတ်, နို့ဓမ်း, ဆီဥတို့ကိုင်ငင်း အစဉ်အတိုင်း ကျင်းပစေ၍ ကြီးစွာသော သဘင် ကစားစေကုန်၏။ ခရီးအထက်၌လည်း ကြီးစွာသော ဘွဲ့ဖြူပုဆိုးတို့ဖြင့် ဗိတာန်မိုးကြက်စေ၍ ပတ္တမြားနှင့်ရောသော ပန်းဆိုင်း, ပုလဲရောသော ပန်းဆိုင်း, ရွှေပန်းဆိုင်း, ငွေပန်းဆိုင်းတို့ကို ဗိတာန်ဆွဲစေ၍ စန္ဒကူးနံ့သာအမှုန့်တို့ဖြင့် ခရီး၌ ကြဲစေကုန်၏။ ဤသို့ ခရီး၌ တန်ဆာဆင်ပြီး၍ ထို ၄-ယောက်သော သူတို့သည် မင်းကြီးအား ကြားကုန်၏။

## အခမ်းအနားဖြင့် လိုက်ပို့ခြင်း

သုဒ္ဓေါဒနမင်းကြီးလည်း ထိုအခါ၌ မြတ်သော မင်္ဂလာရထားကို ဆောင်စေ၍ ရထားလှည်းဘီး၌ အထူးထူးသော အရောင်ရှိသော ဆေးတို့ဖြင့် ဆန်းကြယ်သော အရေးတို့ကို ရေးစေ၍ ညောင်စောင်းခင်းစေ၍ မြတ်သော အသရေရှိသော အိပ်ရာကို အထူးထူးသော တန်ဆာတို့ဖြင့် တန်ဆာဆင်၍-

- ရွှေခြူညောင်ရွက် ဆွဲအပ်သော
- အထူးထူးသော ရတနာတို့ဖြင့် အလုံးစုံပြည့်သော
- အထူးထူးအပြားပြားသော ပန်းအနံ့တို့ဖြင့် ထုံအပ်သော
- နံ့သာဆိုင်း, ပန်းဆိုင်းတို့ဖြင့် ဆွဲအပ်သော
- ကြောင်လျှာပင်၏ ပင်စည်နှင့်တူသော

- ပတ္တမြားတိုင်၏ အဖျားၡ် ဥတ္တရကုရုကျွန်းမှလာသော ပဒေသာပင်၌ဖြစ်သော ပုဆိုးဖြင့် မိုးအပ်သော အလွန်မြတ်သော-**ထီးဖြူ**ကို ရထား၏အလယ်၌ ဆောက်၏၊

အထူးထူးသော အရုပ်တို့ဖြင့်ပြည့်သော ရတနာ ၇-ပါးတို့ဖြင့် စီအပ်သော တင်းတိမ်ဖြင့် ကာရံ၍

- ပတ္တမြားကျောက်ကဲ့သို့ နီသောမျက်စိရှိသော
- ကုမုဒြာကြာပွင့်ကဲ့သို့ ဖြူသောကိုယ်ရှိသော
- ဝဇိရစိန်ကျောက်အစဉ်နှင့်တူသော သွားရှိသော
- နှလုံးမွေ့လျော်ဖွယ်သော အမြီးရှိသော
- လေ၏လျင်ခြင်းနှင့်တူသော လျင်ခြင်းရှိသော
- ခပ်သိမ်းသောတန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော
- တိမ်တိုက်မှလာသော ဝလာဟကအမျိုးဖြစ်သော, ၈-စီးသော

**မင်္ဂလာသိန္ဓောမြင်းတို့ကိုက၍** မိဖုရားအား ကြားလျှောက်စေ၏။

ထိုသုဒ္ဓေါဒနမင်းကြီးလည်း ၈-ယောက်သော ပုဏ္ဏားတို့ကို ကောင်းမြတ်သော အခါကို ကြည့်စေ၍ မြတ်သောနေရာမှ ထ၍ မိဖုရား၏လက်ကို ဆွဲလျက် စန္ဒနသာရ ပြာသာဒ်မှသက်၍ မြတ်သောပလ္လင်ထက်၌ နေ၏။ ထိုအခါ တစ်သိန်းသော သတို့သမီးတို့ သည် မြတ်သောရထားကို ထက်ဝန်းကျင်မှ ခြံရံကုန်၏။ ထို့နောက် လေးသိန်းသော မောင်းမတို့သည် ခြံရံကုန်၏။ ထို့နောင် ခြောက်သိန်းသော သာကီဝင်မင်းတို့သည် ခြံရံကုန် ၏။ ထို့နောင် **စစ်အင်္ဂါ ၄-ပါး**နှင့် ပြည့်စုံသော စစ်သည်တို့သည် ခြံရံကုန်၏။ သုဒ္ဓေါဒန မင်းကြီးသည် ညီတော် သက္ကောဒနမင်းသားကိုခေါ်၍ မြို့ကို စောင့်စိမ့်သောငှါ အပ်နှင်း၏။

ထိုအခါ သိန္ဓောမြင်း ၈-စီးတို့သည် အချင်းချင်း တစ်ခုလည်၌ တစ်ခုတင်၍ "အချင်းတို့၊ ယခုအခါ၌ ငါတို့သည် ဘုရားလောင်းမယ်တော် သိရိမဟာမာယာမိဖုရား စီးတော်မူရာ ရထားမြတ်သို့ ရောက်ကုန်ပြီ၊ ထိုမိဖုရားသည် သုဒ္ဓေါဒနမင်းကြီးနှင့် ယရာဝါသ ဖြစ်သဖြင့် ငါတို့ဘုရား အလောင်းတော်ကို ဝမ်းဖြင့် ၁၀-လဆောင်ပြီး၍ ခပ်သိမ်းသော ဘုရားလောင်းတို့၏ဖွားရာ လုမ္ဗိနီ အမည်ရှိသော အင်ကြင်းတောသို့ သွား၍ ဖွားလတ္တံ့၊ ထိုမိဖုရားမြတ် စီးတော်မူသော မင်္ဂလာရထားကို ရုန်းကုန်သော ငါတို့အား အကျိုးကြီးသည် ဖြစ်ရာ၏။ ဤသို့ ရုန်းငင်ရသော ကောင်းမှုအားဖြင့် မြင်း၏အဖြစ်မှလွတ်၍ နတ်၏အဖြစ်ကို

ရ၍ ချမ်းသာကို ရလတ္တံ့၊ လုမ္ဗိနီဥယျာဉ်၌ ဖွားသော သတို့သားသည် ရဟန်းပြု၍ ဒုက္ကရစရိယာ အကျင့်ကိုကျင့်၍ ဗောဓိပင်ရွှေပလ္လင်ထက်၌ ဘုရားဖြစ်လတ္တံ့၊ ထိုဘုရားဖြစ်သောအခါ၌ ကြီးစွာသော အောင်ပွဲသဘင်ကို မြင်ရကုန်လတ္တံ့၊ သံသရာဆင်းရဲကို ကူးမြောက်ရကုန်လတ္တံ့၊ နိဗ္ဗာန်ပြည်သို့ ရောက်ရကုန်လတ္တံ့"။ ဤသို့ ဆိုကုန်၍ ပြင်းစွာသော အသံကို ပြုကုန်လျက် နှစ်သက်ဝမ်းမြောက်သော စိတ်ရှိကုန်သည်ဖြစ်၍ ခုန်ကမြူးထူးလျက် ရထားကို ရှုန်းကန်၏။

## ယူဇနာခွဲတိုင်အောင် မင်းကြီးလိုက်ပို့ခြင်း

ထိုအခါ သိရိမဟာမာယာ မိဖုရားသည် မင်းကြီးနှင့် အတူတကွ ရထားထက်၌ စီး၍ မြို့မှထွက်လေ၏။ ပဥ္စင်တူရိယာ တီးမှုသော အသံသည် သမုဒ္ဒရာအဝှမ်း၌ မိုးကြိုးသံကဲ့သို့ ဖြစ်၏။ ယူဇနာခွဲမျှ ရောက်သောအခါ၌ မိဖုရားသည် မင်းကြီးကို ဆို၏။ "အရှင်မင်းကြီး၊ အကျွန်ုပ်သည် မိ, ဘတို့၏ အထံသို့သွား၍ သားဖွားလတ္တံ့၊ အကယ်၍ အကျွန်ုပ်အား ရှေး၌ ပြုအပ်သော မကောင်းမှုကံ ရှိအံ့၊ စကားပြောခြင်းငှါ မရချေပြီ။ အကယ်၍ မကောင်းမှုကံ မရှိပါအံ့၊ အကျွန်ုပ်၏ အမိ, အဘတို့လည်း ကောင်းစွာ လုပ်ကျွေးပါကုန်လတ္တံ့၊ သင်္ကောဒနမင်းသားကို မြို့ကို အစောင့်အပ်ထားခဲ့၍ အကျွန်ုပ်နှင့် အတူတကွ လိုက်အံ့သောငှါ မသင့်၊ ကပိလဝတ်ပြည်သို့ ပြန်အံ့သောငှါ အပ်၏"ဟူ၍ ဆို၏။

မင်းကြီးလည်း "ကောင်းပြီ"ဟု ဝန်ခံ၍ "ဤမိဖုရားသည် အမိ, အဘတို့၏ အထံသို့ တစ်ယောက်တည်း သွားလေလတ္တံ့၊ အကယ်၍ ရှေး၌ ပြုအပ်သော ကောင်းမှုကံ မရှိချေအံ့၊ သေမင်း၏နိုင်ငံသို့ လိုက်ရသည်ဖြစ်၍ ငါ့ကို တဖန် မမြင်ရလတ္တံ့၊ ထို့ကြောင့် ငါသည် မိဖုရားနှင့်အတူတကွ ကန်တော့ပူဇော်ဦးအံ့"ဟု ကြံပြီး၍ ဆီမီးအခိုးအထုံ ပန်းနံ့သာ စသည်တို့ကို ယူ၍ "မိဖုရားနှင့် ထိမ်းမြားသော အခါမှစ၍ ငါ့အား တစ်ဆံဖျားမျှလောက် နှလုံး၏ပြစ်မှားခြင်းသည် မရှိ၊ ဤသို့ မရှိသော်လည်း ငါတို့ လူအပေါင်းမည်သည် သခ်ၤတ သဘောဖြစ်၏။ ဖြစ်ပြီး၍ အမြဲမတည်တတ်၊ သတ္တဝါတို့အား သေခြင်းသည် မြဲ၏။ ငါတို့၏ ကိုယ်သည် တံလျှပ်, ရေပွက်နှင့်တူ၏။ ထို့ကြောင့် မိဖုရား အတိတ်, အနာဂတ်, ပစ္စုပ္ပန်၌ ကိုယ်, နှုတ်, နှလုံးဖြင့် ပြုအပ်သော ခပ်သိမ်းသော အပြစ်တို့ကို သည်းခံပါ"ဟု တောင်းပန်၍ မိဖုရားရှေ့သို့ ပန်းပေါက်ပေါက်, ဆီမီးနံ့သာတို့ကို ကြဲ၏။ မိဖုရားသည်လည်း မင်းကြီး၏ စကားကိုကြား၍ မင်းကြီး၏ လည်ကိုဖက်၍ အလွန်ကြီးစွာသော စိုးရိမ်ခြင်းကို ဖြစ်စေ၍ ယိုသောမျက်ရည် ရှိသည်ဖြစ်၍ မင်းကြီးပူဇော်ကန်တော့သောနည်းဖြင့် ပူဇော်ကန်တော့၍

မင်းကြီးကို လွှတ်လိုက်၏။ သုဒ္ဓေါဒနမင်းကြီးလည်း မြတ်သော ရထားတစ်ဆောင်ကို စီး၍ ကပိလဝတ်ပြည်သို့ ပြန်လေ၏။

✪✪✪✪✪✪✪✪✪✪

## ၂၅။ လုမ္ဗိနီ၌ ဘုရားလောင်း ဖွားမြင်ခြင်း

မိဖုရားသည် တစ်သိန်းသော သတို့သမီးတို့ဖြင့်၎င်း ခြောက်သိန်းသော သာကီဝင်မင်းတို့ဖြင့်၎င်း တကွနက် အစဥ်သဖြင့် သွားလေသော် လုမ္ဗိနီအင်ကြင်းတော်သို့ ရောက်၏။ ထိုအခါ အင်ကြင်းတော၌ အလုံးစုံသော သစ်ပင်တို့သည် ပင်လုံးကျွတ် အရင်းမှ အဖျားတိုင်အောင် ပွင့်ကုန်၏။ ထိုဥယျာဉ်ကိုမြင်၍ မိဖုရားအား ဥယျာဉ်သို့ ဝင်လိုသောစိတ်ရှိသည် ဖြစ်၏။ အမတ်တို့သည် မိဖုရားကိုယူ၍ ဥယျာဉ်သို့ ဝင်လေကုန်၏။ ထိုအခါ နတ်တို့သည် "ယနေ့ ယောကျ်ားမြတ်သည် အမိဝမ်းမှ ဖွားလတ္တံ့" ဟူ၍ ကြွေးကြော်ကုန်၏။ အလုံးစုံသော ၁၀,၀၀၀-သော လောကဓာတ်သည် အုတ်အုတ်ကျက်ကျက်ဖြစ်၏။ ၁၀,၀၀၀-သော လောကဓာတ်သည် အလုံးစုံ တစ်ခဲနက်သော သဘင် ဖြစ်၏။ အလုံးစုံ လောကဓာတ်၌ ရှိသော နတ်ပြဟ္မာအပေါင်းတို့သည် "ဘုရားလောင်းကို ဖူးမြင်ကုန်အံ့၊ သားဖွားမင်္ဂလာကို ပြုကုန်အံ့" ဟူ၍ လာကုန်၏။ ဤမင်္ဂလာ စကြဝဠာတိုက်ကို ပြည့်စေ၍ အထူးထူးသော မင်္ဂလာဘဏ္ဍာတို့ကို ယူခဲ့ကုန်၍ စည်းဝေးကုန်၏။ မင်္ဂလာရှိသော သီချင်းတို့ကို သီကုန်၏။

- အလုံးစုံသော စကြဝဠာတိုက်ကို ထီးဖြူဖြင့် ဆောင်းကုန်လျက် နတ်၌ဖြစ်သော စည်, စောင်းငြင်း, ခရုသင်းတို့ကို တီးမှုတ်ကုန်လျက် စည်းဝေးကုန်၏။
- ထီးကိုင်သော သူတို့၏ အကြား၌ စာမရီသားမြီးယပ်ကိုင်သော နတ်တို့သည် တည်ကုန်၏။
- စာမရီသားမြီးယပ်ကိုင်သော နတ်တို့၏ အကြား၌ တံခွန်ကိုင်သော နတ်တို့သည် တည်ကုန်၏။
- တံခွန်ကိုင်သော နတ်တို့၏ အကြား၌ ကုက္ကားကိုင်သော နတ်တို့သည် တည်ကုန်၏။
- ကုက္ကားကိုင်သော နတ်တို့၏ အကြား၌ နဂါးတို့သည် တည်ကုန်၏။
- နဂါးတို့၏ အကြား၌ ဘီလူးတို့သည် တည်ကုန်၏။
- ဘီလူးတို့၏ အကြား၌ ဂန္ဓဗ္ဗနတ်တို့သည် တည်ကုန်၏။

- ဂန္ဓဗ္ဗနတ်တို့၏ အကြား၌ ဂဠုန်တို့သည် တည်ကုန်၏။
- ဂဠုန်တို့၏ အကြား၌ ကိန္နရာတို့သည် တည်ကုန်၏။
- ကိန္နရာတို့၏ အကြား၌ လူတို့သည် တည်ကုန်၏။

မိဖုရားမြတ်အား ဥယျာဉ်သို့ ဝင်သောခဏ၌ ကိုယ်သည် အားနည်းသည် ဖြစ်၏။ ထိုအခါ၌ မိဖုရားအား ဖြောင့်ဖြောင့်တက်သော ညီညွတ်စွာ လုံးသောပင်စည်ရှိသော အသီး, အပွင့်နှင့် ပြည့်စုံသော မင်္ဂလာရှိသော အင်ကြင်းပင်၏ အရင်း၌ မြတ်သောအိပ်ရာကို ခင်း၍ တင်းတိမ်ဖြင့် ကာရံကုန်၏။ အိပ်ရာသို့ တက်သော မိဖုရားအား အင်ကြင်းခက်ကို ကိုင်လိုသော စိတ်ရှိသည် ဖြစ်၏။ ထိုအခါ၌ အင်ကြင်းခက်သည် ဖျောအပ်သော ကြိမ်ညွန့်ကဲ့သို့ မိမိအလိုလို ညွတ်၍ မိဖုရား၏ လက်၏အနီးသို့ ကပ်လာ၏။ ထိုအခါ မိဖုရားသည် ထိုအင်ကြင်းခက်ကို ကိုင်၏။ ညီမတော် ပဇာပတိကို လက်ဝဲလက်မှ ကိုင်၏။

ထိုအခါ မိဖုရားအား ကမ္မဇလေသည် လှုပ်ရှား၏။ တပါးသော မိန်းမတို့သည် ထိုင်လျက်သော်ငြား လျောင်းလျက်သော်ငြား ဖွားကုန်သကဲ့သို့ သားမဖွား၊ ဘုရားလောင်း မယ်တော်ကား ရွှေချည်ထမီကို ဝတ်၍ ငါးကြင်း၏ မျက်စိနှင့်တူသော အကွက်ပေါ်သော ဘွဲ့ဖြူပုဆိုးကို ခြေဖျားတိုင်အောင်ရုံ၍ အလိုလိုညွတ်သော အင်ကြင်းခက်ကို လက်ျာလက်ဖြင့်ကိုင်၍ လက်ဝဲလက်ဖြင့် ညီမတော် ဂေါတမီလည်ကို ဆွဲဖက်၍ ရပ်လျက်ပင် ဓမ္မကရိဏ်မှ ရေထွက်သကဲ့သို့ ဘုရားလောင်းကို ဖွား၏။ တစ်ပါးသော သူတို့သည် အမိဝမ်းမှ ဖွားသည် ရှိသော် အမိ၏ ကမ္မဇလေသည် ခြေအထက်, ဦးခေါင်းအောက် ပြောင်းပြန်လှန်၍ အမိ၏ ယောနိဝ၌ ကျသည်ရှိသော်

- အသူတစ်ရာနက်သော ကမ်းပါးပြတ်၌ ကျသကဲ့သို့,
- တံခါးရှက်၌ သံကောက်ပေါက်ဖြင့် ငင်အပ်သော ဆင်ကဲ့သို့ ကြီးစွာသော ဆင်းရဲကို

ခံစားလျက် အမိဝမ်း သွေး, မစင်ဖြင့် လိမ်းကျံလျက် ဖွားကုန်သကဲ့သို့ ဘုရားလောင်းတို့သည် မဖွားကုန်၊ ဘုရားလောင်းကို ကမ္မဇလေသည် ဦးခေါင်းဦးစောက် ခြေမိုးမျှော်ပြုခြင်းငှါ မတတ်နိုင်၊ တရားဟောပလ္လင်မှသက်သော တရားဟောပုဂ္ဂိုလ်ကဲ့သို့, လှေကားဖြင့် သက်သော ယောက်ျားကဲ့သို့ ခြေ ၂-ချောင်း, လက် ၂-ချောင်းတို့ကို ဆန့်၍ မျက်စိ ၂-ဖက်ကိုဖွင့်လျက် အမိ၏ သုက်သွေးမစင်ဖြင့် မလိမ်းကျံသည်ဖြစ်၍ သန့်ရှင်းစင်ကြယ်သော ကိုယ်ရှိသည်ဖြစ်၍ ဖွား၏။

✪✪✪✪✪✪✪✪✪✪✪

## ၂၆။ ပုဗ္ဗနိမိတ်ဖြစ်ခြင်း, ဥဒါန်းကျူးခြင်း, ၇-ဖဝါးကြွခြင်း

## ၃၂-ပါးသော ပုဗ္ဗနိမိတ်

၁။ ထိုသို့ ဖွားသောခဏ၌ ၁၀,၀၀၀-သော စကြဝဠာတိုက်၌ နှစ်သိန်း, လေးသောင်း အထုရှိသော မြေကြီးတို့သည် အောက်၌ဆိုပြီးသော နည်းအတိုင်း ၆-ပါး အပြားဖြင့် ပြင်းစွာ တုန်လှုပ်၏။

၂။ နတ်, ပြဟ္မာတို့သည် စည်းဝေးကုန်၏။ ဖွားသော ခဏ၌ နတ်တို့သည် ရှေးဦးစွာ ခံကုန်၏။ လူတို့သည် နောက်မှ ခံကုန်၏။

၃။ လူတို့ မတီးဘဲ သားရေဖြင့် မြှေးသော စည်, စောင်းငြင်းတို့သည် အလိုလိုမြည်ကုန်၏။

၄။ နှောင်အိမ်၌ ခပ်သိမ်းသော အနှောင်အဖွဲ့တို့သည် ပြတ်ကုန်၏။

၅။ ခပ်သိမ်းသော အနာတို့သည် အလိုလို ကင်းကုန်၏။

၆။ ပဋိသန္ဓေဖြင့် ကန်းသော သူတို့သည် ရူပါရုံကို မြင်ကုန်၏။

၇။ နားပင်းသော သူတို့သည် အသံကို ကြားကုန်၏။

၈။ ပဋိသန္ဓေမှ ရှူးကုန်သော သူတို့သည် တဖန်အောက်မေ့ခြင်း သတိကို ရကုန်၏။

၉။ ဆွံ့သော သူတို့သည် ခြေဖြင့် သွားနိုင်ကုန်၏။

၁၀။ အရပ်တစ်ပါး သွားလေသော လှေတို့သည် ကောင်းသော ဆိပ်သို့ ရောက်ကုန်၏။

၁၁။ ကောင်းကင်၌ရင်း မြေ၌ရင်း ရှိသော အလုံးစုံသော ရတနာတို့သည် မိမိတို့ အလိုလို တောက်ပကုန်၏။

၁၂။ ကြောက်မက်ဖွယ်သော ကြမ်းသော အဝီစိငရဲမီး၌ အပူသည် ငြိမ်း၏။

၁၃။ မြစ်တို့၌ ရေတို့သည် အောက်သို့ မစီးကုန်။

၁၄။ ခပ်သိမ်းသော အမိုက်တို့ထက် အလွန်မိုက်စွာသော လောကန္တရိက်ငရဲ၌လည်း ပြန့်ပြောစွာကုန်သော အရောင်တို့သည် ဖြစ်ကုန်၏။

၁၅။ ထိုမှတပါး ကြောက်မက်ဖွယ် လှိုင်းတံပိုးတည်းဟူသော ဆားငန်ရေရှိသော မဟာသမုဒ္ဒရာသည် မြိန်မြတ်ချိုသော ရေရှိ၏။

၁၆။ ရှုန့်ရင်းသော လေသည် မလာ။

၁၇။ သစ်ပင်တို့သည် ကောင်းစွာပွင့်သော ပန်းရှိကုန်၏။

၁၈။ လမင်းသည် အလွန်တောက်ပသော အရောင်ရှိသည်ဖြစ်၍ တင့်တယ်၏။

၁၉။ နေသည်လည်း အပူစဲသည် ဖြစ်၏။

၂၀။ ကောင်းကင်မှရင်း တောင်မှရင်း သစ်ပင်မှရင်း ငှက်တို့သည် အောက်မြေသို့ သက်ဆင်း၍ နေကုန်၏။

၂၁။ ၄-ကျွန်းလုံးကို နှံ့စေ၍ မိုးကြီးသည် သည်းထန်စွာ ရွာ၏။ ထက်ဝန်းကျင်မှ ရေတို့သည် ကောင်းစွာ မြိန်မြတ်သော အရသာရှိ၏။

၂၂။ နတ်တို့သည် ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ နတ်ပြည်၌ မိမိနေရာဘုံဗိမာန်တွင်း၌ ကကုန်၏။ သီကုန်၏။ တီးမှုတ်ကုန်၏။ ကောင်းကင်၌ နေကုန်သော နတ်တို့သည် မြူးထူးခြင်းကို ပြုကုန်၏။

၂၃။ တံခါး၌ တံခါးရွက်တို့သည် အလိုလို ပွင့်ကုန်၏။

၂၄။ လူများအပေါင်းတို့ကို ထမင်းငတ်ခြင်း, ရေမွတ်ခြင်းတို့သည် ထိုအခါ ဆံဖျား ၁-ချောင်းခန့်မျှ မနှိပ်စက်။

၂၅။ ရန်သူအမြဲဖြစ်ကုန်သော ကြောင်နှင့် ကြွက် အစရှိကုန်သော အကြင်သတ္တဝါတို့သည် ရှိကုန်၏။ ထိုသတ္တဝါတို့သည် အချင်းချင်း မေတ္တာစိတ်ကို ရကုန်၏။ ကျီးတို့သည် ခင်ပုပ်တို့နှင့်တကွ မွေ့လျော်ကုန်၏။ ခွေးတို့သည် ယုန်တို့နှင့် ကစားမြူးထူးခြင်းကို ပြုကုန်၏။ အဆိပ်ကြမ်းသော မြွေတို့သည်၎င်း အဆိပ်မကြမ်းသော မြွေတို့သည်၎င်း မြွေပါတို့နှင့်အတူ ကစားကုန်၏။ ကြောင်တို့သည်၎င်း သစ်ခေါင်းအောင်းသော ရှူးတို့သည်၎င်း ကြွက်တို့ကို ဖြူစင်သော စိတ်ရှိကုန်သည်ဖြစ်၍ မဖမ်းကုန်။

၂၆။ ဘုရားတစ်ဖြစ်နှင့် တစ်ဖြစ်အကြား ရေမသောက်ရ၍ မွတ်သိပ်ခြင်း ပြင်းစွာသော ပြိတ္တာတို့သည်လည်း ကင်းသော မွတ်သိပ်ခြင်း ရှိကုန်၏။

၂၇။ ကုန်းသော ကိုယ်ရှိသော သူတို့သည် ဖြောင့်မတ်ညီညွတ်စွာ တင့်တယ်ကုန်၏။

၂၈။ အ-သောသူတို့သည် သာယာသော စကားကို ပြောဆိုကုန်၏။

၂၉။ ကြည်ညိုချစ်ခင်သော စိတ်ရှိကုန်သော သတ္တဝါအပေါင်းတို့သည် အချင်းချင်း နှုတ်ဆက်ခေါ်ဝေါ် ပြောဆိုကုန်၏။

၃၀။ မြင်းတို့သည် ရွှင်သော စိတ်ရှိကုန်သည်ဖြစ်၍ ဟီကုန်၏။

၃၁။ မုန်ဖြင့် ယစ်ကုန်သော ဆင်ပြောင်တို့သည် ပြင်းစွာ မြည်ဟည်းကြကုန်၏။

၃၂။ ဂေါ်သဇင်, မာလာကျိုကျူ အစရှိကုန်သော အနံ့ရှိသော ပန်းတို့ဖြင့် ပြုအပ်သော ပန်းတောင်းသည် ကောင်းသော အနံ့ဖြင့် လှိုင်၏။ စန္ဒကူးနံ့သာမှုန့်တို့ဖြင့် နှောင့်ယှက်၏။ ထက်ဝန်းကျင်မှ တစ်သောင်းသော စကြဝဠာတိုက်သည် အထူးထူး အပြားပြားရှိသော စာမရီသားမြီးတံခွန်တည်းဟူသော ပန်းရှိ၏။

ဤ ၃၂-ပါးသော နိမိတ်တို့သည် ဖြစ်ကုန်၏။

## မြောက်သို့ ၇-ဖဝါးကြွတော်မူခြင်း

ကာသိကပုဆိုး၌ တင်ထားအပ်သော သန့်ရှင်းစင်ကြယ်သော အရောင်ရှိသော ပတ္တမြားစစ်ကျောက်သည် လျှောကျသကဲ့သို့, တရားဟောပလ္လင်မှ သက်သော တရားဟော ပုဂ္ဂိုလ်ကဲ့သို့ မယ်တော်ဝမ်းမှ မတ်တပ်ရပ်လျက် သက်တော်မူသော ဘုရားလောင်းကို ကိလေသာကုန်ပြီးသော သုဒ္ဓါဝါသဘုံ၌ဖြစ်သော ဗြဟ္မာကြီး ၄-ယောက်တို့သည် ရွှေကွန် ယက်ဖြင့် ခံကုန်၏။ မယ်တော်၏ ရှေ့၌ထား၍ "မိဖုရားမြတ်၊ နှစ်လိုသော နှလုံးရှိသည် ဖြစ်လော့၊ သင်မိဖုရား၏ သားတော်သည် တန်ခိုးကြီးလှ၏"ဟူ၍ ဆိုကုန်၏။

ထိုဗြဟ္မာတို့လက်မှ ဘုရားလောင်းကို စတုမဟာရာဇ် နတ်မင်းကြီး ၄-ယောက် တို့သည် မင်္ဂလာဟူ၍ သမုတ်အပ်သော ကောင်းသောအတွေ့ရှိသော သစ်နက်ရေဖြင့် ခံကုန်၏။ ထိုနတ်တို့၏လက်မှ လူတို့သည် ဘွဲ့ဖြူပုဆိုးဖြင့် ခံကုန်၏။ ထိုအခါ ဘုရားလောင်း အား သန့်ရှင်းစင်ကြယ်သော ကိုယ်ရှိသော်ငြား မယ်တော်အား တစ်စုံတစ်ခုသော အနာ သည် မဖြစ်ငြားသော်ငြား ပူဇော်သက္ကာရ အလို့ငှါ ကောင်းကင်မှ ဘုံအဆင့်နှင့် တူသော အဆင်းရှိသော? ငှက်ပျောပင်စည်မျှ ပမာဏရှိသော အချမ်း, အနွေး ရေအလျဉ် ၂- သွယ်တို့သည် ကောင်းကင်မှ ကျလတ်၍ ဦးခေါင်းမှစ၍ ရေချိုးစေသဖြင့် ဥတုကို

ယူစေကုန်၏။ ဥယျာဉ်, ရေကန်တို့မှ ရွှေအိုး, ငွေအိုး အစရှိသည်တို့ဖြင့် ရေကို ဆောင်ကုန်သော နတ်တို့၏ အရေအတွက် အပိုင်းအခြားကား မရှိသည်သာလျှင်တည်း။

* *(အာကာသတော၊ ကောင်းကင်မှ။ ဖလိတကွန္ဓဝဏ္ဏာ၊ ဖန်တုံးဖန်ခဲ အဆင်းရှိသော။ ဒွေ၊ ၂-မြွာကုန်သော။ ဥဏှသီတောဒကဓာရာ၊ ရေနွေးချောင်း, ရေအေးချောင်း အလျှံတို့သည် အာဂန္တွာ၊ လာကုန်၍ဟု သိရီမဟာမာယာဒေဝီဝတ္ထုနိဿယ၊ နှာ-၁၄၅-၆ ၌ ဖွင့်ဆိုထားသည်။)*

ထိုအခါ ဘုရားလောင်းသည် လူတို့၏ လက်မှလွတ်၍ မြေ၌ရပ်တည်၍ အရှေ့မျက်နှာအရပ်ကို ကြည့်လျက် "ဤအရပ်၌ ငါနှင့်တူသသူရင်း ငါ့ထက် လွန်မြတ်သသူရင်း ရှိသလော, မရှိသလော"ဟု ဆင်ခြင်တော်မူ၏။ ထိုအခါ အရှေ့မျက်နှာအရပ်၌ တစ်သိန်းမက များစွာသော စကြဝဠာတိုက်တို့သည် တပြင်တည်း ဟင်းလင်းတည်သည် ဖြစ်ကုန်၏။ ထိုအရှေ့မျက်နှာ၌ နတ်, လူတို့သည် ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်၍ အရိုအသေ ပြုကုန်လျက် "ဤအရပ်မျက်နှာ၌ အရှင်မင်းသားနှင့် တူသောသူမျှ မရှိသလျှင်ကတည်း၊ အရှင်မင်းသားထက် လွန်မြတ်သောသူကား အတီမှာ ရှိနိုင်ပေအံ့နည်း" ဟူ၍ ဘုရားလောင်းအား ကြားစေကုန်၏။

ထို့အတူ ၈-ပါးသော အရပ်တို့ကို ကြည့်တော်မူ၍ ကိုယ်တော်နှင့်တူသော သူကိုရင်း ကိုယ်တော်ထက်လွန်သော သူကိုရင်း မမြင်သည်ဖြစ်၍ "ဤသည်ကား မြတ်သော အရပ်"ဟု မှတ်လျက် မြောက်မျက်နှာအရပ်သို့ ရှေးရှု ရပ်တော်မူပြီးလျှင် ၇-ဖဝါးနင်းသွားကြွတော်မူ၏။

## ဥဒါန်းကျူးတော်မူခြင်း

- ထိုအခါ မဟာဗြဟ္မာကြီးသည် ၃-ယူဇနာ အချင်းရှိသော ထီးဖြူကိုဆောင်း၍ လိုက်၏။
- သုယာမနတ်သားသည် စာမရီသားမြီးယပ်ကိုထမ်း၍ လိုက်၏။
- နတ်သား တစ်ယောက်သည် ရတနာကျောက်အတိစီသော သန်လျက်ကို ထမ်း၍ လိုက်၏။
- နတ်သားတစ်ယောက်သည် ရွှေခြေနင်းကို,
- နတ်သားတစ်ယောက်သည် နတ်၌ဖြစ်သော သင်းကျပ်ကို ထမ်း၍ လိုက်၏။

- ဤ ၅-ပါးသော မင်းမြောက်တန်ဆာတို့သည် သူခပ်သိမ်းတို့အား ထင်ကုန်၏။ မင်းမြောက်တန်ဆာ ၅-ပါးတို့ကို ကိုင်သောသူတို့သည် မထင်ကုန်၊
- ကြွတော်မူသော ဘုရားလောင်းသည် မြေ၌ ကြွတော်မူ၏။ သူအပေါင်းတို့အား- ကား ကောင်းကင်ပြင်၌ ကြွတော်မူသည်သာ ထင်ကုန်၏။
- ဘုရားလောင်းသည် ငယ်စွာသော သတို့သားဖြစ်၏။ မြင်မြင်သသူတို့ အားကား ၁၂-နှစ်ရွယ်ကဲ့သို့ ထင်၏။
- ဘုရားလောင်းသည် အဝတ်မဝတ် ကိုယ်ချည်း ကြွတော်မူ၏။ သူခပ်သိမ်းတို့ကား ကာသိကတိုင်း၌ ဖြစ်သော ပုဆိုးကိုဝတ်၍ ကြွသည်သာ ထင်၏။
- တန်ဆာမဆင်ဘဲ ကြွတော်မူ၏။ ခပ်သိမ်းသော သူတို့ကား စကြဝတေးမင်း၏ တန်ဆာဖြင့် တန်ဆာဆင်၍ ကြွသကဲ့သို့ ထင်၏။

- တုသိတာနတ်မင်းသည် **ပတ္တမြားယပ်ဝန်းတို့ဖြင့်** ယပ်၏။
- အချို့သော နတ်တို့သည် ကြေးမုံပမာဏရှိသော **ထင်ရှားပန်းတို့ကို** ကိုင်၍ ယပ်ကုန်၏။
- အချို့သော နတ်တို့သည် **ရတနာယပ်တို့ကိုကိုင်၍** ယပ်ကုန်၏။
- နတ်သမီးတို့သည် အထူးထူးသော **မင်္ဂလာဘဏ္ဍာတို့ကို** ယူခဲ့၍ ဤစကြဝဠာတိုက်ကို ပြည့်စေလျက် ရပ်ကုန်၏။
- တစ်ပါးမက များစွာကုန်သော လူနတ်တို့၌ဖြစ်သော ခရုသင်းတို့ကို မှုတ်ကုန်၏။
- လူနတ်တို့၌ဖြစ်သော **စည်မျိုး ၅-ပါးတို့ကို** တီးမှုတ်ကုန်၏။
- နတ်သမီးတို့သည် ကကုန်, သီကုန်၏။

ဤသို့ များစွာသော ပူဇော်သက္ကာရ ဖြစ်သောအခါ၌ ဘုရားလောင်းသည် ၇-**ဖဝါး** လှမ်းတော်မူသော အဆုံး၌ ရပ်တော်မူ၏။ ထိုအခါ၌ လက်ညိုး ၁-ချောင်းဖြင့် စကြဝဠာ ၁,၀၀၀-ကို, ၁၀-ချောင်းဖြင့် စကြဝဠာ ၁၀,၀၀၀-ကို အရောင်ဖြင့် ထွန်းလင်းစေခြင်းငှါ စွမ်းနိုင်သော မဟာဗြဟ္မာမင်းသည် အထူးထူးသော တန်ဆာဖြင့် တန်ဆာဆင်လျက် ဗြဟ္မာတို့၌ ဖြစ်သော ဘွဲ့ဖြူပုဆိုးကို ပခုံးတစ်ဖက်၌ ကိုယ်ဝတ်စံပယ်တင်၍ ဖန်ဆင်းအပ်သောမြေ၌ လက်ျာပုဆစ် ဒူးဝန်းကိုထောက်၍ လက်ဝဲပုဆစ် ဒူးဝန်းကိုချီ၍ ၁၀-ခုသော လက်သည်းတို့၏ အရောင်ဖြင့် တောက်ပသော လက်အစုံကို ထိပ်၌ထား၍-

"ဆင်းရဲကင်းသော အလောင်းမင်းသား၊ အရပ် ၈-မျက်နှာကို ကြည့်တော်မူသဖြင့် အဘယ်မူစအံ့နည်း၊ အောက်ကို အဝီစိမှစ၍ အထက်သို့ ဘဝဂ်တိုင်အောင် အဆုံးမရှိကုန်သော လောကဓာတ်တို့၌ အလောင်းမင်းသားနှင့်တူသော သူသည်မျှလည်း မရှိ၊ အလောင်းမင်းသားထက် လွန်မြတ်သောသူကား အတီမှာ ရှိနိုင်ပေအံ့နည်း"-

ဟု-လျှောက်၏။ ထိုအခါ၌ "ဤယောကျ်ားမြတ်သည် အဘယ်ကဲ့သို့သော စကားကို ဆိုပေလတ္တံ့နည်း"ဟု ထောင်သောနား ရှိကုန်သည်ဖြစ်၍ ခပ်သိမ်းသော သူအပေါင်းတို့သည် အသံမရှိ ဆိတ်ဆိတ် နေကုန်၏။ စကြဝဠာ ၁၀,၀၀၀-လုံးတို့သည် အသံမရှိ ဆိတ်ကုန်၏။ ထိုအခါ၌ ဘုရာလောင်းသည် မိမိနှင့်တူသော သူကိုငင်း လွန်သော သူကိုငင်း မမြင်၍ ၁၀,၀၀၀-သော လောကဓာတ်ကို တပြိုင်နက်တည်းဖြင့် မိမိ၏အသံကို ကြားစေလျက် ရှေးဘုရားလောင်းတို့၏ စရိုက်အကျင့်ဖြစ်သော မကြောက်မရွံ့သော စကားကို မြွက်တော်မူလို၍-

**အဂ္ဂေါ'ဟ'မသ္မိ လောကဿ။**

**သေဋ္ဌော'ဟ'မသ္မိ လောကဿ။**

**ဇေဋ္ဌော'ဟ'မသ္မိ လောကဿ။**

**အယ'မန္တိမာ ဇာတိ။ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ'တိ။ -**

ဟူ၍ မြွက်ဆိုတော်မူ၏။

အနက်။ အဟံ၊ ငါသည်။ လောကဿ၊ လူအပေါင်းထက်။ အဂ္ဂေါ၊ အမျိုးအားဖြင့် မြတ်သည်။ အသ္မိ၊ ဖြစ်၏။ အဟံ၊ ငါသည်။ လောကဿ၊ လူ ၃-ပါးထက်။ သေဋ္ဌော၊ အထူးသဖြင့် ချီးမွမ်းအပ်သည်။ အသ္မိ၊ ၏။ အဟံ၊ ငါသည်။ လောကဿ၊ လောက ၃-ပါးထက်။ ဇေဋ္ဌော၊ ကြီးသည်။ အသ္မိ၊ ၏။ အယံ ဇာတိ၊ ဤပဋိသန္ဓေသည်။ အန္တိမာ၊ အဆုံးစွန်ဖြစ်သော။ ဇာတိ၊ အမိဝမ်း၌ ပဋိသန္ဓေနေခြင်းတည်း။ ဒါနိ၊ ယခုမှနောက်အခါ၌။ ပုနဗ္ဘဝေါ၊ တဖန်ဘဝသစ်ဖြစ်ခြင်းသည်။ မေ၊ ငါ့အား။ နတ္ထိ၊ မရှိ။ ဣတိ၊ သို့။ အာသဘိံ ဝါစံ။ တစ်စုံတစ်ယောက်သောသူတို့အား ကြောက်ရွံ့ခြင်းမရှိသော စကားကို ။ နိစ္ဆာရေသိ၊ မြွက်တော်မူ၏။

ထိုသို့ မြွက်သောအခါ တစ်စုံတစ်ယောက် သူသည် ခွန်းတုံ့ပြန်၍ ဆိုခြင်းငှါ မပြုဝံ့သည်ဖြစ်၍ ခပ်သိမ်းသော နတ်, လူအပေါင်းတို့သည် သာဓု, သာဓု-ဟူ၍ ကောင်းချီးစကားကိုသာ ဆိုကုန်၏။

အာသဘီဝါစာကို ဆိုပြီးသော အဆုံး၌ ဘုရားလောင်းကို မယ်တော် သိရိမဟာမာယာယူ၍ ရင်ခွင်ထက် အိပ်စေ၍ နို့စို့စေ၍ ညီမတော် ဂေါတမီအား အပ်နှင်း၏။ ညီမတော် မဟာပဇာပတိဂေါတမီလည်း ဘုရားလောင်းကို ရေနံ့သာဖြင့် ချိုး၍ မြတ်သော ရထားထက်သို့ တင်၏။ မိဖုရားမြတ်သည်လည်း ကိုယ်လက်သုတ်သင်ခြင်း ကိစ္စကို ပြု၍ ရထားထက်သို့ တက်လေ၏။ ထိုအခါ သိကြား, ဗြဟ္မာတို့သည်၎င်း မင်းတို့သည်၎င်း အမတ်တို့နှင့်တကွ ဘုရားလောင်း သား, အမိတို့ကို ဒေဝဒဟပြည်သို့ ဆောင်လေကုန်၏။

✪✪✪✪✪✪✪✪✪✪

## ၂၇။ ဖွားဖက်တော် ၇-ယောက်၊ မယ်တော်စုတေခြင်း

### ဖွားဖက်တော် ၇-ယောက်

လုမ္ဗိနီ အင်ကြင်းတော၌ ဘုရားလောင်းကို သိရိမဟာမာယာမိဖုရား ဖွားမြင်တော်မူသော ခဏ၌ -

၁။ ဒေဝဒဟပြည်၌ သုပ္ပဗုဒ္ဓမင်း၏မိဖုရား သုဒ္ဓေါဒနမင်းကြီး၏ နှမတော် အမိတာအားလည်း ယသောဓရာမင်းသမီးကို ဖွားမြင်၏။

၂။ သုဒ္ဓေါဒနမင်း၏ ညီတော် အမိတောဒန သာကီဝင်မင်း၏ မိဖုရားလည်း အရှင်အာနန္ဒာကို ဖွား၏။

၃။ ဆန်လည်း ဖွား၏။

၄။ ကာဠုဒါယီအမတ်လည်း ဖွား၏။

၅။ ကဏ္ဍကမြင်းလည်း ဖွား၏။

၆။ မဂဓရာဇ်တိုင်း ရာဇဂြိုဟ်ပြည်မှ ၂-ယူဇနာခန့်ကွာသော အရှေ့တောင်ယွန်း ဥရုဝေလတော၌ ဘုရားပွင့်တော်မူရာ အောင်မြေအရပ်၌ ဗောဓိညောင်ဗုဒ္ဓဟေပေါက်၏။

၇။ ဥယျာဉ်တော်၌ ရွှေအိုးကြီး ၄-လုံးပေါ်၏။ ၁-လုံးကား ၁-ဂါဝုတ်, ၁-လုံးကား ၂-ဂါဝုတ်, ၁-လုံးကား ၃-ဂါဝုတ်, ၁-လုံးကား ၁-ယူဇနာ အဝကျယ်၏။ အစောက်ကား နှစ်သိန်း, လေးသောင်း ယူဇနာအထုရှိသော မြေကြီးနှင့် အမျှတည်း။ ထိုရွှေအိုးတို့၌ ယူတိုင်း, ယူတိုင်း ပြည့်၏၊ လျော့သည်ဟူ၍ မရှိ၊ ပကတိတည်၏။

ဤသို့လျှင် ယသောဓရာ, အာနန္ဒာ, ဆန္န, ကာဠုဒါယီ, ကဏ္ဍကမြင်း, ဗောဓိပင်, ရွှေအိုးကြီး ၄-လုံး၊ ပေါင်း ၇-ပါးတို့သည် ဘုရားလောင်းနှင့်အတူ ဖွားမြင်ပေါက်ရောက်ကုန်၏။

## မယ်တော်မာယာစုတေခြင်း

ဘုရားလောင်းသည်၎င်း မယ်တော်သည်၎င်း များစွာသော အခြွေအရံတို့နှင့်တကွ အစဉ်သဖြင့်သွား၍ ဒေဝဒဟပြည်သို့ ရောက်လေသောအခါ၌ သိရိမဟာမာယာမိဖုရားလည်း ၇-ရက်တို့ပတ်လုံး အသက်ရှည်သော ကိုယ်ဖြင့်နေ၍ အသက်ကုန်ခြင်းသို့ ရောက်လေ၏။ ရှေး၌ ပြုအပ်သော ကောင်းမှု၏အကျိုးအားဖြင့် တုသိတာနတ်ပြည်၌ **သန္တုသိတ** အမည်ရှိသော နတ်သားဖြစ်၍ နတ်၏စည်းစိမ်ချမ်းသာကို ခံစံတော်မူလေ၏။ ဘုရားလောင်းကို ဖွားတော်မူသောကြောင့် မိဖုရားသေသည်မဟုတ်၊ အသက်ကုန်သဖြင့်ပင် သေခြင်းသို့ရောက်ရသည်။ ဤသို့ ဘုရားအလောင်းကို ဖွားသောနောက် ၇-ရက်မျှတည်၍ မယ်တော်သေရခြင်းသည်လည်း ခပ်သိမ်းသော ဘုရားအလောင်း မယ်တော်တို့၏ ဓမ္မတာလျှင်တည်း၊ ဘုရားအလောင်းတော်ကို ကျိန်းလေပြီးသော ဝမ်းတိုက်သည် စေတီတိုက်နှင့် တူ၏။ တပါးသောသူတို့အား သုံးဆောင်ခြင်းငှါ မထိုက်ပြီ။ ဘုရားအလောင်းမယ်တော်ကို ပယ်၍ တပါးသောသူကို မိဖုရားကြီးအရာ၌ ထားအံ့သောငှါ မထိုက်ပြီ။ ထို့ကြောင့် ဓမ္မတာဖြစ်သတည်း။

မေး။ ။ ဘုရားအလောင်းမယ်တော်သည် အဘယ်မျှလောက်သော အရွယ်၌ သေခြင်းကို ပြုသနည်းဟူတုံအံ့။

ဖြေ။ ။ မဇ္ဈိမအရွယ်၌ သေခြင်းကို ပြုသည်။

ထိုအကြောင်းကို ဆိုဦးအံ့၊ ပဌမအရွယ်၌ သတ္တဝါ အပေါင်းတို့အား ကာမစ္ဆန္ဒရာဂ အားကြီး၏။ ထို့ကြောင့် ပဋိသန္ဓေရပြီးသော မာတုဂါမသည် ပဋိသန္ဓေကို ကောင်းစွာ စောင့်အပ်သောငှါ မတတ်နိုင်၊ ပဋိသန္ဓေ အနာများသည် ဖြစ်၏။ ပဌမအရွယ်၌ ကာမချမ်းသာကို ခံစားပြီး၍ မဇ္ဈိမအရွယ်ကို ၃-စုစု၍ ၂-စုကို လွန်ပြီးသော် ဝတ္ထုသန့်ရှင်းသည် ဖြစ်၏။ ဝတ္ထုသန့်ရှင်းသောကြောင့် ဝမ်း၌ဖြစ်သော သူငယ်သည် အနာမရှိသည်ဖြစ်၏။ ထို့ကြောင့် ဘုရားအလောင်းမယ်တော်သည် ပဌမအရွယ်၌၎င်း မဇ္ဈိမအရွယ် ၂-စု၌၎င်း စည်းစိမ်ချမ်းသာကို ခံစားပြီး၍ တတိယအရွယ်၌ ဘုရားအလောင်းကို ဖွား၍ ဖွားပြီးသော

နောက် ၇-ရက်မြောက်သောနေ့၌ သေခြင်းကိုပြု၏။ ဤသို့သေခြင်းသည် ပစ္ဆိမဘဝ၌ ခပ်သိမ်းသော ဘုရားအလောင်း မယ်တော်တို့၏ ဓမ္မတာတည်း။

ခမည်းတော် အဥ္စနမင်းကြီးထားသော သက္ကရာဇ် ၆၈-ခု၊ ကဆုန်လပြည့်ကျော် ၆-ရက်၊ ကြာသပတေးနေ့တွင် သိရိမဟာမာယာမိဖုရား နတ်ရွာလားသည်။ ထိုသိရိမဟာ-မာယာမိဖုရား၏ အလောင်းကို နတ်, သိကြား, ဗြဟ္မာ အစရှိသော သူအပေါင်းတို့သည် သဂြိုဟ်ဖုတ်ကြည်းကုန်၏။ ထိုအခါ မဟာပဇာပတိဂေါတမီ အစရှိသော ကပိလဝတ် ပြည်သူပြည်သား အပေါင်းတို့သည် ၇-ရက်မျှ ဒေဝဒဟပြည်၌နေ၍ ဘုရားအလောင်းကို ကပိလဝတ်ပြည်သို့ ဆောင်လေကုန်၏။ သုဒ္ဓေါဒနမင်းကြီးအား အပ်နှင်းလေ၏။ သိရိသုဒ္ဓေါဒနမင်းကြီးသည် မဟာပဇာပတိဂေါတမီကို မိဖုရားကြီးအရာ၌ အဘိသိက်သွန်းလေ၏။ ဘုရားအလောင်း ရှင်သိဒ္ဓတ်သည် **ဘိုးတော်အဥ္စနမင်းကြီး ထားတော်မူသော သက္ကရာဇ် ၆၈-ခု၊ ကဆုန်လပြည့်၊ သောကြာနေ့၊ ဥတ္တရာသဠ်နက္ခတ်နှင့် ယှဥ်လျက် နေတက် အခါ ဖွားတော်မူ၏။**

✪✪✪✪✪✪✪✪✪✪

## ၂၈။ ၃၂-ပါးသော ပုဗ္ဗနိမိတ်တို့၏ အကျိုး

ဖွားတော်မူသောခဏ၌ တပြိုင်နက် ထင်ရှားဖြစ်ကုန်သော ၃၂-ပါးကုန်သော ပုဗ္ဗနိမိတ်တို့တွင်-

၁။ ၁၀,၀၀၀-သော စကြဝဠာတိုက် တုန်ခြင်းသည်ကား သဗ္ဗညုတဉာဏ်တော်ကို ရခြင်း၏ ပုဗ္ဗနိမိတ်တည်း။

၂။ နတ်အပေါင်းတို့သည် ဤစကြဝဠာတိုက်၌သာ စည်းဝေးခြင်းသည် ဓမ္မစကြာ တရားကို ဟောသောအခါ တပြိုင်နက်ဖြင့် စည်းဝေးကုန်၍ တရားတော်ကို နာခြင်း၏ ပုဗ္ဗနိမိတ်တည်း။

၃။ သားရေဖြင့် မြွေးအပ်သော စည်တို့၏ မိမိအလိုလို မြည်ခြင်းသည် တရားတည်းဟူသော စည်ကြီးကို အစဥ်ကြားစေခြင်း၏ နိမိတ်တည်း၊ စောင်းတို့၏ အလိုလို မြည်ခြင်းသည် အစဥ်အတိုင်း ဝင်စားအပ်သော ၉-ပါးသော သမာပတ်ကို ရခြင်း၏ နိမိတ်တည်း။

၄။ နှောင်အိမ်၌ အနှောင်အဖွဲ့တို့၏ ပြတ်ခြင်းသည် ခပ်သိမ်းသော သူတို့၏ ငါ-ဟူသော မာနကို ဖြတ်ခြင်း၏ နိမိတ်တည်း။

၅။ ခပ်သိမ်းသော သူတို့အား အနာကင်းခြင်းသည် သစ္စာ ၄-ပါးတရားကို ရခြင်း၏ နိမိတ်တည်း။

၆။ သူကန်းတို့၏ မြင်ခြင်းသည် ဒိဗ္ဗစက္ခုဉာဏ်ကို ရခြင်း၏ နိမိတ်တည်း။

၇။ နားပင်းသောသူတို့၏ အသံကိုကြားခြင်းသည် ဒိဗ္ဗသောတဉာဏ်ကို ရခြင်း၏ နိမိတ်တည်း။

၈။ ရှူးသောသူတို့၏ သတိဖြစ်ခြင်းသည် သတိပဋ္ဌာန် ၄-ပါးကို ရခြင်း၏ နိမိတ်တည်း။

၉။ ဆွံ့သောသူတို့၏ ခြေဖြင့်သွားနိုင်ခြင်းသည် ဣဒ္ဓိပါဒ် ၄-ပါးကို ရခြင်း၏ နိမိတ်တည်း။

၁၀။ အရပ်တစ်ပါးသို့သွားသော လှေတို့၏ မိမိတို့ဆိပ်သို့ ရောက်ခြင်းသည် ပဋိသမ္ဘိဒါ ၄-ပါးကို ရခြင်း၏ နိမိတ်တည်း။

၁၁။ ရတနာ ၇-ပါးတို့၏ မိမိအလိုလို ထွန်းတောက်ပခြင်းသည် သူတော်ကောင်းတရားတည်းဟူသော အရောင်ကိုရခြင်း၏ နိမိတ်တည်း။

၁၂။ ငရဲမီးတို့၏ ငြိမ်းခြင်းသည် ရာဂ, ဒေါသ, မောဟ, ဇာတိ, ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ၊ ဤ ၁၁-ပါးသော မီးတို့ကို ငြိမ်းစေခြင်း၏ နိမိတ်တည်း။

၁၃။ မြစ်တို့၌ ရေ၏မစီးခြင်းသည် စတုဝေသာရဇ္ဇဉာဏ်ကို ရခြင်း၏ နိမိတ်တည်း။

၁၄။ လောကန္တရိက်ငရဲ၌ အလင်း၏ဖြစ်ခြင်းသည် ဉာဏ်တည်းဟူသော အလင်းကို ရခြင်း၏ နိမိတ်တည်း။

၁၅။ မဟာသမုဒ္ဒရာ၌ ဆားငန်ရေ၏ ချိုအေးမြသောအဖြစ်သည် နိဗ္ဗာန်တည်းဟူသော တစ်ခုသော အရသာ၏အဖြစ်၏ နိမိတ်တည်း။

၁၆။ လေတို့၏ မလာခြင်းသည် ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိအယူကို ဖျက်ဆီးခြင်း၏ နိမိတ်တည်း။

၁၇။ သစ်ပင်တို့၏ ပွင့်သောအဖြစ်သည် ၉-ပါးသော ဝိမုတ္တိတို့ဖြင့် ပွင့်ခြင်း၏ နိမိတ်တည်း။

၁၈။ လ၏ အလွန်တင့်တယ်ခြင်းသည် များစွာသော သူတို့သည် ချစ်ခြင်း၏ နိမိတ်တည်း။

၁၉။ နေ၏ အညစ်အကြေး ကင်းစွာလျက် အပူမရှိသော အဖြစ်သည် ကာယိကသုခ, စေတသိကသုခဖြစ်ခြင်း၏ နိမိတ်တည်း။

၂၀။ ငှက်တို့၏ ကောင်းကင်မှလျှော၍ မြေ၌သွားခြင်းသည် လူများအပေါင်းတို့သည် အဆုံးအမခံ၍ သရဏဂုံဆောက်တည်ခြင်း၏ နိမိတ်တည်း။

၂၁။ ကြီးစွာသော ၄-ကျွန်းလုံး၌ဖြစ်သော မိုး၏ရွာခြင်းသည် ကြီးစွာသော တရားတည်း-ဟူသော မိုးကို ရွာခြင်း၏ နိမိတ်တည်း။

၂၂။ နတ်တို့၏ မိမိဘုံဗိမာန်၌နေ၍ ကစားခြင်းစသည်ဖြင့် မြူးထူးခြင်းသည် ဘုရားအဖြစ်သို့ရောက်၍ ဥဒါန်းကျူးခြင်း၏ နိမိတ်တည်း။

၂၃။ တံခါးရွက်တို့၏ အလိုလိုပွင့်ခြင်းသည် အဋ္ဌင်္ဂိကမဂ်တည်းဟူသော တံခါးကို ဖွင့်ခြင်း၏ နိမိတ်တည်း။

၂၄။ ဝေါ်ခြင်းဖြင့် နှိပ်စက်ခြင်း၏ မဖြစ်ခြင်းသည် ကာယဂတာသတိ-ဟူသော အမြိုက်ကိုရခြင်း၏ နိမိတ်တည်း၊ မွတ်သိပ်ခြင်းဖြင့် နှိပ်စက်ခြင်း၏ မဖြစ်ခြင်းသည် ဝိမုတ္တိသုခဖြင့် ချမ်းသာခြင်း၏ နိမိတ်တည်း။

၂၅။ ရန်သူတို့အား အချင်းချင်း မေတ္တာစိတ်ကိုရခြင်းသည် ဗြဟ္မဝိဟာရ ၄-ပါးကို ရခြင်း၏ နိမိတ်တည်း။

၂၆။ ၁၀,၀၀၀-သော စကြဝဠာတိုက်၌ တပြိုင်နက် တံခွန်တည်းဟူသော ပန်းရှိသော အဖြစ်သည် အရိယာတို့၏ တံခွန်တည်းဟူသောပန်းကို ရခြင်း၏ နိမိတ်တည်း။

၂၇။ ညီညွတ်သော အပြင်ရှိသော ခြေတို့ဖြင့် မြေ၌ရပ်ခြင်းသည် ဣဒ္ဓိပါဒ် ၄-ပါးကို ရခြင်း၏ နိမိတ်တည်း။

၂၈။ မြောက်သို့ မျက်နှာပြုခြင်းသည် လောက ၃-ပါးတို့ထက်လွန်၍ မြတ်ခြင်း၏ နိမိတ်တည်း။

၂၉။ ၇-ဖဝါး လှမ်းခြင်းသည် ဗောဇ္ဈင် ၇-ပါးကို ရခြင်း၏ နိမိတ်တည်း။

၃၀။ နတ်၌ဖြစ်သော ထီးဖြူကို ဆောင်းခြင်းသည် အရဟတ္တဖိုလ်တည်းဟူသော ထီးဖြူကို ရခြင်း၏ နိမိတ်တည်း။

၃၁။ ၅-ပါးသော မင်းမြောက်တန်ဆာကို ရခြင်းသည် ဝိမုတ္တိ ၅-ပါးဖြင့် လွတ်ခြင်း၏ နိမိတ်တည်း။

၃၂။ အရပ်မျက်နှာကို ရှုခြင်းသည် အနာဝရဏဉာဏ်ကို ရခြင်း၏ နိမိတ်တည်း၊ မကြောက်မရွံ့သော စကားကိုဆိုခြင်းသည် ဓမ္မစကြာတရားကို ဟောခြင်း၏ နိမိတ်တည်း။

ဤသို့ ၃၂-ပါးသောနိမိတ် တို့သည် ပဋိသန္ဓေနေသောအခါ၊ ဖွားတော်မူအခါ၊ ဘုရားဖြစ်တော်မူသောအခါ၊ ဓမ္မစကြာတရား ဟောတော်မူသောအခါ၊ ဤ ၄-ပါးသော အခါတို့၌ ဖြစ်ကုန်၏။

[ ဤမျှသော စကားအစဉ်သည်ကား အရှင်ဂေါတမ အလောင်းတော်ဖြစ်သော အရှင်သိဒ္ဓတ်သည် မယ်တော်သိရိမဟာမာယာဝမ်း၌ ပဋိသန္ဓေနေတော်မူသော အခြင်းအရာ၊ ဖွားတော်မူသော အခြင်းအရာ၊ ပဋိသန္ဓေနေတော်မူသောအခါ၊ ဖွားတော်မူသောအခါတို့၌ ဖြစ်ကုန်သော ၃၂-ပါးကုန်သော ပုဗ္ဗနိမိတ်တို့၏ အခြင်းအရာကို ဆိုသောစကားတည်း။ ]

✪✪✪✪✪✪✪✪✪✪

## ၂၉။ ကာဠဒေဝိလရသေ့အကြောင်း

လုမ္ဗိနီအင်ကြင်းတောဝယ် ဘုရားလောင်းဖွားတော်မူသော ခဏ၌ သုဒ္ဓေါဒန မင်းကြီး၏ ကုလုပကဖြစ်သော သမာပတ် ၈-ပါးကိုရသောည **ကာဠဒေဝိလ အမည်ရှိသော** ရသေ့သည် ဆွမ်းစားခြင်းကိစ္စကို ပြုပြီး၍ နေ့နေခြင်းကို ပြုအံ့သောငှါ တာဝတိံသာ နတ်ပြည်သို့သွား၍ ထိုတာဝတိံသာ၌ နေ့နေခြင်းကို ပြုသောအခါ တာဝတိံသာ နတ်ဘုံ၌ရှိသော နတ်အပေါင်းတို့သည် "ယနေ့ ကပိလဝတ်ပြည်၌ သုဒ္ဓေါဒနမင်းကြီး သားတော်ဖွား၏။ ထိုသားတော်သည် ဘုရားအဖြစ်သို့ရောက်၍ ဓမ္မစကြာတရားကို ဟောလတ္တံ့၊ ထိုမြတ်စွာ ဘုရား၏ အတိုင်းမသိသော ဘုရား၏တင့်တယ်ခြင်းကိုလည်း ငါတို့မြင်ရကုန်လတ္တံ့၊ တရားတော်ကိုလည်း ငါတို့နာရကုန်လတ္တံ့"ဟု နှစ်လိုဝမ်းမြောက်သော နှလုံးရှိကုန်သဖြင့် လူတို့ရက်ဖြင့် ၇-ရက်ပတ်လုံး ပုဆိုးဦးရစ်ပူဇော်ခြင်း အစရှိသည်တို့ကိုပြု၍ ကစားမြူးထူး ကုန်၏။ ထိုသို့ ကစားမြူထူးကုန်သော နတ်အပေါင်းတို့ကို ကာဠဒေဝိလရေသေ့မြင်၍ ထိုအကြောင်းကို ဤသို့မေး၏။

"အို-နတ်များတို့၊ အကြင်အခါ အသုရာတို့နှင့် စစ်ထိုးရာ၌ တာဝတိံသာ နတ်တို့ အား အောင်ခြင်းဖြစ်၏။ အသုရာတို့အား ရှုံးခြင်း ဖြစ်၏။ ထိုအခါ သင်တို့အား ထိုသို့

သဘောရှိသော ရွှင်ပျမြူးထူးခြင်း ဖြစ်၏။ ယခုအခါ အဘယ်သို့သော အံ့ဖွယ်သရဲ မဖြစ်ဖူးမြဲကိုမြင်၍ သင်နတ်သားတို့အား ဝမ်းမြောက်ဝမ်းသာ ဖြစ်ကုန်သနည်း၊ ငါ့အား ကြားပါကုန်လော့”ဟူ၍ ရသေ့ မေးလေ၏။ နတ်တို့သည် ကြားကုန်၏။ “အရှင်ရသေ့၊ သက္ကတိုင်းကပိလဝတ်ပြည်၌ သာကီဝင်မင်းမျိုးတို့တွင် ကျော်စောထင်ရှားသော သုဒ္ဓေါဒနမင်းကြီး၏အိမ်၌ သားတော်ဖွား၏။ ထိုသားတော်သည် တောထွက်၍ ဗောဓိမဏ္ဍိုင်၌နေ၍ ဘုရားဖြစ်၍ ဓမ္မစကြာတရားကို ဟောတော်မူလတ္တံ့၊ အတိုင်းမသိသော သဘောရှိသော မြတ်စွာဘုရား၏ တင့်တယ်ခြင်းကို ဖူးမြင်အံ့သောငှါ, တရားတော်ကို နာအံ့သောငှါ ငါတို့ရကုန်လတ္တံ့၊ ထို့ကြောင့် ငါတို့ နှစ်လိုဝမ်းမြောက်ကုန်သည် ”ဟု လျှောက်ကုန်၏။

ထိုကာဠဒေဝိလရှင်ရသေ့သည် ထိုနတ်တို့၏ စကားကို ကြား၍ နတ်ပြည်မှ သက်ခဲ့၍ တစ်နေ့သ၌ သုဒ္ဓေါဒနမင်းကြီး၏ နန်းတော်သို့ကပ်၍ ခင်းအပ်သောနေရာ၌ နေပြီး၍ ပြုအပ်သော ပဋိသန္ထာရရှိသော မင်းကြီးကို ရှင်ရသေ့ဆို၏။

“အရှင်မင်းကြီး၊ သားတော်ဖွားသည်ကို ရှုပါအံ့” ဟူ၍ ဆို၏။ သုဒ္ဓေါဒနမင်းကြီးသည် တန်ဆာဆင်ခြင်းနှင့်စပ်သော ဘုရားလောင်းကို ဆောင်ခဲ့၍ ရှင်ရသေ့ကို ရှိခိုးစိမ့်သောငှါ အားထုတ်၏။ ထိုအခါ ဘုရားလောင်း၏ ခြေတို့သည် ပျံ၍ လျှပ်စစ်နွယ်ကဲ့သို့ တောက်သော အသရေကိုဆောင်သော အထွတ်ရှိသော ရှင်ရသေ့၏ ဆံကျစ်၌ တည်လေ၏။ ဘုရားလောင်းသည် ထိုကိုယ်၏ အဖြစ်ဖြင့် ရှိခိုးအပ်သောသူ မည်သည်မရှိ၊ ထို့နောင်မှ ရှင်ရသေ့သည် နေရာမှထ၍ ဘုရားလောင်းအား လက်အုပ်ချီ၍ ရှိခိုး၏။ ခမည်းတော်မင်းကြီးသည် အံ့ဖွယ်သရဲကိုမြင်၍ မိမိသားကို ရှိခိုး၏။

ရှင်ရသေ့သည် ဘုရားလောင်း၏ လက္ခဏာနှင့် ပြည့်စုံခြင်းကို မြင်၍ “ဘုရားဖြစ်လတ္တံ့လော, မဖြစ်လတ္တံ့လော”ဟု ဆင်ခြင်သည်ရှိသော် စင်စစ်လျှင် “ဘုရားဖြစ်လတ္တံ့”ဟု သိ၍ ရယ်ခြင်းကို ပြု၏။ “ဘုရားအဖြစ်သို့ရောက်သော ဤသတို့သားကို ငါဖူးမြင်ရပါအံ့လော”ဟု ဆင်ခြင်သည်ရှိသော် ‘ဘုရားမဖြစ်မီ အကြား၌ စုတေ၍ အရူပဘုံ၌ ဖြစ်လတ္တံ့’ သည်ကို မြင်၍ “ဤသို့သော အံ့ဖွယ်သရဲနှင့် ပြည့်စုံသော ယောကျ်ားမြတ်ကို ဖူးမြင်အံ့သောငှါ မရလတ္တံ့၊ ငါ့အား ရှုံးခြင်းကြီးစွာ ဖြစ်လတ္တံ့”ဟု ကြံ၍ ငိုပြန်၏။

ထိုအခြင်းအရာကို မြင်၍ အနီး၌ရှိသော လူတို့သည် မေးကုန်၏။ “အရှင်ရသေ့သည် ယခုအခါ၌သာလျှင် ရယ်လည်း ရယ်၏။ ငိုလည်း ငို၏။ အရှင်ဘုရား၊ အကျွန်ုပ်တို့ အရှင်မင်းကြီးသားတော်အား တစ်စုံတစ်ခုသော အန္တရာယ်သည် ဖြစ်လတ္တံ့လော၊ အကြောင်းအဘယ်သို့ဖြစ်ပါလတ္တံ့နည်း”၊ ဤသို့မေးကုန်၏။ အရှင်ရသေ့ဆို၏။

"ဤမင်းသား၌ တစ်စုံတစ်ခုသော အန္တရာယ်သည် မရှိ၊ ဤမင်းသားသည် စင်စစ်လျှင် ဘုရားဖြစ်လတ္တံ့၊ ထို့ကြောင့် ဝမ်းမြောက်သဖြင့် ငါရယ်၏။ ငါမူကား ဤမင်းသား ဘုရားအဖြစ်သို့ မရောက်မီ သေရလတ္တံ့၊ ဘုရားဖြစ်ပြီးသော မင်းသားကို ဖူးမြင်ခြင်းငှါ မရလတ္တံ့၊ ထို့ကြောင့် ငို၏"ဟု ဆိုပေ၏။

✪✪✪✪✪✪✪✪✪✪

## ၃၀။ အလောင်းတော့် လက္ခဏာကို ဖတ်စေ၍ အမည်မှည့်ခြင်း

ထို့နောက်မှ ၅-ရက်မြောက်သော နေ့၌ "ဦးခေါင်းလျှော်စေ၍ အမည်မှည့်အံ့"ဟု မင်းအိမ်တော်ကို အမျိုး ၄-ပါးရှိသော နံ့သာဖြင့် လိမ်းကျံ၍ ပေါက်ပေါက်လျှင် ၅-ခုမြောက်သော ပန်းတို့ကို ကြဲ၍ ရေမရောသော ယနာတို့ကို ချက်စေ၍ ဗေဒင် ၃-ပုံ၌ အပြီးသို့ ရောက်ကုန်သော ၁၀၈-ယောက်သော ပုဏ္ဏားတို့ကို ပင့်ဖိတ်၍ ခင်းအပ်သော နေရာ၌ နေစေ၍ နို့ယနာဖြင့် ဆွမ်းကျွေး၍ ပူဇော်သက္ကာရပြုပြီး၍ ထို ၁၀၈-ယောက်သော ပုဏ္ဏားတို့တွင် ပုဏ္ဏားကြီး ၈-ယောက်တို့ကို ရွေး၍ လက္ခဏာကြီး, ငယ်တို့ကို ကြည့်စေကုန်၏။

ထိုပုဏ္ဏားတို့သည် ဘုရားလောင်း၏ ခြေတော်အစုံတို့၌ လက္ခဏာတို့ကို ကြည့်ပြီး၍ ထို ၈-ယောက်သော ပုဏ္ဏားတို့တွင် ပုဏ္ဏားကြီး ၇-ယောက်တို့သည် လက် ၂-ချောင်းစီထောင်ကုန်၍ "ဤမင်းသားသည် အကယ်၍တည်း အိမ်ရာထောင်သော လူ၏ဘောင်၌ နေအံ့၊ ၄-ကျွန်းလုံးကို အစိုးရသော စကြဝတေးမင်းဖြစ်လတ္တံ့၊ တောထွက်၍လည်း ရဟန်းပြုမူကား- ဘုရားဖြစ်လတ္တံ့" ဟု လက္ခဏာ ဖတ်ကုန်၏။ အငယ်ဆုံးဖြစ်သော **ကောဏ္ဍညပုဏ္ဏားမူကား** လက်ညှိုး ၁-ချောင်းကိုသာ ထောင်၍ "ဤမင်းသားသည် ဘုရားစင်စစ် ဖြစ်လတ္တံ့" ဟူ၍ ကြားပေ၏။ ထိုကောဏ္ဍညကြားသော စကားကို ပုဏ္ဏားကြီးတို့လည်း ဝန်ခံကုန်၏။

ထိုပုဏ္ဏားတို့သည် ဘုရားဖြစ်အံ့သော အကြောင်းကို အဘယ့်ကြောင့် သိကုန်သနည်း- ဟူတုံအံ့။

"ဤသည့် လက္ခဏာတို့နှင့် ပြည့်စုံသောသူသည် ဘုရားဖြစ်၏" ဟူ၍ လက္ခဏာကျမ်း၌ သုဒ္ဓါဝါသဗြဟ္မာတို့သည် ဘုရားဖြစ်ခါနီး ရောက်လတ်သောအခါ၌ ထည့်သွင်းကုန်၏။ ထိုလက္ခဏာကျမ်းကို အကုန်အစင် တတ်သောကြောင့် ကျမ်းလာတိုင်း လက္ခဏာတို့ကို ခြေဖဝါးတော်အစုံ၌ မြင်သောကြောင့် သိကုန်သတည်း။

ထိုအခါ၌ ဘုရားအလောင်းမင်းသားအား အမည်မှည့်ကုန်သည်ရှိသော် ခပ်သိမ်းသော လောကအကျိုးစီးပွါး၏ ပြီးခြင်းကို ပြုတတ်သောကြောင့် "သိဒ္ဓတ္ထ" ဟူသော အမည်ကို မှည့်ကုန်၏။ အကြင်လက္ခဏာတို့ကို မြင်၍ "ဘုရားဖြစ်လတ္တံ့ကေန်"ဟူ၍ ပုဏ္ဏားတို့ ကြားကုန်၏။

✪✪✪✪✪✪✪✪✪✪

## ၃၁။ လက္ခဏာတော်ကြီး ၃၂-ပါး

ထိုလက္ခဏာတို့ကား ၃၂-ပါးတည်း၊ ၃၂-ပါး ဟူသော်ကား-

၁။ ကောင်းစွာ မြေ၌တည်သော ခြေဖဝါးတော်ရှိခြင်း-ဟူသော **သုပ္ပတိဋ္ဌိတပါဒ** လက္ခဏာ,

၂။ ခြေဖဝါး ၂-ဖက် အပြင်တို့၌ ၁,၀၀၀-သော အကန့်အကွက် ပုံတောင်း အချက်နှင့် တကွဖြစ်သော ခပ်သိမ်းသော အခြင်းအရာတို့နှင့် ပြည့်စုံသော ၁၀၈-ကွက်သော **စက်လက္ခဏာ,**

၃။ ရှည်သော ဖနောင့်တော် ဟူသော **အာယတပဏှိလက္ခဏာ,**

၄။ ရှည်သော ခြေချောင်း, လက်ချောင်းတော်တည်းဟူသော **ဒီဃင်္ဂုလိလက္ခဏာ,**

၅။ နူးညံ့သိမ်မွေ့သော လက်ဖဝါး, ခြေဖဝါးတော် အပြင်ရှိသော **မုဒုတလုဏဟတ္ထပါဒလက္ခဏာ,**

၆။ လေသာနန်းတံခါး၌ ဇာလီကဲ့သို့ အချောင်း, အချောင်း အကြားစိပ်သော **ဇာလဟတ္ထလက္ခဏာ,**

၇။ မြူမကပ်သော စဉ်းငယ်မြင့်သော ခြေဖမျက်တော်ဟူသော **ဥဿင်္ခပါဒ** လက္ခဏာ,

၈။ ဇေကီသား၏ မြင်းခေါင်းနှင့်တူသော မြင်းခေါင်းတော်ရှိသော **ဇေကီဇင်္ဃ** လက္ခဏာ,

၉။ ရပ်တော်မူလျက်သာလျှင် မကိုင်းညွတ်ဘဲ လက်ဖဝါးတော် ၂-ဖက်ဖြင့် ပုဆစ်ဒူးတော် ၂-ဖက်ကို သုံးသပ်တော်မူနိုင်သော **အနောနမန္တ ပါဏိဇာဏုကပရာမာသ**လက္ခဏာ,

၁၀။ အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော အင်္ဂါဇာတ်တော်ရှိခြင်းတည်းဟူသော **ကောသောဟိတဝတ္ထဂုယှ** လက္ခဏာ,

၁၁။ သိင်္ဂိနိက္ခရွှေ အဆင်းနှင့်တူသော အရေတော်ရှိခြင်းတည်းဟူသော **ကဉ္စနသန္နိဘတစလက္ခဏာ,**

၁၂။ သိမ်မွေ့သော အရေတော်ရှိခြင်းတည်းဟူသော **သုခုမဆဝိလက္ခဏာ,**

[ သိမ်မွေ့သော အရေရှိသောကြောင့် မြူအညစ်အကြေး ကိုယ်တော်၌ မကပ်၊]

၁၃။ မွေးတွင်း တစ်ခု, တစ်ခု၌ တစ်ချောင်း, တစ်ချောင်းစီသာ ရောက်သော **ဧကေကလောမလက္ခဏာ,**

၁၄။ အထက်သို့ အဖျားတက်သော **ဥဒ္ဓဂ္ဂလောမ လက္ခဏာ,**

[အမွေးတော်တို့သည် ညိုသော မျက်စဉ်းအဆင်းနှင့် တူကုန်၏။ ပတ္တမြားလက်ကောက်ကဲ့သို့ လက်ျာရစ်လည်၍ ဖြစ်ကုန်၏။]

၁၅။ ပြဟ္မာမင်းကဲ့သို့ ဖြောင့်မတ်သော ကိုယ်ရှိသော **ဗြဟ္မုဇုဂတ္တလက္ခဏာ,**

၁၆။ ခြေဖမိုး ၂-ဖက်, လက်ဖမိုး ၂-ဖက်, ပခုံး ၂-ဖက်, လည်ကုပ်တော်၊ ဤ ၇-ပါးသော အရပ်တို့၌ ဖြိုးသော အသားရှိခြင်းတည်းဟူသော **သတ္တုဿဒလက္ခဏာ,**

၁၇။ ခြင်္သေ့၏ ရှေ့ထက်ဝက်သော ကိုယ်ကဲ့သို့ ကိုယ်တော်ရှိခြင်းတည်းဟူသော **သီဟပုဗ္ဗဒ္ဓကာယလက္ခဏာ,**

၁၈။ စီအပ်သော အကြားမထင် ရွှေအင်းပျဉ်ကဲ့သို့ ကျောက်တော်ရှိခြင်းတည်းဟူသော **စိတန္တရံသလက္ခဏာ,**

၁၉။ အရပ်တော်နှင့် အလံတော်မျှသည်ဖြစ်၍ ပညောင်ပင်ကဲ့သို့ ဝန်းသော ကိုယ်တော်ရှိခြင်းတည်းဟူသော **နိဂြောဓပရိမဏ္ဍလ လက္ခဏာ,**

၂၀။ ညီညွတ်သော လုံးသော လည်တော်ရှိခြင်းတည်းဟူသော **သမဝဋ္ဋက္ခန္ဓလက္ခဏာ,**

၂၁။ အရသာကို ဆောင်တတ်သော အကြောတော်ရှိခြင်းတည်းဟူသော **ရသဂ္ဂသဂ္ဂိလက္ခဏာ,**

၂၂။ ခြင်္သေ့မင်း၏ မေးကဲ့သို့ မေးတော်ရှိခြင်းတည်းဟူသော **သီဟဟနု လက္ခဏာ,**

၂၃။ ၄၀-စေ့သော သွားတော်ဟူသော **စတ္တာလီသဒန္တလက္ခဏာ,**

၂၄။ ဝဇီရစိန်ကျောက် အစဉ်ကဲ့သို့ ညီညွတ်သော သွားတော်ရှိခြင်းတည်းဟူသော **သမဒန္တလက္ခဏာ,**

၂၅။ မကျဲသော သွားတော်ရှိခြင်းတည်းဟူသော **အဝိရဠဒန္တလက္ခဏာ,**

၂၆။ သောက်ရှူးကြယ်၏ အရောင်ကဲ့သို့ ဖြူစင်သော အရောင်ရှိသော စွယ်တော်ရှိခြင်းတည်းဟူသော **သုသုက္ကဒါဌာလက္ခဏာ,**

၂၇။ ရှည်လျားပြန့်သော လျှာတော်ရှိခြင်းတည်းဟူသော **ပဟူတဇိဝှါလက္ခဏာ,**

၂၈။ ဗြဟ္မာမင်း၏ အသံကဲ့သို့ အင်္ဂါ ၈-ပါးနှင့် ပြည့်စုံသော ကရဝိတ်ငှက် တွန်သံကဲ့သို့ သာယာသော အသံရှိသော **ဗြဟ္မဿရလက္ခဏာ,**

၂၉။ အလွန်ညိုသော မျက်စိတော်ရှိခြင်းတည်းဟူသော **အဘိနီလနေတ္တလက္ခဏာ,**

၃၀။ နွားသူငယ်၏ မျက်မွေးကဲ့သို့ နုပျိုသော မျက်မွေးတော်ရှိခြင်းတည်းဟူသော **ဂေါပခုမလက္ခဏာ,**

၃၁။ မျက်မှောင်တော် ၂-ဖက်ကြား၌ ရောက်သော ဖြူစင်နူးညံ့သော လဲဝါအဆင်းရှိသော မောင်းထက်ဝက်မျှ ရှည်သော အမွေးတော်တည်းဟူသော **ဥဏ္ဏာလောမ-လက္ခဏာ,**

၃၂။ သင်းကျစ်နှင့်တူသော နဖူးတော် အပြင်ရှိခြင်းတည်းဟူသော **ဥဏှီသသီသ-လက္ခဏာ,**

ဤ ၃၂-ပါးသော လက္ခဏာတော်တို့သည် ထင်ရှားဖြစ်ကုန်၏။ ထိုလက္ခဏာတို့တွင်-

၁။ **သုပ္ပတိဋ္ဌိတပါဒ** ဟူသည်ကား- တစ်ပါးသော သူတို့အား ခြေကို မြေ၌ ထားသော အခါ ခြေဦးသည်ရင်း ဖနောင့်သည်ရင်း နံပါးသည်ရင်း ရှေးဦးစွာ မြေ၌တည်၏။ အလယ်မထိ လွတ်၏။ မြေမှ ကြွသောအခါ၌လည်း ထိုခြေဦး အစရှိသည်တို့တွင် တစ်ပါးပါးကို အလျင်ကြွ၏။ မြတ်စွာဘုရားအားကား ရွှေခြေနင်းတို့ကို မြေ၌ကျသော် မြေ၌ အမျှထိသကဲ့သို့ ထိ၏။ အမျှကြွ၏၊ အကယ်၍ မြတ်စွာဘုရားသည် ငရဲနရက် ချောက်ကမ်းပါးပြတ်၌ ခြေကိုချတော်မူလိုအံ့၊ ထိုခဏ၌ လေပြည့်သော သားရေအိတ်ကဲ့သို့ ပြည့်၏။ အထက်သို့ စုံ့တက်၍ စည်မျက်နှာကဲ့သို့ အပြင်ညီစွာ ဖြစ်၏။ အဝေး၌ ခြေကိုချတော်မူလို၍ ခြေကိုချီအံ့၊ မြင်းမိုရ်တောင်သည်လည်း ခဏခြင်းညွတ်၍ ခြေဖဝါးတော်ကို ခံလာ၏။

၂။ **စက်လက္ခဏာတို့** မည်သည်ကား- ခြေဖဝါးတော် ၂-ဖက်အပြင်တို့၌ ၂-ပါးသော စက်တို့သည် ဖြစ်ကုန်၏။ တစ်ခုတစ်ခုသော စက်တော်၌ ၁,၀၀၀-မျှလောက်သော

အကန့်တို့သည် ဖြစ်ကုန်၏။ ထိုစက်၏အကွက်တို့သည် ရွှေအဆင်းနှင့်တူသော အဆင်းရှိကုန်၏။ ပုံတောင်းသည် ပတ္တမြားညိုအဆင်း ရှိ၏။ ထိုပုံတောင်း အလယ်ချက်ဝ၌ လုံးသောအရေး၏အလယ်၌ အပေါက်ရှိ၏။ စက်လက္ခဏာတို့ကား-

| | | |
|---|---|---|
| - လှံမအမွှန်၊ | - ဇလပ်ပန်း၊ | - လည်ရေးသုံးဆင့်၊ |
| - ဦးဆောက်ပန်း၊ | - ထမင်းပွဲ၊ | - ထမင်းစားအင်းပျဉ်၊ |
| - ချွန်းတောင်း၊ | - ပြာသာဒ်၊ | - တုရိုဏ်တိုင်၊ |
| - ထီးဖြူ၊ | - သန်လျက်၊ | - ထန်းရွက်ယပ်ဝန်း၊ |
| - ဥဒေါင်းမြီးယပ်၊ | - သင်းကျပ်၊ | - ပတ္တမြားသပိတ်၊ |
| - မြတ်လေးပန်းဆိုင်း၊ | - ကြာညို၊ | - ကြာနီ၊ |
| - ကြာဖြူ၊ | - ကြာပဒုမာ၊ | - ကုမုဒြာကြာ၊ |
| - ကြာပုဏ္ဍရိက်၊ | - ရေပြည့်သောအိုး၊ | - ရေပြည့်သောခွက်၊ |
| - သမုဒ္ဒရာ ၄-စင်း၊ | - စကြဝဠာတောင်၊ | - ဟိမဝန္တာတောင်၊ |
| - မြင်းမိုရ်တောင်၊ | - နေ, လ၊ | - သတ္တဗီသနက္ခတ်၊ |
| - ကျွန်းငယ် ၂,၀၀၀- အရံရှိသော ၄-ကျွန်း၊ | | |
| - ပရိသတ်နှင့်တကွ ရတနာ ၇-ပါးနှင့် ပြည့်စုံသော စကြာမင်း၊ | | |
| - လက်ျာရစ်လည်သော ခရုသင်း၊ | | - ရွှေငါးကြင်းပွတ်အစုံ၊ |
| - စကြာအစုံ၊ | - သီဒါ ၇-တန်၊ | - တောင်စဉ် ၇-ထပ်၊ |
| - အိုင်ကြီး ၇-အိုင်၊ | - ဂဠုန်၊ | - မိကျောင်း၊ |
| - တံခွန်လွှား၊ | - တံခွန်, ကုက္ကား၊ | - ရွှေထမ်းစင်၊ |
| - ရွှေသားမြီးယပ်၊ | - ကေလာသဘတောင်၊ | - ခြင်္သေ့မင်း၊ |
| - ကျားမင်း၊ | - ဝလာဟကမြင်းမင်း၊ | - ဥပေါသထဆင်မင်း၊ |
| - ဆဒ္ဒန်ဆင်မင်း၊ | - နဂါးမင်း၊ | - ဝမ်းဘဲ, ဟင်္သာ၊ |
| - နွားလားဥသဘ၊ | - ဧရာဝဏ်ဆင်မင်း၊ | - ရွှေမကန်း၊ |
| - မျက်နှာ ၄-ခုရှိသော ရွှေလှေ၊ | | - သားငယ်နှင့်တကွ နွားမ၊ |

- ကိန္နရာဖို၊ - ကိန္နရီမ၊ - ကရဝိတ်ငှက်မင်း၊
- ဥဒေါင်း၊ - ကြိုးကြာမင်း၊ - စက္ကဝက်ငှက်မင်း၊
- ဇီဝစိုးငှက်၊ - ကာမာဝစရနတ်ပြည် ၆-ထပ်၊
- ရူပါဝစရဗြဟ္မာ့ပြည် ၁၆-ထပ်။

ဤမျှသော မင်္ဂလာစက်လက္ခဏာတို့သည် ခြေဖဝါးတော်အပြင်တို့၌ ထင်ရှားဖြစ်ကုန်၏။

၃။ **အာယတပဏှိ** ဟူသည်ကား တစ်ပါးသောသူတို့အား ခြေဖဝါးဦးတို့သည် ရှည်ကုန်၏။ ဖနောင့်၏အထက်၌ မြင်းခေါင်းတို့သည် ဖြစ်ကုန်၏။ ဖနောင့်သည် ရွေ့၍ ပစ်ဘိသကဲ့သို့ ဖြစ်၏။ မြတ်စွာဘုရားအားကား ခြေဖဝါးအလျားကို ၄-ဖို့ပြု၍ ၁-ဖို့သည် ဖနောင့်ဖြစ်၏။ ဒုတိယအဖို့၌ သလုံးမြင်းခေါင်း တည်၏။ ၂-ဖို့တို့သည် ခြေဖဝါးဦး ဖြစ်ကုန်၏။ ထို့ကြောင့် ထိုမင်းသားအား ပွတ်ဆောက်ဖြင့် လုံး၍ ကမ္ဗလာနီဖြင့် ဖုံးအပ်သော အိမ့်ကျင်ကဲ့သို့ ဖနောင့်သည် ဖြစ်၏။

၄။ **ဒီဃင်္ဂုလိ** ဟူသည်ကား တစ်ပါးသောသူတို့အား လက်ချောင်း, ခြေချောင်းတို့သည် အချို့ရှည်ကုန်၏။ အချို့တိုကုန်၏။ ဘုရားလောင်းမင်းသားကား လက်ချောင်း, ခြေချောင်းတို့သည် တမျှတည်း ရှည်ကုန်၏။ မျောက်၏ လက်ချောင်းကဲ့သို့ အရင်း၌ ကြီးကုန်၏။ အစဉ်သဖြင့် အဖျားသို့ ငယ်ကုန်၏။ ဆီအစေးတို့ဖြင့်လုံး၍ တောင့်အပ်သော ဆေးဒန်းတောင့်ကဲ့သို့ ဖြစ်ကုန်၏။

၅။ **မုဒုတလုဏှဟတ္ထပါဒ** ဟူသည်ကား အကြိမ်-၁၀၀ ဖတ်အပ်သော ဝါဂွမ်းညက် အစုကဲ့သို့ ဘုရားလောင်းမင်းသားအား နူးညံ့သော လက်ဖဝါး, ခြေဖဝါးအပြင်ရှိ၏။

၆။ **ဇာလဟတ္ထပါဒ** ဟူသည်ကား တစ်ပါးသော လူတို့အား လင်းနို့အတောင်ကဲ့သို့ စပ်သော လက်ချောင်း, ခြေချောင်းရှိကုန်၏။ ဘုရားလောင်းမင်းသားအား လက်ချောင်း, ခြေချောင်းတို့သည် တူသောပမာဏရှိကုန်၏။ အချင်းချင်း မစပ်ကုန်မူ၍ တည်ကုန်၏။ လိမ်မာစွာသော လက်သမားသည် ပြုအပ်သော ဇာလီထောင်သော လေသာနန်းနှင့် တူသောကြောင့် ဇာလဟတ္ထပါဒမည်၏။

၇။ **ဥဿင်္ခပါဒ** ဟူသည်ကား အထက်သို့တက်သော ဖမျက်ရိုးရှိ၏။ တစ်ပါးသော သူတို့၏ဖမျက်သည် ခြေဖမိုးအပြင်၌ ဖြစ်၏။ ထို့ကြောင့် ထိုသူတို့၏ ခြေဖဝါးသည် မလှည့် မလည်နိုင်သည်ဖြစ်၏။ သွားကုန်သော သူတို့အား ခြေဖဝါးအပြင်သည်

မထင်၊ မြတ်စွာဘုရားအားကား ဖမျက်ရိုးသည် ရေသွတ်မြူတာ၏ လည်ကဲ့သို့ လက် ၄-သစ်မျှ ဖဝါးအထက်သို့တက်၍ အထက်၌ ဖမျက်ရိုးတည်၏။ ထို့ကြောင့် မြတ်စွာဘုရား၏ အထက်ကိုယ်တော်သည် မတုန်မလှုပ် ရွှေဆင်းတုကဲ့သို့ တည်၏။ အောက်ကိုယ်တော်သာ တုန်လှုပ်၏။ ခြေဖဝါးပြင်တို့သည် လှည့်လည်လွယ်ကုန်၏။ ခပ်သိမ်းသောအရပ်၌ ရပ်၍ ရှုကုန်သော သူတို့အား ခြေဖဝါးပြင်သည် ထင်၏။ ထို့ကြောင့် ဥဿင်္ခပါဒမည်၏။

၈။ **ဧဏီဇင်္ဃ** ဟူသည်ကား သလေးစပါးဖုံးကဲ့သို့ ထက်ဝန်းကျင်မှ ထိုမြင်းခေါင်းသည် အစဉ်သဖြင့် တက်၏။ ဧဏီသား၏ မြင်းခေါင်းနှင့် တူသောကြောင့် ဧဏီဇင်္ဃ မည်၏။

၉။ **အနောနမန္တပါဏိဇာဏုကပရာမာသ** ဟူသည်ကား တပါးသောသူတို့သည် ကုန်းကုန်သည်, ကွကုန်သည် ဖြစ်ကုန်၏။ ဤဘုရားလောင်းမင်းသားသည်ကား အထက်ကိုယ်, အောက်ကိုယ် ပြည့်စုံသည်၏ အဖြစ်ကြောင့် မကိုင်းညွတ်မူ၍ လက်ဝါး ၂-ဖက်ဖြင့် ပုဆစ်ဒူးတော်တို့ကို သုံးသပ်နိုင်သောကြောင့် အနောန-မန္တပါဏိဇာဏုကပရာမာသ မည်၏။

၁၀။ **ကောသောဟိတဝတ္ထဂုယှ** ဟူသည်ကား ဥသဘဆင်မင်း၏ အင်္ဂါဇာတ်ကဲ့သို့ ပဒုမာကြာချပ်နှင့်တူသော အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော ယောကျ်ားနိမိတ်ရှိသောကြောင့် အဝတ်ပုဆိုးဖြင့် ဖုံးလွှမ်းသကဲ့သို့ ဖုံးလွှမ်းအပ်သော ပုရိသနိမိတ်ရှိသည်ဖြစ်၏။ ထို့ကြောင့် ကောသောဟိတဝတ္ထဂုယှ မည်၏။

၁၁။ **ကဥ္စနသန္နိဘတစ** ဟူသည်ကား ဟင်းသပြဒါး, ငွေနီဖြင့်နယ်၍ ချေးပွတ်ခြင်း အမှုကို ပြု၍ ပြီးပြီးသော ရွှေဆင်းတုကဲ့သို့ ရွှေအဆင်းနှင့်တူသော အဆင်းရှိသောကြောင့် ကဥ္စနသန္နိဘတစ မည်၏။

၁၂။ သုခုမဆဝိ ဟူသည်ကား ထိုအရေ၏ သိမ်မွေ့နူးညံ့သည်၏ အဖြစ်ကြောင့် မြူအညစ်အကြေးသည်၊ ကိုယ်တော်၌ မကပ်၊ ပဒုမာကြာဖက်မှ လျှော၍ ရေပေါက်သွားသကဲ့သို့ မြူအညစ်အကြေးလျှောကျ၏။ လက်ဆေးခြင်း, ရေချိုးခြင်းသည် ဥတုကို ယူခြင်းငှါသာ ဖြစ်၏။ ထို့ကြောင့် သုခုမဆဝိမည်၏။

၁၃။ ဧကေကလောမ ဟူသည်ကား တပါးသော သူတို့အား မွေးတွင်းတစ်ခု၌ ၂-ချောင်း, ၃-ချောင်းသော အမွေးတို့သည် ရောကုန်၏။ ဤမင်းသားကား မွေးတွင်းတစ်ခု၌ တစ်ချောင်း, တစ်ချောင်းစီသာ ရောက်၏။

၁၄။ ဥဒ္ဓဂ္ဂလောမ ဟူသည်ကား အလုံးစုံသောကိုယ်၌ အမွေးတို့သည် ညိုသော မျက်စဉ်းအဆင်းနှင့် တူကုန်၏။ ရောက်ရာ၌ လက်ျာရစ်လှည့်သည်ဖြစ်၍ ပွင့်သစ်သော ပဒုမာကြာ၏ အသရေနှင့်တူသော အသရေရှိသော မျက်နှာတော်ကို ကြည့်ကုန်သကဲ့သို့ အထက်သို့ မျက်နှာပြုသော အမွေးတော်ရှိ၏။

၁၅။ ဗြဟ္မုဇုဂတ္တ ဟူသည်ကား တစ်ပါးသော သူတို့သည် လည်ကုပ်ဖြင့်ရင်း ခါးဖြင့်ရင်း ပုဆစ်ဒူးဖြင့်ရင်း ကိုင်းညွတ်ကုန်၏။ အထက်သို့ မျက်နှာမော့ကော့ ရှိကုန်၏။ အောက်သို့မူလည်း မျက်နှာငိုက်ဆိုက်ရှိကုန်၏။ ဤဘုရားလောင်းမင်းသားအားကား ဖြောင့်စွာတက်၏။ အထက်, အောက် ပြည့်စုံသောကိုယ်ရှိ၏။ ထို့ကြောင့် ဗြဟ္မုဇုဂတ္တ မည်၏။

၁၆။ **သတ္တုဿဒ** ဟူသည်ကား လက်ဖမိုး ၂-ဖက်, ခြေဖမိုး ၂-ဖက်, ပခုံး ၂-ဖက်, လည်ကုပ်၊ ဤ ၇-ပါးတို့သည် ဖြိုးကုန်၏။ ၇-ပါးသော အရပ်တို့၌ များသော အသားရှိ၏။ အကြောကွန်ယက်သည် မထင်။

၁၇။ **သီဟပုဗ္ဗဒ္ဓကာယ** ဟူသည်ကား ပြည့်စုံသော ကိုယ်ရှိသည်ဖြစ်၏။ ဘုရားလောင်းမင်းသားအား အထက်ကိုယ်, အောက်ကိုယ် ၂-ပါးပြည့်စုံ၏။ ထို့ကြောင့် ဤသို့ ဟောတော်မူ၏။ "ချစ်သားရဟန်းတို့၊ နှစ်လိုဖွယ်သော ကံ၏အကျိုး ရှေးရှုထင်သည်ရှိသော် လာခြင်းကောင်းသော ငါဘုရားအား ရှည်ကုန်သော-

- အကြင်အင်္ဂါတို့ဖြင့် တင့်တယ်၏။ ထိုအင်္ဂါတို့သည် ရှည်ကုန်၏။
- အကြင်အင်္ဂါတို့သည် တိုကုန်သည်ရှိသော် တင့်တယ်၏။ ထိုအင်္ဂါတို့သည် တိုကုန်၏။
- အကြင်အင်္ဂါတို့သည် ဆူကုန်သည်ရှိသော် တင့်တယ်၏။ ထိုအင်္ဂါတို့သည် ဆူကုန်၏။
- အကြင်အင်္ဂါတို့သည် ကြုံကုန်သည်ရှိသော် တင့်တယ်၏။ ထိုအင်္ဂါတို့သည် ကြုံကုန်၏။
- အကြင်အင်္ဂါတို့သည် အပြန့်ကျယ်ကုန်သဖြင့် တင့်တယ်၏။ ထိုအင်္ဂါတို့သည် အပြန့်ကျယ်ကုန်၏။
- အကြင်အင်္ဂါတို့သည် လုံးကုန်သဖြင့် တင့်တယ်၏။ ထိုအင်္ဂါတို့သည် လုံးကုန်၏။

တပါးမကများသော ကမ္ဘာအပေါင်း-ဟု ဆိုအပ်သော ကာလတို့၌ ဆည်းပူးအပ်သော ကုသိုလ်ကံကြောင့်ပြီးသော မြတ်စွာဘုရား၏ အရပ်တော်နှင့် တူသောအရပ်ကို တစ်စုံတစ်ယောက် အထပ်ထပ်သော သူတို့သည်ရင်း တန်ခိုးနှင့်ပြည့်စုံသော သူတို့သည်ရင်း ပြုအပ်သောငှါ မတတ်နိုင်ကုန်၊ ထို့ကြောင့် သီဟပုဗ္ဗဒ္ဓကာယ မည်၏။

၁၈။ **စိတန္တရံသ** ဟူသည်ကား တပါးသူတို့၏ကျောသည် ၂-ဖြာကွဲအပ်သကဲ့သို့ ဖြစ်ကုန်၏။ မြတ်စွာဘုရားအားကား-လက်ဝဲ, လက်ျာ ၂-ပါးအဖို့တို့၌ အသားတို့သည်ငင်း အကြောရိုးသည်ငင်း ပြည့်စုံ၏။ လည်ကုပ်တော်မှစ၍ ခါးတိုင်အောင် ရွှေအင်းပျဉ်ကဲ့သို့ ကျောက်တော်အပြင် ညီညွတ်၏။ ထို့ကြောင့် စိတန္တရံသမည်၏။

၁၉။ **နိဂြောဓပရိမဏ္ဍလ** ဟူသည်ကား ပညောင်ပင်၏ အဝန်းကဲ့သို့ ကိုယ်တော်နှင့် အလံတော်သည် မြတ်စွာဘုရား၌ကား ကောင်းစွာမျှ၏။ အထက်, အောက် အဖြောင့်ငင်း ဖီလာငင်း ညီမျှ၏။ ထို့ကြောင့် နိဂြောဓပရိမဏ္ဍလမည်၏။

၂၀။ **သမဝဋ္ဋက္ခန္ဓ** ဟူသည်ကား တပါးသောသူတို့ လည်သည် ရှည်သည်လည်း ဖြစ်၏။ တိုသည်လည်း ဖြစ်၏။ စကားဆိုသောအခါ အကြောထင်၏။ မြတ်စွာဘုရားအားကား ကြာသွတ်မြူတာ၏ လည်ကဲ့သို့ အမျှလုံးသော လည်ရှိ၏။ အကြောကွန်ယက်မထင်၊ စကားဆိုသောအခါ မရိုးစည်, ခရုသင်းမှုတ်သကဲ့သို့ အသံထွက်၏။ ထို့ကြောင့် သမဝဋ္ဋက္ခန္ဓ မည်၏။

၂၁။ ရသဂ္ဂသဂ္ဂီ ဟူသည်ကား ၇-ထောင်သော အကြောတို့သည် အထက်သို့ အဖျားတက်ကုန်၍ လည်၌ ကောင်းစွာ ဖွဲ့အပ်ကုန်၏။ ထို့ကြောင့် မျိုအပ်သော နှမ်းစေ့မျှလောက်သော အာဟာရသည် ကိုယ်တော်အလုံး၌ နှံ့၍တည်၏။

၂၂။ သီဟဟနု ဟူသည်ကား ခြင်္သေ့၏ မေးနှင့်တူသည်၏ အဖြစ်ကြောင့် သီဟဟနု မည်၏။ ခြင်္သေ့၏ မေးသည် အထက်အဖို့ ယုတ်၏။ အောက်အဖို့ ပြည့်၏။ မြတ်စွာဘုရားအားကား အထက်, အောက် ၂-ပါးသော အဖို့တို့၌ ပြည့်၏။ လဆန်း ၁၂-ရက်နေ့၌ လကဲ့သို့ အလုံးစုံသော မေးသည် ပြေပြစ်၏။

၂၃။ စတ္တာလီသဒန္တ ဟူသည်ကား အထက်-၂၀, အောက်-၂၀ အားဖြင့် သွားတော်-၄၀ ပြည့်၏။

၂၄။ သမဒန္တ ဟူသည်ကား တပါးသော သူတို့အား အချို့သော သွားတို့သည် မြင့်ကုန်၏။ အချို့သော သွားတို့သည် နိမ့်ကုန်၏။ မညီညွတ်သော အစဉ်ရှိကုန်၏။ မြတ်စွာဘုရားအားကား လွှဖြင့် ဖြတ်အပ်သော ခရုသင်းအဖျားကဲ့သို့ ညီညွတ်၏။

၂၅။ အဝိရဠဒန္တ ဟူသည်ကား တပါးသောသူတို့၏ သွားတို့သည် မိကျောင်း၏ သွားကဲ့သို့ ကျဲကုန်၏။ ငါး, အမဲတို့သည် သွားကြားသို့ ဝင်ကုန်၏။ မြတ်စွာဘုရားအားကား

သန္တာကျောက်အဖျား၌ စိုက်အပ်သော ဝဇိရစိန်ကျောက် အစဉ်ကဲ့သို့ စေ့စပ်၏။ အကြားမရှိ။

၂၆။ သုသုက္ကဒါဌာ ဟူသည်ကား တပါးသော သူတို့အား ပုပ်ဆွေးသော သွားတို့သည် ၎င်း မည်းသောသွား အစရှိသည်၎င်း ဖြစ်ကုန်၏။ မြတ်စွာဘုရားအားကား သောက်ရှူးကြယ်၏ အရောင်ကဲ့သို့ အလွန် သန့်ရှင်းစင်ကြယ်သော အရောင်ရှိသော စွယ်တော်, သွားတော် ရှိ၏။

၂၇။ **ပဟူတဇိဝှါ** ဟူသည်ကား တပါးသောသူတို့၏ လျှာသည် ထူသည်, ကြုံသည်, တိုသည် ဖြစ်၏။ မြတ်စွာဘုရားအားကား နူးညံ့သော လျှာရှိ၏။ ရှည်၏။ အပြန့်ကျယ်၏။ အဆင်းနှင့်ပြည့်စုံသော လျှာရှိ၏။ နူးညံ့သော ဝါးခြမ်းစိတ်ကိုကဲ့သို့ လျှာတော်ကို လုံး၍ နှာခေါင်း ၂-ပေါက်တို့ကို သုံးသပ်တော်မူနိုင်၏။ ရှည်သည်၏ အဖြစ်ကြောင့် နားပေါက် ၂-ဖက်တို့ကို သုံးသပ်တော်မူနိုင်၏။ အပြန့်ကျယ်သောကြောင့် ဆံလျှဉ်တိုင်အောင် အလုံးစုံသော နဖူးတော်အပြင်ကို ဖုံးလွှမ်းနိုင်၏။

၂၈။ **ဗြဟ္မဿရကရဝီကဘာဏီ** ဟူသည်ကား တပါးသော သူတို့သည် ပြတ်သော အသံရှိကုန်သည်, ကွဲသော အသံရှိကုန်သည်, ကျီး၏အသံနှင့်တူကုန်သည် ဖြစ်ကုန်၏။ မြတ်စွာဘုရားအားကား ဗြဟ္မာမင်း၏ အသံနှင့်တူသော အသံတော်နှင့် ပြည့်စုံ၏။ သည်းခြေ, သလိပ်တို့သည် မခြေးယှက်အပ်သည်ဖြစ်၍-

**သန့်ရှင်းသည်, သိလွယ်သည်, နာဖွယ်ရှိသည်, သာယာသည်,**

**လုံးသည်, မပြယ်သည်, နက်သည်, ပဲ့တင်ထပ်သည်၊**

ဤသို့ အင်္ဂါ ၈-ပါးနှင့် ပြည့်စုံသော ဗြဟ္မာမင်း၏ အသံကဲ့သို့ အင်္ဂါ ၈-ပါးနှင့် ပြည့်စုံသော အသံရှိ၏။ ကရဝိတ်ငှက်မင်း၏ အသံကား အထက်တိုင်၌ နေ၍တွန်ပြီးသော် အောက်တိုင်သို့သက်၍ မိမိအသံကို နားထောင်မှီ၏။ အစာစားသော သမင်, သစ်, ကျားတို့သည် ခံတွင်းဖြင့် ယူအပ်ပြီးသော အလုပ်ကို စွန့်၍ နားထောင်ကုန်၏။ သစ်တို့သည် သမင်ကို အစဉ်လိုက်ကုန်သည်ရှိသော် ကြွသောခြေကို မြေ၌ မချမူ၍ နားထောင်ကုန်၏။ ပြေးသော သမင်တို့သည် သေအံ့သော ဘေးကိုစွန့်၍ ရပ်၍ နားထောင်ကုန်၏။ ဤသို့ သဘောရှိသော ကရဝိတ်ငှက်မင်း၏ တွန်သော အသံထက်လည်း အဆအရာဖြင့်၎င်း အဆ တစ်ထောင်အားဖြင့်၎င်း မြတ်စွာဘုရား အသံတော်သည် သာယာ၏။ ထို့ကြောင့် ဗြဟ္မဿရကရဝီကဘာဏီ မည်၏။

၂၉။ အဘိနီလနေတ္တ ဟူသည်ကား အလုံးစုံသော မျက်စိတော်တို့သည်-

- ညိုသင့်သော အရပ်၌ အောင်မဲညိုပွင့်ကဲ့သို့ ညို၏။
- ရွှေသင့်သော အရပ်၌ မဟာလှေကား ပွင့်ကဲ့သို့ ရွှေ၏။
- နီသင့်သော အရပ်၌ ခေါင်ရန်းပွင့်ကဲ့သို့ နီ၏။
- ဖြူသင့်သော အရပ်၌ သောက်ရှူးကြယ် အရောင်ကဲ့သို့ ဖြူ၏။
- မည်းသင့်သော အရပ်၌ ပုတီးနက် ကဲ့သို့ မည်း၏။
- ရွှေဖြင့်ပြုအပ်သော နံရံ၌ ပတ္တမြားခြသေ့်ခံသော လေသာနန်းကဲ့သို့ ဖြစ်၏။

ညိုသောအရာ လွန်သောကြောင့် အဘိနီလနေတ္တမည်၏။

၃၀။ ဂေါပခုမ ဟူသည်ကား ထိုခဏ၌ ဖွားသော နွားသူငယ်၏ မျက်စိအစုံကဲ့သို့ အလွန်တောက်ပသော မျက်စိအစုံရှိသည်၏အဖြစ်ကြောင့် ဂေါပခုမမည်၏။

၃၁။ ဥဏ္ဏာလောမ ဟူသည်ကား ရွှေအင်းပျဉ်၌ တင်ထားသော ငွေမြှုပ်ကဲ့သို့ မျက်မှောင် ၂-ခုတို့၏ အလယ်၌ရောက်၍ အထက်သို့တက်၍ နဖူး၏အလယ်၌ လက်ျာရစ်ခွေ၍ တည်၏။ ငင်၍ ဆန့်သည်ရှိသော် လက်မောင်းထက်ဝက် အတိုင်းအရှည်ရှိ၏။ လွှတ်လိုက်သော ခဏ၌ လက်ျာရစ်ခွေ၍ အထက်သို့ အဖျားပြု၍ တည်၏။ ဖြူသောအဆင်းရှိ၏။ လဲဝါဂွမ်းနှင့် တူ၏။

၃၂။ ဥဏှီသသီသ ဟူသည်ကား ပြည့်စုံသော နဖူးတော်အဖို့ကိုရင်း ပြည့်စုံသော ဦးခေါင်းအဖို့ကိုရင်း ဆိုအပ်၏။ နဖူးအပြင်၌ လက်ျာနဖူးစွန်းမှ တက်သော အသားပြားသည် နဖူးအပြင်ကို ဖုံးလွှမ်း၍ လက်ဝဲနားပန်းစွန်းတိုင်အောင် တက်၍ တည်၏။ ရတနာဖြင့်ပြီးသော နဖူးစည်းအပြားကဲ့သို့ ဖြစ်၏။ ထိုမြတ်စွာဘုရား နဖူးသင်းကျပ်တော်ကို မြင်၍ မင်းတို့အား ရွှေဖြင့်ပြီးသော နဖူးသင်းကျပ်ကို ပြုကုန်၏။ တစ်နည်း-ထက်ဝန်းကျင်မှ လုံးသော ရေမြှုပ်ကဲ့သို့ ထက်ဝန်းကျင်မှ ညီညွတ်စွာ လုံးသော ဦးခေါင်းတော်ရှိသည်၏ အဖြစ်ကြောင့် ဥဏှီသသီသဟူ၍ ဆိုအပ်၏။

ဤသို့ ဆိုအပ်ပြီးသော ၃၂-ပါးသော လက္ခဏာတော်ကြီးတို့သည် ထင်ရှားရှိသည် ဖြစ်ကုန်၏။

✪✪✪✪✪✪✪✪✪✪✪

## ၃၂။ မဟာပုရိသလက္ခဏာ၏ အကြောင်းနှင့် အကျိုး

ဤသို့ ၃၂-ပါးသော လက္ခဏာတို့ကို ရခြင်း၏ အကြောင်းဖြစ်သောကံကိုရင်း ကံနှင့်အလားတူကိုရင်း လက္ခဏာကိုရင်း လက္ခဏာတို့၏ အကျိုးကိုရင်း ဆိုဦးအံ့။

၁။ မြတ်စွာဘုရားသည် ရှေးရှေးသော ကိုယ်တော်၏ အဖြစ်တို့၌ ကုသိုလ်ကောင်းမှု ပြုသောအခါတို့၌ မြဲမြံစွာ နှလုံးဖြင့် ပြု၏။ တစ်စုံတစ်ယောက်သော ရဟန်းသည်ရင်း ပုဏ္ဏားသည်ရင်း နတ်သည်ရင်း မာရ်နတ်သည်ရင်း ဗြဟ္မာသည်ရင်း ကုသိုလ်ဆောက်တည်ခြင်းကို စွန့်စိမ့်သောငှါ မတတ်နိုင်၊ ထိုကောင်းမှုကြောင့် နတ်ပြည်၌ ဖြစ်၍ နတ်၌ဖြစ်သော အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာကြီးခြင်း, အခြံအရံများခြင်း, အစိုးရခြင်းတို့ဖြင့်ရင်း နတ်ပြည်၌ဖြစ်သော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့ဖြင့်ရင်း၊ ဤ ၁၀-ပါးသော အကြောင်းတို့ဖြင့် တပါးသော နတ်တို့ကို နှိပ်စက်၍ နတ်၏ စည်းစိမ်ချမ်းသာကို ခံစားပြီး၍ နတ်ပြည်မှ စုတေ၍ ဘုရားဖြစ်တော်မူသော ကိုယ်တော်၏အဖြစ်၌ သုပ္ပတိဋ္ဌိတပါဒ **လက္ခဏာကို** ရ၏။

ဤလက္ခဏာကို ရသောကြောင့် ကိုယ်တွင်း၌ဖြစ်သော ရာဂ, ဒေါသ အစရှိသော ရန်သူတို့သည်ရင်း အပ၌ဖြစ်သော ရဟန်း, ပုဏ္ဏား အစရှိသော ဆန့်ကျင်ဘက် ရန်သူတို့သည်ရင်း မလှုပ်ချောက်ချားနိုင်ခြင်းတည်းဟူသော အကျိုးသည် ဖြစ်၏။

ထိုစကား၌ **ကံမည်သည်ကား** လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ကာလပတ်လုံး မြဲမြံသော စိတ်ဖြင့်ပြုအပ်သော ကုသိုလ်သည် ကံမည်၏။ မြဲမြံသော နှလုံးဖြင့် ပြုသောအဖြစ်ကို လူ, နတ်တို့သည် သိစေသတည်း-ဟု ပြသကဲ့သို့ မြဲမြံစွာတည်သော ခြေဖဝါးတော်လက္ခဏာ၏ ဖြစ်ခြင်းသည် ကံနှင့်အလားတူ မည်၏။

- သုပ္ပတိဋ္ဌိတပါဒကား လက္ခဏာပင်တည်း၊
- ရန်သူတို့ မလှုပ်ချောက်ချားနိုင်သည်ကား လက္ခဏာ၏အကျိုးတည်း၊

ဤအတူ နောက်လက္ခဏာတော်တို့၌ ခွဲခြမ်း၍ သိလေအပ်၏။

၂။ မြတ်စွာဘုရားသည် ရှေးရှေးသော ကိုယ်တော် အဖြစ်၌ များစွာသော သူတို့၏ ချမ်းသာကို ရွက်ဆောင်တော်မူတတ်၏။ ထိတ်သောသူ, လန့်သောသူ, ကြောက်

သောသူကို ကောင်းစွာ ခြံရံ၍ တရားနှင့်လျော်သော အစောင့်အရှောက်ကို စီရင်တော်မူတတ်၏။ အခြံအရံနှင့်တကွဖြစ်သော အလှူကို ပေးတတ်၏။ ထို့ကြောင့် နတ်၏စည်းစိမ်ကို ခံစားပြီး၍ ဘုရားဖြစ်တော်မူသော ကိုယ်တော်၏ အဖြစ်၌ ၁၀၈-ကွက်သော စက်တို့ဖြင့် မှတ်အပ်သော ခြေဖဝါးတော်သည်ဖြစ်၏။ ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဥပါသကာယောကျ်ား, ဥပါသိကာမိန်းမ, နတ်, လူ, အသုရာ, နဂါး, ဂန္ဓဗ္ဗနတ်တို့သည် မြတ်စွာဘုရား၏ အခြံအရံ ဖြစ်ကုန်၏။

၃-၄-၅။ မြတ်စွာဘုရားသည် ရှေးရှေးသော ကိုယ်တော်၏အဖြစ်၌ သူ၏အသက်ကို သတ်ခြင်းမှ ကြဉ်တော်မူ၏။ ခပ်သိမ်းသော သတ္တဝါတို့ကို သနားတော်မူတတ်၏။ ထို့ကြောင့် ထိုမြတ်စွာဘုရားအား-

- **ရှည်သော ဖနောင့်တော်,**
- **ရှည်သော လက်ချောင်း, ခြေချောင်းတော်,**
- **ဗြဟ္မာမင်း၏ ကိုယ်ကဲ့သို့ ဖြောင့်မတ်သော ကိုယ်တော်-**

ဤလက္ခဏာတော် ၃-ပါးဖြစ်၏။ ရှည်သော အသက်တော်ရှိသည် ဖြစ်၏။ အသက်အပိုင်းအခြား မရောက်မီ အကြား၌ တစ်စုံတစ်ယောက် ဆန့်ကျင်ဘက် ရန်သူသည် အသက်တော်ကို ချအံ့သောငှါ မတတ်နိုင်။

၆။ ထိုမြတ်စွာဘုရားသည် ရှေးရှေးသော ကိုယ်တော်၏ အဖြစ်၌ မွန်မြတ်သော ဘောဇဉ်တို့ကို လှူတော်မူတတ်၏။ ထို့ကြောင့် ဘုရားဖြစ်သော ကိုယ်တော်၏ အဖြစ်၌ ၇-ပါးသော အရပ်၌ ဖြိုးသော လက္ခဏာတော်သည်ဖြစ်၏။ မွန်မြတ်သော ဘောဇဉ် လာဘ်သပ္ပကာတို့ကို ရသည်လည်းဖြစ်၏။

၇-၈။ ထိုမြတ်စွာဘုရားသည် ရှေးရှေးသော ကိုယ်တော်၏ အဖြစ်၌-

- ပေးကမ်းခြင်း,
- ချစ်ဖွယ်သော စကားကို ဆိုခြင်း,
- အကျိုးစီးပွားကို ကျင့်ခြင်း,
- ကိုယ်နှင့် အတူထပ်မျှ ကျင့်ခြင်း၊

ဤ ၄-ပါးသော သင်္ဂဟဝတ္ထုတို့ဖြင့် လူအပေါင်းတို့ကို သင်္ဂြိုဟ်တော်မူတတ်၏။ ထို့ကြောင့် ဘုရားအဖြစ်သို့ရောက်သော ကိုယ်တော်အား **ဇာလဟတ္ထ-**

ပါဒလက္ခဏာ, မုဒုတလုဏဟတ္ထပါဒလက္ခဏာ၊ ဤလက္ခဏာတော် ၂-ပါးတို့ သည် ဖြစ်ကုန်၏။ သင်္ဂြိုဟ်ချီးပင့်သော အလုပ်အကျွေးရှိသည်လည်း ဖြစ်၏။

၉-၁၀။ ထိုမြတ်စွာဘုရားသည် ရှေးရှေးသော ကိုယ်တော်၏ အဖြစ်၌ များစွာသော လူအပေါင်းတို့အား အကျိုးစီးပွားနှင့်စပ်သော စကားကို ဆိုတော်မူတတ်၏။ ခပ်သိမ်းသော သတ္တဝါတို့အား အကျိုးစီပွားကို ဆောင်တော်မူတတ်၏။ ထို့ကြောင့် မြတ်စွာဘုရားအား **ဥဿင်္ခပါဒလက္ခဏာ, ဥဒ္ဓဂ္ဂလောမလက္ခဏာ၊** ဤ ၂-ပါး တို့သည် ဖြစ်ကုန်၏။ ခပ်သိမ်းသော သတ္တဝါတို့ထက် မြတ်တော်မူသည်ဖြစ်၏။

၁၁။ ထိုမြတ်စွာဘုရားသည် ရှေးရှေးသော ကိုယ်တော်၏ အဖြစ်၌ အရိုအသေပြု၍ အတတ်ပညာကို သင်ကြားစေတတ်၏။ လက်မှုပညာ အစရှိသော အတတ်တို့ကိုရင်း မန္တန်, ဗေဒင် အတတ်တို့ကိုရင်း လျင်စွာတတ်စေတတ်၏။ ထို့ကြောင့် လျင်စွာသွားခြင်းငှါ စွမ်းနိုင်သော **ဧဏီဇင်္ဃလက္ခဏာ**ဖြစ်၏။ ရဟန်းတို့အား ထိုက်ကုန်သော ရဟန်း၏အသုံးအဆောင်တို့ကို လျင်စွာရတတ်၏။

၁၂။ ထိုမြတ်စွာဘုရားသည် ရှေးရှေးသော ကိုယ်တော်၏အဖြစ်၌ ရဟန်းသို့ရင်း ပုဏ္ဏားသို့ရင်း ကပ်၍ "အရှင်ဘုရား-

- အဘယ်သည်ကား ကုသိုလ်နည်း၊
- အဘယ်သည်ကား အကုသိုလ်နည်း၊
- အဘယ်ကား အပြစ်နှင့်တကွဖြစ်သနည်း၊
- အဘယ်သည်ကား အပြစ်မရှိသနည်း၊
- အဘယ်ကို မှီဝဲအပ်သနည်း၊
- အဘယ်ကို မမှီဝဲအပ်သနည်း၊
- အဘယ်အမှုကို ပြုသည်ရှိသော် အကျွန်ုပ်အား ရှည်စွာသော နေ့, ညဉ့် ပတ်လုံး အစီးအပွားမရှိခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်ရာသနည်း၊
- အဘယ်အမှုကို ပြုသည်ရှိသော် အကျွန်ုပ်အား ရှည်စွာသော နေ့, ညဉ့် ပတ်လုံး စီးပွားခြင်းငှါ, ချမ်းသာခြင်းငှါ ဖြစ်ရာသနည်း။

ဤသို့ ဆွေးနွေးမေးမြန်းတော်မူတတ်၏။ ထို့ကြောင့် သုခုမဆဝိလက္ခဏာ ဖြစ်၏။ ပညာရှိသည်လည်း ဖြစ်၏။ ခပ်သိမ်းသော သတ္တဝါအပေါင်းတွင် တစ်စုံ တစ်ယောက်သော သူသည် ပညာအားဖြင့် မတူသည် ဖြစ်၏။

၁၃။ ထိုမြတ်စွာဘုရားသည် ရှေးရှေးသော ကိုယ်တော်၏ အဖြစ်၌ အမျက်မထွက်တတ်သည် ဖြစ်၏။ ပင်ပန်းခြင်း မများသည် ဖြစ်၏။ သူတစ်ပါးတို့ များစွာဆိုသော်လည်း အမျက်ဒေါသ မငြိစွန်းသည် ဖြစ်၏။ သိမ်မွေ့နူးညံ့သော အခင်းအရုံတို့ကို လှူတတ်သည်လည်း ဖြစ်၏။ ထို့ကြောင့် ထိုမြတ်စွာဘုရားအား **ရွှေအဆင်းနှင့်တူသော အရေတော် လက္ခဏာ**ဖြစ်၏။ သိမ်မွေ့နူးညံ့သော အခင်းအရုံတို့ကို ရသည်လည်း ဖြစ်၏။

၁၄။ ထိုမြတ်စွာဘုရားသည် ရှေးရှေးသော ကိုယ်တော်၏ အဖြစ်၌ မြဲမြံစွာ ကွေကွင်းလေပြီးသော အရပ်တစ်ပါး၌ ကြာမြင့်စွာနေလေသော နှလုံးကောင်းသော အဆွေခင်ပွန်းတို့ကို မြတ်နိုးတနာပြုတတ်၏၊ အညီအညွတ်ကို ပြုတတ်၏။ ဝမ်းမြောက်ဝမ်းသာ ပြုတတ်၏။ ထို့ကြောင့် ထိုမြတ်စွာဘုရားအား **ကောသောဟိတ ဝတ္ထဂုယှ လက္ခဏာ**ဖြစ်၏။ အထောင်မက များစွာသောသားကို ရစေခြင်း အကျိုးရှိ၏။

၁၅-၁၆။ ထိုမြတ်စွာဘုရားသည် ရှေးရှေးသော ကိုယ်တော်၏ အဖြစ်၌ ဤသူသည် ဤမျှသော ပူဇော်သက္ကာရကို ထိုက်၏။ ဤသို့လျှင် ခပ်သိမ်းသော သူတို့အား သင့်ဖြူဟ်အပ်သော အဖြစ်ကို ကောင်းစွာရှုလျက် ယောက်ျားအထူးနှင့်လျော်စွာ သင်္ဂြိုဟ်ခြင်းပြုတော်မူတတ်၏။ ထို့ကြောင့် **နိဂြောဓပရိမဏ္ဍလလက္ခဏာ**, ရပ်လျက် ပုဆစ်ဒူး ၂-ဖက်တို့ကို လက်တော် ၂-ဖက်ဖြင့် သုံးသပ်တော်မူနိုင်သော **အနောနမန္တပါဏိဇာဏုကပရာမာသလက္ခဏာ**၊ ဤလက္ခဏာ ၂-ပါးတို့သည် ဖြစ်ကုန်၏၊ ကြွယ်ဝသည်၊ မြေ၌ မြှုပ်ထားအပ်သော ဥစ္စာများသည်၊ အသုံးအဆောင် ရွှေလင်ပန်း, ငွေလင်ပန်းစသော ဥစ္စာများသည် ဖြစ်၏။

၁၇-၁၈-၁၉။ ထိုမြတ်စွာဘုရားသည် ရှေးရှေးသော ကိုယ်တော်၏ အဖြစ်၌ များစွာသော သူတို့၏ အကျိုးစီးပွားကို အလိုတော်ရှိတတ်၏။ ဤသူတို့သည် အဘယ်ကဲ့သို့လျှင် သဒ္ဓါဖြင့်, သီလဖြင့်, အကြားအမြင်ဖြင့်, စွန့်ကြဲခြင်းဖြင့်, ပညာဖြင့်, ဥစ္စာစပါးဖြင့်, အဆွေအမျိုးဖြင့် ပွားများပါအံ့နည်း-ဟု အစီးအပွါးကို အလိုရှိ၏။ ထို့ကြောင့် **သီဟပုဗ္ဗဒ္ဓကာယလက္ခဏာ, စိတန္တရံသလက္ခဏာ, သမဝဋ္ဋက္ခန္ဓလက္ခဏာ**၊ ဤလက္ခဏာတော် ၃-ပါးတို့သည် ဖြစ်ကုန်၏။ ခပ်သိမ်းသော စည်းစိမ်ချမ်းသာတို့မှ မယုတ်သော အကျိုးကို ရ၏။

၂၀။ ထိုမြတ်စွာဘုရားသည် ရှေးရှေးသော ကိုယ်တော်၏ အဖြစ်၌ လက်ဖြင့်, အုတ်ခဲဖြင့်, လှံတံဖြင့်, ဓားဖြင့် သတ္တဝါတို့ကို မညှဉ်းဆဲတတ်သောသဘောရှိ၏။ ထို့ကြောင့် **ရသဂ္ဂသဂ္ဂိလက္ခဏာ**တော်သည် ဖြစ်၏။ အနာနည်းခြင်း-ဟူသော အကျိုးကို ရ၏။

၂၀-၂၂။ ထိုမြတ်စွာဘုရားသည် ရှေးရှေးသော ကိုယ်တော်၏ အဖြစ်၌ ခပ်သိမ်းသော လူအပေါင်းတို့ကို ချစ်ဖွယ်သော မျက်စိဖြင့် ကောင်းစွာ ရှုတတ်၏။ ထို့ကြောင့် **အဘိနီလနေတ္တလက္ခဏာ, ဂေါပခုမလက္ခဏာတော်** ၂-ပါးတို့သည် ဖြစ်ကုန်၏။ ချစ်ဖွယ်သော အပြင်ရှိခြင်း အကျိုးကို ရ၏။

၂၃။ ထိုမြတ်စွာဘုရားသည် ရှေးရှေးသော ကိုယ်တော်၏ အဖြစ်၌ ကုသိုလ်တရားတို့ကို ပြုရာ၌ ခပ်သိမ်းသော သူတို့၏ ရှေ့သွားဖြစ်၏။ ထို့ကြောင့် ထိုမြတ်စွာဘုရားအား ဘုရားအဖြစ်သို့ရောက်သော ကိုယ်တော်၏ အဖြစ်၌ **ဥဏှီသသီသလက္ခဏာတော်**ဖြစ်၏။ ခပ်သိမ်းသော ပရိသတ်တို့သည် အလိုတော်သို့ လိုက်ခြင်း အကျိုးကို ရ၏။

၂၄-၂၅။ ထိုမြတ်စွာဘုရားသည် ရှေးရှေးသော ကိုယ်တော်၏ အဖြစ်၌ မဟုတ်မမှန်သော စကားမှ ကြဉ်တော်မူ၏။ မှန်သော စကားကို ဆိုတတ်သော အလေ့ရှိ၏။ ထို့ကြောင့် ထိုမြတ်စွာဘုရားအား ဤကိုယ်တော်၏ အဖြစ်၌ **ဥဏ္ဏာလောမလက္ခဏာ, ဧကေကလောမလက္ခဏာတော်** ၂-ပါးတို့သည် ဖြစ်ကုန်၏။ ခပ်သိမ်းသော လူအပေါင်းတို့သည် အနီးသို့ ကပ်လာခြင်း အကျိုးကို ရ၏။

၂၆-၂၇။ ထိုမြတ်စွာဘုရားသည် ရှေးရှေးသော ကိုယ်တော်၏ အဖြစ်၌ ချောပစ်သော စကားမှ ကြဉ်တော်မူတတ်၏။ ကွဲပြားသော သူတို့ကို စေ့စပ်တော်မူတတ်၏။ အဆင့်အားကို ပေးတတ်၏။ ညီညွတ်ခြင်းကို ပြုတတ်၏။ အညီအညွတ်ကို ပြုတတ်သော စကားကို ဆိုတတ်၏။ ထို့ကြောင့် ထိုမြတ်စွာဘုရားအား ဤကိုယ်တော်၏ အဖြစ်၌ **စတ္တာလီသဒန္တလက္ခဏာ, အဝိရဠဒန္တလက္ခဏာ** ၂-ပါးတို့သည် ဖြစ်ကုန်၏။ မကွဲပြားသော ပရိသတ်ရှိခြင်း အကျိုးကို ရတော်မူ၏။

၂၈-၂၉။ ထိုမြတ်စွာဘုရားသည် ရှေးရှေးသော ကိုယ်တော်၏ အဖြစ်၌ ကြမ်းတမ်းသော စကားမှ ကြဉ်တော်မူတတ်၏။ ချစ်ဖွယ်သော, နှလုံးသို့ ရောက်စေတတ်သော, သူတစ်ပါးတို့သည် ချစ်နှစ်လိုဖွယ်သော စကားကို ဆိုတော်မူတတ်၏။ ထို့ကြောင့် မြတ်စွာဘုရားအား ဤကိုယ်တော်၏ အဖြစ်၌ ပဟူတဇိဝှါလက္ခဏာ, ဗြဟ္မဿရလက္ခဏာ၊ ဤ ၂-ပါးတို့သည် ဖြစ်၏။ ခပ်သိမ်းသော ပရိသတ်တို့သည် ယူအပ်သော စကားရှိသော အကျိုးကို ရတော်မူ၏။

၃၀။ ထိုမြတ်စွာဘုရားသည် ရှေးရှေးသော ကိုယ်တော်၏ အဖြစ်၌ အပြိန်အဖျင်းဖြစ်သော စကားမှ ကြဉ်တော်မူ၏။ လျောက်ပတ်သော, ကာလနှင့်ယှဉ်သော,

ဟုတ်မှန်သော နှလုံး၌ သိုထားအပ်သော စကားကို ဆိုတတ်၏။ ထို့ကြောင့် မြတ်စွာဘုရားအား ဤကိုယ်တော်၏ အဖြစ်၌ **သီဟဟနုလက္ခဏာတော်** ဖြစ်၏။ ကိုယ်တွင်း, ကိုယ်ပ၌ဖြစ်သော ရန်သူတို့သည် မဖျက်ဆီးနိုင်ခြင်း အကျိုးကိုရ၏။

၃၁-၃၂။ ထိုမြတ်စွာဘုရားသည် ရှေးရှေးသော ကိုယ်တော်၏ အဖြစ်၌ သံသရာ၌ ကျင်လည်သောအခါ အရာ, အထောင်မက များစွာသော ကိုယ်၏အဖြစ်၌ မိစ္ဆာဇီဝ ယုတ်မာသော အသက်မွေးဝမ်းခြင်းမှ ကြဉ်တော်မူ၏။ ကောင်းသော အသက်မွေးခြင်းရှိ၏။ ချိန်စဉ်းလဲ, တင်းစဉ်းလဲ, အသပြာစဉ်းလဲတို့ကို သုံးဆောင်ခြင်းမှ ကြဉ်တော်မူ၏။ ထို့ကြောင့် ယိုမြတ်စွာဘုရားအား ဤကိုယ်တော်၏ အဖြစ်၌ **သမဒန္တလက္ခဏာ, သုသုက္ကဒါဌလက္ခဏာ** ၂-ပါးတို့ဖြစ်ကုန်၏။ သန့်ရှင်းစင်ကြယ်သော အခြံအရံတော်ရှိခြင်းတည်းဟူသော အကျိုးကို ရ၏။

ဤသို့လျှင် လက္ခဏာတော် ၃၂-ပါးတို့၌ ကံကိုရင်း ကံနှင့်အလားတူကိုရင်း လက္ခဏာကိုရင်း လက္ခဏာ၏အကျိုးကိုရင်း ဆိုအပ်၏။

✪✪✪✪✪✪✪✪✪✪✪

## ၃၃။ လက္ခဏာတော်ငယ်-၈၀

ဤလက္ခဏာတော်ကြီး ၃၂-ပါးတို့၏ အခြံအရံဖြစ်သော ၈၀-သော လက္ခဏာတော်တို့သည်လည်း ထင်ရှားဖြစ်ကုန်၏။ ထို ၈၀-သော လက္ခဏာတော်ငယ်တို့သည်ကား-

၁-၁၀။ မြတ်စွာဘုရားသည်-

- နီသော လက်သည်းတော်ရှိ၏။
- လုံးသော, မြင့်သော လက်သည်းတော်ရှိ၏။
- သိမ်မွေ့နူးညံ့သော လက်သည်းတော်ရှိ၏။
- လုံးသော ခြေချောင်း, လက်ချောင်းတော် လက္ခဏာရှိ၏။
- စိပ်သော ခြေချောင်း, လက်ချောင်းတော် လက္ခဏာရှိ၏။
- အရင်းမှသည် အဖျားသို့ အစဉ်အားလျော်စွာ သေးငယ်သော ခြေချောင်း, လက်ချောင်းတော် လက္ခဏာရှိ၏။
- လျှို့ဝှက်သော မထင်သော ခြေဖမျက်တော် လက္ခဏာရှိ၏။

- အမျှညီညွတ်သော ခြေဖဝါးတော် လက္ခဏာရှိ၏။
- ဆဒ္ဒန်ဆင်မင်း၏ ခြေဖဝါးဖြန့်ခြင်းနှင့်တူသော ခြေဖဝါးတော်ဖြန့်ခြင်း လက္ခဏာရှိ၏။
- ခြင်္သေ့မင်း၏ ခြေဖြန့်ခြင်းနှင့်တူသော ခြေတော်ဖြန့်ခြင်း လက္ခဏာရှိ၏။

၁၁-၂၀။ - နွားလားဥသဘ၏ ခြေဖြန့်ခြင်းနှင့်တူသော ခြေတော်ဖြန့်ခြင်း လက္ခဏာရှိ၏။
- ဝေဟင်္သာမင်း၏ ခြေဖြန့်ခြင်း, သွားခြင်းနှင့်တူသော ခြေဖြန့်ခြင်း, သွားခြင်း လက္ခဏာရှိ၏။
- လက်ျာသို့လည်၍ သွားတော်မူတတ်သော လက္ခဏာရှိ၏။
- ထက်ဝန်းကျင်မှ တင့်တယ်သော ခွေအဆင်းနှင့်တူသော ပုဆစ်ဒူးဝန်း လက္ခဏာ ရှိ၏။
- ဆဒ္ဒန်ဆင်မင်း၏ နှာမောင်းနှင့်တူသော ပေါင်, လက်ရုံးတော် လက္ခဏာရှိ၏။
- ထက်ဝန်းကျင်မှ ပြည့်စုံသော အင်္ဂါဇာတ်တော် လက္ခဏာရှိ၏။
- ကောင်းစွာ ဝေဖန်အပ်သော အလုံးစုံသော ကိုယ်တော်၏ အစဉ်အားလျော်စွာ တင့်တယ်သော ကိုယ်တော်ရှိ၏။
- အစဉ်အားလျော်စွာ ပြီးပြီးပြက်သော အရောင်တော်ရှိသော ကိုယ်တော်ရှိ၏။
- ပါးသင့်ရာ မမိုး, ဖြိုးသင့်ရာ မကြုံသော ကိုယ်တော်ရှိ၏။
- နူးညံ့သော ကိုယ်တော်ရှိတော်မူ၏။

၂၁-၃၀။ - ချောမွေ့ပြေပြစ်သော ကိုယ်တော်ရှိ၏။
- သိမ်မွေ့နူးညံ့သော ကိုယ်တော်ရှိ၏။
- မတွန့်မလိပ်သော အရေရှိသော ကိုယ်တော်ရှိ၏။
- မှည့်မည်း, တင်းတိတ်, ပွေး, ညှင်းကင်းသော ကိုယ်တော်ရှိ၏။
- အညစ်အကြေး ကင်းသော ကိုယ်တော်ရှိ၏။
- အထူးသဖြင့် ကောင်းစွာ စင်ကြယ်သော ကိုယ်တော်ရှိ၏။
- ကုဋေတစ်ထောင် ဆင်၏အားကို ဆောင်သော ကိုယ်တော်ရှိ၏။
- အလွန်တောက်ပသော အရောင်ရှိသော ကိုယ်တော်ရှိ၏။

- ချမ်းမြေ့သော ကိုယ်တော်ရှိ၏။
- အလွန်မွေးသော မဏိတော်ရှိ၏။

၃၁-၄၀။ - အလွန်မွေးသော ခံတွင်းတော်ရှိ၏။
- အလွန်မွေးသော ကိုယ်တော်ရှိ၏။
- သိမ်မွေ့နူးညံ့သော ထွက်သက်, ဝင်သက်တော်ရှိ၏။
- ထက်ဝန်းကျင် ၁-လံမျှလောက်ကိုယ်တော်မှထွက်သော ရောင်တော်အဝန်းရှိ၏။
- ညီညွတ်သော မွေးညှင်းတော် ရှိ၏။
- သေးနုကော့ညွတ်သော အမွေးတော်ရှိ၏။
- လက်ျာရစ်လည်သော အမွေးတော်ရှိ၏။
- သိမ်မွေ့နူးညံ့သော အမွေးတော်ရှိ၏။
- လုံးသော အမွေးတော်ရှိ၏။
- မြတ်သော မျက်စဉ်းတောင်နှင့်တူသော စိမ်းညိုသော အမွေးတော်ရှိ၏။

၄၁-၅၀။ - လကျာ်ရစ်လည်သော ချက်တော်ရှိ၏။
- မြတ်သော ချက်တော်ရှိ၏။
- နက်သော ချက်တော်ရှိ၏။
- နက်သော လက်ခြားရေးတော်ရှိ၏။
- ဖြောင့်သော လက်ခြားရေးတော်ရှိ၏။
- ရှည်သော လက်ခြားရေးတော်ရှိ၏။
- ကောင်းစွာ နှစ်လိုဖွယ်သော သဏ္ဍာန်ရှိသော လက်ခြားရေးတော်ရှိ၏။
- ကောင်းစွာ ပြည့်သော ပါးရေတော်ရှိ၏။
- လျားသော ခံတွင်းတော်ရှိ၏။
- ပဉ္စောင်သီးမှည့်ကဲ့သို့ နီသော နှုတ်ခမ်းတော် ရှိ၏။

၅၁-၆၀။ - အထူးသဖြင့် သန့်ရှင်းစင်ကြယ်သော စွယ်တော် ရှိ၏။
- ကောင်းစွာလုံးသော စွယ်တော်ရှိ၏။

- ထက်သော စွယ်တော်ရှိ၏။
- အညစ်အကြေးမတင် ဖြူစင်သော သွားတော် ရှိ၏။
- ချိပ်ရည်, ဟင်းသပြဒါး ရေးသားဘိသကဲ့သို့ နီသော သွားဖုံးတော် ရှိ၏။
- နူးညံ့စွာပါးသော လျှာတော်ရှိ၏။
- မြင့်သော ချွန်သော နှာခေါင်းတော် ရှိ၏။
- ရှည်လျားကျယ်သော မျက်လုံးတော်ရှိ၏။
- ၅-ပါးသော ကြည်ညိုဖွယ်ရှိသော အဆင်းရှိသော မျက်စိတော်ရှိ၏။
- မကော့ညွတ်သော အဖျားရှိသော မျက်မွေးတော်ရှိ၏။

၆၁-၇၀။- ကောင်းသော သဏ္ဌာန်ရှိသော မျက်မှောင်တော်ရှိ၏။
- ရှည်းလျားကြီးသော မျက်မှောင်တော်ရှိ၏။
- သိကြားမင်း၏ လင်းလေးသက်တင်ရေး လျှပ်စစ်နွယ်ကဲ့သို့ စဉ်းငယ်ညွတ်သော မျက်မှောင်တော်ရှိ၏။
- သိမ်မွေ့သော အမွေးရှိသော မျက်မှောင်တော်ရှိ၏။
- နှစ်လိုချင်ဖွယ် စဉ်းငယ်ညွတ်သော နားရွက်တော်ရှိ၏။
- ရှည်သော နားရွက်တော်ရှိ၏။
- ရှည်လျားကျယ်သော အပြင်ဖြင့် တင့်တယ်သော နဖူးတော်ရှိ၏။
- ထွတ်မြင့်မရှိသော ဦးခေါင်းတော်ရှိ၏။
- နိမ့်, မြင့်မရှိသော ဦးခေါင်း တော်ရှိ၏။
- ရွှေထီးနှင့်တူသော ဦးခေါင်းတော်ရှိ၏။

၇၁-၈၀။ - အလွန်မည်းသော ဆံတော်ရှိ၏။
- ကောင်းစွာ သိမ်မွေ့သော ဆံတော်ရှိ၏။
- ပြေပြစ် ချောမွေ့သော ဆံတော်ရှိ၏။
- ကောင်းသော သဏ္ဌာန်တော်ရှိသော ဆံတော်ရှိ၏။
- မယှက်သော ဆံတော်ရှိ၏။

- ညီညွတ်သော ဆံတော်ရှိ၏။
- သေးနုသော ဆံတော် ရှိ၏။
- အသီးအသီးတည်သော ဆံတော်ရှိ၏။
- ပန်းဇလပ်ပွင့်ချပ်လည်သကဲ့သို့ လက်ျာရစ်လည်သော ဆံတော်ရှိ၏။
- ထိပ်တော်၌ အပုံအစုဖြစ်၍ ထင်သော ရောင်ခြည်တော် အတွေ့ဟု ဆိုအပ်သော ကေတုမာလာတည်းဟူသော မှန်ကင်းပန်းရှိ၏။

ဤ ၈၀-သော လက္ခဏာတော်ငယ်တို့သည်လည်း သိဒ္ဓတ်မင်းသား၏ ကိုယ်၌ ထင်ရှားဖြစ်ကုန်၏။

✪✪✪✪✪✪✪✪✪✪✪

## ၃၄။ နိမိတ် ၄-ပါးကို မမြင်ရအောင် စောင့်ရှောက်ထားခြင်း

ဤသို့ ၃၂-ပါးသော လက္ခဏာတော်ကြီး, ၈၀-သော လက္ခဏာတော်ငယ်တို့ကို **ရာမ, ဓဇ, လက္ခဏ, ဇောတိမန္တ, ယည, သုဘောဇ, သုယာမ, သုဒတ္တ**၊ ဤပုဏ္ဏား ၈-ယောက်တို့သည် မြင်ကုန်သဖြင့် ထို ၈-ယောက်တို့တွင် အကြီး ၇-ယောက်တို့သည် လက် ၂-ချောင်းကို ချီကုန်၏။ "ဤသို့သော လက္ခဏာတို့နှင့် ပြည့်စုံသောသူသည် အိမ်၌နေအံ့၊ စကြဝတေးမင်းဖြစ်အံ့၊ ရဟန်းပြုမူကား ဘုရားဖြစ်အံ့"ဟူ၍ ကြားပေကုန်၏။ ထို ၇-ယောက်တို့အောက် အငယ်ဖြစ်သော အမျိုးအားဖြင့် **ကောဏ္ဍည**, အမည်အားဖြင့် **သုဒတ္တ** အမည်ရှိသော ပုဏ္ဏားသည်ကား ဘုရားအလောင်း၏ လက္ခဏာ၏ ပြည့်စုံခြင်းကို ကြည့်၍ "ဤမင်းသား အိမ်၌နေခြင်း အကြောင်းမရှိ၊ ဤမင်းသားသည် ပြတ်ပြီးသော ဝဋ်ရှိ၏၊ ဘုရားစင်စစ်ဖြစ်လတ္တံ့"ဟု လက်ညှိုးတစ်ချောင်းကိုသာ ချီ၍ ဧကံသဗျာဒိတ်ကို ကြား၏။

ဤကောဏ္ဍညပုဏ္ဏားသည် ပြုအပ်ပြီးသော ကောင်းမှုရှိ၏။ အဆုံးစွန်သော ဘဝနှင့်ယှဉ်သောသူတည်း၊ ပညာအားဖြင့် ထို ၇-ယောက်တို့ထက် လွန်မြတ်သည်ဖြစ်၍ "ဤလက္ခဏာတို့နှင့် ပြည့်စုံသောသူသည် အိမ်၌နေခြင်း မည်သည်မရှိ၊ မချွတ်စင်စစ်လျှင် ဘုရားဖြစ်လတ္တံ့" ဟူ၍ မြင်၏။ ထိုအခါ ထိုပုဏ္ဏားတို့သည် မိမိတို့၏ အိမ်သို့သွား၍ သားတို့ကိုခေါ်၍ မှာဆိုကုန်၏။ "ချစ်သားတို့၊ ငါတို့သည် ကြီးရင့်အိုကုန်ပြီ၊ သုဒ္ဓေါဒနမင်းကြီးသား သဗ္ဗညုဘုရားအဖြစ်သို့ ရောက်သည်ကို ငါတို့မှီကုန်အံ့လည်း မသိ၊ မမှီကုန်အံ့လည်း မသိ၊ ထိုသိဒ္ဓတ်မင်းသား ဘုရားဖြစ်သောအခါ၌ သင်တို့သည် ထိုမြတ်စွာဘုရား၏ သာသနာ၌

ရဟန်းပြုလေကုန်"ဟူ၍ မှာထားကုန်၏။ ထိုပုဏ္ဏားတို့သည် အသက်အတိုင်းနေ၍ ကံအားလျော်စွာ လားရလေကုန်၏။ ကောဏ္ဍညပုဏ္ဏားတစ်ယောက်ကား ဘုရားဖြစ်သည်ကို မှီ၏။

ဤသို့ ပုဏ္ဏားတို့ လက္ခဏာဖတ်ပြီး၍ သိဒ္ဓတ္ထ ဟူသော အမည်မှည့်၍ "စင်စစ်လျှင် ဘုရားလတ္တံ့"ဟူ၍ ကြားသောအခါ၌ "ငါ၏သားတော်သည် အဘယ်သို့သော အကြောင်းကို မြင်၍ ရဟန်းပြုလတ္တံ့နည်း"ဟု ခမည်းတော် သုဒ္ဓေါဒနမင်းကြီး မေးသည်ရှိသော် "အကြောင်း ၄-ပါးကို မြင်၍ ရဟန်းပြုလတ္တံ့" ဟု ပြန်ကြားကုန်၏။ "အကြောင်း ၄-ပါးဟူသည် အဘယ်နည်း"ဟူ၍ မေးပြန်သော် "**သူအို, သူနာ, သူသေ**, ရဟန်း၊ ဤ ၄-ပါးသော နတ်ပြနိမိတ်တို့ကို မြင်၍ သားတော်ရဟန်းပြုလတ္တံ့"ဟူ၍ လျှောက်ဆိုကုန်၏။

ထိုသို့ လျှောက်ဆိုသောအခါ၌ "ဤနေ့မှစ၍ ဤသို့သဘောရှိသော သူတို့သည် ငါ့သား၏ အထံသို့ ကပ်ခြင်းငှါ မရစေကုန်သတည်း၊ ငါ၏သား ဘုရားဖြစ်ခြင်းဖြင့် ပြုဖွယ်မရှိ၊ ကျွန်းငယ် ၂,၀၀၀- အရံရှိကုန်သော ကျွန်းကြီး ၄-ကျွန်းတို့ကို အစိုးရသော မင်း၏အဖြစ်ကို ပြုလျက် ၃၆-ယူဇနာ အဝန်းရှိသော ပရိသတ်တို့ဖြင့် ခြံရံလျက် ကောင်းကင်ပြင်၌ သွားသော ငါ့သားကို ငါမြင်ရလို၏" ဆို၍ ထိုသူအို, သူနာ, သူသေ, ရဟန်း ၄-ယောက်တို့သည် သိဒ္ဓတ်မင်းသား မြင်ကောင်းသော အရပ်သို့ လာခြင်းကို မြစ်တားစိမ့်သောငှါ အရပ် ၄-မျက်နှာတို့၌ ၁-ဂါဝုတ်, ၁-ဂါဝုတ်သော အရပ်တို့၌ ယောကျ်ားအစောင့်တို့ကို ထား၏။ မြို့၌လည်း တံခါးတို့ကို မဖွင့်နိုင်စိမ့်သောငှါ တံခါးရွက်တစ်ခု, တစ်ခုကို ဗိုလ်ခြေ ၁,၀၀၀-မှ ဖွင့်နိုင်အောင် လုပ်ထားစေ၏။

✪✪✪✪✪✪✪✪✪✪

## ၃၅။ မိထွေးတော် လက်၌သာ ကြီးမြင့်လာရပုံ

ထိုလက္ခဏာ အမည်မှည့် မင်္ဂလာပြုရာအရပ်၌ စည်းဝေးကုန်သော ဆွေတော်ရှစ်သောင်းတို့သည် "ငါတို့သည် တစ်ယောက်, တစ်ယောက်သော သားကို ဤမင်းသားအား အခြံရံ အလို့ငှါ ပေးကုန်အံ့၊ ဤမင်းသား ဘုရားဖြစ်သည်မူလည်းဖြစ်စေ, မင်းဖြစ်သည်မူလည်းဖြစ်စေ၊ တစ်ယောက်, တစ်ယောက်သော သားကို ပေးကုန်အံ့၊ အကယ်၍ ဘုရားဖြစ်အံ့၊ မင်းမျိုးရဟန်းတို့သည် ရှေးရှုပြုအပ်သော အခြံအရံရှိသည်ဖြစ်၍ လှည့်ပတ်သွားလာရလတ္တံ့၊ စကြဝတေးမင်းဖြစ်လည်း မင်းမျိုးသတို့သားတို့သည် ရှေးရှုပြုအပ်သော အခြံအရံရှိသည်ဖြစ်၍ ကျင်လည်ရလတ္တံ့" ဟူ၍ ဝန်ခံကုန်၏။

မင်းကြီးသည် မြတ်သော အဆင်းကို ဆောင်ကုန်သော အလွန်မြင့်ခြင်း, အလွန့်နိမ့်ခြင်း, အလွန်ဖြူခြင်း, အလွန်မည်းခြင်း, အလွန်ဆူခြင်း, အလွန်ကြုံခြင်း အစရှိသော ခပ်သိမ်းသော အပြစ်တို့မှ ကင်းကုန်သော ၂၀၄-ကျိပ်သော နို့ထိန်းတို့ကို ဘုရားအလောင်းအား ပေးတော်မူစေ၏။ ဤသို့ နို့ထိန်းပေးအပ်သော်လည်း မယ်တော်သိရိမဟာမာယာ၏ ညီမတော် မဟာပဇာပတိဂေါတမီသည် ဘုရားအလောင်းကို နို့တိုက်၏။ ရေချိုးပေး၏။ ထိန်းယချီပိုး၏။ မိမိသား နန္ဒမင်းသားကိုကား နို့ထိန်းတို့အား ပေးအပ်၏။ မွေးကျွေးသုတ်သင်စေ၏။ နန္ဒမင်းသားသည် မြတ်စွာဘုရားလောင်း ရှင်သိဒ္ဓတ်အောက် ၄, ၅-ရက်သာ ငယ်သည်၊ အရပ်လည်း လက် ၄-သစ်မျှသာ နိမ့်သောဟူ၏။

ဤသို့လျှင် မိထွေးတော် မဟာပဇာပတိဂေါတမီသည် နို့တိုက်, ရေချိုး, ချီပိုး, ထိန်းယ မွေးကျွေးသုတ်သင်သဖြင့် ဘုရားလောင်းသည် အတိုင်းမသိသော အခြံအရံရှိသဖြင့်၎င်း များသော အသရေ၏ တင့်တယ်ခြင်းဖြင့်၎င်း ကြီးမြင့်တော်မူ၏။ မဟာနာမ်နှင့် အနုရုဒ္ဓါကား ညီအစ်ကိုတည်း၊ သုဒ္ဓေါဒနမင်းကြီး၏ ညီတော် သက္ကောဒနသာကီဝင်မင်း၏ သားတည်း။ အရှင်အာနန္ဒာကား သုဒ္ဓေါဒနမင်းကြီး၏ ညီတော် အမိတောဒနသာကီဝင်မင်း၏ သားတည်း။

[ ဤမျှသော စကားအစဉ်သည်ကား ဘုရားလောင်း ရှင်သိဒ္ဓတ်သည် လုမ္ဗိနီအင်ကြင်းဥယျာဉ်၌ ဖွားတော်မူ၍ ကပိလဝတ်ပြည်သို့ရောက်၍ ခမည်းတော်၏ ဆရာဖြစ်သော ကာလဒေဝီလရသေ့ ဖူးတွေ့ရောက်လာသည်နှင့်တကွ ပုဏ္ဏားတို့ လက္ခဏာဖတ်ပြီး၍ အမည်မှည့်၍ နို့ထိန်းပေးသည်တိုင်အောင် ဆိုသောစကားအစဉ်တည်း။]

✪✪✪✪✪✪✪✪✪✪

## ၃၆။ သုဒ္ဓေါဒနမင်းကြီး လယ်ထွန်မင်္ဂလာ

ဤသို့ မိထွေးတော်သည် သိမ်းပိုက်မွေးကျွေးအပ်သည်ဖြစ်၍ အတိုင်းမသိသော အခြံအရံ, အတိုင်းမသိသော အသရေ၏ တင့်တယ်ခြင်းဖြင့် ကြီးပြင်းသောအခါ တစ်နေ့သ၌ ခမည်းတော်မင်းကြီးအား ကောက်စိုက်မင်္ဂလာသည် ဖြစ်၏။ ထို့နေ့၌ ကပိလဝတ်ပြည်ကို နတ်ဗိမာန်ကိုကဲ့သို့ တန်ဆာဆင်ကုန်၏။ ခပ်သိမ်းသော ကျွန်အမှုလုပ် အစရှိသော သူတို့သည် အစာချေသစ်သော ပုဆိုးကို ဝတ်ကုန်လျက် ပန်းနံ့သာ အစရှိသည်တို့ဖြင့် တန်ဆာဆင်ကုန်လျက် မင်း၏အိမ်တော်၌ စည်းဝေးကုန်၏။ မင်းကြီး၏

လယ်ထွန်ရာ၌ကား ၁,၀၀၀-သော ထွန်တို့ကို က,အပ်ကုန်၏။ ထိုမနေ့၌ကား ၉၉၉-ခုသော ထွန်တို့ကို နွားပိုက်တို့နှင့်တကွ ငွေဖြင့် ခြံရံအပ်ကုန်၏။ မင်းကြီးစီးနင်းတော်မူအပ်သော ထွန်ကိုကား နီလှစွာသော ရွှေဖြင့် ခြံရံတန်ဆာဆင်အပ်၏။ နွားပိုက်တို့၏ ဦးချို, လက်ကိုင်ကြိုး, နှင်တံတို့ကိုလည်း နီလှစွာသော ရွှေဖြင့် ခြံရံတန်ဆာဆင်အပ်ကုန်၏။ သုဒ္ဓေါဒနမင်းကြီးသည် များစွာသော အခြံအရံဖြင့် ထွက်သည်ရှိသော် သားတော် ရှင်သိဒ္ဓတ်မင်းသားကို ယူ၍ သွားလေ၏။

လယ်တောအရပ်၌ တစ်ခုသော ဇမ္ဗူသပြေပင်သည် ထူသောအရွက်ရှိသည်, ချမ်းငြိမ်းသော အရိပ်ရှိသည်ဖြစ်၏။ ထိုဇမ္ဗူသပြေပင်အောက်၌ ဘုရားလောင်းမင်းသား၏ အိပ်ရာကို ခင်းစေ၍ အထက်၌ ရွှေကြယ်စီအပ်သော ဗိတာန်ကို ဆွဲစေ၍ တင်းတိမ်ဖြင့် ကာရံစေ၍ ဘုရားလောင်းမင်းသားကို ထိုအိပ်ရာထက်တင်၍ နို့ထိန်းတို့ကို အစောင့် အရှောက်ထား၍ မင်းကြီးသည် ခပ်သိမ်းသော တန်ဆာကို ဆင်၍ အမတ်အပေါင်းခြံရံလျက် လယ်ထွန်ရာသို့သွား၍ မင်းကြီးသည် ရွှေထွန်ယူ၍ အမတ်တို့သည်ကား ၇၉၉-ခုသော ထွန်တို့ကို ယူကုန်၏။ ကျွန်အမှုလုပ်တို့သည်ကား ၂၀၀-သော ထွန်တို့ကို ယူကုန်၏။ ထိုအမတ်, အမှုလုပ်ကျွန်တို့သည် ထွန်တို့ကို ယူကုန်၍ ထိုမှ, ဤမှ ထွန်ကုန်၏။ မင်းကြီးသည် ဤဘက်မှ, ထိုဘက်သို့, ထိုဘက်မှ, ဤဘက်သို့ သွား၏။ ထိုအရပ်၌ များစွာသော ပြည့်စုံခြင်းသည် ဖြစ်၏။

ဘုရားလောင်းကို စောင့်ရှောက်၍ နေကုန်သော နို့ထိန်းတို့သည် "မင်းကြီး၏ စည်းစိမ်ကို ရှုကုန်အံ့"ဟူ၍ တင်းတိမ်မှ အပသို့ ထွက်လေကုန်၏။ ထိုအခါ ဘုရားလောင်းသည် ထိုမှ, ဤမှ ကြည့်သည်ရှိသော် တစ်စုံတစ်ယောက်သောသူကို မမြင်၍ လျင်စွာသဖြင့် အိပ်ရာမှထ၍ ထက်ဝယ်ဖွဲ့ခွေနေလျက် ထွက်သက်, ဝင်သက်ကို သိမ်းဆည်း၍ ပဌမဈာန်ကို ဖြစ်စေ၏။ နို့ထိန်းတို့သည် ခဲဖွယ်ဘောဇဉ် အခွင့်၌ စီရင်သွားလာကုန်သည်ဖြစ်၍ အတန်ငယ် ကြာလေကုန်၏။ တပါးသော သစ်ပင်တို့၏ အရိပ်သည် အရှေ့သို့ ပြန်၏။ ဇမ္ဗူသပြေပင်၏ အရိပ်မူကား အရှေ့သို့ မပြန်မူ၍ အဝန်းဖြစ်၍တည်၏။ နို့ထိန်းတို့သည် 'အရှင်သားတစ်ယောက်တည်း ရှိလေသည်'ဟု လျင်စွာလာ၍ တင်းတိမ်ကို ကြွ၍ ကြည့်သည်ရှိသော် အိပ်ရာထက်၌ ထက်ဝယ်ခွေ၍နေသော ဘုရားလောင်းကိုငင်း ထိုသပြေရိပ်သည် အရှေ့သို့ မပြန်ဝံ့၍ တည်သော အံ့ဖွယ်ကိုငင်း မြင်ကုန်၏။

လျင်စွာသွား၍ မင်းကြီးအား ကြားလျှောက်ကုန်၏။ "အရှင်မင်းကြီး၊ သားတော်သည် ဤသို့ နေ၏။ တပါးသော သစ်ပင်တို့၏ အရိပ်သည် အရှေ့သို့လည်ပြီး သပြေပင်၏ အရိပ်သည်ကား မလည်မူ၍ အဝန်း ဖြစ်၍ တည်၏။" ဤသို့ လျှောက်ကုန်သည်ရှိသော်

မင်းကြီးသည် လျင်စွာလာ၍ကြည့်လျှင် ထိုအံ့ဖွယ်သရဲကို မြင်သဖြင့် "အလောင်းမင်းသား၊ ဤရှိခိုးခြင်းသည်ကား သင်ချစ်သားအား ၂-ကြိမ်မြောက် အဘ၏ ရှိခိုးခြင်းတည်း" ဟုဆို၍ သားတော်ဘုရားလောင်းကို ခမည်းတော်မင်းကြီး လက်အုပ်ချီ၍ ရှိခိုးတော်မူ၏။

✪✪✪✪✪✪✪✪✪✪

## ၃၇။ အလောင်းတော်မင်းသား၏ ပြာသာဒ် ၃-ဆောင်

ထိုရောအခါ၌ ဘုရားလောင်း ရှင်သိဒ္ဓမင်းသားသည် အစဉ်သဖြင့် ကြီးသည်ဖြစ်၍ ၁၆-နှစ်အရွယ်ရှိသည် ဖြစ်၏။ ထိုအခါ၌ သုဒ္ဓေါဒနမင်းကြီးသည် မြို့၌လက်သမား, ကျောက်ဆစ်သမား, ပန်းချီသမား အစရှိသည်တို့ကို ခေါ်စေ၍ ဘုရားလောင်း၏ နေရာပြာသာဒ်ကို လုပ်ဆောင်စိမ့်သောငှာ စေတော်မူ၏။ ထိုနေ့မှစ၍ အမှုသစ်ကို လုပ်ဆောင်ကုန်၏။

၁။ ဆောင်းဥတုနှင့် လျောက်ပတ်သော ဘုံ ၉-ဆင့်ရှိသော ပြာသာဒ်ကိုရင်း

၂။ နွေဥတုနှင့် လျောက်ပတ်သော ဘုံ ၅-ဆင့်ရှိသော ပြာသာဒ်ကိုရင်း

၃။ မိုးဥတုနှင့် လျောက်ပတ်သော ဘုံ ၇-ဆင့်ရှိသော ပြာသာဒ်ကိုရင်း-

ဆောက်လုပ်ကုန်၏။ ထို ၃-ဆောင်သော ပြာသာဒ်တို့သည် အလျား, အနံ, အစောက်အားဖြင့် မျှသော ပမာဏရှိကုန်၏။ ဘုံဆင့်အားဖြင့်သာလျှင် ထူးပြားကုန်၏။ ဆောင်းလအခါ၌ အလွန်ကျဉ်းသော ခန်းတိုက်ရှိသော ပြာသာဒ်သည် ဥတုနှင့် ပြည့်စုံသည်ဖြစ်၏။ နွေလအခါ၌ ကျယ်သောခန်းတိုက်ရှိသော ဘုံပြာသာဒ်သည် ဥတုနှင့်ပြည့်စုံ၏။ မိုးလအခါ၌ကား မကျဉ်း, မကျယ်ခန်းတိုက်ရှိသော ပြာသာဒ်သည် ဥတုနှင့် ပြည့်စုံ၏။

ဘုံ ၉-ဆင့်ရှိသော ပြာသာဒ်၌ ခြသေ့်ခံသော လေသာနန်းတံခါးရွက်တို့သည် ကောင်းစွာ စပ်ကုန်၏။ ဘုံ ၅-ဆင့်ရှိသော ပြာသာဒ်၌ နံရံ, သည်တိုင်, အမိုးအစရှိသည်တို့၌ မီးပုံကြီး, မီးပုံငယ်, မီးမယ်ဖျူးအစရှိသည်တို့ကို ထင်စေကုန်၏။ ဘုံ ၅-ဆင့်ရှိသော ပြာသာဒ်၌ ကြာဖြူ, ကြာနီ, ကုမုဒြာကြာ, ပဒုမာကြာ, ကြာတံဆိပ်, မြောက်လှေကူး, ကတောက်, ဟင်းရန့် စသည်တို့ကို ထင်စေကုန်၏။ ဘုံ ၇-ဆင့်ရှိသော ပြာသာဒ်တို့၌ ၂-ပါးစုံ အရောင်တို့ကို ထင်စေကုန်၏။ ဘုံ ၉-ဆင့်ရှိသော ပြာသာဒ်၌ နံ့သာဆိုင်း, ပန်းဆိုင်း, ပုလဲသွယ် အစရှိသည်တို့ကိုရင်း? ပြိုးပြိုးပြက် ထွက်ကုန်သော အရောင်ရှိကုန်သော ရွှေကြယ်, ငွေကြယ်, ပတ္တမြားကြယ်တို့ဖြင့် စီအပ်ကုန်သော အလွန်သိမ်မွေ့လှသော ဥတုကို

ပေးတတ်ကုန်သော တောက်ပသော အရောင်ရှိကုန်သော ကမ္ဗလာဖြင့်ပြုသော ဗိတာန်, ပိုးချည်ဖြင့်ရက်၍ပြုသော ဗိတာန်တို့ကို ထိုထိုသို့သော အရပ်တို့၌ မိုးကြက်ကုန်၏။ ထိုမှတပါး ရွှေချည်ဖြင့်ရက်သော တင်းတိမ်တို့ဖြင့် ကာရံကုန်၏။ ဘုံ ၅-ဆင့်ရှိသော ပြာသာဒ်၌ကား ထိုသို့ဆိုအပ်ပြီးသော သဘောရှိကုန်သော သိမ်မွေ့ကုန်သော သီတဥတုကို ပေးတတ်ကုန်သော အလွန်ကောင်းမွန် သိမ်မွေ့ကုန်သော အခင်းအရုံ ဗိတာန်တို့ဖြင့်၎င်း တင်းတိမ်တို့ဖြင့်၎င်း မိုးကာရံစေကုန်၏။

ဘုံ ၇-ဆင့်ရှိသော ပြာသာဒ်၌ကား ဥတု ၂-ပါးကို ပြည့်စုံစေတတ်သော ၂-ပါးစုံ အရောင်တို့ကို ပြုပေကုန်၏။ ဘုံ ၅-ဆင့်ရှိသော ပြာသာဒ်၏ ထက်ဝန်းကျင်မှ အရပ် ၄-မျက်နှာတို့၌ကား **စဏ္ဍာလောကမဏ္ဍပ်**ကို ပြုလုပ်၍ ထိုမဏ္ဍပ်၏ အထက်၌ သည်တိုင်တို့ကို စိုက်၍ အကြင်အခြင်းဖြင့် အလိုရှိသော အခါ၌ ရုပ်ပယ်သိမ်းထားကောင်းသော ဗိတာန်တို့ကို ဖွဲ့ကြက်စေကုန်၏။ ပြာသာဒ် အမိုးအခြင်စွန်းတို့၌ အင်္ဂါ ၅-ပါးရှိသော နတ်၏စည်, စောင်းငြင်းတို့ကို နှိပ်စက်ဘိသကဲ့သို့ ငြိမ့်လေး(အေး)သာယာနာဖွယ်ရှိသော အသံကို လွှတ်တတ်ကုန်သော ရွှေခြူကွန်ယက်တို့ကို ဆွဲကုန်၏။ ဘုံ ၅-ဆင့်ရှိသော ပြာသာဒ်၏ ထက်ဝန်းကျင် အရပ် ၄-မျက်နှာတို့၌ ကြာမျိုး ၅-ပါးတို့ဖြင့် ဖုံးလွှမ်းသော ပြိုးပြိုးပြက်ထွက်သော အညစ်အကြေးကင်းသော အရောင်ရှိသော ပတ္တမြားဖြင့်ပြီးသော ရေ၏အဆင်းကဲ့သို့ အဆင်းရှိသော အထူးသဖြင့် စင်ကြယ်သော အညစ်အကြေးကင်းသော ကောင်းမြတ်သော အရသာရှိသော အလွန်ချမ်းအေးသော ရေဖြင့်ပြည့်သော လေးထောင့်ရေကန်တို့ကိုလည်း ဖန်ဆင်းရကုန်၏။

အရှေ့မျက်နှာ၌ရှိသော ရေကန်မှ ပျံတက်ကုန်သော ဟသ်ာ, ဝမ်းဘဲ, ရေကြက်, စက္ကဝက် အစရှိကုန်သော အထူးထူးသော ငှက်အပေါင်းတို့သည် တွန်ထူးကျူးရင့်မြည်ကုန်လျက် ပြာသာဒ်၏အထက်ဖြင့် သွား၍ အနောက်မျက်နှာရေကန်၌ ကျကုန်၏။ အနောက်မျက်နှာ ရေကန်မှ ပျံတက်ကုန်သော ငှက်အပေါင်းတို့သည်လည်း ထို့အတူ တွန်ထူးရင့်ကျူးမြည်ကုန်လျက် အရှေ့မျက်နှာ ရေကန်၌ ကျကုန်၏။ တောင်မျက်နှာ ရေကန်မှ ပျံတက်ကုန်သော ငှက်အပေါင်းတို့သည်လည်း ထို့အတူ ကျူးရင့်မြည်တွန်ကုန်လျက် မြောက်မျက်နှာ ရေကန်၌ ကျကုန်၏။ မြောက်မျက်နှာရေကန်မှ ပျံ့တက်ကုန်သော ငှက်အပေါင်းတို့သည်လည်း ထို့အတူ ကျူးရင့်မြည်တွန်ကုန်လျက် တောင်မျက်ရေကန်၌ ကျကုန်၏။ ထိုဘုံ ၅-ဆင့်ရှိသော ပြာသာဒ်၌ သိမ့်မွေ့သော အပေါက်ရှိသော ရွှေဗိတာန်တို့ကို ဖွဲ့၍ ဗိတာန်၏ အထက်၌ အရပ် ၄-မျက်နှာတို့၌ ရေကန်မှ ရေကို ယန္တယားစက်ဖြင့်တင်၍ ပြည့်စေ၏။ ထိုရေကန်တို့သည် သိမ်မွေ့သော အပေါက်တို့မှ မိုးပေါက်ကဲ့သို့ ကျကုန်၏။

ရွှေပိတာန်တို့၏အထက် ခြောက်သော သားရေတို့ကို ဖြန့်၍ ကျောက်ခဲတို့ကို ချကုန်၏။ ထိုအသံတို့သည် မိုးကြိုးသော အသံကဲ့သို့ ဖြစ်၏။ ထိုကြောင့် ဘုံ ၅-ဆင့်ရှိသော ပြာသာဒ်သည် မိုးနှင့်တူသည်ဖြစ်၏။ ထို ၃-ဆောင်သော ပြာသာဒ်တို့၏ ထက်ဝန်းကျင်တို့၌ အထူးထူးသော အဆင်းဖြင့် တောက်ပသော အရောင်ရှိသော ပုဆိုးတို့ဖြင့် အထောင်မက များစွာသော တံခွန်တို့ကို ဆောက်ကုန်၏။ ရွှေဖြင့်ပြီးသော တံခွန်အစရှိသည်တို့ကိုလည်း ဆောက်ကုန်၏။ အထူးထူးသော အထွတ်, ခြသေ့ံခံသော လိုဏ်နန်းအမွှမ်းရှိသော တောက်ပသော တပါးမကများသော ဘုံဆင့်ရှိသော တံခါးမုခ်တို့ကိုရင်း အင်္ဂတေတို့ဖြင့် အပြေအပြစ်ပြုအပ်သော ဖြူသောအရောင်ဖြင့် တောက်ပသော အလွန်မြင့်သော ၇-ထပ်သော တံတိုင်းတို့ကိုရင်း ကောင်းစွာ ပြုကုန်၏။

ထို ၃-ဆောင်သော ပြာသာဒ်တို့တွင် ဘုံ ၉-ဆင့်ရှိသော ပြာသာဒ်သည် ရမ္မမည်၏။ ဘုံ ၅-ဆင့်ရှိသော ပြာသာဒ်သည် သုရမ္မမည်၏။ ဘုံ ၇-ဆင့်ရှိသော ပြာသာဒ်သည် သုဘမည်၏။

✪✪✪✪✪✪✪✪✪✪

## ၃၈။ လေးအတတ် ၁၂-ပါးကို ပြခြင်း

ဤ ၃-ဆောင်သော ပြာသာဒ်တို့ကို ဆောက်လုပ်၍ ပြီးကုန်သောအခါ၌ သိရိသုဒ္ဓေါဒနမင်းကြီး ကြံ၏။ "ငါ၏ သားသည် အရွယ်ရောက်ပြီ။ ထိုသားအား ထီးဆောင်း၍ မင်း၏အသရေကို ရှုအံ့"ဟု ကြံ၍ ရှစ်သောင်းသော သာကီဝင်မင်းတို့၏အထံသို့ ကမ္ပည်းဆက်စာတို့ကို ပို့စေ၏။ "ငါ၏သားတော်သည် အရွယ်ရောက်ပြီ။ မင်း၏အဖြစ်၌ တည်စေအံ့။ အလုံးစုံသော သာကီဝင်မင်းတို့သည် မိမိတို့၏အိမ်တို့၌ အရွယ်ရောက်သော သတို့သမီးတို့ကို ငါ၏အိမ်သို့ ပို့ဆောင်စေကုန်သတည်း"ဟု ကမ္ပည်းဆက်စာ ပို့စေ၏။ ထိုသတင်းစကားကိုကြား၍ သာကီဝင်မင်းတို့သည် ဆိုကုန်ကြ၏။ "သိဒ္ဓတ်မင်းသားသည် အရုပ်အဆင်းလှပေ၏။ အပျော်အရွှင် ကစားခြင်း၌သာ လေ့ကျက်သည်။ တစ်စုံတစ်ခုသော အတတ်ပညာကို မတတ်။ စစ်ပွဲရန်သူ ရှေးရှုထင်သော် အဘယ်သို့ ပြုလတ္တံ့နည်း။ သားမယား တို့ကို မွေးမြူခြင်းငှာ မတတ်နိုင်လတ္တံ့။ ငါတို့သမီးကို မပေးကုန်"ဟူ၍ ဆိုကုန်၏။

ထိုစကားကိုကြား၍ သုဒ္ဓေါဒနမင်းကြီးသည် သားတော်ကို ခေါ်စေ၍ "အလောင်းချစ်သား၊ သင်၏ အဆွေအမျိုးတို့သည် 'သိဒ္ဓတ်မင်းသားကား တစ်စုံတစ်ခုမျှ အတတ်ပညာကို မသင်၊ အပျော်အရွှင် ကစားခြင်း၌သာ လေ့ကျက်သူ'ဟူ၍ ဆိုကုန်သည်။ ယခုအခါ

သည် အတတ်ပညာရှိသည့်ဂုဏ်ကို ပြအံ့သောအခါ ရောက်သကဲ့သို့ အဘထင်သည်"ဟု ဆို၏။ "ခမည်းတော်မင်းကြီး၊ လူ၌ဖြစ်သော အတတ်ပညာကို ငါ့အား သင်အပ်သောကိစ္စ မည်သည်မရှိ၊ အဘယ်အတတ်ကို ပြစေလိုသနည်း"ဟု ခမည်းတော်အား လျှောက်၏။ "လေးအတတ်ကို ပြအပ်၏" ဟူ၍ ဆိုပေ၏။ ထိုသို့တပြီးကား "ခမည်းတော်မင်းကြီး၊ ငါ၏အတတ်ကို ရှုစိမ့်သောငှာ 'ဤနေ့မှသည် ၇-ရက်မြောက်သောနေ့၌ သိဒ္ဓတ်မင်းသား သည် ဆွေတော်မျိုးတော်တို့အား အတတ်ကို ပြလတ္တံ့။ စည်းဝေးကုန်'ဟူ၍ မြို့၌ စည်လည် စေ" ဆို၏။ ခမည်းတော်မင်းကြီးလည်း ထိုဆိုတိုင်း ပြုပေ၏။

ဘုရားအလောင်း ရှင်သိဒ္ဓတ်မင်းသားသည် **အက္ခဏဝေဓိ, ဝါလဝေဓိစသော** လေးသမားတို့ကို စည်းဝေးစေ၏။ လူအပေါင်းတို့၏ အလယ်၌ တပါးသော လေးသမား တို့နှင့် မဆက်ဆံသော ၁၂-ပါးသော လေးအတတ်ကို ဆွေတော်မျိုးတော်တို့အား ပြပေ၏။ အဘယ်ကဲ့သို့ ပြသနည်းဟူမူကား ဗိုလ်တစ်ထောင်အားရှိသော လေးကို ဆောင်ယူစေ၍ ထက်ဝယ်ဖွဲ့သဖြင့် နေလျက် ညှို့ကိုခြေဖြင့်ရစ်၍ ငင်ပြီးသော် ခြေမဖြင့်လေးကို တင်၍ လက်ဝဲလက်ဖြင့် လေးပျဉ်းကိုကိုင်၍ လက်ျာလက်ဖြင့် ညှို့ကိုငင်၍ ဖြန့်၏။ ထိုညှို့ဖြန့်သော အသံဖြင့် ကပိလဝတ်တစ်မြို့လုံးသည် မြေကြီးသို့ဝင်သော အခြင်းအရာရောက်သကဲ့သို့ ဖြစ်၏။ "ဤအသံသည် အဘယ်အသံနည်း"ဟူ၍ အချို့သောသူတို့ မေးကုန်သော် "မိုးကြိုးသော အသံတည်း"ဟု အချို့သောသူတို့ ဆိုကုန်၏။ ထိုသို့ဆိုသောအခါ၌ တပါးသော သူတို့သည်လည်း "သင်တို့ မသိကြကုန်၊ ဤအသံသည် မိုးကြိုးသံ မဟုတ်၊ အိမ်ရှေ့မင်းသည် ဗိုလ်တစ်ထောင်အားရှိသော လေးကို ခြေမဖြင့် တင်၍ ညှို့ကို ဖြန့်၏၊ ညှို့သည် လေးပျဉ်း၌ ခတ်သော အသံတည်း" ဟု ဆိုကုန်၏။

သာကီဝင်မင်းသား အပေါင်းတို့သည် ထိုသို့ လေးညှို့ကို ဖြန့်ကာမျှသော အသံဖြင့် အားရနှစ်သက်သော စိတ်သည် ဖြစ်ကုန်၏။ ထို့နောင်မှ " အဘယ်ကို ပြုရအံ့နည်း"ဟု ဘုရားလောင်းမေး၏။ "လက် ၈-သစ်အထု ထုသော သံပြားကို ပေါက်အောင် မြားဖြင့် ပစ်အပ်၏"ဟု ဆို၏။ ထိုသံပြားကို ပေါက်အောင်ပစ်၏။ ထို့နောင် လက် ၄-သစ် အထု ထုသော ပိတောက်ပျဉ်ကို ပေါက်အောင် ပစ်ရ၏။ ထို့နောင် ၁၂- လက်သစ် အထုထုသော ကြေးနီပြားကို ပေါက်အောင် ပစ်ရ၏။ ထို့နောင် ၁၂-လက်သစ် အထုထုသော ရေသဖန်း ပျဉ်ကို ပေါက်အောင် ပစ်ရ၏။ ထို့နောင် သဲလှည်း အစီး-၁၀၀ ကို အစဉ်အတိုင်း ညီစွာ ထား၍ ပေါက်အောင် ပစ်ရ၏။ ထို့နောင် ကောက်ရိုးလှည်း ၁၀၀-ကို ပေါက်အောင် ပစ်ရ၏။ ရေ၌ ၁-ဥသဘ သွားအောင် ပစ်ရ၏။ ထို့နောင်မှ "ခရမ်းသီးအမှတ်ဖြင့် သားမြီးကို ထက်ခြမ်း ကွဲအောင်ပစ်အပ်၏" ဆိုကုန်၏။

"ထိုသို့ တပြီးကား ၁-ယူဇနာ၏ အထက်၌ သားမြီးဖြင့် ခရမ်းသီးကို ဖွဲ့၍ ထားကုန်လော့"ဟု ဆို၍ ၁-ယူဇနာ ရှိသော အရပ်၏ အထက်၌ ခရမ်းသီးကို သားမြီးဖြင့် ဖွဲ့၍ ဆွဲထားပြီးသော် ညဥ့်အမိုက်တိမ်အုပ်တို့ဖြင့် အရပ်လေးမျက်နှာတို့၌ ဖုံးလွှမ်းသောအခါ ခရမ်းသီးကို အမှတ်ပြု၍ မြားဖြင့် သားမြီးကို ပစ်၏။ ထိုမြားသည် လျင်စွာသွား၍ ၁-ယူဇနာ၏ အထက်၌ သားမြီးကို ထက်ခြမ်းခွဲ၍ မြေသို့ ဝင်လေ၏။ ဤသို့ စသော ၁၂-ပါးသော အတတ်တို့ကို ပြပေ၏။ လေးအတတ်ကိုသာ မဟုတ်သေး၊ လူ့ပြည်၌ ဖြစ်ကောင်းသော အလုံးစုံသော အတတ်တို့ကို ဘုရားလောင်း ပြပေ၏။

ထိုရောအခါ သာကီဝင်မင်းအပေါင်းတို့သည် အလွန်နှစ်သက် အားရကုန်သည် ဖြစ်၍ မိမိတို့၏ အိမ်၌ရှိသော သမီးကညာ ရတနာတို့ကို တန်ဆာဆင်၍ ပို့ဆက်လာကုန်၏။ ထိုသမီးကညာတို့သည် ၄၀,၀၀၀- အရေအတွက် ရှိကုန်၏။ ထိုအလုံးစုံတို့တွင် ဖွားဘက်တော်ဖြစ်သော ဒေဝဒဟပြည်၌ ဘိုးတော်အဥ္စနမင်း၏သား **သုပ္ပဗုဒ္ဓ**နှင့် သုဒ္ဓေါဒနမင်းကြီး၏ နှမတော် **အမိတာ**ကို ထိမ်းမြားရာတွင် မြင်သော **ယသောဓရာဒေဝီ**ကို မိဖုရားကြီး မြှောက်၏။ ငယ်မည်ကား **ဘဒ္ဒကစ္စာနာ**တည်း၊ ထို ၄၀,၀၀၀-သော သမီးကညာတို့တွင် ၁၀,၀၀၀-သည် ယသောဓရာ၏ အခြံအရံ ဖြစ်၏။ ၃၀,၀၀၀-တို့မူကား ပြာသာဒ်တစ်ဆောင်, တစ်ဆောင်၌ ၁၀,၀၀၀၊ ၁၀,၀၀၀-စီ အမြဲနေရ၏။

✪✪✪✪✪✪✪✪✪✪

## ၃၉။ နိမိတ်ကြီး ၄-ပါး ထင်ခြင်း

ဘိုးတော် အဥ္စနမင်းကြီးထားသော သက္ကရာဇ် ၈၄-ခုတွင် သုဒ္ဓေါဒနမင်းကြီး အမျှုးရှိသော အလုံးစုံသော သာကီဝင်မင်း အပေါင်းတို့သည် စည်းဝေးကုန်၍ ဘုရားလောင်းအား လူ၌ ဖြစ်သော ထီးဖြူကို ဆောင်း၍ မင်း၏ အဘိသိက်ကို သွန်း၍ မင်းအဖြစ်ကို ပေး၍ ပြာသာဒ်နန်းထက် မင်္ဂလာပြုကုန်၏။ ထိုရောအခါ ဘုရားလောင်း ရှင်သိဒ္ဓတ်သည် နတ်သမီး ၁,၀၀၀- ခြံရံအပ်သော နတ်သားကဲ့သို့၎င်း အသုရာသမီး သုဇာတာ အမျှုးရှိသော နတ်သမီး ခြွေရံ သုံးကုဋေ, ခြောက်သန်းခြံရံအပ်သော သိကြားမင်းကဲ့သို့၎င်း ၄၀,၀၀၀-သော သာကီဝင်မင်းသမီး အပေါင်းတို့ဖြင့် ခြံရံလျက် ယောကျာ်းမရှိသော စည်, စောင်း ငြင်းတို့ဖြင့် အတိုင်းမသိ ကြီးမြတ်သော သိကြားမင်း၏ စည်းစိမ်ချမ်းသာနှင့်တူသော စည်းစိမ်ချမ်းသာကို စံစားလျက် ဥတုအလှည့်ဖြင့် ပြာသာဒ် ၃-ဆောင်တို့၌ အလှည့်အလည် နေတော်မူ၏။

## သူအိုနိမိတ်

ထိုရောအခါ တစ်နေ့သ၌ ဘုရားလောင်းသည် ဥယျာဉ်ကစားလိုသည် ဖြစ်၍ ရထားထိန်းကို ခေါ်၍ ဆို၏။ " အချင်း ရထားထိန်း၊ ကောင်းသော ယာဉ်တို့ကို က,လေလော့၊ ကောင်းသော ဥယျာဉ်မြေကို ရှုအံ့သောငှါ ဥယျာဉ်သို့ သွားအံ့"ဟု ဆို၏။ ရထားထိန်းလည်း " ကောင်းပြီ အရှင့်သား"ဟု ဝန်ခံ၍ ကုမုဒြာကြာဖြူအဆင်းနှင့်တူသော ၄-စီး ကုန်သော သိန္ဓောမြင်းတို့ကို ရတနာ ၇-ပါးဖြင့် ပြီးသော ရထား၌ က,၍ တဖန် ကြားလျှောက်၏။ ဘုရားလောင်းသည် နတ်၏ ဗိမာန်နှင့်တူသော ရထားထက်သို့ တက်၍ မြို့မှ ထွက်၍ ဥယျာဉ်သို့ ရှေးရှုသွားလေ၏။ ထိုရောအခါ၌ နတ်တို့သည် "ယခုအခါ သိဒ္ဓတ်ဘုရားလောင်းအား သစ္စာ ၄-ပါး တရားကို သိအံ့သောအခါ နီးပြီ၊ ပုဗ္ဗနိမိတ်ကို ဘုရားလောင်းအား ပြအံ့" ဟူ၍ တစ်ယောက်သော နတ်သားကို အိုခြင်းဖြင့် နှိပ်စက်သော ကိုယ်ရှိသော, ကျိုးသော သွားရှိသော, ဖြူသော ဆံရှိသော, အိမ်မိုးအခြင်ကဲ့သို့ ကောက်သော နံရိုးရှိသော, ကျောကုန်းသော, လက်၌စွဲသော တောင်ဝှေးရှိသော, တုန်လှုပ်လျက် သွားသော, အရွယ်လွန်ပြီးသော သူအိုအသွင် ဖန်ဆင်း၍ သိဒ္ဓတ်မင်းသားအား ပြစေ၏။

ထိုသူအိုကို ဘုရားလောင်းလည်း မြင်၏။ ရထားထိန်းလည်း မြင်၏။ မြင်ပြီး၍ ဘုရားလောင်းသည် ရထားထိန်းကို မေး၏။

"အချင်းရထားထိန်း၊ ဤသူသည် အဘယ်သို့ ပြုသနည်း၊ ဤသူ၏ ဆံသည်လည်း တပါးသော သူတို့၏ ဆံနှင့် မတူကုန်၊ ကိုယ်သည်လည်း တပါးသော သူတို့၏ ကိုယ်နှင့် မတူ၊ ဤသူသည် အဘယ်သူနည်း"ဟု မေး၏။ "အရှင်မင်းသား၊ ဤသူသည် သူအိုတည်း" ဟု လျှောက်ပေ၏။ "ယခုအခါ၌ ဤသူသည် ကြာမြင့်စွာ အသက်မရှည်လတ္တံ့"ဟု လျှောက်ပေ၏။ "အချင်းရထားထိန်း၊ အသို့နည်း၊ ငါသည်လည်း အိုတတ်သော သဘောရှိ၍ အိုခြင်းကို မလွန်မြောက်နိုင်သလော" မေးပြန်၏။ " အရှင့်သား၊ အရှင့်သားသည်ငှင်း အကျွန်ုပ်သည်ငှင်း ခပ်သိမ်းသော သူတို့သည်ငှင်း အိုတတ်သောသဘော ရှိကုန်၏။ အိုခြင်းကို မလွန်နိုင်ကုန်"ဟု လျှောက်၏။

"ထိုသို့ တပြီးကား ရထားထိန်း၊ ယခုအခါ၌ ဥယျာဉ်သို့ သွားအံ့သောငှါ မသင့်၊ ဤအရပ်မှ နန်းတော်သို့ ပြန်လော့"ဟု ပြန်စေ၏။ နန်းတော်သို့ ရောက်လျှင် ဘုရားလောင်းသည် စိတ်၏ ဆင်းရဲခြင်းရှိသည်, နှလုံးမသာသည် ဖြစ်၍ "အချင်းတို့၊ ပဋိသန္ဓေနေခြင်းသဘောသည် စက်ဆုပ်ဖွယ် ရှိစွ၊ အကြင့်ကြောင့် ပဋိသန္ဓေနေခြင်း သဘောရှိသော သူအား အိုခြင်းသဘောသည် ထင်ဘိ၏။ ထို့ကြောင့် စက်ဆုပ်ဖွယ်ရှိ၏"ဟု ဆို၍ မိုင်တွေ၏။

ထိုအခါ သုဒ္ဓေါဒနမင်းကြီးသည် ရထားထိန်းကို မေး၏။ “အချင်းရထားထိန်း၊ အသို့နည်း၊ မင်းသားသည် ဉယျာဉ်ကစားရာ၌ မွေ့လျော်၏လော၊ နှစ်လိုသော နှလုံးရှိသည် ဖြစ်၏လော” ဤသို့ မေး၏။ “အရှင်မင်းကြီး၊ သားတော်သည် ဉယျာဉ်ကစားရာ၌ မမွေ့လျော်၊ မနှစ်လိုသော နှလုံးရှိသည် ဖြစ်၏”ဟု လျှောက်၏။

“အချင်း ရထားထိန်း၊ ဉယျာဉ်ကစားအံ့သောငှါ သွားသော ငါ့သားသည် အဘယ်ကို မြင်သနည်း”ဟု မေး၏။ “အရှင်မင်းကြီး၊ သားတော်သည် သူအိုကို မြင်၏။ မြင်သောကြောင့် အချင်းရထားထိန်း၊ ဤယောကျ်ားသည် အဘယ်သို့ ပြုသနည်း၊ ဤယောကျ်ား၏ ဆံပင်သည် တပါးသော သူတို့၏ ဆံနှင့်မတူ”၊ ဤသို့ အစရှိသဖြင့် အောက်၌ ဆိုပြီးသော နည်းဖြင့် မေးလျှောက်ဆိုသော အကြောင်းကို သုဒ္ဓေါဒနမင်းကြီးအား ရထားထိန်း လျှောက်၏။ ထိုအခါ သုဒ္ဓေါဒနမင်းကြီးသည် ဤသို့ ကြံ၏။ “ငါ့သားတော်သည် မင်းအဖြစ်ကို ပြုစေသတည်း၊ တောထွက်၍ ရဟန်းမပြုစေသတည်း၊ နိမိတ်ဖတ်ကုန်သော ပုဏ္ဏားတို့ စကားသည် မမှန်ပါစေသတည်း”ဟူ၍ ထိုကြံသောအတိုင်း ဖြစ်စိမ့်သောငှါ ၅-ပါးသော ကာမဂုဏ်တို့ကို အတိုင်းထက်အလွန် ဘုရားလောင်းမင်းသားအား ရှေးရှုအနီး၌ တည်စေ၏။ သိဒ္ဓတ်မင်းသားသည် ၅-ပါးသော ကာမဂုဏ်တို့ကို စံစားသည်ဖြစ်၍ ၅-ပါးသော ကာမဂုဏ်တို့ဖြင့် ပြည့်စုံသည် ဖြစ်၍ စံစား၏။

## သူနာနိမိတ်

ထိုရောအခါ ၄-လလွန်သဖြင့် ဘုရားလောင်းသည် ရထားထိန်းကို ခေါ်၍ ဆို၏။ “ဉယျာဉ်ကစားအံ့သောငှါ သွားကုန်အံ့၊ ကောင်းသော ရထားယာဉ်တို့ကို က,လေလော့” ဟု ဆို၍ ကောင်းသော ရထားယာဉ်ထက်၌ စီး၍ ဉယျာဉ်သို့ နှင်လေသော် သုဒ္ဓါဝါသ ဗြဟ္မာတို့သည် ပြအပ်သော သည်းစွာနာသည်ဖြစ်၍ ဆင်းရဲခြင်းဖြင့် နှိပ်စက်သော, ပြင်းစွာ နာသော, မိမိကျင်ကြီး, ကျင်ငယ်၌ လူးလည်းလျက် အိပ်ရနေရသော, သူတပါးတို့သည် အိပ်ရာမှ ထစေအပ်သော, သူတပါးတို့သည် အိပ်ရာ၌ လဲစေအပ်သော သူနာကို မြင်လေ၏။ မြင်ပြီး၍ ရထားထိန်းကို မေး၏။

“အချင်းရထားထိန်း၊ ဤယောကျ်ားသည် အဘယ်ကဲ့သို့ ပြုသနည်း၊ ယောကျ်ား၏ မျက်စိတို့သည်လည်း သူတပါး၏ မျက်စိကဲ့သို့ မဟုတ်၊ အသံသည်လည်း သူတပါး၏ အသံကဲ့သို့ မဟုတ်၊ ဤသူသည် အဘယ်သို့ ပြုသနည်း”ဟု မေး၏။ “အရှင်မင်းသား၊ ဤသူသည် သူနာ မည်၏”ဟု လျှောက်၏။

"ရထားထိန်း၊ ဤသူသည် သူနာမည်သလော"ဟု မေးပြန်သော် "အရှင့်သား၊ ဤသူသည် သူနာမည်၏။ ဤသူသည် ထိုအနာမှ ထမြောက်နိုင်မည်လည်း မသိ"ဟု လျှောက်၏။ "အသို့နည်း ရထားထိန်း၊ ငါသည်လည်း နာတတ်သော သဘောရှိသလော၊ နာခြင်းသဘောကို မလွန်နိုင်ချေသလော"ဟု မေးပြန်သည်ရှိသော် "အရှင့်သား၊ အရှင့်သား သည်ငှင်း အကျွန်ုပ်သည်ငှင်း ခပ်သိမ်းသော သူတို့သည်ငှင်း နာတတ်သော သဘော ရှိကုန်၏။ နာခြင်းသဘောကို မလွန်နိုင်ချေကုန်" ဟူ၍ လျှောက်၏။

ထိုသို့ တပြီးကား ရထားထိန်း၊ ယခုအခါ၌ ဥယျာဉ်တောဖျားကစားအံ့သောငှါ သွား၍ မသင့်ပြီ၊ ဤအရပ်မှ နန်းတော်သို့ ပြန်လော့" ဟူ၍ ဆို၏။ ရထားထိန်းလည်း "သံတော်ဦးတင်ပါပြီ"ဟု စကားတုံ့ပေး၍ နန်းတော်သို့ ပြန်လေ၏။ နန်းတော်သို့ ရောက် သောအခါ၌ စိတ်၏ ဆင်းရဲခြင်းသည် ဖြစ်၍ နှလုံးမသာသည် ဖြစ်၍ "အချင်းတို့ ပဋိသန္ဓေ နေခြင်းသဘောရှိသောသူအား အိုခြင်းသည် ထင်ဘိ၏။ နာခြင်းသည် အကြင့်ကြောင့် ထင်ဘိ၏။ ထို့ကြောင့် ပဋိသန္ဓေနေခြင်းသဘောသည် စက်ဆုပ်ဖွယ်ရှိစွတကား"ဟု ဆို၍ မှိုင်တွေ၏။ ထိုအခါ ခမည်းတော်မင်းကြီးသည် ရထားထိန်းကို ခေါ်၍ "အသို့နည်း ရထားထိန်း၊ ငါ၏သားတော်သည် ဥယျာဉ်ကစားရာ၌ နှလုံးမွေ့လျော်ပါ၏လော၊ နှစ်လို ဝမ်းမြောက်ပါ၏လော"ဟု မေးတော်မူ၏။ "အရှင်မင်းကြီး၊ သားတော်သည် ဥယျာဉ်ကစား သွားရာ၌ မွေ့လျော်တော်မမူ၊ နှစ်လိုသောနှလုံး ရှိတော်မမူ၊ ဥယျာဉ်သို့ မရောက်မူ၍ ပြန်ရ၏"ဟု လျှောက်၏။ "ရထားထိန်း၊ ဥယျာဉ်သို့ သွားသော ငါ၏သားတော်သည် အဘယ် ကို မြင်သနည်း"ဟု မေး၏။ "အရှင်မင်းကြီး၊ သားတော် ဥယျာဉ်သို့ သွားသောအခါ၌ နာခြင်းဖြင့် နှိပ်စက်သည်ဖြစ်၍ ဆင်းရဲခြင်းရှိသော ပြင်းစွာနာသော မိမိကျင်ကြီး, ကျင်ငယ်၌ လူးလည်းလျက် အိပ်ရသော သူတပါးတို့သည် ထူအပ်, လှဲအပ်သော သူနာကို မြင်၏။ မြင်၍ ဤသို့ ဆို၏။ "ရထားထိန်း၊ ဤယောက်ျားသည် အဘယ်သို့ ပြုသနည်း၊ ဤယောက်ျား ၏ မျက်စိသည် သူတပါး၏ မျက်စိနှင့် မတူ" ဤသို့ စသည်ဖြင့် အောက်၌ ဆိုပြီးသည် အတိုင်း စက်ဆုပ်ဖွယ်ရှိစွ ဆို၍ မှိုင်တွေ၍ နေသည်တိုင်အောင် အကြောင်းကို လျှောက်၏။

ထိုအခါ သုဒ္ဓေါဒနမင်းကြီးသည် ဤသို့ ကြံတော်မူ၏၊ "ငါ၏သားတော်သည် မင်း၏ အဖြစ်ကို ပြုပါစေသတည်း၊ နိမိတ်ဖတ်ကုန်သော ပုဏ္ဏားတို့၏ စကားသည် မမှန်ပါစေ သတည်း"ဟု ကြံပြီး၍ ထိုအခါ အကြင်အခြင်းဖြင့် သိဒ္ဓတ်မင်းသားသည် မင်းအဖြစ်ကို ပြုရာ၏။ အိမ်မှ ထွက်၍ ကျောင်း၌လည်း ရဟန်းမပြုရာ၊ ပုဏ္ဏားတို့၏ စကားသည် မှား သည် ဖြစ်ရာ၏။ ထိုအခြင်းဖြင့် သုဒ္ဓေါဒနမင်းကြီးသည် သားတော်အလောင်းမင်းသားအား အတိုင်းထက်အလွန် ကခြင်း, သီခြင်းအစရှိသော ၅-ပါးသော ကာမဂုဏ်တို့ကို အနီး၌

ထားပေ၏။ ထိုအခါ၌ ဘုရားလောင်းရှင်သိဒ္ဓတ်သည် ကာမဂုဏ် ၅-ပါးတို့ဖြင့် ပြည့်စုံသည် ဖြစ်၍ စံစား၏။

## သူသေနိမိတ်

ထို့နောက် ၄-လမြောက်သောအခါ၌ ဥယျာဉ်ကစားအံ့သောငှါသွားသော ဘုရားလောင်းသည် ရှေးနည်းအတူ သုဒ္ဓါဝါသဗြဟ္မာတို့ ပြုအပ်သော များစွာသော သူအပေါင်းတို့သည် စည်းဝေးလျက် အထူးထူးသော အဆင်းဖြင့် တပ်ကုန်သော ပုဆိုးတို့ဖြင့် ဗိတာန်ကြက်သည်ကို မြင်သဖြင့် ရထားထိန်းကို မေး၏။

"အချင်း ရထားထိန်း၊ ထိုလူများ အပေါင်းသည် အဘယ့်ကြောင့် စည်းဝေးကြကုန်သနည်း၊ အထူးထူးသော အဆင်းဖြင့် တပ်သော ပုဆိုးတို့ဖြင့် အဘယ့်ကြောင့် ဗိတာန်မိုးကြက်သည်ကို ပြုသနည်း"ဟု မေး၏။ "အရှင်မင်းသား၊ ဤသူသည်ကား သူသေဟူသည်၏" ဟု လျှောက်၏။ ထိုသို့ သူသေဟူတပြီးကား "အချင်းရထားထိန်း၊ အကြင်အရပ်၌ သူသေရှိ၏။ ထိုအရပ်သို့ နှင်လော့"ဟုဆို၏၊ ရထားထိန်းလည်း "ကောင်းပြီ အရှင့်သား"ဟု ဝန်ခံ၍ သူသေရှိရာအရပ်သို့ ရထားကို နှင်လေ၏၊ ဘုရားလောင်းမင်းသားသည် သူသေကို မြင်၍ ရထားထိန်းကို မေး၏။ "အချင်းရထားထိန်း၊ ဤသူသည် သူသေပင်လော"ဟု မေး၏။ "အရှင်မင်းသား၊ ဤသူသည် သူသေမည်၏၊ ယခုအခါ၌ ထိုသူကို အမိသည်ရင်း အဘသည်ရင်း အမိ, အဖမှ တပါးသော အဆွေသားချင်းတို့သည်ရင်း မရှုလာကုန်ပြီ၊ ထိုသူသေသည်လည်း အမိ, အဖ, အဆွေအမျိုးတို့ကို မရှုနိုင်ပြီ"ဟူ၍ လျှောက်၏။

"အသို့နည်း ရထားထိန်း၊ ငါသည်လည်း သေတတ်သော သဘောရှိသလော၊ ငါသည်လည်း သေခြင်းသဘောကို မလွန်နိုင်ချေသလော၊ ငါ့ကိုလည်း ခမည်းတော် မင်းကြီးသည်ရင်း ယသောဓရာ မိဖုရားသည်ရင်း တပါးသော အဆွေအမျိုးတို့သည်ရင်း မရှုလာကုန်ပြီလော၊ ငါသည်လည်း ခမည်းတော်မင်းကြီးကိုရင်း ဗိမ္ဗာမိဖုရားကိုရင်း တပါးသော အဆွေအမျိုးတို့ကိုရင်း မကြည့်နိုင်လတ္တံ့ပြီလော"ဟူ၍ မေးပြန်၏။ "အရှင့်သား၊ အရှင့်သားသည်ရင်း အကျွန်ုပ်သည်ရင်း အလုံးစုံသော သူတို့သည်ရင်း သေတတ်သော သဘောရှိကုန်၏၊ သေခြင်းသဘောကို မလွန်နိုင်ချေကုန်၊ အရှင့်သားကို ခမည်းတော်မင်းကြီး, မိဖုရားယသောဓရာ, တပါးသော အဆွေအမျိုးတို့သ ည် မကြည့်လာကုန်ပြီ၊ ခမည်းတော်ကိုရင်း ဗိမ္ဗာမိဖုရားကိုရင်း တပါးသော အဆွေအမျိုးတို့ကိုရင်း အရှင့်သားသည်လည်း မကြည့်နိုင်လတ္တံ့"ဟူ၍ လျှောက်၏။

"ထိုသို့ တပြီကား ရထားထိန်း၊ ဥယျာဉ်သို့ သွားအံ့သောငှါ မသင့်ပြီ၊ ဤအရပ်မှ နန်းတော်သို့သာ ပြန်ပေတော့"ဟု ဆို၍ နန်းတော်သို့ ပြန်ရလေ၏။ နန်းတော်သို့ ရောက်လေသော် မင်းသားသည် ဆင်းရဲသော စိတ်ရှိသည်ဖြစ်၍ နှလုံးတော်မသာသည်နှင့် "အချင်းတို့၊ ပဋိသန္ဓေနေခြင်းရှိသောသူအား အကြင့်ကြောင့် အိုခြင်းသည် ထင်ဘိ၏၊ နာခြင်းသည် ထင်ဘိ၏၊ သေခြင်းသည် ထင်ဘိ၏၊ ထို့ကြောင့် ပဋိသန္ဓေနေခြင်းသဘောသည် စက်ဆုပ်ဖွယ်ရှိစွတကား"ဟု မှိုင်တွေ၏။ ထိုအခါ၌ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးသည် ရထားထိန်းကို ခေါ်၍ "အချင်းရထားထိန်း၊ ငါ၏သားတော်သည် ဥယျာဉ်ကစားသွားရာ၌ မွေ့လျော်ပျော်ပါးပါ၏လော၊ နှစ်လိုဝမ်းမြောက်ပါ၏လော"ဟု မေးတော်မူသည်ရှိသော် "အရှင်မင်းကြီး၊ သားတော် အလောင်းမင်းသားသည် ဥယျာဉ်ကစားသွားရာ၌ မမွေ့လျော်၊ မပျော်ပါးပါ၊ နှလုံးမသာသည်ဖြစ်၍ ပြန်ရ၏"ဟု လျှောက်၏။

"ရထားထိန်း၊ ငါ၏သားတော်သည် ဥယျာဉ်ကို သွားရာ၌ အဘယ်ကို မြင်သနည်း" ဟု မေးတော်မူ၏။ "အရှင်မင်းကြီး၊ ဥယျာဉ်သို့သွားသော သားတော်အလောင်းမြတ်သည် နတ်တို့ပြုအပ်သည် ဖြစ်၍ များစွာသော လူအပေါင်းတို့သည် စည်းဝေးလျက် အထူးထူးသော အဆင်းဖြင့် ဆိုးအပ်သော ပုဆိုးတို့ဖြင့် ဖိတာန်မိုးကြက်နေသည်ကို မြင်၍ 'ရထားထိန်း၊ ဤများစွာသော လူအပေါင်းသည် စည်းဝေးလျက် အထူးထူးသော အဆင်းရှိသော ပုဆိုးတို့ဖြင့် အဘယ့်ကြောင့် ဖိတာန်မိုးကြက်သနည်း'ဟူ၍ မေးတော်မူ၏"၊ ဤသို့ စသည်ဖြင့် အောက်၌ ဆိုပြီးသည်အတိုင်း "စက်ဆုပ်ဖွယ် ရှိစွတကား"ဟု မှိုင်တွေ၍ နေသည် တိုင်အောင်မေး၍ လျှောက်ဆိုရသော အကြောင်းကို သုဒ္ဓေါဒနမင်းကြီးအား ရထားထိန်း ကြားလျှောက်၏။

ထိုအခါ မင်းကြီးအား "ငါ၏သားသည် မင်း၏အဖြစ်ကို ပြုပါစေသတည်း၊ တောထွက်၍ ရဟန်း မပြုပါစေသတည်း၊ နိမိတ်ဖတ်ကုန်သော ပုဏ္ဏားတို့၏ စကားသည် မှားသည် ဖြစ်ပါစေသတည်း"ဟု ကြံ၍ အကြင်သို့သော အကြောင်းဖြင့် ပျော်ပါး၍ မင်းသားသည် မင်းအဖြစ်ကို ပြုရာ၏။ အိမ်မှ ပြောင်း၍ ကျောင်း၌ ရဟန်းမပြုရာ၊ ပုဏ္ဏားတို့စကားမှားသည် စင်စစ်ဖြစ်ရာ၏။ ထိုအကြောင်းဖြင့် မွေ့လျော်ပျော်ပါးစိမ့်သောငှါ အတိုင်းထက်အလွန် ကခြင်း, သီခြင်း အစရှိသော ကာမဂုဏ် ၅-ပါးတို့ကို အနီး၌ ထားပေ၏။ ထိုရောအခါ အလောင်းတော်သိဒ္ဓတ်မင်းသားသည် ၅-ပါးသော ကာမဂုဏ်တို့ဖြင့် ပြည့်စုံ သည် ဖြစ်၍ စံတော်မူပြန်၏။

## ရဟန်းနိမိတ်

ထို့နောက် ၄-လမြောက်သောအခါ ဝါဆိုလပြည့်နေ့၌ ရထားထိန်းကို ခေါ်၍ ဆို၏။ "အချင်းရထားထိန်း၊ ကောင်းမြတ်သော ယာဉ်ကို က,ချေလော့၊ ဉယျာဉ်သို့ သွားအံ့"ဟု ဆိုတော်မူသဖြင့် ရထားထိန်းလည်း "ကောင်းပြီ"ဝန်ခံ၍ ကုမုဒြာကြာ အဆင်းနှင့်တူသော မြင်းဖြူ ၄-စီးတို့ကို ရွေး၍ ရထား၌ က,၍ "အလောင်းမင်းသား၊ ရထားကို အကျွန်ုပ် က,အပ်ပြီ၊ ဉယျာဉ်ကစား သွားအံ့သောအခါကို သိတော်မူလော့"ဟု ကြားလျှောက်၏။ ထိုရောအခါ ဘုရားလောင်းမင်းသားသည် ပြာသာဒ်မှ သက်၍ ရထားစီးပြီးလျှင် ဉယျာဉ်သို့ သွားတော်မူလေ၏၊ ထိုအခါ သုဒ္ဓါဝါသပြဟ္မာမင်းသည် ပြအပ်သော ဦးခေါင်းပြည်းသော ဖန်ရည်ဆိုးသော သင်္ကန်းကို ဝတ်သော ရဟန်းကို မြင်လေ၏။ ထိုရဟန်းကိုလည်း အလောင်းမင်းသားနှင့် ရထားထိန်းသာလျှင် မြင်ကုန်သတည်း၊ မြင်တော်မူ၍ အလောင်းမင်းသားသည် ရထားထိန်းကို မေး၏။

"အချင်းရထားထိန်း၊ ဤသူသည်ကား အဘယ်ကဲ့သို့ ပြုသနည်း၊ ဤသူ၏ ဦးခေါင်းသည်လည်း သူတပါးတို့၏ ဦးခေါင်းနှင့်မတူ၊ ဤသူ၏ အဝတ်သည်လည်း သူတပါးတို့၏ အဝတ်နှင့် မတူ၊ ဤသူသည် အဘယ်သူပေနည်း"ဟု မေးတော်မူ၏။ ထိုအခါ၌ ဘုရားဖြစ်တော်မူသောအခါ မဟုတ်ဖြစ်၍ ရထားထိန်းသည် ရဟန်းကိုလည်း မမြင်စဖူး၊ ရဟန်း၏ ကျေးဇူးအထူးကိုလည်း မသိဘဲလျက် နတ်တို့၏ အာနုဘော်အားဖြင့် "အရှင့်သား၊ ဤသူသည် ရဟန်းမည်၏၊ တရားကို ကျင့်ခြင်းသည် ကောင်း၏၊ ကောင်းစွာကျင့်ခြင်းသည် ကောင်း၏၊ ကုသိုလ်ကို ပြုခြင်းသည် ကောင်း၏။ ကောင်းမှုကို ပြုခြင်းသည် ကောင်း၏၊ သတ္တဝါတို့ကို မညှဉ်းဆဲခြင်းသည် ကောင်း၏၊ ခပ်သိမ်းသော သတ္တဝါတို့ကို သနားခြင်းသည် ကောင်း၏"ဟူ၍ ရဟန်းအဖြစ်ကိုငင်း ရဟန်း၏ ကျေးဇူးကိုငင်း ရထားထိန်း ကြားလျှောက်လေ၏။

"အချင်းရထားထိန်း၊ ထိုရဟန်းသည် ကောင်းလှ၏၊ တရားကျင့်ခြင်းသည် ကောင်းလှ၏၊ (လ)ခပ်သိမ်းသော သတ္တဝါတို့အား သနားခြင်းသည် ကောင်းလှ၏၊ ထို့ကြောင့်ရကား ရထားထိန်း၊ အကြောင်းကို စုံစမ်းမေးမြန်းပါရစေဦး၊ ထိုရဟန်းသည် အကြင်အရပ်၌ ရှိ၏၊ ထိုအရပ်သို့ ရထားကို နှင်ပါဦး"ဟု မိန့်တော်မူသဖြင့် ရထားထိန်းလည်း ဦးထိပ်ထက် လက်တင်လျက် "အရှင့်သား၊ ကောင်းပြီ"ဟု ဝန်ခံ၍ ရဟန်းရှိရာ အရပ်သို့ ရထားကို နှင်လေ၍ တွေ့ပြီးသော် အလောင်းမင်း မေးတော်မူ၏။

"ရှင်ရဟန်း၊ သင်သည် အဘယ်ကဲ့သို့ ပြုအပ်သနည်း၊ သင်၏ ဦးခေါင်းသည်လည်း သူတပါးတို့၏ ဦးခေါင်းနှင့် မတူ၊ သင်၏ အဝတ်သည်လည်း သူတပါးတို့၏ အဝတ်နှင့် မတူပါတကား၊ သင်သည် အဘယ်သူပေနည်း"ဟု မေးတော်မူသည် ရှိသော် "အရှင့်သား၊ ငါသည် ရဟန်းမည်၏"ဟု လျှောက်၏၊ "အချင်းရဟန်း၊ သင်သည် ရဟန်းလော"ဟု မေးတော်မူပြန်၏။

"အရှင့်မင်းသား၊ ငါသည် ရဟန်းမည်၏၊ တရားကို ကျင့်ခြင်းသည် ကောင်းလှ၏၊ (လ) ခပ်သိမ်းသော သတ္တဝါအပေါင်းတို့အား သနားခြင်းသည် ကောင်းလှ၏"ဟု အလောင်းမင်းသားအား ကြားလျှောက်၏။

"အချင်းရဟန်း၊ သင်၏ ရဟန်းအဖြစ်မည်သည် ကောင်းပေ၏၊ တရားကို ကျင့်ခြင်းသည် ကောင်းပေ၏၊ ကုသိုလ်ကောင်းမှု ပြုခြင်းသည် ကောင်းပေ၏၊ သူတပါးတို့အား မညှဉ်းဆဲခြင်းသည် ကောင်းပေ၏၊ ခပ်သိမ်းသော သတ္တဝါတို့အား သနားခြင်းသည် ကောင်းလှပေ၏"ဟု မိန့်တော်မူ၍ "ဤရဟန်းကဲ့သို့ ငါလည်း စင်စစ်ရဟန်းပြုတော့အံ့"ဟု စိတ်ကို မြဲစွာ ဆောက်တည်ပိုင်းခြားထားတော်မူ၍ "ရထားထိန်း၊ ဥယျာဉ်တောဖျားသို့ ရထားရောက်အောင် နှင်လော့"ဟု မိန့်တော်မူသဖြင့် ဥယျာဉ်သို့ ရထားကို နှင်လေ၏၊ ထိုဥယျာဉ်၌ များစွာသော စည်, စောင်းငြင်း, သီချင်း, အဲအံ ကခြေသည်တို့ဖြင့် နေ့အဖို့ပတ်လုံး ကစား၍ ဥယျာဉ်၏ အရသာကို ခံစားပြီး၍ ညချမ်းသောအခါ၌ မင်္ဂလာရှိသော ရေကန်၌ ရေချိုးပြီး၍ မင်္ဂလာရှိသော ကျောက်ဖျာအပြင်၌ ထိုင်၍ ကိုယ်တော်ကို တန်ဆာဆင်ယင်ခြင်းငှါ အလိုရှိတော်မူသည် ဖြစ်၏။

✪✪✪✪✪✪✪✪✪✪✪

## ၄၀။ သိကြားမင်း တန်ဆာဆင်စေခြင်း

ထိုရောအခါ၌ ထိုအလောင်းမင်းသား၏ အလုပ်အကျွေးတို့သည် အထူးထူးသော အဆင်းရှိကုန်သော အထူးထူးအပြားပြားကုန်သော တန်ဆာအထူးတို့ကိုရင်း ပန်း, နံ့သာ, နံ့သာပျောင်းတို့ကိုရင်း ယူကုန်၍ ထက်ဝန်းကျင်မှ ခြံရံကုန်လျက် ရပ်ကုန်၏။ ထိုခဏ၌ သိကြားမင်း၏ နေရာသည် ပူသော အခြင်းအရာကို ပြ၏၊ သိကြားမင်းသည် "အဘယ်သူသည် ငါ့ကို ဤနေရာမှ ရွေ့စေလိုသနည်း"ဟူ၍ ဆင်ခြင်သည်ရှိသော် ဘုရားအလောင်းသည် ကိုယ်တော်ကို တန်ဆာဆင်ယင်ခြင်းငှါ အလိုတော်ရှိသောအဖြစ်ကို သိ၍ ဝိသုကြုံ နတ်သား

ကို ခေါ်၍ "အချင်းဝိသုကြံနတ်သား၊ ဘုရားအလောင်းတော် သိဒ္ဓတ်မင်းသားသည် ကိုယ်တော်ကို တန်ဆာဆင်ယင်လို၏၊ ယောကျ်ားမြတ်သည် ယနေ့သန်းခေါင်ယံ၌ တောထွက်တော်မူလတ္တံ့ ဤယခုအခါ တန်ဆာဆင်ယင်ရခြင်းသည် ထိုယောကျ်ားမြတ်အား အဆုံးစွန်သော တန်ဆာဆင်ယင်ခြင်းတည်း၊ သင်နတ်သားသည် ဥယျာဉ်သို့ သွား၍ ယောကျ်ားမြတ်အား နတ်၏ တန်ဆာဆင်ယင်ခြင်းကို ဆင်ယင်ချေလော့"ဟု စေ၏။ ဝိသုကြံနတ်သားသည် "ကောင်းပြီ"ဟု ဝန်ခံ၍ နတ်၏ အာနုဘော်အားဖြင့် တစ်ခဏချင်း မင်းသား၏ အထံသို့ ကပ်လေ၍ အလောင်းမင်းသား၏ ဆတ္တာသည်အသွင် တူစွာပြု၍ ဆတ္တာသည်၏လက်မှ ဦးရစ်ပုဆိုးကို ယူ၍ ဘုရားလောင်း၏ ဦးခေါင်းတော်ကို ရစ်၏၊ ထိုခဏ၌ ဘုရားအလောင်းသည် လက်၏ အတွေ့ဖြင့် "ဤတန်ဆာဆင်သော သူကား လူမဟုတ်သည်သာလျှင်တည်း"ဟု သိတော်မူ၏။

ဦးခေါင်းတော်ကို ရစ်ကာမျှ၌ ဥဿျောင်တော်၌ ပတ္တမြားရတနာ၏ အခြင်းအရာဖြင့် ဦးရစ်ပုဆိုး ၁,၀၀၀-တက်၏။ တဖန် ရစ်ပြန်သော် ဘုရားအလောင်းအား ပုဆိုး ၁,၀၀၀-တက်၏။ ဤကဲ့သို့ ၁၀-ကြိမ်ရစ်သဖြင့် ၁၀,၀၀၀-သော နတ်ဦးရစ်ပုဆိုးတို့သည် တက်ကုန်၏။ 'ဦးခေါင်းတော်သည် အငယ်ဖြစ်လျက် အဘယ်ကြောင့် များစွာကုန်သော ဦးရစ်ပုဆိုး ၁၀,၀၀၀-တို့သည် တက်လေကုန်သနည်း'ဟု မကြံအပ်၊ ထိုပုဆိုးတို့တွင် အလုံးစုံထက် ကြီးသော ဦးရစ်ပုဆိုးသည် သာလမကပန်းပွင့် ပမာဏရှိ၏။ ကြွင်းသော ပုဆိုးတို့သည် ကုသုမ္ဘကပန်းပွင့် ပမာဏရှိကုန်၏။ ဘုရားအလောင်း၏ ဦးခေါင်းတော်သည် ပွင့်ချပ်ဖြင့် ရံအပ်သော ဝတ်မှုံရှိသော ပန်းကဲ့သို့ ဖြစ်၏။

ထိုအခါ၌ ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်ယင်အပ်ပြီးသော ဘုရားအလောင်းမင်းသားအား ခပ်သိမ်းသော မောင်း, ကြေးနင်းတို့သည် မိမိတို့၏ အသံတို့ကို ပြအပ်ကုန်သည်ရှိသော် အဘိသိက်မင်္ဂလာမြှောက် သော ပုဏ္ဏားတို့သည် ဇယတု တုဋ္ဌနန္ဒာ အစရှိသော စကားတို့ဖြင့် အောင်ဆုဘိသိက် မြှောက်ကုန်သည်ရှိသော် ကောင်းသော နိမိတ်မင်္ဂလာ ပြုတတ်သော သူတို့သည် ကောင်းချီး ပေးသော အသံတို့ဖြင့် ချီးမြှောက်ကုန်သည်ရှိသော် ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်ယင်အပ်သော ရထားထက်သို့ ဘုရားအလောင်း တက်တော်မူလေ၏။

✪✪✪✪✪✪✪✪✪✪✪

## ၄၁။ သားတော်ရာဟုလာကို ဖွားမြင်တော်မူခြင်း

ထိုအခါ 'ယသောဓရာမိဖုရား သားတော်ဖွားသည်'ဟု ကြား၍ သုဒ္ဓေါဒနမင်းကြီးသည် "ငါ၏ သားတော်အား နှစ်လိုဝမ်းသာ ရှိစိမ့်သောငှါ လျှောက်ချေ"ဟု စေတော်မူသော သတင်းစကားလျှောက်စာကို ဆက်လာ၏။ ထိုစကားကို ကြားတော်မူ၍ "သားဖွားခြင်းသည် ငါ့အား အနှောင်အဖွဲ့ ဖြစ်ခဲ့၏။ လကို ရာဟုဖမ်းသကဲ့သို့ ဖြစ်ခဲ့၏"ဟု ဆိုတော်မူ၏။ တမန်တို့ ပြန်သောအခါ၌ သုဒ္ဓေါဒနမင်းကြီးသည် "ငါ၏ သားတော် အဘယ်သို့ ဆိုသနည်း" ဟု မေး၍ ထိုအကြောင်းကို ကြားလျှင် "ယနေ့မှစ၍ ငါ၏မြေးကို ရာဟုလာ အမည်တွင်စေ"ဟု မိန့်တော်မူ၏။ ဘုရားလောင်းသည်လည်း ဥယျာဉ်မှထွက်၍ ရထားစီးပြီးလျှင် အတိုင်းမသိ များမြတ်သော ဒေခြံအရံတို့ဖြင့် အလွန်နှလုံးမွေ့လျော်ဖွယ်ရှိသော အသရေ၏ တင့်တယ်ခြင်းဖြင့် မြို့သို့ ဝင်လေ၏။ ထိုအခါ၌ ဘထွေးတော် သုက္ကောဒနသာကီဝင်၏ သမီးတော်ဖြစ်သော **ကိသာဂေါတမီ**သည် မြို့ကို လက်ယာရစ်လည်သော ဘုရားလောင်းမင်းသား၏ အဆင်း၏ တင့်တယ်ခြင်းကို မြင်၍ နှစ်လိုဝမ်းမြောက်ခြင်း ဖြစ်သဖြင့်-

**နိဗ္ဗုတာ နူန သာ မာတာ၊ နိဗ္ဗုတော နူန သော ပိတာ။**

**နိဗ္ဗုတာ နူန သာ နာရီ၊ ယဿာ'ယံ ဤဒိသော ပတိ**

ဟူသော ဂါထာဖြင့် ဥဒါန်းကျူး၍ "အကြင်အမိအား ဤရှင်သိဒ္ဓတ်မင်းကဲ့သို့ သဘောရှိသော သားသည် ရှိ၏။ ထိုအမိသည် နှလုံးငြိမ်းပေစွတကား၊ အကြင်အဘအား ဤရှင်သိဒ္ဓတ်မင်းကဲ့သို့သော သားသည် ရှိ၏၊ ထိုအဘသည် နှလုံးငြိမ်းပေစွတကား၊ အကြင် မိန်းမအား ဤရှင်သိဒ္ဓမင်းသားကဲ့သို့ သဘောရှိသော လင်သည်ရှိ၏၊ ထိုမိန်းမသည် နှလုံးငြိမ်းထိုက်ပေစွတကား"ဟု ဝမ်းမြောက်သော စကားကို ဆို၏။ ထိုစကားကို ကြား၍ ဘုရားလောင်း ကြံတော်မူ၏။ "ငါကဲ့သို့ ကိုယ်အဖြစ်ကို မြင်သော အမိ, အဖ, မယားတို့အား နှလုံးသည် ငြိမ်း၏၊ နှလုံးငြိမ်းသည်ရှိသော် ငြိမ်းခြင်းမည်သည် ရှိ၏"၊ ဤသို့ ကြံတော်မူ၏၊ ထိုအခါ ကိလေသာကာမတို့၌ တပ်ခြင်းကင်းသော စိတ်တော်ရှိသော ဘုရားလောင်းအား ဤသို့သော အကြံသည် ဖြစ်၏။

"ရာဂတည်းဟူသော မီးငြိမ်းသည်ရှိသော် ငါ့အား ငြိမ်းသည် မည်၏၊ ဒေါသတည်းဟူသော မီးငြိမ်းသည်ရှိသော် ငါ့အား ငြိမ်းသည် မည်၏၊ မောဟတည်းဟူသော မီးငြိမ်းသည်ရှိသော် ငါ့အား ငြိမ်းသည် မည်၏၊ ဒိဋ္ဌိ, မာနအစရှိသော ကိလေသာတည်းဟူသော မီးငြိမ်းသည်ရှိသော် ငါ့အား နိဗ္ဗာန်မည်၏"-

ဟု ကြံပြီး၍ "ငါသည်လည်း နိဗ္ဗာန်ကို အလိုရှိ၏၊ ဤကိသာဂေါတမီသည် ကောင်းသော နိမိတ်မင်္ဂလာရှိသော နိဗ္ဗုတာပုဒ်ကို ငါ့အား ကြားပေ၏။ ငါသည် ယနေ့ပင်လျှင် အိမ်ရာထောင်ခြင်းကို မပြုဘဲ တောထွက်၍ ရဟန်းပြုပြီးလျှင် နိဗ္ဗာန်ကို ရှာအံ့၊ ဤငါ၏ လည်၌ စွပ်သောပုလဲသွယ်ကို ဤကိသာဂေါတမီအား ဆရာစားအဖို့ ဖြစ်စေ"ဟု လည်တော်မှ ချွတ်၍ အဖိုးတစ်သိန်းထိုက်သော ပုလဲသွယ်ကို နှမတော် ကိသာဂေါတမီအား ပေးလေစေ၏။

ထိုကိသာဂေါတမီသည်လည်း "ဤသိဒ္ဓတ်မင်းသားသည် ငါ၌တပ်သော စိတ်သည် ဖြစ်၍ ဤပုလဲသွယ်ကို ပဏ္ဏာပြုလျက် ပို့လာစေ၏"ဟု နှလုံးသွင်း၍ နှစ်လိုဝမ်းသာစွာ ဖြစ်၏၊ ဘုရားလောင်းသည်လည်း များမြတ်သော အသရေ၏ တင့်တယ်ခြင်းဖြင့် နန်းတွင်းသို့ ဝင်၍, ပြာသာဒ်ထက်သို့ တက်၍, ကောင်းမြတ်သော အမြိန်အရသာရှိသော ခဲဖွယ်ဘောဇဉ်တို့ကို စားပြီး၍, ကျက်သရေတိုက်သို့ ဝင်၍, အသရေရှိသော အိပ်ရာထက်၌ အိပ်၍နေ၏၊

ထိုအခါ ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်ကုန်သော ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့၌ သင်အပ်ပြီးသော အတတ်ရှိကုန်သော နတ်သမီးတို့ကဲ့သို့ အဆင်းအရောင်၏ တင့်တယ်ခြင်းဖြင့် လွန်မြတ်သော အဖြစ်သို့ ရောက်ကုန်သော မောင်းမတို့သည် သာယာစွာ မြည်တတ်ကုန်သော အထူးထူးသော စည်, စောင်းငြင်း, ခွက်ခွင်း, လက်ချပ်အစရှိသည်တို့ကို ယူကုန်၍ ဘုရားလောင်းမင်းသား၏ အနီး၌ ခြံရံကုန်၍ ဘုရားလောင်းကို ကာမဂုဏ်၌ မွေ့လျော် ပျော်ပါးစိမ့်သောငှါ ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့ကို ယှဉ်ကုန်၏။

✪✪✪✪✪✪✪✪✪✪

## ၄၂။ ဘုရားလောင်း တောထွက်တော်မူခြင်း

### သံဝေဂယူတော်မူခြင်း

ဘုရားလောင်းသည် ကာမဂုဏ်တို့၌ တပ်ခြင်းကင်းသည်၏ အဖြစ်ကြောင့် ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့၌ မမွေ့လျော်သည်ဖြစ်၍ တမုဟုတ်မျှဖြင့် အိပ်ပျော်ခြင်းသို့ ရောက်၏။ ထိုမိန်းမတို့သည်လည်း "ငါတို့သည် အကြင်မင်းသားအလို့ငှါသာ ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့ကို ပြုကုန်၏၊ ထိုမင်းသားသည် အိပ်ပျော်ခြင်းသို့ ရောက်လေပြီ၊ ယခုအခါ အဘယ်သူ၏ အကျိုးငှါ ငါတို့ အပင်အပန်းခံတော့အံ့နည်း"ဟု မိမိတို့

လွယ်ပိုက်သော စည်, စောင်းငြင်း, ဘဏ္ဍာတို့ကို ဖိ၍ အိပ်လေကုန်၏၊ နံ့သာဆီဖြင့် ညှိအပ်သော ဆီမီးသည်သာလျှင် ထွန်းလင်း၏။ ဘုရားအလောင်း မင်းသားသည် နိုးတော်မူ၍ အိပ်ရာ၌ ထက်ဝယ်ဖွဲ့၍ နေတော်မူသဖြင့် စည်, စောင်းငြင်း, ဘဏ္ဍာတို့ကို ဖိ၍ အိပ်ကုန်သော မိန်းမတို့ကို မြင်တော်မူ၏။

အချို့သော မိန်းမတို့သည် ခံတွင်းမှ ယိုသော အရိအရည်ဖြင့် စိုစွတ်သော ပါးနား ရှိကုန်၏၊ အချို့တို့သည် သွားဖြင့် သွားတို့ကို ကြိတ်ကုန်၏၊ အချို့သော မိန်းမတို့သည် ကျီးမြည်သကဲ့သို့ ဟောက်လျက် အိပ်ကုန်၏၊ အချို့သော မိန်းမတို့သည် ယောင်ယမ်း ကုန်၏၊ အချို့တို့သည် ခံတွင်း ဟင်းလင်းဖွင့်၍ အိပ်ကုန်၏၊ အချို့သော မိန်းမတို့ကား- အဝတ်အစား ဟင်းလင်းပွင့်လစ်ကုန်သည် ဖြစ်၍ မိမိတို့ ဖုံးဝှက်အပ်သော သုက်သွေးယိုရာ အရပ်တို့သည် ပေါ်ကုန်၏၊ ထိုမိန်းမတို့၏ ဤသို့ ဖောက်ပြန်သော အခြင်းအရာကို ဘုရား အလောင်းမြင်၍ အတိုင်းထက်အလွန် ကာမဂုဏ်တို့၌ တပ်ခြင်းကင်းသော စိတ်ရှိသည် ဖြစ်၍ တန်ဆာဆင်ခြင်းနှင့် စပ်သော, သိကြားမင်း၏ မွေ့လျော်ပျော်ဖွယ်ရာ ဝေဇယန္တာ ပြာသာဒ်နန်းမနှင့် တူသော, သာယာစွာသော နန်းတော်အပြင်သည် အထူးထူး အပြားပြား သော သူကောင်ပုပ်တို့ဖြင့် ပြည့်သော သုသာန်, သချိုင်းအရပ်ကဲ့သို့ ဘုရားအလောင်း မင်းသားအား ထင်တော်မူ၏၊ ဘဝ ၃-ပါးတို့သည် ရဲရဲပြောင်ပြောင် လောင်သော မီးကဲ့သို့ ထင်ကုန်၏။

## ကဏ္ဍကမြင်းကို က,စေတော်မူခြင်း

ထို့ကြောင့် "အချင်းတို့၊ လောကသည် နှိပ်စက်စွတကား၊ လောကသည် စက်ဆုပ် ဖွယ်ရှိစွတကား"ဟု ဥဒါန်းကျူးတော်မူလျက် အတိုင်းထက်အလွန် ရဟန်းပြုခြင်း၌ စိတ်တော်ညွတ်၏၊ ထိုဘုရားအလောင်းသည် "ယခုပင်လျှင် ငါသည် မြတ်သော တောထွက်ခြင်းကို ထွက်အံ့"ဟူ၍ စက်ရာတော်မှ ထ၍ တံခါး၏အနီးသို့ သွား၍ တံခါးခုံကို ဦးခေါင်းဆိုက်၍ အိပ်သော ကျွန်တော်ရင်း ဆန္နကို တွေ့တော်မူ၍ "ဤအရပ်၌ အဘယ် သူနည်း"ဟူ၍ မေးတော်မူသော် "အရှင့်သား၊ အကျွန်ုပ်သည် ဆန္နတည်း"ဟု လျှောက်၏၊ ဆန္နကို ထစေ၍ "ငါသည် ယခုအခါ၌ မြတ်သောတောထွက်ခြင်းကို ထွက်လို၏၊ တစ်စုံတစ်ယောက်သောသူ မသိစေမူ၍ ငါ့အား လျင်သော ခွန်အားနှင့်ပြည့်စုံသော မြင်းတစ်စီးကို မြဲမြံစွာ က,၍ ဆောင်ချေလော့"ဟု စေတော်မူ၏၊ ကျွန်တော်ရင်း ဆန္နလည်း "အရှင့်သား၊ ကောင်းပြီ"ဟု ဝန်ခံ၍ မြင်းကြိုး, မြင်းကတန်ဆာကို ယူ၍ မြင်းတင်းကုပ်သို့ သွား၍ ဆီမီးနံ့သာတို့ဖြင့် ထွန်းလင်းကုန်လျက် မြတ်လေးပန်းပုဆိုးဖြင့်

ကြက်သော ဗိတာန်၏ အောက်၌ မွေ့လျော်ဖွယ်ရှိသော မြေအဖို့၌ တည်သော ကဏ္ဍကမြင်းကို က,အံ့ သောင့်၊ အပ်၏-ဟု ထိုကဏ္ဍကမြင်းကို က,၏။

ထိုကဏ္ဍကမြင်းသည် က,စဉ်၌ပင် သိ၏၊ "ဤ က,ခြင်းသည် အလွန်ကြပ်တည်းမြဲမြံလှ၏၊ တပါးသောနေ့တို့၌ ဥယျာဉ်ကစားသွားသောအခါ စသည်တို့၌ က,ခြင်းနှင့် မတူ၊ ငါ၏ အရှင့်သားသည် မြတ်သော တောထွက်ခြင်းကို ထွက်တော်မူလိုသည် ဖြစ်လတ္တံ့"ဟု သိ၏၊ ထိုသို့သိသောကြောင့် နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ ပြင်းစွာသော ဟီသံဖြင့် ဟီသံပေး၏၊ ထိုအသံသည် အလုံးစုံသော ကပိလဝတ်ပြည်ကို နှံ့၍ သွားရာ၏၊ နတ်တို့သည် ထိုအသံကို ကောင်းစွာချုပ်၍ တစ်စုံတစ်ယောက်သောသူအား ကြားစေခြင်းငှါ မပေး၊ ဘုရားအလောင်းသည်လည်း ဆန်ကို မြင်း က,ချေ စေလိုက်၍"ရှေးဦးစွာ ငါ၏သားချစ်ကို ကြည့်ဦးအံ့"ဟု ကြံတော်မူ၍ နေရာတော်မှ ထလျက် ရာဟုလာ၏ မယ်တော် ယသောရော အိပ်ရာတိုက်ခန်းသို့ သွား၍ တံခါးကို ဖွင့်တော်မူ၏၊ ထိုခဏ တိုက်ခန်းတွင်း၌ နံ့သာဆီမီးသည် ထွန်း၏၊ ရာဟုလာ၏ မယ်တော်သည်လည်း မြတ်လေး, ကြက်ရုံး အစရှိသော ပန်းတို့ဖြင့် တစ်တင်းမျှလောက် ကြဲသော စက်ရာထက်ဝယ် သားအပေါ်၌ လက်ယာလက်ကို တင်၍ စက်ပျော်နေ၏။

ဘုရားအလောင်းသည် တံခါးခုံ၌ ခြေတော်ကို ထား၍ ရပ်တော်မူလျက် ကြည့်သော် သားတော်ကို ပိုက်၍ စက်ပျော်သော မိဖုရားကို မြင်သဖြင့် "အကယ်၍ ငါသည် ယသော်ဓရာ၏ လက်ကို ရှားဖယ်၍ ငါ၏သားကို ယူချေအံ့၊ မိဖုရားသည် နိုးလတ္တံ့၊ ဤသို့ နိုးသည်ရှိသော် ငါ့အား တောထွက်ခြင်း၏ အန္တရာယ်သည် ဖြစ်လတ္တံ့၊ ထို့ကြောင့် ငါသည် ဘုရားဖြစ်ပြီး၍သာလျှင် ငါ၏ သားတော်ကို ရှုမြင်တော့အံ့၊ ငါ၏သားတော်ထက် ဘုရားဖြစ်ခြင်းကို ချစ်အပ်သေး၏"ဟု ကြံတော်မူ၍ သားတော်၌ ချစ်ခြင်းအားကြီးသော အဖြစ်ကိုရင်း တောထွက်ခြင်း၌ အကျိုးဆက်ကိုရင်း မှတ်တော်မူ၍ တံခါးမှ ခြေတော်ကို ရုပ်၍ ဆုတ်တော်မူခဲ့ပြီးလျှင် ပြာသာဒ်ထက်မှ သက်တော်မူ၍ မြင်း၏ အနီးသို့ သွား၍ ဤသို့ ဆိုတော်မူ၏၊ "ချစ်သား ကဏ္ဍက၊ ငါ့ကို ယနေ့တစ်ညဉ့်မျှ သင်သည် ဆောင်ပါလော့၊ သင့်ကို မှီ၍ ငါသည် ဘုရားဖြစ်၍ နတ်နှင့်တကွသော လူကို ကယ်ချွတ်ပါရလတ္တံ့"ဟူ၍ ဆို၏။

### တောထွက်တော်မူခြင်း

ထိုသို့ ဆိုပြီးမှ ကဏ္ဍကမြင်း၏ ကျောက်ကုန်းထက်သို့ တက်တော်မူ၏၊ ကဏ္ဍကမြင်းသည် လည်မှ အမြီးဖျားတိုင်အောင် မဋ္ဌိမပုရိသတို့၏ ၁၈-တောင်ရှိ၏၊ ထိုအလျားနှင့်

လျှောက်ပတ်အောင် အရပ်မြင့်၏၊ အစွမ်းလျှင်ခြင်း ခွန်အားနှင့် ပြည့်စုံ၏၊ ကိုယ်လုံးဖြူ၏၊ ပွတ်သစ်သော ခရုသင်းနှင့် တူ၏၊ အကယ်၍ ကဏ္ဍကမြင်းသည် ဝမ်းမြောက်သည်ဖြစ်၍ ပြင်းစွာ ဟီငြားအံ့၊ ခွါသံခေါက်ခေါက် မြည်ငြားအံ့၊ ကပိလဝတ်မြို့ တစ်မြို့လုံးကို လွှမ်းမိုးရာ၏၊ ထို့ကြောင့် နတ်တို့သည် မိမိတို့၏ အာနုဘော်ဖြင့် တစ်စုံတစ်ယောက်သောသူအား မကြားစိမ့်သောငှါ ဟီသော အသံကို ကောင်းစွာချုပ်၍ ကဏ္ဍကမြင်း နင်းတိုင်း, နင်းတိုင်းသော လက်, ခြေတို့၌ မိမိတို့၏ လက်ဝါးဖြင့် ခံပေကုန်၏။

ဘုရားလောင်းသည် ကဏ္ဍကမြင်း၏ ကျောက်၌ စီး၍ မြင်းမြီး၌ ငဆန်ကို ဆွဲစေလျက် ညဥ့်သန်းခေါင်အခါ၌ နန်းတော်မှ ထွက်၍ နှင်လေသော် မြို့တံခါးမသို့ ရောက်လေ၏၊ ထိုအခါ သုဒ္ဓေါဒနမင်းကြီးသည် "ဤသို့ ဘုရားလောင်းသည် အကြောင်းအမှတ်မဲ့ တစ်ပါးပါးသောအခါ၌ ထွက်၍ သွားသည်ရှိသော် မြို့တံခါးကို ဖွင့်ခြင်းငှါ မတတ်နိုင်စေသတည်း"ဟု တံခါးရွက် ၂-ခုတို့တွင် တစ်ခုတစ်ခုကို ယောကျ်ား ၁,၀၀၀- ဖွင့်အပ်သည်နှင့် ယှဉ်သည်ကို ပြုစေ၏၊ တံခါးစောင့်လည်း များစွာထား၏၊ ဘုရားလောင်းသည် အစွမ်းခွန်အားနှင့် ပြည့်စုံတော်မူ၏၊ ဆင်အရေအတွက်အားဖြင့် ကာဠာဝကဆင် ကုဋေ ၁,၀၀၀- တို့၏ အားကို ဆောင်နိုင်၏၊ ယောကျ်ား အရေအတွက်ဖြင့် ကုဋေတစ်သိန်းတို့၏ အားကို ဆောင်နိုင်၏။

တံခါး၏ အနီးသို့ရောက်လျှင် ဘုရားအလောင်း ကြံတော်မူ၏၊ "အကယ်၍ တံခါးသည် မပွင့်အံ့၊ မြင်း၏ ကျောက်၌ နေလျက် မြင်းမြီးကို ဆွဲသော ငဆန်နှင့်တကွ မြင်းကို ကြပ်ကြပ်ပေါင်ဖြင့် ညှပ်၍ ၁၈-တောင် အစောက်ရှိသော မြို့တံတိုင်းကို ငါခုန်၍ ထွက်အံ့" ဟု ကြံတော်မူ၏၊

ငဆန်လည်း ကြံ၏၊ "အကယ်၍ တံခါးသည် မပွင့်အံ့၊ အရှင့်သားကို မြင်း၏ ကျောက်ကုန်းထက်၌ နေစေ၍ မြင်းကို လက်ကတီးကြား၌ ညှပ်၍ ၁၈-တောင် မြင့်သော တံတိုင်းကို ခုန်၍ ထွက်အံ့"ဟု ကြံ၏၊

မြင်းသည်လည်း ဤသို့ ကြံ၏၊ "အကယ်၍ တံခါးမပွင့်ခဲ့အံ့၊ အရှင့်သားကို ကျောက်ကုန်း၌ နေမြဲတိုင်း ချမ်းသာစွာ နေစေ၍ အမြီး၌ ဆွဲ၍ လိုက်သော ငဆန်နှင့်တကွ မြို့တံတိုင်းကို ငါခုန်၍ ထွက်အံ့"ဟု ကြံ၏၊

အကယ်၍ တံခါး မပွင့်အံ့၊ အကြောင်းအခြင်းဖြင့် ကြံမြဲတိုင်းလျှင် ထို ၃-ယောက်တို့တွင် တစ်ယောက်ယောက်သည် အကြံကို ပြည့်စုံစေရာ၏၊ တံခါး၌ စောင့်သော နတ်တို့သည် တံခါးကို ပွင့်စေ၏။

## ဘုရားလောင်းကို မာရ်နတ်တားခြင်း

ထိုအခါ၌ ဝသဝတ္တီမာရ်နတ်မင်းသည် ဘုရားလောင်းကို "နန်းသို့ ပြန်စေအံ့"ဟု လာလတ်၍ ကောင်းကင်၌ ရပ်၍ ဤသို့ ဆို၏၊ "သိဒ္ဓတ်မင်းသား၊ သင် တောမထွက်လင့်၊ ယနေ့မှ ၇-ရက်မြောက်သောနေ့၌ သင့်အား စကြာရတနာသည် ထင်ရှားဖြစ်လတ္တံ့၊ ကျွန်းငယ် ၂,၀၀၀-အရံရှိသော ကျွန်းကြီး ၄-ကျွန်းကို အစိုးရသော စကြဝတေးမင်း၏ အဖြစ်ကို သင်ရလတ္တံ့၊ ရွှေ, ငွေ, ဥစ္စာဖြင့် အလိုရှိသော သင့်အား ဥစ္စာဖြင့် ငါ ကံကျွေးပြုအံ့၊ သင် တောမထွက်နှင့်၊ ပြန်ဦးလော့"ဟူ၍ ဆို၏၊ ဘုရားလောင်းလည်း "သင် အဘယ်သူနည်း"ဟု မေးတော်မူ၏။ "ငါ ဝသဝတ္တီမာရ်နတ်တည်း"ဟု ဆို၏၊ 'မာရ်နတ်မင်း၊ ငါ့အား စကြာရတနာရောက်လတ္တံ့သော အဖြစ်ကို ငါသိ၏၊ ငါသည် မင်းအဖြစ်ကို အလိုမရှိ၊ ၁၀,၀၀၀-သော စကြာဝဠာတိုက်တို့ကို ပဲ့တင်ထပ်စေလျက် ငါသည် ဘုရားဖြစ်လတ္တံ့"ဟူ၍ ဆို၏၊ ထိုအခါ မာရ်နတ်သည် "အကယ်၍ သင် မပြန်အံ့၊ ယခုအခါ၌ ဤယနေ့မှ စ၍ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသဝိတက်တို့ကို ကြံသည်ရှိသော် သင်၏ ဦးခေါင်းကို ဤသန်လျက်ဖြင့် ဖြတ်အံ့"ဟု ယုတ်သော အခြင်းအရာကို ကြည့်လျက် အရိပ်ကဲ့သို့ အစဉ်လိုက်၏။

ဘုရားလောင်းသည် ဖွားတော်မူသည်မှ ၂၉-နှစ်ပြည့်သောအခါ၌ လက်သို့ ရောက်ပြီးသော စကြာဝတေးမင်း၏ စည်းစိမ်ချမ်းသာကို တံတွေးပေါက်ကဲ့သို့ မှတ်လျက် ငဲ့ကွက်ခြင်း မရှိသဖြင့် စွန့်တော်မူ၍ ဘိုးတော် အဥ္စနမင်းကြီး ထားတော်မူသော သက္ကရာဇ် ၉၇-ခု၊ ဝါဆိုလပြည့်၊ တနင်္လာနေ့၊ ညဥ့်သန်းခေါင်အချိန်တွင် ဥတ္တရာသဠ်နက္ခတ်နှင့် ယှဉ်လျက် စကြဝတေးမင်း၏ နန်းတော်နှင့်တူသော ရွှေနန်းမှ သက်၍ မြို့မှ ထွက်တော်မူ၏၊ များစွာသော နတ်အပေါင်းတို့သည် ပူဇော်သက္ကာရပြုသဖြင့် မြို့မှ ထွက်တော်မူပြီး၍ ကပိလဝတ်ပြည်ကို လည်၍ ကြည့်တော်မူလိုသော အကြံသည် ဖြစ်၏၊ ထိုအကြံဖြစ်သည်၏ အခြားမဲ့၌သာလျှင် ယောကျ်ားမြတ်သည် ပြည်ကို လည်၍ ကြည့်အပ်သော ကိစ္စသည် မရှိ-ဟု ဆိုသကဲ့သို့ မြေကြီးသည် အိုးထိန်းစက်ကဲ့သို့ ဖြစ်၍ လည်၏၊ ထိုအရပ်၌ ယောကျ်ားမြတ်သည် တည်မြဲတိုင်းဖြင့်လျှင် ကပိလဝတ်ပြည်ကို မြင်တော်မူပြီး၍ ထိုအရပ်တွင် ကဏ္ဍကမြင်းပြန်သော ခြေရာကို ပြခဲ့၍ များစွာသော နတ်တို့၏ ပူဇော်သက္ကာရဖြင့် အသရေ၏ တင့်တယ်ခြင်းသို့ ရောက်သဖြင့် သွားအပ်သော ခရီးသို့ ရှေးရှုပြု၍ ကဏ္ဍကမြင်းကို တောသို့ နှင်တော်မူလေ၏။

[ ဤမျှသော စကားအစဉ်သည်ကား အတိုင်းမသိသော အဆောင်အရွက်တို့ဖြင့် ကြီးပြင်းတော်မူခြင်း, ရွှေနန်းတော် သုံးဆောင်ဆောက်၍ အလောင်းတော်မင်းသား၏ အတတ်ကို ပြခြင်း, ယသောဓရာ အမှူးရှိသော ၄၀,၀၀၀-ကုန်သော သာကီဝင် မင်းသမီးအပေါင်းတို့နှင့်တကွ စည်းစိမ်ခံစားခြင်း, ဥယျာဉ်ကစားသွားရာ နိမိတ် ၄-ပါးကို မြင်ခြင်း, သားတော်ရာဟုလာ ဖွားသည့်ညဉ့်တွင် သန်းခေါင်အခါ၌ အလောင်းမင်းသား၏ တောထွက်တော်မူသော အခြင်းအရာတို့ကိုဆိုသော စကားအစဉ်တည်း။]

✪✪✪✪✪✪✪✪✪✪✪

## ၄၃။ အနောမာမြစ်၌ ဆံတော်ပယ်ခြင်း

ထိုသို့ ကဏ္ဍကမြင်း ပြန်သော ခြေရာကို ပြ၍ များစွာသော နတ်တို့ ပူဇော်သက္ကာရဖြင့် အတိုင်းမသိသော အသရေ၏ တင့်တယ်ခြင်းဖြင့် တောသို့ ရှေးရှုနှင်လေသောအခါ၌ အလောင်းမင်းသား၏ ရှေ့တော်မှ ၆၀,၀၀၀-သော မီးရှူးတို့ကို နတ်တို့ ထွန်းညှိကုန်၏၊ နောက်တော်မှလည်း မီးရှူး ၆၀,၀၀၀, လက်ယာမှလည်း မီးရှူး ၆၀,၀၀၀, လက်ဝဲမှလည်း မီးရှူး ၆၀,၀၀၀-တို့ကို ထွန်းညှိ၍ လိုက်ကုန်၏။

တပါးသော နတ်တို့သည်ငှင်း နဂါး, ဂဠုန်အစရှိသော သူတို့သည်ငှင်း နတ်၌ဖြစ်ကုန်သော ပန်း, နံ့သာ, အခိုးအထုံ, အမှုန့်တို့ဖြင့် ပူဇော်၍ လိုက်ကုန်၏၊ တာဝတိံသာ၌ ပွင့်သော ပင်လယ်ကသစ်ပန်း, ထင်ရှားပန်းတို့ဖြင့် ပူဇော်၍ လိုက်ကုန်၏၊ တခဲနက် မိုးရွာသောကာလ၌ မိုးရည် အလျဉ်ဖြင့် ကောင်းကင်သည် အခြားမဲ့ဖြစ်သကဲ့သို့ နတ်တို့ ပူဇော်သော ပန်း, နံ့သာ, အခိုးအထုံ, အမှုန့်, ထီး, တံခွန်တို့ဖြင့် အခြားမရှိ၊ တစပ်တည်းဖြစ်၏၊ နတ်၌ ဖြစ်သော ကခြင်း, သီခြင်းတို့သည် ဖြစ်ကုန်၏၊ ထက်ဝန်းကျင်မှ ၆-သန်း, ၈-သိန်းသော စည်, စောင်းငြင်းတို့သည် တီးမှုတ်ကုန်၏၊ ထိုစည်, စောင်းငြင်းတို့၏ အသံသည် သမုဒ္ဒရာအဝှမ်း၌ မိုးကြိုးသော အသံကဲ့သို့ငှင်း ယုဂန္ဓိုရ်တောင်အဝှမ်း၌ သမုဒ္ဒရာလှိုင်းတံပိုး အသံကဲ့သို့ငှင်း ဖြစ်၏၊ ဤသို့သော အသရေ၏ တင့်တယ်ခြင်းဖြင့် ခြံရံလျက်သွားသော ဘုရားလောင်းသည် တစ်ညဉ့်တည်းမျှဖြင့် ၃-ပြည်ထောင်ကို လွန်၍ ယူဇနာ ၃၀-ရှိသော ခရီးအထက်၌ **အနောမာမြစ်**နားသို့ ရောက်တော်မူလေ၏။

ထိုကဏ္ဍကမြင်းသည် ညဉ့်တစ်ပိုင်းတွင် 'ဤမျှသာ သွားနိုင်လေသလော, သည်ထက်အလွန် မသွားနိုင်ပြီလော'ဟု ဟူငြားအံ့၊ မသွားနိုင်သည် မဟုတ်၊ သွားနိုင်၏၊

ထိုကဏ္ဍကမြင်းသည် တစ်ခုသော စကြဝဠာတိုက်ကို ပုံတောင်း အချက်၌ ထားသော လှည်းဘီးစက်၏ အကွပ်ဝမ်းကိုကဲ့သို့ စကြဝဠာတံတိုင်း ဝန်းအစွန်းဖြင့် နင်းလှည့်သွား၍ နံနက်စာ မစားမီ မိမိအဖို့ စီရင်အပ်သော အစာကို စားခြင်းငှါ စွမ်းနိုင်၏၊ ထိုအခါ၌မူကား နတ်, နဂါး, ဂဠုန်အစရှိသော သူတို့သည် ကောင်းကင်၌ ရပ်၍ လွှတ်အပ်ကုန်သော ပန်း, နံ့သာအစရှိသည်တို့ဖြင့် ပေါင်အရပ်တိုင်အောင် ဖုံးလွှမ်းသော ကိုယ်ကို ငင်၍ ပန်း, နံ့သာ အခွေအပိုင်းကို ဖြတ်၍ သွားရသဖြင့် ကြာမြင့်သည် ဖြစ်၏၊ ထို့ကြောင့် သန်းခေါင်မှ လင်းသည်တိုင်အောင် ယူဇနာ ၃၀-မျှ သွား၏၊ ထိုအနောမာမြစ်သို့ ရောက်သောအခါ အနောမာမြစ်နား၌ ရပ်တော်မူ၍ ဘုရားလောင်းသည် ငဆန်ကို မေး၏။

"အမောင်ငဆန်၊ ဤမြစ်သည်ကား အဘယ်အမည်ရှိသနည်း"ဟု မေး၏၊ "အရှင့်သား၊ ဤမြစ်သည် အနောမာမည်၏"ဟု လျှောက်၏၊ "အမောင်ငဆန်၊ ဤအလိုကား ငါတို့အား ရဟန်း၏ အဖြစ်သည် မယုတ်မာသည် ဖြစ်လတ္တံ့"ဟု နိမိတ်ဖတ်တော်မူ၍ ဖနောင့်ဖြင့် မြင်းခတောင်ကို ခတ်၍ မြင်းအား အမှတ်ပေး၏၊ မြင်းသည် ခုန်၍ ၈-ဥသဘ အပြောကျယ်သော မြစ်၏ ထိုမှာဘက်ကမ်း၌ တည်လေ၏၊ ဘုရားလောင်းသည် မြင်း၏ ကျောက်ကုန်းမှ ဆင်း၍ ငွေပြားအဆင်းနှင့်တူသော သဲအစုထက်၌ ရပ်၍ အမတ်ငဆန်ကို ခေါ်တော်မူ၍ "အမောင်ငဆန်၊ သင်သည် ငါ၏ တန်ဆာတို့ကိုရင်း ကဏ္ဍကမြင်းကိုရင်း ယူ၍ ပြန်ပါလေ၊ ငါသည် ဤအရပ်တွင် ရဟန်းပြုရစ်အံ့"ဟူ၍ မိန့်တော်မူလေ၏၊ ငဆန်လည်း "အကျွန်ုပ်လည်း အရှင့်သားနှင့်အတူ ရဟန်းပြုပါအံ့"ဟု လျှောက်၏။

ဘုရားလောင်းကလည်း "ငဆန်၊ သင်သည် ရဟန်းပြုခြင်းငှါ မရအပ်"ဟု မိန့်တော်မူသော်လည်း ငဆန် အထပ်ထပ်လျှောက်သဖြင့် "သင်သည် သွားလေအပ်သည်သာလျှင်တည်း"ဟု ၃-ကြိမ်စေ့အောင် မြစ်တော်မူ၍ တန်ဆာတို့ကိုရင်း မြင်းကိုရင်း ငဆန်အား ဝန်ခံစေ၍ "ငါ၏ ဆံပင်တို့သည် ရဟန်းအား လျှောက်ပတ်သည် မဖြစ်ကုန်"ဟု ကြံတော်မူ၏၊ ဘုရားလောင်း၏ ဦးခေါင်း၌ ဆံကိုလည်း သူတပါးသည် ရိတ်ဖြတ်ခြင်းငှါ မထိုက်သည်သာ ဖြစ်၏၊ ထို့နောင် "ငါ၏ ဆံကို ငါပင် ဖြတ်အံ့"ဟု ကြံတော်မူ၍ လက်ယာလက်ဖြင့် သန်လျက်ကို ကိုင်၍ လက်ဝဲလက်ဖြင့် ဦးသျှောင်တော်နှင့်တကွ ဆံကျင်ကို ကိုင်၍ ဖြတ်တော်မူ၏၊ ဆံတော်တို့သည် မတို, မရှည် လက် ၂-သစ်မျှ ဖြစ်ကုန်၍ လက်ယာရစ်လည်ကုန်လျက် ဦးခေါင်းတော်၌ ငြိကုန်၏၊ ထိုဆံတော်တို့အား အသက်ရှည်သမျှကာလ ပတ်လုံး ထိုအနောမာမြစ်နား၌ ဖြတ်ထားသော လက် ၂-သစ်ပမာဏသည်သာ ဖြစ်၏၊ မုတ်ဆိတ်တော်သည်လည်း ထိုဆံနှင့် လျှောက်ပတ်စွာ ဖြစ်၏၊ တဖန် မုတ်ဆိတ်တို့ကို ရိတ်ဖြတ်ရသော မည်သည် မဖြစ်။

## ၄၄။ စူဠာမဏိပုထိုး တည်ခြင်း

ဘုရားလောင်းသည် ဦးသျှောင်နှင့်တကွ ဆံကျင်ကို ကိုင်၍ "အကယ်၍ ငါသည် ဘုရားဖြစ်ပါလတ္တံ့၊ ဤဆံတို့သည် ကောင်းကင်၌ တည်စေကုန်သတည်း၊ အကယ်၍ ဘုရား မဖြစ်လတ္တံ့၊ မြေ၌ ကျစေကုန်သတည်း"ဟု ဓိဋ္ဌာန်တော်မူ၍ ကောင်းကင်သို့ ပစ်မြှောက်တော်မူ၏၊ ထိုပတ္တမြား ဦးသျှောင်ကျင် ဦးရစ်သည် ၁-ယူဇနာမျှသော အရပ်သို့ တက်၍ ကောင်းကင်၌ ပန်းဆိုင်းဆွဲသကဲ့သို့ တည်လေ၏၊ သိကြားမင်းသည် နတ်၏ မျက်စိဖြင့် မြင်၍ ၁-ယူဇနာမျှသော ရတနာပန်းတောင်းဖြင့် ခံ၍ တာဝတိံသာနတ်ပြည်၌ ထိုဆံတော် ဦးရစ်ကို ဌာပနာပြု၍ ၇-ယူဇနာ အစောက်မြင့်သော **စူဠာမဏိစေတီ** တည်၍ ကိုးကွယ်လေ၏။

✪✪✪✪✪✪✪✪✪✪

## ၄၅။ ယင်္ဒိကာရပြဟ္မာမင်း ဒုဿစေတီတည်ခြင်း

ဆံတော်ကို ဖြတ်ပြီး၍ ဘုရားလောင်းသည် ကြံတော်မူပြန်၏၊ "ဤအဖိုးများစွာ ထိုက်သော ပုဆိုးတို့သည် ငါ့အား ရဟန်း၏ အဖြစ်၌ မလျောက်ပတ်ခဲ့ကုန်" ဤသို့ ကြံတော်မူသောအခါ၌ ကဿပဘုရားဖြစ်တော်မူသောအခါ၌ ဘုရားလောင်း၏ အဆွေခင်ပွန်း ဟောင်း **ယင်္ဒိကာရ** ပြဟ္မာကြီးသည် ဘုရားတစ်ဆူအကြားပတ်လုံး ကွေကွင်းခြင်းသို့ ရောက်သော အဆွေခင်ပွန်း၏ အဖြစ်ဖြင့် အလွန်လေးမြတ်သော စိတ်ရှိသည်ဖြစ်၍ ကြံ၏၊ "ယခုအခါ၌ ငါ၏ အဆွေခင်ပွန်းသည် မြတ်သော တောထွက်ခြင်းဖြင့် တောထွက်၏၊ ငါသည် ရဟန်းအား လျောက်ပတ်သော ပရိက္ခရာတို့ကို ထိုအဆွေခင်ပွန်းအား လှူအံ့"ဟု ကြံ၍-

**တိစီဝရဥ္စ ပတ္တော စ၊ ဝါသိ သူစိ စ ဗန္ဓနံ။**

**ပရိဿာဝနေန အဋ္ဌေတေ၊ ယုတ္တာ ယောဂိဿ ဘိက္ခုနော -**

ဟူသော ဂါထာနှင့်အညီ သင်္ကန်း ၃-ထည်, သပိတ်, ပဲခွပ်, အပ်, ခါးပန်း, ရေစစ်၊ ဤ ၈-ပါးသော ပရိက္ခရာတို့ကို ဆောင်ခဲ့၍လှူ၏။

ထိုအခါ၌ ဘုရားလောင်းသည် "ထိုပရိက္ခရာတို့ကိုယူ၍ သင်းပိုင်ကို ဤသို့ဝတ်အပ်၏။ ဤသို့ ရုံအပ်၏။"ဟု ဆုံးမသွန်သင်တတ်သော ဆရာမရှိသော်လည်း ရှေးဘုရားတို့၏ အထံ၌ ရဟန်းပြု၍ လေ့ကျက်ခဲ့ဖူးသောကြောင့်ငှင်း ပညာတော်ကြီးမြတ်သည်၏အဖြစ်ကြောင့်ငှင်း သင်းပိုင်ကို အထက်မှ ချက်ကိုဖုံးလွှမ်းလျက် အောက်မှ ပုဆစ်ဒူး၏အောက်၌ လက် ၈-သစ်မျှ အနားကျစေလျက် အနားပတ်လည်လှည့်၍ ညီညွတ်စွာ ကပ်ကျေးနှင့် ရည့်သကဲ့သို့ အထက်အောက် အဝန်းညီညွတ်စွာ ဝတ်တော်မူပြီးသော် သင်းပိုင်၏အထက်၌ ခါးပန်းဆီး၍ သင်္ကန်းတစ်ထည်ကို အောက်မှ သင်းပိုင်နားအထက်သို့ လက် ၄-သစ်တက်စေ၍ ပခုံးတစ်ဘက်ကို ခြုံရုံလျက် ဒုကုဋ္ဌ်ကို လက်ဝဲပခုံး၌တင်လျက် သပိတ်ကို အိတ်ဖြင့် လက်ျာပခုံး၌ လွယ်၍ ရဟန်း၏အသွင်ကို ယူပြီးမှ ဝတ်တော်မူခဲ့သည့် ပုဆိုးကို လက်ဖြင့် ကိုင်၍ "ငါတည်း ဘုရားစင်စစ် ဖြစ်ရလတ္တံ့။ ဤပုဆိုးသည် ကောင်းကင်၌ တည်စေသတည်း။ ဘုရား မဖြစ်လတ္တံ့။ မြေ၌ ကျစေသတည်း"ဟု မိန့်ဒွာန်တော်မူ၍ ကောင်းကင်သို့ ပစ်မြှောက်လိုက်၏။ ထိုပုဆိုးကို ဗြဟ္မာကြီးယူ၍ ဗြဟ္မာပြည်၌ ၁၂-ယူဇနာရှိသော ဒုဿစေတီ တည်၍ ကိုးကွယ်လေ၏။

✪✪✪✪✪✪✪✪✪✪✪

## ၄၆။ ကဏ္ဍကမြင်း နတ်သားဖြစ်ခြင်း

ဤသို့ ဘုရားအလောင်းသည် ရဟန်းပြုတော်မူပြီး၍ သံဝရသီလကို ဆောက်တည်ခြင်းကို ပြုလျက် "အမတ်ဆန်၊ ငါ၏စကားဖြင့် ငါ၏မိဘတို့အား အနာမရှိသော အဖြစ်ကို ပြောဆိုပါလေ"ဟု မှာတော်မူ၍ "သွားလေတော့ ဆန်"ဟု လွှတ်လိုက်၏။ ထို့နောင်မှ ဆန်သည်လည်း ဘုရားလောင်းကို ရှိခိုး၍ လက်ျာရစ်လှည့်လည်၍ ဖဲလေ၏။ ကဏ္ဍကမြင်းသည် ဆန်နှင့်ပြောဆိုတော်မူသော ဘုရားလောင်း၏ စကားကိုကြား၍ ယခုအခါ၌ "ငါ့အား အရှင့်သားကို ဖူးမြင်ရခြင်းမည်သည် မရှိပြီ"ဟု ဝမ်းကွဲလေသော နှလုံးနာ ဖြစ်လေ၍ ဘုရားလောင်းမျက်စိအမြင်ကို လွန်သောအခါ၌ စိုးရိမ်ခြင်းကို သည်းမခံနိုင်သည်ဖြစ်၍ စုတေလေသော် တာဝတိံသာနတ်ပြည်၌ ကဏ္ဍကနတ်သား ဖြစ်လေ၏။

ဆန်အားလည်း ရှေးဦးစွာ အရှင်နှင့်ကွဲသောကြောင့် စိုးရိမ်ခြင်းတစ်ခုသည် ဖြစ်၏။ တစ်ဖန် ကဏ္ဍကမြင်းသေပြန်ခြင်းကြောင့် ထိုဆန်အား ၂-ခုမြောက်သော စိုးရိမ်ခြင်း

နှိပ်စက်ပြန်သည်ဖြစ်လျက် ထိုဆန်သည် ကြီးစွာဆင်းရဲသော နှလုံးဖြင့် ငိုမြည်တမ်းလျက် ပြန်ရလေ၏။

✪✪✪✪✪✪✪✪✪✪✪

## ၄၇။ ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်ခြင်း

ဘုရားအလောင်းသည် ထိုတောထွက်သောညဉ့် မိုးလင်းသည်ရှိသော် ရဟန်းပြု၍ ထိုအရပ်၌ မလ္လာမင်းတို့၏နေရာ **အနုပိယနိဂုံး**၏ အနီးဖြစ်သော အနုပိယအမည်ရှိသော သရက်တောသည်ရှိ၏။ ထိုသရက်တော၌ ဆွမ်းအစာအာဟာရကို မမှီဝဲမူ၍ ၇-ရက်ပတ်လုံး ရဟန်း၏ ချမ်းသာကိုသာ ခံစား၍ နေတော်မူ၏။

ဝါဆိုလပြည်ကျော်၊ ၈-ရက်နေ့ နံနက်မိုးသောက်ထ အခါ၌ ဘုရားအလောင်းသည် ထိုအနုပိယသရက်တောမှ ဆည်းဆာရောင်ဖြင့် ဆိုးအပ်သော မိုးရည်အလျဉ်ဖြင့် ခြံရံအပ်သော တန်ဆောင်မုန်းရက်၌ လမင်းကဲ့သို့ ဖန်ရည်စွန်းသောသင်္ကန်းဖြင့် ဖုံးလွှမ်းအပ်သော ကိုယ်တော်ရှိသည်ဖြစ်၍ တစ်ယောက်တည်းဖြင့်လျှင်လည်း များစွာသော လူအပေါင်းတို့ဖြင့် ခြံရံသကဲ့သို့ ထင်တော်မူလျက် တောတောင်အရပ်၌ နေကုန်သော သားငှက်အပေါင်းတို့၏ မျက်စိအရသာကို ပြုတော်မူလျက် တစ်စီးတည်းသွားသော ခြင်္သေ့မင်းကဲ့သို့၎င်း အမုန်ဖြင့် ယစ်သော ဆဒ္ဒန်ဆင်မင်း၏ တင့်တယ်စံပယ်လျက် သွားခြင်းကဲ့သို့၎င်း ခြေတော်ဖြင့် သာလျှင် ယူဇနာ ၃၀-ရှိသော ခရီးကို တစ်နံနက်ခင်းဖြင့် ကြွတော်မူ၍ တက်သောတံပိုး ရှိသော **တရင်္ဂဏီ, အသင်္ဂဏီ**ကို ကူး၍ ရာဇဂြိုဟ်ပြည်သို့ အရှေ့မင်္ဂလာတံခါးဖြင့် ဝင်တော်မူ၍ အိမ်စဉ်အတိုင်း ဆွမ်းခံအပ်သောငှာ ကြွတော်မူလေ၏။

အလုံးစုံသော ထိုရာဇဂြိုဟ်ပြည်သူတို့သည် ဘုရားလောင်း၏ အဆင်းတော်ကို မြင်သဖြင့် ဓနပါလဆင် ဝင်သောမြို့ကဲ့သို့ အသူရိန်ရာဟုဝင်သော တာဝတိံသာနတ်ပြည်ကဲ့သို့ ချောက်ချားခြင်းသို့ ရောက်၏။

ဘုရားအလောင်းဆွမ်းခံဝင်သည်ရှိသော် မြို့၌နေသော လူတို့သည် ဘုရားလောင်း၏ အဆင်းတော်ကိုမြင်သဖြင့် ပြင်းစွာဖြစ်သော နှစ်လိုဝမ်းမြောက်ခြင်း ရှိကုန်သည်ဖြစ်၍ ထိတ်လန့်၏။ ဘုရားအလောင်း၏ အဆင်းတော်ကိုမြင်သဖြင့် ချမ်းမြေ့သောနှလုံးရှိကုန်သည် ဖြစ်ကုန်၏။ ထိုသူအပေါင်းတို့တွင် တစ်ယောက်သောသူသည် တစ်ယောက်သော သူကို ဤသို့ ဆို၏။ "အို အချင်း၊ အသို့နည်း ရာဟုအသူရိန်ကို ကြောက်သောကြောင့်

လျှို့ဝှက်သော ရောင်ခြည်ကွန်ယက်ရှိသော လမင်းသည် လူ့ရွာသို့ လာသလော”ဟုဆို၏။ ထိုသူကို တပါးသောသူသည် ဤသို့ဆို၏။ “အို အချင်း၊ သင်သည် အဘယ်ကဲ့သို့ ဆိုသနည်း။ ဘယ်အခါ၌ သင်သည် လူ့ရွာသို့ လမင်းလာသည်ကို မြင်ဖူးသနည်း”ဟု ဆို၍ “အချင်း၊ ဤသူသည် ဝတ်ပန်းမှုန်ကင်းရှိသော နဂါးနတ်တည်း။ ဝေဿဝဏ္ဏရာကိုယူ၍ ငါတို့မင်းကြီး၏ ဝင်း ပြည်သူတို့၏ဝင်း အလွန် ကစားခြင်းကို မြင်စေ၍ ကစားလိုသဖြင့် လာ၏”ဟု ဆို၏။

ထိုသူကို တပါးသောသူတို့သည် ပြုံးခြင်းကို ပြု၍ “အို အချင်း၊ သင်သည်ကား ရူးရှာသလော။ နဂါးမင်းသည် အစိုးရခြင်းနှင့် ယှဉ်၏။ များသော ရွှင်ခြင်းဖြင့် ကြီးသော ကိုယ်ရှိ၏။ အဘယ်မှာ လူ့ရွာသို့ လာအံ့နည်း။ ဤသူသည် နတ်တို့ကိုအစိုးရသော မျက်စိ အမြင် ၁,၀၀၀-ဆောင်သော သိကြားတည်း။ နတ်ပြည်အမှတ်ဖြင့် ငါတို့မြို့သို့ လာသည်၏”ဟု ဆို၏။ ထိုသူကို တပါးသောသူသည် စဉ်းငယ်ရယ်၍ “အို အချင်း၊ သင်သည် အဘယ်သို့ ဆိုရလေသနည်း။ သင်၏စကားသည် ရှေ့, နောက်ဆန့်ကျင်၏။ အဘယ်မှာ မျက်စိ ၁,၀၀၀-ရှိသနည်း။ အဘယ်မှာ ဝရဇိန်လက်နက်ပါလေသနည်း။ ဧရာဝဏ်ဆင် အဘယ်မှာပါ သနည်း။ မချွတ် ဗြဟ္မာမင်းဟုတ်၏။ ဤဗြဟ္မာမင်းသည် ပုဏ္ဏားတို့၏ မေ့လျော့သော အဖြစ်ကို သိ၍ ဗေဒင်သင်ခြင်းတို့၌ ပုဏ္ဏားတို့ကို တိုက်တွန်းနှိုးဆော်အံ့ သောငှာ လာသည်”ဟုဆို၏။ ထိုအလုံးစုံသောသူတို့ကို မောင်းမဲ၍ လူတစ်ယောက်သည် ဤသို့ ဆို၏။ “အချင်းတို့ ဤသူသည် လမင်းလည်း မဟုတ်၊ နဂါးနတ်မင်းလည်း မဟုတ်၊ သိကြားနတ်မင်းလည်း မဟုတ်၊ ဗြဟ္မမင်းလည်း မဟုတ်။ ဤသူသည် ခပ်သိမ်းသောသူတို့၏ ခရီးညွှန်ဖြစ်လတ္တံ့သော အံ့ဖွယ်သရဲသောသူတည်း”ဟု ဆို၏။

✪✪✪✪✪✪✪✪✪✪✪

## ၄၈။ ဗိမ္ဗိသာရမင်း တောင်းပန်ခြင်း

ဤသို့လျှင် မြို့၌နေသောသူတို့သည် စကားပြောဆိုကုန်စဉ် မင်းချင်းယောကျ်ားတို့သည် သွား၍ ဗိမ္ဗိသာရမင်းအား ထိုအကြောင်းကို ကြားလျှောက်ကုန်၏။ “အရှင်မင်းကြီး၊ နတ်တည်း ဖြစ်လေသလော၊ တောင်စောင့်နတ်တည်း ဖြစ်လေသလော၊ ဘီးလူးတည်းဖြစ် လေသလော၊ နဂါးမင်းတည်း ဖြစ်လေသလော၊ အဘယ်သူဖြစ်သည်ဟု အတတ်မသိ၊ အကျွန်ုပ်တို့မြို့၌ ဆွမ်းအလို့ငှာ လာသည်”ဟု လျှောက်ကုန်၏။ ဗိမ္ဗိသာရမင်းကြီးသည် ထိုစကားကိုကြား၍ ပြာသာဒ်အပြင်၌ ရပ်၍ကြည့်သည်ရှိသော် ယောကျ်ားမြတ်ကိုမြင်၍

အံ့ဖွယ်သရဲဖြစ်သော စိတ်ရှိသည်ဖြစ်၍ မင်းချင်းယောကျ်ားတို့ကို စေ၏။ "အချင်းတို့ သွား၍ စုံစမ်းစေကုန်၊ အကယ်၍ ဘီးလူးဖြစ်အံ့၊ မြို့မှထွက်လျှင် ကွယ်လတ္တံ့၊ အကယ်၍ နတ်ဖြစ်အံ့၊ ကောင်းကင်ဖြင့် သွားလတ္တံ့၊ အကယ်၍ နဂါးဖြစ်အံ့၊ မြေ၌ငုပ်၍ သွားလတ္တံ့၊ အကယ်၍ လူဖြစ်အံ့၊ အကြင်အချင်းဖြင့် ရအပ်သော အာဟာရကို စားလတ္တံ့၊ ကြည့်ကုန်ချေ"ဟု စေ၏။

ဘုရားအလောင်းသည်လည်း ငြိမ်သက်သော ဣန္ဒြေရှိသည်ဖြစ်၍ ငြိမ်သက်သော စိတ်ရှိသည်ဖြစ်၍ အဆင်းတော်၏ တင့်တယ်ခြင်းဖြင့် ခပ်သိမ်းသောသူတို့၏ မျက်စိတို့ကို ဆွဲငင်ဘိသကဲ့သို့ ရထားထမ်းပိုးတစ်ပြန်မျှ ရှိသောအရပ်ကို ကြည့်လျက် အရောရောဖြစ်သော အာဟာရကို ဆောင်၍ "ဤမျှဖြင့် ငါ့အား မျှလောက်ပြီ"ဟု မှတ်၍ ဝင်သောတံခါးဖြင့် ထွက်၍ ပဏ္ဍဝတောင်ရိပ်၌ အရှေ့သို့မျက်နှာမူ၍ ထိုင်၍ ဆွမ်းစားအံ့သောငှာ သပိတ်၌ ဆွမ်းကို ရှုတော်မူသည်ရှိသော် ရေး၌ နတ်၏သုဓာဘုတ်နှင့်တူသော အာဟာရကို သုံးဆောင်တော်မူသော ဘုရားအလောင်းအား လူး, ဆပ်, ပဲအရောရောဖြစ်သော အာဟာရကို မြင်တော်မူ၍ အူသိမ်, အူမတို့သည် အထက်သို့ပြန်၍ ခံတွင်းဖြင့် တက်လတ္တံ့ သော အခြင်းအရာသို့ ရောက်သည် ဖြစ်ကုန်၏။

ထို့နောက်မှ ထိုကိုယ်၏အဖြစ်ဖြင့် ဤသို့သဘောရှိသော အာဟာရကို မျက်စိဖြင့် မမြင်ဖူးသည်၏အဖြစ်ကြောင့် ထိုရွံရှာဖွယ်ရှိသော အာဟာရ၌ ငြီးငွေ့တော်မူသော ဘုရားအလောင်းသည် ကိုယ်တော်သည်ပင် ကိုယ်တော်ကို ဆုံးမ၏။ "သိဒ္ဓတ္ထ၊ သင်သည် ကောင်းစွာရလွယ်သော ထမင်း, အဖျော်ရှိသောအမျိုး၌ ၃-နှစ်ဟောင်းလေပြီးသော မွှေးလှစွာသော သလေးဆန်ဖြင့်ချက်သော ဘောဇဉ်အထူးကို အထူးထူးသော မြတ်သော အရသာတို့ဖြင့် စားရသောအရပ်၌ ဖြစ်၍လည်း ပံသုကူဆောင်သော ရဟန်းတစ်ပါးကို မြင်၍ 'အဘယ်အခါ၌ ငါသည်လည်း ဤသို့သဘောရှိကုန်သော ရဟန်းဖြစ်၍ ဆွမ်းခံသွား၍ စားရအံ့နည်း၊ ငါ့အား အဘယ်အခါ၌ ဤရဟန်းကဲ့သို့ ဖြစ်ပါအံ့နည်း'ဟု ကြံ၍ တောထွက်၏။ ယခုအခါ၌ အဘယ်ကြောင့် သင်သိဒ္ဓတ်သည် ငြီးငွေ့ခြင်းကို ပြုဘိနည်း"ဟု ကိုယ်တော်ကို ဆုံးမ၍ ဖောက်ပြန်ခြင်း မရှိသည်ကို ပြုလျက် အာဟာရကို ဘုဉ်းပေးတော်မူ၏။

မင်းချင်းယောကျ်ားတို့သည် ထိုအကြောင်းကိုမြင်၍ မင်းကြီးအား ကြားလျှောက်ကုန်၏။ ဗိမ္ဗိသာရမင်းကြီးသည် မင်းချင်းယောကျ်ားတို့၏ စကားကိုကြား၍ လျင်စွာ မြို့မှ ထွက်၍ ဘုရားလောင်း၏အထံသို့ သွား၍ ဤဘုရားလောင်း၏ ဣရိယာပုထ်၌သာလျှင် ကြည်ညိုသည်ဖြစ်၍ အမည်အမျိုးကို မေး၍ သိပြီးသော် အလုံးစုံသော စည်းစိမ်ချမ်းသာ

တို့ကို ဘုရားအလောင်းအား အပ်နှင်းတော်မူ၏။ ဘုရားအလောင်းသည်လည်း "မြတ်သော မင်းကြီး၊ ဝတ္ထု ကာမ, ကိလေသာကာမတို့ဖြင့် အလိုမရှိ၊ ငါသည် မြတ်သော သစ္စာ ၄-ပါးကို သိခြင်းကို တောင့်တသည်ဖြစ်၍ တောထွက်၏"ဟု မိန့်တော်မူ၏။ ဗိမ္ဗိသာရမင်းကြီးသည် အကြိမ်များစွာ တောင်းပန်သော်လည်း ဘုရားအလောင်း၏ စိတ်ကို မရ၍ "မချွတ် သင်သည် ဘုရားဖြစ်လတ္တံ့၊ ဘုရားဖြစ်ပြီးသော် အရှင်ဘုရားသည် ရှေးဦးစွာ အကျွန်ုပ်၏ နိုင်ငံသို့ ကြွလာစေချင်ပါသည်"ဟု တောင်းပန်၏။ ဘုရားလောင်းလည်း "ကောင်းပြီ"ဟု ပဋိညာဉ် ပေးတော်မူ၏။ မင်းကြီးလည်း မြို့သို့ ဝင်လေ၏။

[ဤဆွမ်းစားခြင်းသည် ဘုရားလောင်းအား ရဟန်းပြုတော်မူသော နေ့မှ ၈-ရက် မြောက်သောနေ့၌ စားခြင်းတည်း။]

✪✪✪✪✪✪✪✪✪✪✪

## ၄၉။ ရသေ့ ၂-ဦးထံ နည်းခံပြီးမှ ဒုက္ကရစရိယာ ကျင့်တော်မူခြင်း

ဘုရားလောင်းသည် ဗိမ္ဗိသာရမင်းကြီး၏ မြို့တော်သို့ ဝင်ပြီးနောက် ဆွမ်းစားတော်မူရာမှထ၍ အစဉ်သဖြင့် သွားတော်မူလေသည်ရှိသော် ကာလာမအမျိုးဖြစ်သော အာဠာရရသေ့ အထံသို့ရောက်လေ၍ ထိုအာဠာရရသေ့၌ လောကီဈာန်သမာပတ် ၈-ပါးကို နည်းခံလျှင် နေဝသညာ နာသညာယတနသမာပတ်၏ ပရိကံကို အာဠာရရသေ့ မသိ၍ အောက် ၇-ပါးသော သမာပတ်ကိုသာရ၍ လာခဲ့သော် ရာမမင်း၏သားဖြစ်သော ဥဒကရသေ့ကို တွေ့၍ နေဝသညာနာသညာယတနသမာပတ်၏ ပရိကံကို မေး၍ ထိုရသေ့ ၂-ဦးတို့၏ အထံ၌ လောကီသမာပတ် ၈-ပါးကို ဖြစ်စေ၍ "ဤသမာပတ်တို့သည် သစ္စာ ၄-ပါးကို သိခြင်းအကြောင်း မဟုတ်သေး"ဟု ထိုသမာပတ် ၈-ပါးကို တန်ဆာ မဆင်မူ၍ ထိုသူတို့မှ ခွါ၍ သွားပြန်သော် ဖွားဖက်တော် ဗောဓိပင်ရောက်ရာဌာနဖြစ်သော ဥရုဝေလတောသို့ရောက်တော်မူလေ၍ "ဤမြေအဖို့သည် နှလုံးမွေ့လျော် ပျော်ဖွယ်ဖြစ်၏။ဤအရပ်၌ သဒ္ဓါနှင့် ပြည့်စုံသော အမျိုးသားအား ကမ္မဋ္ဌာန်းစီးဖြန်းအံ့သောငှာ လျောက်ပတ်စွတကား"ဟု ဘုရားအလောင်းသည် ဒုက္ကရစရိယာအကျင့်ကို ကျင့်ခြင်းငှာ စိတ်ကို ဖြစ်စေ၍ ထိုဥရုဝေလတော၌ နေတော်မူ၍ နတ်နှင့်တကွသော လူအား ကိုယ်တော်၏ အားလုံ့လနှင့် ပြည့်စုံခြင်းကို ပြအံ့သောငှာ မြတ်သောဒုက္ကရစရိယာ အကျင့်ကို ကျင့်တော်မူ၏။

✪✪✪✪✪✪✪✪✪✪✪

## ၅၀။ ပဥ္စဝဂ္ဂီ ၅-ဦးတို့အကြောင်း

ဘုရားလောင်းအား လက္ခဏာဖတ်သော ပုဏ္ဏား ၈-ယောက်တို့တွင် အငယ်ဆုံးဖြစ်သော ကောဏ္ဍညပုဏ္ဏားသည် " ဘုရားလောင်းသိဒ္ဓတ်မင်းသား တောထွက်လေပြီ" ဟူသော စကားကို ကြား၍ ပုဏ္ဏားကြီး ၇-ယောက်တို့၏ သားများအထံသို့ သွား၍ ဤသို့ ဆို၏။ "အချင်းတို့ သိဒ္ဓတ်မင်းသားသည် တောထွက်၍ ရဟန်းပြုလေပြီ၊ ထိုသိဒ္ဓတ်မင်းသားသည် မချွတ်လျှင် ဘုရားဖြစ်လတ္တံ့၊ အကယ်၍ သင်တို့၏ အဖတို့သည် ရှိကုန်သေးအံ့။ ယခု တောထွက်၍ ရဟန်းပြုကုန်ရာ၏။ သင်တို့၏အဖတို့သည် သင်တို့အား ရဟန်းပြုရစ်ကုန်"ဟူ၍ မှာခဲ့၏။ သင်တို့သည် အကယ်၍ ရဟန်းပြုလိုပါကုန်အံ့၊ လာပါကုန်၊ ငါသည် ဘုရားလောင်းယောကျ်ားမြတ် ရဟန်းပြုသည်ကို အတုလိုက်၍ ရဟန်းပြုအံ့"ဟု ဆို၏။ ထို ၇-ယောက်သောသူတို့သည် တူမျှသော ဆန္ဒရှိသည်ကို ဖြစ်စေခြင်းငှာ မတတ်နိုင်ကုန်။ ထို ၇-ယောက်တို့တွင် ၃-ယောက်သော သူတို့သည် ရဟန်းမပြုကုန်၊ ကောဏ္ဍညပုဏ္ဏားကို အကြီးပြု၍ **ဝပ္ပ, ဘဒ္ဒိယ, မဟာနာမ်, အဿဇိ** ဤပုဏ္ဏား ၄-ယောက်တို့သည် ရဟန်းပြုကုန်၏။ ထို ၅-ယောက်သောသူတို့သည် **ပဉ္စဝဂ္ဂီရဟန်း** မည်ကုန်၏။

ထိုပဥ္စဝဂ္ဂီ ၅-ယောက်တို့သည် ရဟန်းပြုကုန်ပြီး၍ ရွာနိဂုံး, မင်းနေပြည်တို့၌ ဆွမ်းအလို့ငှာ သွားကုန်သည်ရှိသော် ထိုဥရုဝေလတော၌ ဘုရားလောင်းကို မီကြလေ၏။ ထိုဥရုဝေလတော၌ ၆-နှစ်ပတ်လုံး ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူသော ဘုရားလောင်းကို "ယခုအခါ၌ ဘုရားဖြစ်လတ္တံ့၊ ယခုအခါ၌ ဘုရားဖြစ်လတ္တံ့"ဟူ၍ ပရိဝုဏ်ကို တံမြက်လှည်းခြင်း အစရှိသော ဝတ်ကြီး, ဝတ်ငယ်တို့ကို ပြုသဖြင့် လုပ်ကျွေးကုန်လျက် ဘုရားလောင်း၏ အနီး၌သာလျှင် နေကုန်၏။

✪✪✪✪✪✪✪✪✪✪✪

## ၅၁။ ဒုက္ကရစရိယာ ကျင့်တော်မူပုံ

ထိုဘုရားလောင်း ဒုက္ကရစရိယာကျင့်တော်မူသော အခြင်းအရာကို ဤသို့ သိအပ်၏။ ဘုရားလောင်းယောကျ်ားမြတ်သည် ရှေးဦးစွာ သေနနိဂုံး၌ ဆွမ်းအလို့ငှာ သွားတော်မူ၍ မေတ္တာကို ပွားစေလျက် အခါကိုလွန်စေ၍ "ငါ့အား ရုန့်ရင်းသော အာဟာရကို မှီဝဲသဖြင့် အဘယ်ပြုအံ့နည်း"ဟု ထိုဆွမ်းအာဟာရကို ပယ်၍ အလိုလိုကြွေသော သစ်သီးဖြင့် မျှ၏။

ထိုသစ်သီးအာဟာရကို မှီဝဲသဖြင့် သဗ္ဗညုတဉာဏ်ကိုမရသော် "ဤသစ်သီးဆွမ်းသည်လည်း ရှန့်ရင်းသေး၏။ ကြောင့်ကြဖြစ်သေး၏"ဟူ၍ အကြင်သစ်ပင်၌ အမြဲနေ၏။ ထိုသစ်ပင်၌ အကြင်အခြင်းဖြင့် သစ်သီးကြွေ၏။ ထိုကြွေသောသစ်သီးဖြင့် မျှ၏။ ထိုသို့ မှီဝဲသဖြင့် ဘုရားအဖြစ်သို့ မရောက်သေးသော် ထိုအခါ ဘုရားလောင်း ကြံတော်မူ၏။ "ငါသည် အာဟာရကို ကြဉ်အံ့"ဟု ကြံတော်မူ၏။ ထိုသို့ ကြံတော်မူသောအခါ၌ နတ်တို့သည် "သိဒ္ဓတ္ထ၊ သင်သည် အကယ်၍ အချင်းခပ်သိမ်း အလုံးစုံသော အာဟာရကို မစားအံ့၊ ငါတို့သည် သင်၏ကိုယ်၌ အမွေးတွင်းဖြင့် နတ်တို့ဩဇာကို သင်၏ကိုယ်တွင်းသို့ သွင်းကုန်အံ့"ဟု ဆိုကုန်၏။ ထိုသို့ဆိုသောကြောင့် ဘုရားလောင်း ကြံတော်မူပြန်၏။ "အကယ်၍ ငါသည် အာဟာရကို အချင်းခပ်သိမ်း ကြဉ်ရှောင်ငြားအံ့၊ နတ်တို့သည် ငါ၏ကိုယ်၌ မွေးတွင်းတို့ဖြင့် နတ်တို့ဩဇာကို ငါ၏ကိုယ်တွင်းသို့ သွင်းရာ၏။ ထိုသို့သွင်းသော် ငါ၏စကား ချွတ်လွဲသည် ဖြစ်ရာ၏"ဟု ကြံတော်မူ၏။

ထို့နောင်မှ ၁-လက်ဖက်မျှသော ပဲစဉ်းငုံစေ့ အဖျော်ရည်ကိုငင်း ဆီးသီးဖျော်ရည်ကိုငင်း သုံးဆောင်၏။ ထို့နောင် နှမ်းတစ်စေ့ဖြင့်ငင်း ဆန်တစ်လုံးဖြင့်ငင်း မျှတော်မူ၍ ကာလကို လွန်စေ၏။ ထို့နောင်မှ ဘုရားလောင်း ရှင်သိဒ္ဓတ်အား အကြင်လက္ခဏာတော်ကြီး ၃၂-ပါးသည်ငင်း အကြင် ၈၀-သော လက္ခဏာတော်ငယ်တို့သည်ငင်း ရှိကုန်၏။ ထိုအလုံးစုံသော လက္ခဏာတော်ကြီး, လက္ခဏာတော်ငယ်တို့သည် ကွယ်ခဲ့ကုန်၏။ ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ကိုယ်တော်သည်လည်း မည်းသော အဆင်းရှိသည် ဖြစ်၏။ အလုံးစုံသောကိုယ်၌ အသား, အသွေးသည် ခြောက်၏။ ကျောက်ကုန်းရိုးတို့သည် အဆစ်ဆစ်ပွန်းကုန်သကဲ့သို့ ဖြစ်၏။ နံရိုးတို့သည် စနောင့်စနင်း အမိုးသက်ငယ် ပျက်စီးပြီးသော အိမ်မိုးခြင်ကဲ့သို့ ဖြစ်ကုန်၏။ ဦးခေါင်းတော်သည် ဦးခေါင်းရိုးနှင့်ကပ်၏။ တင်ပါးရေသည် အတွန့်တွန့်, အလိပ်လိပ်ဖြစ်၏။ ဝမ်းတော်၏ အရေသည် ကျောက်ကုန်းရိုး၌ ကပ်၏။ အလုံးစုံသော ကိုယ်တော်သည် အမွေးသောက်သောက်ဖြစ်၏။ လက်ဖြင့် ကိုယ်ကို သုံးသပ်သော် ဘုရားလောင်းအား အကြောတို့သည် လက်၌ ငြိကုန်၏။

ထိုဘုရားလောင်း ရှင်သိဒ္ဓတ်သည် ဤသို့ ကြီးစွာသော ဆင်းရဲကို ခံတော်မူရသော်လည်း "ငါ့အား ဤဒုက္ကရစရိယာအကျင့်ဖြင့် အဘယ်အကျိုးရှိအံ့နည်း။ အကြင်ငါသည် ဤသို့ ၆-နှစ်ပတ်လုံး ဒုက္ကရစရိယာအကျင့်ကို ပြုသော်လည်း သဗ္ဗညုတဉာဏ်ကို မရ၊ ထိုငါသည် ယခု ငါ၏အိမ်သို့သွား၍ ယသော်ဓရာအမှူးရှိသော ၄၀,၀၀၀-သော ကချေသည်မိန်းမ တို့ကိုငင်း မယ်တော်, ခမည်းတော်တို့ကိုငင်း ၈၀,၀၀၀-သော ဆွေတော်မျိုးတော်တို့ကိုငင်း ဖူးမြင်အံ့၊ နတ်၌ဖြစ်သော ဘောဇဉ်နှင့်တူသော မွန်မြတ်သော

ဘောဇဉ်ကိုစား၍ မြတ်သော အိပ်ရာ၌ အိပ်အံ့၊” ဤသို့သော အကြံသည် တစ်ခါတစ်ရံမျှ မဖြစ်၊ ထိုဘုရားလောင်း ရှင်သိဒ္ဓတ်သည် တစ်နေ့သ၌ ကိုယ်လက်သုတ်သင်အံ့သောငှာ ထိုင်တော်မူ၏။ အလုံးစုံသော ကိုယ်တော်သည် ခြောက်ကပ်သဖြင့် ကျင်ကြီးကြောင်းသည် အရေတွန့်ရှုပ်သည် ဖြစ်၍ မစင်စွန့်ရာ၌ ပြင်းစွာသော ဝေဒနာသည်ဖြစ်၏။ ဘုရားလောင်းသည် မစင်စွန့်ခြင်းကိစ္စကို ပြုခြင်းငှာ မတတ်နိုင်ဘဲ မှူး၍လဲ၏။

✪✪✪✪✪✪✪✪✪✪

## ၅၂။ သားတော်သေလွန်ပြီ-ဟု ခမည်းတော်အား ပြောခြင်း

ထိုအခါ နတ်တစ်ယောက်သည် “သေပြီ”ဟူသော အမှတ်ဖြင့် သုဒ္ဓေါဒနမင်းကြီးထံ သွားရောက်၍ “အရှင်မင်းကြီး၏သားတော်သည် ဘုရားဖြစ်ချင်လွန်းသဖြင့် အကျင့်လွန်၍ သေခဲ့ပြီ”ဟု လျှောက်၏။ ထိုအခါ မင်းကြီးသည် မေး၏၊ “ငါ၏သားတော်သည် ဘုရားဖြစ်၍ သေသလော, ဘုရားမဖြစ်ဘဲ သေသလော”ဟု မေး၏။ “ဘုရားမဖြစ်မူ၍ သေ၏”ဆိုသော် “နတ်သား၊ သင်သည် ဖဲလေ၊ ငါ့သားတော်သည် ဘုရားအဖြစ်သို့ မရောက်မူ၍ မသေလတ္တံ့၊” ဤသို့ ခြိမ်းခြောက်၏။ နတ်သားသည် ထိုအရပ်မှ ကွယ်လေ၏။ ထိုအခါ၌ ဘုရားလောင်းသည် သတိရသဖြင့် ထ၍ ကြွတော်မူလေ၏။

တစ်ရံတစ်ခါ၌ အာနာပါနစျာန်ကို ဝင်စားလျက် စင်္ကြံသွားသည်ရှိသော် ပြင်းစွာသော ဝေဒနာဖြင့် နှိပ်စက်သည်ဖြစ်၍ စင်္ကြံဦး၌ လဲ၏။ ထိုအခါ အချို့သောနတ်တို့သည် “ဤရဟန်းဂေါတမသည် သေခဲ့ပြီ” ဟူ၍ ဆိုကုန်၏။ အချို့သောနတ်တို့သည် “ဤရဟန်းဂေါတမသည် အာဟာရမရှိ၍သာ ဖြစ်သည်။ ရဟန္တာပင်တည်း”ဟူ၍ ဆိုကုန်၏။ နတ်တို့တွင် အကြင်နတ်သားအား “သေပြီ”ဟု အမှတ်ရှိ၏။ ထိုနတ်တို့သွား၍ သုဒ္ဓေါဒနမင်းကြီးအား ကြား၏။ “သင်မင်းကြီး၏သားတော်သည် သေခဲ့ပြီ”ဟု လျှောက်၏။ “ငါ၏သားတော် ဘုရားဖြစ်၍ သေသလော, မဖြစ်မူ၍ သေသလော”ဟုမေး၏။ နတ်တို့လည်း “ဘုရားဖြစ်ခြင်းငှာ မတတ်နိုင်၊ ကမ္ဗဋ္ဌာန်းစီးဖြန်းရာ မြေ၌လဲ၍ သေခဲ့ပြီ”ဟု ဆို၏။ ထိုစကားကို ကြား၍ သုဒ္ဓေါဒနမင်းကြီးသည် “ငါမယုံ၊ ငါ၏သားကား ဘုရားအဖြစ်သို့ မရောက်ဘဲ သေခြင်းမည်သည် မရှိ”ဟု ဆို၍ ဖဲစေလေ၏။

အဘယ်ကြောင့် မင်းကြီးမယုံသနည်း၊ ကာလဒေဝီလရသေ့ကို ရှိခိုးစိမ့်-ဟူ၍ ဆောင်ခဲ့သောအခါ, ဇမ္ဗူသပြေပင်ရိပ်၌ ထားသောအခါ အံ့ဖွယ်သရဲပြာဋိဟာကို မြင်သောကြောင့် မယုံသတည်း။

ဘုရားလောင်းသည် သညာကိုရ၍ ထ၍ ကြွတော်မူ၏။ ထိုအခါ နတ်တစ်ဦးသည် သွား၍ အရှင်မင်းကြီးသားတော်သည်"အနာမရှိ"ဟူ၍ လျှောက်၏။ "နတ်သား၊ ငါ့သား၏ မသေသောအဖြစ်ကို ငါသိ၏"ဟု ဆို၏။ ၆-နှစ်ပတ်လုံး ဒုက္ကရစရိယာကျင့်တော်မူသော ဘုရားလောင်းအား ကောင်းကင်သည် အဆုံးကို ပြသကဲ့သို့ ဖြစ်၏။ တစ်နေ့သ၌ ဤသို့ ကြံ၏။ "ငါသည် အာဟာရကို ဖြတ်၍ အာနာပါနစျာန်ကို ပွားစေအံ့"ဟု ကြံ၏။ ထိုသို့ ကြံပြီးသော် ဘုရားလောင်းသည် ထွက်သက်, ဝင်သက်ကို ချုပ်၏၊ ထိုသို့ ထွက်သက်, ဝင်သက် နှာခေါင်းမှ မထွက်ရသော် နား ၂-ဖက်တို့မှ ထွက်၏။ ထိုအခါ ဘုရားလောင်းသည် နားတွင်းမှ ထွက်ခြင်းကို မြစ်၏။ ထွက်သက်, ဝင်သက်လေသည် နားမှ အထက်သို့ တက်၍ ထိပ်သို့ ရောက်၏။ ဦးခေါင်း၌ စူးဖြင့်ထိုးသကဲ့သို့ ပြင်းစွာသော ဝေဒနာဖြစ်၏။ ထို့နောင်မှ ဦးခေါင်းကိုခွဲ၍ ထွက်ခြင်းငှာ မတတ်နိုင်သော လေသည် တစ်ဖန်အောက်သို့ နစ်ပြန်၍ ဝမ်းသို့ ဝင်၏။ အအူ၏အခွေကို ကတ်ကြေးနှင့်ဖြတ်သကဲ့သို့ ဝမ်း၌ ပြင်းစွာသော ဝေဒနာဖြစ်၏။

ဤသို့ ဆိုအပ်ပြီးသောနည်းဖြင့် ဘုရားလောင်းသည် အကြားအကြား၌ အာနာပါန စျာန်ကို ဝင်စားလျက် ကြီးစွာသောဆင်းရဲကို ခံစားတော်မူ၏။ ထိုသို့ ခံစားရသော်လည်း ချီးမြှောက်တော်မူအပ်သော လုံ့လကို မလျော့မူ၍ တည်ကြည်သောစိတ်ရှိသည်, မပြန့်လွင့်သည်ဖြစ်၍ ရှေးရှုကောင်းစွာ ထင်သောသတိသည် မမေ့မလျော့သည် ဖြစ်၏။ ပူပန်ခြင်းမရှိသော ကိုယ်ရှိသည်ဖြစ်၍ စိတ်သည် ကောင်းစွာတည်ကြည်၏။ ဤသို့ ကြီးစွာသော ဆင်းရဲကို ခံစားတော်မူသော ဘုရားလောင်းသည် ကြံ့သည်, အဆင်းမလှသည် ဖြစ်၏။ အကြင်နွားကျောင်းသောသူတို့သည်ငှင်း ဆိတ်ကျောင်းသောသူတို့သည်ငှင်း ဘုရားလောင်းကို မြင်ကုန်၏။ ထိုသူတို့သည် "ရဟန်းသည် မည်းလှ၏"ဟု ဆိုကုန်၏။ တပါးသောသူတို့ သည်လည်း "ရဟန်းကြီးသည် မည်းလှ၏။ ကြမ်းပိုး၏ ကျောက်ကုန်း ရေကဲ့သို့ ရှိ၏"ဟူ၍ ဆိုကုန်၏။ မင်္ဂလာယဆဝိ-ဟုဆိုကုန်၏။

✪✪✪✪✪✪✪✪✪✪✪

၅၃။ ဒုက္ကရစရိယာကျင့်နေစဉ် မာရ်နတ်တားမြစ်ခြင်း

ဤသို့သောနည်းဖြင့် ကာလကို လွန်သည်ရှိသော် ယုတ်မာသော အလိုရှိသော မာရ်နတ်သည် "သိဒ္ဓတ်မင်းသားသည် လုံ့လကြီးလှ၏။ ဒုက္ကရစရိယာအကျင့်ဖြင့် တစ်ရံတစ်ခါ ဘုရားဖြစ်ရာ၏။ အကြင် ငါကြံအောက်မေ့သည်ကား သိဒ္ဓတ်မင်းသားထံသို့

သွား၍ မင်းသားကို ဆုံးမ၍ ဒုက္ကရစရိယာအကျင့်မှ ဖဲစေအံ့”ဟု ကြံပြီး၍ ထိုမာရ်နတ်သား သည် အကြောင်းကို ကြား၏။ မာရ်နတ်သားသည် သနားခြင်းနှင့်ယှဉ်သော စကားကိုဆို လျက် ဘုရားအလောင်းသို့ကပ်လျက် “အရှင်ရဟန်း၊ သင်သည် အဘယ်ကြောင့် ကြုံသည် ဖြစ်သနည်း [illegible] သေခြင်းသည် အနီး၌ဖြစ်၏။ သေခြင်းအဖို့ကား ၁,၀၀၀-ရှိခဲ့ပြီ၊ သင်၏အသက်သည် တစ်ဖို့သာရှိတော့သည်။ သင်အား စုတေသောထက် အသက်ရှင် ခြင်းသည် မြတ်၏။ အသက်ရှင်သောသင်သည် ကောင်းမှုတို့ကို မပြုရပါသလော။ သင့်အား ဒုက္ကရစရိယာကို ကျင့်သောထက် မီးကိုပူဇော်ခြင်းသည် ဖြောင့်သောပူဇော်ခြင်း မည်၏။ သင်သည် များစွာသော ကောင်းမှုကို ဆည်းပူးသည် မည်၏။ ဒုက္ကရစရိယာအကျင့်ဖြင့် သင့်အား အဘယ်မှုစအံ့နည်း”ဟု ဆိုလေ၏။

ထိုသို့ဆိုသော မာရ်နတ်သားကို ဘုရားလောင်း ရှင်သိဒ္ဓတ်သည် ဤသို့သော စကားကို ဆိုတော်မူ၏။ “မေ့လျော့တတ်သောသူ၏ အဆွေခင်ပွန်းဖြစ်သော ယုတ်မာသော အလိုရှိသော မာရ်နတ်၊ ငါသည် အကြင်ဘုရားဖြစ်ခြင်း အကျိုးဖြင့် ဤအရပ်သို့ လာ၏။ ငါ့အား ကောင်းမှုတို့ကို အဏုမြူမျှ အလိုမရှိ၊ အကြင်သူတို့အားမူကား ကောင်းမှုတို့ကို အလိုရှိ၏၊ ထိုသူတို့ကိုသာ သင်သည် ဆိုခြင်းငှာ ထိုက်၏။ ငါ့အား ဆိုခြင်းငှာ မထိုက်၊ မာရ်နတ်၊ ငါ့အား သဒ္ဓါရှိ၏၊ လုံ့လရှိ၏၊ ပညာရှိ၏၊ ဤသဒ္ဓါ, ပညာ, လုံ့လနှင့်ပြည့်စုံသော နိဗ္ဗာန်သို့လွှတ်သော စိတ်ရှိသော ငါ့ကို သင်သည် အဘယ့်ကြောင့် အသက်ကို ပေးဘိ သနည်း။ မာရ်နတ်-

- ကာမတရားသည် သင်၏ ရှေးဦးစွာသောစစ်သည်,
- ကုသိုလ်တရား၌ မမွေ့လျော်ခြင်းသည် ၂-ခုမြောက်သောစစ်သည်,
- မွတ်သိပ်ခြင်းသည် ၃-ခုမြောက်သောစစ်သည်,
- တပ်ခြင်းသည် ၄-ခုမြောက်သောစစ်သည်,
- ငိုက်မျဉ်းခြင်းသည် ၅-ခုမြောက်သောစစ်သည်,
- ကြောက်တတ်ခြင်းသည် ၆-ခုမြောက်သောစစ်သည်,
- ယုံမှားခြင်းသည် ၇-ခု မြောက်သောစစ်သည်,
- ကျေးဇူးချေခြင်း, ကြံမှိုင်ခြင်းသည် ၈-ခုမြောက်သော သင်၏စစ်သည်-

လာတ်သပ္ပကာ အကျော်အစော ပူဇော်သက္ကာရကိုငင်း အခြံအရံကိုငင်း ဤအရပ်၌ ရ၏။ အကြင်သူသည် မိမိကိုယ်ကို ချီးမြှောက်၏။ သူတပါးကို နှိပ်စက်၏။ ထိုအလုံးစုံသည်

မည်းသောအဖို့ရှိသော အကုသိုလ်ကို ပွားစေတတ်သော သင်မာရ်နတ်၏ စစ်သည်တည်း။ ထိုစစ်သည်အပေါင်းကို မရဲသောသူသည်? မအောင်တတ်, ထိုစစ်သည်အပေါင်းကို အောင်မြင်မှသာ နိဗ္ဗာန်ချမ်းသာကို ရရာ၏။

✪✪✪✪✪✪✪✪✪✪

## ၅၄။ ဘုရားလောင်းကို စွန့်၍ ပဉ္စဝဂ္ဂီတို့ သွားကြခြင်း

ဤသို့ ဘုရားလောင်းသည် ခြိမ်းခြောက်၍ မာရ်နတ်ကို ပြေးစေ၍ ကြံတော်မူ၏။ "ဤလောက၌ အကြင်သူတို့သည် ပြုနိုင်ခဲသော အမှုကို ပြုကုန်၏။ ထိုသူတို့သည် ငါနှင့် တူရုံမျှသာ ဖြစ်ရာ၏။ ငါ့ထက်လွန်၍ ပြုနိုင်ခဲသောအမှုကို ပြုခြင်းငှာ စွမ်းနိုင်သောသူ မည်သည် မရှိ၊ ထိုသို့လျက်လည်း ဘုရားအဖြစ်သို့ မရောက်၊ ဤဒုက္ကရစရိယာအကျင့်သည် သစ္စာ ၄-ပါးကို သိခြင်း၏အကြောင်း မဟုတ်သေး၊ ငါသည် ဇမ္ဗူသပြေပင်ရိပ်၌ ထိုင်လျက် အာနာပါနစျာန်ကို ဖြစ်စေ၏။ ထိုစျာန်ချမ်းသာမှ အဘယ့်ကြောင့် ငါသည် ကြောက်အံ့နည်း။ ငါသည် ကာမဂုဏ်တို့မှ ကြဉ်၍, အကုသိုလ်တရားတို့မှ ကြဉ်၍ ထိုချမ်းသာကို ဖြစ်စေအံ့"ဟု ကြံပြီး၍ "ထိုသမာဓိစျာန်ကိုမူကား ဤသို့ အားနည်းသောကိုယ်ဖြင့် ပွားစေအံ့သောငှာ, စီးဖြန်းအံ့သောငှာ မတတ်နိုင်၊ ယခု ငါသည် အာဟာရကို မှီဝဲသဖြင့် ကိုယ်ကိုခိုင်စေ၍ ထိုသမာဓိစျာန်ကို ပွါးစေအံ့၊" ဤသို့ကြံ၍ သပိတ်ကိုထားရာမှ ယူ၍ သေနနိဂုံး၌ ဆွမ်းခံသွား၍ အာဟာရကို မှီဝဲသုံးဆောင်တော်မူ၏။

၃, ၄-ရက်ဖြင့် ကိုယ်တော်၌ အားကို ယူ၏။ ၃၂-ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတို့သည် ထင်ရှားဖြစ်ကုန်၏။ ကိုယ်တော်သည် ရွှေအဆင်းနှင့်တူသည်ဖြစ်၏။ ထိုအခါ ပဉ္စဝဂ္ဂီ ၅-ဦးတို့သည် "ဤရဟန်းဂေါတမသည် ၆-နှစ်ပတ်လုံး ဒုက္ကရစရိယာအကျင့်ကို ကျင့်၍လည်း သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍ သိအံ့သောငှာ မတတ်နိုင်၊ ဤယခုအခါ ရွာနိဂုံး ၌ ဆွမ်းခံသွား၍ ရုန့်ရင်းသော အာဟာရကို သုံးဆောင်ပြီးသော ရဟန်းဂေါတမသည် အဘယ်မှာ သဗ္ဗညုတဉာဏ်ကို ရခြင်းငှာ တတ်နိုင်အံ့နည်း။ ဤရဟန်းဂေါတမသည် လာဘ်များခြင်းကို အလိုရှိ၏။ ဒုက္ကရစရိယာအကျင့်မှ ထွက်ပြီ။ ဤရဟန်းဂေါတမဖြင့် ငါတို့အား အဘယ်အကျိုးရှိအံ့နည်း"ဟု ကြံကုန်၍ ယောကျ်ားမြတ်ကို စွန့်၍ ဥရုဝေလတောမှ ထွက်၍ ၁၈-ယူဇနာရှိသော ဗာရာဏသီပြည်၏အနီး မိဂဒါဝုန်တောသို့ သွား၍ နေကုန်၏။

✪✪✪✪✪✪✪✪✪✪

## ၅၅။ သုဇာတာ ဃနာနို့ဆွမ်းချက်ပုံ

ထိုအခါ ဥရုဝေလတောတ်၏အနီး သေနနိဂုံး၌ သေနသေဌေး၏အိမ်၌ သုဇာတာ အမည်ရှိသော အရွယ်သို့ရောက်သော သတို့သမီးသည် ရှိ၏။ ထိုသတို့သမီးသည် တစ်ခုသော ပညောင်ပင်၌ ဆုတောင်းခြင်းကို ပြု၏။ "အရှင်ရုက္ခစိုးနတ်၊ အကယ်၍ အကျွန်ုပ် သည် ဇာတ်တူသော အမျိုး၏အိမ်သို့သွား၍ ပဌမကိုယ်ဝန် သားယောကျ်ားလေးကို ရပါလတ္တံ့၊ အရှင်ရုက္ခစိုးနတ်အား နှစ်စဉ်မပြတ် တစ်သိန်းသော ဥစ္စာကိုစွန့်၍ ဗလိနတ်စာ တင်ခြင်းကို ပြုပါအံ့"၊ ဤသို့ ဆုတောင်း၏။ ထိုသူဌေးသမီးသုဇာတာ၏ ဆုတောင်းခြင်းသည် ပြည့်စုံ၏။

ထိုသုဇာတာသည် ဒုက္ကရစရိယာအကျင့်ကို ကျင့်သော ဘုရားလောင်းအား ၆-နှစ် မြောက်သောအခါ ကဆုန်လပြည့်နေ့၌ ထိုရုက္ခစိုးနတ်အား ပူဇော်သက္ကာပြုလိုသည်ဖြစ်၍ ရှေးဦးစွာ လဆန်း ၁၄-ရက်နေ့ကလျှင်

- ၁,၀၀၀-သောနွားမတို့ကို နွယ်ချိုတော၌ ကျောင်းစေ၍ ထို ၁၀၀၀-သော နွားမတို့၏ နို့ကိုညှစ်၍
- ထိုနို့ရည်ကို ၁,၀၀၀-သောနွားမတို့တွင် တစ်ဝက်ခွဲ၍ ၅၀၀-သော နွားမတို့ကို သောက်စေ၍
- ထို ၅၀၀-သော နွားမတို့၏ နို့ရည်ကိုညှစ်ပြန်၍ ထို ၅၀၀-သော နွားမတို့တွင် တစ်ဝက်ခွဲ၍ ၂၅၀-သော နွားမတို့ကို သောက်စေ၍
- ထို ၂၅၀-ကို တစ်ဝက်ခွဲ၍ ၁၂၅-ခုသော နွားမတို့၏ နို့ရည်ကိုသောက်စေ၍
- ထိုနွားမတို့ကို နို့ညှစ်ပြန်၍ ထို ၁၂၅-ခုတွင် တစ်ခုကို နုတ်ယူထားပြီးမှ ၁၂၄-ခု တွင် တစ်ဝက်ခွဲ၍ ၆၂-ခုသော နွားမတို့ကို ထိုနို့ရည်ကို သောက်စေ၍ ထိုနွားမ တို့ကို တစ်ဖန်ညှစ်ပြန်၍
- ထို ၆၂-ခုတွင် တစ်ဝက်ခွဲ၍ ၃၁-ခုသော နွားမတို့ကို ထိုနို့ရည်ကို သောက်စေ၍ ၃၁-ခုသော နွားမတို့၌ အလျှင်ကနုတ်ယူထားသော နွားမကို ထည့်သော် ၃၂-ခု ဖြစ်၏။
- ထို ၃၂-ခုကို ထက်ဝက်ခွဲ၍ ၁၆-ခုသော နွားမတို့ကို ထိုနို့ရည်ကို သောက်စေ၍
- တစ်ဖန် ထို ၁၆-ခုကို နို့ရည်ညှစ်ပြန်၍ ထို၁၆-ခုသော နွားမတို့ကို ထက်ဝက်ခွဲ၍ ၈-ခုသောနွားမတို့ကို ထိုနို့ရည်ကိုသောက်စေ၍-

အကြင်မျှလောက် အထပ်ထပ် ပြောင်းပြန်လှန်ခြင်းကို ပြုသည်ရှိသော် နို့ရည်သည် ထပ်ထပ်ရှိသည်လည်း ဖြစ်၏။ ချိုမြသည်လည်း ရှိ၏။ သြဇာရှိသည်လည်း ဖြစ်၏။ ထိုမျှလောက် အပြန်ပြန်ပြု၍ ၈-ခုသော နွားမတို့ကို ထိုသုဇာတာ သူဌေးသမီးသည် 'ကဆုန်လပြည့်နေ့၊ နံနက်စောစော ပညောင်ပင်စောင့်သော နတ်အား ပူဇော်သက္ကာရ ပြုအံ့'ဟူ၍ ညဥ့်မိုးသောက်ထအခါ၌ စောစောထ၍ ထို ၈-ခုသော နွားမတို့ကို နို့ရည်ကို ညှစ်စေ၏။ နွားငယ်တို့သည် နွားမတို့၏ နို့အရင်းသို့ မကပ်လာကုန်၊ နွားမတို့၏အနီး၌ အိုးသစ်တို့ကို ခံကုန်သည်ရှိသော် ဓမ္မတာအားဖြင့် နို့ရည်တို့သည် ယိုလာကုန်၏။ ထိုအံ့ဖွယ်သရဲကိုမြင်၍ သူဌေးသမီး သုဇာတာသည် မိမိလက်ဖြင့် နို့ရည်ကိုကိုင်၍ အိုးသစ်၌ထည့်၍ မိမိလက်ဖြင့် မီးမွှေး၍ ချက်အံ့သောငှာ အားထုတ်၏။

ထိုနွားနို့ဃနာကို ချက်သည်ရှိသော် ကြီးစွာကုန်သော အမြှုပ်တို့သည် ထကုန်၏။ လက်ျာရစ်လည်၍ သွားလေကုန်၏။ တစ်ပေါက်မျှသည်လည်း အပြင်သို့ မကျကုန်။ ခုံလောက်မှ အထက်သို့ မီးခိုးသည်လည်း အနည်းငယ်မျှမထ၊ ထိုနို့ဃနာချက်သောအခါ၌ စတုမဟာရာဇ် နတ်မင်းကြီး ၄-ယောက်တို့သည် လာကုန်၍ ခုံလောက်အနီး၌ နေ၍စောင့်ကုန်၏။ မဟာဗြဟ္မာသည် ၁၂-ယူဇနာရှိသော ထီးကို ဆောင်း၏။ သိကြားမင်းသည် ထင်းမီးစတို့ကို ကောင်းစွာ ဆိုက်၍ မီးတောက်စေ၏။ နတ်တို့သည် ကျွန်းငယ် ၂,၀၀၀-အရံရှိကုန်သော ကျွန်းကြီး ၄-ကျွန်းတို့၌ နတ်တို့အားရင်း လူတို့အားရင်း သုံးဆောင်စားသောက် ကောင်းသော အရသာ၏ သြဇာ-ဟူသမျှကို နတ်တို့၏ အာနုဘော်ဖြင့် အရိုး၌ဖွဲ့အပ်သော.ပျားသားလက်၌ လပို့ကို ညှစ်၍ ပျားရည်ကို ယူသကဲ့သို့ ကောင်းစွာယူဆောင်၍ ထိုနို့ဃနာ၌ ထည့်ကုန်၏။ တပါးသောအခါတို့၌ မြတ်စွာဘုရား၏ ဆွမ်းလုပ်တိုင်း ဆွမ်းလုံးတို့၌ သြဇာကို ထည့်ကုန်၏။

[ဘုရားဖြစ်တော်မူသော နေ့၌ရင်း, ပရိနိဗ္ဗာန်ပြုတော်မူသော နေ့၌ရင်း ချက်သော အိုး၌ နတ်တို့သည် သြဇာကို ထည့်ကုန်၏။]

ထိုသုဇာတာသည် ဤတစ်ကြိမ်သော ကဆုန်လပြည့်နေ့၌သာလျှင် ထိုနို့ဃနာ၌ မိမိအား ထင်ရှားသော အံ့ဖွယ်သရဲတို့ကို မြင်၍ ပုဏ္ဏအမည်ရှိသော ကျွန်မကိုခေါ်၍ ဆို၏။ "အမယ်အိမ်ပြည့်ဝ၊ ယနေ့ ငါတို့အား ဆိတ်ကျောင်း ပညောင်ပင်နတ်ကြီးသည် အလွန် ကြည်ညို၏။ ဤမျှလောက်သော ကာလ၌ ဤကဲ့သို့ သဘောရှိသော အံ့ဖွယ်သရဲကို မမြင်စဘူး။ အမယ်အိမ်ပြည့်ဝ၊ လျင်မြန်စွာသွား၍ နတ်ပသရာ အရပ်ကို သုတ်သင်ချေ" ဟူ၍ စေ၏။ ထိုအိမ်ပြည့်ဝလည်း"အရှင်မ၊ ကောင်းပြီ"ဟု သုဇာတာအား ဝန်ခံ၍ ဆိတ်ကျောင်း ပညောင်ပင်ရင်းသို့ လျင်မြန်စွာ သွားလေ၏။

✪✪✪✪✪✪✪✪✪✪✪

## ၅၆။ အိပ်မက်ကြီး ၅-ပါး

ဘုရားလောင်းသည်လည်း ထိုလပြည့်နေ့၊ မိုးသောက်လတ္တံ့သော ညဥ့်၊ မိုးသောက်ယံ၌ ဘုရားဖြစ်ခြင်း၏ ပုဗ္ဗနိမိတ်ဖြစ်သော ၅-ပါးသော အိပ်မက်ကို မြင်မက်တော်မူ၏။ ၅-ပါးသော အိပ်မက်၏ အခြင်းအရာကား ဤသို့တည်း။

၁။ သစ္စာ ၄-ပါးတရားကို မသိသေးသော ဘုရားလောင်းအား သစ္စာ ၄-ပါးတရားကို သိသည်၏ ရှေးအဖို့ဖြစ်သော ၁၄-ရက်နေ့ မိုးချုပ်သောညဥ့်၏ မိုးသောက်ယံ၌ နှစ်သိန်း, လေးသောင်း အထုရှိသော ဤမြေကြီးသည် ဗိတာန်နှင့်တကွသော အိပ်ရာသင်ဖြူး ဖြစ်၏။ ယူဇနာ ၅၀၀-အစောက်မြင့်သော ယူဇနာ ၃,၀၀၀-ကျယ်သော ဟိမဝန္တာတောင်မင်းသည် ခေါင်းအုံးဖြစ်၏။ အရှေ့သမုဒ္ဒရာ၌ လက်ဝဲလက်ကို ထား၏။ အနောက်သမုဒ္ဒရာ၌ လက်ျာလက်ကိုထား၏။ တောင်သမုဒ္ဒရာ၌ ခြေ၂-ဖက်တို့ကို ထား၏-ဟု သစ္စာ ၄-ပါး တရားကို မသိမီ ရှေးအဖို့၌ ဘုရားလောင်းအား ပဌမရှေးဦးစွာ ဤအိပ်မက်သည် ဖြစ်၏။

၂။ ဘုရားလောင်း၏ချက်တော်မှ ဝင်ရိုးခန့်ပမာ သန္တာနီအဆင်းရှိသော တိရိယအမည်ရှိသော မြက်မျိုးသည် ပေါက်လတ်၍ အထက်ဘဝဂ်တိုင်အောင် ရောက်သည်-ဟု မြင်မက်၏။ဘုရားလောင်းသည် အင်္ဂါ ၈-ပါးနှင့်ပြည့်စုံသောမဂ်ကို ထိုးသွင်းသိပြီး၍နတ်လူအပေါင်းတို့ကို မဂ္ဂင် ၈-ပါးကို သိစေခြင်းငှာ ဆောက်တည်စေ၏။ ၂-ခုမြောက်သော ဤအိပ်မက်သည် ဖြစ်၏။

၃။ ဘုရားလောင်းအား မည်းသောဦးခေါင်းရှိသော ပိုးလောက်တို့သည် ခြေဖဝါးတို့မှ တက်ကုန်၍ ပုဆစ်ဒူးတိုင်အောင် ဖုံးလွှမ်းကုန်၏။ များစွာသော ရဟန်းတို့သည် ဖြူသောအဝတ်ကို ဝတ်ကုန်လျက် အသက်တို့ဖြင့် ကပ်အပ်သော ကာလပတ်လုံး ကိုးကွယ်ခြင်းသို့ ရောက်ကုန်၏။ ၃-ခုမြောက်သော ဤအိပ်မက်သည် ဖြစ်၏။

၄။ ဘုရားလောင်းအား အထူးထူးသော အဆင်းရှိကုန်သော ၄-ပါးသော အမျိုးရှိကုန်သော ငှက်တို့သည် အရပ် ၄-မျက်နှာတို့မှ လာကုန်သည်ဖြစ်၍ ဘုရားလောင်း၏ ခြေတော်ရင်း၌ ကျကုန်၍ အလုံးစုံသော ဖြူသောအဆင်းရှိသော ငှက်တို့သည် ဖြစ်ကုန်၏။ ၄-ခုမြောက်သော ဤအိပ်မက်သည် ဖြစ်၏။ ၄-ပါးသော အပြားရှိကုန်သော မင်းမျိုး, ပုဏ္ဏားမျိုး, ကုန်သည်မျိုး, သူဆင်းရဲမျိုးတို့သည် မြတ်စွာဘုရားဟောကြားအပ်သော တရားတော်၌ အိမ်မှကျောင်း၌ ရဟန်းပြုကုန်၍ အတုမရှိသော အရဟတ္တဖိုလ်ကို မျက်မှောက်ပြုကုန်၏။ ၄-ကြိမ်မြောက်သော ဤအိပ်မက်သည် ဖြစ်၏။

၅။ သစ္စာ ၄-ပါးတရားကို သိသည်မှ ရှေးအဖို့၌ ဘုရားလောင်းအား ကြီးစွာသော မစင်အတိပြီးသော တောင်၏အထက်၌ မစင်ဖြင့် မလိမ်းကျံသည် ဖြစ်၍ စင်္ကြံသွား တော်မူသည်-ဟု မက်၏။ မြတ်စွာဘုရားသည် သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး ဤပစ္စည်း ၄-ပါးတို့ကို ရသည်ရှိသော် တပ်မက်မောခြင်း မရှိသည်ဖြစ်၍ မလူးမလဲ သည်ဖြစ်၍ အပြစ်ကို ရှုလေ့ရှိပြီးလျှင် သံသရာဝဋ်မှ ထွက်မြောက်ခြင်း ကိစ္စရှိ သည်ဖြစ်၍ ဘုဉ်းပေး၏ဟု ၅-ခုမြောက်သော ဤအိပ်မက်သည် ထင်ရှားဖြစ်၏။

✪✪✪✪✪✪✪✪✪✪

## ၅၇။ နို့ယနာဆွမ်းကို ရွှေခွက်နှင့်တကွ ခံတော်မူခြင်း

ဤ ၅-ပါးသောအိပ်မက်တို့ကို ယောကျ်ားမြတ်သည် မြင်မက်တော်မူ၍ ယုံမှားမရှိ သဖြင့် "ယနေ့ငါသည် ဘုရားဖြစ်လတ္တံ့"ဟု ကိုယ်တော်အလိုလိုပင် အိပ်မက်ကိုဖတ် တော်မူ၍ ပြုအပ်ပြီးသော ဆုံးဖြတ်ခြင်းရှိသည်ဖြစ်၍ ထိုညဉ့်လွန်သဖြင့် နံနက်စောစောက ကိုယ်ကို ပြုပြင်ပြီး၍ ဒုက္ကရစရိယာကျင့်တော်မူရာ သခ်မ်းမှ စောစောလာ၍ ဆွမ်းခံအခါကို ဆိုင်းငံ့တော်မူလျက် အဇပါလညောင်ပင်ရင်း၌ အရှေ့သို့မျက်နှာပြု၍ နေတော်မူ၏။ မိမိကိုယ်တော်ရောင်ဖြင့် အလုံးစုံသော ပညောင်ပင်ရင်းကို ထွန်းလင်းစေလျက် နေတော် မူ၏။ သုဇာတာသည် စေအပ်သော တံမြက်လှည်းခြင်း, သုတ်သင်ခြင်းငှာလာသော အိမ်ကျွန်မသည် ပညောင်ပင်ရင်း၌ အရှေ့သို့ မျက်နှာပြု၍ နေသောဘုရားလောင်းကိုငင်း, ဘုရားလောင်း၏ ကိုယ်တော်မှ ထွက်သော အရောင်တို့ဖြင့် စွဲငြိသည်ဖြစ်၍ ရွှေအဆင်းနှင့် တူသော အဆင်းရှိသော အလုံးစုံသော ပညောင်ပင်ကိုငင်း မြင်လေ၏။ မြင်ပြီး၍ ပြည့်ဝအား ဤသို့သော အကြံဖြစ်၏။

"ယနေ့ အရှင်ရုက္ခစိုးနတ်သည် ငါတို့အရှင်မ၏ ပူဇော်သက္ကာရကို ကိုယ်တိုင် ခံလိုသည် ထင်၏"ဟု ကြံပြီး၍ အိမ်သို့ လျင်စွာလာ၍ "အရှင်မ၊ ယနေ့ ရုက္ခစိုးနတ်မင်းသည် အရှင်မ၏ ပူဇော်သက္ကာရကို ကိုယ်တိုင်ခံလိုဟန်ရှိ၏။ ယခု ပညောင်ပင်ရင်းတွင် ကိုယ်ထင် ပြ၍ နေသည်"ဟု သုဇာတာအား ကြားလျှောက်၏။ သုဇာတာသည် ယုံကြည်သဖြင့် နှစ်လိုဝမ်းမြောက်စွာဖြစ်၍ "အမယ်ပုဏ္ဏာ၊ ယနေ့မှစ၍ အမယ်ပုဏ္ဏာသည် ငါ၏သမီးအရာ ၌တည်လော့"ဟု သမီးအား ဆင်ယင်ခြင်းငှာ လျောက်ပတ်သော တန်ဆာတို့ကို ပေးလေ၏။

ဘုရားဖြစ်အံ့သောနေ့၌ ဘုရားလောင်းအား အဖိုးတစ်သိန်းထိုက်သော ရွှေခွက်ကို ရအံ့သောငှာ အပ်၏။ ထို့ကြောင့် သုဇာတာသည်"ရွှေခွက်၌ နို့ယနာကို ထည့်အံ့"ဟု

စိတ်ကိုဖြစ်စေ၍ အဖိုးတစ်သိန်းထိုက်တန်သော ရွှေခွက်ကို ထုတ်စေ၍ ထိုရွှေခွက်၌ နို့ယနာကို ထည့်စေ၍ ထိုခွက်၌ နို့ယနာချက်သောအိုးကို စောင်း၏။ အလုံးစုံသော နို့ယနာသည် ပဒုမာကြာဖက်မှ ရေပေါက်လိမ့်သကဲ့သို့ လိမ့်၍ ရွှေခွက်၌ တည်လေ၏။ နို့ယနာသည် ရွှေခွက်တစ်ခုပြည့်ရုံမျှသာ ဖြစ်၏။ ထိုရွှေခွက်ကို ရွှေခွက်တစ်လုံးဖြင့်အုပ်၍ ဖြူလှစွာသော ပုဆိုးဖြင့်ရစ်၍ အလုံးစုံသော တန်ဆာဖြင့် မိမိကိုယ်ကို တန်ဆာဆင်ပြီးသော် သမီးပြည့်ဝကိုလည်း တန်ဆာဆင်စေ၍ ထိုနို့ယနာရွှေခွက်ကို သုဇာတာသည် မိမိဦးခေါင်း၌ ရွက်၍ အိမ်ပြည့်ဝကို နောက်လိုက်ခေါ်၍ များမြတ်သော အသေရေ၏ တင့်တယ်ခြင်းဖြင့် ပညောင်ပင်ရင်းသို့ ရှေ့ရှုလာသည်ရှိသော် အဝေးကပင် ပညောင်ပင်ရင်း၌ အရှေ့သို့ မျက်နှာပြု၍နေသော ဘုရားလောင်းကိုဎင်း ဘုရားလောင်းကိုယ်တော်မှ ထွက်သော အရောင်တို့ဖြင့် စွဲငြိသည်ဖြစ်၍ ထွန်းလင်းသော အလုံးစုံသော ညောင်ပင်၌ ရွှေအဆင်းနှင့်တူသော အဆင်းကိုဎင်း မြင်၍ ဝမ်းမြောက်ခြင်း ကြီးစွာဖြစ်လျက် ပညောင်ပင်စောင့်သော ရုက္ခစိုးအမှတ်ဖြင့် မြင်ရာအရပ်မှစ၍ ကိုင်းညွတ်သည်ထက် ကိုင်းညွတ်သဖြင့် လာ၍ အနီးသို့ရောက်သောအခါ၌ ထိုနို့ယနာရွှေခွက်ကို ဦးခေါင်းမှချ၍ အဖုံးကိုဖွင့်ပြီးသော် ရွှေကရားမှ ပန်းနံ့သာဖြင့် ထုံအပ်သော ရေကိုယူ၍ ဘုရားလောင်းသို့ ချဉ်းကပ်၍ ထိုင်၏။

ဃဋိကာရဗြဟ္မာလှူအပ်သော မြေသပိတ်သည် ဤမျှလောက် ပညောင်ပင်အောက်၌ ဆွမ်းခံအခါကိုင့်၍ နေသည်တိုင်အောင် ဘုရားလောင်းကို မစွန့်မူ၍ ထိုသုဇာတာလာသော ခဏ၌သာလျှင် မမြင်ခြင်းသို့ ရောက်သဖြင့် ပျောက်လေ၏။ ဘုရားလောင်းသည် သပိတ်ကို မမြင်သည်ရှိသော် လက်ျာလက်ကို ဆန့်၍ ရေကိုခံ၏။ ရုက္ခစိုးအမှတ်ဖြင့်ပင် လက်တော်၌ရေကို သွင်း၍ ရွှေခွက်နှင့်တကွ နို့ယနာကို ယောက်ျားမြတ်၏လက်၌ ထား၏။ ဘုရားလောင်းယောက်ျားမြတ်သည်လည်း သုဇာတာကို ကြည့်တော်မူ၏။ ထိုသုဇာတာသည် ကြည့်တော်မူသော အခြင်းအရာကို မှတ်၍ "အရှင်နတ်မင်း၊ အကျွန်ုပ်သည် ရွှေခွက်ကို စွန့်အပ်ပြီ၊ အရှင်နတ်မင်းယူ၍ အလိုအလျောက်ကြွတော်မူ"ဟု ဆိုပြီး၍ ၅-ပါးသော ရှိခိုးခြင်းတို့ဖြင့် ရိုသေစွာရှိခိုးပြီး၍ "အရှင်နတ်မင်း၊ အကျွန်ုပ်အား ဇာတ်တူအမျိုး၏ အိမ်သို့ရောက်၍ ပဌမကိုယ်ဝန်၌ သားယောက်ျားကို ရချင်သော နှလုံး၏အလိုသည် ပြည့်သကဲ့သို့ အရှင်နတ်မင်းကြီးတို့အားလည်း အကြင်အလိုသည် ရှိ၏။ ထိုအလိုသည် အပြီးသို့ရောက်စေသတည်း"ဟု အဘိသိက်မြောက်၍ အဖိုးတစ်သိန်းထိုက်သော ရွှေခွက်၌ ဟောင်းလေပြီးသော သစ်ရွက်ကိုကဲ့သို့ ငဲ့ကွက်ခြင်းကင်းသည်ဖြစ်၍ အိမ်သို့ ပြန်လေ၏။

✪✪✪✪✪✪✪✪✪✪✪

## ၅၈။ နေရဥ္စရာမြစ်နားတွင် နို့ယနာဆွမ်းကို ဘုဉ်းပေးတော်မူခြင်း

ဘုရားလောင်းသည် နေရာမှထ၍ ပလ္လောင်ပင်ကို လက်ျာရစ်လည်၍ ရွှေခွက်ကို ယူ၍ နေရဥ္စရာမြစ်နားသို့ သွား၍ အသိန်းမက များစွာကုန်သော ဘုရားလောင်းတို့ သက်ဆင်းရေချိုးရာဖြစ်သော သုပတိဋ္ဌိတ အမည်ရှိသော ဆိပ်သည် ရှိ၏။ ထိုဆိပ်ကမ်းနား၌ နို့ယနာရွှေခွက်ကို ထား၍, သက်၍, ရေချိုး၍ ရဟန္တာတို့တံခွန်ဖြစ်သော သင်္ကန်းကို ဝတ်၍ အရှေ့မျက်နှာသို့ ရှေးရှုထိုင်၍ တစ်စေ့တည်းသီးသော ထန်းသီးမှည့်ပမာဏရှိသော ၄၉-လုပ်တို့ကို ပြု၍ ရေမရှိသော အလုံးစုံသော နို့ယနာကို ဘုဉ်းပေးတော်မူ၏။ ဤသို့ ဘုဉ်းပေးတော်မူသော နို့ယနာသည် ဘုရားအဖြစ်သို့ ရောက်ပြီး၍ ဗောဓိမဏ္ဍလအဝန်း၌ နေတော်မူသော ဘုရားမြတ်အား ၄၉-ရက်တို့ ပတ်လုံးအာဟာရသည် ဖြစ်၏။ ဤ ၄၉-ရက် အတိုင်းအရှည်ရှိသော ကာလပတ်လုံး တပါးသော အာဟာရသည် မရှိ၊ ရေချိုးခြင်း, မျက်နှာသစ်ခြင်း, ကိုယ်လက်သုတ်သင်ခြင်း မည်သည်မရှိ၊ အရဟတ္တဖိုလ် ချမ်းသာဖြင့်သာ လွန်စေ၏။

ထိုနို့ယနာကို ဘုဉ်းပေးတော်မူပြီး၍ ရွှေခွက်ကိုကိုင်၍ "အကယ်၍ ငါသည် ဘုရား ဖြစ်ခြင်းငှာ တတ်နိုင်လတ္တံ့၊ ဤရွှေခွက်သည် အညာသို့ ဆန်စေသတည်း။ ဘုရား ဖြစ်ခြင်းငှာ မတတ်နိုင်လတ္တံ့၊ အောက်သို့ စုန်စေသတည်း" ဤသို့ ဓိဋ္ဌာန်တော်မူ၍ ရွှေခွက်ကို ပစ်လိုက်၏။ ထိုရွှေခွက်သည် ရေအလျဉ်ကိုဖြတ်၍ မြစ်၏အလယ်သို့ သွား၍ မြစ်လယ် အရပ်၌ လျင်ခြင်းနှင့်ပြည့်စုံသော မြင်းကဲ့သို့ငှင်း ဟသ်ာကဲ့သို့ငှင်း အတောင် ၈၀-မျှလောက် မြစ်၏အညာသို့ ဆန်၍ တစ်ခုသော ဝဲ၌ငုပ်၍ ကာဠနဂါးမင်း၏ နေရာအရပ်သို့ သွား၍ ဘုရား ၃-ဆူတို့၏ သုံးဆောင်သော ရွှေခွက်တို့ကို "ကိတ်-ကိတ်" ဟူသော အသံကိုပြုစေ လျက် ခတ်မိ၍ ထိုရွှေခွက် ၃-လုံးတို့၏ အောက်၌ အစဉ်အတိုင်း ၄-ခု မြောက်ဖြစ်၍ တည်လေ၏။ ထိုကာဠနဂါးမင်းသည်လည်း ထို "ကိတ်-ကိတ်"ဟူသော အသံကိုကြား၍ "ယမန်နေ့လည်း ဘုရားတစ်ဆူဖြစ်လေပြီ၊ တစ်ဖန် ယနေ့လည်း ဘုရား တစ်ဆူဖြစ်ပြန်၏" ဟု ဆို၍ တစ်ကြိမ်မက များစွာကုန်သော ချီးမွမ်းခြင်းတို့ဖြင့် ချီးမွမ်းသော စကားကိုဆိုလျက် တည်လေ၏။

[အစဉ်ကြားဖူးသည်ကား ထိုကာဠနဂါးမင်းအား မြေကြီး ၁-ယူဇနာနှင့် ၃-ဂါဝုတ် တက်သော ကာလ၌ တစ်နေ့-ဟူ၍ အထူးရှိသည် ဖြစ်သတည်း။]

✿✿✿✿✿✿✿✿✿✿✿

## ၅၉။ အလောင်းတော် မဟာဗောဓိမဏ္ဍိုင်သို့ ကပ်တော်မူခြင်း

ဘုရားလောင်းသည်လည်း မြစ်ကမ်းနား၌ အလွန်ကောင်းသော အနံ့နှင့်ပြည့်စုံ၍ မင်္ဂလာပန်း-ဟု သမုတ်အပ်သော ပင်လုံးကျွတ်ပွင့်၍ နှလုံးမွေ့လျော်ဖွယ် စိမ်းညိုသော အရောင်ရှိသော အင်ကြင်းတောသ၌ နေ့အဖို့နေခြင်းကိုပြု၍ သမာပတ် ၈-ပါး, အဘိညာဉ် ၅-ပါးတို့ကို ဖြစ်စေ၍ ညချမ်းသောအခါ ပန်းပွင့်တို့၏အညှာမှ ကြွေသောကာလ၌ နတ်တို့သည် တန်ဆာဆင်အပ်သော ၈-ဥသဘရှိသော ခရီးဖြင့် ခြင်္သေ့မင်းသည် တင့်တယ် စံပယ်ခြင်းကဲ့သို့ ကြွသွားတော်မူ၍ နေရဉ္ဇရာမြစ်၏ အညာသို့ ချီးတော်မူ၍ ဗောဓိပင်သို့ ရှေးရှုသွားတော်မူလေ၏။ နဂါး, နတ်, ဂဠုန် အစရှိသည်တို့သည် နတ်၌ဖြစ်သော ပန်း, နံ့သာ အစရှိသည်တို့ဖြင့် ပူဇော်ကုန်၏။ နတ်တို့၏ သီခြင်း, ကခြင်းကို ဖြစ်စေ၍ ၁၀,၀၀၀-သော စကြဝဠာတိုက်သည် တစ်ခဲနက် နံ့သာအတိ, ပန်းအတိ, ကောင်းချီးပေးသော တစ်ခဲနက်အသံ အတိဖြစ်၏။ ထိုအခါ၌ သုဒ္ဓိယ အမည်ရှိသော မြက်ရိတ်သမားသည် မြက်ကိုယူဆောင်၍ ခရီးရင်ဆိုင်ဖြင့် လာသည်ရှိသော် ဘုရားလောင်း၏ အခြင်းအရာကို မြင်၍ သဒ္ဓါကြည်ညိုသဖြင့် ၈-ဆုပ်သော မြက်တို့ကို လှူလိုက်၏။ ဘုရားအလောင်းသည် မြက်ကိုယူ၍ ညောင်ဗုဒ္ဓဟေပင် အဝန်းသို့ ကပ်လျက် ဗောဓိပင်၏ တောင်မျက်နှာအဖို့မှ မြောက်မျက်နှာအရပ်သို့ ရှေးရှုရပ်တော် မူ၏။

[ဤအရာ၌ ဗောဓိမဏ္ဍလ ဟူသည်ကား, ဗောဓိပင်ဝန်းကျင် ၁-ဥသဘမျှသော အရပ်၌ မြေတို့သည် နိမ့်, မြင့်, ရှိုင်းဝှမ်း, ကုန်းကြည်းမရှိ၊ စည်မျက်နှာကဲ့သို့ တိတိညီညွတ်စွာ သာယာ၏။ ပတ်လည်ဝန်းကျင်မှ မြက်ချုံနွယ်တို့သည် လက်ျာရစ်လည်၍ အရှေ့သို့ချည်း အညွန့်နှာမောင်းပြုကုန်၏။ ထိုအရပ်ကို ဗောဓိမဏ္ဍလ-ဟု ဆိုသတည်း။]

ထိုသို့ ရပ်တော်မူသောအခါ၌ တောင်စကြဝဠာ တစ်ခြမ်းသည် အောက်သို့နစ်၍ အဝီစိသို့ ရောက်အံ့သကဲ့သို့ ဖြစ်၏။ မြောက်စကြဝဠာတစ်ခြမ်းသည် အထက်သို့ ထောင်၍ ဘဝဂ်သို့ ရောက်အံ့သကဲ့သို့ ဖြစ်၏။ မြတ်စွာဘုရား အလောင်းတော်သည် "ဤအရပ်သည် သစ္စာလေးပါးတရားကို သိသော ဘုရားအဖြစ်သို့ ရောက်ရာအရပ်သည် မဖြစ်လတ္တံ့" ဤသို့ ကြံတော်မူ၍ လက်ျာရစ်လည်သည်ကို ပြု၍ အနောက်အရပ်မျက်နှာသို့ သွား၍ ညောင်ဗုဒ္ဓဟေ၏ အနောက်မျက်နှာမှ အရှေ့သို့ မျက်နှာ ရှေးရှုပြု၍ ရပ်တော်မူ၏။ ထိုသို့ ရပ်တော်မူသောအခါ၌လည်း အနောက်စကြဝဠာတစ်ခြမ်းသည် အောက်သို့နစ်၍ အဝီစိသို့ ရောက်အံ့သကဲ့သို့ ဖြစ်၏။ အရှေ့မျက်နှာ စကြဝဠာတစ်ခြမ်းသည် အထက်သို့ ထောင်၍ ဘဝဂ်သို့ ရောက်အံ့သကဲ့သို့ ဖြစ်၏။

ဘုရားအလောင်း ယောကျ်ားမြတ် ရပ်ရာအရပ်၌ ဥပမာကား အကွပ်ဝန်း၏ အစွန်း၌ နင်းအပ်သော ပုံတောင်းအချက်၌ တည်သော ကြီးစွာသော လှည်းဘီးစက်ကဲ့သို့ ဤနှစ်သိန်း, လေးသောင်းအထုရှိသော မြေကြီးသည် အောက်သို့ နိမ့်ခြင်း, အထက်သို့ မြင့်ခြင်းသည် ဖြစ်၏။ ဘုရားအလောင်းသည် "ဤအရပ်သည်လည်း သစ္စာ ၄-ပါးတရားကို သိသော ဘုရားအဖြစ်သို့ ရောက်ရာအရပ်သည် မဖြစ်လတ္တံ့"ဟု အောက်မေ့တော်မူ၍ လက်ျာရစ်လည်လျက် မြောက်အရပ်သို့ သွားတော်မူ၍ ညောင်ဗုဒ္ဓဟေပင်၏မြောက်မှ တောင်သို့ မျက်နှာရှေ့ရှု ရပ်တော်မူ၏။ ထိုအခါ၌လည်း မြောက်စကြဝဠာ တစ်ခြမ်းသည် နစ်၍ အဝီစိသို့ ရောက်အံ့သကဲ့သို့ ဖြစ်၏။ တောင်စကြာဝဠာတစ်ခြမ်းသည် ထောင်၍ အထက်ဘဝဂ်သို့ ရောက်အံ့သကဲ့သို့ ဖြစ်၏။

ဘုရားအလောင်းယောကျ်ားမြတ်သည်" ဤအရပ်သည်လည်း ဘုရားအဖြစ်သို့ ရောက်ရာအရပ် မဖြစ်လတ္တံ့"ဟု အောက်မေ့တော်မူ၍ လက်ျာရစ်လည်လျက် အရှေ့အရပ်သို့ သွားတော်မူ၍ ညောင်ဗုဒ္ဓဟေပင်၏ အရှေ့အရပ်မှ အနောက်သို့မျက်နှာ ရှေ့ရှုပြု၍ ရပ်တော်မူ၏။ ထိုအခါ အရှေ့မျက်နှာအရပ်ကား ခပ်သိမ်းသောဘုရားတို့၏ ပလ္လင်တော်တည်ရာ အရပ်ဖြစ်၍ မတုန်မလှုပ် တည်၏။ ဘုရားလောင်းယောကျ်ားမြတ်သည် "ဤအရပ်ကား ခပ်သိမ်းသော ဘုရားတို့၏ မစွန့်ရာအရပ်တည်း။ မတုန်မလှုပ် အမြဲတည်သော အရပ်တည်း။ ကိလေသာကို ချိုးဖွဲ့ဖျက်ဆီးရာ အရပ်တည်း"ဟု သိတော်မူ၍ ထိုသုဒ္ဓိယစေင် လှူလိုက်သော မြက် ၈-ဆုပ်တို့ကို အဖျား၌ကိုင်၍ ကြဲဖြန့်ချတော်မူရာ ထိုခဏ၌ ၁၄-တောင်ရှိသော ပလ္လင်ဖြစ်၏။ ထိုမြက်တို့သည် မြက်၏သဏ္ဌာန်ဖြင့် မတည်ကုန်၊ ထိုမြက်တို့ဖြင့်ဖြစ်သော ပလ္လင်၏ အတုကို တတ်လှစွာသော ပန်းချီသမားသည်၎င်း ပန်းပုသမားသည်၎င်း ရေးအံ့သောငှာ, ထုအံ့သောငှာ မတတ်နိုင်သည် ဖြစ်၏။

✪✪✪✪✪✪✪✪✪✪✪

## ၆၀။ စတုရင်္ဂဝီရိယကို အားထုတ်တော်မူခြင်း

ဘုရားအလောင်း ယောကျ်ားမြတ်သည် ရွှေအင်းပျဉ်၌ စိုက်သော ငွေသည်တိုင်ကဲ့သို့ အတောင် ၅၀-ရှိသော ဗောဓိပင်စည်ကို နောက်မှီတံကဲပြု၍ အရှေ့သို့မျက်နှာ ရှေးရှုပြုလျက် မြဲမြံသော နှလုံးရှိတော်မူသည်ဖြစ်၍ "စင်စစ်လျှင် အရေသည်၎င်း အကြောသည်၎င်း အရိုးသည်၎င်း ကြွင်းစေသတည်း။ ငါ၏ကိုယ်သည်၎င်း အသွေးသည်၎င်း အသားသည်၎င်း ခြောက်ကပ်စေသတည်း။ အကြင် သဗ္ဗညုတဘုရားအဖြစ်သို့ ယောကျ်ားမြတ်တို့၏ အစွမ်းဖြင့်, ယောကျ်ားမြတ်တို့၏လုံ့လဖြင့်, ယောကျ်ားမြတ်တို့၏ အားထုတ်ခြင်း

ဖြင့် ရောက်အပ်၏။ ထိုသဗ္ဗညုတဘုရားအဖြစ်သို့ မရောက်သမျှ မြေကြီးပြောင်းပြန်လန်သော်လည်း လန်စေ၊ ငါ၏ဦးခေါင်းထက်မှ မိုးကြိုးစက်အသိန်းတို့သည် ဝန်းရံ၍ကျသော်လည်း ကျစေကုန်၊ ဤဥရုဝေလတောအလုံးသည် တောမီးထ၍ မီးကျီးစုအတိ ဖြစ်ကုန်သော်လည်း ဖြစ်စေကုန်၊ ဘုရားအဖြစ်သို့ မရောက်သမျှ ဝီရိယကို ငါမလျှော့၊ ဤရွှေပလ္လင်၌ ထက်ဝယ်ဖွဲ့ နေခြင်းကို ငါမဖျက်"ဟူ၍ အင်္ဂါ ၄-ပါးနှင့် ပြည့်စုံသော ဝီရိယကို မြဲစွာဆောက်တည်တော်မူလျက် ပတ္တမြားဖြင့်ပြီးသော ကျောက်ထီးသဖွယ်ဖြစ်သော ဗောဓိခက်တည်းဟူသော ထီးကိုဆောင်းတော်မူလျက် အစပ် ၃-ပါးရှိသော ထက်ဝယ်ဖွဲ့ခွေ၍ စံနေတော်မူ၏။

ထိုဘုရားလောင်းယောက်ျားမြတ်၏ ရွှေအဆင်းနှင့်တူသော သက်န်းတော်၌ ကျကုန်သော ဗောဓိအညွန့်, ရွက်ဖတ်တို့သည် ရွှေပြား၌ထားအပ်သော သန္တာကဲ့သို့ တင့်တယ်ကုန်၏။ ထိုအခါ-

- သိကြားမင်းသည် အတောင် ၁၂၀-ရှိသော **ဝိဇယုတ္တရ** အမည်ရှိသော ခရုသင်းကို မှုတ်လျက်ရပ်၏။ ထိုခရုသင်းသည် တစ်ကြိမ်မှုတ်သည်ရှိသော် မိုး ၄-လပတ်လုံး အသံမဆိတ်သည် ဖြစ်၏။
- **ပဉ္စသိခနတ်သား**သည် ၃-ဂါဝုတ် အတိုင်း အရှည်ရှိသော ဗေလုဝစောင်းကိုတီး၍ ရပ်၏။ **သုယာမနတ်သား**သည် သားမြီးယပ်ကို ကိုင်၍ ရပ်၏။
- **သန္တုသိတနတ်သား**သည် ပတ္တမြားထီးဝန်းကိုကိုင်၍ ရပ်၏။
- **သဟမ္ပတိဗြဟ္မာ**သည် ၃-ယူဇနာရှိသော **ထီးဖြူ**ကို ဆောင်းလျက် ရပ်၏။
- **ကာဠနဂါးမင်း**သည် အရာမက များစွာကုန်သော ကောင်းချီးတို့ဖြင့် ချီးမွမ်းလျက် ရပ်၏။

စကြဝဠာ ၁၀,၀၀၀-၌ နေကုန်သော တပါးသောနတ်တို့သည် အထူးထူးအပြားပြားရှိကုန်သော ကောင်းသော အနံ့ရှိကုန်သော ပန်းဝတ်, ပန်းဆိုင်း, နံ့သာပျောင်း, အခိုးအထုံ, အမှုန့်တို့ဖြင့် ပူဇော်၍ အထောင်မက များစွာကုန်သော ကောင်းချီးပေးခြင်းတို့ကို ဖြစ်စေကုန်လျက် ရပ်ကုန်၏။

[ ဤမျှသော စကားအစဉ်သည်ကား ကပိလဝတ်ပြည်မှ ထွက်တော်မူသည်ကစ၍ ဗောဓိပင်ရင်း ရွှေပလ္လင်ထက် သိကြား, ဗြဟ္မာစသည်တို့ဖြင့် ခြံရံလျက် ထက်ဝယ်ဖွဲ့ခွေနေတော်မူသည် တိုင်အောင်ကို ဆိုသောစကားအစဉ်တည်း။]

✪✪✪✪✪✪✪✪✪✪✪

## ၆၁။ မာရ်စစ်သည်တို့ကို အောင်မြင်တော်မူခြင်း ဗောဓိမဏ္ဍိုင်သို့ မာရ်နတ်စစ်ချီခြင်း

ဤသို့ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်-

- အဘိညာဉ် ၅-ပါးနှင့် ပြည့်စုံတော်မူ၍ အလုံးစုံသော သတ္တလောကကို အောင်ခြင်းငှာ စွမ်းနိုင်သော
- မဖ္ဖိမပုရိသယောက်ျား အရေအတွက် ကုဋေ ၁၀,၀၀၀-တို့၏ အားနှင့်မျှသော နာရာယန ဗိဿနိုးနတ်၏အားကို ဆောင်တော်မူသည်ဖြစ်၍
- ဝသဝတ္တီမာရ်နတ်ကဲ့သို့ အကုဋေ ၁,၀၀၀- မကသော မာရ်နတ်တို့ကို နှိပ်နင်းခြင်းငှာ စွမ်းနိုင်တော်မူသော-

ဘုရားလောင်းယောက်ျားမြတ်သည် သိကြား, ပြဟ္မာ အစရှိသော နတ်တို့ဖြင့် ခြံရံလျက် ဗောဓိမဏ္ဍိုင် ရွှေပလ္လင်၌ ထက်ဝယ်ဖွဲ့ခွေ၍ နေတော်မူသောအခါ "ဝသဝတ္တီမာရ်နတ်သည် ၆-နှစ်ပတ်လုံး နတ်၏အစိုးရခြင်းကို စွန့်၍ ဒုက္ကရစရိယာ ကျင့်သော ဘုရားလောင်း၏ စိတ်ကို မိမိစိတ်ဖြင့် ယူအံ့"ဟု အရိပ်ကဲ့သို့ ဘုရားလောင်းသို့ အစဉ်လိုက်၍ ယုတ်သောအခြင်းအရာကို ကြည့်သော်လည်း ဘုရားလောင်း၏ တစ်စုံတစ်ခု ချွတ်ယွင်းခြင်းကို မမြင်သောကြောင့် မိမိသားဖြစ်သော နတ်သားတစ်ယောက်ကို "ချစ်သား၊ သြက္ကာကရာဇ်မင်းမျိုး၌ဖြစ်သော သိဒ္ဓတ်မင်းသားသည် တောထွက်၍ ဘုရားအဖြစ်ကို ယူအံ့သောငှာ ဤအရပ်သို့ အကြင်အခါ၌ ကပ်လာလတ္တံ့၊ ထိုအခါ၌ သင်သည် ငါ့အား ကြားလာလှည့်"ဟု မာရ်နတ်မင်းသည် မိမိသားတစ်ယောက်ကို အစောင့်ထား၏။ ထိုသားသည် "ယခုအခါ သိဒ္ဓတ်မင်းသား ဘုရားအဖြစ်ကို ယူအံ့သောငှာ ဗောဓိပင်သို့ ကပ်လာပြီ"ဟု အဖဖြစ်သော မာရ်နတ်မင်း၏ အထံသို့သွား၍ ကြားလေ၏။

ထိုအကြောင်းကို မာရ်နတ်မင်း ကြားလျှင် အဖန်တလဲလဲ ဆင်ခြင်သဖြင့် နှလုံးမသာခြင်း ကြီးစွာဖြစ်၍ "ယခုအခါ သိဒ္ဓတ်မင်းသားသည် ငါ၏အလိုကို လွန်ခြင်းငှာ လုံ့လပြု၏။ ထိုသိဒ္ဓမင်းသားအား ငါ၏အလိုကို လွန်ခြင်းငှာ ငါမပေးအံ့"ဟု ကြံပြီးလျှင် မာရ်နတ်စစ်သည် အပေါင်းတို့၏ အထံသို့သွား၍ ထိုအကြောင်းကို မာရ်နတ်စစ်သည်တို့အား ကြား၍ မာရ်နတ်၏ကြွေးကြော်ခြင်းဖြင့် မာရ်နတ်စစ်သည်အပေါင်းကို စည်းဝေးစေ၍ "အချင်းတို့၊ လျင်စွာ, လျင်စွာတက်ကုန်၊ ဖောက်ပြန်သော အလွန်ကြောက်မက်ဖွယ်ရှိသော အသွင်ကို

ဖန်ဆင်း၍ အထူးထူးသော လက်တို့ဖြင့် အထူးထူးသော လက်နက်တို့ကို ကိုင်၍ သည်းစွာတက်သော ရေအလျဉ်၏ကဲ့သို့ လွှမ်းမိုး၍ တက်ကုန်”ဟု မှာဆို၍ မိမိမူကား ယူဇနာ ၁၂၀-အရပ်မြင့်သော ဟိမဝန္တာတောင်ထွတ်နှင့်တူသော အမြင့်ရှိသော ဂိရိမေခလာ အမည်ရှိသော ဆင်ကိုစီး၍ ကိုင်အပ်သော အထူးထူးသော လက်နက်တို့ကို ကိုင်ခြင်းနှင့်တကွ ဖြစ်သော လက်ရုံး ၁၀၀၀-ကို ဖန်ဆင်း၍ မာရ်နတ်စစ်သည်ကို ယူ၍ မိမိနေရာ ဝသဝတ္တီနတ်ပြည်မှ ဘုရားလောင်းရှိရာ ဗောဓိမဏ္ဍိုင်သို့ ရှေးရှုထွက်၏။

မာရ်နတ်မင်း၏ စစ်သည်တို့သည် သန်လျက်, ခက်ရင်း, ပုဆိန်, မြား, လေး, တောင့်, ဆောက်ပုတ်, ကျည်ပွေ့အစရှိကုန်သော အထူးထူးသော လက်နက်တို့ကို ကိုင်၍ ဟင်းလင်းပွင့်ကုန်သော ခံတွင်းတို့ဖြင့် မီးပုံ အဆိပ် အခိုးတောက်ပသော

- မြွေခါးကြိုး, ပန်းဆိုင်းတို့ကိုရင်း
- ဟင်းလင်းသောခံတွင်းတို့၌ စက်ဆုပ်ဖွယ် အမြင်ရှိသော အစွယ်တို့ကိုရင်း
- ဟင်းလင်းသော ခံတွင်းဖြင့် မီးလျှံတို့ကိုရင်း
- အဆင်းမလှကုန်သော အရိုးစုမျှသာ ဖြစ်သော ရုပ်သဏ္ဍာန်တို့ကိုရင်း
- အဖြူ, အနီ အစရှိသော အထူးထူးသော အဆင်းတို့ကိုရင်း ဖန်ဆင်းကုန်၍

တစ်ပါးမက များသော ကြောက်မက်ဖွယ်ရှိသော အသွင်တို့ကို ပြကုန်လျက် တစ်ယောက်သော သူရဲ၏ အမှတ်လက်နက်ကိရိယာနှင့် တစ်ယောက်သောသူရဲ၏ အမှတ်လက်နက်ကိရိယာတို့ကို မတူစေဘဲ အထူးထူးသော လက်နက်ကိရိယာတို့ကို ကိုင်ကုန်သည် ဖြစ်၍ အထူးထူးသော အဆင်းရှိကုန်သည်ဖြစ်၍ အထူးထူးသော ခံတွင်းရှိကုန်သည် ဖြစ်၍ ဗောဓိမဏ္ဍိုင်၌နေသော ဘုရားလောင်းကို လွှမ်းမိုးကုန်လျက် လာကုန်၏။

ထိုမာရ်မင်း၏ စစ်သည်တို့သည် မာရ်မင်း၏အရှေ့ဖို့မှ ၁၂-ယူဇနာရှိကုန်၏။ လက်ျာမှ ၁၂-ယူဇနာရှိကုန်၏။ လက်ဝဲမှ ၁၂-ယူဇနာရှိကုန်၏။ နောက်မှကား စကြဝဠာ တံတိုင်းကို အဆုံးပြု၍ တည်ကုန်၏။ အထက်မှာကား ၉-ယူဇနာအစောက်ရှိသော ပဲ့တင်ထပ်သော အကြင်စစ်သည်အပေါင်းတို့၏ ပဲ့တင်သံသည် ယူဇနာ ၁၀၀၀-မှစ၍ မြေပြိုသောအသံကဲ့သို့ ကြား၏။ ထိုမာရ်စစ်ရောက်အံ့သည်ကိုလည်း “ယခုအခါ၌ မာရ်စစ် ရောက်လတ္တံ့ သည်”ဟု မရောက်မီ ရှေးဦးစွာက မကောင်းသော အကျိုးပေးခြင်း ရှိကုန်သော တစ်ပါးမက များသော သဘောရှိကုန်သော မကောင်းသော နိမိတ်တို့သည် ထင်ရှားဖြစ် ကုန်၏။

[ ဘုရားအလောင်းတော် သိဒ္ဓတ်မင်းသားအား မာရ်နတ်စစ်သည်ရောက်လိုလတ်သော်

- အထောင်သော ဥက္ကာတို့သည် ကျကုန်၏။
- ကြောက်မက်ဖွယ်သော အမိုက်တိုက်တို့သည် ဖြစ်ကုန်၏။
- စိတ်မရှိသောမြေကြီးသည် စိတ်ရှိသကဲ့သို့ တုန်လှုပ်၏။
- သမုဒ္ဒရာတို့သည် အလျှံထွက် ကုန်၏။
- မြစ်ရေတို့သည် အညာသို့ဆန်ကုန်၏။
- တောင်ထွတ်တို့သည် အထူးထူးသော သစ်ပင် အပေါင်းတို့ကို ချိုးဖြတ်ကုန်လျက် မြေကြီး၌ ကျကုန်၏။
- ကြမ်းကြုတ်စွာသော လေသည် ထက်ဝန်းကျင်မှ လာ၏။
- တော်လည်းသော အသံသည် များစွာဖြစ်၏။
- ကြောက်မက်ဖွယ်သော အမိုက်ဖြစ်၍ အလင်းသည်ကွယ်၏။ ကောင်းကင်ပြင်၌
- ကြီးစွာသော အရပ်သည် သွား၏။

ဤသို့ အပြားရှိသော ကောင်းကင်ပြင်၌ဖြစ်သော မြေ၌ဖြစ်သော မကောင်းသော အကျိုးကိုပေးတတ်သော မကောင်းသောနိမိတ်သည် မာရ်စစ်ရောက်လတ္တံ့သောအခါ၌ ထက်ဝန်းကျင်မှ ဖြစ်ကုန်၏။]

- ထိုမြေပြိုသကဲ့သို့သော အသံကိုကြား၍ငင်း ထိုတိတ်နိမိတ်တို့ကို မြင်၍ငင်း သိကြား အစရှိသောသူတို့တွင် တစ်စုံတစ်ယောက်သောသူသည်မျှလည်း ရပ်တည်ခြင်းငှာ မတတ်နိုင်ကုန်။ မိမိ, မိမိတို့၏ မျက်နှာပြုရာအရပ်ဖြင့်သာလျှင် ပြေးလေကုန်၏။
- သိကြားမင်းသည် ဝိဇယုတ္တရ ခရုသင်းကို ကျောက်၌လွယ်လျက်ပြေး၍ ဤစကြဝဠာတံတိုင်းမျက်နှာဝအနား၌ ရပ်၍မျှော်၏။
- သဟမ္ပတိ ဗြဟ္မာမင်းသည် ထီးဖြူကို အထွတ်၌ကိုင်၍ ဗြဟ္မာ့ပြည်သို့သာ ပြေးလေ၏။
- ကာဠနဂါးမင်းသည် ကခြေသည်နဂါးမတို့ကို စွန့်၍ မြေ၌ငုပ်၍ ယူဇနာ ၅၀၀- အဝန်းကျယ်သော မဉ္စိယကနဂါးပြည်သို့ ပြေး၍ မိမိဗိမာန်တွင်း၌ လက်ဝါးဖြင့် ခံတွင်းကိုပိတ်လျက် အိပ်လေ၏။

၁၀,၀၀၀-သော စကြဝဠာမှလာ၍ ကောင်းချီးပေးလျက် နေကုန်သော နတ်တို့သည်လည်း မိမိတို့မျက်နှာပြုရာ အရပ်ဖြင့် ပြေးလေကုန်၍ စကြဝဠာ **မျက်နှာအဝနား၌** ရပ်လျက် ဘုရားအလောင်းကို မျှော်ကြည့်ကုန်သော် ဘုရားလောင်းကို သတ်လိုသဖြင့် လာသော မာရ်စစ်သည်အပေါင်းကို မြင်ကုန်၍ ဘုရားလောင်းအား အစဉ်သနားကုန်သဖြင့် "အလွန်ချစ်ဖွယ်ရှိသော ရှင်သိဒ္ဓတ်ဘုရားလောင်းသည် မသေပါစေသတည်း"ဟူသော အသံကို ပြုကုန်၏။

## အလောင်းတော်ကို မာရ်နတ်ခြိမ်းခြောက်ခြင်း

ဘုရားလောင်းယောက်ျားမြတ်သည်ကား ဆိတ်ငြိမ်သော ပြဟ္မာမင်း၏ ဗိမာန်၌ ပြဟ္မာကြီးကဲ့သို့ တစ်ယောက်အထီးတည်းသာလျှင် နေ၏။ ထီးလှိုင်ကာငှက်တို့၏ အလယ်၌ ဂဠုန်မင်းကဲ့သို့ငှင်း အခြေ ၄-ချောင်းရှိသော သားတို့၏အလယ်၌ ကေသရာဇာ ခြင်္သေ့မင်းကဲ့သို့ငှင်း ခပ်သိမ်းသော မာရ်စစ်သည်တို့သည်၏အလယ်၌ တင့်တယ်တော်မူသည်ဖြစ်၍ တစ်ယောက်တည်း နေတော်မူ၏။ **ဝသဝတ္တီမာရ်နတ်မင်းသည်လည်း** စစ်သည်အပေါင်းခြံရံလျက် လွှမ်းမိုးသကဲ့သို့ လာ၍ ဗောဓိမဏ္ဍိုင်အနီးသို့ ရောက်လတ်သော် ရဲရဲ, ပြောင်ပြောင်တောက်သော သံခဲတွေကို ယင်အပေါင်းတို့ မချဉ်းကပ်ဝံ့သကဲ့သို့ တစ်ဥသဘ ပမာဏရှိသော ဗောဓိပင်အဝန်းသို့ မဝင်ဝံ့ကုန်သည်ဖြစ်၍ အဝေးမှရပ်၏။ မာရ်စစ်သည် အပေါင်းတို့သည် မာရ်နတ်မင်း၏ အခြင်းအရာကို ကြည့်မျှော်လျက် ထက်ဝန်းကျင်မှ ခြံရံ၍ တည်ကုန်၏။ ထိုအခါ မာရ်နတ်သည် မိမိစစ်သည် အပေါင်းတို့ကို ဤသို့ဆို၏။ "အမောင်စစ်သည်သူရဲအပေါင်းတို့၊ သုဒ္ဓေါနမင်း၏သားဖြစ်သော သိဒ္ဓတ်မင်းသားနှင့်တူ၍ ရဲရင့်မြင့်မြတ်သော တပါးသော ယောကျ်ားမည်သည်မရှိ၊ ငါတို့သည် ထိုမင်းသား၏ ရှေ့တူရူမှ စစ်ထိုးခြင်းကို ပေးအံ့သောငှာ မတတ်နိုင်ကုန်၊ နောက်အဖို့မှနေ၍ စစ်ထိုးခြင်းကို ပေးကုန်အံ့"ဟူ၍ ဆို၏။

ထိုအခါ ဘုရားလောင်းယောက်ျားမြတ်သည် လက်ဝဲ, လက်ျာ, ရှေ့တူရူအားဖြင့် အရပ် ၃-ပါးကို ကြည့်တော်မူသော် သိကြား, ပြဟ္မာအစရှိသော နတ်တို့၏ ပြေးလေကုန်ပြီသည်၏ အဖြစ်ကြောင့် အလုံးစုံဆိတ်သော အရပ်မျက်နှာတို့ကို မြင်တော်မူ၏။ တဖန်မြောက်မျက်နှာအရပ်သို့ ကြည့်တော်မူသော် လွှမ်းမိုး၍လာသော မာရ်စစ်သည်ကို သာမြင်တော်မူ၍-

"ဤမျှလောက် အတိုင်းအရှည်ရှိသော ဤသူအပေါင်းသည် ငါတစ်ယောက်တည်းကိုသာ ရည်မှတ်၍ ကြီးစွာသော လုံ့လကို ပြုကုန်၏။ ယခု ဤအရပ်၌ ငါ၏မယ်တော် သိရိမဟာမာယာသည်ငှင်း ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည်ငှင်း ညီတော် နန္ဒမင်းသားသည်ငှင်း နှမတော် ဇနပဒကလျာဏီသည်ငှင်း မြောက်သားတော် ယသောဓရာသည်ငှင်း သားတော်ရာဟုလာသည်ငှင်း မရှိ၊ ဆိုအပ်ပြီးသည်မှ တပါးသော တစ်စုံတစ်ယောက်သော ဆွေမျိုးသားချင်းမည်သည်မျှလည်း တိုင်ပင်ကြံစည်ကောင်းသော သူသည်မရှိ၊ ငါသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဖြည့်ဆည်းပူးအပ်သော ဒါန, သီလ အစရှိသော ၁၀-ပါးသော ပါရမီတို့သည်သာလျှင် ငါ့အား ရှည်စွာသော နေ့, ညဥ့်ပတ်လုံး သား, မြေး, ကျေးကျွန်, အခြွေအရံနှင့် တူကုန်၏။ ထို့ကြောင့် ပါရမီ ၁၀-ပါးကိုသာလျှင် ရဲမက်လက်နက်ကိုင် ဗိုလ်ပါပြု၍ ပါရမီတည်းဟူသော ဓားလက်နက်ဖြင့်သာလျှင် ခုတ်ထစ်ထိုးဖြတ်၍ ဤမာရ်၏ စစ်သည်ဗိုလ်ပါတို့ကို ငါသည် ဖျက်ဆီးအံ့သောငှာ အပ်၏"-

ဟုကြံတော်မူ၍ ၁၀-ပါးသော ပါရမီတို့ကို ဆင်ခြင်တော်မူလျက် အရှေ့သို့မျက်နှာပြုအပ်သော မျက်နှာတော်သည် တပါးသောအရပ်သို့ တစ်ဆံဖျားမျှ တိမ်းပါးခြင်းကို မဖြစ်စေဘဲ ရဲမြတ်သော နှလုံးဖြင့် နေတော်မူ၏။ ထိုအခါ မာရ်နတ်သားသည်" စကားဖြင့်သာ ခြိမ်းခြောက်၍ သိဒ္ဓတ်မင်းသားကို ပြေးစေအံ့"ဟု ကြံလျက် မိမိစစ်သည် သူရဲအပေါင်းကို ကြည့်၍ "အချင်းတို့၊ လာကုန်လော့၊ အဘယ်ကြောင့် ယခုတိုင် မလှုပ်မယှက် နေကြသနည်း။ သိဒ္ဓတ်မင်းသားကို ဖမ်းကုန်လော့၊ နှောင်ဖွဲ့ကုန်လော့၊ လက်ကို ဖြတ်ကုန်လော့၊ ခြေကို ဖြတ်ကုန်လော့၊ ခေါင်းကို ဖြတ်ကုန်, နားကို လှီးကုန်, ပါးကို ဖောက်ကုန်လော့၊ မပြေးစေကုန်လင့်၊ လုံအောင်ဆီးကြကုန်" ဟူ၍ ဟစ်၏။

ထိုမာရ်နတ်သည် ကာမာဝစရနတ်ပြည် ၆-ထပ်ကို အစိုးရ၏။ တရံတခါ ပြဟ္မာပါရိသဇ္ဇာဘုံ၌ ပြဟ္မာတို့၏ ကိုယ်ထဲသို့ပင် ဝင်ငုပ်ခြင်းငှာ စွမ်းနိုင်သော တန်ခိုးရှိသည်ဖြစ်၍ "နတ်လူအပေါင်းတို့ထက် ငါသည် ကြီးမြတ်၏"ဟု မှတ်လျက် ဤသိဒ္ဓတ်မင်းသားသည် လူမိန်းမ၏ဝမ်း၌ သုက်သွေး-ဟု ဆိုအပ်သော ကလလရေကြည်၌ ပုပ်သောအသားဝယ်ဖြစ်သော ပိုးလောက်ကဲ့သို့ဖြစ်လျက် "ဤရဟန်းသည် မရှက်တကား၊ မိမိ၏ အတိုင်းအရှည်ကိုမျှ မသိတကား၊ ငါ၏ရှေးရှုအရပ်၌ ထိုင်၍ မကြောက်မလန့် မထဘဲ နေဝံ့စွာ၏တကား"ဟူ၍ ဟစ်ကြော်ကဲ့ရဲ့၏။ ထိုသို့ ဟစ်ကြော်ကဲ့ရဲ့သော်လည်း ကြားတော်မမူသကဲ့သို့ ၁၀-ပါးသော ပါရမီကိုသာ ဆင်ခြင်၍ နေတော်မူ၏။ ထိုရောအခါ မာရ်နတ်သားသည် သိဒ္ဓတ်မင်းသားကို "လေဖြင့်သာလျှင် ပြေးစေအံ့"ဟုကြံ၍ တစ်ပြိုင်နက်တည်းသော ခဏ၌

- အရှေ့မျက်နှာမှ အနောက်သို့ လာသောလေ, - တောင်မှ မြောက်သို့ လာသောလေ,
- အနောက်မှ အရှေ့သို့ လာသောလေ, - မြောက်မှ တောင်သို့ လာသောလေ-
တည်းဟူသော **ဝေရမ္ဘလေ**တို့ကို ထစေ၏။

## မာရ်နတ် ထိုးစစ်ဆင်ခြင်း

ထိုဝေရမ္ဘလေတို့သည် ယူဇနာခွဲ, ၁-ယူဇနာ, ၂-ယူဇနာ အတိုင်းအရှည်ရှိသော တောင်ထွတ်တို့ကို ထက်ခြမ်းကွဲစေ၍ တောခြုံသစ်ပင် အစရှိသည်တို့ကို အမြစ်ဖွားဖွားပေါ် စေလျက် ထက်ဝန်းကျင်၌ ရွာကြီး, ရွာငယ်, နိဂုံးတို့ကို မှုန့်မှုန့်ညက်ညက် ကြေစေခြင်းငှာ စွမ်းနိုင်သော်လည်း ဘုရားလောင်း၏ အာနုဘော်ကြောင့် ကင်းသော အာနုဘော်ရှိသည်ဖြစ်၍ ဘုရားလောင်းထံသို့ ရောက်လျှင် သင်္ကန်းတော်စွန်းကိုမျှ လှုပ်စေခြင်းငှာ မတတ်နိုင်ကုန်။

မာရ်နတ်လည်း သိဒ္ဓတ်မင်းသားသည် လေပြင်းလာရာတွင် ပါလေပြီလော"ဟု ကြည့်သော် ကျောက်သည်တိုင်ကဲ့သို့ ခိုင်ခံ့စွာနေတော်မူသော ဘုရားလောင်းကို မြင်သဖြင့် နှလုံးမသာ ခြင်းသို့ ရောက်သည်ဖြစ်၍ "သိဒ္ဓတ်မင်းသားကို မိုးရေတွင် နစ်၍ သေစေအံ့"ဟု ကြံလျက် မိုးကြီးစွာ ရွာစေ၏။ တန်ခိုးအားဖြင့် အလွှာ-၁၀၀, အလွှာ ၁,၀၀၀-စသည် အပြားရှိကုန်သော တိမ်တိုက်တို့သည် တက်ကုန်၍ မိုးကြီးစွာ ရွာကုန်၏။ မိုးရေအလျဉ်၏ အဟုန်ဖြင့် မြေကြီး တို့သည် ကွဲကုန်၏။ တောင်, တော, သစ်ပင် အစရှိသည်တို့၏ အထက်အဖို့ဖြင့် မိုးကြီး တို့သည် လာကုန်သော်လည်း ဘုရားလောင်း သင်္ကန်းတော်၌ ဆီးနှင်းပေါက်မျှ စွတ်စိမ့် သောငှာ မတတ်နိုင်ကုန်။

ထို့နောက် **ကျောက်ခဲမိုး**ကို ရွာစေ၏။ ကြီးစွာသော တောင်ထွတ်တို့သည် အခိုးထွက်ကုန် အလျှံတောက်ကုန်လျက် ကောင်းကင်ဖြင့် လာကုန်၍ မြတ်စွာဘုရားထံသို့ ရောက်လျှင် နတ်ပန်းဆိုင်း, နတ်ပန်းကုံးတို့သည် ဖြစ်ကုန်၏။

ထို့နောင်မှ **လက်နက်မိုး**ကို ရွာစေ၏။ ၁-ဖက်အသွားရှိသော သန်လျက်, ၂-ဖက် အသွားရှိသော သန်လျက်, လှံ, သင်မုန်း အစရှိသည်တို့သည် အခိုးထွက်ကုန်, အလျှံတောက် ကုန်လျက် ကောင်းကင်ဖြင့် လာလတ်၍ ဘုရားလောင်းအထံသို့ ရောက်သည်ရှိသော် နတ်ပြည်၌ဖြစ်သော မုလေး, စကား, ချရား အစရှိသော ပန်းတို့သည် ဖြစ်ကုန်၏။ "သိဒ္ဓတ် မင်းသားသည် ဓားလက်နက်တို့ဖြင့် ခုတ်မိ၍ သေလေပြီလော"ဟု မာရ်နတ်ကြည့်လျှင် စန္ဒကူးနံ့သာမှုန့်ဖြစ်၍ ခြေတော်ရင်း၌ ကျသည်ကို မြင်လေ၏။

ထို့နောင် သဲမိုးကို ရွာစေ၏။ အလွန်သေးဖွဲ့သိမ်မွေ့လှသော သဲတို့သည် အခိုးထကုန်, အလျှံတောက်ကုန်လျက် ကောင်းကင်ဖြင့်လာ၍ ဘုရားလောင်းအထံသို့ ရောက်သည်ရှိသော် ခြေတော်ရင်း၌ နတ်ပန်းဝတ်မှုန်ဖြစ်၍ ကျကုန်၏။

ထို့နောင် ညွန်ပျောင်းမိုးကို ရွာစေ၏။ ထိုညွန်ပျောင်းမိုးသည် အခိုးထွက် အလျှံတောက်ကုန်လျက် ကောင်းကင်ဖြင့်လာ၍ ဘုရားအလောင်းထံသို့ ရောက်သည်ရှိသော် ခြေတော်ရင်း၌ နတ်တို့၏ နံ့သာပျောင်းဖြစ်၍ ကျ၏။

ထို့နောင် မီးကျီးစုမိုးကို ရွာစေ၏။ ပေါက်ပွင့်အဆင်းရှိသော မီးကျီးစုတို့သည် ကောင်းကင်ဖြင့်လာကုန်၍ ဘုရားလောင်း၏ ခြေတော်ရင်း၌ နတ်ပန်းဖြစ်၍ ဖရိုဖရဲကြကုန်၏။ မီးကျီးစုမိုးကား လက်နက်မိုး၏ နောက်၌လာသည်။

ထို့နောင်မှ "အမိုက်တိုက်ဖြင့် သိဒ္ဓတ်မင်းသားကို ကြောက်၍ ပြေးစေအံ့"ဟု အမိုက်တိုက်ကို ဖြစ်စေ၏။ ဘုရားလောင်းယောက်ျားမြတ်သည် ထိုအမိုက်တိုက်ကို မွေးတွင်းတော် အရေအတွက်ဖြင့် ကိုယ်တော်မှ ရောင်ခြည်တော်ကိုလွှတ်လျက် ပျောက်စေ၍ အထောင်မက တက်သကဲ့သို့ တစ်ခဲနက် အလင်းကို ဖြစ်စေ၏။

ထို့နောင်မှ ကြီးစွာသော ဥက္ကာကို ပျံစေ၏။ ထိုဥက္ကာမှ အခိုးတို့သည် ထွက်ကုန်၏။ ကောင်းကင်သည် ပြင်းစွာထစ်ကြိုးမြည်ဟည်း၏။ မိုးကြိုးစက်အထောင်တို့သည် ကျကုန်၏။

မာရ်နတ်သည် ဤမျှလောက် စစ်ထိုးခြင်းဖြင့် ဘုရားအလောင်းအား စိုးစဉ်းမျှ ကြောက်ထိတ်လန့်ခြင်းကို ပြုအံ့သောငှာ မတတ်နိုင်သည်ဖြစ်၍" အချင်းတို့ အဘယ်ကြောင့် ဤကဲ့သို့ ကြာမြင့်စွာ နေကြကုန်သနည်း၊ သိဒ္ဓတ်မင်းသားကို ဖမ်းကုန်လော့၊ ဆီးကုန်လော့၊ နှောင်ဖွဲ့ကုန်လော့၊ ဦးခေါင်းကို ဖြတ်ကုန်လော့၊ ရင်ကို ခွဲကုန်လော့၊ မလွတ်စေကုန်လင့်၊ မပြေးစေကုန်လင့်"ဟု မိမိစစ်သည်သူရဲတို့ကိုဆို၍ မိမိလည်း ယူဇနာ ၁၂၀-မြင့်သော ဂိရိမေခလာဆင်၏ လည်ကုပ်၌ နေလျက် စက်လက်နက်ကို ကိုင်၍"သိဒ္ဓတ်မင်းသား၏ ဦးခေါင်းကို ဖြတ်အံ့"ဟု စက်လက်နက်ဖြင့် ပစ်၏။

ထိုစက်လက်နက်၏ တန်ခိုးအာနုဘော်ကား မာရ်နတ်အမျက်ပြင်းစွာထွက်၍ မြေ၌ စက်လက်နက်ဖြင့် ပစ်သည်ရှိသော် ၁၂-နှစ်ပတ်လုံး မြေ၌ မြက်သည် မပေါက်ရောက်နိုင်၊ ကောင်းကင်၌ ပစ်သည်ရှိသော် ၁၂-နှစ်တိုင် မိုးတစ်ပေါက်မျှ မကျနိုင်၊ မြင်းမိုရ်တောင်ထိပ်သို့ လွှတ်သော် ယူဇနာ နှစ်သိန်း , ငါးသောင်း, နှစ်ထောင် အဝန်းလုံးပတ်ရှိသော မြင်းမိုရ်တောင်မင်းသည် ၂-ဖြာကွဲလျက် မြေ၌ကျရာ၏။ ထိုစက်လက်နက်သည် ကောင်းကင်မှ

မိုးကြိုးစက်ကျသကဲ့သို့ ပြင်းစွာထစ်ကြိုးလျက် လာလတ်၍ မာရ်နတ်သား၏ မာရ်စစ်ကို နှိပ်နှယ်ပယ်ဖျက်ခြင်းကိုပြု၍ ဘုရားလောင်း၏ ခြေတော်ရင်း၌ ခြေသုတ်ကြိုးဝန်းကဲ့သို့ ဖြစ်၍ ကျလေ၏။

မာရ်နတ်၏ စစ်သည်သူရဲအပေါင်းသည်လည်း "ယခုအခါ သိဒ္ဓတ်မင်းသားသည် ပလ္လင်မှဆင်း၍ ပြေးလတ္တံ့"ဟု ထင်မှတ်ကုန်၍ တစ်ပါးမက များလှစွာသော အခြင်းအရာ ရှိသော ကြောက်မက်ဖွယ်တို့ကို ပြကုန်၏။ ကြီးစွာသော ကျောက်တောင်ထွတ်တို့ကို ဖြိုခွဲဖဲ့ချိုး၍ လွှတ်ကုန်၏။ အလုံးစုံသော ကြောက်မက်ဖွယ်တို့ကို ဘုရားလောင်း ယောက်ျားမြတ်သည် မေတ္တာတော်၏အစွမ်းဖြင့် ငြိမ်းစေ၏။ ကျောက်တောင်ထွတ်တို့သည် ခြေတော်ရင်း၌ ပန်းဆိုင်း, ပန်းကုံးဖြစ်၍ ကျကုန်၏။ ထိုအခါ၌ မာရ်နတ်မင်းသည် ကိုင်အပ်သောဝတ္ထု တစ်စုံတစ်ရာ မမြင်သည်ဖြစ်၍ ပြင်းစွာထွက်သော အမျက်၏အဟုန်ဖြင့် "သိဒ္ဓတ်မင်းသားကို ဂိရိမေခလာဆင်ဖြင့်သာ တိုက်ဝှေ့၍ တွန်းချအံ့"ဟု လက်တစ်ဖက်ဖြင့် မြားတစ်စင်းကို ကိုင်၍ ဝန်းဝန်းလည်စေလျက် ဘုရားလောင်းသို့ ချဉ်းကပ်၏။

ယောက်ျားမြတ်၏ မေတ္တာပါရမီတော်၏ အာနုဘော်ကြောင့် အနီးသို့ရောက်သော အခါ ဂိရိမေခလာဆင်သည် မြေတွင် ပုဆစ်တုပ်ဝပ် ဦးချလျက် ဦးခေါင်းကို မြေ၌စိုက်၍ နေ၏။ မာရ်နတ်မင်းလည်း ဆင်၏ဦးခေါင်းမှ လျှောကျသဖြင့် မြေ၌တည်လေ၏။ မာရ်နတ် စစ်လာ၍ စကြဝဠာတံတိုင်းနားသို့ ပြေးလေသောနတ်တို့သည် စကြဝဠာမျက်နှာဝနား၌ မတ်တတ်ရပ်ကုန်လျက် လည်ကိုဆန့်၍ ဘုရားလောင်းကို မျှော်၍, မျှော်၍ ကြည့်ကုန်လျက် "အို-နတ်များတို့၊ သိဒ္ဓတ်မင်းသားကိုယ်သည် အဆင်းလှပစွာတကား၊ မာရ်နတ်သည် အဘယ်ကဲ့သို့ ပြုလေလတ္တံ့နည်း" ဤသို့ ဆိုကုန်လျက် မျှော်၍ ကြည့်ကုန်၏။

## သက်သေစစ်ဖြင့် တိုက်ပြန်ခြင်း

ထိုဆင်မှ လျှောကျသော မာရ်နတ်သည် မိမိစစ်သည်သူရဲတို့၏ အထံမှ ရှက်ခြင်း ကြီးစွာဖြစ်၍ "ပြေးရသော် ကောင်းအံ့"ဟု ကြံပြီးမှ "ငါ့အား သက်သေဖော်ပြလျှင် သက်သေခံမည့်သူ များစွာရှိ၏။ သိဒ္ဓတ်မင်းသားမှာ တစ်စုံတစ်ယောက်မျှ မရှိ၊ သိဒ္ဓတ်မင်းကို လက်နက်ဖြင့် စစ်ထိုး၍ မအောင်နိုင်သော်လည်း သက်သေဖြင့် အောင်စေအံ့"ဟု ရှက်ဆေးချေလို၍ "သိဒ္ဓတ္ထ၊ ဤပလ္လင်မှ သင်သည် ထ၍ သွားလော့၊ ဤပလ္လင်သည် သင်အား မရောက်၊ ဤညောင်ဗုဒ္ဓဟေပင်အောက် ပေါက်သော ပလ္လင်သည် ငါ့အားသာ ရောက်၏" ဟု ဆို၏။ ထိုစကားကို ကြားတော်မူသောအခါ၌ ဥပမာကား- သား, သမီးတို့၌ အလွန်သနား

တတ်သော အဖသည် မိမိခြေရင်း၌ ကစားသော မလိမ်မာသော သားငယ်ကို လက်ဖြင့်ရင်း ခြေဖြင့်ရင်း ခတ်မိ၍ တစ်စုံတစ်ခု ဖောက်ပြန်သော အမှုပြုသည်ကိုရင်း ဖောက်ပြန်သော စကားဆိုသည်ကိုရင်း သား၏ ချစ်ခြင်းဖြင့် နှစ်သက်သည်ဖြစ်၍ လည်ကိုဖက်၍ ရင်ခွင်ထက်၌သာ အိပ်စေ၏။

တစ်စုံတစ်ခုသော ရန်ငြိုးကို မဖွဲ့သကဲ့သို့ ထိုအတူ ဘုရားလောင်းယောက်ျားမြတ်သည်လည်း ထိုယုတ်မာသော အလိုရှိသော မာရ်နတ်သည် ပြုမူအပ်သော အလုံးစုံကို သည်းခံတော်မူလျက် အဏုမြူခန့်မျှ နှလုံးမသာခြင်းကို မပြုမူ၍ ချစ်တတ်သောအဖသည် ချစ်သောစိတ်ဖြင့် သားကို ကြည့်သကဲ့သို့ သနားခြင်းနှင့်ပြည့်စုံသော ယောက်ျားမြတ်သည် မေတ္တာတည်းဟူသော စိတ်ကိုဖြစ်စေ၍ မကြောက်မရွံ့ ခြင်္သေ့၏ နေခြင်းဖြင့် နေတော်မူလျက် ရွှင်သောမျက်စိဖြင့် မာရ်နတ်ကို ကြည့်တော်မူ၍ ခြင်္သေ့၏အသံနှင့်တူသော အသံကို မြွက်တော်မူ၍ "ကာမာဝစရနတ်ပြည် ၆-ထပ်ကို အစိုးရသော မာရ်နတ်မင်း၊ ဤပလ္လင်ကို ရလိုသဖြင့်

သင်မာရ်နတ်သည် ၁၀-ပါးသော အယုတ်ဖြစ်သော ဤပါရမီကိုလည်း မဖြည့်အပ်၊

အလတ်ဖြစ်သော ၁၀-ပါးသော ပါရမီကိုလည်း မဖြည့်အပ်၊

အမြတ်ဖြစ်သော ၁၀-ပါးသော ပါရမီကိုလည်း မဖြည့်အပ်၊

ဓနပရိစ္စာဂ, ပုတ္တပရိစ္စာဂ, ဘရိယပရိစ္စာဂ, အင်္ဂပရိစ္စာဂ, ဇီဝိတပရိစ္စာဂ တည်းဟူသော စွန့်ခြင်းကြီး ၅-ပါးကိုလည်း သင်မာရ်နတ်မင်းသည် မစွန့်အပ်၊

လူ ၃-ပါးတို့၏ အကျိုးစီးပွားအလို့ငှာ ကျင့်ခြင်းဟူသော **လောကတ္ထစရိယ,** ဆွေမျိုးတို့၏ အကျိုးငှါ ကျင့်ခြင်းဟူသော ဉာတတ္ထစရိယ, ဘုရားဖြစ်ခြင်း အကျိုးငှာ ကျင့်ခြင်းတည်းဟူသော ဗုဒ္ဓတ္ထစရိယ၊ ဤစရိယ ၃-ပါးတို့ကိုလည်း သင်မာရ်နတ်သည် မကျင့်အပ်တကား၊ သင့်အား ဤပလ္လင်သည် မရောက်၊ ဤပလ္လင်သည် ငါ့အားသာ ရောက်၏"ဟု ဆိုတော်မူ၏။

ထိုအခါ မာရ်နတ်က " သိဒ္ဓတ္ထ၊ အဘယ့်ကြောင့် ငါ၏ပလ္လင်၌ ကြာမြင့်စွာနေသနည်း။ ထ၍သွားလေ၊ ငါလည်း ဤပလ္လင်ကို ရလို၍ အလှူပေး၏။ သီလကို ဆောက်တည်၏။ စရိယကို ကျင့်၏။ ဤပလ္လင်ကိုသာ မဟုတ်၊ နတ်ပြည် ၆-ထပ်နှင့်တကွ အလုံးစုံသော လောကကိုပင် ငါပိုင်၏"ဟူ၍ ဆို၏။ ဘုရားအလောင်းယောက်ျားမြတ်လည်း " မာရ်နတ်၊ သင်သည် ငါ့ကို မပိုင်ရလတ္တံ့ သင်၏အလိုသို့ ငါကိုမလိုက်စေနိုင်လတ္တံ့၊ ဤယခုအခါ၌ ငါသည်

ဤအပရာဇိတ သူတစ်ပါးတို့လုရ၍ မအောင်အပ်သော ပလ္လင်၌ နေ၍ ကိလေသာတို့ကိုကုန်စေလျက် ဘုရားဖြစ်၍ များစွာသော လူအပေါင်းကို သံသရာဝဋ်မှကယ်အံ့၊ သင်သည် ငါ့ကိုတားမြစ်သောငှာ မတတ်နိုင်လတ္တံ့၊ ဤပလ္လင်သည် သင်၏ အရာမဟုတ်၊ ငါ၏အရာသာ ဤအပရာဇိတပလ္လင်မှ ငါ့ကို ထစိမ့်သောငှာ အကြင်အခြင်းဖြင့် မပြုနိုင်လတ္တံ့၊ ထိုအခြင်း အရာဖြင့် ငါသည် ကောင်းမှု၏ အစွမ်းဖြင့် ပြုလတ္တံ့၊ ဤပလ္လင်သည် သင်၏ပလ္လင်ဆိုသော် ဤပလ္လင်ကို အလိုရှိ၍ သင်မာရ်နတ် အလှူပေးသောအဖြစ်ကို သိသော **သက်သေ** အဘယ်သူတို့နည်း။ သင်မာရ်နတ်ဆိုလော့"ဟု ဘုရားအလောင်းယောက်ျားမြတ်သည် မိန့်တော်မူ၏။

ထိုသို့ မိန့်တော်မူသော် မာရ်နတ်မင်းသည်" ဤစစ်သည်သူရဲတို့မှ တပါးအခြားကို သက်သေမှုသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ လက်ဝဲ, လက်ျာ ရှေ့ ၁၂-ယူဇနာ, အထက် ၉-ယူဇနာ, နောက်မှ စကြဝဠာတံတိုင်းထိ၊ ဤမျှလောက်သော သူရဲတို့သည် ဤပလ္လင်ကို လို၍ ငါအလှူပေးသော အဖြစ်ကို သိကြကုန်တော့သည်"ဟု မိမိမာရ်စစ်သည် ပရိသတ်တို့သို့ ရှေးရှု လက်မောင်းကို ဆန့်၏။ ထိုအခါ၌ အလုံးစုံသော မာရ်စစ်သည်တို့သည် "ဤပလ္လင်ကြောင့် ငါ့တို့အရှင် အလှူပေးသည်ကို ငါလည်း သိသူသက်သေ၊ ငါလည်း သိသူ သက်သေ ဖြစ်ချေ၏။ ဖြစ်ချေ၏"ဟူ၍ တစ်ပြိုင်နက်တည်း ဟစ်ကြော်ဆိုကြကုန်၏။ ထိုအသံသည် မြေကြီးကွဲပြိုလေအံ့သကဲ့သို့ ဖြစ်၏။ ထိုအသံကိုကြား၍ ဘုရားလောင်း ယောက်ျားမြတ်သည် မိန့်တော်မူ၏။

"မာရ်နတ်မင်း၊ ငါသည် တစ်ယောက်အထီးတည်း သင်၏ စစ်သည်ပုံထဲ၌ နေလျက် ဖွဲ့သော ထက်ဝယ်ကို မဖျက်မူ၍ လက်, အုတ်, ကျောက်ခဲတို့ဖြင့် မြေအိုးကို ခွဲထုသကဲ့သို့ သင်မာရ်နတ်ကိုငှင်း, သင်မာရ်နတ်၏ စစ်သည်သူရဲအပေါင်းတို့ကိုငှင်း အုတ်ခဲဖြင့် ကျီးအပေါင်းကို ပြေးစေဘိသကဲ့သို့ ငါ၏ကောင်းမှုအစွမ်းဖြင့် သင်တို့တတွေကို မထိမပါး အခြားအခြားပြေးစေ၍ ဤပလ္လင်ကို ငါ၏ ပလ္လင်ပြုလတ္တံ့၊ မာရ်နတ်မင်း၊ ဤပလ္လင်ကို ရစိမ့်သောငှါ အတိုင်းအရှည်မရှိ မရေတွက်နိုင်သော ဘဝတို့၌ အလှူမပေးသော မည်သည် မရှိ၊ သီလမဆောက်တည်သော မည်သည်မရှိ၊ သူတပါးတို့ မပြုနိုင်သော အမှုကို မပြုသော မည်သည်မရှိ၊ ထိုထိုသို့သော ဘဝတို့၌ ပေးသောအလှူ, ဆောက်တည်သောသီလ အစ ရှိသည်တို့ကို ထားဘိဦး၊ ဝေဿန္တရာကိုယ်၏ အဖြစ်၌ မဒ္ဒီမိဖုရားကို အထွတ်သို့ ရောက်သည် ကို ပြု၍ ၇-ကြိမ်အလှူကြီးကို ပေးသည်ရှိသော် ဤမြေကြီးသည် ၇-ကြိမ်တုန်လှုပ်ပြီး၊ ယခုအခါ ဤအပရာဇိတပလ္လင်၌ သင်မာရ်နတ်ကဲ့သို့ ကုဋ္ဌေအရာသော မာရ်နတ်, ကုဋ္ဌေ အထောင်, ကုဋ္ဌေအသောင်းမကသော မာရ်နတ်တို့နှင့်တကွ ဖြစ်သော ခပ်သိမ်းသော

လောကဓာတ်ကို အောင်ခြင်းငှါနေသော ငါယောကျ်ားမြတ်အား မာရ်နတ်စစ်သည်နှင့် တကွ စစ်ထိုးခြင်းဖြစ်သည်ရှိသော် ယူဇနာ နှစ်သိန်း, လေးသောင်းအထုရှိသော ဤမြေကြီးသည် အဘယ့်ကြောင့် ဆိတ်ဆိတ်ဖြစ်တတ်လေသနည်း။

မာရ်နတ်မင်း၊ သင်သည် သင်၏စစ်သည်ရဲမက်ဖြင့် စဉ်းလဲသော သက်သေကိုပြ၏။ ဤမြေကြီးသည် စိတ်မရှိ၊ သင့်အားရင်း ငါ့အားရင်း အမျှဖြစ်၏။ ဤမြေကြီးသည် ငါ၏သက်သေ ဖြစ်လတ္တံ့”ဟူ၍ မိန့်တော်မူ၏။ ထိုအခါ မာရ်နတ်က“ သိဒ္ဓတ္ထ၊ သင်သည် ဤပလ္လင်ကို အလိုရှိသောကြောင့် အလှူပေးသောအဖြစ်ကို အဘယ်သူ သိသနည်း၊ သိသူသက်သေကို သင်ပင်ပြလော့”ဟု ဆို၏။ ဘုရားလောင်းလည်း “ အချင်းမာရ်နတ်၊ ဤအရပ်၌ ငါ့အား တစ်စုံတစ်ယောက်သိသူ လူ, နတ် သက်သေမရှိ။ ဤပလ္လင်ကို လိုသောကြောင့် အလှူပေးသော ငါ့အား ဝေဿန္တရာ ဘဝမှ ကြွင်းသောကိုယ်၏ အဖြစ်ကို ထားဘိဦး၊ ဝေဿန္တရာကိုယ်၏အဖြစ်၌ တည်၍ အရာ ၇-လီလျှင် အလှူကြီးပေးသော အဖြစ်၌ ဤတစ်ခဲနက်သော မြေကြီးလျှင် သိသူသက်သေဖြစ်တော့သည်”ဟု နှုတ်တော်က မြွက်၍ တိမ်နီ၏အဝမှ ထွက်သော လျှပ်စစ်နွယ်၏ အသရေနှင့် တူသော အသရေရှိသော လက်မောင်းတော်ကို သင်္ကန်းတော်မှ ထုတ်၍ မြေသို့ ရှေးရှုဆန့်လျက် လက်ညှိုးညွှန် တော်မူ၏။

## မာရ်နတ်စစ်ရှုံး၍ ထွက်ပြေးခြင်း

ထိုအခါ ၂၄၀,၀၀၀-ယူဇနာ အထုရှိသော မြေကြီးသည် အိုးထိန်းသည်၏ ပျဉ်ပြား စက်ကဲ့သို့ ဝန်းဝန်းလည်လျက် သည်းစွာသော အသံကိုပြု၏။ မြေကြီး၏ အသံဖြင့် ကောင်းကင်သည်လည်း မိုးကြိုးထစ်သကဲ့သို့ ပြင်းစွာမြည်ခြင်းကို ဖြစ်စေ၏။ သတ္တရဘန် တောင်စဉ် ၇-ထပ် အစရှိသည်တို့သည်လည်း ပြင်းစွာသောအသံဖြင့် မြည်ကုန်၏။ အလုံးစုံ သော စကြဝဠာတိုက်သည် မီးလောင်သော ဝါးတောကဲ့သို့ “ဖျစ်ဖျစ်-ဖျစ်ဖျစ်” အသံကို ပြု၍ ပြင်းစွာသော မြည်ခြင်းဖြင့် မြည်၏။ ပူလှစွာသော အိုးကင်း၌ ပစ်အပ်သော စပါးကဲ့သို့ အလုံးစုံသော ကောင်းကင်၌ မိုးမရွာဘဲ, တိမ်တောင်မတက်ဘဲ နက်စက်တို့သည် ပစ်ကုန်၏။ ပြောင်ပြောင်တောက်သော မီးကျီးစုမိုးရွာသကဲ့သို့ ပြိုးပြိုးပြက် အလျှံထွက်ကုန်လျက် မိုးကြိုးစက်တို့သည် ကျကုန်၏။

မြေကြီးနှင့်ကောင်းကင် ၂-ပါးတို့၏ အကြား၌ဖြစ်သော မာရ်နတ်သားသည် ကိုးကွယ်ရာမရှိသည်ဖြစ်၍ ပုန်းအောင်းရာ မရှိသည်ဖြစ်၍ ကြီးစွာသော ကြောက်ထိတ် လန့်ခြင်းသို့ ရောက်၏။ ယူဇနာ ၂၄၀,၀၀၀-အထုရှိသော မြေကြီးကိုစောင့်သော နတ်သား

သည် မာရ်နတ်ကို မြေခြားရာသို့ငင်၍ ချအံ့သကဲ့သို့ လက်ျာလက်တော် ရှေးရှုညွှန်ရာ အရပ်မှ မြေကို ထက်ခြမ်းခွဲလျက် ထွက်လတ်၍ " သိဒ္ဓတ်မင်းသားသည် ဤပလ္လင်ကို လိုသောကြောင့် ဒါန, သီလအစရှိသော ပါရမီတို့ကို ဖြည့်သောအခါတို့၌ မြေနတ်သားကို တိုင်ကြား၍ သက်သေပြုသော ကုသိုလ်အဖို့၏ ချသောရေစက်ကို ဦးခေါင်းဖြင့်ခံယူရသောကြောင့် ယခုထက်တိုင် ဆံပင်သည် မသွေ့မခြောက်သေး"ဟု မာရ်နတ်သားအား နှုတ်မြွက်၍ လက်ဝဲလက်ဖြင့် ဆံရင်းကို ကိုင်၍ လက်ျာလက်ဖြင့် လိမ်၍ ညှစ်သော် ကြိတ်ကြိတ်မြည်သော အသံသည် မာရ်နတ်သား၏ နားထဲသို့ ဝင်သဖြင့် တံကျင်ဖြင့် နားတွင်းကို ထုတ်ချင်းလျှိုထိုးဘိသည် မှတ်ထင်၍ ဂိရိမေခလာဆင်၌ စိုက်ထောင်သော အောင်တံခွန်ကို လှဲ၍ လက်နက် ၁၀၀၀-ကိုစွန့်၍ ဂိရိမေခလာဆင်ကိုမျှမကြည့်, မျက်နှာလှည့်မိရာ အရပ်ကိုဦးစိုက်၍ နောက်က လိုက်အံ့သကဲ့သို့ ထင်လျက် ဝသဝတ္တိဘုံတိုင်အောင် ပြေးရလေ၏။

## ၆၂။ နတ်, ဗြဟ္မာ, နဂါး, ဂဠုန်တို့ ကောင်းချီးပေးကြခြင်း

ထိုအခါ မာရ်နတ်သား၏ စစ်သည်အပေါင်းတို့သည် ကြီးလှစွာသော ပြာပုံကို ၄-မျက်နှာမှ ဆုံ၍လာသော ဝေရမ္ဘလေတိုက်သဖြင့် လွင့်သကဲ့သို့ ဦးခေါင်း၌ ဆင်သောတန်ဆာ, နား၌ဆင်သောတန်ဆာ, ကိုယ်၌ဝတ်သော အဝတ်တို့ကိုမျှ မယူဆောင်နိုင်၊ စွန့်ပစ်၍ တစ်ကြောင်းတည်းသော ခရီးကို ၂-ယောက်ပြေးသော မည်သည်မရှိ၊ မိမိတို့မျက်နှာပြုမိရာ အရပ်ကိုသာလျှင် ရှေးရှု၍ မိမိတို့နေရာ အရပ်သို့ချည်း ရောက်အောင် ပြေးကြလေကုန်၏။ ဤသို့လျှင် ယောက်ျားမြတ်သည် နေမဝင်မီ မာရ်နတ်စစ်ကို အောင်ခြင်းသည်လျှင် အစပြု၍ အလုံးစုံသော လောကကို အောင်ခြင်းသို့ ရောက်တော်မူ၏။

ထိုအခါ မာရ်နတ်စစ်သည် လာသောကြောင့် ကြောက်သောအားဖြင့် ပြေးလေကုန်၍ စကြဝဠာတံတိုင်းမျက်နှာအဝနား၌ ရပ်လျက်နေကုန်သော နတ်အပေါင်းတို့သည် "အဘယ်သူအောင်သနည်း, ရှုံးသနည်း" ဟု မျှော်၍ ကြည့်ကုန်သော် ဆိုအပ်ပြီးသော အခြင်းအရာဖြင့် ပျက်စီးခြင်းသို့ ရောက်ကုန်သော မာရ်နတ်စစ်သည်တို့ကို မြင်၍ " သိဒ္ဓတ်မင်းသားအားအောင်ခြင်းသည်ဖြစ်ပြီ၊ မာရ်နတ်သားအား ရှုံးခြင်းသည် ဖြစ်လေပြီ"ဟု တစ်ပြိုင်နက်တည်းဖြင့် သည်းစွာသောအသံကို ပြုကုန်၍ "အောင်သူအား ပူဇော်ခြင်းကို ပြုကုန်အံ့"ဟု

- နဂါးတို့သည် နဂါးတို့ကို ခေါ်ကုန်၍, - ဂဠုန်တို့သည် ဂဠုန်တို့ကို ခေါ်ကုန်၍,
- နတ်တို့သည် နတ်တို့ကို ခေါ်ကုန်၍, - ဗြဟ္မာတို့သည် ဗြဟ္မာတို့ကို ခေါ်ကုန်၍-

ပန်း, နံ့သာ အစရှိသည်တို့ကို လက်စွဲကုန်လျက် ဗောဓိပလ္လင်၌ ယောက်ျားမြတ်၏ အထံသို့ လာကုန်၏။ ဤသို့ လာကုန်ပြီးသော နဂါး, ဂဠုန်, နတ်, ဗြဟ္မာအပေါင်းတို့တွင်-

၁။ နဂါးတို့သည် ဤသို့ ကြွေးကြော်ကုန်၏။ "ဘုန်းကျက်သရေနှင့် ပြည့်စုံတော်မူသော ဘုရားအလောင်း သိဒ္ဓတ်မင်းသားအား အောင်ခြင်းသည် ဖြစ်ပြီ၊ ယုတ်မာသော အလိုရှိသော မာရ်နတ်သားအား ရှုံးခြင်းသည် ဖြစ်ပြီ"ဟူ၍ ပြင်းစွာ နဂါးတို့ ကြွေးကြော်ကုန်၏။ ဝမ်းမြောက်ဝမ်းသာ ရှိကုန်သည်ဖြစ်၍ ထိုနဂါးတို့သည် ဗောဓိမဏ္ဍိုင်၌ ဘုရားလောင်း ယောက်ျားမြတ်အား အောင်ဆုကို ပေးကုန်၏။

၂။ "ဘုန်းကျက်သရေနှင့် ပြည့်စုံတော်မူသော ဘုရားလောင်း ယောက်ျားမြတ်အား အောင်ခြင်းသည် ဖြစ်ပြီ၊ ယုတ်မာသော အလိုရှိသော မာရ်နတ်သားအား ရှုံးခြင်းသည် ဖြစ်ပြီ"ဟူ၍ ဂဠုန်တို့သည် ကြွေးကြော်ကုန်၏။ ဂဠုန်အပေါင်းတို့သည် ဝမ်းမြောက်ဝမ်းသာရှိကုန်သည်ဖြစ်၍ ဗောဓိမဏ္ဍိုင်၌ ဘုရားအလောင်း ရှင်သိဒ္ဓတ်အား အောင်ဆုကို ပေးကုန်၏။

၃။ "ဘုန်းကျက်သရေနှင့် ပြည့်စုံတော်မူသော ဘုရားလောင်း ရှင်သိဒ္ဓတ်အား အောင်ခြင်းသည် ဖြစ်လေပြီ၊ ယုတ်မာသော အလိုရှိသော မာရ်နတ်သားအား ရှုံးခြင်းသည် ရောက်လေပြီ"ဟူ၍ နတ်အပေါင်းတို့သည် ကြွေးကြော်ကုန်၏။ နတ်အပေါင်းတို့သည် ဝမ်းမြောက်ဝမ်းသာရှိကုန်သည်ဖြစ်၍ ဗောဓိမဏ္ဍိုင်၌ ဘုရားလောင်း ယောက်ျားမြတ်အား အောင်ဆုကို ပေးကုန်၏။

၄။ ဘုန်းကျက်သရေနှင့် ပြည့်စုံတော်မူသော ဘုရားလောင်း ရှင်သိဒ္ဓတ်အား အောင်ခြင်းသည် ဖြစ်လေပြီ၊ ယုတ်မာသော အလိုရှိသော မာရ်နတ်သားအား ရှုံးခြင်းသည် ဖြစ်လေပြီ" ဟူ၍ ဗြဟ္မာအပေါင်းတို့သည် ပြင်းစွာကြွေးကြော်ကုန်၏။ ဗြဟ္မာအပေါင်းတို့သည် ဝမ်းမြောက်ဝမ်းသာ ရှိကုန်သည်ဖြစ်၍ ဗောဓိပင်ရင်း ရွှေပလ္လင်၌ သည်းခံခြင်းနှင့်ပြည့်စုံတော်မူသော ယောက်ျားမြတ်အား အောင်ဆုကို ပေးကုန်၏။

၅။ ထိုမှကြွင်းကုန်သော ၁၀,၀၀၀-သော စကြာဝဠာတိုက်တို့၌ နတ်အပေါင်းတို့သည် ပန်း, နံ့သာ, နံ့သာပျောင်း, အခိုးအထုံ, အမှုန့်တို့ဖြင့် ပူဇော်ကုန်လျက် အထူးထူး အပြားပြားသော ချီးမွမ်းခြင်းတို့ကို ဆိုကုန်လျက် ရပ်ကုန်၏။

ဤသို့ ယောက်ျားမြတ်သည် နေမဝင်မီ မာရ်နတ်စစ်ကို ဖျက်ဆီး၍ သက်န်းတော်၏ အထက်၌ ကျကုန်သော ဗောဓိရွက်, ညွန့်, ဖူး, ဝတ်တို့ဖြင့် နီလှစွာသော သင်္ကန်းဖြင့်

ပူဇော်သကဲ့သို့ ဗောဓိပင်ရင်း ခင်းကြဲအပ်သော ရတနာရောင်ရှင် အပရာဇိတပလ္လင်ထက် နေတော်မူလျက် တရားကို သုံးသပ်တော်မူ၏။ ထိုမာရ်နတ်စစ်ကို ရှုံးစေ၍ နေတော်မူသော အခါ၌ စကြဝဠာ ၁၀,၀၀၀-လုံး၌ နေကုန်သော အလုံးစုံသောနတ်တို့သည် "ယောကျ်ားမြတ်ဖြစ်သော သိဒ္ဓတ်မင်းသားကား အောင်ပြီ၊ မာရ်နတ်သားကား ရှုံးလေပြီ၊ အောင်ခြင်း မင်္ဂလာကို တစ်ပေါင်းတည်းပြုကုန်အံ့"ဟူ၍ တစ်ပြိုင်နက်တည်းဖြင့် ဗောဓိမဏ္ဍိုင်သို့ စည်းဝေးလာကုန်၏။

✪✪✪✪✪✪✪✪✪✪

## ၆၃။ နတ်, ဗြဟ္မာတို့ အထူးထူး အပြားပြား ပူဇော်ကြခြင်း

ထိုအခါ၌ အချင်းယူဇနာ ၅၀၊ အဝန်းယူဇနာ ၁၅၀-ရှိသော ရောင်ခြည် ၁,၀၀၀-တို့ဖြင့် တင့်တယ်သော နေဝန်းသည် အကွပ်၌ကိုင်၍ နှစ်လိုက်သော ရွှေလှည်းဘီး စက်ဝန်းကဲ့သို့ ပျောက်လေ၏။

အချင်း ၄၉-ယူဇနာ၊ အဝန်း ၁၄၇-ယူဇနာရှိသော ချမ်းသောရောင်ခြည်ဖြင့် တောက်ပထွန်းသော လဝန်းသည် နို့ရည်သမုဒ္ဒရာနစ်၍ ရှိသော ပတ္တမြားရထားဘီးကို အကွပ်၌ကိုင်၍ ကောင်းကင်သို့ တင်ကြွလိုက်သကဲ့သို့ အရှေ့အရပ်မှ တက်လတ်၍ တည်၏။

စကြဝဠာတိုက်၏ အလယ်၌ ဘုရားလောင်း ယောကျ်ားမြတ်၏ ရွှေအဆင်းနှင့် တူသော ကိုယ်တော်၏အရောင်ဖြင့် ထိုဗောဓိဝန်းကျင် အရပ်ကို ရွှေရည်ဖြင့် သွန်းဘိသကဲ့သို့ ထွန်းစေလျက် ယောကျ်ားမြတ်သည် တင့်တယ်တော်မူ၏။ ထိုအခါ-

- သိကြားမင်းသည် တောင်စကြဝဠာတံတိုင်းနားမှ အတောင် ၁၂၀-ရှိသော ခရုသင်းကို မှုတ်၍ ပြေးလာ၏။

  [ထိုခရုသင်း၏ အသံကား တာဝတိံသာနတ်တို့ကို စည်းဝေးစိမ့်သောငှါ သုဓမ္မာဇရပ်၌ သိကြားမင်း နေ၍ မှုတ်သောအသံသည် အချင်းယူဇနာ ၁၀,၀၀၀-ရှိသော အလုံးစုံသော တာဝတိံသာနတ်ပြည်ကို နှံ့၍ ကြား၏။ တစ်ကြိမ်မှုတ်သော အသံသည် လူတို့၏ လဖြင့် မိုး ၄-လပြည့်မှ စဲ၏။]

- မဟာဗြဟ္မာမင်းသည်လည်း စကြဝဠာတံတိုင်းနား၌ ထားခဲ့သော ၃-ယူဇနာ အချင်းရှိသော ထီးဖြူကို ယူပြန်ချေ၍ ဘုရားလောင်း၏အထက်၌ ဆောင်းလျက် တည်၏။

- ၁၀,၀၀၀-သော စကြဝဠာ၌နေကုန်သော သိကြားတို့သည်လည်း ဝိဇယုတ္တရခရုသင်းကို မှုတ်၍ချည်း ရှင်သိဒ္ဓတ်သို့ ဆည်းကပ်လာကုန်၏။
- စကြဝဠာ ၁၀,၀၀၀-ရှိသော မဟာဗြဟ္မာတို့သည်လည်း အချင်း ၃-ယူဇနာရှိသော ထီးဖြူအတိချည်းဖြင့် မြတ်စွာဘုရားအလောင်းတော်ကို ဆောင်းလျက် ရပ်လာကုန်၏။
- ယာမာနတ်ပြည်၌ **သုယာမနတ်မင်း**သည် ၃-ဂါဝုတ် အတိုင်းအရှည်ရှိသော သားမြီးယပ်ကို ကိုင်၍ ဘုရားလောင်း ရှင်သိဒ္ဓတ်အား ယပ်ခပ်လာ၏။
- ဤစကြဝဠာမှ သုယာမနတ်မင်းသာ မဟုတ်သေး၊ ၁၀,၀၀၀-သော စကြဝဠာ၌ နေကုန်သော သုယာမနတ်မင်းတို့သည်လည်း ၃-ဂါဝုတ်အတိုင်းအရှည်ရှိသော သားမြီးယပ် ချည်းကို ကိုင်၍ ယပ်လေခပ်လာကုန်၏။
- တုသိတာနတ်ပြည်၌ **သန္တုသိတနတ်မင်း**သည် ၃-ဂါဝုတ် အတိုင်းအရှည်ရှိသော ပတ္တမြားယပ်ဝန်းကိုကိုင်၍ ယပ်လေခပ်လျက်ရပ်၏။
- ဤသန္တုသိတနတ်မင်းသည်သာ မဟုတ်သေး၊ ၁၀,၀၀၀-သော စကြဝဠာ၌ နေကုန်သော သန္တုသိတနတ်မင်းတို့သည်လည်း ပတ္တမြားယပ်ဝန်းချည်းကို ကိုင်၍ စကြဝဠာတိုက်ကို ပြည့်စေလျက် ယပ်ခပ်ကာ ရပ်ကုန်၏။
- တာဝတိံသာနတ်ပြည်၌ **ပဉ္စသိခနတ်သား**သည် ၃-ဂါဝုတ် အတိုင်းအရှည်ရှိသော ဥသျှစ်မှည့်ကဲ့သို့ ဖျော့သော အဆင်းရှိသော စောင်းကို ယူခဲ့၍ များစွာကုန်သော စောင်းသမားနတ်တို့ဖြင့် ခြံရံ၍ မြတ်စွာဘုရား အလောင်းတော်၏ အထံ၌ စောင်းတီးလျက် ရပ်လာ၏။
- ဤစကြဝဠာ၌ ပဉ္စသိခနတ်သားတို့သာ မဟုတ်ကုန်သေး၊ ၁၀,၀၀၀-သော စကြဝဠာ တာဝတိံသာနတ်ပြည်တို့၌ **စောင်းသမား, ကခြေသည်နတ်သား, နတ်သမီးတို့**သည် ဤစကြဝဠာ၌ချည်း စုဝေးကုန်၍ အချို့သော နတ်တို့သည် ရတနာအတိပြီးသော တုရိုဏ်တိုင်ပန်း အစဉ်ကိုင်လျက် ထက်ဝန်းကျင်မှ ခြံရံ၍ ရပ်ကုန်၏။ ထို့အတူ-
- အချို့သော နတ်တို့သည် ရတနာအတိပြီးသော တံတိုင်းအစဉ်ကို ကိုင်၍,
- ထိုနတ်တို့၏ အခြားမဲ့၌ အချို့သော နတ်တို့သည် ရွှေငှက်ပျောပင် အစဉ်ကို ကိုင်၍,
- အချို့သော နတ်တို့သည် အလုံးစုံသော ရတနာအတိပြီးသော ဦးဆောင်ပန်း အစဉ်ကို ကိုင်၍,
- အချို့သော နတ်တို့သည် သားမြီးယပ် အစဉ်ကိုင်၍,

- အချို့သော နတ်တို့သည် ငါးကြင်းပွတ် အစုံပန်း အစဉ်ကိုင်၍,
- အချို့သော နတ်တို့သည် ဇလပ်ပန်း အစဉ်ကိုင်၍,
- အချို့သော နတ်တို့သည် ထမင်းပွဲ အစဉ်ကိုင်၍,
- အချို့သော နတ်တို့သည် ရေဖြင့်ပြည့်သောခွက် အစဉ်ကိုင်၍,
- အချို့သော နတ်တို့သည် ရွှေဖြင့်ပြည့်သော မြူတာအစဉ်ကိုင်၍,
- အချို့သော နတ်တို့သည် အခိုးအထုံလိမ်းကျံသော ယောက်မအစဉ်ကိုင်၍,
- အချို့သော နတ်တို့သည် ပတ္တမြားအရိုးတပ်သော ဆီမီးအစဉ်ကိုင်၍,
- အချို့သော နတ်တို့သည် ရွှေကြေးမုံ အစဉ်ကိုင်၍,
- အချို့သော နတ်တို့သည် ငွေကြေးမှုံ အစဉ်ကိုင်၍,
- အချို့သော နတ်တို့သည် ရတနာအတိပြီးသောကြေးမုံ အစဉ်ကိုင်၍,
- အချို့သော နတ်တို့သည် ပတ္တမြားဆီမီး အစဉ်ကိုင်၍,
- အချို့သော နတ်တို့သည် တံခွန်, ကုက္ကား အစဉ်ကိုင်၍,
- အချို့သော နတ်တို့သည် ပဒေသာပင် အစဉ်ကိုကိုင်၍-

စကြာဝဠာတိုင်အောင် ဘုရားလောင်း ရှင်သိဒ္ဓတ်ကို ခြံရံ၍ တည်ကုန်၏။

အလုံးစုံသော ၁၀,၀၀၀-သော စကြာဝဠာ၌ နေကုန်သော နတ်တို့သည် သဘင်သည်၏ အသွင်ကို ယူကုန်၍ နတ်၏ကခြင်း, သီခြင်းတို့ကို ဖြစ်စေကုန်၏။ အချို့သော နတ်တို့သည် ကကုန်၏။ အချို့သော နတ်တို့သည် သီကုန်၏။ အချို့သော နတ်တို့သည် တီးမှုတ်ကုန်၏။ အချို့သော နတ်တို့သည် တင့်တယ်စံပယ်ကုန်၏။ အချို့သော နတ်တို့သည် နတ်ပြည်၌ဖြစ်သော ပန်းနံ့သာ, အခိုးအထုံ, အမှုန့်တို့ဖြင့် ပူဇော်ကုန်၏။ အလုံးစုံသော ကောင်းကင်ပြင်သည် သည်းစွာရွာသော မိုးရေအလျဉ်ဖြင့် အခြားမဲ့ပြည့်သကဲ့သို့ နတ်ပန်း, အခိုးအထုံ, အမှုန့်တို့ဖြင့် ပြည့်သည်သာဖြစ်၏။

ထိုအလုံးစုံသော နတ်တို့သည် "ဤပူဇော်ခြင်းသည် ငါတို့သည် ဘုရားလောင်း ရှင်သိဒ္ဓတ်၏ အထံ၌ တရားတည်း-ဟူသော အမြိုက်ရေကို သောက်ရကုန်လတ္တံ့၊ မျက်စိ၏ အရသာဖြစ်သော ယမိုက်ပြာဋိဟာကို မြင်ရကုန်လတ္တံ့" ဟု ဝမ်းမြောက်ဝမ်းသာ ရှိကုန်သည် ဖြစ်၍ ပူဇော်ကြကုန်သတည်း။

[ ဘုရားလောင်းရှင်သိဒ္ဓတ် ဗောဓိပင်သို့ ကပ်သောအခ၌ နာရာယန ဗိဿကိုး နတ်၏အားနှင့် ပြည့်စုံတော်မူသော ယောက်ျားမြတ်သည် ဗောဓိမဏ္ဍိုင်သို့ ကပ်လေ၏- ဆိုရာ၌ ဗိဿကိုးနတ်၏ အားဟူသည်ကို ဤသို့ သိအပ်၏။

- မရှိမပုရိသယောက်ျား ၁-ကျိပ်တို့အားကို ကာဠာဝကဆင်နက် ၁-စီးသည် ဆောင်၏။
- ကာဠာဝကဆင်နက် ၁၀-စီးတို့၏အားကို ဂင်္ဂေယျဆင် ၁-စီးသည် ဆောင်၏။
- ဂင်္ဂေယျဆင် ၁၀-စီးတို့၏ အားကို ပဏ္ဍရဆင် ၁-စီးသည် ဆောင်၏။
- ပဏ္ဍရဆင် ၁၀-စီး၏အားကို တမ္ဗဆင် ၁-စီးသည် ဆောင်၏။
- တမ္ဗဆင် ၁၀-စီးတို့၏ အားကို ပိင်္ဂလဆင် ၁-စီးသည် ဆောင်၏။
- ပိင်္ဂလဆင် ၁၀-စီးတို့၏အားကို ဂန္ဓဆင် ၁-စီးသည် ဆောင်၏။
- ဂန္ဓဆင် ၁၀-စီးတို့၏ အားကို မင်္ဂလဆင် ၁-စီးသည် ဆောင်၏။
- မင်္ဂလဆင် ၁၀-စီးတို့၏ အားကို ဟေမဆင် ၁-စီးသည် ဆောင်၏။
- ဟေမဆင် ၁၀-စီးတို့၏ အားကို ဥပေါသထဆင် ၁-စီးသည် ဆောင်၏။
- ဥပေါသထဆင် ၁၀-စီး၏ အားကို ဆဒ္ဒန်ဆင် ၁-စီးသည် ဆောင်၏။
- ဆဒ္ဒန်ဆင် ၁၀-စီးတို့၏ အားကို ဗိဿကိုး နတ်မင်းကြီး ၁-ယောက်သည် ဆောင်၏။
- ပစ္ဆိမဘဝိကဖြစ်သော ဘုရားလောင်း ရှင်သိဒ္ဓတ်အားတော်သည်လည်း ဗိဿကိုး နတ်မင်းကြီး၏ အားနှင့် မျှသာလျှင်ကတည်း၊

ပကတိဆင်နက်၏ အရေအတွက်ဖြင့် ကုဋေ ၁,၀၀၀-သော ဆင်နက်တို့၏ အားကို ဘုရားအလောင်း ရှင်သိဒ္ဓတ် ဆောင်တော်မူ၏။ ဆဒ္ဒန်ဆင်ဖြစ်မူကား ၁၀-စီးအားကို ဆောင်တော်မူ၏။ မရှိမပုရိသယောက်ျားတို့၏ အရေအတွက်ဖြင့်မူကား ယောက်ျား ပေါင်း ကုဋေ ၁၀,၀၀၀-တို့၏ အားကို ရှင်သိဒ္ဓတ် ဆောင်တော်မူ၏။ ဤသည်လျှင် ရှင်သိဒ္ဓတ်၏ ကာယဗလကိုယ်ဟော်၏ အားတည်း။]

[ ဤမျှသော စကားအစဉ်သည်ကား ဘုရားအလောင်း ယောက်ျားမြတ်သည် ဗောဓိပင်ရင်း ရွှေပလ္လင်၌ နေတော်မူသောအခါ မာရ်နတ်စစ်ရောက်သဖြင့် မာရ်နတ်စစ်ကို အောင်တော်မူ၍ စကြဝဠာ-၁၀,၀၀၀ ၌ နတ်အပေါင်းတို့ ပူဇော်သက္ကာရ ပြုသည်ကို ဆိုသော စကားအစဉ်တည်း။]

✪✪✪✪✪✪✪✪✪✪✪

## ၆၄။ ပဋိစ္စသမုပ္ပါဒ် ဆင်ခြင်တော်မူခြင်း

ဤသို့လျှင် ဗောဓိပင်ရင်း ရွှေပလ္လင်၌ ထိုင်နေတော်မူလျက် နေမဝင်မီ မာရ်စစ်ကို အောင်တော်မူပြီး၍ စကြဝဠာတိုက်ကို ခြံရံ၍ တည်သော ယူဇနာ ၈၂,၀၀၀ အစောက် မြင့်သော စကြဝဠာတောင်တည်းဟူသော တင်းတိမ်နံရံ ကာအပ်သည်ဖြစ်၍ ကြယ် အပေါင်းတည်းဟူသော ပတ္တမြားကျောက်ဖြင့် စီအပ်သော ကောင်းကင်တည်းဟူသော ဗိတာန်မိုးကြက်အပ်သည်ဖြစ်၍ အလုံးစုံသောလူကို ထွန်းလင်းစေတတ်သော လမင်း တည်းဟူသော ဆီမီးထွန်းညှိအပ်သည်ဖြစ်၍ နေတော်မူသော မြတ်စွာဘုရား အလောင်း တော်သည် ဆိုအပ်ပြီးသော နတ်အပေါင်းတို့၏ ပူဇော်သက္ကာရကို တစုံတခုမျှ မကြံမူ၍ မြတ်သောတရားကို ကြံဆင်ခြင်တော်မူ၏။ အဘယ်သို့ ကြံဆင်ခြင်တော်မူသနည်း-ဟူမူကား-

၁။ "စင်စစ်အားဖြင့် ဤလောကသည် ငြိုငြင်ဆင်းရဲခြင်းသို့ ရောက်၏။ ပဋိသန္ဓေလည်း နေရ၏။ အိုလည်း အိုရ၏၊ စုတေလည်း စုတေရ၏၊ တဖန်လည်း ပဋိသန္ဓေနေရ၏။ ထိုသို့လျက်လည်း အိုခြင်း, သေခြင်း-ဟု ဆိုအပ်သော ဤဆင်းရဲမှ ထွက်မြောက် ကြောင်းကို မသိနိုင်၊ အဘယ်အခါ၌ အိုခြင်း, သေခြင်း-ဟု ဆိုအပ်သော ဤဆင်းရဲ မှ ထွက်မြောက်ကြောင်းဖြစ်သော တရားသည် ငါ့အား ထင်ပါလတ္တံ့နည်း"ဟု ကြံဆင်ခြင်တော်မူ၏။

၂။ ထို့နောက် ဘုရားအလောင်းအား ဤသို့သော အကြံသည် ဖြစ်၏။ "အဘယ်သို့ သော တရားသည်ရှိသော် အိုခြင်း, သေခြင်းသည် ဖြစ်သနည်း၊ အဘယ်အကြောင်း ကြောင့် အိုခြင်း, သေခြင်းသည် ဖြစ်သနည်း"၊ ဤသို့သော အကြံသည်ဖြစ်၏။ ထိုအခါ၌ ဘုရားအလောင်းအား "ပဋိသန္ဓေနေခြင်း ရှိသည်ရှိသော် ထိုအိုခြင်း, သေခြင်းသည် ဖြစ်၏။ အိုခြင်း, သေခြင်းသည် ပဋိသန္ဓေနေခြင်း-ဟူသော အကြောင်းရှိ၏"၊ ဤသို့ အသင့်အားဖြင့် နှလုံးသွင်းမိခြင်းသည် ဖြစ်၏။ ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

၃။ ထို့နောင်မှ ဘုရားအလောင်းအား ဤသို့ အကြံဖြစ်၏၊ "အဘယ်အကြောင်းတရား ရှိသည်ရှိသော် ဇာတိ ပဋိသန္ဓေနေခြင်းသည် ဖြစ်သနည်း၊ အဘယ်အကြောင်း ကြောင့် ဇာတိ ပဋိသန္ဓေနေခြင်းသည် ဖြစ်သနည်း" ဤသို့ အကြံဖြစ်၏။ ထိုအခါ၌ ဘုရားအလောင်းအား "ဘဝရှိသည် ရှိသော် ဇာတိဖြစ်၏။ ဘဝဟူသော အကြောင်း

ကြောင့် ဇာတိ ဖြစ်၏”၊ ဤသို့ အသင့်အားဖြင့် နှလုံးသွင်းမိခြင်းသည် ဖြစ်၏။ ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

၄။ ထို့နောင်မှ ဘုရားအလောင်းအား ဤသို့ အကြံဖြစ်၏ “အဘယ်အကြောင်းတရား ရှိသည်ရှိသော် ဘဝဖြစ်သနည်း၊ အဘယ်အကြောင်းကြောင့် ဘဝဖြစ်သနည်း”၊ ဤသို့ အကြံဖြစ်၏။ ထိုအခါ၌ ဘုရားလောင်းအား “ဥပါဒါန်တရား ၄-ပါး ရှိသည်ရှိသော် ဘဝဖြစ်၏၊ ဥပါဒါန်တရား ၄-ပါး-ဟူသော အံကြောင်းကြောင့် ဘဝသည်ဖြစ်၏”၊ ဤသို့ အသင့်အားဖြင့် နှလုံးသွင်းမိခြင်းသည် ဖြစ်၏။ ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

၅။ ထို့နောင်မှ ဘုရားလောင်းအား ဤသို့ အကြံဖြစ်၏။ “အဘယ်တရား ရှိသည်ရှိသော် ဥပါဒါန်တရား ၄-ပါးဖြစ်သနည်း၊ အဘယ်တရားဟူသော အကြောင်းကြောင့် ဥပါဒါန်တရား ၄-ပါးဖြစ်သနည်း”၊ ဤသို့ အကြံဖြစ်၏။ ထိုအခါ၌ ဘုရားအလောင်းအား “အာရုံကို တပ်တတ်သော တဏှာရှိသည်ရှိသော် ဥပါဒါန်တရားဖြစ်၏။ အာရုံ၌ တပ်ခြင်းလက္ခဏာရှိသော တဏှာ-ဟူသော အကြောင်းကြောင့် ဥပါဒါန်တရား ၄-ပါးဖြစ်၏။ ဤသို့ အသင့်အားဖြင့် နှလုံးသွင်းမိခြင်းသည် ဖြစ်၏”၊ ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

၆။ ထို့နောင်မှ ဘုရားအလောင်းအား ဤသို့သော အကြံသည် ဖြစ်၏။ “အဘယ်တရား ရှိသည်ရှိသော် တဏှာဖြစ်သနည်း၊ အဘယ်တရားဟူသော အကြောင်းကြောင့် တဏှာဖြစ်သနည်း”၊ ဤသို့ အကြံသည် ဖြစ်၏။ ထိုအခါ ဘုရားအလောင်းအား အာရုံကို ခံစားခြင်း လက္ခဏာရှိသော ဝေဒနာသည်ရှိသော် တဏှာဖြစ်၏။ အာရုံကို ခံစားခြင်းလက္ခဏာရှိသော ဝေဒနာဟူသော အကြောင်းကြောင့် တဏှာဖြစ်၏”၊ ဤသို့ အသင့်အားဖြင့် နှလုံးသွင်းမိခြင်းသည် ဖြစ်၏။ ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

၇။ ထို့နောင် ဘုရားလောင်းအား “အဘယ်အကြောင်းတရား ရှိသည်ရှိသော် ဝေဒနာဖြစ်သနည်း၊ အဘယ်မည်သော အကြောင်းကြောင့် ဝေဒနာဖြစ်သနည်း”၊ ဤသို့သော အကြံသည် ဖြစ်၏။ ထိုအခါ၌ ဘုရားလောင်းအား “အာရုံကို တွေ့ခြင်း လက္ခဏာရှိသော ဖဿတရား ရှိသည်ရှိသော် ဝေဒနာဖြစ်၏။”၊ အာရုံကို တွေ့ခြင်း လက္ခဏာရှိသော ဖဿဟူသော အကြောင်းကြောင့် ဝေဒနာဖြစ်၏။ ဤသို့ အသင့်အားဖြင့် နှလုံးသွင်းမိခြင်းသည် ဖြစ်၏။ ပညာဖြင့် ထိုးထွင်း၍ သိမြင်ခြင်းသည် ဖြစ်၏။

၈။ ထို့နောင် ဘုရားလောင်းအား ဤသို့သော အကြံသည် ဖြစ်၏။ "အဘယ် အကြောင်းတရား ရှိသည်ရှိသော် ဖဿဖြစ်သနည်း၊ အဘယ်အကြောင်းကြောင့် ဖဿဖြစ်သနည်း"၊ ဤသို့ အကြံဖြစ်၏၊ ထိုအခါ၌ ဘုရားလောင်းအား "**စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန, မနာယတန**-တည်းဟူသော သဠာယတနတရား ရှိသည်ရှိသော် ဖဿဖြစ်၏။ အဇ္ဈတ္တိကာယတန ၆-ပါးဟူသော သဠာယတနဟူသော အကြောင်းကြောင့် ဖဿဖြစ်၏"၊ ဤသို့ အသင့်အားဖြင့် နှလုံးသွင်းမိခြင်းသည် ဖြစ်၏။ ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

၉။ ထို့နောင် ဘုရားလောင်းအား "အဘယ်အကြောင်းတရား ရှိသည်ရှိသော် သဠာယတန ဖြစ်သနည်း၊ အဘယ်အကြောင်းကြောင့် သဠာယတနဖြစ်သနည်း"၊ ဤသို့သော အကြံသည် ဖြစ်၏။ ထိုအခါ ဘုရားလောင်းအား "နာမ်, ရုပ်ရှိသည် ရှိသော် သဠာယတနဖြစ်၏၊ နာမ်, ရုပ်ဟူသော အကြောင်းကြောင့် သဠာယတန ဖြစ်၏"၊ ဤသို့ အသင့်အားဖြင့် နှလုံးသွင်းမိခြင်းသည် ဖြစ်၏။ ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

၁၀။ ထို့နောင် ဘုရားလောင်းအား "အဘယ်အကြောင်းတရား ရှိသည်ရှိသော် နာမ်, ရုပ်ဖြစ်သနည်း၊ အဘယ်တရားဟူသော အကြောင်းကြောင့် နာမ်, ရုပ်ဖြစ်သနည်း၊" ဤသို့သော အကြံသည်ဖြစ်၏။ ထိုအခါ၌ ဘုရားလောင်းအား "ပဋိသန္ဓေဝိညာဉ် ရှိသည်ရှိသော် နာမ်, ရုပ်ဖြစ်၏။ ဝိညာဉ်ဟူသော အကြောင်းကြောင့် နာမ်, ရုပ်ဖြစ်၏။ ဤသို့ အသင့်အားဖြင့် နှလုံးသွင်းမိခြင်းသည် ဖြစ်၏။ ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

၁၁။ ထို့နောင် ဘုရားလောင်းအား ဤသို့သော အကြံသည် ဖြစ်၏ "အဘယ်တရား ရှိသည်ရှိသော် ဝိညာဉ်ဖြစ်သနည်း၊ အဘယ်တရားဟူသော အကြောင်းကြောင့် ဝိညာဉ်ဖြစ်သနည်း"၊ ဤသို့သော အကြံသည် ဖြစ်၏။ ထိုအခါ၌ ဘုရားလောင်းအား "နာမ်, ရုပ် ရှိသည်ရှိသော် ဝိညာဉ်ဖြစ်၏။ နာမ်, ရုပ်ဟူသော အကြောင်းကြောင့် ဝိညာဉ်ဖြစ်၏"၊ ဤသို့ အသင့်အားဖြင့် နှလုံးသွင်းမိခြင်းသည် ဖြစ်၏၊ ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

၁၂။ ထိုအခါ၌ ဘုရားလောင်းအား ဤသို့သော အကြံသည် ဖြစ်၏။ "စင်စစ်သဖြင့် ဤဝိညာဉ်သည် တဖန်လည်၍ ဖြစ်ပြန်၏။ ဤဝိညာဉ်သည် နာမ်, ရုပ်မှ တပါးသို့ မသွား၊ ဤသို့ အပြန်အလည်ဖြစ်သဖြင့် ဤဝိညာဉ်သည် ဖြစ်လည်း ဖြစ်ရာ၏၊

အိုလည်း အိုရာ၏၊ သေလည်း သေရာ၏။ စုတေလည်း စုတေရာ၏"၊ ဤသို့ နှလုံးသွင်းခြင်း, ဆင်ခြင်ခြင်းသည်ကား ဘုရားလောင်းအား ဤပစ္စုပ္ပန်ဘဝ၌သာ ဆင်ခြင်တော်မူသတည်း။

ဤတရားအပေါင်းတို့တွင် တဏှာ, ဥပါဒါန်, ဘဝတို့ကို မြင်တော်မူသဖြင့် ပစ္စုပ္ပန် ဘဝ၌ ဝိညာဉ်၏ အကြောင်းဖြစ်သော အတိတ်၌ဖြစ်သော သင်္ခါရတို့ကိုငင်း၊ သင်္ခါရတို့၏ အကြောင်းဖြစ်သော မောဟ-ဟု ဆိုအပ်သော အဝိဇ္ဇာကိုငင်း မြင်တော်မူသဖြင့် အတိတ်နှင့် ပစ္စုပ္ပန်ကို ယှက်၍-

**အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။**

ဟူ၍ ပဋိစ္စသမုပ္ပါဒ်ကို အနုလုံအားဖြင့် ဆင်ခြင်တော်မူ၏။ ဤသို့လျှင် ဘုရားလောင်းအား ရှေး၌ သူတစ်ပါးတို့၏ အထံ၌ မကြားဖူးကုန်သော ပဋိစ္စသမုပ္ပါဒ်တရားတို့၌ ပညာတည်း ဟူသော မျက်စိသည် ဖြစ်၏။ အပြားအားဖြင့် သိခြင်းသည် ဖြစ်၏။ ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။ ပညာတည်း ဟူသော အလင်းသည် ထင်ရှားဖြစ်လေ၏။

## ပဋိစ္စသမုပ္ပါဒ် အနုလုံအနက်

အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ သင်္ခါရာ တရားတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ သင်္ခါရပစ္စယာ၊ သင်္ခါရတည်းဟူသော အကြောင်း ကြောင့်။ ဝိညာဏံ၊ ဝိညာဉ်သည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဝိညာဏပစ္စယာ၊ ဝိညာဉ်တည်းဟူသော အကြောင်းကြောင့်။ နာမရူပံ၊ နာမ်, ရုပ်သည်။ သမ္ဘဝတိ၊ ဖြစ်၏။ နာမရူပပစ္စယာ၊ နာမ်, ရုပ်တည်းဟူသော အကြောင်းကြောင့်။ သဠာယတနံ၊ သဠာယတနသည်။ သမ္ဘဝတိ၊ ဖြစ်၏။ သဠာယတနပစ္စယာ၊ သဠာယတနတည်းဟူသော အကြောင်းကြောင့်။ ဖဿော၊ ဖဿ သည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဖဿပစ္စယာ၊ ဖဿတည်းဟူသော အကြောင်းကြောင့်။ ဝေဒနာ၊ ဝေဒနာသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဝေဒနာပစ္စယာ၊ ဝေဒနာတည်းဟူသော အကြောင်း ကြောင့်။ တဏှာ၊ တဏှာသည်။ သမ္ဘဝတိ၊ ဖြစ်၏။ တဏှာပစ္စယာ၊ တဏှာတည်းဟူသော အကြောင်းကြောင့်။ ဥပါဒါနံ၊ ဥပါဒါန် တရား ၄-ပါးသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဥပါဒါနပစ္စယာ၊ ဥပါဒါန်တည်းဟူသော အကြောင်းကြောင့်။ ဘဝေါ၊ ဘဝသည်။ သမ္ဘဝတိ၊ ဖြစ်၏။

ဘဝပစ္စယာ၊ ဘဝတည်းဟူသော အကြောင်းကြောင့်။ ဇာတိ၊ အမိဝမ်းတွင်း၌ ပဋိသန္ဓေနေရခြင်းသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဇာတိပစ္စယာ၊ ဇာတိတည်းဟူသော အကြောင်းကြောင့်။ ဇရာမရဏံ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ၊ အိုခြင်း, သေခြင်း, စိုးရိမ်ခြင်း, ငိုကြွေးမြည်တမ်းခြင်း, ဆင်းရဲခြင်း, နှလုံးမသာယာခြင်း, သက်ကြီးရှိုက်တငင် ပင်ပန်းခြင်းတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်တတ်ကုန်၏။ ဧဝံ၊ ဤသို့။ ကေဝလဿ၊ ချမ်းသာ အစရှိသည်တို့နှင့် မရောယှက်သော၊ ဧတဿ ဒုက္ခက္ခန္ဓဿ၊ ထိုဆင်းရဲ အစု၏။ သမုဒယော၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

[ ဤကား ပဋိစ္စသမုပ္ပါဒ် အနုလုံ၏ အနက်တည်း။]

✪✪✪✪✪✪✪✪✪✪✪

## ၆၅။ ဘုရားဖြစ်တော်မူခြင်း

### ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ရတော်မူခြင်း

ဤသို့ ပဋိစ္စသမုပ္ပါဒ်ကို အနုလုံအားဖြင့် ဆင်ခြင်တော်မူပြီး၍ သစ္စာ ၄-ပါးကို သိခြင်းငှါ အလိုရှိသော ဘုရားလောင်းအား အားထုတ်အပ်သော လုံ့လတို့သည် မလျော့သည်ဖြစ်၏။ ရှေးရှုထင်သော သတိရှိသည်ဖြစ်၏။ သတိ၏ မတွေဝေခြင်းကြောင့် ငြိမ်းသော ကိုယ်ရှိသည်, ပူပန်ခြင်းမရှိသည် ဖြစ်၏။ ကောင်းစွာ ထားအပ်သော စိတ်သည် တည်ကြည်သည် ဖြစ်၏။

ထိုဘုရားလောင်းသည် ကာမတို့၌ ဆိတ်၍သာလျှင်, အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ဝိတက်, ဝိစာရနှင့်တကွ ဖြစ်သော ဆိတ်ငြိမ်ခြင်းကြောင့်ဖြစ်သော ပီတိ, သုခရှိသော ပဌမဈာန်သို့ ကပ်၍ နေတော်မူ၏။

ဝိတက်, ဝိစာရတို့၏ ငြိမ်းခြင်းကြောင့် ကိုယ်တွင်း သန္တာန်၌ ကောင်းစွာကြည်ခြင်းရှိသော စိတ်၏မြတ်သော တည်ကြည်သော အဖြစ်ရှိသော သမာဓိကြောင့်ဖြစ်သော ပီတိ, သုခရှိသော ဝိတက်, ဝိစာရမရှိသော ဒုတိယဈာန်သို့ ကပ်၍ နေတော်မူ၏။

နှစ်သက်ခြင်းပီတိမှ ကင်းခြင်းကြောင့် လျစ်လျူရှုလျက်နေ၏။ သတိရှိသည် ဖြစ်၍ အဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍ သုခကို နာမကာယဖြင့် ခံစား၏။ ဘုရားလောင်း

အစရှိသော အရိယာသူတော်ကောင်းတို့ လျစ်လျူရှုလျက် သတိရှိသည်ဖြစ်၍ ချမ်းသာစွာ နေရ၏-ဟု အကြြင်းချာန်ကို ကြားကုန်၏။ ထိုတတိယဈာန်သို့ ကပ်၍ နေတော်မူ၏။

သုခကို ပယ်ခြင်းကြောင့်၎င်း, ဒုက္ခကို ပယ်ခြင်းကြောင့်၎င်း ရှေးဦးစွာကလျှင် သောမနဿ, ဒေါမနဿတို့၏ ချုပ်ခြင်းကြောင့် ဒုက္ခလည်းမဟုတ်, သုခလည်းမဟုတ်သော ဥပေက္ခာ ဝေဒနာနှင့်ယှဉ်သော သတိ၏ စင်ကြယ်ခြင်းရှိသော **စတုတ္ထဈာန်**သို့ ကပ်၍ နေတော်မူ၏။

ထိုဘုရားလောင်းသည် ဤသို့ စတုက္ကနည်းအားဖြင့် ရူပါဝစရ စတုတ္ထဈာန်သို့ ကပ်၍ နေသဖြင့် စိတ်သည်-

- ကောင်းစွာတည်ကြည်သည်ရှိသော်,
- စင်ကြယ်သော်,
- ဖြူစင်သော်,
- ကိလေသာဟူသော မြူမရှိသော်,
- ကိလေသာကင်းပြီးသော်,
- နူးညံ့စွာဖြစ်သော်,
- တန်ခိုး ဖန်ဆင်းခြင်းငှါ ခံ့သည်ရှိသော်,
- တည်သည်ရှိသော်,
- မတုန်မလှုပ်သော အဖြစ်သို့ရောက်သည်ရှိသော်-

ရှေး၌ နေခဲ့ဖူးသော ခန္ဓာအစဉ်ကို အောက်မေ့တတ်သော ဉာဏ်ကိုရခြင်းငှါ စိတ်တော်ကို ညွတ်စေ၏။ ထိုဘုရားလောင်းသည် တစ်ပါးမက များသော အပြားရှိသော ရှေး၌နေခဲ့ဖူးသော ခန္ဓာအစဉ်ကို အောက်မေ့တော်မူ၏။

ဤသို့ အောက်မေ့တတ်သော ခန္ဓာသည် အဘယ်နည်းဟူမူကား-

| | | |
|---|---|---|
| ၁-ဖြစ်ကိုင်၎င်း, | ၂-ဖြစ်တို့ကို၎င်း, | ၃-ဖြစ်တို့ကို၎င်း, |
| ၄-ဖြစ်တို့ကို၎င်း, | ၅-ဖြစ်တို့ကို၎င်း, | ၁၀-ဖြစ်တို့ကို၎င်း, |
| အဖြစ် ၂၀-တို့ကို၎င်း, | အဖြစ် ၃၀-တို့ကို၎င်း, | အဖြစ် ၄၀-တို့ကို၎င်း, |
| အဖြစ် ၅၀-တို့ကို၎င်း, | အဖြစ် ၁၀၀-တို့ကို၎င်း, | အဖြစ် ၁,၀၀၀-တို့ကို၎င်း, |

အဖြစ် ၁၀,၀၀၀-တို့ကိုရင်း, အဖြစ် တစ်သိန်းတို့ကိုရင်း,
တစ်ပါးမက များကုန်သော သံဝဋ္ဋကပ်တို့ကိုရင်း,
များစွာကုန်သော ဝိဝဋ္ဋကပ်တို့ကိုရင်း,
များစွာကုန်သော သံဝဋ္ဋကပ်, ဝိဝဋ္ဋကပ်တို့ကိုရင်း အောက်မေ့တော်မူ၏။

ဤမည်သော ဘဝ၌ ဤသို့ အမည်ရှိ၏။ ဤသို့ အနွယ်ရှိ၏။
ဤသို့ အဆင်းရှိ၏။ ဤသို့ အစာအာဟာရ ရရှိ၏။
ဤသို့ ဆင်းရဲ, ချမ်းသာကို ခံစား၏။ ဤသို့ အသက်၏ အပိုင်းအခြားရှိ၏။
ငါသည် ထိုကိုယ်၏အဖြစ်မှ စုတေ့သည်ရှိသော်-
ဤမည်သော ဘဝ၌ ဖြစ်၏။ ထိုဘဝ၌လည်း ဤသို့ အမည်ရှိ၏။
ဤသို့ အနွယ်ရှိ၏။ ဤသို့ အဆင်းရှိ၏။
ဤသို့ အစာအာဟာရ ရှိ၏။ ဤသို့ ဆင်းရဲ, ချမ်းသာကို ခံစား၏။
ဤသို့ အသက်၏အပိုင်းအခြား ရှိ၏။

ထိုတုသိတာနတ်ပြည်၌ သေတကေတု နတ်သားအဖြစ်မှ စုတေ့သော် ဤသိဒ္ဓမင်းသား၏ အဖြစ်သို့ ရောက်တော်မူ၏။ ဤသို့ အခြင်းအရာနှင့်တကွဖြစ်သော တစ်ပါးမက များသောအပြားရှိသော ရှေး၌နေခဲ့ဖူးသော ခန္ဓာကိုအစဉ်အတိုင်း အောက်မေ့တော်မူ၏။ ဤသို့ ရှေး၌နေဖူးသော ခန္ဓာအစဉ်ကို အောက်မေ့တတ်, သိတတ်သော **ပုဗ္ဗေနိဝါသာနုဿတိဉာဏ်**ကို ဘုရားအလောင်း ယောက်ျားမြတ်သည် ညဉ့်ဦးယံ၌ ရတော်မူ၏။

## ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူခြင်း

ဤပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ရပြီးသော် ဘုရားအလောင်းအား သန်းခေါင်ယံ၌ ဤသို့ အကြံဖြစ်၏၊ "အဘယ်အကြောင်းတရား မရှိသည်ရှိသော် ဇရာ, မရဏ-အိုခြင်း, သေခြင်းသည် မဖြစ်သနည်း၊ အဘယ်တရား၏ ချုပ်ခြင်းကြောင့် ဇရာ, မရဏသည် ချုပ်သနည်း"၊ ဤသို့သော အကြံသည် ဖြစ်၏။

ထိုအခါ၌ ဘုရားလောင်းအား အသင့်အားဖြင့် နှလုံးသွင်းခြင်းသည်, ပညာတော်ဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။ "ဇာတိမရှိသော် ဇရာ, မရဏသည် မဖြစ်၊ ဇာတိ၏ ချုပ်ခြင်းကြောင့် ဇရာ, မရဏသည် ချုပ်၏။"၊ ဤသို့ အသိဉာဏ်ဖြစ်တော်မူ၏။

ထို့နောင် ဘုရားလောင်းအား ဤသို့ အကြံဖြစ်တော်မူ၏၊ "အဘယ်တရား မရှိသော် ဇာတိမဖြစ်သနည်း၊ အဘယ်တရား၏ ချုပ်ခြင်းကြောင့် ဇာတိချုပ်သနည်း"၊ ဤသို့ ကြံဆင်ခြင်တော်မူ၏။ ထိုအခါ ဘုရားလောင်းအား အသင့်အားဖြင့် နှလုံးသွင်းမိခြင်းသည် ဖြစ်၏။ ပညာတော်ဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏၊ "စင်စစ်သဖြင့် ဘဝမရှိသည် ရှိသော် ဇာတိမဖြစ်ရာ၊ ဘဝ၏ ချုပ်ခြင်းကြောင့် ဇာတိသည် ချုပ်၏"၊ ဤသို့ ပညာဖြင့် ထိုးထွင်း၍ သိတော်မူ၏။

ထို့နောင်မှ "အဘယ်တရားမရှိသော် ဘဝမဖြစ်သနည်း၊ အဘယ်တရား၏ ချုပ်ခြင်းကြောင့် ဘဝသည် ချုပ်သနည်း"၊ ဤသို့ ဘုရားလောင်းအား အကြံတော်သည် ဖြစ်၏။ ထိုအခါ ဘုရားလောင်းအား "ဥပါဒါန်တရား ၄-ပါးမရှိသော် ဘဝသည် မဖြစ်၊ ဥပါဒါန်တရား ၄-ပါးချုပ်ခြင်းကြောင့် ဘဝသည် ချုပ်ရာ၏"၊ ဤသို့ အသင့်အားဖြင့် နှလုံးသွင်းမိခြင်းသည် ဖြစ်၏။ ပညာတော်ဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

ထို့နောင် "အဘယ်တရား မရှိသည်ရှိသော် ဥပါဒါန် မဖြစ်ရာသနည်း၊ အဘယ်တရား၏ ချုပ်ခြင်းကြောင့် ဥပါဒါန်သည် ချုပ်သနည်း"၊ ဤသို့ ဘုရားလောင်းအား အကြံတော်သည် ဖြစ်၏။ ထိုအခါ ဘုရားလောင်းအား "တဏှာ မရှိသည်ရှိသော် ဥပါဒါန် မဖြစ်ရာ၊ တဏှာ၏ ချုပ်ခြင်းကြောင့် ဥပါဒါန်သည် ချုပ်၏။" ဤသို့ အသင့်အားဖြင့် နှလုံးသွင်းမိခြင်းသည် ဖြစ်၏။ ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

ထို့နောင် ဘုရားလောင်းအား "အဘယ်တရား မရှိသည်ရှိသော် တဏှာမဖြစ်သနည်း၊ အဘယ်တရား၏ ချုပ်ခြင်းကြောင့် တဏှာချုပ်သနည်း"၊ ဤသို့ အကြံတော်သည် ဖြစ်၏။ ထိုအခါ ဘုရားလောင်းအား "ဝေဒနာ မရှိသည်ရှိသော် တဏှာမဖြစ်ရာ၊ ဝေဒနာ၏ ချုပ်ခြင်းကြောင့် တဏှာသည် ချုပ်ရာ၏"၊ ဤသို့ အသင့်အားဖြင့် နှလုံးသွင်းမိခြင်းသည် ဖြစ်၏။ ပညာတော်ဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

ထို့နောင် "အဘယ်တရား မရှိသော် ဝေဒနာ မဖြစ်ရာသနည်း၊ အဘယ်တရား၏ ချုပ်ခြင်းကြောင့် ဝေဒနာချုပ်ရာသနည်း"၊ ဤသို့သော အကြံတော်သည် ဖြစ်၏။ ထိုအခါ ဘုရားလောင်းအား "ဖဿ မရှိသည်ရှိသော် ဝေဒနာမဖြစ်ရာ၊ ဖဿ၏ချုပ်ခြင်းကြောင့် ဝေဒနာသည် ချုပ်၏"၊ ဤသို့ အသင့်အားဖြင့် နှလုံးသွင်းမိခြင်းသည် ဖြစ်၏။ ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

ထို့နောင် ဘုရားလောင်းအား "အဘယ်တရား မရှိသည်ရှိသော် ဖဿ မဖြစ်ရာသနည်း၊ အဘယ်တရား၏ ချုပ်ခြင်းကြောင့် ဖဿချုပ်သနည်း"၊ ဤသို့ အကြံတော်သည် ဖြစ်၏။ ထိုအခါ ဘုရားလောင်းအား "သဠာယတန မရှိသော် ဖဿ မဖြစ်ရာ၊ သဠာယတန၏ ချုပ်ခြင်းကြောင့် ဖဿ ချုပ်၏"၊ ဤသို့ အသင့်အားဖြင့် နှလုံးသွင်းမိခြင်းသည် ဖြစ်၏၊ ပညာတော်ဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

ထို့နောင် ဘုရားလောင်းအား "အဘယ်တရား မရှိသည်ရှိသော် သဠာယတန မဖြစ်ရာသနည်း၊ အဘယ်တရား၏ ချုပ်ခြင်းကြောင့် သဠာယတနချုပ်သနည်း"၊ ဤသို့ ကြံတော်မူ၏။ ထိုအခါ ဘုရားလောင်းအား "နာမ်, ရုပ် မရှိသော် သဠာယတန မဖြစ်ရာ၊ နာမ်, ရုပ်၏ ချုပ်ခြင်းကြောင့် သဠာယတနသည် ချုပ်၏"၊ ဤသို့ အသင့်အားဖြင့် နှလုံးသွင်းမိခြင်းသည် ဖြစ်၏။ ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

ထို့နောင် ဘုရားလောင်းအား "အဘယ်တရား မရှိသည်ရှိသော် နာမ်, ရုပ် မဖြစ်သနည်း၊ အဘယ်တရား၏ ချုပ်ခြင်းကြောင့် နာမ်, ရုပ်ချုပ်သနည်း"၊ ဤသို့သော အကြံတော်သည် ဖြစ်၏။ ထိုအခါ ဘုရားလောင်းအား "ဝိညာဉ် မရှိသည်ရှိသော် နာမ်, ရုပ်မဖြစ်ရာ၊ ဝိညာဉ်၏ ချုပ်ခြင်းကြောင့် နာမ်, ရုပ်ချုပ်၏ "၊ ဤသို့ အသင့်အားဖြင့် နှလုံးသွင်းမိခြင်းသည် ဖြစ်၏။ ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

ထို့နောင် ဘုရားလောင်းအား "အဘယ်တရား မရှိသည်ရှိသော် ဝိညာဉ်မဖြစ်သနည်း၊ အဘယ်တရား၏ ချုပ်ခြင်းကြောင့် ဝိညာဉ်ချုပ်သနည်း"၊ ဤသို့ အကြံတော်ဖြစ်၏။ ထိုအခါ ဘုရားလောင်းအား "နာမ်, ရုပ် မရှိသော် ဝိညာဉ်မဖြစ်ရာ၊ နာမ်, ရုပ်၏ ချုပ်ခြင်းကြောင့် ဝိညာဉ်ချုပ်၏"၊ ဤသို့ အသင့်အားဖြင့် နှလုံးသွင်းမိခြင်းသည် ဖြစ်၏။ ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

ဤသို့ ဆင်ခြင်တော်မူခြင်းသည် ပစ္စုပ္ပန်ဘဝ၌ ဆင်ခြင်တော်မူသည်၊ ဤတရားအပေါင်းတို့တွင် တဏှာ, ဥပါဒါန်, ဘဝတို့၏ ချုပ်ခြင်းကို မြင်တော်မူသော ဘုရားလောင်းသည် အတိတ်၌ဖြစ်သော အဝိဇ္ဇာ, သင်္ခါရတို့၏ ချုပ်ခြင်းကိုလည်း မြင်တော်မူ၏။ အကြင် "နာမရူပနိရောဓာ ဝိညာဏနိရောဓော" အစရှိသော ပဋိစ္စသမုပ္ပါဒ်ကို ငါရပြီ၊ ဤပဋိစ္စသမုပ္ပါဒ်တရားသည် သစ္စာ ၄-ပါးတရားကို သိခြင်း၏ အကြောင်းတည်း။

အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏနိရောဓော၊ ဝိညာဏနိရောဓာ နာမရူပနိရောဓော၊ နာမရူပနိရောဓာ သဠာယတနနိရောဓော၊ သဠာယတနနိရောဓာ ဖဿနိရောဓော၊ ဖဿနိရောဓာ ဝေဒနာနိရောဓော၊ ဝေဒနာနိရောဓာ တဏှာနိရောဓော၊ တဏှာနိရောဓာ ဥပါဒါန-

**နိရောဓော၊ ဥပါဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာမရဏံ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။**

ဟူ၍ ပဋိစ္စသမုပ္ပါဒ်တရားကို ပဋိလောမအားဖြင့် အတိတ်, ပစ္စုပ္ပန်စပ်၍ စီးဖြန်းရွတ်ဆင်ခြင်တော်မူ၏။

တု-ဧကန္တေန၊ စင်စစ်သဖြင့်။ အဝိဇ္ဇာယ ဧဝ၊ အဝိဇ္ဇာ၏သာလျှင်။ အသေသ-ဝိရာဂနိရောဓာ၊ အကြွင်းမဲ့ကင်းသဖြင့် ချုပ်ခြင်းကြောင့်။ သင်္ခါရနိရောဓော၊ လောကီကုသိုလ်စေတနာ-ဟု ဆိုအပ်သော သင်္ခါရတရားတို့၏ ချုပ်ခြင်းသည်။ ဟောတိ၊ ၏။ သင်္ခါရ-နိရောဓာ၊ သင်္ခါရတရားတို့ ချုပ်ခြင်းကြောင့်။ ဝိညာဏနိရောဓော၊ ပဋိသန္ဓေ ဝိညာဉ်၏ ချုပ်ခြင်းသည်။ ဟောတိ၊ ၏။ ဝိညာဏနိရောဓာ၊ ဝိညာဉ်၏ ချုပ်ခြင်းကြောင့်။ နာမရူပ-နိရောဓော၊ နာမ်, ရုပ်တရားတို့၏ ချုပ်ခြင်းသည်။ ဟောတိ၊ ၏။ နာမရူပနိရောဓာ၊ နာမ်, ရုပ်တရားတို့၏ ချုပ်ခြင်းကြောင့်။ သဠာယတနနိရောဓော၊ သဠာယတနတရားတို့၏ ချုပ်ခြင်းသည်။ ဟောတိ၊ ၏။ သဠာယတနနိရောဓာ၊ သဠာယတနတရားတို့၏ ချုပ်ခြင်းကြောင့်။ ဖဿနိရောဓော၊ ဖဿ၏ ချုပ်ခြင်းသည်။ ဟောတိ၊ ၏။ ဖဿနိရောဓာ၊ ဖဿ၏ ချုပ်ခြင်းကြောင့်။ ဝေဒနာနိရောဓော၊ ဝေဒနာ၏ ချုပ်ခြင်းသည်။ ဟောတိ၊ ၏။ ဝေဒနာနိရောဓာ၊ ဝေဒနာ၏ ချုပ်ခြင်းကြောင့်။ တဏှာနိရောဓော၊ တဏှာ၏ ချုပ်ခြင်းသည်။ ဟောတိ၊ ၏။ တဏှာနိရောဓာ၊ တဏှာ၏ ချုပ်ခြင်းကြောင့်။ ဥပါဒါနနိရောဓော၊ ဥပါဒါန်တရားတို့၏ ချုပ်ခြင်းသည်။ ဟောတိ၊ ၏။ ဥပါဒါနနိရောဓာ၊ ဥပါဒါန်တရားတို့၏ ချုပ်ခြင်းကြောင့်။ ဘဝနိရောဓော၊ ဘဝ၏ ချုပ်ခြင်းသည်။ ဟောတိ၊ ၏။ ဘဝနိရောဓာ၊ ဘဝ၏ ချုပ်ခြင်းကြောင့်။ ဇာတိနိရောဓော၊ ဇာတိ၏ ချုပ်ခြင်းသည်။ ဟောတိ၊ ၏၊ ဇာတိနိရောဓာ၊ ဇာတိ၏ ချုပ်ခြင်းကြောင့်။ ဇရာမရဏံ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ၊ အိုခြင်း, သေခြင်း, စိုးရိမ်ခြင်း, ငိုကြွေးမြည်တမ်းခြင်း, ဆင်းရဲခြင်း, နှလုံးမသာယာခြင်း, သက်ကြီးရှိုက်တငင် ပင်ပန်းခြင်းတို့သည်။ နိရုဇ္ဈန္တိ၊ ချုပ်တတ်ကုန်၏။ ဧဝံ၊ ဤသို့။ ကေဝလဿ၊ ချမ်းသာ အစရှိသည်တို့နှင့် မရောထသော။ ဧတဿ ဒုက္ခက္ခန္ဓဿ၊ ထိုဆင်းရဲ အစု၏။ နိရောဓော၊ ချုပ်ခြင်းသည်။ ဟောတိ၊ ၏။

ဘုရားလောင်းအား "နိရောဓော, နိရောဓော" ဟု ရှေး၌ သူတစ်ပါးတို့၏ အထံ၌ မကြားဖူးကုန်သော ပဋိစ္စသမုပ္ပါဒ် ပဋိလုံတရားတို့၌ ပညာမျက်စိသည် ဖြစ်၏။ အပြားအားဖြင့် သိခြင်းသည် ဖြစ်၏။ ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။ ပညာဟူသော အလင်းသည် ဖြစ်၏။ ထို့နောင်မှ စတုက္ကနည်းအားဖြင့် ရူပါဝစရဈာန် ၄-ပါးသို့ ကပ်၍ နေတော်မူ၏။

ဤသို့ စတုတ္ထဈာန်သမာဓိဖြင့် စိတ်တည်ကြည်သည်ရှိသော်, ထက်ဝန်းကျင်မှ ဖြူစင်သည် ရှိသော်, ကိလေသာဟူသော မြူမရှိသည်ရှိသော်, ကိလေသာကင်းပြီးသည်ရှိသော်, နူးညံ့စွာ ဖြစ်သည်ရှိသော်, တန်ခိုးဖန်ဆင်းခြင်း၌ ခံ့၍တည်သည်ရှိသော်, မတုန်မလှုပ်သော အဖြစ်သို့ ရောက်သည်ရှိသော် သတ္တဝါတို့၏ စုတိ, ပဋိသန္ဓေကို သိတတ်သော ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုညွှတ်စေ၏။

ထိုဘုရားလောင်းသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ အမြင်ကို လွန်သော နတ်၌ဖြစ်သော မျက်စိဖြင့် စုတေသော သတ္တဝါတို့ကို မြင်တော်မူ၏။ ပဋိသန္ဓေနေသော သတ္တဝါတို့ကို မြင်တော်မူ၏။ ယုတ်ကုန်သော သတ္တဝါ, မြတ်ကုန်သော သတ္တဝါတို့ကို သိတော်မူ၏။ အဆင်းလှကုန်သော သတ္တဝါတို့ကို အပြားအားဖြင့် သိတော်မူ၏။ အဆင်း မလှကုန်သော သတ္တဝါတို့ကို အပြားအားဖြင့် သိတော်မူ၏။ ကောင်းသော အလားရှိ ကုန်သော သတ္တဝါတို့ကို အပြားအားဖြင့် သိတော်မူ၏။ မကောင်းသော အလားရှိကုန်သော သတ္တဝါတို့ကို အပြားအားဖြင့် သိတော်မူ၏။ ကံအားလျော်စွာ လားရကုန်သော သတ္တဝါတို့ကို အပြားအားဖြင့် သိတော်မူ၏။

"အချင်းတို့ ဤသတ္တဝါတို့သည် ကာယဒုစရိုက် ၃-ပါးနှင့် ပြည့်စုံကုန်၏။ ဝစီဒုစရိုက် ၄-ပါးနှင့် ပြည့်စုံကုန်၏။ မနောဒုစရိုက် ၃-ပါးနှင့် ပြည့်စုံကုန်၏။ အရိယာ သူတော်ကောင်းတို့ ကို စွပ်စွဲကဲ့ရဲ့တတ်ကုန်၏။ မှားသော အယူရှိကုန်၏။ ယုတ်မာသော ပါဏာတိပါတ် အစရှိ သောအမှုကို စွဲလမ်းကုန်၏။ ထိုသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်သည်မှ စုတိစိတ်၏ အထက်၌ မကောင်းသော သူတို့၏ လားရာဖြစ်သော အစုတ်စုတ် အတွင်းတွင်း ကျရာဖြစ် သော ချမ်းသာကင်းသော ငရဲသို့သာလျှင် ဖြစ်ရကုန်၏။

အချင်းတို့ ဤသတ္တဝါတို့သည် ကာယ သုစရိုက် ၃-ပါးနှင့် ပြည့်စုံကုန်၏။ ဝစီသု- စရိုက် ၄-ပါးနှင့် ပြည့်စုံကုန်၏။ မနောသုစရိုက် ၃-ပါးနှင့် ပြည့်စုံကုန်၏။ ကောင်းသော အယူရှိကုန်၏။ ကာယသုစရိုက် အစရှိသော ကောင်းသော အမှုကို ဆောက်တည်ကုန်၏။ အရိယာသူတော်ကောင်းတို့အား မစွပ်စွဲတတ်ကုန်၊ ထိုသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်သည်မှ စုတိစိတ်၏ အထက်၌ ကောင်းသော သူတို့၏ လားရာဖြစ်သော နတ်ပြည်သို့ လားရကုန်၏။

ဤသို့လျှင် အထူးသဖြင့် စင်ကြယ်သော လူတို့၏ အမြင်ကိုလွန်သော နတ်မျက်စိ ဖြင့် စုတေသော သတ္တဝါတို့ကို မြင်တော်မူ၏။ ပဋိသန္ဓေနေဆဲဖြစ်သော သတ္တဝါတို့ကို မြင်တော်မူ၏။ ယုတ်ကုန်သော, မြတ်ကုန်သော, အဆင်းလှကုန်သော, အဆင်းမလှကုန် သော, ကောင်းသော အလားရှိကုန်သော, မကောင်းသော အလားရှိကုန်သော, ကံအား

လျှော်စွာ လားကုန်သော သတ္တဝါတို့ကို အပြားအားဖြင့် သိတော်မူ၏။ ၂-ခုမြောက်သော ဤ ဒိဗ္ဗစက္ခုဉာဏ်သည် သန်းခေါင်ယံ၌ ဖြစ်တော်မူ၏။ အဝိဇ္ဇာ ပျောက်၏။ အမိုက်သည် ကင်း၏။ အလင်းသည် ဖြစ်၏။

## အာသဝက္ခယဉာဏ်ကို ရတော်မူခြင်း

မိုးသောက်ယံ၌ ဘုရားအလောင်းသည် ဥပါဒါန်တရား ၄-ပါးတို့၏ အာရုံဖြစ်သော ခန္ဓာ ၅-ပါးတို့၌ အဖြစ်, အပျက်ကို ရှုတော်မူ၏။

- ရုပ်သည် ဤသို့ သဘောရှိ၏။ ရုပ်၏ဖြစ်ခြင်းသည် ဤသို့တည်း၊ ရုပ်၏ချုပ်ခြင်းသည် ဤသို့တည်း၊
- ဝေဒနာသည် ဤသို့ သဘောရှိ၏။ ဝေဒနာ၏ ဖြစ်ခြင်းသည် ဤသို့တည်း။ ဝေဒနာ၏ ချုပ်ခြင်းသည် ဤသို့တည်း။
- သညာသည် ဤသို့ သဘောရှိ၏။ သညာ၏ဖြစ်ခြင်းသည် ဤသို့တည်း။ သညာ၏ ချုပ်ခြင်းသည် ဤသို့တည်း။
- သင်္ခါရသည် ဤသို့ သဘောရှိ၏။ သင်္ခါရ၏ ဖြစ်ခြင်းသည် ဤသို့တည်း။ သင်္ခါရ၏ ချုပ်ခြင်းသည် ဤသို့တည်း။
- ဝိညာဉ်သည် ဤသို့ သဘောရှိ၏။ ဝိညာဉ်၏ ဖြစ်ခြင်းသည် ဤသို့တည်း၊ ဝိညာဉ်၏ ချုပ်ခြင်းသည် ဤသို့တည်း၊

ဤသို့ ဥပါဒါနက္ခန္ဓာ ၅-ပါးတို့၌ အဖြစ်, အပျက်ကို ရှု၍ ပဋိစ္စသမုပ္ပါဒ်ကို အနုလုံ, ပဋိလုံအားဖြင့် စီးဖြန်းရွတ် ဆင်ခြင်တော်မူ၏။

ထို့နောင် စတုက္ကနည်းအားဖြင့် ရူပါဝစရဈာန် ၄-ပါးသို့ ကပ်၍ နေတော်မူ၏။ ဤသို့ ရူပါဝစရဈာန်သမာဓိဖြင့် စိတ်သည် ကောင်းစွာတည်ကြည်သည်ရှိသော်, စင်ကြယ်သည်ရှိသော်, ဖြူစင်သည်ရှိသော်, ကိလေသာတည်းဟူသော မြူမရှိသည်ရှိသော်, ကင်းပြီးသော ကိလေသာရှိသည်ရှိသော်, နူးညံ့စွာ ဖြစ်သည်ရှိသော် တန်ခိုးဖန်ဆင်းခြင်း၌ ခံ့သည်ရှိသော်, တည်ကြည်သည်ရှိသော်, မတုန်မလှုပ်သော အဖြစ်သို့ရောက်သည်ရှိသော် ဘုရားအလောင်းသည် အာသဝေါတရားတို့ကို ကုန်စေတတ်သော ဉာဏ်အလို့ငှါ စိတ်ကိုရှေးရှုညွတ်စေ၏။

ထိုဘုရားအလောင်းသည် ဤလောကီစိတ်ဧကောသီတိ, လောဘကြဉ်သော စေတသိက် ၈၈ပညာသ, ရုပ်အဋ္ဌဝီသ၊ ဤအလုံးစုံသည် **ဒုက္ခသစ္စာ**မည်၏-ဟု ထိုးထွင်း၍ သိတော်မူ၏။ ဤလောဘသည်ကား ဒုက္ခ၏ အကြောင်းဖြစ်သော **သမုဒယသစ္စာ**မည်၏-ဟု ထိုးထွင်း၍ သိတော်မူ၏။ ဤနိဗ္ဗာန်သည်ကား ဒုက္ခ၏ ချုပ်ရာဖြစ်သော **နိရောဓသစ္စာ**မည်၏-ဟု ထိုးထွင်း၍ သိတော်မူ၏။

မဂ် ၄-ခု၌ယှဉ်သော **သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ**တည်းဟူသော မဂ္ဂင် ၈-ပါးသည် ဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်သော **မဂ္ဂသစ္စာ**မည်၏ဟု ထိုးထွင်း၍ သိတော်မူ၏။

- တရားကိုယ်အားဖြင့် လောဘ, ဒိဋ္ဌိ, အဝိဇ္ဇာ ၃-ပါးသည် **အာသဝ**မည်၏-ဟု ထိုးထွင်း၍ သိတော်မူ၏။
- လောဘသည် အာသဝေါတရား ၄-ပါးတို့၏ ဖြစ်ကြောင်း-ဟု ထိုးထွင်း၍ သိတော်မူ၏။
- နိဗ္ဗာန်သည်ကား အာသဝေါတရား **၄-ပါးတို့၏ချုပ်ရာ** ဟု ထိုးထွင်း၍ သိတော်မူ၏။
- မဂ် ၄-ခု၌ ယှဉ်သော သမ္မာဒိဋ္ဌိ။ ပ ။ သမ္မာသမာဓိတည်းဟူသော မဂ္ဂင် ၈-ပါးသည် အာသဝေါတရား ၄-ပါးတို့၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော **အကျင့်**-ဟု ထိုးထွင်း၍ သိတော်မူ၏။

ဤသို့ သိတော်မူသော ဤသို့ မြင်တော်မူသော ဘုရားလောင်းအား ကာမာသဝမှ စိတ်သည် လွတ်၏-ဟု အဟုတ်အဟတ် ထိုးထွင်း၍ သိတော်မူ၏။ ဘဝါသဝမှ စိတ်သည် လွတ်၏။ ဒိဋ္ဌာသဝမှ စိတ်သည် လွတ်၏။ အဝိဇ္ဇာသဝမှ စိတ်သည် လွတ်၏။ အာသဝေါတရား ၄-ပါးမှ လွတ်ပြီးသောအခါ၌ "ငါသည် အာသဝေါတရား ၄-ပါးတို့မှ လွတ်ပြီးသည်ဖြစ်၏" ဟု အသိဉာဏ်ဖြစ်တော်မူ၏။ "ငါ့အား ပဋိသန္ဓေနေခြင်းသည် ကုန်ပြီ၊ မဂ်တည်းဟူသော အကျင့်ကို ငါသည် သုံးအပ်ပြီ၊ ပြုအပ်သော မင်္ဂကိစ္စကို ပြုအပ်ပြီ၊ တပါးသော မဂ်ကိစ္စကို ပြုဖွယ်အလို့ငှါ မရှိပြီ" ဟု ထိုးထွင်း၍ သိတော်မူ၏။ ဤသို့လျှင် ဆိုအပ်ပြီးသော နည်းအားဖြင့် အာသဝေါတရားတို့၏ ကုန်ခြင်းကို ပြုတတ်သော အာသဝက္ခယဉာဏ်ကို **နေအရုဏ်တက်လုဆဲဆဲ အရုဏ်မတက်မီ** ရှေးအဖို့၌ ရတော်မူသဖြင့် သစ္စာ ၄-ပါးတရားတို့ကို ကောင်းစွာ မဖောက်မပြန် မိမိအလိုလို သိတော်မူတတ်သော ဘုရားအဖြစ်သို့ ရောက်တော်မူ၏။

အာသယာနုသယဉာဏ်ကို ရတော်မူသည်နှင့်တပြိုင်နက် တစ်ချက်တည်း-

| | | |
|---|---|---|
| သဗ္ဗညုတဉာဏ်, | မဟာဝဇိရဉာဏ်, | ကရုဏာသမာပတ္တိဉာဏ်, |
| ဝိဇ္ဇာပဋိသမ္ဘိဒါဉာဏ်, | ဝေသာရဇ္ဇဉာဏ်, | ဆအသာဓာရဏဉာဏ်, |
| အဘိညာဉ် ၆-ပါး, | ဒသဗလဉာဏ်, | နဝဂုဏ် ၉-ပါး, |
| အစိန္တေယျ ၄-ပါး, | စုဒ္ဒသဗုဒ္ဓဉာဏ်, | အဋ္ဌာရသဗုဒ္ဓဓမ္မဉာဏ်, |
| စတုစတ္တာလီသဉာဏ်, | ပညာသုဒယဗ္ဗယဉာဏ်, | တေသတ္တတိဉာဏ်, |
| သတ္တသတ္တတိဉာဏ်, | ၃၂-ပါးသော လက္ခဏာတော်ကြီး, | |
| ၈၀-သော လက္ခဏာတော်ငယ်, | ဓမ္မတာ အပြား-၃၀, | |
| ၆-သွယ်သော ရောင်ခြည်တော်၊ | | |

ဤသို့ အစရှိသော ဘုရားရှင် ကျေးဇူးတော် ဂုဏ်တော်အပေါင်းတို့သည် **အရုဏ်မတက်မီ ဘုရားအဖြစ်သို့ ရောက်တော်မူသည်နှင့် တပြိုင်နက် တစ်ချက်တည်း** ပြည့်စုံတော်မူလေ၏။

[ အရှင်ဂေါတမ မြတ်စွာဘုရားသည် ဘိုးတော် အဥ္စနမင်းကြီးနှင့် အရှင်ဒေဝီလ ရသေ့တို့ တိုင်ပင်၍ ဖြိုထားအပ်သော ကောဇာသက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့၊ ညဥ့် မိုးသောက်ယံ **အရုဏ်မတက်မီ ဝိသာခါနက္ခတ်နှင့် ယှဉ်လျက်** ဘုရားအဖြစ်သို့ ရောက်တော်မူ၏။]

✪✪✪✪✪✪✪✪✪✪✪

## ၆၆။ ဘုရားဖြစ်တော်မူခိုက် ပုဗ္ဗနိမိတ် ၃၂-ပါး

၁။ ဘုရားအဖြစ်သို့ ရောက်တော်မူသောခဏ၌ တစ်သောင်းသော စကြဝဠာတိုက်သည် ရေအဆုံးရှိသည်ကို ပြု၍ ၁၂-ကြိမ် ပြင်းထန်စွာ တုန်လှုပ်၏။

၂။ ယောက်ျားမြတ်သည် တစ်သောင်းသော စကြဝဠာတိုက်ကို ပွဲတင်ထပ်စေ၍ အရုဏ်တက်ခါနီး၌ သဗ္ဗညုတဉာဏ်ကို ရတော်မူသည်ရှိသော် တစ်သောင်းသော လောကဓာတ်သည် တန်ဆာဆင်ခြင်းနှင့် စပ်သည်ဖြစ်၏။

၃။ အရှေ့မျက်နှာ စကြဝဠာနား၌ စိုက်အပ်သော တံခွန်တို့၏ အရွက်သည် အနောက်မျက်နှာ စကြဝဠာနား၌ ခတ်မိကုန်၏။

၄။ အနောက်မျက်နှာ စကြဝဠာနား၌ စိုက်အပ်ကုန်သော တံခွန်တို့၏ အရွက်သည် အရှေ့စကြဝဠာနား၌ ခတ်မိကုန်၏။

၅။ တောင်မျက်နှာ စကြဝဠာနား၌ စိုက်အပ်သော တံခွန်တို့၏ အရွက်သည် မြောက်မျက်နှာ စကြဝဠာ တံတိုင်းအနား၌ ခတ်မိကုန်၏။

၆။ မြောက်မျက်နှာ စကြဝဠာနား၌ စိုက်အပ်သော တံခွန်တို့၏ အရွက်သည် တောင်မျက်နှာ စကြဝဠာတံတိုင်းနား၌ ခတ်မိကုန်၏။

၇။ မြေအပြင်၌ စိုက်အပ်သော တံခွန်တို့၏ အရွက်သည် ဗြဟ္မာ့ပြည်သို့ ထိ၍ တည်ကုန်၏။

၈။ တစ်သောင်းသော စကြဝဠာတိုက်၌ အပွင့်ကိုသာ ဆောင်ကုန်သော သစ်ပင်တို့သည် ပင်လုံးကျွတ် ပွင့်ကုန်၏။

၉။ အသီးကို ဆောင်ကုန်သော သစ်ပင်တို့သည် ပင်လုံးကျွတ် သီးကုန်သည်ဖြစ်၍ အသီးအခိုင်တို့ဖြင့် ပြည့်ကုန်၏။

၁၀။ ပင်စည်တို့၌ ပင်စည်၌ဖြစ်သော ပဒုမာကြာတို့သည် ပွင့်ကုန်၏။

၁၁။ အခက်တို့၌လည်း အခက်၌ဖြစ်သော ပဒုမာကြာတို့သည် ပွင့်ကုန်၏။

၁၂။ နွယ်တို့၌လည်း နွယ်၌ဖြစ်သော ပဒုမာကြာတို့သည် ပွင့်ကုန်၏။

၁၃။ ကောင်းကင်၌ တွဲလျားဆွဲလျက် ပဒုမာကြာတို့သည် ပွင့်ကုန်၏။

၁၄။ တခဲနက်သော ကျောက်ဖျာတို့ကို ခွဲပြီးလျှင် အဆင့်ဆင့် ၇၀၀-တို့သည် ဖြစ်ကုန်၍ အရိုးပဒုမာတို့သည် ထကုန်၏။

၁၅။ တစ်သောင်းသော လောကဓာတ်သည် လုံး၍လွှတ်အပ်သော ပန်းကုံးကဲ့သို့ ကောင်းစွာ ခင်းအပ်သော ပန်းအခင်းကဲ့သို့ ဖြစ်ကုန်၏။

၁၆။ စကြဝဠာတိုက်တို့၏ အကြားတို့၌ ယူဇနာရှစ်သောင်း အပြောကျယ်သော လောကန္တရိက်ငရဲတို့သည် နေ ၇-စင်းတို့၏ အရောင်ဖြင့် မထွန်းလင်းနိုင်ဖူးသော်လည်း တပြိုင်နက် အလင်းတို့သည် ဖြစ်ကုန်၏။

၁၇။ ယူဇနာရှစ်သောင်း, လေးထောင်နက်သော မဟာသမုဒ္ဒရာသည် ချိုအေးမြိန်မြတ်သော ရေရှိသည် ဖြစ်၏။

၁၈။ မြစ်တို့သည် မစီးဘဲ တန့်ရပ်ကုန်၏။

၁၉။ အမိဝမ်းတွင်းမှ ကန်းသော သူတို့သည် ရူပါရုံကို မြင်ကုန်၏။

၂၀။ အမိဝမ်းတွင်းမှ နားပင်းသော သူတို့သည် အသံကို ကြားကုန်၏။

၂၁။ အမိဝမ်းတွင်းမှ ဆွံ့သော သူတို့သည် ခြေဖြင့် သွားနိုင်ကုန်၏။

၂၂။ ထိတ်နှောင်အိမ်အဖွဲ့တို့သည် အလိုလို ကျိုးပြတ်ကုန်၏။

ဤသို့ အစရှိသည်အားဖြင့် အောက်၌ ဆိုအပ်ခဲ့ပြီးသော ၃၂-ပါးသော ပုဗ္ဗနိမိတ်တို့ကို ပြကုန်၏။

## ပဌမဗုဒ္ဓစနကို မိန့်မြွက်တော်မူခြင်း

ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် အတိုင်းအရှည်မရှိသော အသရေ၏ တင့်တယ်ခြင်းဖြင့် နတ်တို့ ပူဇော်အပ်သည်ရှိသော် တစ်ပါးမက များသော အပြားရှိကုန်သော အံ့ဖွယ်သရဲတို့သည် ဖြစ်လေကုန်၏။ သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍ သိတော်မူပြီးသော မြတ်စွာဘုရားသည် ခပ်သိမ်းသော ဘုရားရှင်တို့သည် မစွန့်အပ်သော ဥဒါန်းကို ကျူးရင့်တော်မူ၏။

**၁။ အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။**
**ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။ ။**

**၂။ ဂဟကာရက ဒိဋ္ဌော'သိ၊ ပုန ဂေဟံ န ကာဟသိ။**
**သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။**
**ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။-**

ဟူ၍ ဥဒါန်းကျူးရင့်တော်မူ၏။ ဤဥဒါန်းသည် ပဌမ ဗုဒ္ဓဝစန ရှေးဦးစွာသော မြတ်စွာဘုရားစကားတော် မည်၏။

၁။ ဘော ဂဟကာရ၊ အို အတ္တဘောတည်းဟူသော အိမ်ကို ပြုတတ်သော တဏှာယောကျာ်း ပဲခွပ်သမား။ တံ၊ သင့်ကို။ ဂဝေသန္တော၊ ရှာသောငါသည်။ ယေန ဉာဏေန၊ အကြင်သဗ္ဗညုတဉာဏ်တော်ဖြင့်။ တံ၊ သင့်ကို။ ဒဋ္ဌုံ၊ မြင်အံ့သောငှါ။ သက္ကာ၊ တတ်ကောင်း၏။ တံ ဉာဏံ၊ ထိုသဗ္ဗညုတဉာဏ်တော်ကို။ အနိဗ္ဗိသံ-အဝိန္ဒန္တော၊ မရသည်ဖြစ်၍။ အနေကဇာတိသံသာရံ၊ အဖြစ်များစွာ သံသရာပတ်လုံး။ သန္ဓာဝိဿံ၊ တစ်ပါးသော ဂတိမှသည် တစ်ပါးသော ဂတိသို့ ပြေးဝင်ရလှလေပြီ။ သံသရိ၊ တစ်ပါးသော ဂတိ၌ တပြောင်းပြန်ပြန် ဖြစ်သောအားဖြင့် ကျင်လည်ရလှလေပြီ။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ဇာတိ၊ အမိဝမ်း၌ ပဋိသန္ဓေနေရခြင်းသည်။ ဒုက္ခာ၊ ဆင်းရဲစွာ၏။

၂။ ဂဟကာရကာ၊ အတ္တဘောတည်းဟူသော အိမ်ကို ပြုတတ်သော တဏှာယောက်ျား ပဲခွပ်သမား။ ဒါနိ ဣဒါနိ၊ ယခုအခါ၌။ တံ၊ သင့်ကို။ မယာ၊ ငါသည်။ ဒိဋ္ဌော၊ မြင်အပ်သည်။ အသိ၊ ဖြစ်၏။ ပုန၊ တဖန်။ ဂေဟံ၊ အတ္တဘောတည်းဟူသော အိမ်ကို။ တွံ၊ သင်သည်။ န ကာဟသိ၊ မပြုရလတ္တံ့။ တေ၊ သင်၏။ သဗ္ဗာ၊ ခပ်သိမ်း ကုန်သော။ ဖာသုကာ၊ တစ်ထောင့်ငါးရာ ကိလေသာတည်းဟူသော အကွပ်အခြင် တို့ကို။ ဘဂ္ဂါ၊ ငါချိုးဖဲ့ရပြီ။ ဂဟကူဋံ၊ အဝိဇ္ဇာတည်းဟူသော အိမ်၏ အထွတ်ကို။ ဝိသင်္ခတံ၊ ငါချရပြီ။ မေ၊ ငါ၏။ စိတ္တံ၊ စိတ်သည်။ ဝိသင်္ခါရဂတံ၊ အာရုံပြုသော အားဖြင့် နိဗ္ဗာန်သို့ရောက်ပြီ။ တဏှာနံ၊ တဏှာတို့၏။ ခယံ၊ ကုန်ရာဖြစ်သော နိဗ္ဗာန်ကို။ အဇ္ဈဂါ-အဓိအဂါ၊ ငါရပြီ။

[ဤကား ပဌမဗုဒ္ဓဝစနဖြစ်သော ဥဒါန်းဂါထာတို့၏ အနက်တည်း။]

## ဥဒါန်းကျူးတော်မူခြင်း

ထို့နောက် အရုဏ်တက်၍ ကဆုန်လပြည့်ကျော် ၁-ရက်နေ့သို့ ဝင်သောအခါ၌-

**၁။ ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊ အာတာပိနော ဈာယတော ဗြာဟ္မဏဿ။**
**အထ'ဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊ ယတော ပဇာနာတိ သဟေတုဓမ္မံ။**

**၂။ ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊ အာတာပိနော ဈာယတော ဗြာဟ္မဏဿ။**
**အထ'ဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊ ယတော ခယံ ပစ္စယာနံ အဝေဒိ။**

**၃။ ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊ အာတာပိနော ဈာယတော ဗြာဟ္မဏဿ။**
**ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊ သူရိယော'ဝ ဩဘာသယ'မန္တလိက္ခံ။**

ဟူ၍ ဥဒါန်း ၃-ဂါထာကို ကျူးရင့်တော်မူပြန်၏။

၁။ အာတာပိနော၊ ခြိုးခြံသော လုံ့လရှိထသော။ ဈာယတော၊ အကုသိုလ်တရားကို ဖုတ်ကြည်းပြီးထသော။ ဗြာဟ္မဏဿ၊ အပပြုအပ်ပြီးသော မကောင်းမှုရှိသော ရဟန္တာပုဂ္ဂိုဟ်အား။ ယဒါ ယသ္မိံ ကာလေ၊ အကြင်အခါ၌။ ဓမ္မာ၊ ဗောဓိပက္ခိယ တရား ၃၇-ပါးတို့သည်။ ဟဝေ ဧကန္တေန၊ အကယ်မလွဲသဖြင့်။ ပါတုဘဝန္တိ၊ ထင်ရှားဖြစ်ကုန်၏။ အထ တသ္မိံ ကာလေ၊ ထိုအခါ၌။ အဿ ဗြာဟ္မဏဿ၊ ထိုရဟန္တာပုဂ္ဂိုဟ်အား။ သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ ကင်္ခါ၊ ၁၆-ပါးသော ယုံမှားခြင်း

တို့သည်။ ယတော ယသ္မာ ကာရဏာ၊ အကြင့်ကြောင့်။ ဝပယန္တိ၊ ငြိမ်းကုန်၏။ တတော တသ္မာ ကာရဏာ၊ ထို့ကြောင့်။ သဟေတုဓမ္မံ၊ အကြောင်းနှင့်တကွဖြစ်သော ပဋိစ္စသမုပ္ပါဒ်တရားကို။ သော ဗြာဟ္မဏော၊ ထိုရဟန္တာပုဂ္ဂိုဟ်သည်။ ပဇာနာတိ၊ အပြားအားဖြင့် သိ၏။

၂။ အာတာပိနော၊ ခြိုးခြံသော လုံ့လရှိထသော။ ဈာယတော၊ အကုသိုလ်တရားတို့ကို ဖုတ်ကြည်းပြီးထသော။ ဗြာဟ္မဏဿ၊ အပပြုအပ်ပြီးသော မကောင်းမှုရှိသော ရဟန္တာပုဂ္ဂိုဟ်အား။ ယဒါ ယသ္မိံ ကာလေ၊ ၌။ ဓမ္မာ၊ သစ္စာ ၄-ပါးတရားတို့သည်။ ဟဝေ ဧကန္တေန၊ စင်စစ်သဖြင့်။ ပါတုဘဝန္တိ၊ ကုန်၏။ အထ တသ္မိံ ကာလေ၊ ၌။ အဿ ဗြာဟ္မဏဿ၊ အား။ သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ ကင်္ခါ၊ ၁၆-ပါးကုန်သော ယုံမှားခြင်းတို့သည်။ ယတော ယသ္မာ ကာရဏာ၊ အကြင့်ကြောင့်။ ဝပယန္တိ၊ ကုန်၏။ တတော တသ္မာ ကာရဏာ၊ ထို့ကြောင့်။ ပစ္စယာနံ၊ အကြောင်းတရားတို့၏။ ခယံ၊ ကုန်ရာဖြစ်သော နိဗ္ဗာန်ကို။ သော ဗြာဟ္မဏော၊ သည်။ အဝေဒိ၊ သိပြီ။

၃။ အာတာပိနော၊ ထသော။ ဈာယတော၊ ပြီးထသော။ ဗြာဟ္မဏဿ၊ ပုဂ္ဂိုလ်အား။ ယဒါ ယသ္မိံ ကာလေ၊ ၌။ ဓမ္မာ၊ သစ္စာ ၄-ပါးတရားတို့သည်။ ဟဝေ ဧကန္တေန၊ ဖြင့်။ ပါတုဘဝန္တိ၊ ကုန်၏။ အထ တသ္မိံ ကာလေ၊ ၌။ သူရိယော၊ နေမင်းသည်။ အန္တလိက္ခံ အန္တလိက္ခေ၊ ကောင်းကင်ပြင်၌။ ဩဘာသယံ-ဩဘာသယန္တော၊ ထွန်းလင်းလျက်။ တိဋ္ဌတိ ဣဝ၊ တည်သကဲ့သို့။ သော ဗြာဟ္မဏော၊ သည်။ မာရသေနံ၊ ကာမာ တေ ပဌမာ သေနာ အစရှိသော မာရ်၏ စစ်သည်ကို။ ဝိဓူပယံ-ဝိဓူပယန္တော၊ ဖျက်ဆီးလျက်။ တိဋ္ဌတိ၊ တည်၏။

## ပလ္လင်တော်၌ ၇-ရက် စံနေတော်မူခြင်း

ဤသို့ ဥဒါန်းကျူးတော်မူ၍ ဗောဓိပင်အောက် ရွှေပလ္လင်ထက်၌ ဖွဲ့မြဲတိုင်းသော ထက်ဝယ်ဖြင့် ၇-ရက်ပတ်လုံး ဖလသမာပတ် ချမ်းသာကို ခံစားတော်မူ၏။ အဘယ့်ကြောင့် ၇-ရက်ပတ်လုံး ဖွဲ့မြဲတိုင်းသော ထက်ဝယ်ဖြင့် ဖလသမာပတ်ချမ်းသာကို ခံစား၍ နေလေသနည်း-ဟူမူကား ဥဒါန်းကျူးတော်မူ၍ ဒေဝပုတ္တမာရ်, ကိလေသမာရ်, ခန္ဓမာရ်တို့ကို အောင်တော်မူရာ ရွှေပလ္လင်၌ နေတော်မူသော မြတ်စွာဘုရားအား ဤသို့သော အကြံတော်သည် ဖြစ်၏။ "ငါသည် ကမ္ဘာတစ်သိန်း အလွန်ရှိသော ၄-သင်္ချေပတ်လုံး ဤပလ္လင်၏ အကြောင်းကြောင့် ကျင်လည်ရလေပြီ၊ ဤမျှလောက်သော ကမ္ဘာကာလ၌ ဤပလ္လင်၏

အကြောင်းကြောင့် တန်ဆာဆင်သော ဦးခေါင်းကို လည်၌ဖြတ်၍ လှူအပ်ပြီ၊ ကောင်းစွာ ကွင်းအပ်သော မျက်လုံးတို့ကို ထုတ်၍ လှူအပ်ပြီ၊ နှလုံးသားကို ထုတ်၍ လှူအပ်ပြီ၊ ဇာလီမင်းသားနှင့်တူသော သားတို့ကိုဂင်း ကဏှာဇိန် သမီးတော်နှင့်တူသော သမီးတော်တို့ကိုဂင်း မဒ္ဒီမိဖုရားနှင့်တူသော မယားတို့ကိုဂင်း သူတစ်ပါးတို့အား ကျွန်အလို့ငှါ လှူရလှုလေပြီ၊ ဤပလ္လင်သည် ငါ့အား မာရ်ကိုအောင်ရာဖြစ်သော ပလ္လင်တည်း၊ ဤပလ္လင်၌နေသော ငါ့အား ကောင်းသော အကြံသည် ပြည့်စုံ၏။ ဤရွှေ့လောက် နေကာမျှဖြင့် ဤပလ္လင်မှ မထသေး” ဟု ကြံတော်မူ၍ အကုဋေတစ်သိန်းမက များစွာသော အရဟတ္တဖိုလ် သမာပတ်ကို ဝင်စားတော်မူလျက် ၇-ရက်ပတ်လုံး ထိုပလ္လင်၌ နေတော်မူ၏။ ထို့ကြောင့်-

**အထ ခေါ ဘဂဝါ သတ္တာဟံ ဧကပလ္လင်္ကေန ဝိမုတ္တိသုခံ ပဋိသံဝေဒယမာနော နိသီဒိ-**

ဟူ၍ ဟောတော်မူသတည်း။

အထ ခေါ၊ ထိုသို့ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးသောအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သတ္တာဟံ၊ ၇-ရက်ပတ်လုံး။ ဧကပလ္လင်္ကေန၊ တစ်ထက်ဝယ်တည်းဖြင့်။ ဝိမုတ္တိသုခံ၊ အရဟတ္တဖိုလ် သမာပတ်ချမ်းသာကို။ ပဋိသံဝေဒယမာနော ခံစားတော်မူလျက်။ နိသီဒိ၊ နေတော်မူ၏။

[ဤမျှသော စကားအစဉ်သည်ကား အရှင်ဂေါတမ မြတ်စွာဘုရားသည် ဗောဓိပင်ရင်း ရွှေပလ္လင်၌ မာရ်နတ်စစ်ကို နေမဝင်မီ အောင်တော်မူသည်မှစ၍ သိကြားအစရှိသော နတ်တို့၏ ပူဇော်သက္ကာရကို ခံတော်မူလျက် သက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့်နေ့၊ ညဥ့်၌ တရားအပေါင်းကို သုံးသပ်ဆင်ခြင်တော်မူ၏၊ လပြည့်နေ့ ညဥ့် အရုဏ်မတက်မီ ဘုရားအဖြစ်သို့ ရောက်တော်မူ၍ လပြည့်ကျော် ၁-ရက်နေ့မှစ၍ ၇-ရက်ပတ်လုံး ပလ္လင်၌ နေတော်မူသော ပဌမ သတ္တာဟတိုင်အောင် ဆိုသောစကားအစဉ်တည်း။]

✪✪✪✪✪✪✪✪✪✪✪

## ၆၇။ သဗ္ဗညုတဉာဏ်တော်၏ သရုပ်

သစ္စာ ၄-ပါးကို ဖုံးလွှမ်းတတ်သော အမိုက်ကို ဖျောက်၍ ၁၆-ချက်သော အနက်နှင့် တကွ သစ္စာ ၄-ပါးကို သိတတ်သော အာသဝေါတရား ၄-ပါးတို့၏ ကုန်ခြင်းကိုပြုတတ်သော အရဟတ္တမဂ်၌ယှဉ်သော တတိယဝိဇ္ဇာ-ဟု ဆိုအပ်သော အာသဝက္ခယဉာဏ်ကို ရတော်မူပြီး၍ ဘုရားအဖြစ်သို့ ရောက်တော်မူသည်နှင့် တစ်ပြိုင်နက် တစ်ချက်တည်း ပြည့်စုံကုန်သော သဗ္ဗညုတဉာဏ် အစရှိသော ဘုရားကျေးဇူးတော်အပေါင်းတို့တွင်-

သဗ္ဗညုတဉာဏ်ဟူသည်ကား အဆုံးမရှိသော လောကဓာတ်တို့၌ အဆုံးမရှိသော သတ္တဝါ သင်္ခါရတရားလျှင် အာရုံရှိသော သဟိတ်ကာမာဝစရကြိယာ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ်နှင့်သော်၎င်း သဟိတ်ကာမာဝစရကြိယာ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ်နှင့်သော်၎င်း ယှဉ်သော မြတ်စွာဘုရား အဖို့တ္တ-သန္တာန်၌ဖြစ်သော ဉာဏ်သည် သဗ္ဗညုတဉာဏ် မည်၏။ ထိုသဗ္ဗညုတဉာဏ်သည် အနာဝရဏဉာဏ်လည်း မည်၏။

ထိုအကြောင်းကို ဤသို့ အဋ္ဌကထာတို့၌ လာသော ပါဠိအဓိပ္ပါယ်ဖြင့် သိအပ်၏။

၁။ ကတမံ တထာဂတဿ သဗ္ဗညုတညာဏံ၊ သဗ္ဗံ သင်္ခတ'မသင်္ခတံ အနဝသေသံ ဇာနာတီတိ သဗ္ဗညုတညာဏံ၊ တတ္ထ အာဝရဏံ နတ္ထီတိ အနာဝရဏဉာဏံ၊ အတီတံ သဗ္ဗံ ဇာနာတီတိ သဗ္ဗညုတညာဏံ၊ တတ္ထ အာဝရဏံ နတ္ထီတိ အနာဝရဏဉာဏံ၊ အနာဂတံ သဗ္ဗံ။ လ။ စက္ခု စေဝ ရူပါ စ ဧတံ သဗ္ဗံ၊ တံ သဗ္ဗံ ဇာနာတီတိ သဗ္ဗညုတညာဏံ၊ တတ္ထ အာဝရဏံ နတ္ထီတိ အနာဝရဏဉာဏံ၊ သောတံ စေဝ သဒ္ဒါ စ။ လ။ ဃာနဉ္စေဝ ဂန္ဓာ စ။ လ။ ဇိဝှါ စေဝ ရသာ စ။ လ။ ကာယော စေဝ ဖောဋ္ဌဗ္ဗာ စ။ လ။ မနော စေဝ ဓမ္မာ စ။ လ။

၂။ ယာဝတာ ရူပဿ အနိစ္စဋ္ဌံ ဒုက္ခဋ္ဌံ အနတ္တဋ္ဌံ၊ တံ သဗ္ဗံ ဇာနာတီတိ သဗ္ဗညုတညာဏံ၊ တတ္ထ အာဝရဏံ နတ္ထီတိ အနာဝရဏဉာဏံ၊ ယာဝတာ ဝေဒနာယ သညာယ သင်္ခါရာနံ ဝိညာဏဿ။

၃။ ယာဝတာ စက္ခုဿ။ လ။ ယာဝတာ ဇရာမရဏဿ၊ အနိစ္စဋ္ဌံ ဒုက္ခဋ္ဌံ အနတ္တဋ္ဌံ၊ တတ္ထ အာဝရဏံ နတ္ထီတိ သဗ္ဗညုတညာဏံ၊ တတ္ထ အာဝရဏံ နတ္ထီတိ အနာဝရဏဉာဏံ။

၄။ ယာဝတာ အဘိညာယ အဘိညဋ္ဌံ၊ ယာဝတာ ပရိညာယ ပရိညဋ္ဌံ၊ ယာဝတာ ပဟာနာယ ပဟာနဋ္ဌံ၊ ယာဝတာ ဘာဝနာယ ဘာဝနဋ္ဌံ၊ ယာဝတာ သစ္ဆိကိရိယာယ သစ္ဆိကိရိယဋ္ဌံ၊ တံ သဗ္ဗံ ဇာနာတီတိ သဗ္ဗညုတညာဏံ၊ တတ္ထ အာဝရဏံ နတ္ထီတိ အနာဝရဏဉာဏံ။

၅။ ယာဝတာ ခန္ဓာနံ ခန္ဓဋ္ဌံ၊ ဓာတူနံ ဓာတုဋ္ဌံ၊ အာယတနာနံ အာယတနဋ္ဌံ၊ သင်္ခတာနံ သင်္ခတဋ္ဌံ၊ အသင်္ခတဿ အသင်္ခတဋ္ဌံ၊ တံ သဗ္ဗံ ဇာနာတီတိ သဗ္ဗညုတညာဏံ၊ တတ္ထ အာဝရဏံ နတ္ထီတိ အနာဝရဏဉာဏံ။

၆။ ယာဝတာ ကုသလေ ဓမ္မေ၊ အကုသလေ ဓမ္မေ၊ အဗျာကတေ ဓမ္မေ၊ ကာမာဝစရေ ရူပါဝစရေ ပရိယာပန္နေ ဓမ္မေ၊ သဗ္ဗံ ဇာနာတီတိ သဗ္ဗညုတညာဏံ၊ တတ္ထ အာဝရဏံ နတ္ထီတိ အနာဝရဏဉာဏံ။

၇။ ယာဝတာ ဒုက္ခဿ ဒုက္ခဋ္ဌ၊ သမုဒယဿ သမုဒယဋ္ဌ၊ နိရောဓဿ နိရောဓဋ္ဌ၊ မဂ္ဂဿ မဂ္ဂဋ္ဌ၊ တံ သဗ္ဗံ။ လ။ ဉာဏံ။

၈။ အတ္ထပဋိသမ္ဘိဒါယ၊ ဓမ္မပဋိသမ္ဘိဒါယ၊ နိရုတ္တိပဋိသမ္ဘိဒါယ၊ ပဋိဘာနပဋိသမ္ဘိဒါယ။ လ။ ဉာဏံ၊ ယာဝတာ ဣန္ဒြိယပရောပရိယတ္တေ ဉာဏံ၊ တံ သဗ္ဗံ ဇာနာတီတိ သဗ္ဗညုတညာဏံ၊ တတ္ထ အာဝရဏံ နတ္ထီတိ အနာဝရဏဉာဏံ။

၉။ ယာဝတာ သတ္တာနံ အာသယာနုသယေ ဉာဏံ၊ ယာဝတာ ယမကပါဋိဟီရေ ဉာဏံ၊ ယာဝတာ မဟာကရုဏာသမာပတ္တိယာ ဉာဏံ၊ တံ သဗ္ဗံ ဇာနာတီတိ သဗ္ဗညုတညာဏံ၊ တတ္ထ အာဝရဏံ နတ္ထီတိ အနာဝရဏဉာဏံ။

၁၀။ ယာဝတာ သဒေဝကဿ လောကဿ သမာရကဿ သဗြဟ္မကဿ၊ သဿမဏဗြာဟ္မဏိယာ သဒေဝမနုဿာယ ဒိဋ္ဌံ၊ သုတံ၊ မုတံ၊ ဝိညာတံ၊ ပတ္တံ၊ ပရိယေသိတံ၊ အနုဝိစရိတံ မနသာ၊ သဗ္ဗံ ဇာနာတီတိ သဗ္ဗညုတညာဏံ၊ တတ္ထ အာဝရဏံ နတ္ထီတိ အနာဝရဏဉာဏံ။

၁၁။ န တဿ အဒိဋ္ဌ မိဓတ္ထိ ကိဉ္စိ၊ အထော အဝိညာတ'မဇာနိတဗ္ဗံ၊ သဗ္ဗံ အဘိညာသိ ယဒတ္ထိ နေယျံ၊ တထာဂတော တေန သမန္တစက္ခုတိ၊ တတ္ထ သမန္တစက္ခုတိ ကေန'ဋ္ဌေန၊ သမန္တစက္ခု အနာဝရဏဋ္ဌေန။

၁၂။ စုဒ္ဒသ ဗုဒ္ဓဉာဏာနိ ဒုက္ခေ ဉာဏံ ဗုဒ္ဓဉာဏံ၊ ဒုက္ခသမုဒယေ၊ ဒုက္ခနိရောဓေ၊ ဒုက္ခနိရောဓဂါမိနိပဋိပဒါယ ဉာဏံ ဗုဒ္ဓဉာဏံ၊ အတ္ထပဋိသမ္ဘိဒေ၊ ဓမ္မပဋိသမ္ဘိဒေ၊ နိရုတ္တိပဋိသမ္ဘိဒေ၊ ပဋိဘာနပဋိသမ္ဘိဒေ ဉာဏံ ဗုဒ္ဓဉာဏံ၊ ဣန္ဒြိယပရောပရိယတ္တေ၊ အာသယာနုသယေ၊ ယမကပါဋိဟီရေ၊ မဟာကရုဏာသမာပတ္တိယာ ဉာဏံ၊ သဗ္ဗညုတညာဏံ၊ အနာဝရဏဉာဏံ၊ စုဒ္ဒသန္နံ ဉာဏာနံ အာဒိတော အဋ္ဌညာဏာနိ သာဝကသာဓာရဏာနိ၊ ဆဉာဏာနိ အသာဓာရဏာနိ သာဝကေဟီတိ ဣဒံ တထာဂတဿ သဗ္ဗညုတညာဏံ။

ဤသို့လာသော ပါဠိတော်နည်း၌ အဓိပ္ပါယ်အကျဉ်းကား မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်သည် အဘယ်နည်း ဟူမူကား-

၁။ အလုံးစုံသော သင်္ခတ, အသင်္ခတတရားတို့ကို အကြွင်းမရှိ သိတတ်သော ဉာဏ်သည် သဗ္ဗညုတဉာဏ် မည်၏။ ထိုသို့သိခြင်း၌ ပိတ်ပင်ခြင်း မရှိသောကြောင့် အနာဝရဏဉာဏ် မည်၏။ စက္ခုသည်ငှင်း ရူပါရုံတို့သည်ငှင်း ထိုအလုံးစုံသည် ရှိ၏။ ထိုအလုံးစုံကိုငှင်း, သောတသည်ငှင်း သဒ္ဒါရုံတို့သည်ငှင်း ရှိ၏။ ထိုအလုံးစုံကိုငှင်း, ဃာနကိုငှင်း ဂန္ဓာရုံကိုငှင်း ဇိဝှါကိုငှင်း ရသာရုံကိုငှင်း ကာယကိုငှင်း ဖောဋ္ဌဗ္ဗာရုံကိုငှင်း မနကိုငှင်း ဓမ္မာရုံတို့ကိုငှင်း၊ ဤအလုံးစုံကို သိတတ်သော ဉာဏ်သည် သဗ္ဗညုတဉာဏ် မည်၏။ ထိုသိခြင်း၌ ပိတ်ပင်ခြင်း မရှိသောကြောင့် အနာဝရဏဉာဏ် မည်၏။

၂။ ရုပ်၏ အနိစ္စ အမြဲမရှိသောသဘော, ဒုက္ခသဘော, အနတ္တသဘောကိုငှင်း ဝေဒနာ၏, သညာ၏, သင်္ခါရတို့၏, ဝိညာဉ်၏ အနိစ္စသဘော, ဒုက္ခသဘော, အနတ္တသဘောကိုငှင်း ထိုအလုံးစုံကို သိတတ်သောကြောင့် သဗ္ဗညုတဉာဏ် မည်၏။ ထိုသို့ သိခြင်း၌ ပိတ်ပင်ခြင်း မရှိသောကြောင့်လည်း အနာဝရဏဉာဏ် မည်၏။

၃။ အကြင်မျှလောက် စက္ခု၏ အမြဲမရှိသော သဘောသည် ရှိ၏။ သောတ, ဃာန, ဇိဝှါ, ကာယ, မနတို့၏ အမြဲမရှိသော သဘောသည် ရှိ၏။ လ။ ဇရာမရဏ၏ အမြဲမရှိသော သဘောသည်ရှိ၏။ ထိုမျှလောက် အလုံးစုံကို သိတတ်သောကြောင့် သဗ္ဗညုတဉာဏ် မည်၏။ ထိုသို့သိခြင်း၌ ပိတ်ပင်ခြင်း မရှိသောကြောင့် အနာဝရဏဉာဏ် မည်၏။

၄။ အကြင်မျှလောက် သိအပ်သော တရား၏ သိအပ်သော အနက်သည် ရှိ၏။ အကြင်မျှလောက် ပိုင်းခြားအပ်သော သဘောတရား၏ ပိုင်းခြားအပ်သော အနက်သည် ရှိ၏။ အကြင်မျှလောက် ပယ်အပ်သော တရား၏ ပယ်အပ်သော အနက်သည် ရှိ၏။ အကြင်မျှလောက် ပွားစေအပ်သော မဂ္ဂသစ္စာ၏ ပွားစေအပ် သော အနက်သည် ရှိ၏။ အကြင်မျှလောက် မျက်မှောက်ပြုအပ်သော နိရောဓသစ္စာ၏ မျက်မှောက်ပြုအပ်သော အနက်သည် ရှိ၏။ ထိုအလုံးစုံကို သိတတ်သောကြောင့် သဗ္ဗညုတဉာဏ် မည်၏။ ထိုသို့သိခြင်း၌ ပိတ်ပင်ခြင်း မရှိသောကြောင့် အနာဝရဏဉာဏ် မည်၏။

၅။ အကြင်မျှလောက် ခန္ဓာတို့၏ အစုဟူသော အနက်သည် ရှိ၏။ ဓာတ်တို့၏ သဘောကို ဆောင်တတ်သော အနက်သည် ရှိ၏။ အာယတနတို့၏ သံသာရာဝဋ်ကို ရှည်စွာဖြစ်စေတတ်သော အနက်သည် ရှိ၏။ သင်္ခတတရားဟု ဆိုအပ်သော ရုပ်နာမ်တို့၏ ပြုပြင်အပ်သော အနက်သည်, အကြင်မျှလောက် အသင်္ခတတရား

ဟု ဆိုအပ်သော နိဗ္ဗာန်၏ မပြုပြင်အပ်သော အနက်သည် ရှိ၏။ ထိုအလုံးစုံကို သိတတ်သောကြောင့် သဗ္ဗညုတဉာဏ် မည်၏။ ထိုသို့သိခြင်း၌ ပိတ်ပင်ခြင်း မရှိသောကြောင့် အနာဝရဏဉာဏ် မည်၏။

၆။ အကြင်မျှလောက်ကုန်သော ကုသိုလ်, အကုသိုလ်, အဗျာကတတရား, ရူပါဝစရတရား, အရူပါဝစရတရား, သံသရာဝဋ်၌ အကျုံးဝင်သော တရားတို့သည် ရှိကုန်၏။ ထိုအလုံးစုံကို သိတတ်သောကြောင့် သဗ္ဗညုတဉာဏ် မည်၏။ ထိုသို့ သိခြင်း၌ ပိတ်ပင်ခြင်း မရှိသောကြောင့် အနာဝရဏဉာဏ် မည်၏။

၇။ အကြင်မျှလောက် ဒုက္ခသစ္စာ၏ ဒုက္ခအနက်သည်, သမုဒယသစ္စာ၏ သမုဒယအနက်သည်, မဂ္ဂသစ္စာ၏ မဂ္ဂအနက်သည်, နိရောဓသစ္စာ၏ နိရောဓအနက်သည် ရှိ၏။ ထိုအလုံးစုံကို သိတတ်သောကြောင့် သဗ္ဗညုတဉာဏ် မည်၏။ ထိုသို့ သိခြင်း၌ ပိတ်ပင်ခြင်း မရှိသောကြောင့် အနာဝရဏဉာဏ် မည်၏။

၈။ အကြင်မျှလောက် အတ္ထပဋိသမ္ဘိဒါ၌ ဉာဏ်သည် ရှိ၏။ ဓမ္မပဋိသမ္ဘိဒါ၌, နိရုတ္တိပဋိသမ္ဘိဒါ၌ ဉာဏ်သည်၊ ပဋိဘာနပဋိသမ္ဘိဒါ၌ ဉာဏ်သည် ရှိ၏။ အကြင်မျှလောက် ခပ်သိမ်းသော ဝေနေယျတို့အား သဒ္ဒါအစရှိသော ဣန္ဒြေရင့်သည်, မရင့်သည်ကို ပိုင်းခြားခြင်း၌ ဉာဏ်သည် ရှိ၏။ ထိုအလုံးစုံကို သိတတ်သောကြောင့် သဗ္ဗညုတဉာဏ်မည်၏။ ထိုသို့ သိခြင်း၌ ပိတ်ပင်ခြင်း မရှိသောကြောင့် အနာဝရဏဉာဏ် မည်၏။

၉။ အကြင်မျှလောက် သတ္တဝါတို့၏ အလို၏ဖြစ်ခြင်း၌ သိတတ်သော ဉာဏ်သည်၊ အစုံအစုံသော ပြာဋိဟာပြခြင်း၌ ဉာဏ်သည် ရှိ၏။ ထိုအလုံးစုံကို သိတတ်သောကြောင့် သဗ္ဗညုတဉာဏ် မည်၏။ ထိုသို့ သိခြင်း၌ ပိတ်ပင်ခြင်း မရှိသောကြောင့် အနာဝရဏဉာဏ် မည်၏။

၁၀။ အကြင်မျှလောက် နတ်နှင့်တကွသော လောက၏ မြင်ခြင်း, ကြားခြင်း, တွေးဆခြင်း, သိခြင်း, ရောက်ခြင်း, ရှာမှီးခြင်း, နှလုံးဖြင့်လေ့ကျက်ခြင်းသည် ရှိ၏။ မာရ်နှင့်တကွသော လောက၏, ဗြဟ္မာနှင့်တကွသော လောက၏, ရဟန်းပုဏ္ဏားနှင့် တကွဖြစ်သော, နတ်, လူနှင့်တကွဖြစ်သော သတ္တဝါတို့၏ မြင်ခြင်း, ကြားခြင်း, တွေးဆခြင်း, သိခြင်း, ရောက်ခြင်း, ရှာမှီးခြင်း, နှလုံးဖြင့်လေ့ကျက်ခြင်းသည် ရှိ၏။ ထိုအလုံးစုံကို သိတတ်သောကြောင့် သဗ္ဗညုတဉာဏ် မည်၏။ ထိုသို့ သိခြင်း၌ ပိတ်ပင်ခြင်း မရှိသောကြောင့် အနာဝရဏဉာဏ် မည်၏။

၁၁။ ထိုသဗ္ဗညုတဉာဏ်အား တစ်စုံတစ်ခုကို မမြင်ခြင်းမည်သည် မရှိ၊ မသိအပ်သော တရားမည်သည် မရှိ၊ အကြင်သိအပ်သော တရားသည် ရှိ၏။ ထိုအလုံးစုံကို သိတတ်၏။ ထို့ကြောင့် မြတ်စွာဘုရားကို သမန္တစက္ခုဟူ၍ ဆိုအပ်၏။ ပိတ်ပင်ခြင်း မရှိသော အနက်ကြောင့်လည်း သမန္တစက္ခု မည်၏။

၁၂။ ၁၄-ပါးကုန်သော ဗုဒ္ဓဉာဏ်တို့သည် ရှိကုန်၏။ ၁၄-ပါးဟူသော်ကား-

(၁) ဒုက္ခသစ္စာ၌ ဉာဏ်သည် ဗုဒ္ဓဉာဏ် မည်၏။

(၂) သမုဒယသစ္စာ၌ ဉာဏ်သည် ဗုဒ္ဓဉာဏ် မည်၏။

(၃) နိရောဓသစ္စာ၌ ဉာဏ်သည် ဗုဒ္ဓဉာဏ် မည်၏။

(၄) ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော မဂ္ဂသစ္စာ၌ ဉာဏ်သည် ဗုဒ္ဓဉာဏ် မည်၏။

(၅) အတ္ထပဋိသမ္ဘိဒါ၌ ဉာဏ်သည် ဗုဒ္ဓဉာဏ် မည်၏။

(၆) ဓမ္မပဋိသမ္ဘိဒါ၌ ဉာဏ်သည် ဗုဒ္ဓဉာဏ် မည်၏။

(၇) နိရုတ္တိပဋိသမ္ဘိဒါ၌ ဉာဏ်သည် ဗုဒ္ဓဉာဏ် မည်၏။

(၈) ပဋိဘာနပဋိသမ္ဘိဒါ၌ ဉာဏ်သည် ဗုဒ္ဓဉာဏ် မည်၏။

(၉) ဣန္ဒြိယပရောပရိယတ္တိဉာဏ်သည် ဗုဒ္ဓဉာဏ် မည်၏။

(၁၀) အာသယာနုသယဉာဏ်သည်,

(၁၁) ယမကပါဋိဟီရဉာဏ်သည်,

(၁၂) မဟာကရုဏာသမာပတ္တိဉာဏ်သည်,

(၁၃) သဗ္ဗညုတဉာဏ်သည်,

(၁၄) အနာဝရဏဉာဏ်သည် ဗုဒ္ဓဉာဏ် မည်၏။

ဤသို့လျှင် ၁၄-ပါးတည်း။ ထို ၁၄-ပါးတို့တွင် အစမှ ၈-ပါးသော ဉာဏ်တို့သည် သာဝကတို့နှင့် ဆက်ဆံကုန်၏။ နောက်ဉာဏ် ၆-ပါးတို့သည်ကား သာဝကတို့နှင့် မဆက်ဆံကုန်၊ ဤအလုံးစုံသော ဗုဒ္ဓဉာဏ်တို့သည်လည်း မြတ်စွာဘုရားအား သဗ္ဗညုတဉာဏ်တော် မည်၏။ ထိုသဗ္ဗညုတဉာဏ်နှင့်တူသော ဖြစ်ခြင်းရှိသောကြောင့် သဗ္ဗညုတဉာဏ်နှင့်တကွ အနာဝရဏဉာဏ်သည် ပြီး၏။

ဓမ္မတာအားဖြင့် အနာဝရဏဉာဏ်ဟူ၍ မသိမရှိ၊ တစ်ခုသော ဉာဏ်ကိုသာလျှင် အလုံးစုံကို သိတတ်သော အခြင်းအရာ, ပိတ်ပင်ခြင်း မရှိ၊ သိတတ်သော အခြင်းအရာ၊

ဤသို့ ၂-ပါးသော အခြင်းအရာ၏ အပြားအားဖြင့် သဗ္ဗညုတဉာဏ်, အနာဝရဏဉာဏ်ဟူ၍ ၂-ပါးအမည်ဖြင့် ဆိုအပ်၏။

သဒ္ဓါစေတသိတ်တစ်ခုကို သဒ္ဓိန္ဒြေ, သဒ္ဓါဗိုလ်ဟူ၍ ဆိုသကဲ့သို့တည်း၊ သဗ္ဗညုတစ်ခုကိုသာလျှင် "နတ္ထိ တေသ အာဝရဏန္တိ အနာဝရဏံ" ဟူသော ဝစနတ္ထနှင့်အညီ အနာဝရဏဉာဏ်ဟု ဆိုအပ်၏။

တေသ၊ ထိုသဗ္ဗညုတဉာဏ်တော်အား။ အာဝရဏံ၊ ပိတ်ပင်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိ တသ္မာ၊ ထိုသို့ ပိတ်ပင်ခြင်း မရှိသော သတ္တိကြောင့်။ တံ ဉာဏံ၊ ထိုသဗ္ဗညုတဉာဏ်တော်သည်။ အနာဝရဏံ၊ အနာဝရဏဉာဏ် မည်၏။

ထိုသဗ္ဗညုတဉာဏ်တော်ကို တစ်စုံတစ်ခုသော တရားသည်ရင်း တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည်ရင်း ပိတ်ပင်ခြင်းငှါ မတတ်နိုင်သောကြောင့် အနာဝရဏဟူ၍ ဆိုအပ်၏။ မနောဝိညာဉ်ကဲ့သို့ အလုံးစုံသော ဓမ္မာရုံလျှင် အာရုံရှိသောကြောင့် သဗ္ဗညုတဉာဏ် မည်၏။ သိကြားမင်း၏ ဝဇိရစိန်စက်ကဲ့သို့ အာရုံ၌ ပိတ်ပင်ခြင်း မရှိသည်၏ အဖြစ်ကြောင့် အနာဝရဏဉာဏ် မည်၏။ သဗ္ဗညုတဉာဏ်တော်သည် အလုံးစုံသော တရားကို အစဉ်အားလျော်စွာ သိခြင်းဖြင့် ပယ်တတ်သော လက္ခဏာရှိ၏။ အနာဝရဏဉာဏ်သည် အလုံးစုံသော တရားကို တစ်ကြိမ်သာ သိသောအဖြစ်ဖြင့် ပယ်ခြင်းလက္ခဏာရှိ၏။ ဤဆိုအပ်ပြီးသည်လျှင် သဗ္ဗညုတဉာဏ်, အနာဝရဏဉာဏ်တို့၏ အခြင်းအရာ ပြားသော အဖြစ်တည်း။

ဤသို့ သဗ္ဗညုတဉာဏ်၏ သရုပ်ကို ထုတ်ရာ၌ "စက္ခုံ ဘိက္ခဝေ။ ပ ။ဇရာမရဏံ အနိစ္စံ"ဟူသော ဤပေယျာလဖြင့်-

- စက္ခုအစရှိသော ဒွါရ ၆-ပါးတို့ကိုရင်း
- ရူပါရုံ အစရှိသော အာရုံ ၆-ပါးတို့ကိုရင်း
- ထိုဒွါရ ၆-ပါးတို့၌ ဖြစ်ကုန်သော ၆-ပါး, ၆-ပါးကုန်သော အာယတန, ဝိညာဉ်, ဖဿ, ဝေဒနာ, သညာ, စေတနာ, တဏှာ, ဝိတက်, ဝိစာရတို့ကိုရင်း
- ပထဝီဓာတ် အစရှိကုန်သော ၆-ပါးကုန်သော ဓာတ်တို့ကိုရင်း
- ၁၀-ပါးကုန်သော ကသိဏာယတနတို့ကိုရင်း
- ဆံအစရှိသော ၃၂-ပါးသော ကာယအစုတို့ကိုရင်း
- ခန္ဓာ ၅-ပါးတို့ကိုရင်း
- အာယတန ၁၂-ပါးတို့ကိုရင်း

- ဓာတ် ၁၈-ပါးတို့ကိုရင်း လောကီဣန္ဒြေ ၁၉-ပါးတို့ကိုရင်း
- ကာမရာဂ, ရူပရာဂ, အရူပရာဂတို့ကိုရင်း ကာမဘဝ, ရူပဘဝ, အရူပဘဝတို့ကိုရင်း
- စျာန် ၄-ပါးတို့ကိုရင်း အပ္ပမညာ ၄-ပါးတို့ကိုရင်း
- ပဋိစ္စသမုပ္ပါဒ် ၁၂-ပါး အင်္ဂါတို့ကိုရင်း

သဂြိုဟ်ခြင်းကို သိအပ်၏။ သဂြိုဟ်ခြင်း ဟူသည်ကား ထိုသဂြိုဟ်အပ်သော တရားတို့ကို သဗ္ဗညုတဉာဏ်ဖြင့် သိ၏ဟူလိုသည်။

ဤသဗ္ဗညုတဉာဏ်ဖြင့် အလုံးစုံသော တရားကို သိ၏။ မသိအပ်သော တရား မည်သည် မရှိ။ ထို့ကြောင့် သဗ္ဗညုဟူ၍ ဤဉာဏ်ကို ဆိုအပ်သတည်း၊ ကျမ်းဂန်၌လည်း-

**ယာဝတ္တကံ ဉေယျံ၊ တာဝတ္တကံ ဉာဏံ၊**
**ယာဝတ္တကံ ဉာဏံ၊ တာဝတ္တကံ ဉေယျံ၊**
**ဉေယျပရိယန္တိကံ ဉာဏံ၊ ဉာဏပရိယန္တိကံ ဉေယျံ။**

ဟူ၍ ဆရာတို့ ဆိုသတည်း။

ယာဝတ္တကံ၊ အကြင်မျှလောက်သော။ ဉေယျံ၊ သိအပ်သော တရားရှိ၏။ တာဝတ္တကံ၊ ထိုမျှလောက်။ ဉာဏံ၊ ဉာဏ်တော်ရှိ၏။ ယာဝတ္တကံ၊ လောက်သော။ ဉာဏံ၊ ဉာဏ်တော်ရှိ၏။ တာဝတ္တကံ၊ လောက်။ ဉေယျံ၊ သိအပ်သော တရားရှိ၏။ ဉာဏံ၊ ဉာဏ်တော်သည်။ ဉေယျပရိယန္တိကံ၊ သိအပ်သော တရားအဆုံးရှိ၏။ ဉေယျံ၊ သိအပ်သော တရားသည်လည်း။ ဉာဏပရိယန္တိကံ၊ ဉာဏ်တော်အဆုံးနှင့် ယှဉ်၏။

## ဘုရားဟူသော အမည်ကို ရခြင်း

ဤသဗ္ဗညုတဉာဏ်တော်၏ အကြောင်းကား အာသဝတရားတို့၏ ကုန်ခြင်းကို ပြုတတ်သော အရဟတ္တမဂ်နှင့်ယှဉ်သော ဉာဏ်တည်း။ ထို့ကြောင့်-

**သဗ္ဗညုတညာဏံ၊ အရဟတ္တမဂ္ဂညာဏပဒဋ္ဌာနံ။**

ဟူ၍ ဆို၏။

သဗ္ဗညုတညာဏံ၊ သဗ္ဗညုတဉာဏ်သည်။ အရဟတ္တမဂ္ဂညာဏပဒဋ္ဌာနံ၊ အရဟတ္တမဂ်ဉာဏ်လျှင် နီးစွာသော အကြောင်းရှိ၏။

အရဟတ္တမဂ်ဉာဏ်သည် သစ္စာ ၄-ပါးကို ဖုံးလွှမ်းတတ်သော မောဟအစရှိသော ဝါသနာနှင့်တကွဖြစ်သော ကိလေသာကို ပယ်၍ သစ္စာ ၄-ပါးတရားကို ထင်ရှားသိစေ၏။ အလုံးစုံသော ဉေယျတရား အပေါင်းတို့၌ အရဟတ္တမဂ်ဉာဏ်ကို ရသည်နှင့်တပြိုင်နက် အလင်းကို ပြု၏။ သဗ္ဗညုတဉာဏ် အစရှိသော ဘုရားကျေးဇူး အပေါင်းကိုလည်း မြတ်စွာဘုရားအား ရစေ၏။ ဘုရားဟူသော အမည်ကိုလည်း ပြု၏။ ထို့ကြောင့် ကျမ်းဂန်တို့၌-

**ဗုဒ္ဓေါတိ စေတံ နာမံ န မာတရာ ကတံ၊ န ပိတရာ ကတံ၊ န ဘာတရာ ကတံ၊ န ဘဂိနိယာ ကတံ၊ န မိတ္တာမစ္စေဟိ ကတံ၊ န သမဏဗြာဟ္မဏေဟိ ကတံ၊ န ဒေဝေဟိ ကတံ၊ ဝိမောက္ခန္တိကမေတံ၊ ဗုဒ္ဓါနံ ဘဂဝန္တာနံ ဗောဓိယာ မူလေ သဟ သဗ္ဗညုတညာဏဿ ပဋိလာဘာယ သစ္ဆိကာ ပညတ္တိ၊ ယဒိဒံ ဗုဒ္ဓေါတိ။**

ဟူ၍ ဆိုကုန်၏။

ဗုဒ္ဓေါတိ ဧတံ နာမံ၊ ဘုရားဟူသော ဤအမည်ကို။ မာတရာ၊ မဟာမာယာ မယ်တော်သည်။ န ကတံ၊ မပြုအပ်။ ပိတရာ၊ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည်။ န ကတံ၊ မပြုအပ်။ ဘာတရာ၊ အစ်ကိုသည်လည်း။ န ကတံ၊ အပ်။ ဘဂိနိယာ၊ နှမသည်လည်း။ န ကတံ၊ အပ်။ မိတ္တာမစ္စေဟိ၊ အဆွေခင်ပွန်းတို့သည်လည်း။ န ကတံ၊ အပ်။ သမဏဗြာဟ္မဏေဟိ၊ ရဟန်း, ပုဏ္ဏားတို့သည်လည်း။ န ကတံ၊ အပ်။ ဒေဝေဟိ၊ နတ်တို့သည်လည်း။ န ကတံ၊ မပြုအပ်။ ဘဂဝန္တာနံ၊ ဘုန်းတော် ၆-ပါးနှင့် ပြည့်စုံကုန်သော။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့အား။ ဗောဓိယာ၊ ဗောဓိပင်၏။ မူလေ၊ အရင်း၌။ သဗ္ဗညုတညာဏဿ၊ သဗ္ဗညုတဉာဏ်ကို။ ပဋိလာဘာယ၊ ရသည်နှင့်။ သဟ၊ တကွ။ သစ္ဆိကာ၊ မျက်မှောက်ပြုအပ်သော။ ယဒိဒံ ယာ အယံ ဗုဒ္ဓေါတိပညတ္တိ၊ အကြင်ဘုရားဟူသော အမည်ပညတ်သည်။ အတ္ထိ၊ ရှိ၏။ ဧတံ နာမံ၊ ဤဗုဒ္ဓဟူသော အမည်ကို။ ဝိမောက္ခန္တိကံ၊ အရဟတ္တမဂ်ဉာဏ်သည် ပြုအပ်၏။

သဗ္ဗညုတဉာဏ်ဟူသည်ကား အရဟတ္တမဂ်ဉာဏ်ဖြင့် ထွန်းလင်းစေပြီးသော ဉေယျတရား အလုံးစုံကို သိ၏။ သဗ္ဗညုတဉာဏ်ကို ရသဖြင့် သမ္မာသမ္ဗုဒ္ဓ-ဟူသော အမည်နာမပညတ်သည် ဖြစ်၏။ အရဟတ္တမဂ်ဉာဏ်ဖြင့် သစ္စာကို ဖုံးလွှမ်းတတ်သော မောဟ အစရှိသော ကိလေသာကို ပယ်၍ ဉေယျဓမ် တရားအပေါင်းကို ထွန်းလင်းစေပြီးသော သဗ္ဗညုတဉာဏ်ကို ရသဖြင့် သိရာ၌ ဆီမီးဥပမာကို ဆောင်ကုန်၏။ ဆီမီးသည် ညဉ့်ဟူသော အမိုက်ပျောက်၍ တပြိုင်နက် အလင်းကို ဖြစ်စေ၏။ ထိုအလင်းဖြင့် အိမ်တွင်း၌ ရှိသောဝတ္ထုကို ဆီမီးထွန်းသည့် ယောကျ်ားသည် မြင်၏။ ဆီမီးသည်ကား မမြင်၊ ထိုကဲ့သို့

အရဟတ္တမဂ်ဉာဏ်ဖြင့် ကိလေသာဟူသော အမိုက်ကို ဖျောက်၍ ဧဉ ယျမ်တရား အပေါင်းကို ထွန်းလင်းစေ၏။ သဗ္ဗညုတဉာဏ်ဖြင့် ဧဉ ယျမ်တရား အပေါင်းကို သိ၏။ သိတော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ အမည်တော်သည် ဖြစ်၏။

✪✪✪✪✪✪✪✪✪✪✪

## ၆၈။ **ကရုဏာ, မဟာဝဇိရ, ပဋိသမ္ဘိဒါ ဉာဏ်တော် ၃-ပါး**

## **မဟာကရုဏာသမာပတ္တိဉာဏ်**

**မဟာကရုဏာသမာပတ္တိဉာဏ်ဟူသည်ကား ကာမာဝစရ သောဘဏကြိယာ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်နှင့် ယှဉ်သော ဉာဏ်တော်တည်း။** ဤမဟာကရုဏာသမာပတ္တိဉာဏ်သည် များစွာကုန်သော အခြင်းအရာတို့ဖြင့် မြင်ကုန်သော မြတ်စွာဘုရားတို့အား သတ္တဝါတို့၌ များမြတ်သော သနားခြင်းသည် သက်၏။ အဘယ်ကဲ့သို့ သက်သနည်းဟူမူကား-

- လောကအပေါင်းသည် မီး ၁၁-ပါးတို့ဖြင့် ပြောင်ပြောင်လောင်၏-ဟူ၍ မြင်ကုန်သော မြတ်စွာဘုရားတို့အား သတ္တဝါတို့၌ မဟာကရုဏာဉာဏ်တော်သည် သက်၏။
- လောကအပေါင်းသည် မကောင်းသဖြင့် ယှဉ်အပ်၏-ဟူ၍ မြင်ကုန်သော ဘုရားတို့အား သတ္တဝါတို့၌ မဟာကရုဏာဉာဏ်တော်သည် သက်၏။
- လောက အပေါင်းသည် အပြားအားဖြင့် ဖြစ်၏-ဟုမြင်ကုန်သော,
- လောကအပေါင်းသည် မကောင်းသော ခရီး၌ သွား၏-ဟူ၍ မြင်ကုန်သော, လောကကို ကပ်၍ ဆောင်အပ်၏-ဟူ၍ မြင်ကုန်သော,
- လောကသည် ကိုးကွယ်ရာ မရှိ၊ အလွန်သက်အပ်၏-ဟူ၍၎င်း, လောကသည် အလုံးစုံကို စွန့်၍သွားအံ့-ဟူ၍၎င်း မြင်ကုန်သော,
- လောကသည် မာန်တက်၏။ ရောင့်ရဲခြင်း မရှိ၊ တဏှာ၏ ကျွန်တည်း-ဟူ၍ မြင်ကုန်သော,
- လောကသည် ကိုးကွယ်ရာ မရှိ၊ ပုန်းအောင်းရာ မရှိ၊ ဆည်းကပ်ရာ မရှိ၊ လည်းလျောင်းရာ မရှိသည်ဖြစ်၏။ လောကသည် ပျံ့လွင့်၏။ ငြိမ်သက်ခြင်း မရှိ-ဟူ၍ မြင်ကုန်သော,-

- လောကအပေါင်းသည် တဏှာဟူသော ဆူးငြောင့်နှင့် တကွဖြစ်၏။ များစွာသော ငြောင့်တို့ဖြင့် စူး၏။ ငါမှတပါးသော ငြောင့်တို့ကို ထုတ်တတ်သော တစ်စုံတစ်ယောက်သော သူသည် မရှိ-ဟူ၍ မြင်ကုန်သော,

- လောကအပေါင်းသည် အဝိဇ္ဇာတည်းဟူသော အမိုက်ဖြင့် ပိတ်ပင်၏။ ကိလေသာ တည်းဟူသော ချိုင့်၌ လှောင်အပ်၏။ ငါမှတပါး ထိုလောကအား အလင်းကို ပြတတ်သော တစ်စုံတစ်ယောက်သော သူသည် မရှိ-ဟူ၍ မြင်ကုန်သော,

- လောကအပေါင်းသည် အဝိဇ္ဇာကြောင့် ဖြစ်၏။ အမိုက်သဖွယ် ဖြစ်၏။ ထက်ဝန်းကျင်မှ မြွေးရစ်၏။ ယက်ကန်းချည်မျှင် ထွေးရှုပ်သကဲ့သို့ဖြစ်၏။ နှောင့်ယှက်သော အထုံးသဖွယ်ဖြစ်၏။ ဖြူဆန်မြက်, သမန်းမြက်သဖွယ်ဖြစ်၏။ မကောင်းသော သူတို့၏ လားရာဖြစ်သော ဖရိုဖရဲပျက်စီးသော ခြေ, လက်အင်္ဂါ ကြီး, ငယ်ရှိသည်ဖြစ်၍ ကျရာ ဖြစ်သော အပါယ် ၄-ပါးဟု ဆိုအပ်သော သံသရာကို မလွန်နိုင်-ဟူ၍ မြင်ကုန်သော,

- လောကအပေါင်းသည် အဝိဇ္ဇာဖြင့် ပျံ့၏။ ငြောင့်တံကျင်သဖွယ် ဖြစ်၏။ ကိလေသာ တည်းဟူသော ငြောင့်သဖွယ်ဖြစ်၏-ဟူ၍ မြင်ကုန်သော,

- လောကအပေါင်းသည် ရာဂ, ဒေါသ, မောဟတည်း ဟူသော အထုံးအဖွဲ့ဖြင့် ထုံးဖွဲ့၏။ ငါမှတပါးသော အထုံးအဖွဲ့ကို ဖြေတတ်သော တစ်စုံတစ်ယောက်သောသူသည် မရှိ ဟူ၍ မြင်ကုန်သော,

- လောကအပေါင်းသည် တဏှာ-ဟူသော အဖွဲ့ဖြင့် စွပ်အပ်၏။ တဏှာ-ဟူသော ကွန်ရက်ဖြင့် လွှမ်းအပ်၏-ဟု မြင်ကုန်သော မြတ်စွာဘုရားတို့အား,

- လောကအပေါင်းသည် တဏှာ-ဟူသော အလျဉ်ဖြင့် မျောအပ်၏။ တဏှာ-ဟူသော သံယောဇဉ်ဖြင့် ယှဉ်အပ်၏။ တဏှာဟူသော အနုသယဖြင့် အစဉ်ပျံ့၏-ဟူ၍ မြင်ကုန်သော မြတ်စွာဘုရားတို့အား ကရုဏာတော်သည် သက်၏။

- လောကအပေါင်းသည် တဏှာ-ဟူသော ပူပန်ခြင်းဖြင့် ပူပန်၏။

တဏှာ-ဟူသော လောင်ခြင်းဖြင့် ထက်ဝန်းကျင်မှ လောင်၏။

ဒိဋ္ဌိ-ဟူသော အဖွဲ့ဖြင့် စွပ်အပ်၏။

ဒိဋ္ဌိ-ဟူသော ကွန်ရက်ဖြင့် လွှမ်းမိုးအပ်၏။

ဒိဋ္ဌိ-ဟူသော အလျဉ်ဖြင့် မျောအပ်၏။

- လောကအပေါင်းသည် ဒိဋ္ဌိ-ဟူသော သံယောဇဉ်နှင့် ယှဉ်၏။

ဒိဋ္ဌိ-ဟူသော အနုသယဖြင့် အစဉ်ပျံ့၏။

ဒိဋ္ဌိ-ဟူသော ပူပန်ခြင်းဖြင့် ပူပန်၏။

ပဋိသန္ဓေနေခြင်းဖြင့် လောကအပေါင်းသည် အစဉ်ဖြစ်၏။

အိုခြင်းဖြင့် အစဉ်ရောက်၏။

အနာဖြင့် အဖန်တလဲလဲ နှိပ်စက်၏။

သေခြင်းဖြင့် အလွန်နှိပ်စက်၏။

ဆင်းရဲဖြင့် နှိပ်စက်၏။

တဏှာဖြင့် ထောင်၏။

ဇရာမရဏဖြင့် နှိပ်စက်ခြံရံအပ်၏။

မာရ်၏ကျော့ကွင်းဖြင့် ခြံရံအပ်၏။

မာရ်၏ နှောင်ဖွဲ့ခြင်းဖြင့် ဖွဲ့အပ်၏-ဟူ၍ မြင်ကုန်သော မြတ်စွာဘုရားတို့အား များမြတ်သော ကရုဏာတော်သည် သက်၏။

- လောကအပေါင်းသည် ရာဂဟူသော နှောင့်ဖွဲ့ခြင်းဖြင့်,

ဒေါသ-ဟူသော နှောင်ဖွဲ့ခြင်းဖြင့်,

မောဟ-ဟူသော နှောင်ဖွဲ့ခြင်းဖြင့်,

ဒိဋ္ဌိ-ဟူသော နှောင်ဖွဲ့ခြင်းဖြင့်,

ကိလေသာ-ဟူသော နှောင်ဖွဲ့ခြင်းဖြင့်,

ဒုစရိုက်-ဟူသော နှောင်ဖွဲ့ခြင်းဖြင့် ဖွဲ့အပ်၏-ဟူ၍ မြင်ကုန်သော မြတ်စွာဘုရားတို့အား-- သတ္တဝါတို့၌ ကရုဏာတော်သည် သက်၏။

ငါမှ ကြဉ်၍ သတ္တဝါအပေါင်းတို့ကို နှောင်ဖွဲ့ခြင်းမှ လွတ်စေတတ်သော တပါးသော တစ်စုံတစ်ယောက်သောသူသည် မရှိ-ဟု မြင်ကုန်သော မြတ်စွာဘုရားတို့အား သတ္တဝါတို့၌ ကရုဏာတော်သည် သက်၏။

လောကအပေါင်းသည် ကြီးစွာ ကျဉ်းမြောင်းသောအရပ်၌ သွားရ၏။ တစုံတယောက်မှ ကယ်သူမရှိ-ဟု မြင်ကုန်သော,

- လောကအပေါင်းသည် ကြီးစွာသော ကြောင့်ကြခြင်း ရှိ၏။ ငါမှ ကြဉ်၍ ထိုလောကအား ကြောင့်ကြခြင်းကို ဖြတ်တတ်သော တစုံတယောက်သောသူသည် မရှိ-ဟူ၍ မြင်ကုန်သော,
- လောကအပေါင်းသည် ကြီးစွာသော ကမ်းပါး၌ ကျ၏။ ငါမှ ကြဉ်၍ ထိုလောကကို ကမ်းပါးပြတ်မှ ထုတ်ဆယ်တတ်သော တပါးသော သူသည်မရှိ-ဟူ၍ မြင်ကုန်သော,
- လောကအပေါင်းသည် ကြီးစွာသော ချောက်၌ကျ၏။ ငါ့ကို ကြဉ်၍ ထိုလောကကို ချောက်မှ ထုတ်တင်တတ်သောသူသည် မရှိ-ဟု မြင်ကုန်သော-- ဘုရားတို့အား-

သတ္တဝါတို့၌ ကရုဏာတော်သည် သက်၏။

- လောကအပေါင်းသည် ကြီးစွာသော သံသရာ၌ ကျင်လည်၏။ ထိုလောကကို ငါမှတပါး သံသရာမှ လွတ်စေတတ်သောသူ မည်သည်မရှိ-ဟူ၍ မြင်ကုန်သော,
- လောကအပေါင်းသည် ကြီးစွာသော ခရီးခဲ၌ တပြောင်းပြန်ပြန်လည်၏။ ထိုလောကကို ငါမှကြဉ်၍ ခရီးခဲမှ ထုတ်တတ်သော တပါးသောသူမည်သည် မရှိ-ဟူ၍ မြင်ကုန်သော,
- လောက အပေါင်းသည် ကြီးစွာလူးလဲ၏။ ထိုလောကကို ငါမှတပါး ပြင်းစွာ လူးလဲခြင်းမှ ထုတ်တတ်သောသူမည်သည် မရှိ-ဟူ၍ မြင်ကုန်သော,
- လောကအပေါင်းကို သေခြင်းဖြင့် နှိပ်စက်၏၊ (ထိုလောကကို ငါမှတပါး နှိပ်စက်ခြင်းမှ ထုတ်တတ်သောသူမည်သည် မရှိ)-ဟူ၍ မြင်ကုန်သော,
- လောကအပေါင်းကို ရာဂ-တည်းဟူသော မီးဖြင့်, ဒေါသ-တည်း ဟူသော မီးဖြင့်, မောဟ-တည်းဟူသော မီးဖြင့်, ဇာတိ-တည်းဟူသော မီးဖြင့်, မရဏ-တည်းဟူသော မီးဖြင့်, သောက-တည်းဟူသော မီးဖြင့်, ပရိဒေဝ-တည်းဟူသော မီးဖြင့်, ဒုက္ခ-တည်းဟူသော မီးဖြင့်, ဒေါမနဿ-တည်းဟူသော မီးဖြင့်, ဉပါယာသ-တည်းဟူသော မီးဖြင့် ပြောင်ပြောင်တောက်၏။ ငါမှတပါး ထိုမီးကို ငြိမ်းစေတတ်သော တပါးသော သူသည် မရှိ-ဟူ၍ မြင်ကုန်သော,-
- လောကအပေါင်းသည် မာန်တက်၏။ သတ်အပ်၏။ ဝဋ်၌ မွေ့လျော်၏။ ဝဋ်ကိုပြု၏-ဟူ၍ မြင်ကုန်သော,
- လောကအပေါင်းသည် ဝဋ်ဟူသော နှောင်ဖွဲ့ခြင်းဖြင့် ဖွဲ့အပ်၏။ သူသတ် နှောင်အိမ် လျှင် ရှေးရှုထင်၏။ ထိုလောကကို ငါမှတပါး နှောင်အိမ်မှ လွတ်စေတတ်သော တပါးသောသူမည်သည် မရှိ-ဟူ၍ မြင်ကုန်သော,

- လောကအပေါင်းသည် ကိုးကွယ်ရာ မရှိ၊ အလွန်လျှင် သနားဖွယ်ရှိသော အဖြစ်သို့ ရောက်၏။ ထိုလောကကို ငါမှတပါး ကိုးကွယ်ရာ ရစေတတ်သော တပါးသောသူသည် မရှိ-ဟူ၍ မြင်ကုန်သော,
- လောကအပေါင်းသည် ဒုက္ခဖြင့် ထိုးကျင့်၏။ မြင့်မြဲစွာသော နေ့, ညဥ့်ပတ်လုံး နှိပ်စက်၏-ဟူ၍ မြင်ကုန်သော,
- လောကအပေါင်းသည် ခရီးသွားသဖွယ်ဖြစ်၏။ အမြဲလျှင် ရေသိပ်၏-ဟူ၍ မြင်ကုန်သော,
- လောကအပေါင်းသည် မျက်စိမရှိ၊ သူကန်းသဖွယ်ဖြစ်၏-ဟု မြင်ကုန်သော,
- လောကအပေါင်းသည် ကန်းသောမျက်စိရှိ၏။ ခရီးညွှန်မရှိ-ဟူ၍ မြင်ကုန်သော,
- လောကအပေါင်းသည် ဒုစရိုက် ၃-ပါးတို့ဖြင့် ခရီးမဟုတ်သည်ကို ပြေးဝင်၏။ ခရီးဖြောင့်မှ ချွတ်ယွင်း၏။ ထိုလောကကို ငါမှတပါး ခရီးဖြောင့်သို့ ဆောင်တတ်သောသူ မည်သည်မရှိ-ဟူ၍ မြင်ကုန်သော,
- လောကအပေါင်းသည် သံသရာတည်းဟူသော ဝဲဩဃသို့ ပြေးဝင်၏။ ထိုလောကကို ငါမှတပါး ဩဃမှ ထုတ်ဆယ်တတ်သောသူမည်သည် မရှိ-ဟူ၍ မြင်ကုန်သော,
- လောကအပေါင်းသည် ၂-ပါးသော ဒိဋ္ဌိအယူတို့ဖြင့် ထိုးကျင့်၏-ဟူ၍ မြင်ကုန်သော,
- လောကအပေါင်းသည် ဒုစရိုက် ၃-ပါးတို့ဖြင့် ပျက်စီး၏ဟူ၍ မြင်ကုန်သော,
- လောကအပေါင်းသည်---

၄-ပါးသောယောဂတို့နှင့် ယှဉ်၏။ ၄-ပါးသောဂန္ထတို့ဖြင့် ထုံး၏။

ဥပါဒါန်တရား ၄-ပါးတို့ဖြင့် စွဲလမ်းယူအပ်၏။ ၅-ပါးသောဂတိသို့ သက်၏။

ကာမဂုဏ် ၅-ပါးတို့ဖြင့် တပ်၏။ ၅-ပါးသောနီဝရဏတို့ဖြင့် ဖုံးလွှမ်း၏။

၆-ပါးသောဝိဝါဒမူလတို့ဖြင့် ငြင်းခုံ၏။ ၃-ပါးသောတဏှာ ကာယတို့ဖြင့် တပ်၏။

၆-ပါးသောဒိဋ္ဌိအယူတို့ဖြင့် ထိုးကျင့်၏။ ၇-ပါးသောအနုသယတို့ဖြင့် အစဉ်ကိန်း၏။

၇-ပါးသောသံယောဇဉ်တို့ဖြင့် ယှဉ်၏။ ၇-ပါးသောမာနတို့ဖြင့် မာန်တက်၏။

၈-ပါးသောလောကဓံတရားတို့ဖြင့် ခြံရံ၏။ ၈-ပါးသောမိစ္ဆတ္တနိယတတို့ဖြင့် မြဲ၏။

၈-ပါးသော ယောကျ်ားတို့၏ အပြစ်တို့ဖြင့် ပျက်၏။

၉-ပါးသောအာဃာတဝတ္ထုတို့ဖြင့် ရန်ငြိုးဖွဲ့၏။ ၉-ပါးသောမာနဖြင့် မာန်တက်၏။

၉-ပါးသောတဏှာမူလရှိသော တရားတို့ဖြင့် တပ်၏။

၁၀-ပါးသောကိလေသာဝတ္ထုတို့ဖြင့် ညစ်ညူး၏။

၁၀-ပါးသောအာဃာတဝတ္ထုတို့ဖြင့် ရန်ငြိုးဖွဲ့၏။

၁၀-ပါးသောအကုသိုလ် ကမ္မပထတို့နှင့် ပြည့်စုံ၏။

၁၀-ပါးသော သံယောဇဉ်တို့နှင့် ယှဉ်၏။

၁၀-ပါးသော မိစ္ဆတ္တနိယတတို့ဖြင့် မြဲ၏။

ခပ်သိမ်းသော အလောကအပေါင်းသည် ၁၀-ပါးသော ဝတ္ထုရှိသော မိစ္ဆာဒိဋ္ဌိနှင့် ပြည့်စုံ၏။

၈-ပါးအလွန်ရှိသော ၁၀၀-သော တဏှာပပဉ္စတို့ဖြင့် အကျယ်ချဲ့အပ်၏။

၆၂-ပါးသော ဒိဋ္ဌိအယူတို့ဖြင့် ထိုးကျင့်၏။ ဤသို့ မြင်ကုန်သော မြတ်စွာဘုရားတို့အား သတ္တဝါတို့၌ များမြတ်သော ကရုဏာတော်သည် သက်၏။

ငါသည်ကား သံသရာမှ ကူးမြောက်ပြီ၊ လောကသည် မကူးမြောက်သေး။

ငါသည်ကား သံသရာမှ လွတ်ပြီ၊ လောကသည် မလွတ်သေး။

ငါသည်ကား သစ္စာ ၄-ပါး တို့ကို သိပြီ၊ လောကသည် မသိသေး။

ငါသည်ကား ယဉ်ကျေးပြီ၊ လောကသည် မယဉ်ကျေးသေး။

ငါသည်ကား ကိလေသာမှ ငြိမ်းအေးသောစိတ် ရှိပြီ၊ လောကသည် ကိလေသာမှ မငြိမ်းသေး။

ငါသည်ကား အကျိုးစီးပွားနှင့်တကွ ဖြစ်ပြီ၊ လောကသည် အကျိုးစီးပွားနှင့်တကွ မဖြစ်သေး။

ငါသည်ကား ထက်ဝန်းကျင်မှ ငြိမ်းပြီ၊ လောကသည် ထက်ဝန်းကျင်မှ မငြိမ်းသေး။

သံသရာမှ ကူးမြောက်ပြီးသော ငါသည်လောကကို ကူးမြောက်စိမ့်သောငှါ စွမ်းနိုင်၏။

သံသရာမှ လွတ်ပြီးသော ငါသည် လောကကို လွတ်စိမ့်သောငှါ စွမ်းနိုင်၏။

ယဉ်ကျေးပြီးသော ငါသည် လောကကို ယဉ်ကျေးစိမ့်သောငှါ စွမ်းနိုင်၏။

သက်သာရာရပြီးသော ငါသည် လောကကို သက်သာရာရစိမ့်သောငှါ စွမ်းနိုင်၏။

ထက်ဝန်းကျင်မှ ငြိမ်းပြီးသောငါသည် လောကကို ထက်ဝန်းကျင်မှ ငြိမ်းစိမ့်သောငှါ စွမ်းနိုင်၏။ ထိုသို့ မြင်ကုန်သော မြတ်စွာဘုရားတို့အား-

သတ္တဝါတို့၌ များမြတ်သော ကရုဏာတော်သည် သက်၏။ ဤသည်လျှင် **မဟာကရုဏာသမာပတ္တိဉာဏ်တော်တည်း။**

## မဟာဝဇိရဉာဏ်

မဟာဝဇိရဉာဏ်ဟူသည်ကား မြတ်စွာဘုရားသည် နေ့တိုင်း, နေ့တိုင်း နံနက်အခါ၌ ၎င်း ညချမ်းအခါ၌ ၎င်း ကုဋေတစ်သန်း, နှစ်သိန်းသော မဟာကရုဏာ သမာပတ်ကို ဝင်စားတော်မူ၏။ ထိုမှ လောကုတ်သာလျှင်ဖြစ်သော ဖလသမာပတ်ကို ဝင်စားတော်မူ၏။ ဤသို့လျှင် နံနက်-မဟာကရုဏာသမာပတ်, ည-မဟာကရုဏာသမာပတ်, နံနက်-ဖလသမာပတ်ကိုပေါင်း၍ တစ်နေ့, တစ်နေ့၌ ကုဋေနှစ်သန်း, လေးသိန်းသော သမာပတ်တို့ကို ဝင်စားတော်မူ၏။ ဤသမာပတ်တို့၌ဖြစ်သော ဉာဏ်သည် **မဟာဝဇိရဉာဏ်တော် မည်၏။**

ဝိဇ္ဇာ ၃-ပါးဟူသော်ကား **ပုဗ္ဗေနိဝါသာနုဿတိဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ်** ဟူ၍ ၃-ပါးတည်း၊ ထိုဝိဇ္ဇာ ၃-ပါးတို့၏ သရုပ်ကို-

"- ပဌမယံ၌ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ရတော်မူ၏။

- မဇ္ဈိမယံ၌ ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူ၏။

- မိုးသောက်ယံ၌ အာသဝက္ခယဉာဏ်တော်ကို ရတော်မူ၏"

ဟူ၍ အောက်၌ ပြဆိုခဲ့ပြီးသောနည်းဖြင့် သိအပ်၏။

## ပဋိသမ္ဘိဒါဉာဏ်

ပဋိသမ္ဘိဒါဉာဏ် ၄-ပါးဟူသော်ကား-

**အတ္ထပဋိသမ္ဘိဒါဉာဏ်, ဓမ္မပဋိသမ္ဘိဒါဉာဏ်,**
**နိရုတ္တိပဋိသမ္ဘိဒါဉာဏ်, ပဋိဘာနပဋိသမ္ဘိဒါဉာဏ်**

ဟူ၍ ၄-ပါးတည်း၊ ထို ၄-ပါးတို့တွင်-

၁။ ခပ်သိမ်းသော ပစ္စုပ္ပန်တရားသည်၎င်း ဝိပါက်ဆတ္တိံသသည်၎င်း ကြိယာဝီသသည်၎င်း နိဗ္ဗာန်သည်၎င်း ပါဠိတော်၏ အနက်သည်၎င်း၊ ဤ ၅-ပါးကို ခွဲခြမ်း၍ သိသောဉာဏ်သည် **အတ္ထပဋိသမ္ဘိဒါဉာဏ်** မည်၏။

၂။ အကျိုးကို ဖြစ်စေတတ်သော အကြောင်းဟုဆိုအပ်သော အရိယမဂ် ၄-ပါးသည်၎င်း ဟောတော်မူအပ်သော ပါဠိတော်သည်၎င်း လောကီကုသိုလ်သည်၎င်း အကုသိုလ်သည်၎င်း၊ ဤ ၅-ပါးတို့ကို ခွဲခြမ်း၍ သိသောဉာဏ်သည် **ဓမ္မပဋိသမ္ဘိဒါဉာဏ်** မည်၏။

၃။ ထိုအကျိုး ၅-ပါး၌၎င်း အကြောင်း ၅-ပါး၌၎င်း အကြင်သဘောကို အသီးထုတ်ခြင်းသည် ရှိ၏။ ထိုသဘောကို အသီးထုတ်ခြင်း၌ ခွဲခြမ်း၍ သိတတ်သော ဉာဏ်သည် **နိရုတ္တိပဋိသမ္ဘိဒါဉာဏ်** မည်၏။

၄။ ထိုပဋိသမ္ဘိဒါ ၃-ပါးတို့၌ဖြစ်သော ဉာဏ်ကို အာရုံပြု၍ ၃-ပါး အပြားရှိသော ပဋိသမ္ဘိဒါဉာဏ်ကို ဆင်ခြင်သော ပုဂ္ဂိုလ်အား ထိုဉာဏ်တို့၌ ခွဲခြမ်း၍ သိတတ်သော အကြင်ဉာဏ်သည် ရှိ၏။ ထိုဉာဏ်သည် **ပဋိဘာနပဋိသမ္ဘိဒါဉာဏ်** မည်၏။

ဤသည်လျှင် ပဋိသမ္ဘိဒါဉာဏ် ၄-ပါးတည်း။

✪✪✪✪✪✪✪✪✪✪

## ၆၉။ အသာဓာရဏဉာဏ်တော် ၆-ပါး

အသာဓာရဏဉာဏ်တော် ၆-ပါးဟူသော်ကား-

| | |
|---|---|
| **ဣန္ဒြိယပရောပရိယတ္တိဉာဏ်,** | **အာသယာနုသယဉာဏ်,** |
| **ယမကပါဋိဟာရိယဉာဏ်,** | **မဟာကရုဏာသမာပတ္တိဉာဏ်,** |
| **သဗ္ဗညုတဉာဏ်,** | **အနာဝရဏဉာဏ်** |

ဟူ၍ ၆-ပါးတည်း၊ ဤ ၆-ပါးသော ဉာဏ်တော်တို့သည် မြတ်စွာဘုရားတို့အားသာ ဖြစ်ကုန်၏။ အဂ္ဂသာဝက, မဟာသာဝက, ရဟန္တာတို့အား မဖြစ်ကုန်၊ ထို့ကြောင့် အသာဓာရဏဉာဏ်တော် ၆-ပါးမည်၏။ ထို ၆-ပါးတို့တွင်-

၁။ **ဣန္ဒြိယ ပရောပရိယတ္တိဉာဏ်** ဟူသည်ကား-ဤသူသည် နုန့်သော သဒ္ဓါအစရှိသော ဣန္ဒြေရှိ၏။ ဤသူသည် အလတ်ဖြစ်သော သဒ္ဓါအစရှိသော ဣန္ဒြေရှိ၏။ ဤသူသည် ထက်သော သဒ္ဓါအစရှိသော ဣန္ဒြေရှိ၏။ ဤသို့ ဣန္ဒြေထူးပြားသော အဖြစ်ကို သိသောဉာဏ်သည် ဣန္ဒြိယပရောပရိယတ္တိဉာဏ်မည်၏။

ထို ၃-ပါးတို့တွင် မြတ်စွာဘုရားသည်-

ထက်သော ဣန္ဒြေရှိသော ပုဂ္ဂိုလ်အား အကျဉ်းဖြင့် ဆုံးမတော်မူ၏။

အလတ်ဖြစ်သော ဣန္ဒြေရှိသော ပုဂ္ဂိုလ်ကို အကျဉ်းဖြင့်ရင်း အကျယ်ဖြင့်ရင်း ဆုံးမတော်မူ၏။

နုန့်သော ဣန္ဒြေ ရှိသော ပုဂ္ဂိုလ်ကို အကျယ်ဖြင့် ဆုံးမတော်မူ၏။

ထက်သော ဣန္ဒြေရှိသော ပုဂ္ဂိုလ်အား နူးညံ့သော တရားဒေသနာကို ညွှန်တော်မူ၏။

အလတ်ဖြစ်သော ဣန္ဒြေရှိသော ပုဂ္ဂိုလ်ကို မသာယာ, မနူးညံ့, မထက်သော ဒေသနာကို ညွှန်တော်မူ၏။

နုန့်သော ဣန္ဒြေရှိသော ပုဂ္ဂိုလ်အား ထက်သောတရားဒေသနာကို ညွှန်တော်မူ၏။

ထက်သော ဣန္ဒြေရှိသော ပုဂ္ဂိုလ်အား သမထကို ပညတ်တော်မူ၏။

နုန့်သော ဣန္ဒြေရှိသော ပုဂ္ဂိုလ်အား ဝိပဿနာကို,

ထက်သော ဣန္ဒြေရှိသော ပုဂ္ဂိုလ်အား နိဿရဏကို,

အလတ်ဖြစ်သော ဣန္ဒြေရှိသော ပုဂ္ဂိုလ်အား အာဒီနဝကိုရင်း နိဿရဏကိုရင်း

နုန့်သော ဣန္ဒြေရှိသော ပုဂ္ဂိုလ်အား အာဒီနဝကို ညွှန်တော်မူ၏။

ထက်သော ဣန္ဒြေရှိသော ပုဂ္ဂိုလ်အား အဓိပညာသိက္ခာကို,

အလတ်ဖြစ်သော ဣန္ဒြေရှိသော ပုဂ္ဂိုလ်အား အဓိစိတ္တသိက္ခာကို,

နုန့်သော ဣန္ဒြေရှိသော ပုဂ္ဂိုလ်အား အဓိသီလသိက္ခာကို ပညတ်တော်မူ၏။

၂။ အာသယာနုသယဉာဏ် ဟူသည်ကား-သတ္တဝါတို့၏ အလိုအဈာသယကို သိသော ဉာဏ်တည်း။

၃။ ပါဋိဟာရိယဉာဏ် ဟူသည်ကား ဣဒ္ဓိပါဋိဟာရိယဉာဏ်, အာဒေသနာပါဋိဟာရိယဉာဏ်, အနုသာသနီပါဋိဟာရိယဉာဏ် ဟူ၍ ၃-ပါးပြား၏။

ထို ၃-ပါးတို့တွင်-

(က) **ဣန္ဒြိယပါရမိုဟာရိယဉာဏ်** ဟူသည်ကား-အချို့သော တန်ခိုးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် တစ်ပါးမက များသောအပြားရှိသော တန်ခိုးအာနုဘော်ကို ခံစား၏။ တစ်ယောက်သာဖြစ်လျက် များစွာသောကိုယ်ကို ဖန်ဆင်း၏။ များစွာဖြစ်ပြီး၍ တစ်ယောက်တည်းသာ ဖြစ်ပြန်၏။ မျက်မှောက်၌ ထင်ရှားဖြစ်၏။ မျက်ကွယ်၌ ဖြစ်ပြန်၏။ ပြဟ္မာ့ပြည် တိုင်အောင်လည်း ကိုယ်ဖြင့် ကောင်းစွာဖြစ်၏။ ဤသည်လျှင် ဣန္ဒြိယပါရမိုဟာရိယဉာဏ်တည်း။

(ခ) **အာဒေသနာပါဋိဟာရိယဉာဏ်** ဟူသည်ကား-အချို့သောသူသည် နိမိတ်ဖြင့် ညွှန်၏။ ဤသို့လည်း သင့်၏။ စိတ်ဖြစ်၏။ ဤသို့သော အပြားအားဖြင့် သင်၏ စိတ်ရှိ၏။ ဤသို့လျှင် သင်၏ စိတ်ဖြစ်၏။ ဤသို့ ထိုပုဂ္ဂိုလ်သည် များစွာညွှန်၏။ ထိုသို့ ညွှန်တိုင်း ဖြစ်ကုန်၏။ တစ်ပါးသော အပြားဖြင့် မဖြစ်ကုန်၊

အချို့သော သူသည်ကား-နိမိတ်ဖြင့် မညွှန်၊ စင်စစ်သော်ကား လူတို့၏ ၎င်း ဘီလူးတို့၏၎င်း နတ်တို့၏၎င်း အသံကို ကြား၍ ဤသို့ အခြင်းအရာဖြင့် သင်၏စိတ်ရှိ၏။ ဤသို့သော အပြားအားဖြင့် ဖြစ်၏။ ဤသို့လျှင် သင်အား စိတ်ရှိ၏။ ဤသို့ ထိုသူတို့သည် များစွာညွှန်၏။ ထိုညွှန်တိုင်းဖြစ်၏။ တစ်ပါးသော အပြားအားဖြင့် မဖြစ်။

အချို့သောသူသည် နိမိတ်ဖြင့်လည်း မညွှန်၊ လူတို့၏, ဘီလူးတို့၏, နတ်တို့၏ အသံကို ကြား၍လည်း မညွှန်၊ စင်စစ်အားဖြင့် အထူးကြံစည်သော သူ၏၎င်း အဖန်တလဲလဲ သုံးသပ်သော သူ၏၎င်း ဝိတက်ကြံစည်သော အသံကို ကြား၍ ဤသို့သောအခြင်းအရာဖြင့် သင်၏စိတ် ရှိ၏။ ဤသို့သော အပြားအားဖြင့် သင်၏စိတ်ရှိ၏။ ဤသို့လျှင် သင်၏စိတ်ရှိ၏။ ဤသို့ ထိုသူသည် များစွာညွှန်၏။ ထိုညွှန်တိုင်း ထိုသူ၏စိတ်သည် ဖြစ်၏။ တစ်ပါးသော အပြားအားဖြင့် မဖြစ်။

အချို့သောသူသည် နိမိတ်ဖြင့်လည်း မညွှန်၊ လူ, ဘီလူး, နတ်တို့၏ အသံကိုကြား၍လည်း မညွှန်၊ ကြံသောသူ၏၎င်း အစဉ်သုံးသပ်သောသူ၏၎င်း ဝိတက်ပြန့်သော အသံကို ကြား၍လည်း မညွှန်၊ စင်စစ်အားဖြင့်ကား ဝိတက်မရှိသော ဝိစာရမရှိသော သမာဓိကိုမသုံးသပ်သော သူ၏စိတ်ဖြင့် သူ၏, ငါ၏ စိတ်ကိုပိုင်းခြား၍ သိ၏။ အကြင်အခြင်းဖြင့် ဤအရှင်၏ မနောသင်္ခါရသည် လောကမည်၏။ အကြင်အခြင်းဖြင့် ဤစိတ်၏ အခြားမဲ့၌ ဤသို့ သဘောရှိသော

အကြံကို ကြံလတ္တံ့၊ ဤသို့ ထိုသူသည် များစွာညွှန်၏။ ထိုညွှန်တိုင်း ထိုသူ၏ စိတ်သည် ဖြစ်၏။ ၅-ပါးသော အပြားအားဖြင့် မဖြစ်၊ ဤသို့ သူ့စိတ်ကို သိတတ်သော ဉာဏ်ကို အာဒေသနာပါဋိဟာရိယဉာဏ် ဟူ၍ ဆိုအပ်၏။

(ဂ) **အနုသာသနီပါဋိဟာရိယဉာဏ်** အဘယ်သို့ ဖြစ်သနည်းဟူမူကား-ဤလောက၌ အချို့သော သူသည် ဤသို့ ဆုံးမ၏။ ဤသို့ ကြံကုန်လော့၊ ဤသို့ မကြံကုန်လင့်၊ ဤသို့ နှလုံးသွင်းကုန်လော့၊ ဤသို့ နှလုံးမသွင်းကုန်လင့်၊ ဤအမှုကို စွန့်ကုန်လော့၊ ဤအမှုကို ကပ်၍ နေကုန်လော့၊ ဤသို့ ဆုံးမခြင်းသည် အနုသာသနီပါဋိဟာရိယဉာဏ် မည်၏။ ဤပါဋိဟာရိယဉာဏ် ၃-ပါးနှင့်လည်း မြတ်စွာဘုရားအား ပြည့်စုံတော်မူ၏။

[နောက်ဉာဏ် ၃-ပါးကို အောက်၌ဆိုအပ်ပြီးသောနည်းဖြင့် သိအပ်၏။]

✪✪✪✪✪✪✪✪✪✪

## ၇၀။ အဘိညာဉ် ၆-ပါး, ဝိဇ္ဇာ ၈-ပါး, ဝေသာရဇ္ဇဉာဏ်တော် ၄-ပါး

### အဘိညာဉ် ၆-ပါး

အဘိညာဉ် ၆-ပါးဟူသည်ကား-

**၁။ ဣဒ္ဓိဝိဓအဘိညာဉ်,** **၂။ ဒိဗ္ဗသောတအဘိညာဉ်,**
**၃။ ပရစိတ္တဝိဇာနနအဘိညာဉ်,** **၄။ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်,**
**၅။ ဒိဗ္ဗစက္ခုအဘိညာဉ်,** **၆။ အာသဝက္ခယအဘိညာဉ်**

ဟူ၍ ၆-ပါးတည်း၊ ထို ၆-ပါးတို့တွင်-

၁။ ဣဒ္ဓိဝိဓအဘိညာဉ် ဟူသည်ကား-တစ်ယောက်တည်းဖြစ်၍ များစွာသော အပြားရှိသည် ဖြစ်၏။ ဤသို့ အစရှိသောနည်းဖြင့် လာသော တန်ခိုးဖန်ဆင်းတတ်သော ဉာဏ်သည် ဣဒ္ဓိဝိဓအဘိညာဉ် မည်၏။

၂။ ဒိဗ္ဗသောတအဘိညာဉ် ဟူသည်ကား-အဝေး၌ဖြစ်သော အသံကို ကြားခြင်းငှါ စွမ်းနိုင်သောဉာဏ်တည်း။

၃။ ပရစိတ္တဝိဇာနနအဘိညာဉ် ဟူသည်ကား-သူတစ်ပါး၏ စိတ်ကို သိခြင်းငှါ စွမ်းနိုင်သော အဘိညာဉ်တည်း။

၄။ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ် ဟူသည်ကား- ရှေး၌နေဖူးသော အဖြစ်ကို အောက်မေ့ခြင်းငှါ စွမ်းနိုင်သော အဘိညာဉ်တည်း။

၅။ ဒိဗ္ဗစက္ခုအဘိညာဉ် ဟူသည်ကား-နံရံ၏တစ်ဖက်, တောင်၏တစ်ဖက် အစရှိသည်တို့၌ဖြစ်သော ရူပါရုံကို မြင်ခြင်းငှါ စွမ်းနိုင်သော အဘိညာဉ်တည်း။

၆။ အာသဝက္ခယအဘိညာဉ် ဟူသည်ကား-အာသဝေါတရား ၄-ပါးတို့၏ ကုန်ခြင်းကို ပြုတတ်သော အရဟတ္တမဂ်ဉာဏ်တည်း။

ဤအဘိညာဉ် ၆-ပါးနှင့်လည်း မြတ်စွာဘုရားသည် ပြည့်စုံတော်မူ၏။ ဝိဇ္ဇာ ၈-ပါးနှင့်လည်း ပြည့်စုံတော်မူ၏။

## ဝိဇ္ဇာ ၈-ပါး

ဝိဇ္ဇာ ၈-ပါး ဟူသော်ကား-ယခင် အဘိညာဉ် ၆-ပါးတွင် ဝိပဿနာဉာဏ်, မနောမယိဒ္ဓိဉာဏ် ၂-ပါးကိုထည့်၍ ၈-ပါးဖြစ်သတည်း။

၁။ မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်ဖြင့် ဝိပဿနာရှု၏။ ဤသဗ္ဗညုတဉာဏ်သည်ပင် **ဝိပဿနာဉာဏ်**မည်၏။ သေက္ခ ၇-ယောက်, ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ကာမာဝစရကုသိုလ်စိတ်ဖြင့် ဝိပဿနာရှုကုန်၏။

၂။ **မနောမယိဒ္ဓိဉာဏ်** ဟူသည်ကား-ထိုရူပါဝစရ စတုတ္ထဈာန်ကို ရသော ပုဂ္ဂိုလ် သည် ဤကိုယ်မှ တပါးသောကိုယ်ကို ဖန်ဆင်း၍ ရုပ်ရှိသောကိုယ်သည် စိတ်ဖြင့် ပြီး၏။ ဤသို့ အစရှိသော အဘိညာဉ်သည် မနောမယိဒ္ဓိဉာဏ် မည်၏။

## စတုဝေသာရဇ္ဇဉာဏ် ၄-ပါး

စတုဝေသာရဇ္ဇဉာဏ် ဟူသည်ကား-

၁။ သစ္စာ ၄-ပါးတရားတို့ကို ကောင်းစွာသိပြီးဖြစ်၍ ဝန်ခံပြီးသော မြတ်စွာဘုရားအား စင်စစ်လျှင် ထိုသစ္စာ ၄-ပါးတရား၌ ရဟန်းသည်ငင်း ပုဏ္ဏားသည်ငင်း နတ်သည်ငင်း မာရ်သည်ငင်း ဗြဟ္မာသည်ငင်း၊ လောက၌ တစ်စုံတစ်ယောက်သောသူသည် အကြောင်းနှင့်တကွ ငါ့ကိုတဖန် စောဒနာပြုလတ္တံ့-ဟူ၍ ထိုအကြောင်းကို ငါမြင်တော်မမူ၊ ချစ်သားရဟန်းတို့၊ ထိုအကြောင်းကိုမမြင်

သည်ဖြစ်၍ ငါသည် ဘေးမရှိခြင်းသို့ ရောက်သည်ဖြစ်၍ ကြောက်ခြင်းမရှိသော အဖြစ်သို့ ရောက်သည်ဖြစ်၍ ပရိသတ် ၄-ပါးတို့၏ အလယ်၌ ရဲရင့်သည်ဖြစ်၍ နေ၏။ [ဤကား **ပဌမဝေသာရဇ္ဇ**။]

၂။ 'ကုန်ပြီးသော အာသဝေါရှိပြီဟူ၍ ဝန်ခံတော်မူသော မြတ်စွာဘုရား၊ ဤအာသဝေါ တရားတို့သည် ရှင်ပင်ဘုရားအား မကုန်သေး'ဟူ၍ ထိုအာသဝေါတရားတို့၌ စင်စစ်လျှင် ငါ့ကို ရဟန်းသည်ဗင်း ပုဏ္ဏားသည်ဗင်း နတ်သည်ဗင်း မာရ်သည် ဗင်း ဗြဟ္မာသည်ဗင်း၊ လောက၌ တစ်စုံတစ်ယောက်သော သူသည် အကြောင်းနှင့် တကွ စောဒနာ ပြုလတ္တံ့ ဟူ၍ ချစ်သားရဟန်းတို့၊ ထိုအကြောင်းကို ငါမြင်တော်မမူ၊ ချစ်သားရဟန်းတို့၊ ထိုအကြောင်းကို မမြင်သည်ဖြစ်၍ ငါသည် ဘေးမရှိခြင်းသို့ ရောက်သည်ဖြစ်၍ ကြောက်ထိတ်လန့်ခြင်း မရှိသည်ဖြစ်၍ ပရိသတ် ၄-ပါးတို့၏ အလယ်၌ ရဲရင့်သည်ဖြစ်၍ ငါနေတော်မူ၏။ [ဤကား **ဒုတိယဝေသာရဇ္ဇ**။]

၃။ မြတ်စွာဘုရားသည် မဂ်ဖိုလ်၏ အန္တရာယ်ကို ပြုတတ်ကုန်သော အကြင်တရား တို့ကို ဟောအပ်၏။ ထိုတရားတို့ကို မှီဝဲသော ရဟန်းအား မဂ်ဖိုလ်၏ အန္တရာယ်ကို ပြုခြင်းငှါ မစွမ်းနိုင်-ဟူ၍ ထိုမဂ်ဖိုလ်၏ အန္တရာယ်ကို ပြုတတ်သော တရား၌ စင်စစ်လျှင် ငါ့ကို ရဟန်းသည်ဗင်း ပုဏ္ဏားသည်ဗင်း နတ်သည်ဗင်း မာရ်သည် ဗင်း ဗြဟ္မာသည်ဗင်း၊ လောက၌ တစ်စုံတစ်ယောက်သောသူသည် အကြောင်းနှင့် တကွ စောဒနာပြုလတ္တံ့-ဟူ၍ ချစ်သားရဟန်းတို့၊ ထိုစောဒနာဖြစ်ခြင်း၏ အကြောင်းကို မြင်တော်မမူ၊ ချစ်သားရဟန်းတို့၊ ထိုစောဒနာဖြစ်ခြင်း၏ အကြောင်းကို မမြင်သည်ဖြစ်၍ ငါသည် ဘေးမရှိခြင်းသို့ ရောက်၍ ကြောက်ထိတ် လန့်ခြင်း မရှိသောအဖြစ်သို့ ရောက်သည်ဖြစ်၍ ပရိသတ် ၄-ပါးတို့၏ အလယ် ၌ ရဲရင့်သည်ဖြစ်၍ နေရ၏။ [ ဤကား **တတိယဝေသာရဇ္ဇ**။]

၄။ အကြင်ကိလေသာတို့ကို စွန့်ခြင်းငှါ သံသရာမှ ထွက်မြောက်စေတတ်ကုန်သော အကြင်တရားတို့ကို ဟောအပ်ကုန်၏။ ထိုတရားတို့သည် သံသရာမှ မထွက်မြောက် စေတတ်ကုန်၊ ထိုတရားတို့ကို ကျင့်သောသူအား ကောင်းစွာဆင်းရဲခြင်းငှါ ဖြစ်၏-ဟူ၍ ထိုသံသရာမှ ထွက်မြောက်ကြောင်း ဖြစ်သောတရား၌ စင်စစ်လျှင် ငါ့ကို ရဟန်းသည်ဗင်း ပုဏ္ဏားသည်ဗင်း နတ်သည်ဗင်း မာရ်သည်ဗင်း ဗြဟ္မာသည်ဗင်း၊ လောက၌ တစ်စုံတစ်ယောက်သော သူသည် အကြောင်းနှင့်တကွ စောဒနာပြု လတ္တံ့-ဟူ၍ ချစ်သားရဟန်းတို့၊ ထိုအကြောင်းကို ငါမြင်တော်မမူ၊ ချစ်သား

ရဟန်းတို့၊ ထိုစောဒနာတတ်သော အကြောင်းကို မမြင်သောငါသည် ဘေးတကာတို့၏ ကုန်ခြင်းသို့ရောက်၍ ကြောက်ထိတ်လန့်ခြင်း ကင်းသည်ဖြစ်၍ ပရိသတ် ၄-ပါးတို့၏ အလယ်၌ ရဲရင့်သည်ဖြစ်၍ နေရ၏။ [ ဤကား **စတုတ္ထဝေသာရဇ္ဇ**]

ဤဝေသာရဇ္ဇဉာဏ် ၄-ပါးနှင့်လည်း မြတ်စွာဘုရားသည် ပြည့်စုံတော်မူ၏။

✪✪✪✪✪✪✪✪✪✪

## ၇၁။ ဒလဗလဉာဏ်တော် ၁၀-ပါး

## ဌာနာဋ္ဌာန ကောသလ္လဉာဏ်

ဒသဗလဉာဏ်ဟူသော်ကား-

၁။ ဌာနာဋ္ဌာနကောသလ္လဉာဏ်,　　၂။ သဗ္ဗတ္ထဂါမိနိပဋိပဒါဉာဏ်,

၃။ အနေကဓာတုနာနာဓာတုဉာဏ်,　　၄။ နာနာဓိမုတ္တိကတာဉာဏ်,

၅။ ဝိပါကဝေမတ္တတာဉာဏ်,　　၆။ ကိလေသဝေါဒါနဝုဋ္ဌာနဉာဏ်,

၇။ ဣန္ဒြိယပရောပရိယဝေမတ္တတာဉာဏ်,　　၈။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်,

၉။ ဒိဗ္ဗစက္ခုဉာဏ်,　　၁၀။ အာသဝက္ခယဉာဏ်

ဟူ၍ ၁၀-ပါးတည်း၊ ထို ၁၀-ပါးတို့တွင်-

၁။ **ဌာနာဋ္ဌာန ကောသလ္လဉာဏ်** ဟူသည်ကား-၁၀-ပါးသော ဉာဏ်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် အဆုံးအမတော်ဖြင့် တပည့်သားတို့ကို မချွတ်မယွင်းစေ၊ ထိုအဆုံးအမတော်သည် ၃-ပါးအပြားရှိ၏။ ဤအမှုကို ပြုသော်, ဤအကြောင်းဖြင့်ပြုသော် ဤအမှုကိုပြုကုန်၊ သင်တို့အား အစီးအပွားအလို့ငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့-ဟူ၍ ဆုံးမတော်မူ၏။ ထိုအခြင်းအရာဖြင့် ဆုံးမအပ်သော အဖန်တလဲလဲ ဆုံးမအပ်သော ထိုတပည့်သားတော်သည် သီလက္ခန္ဓကို မဖြည့်မူ၍ ထိုလောကုတ္တရာဘုံသို့ ရောက်လတ္တံ့၊ ဤအကြောင်းသည်မရှိ၊ ထိုအခြင်းဖြင့် ဆုံးမအပ်သော အဖန်တလဲလဲ ဆုံးမအပ်သော တပည့်သားသည် သီလက္ခန္ဓကို ဖြည့်သည်ဖြစ်၍ ထိုလောကုတ္တရာဘုံသို့ ရောက်လတ္တံ့၊ ဤသို့သော အကြောင်းသည် ရှိ၏။

သစ္စာ ၄-ပါး တရားတို့ကို သိပြီဟူ၍ ညွှန်သော မြတ်စွာဘုရားအား ဤတရားတို့ကို မသိသော ဤသို့သော အကြောင်းသည် မရှိ၊ ခပ်သိမ်းသော အာသဝေါတို့သည် ကုန်ပြီ-

ဟူ၍ ညွှန်သော မြတ်စွာဘုရားအား ဤအာသဝေါတရားတို့သည် မကုန်သေး၊ ဤသို့သော အကြောင်းသည်မရှိ၊ အကြင်ပုဂ္ဂိုလ်၏ အကျိုးငှါ တရားကို ဟောတော်မူ၏။ ထိုသူသည် သံသရာမှ မထွက်မြောက်၊ ထိုတရားကိုကျင့်သောသူအား ကောင်းစွာ ဆင်းရဲ၏ကုန်ခြင်းငှါ မဖြစ်၊ ဤသို့သော အကြောင်းသည် မရှိ၊ တပည့်သားတော်သည်ကား ထိုတရားတို့ကို တရားသို့ အစဉ်လိုက်၍ အရိုအသေကျင့်လျက် တရားနှင့်လျော်စွာ ကျင့်သည်ဖြစ်၍ ရှေးမှ နောက်အခါ၌ မွန်မြတ်သော ဈာန်, မဂ်, ဖိုလ်အထူးကို မျက်မှောက်ပြုလတ္တံ့၊ ဤသို့သော အကြောင်းသည် မရှိ။

အကြင်တရားတို့ကို မဂ်ဖိုလ်၏အန္တရာယ်ကို ပြုတတ်ကုန်၏-ဟူ၍ မြတ်စွာဘုရားသည် ဟောအပ်ကုန်၏။ ထိုတရားတို့ကို မှီဝဲသော ရဟန်းအား မဂ်ဖိုလ်၏ အန္တရာယ်ကို ပြုခြင်းငှါ မစွမ်းနိုင်၊ ဤသို့သော အကြောင်းသည် မရှိ၊ အကြင်တရားတို့သည် သံသရာဝဋ်မှ မထွက်မြောက်စေတတ်ကုန်၊ ထိုတရားတို့သည် သံသရာဝဋ်မှ ထွက်မြောက်စေတတ်ကုန်၏။ ထိုတရားတို့ကို ကျင့်သောသူအား ကောင်းစွာ ဒုက္ခ၏ကုန်ခြင်းငှါ ဖြစ်၏။ ဤသို့သော အကြောင်းသည်မရှိ၊ အကြင်တရားတို့သည် ဝဋ်မှထွက်မြောက်ကြောင်း ဖြစ်ကုန်၏။ ထိုတရားတို့သည် ဝဋ်မှ ထွက်မြောက်စေတတ်ကုန်၏။ ထိုတရားတို့ကို ကျင့်သောသူအား ကောင်းစွာ ဒုက္ခ၏ကုန်ခြင်းငှါ ဖြစ်၏။ ဤသို့သော အကြောင်းသည် ရှိ၏။

တပည့်သားတော်သည် ထိုတရားတို့ကို မကျင့်မူ၍ သဉပါဒိသေသနိဗ္ဗာနဓာတ်, အနုပါဒိသေသနိဗ္ဗာနဓာတ်သို့ အစဉ်ရောက်လတ္တံ့၊ ဤသို့သော အကြောင်းသည် မရှိ၊ သောတာပတ္တိမဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အမိကို အသက်မှ ချရာ၏။ လက်တို့ဖြင့်ငင်း ခြေတို့ဖြင့်ငင်း ပြင်းစွာ ပုတ်ခတ်ရာ၏။ ဤသို့သော အကြောင်းသည် မရှိ၊ ပုထုဇဉ်သည် အမိကို အသက်မှ ချရာ၏။ လက်တို့ဖြင့်ငင်း ခြေတို့ဖြင့်ငင်း ပြင်းစွာပုတ်ခတ်ခြင်းကို ပြုရာ၏။ ဤသို့သောအကြောင်းသည် ရှိ၏။ ထို့အတူ အဖကိုငင်း ရဟန္တာဖြစ်သော ရဟန်းကိုငင်း သောတာပတ္တိမဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အသက်မှ ချရာ၏။ လက်တို့ဖြင့်, ခြေတို့ဖြင့် ပြင်းစွာပုတ်ခတ်ခြင်းကို ပြုရာ၏။ ဤသို့သော အကြောင်းသည် မရှိ။ ပုထုဇဉ်သည် အဖကို, ရဟန္တာကို အသက်မှချရာ၏။ လက်, ခြေတို့ဖြင့် ပြင်းစွာ ပုတ်ခတ်ခြင်းကို ပြုရာ၏။ ဤသို့သော အကြောင်းသည် ရှိ၏။

သောတာပတ္တိမဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် သံဃာကို သင်းခွဲရာ၏။ ဤအကြောင်းသည် မရှိ၊ ပုထုဇဉ်သည် သံဃာကို သင်းခွဲရာ၏။ ဤအကြောင်းသည် ရှိ၏။ သောတာပတ္တိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သည် အမျက်ထွက်သည်ဖြစ်၍ မြတ်စွာဘုရားအား သွေးကို ဖြစ်စေရာ၏။ ပရိနိဗ္ဗာန်ပြုပြီးသော မြတ်စွာဘုရား၏ စေတီတော်ကို သောတာပန်ပုဂ္ဂိုလ်

သည် အမျက်ထွက်သည်ဖြစ်၍ ဖျက်ဆီးရာ၏။ ဤသို့သော အကြောင်းသည် မရှိ၊ ပုထုဇဉ်ပုဂ္ဂိုလ်သည် အမျက်ထွက်သည်ဖြစ်၍ မြတ်စွာဘုရားအား သွေးစိမ်းကို ဖြစ်စေရာ၏။ ပုထုဇဉ်သည် အမျက်ထွက်သည်ဖြစ်၍ ပရိနိဗ္ဗာန်ပြုပြီးသော မြတ်စွာဘုရား၏ စေတီတော်ကို ဖျက်ဆီးရာ၏။ ဤသို့သော အကြောင်းသည် ရှိ၏။သောတာပတ္တိမဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အသက်ဟူသော အကြောင်းကြောင့် ဘုရားမှတပါးဖြစ်သော ဆရာကို ညွှန်ရာ၏။ ဤသို့သော အကြောင်းသည် မရှိ။

ပုထုဇဉ်သည် ဘုရားမှတပါး ဆရာကို ရှာရာ၏။ ဤသို့သော အကြောင်းသည် ရှိ၏။ သောတာပတ္တိမဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် သာသနာတော်၏အပဝှ် ဘုရားသံဃာမှ တပါးသော အလှူခံပုဂ္ဂိုလ်ကို ရှာရာ၏။ ဤသို့သော အကြောင်းသည် မရှိ၊ ပုထုဇဉ်သည် သာသနာတော်၏ အပ၌ ဘုရားသံဃာမှတပါး အလှူခံပုဂ္ဂိုလ်ကို ရှာရာ၏။ ဤသို့သော အကြောင်းသည် ရှိ၏။ သောတာပတ္တိမဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အုတ်အုတ်ကျက်ကျက် မင်္ဂလာဖြင့် ယုံကြည်ခြင်းသို့ ရောက်ရာ၏။ ဤအကြောင်းသည် မရှိ။ ပုထုဇဉ်သည် အုတ်အုတ်ကျက်ကျက် မင်္ဂလာဖြင့် ယုံကြည်ခြင်းသို့ ရောက်ရာ၏။ ဤသို့သော အကြောင်းသည် ရှိ၏။ မိန်းမသည် စကြဝတေးမင်း ဖြစ်ရာ၏။ ဤသို့သော အကြောင်းသည် မရှိ။

ယောကျ်ားသည် စကြဝတေးမင်း ဖြစ်ရာ၏။ ဤအကြောင်းသည် ရှိ၏။ မိန်းမသည် နတ်တို့ကို အစိုးရသော သိကြားမင်း ဖြစ်ရာ၏။ ဤအကြောင်းသည် မရှိ၊ ယောကျ်ားသည် သိကြားမင်းဖြစ်ရာ၏။ ဤအကြောင်းသည် ရှိ၏။ မိန်းမသည် မာရ်နတ်ဖြစ်ရာ၏။ ဤအကြောင်းသည် မရှိ၊ ယောကျ်ားသည် မာရ်နတ် ဖြစ်ရာ၏။ ဤအကြောင်းသည် ရှိ၏။ မိန်းမသည် မဟာဗြဟ္မာဖြစ်ရာ၏။ ဤအကြောင်းသည် မရှိ။ ယောကျ်ားသည် မဟာဗြဟ္မာဖြစ်ရာ၏။ ဤအကြောင်းသည် ရှိ၏။ မိန်းမသည် ဘုရားဖြစ်ရာ၏။ ဤအကြောင်းသည်မရှိ၊ ယောကျ်ားသည် ဘုရားဖြစ်ရာ၏။ ဤအကြောင်းသည် ရှိ၏။ တစ်ခုသော စကြဝဠာတိုက်၌ ပူဇော်အထူးကို ခံထိုက်သော သစ္စာ ၄-ပါး တရားတို့ကို သိတော်မူတတ်ကုန်သော ၂-ဆူသော မြတ်စွာဘုရားတို့သည် တစ်ပြိုင်နက် မရှေးမနှောင်း ဖြစ်ကုန်ရာ၏။ ဤအကြောင်းသည် မရှိ။

တစ်ခုသော စကြဝဠာတိုက်၌ တစ်ဆူသော မြတ်စွာဘုရားသည်သာလျှင် ဖြစ်ရာ၏။ ဤအကြောင်းသည်ရှိ၏။ ဒုစရိုက် ၃-ပါးတို့၏ အလိုရှိအပ်, ချစ်အပ်, နှစ်လိုအပ်သော အကျိုးသည် ဖြစ်လတ္တံ့၊ ဤသို့သော အကြောင်းသည် မရှိ၊ ဒုစရိုက် ၃-ပါးတို့၏ အလိုမရှိအပ်, မချစ်အပ်, မနှစ်လိုအပ်သော အကျိုးသည် ဖြစ်လတ္တံ့၊ ဤသို့သော အကြောင်းသည် ရှိ၏၊

သုစရိုက် ၃-ပါးတို့၏ အလိုမရှိအပ်, မချစ်အပ်, မနှစ်သက်အပ်သော အကျိုးသည် ဖြစ်လတ္တံ့၊ ဤသို့သော အကြောင်းသည် မရှိ၊ သုစရိုက် ၃-ပါးတို့၏ အလိုရှိအပ်, ချစ်အပ်, နှစ်လိုအပ်သော အကျိုးသည် ဖြစ်လတ္တံ့၊ ဤသို့သော အကြောင်းသည် ရှိ၏။ အမှတ်မဲ့ တစ်ပါးပါးသော လျှို့ဝှက် ပြောတတ်, နိမိတ်ဖတ်တတ်သော ရဟန်းသည်ငင်း ပုဏ္ဏားသည်ငင်း လျှို့ဝှက် ပြောပခြင်း, နိမိတ်ဖတ်ခြင်းကို ရှောင်သွားပြု၍-

- ၅-ပါးသော နီဝရဏတို့ကို မပယ်မူ၍ စိတ်ညစ်ညှုးခြင်းတို့ကို ပြုတတ်သော,
- ပညာ၏ အားနည်းခြင်းကို ပြုတတ်သော,
- ၅-ပါးသော နီဝရဏတို့ကို မပယ်မူ၍ ၄-ပါးသော သတိပဋ္ဌာန်တို့၌ ရှေးရှုမထင်သော

သတိရှိသည်ဖြစ်၍ နေလျက် ၂-ပါးသော ဗောဇ္ဈင်တို့ကို မပွားစေမူ၍ အတုမရှိ မြတ်သော သစ္စာ ၄-ပါးတရားတို့ကို ထိုးထွင်း၍ သိလတ္တံ့၊ ဤသို့သော အကြောင်းသည် မရှိ။

ခပ်သိမ်းသော အပြစ်မှကင်းသော အမှတ်မဲ့ တစ်ပါးပါးသော ရဟန်းသည်ငင်း, ပုဏ္ဏားသည်ငင်း စိတ်ကို ညစ်ညှုးစေတတ်သော ပညာ၏ အားနည်းခြင်းကို ပြုတတ်သော ၅-ပါးအပြားရှိသော နီဝရဏတို့ကိုပယ်၍ ၄-ပါးသော သတိပဋ္ဌာန်တို့၌ ရှေးရှုထင်သော သတိရှိသည်ဖြစ်၍ ဗောဇ္ဈင် ၇-ပါးတို့ကို ပွားစေ၍ အတုမရှိ မြတ်သော သစ္စာ ၄-ပါးတရားတို့ကို သိလတ္တံ့၊ ဤသို့သော အကြောင်းသည် ရှိ၏။ ဤသို့ ဆိုအပ်ပြီးသော အကြောင်း ဟုတ်သည်, မဟုတ်သည်၌ ပိုင်းခြားသောအားဖြင့် သိတတ်သော အကြင်ဉာဏ်သည်ရှိ၏။ ထိုဉာဏ်သည် ဌာနာဋ္ဌာနကောသလ္လဉာဏ်မည်၏။ ။ [ပဋမ။]

## သဗ္ဗတ္ထဂါမိနီပဋိပဒါဉာဏ်

၂။ ဤသို့ ဆိုအပ်ပြီးသော အရာသို့ ရောက်ကုန်သော သတ္တဝါတို့သည် ကုန်တတ်သော သဘောရှိကုန်၏။ ပျက်တတ်သော သဘောရှိကုန်၏။ ချုပ်တတ်သော သဘောရှိကုန်၏။ အချို့သော သတ္တဝါတို့သည် နတ်ရွာသို့ လားရကုန်၏။ အချို့သော သတ္တဝါတို့သည် အပါယ်သို့ လားရကုန်၏။ ခပ်သိမ်းသော သတ္တဝါတို့သည် သေကုန်လတ္တံ့။ ယခုလည်း သေကုန်ဆဲ။ အသက်၏အဆုံးကို လွန်သောသူ မည်သည်မရှိ။ ထိုသို့ သေကုန်သော သတ္တဝါတို့တွင် မကောင်းမှုကို ကျင့်ကုန်သော သူတို့သည် ကံအားလျော်စွာ အပါယ် ၄-ပါးသို့ လားရကုန်လတ္တံ့၊ ကောင်းမှုကို ကျင့်ကုန်သော သူတို့သည် ကံအားလျော်စွာ

နတ်ရွာသို့ လားရကုန်လတ္တံ့။ အကြင်သူတို့သည် ကံကုန်ခြင်းကို ပြုကုန်၏။ ထိုသူတို့သည် မဂ်ကိုပွားစေ၍ အရဟတ္တဖိုလ်ကို ဖြစ်စေ၍ တဏှာနုသယ၏ ပြတ်ခြင်းကြောင့် အာသဝေါ တရားဖြစ်ခြင်းအကြောင်းမှ ကင်းသည်ဖြစ်၍ ငြိမ်းပြီးသော ဆီမီးသည် တဖန် မထွန်းလင်း သကဲ့သို့ ပရိနိဗ္ဗာန်ပြုကုန်၏။ ထိုကောင်းမှု, မကောင်းမှု ၂-ပါးတို့တွင်-

- အကြင်ဘဝသို့ ရောက်ကြောင်းဖြစ်သော အကျင့်သည် ရှိ၏။ ထိုအကျင့်သည် **သဗ္ဗတ္ထဂါမိနီပဋိပဒါ** မည်၏။
- နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အကျင့်သည်ရှိ၏။ ထိုအကျင့်သည် **အတ္ထဂါမိနီပဋိပဒါ** မည်၏။

ဤအကျင့်၌ အကြောင်းအားဖြင့်, အရာအားဖြင့်, ပိုင်းခြားသောအားဖြင့် သိတတ်သော အကြင်ဉာဏ်သည် ရှိ၏။ ထိုဉာဏ်သည် **သဗ္ဗတ္ထဂါမိနီပဋိပဒါဉာဏ်** မည်၏။ ။ [ဒုတိယ။ ]

## အနေကဓာတု, နာနာဓာတုဉာဏ်

၃။ ဤသို့ ဆိုအပ်ပြီးသော နည်းဖြင့် သဗ္ဗတ္ထဂါမိနီပဋိပဒါသည် **အနေကဓာတုလောက** မည်၏။ အတ္ထဂါမိနီပဋိပဒါသည် **နာနာဓာတုလောက** မည်၏။ ထို ၂-ပါး တို့တွင်-

(၁) **အနေကဓာတုလောကသည်** အဘယ်နည်း ဟူမူကား-

| | | |
|---|---|---|
| စက္ခုဓာတ်, | ရူပဓာတ်, | စက္ခုဝိညာဏဓာတ် |
| သောတဓာတ်, | သဒ္ဒဓာတ်, | သောတဝိညာဏဓာတ် |
| ဃာနဓာတ်, | ဂန္ဓဓာတ်, | ဃာနဝိညာဏဓာတ် |
| ဇိဝှါဓာတ်, | ရသဓာတ်, | ဇိဝှါဝိညာဏဓာတ် |
| ကာယဓာတ်, | ဖောဋ္ဌဗ္ဗဓာတ်, | ကာယဝိညာဏဓာတ် |
| မနောဓာတ်, | ဓမ္မဓာတ်, | မနောဝိညာဏဓာတ် |
| ပထဝီဓာတ်, | တေဇောဓာတ်, | အာပေါဓာတ် |
| ဝါယောဓာတ်, | အာကာသဓာတ်, | ကာမဓာတ် |

| | | |
|---|---|---|
| ဗျာပါဒဓာတ်, | ဝိဟိံသာဓာတ်, | နေက္ခမဓာတ်, |
| အဗျာပါဒဓာတ်, | အဝိဟိံသာဓာတ်, | ဒုက္ခဓာတ်, |
| ဒေါမနဿဓာတ်, | အဝိဇ္ဇာဓာတ်, | သုခဓာတ်, |
| သောမနဿဓာတ်, | ဥပေက္ခာဓာတ်, | ကာမဓာတ်, |
| ရူပဓာတ်, | အရူပဓာတ်, | နိရောဓဓာတ်, |
| သင်္ခတဓာတ်, | အသင်္ခတဓာတ်, | နိဗ္ဗာနဓာတ် ' |

ဤအလုံးစုံသည် အနေကဓာတုလောကမည်၏။

(၂) နာနာဓာတုလောကသည် အဘယ်နည်းဟူမူကား-

| | |
|---|---|
| စက္ခုဓာတ်သည် တစ်ပါး, | ရူပဓာတ်သည် တစ်ပါး, |
| စက္ခုဝိညာဏဓာတ်သည် တစ်ပါး, | သောတဓာတ်သည် တစ်ပါး, |
| သဒ္ဒဓာတ်သည် တစ်ပါး, | သောတဝိညာဏဓာတ်သည် တစ်ပါး, (လ) |
| သင်္ခါရဓာတ်သည် တစ်ပါး, | နိဗ္ဗာနဓာတ်သည် တစ်ပါး၊ |

ဤအလုံးစုံသည် နာနာဓာတု လောကမည်၏။

ဤအနေကဓာတု, နာနာဓာတု လောက ၂-ပါး၌ အကြောင်းအားဖြင့်, အရာအားဖြင့်, ပိုင်းခြားသောအားဖြင့် သိတတ်သော အကြင်ဉာဏ်သည် ရှိ၏။ ထိုဉာဏ်သည် အနေကဓာတု နာနာဓာတုဉာဏ် မည်၏။ ။ [တတိယ။]

## နာနာဓိမုတ္တိကတာဉာဏ်

၄။ ဤသို့ ဆိုအပ်ပြီးသောနည်းဖြင့် အနေကဓာတု, နာနာဓာတု လောကအားဖြင့် အကြင်, အကြင်သို့ သဘောရှိသော ဓာတ်ကို သတ္တဝါတို့သည် နှလုံးသွင်းကုန်၏။ ထိုသို့သော ဓာတ်ကိုသာလျှင် ဆောင်ရွက်ကုန်၏။ နှလုံးသွင်းကုန်၏။ အချို့သော သူတို့သည် ရူပါရုံကို နှလုံးသွင်းကုန်၏။ အချို့သော သူတို့သည် သဒ္ဒါရုံကို နှလုံးသွင်းကုန်၏။ အချို့သော သူတို့သည် ဂန္ဓာရုံကို နှလုံးသွင်းကုန်၏။ အချို့သော သူတို့သည် ရသာရုံ, ဖောဋ္ဌဗ္ဗာရုံကို, အချို့သော သူတို့သည် ဓမ္မာရုံကို နှလုံးသွင်းကုန်၏။ အချို့သော သူတို့သည် မိန်းမကို နှလုံးသွင်းကုန်၏။ အချို့သော သူတို့သည် ယောကျ်ားကို နှလုံးသွင်းကုန်၏။

အချို့သော သူတို့သည် စွန့်ကြဲခြင်းကို နှလုံးသွင်းကုန်၏။ အချို့သော သူတို့သည် အယုတ်ကို နှလုံးသွင်းကုန်၏။ အချို့သော သူတို့သည် အလတ်ကို, အချို့သော သူတို့သည် အမြတ်ကို, အချို့သော သူတို့သည် နတ်တို့ကို, အချို့သော သူတို့သည် လူတို့ကို နှလုံးသွင်းကုန်၏။ အချို့သော သူတို့သည် နိဗ္ဗာန်ကို နှလုံးသွင်းကုန်၏။

ဤသို့ နှလုံးသွင်းခြင်း၌ အကြောင်းအားဖြင့်, အရာအားဖြင့်, ပိုင်းခြားသောအားဖြင့် သိတတ်သော အကြင်ဉာဏ်သည် "ဤသည်လျှင် ကျွတ်ထိုက်သော ဝေနေယျတည်း၊ ဤသူ သည် ဝေနေယျ မဟုတ်၊ ဤသူသည် နတ်ရွာသို့ လားအံ့သော သူတည်း၊ ဤသူသည် ဒုဂ္ဂတိသို့ လားအံ့သောသူတည်း" ဤသို့ သိတတ်၏။ ထိုဉာဏ်သည် **နာနာဓိမုတ္တိကတာ ဉာဏ်**မည်၏။ ။ [စတုတ္ထ။]

## ဝိပါကဝေမတ္တတာဉာဏ်

၅။ ဤသို့ ဆိုအပ်ပြီးသောနည်းဖြင့် ထိုသူတို့သည် နှလုံးသွင်းနှင့်လျော်စွာ ဖြစ်ကုန်၏။ ထိုထိုသို့သော စွဲလမ်းခြင်းကို စွဲလမ်းကုန်၏။ ထိုသူတို့သည် ၆-ပါးပြားသော ကံကို ဆောက်တည်ကုန်၏။ အချို့သော သူတို့သည် လောဘ၏ အစွမ်းဖြင့်, အချို့သော သူတို့သည် ဒေါသ၏ အစွမ်းဖြင့်, အချို့သော သူတို့သည် မောဟ၏ အစွမ်းဖြင့် ကံကို ပြုကုန်၏။ ဤကံသည် မည်းသောကံမည်၏။ မည်းသော အကျိုးရှိ၏။

အကြင်ကံကို သဒ္ဓါ၏ အစွမ်းအားဖြင့်, ဝီရိယ၏ အစွမ်းအားဖြင့်, ပညာ၏ အစွမ်းအားဖြင့် ပြု၏။ ထိုကံသည် ဖြူသောကံမည်၏။ ဖြူသော အကျိုးရှိ၏။ ထို ၂-ပါး တို့တွင်-အကြင်ကံကို လောဘ၏ အစွမ်းအားဖြင့်, ဒေါသ၏ အစွမ်းအားဖြင့်, သဒ္ဓါ၏ အစွမ်းအားဖြင့်, ဝီရိယ၏ အစွမ်းအားဖြင့် ပြု၏။ ဤကံသည် မည်းသော, ဖြူသော အကျိုးရှိ၏။ မည်းသော, ဖြူသော ကံမည်၏။

အကြင်ကံကို ဝီရိယ၏ အစွမ်းအားဖြင့်, ပညာ၏ အစွမ်းအားဖြင့် ပြု၏။ ထိုကံသည် မမည်း, မဖြူသော ကံမည်၏။ မမည်း, မဖြူသော အကျိုးရှိ၏။ ထိုကံသည် မြတ်သောကံ မည်၏။ ချီးမွမ်းအပ်သော ကံမည်၏။ ကုသိုလ်ကံ, အကုသိုလ်ကံ ကုန်ခြင်းငှါ ဖြစ်တတ်၏။ **စွဲလမ်းအပ်သောကံသည်ကား ၄-ပါးတည်း၊ ၄-ပါးဟူသော်ကား-**

၁။ ပစ္စုပ္ပန်မျက်မှောက်၌ ချမ်းသာသော, နောင်ဘဝ၌ ဆင်းရဲသော အကျိုးရှိသော ကံကို စွဲလမ်းဆောက်တည်ခြင်းသည် ရှိ၏။

၂။ ပစ္စုပ္ပန်မျက်မှောက်၌ ဆင်းရဲသော, နောင်ဘဝ၌ ချမ်းသာသော အကျိုးရှိသော ကံကို စွဲလမ်းဆောက်တည်ခြင်းသည် ရှိ၏။

၃။ ပစ္စုပ္ပန်ဘဝ၌ ဆင်းရဲသော, နောင်ဘဝ၌လည်း ဆင်းရဲသော အကျိုးရှိသော ကံကို စွဲလမ်းဆောက်တည်ခြင်းသည် ရှိ၏။

၄။ ပစ္စုပ္ပန်မျက်မှောက်၌ ချမ်းသာသော, နောင်ဘဝ၌လည်း ချမ်းသာသော အကျိုးရှိသော ကံကို စွဲလမ်းဆောက်တည်ခြင်းသည် ရှိ၏။

ဤသို့ သဘောရှိသော အကြင်ကံကို စွဲလမ်းခြင်းကို ဤပုဂ္ဂိုလ်သည် အကုသိုလ်ကံကို စွဲလမ်းသည်ဖြစ်၍ ဆည်းပူး၏။ အကျိုးကို မပေးသေးသော ကံကို အကျိုးပေးစိမ့်သောငှါ ရှေးရှုဖြစ်စေ၏။ ငြီးငွေ့ခြင်းဖြင့် သွားခြင်းငှါ မထိုက်။ ထိုပုဂ္ဂိုလ်ကို မြတ်စွာဘုရားသည် ဆုံးမတော်မမူ။ အဘယ်သူတို့ကဲ့သို့ နည်းဟူမူကား-**ဒေဝဒတ်, ကောကာလိက, လိစ္ဆဝီ** မင်းသားဖြစ်သော **သုနက္ခတ္တ**တို့ကဲ့သို့တည်း။

ဒေဝဒတ် အစရှိသည်တို့မှ တပါးကုန်သော အကြင်ပုဂ္ဂိုလ်တို့သည် မှားသော အမြင်၌ မြဲကုန်၏။ ဤပုဂ္ဂိုလ်တို့အား ဆည်းပူးအပ်သော အကုသိုလ်ကံသည် ရှေးဦးစွာ ပြည့်စုံခြင်းသို့ မရောက်သေး။ ရှေး၌ပြည့်စုံခြင်းသို့ ရောက်၏။ ရှေး၌ အကျိုးကို ဖြစ်စေအပ်၏။ ရှေး၌ ဆုံးမအပ်သောအဖြစ်ကို လွန်၏။ ထိုပုဂ္ဂိုလ်တို့ကို မြတ်စွာဘုရားသည် မဂ်၌ ဆုံးမတော်မမူ။ အဘယ်တို့ကဲ့သို့ နည်းဟူမူကား **ဂေါဝတိကစွာသား ပုဏ္ဏ, ကုက္ကုရဝတီပြည်သား အစေလက**တို့ကဲ့သို့တည်း။

ဤပုဂ္ဂိုလ်အား အကုသိုလ်ကို ဆောက်တည်ခြင်းသည် ပြည့်သည်ရှိသော်လည်း မဂ်ကို မဖြစ်တတ်။ ရှေး၌ ပြည့်စုံခြင်းသို့ ရောက်၏။ ရှေး၌ အကျိုးကို ဖြစ်စေတတ်၏။ ရှေး၌ မဂ်ကို ဆုံးမ၏။ ရှေး၌ ဝေနေယျအဖြစ်ကို လွန်၏။ ထိုပုဂ္ဂိုလ်တို့ကို မြတ်စွာဘုရားသည် မဂ်၌ ဆုံးမတော်မူ၏။ အဘယ်သူကဲ့သို့နည်းဟူမူကား- ရှည်သော အသက်ရှိသော အရှင်အင်္ဂုလိမာလမထေရ်ကဲ့သို့တည်း။

မုဒု, မဇ္ဈ, အဓိမတ္တ အဖြစ်သည်ရှိ၏။ ထို ၃-ပါးတို့တွင်

မုဒုကား အာနေဉ္စာဘိသင်္ခါရမှကြွင်းသော လောကီကုသိုလ်သင်္ခါရတည်း။

(မဇ္ဈကား အာနေဉ္စာဘိသင်္ခါရဖြစ်သော လောကီကုသိုလ်သင်္ခါရတည်း။)

အဓိမတ္တကား လောကုတ္တရာကုသိုလ်သင်္ခါရတည်း။ ဤသင်္ခါရတို့သို့ အကြောင်းအား ဖြင့် ပိုင်းခြား၍ ဆိတ်သောအကြင်ဉာဏ်သည်လည်း ရှိ၏။ ဤကံသည် မျက်မှောက်၌

ခံစားအပ်သော အကျိုးရှိ၏။ ဤကံသည် ဒုတိယဘဝ၌ ခံစားအပ်သော အကျိုးရှိ၏။ ဤကံသည် တတိယဘဝမှစ၍ နိဗ္ဗာန်ရောက်အောင် ခံစားအပ်သော အကျိုးရှိ၏။ ဤကံသည် တိရစ္ဆာန်ဘုံ၌ ခံစားအပ်သော အကျိုးရှိ၏။ ဤကံသည် ပြိတ္တာဘုံ၌ ခံစားအပ်သော အကျိုးရှိ၏။ ဤကံသည် အသုရကာယ်ဘုံ၌ ခံစားအပ်သော အကျိုးရှိ၏။ ဤကံသည် ငရဲဘုံ၌ ခံစားအပ်သော အကျိုးရှိ၏။ ဤသို့အတိတ်, အနာဂတ်, ပစ္စုပ္ပန် ဖြစ်သော ကံကိုဆောက်တည်ခြင်းတို့ကို အကြောင်းအားဖြင့် သိတတ်သော ဉာဏ်သည်လည်း ရှိ၏။ ထိုဉာဏ်သည် **အကျိုး၏ ထူးပြားသော အဖြစ်ကို သိတတ်သောဉာဏ်** မည်၏။

[ပဥ္စမ။]

## ကိလေသဝေါဒါနဝုဋ္ဌာနဉာဏ်

၆။　ဤသို့လျှင် ထိုအခြင်းအရာဖြင့် ဆောက်တည်အပ်ကုန်ပြီးသော ကံတို့ကို စွဲလမ်းကုန်ပြီးသော ဝိမောက္ခတို့ကို, သမာဓိတို့ကို ဤကံသည်ကား ညစ်ညူးသော ကံတည်း။ ဤကံသည်ကား ဖြူစင်သော ကံတည်း။ ဤကံသည်ကား ကိလေသာမှ ထွက်မြောက်ကြောင်းဖြစ်သော ကံတည်း။ ဤသို့ကား ညစ်ညူး၏။ ဤသို့ကား ဖြူစင်၏။ ဤသို့ကား ကိလေသာမှ ထ၏။ ဤသို့ သိတတ်သောဉာဏ်သည် **အနာဝရဏဉာဏ်**မည်၏။ ဤသို့ အစရှိသည်ဖြင့် သိတတ်သောဉာဏ်သည် **ခပ်သိမ်းသောဈာန်, ဝိမောက္ခ, သမာဓိ, သမာပတ္တိတို့၏ ညစ်ညူးခြင်း, ဖြူစင်ထမြောက်ခြင်း၌** သိသောဉာဏ်မည်၏။　[ဆဋ္ဌမ။]

[ ၇-ခုမြောက် ဣန္ဒြိယပရောပရိယတ္တိဉာဏ်၏ အခြင်းအရာကို အောက်၌ ဆိုခဲ့ပြီ။
၈-ခုမြောက် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၏ အခြင်းအရာကိုလည်း အောက်၌ ဆိုခဲ့ပြီ။
၉-ခုမြောက် ဒိဗ္ဗစက္ခုဉာဏ်၏ အခြင်းအရာကိုလည်း အောက်၌ ဆိုခဲ့ပြီ။]

သဗ္ဗညုတဉာဏ်၏ နီးစွာသော အကြောင်းဖြစ်သော အာသဝက္ခယဉာဏ်တော်နှင့် တကွ ၁၀-ပါးသော ဉာဏ်သည် ဒသဗလဉာဏ်မည်၏။ မြတ်စွာဘုရားသည် ဤဒသဗလ ဉာဏ်နှင့်လည်း ပြည့်စုံတော်မူ၏။

✪✪✪✪✪✪✪✪✪✪✪

## ၇၂။ အာဝေဏိက ဗုဒ္ဓဓမ္မ ၁၈-ပါး

၁၈-ပါးကုန်သော တပါးသော ရဟန္တာသာဝကတို့နှင့် မဆက်ဆံသော အသီးဖြစ်သော **အာဝေဏိကဗုဒ္ဓဓမ္မမည်သည်ကား-**

၁။ မြတ်စွာဘုရားအား အတိတ်အဖို့၌ မပိတ်မပင်သော ဉာဏ်တော်နှင့် ပြည့်စုံ၏။

၂။ အနာဂတ်အဖို့၌ မပိတ်မပင်သော ဉာဏ်တော်နှင့် ပြည့်စုံ၏။

၃။ ပစ္စုပ္ပန်အဖို့၌ မပိတ်မပင်သော ဉာဏ်တော်နှင့် ပြည့်စုံ၏။

၄။ ဤ ၃-ပါးသောတရားနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား အလုံးစုံသော ကာယကံသည် ဉာဏ်တော်လျှင် ရှေ့သွားရှိ၏။ ဉာဏ်တော်သို့ အစဉ်လိုက်၏။

၅။ အလုံးစုံသော ဝစီကံသည် ဉာဏ်တော်လျှင် ရှေ့သွားရှိ၏။ ဉာဏ်တော်သို့ အစဉ်လိုက်၏။

၆။ အလုံးစုံသော မနောကံသည် ဉာဏ်တော်လျှင် ရှေ့သွားရှိ၏။ ဉာဏ်တော်သို့ အစဉ်လိုက်၏။

၇။ ဤ ၆-ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား ဆန္ဒ၏ယုတ်သော အဖြစ်သည် မရှိ။

၈။ တရားဟောခြင်း၏ ယုတ်သောအဖြစ်သည် မရှိ။

၉။ လုံ့လ၏ ယုတ်သောအဖြစ်သည် မရှိ။

၁၀။ ပညာ၏ ယုတ်သောအဖြစ်သည် မရှိ။

၁၁။ ဝိမုတ္တိဉာဏ်၏ ယုတ်သောအဖြစ်သည် မရှိ။

၁၂။ ဝိမုတ္တိဉာဏဒဿန၏ ယုတ်သောအဖြစ်သည် မရှိ။

၁၃။ ဤ ၁၂-ပါးသော တရားနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား မြူးထူးလိုသဖြင့် ပြုခြင်းသည် မရှိ။

၁၄။ အဆောတလျင်ပြုခြင်းသည် မရှိ။

၁၅။ ဉာဏ်ဖြင့် မတွေးဆခြင်းသည် မရှိ။

၁၆။ လျင်စွာပြုခြင်းမည်သည် မရှိ။

၁၇။ အကျိုးမရှိသော စိတ်၏ဖြစ်ခြင်းမည်သည် မရှိ။

၁၈။ မသိသော အညာဏုပေက္ခာမည်သည် မရှိ။
ဤ ၁၈-ပါးကုန်သော အာဝေဏိက ဗုဒ္ဓဓမ္မနှင့် ပြည့်စုံတော်မူ၏။

✪✪✪✪✪✪✪✪✪✪

## ၇၃။ အစိန္တေယျ ၄-ပါး

အစိန္တေယျ ၄-ပါးဟူသည်ကား-

**၁။ ရူပအစိန္တေယျ, ၂။ ဉာဏအစိန္တေယျ,**
**၃။ ဝစနအစိန္တေယျ, ၄။ ဣဒ္ဓိအစိန္တေယျ-**

ဟူ၍ ၄-ပါးတည်း။ ထို ၄-ပါးတို့တွင် ရူပအစိန္တေယျသည်-

**ရူပ, ရူပဝိလာသ, ရူပအစိန္တေယျ-**

ဟူ၍ ၃-ပါးအပြားရှိ၏။ ဉာဏအစိန္တေယျသည်-

**ဉာဏ, ဉာဏဝိလာသ, ဉာဏအစိန္တေယျ-**

ဟူ၍ ၃-ပါး အပြားရှိ၏။ ဝစနအစိန္တေယျသည်-

**ဝစန, ဝစနဝိလာသ, ဝစနအစိန္တေယျ-**

ဟူ၍ ၃-ပါးအပြားရှိ၏။ ဣဒ္ဓိအစိန္တေယျသည်-

**ဣဒ္ဓိ, ဣဒ္ဓိဝိလာသ, ဣဒ္ဓိအစိန္တေယျ-**

ဟူ၍ ၃-ပါး အပြားရှိ၏။ ထိုအစိန္တေယျ-၄-ပါးတို့တွင်-

### ရူပအစိန္တေယျ

၁။ ရူပ ဟူသည်ကား ၃၂-ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး, ၈၀-သော လက္ခဏာတော်ငယ်, ၁-လံမျှလောက်သော အရောင်တော်, ထိပ်တော်၏ အထက်၌ အစုဖြစ်၍ ထင်သောရောင်တော် အတွေဟုဆိုအပ်သော ကေတုမာလာ မှန်ကင်းပန်းတို့ဖြင့် တန်ဆာဆင်အပ်သော ကိုယ်တော်သည် ရူပမည်၏။

ရူပဝိလာသမည်သည်ကား-အကြင်အခါ၌ ထိုမြတ်စွာဘုရားသည် နတ်ပရိသတ်တို့၏ အလယ်၌ နေတော်မူသည်ဖြစ်အံ့၊ မာရ်နတ်ပရိသတ်တို့၏ အလယ်၌ နေတော်မူသည်လည်း ဖြစ်အံ့။ ဗြဟ္မာပရိသတ်တို့၏ အလယ်၌ နေတော်မူသည်လည်း ဖြစ်အံ့။

ထိုပရိသတ်တို့၌ တစ်စုံတစ်ယောက်သော နတ်၏ဖြစ်စေ မာရ်၏ဖြစ်စေ ဗြဟ္မာ၏ဖြစ်စေ ကိုယ်၏အရောင်သည် မြတ်စွာဘုရား၏ ကိုယ်တော်ရောင်ကို နှိပ်စက်၍ ထက်ဝန်းကျင်မှ လွှမ်းမိုး၍ တည်အံ့သောငှါ မတတ်နိုင်၊ မြတ်စွာဘုရား၏ ကိုယ်တော်ရောင်သည်သာလျှင် ထိုအလုံးစုံကုန်သော နတ်, သိကြား, မာရ်, ဗြဟ္မာတို့၏ ကိုယ်ကိုနှိပ်၍ နှိပ်စက်၍ တည်၏။ ထို့ကြောင့်-

**န ကောစိ ဒေဝေါ ဝဏ္ဏေန၊ သမ္ဗုဒ္ဓဿ ဝိရောစတိ။**

**သဗ္ဗေ ဒေဝေ အဓိဂ္ဂယှ၊ သမ္ဗုဒ္ဓေါဝ ဝိရောစတိ။**

ဟူ၍ ဆရာတို့ ဆိုကုန်၏။

**အနက်။** ။ ကောစိ ဒေဝေါ၊ တစ်စုံတစ်ယောက်သော နတ်သည်။ ဝဏ္ဏေန၊ အဆင်းဖြင့်။ သမ္ဗုဒ္ဓဿ၊ မြတ်စွာဘုရားထက်။ န ဝိရောစတိ၊ မတင့်တယ်။ သဗ္ဗေ ဒေဝေ၊ ခပ်သိမ်းသော နတ်တို့ကို။ သမ္ဗုဒ္ဓေါဝ၊ မြတ်စွာဘုရားသည်သာလျှင်။ အဓိဂ္ဂယှ၊ အလွန်ထူး၍။ ဝိရောစတိ၊ တင့်တယ်၏။ ဤသို့ တင့်တယ်ခြင်းသည်လျှင် မြတ်စွာဘုရားအား ရူပဝိလာသ မည်၏။

ရူပအစိန္တေယျ ဆိုသည်ကား-သဒ္ဓါကြည်ညိုကုန်သော နတ်လူတို့သည် ထိုမြတ်စွာဘုရား အဆင်းတော်၏ တင့်တယ်ခြင်းကို မိမိတို့ အသက်ရှိသမျှ ကာလပတ်လုံးတည်၍ ရှုကုန်သော်လည်း ရောင့်ရဲခြင်းသို့ မရောက်နိုင်ကုန်၊ တစ်ခါတစ်ရံ အလိုတော်ရှိသော် မြတ်စွာဘုရားသည် ၁၈-တောင် အတိုင်းအရှည်ရှိသော အရပ်တော်ဖြင့် ပရိက္ခရာ ၈-ပါး နှင့်တကွ မုန်ညင်းသီးခွံအတွင်း၌ ရပ်တော်မူ၏။ စင်္ကြံသွားတော်မူ၏။ လျောင်းတော်မူ၏။ ထိုမှတပါးလည်း တစ်သန်း, နှစ်သိန်း, သုံးထောင်, လေးရာ, ငါးဆယ် ယူဇနာအချင်းရှိသော တစ်ခုသော စကြဝဠာတိုက်ကို ကိုယ်တော်ဖြင့် ဖုံးလွှမ်းတော်မူလိုသည်ရှိသော် ဖုံးလွှမ်းတော်မူနိုင်၏။ ဤသို့ မြတ်စွာဘုရားသည် မုန်ညင်းသီးခွံအတွင်း၌ ရပ်, သွား, ထိုင်, လျောင်းတော်မူခြင်းသည်ကား မုန်ညင်းသီးကို ကြီးအောင် ဖန်ဆင်းတော်မူသည်လည်း မဟုတ်၊ မုန်ညင်းသီး၏ အတွင်း၌ ဆံ့ရုံမျှ ကိုယ်တော်ကိုငယ်အောင် ဖန်ဆင်းတော်မူသည်လည်း မဟုတ်၊ အလိုတော်ရှိတိုင်းသာ ဖြစ်သတည်း။

အဘယ်အခါ၌ ကိုယ်တော်ကြီးစွာ ဖြစ်သနည်း ဟူမူကား-အဘိဓမ္မာတရားကို ဟောအံ့သောငှါ တာဝတိံသာသို့ ကြွတော်မူ၍ ပဏ္ဍုကမ္ဗလာကျောက်ဖျာသို့ မြတ်စွာဘုရား ကပ်တော်မူ၏။ ထိုအခါ သိကြားမင်း ကြံ၏။ "မြတ်စွာဘုရားသည် ဝါတွင်း ၃-လပတ်လုံး ဤကျောက်ဖျာ၌ ဝါဆိုတော်မူအံ့သည် ထင်၏။ မြတ်စွာဘုရား နေတော်မူသော အခါမှစ၍ ဤကျောက်ဖျာသည် စေတီတိုက်နှင့် တူသည်ဖြစ်၏။ တပါးသောသူသည် လက်မျှတင်

ထားအံ့သောငှါ မဝံ့သည် ဖြစ်၏။ မြတ်စွာဘုရား ကိုယ်တော်သည် လူတို့လက်ဖြင့် ၁၈-တောင်သာ ရှိ၏။ ဤကျောက်ဖျာသည် အလျားမှ ယူဇနာ ၆၀, အနံမှ ၅၀,အထုအားဖြင့် ၁၅-ယူဇနာရှိ၏။ ဤမျှလောက် ကြီးသော ကျောက်နေရာ၌ မြတ်စွာဘုရား နေတော်မူသဖြင့် မတင့်တယ်၊ ကြီးစွာသော ကျောက်ဖျာ၏ အလယ်၌ နှံစုတ်ငှက်ငယ် နားသောအခါကဲ့သို့ ဖြစ်ရာ၏"ဟု ကြံ၏။

ထိုသိကြားမင်း၏ အကြံကိုသိ၍ ထိုကျောက်ဖျာ၌ ထိုင်တော်မူလိုသော မြတ်စွာဘုရားသည် အလုံးစုံသော ကျောက်ဖျာကို ဖုံးလွှမ်း၍ ဒုကုဋ်တော်ကို ဖြန့်တော်မူ၏။ ထိုသို့ ဖြန့်သည်ကို မြင်၍ "ဒုကုဋ်တော်သည်ကား ကြီး၏။ မြတ်စွာဘုရားသည်ကား အနည်းငယ်သော အရပ်၌သာ နေတော်မူလတ္တံ့" ဟု သိကြားမင်း ကြံပြန်၏။ ထိုသိကြားမင်း၏ အလိုကို သိတော်မူ၍ အလုံးစုံသော ကျောက်ဖျာကို ထက်ဝယ်ခွေတော်မူ၏။ အတွင်း၌ကဲ့သို့ ပြု၍ ငယ်လှစွာသော အင်းပျဉ်၌ ထိုင်နေသော ပံ့သုကူဆောင်သော မထေရ်ကြီးကဲ့သို့ အလုံးစုံသော ကျောက်ဖျာကို ဖုံးလွှမ်း၍ ထိုင်နေတော်မူ၏။ ထိုဆိုအပ်ပြီးသော အတိုင်းအရှည်ဖြင့် ကြီးသောကျောက်ဖျာသည် မြတ်စွာဘုရားထိုင်ခြင်းငှါ မလောက်သကဲ့သို့ ဖြစ်၏။ ဤ၌လည်း ပဏ္ဍုကမ္ဗလာကျောက်ဖျာကြီးသည်ကို အကြောင်းပြု၍ ကိုယ်တော်ကို ကြီးအောင်ဖန်ဆင်းတော်မူသည်လည်း မဟုတ်။ ကျောက်ဖျာကို ငယ်အောင် ဖန်ဆင်းတော်မူသည်လည်း မဟုတ်၊ အလိုတော်ဖြင့်သာ ပြီးသတည်း။

သိကြားမင်းလည်း ထိုသို့ မနေလောက်သကဲ့သို့ ဖြစ်သည်ကိုမြင်၍ ပြင်းစွာသော ထိတ်လန့်ခြင်းသို့ ရောက်သည်ဖြစ်၍ "မသင့်သောအရာကို ငါကြံမိချေသည်။ မြတ်စွာဘုရားကို သည်းခံစေအံ့"ဟု ခြေတော်၌ ဦးဖြင့်ဝပ်၍ မိမိ၏အပြစ်ကို ထင်စွာလျှောက်ကြား၍ သည်းခံစေ၏။

ဝတ္ထုတစ်ပါးလည်း ရာဟု အသုရိန်သည် ကိုယ်အရပ်၏ ပမာဏဖြင့် ယူဇနာ ၄,၈၀၀-ကြီးမြင့်၏။ ထိုရာဟုအသုရိန်သည် ငါနှင့်တူ၍ ကြီးမြင့်သော အတ္တဘော ကိုယ်၏ အဖြစ်မည်သည်မရှိ-ဟူ၍ထင်မှတ်၏။ ထိုအသုရိန်သည် မြတ်စွာဘုရားနှင့်တူ၍ ကြီးသော ကိုယ်၏ အဖြစ်မည်သည်မရှိ-ဟူ၍ ပြောဆိုကုန်သော နတ်, ဘီလူး အစရှိသည်တို့၏ အထံမှကြား၏။

ထိုအသုရိန်သည် "ငါသည် ထိုအကြောင်းကို စူးစမ်းအံ့သောငှါ အပ်၏၊ ထိုမြတ်စွာဘုရားကို ဖူးမြင်အံ့သောငှါ သွားအံ့"ဟု ကြံ၍လာ၏၊ ထိုအသုရိန်၏ လာခြင်းကို သိတော်မူ၍ ဣရိယာပုထ် ၄-ပါးတို့တွင် အဘယ်ဣရိယာပုထ်သည် နိမ့်သနည်း-ဟု ကြံတော်မူ၍ လျောင်းခြင်း ဣရိယာပုထ်သည် နိမ့်၏-ဟု သိတော်မူ၍ ထိုအသုရိန်သို့ ရှေးရှုခြေဖဝါးတော်ကို ပြု၍ လျောင်းတော်မူ၏။

ထိုအခါ၌ ယူဇနာ ၄,၈၀၀-အရပ်မြင့်သော ထိုရာဟု အသုရိန်သည် မိမိ၏အရပ်ဖြင့် မြင်ကောင်းသော ကောင်းကင်၌ ခြေဖဝါးတော်ဖျားကို ရပ်၍ ရှုသော်လည်း မြတ်စွာဘုရား ခြေဖဝါးတော်ကို မမြင်နိုင်သည်ဖြစ်၍ ကြီးစွာသော ထိတ်လန့်ခြင်းကို ရ၍ ၁၀-ခုသော လက်သည်းအပေါင်းတို့ဖြင့် တောက်ပသော လက် ၁၀-ချောင်းကို ထိပ်၌တင်၍ "ရှင်ပင်ဘုရား၊ သနားခြင်းရှိတော်မူသော အရှင်ဘုရားသည် သနားသည်ကို အကြောင်းပြု၍ အကျွန်ုပ်အား ထင်ရှားပြတော်မူပါ"ဟု တောင်းပန်၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုနေရာ၌ နေတော်မူလျက် ထင်ရှားပြတော်မူ၏။ ရာဟုအသုရိန်သည် ချမ်းသာစွာ ထိုင်၍ မြတ်စွာဘုရား၏ အလုံးစုံသော ကိုယ်တော်ကို မြင်ရ၏။ ဤသို့ မြတ်စွာဘုရား ကိုယ်တော် သည် ဤမျှဟူ၍ မကြံအပ်, ဤမျှဟူ၍ မသိအပ်, ဤမျှဟူ၍ မနှိုင်းယှဉ်အပ်, ဤမျှဟူ၍ မဆိုအပ်၊ ဤသို့လျှင် ကြံအပ်သော အရာကို လွန်သည်၏ အဖြစ်ကြောင့် **ရူပအစိန္တေယျ** မည်၏။

အဘယ်သို့ **ရူပဝိလာသ အဝေဒိယ** ဖြစ်သနည်း ဟူမူကား အကြင်ရှင်သာရိပုတ္တရာ အစရှိသော ရဟန္တာတပည့်တို့သည်ငှင်း နတ်, ဗြဟ္မာ အစရှိသည်တို့သည်ငှင်း မံသစက္ခု, ဒိဗ္ဗစက္ခုတို့ဖြင့် ရှုကုန်သော်လည်း အထွတ်သို့ မရောက်နိုင်၊ မြတ်စွာဘုရား၏ ကိုယ်တော် သည် ဤသို့လည်း ဖြစ်၏။ ဤသို့လည်း ဖြစ်၏-ဟူ၍ တစ်ပါးမက များလှစွာသော ဥဒါဟရဏ်ကို တစ်ပါးမကသော ဥပမာဖြင့်ဆောင်၍ ပညာဖြင့် စူးစမ်းဆင်ခြင်အံ့သောငှါ မတတ်နိုင်သော အထွတ်သို့ ရောက်၏။ ဤသို့ ဒိဗ္ဗစက္ခု, မံသစက္ခု, ပညာစက္ခုတို့၏ အရာကို လွန်သောကြောင့် **ရူပဝိလာသ အဝေဒိယ** မည်၏။

အဘယ်သို့ **ရူပဝိလာသ အတုလိယ** မည်သနည်းဟူမူကား ဆည်းဆာရောင်ဖြင့် ဆိုးအပ်သော အရာသောအထွတ်တို့မှ ထွက်သော လျှပ်စစ်နွယ်တို့ဖြင့် ရံလျက် တောက်ပ သော မြင်းမိုရ်တောင်မင်းသည် မြေအပြင်၌ သွားခြင်းကို ပြုသည်ရှိသော် မြတ်စွာဘုရားသည် ဤတောင်ကဲ့သို့ သဘောရှိသည်-ဟူ၍ဆိုသော သူ၏စကားသည် မတင့်တယ် မလျောက် ပတ်သည် ဖြစ်၏။ အဘယ်ကြောင့်နည်း ဟူတုံအံ့။ ထိုသို့ သဘောရှိသော မြင်းမိုရ်တောင် အရာတို့သည်ငှင်း အထောင်တို့သည်ငှင်း အသောင်းတို့သည်ငှင်း အသိန်းတို့သည်ငှင်း မြတ်စွာဘုရား၏ ကိုယ်တော်တစ်စိတ်ကိုမျှလည်း နှိုင်းယှဉ်အပ်သော ဥပမာတို့သည် မဖြစ်ကုန်။

အဘယ့်ကြောင့်နည်းဟူမူကား ထိုတောင်တို့တွင် မြင်းမိုရ်တောင်တစ်ခုသည် တစ်ခု သော စကြဝဠာတိုက်၌သာ အလင်းကို ပြုနိုင်ရာ၏။ တစ်ခုတစ်ခုသော စကြဝဠာ၌ နတ်နှင့် တကွသော လူတို့သည် မျက်စိတို့ကို ပြည့်စေ၍ ရှုကုန်ရာ၏။ မြတ်စွာဘုရားသည် တစ်ခု သော ထက်ဝယ်ဖြင့် နေတော်မူလျက် ကိုယ်တော်၏ အရောင်ကို နှံ့စေ၍ စကြဝဠာ-

- **၁၀၀၀-ဟု ဆိုအပ်သော သဟဿိလောကဓာတ်ကိုင်း**
- **၁၀,၀၀၀-သော မဇ္ဈိမလောကဓာတ်ကိုင်း**
- **စကြဝဠာကုဋေတစ်သိန်း-ဟု ဆိုအပ်သော တိသဟဿီ မဟာသဟဿီ လောကဓာတ်** ကိုင်း ကိုယ်တော်၏ အရောင်ကို နှံ့စေနိုင်ရာ၏။ တပြိုင်နက် အလင်းကို ပြုနိုင်ရာ၏။ ထိုကုဋေတစ်သိန်းသော စကြဝဠာတိုက်တို့၌ နတ်နှင့်တကွသော လူတို့သည် အသက်ရှိသမျှ ကာလပတ်လုံး ရှုကုန်သော်လည်း မြင်ခြင်းဖြင့် ရောင့်ရဲခြင်းသို့ မရောက်နိုင်ကုန်ရာ။ ဤသို့ မြတ်စွာဘုရားသခင် အဆင်းတော်၏ တင့်တယ်ခြင်းသည် ဥပမာ၏ အရာကို လွန်သောကြောင့် **ရူပဝိလာသ အတုလိယမည်၏။**

အဘယ်ကဲ့သို့ ရူပဝိလာသ အဝါစိယမည်သနည်း ဟူတုံအံ့။ အလုံးစုံသော လောက၌ ရဟန်းပညာရှိ, ပုဏ္ဏားပညာရှိတို့သည်ရင်း နတ်, ပြဟ္မာအစရှိသည်တို့သည်ရင်း ဂါထာအရာတို့ဖြင့်ရင်း ဂါထာအထောင်တို့ဖြင့်ရင်း ဂါထာအသောင်းတို့ဖြင့်ရင်း မြတ်စွာဘုရားသခင် အဆင်းတော်တင့်တယ်ခြင်းကို ဆိုကုန်သော်လည်း ဆုံးခြင်းသို့ မရောက်နိုင်ရာ၊ ဤသို့ မြတ်စွာဘုရားသည် အဆင်းတော်၏ တင့်တယ်ခြင်းဖြင့် စကား၏အရာကို လွန်သောကြောင့် **ရူပဝိလာသ အဝါစိယ** မည်၏။

## ဉာဏအစိန္တေယျ

၂။ ဉာဏ, ဉာဏဝိလာသ, ဉာဏအစိန္တေယျ ၃-ပါးတို့တွင် ဉာဏ-ဟူသည်ကား-အဘိညာဉ်, သမာပတ္တိဉာဏ်, သဗ္ဗညုတဉာဏ်၊ ဤ ၃-ပါးသည် ဉာဏ မည်၏။ အလုံးစုံသော ဉာဏ်တို့သည် ဤဉာဏ်တော် ၃-ပါး၌ ပေါင်းခြင်းသို့ ရောက်ကုန်၏။ ထိုဉာဏ်တော် ၃-ပါးတို့တွင်-

ဥပေက္ခာ, ဧကဂ္ဂတာနှင့်ယှဉ်သော ရူပါဝစရ စတုတ္ထဈာန် ကြိယာစိတ်၌ယှဉ်သောဉာဏ်သည် **အဘိညာဉ်** မည်၏။

ထိုရူပါဝစရဈာနသမာပတ္တိဉာဏ်, ဖလသမာပတ္တိဉာဏ်, နိရောဓသမာပတ္တိဉာဏ်သည် **သမာပတ္တိဉာဏ်** မည်၏။

အဆုံးမရှိသော လောကဓာတ်တို့၌ အဆုံးမရှိသော သတ္တဝါသင်္ခါရတရားနှင့်အာရုံရှိသော ကာမာဝစရ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် ကြိယာစိတ်နှင့်ယှဉ်သောဉာဏ်သည်ရင်း ကာမာဝစရ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် ကြိယာစိတ်နှင့်ယှဉ်သောဉာဏ်သည်ရင်း **သဗ္ဗညုတဉာဏ်** မည်၏။

ထိုဉာဏ်၏ **ဉာဏဝိလာသ** ဟူသည်ကား-အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်တို့၏ ဉာဏ်တော်ဖြင့် အောင်ခြင်းငှါ မတတ်နိုင်၊ ယမိုက်ပြာဋိဟာကို ဆောင်ရွက်နိုင်သဖြင့် ဉာဏ်တော်၏ တင့်တယ်ခြင်းသည်လျှင် ဉာဏဝိလာသ မည်၏။

**ဉာဏအစိန္တေယျ**ဟူသည်ကား-အတိုင်းမသိသော စကြဝဠာတို့၌ အတိုင်းမသိသော သတ္တဝါတို့၏ စိတ်နှလုံးတို့ကို ပိဿာ, တောင်း, တင်း, စဉ်း, ချိန်ခွင်တို့ဖြင့် ချိန်ချင့်ပြီး၍ သိသကဲ့သို့ ခပ်သိမ်းသော သူတို့၏ စိတ်နှလုံးကို အကြွင်းမရှိ သဗ္ဗညုတဉာဏ်တော်ဖြင့် သိခြင်းသည်လည်း ဉာဏအစိန္တေယျ မည်၏။ ယမိုက်ပြာဋိဟာ ပြတော်မူသော အခါ, နတ်ပြည်မှ သက်တော်မူသောအခါ, အဘိဓမ္မာဒေသနာကို ဟောတော်မူသော အခါတို့၌ ဉာဏ်တော်၏ ဖြစ်ခြင်းသည်လည်း **ဉာဏအစိန္တေယျ** မည်၏။

## ဝစနအစိန္တေယျ

၃။ ဝစန, ဝစနဝိလာသ, ဝစနအစိန္တေယျ ၃-ပါးတို့တွင် **ဝစန**ဟူသည်ကား-ပကတိလူတို့တစ်ခွန်းကို ၁၂၈-ခွန်း မီနိုင်သော အင်္ဂါ ၈-ပါးနှင့် ပြည့်စုံတော်မူသော စကားတော်သည် **ဝစန**မည်၏။ အင်္ဂါ ၈-ပါး ဟူသည်ကား-

**ဝိဿဋ္ဌော စ သုဝိညေယျော၊ မဉ္ဇု စ သဝနီယတာ။**
**ဗိန္ဒု စ အဝိသာရီ စ၊ ဂမ္ဘီရော စ နိန္နာဒိတာ။ ။**

အနက်။ ။ ဝိဿဋ္ဌော စ၊ သန့်ရှင်းသော အဖြစ်၎င်း။ သုဝိညေယျော စ၊ ကောင်းစွာသိသာသော အဖြစ်၎င်း။ မဉ္ဇု စ၊ သာယာသောအဖြစ်၎င်း။ သဝနီယတာ စ၊ နာဖွယ်ရှိသော အဖြစ်၎င်း။ ဗိန္ဒု စ၊ လုံးသောအဖြစ်၎င်း။ အဝိသာရီ စ၊ မပြန့်သော အဖြစ်၎င်း။ ဂမ္ဘီရော စ၊ နက်နဲသော အဖြစ်၎င်း။ နိန္နာဒိတာ စ၊ ပဲ့တင်ထပ်သော အဖြစ်၎င်း။ ဣမာနိ၊ ဤ ၈-ပါးတို့သည်။ ယောသဿ၊ အသံတော်၏။ အင်္ဂါနိ၊ အင်္ဂါတို့တည်း။

[ဤသည်လျှင် အသံတော်၏ အင်္ဂါ ၈-ပါးတည်း။]

ဝစနဝိလာသဟူသည်ကား-မြတ်စွာဘုရားသည် မာဂဓဘာသာဖြင့် ၁၀၁-ပါးသော လူမျိုးတို့အား တရားဟောတော်မူသည်ရှိသော် ထိုထိုသို့သော များစွာသော လူမျိုးတို့သည် မိမိတို့၏ ဘာသာဖြင့် နားဝင်နှင့်ကုန်လေပြီး၍ မိမိတို့၏ ဝိပဿနာဉာဏ်, ပါရမီဉာဏ် အလျောက် သရဏဂုံ, ပဥ္စသီ, အဋ္ဌင်္ဂီ, ဒသသီ, သောတာပန်, သကဒါဂါမ် တည်ခြင်းသည် ဝစနဝိလာသ မည်၏။

တနည်းလည်း မြတ်စွာဘုရားသည် လူ, နတ်, မာရ်, ဗြဟ္မာပရိသတ်တို့၏ အလယ်၌ နေတော်မူလျက် အစ၏ကောင်းခြင်း, အလယ်၏ကောင်းခြင်း, အဆုံး၏ ကောင်းခြင်းနှင့်ပြည့်စုံသော အနက်နှင့်တကွဖြစ်သော သဒ္ဒါနှင့်တကွဖြစ်သော ခရုသင်းပွတ် သစ်အဆင်းနှင့်တူသော စင်စစ်ပြည့်စုံသော တရားကို ဟောတော်မူ၏။ စင်ကြယ်သော မြတ်သော အကျင့်ကို ပြတော်မူ၏။ ထိုအခါ ပရိသတ် ၄-ပါးတို့၏ အလယ်၌ ရဲရင့်တော်မူသည်သာ ဖြစ်၏။ ထိုမြတ်စွာဘုရားအား တစ်စုံတစ်ယောက်သော ရဟန်းသည်ငှင်း ပုဏ္ဏားသည်ငှင်း သိကြားသည်ငှင်း နတ်သည်ငှင်း မာရ်သည်ငှင်း ဗြဟ္မာသည်ငှင်း ထိပါးသော စိတ်ရှိသည် မဖြစ်၊ စင်စစ်သော်ကား-များစွာသော နတ်တို့သည် တရားကိုကြား၍ ရွှင်သောစိတ် ရှိကုန်၏။ ဝမ်းမြောက်သောစိတ် ရှိကုန်၏။ နှစ်လိုဝမ်းမြောက်ကုန်၏။ တရားတော်ကို ဆင်ခြင်ခြင်းငှါ ခံ့ကုန်၏။ အရိယမဂ်ကို ရခြင်းသို့, သစ္စာကို ထိုးထွင်း၍ သိခြင်းသို့ ရောက်ကုန်၏။ ဤသည်လျှင် ထိုမြတ်စွာဘုရားအား **စကား၏တင့်တယ်ခြင်း** မည်၏။

ထိုမြတ်စွာဘုရား၏ **ဝစနအစိန္တေယျ** ဟူသည်ကား- အကယ်၍ မြတ်စွာဘုရား၏ အထံသို့ လိမ္မာကုန်သော ဆုံးမအပ်ကုန်သော ရဲရင့်ကုန်သော စေတောပရိယဝသီဘော်သို့ ရောက်ကုန်သော အဘိညာဉ်အားနှင့် ပြည့်စုံကုန်သော ပဋိသမ္ဘိဒါတို့၌ လိမ်မာကုန်သော ၄-ယောက်သော တပည့်သားတို့သည် လာကုန်၍ ထိုတပည့်သား ရဟန်းတို့သည် နံပါး ၄-ဘက်တို့၌ နေကုန်၍ ၄-ပါးသော ပြဿနာတို့ကို မေးကုန်ရာ၏။ ထို ၄-ယောက်သော သူတို့သည် တစ်ယောက်သည် တစ်ယောက်ကို မပန်မူ၍ တစ်ယောက်သည် တစ်ယောက်အား ခွင့်မပေးမူ၍ တပြိုင်နက်တည်းသောခဏ၌ တစ်ယောက်သော သူသည်ကား- **ကာယာနုပဿနာ** သတိပဋ္ဌာန်ဖြင့် မေးရာ၏။ တစ်ယောက်သောသူသည် **ဝေဒနာနု ပဿနာ** သတိပဋ္ဌာန်ဖြင့်, တစ်ယောက်သော သူသည် **စိတ္တာနုပဿနာ**သတိပဋ္ဌာန်ဖြင့်, တစ်ယောက်သောသူသည် **ဓမ္မာနုပဿနာ** သတိပဋ္ဌာန်ဖြင့် မေးကုန်ရာ၏။ ထိုအခါ မြတ်စွာဘုရားသည် ၄-ပါးသော ပြဿနာတို့ကို ဖြေကုန်ရာ၏။

အဘယ်သို့ ဖြေသနည်း ဟူမူကား-အကြင်အခြင်းဖြင့် တစ်ထွာနှင့် လက် ၄-သစ် အတိုင်းအရှည်ရှိသော ထန်းပင်၏ အရိပ်သည် ဖြစ်ရာ၏။အက္ခဏဝေဓိ လေးသမားသည် ထိုထန်းပင်ရိပ်၏ အတွင်းဘက်၌ ရပ်၍ မြားကိုလွှတ်ရာ၏။ ထိုလွှတ်အပ်သော မြားသည် အကြင်မျှလောက်သော ခဏဖြင့် ထိုအရိပ်ကို လွန်ရာ၏။ ထိုမျှလောက်သော ခဏဖြင့် မြတ်စွာဘုရားသည် ၄-ပါးသော ပြဿနာတို့ကို ဖြေဆိုတော်မူရာ၏။

တစ်နည်းကား သတိပဋ္ဌာန် ၄-ပါးကို တစ်ယောက်, သမ္မပ္ပဓာန် ၄-ပါးကို တစ်ယောက်, ဣဒ္ဓိပါဒ် ၄-ပါးကို တစ်ယောက်, ဣန္ဒြေ ၅-ပါးကို တစ်ယောက်, ဗိုလ် ၅-ပါး

ကို တစ်ယောက်, ဗောဇ္ဈင် ၇-ပါးကို တစ်ယောက်, မဂ္ဂင် ၈-ပါးကို တစ်ယောက်၊ ဤသူ ၇-ယောက်တို့သည် ဗောဓိပက္ခိယတရား ၃၇-ပါးတို့၏ အထူးကို မေးကုန်သည်ရှိသော် ထိုသူတို့၏ မေးခြင်းသော်ကား-ရှေ့, နောက်ရှိရာ၏။ မြတ်စွာဘုရား ဖြေတော်မူသည်ကား-မရှေးမနှောင်း တပြိုင်နက်တည်း ဖြေတော်မူရာ၏။

**တစ်နည်း**သော်ကား-သတိပဋ္ဌာန် ၄-ပါးကို ၄-ယောက်, သမ္မပ္ပဓာန် ၄-ပါးကို ၄-ယောက်, ဣဒ္ဓိပါဒ် ၄-ပါးကို ၄-ယောက်, ဣန္ဒြေ ၅-ပါးကို ၅-ယောက်, ဗိုလ် ၅-ပါးကို ၅-ယောက်, ဗောဇ္ဈင် ၇-ပါးကို ၇ယောက်, မဂ္ဂင် ၈-ပါးကို ၈-ယောက်၊ ဤ ၃-ကျိပ် ၇-ယောက်သော သူတို့သည် ဗောဓိပက္ခိယတရား ၃၇-ပါးတို့၏ အထူးကို မေးကုန်၏။ ထိုသူတို့၏ မေးခြင်းသည်ကား-ရှေ့နောက်ရှိရာ၏။ မြတ်စွာဘုရား ဖြေတော်မူသည်ကား-တပြိုင်နက်တည်း ဖြေတော်မူ၏။ ဤဖြေတော်မူခြင်းသည်လျှင် **ဝစနအစိန္တေယျ**မည်၏။

## ဣဒ္ဓိအစိန္တေယျ

၄။ ဣဒ္ဓိ, ဣဒ္ဓိဝိလာသ, ဣဒ္ဓိအစိန္တေယျ ၃-ပါးတို့တွင် **ဣဒ္ဓိ** ဟူသည်ကား-ရေကိုမီး, မီးကိုရေ ဖြစ်စေခြင်း၌ ဖန်ဆင်းတော်မူနိုင်သော ဥပေက္ခာကဂ္ဂတာတည်းဟူသော စျာန် အင်္ဂါ ၂-ပါးနှင့်ယှဉ်သော **ရူပါဝစရ စတုတ္ထစျာန်ကြိယာစိတ်နှင့်ယှဉ်သော ဉာဏ်သည် ဣဒ္ဓိ မည်၏**။

ဣဒ္ဓိဝိလာသဟူသည်ကား-အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်တို့ ဖန်ဆင်းသော တန်ခိုးပြာဋိဟာတို့ထက် လွန်ကဲသော တန်ခိုးပြာဋိဟာ၏ တင့်တယ်ခြင်းသည်သာလျှင် ဣဒ္ဓိဝိလာသမည်၏။

**ဣဒ္ဓိအစိန္တေယျ** ဟူသည်ကား-မြေကပင် နေတော်မူ၍ ယူဇနာ ၄၂,၀၀၀-မြင့်သော ယုဂန္ဓိုရ်တောင်၏ ထိပ်နှင့်မျှသော ကောင်းကင်၌ သွားသော နေ, လတို့ကို အလိုရှိသည်ရှိသော် လက်ဖြင့် သုံးသပ်တော်မူနိုင်၏။ ခြေတော်ဖြင့်သော်လည်း တင်တော်မူနိုင်၏။ ထိုသို့တင်နိုင်ခြင်းသည် ဣဒ္ဓိအစိန္တေယျမည်၏။ ဤအစိန္တေယျ ၄-ပါးနှင့် ပြည့်စုံတော်မူ၏။

၁၄-ပါးသော ဗုဒ္ဓဉာဏ်ဟူသည်ကား-

ဒုက္ခေ ဉာဏံ, ဒုက္ခသမုဒယေ ဉာဏံ,

ဒုက္ခနိရောဓဂါမိနီ ပဋိပဒါယ ဉာဏံ, မဂ္ဂေဉာဏံ-ဟူသော

ဗုဒ္ဓဉာဏ် ၄-ပါး၊
ပဋိသမ္ဘိဒါဉာဏ် ၄-ပါး၊
ဣန္ဒြိယပရောပရိယတ္တိဉာဏ်,
အာသယာနုသယဉာဏ်,
ယမကပါဋိဟာရိယဉာဏ်,
မဟာကရုဏာ သမာပတ္တိဉာဏ်
သဗ္ဗညုတဉာဏ်
အနာဝရဏဉာဏ်၊

ဤ ၁၄-ပါးသော ဉာဏ်တို့သည် ဗုဒ္ဓဉာဏ်မည်၏။ [ ဤဉာဏ်တို့၏ အခြင်းအရာကို အောက်၌ ဆိုခဲ့ပြီ။] ဤ ၁၄-ပါးသော ဉာဏ်တို့နှင့် ပြည့်စုံတော်မူ၏။

[ စတုစတ္တာလီသဉာဏ်, သဗ္ဗညုတဉာဏ်, တေသတ္တတိဉာဏ်တော်တို့၏ သရုပ်ကို ပဋိသမ္ဘိဒါမဂ်အစရှိသော ကျမ်းတို့၌ လာသည်ကို မှီ၍ သိအပ်၏။]

✪✪✪✪✪✪✪✪✪✪

## ၇၄။ သတ္တသတ္တတိဉာဏ်တော်

သတ္တသတ္တတိဉာဏ် ဟူသည်ကား-

- ဇာတိ-ဟူသော အကြောင်းကြောင့် ဇရာမရဏ ဖြစ်၏၊ ဤသို့ သိသောဉာဏ်။
- ဇာတိမရှိသည်ရှိသော် ဇရာမရဏမဖြစ်၊ ဤသို့ သိသော ဉာဏ်။
- လွန်လေပြီးသော အခွန့်၌လည်း ဇာတိအကြောင်းကြောင့် ဇရာမရဏဖြစ်၏-ဟူ၍ သိသောဉာဏ်။
- ဇာတိမရှိသော် ဇရာမရဏမဖြစ်၊ ဤသို့ သိသောဉာဏ်။
- အနာဂတ် အခွန့်၌လည်း ဇာတိကြောင့် ဇရာမရာဏဖြစ်၏၊ ဤသို့ သိသောဉာဏ်။
- ဇာတိမရှိသော် ဇရာမရဏမဖြစ်၊ ဤသို့ သိသောဉာဏ်။
- အကြင်ဓမ္မဋ္ဌိတိဉာဏ်သည် ရှိ၏။ ထိုဓမ္မဒိဋ္ဌိဉာဏ်သည် ကုန်တတ်သော သဘောရှိ၏။ ကင်းတတ်သော သဘောရှိ၏။ ချုပ်တတ်သော သဘောရှိ၏။ ဤသို့ သိသောဉာဏ်။

ဤသို့အားဖြင့် ဇာတိဟူသော အင်္ဂါ၌ ဉာဏ် ၇-ပါး၊

ထို့အတူ -

| | |
|---|---|
| ဘဝအင်္ဂါ၌ ၇-ပါး | ဥပါဒါန်အင်္ဂါ၌ ၇-ပါး |
| တဏှာအင်္ဂါ ၌ ၇-ပါး | ဝေဒနာအင်္ဂါ၌ ၇-ပါး |
| ဖဿအင်္ဂါ၌ ၇-ပါး | သဠာယတနအင်္ဂါ၌ ၇-ပါး |
| နာမရူပအင်္ဂါ၌ ၇-ပါး | ဝိညာဏအင်္ဂါ၌ ၇-ပါး |
| သင်္ခါရအင်္ဂါ၌ ၇-ပါး | အဝိဇ္ဇာအင်္ဂါ၌ ၇-ပါး- |

ဤသို့ ၇-ပါး × ၁၁-လီပေါင်းသော် ၇၇-ပါးသော ဉာဏ်တော်ဖြစ်သတည်း။

ဇာတိပစ္စယာ ဇရာမရဏံ-အစရှိသည်ဖြင့် ဉာဏ် ၇-ပါးကို ပြခြင်းသည် **အန္တဒီပက** နည်းဖြင့် ပြသတည်း၊ ထို့ကြောင့် ဘဝအစရှိသော အောက်အင်္ဂါ ၁၀-ပါးတို့၌လည်း

- ဘဝဟူသောအကြောင်းကြောင့် ဇာတိဖြစ်၏၊ ဤသို့ သိသောဉာဏ်
- ဘဝမရှိသော် ဇာတိမဖြစ်၊ ဤသို့ သိသောဉာဏ်
- လွန်လေပြီးသော အခွန့်၌လည်း ဘဝကြောင့် ဇာတိဖြစ်၏၊ ဤသို့ သိသောဉာဏ်
- ဘဝမရှိသော် ဇာတိမဖြစ်၊ ဤသို့ သိသောဉာဏ်
- အနာဂတ်၌ ဘဝကြောင့် ဇာတိဖြစ်၏၊ ဤသို့ သိသောဉာဏ်
- ဘဝမရှိသော် ဇာတိမဖြစ်၊ ဤသို့ သိသောဉာဏ်
- အကြင်ဓမ္မဋ္ဌိတိဉာဏ်သည် ရှိ၏။ ထိုဉာဏ်သည် ကုန်တတ်, ကင်းတတ်, ချုပ်သော သဘောရှိ၏။ ဤသို့ သိသောဉာဏ်-

အားဖြင့် ဘဝ၌ ၇-ပါးဖြစ်သည်။ ထို့အတူ အောက်, အောက်သော အင်္ဂါတို့ကိုလည်း သိလေအပ်ပြီ။ မြတ်စွာဘုရားသည် ၇၇-ပါးသော သတ္တသတ္တတိ ဉာဏ်တော်နှင့်လည်း ပြည့်စုံတော်မူ၏။

**ပထမတွဲ၊ ပထမပိုင်း ပြီးပြီ။**

✪✪✪✪✪✪✪✪✪✪✪

### သိရိသဒ္ဓမ္မာဘိလင်္ကာရထေရ်

# မူလမဟာဗုဒ္ဓဝင်

# တထာဂတဥဒါနဒီပနီ

## ပထမတွဲ၊ ဒုတိယပိုင်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ၇၅။ ဂုဏ်တော် ၉-ပါး၊ အရဟံဂုဏ်တော်

ဂုဏ်တော် ၉-ပါးဟူသော်ကား-

ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသဒမ္မသာရထိ သတ္ထာ ဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ'တိ။

ဟူ၍ ပါရာဇိကဏ်ပါဠိတော်၌ လာသည်နှင့်အညီ- အရဟံဂုဏ်တော်, သမ္မာသမ္ဗုဒ္ဓဂုဏ်တော်, ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်, သုဂတဂုဏ်တော်, လောကဝိဒူဂုဏ်တော်, အနုတ္တရော ပုရိသဒမ္မသာရထိဂုဏ်တော်, သတ္ထာ ဒေဝမနုဿာနဂုဏ်တော်, ဗုဒ္ဓဂုဏ်တော်, ဘဂဝါဂုဏ်တော်၊ ဤ ၉-ပါးသော ဂုဏ်တော်တို့နှင့်လည်း မြတ်စွာဘုရားသည် ပြည့်စုံတော်မူ၏၊ ထိုဂုဏ်တော် ၉-ပါးတို့တွင် အရဟံဂုဏ်တော်ဟူသည်ကား-

အာရကတ္တာ ဟတတ္တာ စ၊ ကိလေသာရီန သော မုနိ။<br>ဟတသံသာရစက္ကာ'ရော၊ ပစ္စယာ'ဒီနစာ'ရဟော။<br>န ရဟော ကရောတိ ပါပါနိ၊ အရဟံ တေန ဝုစ္စတိ။ ။

ယော မုနိ၊ အကြင်မြတ်စွာဘုရားသည်။ အာရကတ္တာ စ၊ တစ်ထောင့်ငါးရာ ကိလေသာမှ ဝေးတော်မူပြီးသောကြောင့်ၡင်း။ ကိလေသာ'ရီနံ၊ ကိလေသာတည်းဟူသော ရန်သူတို့ကို။ ဟတတ္တာ စ၊ အရိယမဂ်ဖြင့် သတ်အပ်ပြီးသောကြောင့်ၡင်း။ သော မုနိ၊ ထိုမြတ်စွာဘုရားကို။ အရဟံ၊ အရဟ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ယော မုနိ၊ အကြင်မြတ်စွာဘုရားသည်။ ဟတသံသာရစက္ကာရော၊ ဖျက်ဆီးအပ်ပြီးသော သံသရာစက်၏ အဝိဇ္ဇာအစရှိသော အကန့်ရှိတော်မူ၏။ တေန၊ ထို့ကြောင့်။ သော မုနိ၊ ကို။ အရဟံ၊ ၍။ ဝုစ္စတိ၊ ၏။ ယော မုနိ၊ သည်။ ပစ္စယာဒီနဉ္စ၊ ပစ္စည်း ၄-ပါးအစရှိသည်တို့ကိုလည်း။ အရဟော၊ ခံတော်မူထိုက်၏။ တေန၊ ထို့ကြောင့်။ သော မုနိ၊ ကို။ အရဟံ၊ ၍။ ဝုစ္စတိ၊ ၏။ ယော မုနိ၊ သည်။ ရဟော၊ ဆိတ်ကွယ်ရာအရပ်၌။ ပါပါနိ၊ မကောင်းမှုတို့ကို။ န ကရောတိ၊ ပြုတော်မမူ။ တေနပိ၊ ထို့ကြောင့်လည်း။ သော မုနိ၊ ထိုမြတ်စွာဘုရားကို။ အရဟံ၊ အရဟ- ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤဂါထာနှင့်အညီ ထိုမြတ်စွာဘုရားသည်-

၁။ ခပ်သိမ်းသော ကိလေသာမှ ဝေးတော်မူ၏၊ ကောင်းကင်နှင့် မြေကဲ့သို့ အလွန်ဝေးသောအရပ်၌ တည်တော်မူ၏၊ ထို့ကြောင့် အရဟံ မည်တော်မူ၏။

၂။ ဝါသနာနှင့်တကွဖြစ်သော ကိလေသာတို့ကိုလည်း အရဟတ္တမဂ်ဖြင့် သတ်တော်မူပြီ၊ ထို့ကြောင့် အရဟံ မည်တော်မူ၏။

၃။ အဝိဇ္ဇာအစရှိသော သံသရာစက်၏အကန့်တို့ကို ဖျက်ဆီးတော်မူပြီ၊ ထို့ကြောင့်လည်း မြတ်စွာဘုရားသည် အရဟံ မည်တော်မူ၏။

၄။ သက်နိုးအစရှိသော ပစ္စည်းတို့ကို ခံတော်မူထိုက်သောကြောင့်လည်း ထိုမြတ်စွာဘုရားသည် အရဟံ မည်တော်မူ၏။

၅။ လောက၌ အချို့ကုန်သော ပညာရှိဟူ၍ မာန်တက်ကုန်သောသူတို့သည် အကျော်အစောမဲ့ဖြစ်အံ့သည်ကို စိုးသောကြောင့် ဆိတ်ကွယ်ရာ၌ မကောင်းမှုကို ပြုကုန်သကဲ့သို့ ထိုအတူ တစ်ရံတစ်ခါ၌ ထိုမြတ်စွာဘုရားသည် မကောင်းမှုကိုပြုခြင်းငှာ ဆိတ်ကွယ်ရာ၏မဖြစ်ခြင်းကြောင့် အရဟံ မည်တော်မူ၏။ ။

(ဤကား-အရဟံ ဂုဏ်တော်။)

✪✪✪✪✪✪✪✪✪✪✪

## ၇၆။ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်

**သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ဟူသည်ကား-**

**သမ္မာ သာမဥ္စ သဗ္ဗဓမ္မာနံ ဗုဒ္ဓတ္တာ ပန သမ္မာသမ္ဗုဒ္ဓေါ။**

သမ္မာ၊ ကောင်းစွာ။ သာမဥ္စ သာမံဝေ၊ ကိုယ်တိုင်တော်သာလျှင်။ သဗ္ဗဓမ္မာနံ၊ ခပ်သိမ်းသောတရားတို့ကို။ ဗုဒ္ဓတ္တာ ပန၊ သိတော်မူသောကြောင့်ကား။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။

ဤသို့လာသော အဋ္ဌကထာပါဠိနှင့်အညီ- ထိုမြတ်စွာဘုရားသည်

- အလွန်ကောင်းစွာ သိအပ်သောတရားတို့ကို အလွန်ကောင်းစွာ သိတော်မူ၏၊
- ပိုင်းခြား၍ သိအပ်သော တရားတို့ကို ပိုင်းခြားသောအားဖြင့် သိတော်မူ၏၊
- ပယ်အပ်သောတရားတို့ကို ပယ်သောအားဖြင့် သိတော်မူ၏၊
- မျက်မှောက်ပြုအပ်သောတရားတို့ကို မျက်မှောက်ပြုသောအားဖြင့် သိတော်မူ၏၊
- ပွားစေအပ်သောတရားတို့ကို ပွားစေသောအားဖြင့်သိတော်မူ၏။

တစ်နည်းလည်း- စက္ခုသည် ဒုက္ခသစ္စာမည်၏၊ ထိုဒုက္ခ၏အကြောင်းဖြစ်သော ထိုသစ္စာကိုဖြစ်စေတတ်သော ရှေးဘဝ၌ တဏှာသည် သမုဒယသစ္စာမည်၏။ ထိုဒုက္ခသစ္စာ, သမုဒယသစ္စာ ၂-ပါးတို့၏ မဖြစ်ခြင်းသည် နိရောဓသစ္စာမည်၏၊ နိရောဓသစ္စာကို အပြားအားဖြင့် သိစေတတ်သောအကျင့်သည် မဂ္ဂသစ္စာမည်၏။

ဤနည်းအတူ သောတ-ဃာန-ဇိဝှါ-ကာယ-မန တို့ကိုရင်း

ရူပါယတနအစရှိသော **အာယတန** ၆-ပါးတို့ကိုရင်း

စက္ခုဝိညာဉ်အစရှိသော ၆-ပါးသော ဝိညာဏကာယတို့ကိုရင်း

စက္ခုသမ္ဖဿအစရှိသော ၆-ပါးသော ဖဿတို့ကိုရင်း

စက္ခုသမ္ဖဿဇာဝေဒနာ အစရှိသော ၆-ပါးသောဝေဒနာတို့ကိုရင်း

ရူပသညာစသော ၆-ပါးသော သညာတို့ကိုရင်း

ရူပသဉ္စေတနာစသော ၆-ပါးသော စေတနာတို့ကိုရင်း

ရူပတဏှာစသော ၆-ပါးသော တဏှာတို့ကိုရင်း

ရူပဝိတက်စသော ၆-ပါးသော ဝိတက်တို့ကိုရင်း

ရူပဝိစာရစသော ၆-ပါးသော ဝိစာရတို့ကိုရင်း

ခန္ဓာ ၅-ပါး, ကသိုဏ်း ၁၀-ပါး, အနုဿတိ ၁၀-ပါး, အသုဘ ၁၀-ပါး, ၃၂-ပါးသော ဒွတ္တိံသာကာရ, ၁၂-ပါးသော အာယတန, ၁၈-ပါးသောဓာတ်, ကာမဘဝစသော ဘဝ ၉-ပါး, ပဌမဈာန်စသော ဈာန် ၄-ပါး, မေတ္တာဘာဝနာစသော အပ္ပမညာ ၄-ပါး, အရူပသမာပတ် ၄-ပါး, ပဋိလောမနည်း, ဇရာ မရဏ အစရှိသော, အနုလောမနည်း အဝိဇ္ဇာအစရှိကုန်သော ၁၂-ပါးသော ပဋိစ္စသမုပ္ပါဒ် အင်္ဂါ၊ ဤအလုံးစုံသော တရားအပေါင်းတို့ကို တစ်ပုဒ်, တစ်ပုဒ်ကိုထုတ်၍ စကျပုဒ်၌ သစ္စာ ၄-ပါးနှင့်ယှဉ်၍ သိသကဲ့သို့ ကောင်းစွာမဖောက်မပြန် မိမိအလိုလို သိတော်မူ၏၊ ထို့ကြောင့် သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏။ (ဤကား- သမ္မာသမ္ဗုဒ္ဓဂုဏ်တော်။)

✪✪✪✪✪✪✪✪✪✪

## ၇၇။ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်

ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်ဟူသည်ကား- ပုဗ္ဗေနိဝါသဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ်အားဖြင့် ဝိဇ္ဇာ ၃-ပါး၊ တစ်နည်း- ဝိပဿနာဉာဏ်, မနောမယိဒ္ဓိဉာဏ် ၂-ပါး၊ အဘိညာဉ် ၆-ပါးတို့ကို ပေါင်း၍ ဘယဘေရဝသုတ်၌ ဆိုအပ်ပြီးသော ဝိဇ္ဇာ ၈-ပါး တို့နှင့်ရင်း ပြည့်စုံတော်မူ၏၊

သီလသံဝရ, ဣန္ဒြိယသံဝရ, ဘောဇနေမတ္တညုတာ, ဇာဂရိယာနုယောဂ ၄-ပါး, သဒ္ဓါ, သီလ, သုတ, စာဂ, ဟိရီ, ဩတ္တပ္ပ, ပညာ-တည်းဟူသော သူတော်ကောင်းတရား ၇-ပါး, ရူပါဝစရဈာန် ၄-ပါး၊ ဤသို့အားဖြင့် ၁၅-ပါးသော တရား တို့ကို အရိယာဖြစ်သော တပည့်သားသည် ဤ ၁၅-ပါးကုန်သောတရားတို့ဖြင့် နိဗ္ဗာန်သို့ သွားတတ်ကုန်၏။ ထိုနိဗ္ဗာန်သို့ သွားကြောင်းဖြစ်သောကြောင့် ဤ **၁၅-ပါးသော** တရားတို့ကို **စရဏဟူ၍** ဆိုအပ်ကုန်၏၊ ဤ ၁၅-ပါးသော စရဏတို့နှင့်ရင်း ပြည့်စုံတော်မူ၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် ဝိဇ္ဇာစရဏသမ္ပန္နမည်တော်မူ၏။ (ဤကား ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်။)

✪✪✪✪✪✪✪✪✪✪

## ၇၈။ သုဂတဂုဏ်တော်

- သုဂတဂုဏ်တော်ဟူသည်ကား- ထိုမြတ်စွာဘုရားသည်
- တင့်တယ်စွာ ထက်ဝန်းကျင်မှ စင်ကြယ်သော အပြစ်မရှိသော အရိယမဂ်တည်း

ဟူသော သွားခြင်းဖြင့် ဘေးတို့၏ကုန်ရာဖြစ်သော နိဗ္ဗာန်တည်းဟူသော အရပ်သို့ သွားတော်မူတတ်သောကြောင့်လည်း သုဂတမည်တော်မူ၏၊

- ကောင်းသောနိဗ္ဗာန် အရပ်သို့ သွားတော်မူတတ်သောကြောင့်လည်း သုဂတမည်တော်မူ၏၊
- မြတ်စွာဘုရားသည် ထိုထိုသို့သောမဂ်ဖြင့် ပယ်အပ်သောကိလေသာတို့ကို တဖန်မလာစေတတ်သောကြောင့်လည်း သုဂတမည်တော်မူ၏။

**တစ်နည်းလည်း-**

ဒီပင်္ကရာမြတ်စွာဘုရား ခြေတော်ရင်းမှစ၍ ဗောဓိမဏ္ဍိုင်တိုင်အောင် ၃၀-သော ပါရမီတော်တို့ကို ဖြည့်တော်မူသဖြင့် ကောင်းသောအကျင့်ဖြင့် ခပ်သိမ်းသောလောက၏ စီးပွားချမ်းသာကိုသာ ပြုတော်မူလျက် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ ကာမသုခ၊ အတ္တကိလမထ တည်းဟူသော ဤအယုတ်တရား ၄-ပါးတို့ကို မကပ်မူ၍ သွားတော်မူတတ်သောကြောင့် လည်း ထိုမြတ်စွာဘုရားသည် သုဂတမည်တော်မူ၏။

၁။ အကြင်စကားသည် မဟုတ်မမှန်၊ အကျိုးမဲ့နှင့်စပ်၏၊ သူတပါးတို့အား မချစ်အပ်၊ နှလုံးကို မပွားစေအပ်၊ ထိုစကားကို မြတ်စွာဘုရားသည် ဆိုတော်မမူ။

၂။ အကြင်စကားသည် ဟုတ်၏၊ မှန်၏- အကျိုးမဲ့နှင့် စပ်၏၊ သူတပါးတို့အား မချစ်အပ်၊ မနှစ်လို့အပ်၊ ထိုစကားကို မြတ်စွာဘုရားသည် ဆိုတော်မမူ။

၃။ အကြင်စကားသည် ဟုတ်၏၊ မှန်၏၊ အကျိုးစီးပွားနှင့် စပ်၏၊ သူတပါးတို့အား မချစ်အပ်၊ မနှစ်လိုအပ်၊ ထိုစကားကိုဆိုခြင်းငှာ၊ ဖြေခြင်းငှာ လျော်ကပ်ပတ်သော အခါ၌ မြတ်စွာဘုရားသည် ဆိုတော်မူ၏။

၄။ အကြင်စကားသည် မဟုတ်-မမှန်၊ အကျိုးမဲ့နှင့်လည်း စပ်၏၊ သူတပါးတို့သည် လည်း ချစ်နှစ်လိုအပ်၏၊ ထိုစကားကိုလည်း မြတ်စွာဘုရားသည် ဆိုတော်မမူ။

၅။ အကြင်စကားသည် ဟုတ်၏-မှန်၏၊ အကျိုးမဲ့နှင့် စပ်၏၊ သူတပါးတို့သည် ချစ်နှစ်လို၏၊ ထိုစကားကိုလည်း မြတ်စွာဘုရားသည် ဆိုတော်မမူ။

၆။ အကြင်စကားသည် ဟုတ်၏-မှန်၏၊ အကျိုးစီးပွားနှင့်လည်း စပ်၏၊ သူတပါး တို့သည်လည်း ချစ်နှစ်လိုအပ်၏၊ ထိုစကားကိုဆိုခြင်းငှာ လျော်ကပ်ပတ်သောအခါ၌ မြတ်စွာဘုရားသည် ဆိုတော်မူ၏။

ဤသို့ ၆-ခွန်းသောစကားတို့တွင် ၄-ခွန်းသောစကားတို့ကို ပယ်၍ ဟုတ်မှန်သော, အကျိုးစီးပွားနှင့်စပ်သော, သူတပါး မချစ်မနှစ်လိုအပ်သော စကား ၁-ခွန်း၊ ဟုတ်မှန်သော, အကျိုးစီးပွားနှင့်စပ်သော, သူတပါးတို့ချစ်နှစ်လိုအပ်သော စကား ၁-ခွန်းအားဖြင့် ၂-ခွန်းသောစကားတို့ကို ကောင်းစွာ ဆိုတော်မူတတ်သောကြောင့်လည်း သုဂတမည်တော်မူ၏၊ ဤသို့ ၄-ပါးသော အနက်တို့ကြောင့် သုဂတမည်သောဂုဏ်နှင့် မြတ်စွာဘုရားသည် ပြည့်စုံတော်မူ၏။ ။ (ဤကား သုဂတဂုဏ်တော်။)

✪✪✪✪✪✪✪✪✪✪✪

## ၇၉။ လောကဝိဒူဂုဏ်တော်

**လောကဝိဒူဂုဏ်တော်**ဟူသည်ကား- ခပ်သိမ်းသောအပြားအားဖြင့် သိအပ်ပြီး သော လောကရှိတော်မူသည်၏အဖြစ်ကြောင့် မြတ်စွာဘုရားသည် လောကဝိဒူမည်တော်မူ၏၊ ထိုမြတ်စွာဘုရားသည် သဘောအားဖြင့်ရင်း ဖြစ်ခြင်းအားဖြင့်ရင်း ချုပ်ခြင်းအားဖြင့်ရင်း ချုပ်ခြင်း၏အကြောင်းအားဖြင့်ရင်း ထိုးထွင်း၍ ခပ်သိမ်းသောအပြားအားဖြင့် လောကကိုသိတော်မူ၏၊ အကြင်အရပ်၌ မဖြစ်, မသေ, မစုတေ, ပဋိသန္ဓေနေခြင်းမရှိ၊ ထိုအရပ်သို့ သွားသဖြင့် လောက၏အဆုံးကိုသိအပ်၏, မြင်အပ်၏, ရောက်အပ်၏-ဟူ၍ ငါဟောတော်မမူ၊ လောက၏အဆုံးသို့မရောက်မူ၍လည်း ဒုက္ခ၏အဆုံးကိုပြုအပ်၏-ဟူ၍ ငါဟောတော်မမူ၊

တစ်နည်းကား- စိတ်နှင့်ဟက္ကဖြစ်သော တစ်လံမျှလောက်သော ဤကိုယ်၌ လောကကိုရင်း လောက၏အကြောင်းကိုရင်း လောက၏ချုပ်ခြင်းကိုရင်း လောကချုပ်ရာသို့ ရောက်ကြောင်းအကျင့်ကိုရင်း ငါပညတ်တော်မူ၏၊ တစ်ရံတစ်ဆစ်မျှ လောက၏အဆုံးသို့ သွားသဖြင့် မရောက်အပ်၊ လောက၏အဆုံးသို့မရောက်မူ၍လည်း ဒုက္ခမှ လွတ်ခြင်းမည်သည် မရှိ၊ ဤသို့ သိတော်မူ၏၊ ထို့ကြောင့် လောကဝိဒူမည်တော်မူ၏။

### သင်္ခါရလောက

တစ်နည်းလည်း- သင်္ခါရလောက, သတ္တလောက, ဩကာသလောကဟူ၍ ၃-ပါး အပြားရှိ၏၊ ထို ၃-ပါးသော လောကတို့တွင်-

- အာဟာရလျှင် တည်ရာရှိသော ခပ်သိမ်းသော သတ္တဝါတို့သည် တစ်ခုသော လောကမည်၏၊
- နာမ်, ရုပ် ၂-ပါးသည် ၂-ခုသောလောက မည်၏၊
- ဝေဒနာ ၃-ပါးသည် ၃-ခုသော လောကမည်၏၊
- ကဗဠီကာရအာဟာရ, ဖဿအာဟာရ, မနောသဉ္စေတနာအာဟာရ, ဝိညာဏ-အာဟာရ၊ ဤအာဟာရ ၄-ပါးသည် ၄-ပါးသော လောကမည်၏၊
- ဥပါဒါန်တရား ၄-ပါး တို့၏ အာရုံဖြစ်သော လောကီခန္ဓာ ၅-ပါးသည် ၅-ပါးသော လောကမည်၏၊
- စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန, မနာယတန၊ ဤအဇ္ဈတ္တိကာယတန ၆-ပါးသည် ၆-ပါးသော လောကမည်၏၊

ဤအလုံးစုံသော သင်္ခါရလောကကိုလည်း မြတ်စွာဘုရားသည် ခပ်သိမ်းသော အပြားအားဖြင့် သိတော်မူ၏။

## သတ္တလောက

ထိုမြတ်စွာဘုရားသည် ခပ်သိမ်းသောသတ္တဝါတို့၏အလိုကိုသိတော်မူ၏၊

အနုသယကို သိတော်မူ၏၊ စရိုက်ကိုသိတော်မူ၏၊

နှလုံးသွင်းကို သိတော်မူ၏၊

ပညာမျက်စိ၌ ကိလေသာတည်းဟူသော မြူနည်းသောသတ္တဝါတို့ကိုသိတော်မူ၏၊

ပညာမျက်စိ၌ ကိလေသာတည်းဟူသော မြူများသောသတ္တဝါတို့ကို သိတော်မူ၏၊

ထက်သောသဒ္ဓါအစရှိသော ဣန္ဒြေရှိသော သတ္တဝါတို့ကို သိတော်မူ၏၊

နုံ့သော သဒ္ဓါအစရှိသော ဣန္ဒြေရှိသော သတ္တဝါတို့ကို သိတော်မူ၏၊

ကောင်းသောအခြင်းအရာရှိသော သတ္တဝါတို့ကို,

မကောင်းသော အခြင်းအရာရှိသော သတ္တဝါတို့ကို,

သိလွယ်စေနိုင်ကုန်သော သတ္တဝါတို့ကို- သိတော်မူ၏၊

သိစေနိုင်ခဲကုန်သောသတ္တဝါတို့ကို သိတော်မူ၏၊

ကျွတ်ထိုက်သောသတ္တဝါတို့ကို သိတော်မူ၏၊

မကျွတ်ထိုက်သောသတ္တဝါတို့ကို သိတော်မူ၏၊

ဤသို့လျှင် သတ္တလောကကိုလည်း ခပ်သိမ်းသောအပြားအားဖြင့် သိတော်မူ၏။

သတ္တလောကသည်

- သာမညအားဖြင့် ၁-ပါးသာဖြစ်၏၊
- ရုပ်ရှိသောသတ္တဝါ, ရုပ် မရှိသောသတ္တဝါ-ဟူ၍ ၂-ပါးအပြား ရှိ၏၊
- စိတ်ရှိသောသတ္တဝါ, စိတ်မရှိသောသတ္တဝါ, စိတ်ရှိသည်လည်းမဟုတ် စိတ်မရှိသည်လည်းမဟုတ်သောသတ္တဝါ-ဟူ၍ ၃-ပါးအပြား ရှိ၏၊
- အဏ္ဍဇ, ဇလာဗုဇ, သံသေဒဇ, ဩပပါတိကသတ္တဝါ-ဟူ၍ ယောနိအားဖြင့် ၄-ပါးပြား၏၊
- ငရဲ, တိရစ္ဆာန်, ပြိတ္တာ, လူ, နတ်-ဟူ၍ ဂတိအားဖြင့် ၅-ပါး ပြား၏၊
- နာနတ္တကာယနာနတ္တသညီ, နာနတ္တကာယဧကတ္တသညီ, ဧကတ္တကာယနာနတ္တသညီ, ဧကတ္တကာယဧကတ္တသညီ, အောက်အရူပ ၃-ဘုံ၊ ဤသို့ ဝိညာဏဋ္ဌိတိအားဖြင့် ၇-ပါးပြား၏၊
- ဤ ၇-ပါးတွင် အသညသတ်ပုဂ္ဂိုလ်, နေဝသညာနာသညာယတနပုဂ္ဂိုလ်ကို ထည့်၍ သတ္တာဝါသအားဖြင့် ၉-ပါးအပြား ရှိ၏၊

ပုဂ္ဂိုလ်အားဖြင့် မရေတွက်နိုင် များသောအပြား ရှိ၏။

တစ်နည်း- ပုဂ္ဂိုလ်အားဖြင့် ၁၂-ပါးအပြား ရှိ၏၊

- ထိုသတ္တဝါအပြားတို့တွင် ကာမ ၁၁-ဘုံ, ရူပ ၁၆-ဘုံ၌ဖြစ်သော သတ္တဝါတို့သည် ရုပ်ရှိသော သတ္တဝါမည်ကုန်၏၊
- အရူပ ၄-ဘုံ၌ ဖြစ်သောသတ္တဝါတို့သည် ရုပ်မရှိသော သတ္တဝါမည်ကုန်၏၊
- နေဝသညာနာသညာယတန, အသညသတ်တို့မှတစ်ပါး ၂၉-ဘုံ၌ ဖြစ်သောသတ္တဝါတို့သည် စိတ်ရှိသော သတ္တဝါ မည်ကုန်၏၊
- အသညသတ်ပုဂ္ဂိုလ်သည် စိတ်မရှိသော သတ္တဝါမည်၏၊

- နေဝသညာနာသညာယတနဖြဟ္မာသည် စိတ်ရှိသည်လည်းမဟုတ်၊ မရှိသည်လည်း မဟုတ်သော သတ္တဝါမည်၏။
- အဥ္ဍဖြစ်သော သတ္တဝါသည် **အဏ္ဍဇ** မည်၏၊
- ဂဗ္ဘသေယျကပုဂ္ဂိုလ်သည် **ဇလာဗုဇ** မည်၏၊
- အညှိအစရှိသည်၌ဖြစ်သော သတ္တဝါသည် **သံသေဒဇမည်၏**၊
- မိန်းမသော် ၁၆-နှစ်ရွယ်, ယောကျ်ားသော် အနှစ် ၂၀-ရွယ် လုံးလုံးလျောင်းလျောင်း ဖြစ်သော သတ္တဝါသည် **ဩပပါတိကမည်၏**။
- ငရဲ၌ဖြစ်သောသတ္တဝါသည် **နေရယိကမည်၏**၊
- တိရစ္ဆာန်ဘုံ၌ဖြစ်သောသတ္တဝါ သည် **တိရစ္ဆာန်မည်၏**၊
- ပြိတ္တာဘုံ၌ဖြစ်သောသူ, အချို့သော ဝေမာနိကစသော အသုရကာယ်တို့သည် **ပေတ** မည်၏၊
- လူ့ပြည်၌ဖြစ်သောသူသည် **မနုဿမည်၏**၊
- နတ်ပြည်၌ ဖြစ်သောသူ, အချို့သောဝေပစိတ္တိ အစရှိသော အသုရာတို့သည် **ဒေဝ** မည်၏၊

ဤသို့ ဂတိအားဖြင့် ၅-ပါးဖြစ်သတည်း။

နတ်ပြည် ၆-ထပ်၌ဖြစ်သော နတ်တို့သည်၎င်း ဘုမ္မစိုးနတ်တို့ကိုမှီကုန်သော အချို့သော ဝိနိပါတိကအသုရာတို့သည်၎င်း လူတို့သည်၎င်း ပဋိသန္ဓေစိတ်လည်း အထူးထူး အပြားပြား, အဆင်းသဏ္ဌာန်တို့သည်လည်း အမည်း, အဖြူ အစရှိသည်ဖြင့် အထူးထူး အပြားပြား ရှိကုန်သောကြောင့် **နာနတ္တကာယနာနတ္တသညီမည်ကုန်၏**။

အပါယ် ၄-ဘုံ၌ဖြစ်သော ပုဂ္ဂိုလ်တို့သည်၎င်း, ပဌမဈာန် ၃-ဘုံ၌ဖြစ်သော ဗြဟ္မာတို့သည်၎င်း ပဋိသန္ဓေစိတ်ကား တစ်ခုတည်း၊ အဆင်းသဏ္ဌာန် အထူးထူးအပြားပြား ရှိကုန်သောကြောင့် **နာနတ္တကာယဧကတ္တသညီမည်၏**၊

အပါယ် ၄-ဘုံ၌ဖြစ်သော ပုဂ္ဂိုလ်တို့သည် အဟိတ်အကုသိုလ်၏အကျိုး ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေကုန်၏၊ ပဌမဈာန် ၃-ဘုံ၌ ဗြဟ္မာတို့သည် ပဌမဈာန်ဝိပါက်ဖြင့် ပဋိသန္ဓေနေကုန်၏။

ဒုတိယဈာန် ၃-ဘုံ၌ဖြစ်သောပြဟ္မာတို့သည် အဆင်းသဏ္ဌာန် တူကုန်၏၊ ပဋိသန္ဓေစိတ်မူကား ဒုတိယဈာန်ဝိပါက်, တတိယဈာန်ဝိပါက်ဟူ၍ ၂-ပါးရှိကုန်သောကြောင့် **ဧကတ္တကာယ နာနတ္တသညီ** မည်ကုန်၏။

တတိယဈာန် ၃-ဘုံ, စတုတ္ထဝေဟပ္ဖိုလ်, သုဒ္ဓါဝါသ ၅-ဘုံတို့၌ဖြစ်သောပြဟ္မာတို့သည်ကား အဆင်းသဏ္ဌာန်လည်း တူကုန်၏၊ ပဋိသန္ဓေစိတ်လည်း တစ်ခုတည်းစီဖြစ်ကုန်သောကြောင့် **ဧကတ္တကာယဧကတ္တသညီ** မည်ကုန်၏၊ တတိယဈာန် ၃-ဘုံ၌ စတုတ္ထဈာန်ဝိပါက်ဖြင့် ပဋိသန္ဓေနေကုန်၏၊ ဝေဟပ္ဖိုလ်, သုဒ္ဓါဝါသ ၅-ဘုံတို့၌ ပဉ္စမဈာန်ဝိပါက်ဖြင့် ပဋိသန္ဓေနေကုန်၏။ ပုဂ္ဂိုလ်အားဖြင့် **တစ်ကျိပ်နှစ်ပါး**ဟူရာ၌-

- ဒုဂ္ဂတိအဟိတ် ပုထုဇဉ်, သုဂတိအဟိတ် ပုထုဇဉ်,
- ဒွိဟိတ်ပုထုဇဉ်, တိဟိတ်ပုထုဇဉ်-ဟူ၍ ပုထုဇဉ် ၄-ယောက်၊
- သောတာပတ္တိ မဂ္ဂဋ္ဌာန်, သောတာပန်,
- သကာဒါဂါမိမဂ္ဂဋ္ဌာန်, သကဒါဂါမ်,
- အနာဂါမိ မဂ္ဂဋ္ဌာန်, အနာဂါမ်,
- အရဟတ္တမဂ္ဂဋ္ဌာန်, ရဟန္တာ-ဟူ၍

အရိယာ ၈-ယောက်တို့ကိုပေါင်း၍ ပုဂ္ဂိုလ်အားဖြင့် တစ်ကျိပ်နှစ်(၁၂)ယောက်ဖြစ်သတည်း၊ ဤအလုံးစုံသော သတ္တလောကကို လည်း မြတ်စွာဘုရားသည် သိတော်မူ၏။

## ဩကာသလောက

ဩကာသလောကကိုလည်း သိတော်မူ၏၊

"လုဇ္ဇန္တိ ပလုဇ္ဇန္တိ သတ္တာ ဧတ္ထာတိ လောကော" ဟူသော ဝစနတ္ထနှင့်အညီ သတ္တဝါတို့၏ဖြစ်ရာ, ပျက်ရာ သာမညအားဖြင့် ၁-ပါးသာတည်း၊

သုဂတိလောက, အပါယလောကဟူ၍ ၂-ပါးအပြား ရှိ၏၊

ကာမလောက, ရူပလောက, အရူပလောက-ဟူ၍ ၃-ပါးအပြား ရှိ၏၊

ယောနိအစရှိသည်တို့၏ အစွမ်းအား ဖြင့် သတ္တလောက၌ အပြားကဲ့သို့ ၄-ပါး, ၅-ပါး, ၇-ပါး, ၉-ပါးပြားကုန်၏၊ အပါယ် ၄-ဘုံ သည် **အပါယလောက** မည်၏၊ လူပြည်အစရှိသောအကြင် ၂၇-ဘုံသည် သုဂတိလောက မည်၏၊

ကာမလောကသည် အမြင်အားဖြင့် ၁၁-ပါးအပြား ရှိ၏၊

ရူပလောကသည်လည်း အမြင်အားဖြင့် ၁၆-ပါးအပြား ရှိ၏၊

အရူပလောကသည်လည်း ၄-ပါးအပြားရှိ၏။

**ကာမလောက** ၁၁-ပါးဟူသော်ကား-အပါယ် ၄-ဘုံ, ကာမသုဂတိ ၇-ဘုံအားဖြင့် ၁၁-ပါးတည်း၊ ငရဲ, ပြိတ္တာ, တိရစ္ဆာန်, အသုရကာယ်အားဖြင့် အပါယ် ၄-ဘုံ ဖြစ်သတည်း၊ လူ့ပြည်, စတုမဟာရာဇ်, တာဝတိံသာ, ယာမာ, တုသိတာ, နိမ္မာနရတိ, ပရနိမ္မိတဝသဝတ္တိ-ဟူ၍ ကာမသုဂတိ ၇-ဘုံဖြစ်သတည်း။

**ရူပလောက** ၁၆-ဘုံဟူသည်ကား-

ပြဟ္မပါရိသဇ္ဇာ, ပြဟ္မပုရောဟိတာ, မဟာပြဟ္မာ- ဟူ၍ ပဌမစျာန် ၃-ဘုံ၊

ပရိတ္တာဘာ, အပ္ပမာဏာဘာ, အာဘဿရာအားဖြင့် ဒုတိယစျာန် ၃-ဘုံ၊

ပရိတ္တသုဘာ, အပ္ပမာဏသုဘာ, သုဘကိဏှာ-ဟူ၍ တတိယစျာန် ၃-ဘုံ၊

ဝေဟပ္ဖိုလ် ဘုံ, အသညာသတ်ဘုံ, သုဒ္ဓါဝါသ ၅-ဘုံအားဖြင့် စတုတ္ထစျာန် ၇-ဘုံ၊

အဝိဟာ, အတပ္ပါ, သုဒဿာ, သုဒဿီ, အကနိဋ္ဌ-ဟူ၍ သုဒ္ဓါဝါသ ၅-ဘုံဖြစ်၏၊ ဤသို့အားဖြင့် ရူပ ၁၆-ဘုံ ဖြစ်သတည်း။

အာကာသာနဉ္စာယတနဘုံ, ဝိညာဏဉ္စာယတနဘုံ, အာကိဉ္စညာယတနဘုံ, နေဝသညာနာသညာယတနဘုံ-ဟူ၍ အရူပလောက ၄-ပါးအပြားရှိသတည်း။

✪✪✪✪✪✪✪✪✪✪✪

## ၈၀။ လောကဓာတ် ၄-ပါးနှင့် ခေတ် ၃-ပါး

**တစ်နည်းကား-**

- ဇာလောကဓာတ်,
- စူဠသဟဿီ လောကဓာတ်,
- မၛ္ဈိမဒွိသဟဿီ လောကဓာတ်,
- တိသဟဿီ မဟာသဟဿီ လောကဓာတ်ဟူ၍ ဩကာသသည် ၄-ပါး အပြားရှိ၏၊ ထို ၄-ပါးတို့တွင်-

၁။ ၁-ခုသော စကြဝဠာတောင်ဖြင့် ဝန်းရံအပ်သော မြင်းမိုရ်တောင်, တောင်စဉ် ၇-ထပ်တို့နှင့်တကွ ကျွန်းငယ် ၂၀၀၀-အရံရှိသော ကျွန်းကြီး ၄-ကျွန်း-ဟုဆိုအပ်သော ၁-ဆူသော နေ, တစ်ဆူသောလတို့၏ ထွန်းပရာ, လှည့်ပတ်သွားလာရာ ဖြစ်သောအရပ်သည် **ကောလောကဓာတ်**မည်၏၊ ဤဆိုအပ်ပြီးသော သဘောရှိသော တစ်ခုသော ငါတို့စကြဝဠာသည် မယ်တော်ဝမ်းမှ ဖွားသော ဘုရားလောင်းယောက်ျားမြတ်၏ **သူတိဃရ** မည်၏၊ ဖွားတော်မူသောအခါ စသည်တို့၌ တစ်သောင်းသောစကြဝဠာတိုက်၌ နေကုန်သော နတ်တို့သည် စည်းဝေး၍ ပူဇော်သက္ကာရပြုရာဖြစ်သောကြောင့် **မင်္ဂလာစကြဝဠာ**လည်း မည်၏။

၂။ တစ်ခုသောစကြဝဠာတိုက်ကဲ့သို့ ၁,၀၀၀-အရေအတွက်ရှိသော စကြဝဠာအပေါင်းသည် **စူဠသဟဿိလောကဓာတ်** မည်၏၊ ဤစူဠသဟဿိလောကဓာတ်သည်ကား- ဘုရားတပည့်သား ရဟန္တာတို့၏ တန်ခိုးပြာဋိဟာထွန်းပရာ အရပ်ဖြစ်၏၊ ဘုရားတပည့်သား ရဟန္တာတို့သည် မိမိအသံကို ကြားစေလို၍, မိမိ၏အရုပ်ကို မြင်စေလို၍ တန်ခိုးဖန်ဆင်းသော စကြဝဠာတိုက်တစ်သောင်း၌ရှိသော နတ်, လူတို့ကိုသာ ကြားစေ, မြင်စေနိုင်၏၊ တစ်ခုသော စကြဝဠာကဲ့သို့ စကြဝဠာပေါင်းတစ်သောင်းသည်ကား-ဘုရားတစ်ဆူ၏ **ဇာတိခေတ်**မည်၏၊ ဘုရားလောင်းပဋိသန္ဓေနေသောအခါ, ဖွားသောအခါ, ဘုရားဖြစ်တော်မူသောအခါ, ဓမ္မစကြာတရားဟောတော်မူသောအခါ အစရှိသည်တို့၌ မြေကြီးတုန်လှုပ်၏။

၃။ စူဠသဟဿိလောကဓာတ်-ဟု ဆိုအပ်သော စကြဝဠာ ၁,၀၀၀-ကို ၁,၀၀၀-ဖြင့် မြှောက်သော် စကြဝဠာပေါင်း အရေအတွက်တစ်သန်းရှိ၏၊ ဤစကြဝဠာတစ်သန်းသည် **မဇ္ဈိမဒွိသဟဿိလောကဓာတ်**မည်၏။

၄။ မဇ္ဈိမဒွိသဟဿိလောကဓာတ်-ဟု ဆိုအပ်သော စကြဝဠာတစ်သန်းကို တစ်သန်းဖြင့်မြှောက်သော် စကြဝဠာပေါင်း အရေအတွက် ကုဋေတစ်သိန်းရှိ၏၊ ထိုကုဋေတစ်သိန်းသည် **တိသဟဿိ မဟာသဟဿိလောကဓာတ်**မည်၏၊

ဤတိသဟဿိ မဟာသဟဿိလောကဓာတ်-ဟု ဆိုအပ်သော စကြဝဠာကုဋေတစ်သိန်းသည် ဘုရားတစ်ဆူ၏ **အာဏာခေတ်** မည်၏။ ဤမျှလောက်သော အရပ်၌ အာဋာနာဋိယ ပရိတ်, ဓဇဂ်ပရိတ်, ဗောဇ္ဈင်ပရိတ်, ခန္ဓပရိတ်, မောရပရိတ်, မေတ္တပရိတ်, ရတနပရိတ်၊ ဤပရိတ် ၇-ပါးတို့၏ အာဏာစက်တည်ရာ ဖြစ်၏၊ မြတ်စွာဘုရားတို့ အလိုတော်ရှိသည်ဖြစ်သော် ဤစကြဝဠာ ကုဋေတစ်သိန်း၌

ရှိသော လူ, နတ်တို့အား  အသံကိုလည်း ကြားစေနိုင်၏၊ အဆင်းတော်ကိုလည်း မြင်စေနိုင်၏။

အတိုင်းမသိမရေတွက်နိုင်သော အနန္တစကြဝဠာသည်ကား ဝိသယခေတ်မည်၏၊ ထိုအကြောင်းကိုကား-

**ယာဝတ္တကံ ဉေယျံ၊ တာဝတ္တကံ ဉာဏံ၊ ယာဝတ္တကံ ဉာဏံ၊ တာဝတ္တကံ ဉေယျံ၊ ဉေယျပရိယန္တိကံ ဉာဏံ၊ ဉာဏပရိယန္တိကံ ဉေယျံ။**

ဟူသော ပါဠိတော်ကိုထောက်၍ သိအပ်၏၊ ထိုစကြဝဠာ၏ အနန္တအဆုံးမရှိသော အဖြစ်ကို ဤသို့သိအပ်၏၊ တိသဟဿိ မဟာသဟဿိ လောကဓာတ်-ဟု ဆိုအပ်သော ကုဋေတစ်သိန်းအရေအတွက်ရှိသော စကြဝဠာတိုက်၌ ဤမြေကြီးမှသည် အထက်သို့ ဘဝဂ်တိုင်အောင် မုန်ညင်းစေ့တို့ဖြင့် ပြည့်စေ၍

မဟာကပ် ၁၆,၀၀၀- အသက်ရှည်သော

လက်ညှိုး ၁၀-ချောင်းကို ထောင်သဖြင့် စကြဝဠာတစ်သောင်း၌ အလင်းကို ဖြစ်စေနိုင်သော

မျက်စိတစ်မှိတ်သောကာလဖြင့် စကြဝဠာတစ်သောင်းတိုင် ရောက်ခြင်းငှာ စွမ်းနိုင်သော　ပြဟ္မာကြီးသည်

မိမိတန်ခိုးဖြင့် အရှေ့မျက်နှာသို့ သွား၍ စကြဝဠာ ၁-ခု၌ မုန်ညင်းတစ်စေ့ ထည့်၍ ရေတွက်သော်လည်း မုန်ညင်းစေ့သော်လည်း ကုန်ရာ၏၊ ပြဟ္မာကြီး အသက်သော်လည်း ကုန်ရာ၏၊ အရှေ့မျက်နှာ၌ရှိသော စကြဝဠာတိုက်သည် ကုန်ခြင်းသို့ မရောက် နိုင်သည် ဖြစ်၏၊ တောင်မျက်နှာ, အနောက်မျက်နှာ, မြောက်မျက်နှာတို့သို့ သွားသော်လည်း ဤနည်းအတူပင်တည်း၊ ဤသို့လျှင် စကြဝဠာ၏အနန္တအဆုံးမရှိသော အဖြစ်ကို သိအပ်၏၊ ဤသို့ အဆုံးမရှိ, မရေတွက်နိုင်သော အနန္တစကြဝဠာသည်လျှင် ဘုရားရှင်ချစ်တစ်ဆူ၏ **ဝိသယခေတ်** မည်၏။

✪✪✪✪✪✪✪✪✪✪✪

## ၈၁။ စကြဝဠာတည်ပုံ

ဤသို့ အတိုင်းမသိ မရေတွက်နိုင်သော စကြဝဠာတိုက်တို့တွင် ဧကလောကဓာတ်- ဟု ဆိုအပ်သော ၁-ခုသော ငါတို့စကြဝဠာ၏ တည်ပုံအခြင်းအရာကို ဤသို့

ဆိုအပ်၏၊ ၁-ခုသော စကြဝဠာလည်း အလျားအားဖြင့်ငင်း အနံအားဖြင့်ငင်း ယူဇနာတစ်သန်း, နှစ်သိန်း, သုံးထောင့်, လေးရာ့ငါးဆယ် ရှိ၏၊ အဝန်းအားဖြင့်ကား- ယူဇနာသုံးသန်း, ခြောက်သိန်း, တစ်သောင်း, သုံးရာ့ငါးဆယ်ရှိ၏၊ ဤမျှအတိုင်းအရှည်ရှိသော စကြဝဠာပေါင်းအရေအတွက် ကုဋေတစ်သိန်းသည် ဘုရား ၁-ဆူ၏ အာဏာခေတ်လည်း မည်၏၊ ကမ္ဘာလောင်ဖက်, ပျက်ဖက်လည်းဖြစ်၏၊ တည်ဖက်လည်း ဖြစ်၏၊ စကြဝဠာဟူသော ဤအမည်သည်လည်း မြင်းမိုရ်, သီဒါ, သတ္တရဘန်, ကျွန်းကြီး, ကျွန်းငယ်, ဆားငန်သမုဒ္ဒရာ၊ ဤအလုံးစုံကို ဝန်းရံလျက် ရထားစက်ဝန်းအကွပ်ကဲ့သို့ငင်း အစောက်နက်စွာသော တွင်းကဲ့သို့ငင်း ထက်ဝန်းကျင်ပတ်၍ တည်သော ကျောက်အတိပြီးသော စကြဝဠာတောင်ကို စွဲ၍ဖြစ်သတည်း။

ဤစကြဝဠာတောင်သည် ဆားငန်သမုဒ္ဒရာပေါ်သို့ တက်၍ ယူဇနာရှစ်သောင်း, နှစ်ထောင်မြင့်၏၊ ရေထဲသို့လည်း ရှစ်သောင်း, နှစ်ထောင် ဝင်သက်၏၊ ပံသုပထဝီအောက်၌ တည်သော သိလာပထဝီနှင့် တစ်စပ်တည်း တည်၏၊ စကြဝဠာတောင်၏ အထုကား- ယူဇနာရှစ်သောင်း နှစ်ထောင် ရှိ၏။ (သိလာပထဝီဟူသည်ကား- ရေမတိုးမဖောက်နိုင်သော ကျောက်အတိပြီးသော မြေတည်း။)

ဤသိလာပထဝီသည် အထုအားဖြင့် ယူဇနာတစ်သိန်း, နှစ်သောင်းရှိ၏၊ ပံသုပထဝီဟူသည်ကား- တူးဆွနိုင်ကောင်းသော မြေတည်း၊ ဤပံသုပထဝီသည် အထုအားဖြင့် ယူဇနာတစ်သိန်း, နှစ်သောင်းတည်း၊ မြေ ၂-ပါးအထုကို ပေါင်း၍ မြေအထုယူဇနာ နှစ်သိန်း, လေးသောင်းဟူ၍ ဆိုသတည်း၊ ဤနှစ်သိန်း, လေးသောင်းအထုရှိသော မြေကြီးသည် လေးသိန်း, ရှစ်သောင်းအထုရှိသော ရေ၏အပေါ်၌ တည်၏၊ ဤရေ၏ အောက်၌လည်း ကိုးသိန်း, ခြောက်သောင်းအထုရှိသောလေ ခံ၏။

ဤလေ၏အောက်၌လည်း ဥက္ကောပကမည်သော လေသည် ရှိ၏၊ ထိုလေခတ်လာသည်ရှိသော် ကိုးသိန်း, ခြောက်သောင်း ယူဇနာအထုရှိသော လေကို ၂-ဖြာခွဲ၍ မြေကိုခံသော လေးသိန်း, ရှစ်သောင်းအထုရှိသော ရေကို ကြွစေ၏၊ ထိုရေနှင့်တကွ စကြဝဠာသည် အထက်သို့တက်သဖြင့် တုန်လှုပ်၏၊ ကျယ်သောအရာရှိသောကြောင့်, ဝတ္ထုအားကြီးသောကြောင့် စကြဝဠာတုန်လှုပ်သော အဖြစ်မထင်သတည်း၊

သိလာပထဝီနှင့် စကြဝဠာကို ခံသောရေသည် စကြဝဠာတောင်၏အတွင်းသို့ မဝင်နိုင်သတည်း၊

ပံသုပထဝီကို ပိုင်းဖြတ်၍ သိလာပထဝီနှင့် တစ်စပ်တည်း စကြဝဠာတောင် တည်၏၊

စကြဝဠာတောင်နှင့် လင်ပန်း မျက်နှာဝအနားနှင့် တူ၏၊

လင်ပန်းအပြင်နှင့်ကား သိလာပထဝီနှင့် တူ၏၊

ပံသုပထဝီနှင့်ကား လင်ပန်း၌တည်သော ဘောဇဉ်နှင့် တူ၏၊

စကြဝဠာတောင်၏အတွင်း၌ ယူဇနာရှစ်သောင်း, လေးထောင်အစောက်နက်သော ဆားငန်သမုဒ္ဒရာ ရှိ၏၊ ထိုသမုဒ္ဒရာ၏အလယ်၌ မြင်းမိုရ်တောင်သည် တည်၏။

✪✪✪✪✪✪✪✪✪✪

## ၈၂။ မြင်းမိုရ်တောင်တည်ဟန်

မြင်းမိုရ်တောင်သည် သိလာပထဝီမှတက်လာသော ပံသုပထဝီထဲသို့ ယူဇနာသုံးသောင်း, ခြောက်ထောင်ဝင်လာသော ခုံလောက်ကဲ့သို့သော ကျောက်တောင်ထွတ် ၃-လုံး၌ ယူဇနာလေးသောင်းဝင်၍ တည်၏၊

မြင်းမိုရ်တောင်နှင့် သိလာပထဝီအကြား၌ ပံသုပထဝီယူဇနာသုံးသောင်း, နှစ်ထောင်ခြားသေး၏၊

မြင်းမိုရ်တောင်သည်ကား လောဏသာဂရရေမှပေါ်တက်၍ မြင့်သည့်ယူဇနာရှစ်သောင်း, လေးထောင်တည်း၊ ရေထဲသို့ ဝင်နစ်သည်လည်း ရှစ်သောင်း, လေးထောင် ၎င်းတည်း၊

မြင်းမိုရ်တောင်၏ အထက်ထိပ်ပြင် အလျား, အနံအချင့်ကား ယူဇနာရှစ်သောင်း, လေးထောင် ၎င်းတည်း၊

မြင်းမိုရ်တောင် လုံးပတ်ကား ယူဇနာနှစ်သိန်း, ငါးသောင်း, နှစ်ထောင်တည်း၊

မြင်းမိုရ်တောင်ကား လုံးလုံးဝန်းဝန်း မုရိုးစည်ကဲ့သို့တည်း၊

မြင်းမိုရ်တောင်၏အရှေ့မျက်နှာကား ငွေအတိ ပြီး၏၊

တောင်မျက်နှာကား ပတ္တမြားညိုကျောက်အတိ ပြီး၏၊

အနောက်မျက်နှာကား ဖလ်အတိ ပြီး၏၊

မြောက်မျက်နှာကား ရွှေအတိ ပြီး၏။

မြင်းမိုရ်တောင်၏ နံပါး ၄-မျက်နှာတို့မှ ထွက်သော ၄-ပါးသော ငွေရောင်, ပတ္တမြားညိုရောင်, ဖလ်ရောင်, ရွှေရောင်တို့သည် ယုဂန္ဓိုရ်တောင်၏ အထက်အဖို့ဖြင့် သွား၍ သမုဒ္ဒရာ၏အပြင်၌ စကြဝဠာတောင်တိုင်အောင် ပြေးထွန်းလေ၏၊

ထိုအရောင် ၄-ပါးတို့သည် ၄-မျက်နှာအထောင့်အရပ်တို့၌ စပ်ယှက်ရာ အပိုင်းအခြားဖြစ်၍ ထိုအရောင် ၄-ပါးတို့သည် စွဲသဖြင့် ၄-ပါးသောအရပ်တို့၌ ရေမှစ၍ အလုံးစုံ မြေ, တောင်, သစ်ရွက် အစရှိသည်တို့သည် အသီးအသီး ငွေအဆင်း, မြအဆင်း, ဖလ်အဆင်း, ရွှေ အဆင်းနှင့် တူကုန်သတည်း။

မြင်းမိုရ်တောင်၌ အာလိန် ၅-ဆင့်ရှိ၏၊

- မြင်းမိုရ်တောင်ခြေရင်း၌ **ပဌမာလိန္ဒ**သည် ယူဇနာ ၅၀၀-အပြန့်ကျယ်၏၊ ထိုပဌမာလိန္ဒမှအထက်သို့ ယူဇနာတစ်သောင်း, ငါးရာရှိသော အရပ်၌ **ဒုတိယာလိန္ဒ** ရှိ၏၊ ယူဇနာ ၅၀၀-ငင်းအပြန့်ကျယ်၏၊
- ဒုတိယာလိန္ဒမှ အထက်သို့ ယူဇနာတစ်သောင်း, ငါးရာရှိသောအရပ်၌ **တတိယာလိန္ဒ** ရှိ၏၊ ယူဇနာ ၅၀၀-ကျယ်၏၊
- တတိယာလိန္ဒမှ အထက်သို့ ယူဇနာတစ်သောင်း, ငါးရာမြင့်သောအရပ်၌ **စတုတ္ထာလိန္ဒ** ရှိ၏၊ ယူဇနာ ၅၀၀-ငင်းအပြန့် ကျယ်၏၊
- စတုတ္ထာလိန္ဒမှ အထက်သို့ ယူဇနာတစ်သောင်း, ငါးရာ မြင့်သောအရပ်၌ **ပဉ္စမာလိန္ဒ** ရှိ၏၊ ယူဇနာ ၅၀၀-အပြင် ကျယ်၏။

✪✪✪✪✪✪✪✪✪✪

## ၈၃။ သီဒါ ၇-တန်, တောင်စဉ် ၇-ထပ်

- မြင်းမိုရ်တောင်ကို ရစ်၍ သီဒါသမုဒ္ဒရာ ရှိ၏၊ အပြန့်ယူဇနာရှစ်သောင်း, လေးထောင် ကျယ်၏၊
- မြင်းမိုရ်တောင်ခြေရင်း၌ ယူဇနာရှစ်သောင်း, လေးထောင် နက်၏၊
- တောင်ခြေရင်းမှ အစဉ်သဖြင့် တိမ်လေသည်၊ ယုဂန္ဓိုရ်တောင်သို့ ဆိုက်သောအခါ ယူဇနာလေးသောင်းနှစ်ထောင် နက်၏။

၁။ မြင်းမိုရ်သီဒါကို ပတ်လည်ရံ၍ ယုဂန္ဓိုရ်တောင် တည်၏၊ ယူဇနာလေးသောင်း နှစ်ထောင် ရေပေါ်သို့ တက်၏၊ လေးသောင်း, နှစ်ထောင် ငုပ်ရေထဲသို့ သက်၏၊ အနံအချင်းအားဖြင့်ကား နှစ်သောင်း, တစ်ထောင်ယူဇနာ ရှိ၏၊ ယုဂန္ဓိုရ်တောင် အတွင်းဝန်း အခွေအားဖြင့် ယူဇနာခုနစ်သိန်း, ငါးသောင်း, ခြောက်ထောင်ရှိ၏၊ ပြင်ဝန်းအခွေအားဖြင့် ရှစ်သိန်း, ရှစ်သောင်း, နှစ်ထောင်ယူဇနာ ရှိ၏၊

ယုဂန္ဓိုရ်တောင်ကိုရစ်၍ သီဒါရှိ၏၊ အပြောယူဇနာ လေးသောင်း, နှစ်ထောင် ကျယ်၏၊ အစောက်လည်း တောင်ခြေရင်း၌ လေးသောင်း နှစ်ထောင် နက်၏၊ တောင်ခြေရင်းမှစ၍ အစဉ်သဖြင့် တိမ်လေသည်၊ ဣသဓရတောင်သို့ ဆိုက်သောအခါ ယူဇနာ နှစ်သောင်း, တစ်ထောင်နက်၏။

၂။ ယုဂန္ဓိုရ်သီဒါကိုရံ၍ ဣသဓရတောင် တည်၏၊ ယူဇနာ နှစ်သောင်း, တစ်ထောင် ရေမှပေါ်တက်၏၊ နှစ်သောင်း, တစ်ထောင် ငုပ်ရေထဲသို့သက်၏၊ ထိုတောင် အချင်းကား ယူဇနာတစ်သောင်း, ငါးရာရှိ၏၊ အတွင်းဝန်း အခွေအားဖြင့် ယူဇနာတစ်သန်း, တစ်သိန်း, သုံးသောင်း, လေးထောင်ရှိ၏၊ ပြင်ဝန်းအခွေ အားဖြင့်ကား-ယူဇနာတစ်သန်း, တစ်သိန်း, ကိုးသောင်း, ခုနစ်ထောင်ရှိ၏၊ ဣသဓရတောင်ကိုရစ်၍ သီဒါရှိ၏၊ ယူဇနာ နှစ်သောင်း, တစ်ထောင် အပြော ကျယ်၏၊ အစောက်လည်း တောင်ခြေရင်း၌ နှစ်သောင်း, တစ်ထောင် နက်၏၊ ဣသဓရတောင်ခြေရင်းမှစ၍ အစဉ်သဖြင့် တိမ်လေသည်၊ ကရဝီကတောင်သို့ ဆိုက်သောအခါ တစ်သောင်း, ငါးရာရှိ၏။

၃။ ဣသဓရသီဒါကိုရစ်၍ ကရဝီကတောင် တည်၏၊ ထိုတောင်ယူဇနာ တစ်ထောင်, ငါးရာ ရေပေါ်သို့ မြင့်၏၊ ရေထဲသို့လည်း ထိုနည်းငုပ် သက်၏၊ ထိုတောင် အချင်းကား ယူဇနာငါးထောင်, နှစ်ရာ, ငါးဆယ်ရှိ၏၊ အတွင်းဝန်းအခွေအားဖြင့် တစ်သန်း, သုံးသိန်း, နှစ်သောင်း, သုံးထောင်ယူဇနာရှိ၏၊ ပြင်ဝန်းအခွေအားဖြင့် ယူဇနာ တစ်သန်း, သုံးသိန်း, ငါးသောင်း, လေးထောင်, ငါးရာ ရှိ၏၊ ကရဝီက တောင်ကိုရစ်၍ သီဒါရှိ၏၊ အပြော ယူဇနာ တစ်သောင်း, ငါးရာကျယ်၏၊ အစောက်လည်း ကရဝီကတောင်ရင်း၌ ယူဇနာတစ်သောင်း, ငါးရာနက်၏၊ တောင်ခြေရင်းမှစ၍ အစဉ်သဖြင့် တိမ်လေသည်၊ သုဒဿနတောင်သို့ဆိုက် သောအခါ ယူဇနာ ငါးထောင်, နှစ်ရာ, ငါးဆယ် နက်၏။

၄။ **ကရဝီကသီဒါကိုပတ်လည်ရံ၍ သုဒဿနတောင် တည်၏၊** ထိုတောင် ယူဇနာငါးထောင်, နှစ်ရာ့ငါးဆယ် ရေမှပေါ်တက်၏၊ ရေထဲသို့လည်း ထိုနည်းၑင်း သက်၏၊ ထိုတောင်အနံအချင်းကား နှစ်သောင်း, ခြောက်ရာ, နှစ်ဆယ့်ငါးယူဇနာ ရှိ၏၊ သုဒဿနတောင်အတွင်းဝန်း အခွေအားဖြင့် ယူဇနာတစ်သန်း, လေးသိန်း, တစ်သောင်း, ခုနစ်ထောင်, ငါးရာ ရှိ၏၊ ပြင်ဝန်းအခွေအားဖြင့် ယူဇနာ တစ်သန်း, လေးသိန်း, သုံးသောင်း, သုံးထောင်, နှစ်ရာ့ငါးဆယ် ရှိ၏၊ သုဒဿနတောင်ကိုရစ်၍ **သီဒါ**ရှိ၏၊ အပြောယူဇနာငါးထောင်, နှစ်ရာ့ငါးဆယ်ရှိ၏၊ အစောက်လည်း သုဒဿနတောင်ခြေရင်း၌ ငါးထောင်, နှစ်ရာ့ငါးဆယ် နက်၏၊ တောင်ခြေရင်းမှစ၍ အစဉ်သဖြင့် တိမ်လေသည်၊ **နေမိန္ဓရတောင်**သို့ ဆိုက်သောအခါ၌ ယူဇနာ နှစ်ထောင်, ခြောက်ရာ, နှစ်ဆယ့်ငါးယူဇနာ နက်၏။

၅။ **သုဒဿနသီဒါကို ရံ၍ နေမိန္ဓရတောင်တည်၏၊** ထိုတောင်ယူဇနာနှစ်ထောင်, ခြောက်ရာ့နှစ်ဆယ့်ငါးယူဇနာ ရေမှပေါ်တက်၏၊ ရေထဲသို့လည်း ထိုမျှၑင်း ယူဇနာသက်၏၊ ထိုတောင်အချင်းယူဇနာကား တစ်ထောင်, သုံးရာ, တစ်ဆယ့်နှစ်ယူဇနာ, ၂-ဂါဝုတ် ရှိ၏၊ အတွင်းဝန်းအခွေအားဖြင့် ယူဇနာတစ်သန်း, လေးသိန်း, ခြောက်သောင်း, လေးထောင်, ခုနစ်ရာ, ငါးဆယ်ရှိ၏၊ ပြင်ဝန်းအခွေအားဖြင့်ကား တစ်သန်း, လေးသိန်း, ခုနစ်သောင်း, နှစ်ထောင်, ခြောက်ရာ, နှစ်ဆယ့်ငါးယူဇနာ ရှိ၏၊ နေမိန္ဓရတောင်ကိုရစ်၍ **သီဒါ**ရှိ၏၊ နှစ်ထောင်, ခြောက်ရာ, နှစ်ဆယ့်ငါးယူဇနာ အပြောကျယ်၏၊ အစောက်လည်း ထိုမျှၑင်း တောင်ခြေရင်း၌ နက်၏၊ တောင်ခြေရင်းမှစ၍ အစဉ်သဖြင့် တိမ်လေသည်၊ **ဝိနတကတောင်**သို့ဆိုက်သောအခါ တစ်ထောင်, သုံးရာ, တစ်ဆယ့်နှစ်ယူဇနာနှင့် နှစ်ဂါဝုတ် နက်၏။

၆။ နေမိန္ဓရသီဒါကိုရံ၍ ဝိနတကတောင်တည်၏၊ ထိုတောင်ယူဇနာတစ်ထောင်, သုံးရာ, တစ်ဆယ့်နှစ်ယူဇနာနှင့် နှစ်ဂါဝုတ်ရေမှပေါ်တက်၏၊ ရေထဲသို့လည်း ထိုမျှၑင်း ယူဇနာသက်၏၊ ထိုတောင်အနံအချင်းကား ခြောက်ရာ, ငါးဆယ်, ခြောက်ယူဇနာနှင့် တစ်ဂါဝုတ်ရှိ၏၊ ထိုတောင်အတွင်းဝန်းအခွေအားဖြင့်ကား တစ်သန်း, လေးသိန်း, ရှစ်သောင်း, ရှစ်ထောင်, သုံးရာ, ခုနစ်ဆယ့်ငါးယူဇနာ ရှိ၏၊ ပြင်နံပါး အဝန်းအခွေအားဖြင့် ယူဇနာတစ်သန်း, လေးသိန်း, ကိုးသောင်း, နှစ်ထောင်, သုံးရာ, တစ်ဆယ့်နှစ်ယူဇနာ ရှိ၏၊ ဝိနတကတောင်ကိုရစ်၍ **သီဒါ**ရှိ၏၊ တစ်ထောင်, သုံးရာ, တစ်ဆယ့်နှစ်ယူဇနာနှင့် နှစ်ဂါဝုတ် အပြောကျယ်၏၊ အစောက်လည်း ဝိနတကတောင်ခြေရင်း၌ အပြောယူဇနာနှင့်အတူ နက်၏၊ တောင်ခြေရင်းမှစ၍

အစဉ်သဖြင့်တိမ်၍ ပြင်သို့သွားလေသည်၊ **အဿကဏ္ဏတောင်**သို့ ဆိုက်သောအခါ ခြောက်ရာ, ငါးဆယ်, ခြောက်ယူဇနာနှင့် တစ်ဂါဝုတ် နက်၏။

၇။ **ဝိနတကသီဒါ**ကိုရံ၍ **အဿကဏ္ဏတောင်** တည်၏၊ ထိုတောင်ခြောက်ရာ, ငါးဆယ်, ခြောက်ယူဇနာနှင့် တစ်ဂါဝုတ် ရေပေါ်သို့ မြင့်၏၊ ရေထဲသို့လည်း ထိုမျှရင်း သက်ဝင်၏၊ အဿကဏ္ဏတောင်၏ အနံအချင်းကား ယူဇနာသုံးရာ, နှစ်ဆယ့်ရှစ် ယူဇနာနှင့် ဥသဘလေးဆယ်ရှိ၏၊ အဿကဏ္ဏတောင်အတွင်း နံပါးအဝန်း အခွေအားဖြင့် တစ်သန်း, ငါးသိန်း, တစ်ရာ့ရှစ်ဆယ့်ခြောက်ယူဇနာရှိ၏၊ ပြင်နံပါး အဝန်းအခွေအားဖြင့်ကား တစ်သန်း, ငါးသိန်း, လေးထောင်, တစ်ရာ့နှစ်ဆယ့်လေး ယူဇနာ ရှိ၏၊ ထိုအဿကဏ္ဏတောင်၏ အပြင်၌ကား သီဒါဟူ၍ မရှိပြီ။

ဤတောင်စဉ် ၇-ထပ်တို့၏ အကြား, အကြား သီဒါ ၇-စင်းတို့သည်ကား ကြည်သောရေရှိ၏၊ မြိန်သောရေရှိ၏၊ ချမ်းအေးသောရေရှိ၏၊ သိမ်မွေ့သောရေရှိ၏၊ ထို့ကြောင့် ထိုသီဒါတို့၌ ဥဒေါင်းမွေးပင် ကျသော်လည်း နစ်၍အောက်မြေသို့သာ ထိလေ၏၊ ထိုသို့ နစ်လေသောကြောင့် ၇-စင်းသောမြစ်တို့ကို သီဒါဟူ၍ ဆိုအပ်သတည်း၊ မြင်းမိုရ်တောင်သည်ကား- သီဒါတစ်ထပ်, တောင်တစ်ထပ်ချပ်၍ ပတ်သောတောင်စဉ် ၇-ထပ် တို့၏အလယ်၌ အာလိန် ၅-ဆင့်တို့ဖြင့် ဘုံ ၅-ဆင့်ရှိသောပြာသာဒ်ကဲ့သို့ငှင်း, အရစ် ၅-ဆင့်ရှိသော ပွတ်တိုင်ကဲ့သို့ငှင်း တည်၏၊ ယုဂန္ဓိုရ်အစရှိသော တောင်စဉ် ၇-ထပ်တို့သည် ကား တံတိုင်းကဲ့သို့, စောင်းတန်းထစ်ကဲ့သို့, ထီးဝန်းကဲ့သို့ နိမ့်, မြင့်ဆင်းသက်ဝန်းရံ၍ တည်ကုန်၏။

အဿကဏ္ဏတောင်ပြင်ဘက်မှသည် စကြဝဠာတောင်ဆိုက်အောင် ထက်ဝန်းကျင် တို့၌ **လောဏသာဂရ ဆားငန်ရေသမုဒ္ဒရာ**အတိဖြစ်၏၊ အဿကဏ္ဏတောင်ခြေရင်း၌ အဿကဏ္ဏတောင် ရေဝင်ယူဇနာနှင့်အမျှ လောဏသာဂရအစောက်နက်၏၊ အဿကဏ္ဏ တောင်ပတ်လည် အရှေ့, အနောက်, တောင်, မြောက်အရပ်၌ မြေပေါ်တက်သောအရပ်၌ အရံကျွန်းငယ် ၂၀၀၀-နှင့်တကွ ကျွန်းကြီး ၄-ကျွန်းတို့သည် ပေါ်ထွန်းကုန်၏၊ စကြဝဠာ တောင်တည်၏၊ စကြဝဠာတောင်ကား ရေပေါ်သို့ ယူဇနာရှစ်သောင်း, နှစ်ထောင်မြင့်၏၊ လောဏသာဂရ ဆားငန်သမုဒ္ဒရာအစောက်လည်း စကြဝဠာတောင် ရေဝင်နှင့်အမျှနက်၏။

စကြဝဠာတောင်၏အနံအချင့်ကား- တောင်စဉ် ၇-ထပ်နှင့် နှိုင်းခိုင်း၍ ယူဇနာ လေးသောင်း, တစ်ထောင်ရှိကောင်း၏၊ အောက်၌ကား မြင်းမိုရ်တောင်နှင့် နှိုင်းခိုင်း၍ ရှစ်သောင်း, နှစ်ထောင်၊ ဆိုခဲ့သည့်ကျမ်း၌ အထူးမဆို၊ အဿကဏ္ဏတောင်၏ ပြင်ဘက်မှ စ၍ စကြဝဠာတောင်ဆိုက်အောင် လောဏသာဂရ အပြောအကျယ်ယူဇနာကား သုံးသိန်း,

ငါးသောင်း, တစ်ထောင်, သုံးရာ့ခြောက်ဆယ့်ငါးယူဇနာ ရှိ၏၊ အဿကဏ္ဏတောင်၏ ပြင်ဘက်မှသည် ဇမ္ဗူဒီပါကျွန်းဦးဆိုက်အောင် လောကာသာဂရအကျယ်ကား ယူဇနာ ခြောက်သောင်း, ငါးရာအပြောကျယ်၏၊ ကျွန်းပတ်လည် လောကာသာဂရအစောက် အနက်ကား အချို့သောအရပ်၌ အလံတစ်ရာ, အချို့သောအရပ်၌ အလံငါးဆယ်မျှ ရှိ၏၊ ထိုမှစ၍ ပြင်သို့ကား အစဉ်အတိုင်းနက်၍ သွားလေ၏။

လောကာသာဂရသည် အဿကဏ္ဏတောင်ခြေရင်းမှစ၍ ကျွန်းပေါ်ရာတိုင်အောင် အစဉ်အတိုင်းတိမ်လာသည်၊ ကျွန်းပေါ်ရာမှစ၍ စကြဝဠာနားတိုင်အောင် အစဉ်အတိုင်း နက်ပြန်လေသည်၊ အဿကဏ္ဏတောင်၏ အရှေ့မှပေါ်သည့်ကျွန်းကြီးကား ယူဇနာ ခုနစ်ထောင် အလျား, အနံရှိ၏၊ မြောက်မှပေါ်သည့်ကျွန်းကြီးကား ယူဇနာရှစ်ထောင် ရှိ၏၊ အနောက်မှပေါ်သည့်ကျွန်းကြီးကား ယူဇနာ ၇,၀၀၀-ရှိ၏၊ တောင်မှပေါ်သည့် ကျွန်းကြီးကား အလျား, အနံယူဇနာတစ်သောင်း ရှိ၏၊ မြင်းမိုရ်တောင်နံပါးမှစ၍ အဿကဏ္ဏတောင်၏ ပြင်နံပါးဆိုက်အောင် ယူဇနာကား နှစ်သိန်း, ရှစ်ထောင်, သုံးရာ့ ခြောက်ဆယ်ရှိ၏၊ မြင်းမိုရ်တောင်နံပါးမှစ၍ ဇမ္ဗူဒီပါကျွန်းတိုင်အောင် ယူဇနာကား နှစ်သိန်း, ခုနစ်သောင်း, ကိုးထောင်, ရှစ်ရာ, ခြောက်ဆယ့်နှစ်ယူဇနာ, နှစ်ဂါဝုတ်ရှိ၏၊ မြင်းမိုရ်တောင် နံပါးမှသည် စကြဝဠာတောင်ဆိုက်အောင် ယူဇနာကား ငါးသိန်း, ငါးသောင်း, ကိုးထောင်, ခုနစ်ရာနှစ်ဆယ့်ငါးယူဇနာ ရှိ၏။

စကြဝဠာယူဇနာဖြင့်ကား မြင်းမိုရ်တောင်မှ အဿကဏ္ဏပြင် နံပါးတိုင်အောင် တစ်သိန်း, နှစ်သောင်း, ငါးထောင်, တစ်ဆယ့်ငါးယူဇနာ, နှစ်ဂါဝုတ်နှင့် ဥသဘလေးဆယ် ရှိ၏၊ အဿကဏ္ဏမှ ဇမ္ဗူဒီပါကျွန်းလယ်တိုင်အောင် စကြဝဠာယူဇနာဖြင့် တစ်သောင်း, လေးထောင်, ကိုးရာ့တစ်ဆယ့်ငါးယူဇနာ, နှစ်ဂါဝုတ်နှင့် ဥသဘလေးဆယ်ရှိ၏။

(ဤသည်ကား ဇမ္ဗူဒီပါကျွန်း၏ အလယ်၌ အန္တောဝီထိ၏အောက်အရပ်တည်း။)

အဿကဏ္ဏနှင့် ဇမ္ဗူဒီပါအကြားကား စကြဝဠာတာဖြင့် ကိုးထောင်, ကိုးရာ, တစ်ဆယ့် ငါးယူဇနာ, နှစ်ဂါဝုတ်နှင့် ဥသဘလေးဆယ်ရှိ၏၊ အဿကဏ္ဏမှ စကြဝဠာတောင် တိုင်အောင် လောကာသာဂရအကျယ်ကား စကြဝဠာတာဖြင့် လေးသိန်း, သုံးသောင်း, လေးထောင်, ခုနစ်ရာ့ ကိုးယူဇနာ, တစ်ဂါဝုတ်နှင့် ဥသဘလေးဆယ်ကျယ်၏၊ ဤဆားငန် သမုဒ္ဒရာသည် စကြဝဠာ တောင်အတွင်း၌ရှိသော မြင်းမိုရ်, သတ္တရဘန်, ကျွန်းကြီး, ကျွန်းငယ်တို့ကို ရစ်၍တည်၏။

(တာအပြားသည် စကြဝဠာတာ, မြင်းမိုရ်တာ, ခရီးသွားတာ, အရညကင်တာ-ဟူ၍ ၄-ပါးရှိ၏၊ ပကတိပုရိသ၏ ၂၁-တောင်ဖြင့် စကြဝဠာတာကို ဖွဲ့အပ်၏၊ မဇ္ဈိမ ပုရိသ၏ ၇-တောင်ဖြင့် မြင်းမိုရ်တာကို ဖွဲ့အပ်၏၊ မြင်းမိုရ်တာသည် ပကတိပုရိသ၏

၁၁-တောင့်ထွာ ရှိ၏၊ မဇ္ဈိမပုရိသ၏ အတောင်သည် ပကတိပုရိသ၏ ၁-တောင့်ထွာ ရှိ၏၊ မဇ္ဈိမပုရိသ ၏ ၅-တောင်နှင့် ၆-လက်သစ်ဖြင့် ခရီးတာကို ဖွဲ့အပ်၏၊ မဇ္ဈိမပုရိသ ၏ ၄-တောင်ဖြင့် အရညကင်တာကို ဖွဲ့အပ်၏၊ ဤတာတို့သည် သုတ္တန်အဋ္ဌကထာတို့၌ လာကုန်၏)

✪✪✪✪✪✪✪✪✪✪✪

## ၈၄။ မြင်းမိုရ်တောင် အရောင် ၄-ပါး

၁။ မြင်းမိုရ်တောင်၏ ငွေဖြင့်ပြီးသော အရှေ့နံပါးမှ ထွက်သောငွေရောင်သည် တောင်စဉ် ၇-ထပ်တို့၏ အထက်အဖို့ဖြင့် စကြဝဠာတောင်ဆိုက်အောင် ပြေးလေသော ငွေရောင်ခတ်မိသဖြင့် အရှေ့မျက်နှာလောဏသာဂရ၌ ရေသည် ငွေအဆင်း, နို့ရည်အဆင်းနှင့်တူ၏၊ ထို့ကြောင့် အရှေ့လောဏသာဂရ၌ ရေအပြင်သည် **ခီရ-သာဂရမည်**၏။

၂။ ထိုကဲ့သို့မြင်းမိုရ်၏ တောင်နံပါးမှပြေးလေသော ပတ္တမြားညိုအရောင်ဖြင့် ခတ်မိလေသော တောင်မျက်နှာ လောဏသာဂရအပြင်သည် ညိုသောအရောင်ရှိသောကြောင့် **နီလသာဂရမည်**၏။

၃။ မြင်းမိုရ်တောင်အနောက်မျက်နှာမှ ထွက်ပြေးသောဖလ်ရောင်ဖြင့် ခတ်မိလေသော အနောက်မျက်နှာ လောဏသာဂရအပြင်သည် ဖလ်အဆင်းနှင့်တူ၍ ပကတိဖြစ်ရကား **ပကတိသာဂရ** မည်၏။

၄။ မြင်းမိုရ်တောင်မြောက်မျက်နှာမှ ထွက်ပြေးလေသော ရွှေရောင်ဖြင့် ခတ်မိသော မြောက်မျက်နှာ လောဏသာဂရအပြင်သည် ရွှေအဆင်းနှင့်တူသောကြောင့် **ပီတသာဂရ** မည်၏။

ဤသို့လျှင် သမုဒ္ဒရာ ၄-စင်း-ဟူ၍ အမည်သာဖြစ်သတည်း၊ ရေ၌အခြားမရှိ၊ အရှေ့မျက်နှာ, တောင်မျက်နှာမှထွက်သော အရောင် ၂-ပါးတို့၏ဆုံရာ အထောင့်အရပ်၌သာ အခြားဖြစ်သတည်း၊ ရေသာလျှင် ထိုထိုသို့သော အရောင်တို့နှင့် တူကုန်သည်မဟုတ်၊ ထိုထိုသို့သော အရပ်မျက်နှာတို့၌ သတ္တဝါ, မြေ, တောင်, သစ်ပင်, ကောင်းကင် အလုံးစုံသော ဝတ္ထုတို့သည် ထိုထိုသို့သော အရောင်တို့နှင့် တူလေကုန်သည်သာလျှင်တည်း။

✪✪✪✪✪✪✪✪✪✪✪

## ၈၅။ အရှေ့ကျွန်း

မြင်းမိုရ်, သတ္တရဘန်တို့၏ အရှေ့မျက်နှာ ခီရသာဂရ၌ အရံကျွန်းငယ် ၂,၅၀၀- နှင့် တကွ ပေါ်သောကျွန်းကြီးကား ပြုဗ္ဗဝိဒေဟ မည်၏၊ အလျားအားဖြင့်ငှင်း အနံအားဖြင့် ငှင်း ယူဇနာ ၇,၀၀၀-ရှိ၏၊ သဏ္ဌာန်ကား လထက်ဝက် သဏ္ဌာန်ရှိ၏၊ အဝန်းအားဖြင့် ယူဇနာ ၂၁,၀၀၀-ရှိ၏၊ လထက်ဝက်သဏ္ဌာန်ရှိသောကြောင့် မြောက်မျက်နှာ အရှေ့, အနောက် ယူဇနာ ၆,၀၀၀-ရှိ၏၊ အရှေ့, တောင်, အနောက်၊ ဤ ၃-မျက်နှာကား အဝန်း ဖြစ်သောကြောင့် ယူဇနာ ၁၅,၀၀၀-ရှိ၏၊

ထိုပြုဗ္ဗဝိဒေဟကျွန်း၌ နေသောသူတို့၏မျက်နှာသည်ငှင်း ကျွန်းငယ်တို့၏ သဏ္ဌာန် သည်ငှင်း ထိုကျွန်းငယ်၌ နေသောလူတို့၏ မျက်နှာသည်ငှင်း ထိုကျွန်းနှင့်တူသော သဏ္ဌာန်ရှိ၏၊ ထိုကျွန်းဦး၌ ကုက္ကိုပင်ကြီးရောက်၏၊ ပင်စည်လုံးပတ် ၁၅-ယူဇနာရှိ၏၊ ပင်စည်အမြင့် ယူဇနာ ၅၀-ရှိ၏၊ ခက်မ ၅-ဖြာ အမြင့်ယူဇနာ ၅၀-ရှိ၏၊ အစောက် ယူဇနာ ၁၀၀-မြင့်၏၊ အပြန့်လည်း ယူဇနာ ၁၀၀-ကျယ်၏။

✪✪✪✪✪✪✪✪✪✪

## ၈၆။ ဇမ္ဗူဒီပါတောင်ကျွန်း

တောင်မျက်နှာ နီလသာဂရ၌ အရံကျွန်းငယ် ၂,၀၀၀-နှင့်တကွ ပေါ်သောကျွန်းကြီး ကား အလျား, အနံ ယူဇနာ ၁၀,၀၀၀-ရှိ၏၊ အဝန်းအားဖြင့် ယူဇနာ ၃၀,၀၀၀-ရှိ၏၊ သဏ္ဌာန်ကား လှည်းသဏ္ဌာန်ရှိ၏၊ တောင်မျက်နှာကျွန်းနောက်မြီး ယူဇနာ ၁၀,၀၀၀-ရှိ၏၊ အရှေ့မျက်နှာ, မြောက်မျက်နှာတို့၌ မြောက်သို့ကျွန်းပေါင်တန်း၍လာခဲ့သော် ယူဇနာ ၅,၀၀၀-ခန့်တွင် စဉ်းငယ်အတွင်းသို့ ချုံ့၍ လှည်းဦးကင်းကဲ့သို့လာ၍ မြောက်မျက်နှာ ကျွန်းဦး၌ ယူဇနာ ၃,၀၀၀-အရှည်အနက်ရှိ၏၊ ကျွန်းဦး၌ ဇမ္ဗူသပြေပင်လုံးပတ် ပင်စည် အမြင့်အချင်းယူဇနာ အလုံးစုံကား ကုက္ကိုပင်မှာကဲ့သို့တည်း၊ ထိုဇမ္ဗူသပြေပင်ရောက်သော ကြောင့် ဤတောင်ကျွန်းသည် ဇမ္ဗူဒီပဟူသော အမည်ကိုရ၏၊

အရံကျွန်းငယ် ၂,၀၀၀-တို့၏ သဏ္ဌာန်သည်ငှင်း ဇမ္ဗူဒီပါကျွန်းသူတို့၏ မျက်နှာ သည်ငှင်း, ကျွန်းကြီးသဏ္ဌာန်နှင့်တူ၍ လှည်းအုပ်ဆုံကဲ့သို့ ရှိ၏၊ ဟိမဝန္တာတောင်မှ စီးသက်လာသောမြစ်သည် ဇမ္ဗူသပြေပင်အောက်သို့ စီးလာ၍ သမုဒ္ဒရာသို့ ပေါင်းလေ၏၊

ဇမ္ဗုနဒီမြစ်ဟု တွင်၏၊ ထိုဇမ္ဗူသပြေပင်အောက်၌ ရွှေညွန့်တို့သည် ပေါက်ကုန်၏၊ ဇမ္ဗုနဒီမြစ်ရေကြီးသောအခါ မျော၍ သမုဒ္ဒရာသို့ရောက်လေ၏၊ ဇမ္ဗူသပြေပင်အောက်၌ ပေါက်သည့် ရွှေညွန့်မှဖြစ်သောရွှေသည် ဇမ္ဗုနဒီရွှေ မည်၏။

✪✪✪✪✪✪✪✪✪✪✪

## ၈၇။ အနောက်ကျွန်း

အနောက်မျက်နှာ ပကတိသာဂရ၌ ပေါ်သောအရံကျွန်းငယ် ၂,၀၀၀-နှင့်တကွသော ကျွန်းကြီးသည် အပရဂေါယာနကျွန်း မည်၏၊ အလျား, အနံယူဇနာ ၇,၀၀၀-ရှိ၏၊ အဝန်း ယူဇနာ ၂၁,၀၀၀-ရှိ၏၊ သဏ္ဌာန်ကား ကြေးမုံသဏ္ဌာန်နှင့်တူ၏၊ အရှေ့ မျက်နှာ, တောင်မျက်နှာ, အနောက်မျက်နှာတို့၌ အဝန်းအားဖြင့် ယူဇနာ ၆,၀၀၀-စီ ရှိ၏၊ မြောက်မျက်နှာ၌ကား ယူဇနာ ၃,၀၀၀-မျှရှိ၏၊ ကျွန်းဦး၌ ထိမ်ပင်ကြီးရောက်၏၊ အလုံးအရပ်အချင့်ကား ကုက္ကိုပင်ကဲ့သို့တည်း၊ အရံကျွန်းငယ်တို့၏သဏ္ဌာန်သည်၎င်း, အနောက်ကျွန်းသူတို့၏မျက်နှာသည်၎င်း ကြေးမုံသဏ္ဌာန်နှင့် တူ၏။

✪✪✪✪✪✪✪✪✪✪✪

## ၈၈။ မြောက်ကျွန်း

မြင်းမိုရ်, သတ္တရဘန်တို့မှ မြောက်မျက်နှာ ပီတသာဂရ၌ အရံကျွန်းငယ် ၂,၀၀၀-နှင့် တကွပေါ်သော ကျွန်းကြီးကား ဥတ္တရကုရုကျွန်း မည်၏၊ အလျား, အနံ, အချင့်ယူဇနာ ၈,၀၀၀-စီရှိ၏၊ အဝန်းအားဖြင့် ယူဇနာ ၂၄,၀၀၀-ရှိ၏၊ ကျွန်းဦး၌ ပဒေသာပင်ကြီး ရောက်၏၊ အလုံး, အရပ်, အချင့်ယူဇနာကား ကုက္ကိုပင်နှင့် တူ၏၊ ကျွန်းဦးဟူသည်ကား မြင်းမိုရ်ရှိရာသို့ချည်း ကျွန်းဦးတည်း၊ မြောက်အရပ်ဟူသည်လည်း မြင်းမိုရ်ရှိရာသို့ချည်း သမုတ်၏၊ ဥတ္တရကုရုကျွန်း၏သဏ္ဌာန်ကား ၄-ထောင့်အင်းပျဉ်ကဲ့သို့တည်း၊ ကျွန်းငယ်တို့၏ သဏ္ဌာန်လည်း ကျွန်းကြီးနှင့် အတူတည်း။

✪✪✪✪✪✪✪✪✪✪✪

## ၈၉။ မြောက်ကျွန်းသူတို့၏ အခြင်းအရာအကျယ်

### အနေ, အထိုင်, အဝတ်, အစား

ထိုမြောက်ကျွန်း၌ဖြစ်သောသူတို့၏ ကောင်းမှုအထူးကို ဤသို့ သိအပ်၏၊ ထိုဥတ္တရကုရုကျွန်း၌ ထိုထိုသို့သော အရပ်တို့၌ တစ်ခဲနက်စီအပ်သော သစ်ရွက်ဖြင့် ဖုံးလွှမ်းသောခက်သေး, ခက်မရှိသော စုလစ်တပ်သော တိုက်ပမာရှိသော နှလုံးမွေ့လျော်ဖွယ်ရှိသော မီး, လေ, နေလွတ်သော အရိပ်ရှိသော သစ်ပင်တို့သည် ရှိကုန်၏၊ ထိုသစ်ပင်တို့သည် ထိုကျွန်းသူတို့အား နေရာအိမ်ကိစ္စကို ပြီးစေကုန်၏၊ ထိုသစ်ပင်၌ ချမ်းသာစွာ နေကုန်၏၊ တစ်ပါးသော သစ်ပင်တို့သည်လည်း ကောင်းစွာ ဖြစ်ကုန်၏၊ အခါခပ်သိမ်း အပွင့်, အသီးကို ဆောင်၍ တည်ကုန်၏၊ ရေအိုင်တို့သည် ပွင့်သောပဒုမာ, ကြာပုဏ္ဍရိက်, ကြာတံဆိပ် အစရှိသော ပန်းတို့ဖြင့် ဖုံးလွှမ်းလျက် အခါခပ်သိမ်း ကောင်းသောအနံ့ကို လှိုင်စေလျက် တည်ကုန်၏၊ ထိုမြောက်ကျွန်းသူ, မြောက်ကျွန်းသားအား အလွန်မြင့်ခြင်း, အလွန်နိမ့်ခြင်း, အလွန်မည်းခြင်း, အလွန်ဖြူခြင်း, အလွန်ကြုံခြင်း, အလွန်ဆူခြင်း အပြစ် ၆-ပါးတို့မှ ကင်းကုန်၏၊ အလုံး, အရပ်နှင့် ပြည့်စုံကုန်၏၊ အိုခြင်းဖြင့် မနှိပ်စက်ကုန်သောကြောင့် အရေတွန့်ခြင်း, ဆံဖြူခြင်း အစရှိသော အပြစ်ကင်းကုန်၏။

အနှစ် ၁,၀၀၀- အသက်ရှည်သော ကာလပတ်လုံး မကုန်သောလျင်ခြင်း ခွန်အားလုံ့လရှိကုန်၏၊ မထွန်, မကြဲဘဲ, မစိုက်ဘဲ အလိုလိုရောက်သော သလေးစပါးကို မှီ၍ အသက်မွေးရသည်၏အဖြစ်ကြောင့် လယ်လုပ်ခြင်း, ကုန်သွယ်ခြင်း အစရှိသည်တို့ဖြင့် အာဟာရကို ရှာမှီးခြင်း, ဆင်းရဲခြင်း မရှိ၊ ထို့ကြောင့် ကျွန်မိန်းမ, ကျွန်ယောကျ်ား, အမှုလုပ်တို့ကို သိမ်းဆည်းခြင်း မည်သည်မရှိ၊ ထိုမြောက်ဥတ္တရကုရုကျွန်း၌ အချမ်း, အပူဥတု, ခြင်, မှက်, လေ, နေပူ, မြွေ, ကင်း, သန်း အစရှိသော ဘေးရန်သည်လည်း မရှိ၊ ထိုဥတ္တရ-ကုရုကျွန်း၌ အချမ်း, အပူဥတုသည် တောင်ကျွန်း၌, နွေလတို့၌ နောက်ဆုံးဖြစ်သောလ၌, နံနက်မိုးသောက်ထအခါ၌ အချမ်းအပူမျှသောဥတုကဲ့သို့ ထို့အတူ ထိုကျွန်း၌ အချမ်း, အပူမျှသော ဥတုရှိ၏၊ ထိုမြောက်ကျွန်းသူတို့အား သတ်ခတ်ညှဉ်းဆဲခြင်းသည် မရှိ၊ မထွန်, မကြဲဘဲ အလိုလိုရောက်သော သလေးစပါးမှသီးသော ဆန်ညာ, ဆန်ခွဲ, ဖွဲမရှိသောဆန်ကို မီးခိုး, မီးခဲမရှိသောမီးဖြင့် ချက်၍ စားရကုန်၏။

ထိုဥတ္တရကုရုကျွန်း၌ မီးထွက်သောကျောက်တို့မည်သည် ဖြစ်ကုန်၏၊ ထိုကျွန်းသူတို့သည် ထိုကျောက် ၃-လုံးကို ထား၍ ထိုကျောက်၌ အိုးကို တင်ကုန်၏၊ ထိုကျောက်တို့မှ

မီးထွက်၍ ထိုဆန်ကို ကျက်စေကုန်၏၊ ဆန်ကျက်သောအခါ မီးငြိမ်းလေ၏၊ မီးတောက်စဲသည်ကို အမှတ်ပြု၍ ထမင်းအိုးကို ချကုန်၏၊ ထမင်းမှတပါး ဟင်းချက်ခြင်းမည်သည် မဖြစ်ကုန်၊ ထမင်းစားကုန်သောသူတို့၏ စိတ်နှင့်လျော်စွာ အမဲ, ဟင်းလျာ အရသာတို့သည် ဖြစ်ကုန်၏၊ ထိုဘောဇဉ်ကို စားကုန်သော မြောက်ကျွန်းသူတို့အား နူနာ, အိုင်းအနာ, ခယရုတ်အနာ, ချောင်းဆိုးအနာ, ကုတ်ဟီးအနာ, ဝက်ရူးအနာ၊ ဤသို့ အစရှိသော တစ်စုံတစ်ခုသော အနာသည် မဖြစ်၊ ထိုထမင်းစားရာသို့ ရောက်လာကုန်သောသူတို့အား ပေးကုန်၏၊ ဝန်တိုခြင်းမည်သည် မရှိ၊ ဘုရား, ပစ္စေကဗုဒ္ဓါ အစရှိသော တန်ခိုးကြီးသောသူတို့သည် ထိုမြောက်ကျွန်းသို့ သွား၍ ဆွမ်းခံကုန်၏။

## အရွယ်အဆင်းနှင့် မွေးဖွားခြင်း

ထိုမြောက်ကျွန်းသူ, မြောက်ကျွန်းသားတို့သည် ကုန်းသောသူ, ကွသောသူ, ခြေခွင်သောသူ, ဆွံ့သောသူ, လက်ကောက်သောသူ, ကန်းသောသူ, မျက်စိကြောင်သောသူ, စက္ခု အစရှိသော ဣန္ဒြေချို့တဲ့သောသူတို့သည် မဖြစ်ကုန်၊ ထိုမြောက်ကျွန်း၌ မိန်းမတို့သည် မမြင့်လွန်း, မနိမ့်လွန်း, မဖြူလွန်း, မမည်းလွန်း, မဆူ, မကြုံ တင့်တယ်ခြင်းသို့ ရောက်သောအဆင်း ရှိကုန်၏၊ ရှည်သောလက်ချောင်း, ခြေချောင်း ရှိကုန်၏၊ နီသောလက်သည်း ရှိကုန်၏၊ မရှည်သောသားမြတ် ရှိကုန်၏၊ ငယ်သောခါး ရှိကုန်၏၊ လပြည့်ဝန်းနှင့်တူသော မျက်နှာ ရှိကုန်၏၊ ကျယ်သောမျက်စိ ရှိကုန်၏၊ နူးညံ့သောကိုယ်, လက်, ခြေ ရှိကုန်၏၊ ဖြူသောသွား  ရှိ၏၊ နက်သောချက် ရှိ၏၊ သေးလုံးသောမြင်းခေါင်း ရှိ၏၊ ရှည်သော, ညိုသော သားလျှီးစားကဲ့သို့ အဖျားကော့ညွတ်သောဆံ ရှိ၏၊ အပြန့်ကျယ်သော မနက်သော ယောနိ ရှိ၏၊ မထူလွန်းသောအမွေး ရှိ၏၊ ဥတုကောင်းသောအတွေ့ ရှိ၏၊ သိမ်မွေ့၏၊ ပြေပြစ်သောစကား ရှိ၏၊ အထူးထူးသော တန်ဆာကိုဆင်လျက် သွားကုန်၏။

အခါခပ်သိမ်း ၁၆-နှစ်အရွယ်ကဲ့သို့ ရှိကုန်၏၊ ယောကျ်ားတို့သည် ၂၅-နှစ်အရွယ်ကဲ့သို့ ဖြစ်ကုန်၏၊ သား, သမီးတို့၌ တပ်ခြင်း မရှိကုန်၊ ဤသို့ မတပ်ခြင်းသည် ထိုကျွန်း၌ ဓမ္မတာတည်း၊ ထိုကျွန်း၌ မိန်းမ, ယောကျ်ားတို့သည် ၇-ရက်တစ်ကြိမ် ကာမဂုဏ်၌ မွေ့လျော်ကုန်၏၊ ထို့နောင်မှ ရာဂကင်းသောသူကဲ့သို့ သွားလေကုန်၏၊ ဤဇမ္ဗူဒီပါကျွန်း၌ကဲ့သို့ ထိုမြောက်ကျွန်း၌ ပဋိသန္ဓေနေရခြင်း အရင်းရှိသောဆင်းရဲ, ကိုယ်ဝန်ဆောင်ရခြင်း အရင်းရှိသောဆင်းရဲ, သားဖွားရခြင်းအရင်းရှိသော ဆင်းရဲမည်သည် မရှိ၊ နီလှစွာသော သင်တိုင်းမှ ရွှေဆင်းတုကဲ့သို့ အမိဝမ်းမှ သလိပ်အစရှိသည်ဖြင့် မလိမ်းကျံသည်ဖြစ်၍ ဖွားကုန်၏၊ ဤသို့ ဖွားခြင်းသည်လည်း ထိုကျွန်း၌ ဓမ္မတာတည်း၊ အမိသည်

သားကိုရင်း သမီးကိုရင်း ဖွားပြီး၍ ထိုဖွားရာအရပ်၌ ထားခဲ့၍ ငဲ့ကွက်ခြင်းကင်းသဖြင့် အလိုရှိသောအရပ်သို့ သွားလေ၏။

ထိုအရပ်၌ အိပ်နေကုန်သောသူငယ်တို့အား အကြင်ယောကျ်ားတို့သည်ရင်း မိန်းမတို့သည်ရင်း မြင်ကုန်၏၊ ထိုသူတို့သည် မိမိ, မိမိတို့၏ လက်ညှိုးကို သူငယ်တို့၏ခံတွင်းသို့ တပ်ကုန်၏၊ ထိုသူငယ်တို့၏ ကံကြောင့် လက်ညှိုးမှ နို့ရည်ထွက်၏၊ ထိုနို့ရည်ဖြင့် သူငယ်တို့သည် မျှကုန်၏၊ ဤသို့ ကြီးကုန်သဖြင့် ၃, ၄-ရက်မျှဖြင့် ရအပ်သောခွန်အား ရှိကုန်၍ မိန်းမငယ်တို့သည် မိန်းမကြီးတို့သို့ ကပ်လေကုန်၏၊ ယောကျ်ားငယ်တို့သည် ယောကျ်ားကြီးတို့သို့ ကပ်လေကုန်၏။

## ပဒေသာပင်နှင့်သစ်ပင်များ

ထိုမိန်းမငယ်, ယောကျ်ားငယ်တို့အား ပဒေသာပင်အဝတ်တန်ဆာတို့သည် ဖြစ်ကုန်၏၊ အထူးထူးသောအဆင်းဖြင့် ဆိုးအပ်ကုန်သော, သိမ်မွေ့နူးညံ့ကုန်သော, ကောင်းသောအတွေ့ ရှိကုန်သော အဝတ်တို့သည် ထိုထိုသောအရပ်၌ ပဒေသာပင်၌ ဆွဲလျက် တည်ကုန်၏၊ အထူးထူးသော ရောင်ခြည်ကွန့်ယက်ဖြင့် တောက်ပသော, အထူးထူးသော ရတနာတို့ဖြင့် မြေးရံအပ်သော, တစ်ပါးမကများသော ခြူးပန်း, ခြူးနွယ်တို့ဖြင့် ဆန်းကြယ်သော, ရွှေဖြင့်ပြီးကုန်သော ဦးခေါင်းတန်ဆာ, လည်၌ဆင်ကောင်းသော တန်ဆာ, နား၌ဆင်ကောင်းသော တန်ဆာ, လက်၌ဆင်ကောင်းသော တန်ဆာ, ခါး၌ ဆင်ကောင်းသော တန်ဆာ, ခြေ၌ဆင်ကောင်းသော တန်ဆာတို့သည် ပဒေသာပင်၌ ဆွဲလျက် တည်ကုန်၏၊ ထိုမှတပါး စောင်း, မုရိုးစည်, ထက်စည်, လက်ချပ်, ခွက်ခွင်း, ကြေးနင်း, ခရုသင်း, နှဲ, ခရာ, ပြွေ, ငြင်း အစရှိကုန်သော စည်ဘဏ္ဍာတို့သည်လည်း ပဒေသာပင်၌ ဆွဲ၍ ပါကုန်၏။

ထိုမြောက်ကျွန်း၌ များစွာကုန်သောအသီးကို ဆောင်ကုန်သောသစ်ပင်တို့သည် အိုးစရည်းမျှ အတိုင်းအရှည်ရှိကုန်သော အသီးတို့ကို သီးကုန်၏၊ ချိုမြတ်သောအရသာ ရှိကုန်၏၊ ထိုသစ်သီးတို့ကို စားကုန်၍လည်း ၇-ရက်တိုင်တိုင် ဝတ်မွတ်ဆာလောင်ခြင်း ပျောက်ကုန်၏။

ထိုကျွန်း၌ မြစ်တို့သည်လည်း စင်ကြယ်သောရေ ရှိကုန်၏၊ နှလုံးမွေ့လျော်ဖွယ်သော ကောင်းသောရေဆိပ် ရှိကုန်၏၊ ရွံ့ညွန်မရှိသဖြင့် သဲဖြင့်ပြီးသောဆိပ် ရှိကုန်၏၊ မချမ်းလွန်း, မပူလွန်း ကောင်းသောအနံ့ရှိကုန်သော ရေပန်းတို့ဖြင့် ဖုံးလွှမ်းကုန်လျက်

အခါခပ်သိမ်း ကောင်းသောအနံ့တို့ဖြင့် လှိုင်ကုန်လျက် စီးကုန်၏၊ ထိုကျွန်း၌ အဆူးရှိသော ကြမ်းတမ်းရှန့်ရင်းသော ချုံနွယ်တို့သည် မရှိကုန်၊ အဆူးမရှိသော အသီး, အပွင့်တို့ဖြင့် ဖုံးလွှမ်းသော ချုံနွယ် သစ်ပင်တို့သာ ရှိကုန်၏၊ စန္ဒကူး, ကံ့ကော်ပင်တို့လည်း အလိုလိုသာ လျှင် မွှေးသော အရည်တို့သည် ရှိကုန်၏။

## စိတ်နေစိတ်ထားနှင့် သေခြင်းတရား

ရေချိုးလိုကုန်သောသူတို့သည် မြစ်ဆိပ်၌ တစ်ပေါင်းတည်း အဝတ်တန်ဆာတို့ကို ပုံစုထား၍ မြစ်သို့သက်၍ချိုးပြီးသော် ရေမှတက်၍ ရှေးဦးတက်သောသူတို့သည် အပေါ်, အပေါ်၌ရှိသော အဝတ်တန်ဆာကိုယူ၍ ဝတ်ဆင်ကုန်၏၊ ထိုကျွန်းသူတို့အား "ဤသည် ကား ငါ့အဝတ်တန်ဆာ, ဤသည်ကား သူတပါးအဝတ်တန်ဆာ၊" ဤသို့စိတ် မရှိကုန်၊ ထို့ကြောင့် ထိုကျွန်းသူတို့အား ကိုယ်, လက်ထိပါး၍ ငြင်းခုံခြင်း မည်သည်မရှိ၊ ဆန့်ကျင်သော စကားကိုဆို၍ နှုတ်ဖြင့် ငြင်းခုံခြင်းမည်သည် မရှိ၊ ထိုကျွန်းသူတို့သည် အိမ်ရာဟူ၍ မဆောက်မလုပ်ပြီ၊ အကြင်သစ်ပင်၌ အိပ်လို, နေလိုကုန်၏၊ ထိုသစ်ပင်၌ အကာ, အရံ, အိပ်ရာ, နေရာ, ဖျာအခင်းတို့ကို ရကုန်၏။

သေသည်ရှိသော် မစိုးရိမ်ကုန်၊ မငိုကြွေးကုန်၊ ကောင်းမွန်စွာ တန်ဆာဆင်၍ ထားကုန်၏၊ ထိုခဏ၌ ထိုလူသေအကောင်ကို ချီနိုင်သောငှက်ကြီးတို့သည် လာကုန်၍ အကောင်ကို ချီ၍ ကျွန်းတစ်ပါးသို့ ဆောင်လေကုန်၏၊ ထိုဥတ္တရကုရုကျွန်း၌ သုသာန်တစ မည်သည် မရှိ၊ ကျင်ကြီး, ကျင်ငယ်, မစင်တီးပြင်စွန့်ရာ မစင်ကြယ်သော အရပ်မည်သည် မရှိ၊ ထိုကျွန်းမှ စုတေကုန်သောသူတို့သည် ငရဲသို့မလားရကုန်၊ တိရစ္ဆာန်ဘုံ၌ မဖြစ်ရကုန်၊ ပြိတ္တာဘုံ၌ မဖြစ်ရကုန်၊ ဓမ္မတာအားဖြင့်ပြီးသော ပဉ္စသီလ၏ အာနုဘော်ဖြင့် နတ်ပြည်၌သာ ဖြစ်ရကုန်၏၊ အနှစ် ၁,၀၀၀-ပတ်လုံးသာလျှင် ကျွန်းသူ, ကျွန်းသားတို့သည် အသက်ရှည် ကုန်၏၊ ဤအလုံးစုံတို့သည် ပဉ္စသီလကဲ့သို့ ဓမ္မတာအားဖြင့် ပြီးကုန်၏၊ ဤသို့ မြောက် ကျွန်းသူတို့၏ ကောင်းမှုအထူးကို သိရာ၏။

(အရှေ့ကျွန်း၌ လူတို့အသက်ကား အနှစ် ၇၀၀- အမြဲရှည်ကုန်၏၊ မြောက်ကျွန်း၌ကား အနှစ် ၁,၀၀၀-အသက်ရှည်ကုန်၏၊ အနောက်ကျွန်း၌ကား အနှစ် ၅၀၀-အသက်ရှည်ကုန်၏)

✪✪✪✪✪✪✪✪✪✪✪

## ၉၀။ တောင် ၅-လုံး၊ နန္ဒမူလိုဏ်၊ မဥ္ဇူသကပန်းပင်

### တောင် ၅-လုံး

ဇမ္ဗူဒီပါကျွန်းသည် အလျား, အနံအားဖြင့် ယူဇနာ ၁၀,၀၀၀-စီရှိ၏၊ တောင်, မြောက်အားဖြင့် အလျားယူဇနာ ၁၀,၀၀၀-ကို ၃-ဖို့ပြုသော် တစ်ဖို့, တစ်ဖို့၌ ယူဇနာ ၃၃၀၃-ယူဇနာ, ၁-ဂါဝုတ်, ၂၅-ဥသဘနှင့် ၇-တာခန့်ရ၏၊ ဇမ္ဗူဒီပါကျွန်းသည် တောနေ-၃၀၀၀, ရေနေ-၄၀၀၀, လူနေ ၃၀၀၀-ဟူရကား ၃-ဖို့တွင် မြောက်စွန်းအဖို့၌ ဟိမဝန္တာတောင်တည်း၊ ယူဇနာ ၅၀၀-မြင့်၏၊ အလျား, အနံအချင်းကား ယူဇနာ ၃,၀၀၀-ရှိ၏၊ အဝန်းအားဖြင့် ယူဇနာ ၉,၀၀၀-ရှိ၏၊ သုဒဿနကူဋ, စိတြကူဋ တောင်ထွဋ်ကဲ့သို့ ၈၄,၀၀၀-သော တောင်ထွဋ်တို့ဖြင့် တန်ဆာဆင်အပ်သည်ဖြစ်၍ တင့်တယ်၏၊ ထက်ဝန်းကျင်မှ စီးသော ၅၀၀-သောမြစ်တို့ဖြင့် တင့်တယ်၏၊

ထိုဟိမဝန္တာတောင်၌ အလျားအားဖြင့်ငှင်း အနံအားဖြင့်ငှင်း အစောက်အားဖြင့်ငှင်း ယူဇနာ-၅၀, ၅၀-စီရှိသော အဝန်းအားဖြင့် ယူဇနာ ၁၅၀-စီရှိသော-

အနဝတတ်အိုင် ကဏ္ဏမုဏ္ဍအိုင် ရထကာရအိုင်

သီဟပပါတအိုင် ဆဒ္ဒန္တအိုင် မန္ဒာကိနီအိုင် ကုဏာလအိုင်

ဤအိုင်ကြီး ၇-အိုင်တို့သည် တောင်ထိပ်၌ ရှိကုန်၏။

ထို ၇-အိုင်တို့တွင် အနဝတတ်အိုင်၌-

သုဒဿတောင် စိတြကူဋတောင် ကာလကူဋတောင်

ဂန္ဓမာဒနတောင် ကေလာသတောင် -

ဟူ၍ ဤ ၅-လုံးသော တောင်တို့သည် တံတိုင်းကဲ့သို့ ရံကုန်၏၊

- သုဒဿနတောင်ကား ရွှေဖြင့် ပြီး၏၊ အတွင်းသို့ ကောက်၏၊ ကျီးနှုတ်သီး သဖွယ်ရှိ၏၊
- စိတြကူဋတောင်၌ကား ရတနာ ၇-ပါးဖြင့် ပြီး၏၊
- ကာလကူဋ တောင်ကား မျက်စဉ်းကျောက်ဖြင့် ပြီး၏၊
- ဂန္ဓမာဒနတောင်ကား ပတ္တမြားကျောက်ဖြင့် ပြီး၏၊
- ကေလာသတောင်ကား ရွှေဖြင့် ပြီး၏၊

ထိုတောင် ၅-လုံးတို့သည် ယူဇနာ ၂၀၀-စီ အစောက် မြင့်၏၊ အလျားလည်း ယူဇနာ ၂၀၀-စီရှိကုန်၏၊ အနံကား- ယူဇနာ ၅၀-စီရှိ၏။ အနဝတတ်အိုင်ကို ဖုံးလွှမ်း၍ တည်ကုန်၏၊ ထိုတောင်တို့မှမြစ်တို့သည် အနဝတတ်အိုင်သို့ချည်း စီးဝင်ကုန်၏၊ လ, နေတို့သည် လက်ျာခရီးဖြင့်ငဲ့ လက်ဝဲခရီးဖြင့်ငဲ့ သွားကုန်သည်ရှိသော် ထိုတောင်တို့၏ အကြားဖြင့် ထိုအိုင်၌အလင်းကို ပြုကုန်၏၊ ထိပ်ပေါ်၌ သွားသောအခါ အလင်းကို မပြုနိုင်ကုန်၊ ထို့ကြောင့် ထိုအိုင်သည် **အနောတတ္တ**ဟူသော အမည်ကို ရ၏။

ထိုအိုင်၏အရံတောင်တို့တွင် ဂန္ဓမာဒနတောင်၌-

ကာဠာနုသာရီအစရှိသော အမြစ်နံ့သာ, စန္ဒကူးအစရှိသော အနှစ်နံ့သာ,
ထင်းရှူးအစရှိသော အကာနံ့သာ, လဝင်္ဂအစရှိသော အခေါက်နံ့သာ,
သီးအစရှိသော အပွေးနံ့သာ, ပွဲလျက်အစရှိသော အရည်နံ့သာ,
ပန်းညို အစရှိသော အရွက်နံ့သာ, ကုက်ုမံအစရှိသော အပွင့်နံ့သာ,
ဇာတိပ္ဖိုလ်အစရှိသော အသီးနံ့သာ၊

ဤသို့စသော အနံ့တို့ဖြင့် မိမိ၏အနံ့ကို ယူစေတတ်သောကြောင့် ဂန္ဓမာဒနတောင် မည်၏၊ အထူးထူးအပြားပြားသော ဆေးတို့ဖြင့် ဖုံးလွှမ်း၏၊ လကွယ်ပက္ခဥပုသ်နေ့၌ ရဲရဲတောက်သော မီးကဲ့သို့ တည်၏။

## နန္ဒမူလိုဏ်၊ မဉ္ဇူသကပန်းပင်

ထိုဂန္ဓမာဒနတောင်၏ **နန္ဒမူလ** အမည်ရှိသော တောင်အဝှမ်း၌ အရှင်ပစ္စေကဗုဒ္ဓါတို့၏ နေရာဖြစ်သော ပတ္တမြားလိုဏ်, ရွှေလိုဏ်, ငွေလိုဏ်ဟူ၍ ၃-ပါးအပြားရှိသော လိုဏ်တို့သည် ရှိကုန်၏၊ ထိုလိုဏ်တို့တွင် ပတ္တမြားလိုဏ်တံခါး၌ မဉ္ဇူသကပန်းပင် ရှိ၏၊ အစောက် ၁-ယူဇနာ မြင့်၏၊ အပြန့် ၁-ယူဇနာ ကျယ်၏၊ ထိုသစ်ပင်ရင်း၌ နူးညံ့သိမ်မွေ့သောအပြင်ရှိသော အလျား, အနံ ယူဇနာ ၆၀-ရှိသော အရှင်ပစ္စေကဗုဒ္ဓါတို့၏ စည်းဝေးရာ ကျောက်ဖျာခင်းလျက် တည်၏၊ အကြင်မျှလောက်ရေ၌ ပွင့်သောပန်းတို့သည် ရှိကုန်၏၊ ထိုမျှလောက်သော ပန်းတို့သည် မဉ္ဇူသကပန်းပင်၌ ပွင့်ကုန်၏။

အရှင်ပစ္စေကဗုဒ္ဓါသစ်တို့ ရောက်လာသောနေ့၌ ထိုဂန္ဓမာဒနတောင် မဉ္ဇူသကပန်းပင်၏ အထက်၌ အလုံးစုံသော ရတနာတို့ဖြင့်ပြီးသော အပြင်သည်ရှိ၏၊ ထိုအပြင်၌

တံမြက်လှည်းတတ်သော လေသည် တံမြက်လှည်း၏၊ အညီအညွတ်ပြုတတ်သော လေသည် ရတနာဖြင့် ပြီးသောသဲကို အညီအညွတ်ပြု၏၊ ရေဖျန်းတတ်သောလေသည် အနဝတတ်အိုင်မှ ရေကို ဆောင်၍ ဖျန်းဆွတ်၏၊ ကောင်းသောအနံ့ကို ပြုတတ်သောလေသည် မွှေးသော အနံ့ရှိကုန်သော ခပ်သိမ်းသောသစ်ပင်တို့၏ အနံ့ကို ဆောင်ပေ၏၊ ပန်းပွင့်တို့ကို ဆွတ်တတ်သောလေသည် ပန်းပွင့်တို့ကို ဆွတ်၍ ရောက်စေ၏၊ ပန်းအခင်းကို ပြုတတ်သော လေသည် ခင်းပေ၏၊ အခါခပ်သိမ်း ပန်းအခင်းတို့သည် ဤရတနမာလ၌ ခင်း၍ တည်ကုန်၏။

ထိုပန်းအခင်း၌ ပစ္စေကဗုဒ္ဓါသစ်ရောက်သောနေ့၌ငှင်း ဥပုသ်နေ့၌ငှင်း ခပ်သိမ်းသော ပစ္စေကဗုဒ္ဓါဘုရားတို့သည် စည်းဝေးကုန်၏၊ ဤသည်လျှင် ဓမ္မတာတည်း၊ အသစ်ဖြစ်သော ပစ္စေကဗုဒ္ဓါတို့သည် ထိုရတနမာလသို့ သွား၏၊ ထိုအခါ၌ တစ်ပါးသော ပစ္စေကဗုဒ္ဓါတို့သည် အကယ်၍ ရှိကုန်အံ့၊ ထိုခဏ၌ စည်းဝေးကုန်၍ ပန်းအခင်း၌ နေကုန်၍ စိုးစဉ်းမျှ သမာပတ်ကို ဝင်စားကုန်၍ ထကုန်၏၊ ထို့နောင်မှ မထေရ်ကြီးသည် ယခုရောက်သစ်စ ပစ္စေကဗုဒ္ဓါကို "ကတမဓိကတံ" စသည်ဖြင့် ကမ္မဋ္ဌာန်းကို မေး၏၊ ထိုပစ္စေကဗုဒ္ဓါသစ်သည် မိမိဥဒါန်းဂါထာကို ဆိုပေ၏၊ ဤသို့လျှင် ဂန္ဓမာဒနတောင်သည် အရှင်ပစ္စေကဗုဒ္ဓါတို့၏နေရာ ဖြစ်၏။

✪✪✪✪✪✪✪✪✪✪✪

## ၉၁။ အနဝတတ်အိုင်

ထိုအနဝတတ်အိုင်၌ ရေတို့သည် မြအဆင်းနှင့် တူကုန်၏၊ ငါး, လိပ်တို့သည် ဖလ်အဆင်းနှင့် တူကုန်၏၊ ထိုအနဝတတ်အိုင်ရေကို သုံးဆောင်ကုန်သော သတ္တဝါတို့၏ ကံကြောင့် ကောင်းစွာစီရင်အပ်ကုန်သည်ဖြစ်၍ နူးညံ့သိမ်မွေ့သော အတွေ့ရှိသော စောင်းတန်းလှေကား, ကျောက်ဖျာအပြင် ဆိပ်တို့သည် ရှိကုန်၏၊ ထိုဆိပ်တို့၌ ဘုရား ပစ္စေကဗုဒ္ဓါတို့သည်ငှင်း ရဟန္တာတို့သည်ငှင်း တန်ခိုးကြီးသော နတ်,သိကြား အစရှိသော သူတို့သည်ငှင်း ရေချိုးကုန်၏, ကစားကုန်၏၊ ထိုအနဝတတ်အိုင်၏ နံပါး ၄-မျက်နှာတို့၌ ခြင်္သေ့နှုတ်သီး, ဆင်နှုတ်သီး, မြင်းနှုတ်သီး, နွားနှုတ်သီး ဟူ၍ ရေထွက်ရာပြွန်ဝ ၄-ပေါက်တို့သည် ရှိကုန်၏။

၁။ **အရှေ့မျက်နှာ** ခြင်္သေ့ခံတွင်းမှထွက်သောရေသည် ထိုအိုင်ကို လက်ျာရစ် ၃-ပတ်လည်၍ အရှေ့သမုဒ္ဒရာသို့ ဆင်းလေ၏၊ ခြင်္သေ့ခံတွင်းမှထွက်သော မြစ်နား၌ ခြင်္သေ့တို့သည် များကုန်၏။

၂။ **မြောက်မျက်နှာ** ဆင်ခံတွင်းမှထွက်သောရေသည် ထိုအိုင်ကို လက်ျာရစ် ၃-ပတ်လည်၍ လူမတွေ့သော မြောက်သမုဒ္ဒရာသို့ ဆင်းလေ၏၊ ထိုမြစ်နား၌လည်း ဆင်တို့သည် များကုန်၏။

၃။ **အနောက်မျက်နှာ** မြင်းခံတွင်းမှထွက်သောရေသည်လည်း ၎င်းအိုင်ကို လက်ျာရစ် ၃-ပတ်လည်၍ အနောက်သမုဒ္ဒရာသို့ ဆင်းလေ၏၊ ထိုမြစ်နား၌ မြင်းတို့သည် များကုန်၏။

၄။ **တောင်မျက်နှာ** နွားခံတွင်းမှထွက်သော ရေသည်လည်း အနဝတတ်အိုင်ကို လက်ျာရစ် ၃-ပတ်လည်၍ ဇမ္ဗူဒီပါကျွန်းအပြင်သို့ ဆင်းလာ၏၊ ထိုမြစ်နား၌ နွားတို့သည် များကုန်၏။

ထိုနွားခံတွင်းမှ ထွက်သောရေသည် ထိုအိုင်ကို ၃-ပတ်လည်၍ တောင်သို့ဖြောင့်စွာ ကျောက်ဖျာအပြင်ဖြင့် ယူဇနာ ၆၀-တိုင်အောင် စီးလာ၍ ယူဇနာ ၆၀-အဆုံး၌ ကျောက်အတိတစ်ခဲနက်ပြီးသော တောင်ကို ခတ်မိသဖြင့် တောင်ကို လွှမ်းတက်၍ အဝန်းအားဖြင့် ၃-ဂါဝုတ်ပမာဏရှိသော ရေအယဉ်ဖြစ်၍ ကောင်းကင်သို့ ယူဇနာ ၆၀-တိုင်အောင် စီး၍ **တိယဂ်လကျောက်ဖျာ**ထက် ကျ၏၊ ကျောက်ဖျာ၌ရေအယဉ် ထွင်းသဖြင့် ကွဲပြတ်၍ယူဇနာ ၅၀-မျှရှိသော တိယဂ်လရေကန်ကြီး ဖြစ်၏၊ ရေကန်ကမ်းနားကို ခွဲ၍ ကျောက်ဖျာတွင်းသို့ ဝင်၍ ယူဇနာ ၆၀-တိုင်အောင် စီးလေ၏၊ ကျောက်ဖျာအဆုံး၌ တစ်ခဲနက်သော မြေကိုခွဲ၍ ဥမင်လိုဏ်ခေါင်းဖြင့် ယူဇနာ ၆၀-တိုင်အောင် စီးလေ၏၊ ယူဇနာ ၆၀-အဆုံး၌ လက် ၅-ချောင်းအခွံကဲ့သို့ ဖီလာစီးလျက်တည်သော **တိရိယတောင်**ကို တိုက်မိသဖြင့် မြေထက်ပေါ်ထွက်၍ ၅-စင်းဖြာ၍ စီးလေ၏။

၁။ အိုင်က ၃-ပတ်ခွေလည်ရာ၌ **အာဝဋ္ဋဂင်္ဂါ** မည်၏။

၂။ ကျောက်ဖျာအပြင်ဖြင့် ယူဇနာ ၆၀-တိုင်စီးရာ၌ **ကဏှဂင်္ဂါ** မည်၏။

၃။ ကျောက်အတိပြီးသော တောင်ကို ခတ်မိသဖြင့် တောင်ကိုလွှမ်းတက်၍ ကောင်းကင်၌ ယူဇနာ ၆၀-တိုင်တိုင်စီးရာ၌ **အာကာသဂင်္ဂါ** မည်၏။

၄။ တိယဂ်လကျောက်ဖျာ၌ ယူဇနာ ၅၀-အရပ်၌ တိယဂ်လရေကန် မည်၏။

၅။ ကမ်းနားကိုခွဲ၍ ကျောက်ဖျာသို့ဝင်၍ ယူဇနာ ၆၀-တိုင်တိုင်စီးရာ၌ ဗဟာလဂင်္ဂါ မည်၏။

၆။ အဆုံး၌ တစ်ခဲနက်သော မြေကိုထွင်း၍ ဥမင်လိုဏ်ခေါင်းဖြင့် ယူဇနာ ၆၀-တိုင် စီးရာ၌ ဥမင်္ဂဂင်္ဂါ မည်၏။

တိရိယတောင်ကို ခတ်မိသဖြင့် ၅-စင်း, ၅-မြွာကွဲလျက် မြေထက်ပေါ်ထွက်၍စီးရာ၌ကား ဂင်္ဂါ, ယမုနာ, အစိရဝတီ, မဟီ, သရဘူ ဟူ၍မြစ်ကြီး ၅-သွယ်ဖြစ်၏၊ ထို ၅-သွယ်တို့တွင် ဂင်္ဂါ, ယမုနာ, အစိရဝတီတို့ကား မဇ္ဈိမဒေသထဲသို့ ကျလာ၏၊ မဟီ, သရဘူတို့ကား မဇ္ဈိမဒေသ၏အနောက်ဖြင့် စီးလေကုန်၏၊ ဂင်္ဂါမြစ်ကား အရှေ့စွန်းတည်း။ ဤသို့ မြစ်ကြီး ၅-သွယ်တို့သည် ဟိမဝန္တာတောင်၌ အိုင်ကြီး ၇-အိုင်တို့တွင် အနဝတတ်အိုင်မှ ဖြစ်ကုန်သတည်း။

✪✪✪✪✪✪✪✪✪✪

## ၉၂။ ဆဒ္ဒန်အိုင်

ဟိမဝန္တာတောင်ဟူသည်လည်း နွေလအခါ ဆီးနှင်းကို သောက်တတ်၍ ဆီးနှင်းရှိသောကြောင့် ဟိမဝန္တာ မည်၏၊ ဆဒ္ဒန်အိုင်၏အလယ် ၁၂-ယူဇနာရှိသော အရပ်၌ မှော်သည်ငုံး ကညွှန့်သည်ငုံး မရှိ၊ မြအဆင်းနှင့်တူသော ရေသည်သာလျှင် ကောင်းစွာတည်၏၊ ထို ၁၂-ယူဇနာ၏အခြားမဲ့၌ ၁-ယူဇနာအပြန့်ရှိသော သက်သက်သော ကြာဖြူတောသည် ထို ၁၂-ယူဇနာ အလျား, အနံရှိသောရေကိုရံ၍ တည်၏၊ ထိုကြာဖြူတောကို ၁-ယူဇနာအပြန့်ကျယ်သော ကြာညိုတောသည်ရံ၍ တည်၏၊ ထိုကြာညိုတောကို ၁-ယူဇနာ, ၁-ယူဇနာစီ အပြန့်ရှိသော ကြာနီတော, ကြာဖြူတော, ပဒုမာကြာနီတော, ပဒုမာကြာဖြူတော, ကုမုဒြာကြာတောတို့သည် အဆင့်ဆင့် ရေးရေးသောတောကို ရံ၍ တည်ကုန်၏၊ ထို ၇-ထပ်ကုန်သော ကြာတောတို့၏အခြားမဲ့၌ ဟင်းရံ့, ကတောက်, မျောက်လျှော်ကူး အစရှိသည်တို့၏အစွမ်းအားဖြင့် ၁-ယူဇနာအပြန့်ကျယ်သော အရောရော ဖြစ်သော တောသည် အလုံးစုံသော ကြာတောတို့ကို ရံ၍ တည်၏။

ထိုတော၏အခြားမဲ့၌ ဆင်တစ်ရပ်မျှရှိသော ရေအရပ်၌ ၁-ယူဇနာအပြန့်ကျယ်သော နီလုပ္ပလ်စွာသော သလေးတောသည် ထိုအလုံးစုံ အရောရောဖြစ်သော တောကိုရံ၍ တည်၏၊ ထိုသလေးတော၏ အခြားမဲ့၌ ရေအဆုံး၌ ညိုသော, နီသော, ဖြူသော အဆင်းရှိကုန်သော၊ မွှေးသောအနံ့ရှိကုန်သော၊ ဝတ်ပန်းပွင့်ရှိကုန်သော၊ ၁-ယူဇနာအပြန့်ကျယ်သော၊

မုလေး, ကြက်ရုံး, ဂမုန်း အစရှိသော ပန်းချုံတောတို့သည် ထိုသလေးတောကို ရံ၍ တည်၏၊ ဤ ၁၀-ပါးသော တောတို့သည် ၁-ယူဇနာစီ အပြန့်ကျယ်၏၊ ထို့နောင်မှ ပဲလွမ်းတော, ပဲကြီးတော, ပဲနောက်တော, သခွါးပြေုတ်တော, သခွားနီတော, ဗူးတော, ဖရုံတော, ကွမ်းသီးပင် ပမာဏရှိသော ကြံတော, ဆင်စွယ်လုံးမျှအသီးရှိသော ငှက်ပျောတော, အင်ကြင်းတော, အိုးစရည်းမျှ အသီးလုံးကြီးသော ပိန္နဲတော, ချိုမြိန်သောအသီးရှိသော သရက်တော, မန်ကျည်းတော, သီးတော, ထို့နောင်မှ အရောရောဖြစ်သော တောကြီးတို့သည် ရှေးရှေးသော တောကိုရံ၍ တည်ကုန်၏။

ထို့နောင်မှ ဝါးတောတည်၏၊ ထိုဝါးတောကိုရံ၍ တောင်, တော ၇-ထပ်တို့သည် တည်ကုန်၏၊ ထိုတောင်, တော ၇-ထပ်တို့တွင်-

- အလုံးစုံ၏ပြင်ဖြစ်သော တောင်ကား **စူဠကာဠတောင်** မည်၏၊ အစောက် ၁-ယူဇနာ မြင့်၏၊
- ထို့နောင် **မဟာကာဠတောင်** မည်၏၊ အစောက် ၂-ယူဇနာ မြင့်၏၊
- ထို့နောင် **ဥဒကပဿတောင်** မည်၏၊ ၃-ယူဇနာ မြင့်၏၊
- ထို့နောင် **စန္ဒပဿတောင်** မည်၏၊ ၄-ယူဇနာမြင့်၏၊
- ထို့နောင် **သူရိယပဿတောင်** မည်၏၊ ၅-ယူဇနာ မြင့်၏၊
- ထို့နောင် **မဏိပဿတောင်** မည်၏၊ ၆-ယူဇနာ မြင့်၏၊
- ထို့နောင် **သုဝဏ္ဏပဿတောင်** မည်၏၊ ၇-ယူဇနာ မြင့်၏၊ သုဝဏ္ဏပဿတောင်ကား အတွင်းဆုံး တည်၏၊

ဤတောင်, တော ၇-ထပ်တို့သည် ဆဒ္ဒန်အိုင်ကို ရံ၍ သပိတ်မျက်နှာဝ အနားရေးကဲ့သို့ တည်ကုန်၏။ သုဝဏ္ဏပဿတောင်၏ အတွင်းနံပါးကား ရွှေအဆင်းနှင့် တူ၏၊ ထိုတောင်မှ ထွက်သော ရွှေရောင်ခတ်မိသဖြင့် ဆဒ္ဒန်အိုင်၌ ရေအလုံးစုံသည် ကောင်းစွာ တက်သော နေလုလင်ကဲ့သို့ ဖြစ်၏။

ထိုဆဒ္ဒန်အိုင်၏ အရှေ့မြောက်ထောင့်အနား၌ ရေ၏အငွေ့ကြောင့်ဖြစ်သော လေဖြင့် ခတ်မိရာအရပ်၌ **ပညောင်ပင်ကြီး** ရှိ၏၊ ထိုပညောင်ပင်၏ ပင်စည်လုံးပတ်ကား ယူဇနာ ၅၀၀-ရှိ၏၊ ပင်စည်အမြင့် ၇-ယူဇနာ ရှိ၏၊ အရပ် ၄-မျက်နှာသို့ သွားလေသည် ၄-ခက်, အထက်သို့ဖြောင့်စွာ တက်လေသည် ၁-ခက်၊ ဤခက်မ ၅-ဖြာတို့သည် ၆-ယူဇနာ ရှိကုန်၏၊ ပင်စည်ခက်မအမြင့်ပေါင်း ၁၃-ယူဇနာရှိ၏၊ အနံအချင်းအားဖြင့်ကား ၁၃-ယူဇနာ

ရှိ၏၊ ၈,၀၀၀-သော မြစ်မ, ပါးပျဉ်းတို့ဖြင့် တန်ဆာဆင်အပ်၏၊ ပတ္တမြားတောင်ကဲ့သို့ တင့်တယ်လျက် တည်၏၊ ဆဒ္ဒန်အိုင်၏ အနောက်မျက်နှာအဖို့၌ ရွှေတောင်၌ ၁၂-ယူဇနာ ရှိသော ရွှေလိုဏ်ရှိ၏၊ ဆဒ္ဒန်ဆင်မင်းသည် မိုးလအခါ၌ ၈,၀၀၀-သော ဆင်တို့ဖြင့် ခြံရံလျက် ရွှေလိုဏ်၌ နေ၏၊ နွေလအခါ၌ ဆဒ္ဒန်အိုင်မှဖြစ်သော လေညှင်းကိုခံလျက် ပညောင်ပင်ရင်း ပါးပျဉ်းကြား၌ နေ၏။

✪✪✪✪✪✪✪✪✪✪✪

## ၉၃။ မန္ဒကိနီအိုင်

မန္ဒာကိနီအိုင်၏အလယ် ၂၅-ယူဇနာ အလျားရှိသောအရပ်၌ မှော်သည်၎င်း ကညွှ်သည်၎င်း မရှိ၊ ဖလ်အဆင်းနှင့်တူသော ရေသည်သာလျှင် တည်၏၊ ထိုရေမှပြင်၌ ဆင်တစ်ရပ်ပမာဏရှိသော ရေ၌ ယူဇနာခွဲ အပြန့်ကျယ်သော ပဒုမာကြာဖြူတောသည် ထိုရေကို ရံ၍ တည်၏၊ ထိုကြာတော၌ ကြာစွယ်သည် ထွန်တုံးပမာဏ ရှိ၏၊ ကြာရင်းသည် စည်ခေါင်းပမာဏ ရှိ၏၊ ထိုကြာရင်း၌ တစ်ခုတစ်ခုသော အဆစ်အကြား၌ တစ်စိတ်အိုးပြည့် လောက်သော ကြာနို့ရည် တည်၏၊ ကြာပန်းတို့၏ပွင့်သောအခါ၌ ထိုအပွင့်တို့မှ ဝတ်မှုံတို့ သည် ထကုန်၍ ကြာရွက်တို့၌ တည်ကုန်၏၊ ထိုဝတ်မှုံတို့၌ ရေပေါက်တို့သည် ကျကုန်၏၊ ထို့နောင်မှ နေပူဖြင့်ကျက်၍ ကျက်ပြီးသော သံခဲတုံးကဲ့သို့ ကြာဖက်ဖျာတို့သည် တည်ကုန်၏။

- ထိုပဒုမာကြာဖြူတောကို ရံ၍ ယူဇနာခွဲအပြန့်ကျယ်သော ပဒုမာကြာနီတော,
- ထိုတောကို ရံ၍ ယူဇနာခွဲစီအပြန့်ကျယ်သော ကုမုဒြာကြာနီတော,
- ထိုတောကို ရံ၍ ကုမုဒြာကြာဖြူတော,
- ထိုတောကို ရံ၍ ကြာညိုတော,
- ထိုတောကို ရံ၍ ကြာနီတောတို့သည် တည်ကုန်၏၊
- ထိုကြာနီတောကို ရံ၍ မွှေးသောအနံ့ရှိသော သလေးစပါးတော,
- ထိုတောကိုရံ၍ ချိုလှစွာသော အရသာရှိသော သခွါးနီတော,
- ထိုတောကို ရံ၍ ဘူးတော, ထိုတောကို ရံ၍ ဖရုံတော,
- ထိုတောကို ရံ၍ ကွမ်းသီးပင်လုံးပမာဏရှိသော ကြံတော,
- ထိုတောကို ရံ၍ ဆင်စွယ်လုံးပမာဏရှိသော အသီးရှိသော ငှက်ပျောတော,

- ထိုငှက်ပျောပင်တို့မှ ၂-ခက်သောအရွက်တို့ကိုစားကုန်၍ ဆင်တို့သည် ပင်ပန်းကုန်၏၊
- ထိုတောကို ရံ၍ အိုးစရည်းလုံးပမာဏ အသီးရှိသော ပိန္နဲတော,
- ထိုတောကို ရံ၍ သရက်တော,
- ထိုသရက်တောကို ရံ၍ သီးတောတို့သည် တည်ကုန်၏၊

ယူဇနာခွဲစီ အပြန့်ကျယ်ကုန်၏၊ အကျဉ်းအားဖြင့် ထိုမန္ဒာကိနီအိုင်၌ စားကောင်းသော သစ်သီးမရှိ ဟူ၍ မဆိုအပ်၊ ရှိသည်သာလျှင်တည်း။

✪✪✪✪✪✪✪✪✪✪

## ၉၄။ ဇမ္ဗူဒီပါကျွန်းတည်ဟန်နှင့် လူနေ, ရေနေ

ဇမ္ဗူဒီပါကျွန်းဦး၌ရောက်သော ဇမ္ဗူသပြေပင်၏ ပင်စည်လုံးပတ်ကား ၁၅- ယူဇနာရှိ၏၊ ခွဆုံတိုင်ပင်စည်အမြင့် ယူဇနာ-၅၀, ခက်မ ၅-ဖြာတို့သည်လည်း ယူဇနာ ၅၀-စီရှိကုန်၏၊ ပင်စည်ခက်မ ၂-ရပ်ပေါင်း ယူဇနာ ၁၀၀-အစောက်မြင့်၏၊ အပြန့်လည်း ယူဇနာ ၁၀၀-ကျယ်၏၊ ထိုဇမ္ဗူသပြေပင်ကြောင့် ဇမ္ဗူဒီပါကျွန်းဟူ၍ အမည်ထင်ရှား၏၊ ထိုဇမ္ဗူသပြေပင်အောက်၌ များစွာသောမြစ်တို့သည် စီးကုန်၏၊ ကမ်းနား ၂-ဖက်တို့၌ ဇမ္ဗူသပြေရွက်ကျရာ၌ ရွှေညွန့်တို့သည် ပေါက်ကုန်၏၊ မြစ်ရေဖြင့် မျော၍ သမုဒ္ဒရာသို့ ဝင်လေကုန်၏၊ ဇမ္ဗူနဒီမြစ်၌ ဖြစ်သောကြောင့် ထိုရွှေကို ဇမ္ဗူနဒီဟု ဆိုအပ်၏၊

| | |
|---|---|
| အရှေ့ကျွန်း၌ ကုက္ကို, | မြောက်ကျွန်း၌ ပဒေသာ, |
| အနောက်ကျွန်း၌ ထိမ်, | အသုရာပြည်၌ သခွတ်, |
| ဂဠုန်ပြည်၌ လက်ပံပင်, | တာဝတိံသာ၌ ပင်လယ်ကသစ်ပင်၊ |

ဤသစ်ပင်တို့၏ အလုံး, အရပ် အပြန့် ယူဇနာ ဇမ္ဗူသပြေပင်နှင့် ပမာဏအတူတူချည်းတည်း။

ရေနေ ၄,၀၀၀-ဟူရာ၌ ထိုအရပ်၌နေကုန်သော သတ္တဝါတို့၏ကံကုန်သဖြင့် သမုဒ္ဒရာရေထဲသို့နစ်၍ အလျား, အနံယူဇနာ ၄,၀၀၀-အရပ်သည် သမုဒ္ဒရာချည်း ဖြစ်လေကုန်၏၊ ရေနစ်ရာအရပ်ကို မည်သည့်နေရာဟူ၍ အထူးကျမ်းဂန် မလာ၊ ဖြစ်ဟန်မူကား တောင်မျက်နှာကျွန်းနောက်မြီး၌ အရှေ့နား, အနောက်နား ဖြစ်ဟန်ရှိ၏၊

လူနေ ၃,၀၀၀-ဟူ၍ ဆိုရာ၌ကား ကမ္ဘာဦးက အကုဋေကိုးသန်း, ခြောက်သိန်းသော သင်္ဘောဆိပ်၊ ရွှေ, ငွေ အစရှိသော ရတနာတို့၏တည်ရာ ၅၆-ရပ်၊ ကိုးသန်း, ကိုးသိန်းသော အခွန်ဆက် ကျေးရွာတို့ဖြင့် တန်ဆာဆင်အပ်သော ကုသဝတီမင်း နေပြည်အမျိုးရှိသော ခြောက်သောင်း, သုံးထောင်သော မြို့ကြီးတို့သည် ဖြစ်ကုန်၏၊ ခြောက်သောင်း, သုံးထောင်, သုံးကြိမ်ပွားသည်ကို ပေါင်း၍ တစ်သိန်း, ရှစ်သောင်း, ကိုးထောင် မြို့ပေါင်းဖြစ်၏၊ စစ်မက်ဘေး, ဘီလူးဘေး, ငတ်မွတ်သော ဘေးတို့ကြောင့် ပျက်သည် ရှစ်သောင်း, လေးထောင် ထင်၏၊ နောက် တစ်ကြိမ်ပျက်ပြန်သည်၊ လေးသောင်း ထင်၏။

ကဿပဘုရားရှင်နောက် အရှင်ပစ္စေကဗုဒ္ဓါအလောင်း မင်းပြုသောအခါ နှစ်သောင်း ထင်၏၊ ငါတို့ဘုရားမဖြစ်မီက စ၍ ဓမ္မာသောကမင်းကြီးလက်ထက်တိုင် ၈၄,၀၀၀-ပွား၏၊ ထိုမြို့တို့နှင့် လျောက်ပတ်သော ရွာ, နိဂုံး, ဇနပုဒ်တို့ဖြင့် ပြည့်စုံ၏၊ အထောင်မက များစွာစီးဝင်လာသောဂင်္ဂါမြစ် အစရှိသောမြစ်တို့ဖြင့် တန်ဆာဆင်၏၊ ဇမ္ဗူဒီပါကျွန်း၌ လူတို့၏အသက် အပိုင်းအခြားကား အမြဲမရှိ၊ ရံခါ အနှစ်အသင်္ချေပတ်လုံး အသက်ရှည်၏၊ ရံခါ ၁၀-နှစ်မျှပင် အသက်တမ်းရှိ၏၊ ကမ္ဘာဦးသူတို့သည် အသင်္ချေယျတမ်း အသက်ရှည်၏၊ အသင်္ချေယျတမ်းမှ ဆုတ်၍ မဟာကထာနတမ်း, မဟာကထာနတမ်းမှ ဆုတ်၍ ကထာနတမ်း၊ ဤသို့ အစရှိသည်ဖြင့် ၁၀-နှစ်တမ်းတိုင်အောင် ဆုတ်၍ အသက်တမ်းရှိ၏၊ ကမ္ဘာဦးသူတို့သည် အသင်္ချေယျတမ်း အသက်ရှည်နေ၏၊ ၁၀-နှစ်မှ တက်ပြန်၍ ၂၀-တမ်း, ၂၀-တမ်းမှတက်ပြန်၍ ၃၀-တမ်း၊ ဤသို့ အစရှိသည်ဖြင့် အသင်္ချေယျတမ်းတိုင်အောင်တက်၍ အသက်ရှည်၏။

✪✪✪✪✪✪✪✪✪✪

## ၉၅။ ငရဲကြီး ၈-ထပ်

ဇမ္ဗူဒီပါကျွန်း၏အောက်၌-

| | | | |
|---|---|---|---|
| သိဉ္ဇိုဝ်း | ကာဠသုတ် | သဃ်ာတ | ရောရုဝ |
| မဟာရောရုဝ | တာပန | မဟာတာပန | အဝီစိ၊ |

ဤ ၈-ထပ်သောငရဲကြီးတို့သည် အစဉ်အတိုင်းဆင့်၍ တည်ကုန်၏၊ ၄-ထောင့်ရှိကုန်၏၊ တံခါး ၄-ပေါက်စီ ရှိကုန်၏၊ သံဖြင့်ပြီးသော မြေ ဖြစ်ကုန်၏၊ သံဖြင့်ပြီးသောနံရံကာကုန်၏၊ သံပြားဖြင့် ဖုံးလွှမ်းအပ်ကုန်၏၊ အတွင်း၌ အစောက် ယူဇနာ ၁၀၀-နက်၏၊

အလျား, အနံ ယူဇနာ ၁၀၀-စီကျယ်ကုန်၏၊ သံဖြင့်ပြီးသော နံရံ၏အထုကား ၉-ယူဇနာစီ ထူကုန်၏၊ ထိုအလုံးစုံသော ငရဲကြီး ၈-ထပ်တို့သည် တစ်ကမ္ဘာပတ်လုံးတည်သော မီးဖြင့် အခြားမဲ့ တောက်ကုန်၏။

✪✪✪✪✪✪✪✪✪✪

## ၉၆။ အဝီစိငရဲကြီး၏အဖြစ်, အပျက်

ထိုငရဲကြီး ၈-ထပ်တို့တွင် အဝီစိကား ယူဇနာ ၁၀,၀၀၀-ရှိ၏၊ အဘယ်သို့ရှိသနည်း ဟူမူကား အရှေ့နံရံမှထွက်သော မီးလျှံသည် အတွင်းယူဇနာ ၁၀၀-ကို ဖြတ်၍ အနောက် နံရံအထု ၉-ယူဇနာကို ထုတ်ချင်းလျှိုဖောက်၍ အနောက်ပြင်သို့ ယူဇနာ ၁၀၀-တိုင်အောင် သွား၏၊ တောင်, အနောက်, မြောက်မျက်နှာနံရံတို့မှထွက်သော မီးလျှံတို့သည်လည်း ထိုနည်းအတူတည်း၊ ဤသို့ မီးလျှံအဆုံးအားဖြင့် အလျား, အနံ ယူဇနာ ၃၁၈- ယူဇနာရှိ၏၊ အဝန်းအားဖြင့် ယူဇနာ ၉၅၄-ယူဇနာရှိ၏၊ နံပါး ၄-မျက်နှာတို့၌ ၄-ထပ်, ၄-ထပ်စီ ဖြစ်ကုန်သော **ဥဿဒရက်ငရဲ**တို့နှင့်တကွ ယူဇနာ ၁၀,၀၀၀- ဖြစ်သတည်း။

အဝီစိဟူသောအမည်လည်း ငရဲမီးလျှံတို့၏ငင်း ငရဲခံရသောသူတို့၏ငင်း ဒုက္ခ ဝေဒနာတို့၏ငင်း အခြားမရှိသည်၏အဖြစ်ကြောင့် **အဝီစိ**ဟု ဆိုအပ်၏၊ ထိုအဝီစိ၌ အရှေ့နံရံမှ ထွက်သောမီးလျှံသည် ယူဇနာ ၁၀၀-အဝကို ဖြတ်၍ အနောက်နံရံကို ထုတ်ချင်းဖောက်၍ အနောက်ပြင်သို့ ယူဇနာ ၁၀၀-တိုင်ပြေးသဖြင့် မီးလျှံ၏အခြား မရှိ၊ အဝီစိငရဲအတွင်း ယူဇနာ ၁၀၀-ရှိသောအရပ်၌ ကျည်တောက်၌သိပ်၍ ပြည့်စေအပ်သော မုန်ညင်းစေ့ကဲ့သို့ ငရဲခံရသော သတ္တဝါတို့သည်လည်း အခြားမရှိ၊

ဤအရပ်၌ သတ္တဝါရှိ၏၊ ဤအရပ်၌ မရှိဟူ၍ မဆိုရ၊ သွား၍ခံကုန်သော, ရပ်၍ခံကုန်သော, ထိုင်၍ခံကုန်သော, အိပ်၍ခံကုန်သော သတ္တဝါတို့၏ အဆုံးသည် မရှိ၊ သွား၍ခံကုန်သော သူတို့သည် ရပ်၍, ထိုင်၍, လျောင်း၍ ခံရကုန်သောသူတို့ကို မမြင်ကုန်၊ ရပ်၍, ထိုင်၍, လျောင်း၍ ခံရကုန်သောသူတို့သည်လည်း ထိုနည်းတူ မမြင်ကြကုန်၊ ဤသို့ သတ္တဝါတို့သည် အခြားမရှိသောကြောင့်လည်း အဝီစိမည်၏၊

ငရဲသူတို့၌ အကုသိုလ်၏အကျိုး အဟိတ်အကုသလဝိပါက် ၇-ခုတို့သည် ဖြစ်ကုန်၏၊ ထိုသို့ ဖြစ်သော်လည်း လျှာဖျား၌ ပျားရည်ပေါက် ၆-ခုတို့ကို ထားပြီးလျှင် သံရည်ပူချသည်ရှိသော် လောင်းခြင်းအားကြီးသောကြောင့် သံပူရည်တစ်ပေါက်သာ ထင်ရှား၍ ပျား ၆-ပေါက်တို့သည် မထင်ရှားသကဲ့သို့ ထို့အတူ ပူလောင်ခြင်းအားကြီးသော ဒုက္ခ

ဝေဒနာသာလျှင် ထင်ရှား၏၊ ဤမှတပါးသော စိတ် ၆-ခုတို့သည် မခေါ်ဝေါ်လောက်ကုန်၊ ဤသို့ ဒုက္ခဝေဒနာ အခြားမရှိသောကြောင့် အဝီစိဟူ၍ ဆိုအပ်၏။

ငရဲကြီးတို့၏ နံပါး ၄-မျက်နှာတို့၌ ဥဿဒရက်ငရဲ ၄-ထပ်, ၄-ထပ်စီရံကုန်သောကြောင့် **ငရဲကြီး ၁-ထပ်ကို ဥဿဒရက်ငရဲ ၁၆-ထပ်စီ ရံကုန်၏၊** ဤအလုံးစုံသော ငရဲတို့၌ ငရဲမီးတို့သည် တစ်ကမ္ဘာပတ်လုံး ပြောင်ပြောင်တောက်လျက် တည်ကုန်၏၊

ဤလူ့ပြည်၌ အကြင်သူတို့သည် မသဒ္ဓါကုန်၊ ရတနာ ၃-ပါးကို မကြည်ညိုကုန်၊ မှားသော အယူရှိကုန်၏၊ ဝန်တိုကုန်၏၊ စဉ်းလဲခက်ထန်ကုန်၏၊ သနားခြင်း မရှိကုန်၊ သတ္တဝါတို့ကို သတ်ကုန်လျက် နှောင်ဖွဲ့ကုန်လျက် ပါဏာတိပါတကို ပြုကုန်၏၊ သူတပါးဥစ္စာကို ခိုးယူကုန်၏၊ လုယက်ကုန်၏၊ သူတပါးတို့၏မယား၌ ပြစ်မှားကုန်၏၊ သူတပါးတို့အား အကျိုးစီးပွားမဲ့ ဖြစ်စိမ့်သောငှါ ကောက်ကျစ်စဉ်းလဲသော သက်သေမှုခြင်း အစရှိသဖြင့် မုသားဆိုကုန်၏၊ သေအရက်ယစ်မျိုးကို သောက်ကုန်၏၊ အနန္တရိယကံ ၅-ပါးကို ပြုကုန်၏၊ နိယတမိစ္ဆာဒိဋ္ဌိအယူ ရှိကုန်၏၊ ရတနာ ၃-ပါးတို့ကို ဆဲရေးကုန်၏၊ ထိုသူတို့သည် ဤငရဲကြီးတို့၌ ခံရလေကုန်၏။

✪✪✪✪✪✪✪✪✪✪✪

## ၉၇။ ငရဲကြီး ၈-ထပ်၏ သက်တမ်း

ဤငရဲကြီးတို့၌ အသက်အပိုင်းအခြားကား-

၁။ လူတို့၏အရေအတွက်ဖြင့် အနှစ်ကိုးသန်းရှိသည့် သိဉ္စိဝ်းငရဲ၌ ၁-နေ့နှင့် ၁-ညဉ့်သာဖြစ်၏၊ ထိုနေ့, ညဉ့်ဖြင့် အရက် ၃၀-သည်တစ်လ၊ ၁၂-လသည် ၁-နှစ်၊ ထိုနှစ်ဖြင့် အနှစ် ၅၀၀-သည် သိဉ္စိဝ်းငရဲ၏ အသက်တည်း။

၂။ လူတို့၏အနှစ် သုံးကုဋေ, အနှစ်ခြောက်သန်းရှိသည့် ကာဠသုတ်ငရဲ၌ ၁-နေ့နှင့် ၁-ညဉ့်ဖြစ်၏၊ ထိုနေ့, ညဉ့် ၃၀-သည် ၁-လ၊ ၁၂-လသည် ၁-နှစ်၊ ထိုနှစ်ဖြင့် အနှစ် ၁၀၀၀-သည် ကာဠသုတ်ငရဲ၏အသက်တည်း။

၃။ လူတို့၏အနှစ် တစ်ဆယ့်လေးကုဋေ, လေးသန်းရှိသည့် သင်္ဃာတငရဲ၌ ၁-နေ့နှင့် ၁-ညဉ့်ဖြစ်၏၊ ထိုနေ့, ညဉ့်ဖြင့် အရက် ၃၀-သည် ၁-လ၊ ၁၂-လသည် တစ်နှစ်၊ ထိုနှစ်ဖြင့် အနှစ် ၂၀၀၀-သည် သင်္ဃာတငရဲ၏ အသက်တည်း။

၄။ လူတို့၏နှစ်ဖြင့် အကုဋေငါးဆယ့်ခုနစ်ကုဋေ, အနှစ်ခြောက်သန်းရှိသည့် ရောရုဝငရဲ၌ ၁-နေ့နှင့် ၁-ညဥ့်ဖြစ်၏၊ ထိုနေ့, ညဥ့် ၃၀-သည် ၁-လ၊ ၁၂-လသည် ၁-နှစ်၊ ထိုနှစ်ဖြင့် အနှစ် ၄,၀၀၀-သည် ရောရုဝငရဲ၌ အသက်အပိုင်းအခြားတည်း။

၅။ လူတို့၏နှစ်ပေါင်း အကုဋေနှစ်ရာ့သုံးဆယ်, အနှစ်လေးသန်းရှိသည့် မဟာရောရုဝငရဲ၌ ၁-နေ့နှင့် ၁-ညဥ့်တည်း၊ ထိုနေ့, ညဥ့် ၃၀-သည် ၁-လ၊ ၁၂-လ သည် ၁-နှစ်၊ ထိုနှစ်ဖြင့် အနှစ် ၈,၀၀၀သည် မဟာရောရုဝငရဲ၌ အသက်အပိုင်း အခြားတည်း။

၆။ လူတို့၏နှစ်ဖြင့် အကုဋေကိုးရာနှစ်ဆယ့်တစ်ကုဋေ, အနှစ်ခြောက်သန်းရှိသည့် တာပနငရဲ၌ ၁-နေ့နှင့် ၁-ညဥ့်သာရှိ၏၊ ထိုနေ့, ညဥ့် ၃၀-သည် ၁-လ၊ ၁၂-လ သည် ၁-နှစ်၊ ထိုနှစ်ဖြင့် ၁၆,၀၀၀-သည် တာပနငရဲ၌ အသက်အပိုင်းအခြားတည်း။

၇။ မဟာတာပန၌ကား- အန္တရကပ်ကိုနှစ်စု, စု၍ တစ်စုသည် တာပနငရဲ၏အသက်တည်း။

၈။ အန္တရကပ်တစ်ကပ်သည် အဝီစိငရဲ၏အသက်တည်း၊ အန္တရကပ်ဟူသည်ကား လူတို့အသက် ၁၀-နှစ်တမ်းမှသည် အစဥ်သဖြင့်ပွား၍ အသင်္ချေယျတမ်းတိုင်လေ၏၊ အသင်္ချေယျတမ်းမှသည် အစဥ်သဖြင့် ဆုတ်၍ လူတို့အသက် ၁၀-တမ်းတိုင်ပြန်သောကာလသည် အန္တရကပ် ၁-ကပ်မည်၏၊ ဤအန္တရကပ်သည်ပင် လျှင် အဝီစိငရဲ၏အသက်တည်း။

ဤငရဲကြီး ၈-ထပ်တို့၌ အသီးအသီးအရံဖြစ်သော ဥဿဒရက်ငရဲငယ်တို့သည် ၁၆-ထပ်စီ ရှိကုန်၏၊ ငရဲကြီးတို့၏အတွင်း၌ ငရဲထိန်းတို့မည်သည် မရှိကုန်၊ ဥဿဒရက်ငရဲ၌သာ ငရဲထိန်းတို့သည် ဖြစ်ကုန်၏၊ ထိုငရဲထိန်းတို့သည်လည်း မကောင်းမှုကြောင့်သာလျှင် လူတို့ပြည်၌ ထောင်မှူးအာဏာသားတို့ကဲ့သို့ ဖြစ်ကုန်၏၊ ဥဿဒရက်ငရဲတို့၌ အလျား, အနံ အပိုင်းအခြား မရှိ၊ ဥဿဒရက်ငရဲတို့နှင့်တကွ ငရဲကြီး ၈-ထပ်တို့သည် ယူဇနာ ၁၀,၀၀၀-စီ ရှိကုန်၏။

✪✪✪✪✪✪✪✪✪✪✪

## ၉၈။ ဥဿဒရက်ငရဲသူတို့၏ မကောင်းမှု

ထိုငရဲကြီး ၈-ထပ်တို့တွင် အလုံးစုံ၏အထက်ဖြစ်သော သိဥ္စိုဝ်းငရဲကို ရံ၍ တည်သော ဥဿဒရက်ငရဲတို့ကို ဤသို့ သိအပ်၏။

၁။ လူ့ပြည်၌ ကိုယ်အား, စည်းစိမ်အား, အာဏာအားဖြင့် ကြီးကုန်သောသူတို့သည် အားနည်းသောသူတို့ကို ညှဉ်းဆဲ, သတ်ပုတ်, ချည်နှောင်ခြင်းကို ပြု၍ သူ့ဥစ္စာကို လုယက်သော သူတို့သည် ပဌမဝေတ္တရဏီငရဲ၌ ဖြစ်လေကုန်၏၊ ထိုဝေတ္တရဏီငရဲ၌ ငရဲထိန်းတို့သည် ပြောင်ပြောင်တောက်ကုန်သော သန်လျက်, လှံ, ခက်ရင်းတို့ကို ကိုင်ကုန်၍ ငရဲခံရသောသူတို့ကို ခုတ်ကုန်၏၊ ထိုးကုန်၏၊ ပုတ်ခတ်ကုန်၏၊ ထိုဆင်းရဲကို မခံနိုင်ကုန်သည်ဖြစ်၍ ပြေးကုန်သော် ငရဲကြိမ်ပိုက်ချောင်း၌ ထိုသူတို့သည် ကျကုန်၏၊ ထိုငရဲကြိမ်ပိုက်ချောင်းသည်ကား ခက်ရင်းသွား ပမာဏရှိသော ဆူးတို့ဖြင့်ပြည့်သော ကြိမ်နွယ်တို့ဖြင့် အထက်၌ ဖုံးလွှမ်း၏၊ ထိုငရဲခံရသောသူတို့သည် ထိုကြိမ်ပိုက်ချောင်း၌ များစွာသော နှစ်တို့ပတ်လုံး ပြောင်ပြောင်တောက်ကုန်သော သင်ခုန်းသွားတို့၌ အပိုင်းပိုင်းပြတ်ကုန်၏။

ထိုသင်ခုန်းသွားတို့၏ အောက်၌ ထန်းလုံးမျှလောက်ကုန်သော ပြောင်ပြောင်တောက်ကုန်သော တံကျင်တို့သည် ပေါက်ကုန်၏၊ ထိုငရဲသူတို့သည် ထိုကြိမ်ဆူးတို့မှ ကျွတ်လျှော၍ ထိုတံကျင်တို့၌ စူးဝင်၍ ငါးမျှားချိတ်၌ မိသောငါးကဲ့သို့ ရှည်မြင့်စွာ ခံရကုန်၏၊ ထိုတံကျင်တို့၏အောက်၌ ပြောင်ပြောင်တောက်သော သင်ခုန်းသွားတို့သည် ရှိကုန်၏၊ ပြောင်ပြောင်တောက်သော သံဖြင့်ပြီးသော ကြာရွက်တို့သည် ရှိကုန်၏၊ ထိုငရဲခံရသောသူတို့သည် တံကျင်မှကျွတ်၍ သင်ခုန်းသွား ကြာဖက်သံရွက်ပေါ်သို့ ကျကုန်၍ ကြာမြင့်စွာ ဆင်းရဲခံရကုန်၏၊ ထို့နောင် ဆားငန်ရေ၌ ကျကုန်၏၊ ထိုရေသည် ပြောင်ပြောင်တောက်လျက် ငရဲခံရသောသူတို့ကို လောင်ကုန်၏၊ ရံခါ အခိုးတို့သည် ထပြန်ကုန်၏၊ ထိုငရဲသူတို့သည် အောက်၌သက်သာရာ ရအံ့ထင်၍ ထိုရေ၌ ငုပ်ကုန်သော် သင်ခုန်းသွားတို့ဖြင့် အပိုင်းပိုင်းပြတ်ကုန်၏၊ ထိုဆင်းရဲကို မခံနိုင်ကုန်၍ ပြင်းစွာ ငိုကြွေးမြည်တမ်းရကုန်၏၊ ရံခါ အကြေသို့ မျောကုန်၏၊ ရံခါ အညာသို့ အလိုလို ဆန်တက်ကုန်၏၊ ဤသို့ သဘောရှိသည်ဖြစ်၍ ကြိမ်ပိုက်ချောင်းငရဲ၌ ခံရကုန်၏။

၂။ ဒုတိယဥဿဒရက်ငရဲ၌ကား ရဟန်း, ပုဏ္ဏားတို့ကို ဆဲရေးကုန်သော စဉ်းလဲဝန်တို ကုန်သောသူတို့သည် ခံရကုန်၏၊ ထိုငရဲ၌ အဖြူ, အနီ, အညို, အရွှေ, အမည်း အားဖြင့် အဆင်း ၅-ပါးရှိကုန်သော ဆင်ပမာဏရှိကုန်သော ခွေးတို့သည်၎င်း ဝန်တင်သော လှည်းပမာဏရှိသော ကျီး, လင်းတတို့သည်၎င်း ထိုငရဲခံရသော သူတို့ကို ကိုက်သတ်, ထိုးဆွ၍ စားကုန်၏။

၃။ တတိယဥဿဒရက်ငရဲ၌ သီလ, သီတင်းနှင့်ပြည့်စုံကုန်သော အပြစ်မရှိကုန်သော သူတို့ကို နှုတ်လှန်ထိုး၍ ထိတ်ခတ်, နှောင်ဖွဲ့ခြင်း ပြုတတ်ကုန်သောသူတို့သည် ခံရကုန်၏၊ ထိုသူတို့သည် အလျှံပြောင်ပြောင်တောက်သော မြေ၌ နင်း၍ သွားရ ကုန်၏၊ မြေကြီးတို့သည် တောက်ကုန်၏၊ ငရဲခံရသောသူတို့သည်လည်း တောက် ကုန်၏၊ ငရဲထိန်းတို့သည် ထန်းလုံးမျှလောက် ပြောင်ပြောင်တောက်သော သံလှံကန်တို့ဖြင့် မြင်းခေါင်းတို့၌ ရိုက်၍ လည်းစေပြီးလျှင် သံလှံကန်တို့ဖြင့် ရိုက်နှက်၍ မှုန့်မှုန့်ညက်ညက် ကြေစေကုန်၏။

၄။ စတုတ္ထဥဿဒရက်ငရဲ၌ ကျောင်းဆောက်ကုန်အံ့၊ သံဃာတို့အား လှူဒါန်းပူဇော် ကုန်အံ့-ဟု ထိုထိုအမျိုးမှ စုရုံးထားသောဥစ္စာကို စားသောက်ကုန်သောသူတို့သည် မီးကျီးစုပြည့်သော တွင်းငရဲ၌ ခံရကုန်၏၊ ထိုငရဲထိန်းတို့သည် ထိုတွင်းသို့ မဆင်းလိုကုန်သောသူတို့ကို နွားကဲ့သို့ ငရဲထိန်းတို့သည် ဝန်းရံ၍ ပြောင်ပြောင် တောက်သော ဓား, လက်နက်တို့ဖြင့် ခုတ်ထစ်ကုန်လျက် မီးကျီးတွင်းသို့ ချကုန်၏၊ ခါးတိုင်အောင် မီးကျီးတွင်း၌ နစ်ကုန်ပြီးသော သူတို့အား ကြီးစွာသော သံတောင်း တို့ဖြင့် မီးကျီးကိုကျုံး၍ ထိပ်ပေါ်၌ ငရဲထိန်းတို့ လောင်းကုန်၏။

၅။ ပဉ္စမဥဿဒရက်ငရဲ၌ သီလ, သီတင်းနှင့်ပြည့်စုံကုန်သော ရဟန်း, ပုဏ္ဏားတို့ကို ညှဉ်းဆဲချုပ်ချယ်ကုန်သော သူတို့သည် လောဟကုမ္ဘီငရဲ၌ ကျကုန်၏၊ ထိုလောဟ- ကုမ္ဘီငရဲသည် တောင်ကြီးပမာဏရှိ၏၊ တစ်ကမ္ဘာပတ်လုံးတည်သော သံရည်ဖြင့် ပြည့်၏၊ ထိုငရဲအိုး၌ ငရဲထိန်းတို့သည် ငရဲခံလာသောသူတို့ကို ဦးခေါင်း ဦးစောက်, ခြေကို မိုးမျှော်ကိုင်၍ ချကုန်၏၊ ထိုသူတို့သည် ထမင်းအိုးပွက်ဆူသောအခါ ဆန်ကဲ့သို့ ကျိုက်ကျိုက်ဆူသော သံရည်ပူ၌ အထက်သို့ပေါ်ပြန်ကာ, အောက်သို့ ငုပ်ပြန်ကာ ဆင်းရဲကြီးစွာ ခံရကုန်၏။

၆။ ဆဋ္ဌဥဿဒရက်ငရဲ၌ ကြက်, ဝက်တို့ကို လည်ကို လိမ်နှတ်၍သတ်စားကုန်သော သူတို့သည် ခံရကုန်၏၊ ထိုသူတို့ကို ငရဲထိန်းတို့သည် ပြောင်ပြောင်တောက်သော သံကြိုးဖြင့် လည်ကို ရစ်ပတ်၍ ၃-ဂါဝုတ်လောက်ကိုယ်ကို ညွတ်စေ၍ လည်ကို

တစ်ပြောင်းပြန်ပြန် နုတ်၍ ပြောင်ပြောင်တောက်သော သံညှပ်တို့ဖြင့်ယူ၍ တစ်ခုသော ပြောင်ပြောင်တောက်သော သံရည်ရှိသော ငရဲအိုး၌ ထည့်ကုန်၏၊ လည်ကို နုတ်ပြီးသောထိုကိုယ်သည် လည်နှင့်တကွ ဦးခေါင်းပေါက်ပြန်၍ တဖန် ခံရပြန်၏။

၇။ **သတ္တမဥဿဒရက်ငရဲ၌** စင်ကြယ်သောစပါးကို စပါးဖျင်းနှင့်(ငှင်း) ရော၍ရောင်းကုန်သောသူတို့သည် ခံရကုန်၏၊ ထိုငရဲ၌ကား တစ်ခြမ်း၌ များစွာသော ရေတို့သည် နှလုံးမွေ့လျော်ဖွယ်ဖြစ်၍ စီးကုန်၏၊ ငရဲခံရသောသူတို့သည် မီးပူဖြင့် ပူလောင်ကုန်သည်ဖြစ်၍ မိမိကိုယ်ကို ရပ်တည်အံ့သောငှာ မတတ်နိုင်ကုန်၍ လက် ၂-ဖက်တို့ကို မြှောက်ကုန်လျက် မြည်တမ်းကုန်လျက် ပြောင်ပြောင်တောက်သော သံမြေကို နင်း၍ မြစ်သို့ သက်ကုန်၏၊ ထိုခဏ၌ ထိုမြစ်ရေသည်လည်း တောက်၏၊ ထိုသတ္တဝါတို့သည်လည်း ပြောင်ပြောင်တောက်လေကုန်၏၊ ရေငတ်၍ သောက်လေသော် ထိုရေသည် ဖွဲ့, စပါးဖျင်းဖြစ်၍ ဝင်လေ၏၊ ထိုသူတို့သည် ရေမွတ်ခြင်းကို မခံနိုင်ကုန်သည်ဖြစ်၍ ထိုဖွဲ့, စပါးဖျင်းကို စားမိလေကုန်၏၊ ထိုဖွဲ့, စပါးဖျင်းတို့သည် ထိုသူတို့၏ကိုယ်ကို လောင်၍ အောက်အဖို့ဖြင့် ထွက်လေကုန်၏။

၈။ **အဋ္ဌမဥဿဒရက်ငရဲ၌** သူတပါးတို့၏ အသက်ရှိသော ဥစ္စာကိုငှင်း အသက်မရှိသော ဥစ္စာကိုငှင်း ခြံစပ်ဖြတ်ခြင်း အစရှိသည်ဖြင့်ငှင်း လှည့်ပတ်သဖြင့်ငှင်း ခိုးယူ၍ အသက်မွေးသောသူတို့သည် ခံရကုန်၏၊ ထိုငရဲ၌ ခံရသောသူတို့ကို မုဆိုးတို့သည် တော၌ သမင်ကို ထိုးကုန်သကဲ့သို့ ခြံရံ၍ မြား, လှံ, ခက်ရင်းတို့ဖြင့် နံပါး ၂-ဖက်တို့ကို ထိုးကုန်၍ အပေါက်ကြီး, အပေါက်ငယ်တို့ကို ပြုကုန်၏၊ ဤသို့ အဖန်တလဲလဲ ဆင်းရဲကြီးစွာ ခံရကုန်၏။

၉။ **နဝမဥဿဒရက်ငရဲ၌** အကြင်သူတို့သည် သား, ငါးတို့ကို သတ်၍ အပိုင်း, အပိုင်း ခုတ်ဖြတ်၍ အစု, အစုပြု၍ ဟင်းမျိုးဈေးခင်း၍ ရောင်းကုန်၏၊ ထိုသူတို့သည် ခံရကုန်၏၊ ထိုသူတို့ကို ငရဲထိန်းတို့သည် သံကြိုးလွန်တို့ဖြင့် လည်၌ ဖွဲ့၍ ငင်ကုန်လျက် ပြောင်ပြောင်တောက်သော သံမြေ၌ လှဲ၍ အထူးထူးသော လက်နက်တို့ဖြင့် ခုတ်ထစ်ကုန်လျက် အိပ်စေကုန်၏၊ တပါးသော ငရဲထိန်းတို့သည် အပိုင်း, အပိုင်းဖြတ်၍ အစု, အစုပြု၍ ဟင်းမျိုးဈေး၌ကဲ့သို့ ထားကုန်၏။

၁၀။ **ဒသမဥဿဒရက်ငရဲ၌ကား** အကြင်သူတို့သည် လက်ဖြတ်ခြင်း, ခြေဖြတ်ခြင်းကို ပြုကုန်၏၊ ဒဏ်ထားသော အသပြာအလို့ငှာ နှိပ်စက်ဖျက်ဆီးကုန်၏၊ အဆွေခင်ပွန်း နှလုံးကောင်းသောသူတို့ကို ဖျက်ဆီးကုန်၏၊ ထိုသူတို့၏အိမ်၌ စားသောက်အိပ်

နေ၍ ရိုက်ခတ်သည့်အဖို့ ဒဏ်ဟူ၍ အသပြာကြေးငွေတို့ကို ယူကုန်၏၊ တံစိုး လက်ဆောင်စား၍ မမှန်မကန် ပြုကုန်၏၊ ထိုသူတို့သည် ခံရကုန်၏၊ ထိုငရဲ၌ ခံရကုန်သောသူတို့သည် ငတ်မွတ်သောဆင်းရဲကို မခံနိုင်ကုန်သည်ဖြစ်၍ ကျိုက်ကျိုက်ဆူသော သံပူရေ၌မျောသော တစ်ကမ္ဘာပတ်လုံး တည်သော အလျှံ ပြောင်ပြောင်တောက်သော မစင်စုကို အဆုပ်, အဆုပ်ယူ၍ စားကုန်၏။

၁၁။ **ဧကာဒသမမြောက်သော ဥဿဒရက်ငရဲ၌** အမိ, အဖ, ရဟန်းသံဃာတို့ကို သတ်ဖြတ်ညှဉ်းဆဲ၍ ထိုသူတို့၏ဥစ္စာကို စားသောက်ကုန်သောသူတို့သည် ခံရကုန်၏၊ ထိုငရဲ၌ ခံရသောသူတို့သည် သွေး, ပြည်အတိပြီးသော မစင်သော, မကောင်းသောအနံ့ရှိသော အိုင်သို့သက်၍ ထိုသွေး, ပြည်တို့ကို စားရကုန်၏၊ ထိုသွေး, ပြည်တို့သည် ထိုသူတို့၏ တစ်ကိုယ်လုံးကိုလောင်၍ အောက်အဖို့ဖြင့် ထွက်လေကုန်၏။

၁၂။ **ဒွါဒသမ ဥဿဒရက်ငရဲ၌ကား** အကြင်သူတို့သည် အဖိုးပြတ်သောအရာ၌ တည်၍ တံစိုးလက်ဆောင်ယူ၍ ဆင်, မြင်း, ကျွဲ, နွား, ရွှေ, ငွေတို့၏အဖိုးကို ယုတ်စေ၏၊ ချိန်စဉ်းလဲ, တင်းစဉ်းလဲ အစရှိသည်တို့ဖြင့် စဉ်းလဲစဉ်းစား ပြုကုန်၏၊ ထိုသူတို့ ခံရကုန်၏၊ ထိုသူတို့ကို ငရဲထိန်းတို့သည် ထန်းလုံးပမာဏရှိသော ပြောင်ပြောင် တောက်သော သံမျှားချိတ်ဖြင့် လျှာကို ထိုးငင်၍ ပြောင်ပြောင်တောက်သော သံမြေ၌ လှဲ၍ နွားရေကို ကြက်သကဲ့သို့ဖြန့်၍ အရာမကသော မယ်နဖြင့် နှက်ကုန်၏၊ ကြည်း၌ပစ်အပ်သော ငါးကိုကဲ့သို့ ဖွဲ့ကုန်၏၊ ထိုဆင်းရဲကို မခံနိုင်၍ ငိုမြည်တမ်းကုန်သော် ခံတွင်းဖြင့် တံတွေးထွေးကုန်၏။

၁၃။ **တေရသမ ဥဿဒရက်ငရဲ၌** အကြင်မိန်းမတို့သည် မိမိလင်ကို စွန့်ပစ်၍, ပယ်၍ ယောကျ်ားတပါးတို့နှင့် မွေ့လျော်မြူးထူး ပျော်ပါးကုန်၏၊ ထိုမိန်းမတို့သည် ခံရကုန်သည်ဖြစ်၍ ဖြတ်အပ်သော လှီးအပ်သော ကိုယ်ရှိသည်ဖြစ်၍ အဆင်း မလှသော ကိုယ်ရှိသည် ဖြစ်၍ ဦးခေါင်းကိုဖြတ်သော နွားမကဲ့သို့ သွေး, ပြည် အလိမ်းလိမ်းကပ်လျက် လက် ၂-ဖက်တို့ကို မြှောက်၍ ငိုကုန်၏၊ သံမြေပြောင် ပြောင်၌ ခါးမျှဝင်၍ တည်ကုန်၏၊ ဤသို့ တည်သောအခါ အရှေ့မျက်နှာအရပ်မှ အလျှံပြောင်ပြောင် ထိန်ထိန်လောင်သော သံတောင်ကြီးသည် ပေါက်လတ်၍ မိုးကြိုးသံကဲ့သို့ မြည်လျက်လာ၍ ထိုမိန်းမတို့ကို ပေပေါ်၌ ထား၍ ကြိတ်သကဲ့သို့ ကြိတ်လျက်သွား၍ အနောက်အရပ်၌ တည်လေ၏။

ထိုတောင်ကြီးအနောက်အရပ်၌ တည်လေသည်ရှိသော် ထိုမိန်းမတို့၏ ကိုယ်သည် တစ်ဖန် ထင်ရှားဖြစ်ပြန်၏၊ ထိုဆင်းရဲကို မခံနိုင်၍ လက်ကို မြှောက်၍ ငိုကုန်၏၊ ထိုအခါ တောင်မျက်နှာ, အနောက်မျက်နှာ, မြောက်မျက်နှာတို့၌ တောင်တို့သည်လည်း ထိုနည်းအတူ ကြိတ်၍သွားလျက် တပါး၌ တည်လေကုန်၏၊ ထိုမိန်းမတို့သည် အသစ်ပကတိ တစ်ဖန်ဖြစ်ပြန်၏၊ ထိုအခါ တောင်ကြီး ၂-လုံးတို့သည် ပေါက်လတ်ကုန်၍ ကြံပိုင်းတို့ကဲ့သို့ ကြိတ်ဖိညှစ်၍ တည်ကုန်၏၊ သွေးအရည်တို့သည် ကျိုက်ကျိုက်ဆူလျက် ယိုထွက်ကုန်၏၊ တစ်ရံတစ်ခါ တောင်ကြီး ၄-လုံးတို့သည် ပေါက်၍ ကြိတ်ညှစ်ကုန်၏၊ ဤကဲ့သို့ အဖန်တလဲလဲ ခံရကုန်၏။

၁၄။ စုဒ္ဒသမ ဥဿဒရက်ငရဲ၌ကား သူတပါးတို့၏ မယားတို့၌၎င်း နှစ်ကျိပ်သော မိန်းမတို့၌၎င်း လွန်ကျူးခြင်းကို ပြုကုန်သော ယောက်ျားတို့သည် ခံရကုန်၏၊ ထိုသူတို့ကို ငရဲထိန်းတို့သည် ခြေတို့၌ ကိုင်ကုန်၍ ငရဲနရက်ချောက်၌ ချကုန်၏၊ သံဆောက်ပုတ် အစရှိသောလက်နက်တို့ဖြင့် ပုတ်ခတ်ထိုးပစ်ကုန်၏။

၁၅။ ပန္နရသမ ဥဿဒရက်ငရဲ၌ မှားသော အယူရှိကုန်သောမိန်းမ, ယောက်ျားတို့သည် ခံရကုန်၏၊ ထိုငရဲသည် အဆူးထက်သော **လက်ပံတော** ဥဿဒရက်ငရဲ မည်၏၊ ထိုငရဲ၌ တစ်ပင်, တစ်ပင်သော လက်ပံပင်သည် အစောက် ၁-ယူဇနာစီ ရှိ၏၊ အလျားအားဖြင့် ၁၆-လက်သစ်ရှိသော ဆူးတို့သည် ရှိကုန်၏၊ ငရဲမီးဖြင့် ပြောင်ပြောင်တောက်လျက် တည်ကုန်၏၊ အကြင်အခါ၌ မိန်းမသည် သစ်ပင်ဖျား၌ ရှိ၏၊ ထိုအခါ ယောက်ျားသည် သစ်ပင်ရင်း၌ ဖြစ်၏၊ ငရဲထိန်းတို့သည် ပြောင်ပြောင်တောက်သော လှံ, သံလျက်, ခက်ရင်း အစရှိသည်တို့ကို ကိုင်၍ ထိုး၍ "သင်၏မယားအထံသို့ သွားလော့"ဟု အထက်သို့ တက်စေကုန်၏၊ ထိုယောက်ျား အထက်သို့တက်သောအခါ လက်ပံဆူးတို့သည် အောက်သို့ အဖျားပြု၍ ခံလင့်ကုန်၏၊ ထိုယောက်ျားသည် ဆူးတို့ဖြင့် စုတ်ရှ, ပေါက်ပြဲသော ကိုယ်ရှိလျက် ငရဲထိန်းတို့ ရိုက်ခတ်, ထိုးပစ်သည်ကို မခံနိုင်၍ တက်ရလေ၏၊ ထို့အတူ မိန်းမကိုလည်း တက်စေကုန်၏၊ ဤသို့လျှင် အဖန်တလဲလဲ ခံရကုန်၏။

၁၆။ သောဠသမဥဿဒရက်ငရဲ၌ကား နတ္ထိကဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ, အကြိယဒိဋ္ဌိ အယူရှိသော ရသေ့, ရဟန်းတို့သည် ခံရကုန်၏၊ ထိုသူတို့သည် မိမိလည်း မိစ္ဆာအယူကိုယူ၍ သူတပါးကိုလည်း ထိုထိုသို့သော အကြောင်းဖြင့် ဒိဋ္ဌိအယူကို

ယူစေ၍ များစွာသော မကောင်းမှုကို ပြုကုန်၍ ထိုငရဲ၌ ခံရကုန်၏၊ ထိုသူတို့သည် အယုတ်, အမြတ်, ကြီးကြီး, ငယ်ငယ်သော ကမ္မကရဏာသို့ ရောက်ကုန်သည်ဖြစ်၍ အတိုင်းအရှည်ကိုလွန်သော ဆင်းရဲကို ခံရကုန်၏။

ဤ ၁၆-ပါးသော ငရဲတို့သည်ကား သိဉ္ဇိုဝ်းငရဲကို ရံ၍တည်သော ဥဿဒရက်ငရဲတို့တည်း၊ ထို့အတူ ကာဠသုတ်မှစ၍ အဝီစိတိုင်အောင် ၇-ထပ်သော ငရဲကြီးတို့၌လည်း ၁၆-ထပ်စီရံ၍ ရှိကုန်၏၊ ဤသို့အားဖြင့် ဥဿဒရက်ငရဲတို့သည် ၁၂၈-ထပ် ရှိကုန်၏၊ ငရဲကြီးတို့နှင့်တကွသော် ၁၃၆-ငရဲဖြစ်၏၊ ဥဿဒရက်ငရဲတို့သည် ဤမျှသာ မဟုတ်ကုန်သေး၊ မြေအပြင်၌ ထိုထိုသို့သော အရပ်တို့၌ ရွာ, နိဂုံးတို့သည် အစုံအစုံ, အသီးအသီး ရှိကုန်သကဲ့သို့ ဥဿဒရက်ငရဲတို့သည်လည်း များစွာရှိကုန်၏၊ ဤသို့လျှင် မြေကြီးအောက်၌ ရှိသော ငရဲတို့ကိုလည်း လက်ဝါးပြင်၌ တင်၍ထားသော ဆီးဖြူ, သျှိသျှားသီးကိုကဲ့သို့ သဗ္ဗညုမြတ်စွာဘုရားသည် ဒိဗ္ဗစက္ခုဉာဏ်ဖြင့် မြင်တော်မူ၏။

ပြိတ္တာ, တိရစ္ဆာန်, အသုရကာယ်တို့၏ဖြစ်ရာ ဩကာသလောကကား အသီးမရှိ၊ ထိုသတ္တဝါတို့၏ ခန္ဓာထင်ရှားဖြစ်ရာ အမြဲနေရာအရပ်သည်သာလျှင် ပြိတ္တာဘုံ, တိရစ္ဆာန်ဘုံ, အသုရကာယ်ဘုံ မည်၏၊ ထိုအလုံးစုံကိုလည်း မြတ်စွာဘုရားသာလျှင် သိတော်မူ၏။

✪✪✪✪✪✪✪✪✪✪✪

## ၉၉။ မြင်းမိုရ်တောင်၊ အာလိန် ၅-ဆင့်

မြတ်စွာဘုရားသည် သင်္ခါရလောကကိုလည်း သိတော်မူ၏၊ သင်္ခါရလောကနှင့်စပ်သော **အသုရာ, နဂါး, ဂဠုန်, ကုမ္ဘဏ်, ရက္ခိုသ်တို့ဖြစ်ရာကိုလည်း** သိတော်မူ၏၊ ထိုသင်္ခါရလောက၏ အခြင်းအရာကိုဒင်း အသုရာ, နဂါး, ဂဠုန်, ကုမ္ဘဏ်, ရက္ခိုသ်တို့၏ အခြင်းအရာကိုဒင်း ဤသို့ သိအပ်၏၊ နှစ်သိန်း, လေးသောင်းအထုရှိသော ဤမြေတွင် ကျောက်အတိဖြစ်သော သိလာပထဝီကား ယူဇနာတစ်သိန်း, နှစ်သောင်းရှိ၏၊ ထိုမြေ၏အထက်၌ မြေမှုန့်အတိဖြစ်သော ပံသုပထဝီသည် ယူဇနာတစ်သိန်း, နှစ်သောင်းလျှင်တည်း၊ သိလာပထဝီမှ ကျောက်ထွင့် ၃-လုံး ခံလောက်ကဲ့သို့ တက်လတ်သည်ကား သိလာပထဝီမှ အထက်သို့ ယူဇနာ ၄၀,၀၀၀-မြင့်၏၊ ၈၄,၀၀၀-ယူဇနာမြင့်သော မြင်းမိုရ်တောင်ကို ထိုကျောက်တောင်ထွင့် ၃-လုံးသည် ညှပ်ဖြင့် ညှပ်သကဲ့သို့ ယူဇနာ ၄,၀၀၀-မျှ တည်၏၊ သိလာပထဝီနှင့် မြင်းမိုရ်၏အကြား၌ ပံသုပထဝီကား ယူဇနာ ၃၆,၀၀၀-အထုရှိ၏။

သိလာပထဝီမှတက်သော ကျောက်ထွင့် ၃-ခုတို့၏ အကြား၌ အသုရာပြည်ရှိ၏၊ ယူဇနာ ၁၀,၀၀၀- အလျား, အနံရှိ၏၊ ဝေပစိတ္တိမည်သော အသုရာမင်းပြု၏၊ သခွတ်ပင်ကြီး ရှိ၏၊ ပင်စည်လုံးပတ် ၁၅-ယူဇနာ, ပင်စည်အမြင့် ယူဇနာ-၅၀, ခက်မ ၅-ဖြာ၊ အမြင့်ယူဇနာ ၅၀-ရှိ၏၊ အပြန့်ယူဇနာ ၁၀၀-ကျယ်၏၊ ထိုအသုရာတို့ပြည်ကား မြင်းမိုရ်တောင်အောက်၌ တည်၏၊ အသုရာတို့၏ ဘုန်းကံကြောင့် ဥယျာဉ်, ရေကန်, ပဒေသာပင်, နန်းပြာသာဒ် တို့သည် တာဝတိံသာနတ်မြို့ကဲ့သို့ ဖြစ်ကုန်၏၊ တာဝတိံသာ၌ ပင်လယ်ကသစ်ပင်, အသုရာပြည်၌ သခွတ်ပင် ဤမျှသာ ထူး၏၊ ထိုကျောက်ထွင့် ၃-ခုတို့မှ ပြင်အပ၌ ရတနာသဲတို့ဖြင့် ပြည့်ကုန်၏၊ ထိုအရပ်၌ နဂါးတို့နေကုန်၏၊ အသုရာတို့၏ငှင်း နဂါးတို့၏ ငှင်း သွားလာသောအခါ၌ မိမိတို့၏ ဘုန်းတန်ခိုးအားဖြင့် သမုဒ္ဒရာအပြင်၌ ခရီးတို့သည် ထင်ကုန်၏။

၁။ မြင်းမိုရ်တောင်၌ အာလိန် ၅-ဆင့်ရှိ၏၊ ပဌမာလိန္ဒကား မြင်းမိုရ်ခြေရင်း သမုဒ္ဒရာ ကမ်းနားတွင် ယူဇနာ ၅၀၀-အပြန့်ကျယ်၏၊ ကျမ်းတစ်ပါး၌ ယူဇနာ ၅၀၀၀- ဆို၏၊ ထိုအရပ်၌ နဂါးတို့ပြည် ယူဇနာ ၁၀- အလျား, အနံရှိ၏။

၂။ ပဌမာလိန္ဒမှ အထက်သို့ ယူဇနာ ၁၅,၀၀၀-မြင့်သောအရပ်၌ ဒုတိယာ လိန္ဒရှိ၏၊ အပြန့်ယူဇနာ ၅၀၀-ကျယ်၏၊ ၅,၀၀၀-လည်း ဆို၏၊ ထိုဒုတိယာလိန္ဒ၌ ဂဠုန်တို့ပြည် ၁၀-ယူဇနာ အလျား, အနံကျယ်၏၊ လက်ပံပင်ကြီး ရှိ၏။

၃။ ဒုတိယာလိန္ဒမှ အထက်သို့ ယူဇနာ ၁၅,၀၀၀-မြင့်သောအရပ်၌ တတိယာ လိန္ဒရှိ၏၊ ယူဇနာ ၅၀၀-အပြန့်ကျယ်၏၊ ၅,၀၀၀-လည်း ဆို၏၊ ထိုတတိယာလိန္ဒ၌ ကုမ္ဘဏ်, ဘီလူးတို့ပြည်ရှိ၏၊ အလျား, အနံ ယူဇနာ ၁၀-ရှိ၏။

၄။ တတိယာလိန္ဒမှ အထက်သို့ ယူဇနာ ၁၅,၀၀၀-မြင့်သောအရပ်၌ စတုတ္ထာ လိန္ဒရှိ၏၊ ယူဇနာ ၅၀၀-အပြန့်ကျယ်၏၊ ၅,၀၀၀-လည်းဆို၏၊ ထိုစတုတ္ထာလိန္ဒ၌ ရက္ခိုသ်တို့ပြည် ရှိ၏၊ အလျား, အနံ ယူဇနာ ၁၀၀-ကျယ်၏။

၅။ စတုတ္ထာလိန္ဒမှ ၁၅,၀၀၀-ယူဇနာမြင့်သောအရပ်၌ ပဥ္စမာလိန္ဒရှိ၏၊ ယူဇနာ ၅၀၀- အပြန့်ကျယ်၏၊ ၅,၀၀၀-လည်းဆို၏၊ ထိုအပြင်ကိုပင် အာလိန်ဆိုသည်၊ ထိုပဥ္စမာလိန္ဒ၌ စတုမဟာရာဇ်နတ်မင်းကြီး ၄-ယောက်တို့ပြည် ရှိ၏၊ အလျား, အနံ ယူဇနာ ၁၀-ကျယ်၏၊ ထို ၅-ဆင့်သော ပြည်တို့သည် တာဝတိံသာနတ်ပြည် ကဲ့သို့ပင်တည်း။

(အသူရာတို့ပြည်၌ သခွတ်ပွင့်သောအခါ အသုရာတို့သည် ရှေးနေရာဟောင်း မဟုတ်မှန်းသိ၍ ရှေးငါတို့နေရာမှာ ပင်လယ်ကသစ်ပွင့်သည်၊ ယခု ဤနေရာ၌ကား သခွတ်ပွင့်သည်တကားဟု စိတ်ဆိုးကြ၍ မြင်းမိုရ်ဖျား၌ သိကြားကို စစ်ထိုးအံ့သောငှါ ကာ, လွှား, လှံ လက်နက်အစုံဖြင့် မြင်းမိုရ်တောင်ကိုတက်လာ၍ သိကြားတို့ကဆီး၍ တိုက်ရသောကြောင့် ထိုအသုရာစစ်ကို မတွေ့လို၍ ခံတပ်အဖြစ်ဖြင့် ဤ ၅-ရပ်ကို သိကြားပြုစုတည်ထောင်ထား သတည်း။)

✪✪✪✪✪✪✪✪✪✪✪

## ၁၀၀။ တာဝတိံသာနတ်ပြည် တည်ဟန်

ထိုပဉ္စမာလိန္ဒမှအထက်သို့ ယူဇနာ ၄၂,၀၀၀-မြင့်သော မြင်းမိုရ်တောင်ထိပ် ရွှေအတိပြီးသောအရပ်၌ သိကြားတို့နေရာ တာဝတိံသာနတ်ပြည်ရှိ၏၊ မြင်းမိုရ် တောင်ထိပ်အပြင်ကား အရှေ့, အနောက်, တောင်, မြောက် အချင်းအားဖြင့် ယူဇနာ ၈၄,၀၀၀-ကျယ်၏၊ တာဝတိံသာနတ်ပြည်ကား ယူဇနာ ၁၀,၀၀၀-အလျား, အနံကျယ်၏၊ တံခါး ၁,၀၀၀-တို့ဖြင့် တန်ဆာဆင်၏၊ ထိုနတ်မြို့၏အလယ်၌ သိကြားမင်းနေရာ **ဝေဇယန္တာပြာသာဒ်** ရှိ၏၊ ယူဇနာ ၇၀၀-အစောက် မြင့်၏၊ ထိုပြာသာဒ်သည် ရတနာ ၇-ပါးတို့ဖြင့် ပြီး၏၊ ထိုပြာသာဒ်ကိုရံ၍ ယူဇနာ-၃၀၀, ၃၀၀-စီ အစောက်မြင့်သော ရွှေတိုင်၌ ပတ္တမြားတံခွန်ရွက်, ပတ္တမြားတိုင်၌ ရွှေတံခွန်ရွက်, သန္တာတိုင်၌ ပုလဲတံခွန်ရွက်, ပုလဲတိုင်၌ သန္တာတံခွန်ရွက်, ရတနာ ၇-ပါး အတိပြီးသောတိုင်၌ ရတနာ ၇-ပါး အတိပြီးသော တံခွန်ရွက်ဆွဲသော တံခွန်တို့ဖြင့် တန်ဆာဆင်၏၊ ညှင်းညှင်းသောလေဖြင့် ခတ်မိသော အခါ၌ ထိုတံခွန်တို့မှ အသံသည် စည်, စောင်း ငြင်း, ပဉ္စင်္ဂတူရိယာ တီးမှုတ်နေမြဲသော အသံကဲ့သို့ မြည်၏။

ယူဇနာ ၁၅၀-အနံ, အလျားကျယ်သော **ဝေဇယန္တာရထား** ရှိ၏၊ ယူဇနာ-၂၅၀ မြင့်သော တိုင်ရှိသောပြာသာဒ်၌ ဆိုအပ်ပြီးသောနည်းရှိသော တံခွန်တို့ကိုလည်း ဆောက်၏၊ လေညှင်းလာသောအခါ၌ ထိုတံခွန်ရွက်တို့၏အသံသည် ပဉ္စင်္ဂတူရိယာတို့ကဲ့သို့ မြည်၏၊ ရထား၏အလယ်၌ ယူဇနာ ၁၀၀- အနံ, အလျားရှိသော ပလ္လင်ခင်း၏၊ ယူဇနာ ၃၀-ရှိသော ထီးဖြူဆောက်၏၊ တစ်ခုသော ထမ်းပိုး၌ ၁,၀၀၀-သော သိန္ဓောမြင်းတို့ကို က၏၊ ထိုရထား, မြင်းတို့၌ ဆင်သည့်တန်ဆာတို့၏ အတိုင်းအရှည်ကား မရှိသလျှင် ကတည်း။

ထိုတာဝတိံသာနတ်မြို့၏ အရှေ့မျက်နှာအရပ်၌ ရတနာအတိပြီးသော တံတိုင်း, တံခါးတို့ဖြင့် ရံအပ်သော ယူဇနာ ၁,၀၀၀-အဝန်းရှိသော **နန္ဒဝန်ဥယျာဉ်** ရှိ၏၊ ထိုဥယျာဉ်နှင့်မြို့၏အကြား ခရီးနံပါး တစ်ဖက်တစ်ချက်၌ **နန္ဒာ, စူဠနန္ဒာ**အမည်ရှိကုန်သော အညစ်အကြေးမရှိ ဖလ်အဆင်းနှင့်တူသော ရေရှိသောရေကန်တို့သည် ရှိကုန်၏၊ ထိုကန် ၂-ခုတို့၏ကမ်းနား၌ ဝံပိုင်ရေကဲ့သို့ ဆန်းကြယ်သော ကောင်းသော အတွေ့ရှိသော နန္ဒာ, စူဠနန္ဒာအမည်ရှိသော ကျောက်ဖျာတို့သည် ခင်းလျက်ရှိကုန်၏။

တာဝတိံသာမြို့၏ တောင်မျက်နှာ၌ ရတနာအတိပြီးသောတံတိုင်း, တံခါးတို့ဖြင့် ရံအပ်သော အဝန်းအားဖြင့် ယူဇနာ ၇၀၀-ရှိသော **ဖာရုသက** အမည်ရှိသော ဥယျာဉ် ရှိ၏၊ ဥယျာဉ်နှင့်မြို့၏အကြား ခရီးနံပါး ၂-ဖက်တို့၌ အထူးသဖြင့် ဆန်းကြယ်သော ဘဒ္ဒါ, သုဘဒ္ဒါ အမည်ရှိသော ပဒုမာကြာတို့ဖြင့်ပြည့်သော ရေကန် ၂-ခုတို့သည်ရှိကုန်၏၊ ထိုရေကန်၏ အနားတို့၌ ဝံပိုင်ရေကဲ့သို့ ဆန်းကြယ်သော, ရတနာတို့ဖြင့်ပြီးသော ဘဒ္ဒါ, သုဘဒ္ဒါမည်သော ကျောက်ဖျာတို့သည် ခင်း၍ ရှိကုန်၏။

တာဝတိံသာမြို့၏ အနောက်မျက်နှာ၌ ရတနာတံတိုင်း, တံခါးတိုင်တို့ဖြင့် ရံအပ်သော အဝန်းအားဖြင့် ယူဇနာ ၅၀၀-ရှိသော အထူးသဖြင့် ဆန်းကြယ်သော စိတ္တလတာဥယျာဉ် ရှိ၏၊ ဥယျာဉ်နှင့်မြို့၏အကြား၌ အထူးသဖြင့်ဆန်းကြယ်သော စိတ္တာ, သုစိတ္တာအမည်ရှိသော ရေကန် ၂-ခုတို့သည် ခရီးနံပါး ၂-ဖက်တို့၌ ရှိကုန်၏၊ ထိုရေကန်၏ အနားတို့၌ ဝံပိုင်ရေကဲ့သို့ဆန်းကြယ်သော သိမ်မွေ့နူးညံ့သော, အတွေ့ရှိသော စိတ္တာ, စူဠစိတ္တာ အမည်ရှိသော ကျောက်ဖျာတို့သည် ခင်းကုန်၏။

တာဝတိံသာနတ်မြို့၏ မြောက်မျက်နှာအရပ်၌ ရတနာတို့ဖြင့်ပြီးသောတံတိုင်း, တံခါး တိုင်ဖြင့်တန်ဆာဆင်အပ်သော အဝန်းအားဖြင့် ယူဇနာ ၅၀၀-အတိုင်းအရှည်ရှိသော မိဿကဥယျာဉ် ရှိ၏၊ မြို့နှင့်ဥယျာဉ်အကြား၌ **ဓမ္မာ, သုဓမ္မာ**အမည်ရှိသော ရေကန် ၂-ခု တို့သည် ခရီးနံပါး ၂-ဖက်တို့၌ ရှိကုန်၏၊ ထိုရေကန်၏အနား၌ ဝံပိုင်ရေကဲ့သို့ နူးညံ့သော အတွေ့ရှိကုန်သော ဓမ္မာ, သုဓမ္မာအမည်ရှိသော ကျောက်ဖျာတို့သည် ခင်းကုန်၏။

တာဝတိံသာမြို့၏ အရှေ့မြောက်ဒေါင့်အရပ်၌ ဆိုအပ်ပြီးသော ရတနာတို့ဖြင့်ပြီးသော တံတိုင်း, ပစ္စင်, ပြအိုး, တံခါးတိုင်တို့ဖြင့်ခြံရံအပ်သော အဝန်းအားဖြင့် ယူဇနာ ၇၀၀- ရှိသော မဟာဝန်ဥယျာဉ် ရှိ၏၊ ထိုဥယျာဉ်၌ အထူးထူးသော ရတနာတို့ဖြင့်ပြီးသော ၁၀၀၀-မျှလောက်သော စုလစ် အထွဋ်တပ်သော နတ်အိမ်တို့သည် ရှိကုန်၏။

မဟာဝန်ဥယျာဉ်အကြား၌ တံတိုင်း, တံခါးတို့ဖြင့်ရံအပ်သော ယူဇနာ ၁၀၀-အဝန်းရှိသော သုနန္ဒာရေကန်ရှိ၏၊ ထိုမဟာဝန်ဥယျာဉ်၏ ၁-ခုသောအရပ်အဖို့၌

**ပုဏ္ဏာရိက်တော** ရှိ၏၊ ထိုပုဏ္ဏာရိက်တော၌ **ပင်လယ်ကသစ်ပင်** ရောက်၏၊ ယူဇနာ ၁၀၀-မြင့်၏၊ အရှေ့, အနောက်, တောင်, မြောက်အချင်းလည်း ယူဇနာ ၁၀၀-နှင်နှင် ရှိ၏၊ ထက်ဝန်းကျင် အဝန်းအားဖြင့် ယူဇနာ ၃၀၀-ရှိ၏၊ လုံးပတ်ပင်စည် ၁၅-ယူဇနာ ရှိ၏။

ထိုပင်လယ်ကသစ်ပင်အရင်း၌ အလျားယူဇနာ-၆၀, အနံယူဇနာ-၅၀, ထု ၁၅-ယူဇနာရှိသော မိုးစွေပန်းအဆင်းရှိသော နူးညံ့သိမ်မွေ့သော အတွေ့ရှိသော **ပဏ္ဍုကမ္ဗလာကျောက်ဖျာ** ခင်း၏၊ ထိုကျောက်ဖျာ နူးညံ့သောအဖြစ်ကား သိကြားမင်း ထိုင်၍နေသော် ချက်၌ နစ်၏၊ တစောင်းလျောင်းသော် ကိုယ်တစ်ခြမ်း နစ်၏၊ ထ၍ဆင်းသည်ရှိသော် နိမ့်သောအရပ်၌ ပြည့်ပြန်လေ၏။

ပင်လယ်ကသစ်ပင်၏အနီး၌ **သုဓမ္မာဇရပ်** ရှိ၏၊ အလျားအားဖြင့်၎င်း အနံအားဖြင့်၎င်း ယူဇနာ ၃၀၀-စီရှိ၏၊ အဝန်းအားဖြင့် ယူဇနာ ၉၀၀-ရှိ၏၊ အစောက်အားဖြင့် ယူဇနာ ၅၀၀-ရှိ၏၊ ထိုသုဓမ္မာဇရပ်၏ မြေအဖို့ကား ဖလ်ကျောက်ဖြင့် ပြီး၏၊ သည်တိုင်တို့သည် ငွေဖြင့် ပြီးကုန်၏၊ သည်တိုင်၌ကြာတို့သည် သန္တာဖြင့် ပြီးကုန်၏၊ ထုပ်, လျောက်တို့သည် ကျောက်မျက်ရွဲဖြင့် ပြီးကုန်၏၊ သားရဲရုပ် အစရှိသော ရုပ်ကြီး, ရုပ်ငယ်တို့သည် ရတနာ ၇-ပါးဖြင့် ပြီးကုန်၏၊ အခြင်, ရနယ်, အမိုးတို့သည်၎င်း ဝမ်းဘဲတောင်ခေါင်အုပ်တို့သည်၎င်း ပတ္တမြားညိုကျောက်ဖြင့် ပြီးကုန်၏၊ အမိုးအုဌ်တို့သည် ရွှေဖြင့် ပြီးကုန်၏၊ ခေါင်အုပ်တို့သည် ငွေဖြင့် ပြီးကုန်၏။

ထိုမဟာဝန်ဥယျာဉ်၌ **အာသာဝတီနွယ်**တို့သည် ရှိကုန်၏၊ ထိုအာသာဝတီနွယ်တို့သည် ယခုအခါ၌ ပွင့်ကုန်လတ္တံ့-ဟူ၍ နတ်တို့သည်အနှစ် ၁,၀၀၀-ပတ်လုံး ခစားကုန်၏၊ ပင်လယ်ကသစ်ပွင့်သည်ရှိသော်ကား အနှစ် ၁၀၀-ပတ်လုံးခစားကုန်၏၊ ပင်လုံးကျွတ်ပွင့်သော ပင်လယ်ကသစ်ပန်း၏အရောင်သည် ထက်ဝန်းကျင်မှ ယူဇနာ ၁၀၀- တိုင်တိုင် ထွန်းပ၏၊ ပန်း၏အနံ့သည် လေကြောသို့ ယူဇနာ ၁၀၀-တိုင်အောင်မွှေး၏၊ ပင်လယ်ကသစ်ပင်ပွင့်သောအခါ၌ တက်၍ဆွတ်ခြင်း, တံချူ-ချွန်းတောင်းဖြင့် နှိမ်ညွတ်ခြင်း, ပန်းပွင့်ထည့်အံ့သောငှါ တောင်းခံယူရခြင်းကိစ္စမည်သည် မရှိပြီ၊ ပန်းကိုဆွတ်တတ်, ချွေတတ်သောလေသည် ဆွတ်ချွေ၏၊ ခံတတ်သောလေသည် မြေသို့ မကျရခံပေ၏၊ သွင်း ဆောင်တတ်သောလေသည် သုဓမ္မာဇရပ်သို့ ဆောင်သွင်း၏၊ တံမြက်လှည်းတတ်သော လေသည် ပန်းအမှိုက်ဟောင်းကို အပသို့ ထုတ်ပေ၏၊ ခင်းတတ်သောလေသည် အရွက်, ပွင့်ချပ်, ဝတ်ဆံတို့ကို မပျက်စေမူ၍ ခင်းပေ၏။

✪✪✪✪✪✪✪✪✪✪✪

## ၁၀၁။ သုဓမ္မာဇရပ်၌ တရားဟောပုံ

သုဓမ္မာသဘင်၏အလယ်၌ ယူဇနာ ၁၀၀-အလျား, အနံရှိသော တရားဟော ပလ္လင်ခင်း၏၊ ထိုပလ္လင်အထက်၌ ၃-ယူဇနာရှိသော ထီးဖြူဆောက်၏၊ ထိုပလ္လင်၏အခြားမဲ့၌ သိကြားမင်း၏နေရာ ပန်းအခင်းကို ခင်း၏၊ ထို့နောင်မှ သုံးကျိပ်နှစ်ယောက်သော သိကြားငယ်တို့၏ နေရာခင်း၏၊ ထို့နောင် တန်ခိုးကြီးသော နတ်တို့၏နေရာကို ခင်း၏၊ တန်ခိုးငယ်သော နတ်တို့၏နေရာကား ပန်းပွင့်ချပ် တစ်ချပ်စီသာဖြစ်၏၊ သိကြားမင်းသည် နတ်တို့ကို စည်းဝေးစိမ့်သောငှါ ယူဇနာ ၃၀၀-ရှိသော ဝိဇယုတ္တရခရုသင်းကို မှုတ်၏၊ ထိုခရုသင်း၏ အသံကား ယူဇနာ ၁၀,၀၀၀-အလျား, အနံရှိသော တာဝတိံသာနတ်ပြည်၌ နှံ့၍ လူတို့၌ မိုး ၄-လလွန်မှ အသံစဲ၏၊ ထိုအခါ နတ်တို့သည် သုဓမ္မာနတ်သဘင်သို့ဝင်၍ နေကုန်၏၊ ထိုပန်းအခင်းတို့မှ ဝတ်မှုံအလုံးတို့သည် တက်ကုန်၍ အထက်အမိုး, အခြင်ကို ထိ၍ ကျလတ်ကုန်သော ဝတ်မှုံတို့သည် နတ်တို့၏ ၃-ဂါဝုတ် အတိုင်းအရှည်ရှိသော တစ်ကိုယ်လုံးကို ချိပ်ရည်ဖြင့် ဆိုးသကဲ့သို့ ဖြစ်စေ၏၊ ထိုနတ်တို့အား ထိုသဘင်ကစားခြင်းသည် မိုး ၄-လတို့မှ ဆုံးခြင်းသို့ ရောက်၏။

ထိုသဘင်၌ သနင်္ကုမာရဗြဟ္မာမင်းသော်လည်း လာ၍ တရားဟော၏၊ တရားကို သိသော ရဟန်းသော်ငင်း နတ်သားသော်ငင်း သိကြားမင်းပင်သော်ငင်း တရားဟော၏၊ **သနင်္ကုမာရဗြဟ္မာမင်း တရားဟောမှုကား ပဉ္စသိခနတ်သား၏ အသွင်ဖြင့်ဟော၏**၊ အဘယ့်ကြောင့်နည်းဟူမူကား ထိုပဉ္စသိခနတ်သားသည် လူ့ပြည်၌ ကုသိုလ်ကောင်းမှုပြု၍ လူ့ပြည်မှ စုတေ၍ စတုမဟာရာဇ်နတ်ပြည်၌ ဂန္ဓဗ္ဗနတ်တို့၏ လူတို့နှစ်အရေအတွက်ဖြင့် အနှစ်ကိုးသန်းရှိသော အသက်ကိုယူ၍ ဖြစ်၏၊ ထိုပဉ္စသိခနတ်သားအား ၃-ဂါဝုတ်မျှသော ရွှေတောင်ထွင့်ကဲ့သို့ တောက်ပသော အတ္တဘောသည်ဖြစ်၏၊ ထိုနတ်သားသည် လှည်းအစီး ၁,၀၀၀-တိုက်ဝန်ရှိသော တန်ဆာကိုဆင်လျက် ၉-ကုမ္ဘမျှလောက်သော နံ့သာပျောင်းကို လိမ်း၍ နတ်၌ဖြစ်သော ပုဆိုးကိုဝတ်လျက် နီလှစွာသော ပတ္တမြားနားဆွဲကို ဝတ်၍ ဆံစည်းတို့ကို ၅-စုစည်း၍ တွဲလျားချ၏၊ ထို့ကြောင့် ထိုနတ်သားသည် ပဉ္စသိခ-ဟူသော အမည်ဖြစ်၏၊ ခပ်သိမ်းသောနတ်တို့သည် ထိုနတ်သားကို ချစ်မြတ်နိုးလေကုန်၏၊ ထို့ကြောင့် သနင်္ကုမာရဗြဟ္မာမင်းသည် ပဉ္စသိခနတ်သား၏ အသွင်ဖြင့် တရားဟော၏။

နတ်တို့သည် သုဓမ္မာနတ်သဘင်သို့ ဝင်၍ စည်းဝေးသောအခါ၌ သိကြားနတ်မင်းကို စတုမဟာရာဇ်နတ်တို့သည် ကခြင်း, သီခြင်းအလုံးစုံတို့ကို ပြုကုန်လျက် အထက်၌ ဆိုလတ္တံ့သောနည်းဖြင့် စောင့်ရှောက်ကုန်၏၊ အခါခပ်သိမ်း သိကြားမင်းကို စတုလောက-

ပါလနတ်မင်း ၄-ယောက်တို့သည် စောင့်ရကုန်၏၊ စောင့်ရှောက်သော အခြင်းအရာကား ဤသို့တည်း။

၁။ **ဓတရဋ္ဌနတ်မင်းကြီးသည်** အရှေ့စကြဝဠာနား၌ မိမိ၏စစ်သည်အင်္ဂါနှင့်တကွ သက်၍ ငွေဖြင့်ပြီးသော သန်လျက်, လှံ, ချွန်းတောင်း, လွှား, ကာ ဆောင်ကုန်သော ကုဋေတစ်သိန်းအရေအတွက်ရှိသော **ဂန္ဓဗ္ဗနတ်တို့နှင့်တကွ** ကုဋေတစ်သိန်းမျှသော ငွေဆီမီးတိုင်တို့ဖြင့် ခြံရံလျက် ခပ်သိမ်းသော တန်ဆာတို့ကို ဆင်လျက် **သုဒေဝအမည်ရှိသော** ငွေအဆင်းနှင့်တူသော **နတ်မြင်းကို** စီး၍ ယုဂန္ဓိုရ်တောင်ထွဋ်၌ နေ၍ အရှေ့မျက်နှာမှ အစောင့်အရှောက်ကို ယူ၏။

၂။ **ဝိရူဠှကနတ်မင်းသည်** တောင်ဘက် စကြဝဠာနား၌ မိမိ၏စစ်သည်အင်္ဂါနှင့်တကွ သက်၍ ကုဋေတစ်သိန်းမျှလောက်သော ပတ္တမြားဖြင့်ပြီးသောသန်လျက်, လှံ, ချွန်းတောင်း, လွှား, ကာ ဆောင်ကုန်သော ကုဋေတစ်သိန်းမျှကုန်သော ကုမ္ဘဏ်အပေါင်းတို့နှင့်တကွ ကုဋေတစ်သိန်းမျှကုန်သော ပတ္တမြားဆီမီးတိုင်တို့ဖြင့် ခြံရံလျက် ပတ္တမြားဖြင့်ပြီးသော ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်လျက် ပတ္တမြားအဆင်းနှင့်တူသော **နတ်မြင်းကို** စီး၍ ယုဂန္ဓိုရ်တောင်ထိပ်၌ တောင်မျက်နှာမှ အစောင့်အရှောက်ကို ယူ၏။

၃။ **ဝိရူပက္ခနတ်မင်းကြီးသည်** အနောက်စကြဝဠာနား၌ မိမိ၏စစ်သည်အင်္ဂါနှင့်တကွ သက်၍ သန္တာဖြင့်ပြီးသော သန်လျက်, လှံ အစရှိသည်တို့ကို ဆောင်ကုန်သော ကုဋေတစ်သိန်းသော **နဂါးတို့နှင့်တကွ** ကုဋေတစ်သိန်းသော သန္တာဆီမီးတိုင်တို့ဖြင့်ခြံရံလျက် သန္တာဖြင့်ပြီးသော ခပ်သိမ်းသောတန်ဆာတို့ကိုဆင်လျက် သန္တာအဆင်းနှင့်တူသော **နတ်မြင်းကို** စီး၍ ယုဂန္ဓိုရ်တောင်ထိပ်၌ အနောက်မျက်နှာမှ အစောင့်အရှောက်ကို ယူ၏။

၄။ **ဝေဿဝဏနတ်မင်းကြီးသည်** မြောက်စကြဝဠာနား၌ မိမိ၏စစ်သည်အင်္ဂါနှင့်တကွ သက်၍ ရွှေဖြင့်ပြီးသောသန်လျက်, ဓား, လှံ, ဆောင်ကုန်သော ကုဋေတစ်သိန်းသော ရဲရင့်လုံ့လရှိကုန်သော နှုတ်သီးကြမ်းကုန်သည်သော ဘီလူးအပေါင်းတို့နှင့်တကွ ကုဋေတစ်သိန်းမျှကုန်သော ရွှေဆီမီးတိုင်တို့ဖြင့်ခြံရံလျက် ရွှေဖြင့်ပြီးသောတန်ဆာတို့ကိုဆင်လျက် ရွှေအဆင်းနှင့်တူသောနတ်မြင်းကို စီး၍ ယုဂန္ဓိုရ်တောင်ထိပ်၌ မြောက်မျက်နှာမှ အစောင့်အရှောက်ကို ယူ၏။

✪✪✪✪✪✪✪✪✪✪

## ၁၀၂။ ရောဝဏ်ဆင်

သိကြားမင်း၏ရောဝဏ်ဆင်ကား- ယူဇနာ ၁၅၀-ရှိ၏၊ ထိုဆင်သည် နတ်သား ပင်တည်း၊ နတ်ပြည်၌ တိရစ္ဆာန်တို့သည် မရှိကုန်၊ ထို့ကြောင့် သိကြားမင်းသည် ဥယျာဉ် ကစားသောအခါ၌ ထိုရောဝဏ်နတ်သားသည် နတ်၏ကိုယ်ကိုစွန့်၍ ယူဇနာ ၁၅၀-ရှိသော ရောဝဏ်ဆင်ဖြစ်၏၊ ထိုဆင်သည် ၃၃-လုံးသော ဦးကင်းကို ဖန်ဆင်း၏။ လုံးပတ်အားဖြင့် တစ်ဂါဝုတ်ယူဇနာခွဲရှိ၏၊ ထိုအလုံးစုံသော ဦးကင်းတို့၏အလယ်၌ သိကြားမင်း၏နေရာ အလို့ငှာ သုဒဿနအမည်ရှိသော ၃-ယူဇနာလုံးပတ်ရှိသော ဦးကင်းကို ဖန်ဆင်း၏၊ ထိုဦးကင်း၏ အထက်၌ ၁၂-ယူဇနာရှိသော ရတနာမဏ္ဍပ်သည် ဖြစ်၏၊ ထိုမဏ္ဍပ်အကြား, အကြား၌ ရတနာ ၇-ပါး အတိပြီးသော ၁-ယူဇနာအစောက်မြင့်သော တံခွန်တို့သည် ဆောက်ကုန်၏၊ အဆုံး၌ကား-ရွှေချူကွန်ယက်တို့သည် ဆွဲကုန်၏၊ ညင်းညင်းသော လေခပ်အပ်သော မဏ္ဍပ် အသံသည် ပဉ္စင်္ဂတူရိယာတို့၏ အသံနှင့်ရောသော နတ်တို့၏ သီချင်းသံကဲ့သို့ မြည်၏။

မဏ္ဍပ်အလယ်၌ သိကြားမင်း၏နေရာ ၁-ယူဇနာအလျား, အနံရှိသော ပတ္တမြား ပလ္လင် ခင်း၏၊ ထိုပလ္လင်၌ လျှည်းအစီး ၆၀-ဝန်ရှိသော တန်ဆာကိုဆင်လျက် သိကြားမင်း နေ၏၊ ၃၃-လုံးသောဦးကင်းတို့တွင် တစ်လုံး, တစ်လုံးတို့၌ ၇-ချောင်း, ၇-ချောင်းသော အစွယ်ကို ဖန်ဆင်း၏၊ ထိုအစွယ်တို့သည် ယူဇနာ ၅၀-စီ အလျားရှည်ကုန်၏၊ ၁-ချောင်း, ၁-ချောင်းသော အစွယ်တို့၌ ရေကန် ၇-ကန်, ၇-ကန်စီရှိကုန်၏၊ ၁-ကန်, ၁-ကန်၌ ကြာပဒုမာ ၇-ရုံ, ၇-ရုံစီရှိကုန်၏၊ ၁-ရုံ, ၁-ရုံ၌ ၇-ပွင့်, ၇-ပွင့်စီ ဖြစ်ကုန်၏၊ ၁-ပွင့်, ၁-ပွင့် ၌ ပွင့်ချပ် ၇-ချပ်, ၇-ချပ်စီရှိကုန်၏၊ ပွင့်ချပ် ၁-ခု, ၁-ခု၌ နတ်သမီး ၇-ယောက်, ၇-ယောက်တို့သည် ကကုန်၏၊ ၁-ယောက်, ၁-ယောက်သော နတ်သမီးကညာ၌ ၇-ယောက်, ၇-ယောက်သော နတ်သမီးတို့သည် ခြံရံကုန်လျက် တည်ကုန်၏။

ဤသို့လျှင် ၃၃-လုံးသောဦးကင်းတို့၌

- ၂၃၁-ချောင်းသော အစွယ်တို့သည် ဖြစ်ကုန်၏၊
- ၁၆၁၇-ရေကန်တို့သည် ဖြစ်ကုန်၏၊
- ကြာရုံတို့သည် ၁၁,၃၁၉-ရုံ ဖြစ်ကုန်၏၊
- ကြာပွင့်တို့သည် ၇၉၂၃၃-ပွင့် ဖြစ်ကုန်၏၊
- ပွင့်ချပ်တို့ကား- ၅၅၄၆၃၁-ချပ်တို့သည် ဖြစ်ကုန်၏၊

- ကခြေသည်နတ်သမီးတို့သည် ၃၈,၈၂,၄၁၇-ယောက်တို့သည် ဖြစ်ကုန်၏၊
- အခြံအရံနတ်သမီးတို့ကား- ၂,၇၁,၇၆,၉၁၉-ယောက်တို့သည် ဖြစ်ကုန်၏၊

ဤသို့လျှင် ထက်ဝန်းကျင်မှ ယူဇနာ ၅၀-ရှိသောအရပ်၌ ဧရာဝဏ်ဆင်၏ အစွယ်တို့၌သာလျှင် ကခြေသဘင်သည် ဖြစ်၏။

✪✪✪✪✪✪✪✪✪✪✪

## ၁၀၃။ သိကြားမင်း၏ မိဖုရားများ

### မိဖုရားကြီး ၄-ယောက်

၁။ ထိုသိကြားမင်း၏ **သုဓမ္မာ**အမည်ရှိသောမယားသည် ရတနာခြူးနွယ်တို့ဖြင့် မွေးအပ်သော လျှပ်စစ်နွယ်ကဲ့သို့ ပြိုးပြိုးပြက်ထွက်သော အရောင်ရှိသော ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်လျက် အထောင်မကသော နတ်သမီးတို့ဖြင့် ခြံရံလျက် ရှေ့မှ နေ၏။

၂။ **သုဇာတာ**အမည်ရှိသောမယားသည် ၁-ပါးမက များစွာသောတန်ဆာတို့ဖြင့် တန်ဆာဆင်လျက် အထောင်မကသော နတ်သမီးတို့ဖြင့် ခြံရံလျက် သိကြားမင်း၏ လက်ျာနံပါး၌ နေ၏။

၃။ **သုနန္ဒာ**အမည်ရှိသော သိကြားမင်း၏ မယားသည်ကား နတ်၌ဖြစ်သောတန်ဆာကိုဆင်လျက် အထောင်မက များစွာကုန်သော နတ်သမီးတို့ဖြင့် ခြံရံလျက် နောက်၌နေ၏။

၄။ **သုစိတ္တာ**မည်သောမယားသည်ကား ခပ်သိမ်းသောတန်ဆာတို့ဖြင့် တန်ဆာဆင်လျက် အထောင်မက များစွာကုန်သော နတ်သမီးတို့ဖြင့် ခြံရံလျက် သိကြားမင်း၏လက်ဝဲနံပါး၌ နေ၏။

ဤသို့လျှင် နတ်သမီးတို့သည် ထက်ဝန်းကျင်မှခြံရံ၍ နေကုန်၏။

### မောင်းမမိဿံအခြွေအရံ

ထိုသိကြားမင်းအား အကျွမ်းဝင်ကုန်သော ကောင်းစွာဆင်ယင်အပ်သော မျက်စိ, မျက်နှာ, ကိုယ်, အဆင်းရှိကုန်သော ကိုးသန်း, ကိုးသိန်းသော နတ်သမီးတို့သည် ရွှေအိုး, ရွှေဖျဉ်းအစရှိသည်တို့ကို ကိုင်ကုန်၍ ထက်ဝန်းကျင်မှ နေကုန်၏၊ အထောင်မကများစွာကုန်သော နတ်သားအပေါင်းတို့သည် ရွှေရေအိုးတို့ကို ကိုင်၍ ထိုနတ်သမီးတို့ကို ခြံရံ၍

ရပ်ကုန်၏၊ ထိုနတ်သားတို့ကို ခြံရံ၍ အထောင်မကများစွာကုန်သော နတ်သမီးတို့သည် အပအပြင်၌ ကကုန်, သီကုန်၏၊

ဂဂ္ဂရီအမည်ရှိသောနတ်သမီးသည် မဟာဝဍ္ဍအမည် ရှိသောစောင်းကို တီး၏၊ ထိုအခါ၌ စောင်း၏အခြံအရံဖြစ်ကုန်သော ခြောက်သောင်းသော စောင်းတို့သည် အလိုလိုအသံကို လွှတ်ကုန်၏၊

သာဓုအမည်ရှိသော နတ်သမီးသည် သုနန္ဒရဝမည်သော ပြွေကို မှုတ်၏၊ ထိုအခါ၌ ထိုပြွေ၏အခြံအရံဖြစ်ကုန်သော ခြောက်သောင်းသောပြွေတို့သည် မိမိတို့၏အလိုလိုအသံကို လွှတ်ကုန်၏၊

အဃဥ္စသရီ မည်သောနတ်သမီးသည် မဓုရသရမည်သော ပြွေပါစောင်းကို တီး၏၊ ထိုအခါ၌ ထိုစောင်း၏ အခြံအရံဖြစ်ကုန်သော ခြောက်သောင်းမျှကုန်သော ပြွေပါစောင်းတို့သည် မိမိအလိုလို အသံကို လွှတ်ကုန်၏။

မဏိမေခလာ မည်သော နတ်သမီးသည် ဝိဇယုတ္တရမည်သော ခရုသင်းကို မှုတ်၏၊ ထိုအခါ ထိုခရုသင်း၏အခြံအရံဖြစ်ကုန်သော ခြောက်သောင်းမျှကုန်သော ခရုသင်းတို့သည် မိမိတို့၏အလိုလို အသံကို လွှတ်ကုန်၏၊

မနောဟရ မည်သောနတ်သမီးသည် ပထဝိပ္ပမည်သော မုရိုးစည်ကိုတီး၏၊ ထိုအခါ၌ ထိုမုရိုးစည်၏အခြံအရံဖြစ်ကုန်သော ခြောက်သောင်းမျှသော မုရိုးစည်တို့သည် မိမိတို့၏ အလိုလို အသံကို လွှတ်ကုန်၏၊

သတိမုတ္တက မည်သော နတ်သမီးသည် အာနန္ဒာမည်သော မုရိုးစည်ကို တီး၏၊ ထိုအခါ၌ ထိုမုရိုးစည်၏အခြံအရံ ဖြစ်ကုန်သော ခြောက်သောင်းမျှသော မုရိုးစည်တို့သည် မိမိတို့၏အလိုလို မြည်ကုန်၏။

မတ္တကီ အမည်ရှိသောနတ်သမီးသည် ဒီဃမုခမည်သော တစ်ဖက်ပိတ်စည်ကို တီး၏၊ ထိုအခါ ထိုအိုးစည်၏ အခြံအရံဖြစ်ကုန်သော ခြောက်သောင်းမျှကုန်သော တစ်ဘက်ပိတ်စည်တို့သည် မိမိအလိုလို မြည်ကုန်၏၊

နန္ဒာမည်သောနတ်သမီးသည် ကောဋ္ဌမ္ဗရသရ မည်သောစည်ကို တီး၏၊ ထိုအခါ ထိုစည်၏ အခြံအရံဖြစ်ကုန်သော ခြောက်သောင်းမျှကုန်သော ကောဋ္ဌမ္ဗရသရစည်တို့သည် အလိုလို မြည်ကုန်၏၊

**မာယာ** နတ်သမီးသည် ဝိတဝါပေါက္ခရမည်သော **ပြောစည်ကို** တီး၏၊ ထိုအခါ ထိုစည်၏ အခြံအရံ ဖြစ်ကုန်သော ခြောက်သောင်းမျှကုန်သော ပြောစည်တို့သည် အလိုလို အသံကို လွှတ်ကုန်၏၊

**ဃောရတရ** မည်သော နတ်သမီးသည် နန္ဒသရမည်သော **မဏိပဗ္ဗစည်ကို** တီး၏၊ ထိုအခါ ထိုစည်၏ အခြံအရံဖြစ်ကုန်သော ခြောက်သောင်းမျှကုန်သော မဏိပဗ္ဗစည်တို့သည် အလိုလို မြည်ကုန်၏၊

**သဒ္ဒါရဂ်သေနာ**မည်သော နတ်သမီးသည် ဒသဃောသမည်သော **စည်ကြီးကို** တီး၏၊ ထိုအခါ၌ ထိုစည်ကြီး၏ အခြံအရံဖြစ်ကုန်သော ခြောက်သောင်းမျှကုန်သော စည်ကြီးတို့သည် မိမိတို့အသံကို လွှတ်ကုန်၏။

ဤသို့အစရှိသော အသိန်းမကများစွာကုန်သော အငြိမ့်သည်နတ်သမီးတို့သည် အထူးထူးသော အမည်ရှိသော အထူးထူးအပြားပြားသော **အာတတ**- တစ်ဖက်ပိတ်စည်, **ဝိတတ**-၂-ဖက်ပိတ်သောစည်, **အာတတဝိတတ**- ထက်ဝန်းကျင် မြှေးအပ်သောစည်, **ဃန**-လက်ချပ်, **သုသိရ**-မြွေ-ဟု ဆိုအပ်သော ပဉ္စင်္ဂတူရိယာတို့ကို တီးမှုတ်ကုန်၏၊ ထိုအခါ၌ ထိုထိုသို့သော ပဉ္စင်္ဂတူရိယာ၏ အခြံအရံဖြစ်ကုန်သော ခြောက်သောင်း, ခြောက်သောင်းကုန်သော အာတတ-စသော ပဉ္စင်္ဂတူရိယာတို့သည် မိမိတို့အလိုလို မြည်ကုန်၏။

## ကခြေသဘင်

ထို့နောင်မှ သုဓမ္မာမည်သော **ဂန္ဓဗ္ဗနတ်သားသည်** သုရုန္ဒန, သဗ္ဗနန္ဒရမည်သော **စည်ကို** ပခုံး၌လွယ်လျက် ခြောက်သောင်း, ရှစ်ထောင်သောစည်တို့ဖြင့် ခြံရံလျက် အထောင်မကများစွာသော နတ်ကခြေသည်တို့နှင့်တကွ အဝန်းအားဖြင့် ယူဇနာ ၅၀-ရှိသော အရပ်၌ ကခြေသဘင်အဝန်းကို ဖွဲ့၍ အရှေ့စကြဝဠာတောင်ထိပ်၌ ဂန္ဓဗ္ဗနတ်ကခြေသဘင်ကို ပြု၏၊

တိမ္ဗရုသကမည်သော နတ်သားသည် **တစ်ဖက်ပိတ်စည်ကို** ပခုံး၌လွယ်၍ ခြောက်သောင်း, ရှစ်ထောင်သောစည်တို့ဖြင့်ခြံရံလျက် အထောင်မကများစွာကုန်သော နတ်ကခြေသည်တို့နှင့်တကွ အဝန်းအားဖြင့် ယူဇနာငါးဆယ်ရှိသောအရပ်၌ ကခြေသဘင် အဝန်းကို ဖွဲ့၍ တောင်စကြဝဠာတောင်ထိပ်၌ ကခြေသဘင်ကို ပြု၏၊

ဒီဃမုခ မည်သော နတ်သားသည် မဟာဗန္ဓမည်သောစည်ကို ပခုံး၌လွယ်၍ ခြောက်သောင်း, ရှစ်ထောင်သော စည်တို့ဖြင့် ခြံရံလျက် အထောင်မကများစွာကုန်သော

နတ်ကခြေသည်တို့နှင့်တကွ အဝန်းအားဖြင့် ယူဇနာငါးဆယ်ရှိသောအရပ်၌ သဘင်ဝန်းဖွဲ့၍ အနောက်စကြဝဠာတောင်ထိပ်၌ ကခြေသဘင်ကိုပြု၏၊

ပဉ္စသိခမည်သောဂန္ဓဗ္ဗနတ်သားသည် သုဒဿနမည်သော စည်ကို ပခုံး၌လွယ်၍ ခြောက်သောင်း, ရှစ်ထောင်ကုန်သောစည်တို့ဖြင့် ခြံရံလျက် အထောင်မက များစွာကုန်သော ဂန္ဓဗ္ဗနတ်ကခြေသည်တို့နှင့်တကွ အဝန်းအားဖြင့် ယူဇနာ ၅၀-ရှိသော အရပ်၌ သဘင်အဝန်းကို ဖွဲ့၍ မြောက်စကြဝဠာတောင်ထိပ်၌ ဂန္ဓဗ္ဗနတ် ကခြေသဘင်ကို ပြု၏။

ဤသို့ ၂-ထပ်သောနတ်ပြည်တို့မှ အစဉ်လိုက်အပ်သော **စတုလောကပါလ** နတ်မင်းကြီး ၄-ယောက်တို့သည် စောင့်ရှောက်အပ်သည်ဖြစ်၍ နှစ်ကျိပ်, ရှစ်ယောက်သော နတ်စစ်သူကြီးတို့သည် အနီး၌ စောင့်အပ်သည်ဖြစ်၍ အထူးထူးသောသဘင်၏ တင့်တယ်ခြင်းဖြင့် တန်ဆာဆင်အပ်သော နတ်အပေါင်းတို့ဖြင့် ခြံရံလျက် ရတနာ ၇-ပါး အဆင်းရှိသော ကြာသွတ်အိုး အစရှိသည်တို့ကို ကိုင်ကုန်သော နှစ်ကုဋေ, ငါးသန်းသော နတ်အပေါင်းတို့ဖြင့် ခြံရံလျက် နှစ်ဆယ့်လေးကုဋေသော ဂန္ဓဗ္ဗနတ်ကခြေသည်တို့ဖြင့် တင့်တယ်လျက် ၁၀-ပါးသောအရပ်တို့မှ လွှတ်အပ်သော ဝတ်ပန်း, ဝတ်မှုံ, ဝတ်ဆံတို့ကဲ့သို့ ကာဠာနုသာရီ အစရှိသော ကောင်းသောအနံ့တို့ဖြင့် မွှေးလှိုင်သည်ဖြစ်၍ ဥယျာဉ်ကစားခြင်းသို့ သွား၏၊ သိကြားမင်းကြီးသည် နတ်သမီးအပေါင်းခြံရံလျက် ယူဇနာ ၆၀-အနံရှိသော ရွှေဖြင့်ပြီးသော ခရီးမသို့ သက်၍ နက္ခတ်သဘင်ကစားလျက် နန္ဒဝန်ဥယျာဉ်အစရှိသည်တို့၌ သွား၏။

✪✪✪✪✪✪✪✪✪✪✪

## ၁၀၄။ စတုမဟာရာဇ်နတ်မင်းကြီးတို့ လူ့ပြည်ဆင်း၍ စာရင်းမှတ်ယူခြင်း

လဆန်း ၈-ရက်, လဆုတ် ၈-ရက်တို့၌ စတုမဟာရာဇ်နတ်မင်းတို့၏ ကျွန်တို့သည် ၁၄-ရက်နေ့၌, ထိုစတုမဟာရာဇ်နတ်မင်းတို့၏ သားတို့သည် ၁၅-ရက်နေ့၌ ထိုစတု-မဟာရာဇ်နတ်မင်း ၄-ယောက်တို့သည် မိမိတို့ကိုယ်တိုင် ရွှေပေ, ဟင်းသပြဒါးစစ် တို့ကိုယူ၍ လူ့ပြည်၌ နိဂုံးဇနပုဒ်တို့၌ လည်၍-

"ဤမည်သောသူသည် ဘုရားကို ကိုးကွယ်၏၊ တရားကို ကိုးကွယ်၏၊ သံဃာကို ကိုးကွယ်၏၊ အလှူပေး၏၊ ပဉ္စသီစောင့်၏၊ ဥပုသ်သုံး၏၊ အမိ, အဖကိုလုပ်ကျွေး၏၊ အမျိုး၌ ကြီးသောသူကို အရိုအသေပူဇော်၏၊ တရားနာ၏၊ တရားဟောပုဂ္ဂိုလ်တို့အား ပူဇော် သက္ကာရပြု၍ တရားကိုဟောစေ၏၊ စေတီ, ဗောဓိ, ဆင်းတုအိမ်တို့ကို တည်စေ၏၊ ၁၀-

ပါးသော ကုသိုလ်ကမ္မပထတို့ကို ဆောက်တည်၍ နေ၏၊ ကုသိုလ် သုစရိုက် ၃-ပါးကို ဖြည့်ကျင့်၏"။

ဤသို့ အစရှိသည်ဖြင့် ရွှေပေ၌ ဟင်းသပြဒါးဖြင့်ရေး၍ ဆောင်ခဲ့၍ ပဥ္စသိခ နတ်သား၏ လက်၌ ပေးအပ်ကုန်၏၊ ပဥ္စသိခနတ်သားသည် မာတလိနတ်သားအား ပေးအပ်၏၊ မာတလိနတ်သားသည် သိကြားမင်းအား ပေးအပ်၏၊ အကြင်အခါ၌ ကုသိုလ်ကောင်းမှုပြုသောသူတို့သည် နည်းကုန်၏၊ ထိုအခါ စာရေးသောပေသည် နည်းသည် ဖြစ်၏၊ ထိုစာကို မြင်၍ လူတို့သည် မေ့လျော့ကုန်၏၊ အပါယ် ၄-ပါးတို့သည် ပြည့်ကုန်လတ္တံ့၊ နတ်ပြည်သည် ဟင်းလင်းဖြစ်လတ္တံ့ဟူ၍ နှလုံးမသာ ဖြစ်ကုန်၏၊ အကယ်၍ စာသည်ကြီးသည်ဖြစ်အံ့၊ ထိုစာကိုမြင်၍ လူတို့သည် မမေ့မလျော့နေကုန်၏၊ အပါယ် ၄-ပါးတို့သည် ဟင်းလင်းဖြစ်ကုန်လတ္တံ့၊ ငါတို့နတ်ပြည်သည် ပြည့်လတ္တံ့၊ မြတ်စွာဘုရား သာသနာတော်၌ ကောင်းမှုတို့ကို ပြုကုန်၍ လာကုန်သော ဘုန်းကြီးသော နတ်တို့ကို ပွဲမျှားခြင်းကို ပြု၍ သဘင်ပွဲလမ်း ပြုကုန်လတ္တံ့ဟု ဝမ်းမြောက်ကုန်၏။

ထိုစာကို ကိုင်၍ သိကြားမင်းသည် နတ်အပေါင်းတို့၏ အလယ်၌ဖတ်၏၊ ပကတိ အသံဖြင့်ဖတ်သော သိကြားမင်း၏အသံသည် ၁၂-ယူဇနာတိုင်တိုင် ကြား၏၊ ပြင်းစွာသော အသံဖြင့် ဖတ်မူကား- အလုံးစုံ ယူဇနာ ၁၀,၀၀၀-ရှိသော တာဝတိံသာနတ်မြို့၌ နှံ့၏။

✪✪✪✪✪✪✪✪✪✪✪

## ၁၀၅။ နတ်ပြည်တည်ပုံနှင့် နတ်သက်တမ်း

### စတုမဟာရာဇ်

မြေမှသည် ယူဇနာလေးသောင်း, နှစ်ထောင် အထုရှိသော ယုဂန္ဓိုရ်တောင်ထိပ်နှင့် မျှသောအရပ်၌ **စတုမဟာရာဇ်** နတ်ပြည်ရှိ၏၊ စတုမဟာရာဇ်နတ်တို့၏ အသက်ကား- လူတို့နှစ်ဖြင့် အနှစ် ၅၀-သည်စတုမဟာရာဇ်နတ်တို့မှာ ၁-နေ့နှင့် ၁-ညဥ့်သာ ရှိ၏၊ ထိုနေ့, ညဥ့်ဖြင့် အရက် ၃၀-သည် ၁-လ၊ ၁၂-လသည် ၁-နှစ်၊ ထိုနှစ်ဖြင့် အနှစ် ၅၀၀-သည် စတုမဟာရာဇ်နတ်တို့၏အသက်တည်း၊ ဤကား- နတ်တို့၏ အရေအတွက်တည်း၊ လူတို့၏ နှစ်အရေအတွက်အားဖြင့်ကား- အနှစ်ကိုးသန်းရှိ၏။

## တာဝတိံသာ

စတုမဟာရာဇ်နတ်ပြည်မှ ယူဇနာလေးသောင်း, နှစ်ထောင်မြင့်သောမြင်းမိုရ်တောင် ထိပ်၌ **တာဝတိံသာ** နတ်ပြည်ရှိ၏၊ မြင်းမိုရ်တောင်ထိပ်၌ သိကြားနေရာ တာဝတိံသာ နတ်မြို့ရှိ၏၊ လူတို့နေရာမြေ၌ အစုအစုရွာ, ပြည်တို့ရှိသကဲ့သို့ စကြဝဠာနားဆိုက်အောင် အစုအစုကောင်းကင်၌တည်သော တာဝတိံသာနတ်ပြည်တို့ ရှိကုန်၏၊ တာဝတိံသာနတ်တို့ အသက်ကား- လူတို့၏အနှစ် ၁၀၀-သည် တာဝတိံသာမှာ ၁-နေ့နှင့် ၁-ညဉ့်ဖြစ်၏၊ ထိုနေ့, ညဉ့်ဖြင့် အရက် ၃၀-သည် ၁-လ၊ ထိုလဖြင့် ၁၂-လသည် ၁-နှစ်၊ ထိုနှစ်ဖြင့် အနှစ် ၁၀၀၀-သည် တာဝတိံသာနတ်တို့၏ အသက်တည်း၊ ဤကား နတ်တို့၏ အရေအတွက် တည်း၊ လူတို့၏နှစ်အရေအတွက်ဖြင့်ကား- နှစ်ပေါင်း သုံးကုဋေ, ခြောက်သန်း ရှိ၏။

## ယာမာ

တာဝတိံသာမှ ယူဇနာလေးသောင်း, နှစ်ထောင်မြင့်သော အရပ်၌ **ယာမာ** နတ်ပြည် ရှိ၏၊ လူတို့အနှစ်နှစ်ရာသည် ယာမာ၌ ၁-နေ့နှင့် ၁-ညဉ့်၊ ထိုနေ့, ညဉ့် ၃၀-သည် ၁-လ၊ ၁၂-လသည် ၁-နှစ်၊ ထိုနှစ်ဖြင့် အနှစ် ၂၀၀၀-သည် ယာမာနတ်တို့၏ အသက်တည်း၊ လူတို့၏ နှစ်အရေအတွက်အားဖြင့်ကား- အကုဋေ တစ်ဆယ့်လေးကုဋေ, အနှစ်လေးသန်း ရှိ၏။

## တုသိတာ

ယာမာမှ ယူဇနာလေးသောင်း, နှစ်ထောင်မြင့်သောအရပ်၌ **တုသိတာ** နတ်ပြည် ရှိ၏၊ လူတို့အနှစ် ၄၀၀-သည် တုသိတာ၌ ၁-နေ့နှင့် ၁-ညဉ့်၊ ထိုနေ့, ညဉ့် ၃၀-သည် ၁-လ၊ ၁၂-လသည် ၁-နှစ်၊ ထိုနှစ်ဖြင့် အနှစ် ၄၀,၀၀၀-သည် တုသိတာနတ်တို့၏ အသက် တည်း၊ လူတို့၏ နှစ်အရေအတွက်ဖြင့်ကား- အကုဋေငါးဆယ့်ခုနစ်ကုဋေ, အနှစ် ခြောက်သန်းရှိ၏။

## နိမ္မာနရတိ

တုသိတာမှ ယူဇနာလေးသောင်း, နှစ်ထောင်မြင့်သောအရပ်၌ **နိမ္မာနရတိ** နတ်ပြည် ရှိ၏၊ လူတို့အနှစ် ၈၀၀-သည် နိမ္မာနရတိနတ်တို့မှာ ၁-နေ့နှင့် ၁-ညဥ့်၊ ထိုနေ့, ညဥ့် ၃၀-သည် ၁-လ၊ ၁၂-လသည် ၁-နှစ်၊ ထိုနှစ်ဖြင့် အနှစ် ၈၀,၀၀၀-သည် နိမ္မာနရတိနတ်တို့၏ အသက်တည်း၊ လူတို့၏ နှစ်အရေအတွက်ဖြင့်ကား အကုဋေနှစ်ရာ့ သုံးဆယ်, အနှစ်လေးသန်းရှိ၏။

## ပရနိမ္မိတဝသဝတ္တီ

နိမ္မာနရတိနတ်ပြည်မှယူဇနာလေးသောင်း, နှစ်ထောင်မြင့်သောအရပ်၌ **ပရနိမ္မိတဝသဝတ္တီ** နတ်ပြည်ရှိ၏၊ လူတို့အနှစ် ၁၆၀၀-သည် ပရနိမ္မိတဝသဝတ္တီမှာ ၁-နေ့နှင့် ၁-ညဥ့်သာ ဖြစ်၏၊ ထိုနေ့, ညဥ့် ၃၀-သည် ၁-လ၊ ၁၂-လသည် ၁-နှစ်၊ ထိုနှစ်ဖြင့် ၁၆,၀၀၀-သည် ပရနိမ္မိတဝသဝတ္တီနတ်တို့၏ အသက်တည်း၊ လူတို့နှစ်ဖြင့်ကား- အကုဋေကိုးရာ့, နှစ်ဆယ့်တစ်ကုဋေ, အနှစ်ခြောက်သန်း ရှိ၏၊ လူ့ပြည်မှ ပရနိမ္မိတဝသဝတ္တီတိုင်အောင် အမြင့်ယူဇနာပေါင်းကား- နှစ်သိန်း, ငါးသောင်း, နှစ်ထောင်ယူဇနာ ရှိ၏။

✪✪✪✪✪✪✪✪✪✪✪

## ၁၀၆။ ဖြဟ္မာ့ပြည်တည်ပုံနှင့် ဖြဟ္မာ့သက်တမ်း
### ပဌမစျာန် ၃-ဘုံ

ပရနိမ္မိတဝသဝတ္တီ နတ်ပြည်မှအထက်သို့ ယူဇနာငါးသန်း, ငါးသိန်း, ရှစ်ထောင် မြင့်သော အရပ်၌ ဖြဟ္မပါရိသဇ္ဇာ, ဖြဟ္မပုရောဟိတာ, မဟာဖြဟ္မာ-ဟု ဆိုအပ်သော ပဌမစျာန် ၃-ဘုံတစ်ပြင်တည်း တည်၏၊ လူ့ပြည်မှ ပဌမစျာန် ၃-ဘုံတိုင်အောင် အမြင့်ယူဇနာ ပေါင်းကား- ငါးသန်း, ခုနစ်သိန်း, ခြောက်သောင်း ရှိ၏။

သီဟိုဠ်ကျွန်း၌ လောဟပါသာဒပြာသာဒ်ပမာဏရှိသော ကျောက်ကို ပဌမစျာန်ဘုံမှ လူ့ပြည်သို့ချလိုက်သည်ရှိသော် ၄-လဖြင့် မြေသို့ရောက်၏၊ ထိုကျောက်သည် ၁-နေ့နှင့် ၁-ညဥ့်ဖြင့် သက်သည်ကား- ယူဇနာ ၄၈,၀၀၀-သက်၏၊ ပဌမစျာန် ၃-ဘုံ ဖြဟ္မပါရိသဇ္ဇာ-

ပြဟ္မာတို့၏အသက်ကား အသင်္ချေယျကပ်ကို ၃-စုစု၍ ၁-စုလျှင်တည်း၊ ပြဟ္မပုရောဟိတာဘုံ ပြဟ္မာတို့၏ အသက်ကား အသင်္ချေယျကပ်၏ ထက်ဝက်တည်း၊ မဟာပြဟ္မာတို့၏ အသက်ကား အသင်္ချေယျတစ်ကပ်လျှင်တည်း၊ အသင်္ချေယျကပ်၏ အရေအတွက်အပိုင်း အခြားကား လူတို့အသက်အသင်္ချေနေသော ကာလမှစ၍ ၁၀-နှစ်တမ်း နေသည် တိုင်အောင် ဆုတ်ခဲ့၍ တစ်ဖန် ၁၀-နှစ်တန်းမှသည် ၂၀-တမ်း, ၃၀-တမ်း စသည်ဖြင့် တက်ပြန်၍ အသင်္ချေနေသည်တိုင်အောင်သောကာလသည် ကပ် ၁-ကပ် မည်၏၊ ဤကပ်ကို အန္တရကပ်ဟူ၍ ဆို၏။

## ဒုတိယဈာန် ၃-ဘုံ

ပဌမဈာန်ဘုံမှသည် ယူဇနာငါးသန်း, ငါးသိန်း, ရှစ်ထောင်မြင့်သော အရပ် တစ်ပြင်တည်း၌ **ပရိတ္တာဘာ, အပ္ပမာဏာဘာ, အာဘဿရာ**ဟုဆိုအပ်သော ဒုတိယဈာန် ၃-ဘုံ တည်၏၊ ပရိတ္တာဘာ ပြဟ္မာတို့၏အသက်ကား အသင်္ချေယျ ၁-ကပ်နှင့် မဟာကပ် ၁-ကပ်အားဖြင့် ၂-ကပ်ဖြစ်သတည်း၊ မဟာကပ်ဆိုသည်ကား

- သံဝဋ္ဋအသင်္ချေယျကပ်,
- သံဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်,
- ဝိဝဋ္ဋအသင်္ချေယျကပ်,
- ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်၊

ဤ ၄-ကပ်တို့ကိုပေါင်းမှ မဟာကပ် ၁-ကပ်ဖြစ်သတည်း၊ အပ္ပမာဏာဘာပြဟ္မာတို့၏ အသက်ကား အသင်္ချေယျ ၁-ကပ်နှင့် မဟာကပ် ၃-ကပ်အားဖြင့် ၄-ကပ်ဖြစ်သတည်း၊ အာဘဿရာပြဟ္မာတို့၏အသက်ကား အသင်္ချေယျ ၁-ကပ်နှင့် မဟာကပ် ၇-ကပ်အားဖြင့် ၈-ကပ် ဖြစ်သတည်း၊ ဤကဲ့သို့ အထက်ပြဟ္မာတို့၏ အသက်ကိုလည်း အသင်္ချေယျ ၁-ကပ်စီတက်၍ အရေအတွက်ကို သိအပ်၏။

## တတိယဈာန် ၃-ဘုံ

ဒုတိယဈာန် ၃-ဘုံမှ အထက်သို့ ၎င်းယူဇနာဖြင့်မြင့်သော တစ်ပြင်တည်းသော အရပ်၌ ပရိတ္တသုဘာ, အပ္ပမာဏသုဘာ, သုဘကိဏှာဟု ဆိုအပ်သော တတိယဈာန် ၃-ဘုံ တည်၏၊ ပရိတ္တသုဘာပြဟ္မာတို့၏အသက်ကား ၁၆-ကပ်၊ အပ္ပမာဏသုဘာ ပြဟ္မာတို့၏အသက်ကား ၃၂-ကပ်၊ သုဘကိဏှာပြဟ္မာတို့၏ အသက်ကား ၆၄-ကပ် ဖြစ်သတည်း။

## စတုတ္ထဈာန် ၂-ဘုံ

တတိယဈာန်ဘုံမှအထက်သို့ ၄င်းယူဇနာဖြင့်မြင့်သော တစ်ပြင်တည်းသောအရပ်၌ **ဝေဟပ္ဖိုလ်, အသညသတ်** ဟုဆိုအပ်သော စတုတ္ထဈာန် ၂-ဘုံတည်၏၊ ထို ၂-ဘုံ ဗြဟ္မာတို့၏အသက်ကား ကမ္ဘာ ၅၀၀-စီတည်း။

## သုဒ္ဓါဝါသ ၅-ဘုံ

ထိုဝေဟပ္ဖိုလ်, အသညသတ်ဘုံမှ အထက်သို့ ၄င်းယူဇနာဖြင့် မြင့်သောအရပ်၌ **အဝိဟာဘုံ** တည်၏၊ ထိုဗြဟ္မာတို့၏အသက်ကား ကမ္ဘာ ၁၀၀၀-တည်း၊ အဝိဟာမှ အထက်သို့ ၄င်းယူဇနာဖြင့် မြင့်သောအရပ်၌ **အတပ္ပါဘုံ** တည်၏၊ ထိုဗြဟ္မာတို့၏အသက်ကား ကမ္ဘာ ၂၀၀၀-တည်း၊ အတပ္ပါဘုံမှ အထက်သို့ ၄င်းယူဇနာဖြင့် မြင့်သောအရပ်၌ **သုဒဿာဘုံ** တည်၏၊ ထိုဘုံဗြဟ္မာတို့၏အသက်ကား ကမ္ဘာ ၄၀၀၀-တည်း၊ သုဒဿာဘုံမှ ၄င်းယူဇနာဖြင့် မြင့်သောအရပ်၌ **သုဒဿီဘုံ** တည်၏၊ ထိုဘုံဗြဟ္မာတို့၏အသက်ကား ကမ္ဘာ ၈၀၀၀-တည်း၊ သုဒဿီမှအထက်သို့ ယူဇနာငါးသန်း, ငါးသိန်း, ရှစ်ထောင်ဖြင့် မြင့်သောအရပ်၌ **အကနိဋ္ဌဗြဟ္မာဘုံ** တည်၏၊ ထိုဘုံဗြဟ္မာတို့၏အသက်ကား ကမ္ဘာ ၁၆,၀၀၀-တည်း။

(ဤဗြဟ္မာ့ပြည် ၁၆-ဘုံကား ရူပါဝစရဗြဟ္မာ့ပြည်တည်း။)

## အရူပ ၄-ဘုံ

အကနိဋ္ဌဘုံမှ ယူဇနာငါးသန်း, ငါးသိန်း, ရှစ်ထောင်ဖြင့် မြင့်သောအရပ်၌ **အာကာသာနဉ္စာယတန** ဗြဟ္မာဘုံတည်၏၊ ထိုဗြဟ္မာတို့၏အသက်ကား ကမ္ဘာ ၂၀,၀၀၀-တည်း၊ ထိုဘုံမှ အထက်သို့ ၄င်းယူဇနာဖြင့် မြင့်သောအရပ်၌ ဝိညာဏဉ္စာယတနဘုံ တည်၏၊ ထိုဘုံဗြဟ္မာတို့၏အသက်ကား ကမ္ဘာ ၄၀,၀၀၀-ဖြစ်သတည်း၊ ထိုဘုံအထက်သို့၄င်း ယူဇနာဖြင့် မြင့်သောအရပ်၌ အာကိဉ္စညာယတနဘုံတည်၏၊ ထိုဘုံဗြဟ္မာတို့၏ အသက်ကား ကမ္ဘာ ၆၀,၀၀၀-ဖြစ်သတည်း။ ထိုဘုံမှ အထက်သို့ ယူဇနာ ငါးသန်း, ငါးသိန်း, ရှစ်ထောင်ဖြင့် မြင့်သောအရပ်၌ **နေဝသညာ နာသညာယတန** ဗြဟ္မာဘုံတည်၏၊ ထိုဘုံဗြဟ္မာတို့၏ အသက်ကား ကမ္ဘာ ၈၄,၀၀၀-ဖြစ်သတည်း။

(ဤ ၄-ဆင့်သော ဗြဟ္မာကား အရူပဗြဟ္မာတည်း။)

## ပြဟ္မာတို့၏အသွင်သဏ္ဌာန်, အာဟာရ

ငရဲ, ပြိတ္တာ, တိရစ္ဆာန်, အသူရကာယ်, လူ့ပြည်, စတုမဟာရာဇ်, တာဝတိံသာ, ယာမာ, တုသိတာ, နိမ္မာနရတိ, ပရနိမ္မိတဝသဝတ္တီ၊ ဤ ၁၁-ဘုံသည် **ကာမလောကမည်၏၊** ရူပါဝစရပြဟ္မာ့ပြည် ၁၆-ထပ်သည် **ရူပလောကမည်၏၊** အရူပပြဟ္မာ့ပြည် ၄-ထပ်သည် **အရူပလောကမည်၏၊**

အရူပ ၄-ဘုံတွင် အထက်ဆုံး နေဝသညာနာသညာယတနဘုံတိုင်အောင် အမြင့်ယူဇနာပေါင်းကား ခုနစ်ကုဋေ, တစ်သန်း, ရှစ်သိန်း, ငါးသောင်း, ခြောက်ထောင်ရ၏၊ ထိုပြဟ္မာတို့တွင် ရူပါဝစရပြဟ္မာတို့သည် ယောကျ်ားသဏ္ဌာန်ရှိ၏၊ ဣတ္ထိဘော, ပုမ္ဘောတို့သည် မရှိကုန်၊ ဘုရားကို ဖူးမြင်အံ့သောငှါ **စက္ခုပသာဒ** ရှိကုန်၏၊ တရားကို နာအံ့သောငှါ **သောတပသာဒ**ရှိကုန်၏၊ ထို့ကြောင့် ရူပါရုံကိုမြင်၏၊ အသံကို ကြား၏၊ နှာခေါင်း, လျှာတို့သည်ကား သဏ္ဌာန်ရှိကုန်၏၊ ပသာဒရုပ် မရှိကုန်၊

**နှာခေါင်း ရှိ၏၊** ဃာနပသာဒ, ဃာနဝိညာဉ်မရှိသောကြောင့် ဂန္ဓာရုံကိုမသိ၊ လူးလည်းနိုင်သော လျှာရှိသောကြောင့် စကားကို ဆိုတတ်၏၊ ဇိဝှါပသာဒ, ဇိဝှါဝိညာဉ် မရှိသောကြောင့် ရသာရုံကို မသိကုန်၊ မစားမသောက်ကုန်၊ ဈာန်၌မွေ့လျော်ခြင်း, နှစ်သက်ခြင်းပီတိသည်သာ ထိုပြဟ္မာတို့အား အာဟာရဖြစ်၏၊ **ကိုယ်ရှိ၏၊** ကာယပသာဒ, ကာယဝိညာဉ် မရှိ၊ ထို့ကြောင့် တစ်စုံတစ်ခုသောအတွေ့ ဖောဋ္ဌဗ္ဗာရုံကိုမသိကုန်၊ ထိုသို့သော်လည်း အဝတ်, အရုံပုဆိုး ရှိကုန်၏၊ ပြဟ္မာ့ဗိမာန်အိပ်ရာ, နေရာတို့၌ နေကုန်၏၊ ခပ်သိမ်းသောတန်ဆာတို့ဖြင့် တန်ဆာ ဆင်ကုန်၏၊

ဆံ, လက်သည်း, ခြေသည်း, သွားတို့သည် ရှိကုန်၏၊ ကျင်ကြီး, ကျင်ငယ်ထုတ်သောဝစ္စမဂ်, ပဿာဝမဂ်တို့သည် မရှိကုန်၊ မိန်းမမရှိ၊ ကခြင်း, သီခြင်းမရှိ၊ အချို့သော ပြဟ္မာတို့သည် အရိယဝိဟာရဖြင့်နေကုန်၏၊ အချို့ပြဟ္မာတို့သည် ဒိဗ္ဗဝိဟာရဖြင့် နေကုန်၏၊ အချို့ကား ပြဟ္မဝိဟာရဖြင့် နေကုန်၏၊ အရူပပြဟ္မာတို့အားကား- စိတ်သာရှိ၍ ရုပ်မရှိကုန်၊ ထို့ကြောင့် အရုပ်သဏ္ဌာန်ကိုယ်မရှိကုန်၊ **ဆီမီးလျှံကဲ့သို့ ဒိဗ္ဗစက္ခု, ပညာစက္ခုဖြင့်မြင်ကောင်းရုံ အစုအစုသာ** ဖြစ်ကုန်၏။

✪✪✪✪✪✪✪✪✪✪✪

## ၁၀၇။ အသင်္ခေယျကပ်၏ဖြစ်ပုံ, ပျက်ပုံ

ထိုပြဟ္မာတို့၏အသက်ကို ပိုင်းခြားရာ၌ "သံဝဋ္ဋအသင်္ခေယျ စသောအသင်္ခေယျ ၄-ကပ်သည် မဟာကပ်ဖြစ်၏"ဟု ဆိုရာ၌ သံဝဋ္ဋစသောအသင်္ခေယျကပ်တို့၏ ဖြစ်ဟန်ကို ဤသို့ သိအပ်၏၊

- အကြင်အခါ၌ သတ္တဝါတို့အား **ရာဂပြော**၏၊ ထိုအခါ ကမ္ဘာသည် **မီးကြောင့်**ပျက်၏၊ အကြင်အခါ၌ သတ္တဝါတို့အား **ဒေါသပြော**၏၊ ထိုအခါ **ရေကြောင့်** ပျက်၏၊
- အကြင်အခါ၌ သတ္တဝါတို့အား **မောဟပြော**၏၊ ထိုအခါ၌ ကမ္ဘာသည် **လေကြောင့်** ပျက်၏၊

ရာဂပြော၍မီးဖြင့် ပျက်လိုသောအခါ၌ ရှေးဦးစွာ အနှစ်တစ်သိန်းက "ဤနှစ်မှသည် အနှစ်တစ်သိန်းလွန်သဖြင့် ကမ္ဘာပျက်လတ္တံ့"ဟု လောကဗြူဟာ အမည်ရှိသော ကာမာဝစရနတ်သားသည် ဖရိုဖရဲကြဲသော ဆံရှိသည်ဖြစ်၍ ငိုသောမျက်ရည် ရှိသည်ဖြစ်၍ မျက်ရည်ကို လက်ဖြင့်သုတ်လျက် နီသောအဝတ်ကိုဝတ်လျက် အလွန်ဖောက်ပြန်သော အသွင်ကိုဆောင်လျက် လူတို့၏ခရီး၌ လှည့်ပတ်သွားလျက် ဤသို့ကြား၏၊ "အချင်းတို့ ဤနှစ်မှ အနှစ်တစ်သိန်းလွန်သဖြင့် ကမ္ဘာကို မီးလောင်လတ္တံ့၊ ဤလူ အပေါင်းသည် ပျက်လတ္တံ့၊ မဟာသမုဒ္ဒရာသည် ခန်းခြောက်လတ္တံ့၊ မြေကြီး, မြင်းမိုရ်တောင် တို့သည် မီးလောင်လတ္တံ့၊ ဗြဟ္မာ့ပြည်တိုင်အောင် ပျက်ခြင်းသည်ဖြစ်လတ္တံ့၊ မေတ္တာကို ပွားစေကုန်၊ ကရုဏာကို ပွားစေကုန်၊ မုဒိတာကို ပွားစေကုန်၊ အမိကို လုပ်ကျွေးကုန်၊ အဘကို လုပ်ကျွေးကုန်၊ အမျိုး, အသက်, ဂုဏ်ဖြင့် ကြီးမြတ်သောသူတို့ကို အရိုအသေ ပြုကုန်"ဟူ၍ ဟစ်ကြွေးကြော်၏။

### သံဝဋ္ဋအသင်္ခေယျကပ်

၁။ ထိုအခါမှ အနှစ်တစ်သိန်းလွန်သဖြင့် ကမ္ဘာပျက်မိုဃ်းကြီးသည် တစ်ခဲနက် စကြဝဠာကုဋေတစ်သိန်းပြည့်အောင်တက်၍ သည်းစွာရွာ၏၊ ထိုမိုဃ်းကိုမြင်၍ လူတို့သည် ဝမ်းမြောက်ဝမ်းသာ အလုံးစုံသောပြောင်း, လူး, ကောက်, ပဲမျိုးတို့ကိုထုတ်၍စိုက်ပျိုးကြကုန်၍ လယ်တို့၌ကောက်ပင်တို့သည် နွားစားလောက်ရုံမျှ အပင်ရောက်ကုန်သော် မြည်း၏ မြည်ခြင်းကို မြည်လျက် မိုဃ်းတစ်ပေါက်မျှ မြေသို့မကျ ပြတ်ခဲ့၏၊ အလုံးစုံသော မိုးတိမ် တို့သည် ပျောက်ကုန်သော် အချို့ကုန်သောဟိတ်နှင့် ပြည့်စုံကုန်သောသတ္တဝါတို့သည်

အပရာပရိယကုသိုလ်ကံဖြင့် နတ်ပြည်၌ ဖြစ်ကုန်၍ ထိုနတ်ပြည်၌ **ဝါယောကသိုဏ်း**ကို ပွားစေ၍ ဈာန်ကိုဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့ ဖြစ်လေကုန်၏။

မိုးပြတ်သည်မှ အထက်သို့ရှည်စွာ အခွန့်ကိုလွန်သဖြင့် ၂-**ခုမြောက်သောနေသည်** ထင်ရှားဖြစ်၍ ကင်းသောမီးခိုး, တိမ်တိုက်ရှိသည်ဖြစ်၍ ပွတ်သစ်သော ကြေးမုံဝန်းကဲ့သို့ အညစ်အကြေးကင်းသဖြင့် စင်ကြယ်သည်ကိုပြု၍ မြစ်ကြီး ၅-စင်းတို့ကို ထား၍ မြစ်ငယ်, ထုံးအိုင်တို့၌ ရေကို ခြောက်စေ၏၊

ထို့နောင်မှ ၃-**ခုမြောက်သောနေသည်** ထင်ရှားဖြစ်၍ ဂင်္ဂါ, ယမုနာ, အစိရဝတီ, သရဘူ, မဟီ၊ ဤမြစ်ကြီး ၅-စင်းတို့ကို ခန်းခြောက်စေ၏၊

ထို့နောင်မှ ၄-**ခုမြောက်သောနေသည်** ထင်ရှားဖြစ်၍ အနဝတတ်အိုင်, ဆဒ္ဒန်အိုင်, ကုဏာလအိုင်, မန္ဒာကိနီအိုင်, ကဏ္ဏမုဏ္ဍအိုင်, ရထကာရအိုင်, သီဟပ္ပပါတအိုင်၊ ဤအိုင်ကြီး ၇-အိုင်တို့ကို ခန်းခြောက်စေ၏၊

၅-**ခုမြောက်သောနေထွက်**၍ မဟာသမုဒ္ဒရာ ၄-စင်းတို့ကို ခန်းခြောက်စေ၏၊

၆-**ခုမြောက်သောနေထွက်**၍ အလုံးစုံသော စကြဝဠာတိုက် အခိုးထွက်သည်ကို ပြု၏။

၇-ခုမြောက်နေထွက်၍ မြေ၌ တပြိုင်နက်အလျှံ ဖြစ်၍ မြေ, မြင်းမိုရ်, သတ္တရဘန်, ဟိမဝန္တာတောင် စသည်တို့ကို လောင်စေ၍ စတုမဟာရာဇ်, တာဝတိံသာ စသည်တို့၌ ရွှေဗိမာန်, ငွေဗိမာန် စသော အလုံးစုံကို လောင်လေ၏၊ ထို့နောင် ပဌမဈာန်ဘုံကိုလောင်လေ၏၊ ဤစကြဝဠာပျက်သကဲ့သို့ ထို့အတူ ဤစကြဝဠာပျက်သည်နှင့်တစ်ပြိုင်နက် ကုဋေ တစ်သိန်းအရေအတွက်ရှိသော စကြဝဠာတိုက်တို့သည် ပဌမဈာန်ဘုံတိုင်အောင်ချည်း ပျက်လေကုန်၏၊ ထိုအခါ၌ အလုံးစုံသင်္ခါရဖြစ်သည်ကို လောင်ပြီး၍ မီးတောက်စဲသည်ရှိသော် အောက်ကောင်းကင်နှင့် အထက်ကောင်းကင်တစ်စပ်တည်း အမိုက်အတိဖြစ်လေ၏၊ ကမ္ဘာပျက်မိုယ်းရွာသည်မှစ၍ မီးတောက်စဲသည်တိုင်အောင်သောကာလ၏ အခွန့်ရှည်ခြင်းသည်ကား- အန္တရကပ် ၆၄-ကပ်နှင့်အမျှတည်း။

## သံဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်

ထိုမီးတောက်စဲသည်မှ နောက်၌ ရှည်စွာသောအခွန့်ကို လွန်သဖြင့် **ကမ္ဘာပြု** မိုးကြီးသည် ရွာအံ့သောငှါ အားထုတ်၏၊ ရှေးဦးစွာ တပိဿတွဲလနှင့် တပေါင်းလအကြား စရက်တို့၌ ဆီးနှင်းပေါက်ကဲ့သို့ ကျ၏၊ ထို့နောက် ဆန်ခွဲဆန်လုံးမျှ, ပဲနောက်လုံးမျှ, ဆီးသီးလုံးမျှ, ရှားသီးမျှ, သခွားသီးမျှ ရေအယဉ်တို့သည်ဖြစ်၍ အစဉ်သဖြင့် ၁-ဥသဘ,

၂-ဥသဘ, ဂါဝုတ်ခွဲ, ၁-ဂါဝုတ်, ၂-ဂါဝုတ်, ၃-ဂါဝုတ်, ၁-ယူဇနာ, ၂-ယူဇနာ အစရှိသဖြင့် ယူဇနာ-၁၀၀, ယူဇနာ ၁၀၀၀-တိုင်အောင် မိုးပေါက်အယဉ်တို့သည် ကြီးကုန်၍ ရွာသဖြင့် ကုဋေတစ်သိန်းသော စကြဝဠာတိုက်တို့၌ အလုံးစုံမီးလောင်ရာအရပ်ကို ပြည့်စေ၍ စဲလေ၏၊ မီးတောက်စဲသည်မှစ၍ ကမ္ဘာပြုမိုးရွာသည်တိုင်အောင်သော ကာလ၏ အခွန့်ရှည်သော အဖြစ်ကား **အန္တရကပ် ၆၄-ကပ်နှင့် အမျှလျှင် ဖြစ်သတည်း။**

## ဝိဝဋ္ဋအသင်္ချေယျကပ်

ထိုကမ္ဘာပြုမိုးစ၍ ရွာသည်မှနောက်၌ ရှည်သောအခွန့်ကို လွန်သဖြင့် ထိုမှ၍မှ လေခတ်၍ ရေသည် တည်သည်ဖြစ်၍ အစဉ်သဖြင့် ရေသည်ခန်း၍ ဗြဟ္မာ့ပြည်တည်ရာ၌ ဗြဟ္မာထင်ရှားဖြစ်၏၊ နတ်ပြည် ၆-ထပ်တည်ရာ၌ နတ်ပြည်တို့သည် ဖြစ်ကုန်၏၊ အစဉ်သဖြင့် ရေခန်း၍

- ပံသုပထဝီအရာသို့ရောက်သော်ရေ၏အပေါ်၌ **ရသပထဝီ**တည်၏၊ ပံသုပထဝီ တည်၏၊
- ပံသုပထဝီအောက်၌ **သိလာပထဝီ** ဖြစ်၏၊
- လူတို့ထမင်းချက်ရာ၌ ဆူပွက်၍ဆန်တက်သကဲ့သို့ ပံသုပထဝီမှ စုန့်စုန့်တက်ရာ တောင် ဖြစ်၏၊　　　-မျှညီရာမြေပြင် ဖြစ်၏၊
- ချိုင့်ဝှမ်းရာ **မဟာသမုဒ္ဒရာ**, အင်း, အိုင်, မြစ်, ချောင်းတို့ ဖြစ်၏၊
- သတ္တရဘန်, တောင်စဉ် ၇-ထပ်, သီတာ ၇-တန်, သမုဒ္ဒရာ, မြစ်ကြီး, မြစ်ငယ် တို့သည်၎င်း အိုင်ကြီး ၇-အိုင်တို့သည်၎င်း ဖြစ်ကုန်၏၊
- လူ့ပြည်တည်ရာ အရပ် အရပ်၌ လူ့ပြည်တည်၏။

ဤသို့တည်သောအခါ၌ ဗြဟ္မာ့ပြည်မှ ဗြဟ္မာတို့သည် စုတေ့ခဲ့၍ လူ့ပြည်၌ ဥပပါတ် ပဋိသန္ဓေဖြင့် ဗြဟ္မာကဲ့သို့ပင် ဖြစ်လာကုန်၏၊ မိမိတို့၏ကိုယ်ရောင်ဖြင့် ထွန်းလင်းနိုင်ကုန်၏၊ ကောင်းကင်၌ သွားနိုင်ကုန်၏၊ မိန်းမ, ယောကျ်ားဟူ၍ မရှိကုန်၊ အာဟာရမမှီဝဲကုန်၊ ပီတိဟူသောအစာရှိကုန်သည်ဖြစ်၍ အသင်္ချေအသက်ရှည်ကုန်၏၊ မေထုန်မှီဝဲခြင်း မရှိကုန်၊

ထို့နောင်မှ အခွန့်ရှည်သဖြင့် တစ်ယောက်သောသူသည် ရသပထဝီမှအရသာကို လက်ချောင်းတို့ဖြင့်ယူ၍ လျှာ၌ထား၏၊ ထိုခဏ၌ ဇိဝှါဝိညာဉ်ဖြစ်၏။ ထိုအကြောင်းကိုသိ၍

တစ်ယောက်သည်လည်း စားပြန်၏၊ ဤသို့အားဖြင့် အလုံးစုံသောသူတို့သည် စားကုန်၏၊ ထိုသို့စားသောအခါ၌ ယူရာ, ယူရာသောအရပ်တို့သည် ထိုသူတို့၏ ကောင်းမှုအာနုဘော်ဖြင့် ပကတိပြည့်ပြန်၏၊ ယူသော်လည်း အရာမထင်။

ဤသို့ကာလရှည်သဖြင့် ထိုသူတို့၏တဏှာဒေါသကြောင့် ယူရာအရပ်၌ တဖန်ရသပထဝီမဖြစ်ပြီ၊ ထိုအခါ မြေပေါ်၌ ရှိသည်ကို စားရ၏၊ ထို့နောင် ထိုသူတို့၏ကောင်းမှုအားဖြင့် မှိုင်ကဲ့သို့ မြေလွှာသည် ဖြစ်၏၊ ထိုသူတို့သည် ထိုမြေလွှာကို ယူ၍စားကုန်၏၊ ယူရာအရပ်၌ တဖန် ပေါက်ပြန်ကုန်၏၊ ဤသို့ မြေလွှာကို စားဖန်များသဖြင့် ထိုသူတို့အား ရသတဏှာပွားများသောကြောင့် အသစ်မဖြစ်ပြီ၊ မြေ၌ရှိသည်ကိုသာ စားရကုန်၏၊ ထိုသူတို့၏ ကောင်းမှုအားဖြင့် အရသာရှိသော နွယ်ချိုသည် ဖြစ်ကုန်၏၊ ထိုနွယ်ချိုတို့ကို ယူ၍ စားကုန်၏၊ ထိုနွယ်ချိုကုန်ပြန်သည်ရှိသော် အလိုလိုရောက်သောဆန်, အသီးသီးသော **သလေးစပါး**သည် ဖြစ်၏၊ ထိုရှုန့်ရင်းသော သလေးဆန်ကို ယူ၍ စားရကုန်၏၊ ထိုရှုန့်ရင်းသောသလေးဆန်ကို စားကုန်သောသူတို့အား တဏှာသည် ပွားများခြင်းကြောင့် ကိုယ်ရောင်, ကိုယ်ဝါသည် ပျောက်ခဲ့၏၊ ကောင်းကင်၌လည်း မသွားနိုင်ကုန်။

ထိုအခါ ထိုသူတို့တွင် ပညာရှိသောသူတို့သည် စည်းဝေးကုန်၍ ကဲ့ရဲ့ကုန်၏၊ ငါတို့သည် ရှေး၌ ကိုယ်ရောင်ထွန်းပကုန်၏၊ ကောင်းကင်၌ သွားနိုင်ကုန်၏၊ ယခုငါတို့သည် ရသတဏှာ၏အစွမ်းဖြင့် မြေဆီကို စားကုန်၏၊ မြေဆီကွယ်ခဲ့သော် မြေလွှာဖြစ်၏၊ ထိုမြေလွှာကို စားကုန်၏၊ ထိုမြေလွှာကွယ်ပြန်သော် နွယ်ချိုဖြစ်၏၊ ထိုနွယ်ချိုကို စားကုန်၏၊ တဏှာ၏ အစွမ်းအားဖြင့် နွယ်ချိုကွယ်ပြန်သော် ယခုအခါ ဆန်သီးသော သလေးသည် ဖြစ်၏၊ ထိုဆန်ကို စားကုန်သော ငါတို့အား တဏှာအားကြီးသဖြင့် ကောင်းကင်ပျံနိုင်သော တန်ခိုးလည်း ပျောက်ပြီး၊ ကိုယ်၏အရောင်လည်း ပျောက်ခဲ့ပြီ၊ အလုံးစုံသောလောက သည် တခဲနက်အမိုက်အတိ ဖြစ်ခဲ့ပြီ၊ ယခုအခါ၌ အဘယ်သို့ ပြုရအံ့နည်း၊ အလင်းကို အဘယ်သို့ ရပါအံ့နည်း-ဟူ၍ ကြံကုန်သောသူတို့အား ကောင်းမှု၏အာနုဘော်ဖြင့် တပေါင်းလပြည့်နေ့၌ အတွင်းကား-ရွှေ, အပကား-ဖလ်ဖြင့်ပြီးသော နေဝန်းသည် ထင်ရှားဖြစ်၏၊ အလုံးစုံသော လောကဓာတ်သည် တပြိုင်နက် အလင်းဖြစ်၏။

ဤမျှလောက်သော ကာလပတ်လုံး အလုံးစုံသော မြေအပြင်သည် စည်မျက်နှာကဲ့သို့ ဖြစ်၏၊ ဤသည်ကား-မိန်းမ, ဤသည်ကား-ယောကျ်ားဟူ၍ အထူးမရှိ၊ အိမ်မရှိ၊ ဥတု, နှစ်, လ, ရက်-ဟူ၍မရှိ၊ မြေ၌သာအိပ်ရာ, နေရာ ဖြစ်ကုန်၏၊ အဝတ်ပုဆိုး ဖုံးလွှမ်းစရာလည်း မရှိ၊ အကြင်အခါ၌ နေသည်ထင်ရှားဖြစ်၏၊ ထိုအခါ၌သာလျှင် ဓမ္မတာ၏

အစွမ်းအားဖြင့် အကြောင်းမရှိဘဲ, အဘယ်သို့ဖြစ်စေ-ဟူ၍ စီရင်သူမရှိဘဲ ရှေးကမ္ဘာတို့၌ ဖြစ်သော အမှတ်ဖြင့် သမုဒ္ဒရာ၏အရာ၌ သမုဒ္ဒရာ, ထို့အတူမြင်းမိုရ်တောင်, တောင်စဉ် ၇-ထပ်, သီဒါ ၇-တန်, ကျွန်းကြီး ၄-ကျွန်း, ကျွန်းငယ်အရံ -၂၀၀၀, မြစ်ကြီး ၅-သွယ်, မြစ်ငယ် -၅၀၀, ဟိမဝန္တာတော, အိုင်ကြီး ၇-အိုင်, သရက်, သပြေပင် အစရှိသည်တို့သည် ရှေးရှေးသော ကမ္ဘာ၌တည်သော အခြင်းအရာဖြင့် နေပေါ်သည်နှင့်တကွ ဖြစ်ကုန်၏။

ဤသို့ လောက၏တည်ခြင်းထင်ရှားဖြစ်ပြီးသော် ထိုကမ္ဘာဦးသူတို့သည် တွန့်တို သောစိတ်ရှိသော ငါတို့အား ရဲရင့်ခြင်းကို ဖြစ်စေလျက် အကြင်ကြောင့် ဤနေသည် ဖြစ်၏၊ ထို့ကြောင့် **သူရိယ**ဟူသော အမည်သည် ဖြစ်စေသတည်း-ဟု နေ၏အမည်ကို ပြုကုန်၏၊ ထိုနေဝင်ပြန်သည်ရှိသော် အမိုက်သည် ဖြစ်ပြန်၏၊

ထိုအလုံးစုံသောသူတို့သည် တပေါင်းတည်း စည်းဝေးပြန်၍ "ငါတို့အား ရအပ်သောအလင်းသည် ကွယ်ခဲ့ပြီ၊ အကယ်၍ အလင်းကို ငါတို့အား ပြုပြန်ပါကုန်အံ့၊ ကောင်းလေစွ"ဟု ကြံကုန်၏၊ ထိုခဏ၌ **ဥတ္တရဖလဂုဏီနက္ခတ်**နှင့်တကွ အတွင်းကားငွေ့, အပကား မြဖြင့်ပြီးသော လဝန်းသည် ထင်ရှားဖြစ်၏၊ အလုံးစုံသော နက္ခတ်တာရာကြယ် အပေါင်းတို့သည် ဖြစ်ကုန်၏၊ ထို့ကြောင့် ထိုလကို **ဖဂ္ဂုဏပုဏ္ဏမီ**-ဟူသော အမည်ကို ပြုကုန်၏၊

ထို့နောင်မှ လူတို့သည် ဤလသည် ငါတို့၏ ဆန္ဒကိုငှင်း အလိုကိုငှင်း ယူ၍ဖြစ်၏၊ ထို့ကြောင့် **ဆန္ဒ**ဟူသောအမည်သည် ဖြစ်စေ သတည်း-ဟု "ဆန္ဒ" ဟု အမည်ကို ပြုကုန်၏၊ ကာလရှည်သဖြင့် "**စန္ဒ**"ဟု တွင်၏၊ ဤသို့ လ, နေ, နက္ခတ်, တာရာဖြစ်သဖြင့် တိထီနက္ခတ်, လခွဲ, လ, ဥတု, နှစ်အပိုင်း အခြားတို့သည် ဖြစ်ကုန်၏၊ ဤသို့ ကမ္ဘာပြုမိုးရွာသည်မှစ၍ အလုံးစုံမြင်းမိုရ်, သမုဒ္ဒရာ, နေ, လ, နက္ခတ်ပေါ်သော တပေါင်းလပြည့်တိုင်ကာလ၏ အခွန့်ရှည်သောအဖြစ်ကား- **အန္တရကပ် ၆၄-ကပ်နှင့် အမျှလျှင်တည်း**။

## ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်

ထိုသို့ နေ့, ရက်, လ, ဥတု, နှစ်ဖြစ်သည်မှစ၍ ဥတုအားလျော်စွာ မိုးရွာ၏၊ ထိုကမ္ဘာဦးသူတို့အား အလိုလိုရောက်သော သလေးဆန်အာဟာရကို သုံးဆောင်ကုန်သောသူတို့အား အာဟာရရှုန့်ရင်းသဖြင့် ကျင်ကြီး, ကျင်ငယ်တို့သည် ဖြစ်ကုန်၏၊ ထိုကျင်ကြီး, ကျင်ငယ်တို့ကို ထုတ်အံ့သောငှါ ကျင်ကြီး, ကျင်ငယ်ထွက်ရာ မဂ်တို့သည် ဖြစ်ကုန်၏၊ ထိုမဂ်တို့ဖြစ်ကုန်သည်ရှိသော် ရှေးကမ္ဘာ၌ ယောကျ်ားတို့အား ပုရိသလိင် ဖြစ်၏၊

မိန်းမတို့အား ဣတ္ထိလိင် ဖြစ်၏၊ ထိုသို့ဖြစ်ခြင်းသည်လည်း နေပေါ်သည်နှင့် တပြိုင်နက်တည်း၊ ထိုသို့မိန်းမ, ယောကျ်ားဖြစ်ကုန်ပြီးသောသူတို့အား အချင်းချင်း မိမိတို့၏လိင်သဏ္ဍာန်ကို ကြည့်ကုန်သဖြင့် ဖြဟ္မာဖြစ်သည်မှ ရှေး၌ စျာန်ဖြင့်ခွာအပ်သော ကာမရာဂသည် ပြာအုပ်၍ထားအပ်သော မီးကျီးကဲ့သို့ ဝါသနာ၏ အစွမ်းအားဖြင့် ဖြစ်၏။

ထိုသူတို့သည် အချင်းချင်း မေထုန်မှီဝဲကုန်၏၊ ထိုသို့ပြုကုန်သည်ဖြစ်၍ ပညာရှိသောသူတို့သည် စည်းဝေးကုန်၍ "အဘယ့်ကြောင့် သတ္တဝါတစ်ခုသည် သတ္တဝါတစ်ခုကို ဤကဲ့သို့ပြုဘိသနည်း"ဟု အုတ်ခဲ, လှံတံတို့ဖြင့် ပစ်ခတ်၍ ပြေးစေကုန်၏၊ ထိုသူတို့သည် ရှက်ကုန်သည်ဖြစ်၍ ငါတို့အား လိင်ကို ဖုံးလွှမ်းစရာ ဖြစ်ပါအံ့၊ ကောင်းလေစွ, ကောင်းလေစွ-ဟုကြံကုန်၏၊ ထိုသူတို့သည် ဘုန်းတန်ခိုး အားဖြင့် ထိုထိုသို့သောအရပ်၌ ပဒေသာပင်တို့သည်ပေါက်ကုန်၏၊

ထိုသူတို့သည် ပဒေသာပင်၌ အဝတ်ပုဆိုးတို့ကို ယူ၍ ဖုံးလွှမ်းကုန်၏၊ မေထုန်မှီဝဲခြင်းကို ဖုံးလွှမ်းအံ့သောငှာ အိမ်ပြုကုန်၏၊ ထိုသူတို့ပေါင်းဖော်ခြင်းကို စွဲ၍ မိန်းမတို့အား သူငယ်တို့သည် ဖြစ်ကုန်၏၊ ထိုသူတို့သည် အလိုလိုရောက်သော ဆန်ခွံ, ဖွဲမရှိသော သလေးဆန်ကို စားကုန်၍ တဏှာအားကြီးသဖြင့် ယူဇနာအရပ်၌ တဖန်မရောက်ပြီ၊ ထိုသူတို့သည် သလေးဆန်ပင် ရှိရာသွား၍ မှီဝဲခြင်းသည် ဆင်းရဲ၏-ဟု ၂-ရက်စာ, ၃-ရက်စာ ရိတ်၍ ထားကုန်၏၊

ထိုသူတို့ သိုမှီးခြင်းကြောင့် ရိတ်ရာ, ရိတ်ရာ၌ မရောက်ပြီ၊ ဆန်ခွံ, ဖွဲတို့သည်ဖြစ်ကုန်၏၊ ထိုသူတို့သည် မျိုးစေ့တို့ကို ကြဲစိုက်ရကုန်၏၊ ထို့နောင်မှ ငါ၏စိုက်ရာအရပ်-ဟူ၍ ကာရံဆီးတားခြင်း ဖြစ်၏၊ လယ်လုပ်ခြင်းအမှု ဖြစ်၏။

ကာလရှည်လျားလတ်သော် "ဤသူသည် ငါ၏မယား, ဤအရပ်သည်ကား ငါ၏လယ်စိုက်ရာအရပ်"ဟု ငြင်းခုံခြင်းသည် ဖြစ်၏၊ ထိုအခါပညာရှိသောသူတို့သည် ငါတို့၏ငြင်းခုံခြင်းကို ဆုံးဖြတ်အံ့သောငှာ တစ်ယောက်သောသူကို မင်းမြှောက်ကုန်အံ့၊ ထိုသူအား ငါတို့သည် ၁၀-ဖို့, ၁-ဖို့ ကောက်တို့ကို ပေးကုန်အံ့-ဟု ဆုံးဖြတ်ကုန်၍ တစ်ယောက်သော, လိမ္မာသော, သင်အပ်ပြီးသော, အတတ်ရှိသော, ဉာဏ်နှင့်ပြည့်စုံသော ယောကျ်ားကို "သင်သည် ငါတို့၏မင်းဖြစ်ပါလော့" ဟု များစွာသောလူအပေါင်းတို့၏ အလယ်၌ သမုတ်၍ မဟာသမ္မတမင်းဟု ဖြစ်၏၊ ထိုမင်းအား ၁၀-ဖို့, ၁-ဖို့ စပါးတို့ကို ပေးကုန်၏၊

ထိုမဟာ-သမ္မတမင်းသည် ငါတို့ဘုရားအလောင်းပင်တည်း၊ ဤသို့အစရှိသဖြင့် နေ, လပေါ်သည်မှစ၍ တဖန် ကမ္ဘာဖျက်မိုး ရွာသည်တိုင် ရှည်စွာသောကာလအခွန့်သည်လည်း အန္တရကပ် ၆၄-ကပ်နှင့် အမျှလျှင်တည်း။

## မဟာကပ်, အန္တရကပ်, အာဏာခေတ်

၁။ ဤသို့ ဆိုခဲ့ပြီးသည့်၌ ကမ္ဘာဖျက်မိုးရွာသည်မှ မီးလျှံစဲသည်တိုင် အန္တရကပ် ၆၄-ကပ်နှင့်မျှသောကာလသည် **သံဝဋ္ဋအသင်္ချေယျကပ်** မည်၏။

၂။ မီးလျှံစဲသည်မှစ၍ ကမ္ဘာပြုမိုးယိုးရွာသည်တိုင်အောင် အထက်, အောက်ဟင်းလင်း တစ်စပ်တည်းအမိုက်အတိဖြစ်၍ အန္တရကပ် ၆၄-ကပ်နှင့်မျှသော ကာလသည် **သံဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်**မည်၏။

၃။ ကမ္ဘာပြုမိုးရွာသည်မှစ၍ နေ, လပေါ်သည်တိုင် အန္တရကပ် ၆၄- ကပ်နှင့်မျှသော ကာလသည် **ဝိဝဋ္ဋအသင်္ချေယျကပ်** မည်၏။

၄။ နေ, လပေါ်သည်မှစ၍တစ်ဖန် ကမ္ဘာဖျက်မိုးရွာသည်တိုင်အောင် အန္တရကပ် ၆၄-ကပ်နှင့်မျှသော ကာလသည် **ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်** မည်၏။

ဤအသင်္ချေယျကပ် ၄-ပါးကို ပေါင်း၍ **မဟာကပ်**သည် ၁-ကပ် ဖြစ်၏၊ အန္တရကပ် ၆၄-ကပ်-ဟူ၍ ဆိုရာ၌ အန္တရကပ် ၁-ကပ်၏ ကာလအပိုင်းအခြားကား- လူတို့ အသက် ၁၀-နှစ်တမ်းမှစ၍ အစဉ်အတိုင်း အသင်္ချေယျနေသည်တိုင်အောင် တက်၍ အသင်္ချေယျမှ ယုတ်ပြန်၍ တဖန် ၁၀-နှစ်တမ်းတိုင် ပြန်သောကာလသည်လျှင် တစ်ခုသော **အန္တရကပ်** မည်၏၊

ဤကဲ့သို့ လောင်ဖက်, ပျက်ဖက်, တည်ဖက်စကြဝဠာကား ကုဋေတစ်သိန်းလျှင်တည်း၊ ဤကုဋေတစ်သိန်းသော စကြဝဠာတို့သည် ဘုရား ၁-ဆူ၏ **အာဏာခေတ်** မည်၏၊ မြတ်စွာဘုရားတို့သည် ကိုယ်တော်၏ အရုပ်အဆင်းကို ဤကုဋေတစ်သိန်းသော စကြဝဠာ၌နေကုန်သော နတ်လူတို့အား မြင်စေလိုသော် မြင်စေနိုင်၏၊ အသံတော်ကို ကြားစေလိုသော် ကြားစေနိုင်၏၊ ရတနသုတ်, မေတ္တသုတ် အစရှိသောပရိတ်တော်တို့၏ တန်ခိုးအာနုဘော်အားဖြင့် ထိုကုဋေတစ်သိန်းသောစကြဝဠာ၌ နေကုန်သော လူနတ်တို့အား ဘေးအန္တရာယ် ကင်း၏။

✪✪✪✪✪✪✪✪✪✪✪

## ၁၀၈။ ကမ္ဘာ ၅-ရပ်၊ လောကဓာတ် ၄-ပါး

### ကမ္ဘာ ၅-ရပ်

ထိုမဟာကပ်သည်ကား သာရကပ်, မဏ္ဍကပ်, (ဝရကပ်,) ဘဒ္ဒကပ်, (သုညကပ်)-ဟု ၅-ပါး အပြားရှိ၏။

၁။ ကမ္ဘာပြုမိုးရွာ၍ စကြဝဠာကုဋေတစ်သိန်း မီးလောင်ရာအရပ်တွင် ရေပြည့်သောအခါ ငါတို့စကြဝဠာဝယ် မြင်းမိုရ်တောင်ဖြစ်မည့်အရာ၌ ကြာပဒုမာ ပေါက်၏၊ ထိုကြာပွင့်သောအခါ မြတ်စွာဘုရားတို့ သုံးဆောင်တော်မူရန် သင်္ကန်းတစ်စုံသာ ပါမူကား- ထိုကမ္ဘာ၌ ဘုရား ၁-ဆူသာ ဖြစ်၏၊ ထိုကမ္ဘာသည် **သာရကမ္ဘာ** မည်၏၊

၂။ သင်္ကန်း ၂-စုံပါမူကား- ဘုရား ၂-ဆူဖြစ်၏၊ ထိုကမ္ဘာသည် **မဏ္ဍကမ္ဘာ** မည်၏။

၃။ သင်္ကန်း ၃-စုံပါမူကား- ဘုရား ၃-ဆူဖြစ်၏၊ ထိုကမ္ဘာသည် **ဝရကမ္ဘာ** မည်၏။

၄။ သင်္ကန်း ၄-စုံပါမူကား- ဘုရား ၄-ဆူဖြစ်၏၊ ထိုကမ္ဘာသည် *(သာရမဏ္ဍကမ္ဘာ မည်၏။*

*၅။ သင်္ကန်း ၅-စုံပါမူကား- ဘုရား ၅-ဆူဖြစ်၏၊ ထိုကမ္ဘာသည်)* **ဘဒ္ဒကမ္ဘာ** မည်၏။

ဤငါတို့ကမ္ဘာ၌ သင်္ကန်း ၅-စုံပါ၍ ကကုသန်, ကောဏာဂုံ, ကဿပ, ဂေါတမ-ဟူ၍ ဘုရား ၄-ဆူ ဖြစ်တော်မူပြီ၊ ကမ္ဘာဦးမှသည် အန္တရကပ် ၁၀-ကပ်နှင့် အခွဲရောက်သောအခါ အရိမေတ္တေယျ-ဟူ၍ ၅-ဆူမြောက် ဖြစ်လတ္တံ့။

### လောကဓာတ် ၄-ပါး

၁။ ၁-ခုသောစကြဝဠာသည် **ဧကလောကဓာတ်** မည်၏။

၂။ စကြဝဠာတိုက် ၁၀၀၀-သည် **သဟဿစူဠလောကဓာတ်** မည်၏၊ သဟဿစူဠလောကဓာတ်သည်ကား- အဂ္ဂသာဝက, မဟာသာဝက အစရှိသော အဘိညာဉ်နှင့်ပြည့်စုံသော တပည့်သားတော်တို့၏ တန်ခိုးက္ခဒ္ဓိပါဒ်လွှတ်ရာ အရပ်တည်း။

၃။ ၁၀၀၀-ကို ၁၀၀၀-ဖြင့်မြှောက်၍ စကြဝဠာတစ်သန်းသည်ကား ဒွိသဟဿီမၛ္ဈိမလောကဓာတ်မည်၏၊

၄။ ထိုတစ်သန်းကို တစ်သန်းနှင့်မြှောက်သော် ဧကံ ၁-လုံး, သုည ၁၂-လုံး ရှိ၏၊ စကြဝဠာ ကုဋေတစ်သိန်း ဖြစ်၏၊ ဤကုဋေတစ်သိန်းသည် **တိသဟဿီ-**

**မဟာသဟဿိ-လောကဓာတ်** မည်၏၊ ဤကုဋေတစ်သိန်းသော စကြဝဠာတိုက်ကို မြတ်စွာဘုရား တို့သည် ကိုယ်တော်၌ မုန်ညင်းစေ့မျှလောက်သော အရပ်မှ ရောင်ခြည်တော် ၆-သွယ်ကို လွှတ်၍ တပြိုင်နက်တည်း အလင်းကို ဖြစ်စေနိုင်၏။

✪✪✪✪✪✪✪✪✪✪

## ၁၀၉။ နေ့, လ, နက္ခတ်တို့ တည်ပုံ၊ လှည့်ပတ်ရာ ခရီးလမ်း

### အကြီး, အငယ်ပမာဏ

အတွင်းကားရွှေ, အပကားဖလ်ဖြင့်ပြီးသော ယူဇနာ ၁၅၀-အဝန်းရှိသောနေ၊ အတွင်းကားငွေ, အပကားမြဖြင့်ပြီးသော ၁၄၇-ယူဇနာအဝန်းရှိသော လ-တို့သည် တစ်ခုသော လောကဓာတ်၌ ထွန်းစေနိုင်သည်၊ ထိုလ, နေတို့၏ လှည့်ခြင်း, သွားခြင်းကို ဤသို့ သိအပ်၏၊ ထိုလ, နေ ၂-ပါးတို့တွင် လပြာသာဒ်သည် အတွင်းကား ငွေဖြင့် ပြီး၏၊ အပ၌ မြဖြင့် ရံအပ်၏၊ မြသည် အာပေါဓာတ်လွန်၏၊ ငွေ၌လည်း အာပေါဓာတ်လွန်၏၊ ထို့ကြောင့်လပြာသာဒ်သည် ချမ်းမြေ့သောအရောင်ရှိ၏၊ အတိုင်းအရှည်ပမာဏအလျား, အနံ, အစောက်အချင့်သည် ၇-တောင်တာယူဇနာဖြင့် ၄၉-ယူဇနာရှိ၏၊ အဝန်းအားဖြင့် ၁၄၇-ယူဇနာရှိ၏၊ **နေပြာသာဒ်သည်**ကား အတွင်း၌ ရွှေဖြင့်ပြီး၏၊ အပ၌ဖလ်ကျောက်ဖြင့် ရံ၏၊ ရွှေလည်းတေဇောဓာတ်လွန်၏၊ ဖလ်လည်း တေဇောဓာတ်လွန်၏၊ ထို့ကြောင့် ပူသော အရောင်သည် ဖြစ်၏၊ အလျား, အနံ, အစောက်ပမာဏကား ၇-တောင်တာ ယူဇနာဖြင့် ယူဇနာ ၅၀-ရှိ၏၊ အဝန်းအားဖြင့်ကား ၁၅၀-ရှိ၏။

ထိုလ, နေတို့သည် အလုံးအဝန်းမဟုတ်ကုန်၊ အထွဋ်စုလစ်မွန်ချွန်ရှိသော ပြာသာဒ် ပင်တည်း၊ ထိုသို့လျက် အဘယ့်ကြောင့်အလုံး, အဝန်းကဲ့သို့ ထင်လေသနည်း ဟူတုံအံ့၊ ထို လ, နေတို့၏အရောင်သည် တစ်မျက်နှာ, တစ်မျက်နှာသောအရပ်၌ ပကတိလူတို့ ၂၁-တောင်တာဖြင့် ချင့်အပ်သော စကြဝဠာတာယူဇနာဖြင့် ယူဇနာကိုးသန်း, ကိုးသိန်း ရှိသောအရပ်တိုင်အောင် ထွန်း၏၊ ထို့ကြောင့် ဥပမာ မည်သည်ကား မြင့်စွာသောတောင်၏ ထိပ်၌ တည်အပ်သောမီးပုံကြီးကို တောင်ထက်ဝန်းကျင်ဝေးစွာသောအရပ်မှ မြင်သော သူတို့အား မီးပုံ၏ အစောက်အချင့်ပမာဏသည် မထင်၊ မီးရောင်၏အဝန်းကိုသာလျှင် ထင်မြင်သကဲ့သို့ ထို့အတူ အလွန်ဝေးလှသောကြောင့် အရောင်ဝန်းကိုသာ ထင်မြင်လေ သတည်း။

လပြာသာဒ်၏ အခြေအရံဖြစ်သော ဂြိုဟ်နတ်, နက္ခတ်, တာရာ, ကြယ်အပေါင်းတို့တွင်-

**သောကြာဂြိုဟ်ဗိမာန်ကား**- ၁၉-ယူဇနာ, **ကြာသပတေးဂြိုဟ်ဗိမာန်ကား**- ၁၇-ယူဇနာရှိ၏၊ **အင်္ဂါဂြိုဟ်ဗိမာန်ကား**- ၁၅-ယူဇနာရှိ၏၊ **ဗုဒ္ဓဟူးဂြိုဟ်ဗိမာန်ကား**-၁၃-ယူဇနာရှိ၏၊ **စနေဂြိုဟ်ဗိမာန်ကား**- ၁၂-ယူဇနာရှိ၏၊ **ရာဟုဂြိုဟ်ဗိမာန်မှစ၍** နက္ခတ်တာရာ, ကြယ်အပေါင်းတို့၏ ဗိမာန်ကား- ၁၂-ယူဇနာ, ၁၁-ယူဇနာ ထက်ဝက်ရှိကုန်၏။

## ခရီးလမ်းအကွာအဝေး

ထိုနေ, လ, နက္ခတ်, ဂြိုဟ်တို့တွင် နေသည်ကား- ဤမြေမှသည် ယူဇနာလေးသောင်း, နှစ်ထောင်မြင့်သော ယုဂန္ဓိုရ်တောင်၏ ထိပ်နှင့်မျှသော ကောင်းကင်အရပ်၌ သွား၏၊ လပြာသာဒ်, ဂြိုဟ်, နက္ခတ်, တာရာ, ကြယ်တို့သည် နေသွားရာခရီးမှ အောက်သို့ တစ်ယူဇနာနိမ့်၍ သွား၏၊ ထို့ကြောင့် နေနှင့်လ၏အကြား၌ ၁-ယူဇနာခြား၏၊ လဗိမာန်အောက်နားမှသည် နေဗိမာန်အထက်နားတိုင်အောင်ကား- ယူဇနာ ၁၀၀-ရှိ၏။

(ဤကား အမြင့်သွားသော ခရီးတည်း။)

အနိမ့်အားဖြင့်သွားသည်ရှိသော်ကား စကြဝဠာတောင်အလယ်နှင့်မျှသော ကောင်းကင်၌ သွား၏၊ အနိမ့်သွားရာ၌လည်း လ, နက္ခတ်, ကြယ်တို့သည် ၁-ယူဇနာနိမ့်၍သွား၏၊ လ, နေတို့၏အကြား အထက်အောက်ခြားသည်ကား စကြဝဠာတာဖြင့် ၁-ယူဇနာ ဖြစ်သတည်း၊ စကြဝဠာတောင်ကား- ၇-တောင်တာ, မြင်းမိုရ်တာယူဇနာဖြင့် မြေမှသည် အထက်သို့ ၈၂,၀၀၀-မြင့်၏၊ နေလတို့၏သွားရာအမြင့်ခရီးနှင့် အနိမ့်ခရီးသည် မြင်းမိုရ်တာယူဇနာဖြင့် ယူဇနာ ၁၀၀၀-ခြား၏။

စကြဝဠာတောင်ဖြင့် ပိုင်းခြားရံအပ်သော ၁-ခုသောစကြဝဠာသည်ကား အလျား, အနံအားဖြင့် ပကတိလူတို့၏ ၂၁-တောင်တာဖြင့် ဖွဲ့အပ်သော စကြဝဠာ တာယူဇနာဖြင့် တစ်သန်း, နှစ်သိန်း, သုံးထောင်, လေးရာ, ငါးဆယ်(၁,၂၀၃,၄၅၀)ရှိ၏၊ အဝန်းအားဖြင့်ကား- သုံးသန်း, ခြောက်သိန်း, တစ်ထောင့်, သုံးရာ့, ငါးဆယ် (၃၆,၁၀,၃၅၀) ယူဇနာရှိ၏၊ ဤနေ, လ, နက္ခတ်တို့သည် မြင်းမိုရ်တောင်ကို လက်ျာရစ်လှည့်၍ သွားကုန်၏၊ ဤစကြဝဠာ၏ အတွင်း မြင်းမိုရ်တောင်၏ တောင်မျက်နှာ၌ နေ-လသွားရာ, မသွားရာ ကောင်းကင်ပြင် အကျယ်ကား မြင်းမိုရ်တောင်၏ တောင်ဖက်နံပါးမှသည် စကြဝဠာတောင်ဆိုက်အောင်

ယူဇနာကား စကြဝဠာတာယူဇနာဖြင့် ငါးသိန်း, ငါးသောင်း, ကိုးထောင်, ခုနစ်ဆယ့်, ငါး(၅၅၉,၀၇၅)ယူဇနာ ရှိ၏။

မြင်းမိုရ်တောင်၏ တောင်ဖက်နံပါးမှသည် တောင်စဉ် ၇-ထပ်တွင် ပြင်စွန်း အဿကဏ်တောင်၏ ပြင်နံပါးတိုင်အောင် ယူဇနာကား ၎င်းတာယူဇနာဖြင့် တစ်သိန်း, နှစ်သောင်း, ငါးထောင်, တစ်ဆယ့်ငါး(၁၂၅,၀၁၅)ယူဇနာ, နှစ်ဂါဝုတ်နှင့် ဥသဘလေးဆယ် ရှိ၏၊ အဿကဏ်တောင်မှ ဇမ္ဗူဒီပါကျွန်းဆိုက်အောင် ယူဇနာကား ၎င်းတာယူဇနာဖြင့် ကိုးထောင်, ကိုးရာ, တစ်ဆယ့်ငါး(၉,၉၁၅)ယူဇနာ, နှစ်ဂါဝုတ်နှင့် ဥသဘ ၄၀-ရှိ၏၊ အဿကဏ်တောင်မှ ဇမ္ဗူဒီပါကျွန်း၏အလယ်တိုင်အောင် ယူဇနာကား ၎င်းတာယူဇနာဖြင့် တစ်သောင်း, လေးထောင်, ကိုးရာ, တစ်ဆယ့်ငါး(၁၄,၉၁၅)ယူဇနာနှစ်ဂါဝုတ်နှင့် ဥသဘလေးဆယ် ရှိ၏။

ဇမ္ဗူဒီပါကျွန်း၏အလယ်သည် နေ, လတို့၏သွားရာ အဇ္ဈောဝီထိ, မဇ္ဈေဝီထိ, ဗာဟိရ ဝီထိ-ဟူ၍ ခရီး ၃-ကြောင်းတွင် အဇ္ဈောဝီထိမြောက်နား၏ အောက်လျှင်တည်း၊ အဿကဏ်တောင်မှ စကြဝဠာတောင်တံတိုင်းဆိုက်အောင် လောဏသာဂရအကျယ် ယူဇနာကား ၎င်းတာယူဇနာဖြင့်လေးသောင်း, လေးထောင်, ခုနစ်ရာ့, ကိုး(၄၄,၇၀၉) ယူဇနာ, တစ်ဂါဝုတ်နှင့် ဥသဘ ၄၀-စီရှိ၏၊

ဤလောဏသာဂရ၌ ကျွန်းကြီး ၄-ကျွန်း, ကျွန်းငယ် ၂၀၀၀-တို့သည် ပေါ်၍ တည်ကုန်၏၊ မြင်းမိုရ်တောင်မှသည် သီဟိုဠ်ကျွန်း၏ အလယ်တိုင်အောင် ယူဇနာကား- ၎င်းတာယူဇနာဖြင့် နှစ်သိန်း, သုံးသောင်း, သုံးထောင်, တစ်ဆယ့်, ရှစ်(၂၃၃,၀၁၈)ယူဇနာ နှင့် ၃-ဂါဝုတ်ရှိ၏၊ သီဟိုဠ်ကျွန်းအလယ်သည် အဇ္ဈောဝီထိ၏တောင်အဆုံးလျှင်တည်း၊ သီဟိုဠ်ကျွန်းအလယ်မှ စကြဝဠာတောင်ဆိုက်အောင် ယူဇနာကား-၎င်းတာယူဇနာဖြင့် နှစ်သောင်း, ခြောက်ထောင်, ငါးရာ, ခြောက်(၂၆,၅၀၆)ယူဇနာနှင့် တစ်ဂါဝုတ်ရှိ၏။

## နေ, လသွားရာလမ်း ၃-သွယ်

နေ, လတို့၏သွားရာခရီးတို့သည်ကား- အဇ္ဈောဝီထိ, မဇ္ဈေဝီထိ, ဗာဟိရဝီထိဟူ၍ ၃-ကြောင်းရှိ၏၊ မြင်းမိုရ်တောင်မှသည် အဇ္ဈောဝီထိ၏ မြောက်နားဆိုက်အောင် ယူဇနာ အကျယ်ကား ၎င်းတာယူဇနာဖြင့် တစ်သိန်း, သုံးသောင်း, ကိုးထောင်, ကိုးရာ, သုံးဆယ့်, တစ်(၁၃၉,၉၃၁)ယူဇနာနှင့် ၁-ဂါဝုတ်ရှိ၏၊ စကြဝဠာတောင်မှသည် ဗာဟိရဝီထိတောင်နား

ဆိုက်အောင် ယူဇနာအကျယ်လည်း ထို့အတူငင်းတည်း၊ မြင်းမိုရ်တောင်မှသည် မဇ္ဈေဝီထိ၏ အလယ်ဆိုက်အောင် ယူဇနာကား ၎င်းတာယူဇနာဖြင့် နှစ်သိန်း, ခုနစ်သောင်း, ကိုးထောင်, ရှစ်ရာ, ခြောက်ဆယ်, နှစ်(၂၇၉,၈၆၂)ယူဇနာနှင့် ၂-ဂါဝုတ်ရှိ၏၊ မဇ္ဈေဝီထိ၏ အလယ်မှ-သည် စကြဝဠာတောင်ဆိုက်အောင် ယူဇနာအကျယ်လည်း ထိုနည်းငင်းတည်း။

ဤ ၃-ကြောင်းသော ခရီးတို့တွင် **အဇ္ဇောဝီထိ၏ အထက်နား အမြင့်ကောင်းကင်ကား-** ၇-တောင်တာဖြင့်ခတ်သော မြင်းမိုရ်ယူဇနာဖြင့် လေးသောင်း, နှစ်ထောင်မြင့်သော ယုဂန္ဓိုရ်တောင်ထိပ်နှင့်မျှသော, မြင်းမိုရ်တောင်၏ ထက်ဝက်နှင့်မျှသော ကောင်းကင်အရပ်တည်း၊ ဗာဟိရဝီထိ၏ အောက်နားအမြင့်ကား မြင်းမိုရ်တာယူဇနာဖြင့် ရှစ်သောင်း, နှစ်ထောင်မြင့်သော စကြဝဠာတောင်၏ အလယ်အရပ်ကောင်းကင်တည်း၊

**ဗာဟိရဝီထိအောက်မှ အဇ္ဇောဝီထိအထက်နားတိုင် အမြင့်ကား-** မြင်းမိုရ်တာဖြင့် ယူဇနာတစ်ထောင် မြင့်၏၊ အဇ္ဇောဝီထိမြောက်နားမှ ဗာဟိရဝီထိတောင်နားတိုင် ခရီး ၃-ကြောင်းပေါင်းသော အပြန့်အကျယ်ယူဇနာကား စကြဝဠာတာယူဇနာဖြင့် နှစ်သိန်း, ခုနစ်သောင်း, ကိုးထောင်, ရှစ်ရာ, ခြောက်ဆယ့်, နှစ်(၂၇၉,၈၆၂)ယူဇနာနှင့် ၂-ဂါဝုတ်ရှိ၏၊ ဤမျှလောက် ယူဇနာသချာရှိသော ကောင်းကင်ပြင်တောင်, မြောက်အကျယ်သည် နေ, လ, နက္ခတ်တို့၏ အတွင်းဝင်, ပြင်ထွက်သွားလာရာ အရပ်တည်း။

အဇ္ဇောဝီထိမြောက်နားမှသည် မြင်းမိုရ်တောင်ဆိုက်အောင်, ဗာဟိရဝီထိတောင်နားမှသည် စကြဝဠာတောင်ဆိုက်အောင် အရပ်တို့သည် နေ, လ, နက္ခတ်တို့၏ သွားရာ မဟုတ်ကုန်၊ ခရီး ၃-ကြောင်းတို့တွင် **အဇ္ဇောဝီထိတောင်, မြောက် အနံအကျယ်ကား** စကြဝဠာတာယူဇနာဖြင့် ကိုးသောင်း, သုံးထောင်, နှစ်ရာ, ရှစ်ဆယ့်, ခုနစ်(၉၃,၂၈၇) ယူဇနာနှင့် ၂-ဂါဝုတ်ရှိ၏၊ မဇ္ဈေဝီထိ, ဗာဟိရဝီထိတို့၏အကျယ်လည်း အဇ္ဇောဝီထိနှင့် နည်းတူပင်တည်း၊

- အဇ္ဇောဝီထိမြောက်နားသည် ဇမ္ဗူဒီပါကျွန်း၏ အလယ်တည်း၊
- အဇ္ဇောဝီထိတောင်နားသည်ကား သီဟိုဠ်ကျွန်း၏ အလယ်တည်း၊
- မဇ္ဈေဝီထိ, ဗာဟိရဝီထိ တို့သည်ကား သီဟိုဠ်ကျွန်းအလယ်မှစ၍ တောင်သို့ရှိလေ၏၊

မဇ္ဈေဝီထိ၏ အလယ်မှထောက်၍ မြင်းမိုရ်တောင်ကိုလှည့်လေသော ခရီးအဝန်း၏ အခွန့်အရှည်ကား စကြဝဠာတာယူဇနာဖြင့် တစ်သန်း, ကိုးသိန်း, သုံးသောင်း, တစ်ထောင်, တစ်ရာ, ခုနစ်ဆယ့်ငါး (၁၉,၃၁,၁၇၅)ယူဇနာရှိ၏၊ အဇ္ဇောဝီထိ, ဗာဟိရဝီထိ၌ နေ, လ တို့လှည့်သွားသောအခါ၌လည်း မဇ္ဈေဝီထိ ခရီးဝန်း ယူဇနာပမာဏဖြင့်သာလျှင် မြင်းမိုရ်ကို လှည့်လည်ကုန်၏။

(ဗာဟိရဝီထိ၌သွားသည်ဟူ၍လည်း မဇ္ဈေဝီထိခရီးဝန်း အဓွန့်ထက်မရှည်၊ အဗ္ဘောဝီထိ၌ သွားသည်ဟူ၍လည်း ခရီးအဓွန့်မတို ဟူလိုသည်။)

- နေသည် ၁-နာရီ၌ ရှေ့သို့ စကြဝဠာတာယူဇနာဖြင့် ငါးသောင်းပြေး၏၊
- နာရီ ၆၀-သော် ယူဇနာသုံးသန်း ခရီးအဓွန့်ရောက်၏၊
- လသည်ကား တစ်နေ့, တစ်နေ့၌ စကြဝဠာတာယူဇနာဖြင့် နှစ်သန်း, ကိုးသိန်းသာ ရောက်နိုင်၏၊
- နေ, လတို့၏သွားရာ ခရီး ၃-ကြောင်းတို့ကို **အဇဝီထိ, နာဂဝီထိ, ဂေါဏဝီထိ** ဟူ၍လည်းဆိုအပ်ကုန်၏၊

- **ဗာဟိရ ဝီထိသည်　　အဇဝီထိ မည်၏၊**
- **မဇ္ဈေဝီထိသည်　　နာဂဝီထိ မည်၏၊**
- **အဗ္ဘောဝီထိသည်　　ဂေါဏ ဝီထိ မည်၏။**

## ရာသီ ၁၂-ခွင်နှင့် ယဉ် ၂-ပါး

ရာသီအပိုင်းအခြားတို့သည် မိဿရာသီ, ပြိဿရာသီ, မေထုန်ရာသီ, ကြကဋ်ရာသီ, သိဟ်ရာသီ, ကန်ရာသီ, တူရာသီ, ဗြိစ္ဆာရာသီ, ဓနုရာသီ, မကာရရာသီ, ကုံရာသီ, မိန်ရာသီ ဟူ၍ ၁၂-ခွင်ရှိကုန်၏၊ ထို ၁၂-ရာသီတို့တွင်-

ကြကဋ်ရာသီသည် အဗ္ဘောဝီထိ မည်၏၊　တူရာသီသည် မဇ္ဈေဝီထိ မည်၏၊
မကာရရာသီသည် ဗာဟိရဝီထိ မည်၏၊　မိဿရာသီသည်လည်း မဇ္ဈေဝီထိ မည်၏၊

- နေ, လတို့သည် ဒက္ခိဏာယဉ်သွားသည်၊ ဥတ္တရာယဉ် သွားသည် ဟူ၍လည်း ရှိ၏၊ ကြကဋ်, သိဟ်, ကန်, တူ, ဗြိစ္ဆာ, ဓနု၊ ဤ ၆-ရာသီသည် ဒက္ခိဏာယဉ်ခရီး မည်၏၊
- မကာရ, ကုံ, မိန်, မိဿ, ပြိဿ, မေထုန်၊ ဤ ၆-ရာသီသည် ဥတ္တရာယဉ်ခရီး မည်၏။ **တစ်နည်းလည်း** သိဟ်, ကန်, တူ, ဗြိစ္ဆာ, ဓနု, မကာရ၊ ဤ ၆-ရာသီသည် ဒက္ခိဏာယဉ် ခရီး မည်၏၊
- မကာရ, ကုံ, မိန်, မိဿ, ပြိဿ, မေထုန်၊ ဤ ၆-ရာသီသည် ဥတ္တရာယဉ်ခရီး မည်၏၊

နေ, လတို့ ဒက္ခိဏာယဉ်သွားသောအခါ မြင်းမိုရ်တောင်၏အနီးမှသည် ပြင်သို့ထွက်၍, ထွက်၍ စကြဝဠာတောင်ပါးသို့ချဉ်း၍, ချဉ်း၍သွား၏၊ ဥတ္တရာယဉ်သွားသောအခါ၌

စကြဝဠာတောင်၏ အနီးမှခွာ၍ အတွင်းသို့ဝင်၍, ဝင်၍ မြင်းမိုရ်တောင်သို့ ချဉ်း၍, ချဉ်း၍သွား၏၊ မြင်းမိုရ်တောင်၏အနီး၌ ဝါဆို ၁-လသွား၏၊ စကြဝဠာတောင်၏ အနီး၌ ပြာသို ၁-လသွား၏။

ဝါဆိုလပြည့်ကျော် ၁-ရက်နေ့မှစ၍ ပြာသိုလပြည့်တိုင် ၆-လတို့၌ ဒက္ခိဏာယဉ်ခရီးဖြင့် နေ, လတို့သည် မြင်းမိုရ်မှခွာ၍ ပြင်သို့ထွက်၍ အောက်သို့သက်၍, သက်၍သွားကုန်၏၊

ပြာသိုလပြည့်ကျော် ၁-ရက်နေ့မှစ၍ ဝါဆိုလပြည့်တိုင် ၆-လတို့၌ ဥတ္တရာယဉ်ခရီးဖြင့် စကြဝဠာတောင်မှခွာ၍ မြင်းမိုရ်သို့ရှေးရှု အတွင်းသို့ဝင်၍ အထက်သို့ တက်၍, တက်၍သွားကုန်၏၊

တန်ဆောင်မုန်းလပြည့်ကျော် ၁-ရက်နေ့မှစ၍ တပေါင်းလပြည့်တိုင် ဤ ၄-လတို့၌ **အဇဝီထိဖြင့်** သွား၏၊

တော်သလင်းလပြည့်ကျော် ၁-ရက်နေ့မှသည် တန်ဆောင်မုန်းလပြည့်တိုင် နှစ်လ, တပေါင်းလပြည့်ကျော် ၁-ရက်နေ့မှသည် ကဆုန်လပြည့်တိုင် ၂-လ၊ ဤ ၄-လတို့၌ နာဂဝီထိဖြင့် နေ, လတို့ သွားကုန်၏၊

ကဆုန်လပြည့်နေ့မှသည် တော်သလင်းလပြည့်တိုင် ဤ ၄-လတို့၌ **ဂေါဏဝီထိဖြင့်** သွားကုန်၏။

**အဇဝီထိဖြင့် နေ, လတို့သွားသောအခါ** ဆိတ်တို့သည် ရေကိုစက်ဆုပ်သည်နှင့်အညီ မိုယ်းတို့သည် မရွာကုန်၊ နာဂဝီထိဖြင့် နေ, လတို့သွားသောအခါ ဆင်တို့သည် ရေ၌ မွေ့လျော်သည်နှင့်အညီ မိုးတို့သည် ကောင်းကင်ကွဲအံ့သကဲ့သို့ ရွာကုန်၏၊ **ဂေါဏဝီထိဖြင့်** နေ, လတို့သွားသောအခါ အချမ်း, အပူဥတုတို့သည် မျှကုန်၏၊

ဒက္ခိဏာယဉ်ခရီးကား ကြကင့်ရာသီတစ်ဝက်မှသည် မကာရရာသီတစ်ဝက်တိုင်၊

ဥတ္တရာယဉ်ခရီးကား မကာရရာသီတစ်ဝက်မှသည် ကြကင့်ရာသီတစ်ဝက်တိုင်တည်း၊

ဒက္ခိဏာယဉ်၌ အန္တောဝီထိကား ကြကင့်တစ်ဝက်မှသည် ကန်ရာသီတစ်ဝက်တိုင်တည်း၊

ကန်ရာသီတစ်ဝက်မှစ၍ ဗြိစ္ဆာ တစ်ဝက်တိုင် **မဇ္ဈေဝီထိ**တည်း၊

ဗြိစ္ဆာတစ်ဝက်မှသည် မကာရတစ်ဝက်တိုင် **ဗာဟိရဝီထိ အောက်ခရီး**တည်း၊ ဥတ္တရာယဉ်၌ မကာရရာသီ တစ်ဝက်မှသည် မိန်ရာသီတစ်ဝက်တိုင် **ဗာဟိရဝီထိ**တည်း၊ မိတ်တစ်ဝက်မှသည် ပြိဿရာသီ တစ်ဝက်တိုင် **မဇ္ဈေဝီထိ**တည်း၊

ပြိဿတစ်ဝက်မှသည် ကြကင့်တစ်ဝက်တိုင် အန္တောဝီထိတည်း။ (ဤကား အထက် ခရီးတည်း။)

## နက္ခတ် ၂၇-လုံး

| | | | |
|---|---|---|---|
| နက္ခတ်တို့သည် | ၁။ အဿဝဏီ | ၁၀။ မာဃ | ၁၉။ မူလ |
| | ၂။ ဘရဏီ | ၁၁။ ပြုဗ္ဗဖလဂုဏီ | ၂၀။ ပြုဗ္ဗာသဠ် |
| | ၃။ ကြတ္တိကာ | ၁၂။ ဥတ္တရဖလဂုဏီ | ၂၁။ ဥတ္တရာသဠ် |
| | ၄။ ရောဟိဏီ | ၁၃။ ဟဿတ | ၂၂။ သရဝဏ် |
| | ၅။ မိဂသီ | ၁၄။ စိတြ | ၂၃။ ဓနသိဒ္ဓ |
| | ၆။ အဒြ | ၁၅။ သွာတိ | ၂၄။ သတ္တဘိသျှ |
| | ၇။ ပုနဖုသျှ | ၁၆။ ဝိသာခါ | ၂၅။ ပြုဗ္ဗဘဒြပိုဒ် |
| | ၈။ ဖုသျှ | ၁၇။ အနုရာဓ | ၂၆။ ဥတ္တရဘဒြပိုဒ် |
| | ၉။ အဿလိဿ | ၁၈။ ဇေဋ္ဌ | ၂၇။ ရေဝတီ ဟူ၍- |

၂၇-လုံး ရှိကုန်၏၊ ထိုနက္ခတ်တို့တွင်-

- ပုနဖုသျှ, ဖုသျှနက္ခတ် ၂-လုံးသည် အန္တောဝီထိ-ကြကင့်ရာသီ၌ တည်၏၊
- စိတြနက္ခတ်သည် မဇ္ဈေဝီထိ-တူရာသီ၌ တည်၏၊
- အဿဝဏီနက္ခတ်သည်လည်း မဇ္ဈေဝီထိ-၎င်းဖြစ်သော မိဿရာသီ၌ တည်၏၊
- ဥတ္တရာသဠ်နက္ခတ်သည်ကား ဗာဟိရဝီထိဖြစ်သော မကာရရာသီ၌ တည်၏၊

မြင်းမိုရ်တောင်မှသည် အန္တောဝီထိ၌တည်သော ပုနဖုသျှနက္ခတ်တိုင်အောင် အကြားယူဇနာကား စကြဝဠာတာယူဇနာဖြင့် တစ်သိန်း, သုံးသောင်း, ကိုးထောင်, ကိုးရာ သုံးဆယ့်တစ် (၁,၃၉,၉၃၁)ယူဇနာနှင့် ၁-ဂါဝုတ်ရှိ၏၊ စကြဝဠာတောင်မှသည် ဗာဟိရဝီထိ၌တည်သော ဥတ္တရာသဠ်နက္ခတ်တိုင်အောင် အကြားယူဇနာလည်း ထိုကဲ့သို့၎င်းတည်း။

မြင်းမိုရ်တောင်မှသည် မဇ္ဈေဝီထိ၌ တည်သော စိတြနက္ခတ်တိုင်အောင် အကြား ယူဇနာကား ၎င်းတာယူဇနာဖြင့် နှစ်သိန်း, ခုနစ်သောင်း, ကိုးထောင်, ရှစ်ရာ, ခြောက်ဆယ့် နှစ် (၂၇၉,၈၆၂)ယူဇနာနှင့် ၂-ဂါဝုတ်ရှိ၏၊ မြင်းမိုရ်တောင်မှသည် မဇ္ဈေဝီထိ-မိဿရာသီ၌ တည်သော အဿဝဏီနက္ခတ်တိုင်အောင် အကြားယူဇနာလည်း စိတြနက္ခတ်အတူ ၎င်းတည်း၊ စိတြနက္ခတ်မှ စကြဝဠာတောင်တိုင်အောင် အကြားယူဇနာ အဿဝဏီနက္ခတ်မှ စကြဝဠာ

တောင်တိုင်အောင် အကြားယူဇနာတို့သည်လည်း နှစ်သိန်း, ခုနစ်သောင်း, ကိုးထောင်, ရှစ်ရာ့,ခြောက်ဆယ်(၂၇၉,၈၆၀)ယူဇနာနှင့် ၂-ဂါဝုတ်စီပင်တည်း။

○○○○○○○○○○

## ၁၁၀။ ရာသီစက်တွင် နေ, လ, နက္ခတ်တို့ သွားလာပုံ

### နေထွက်, နေဝင်

ထိုနေ, လတို့၏ သွားလာလှည့်ပတ်ဟန်ကား ဤသို့တည်း၊ ကမ္ဘာဦးတွင် ပြဟ္မာ့ပြည်မှ စုတေ၍ လူ့ပြည်၌ ဥပပါတ်ပဋိသန္ဓေဖြင့် ဖြစ်လာကုန်သော ကမ္ဘာဦးသူတို့သည် မိမိတို့ကောင်းမှုကံ၏ အဟုန်အားဖြင့် ပြဟ္မာ့ပြည်၌ ဖြစ်စဉ်ကဲ့သို့ ကိုယ်ရောင်တို့သည် ထွန်းလင်းကုန်၏၊ နောက်ကာလရှည်လျှင် ရသတဏှာပွားများသဖြင့် ကိုယ်ရောင်, ကိုယ်ဝါ ကင်းကုန်၍ အမိုက်အတိဖြစ်ခဲ့သော် ကြောက်ခြင်းကို ဖြစ်စေကုန်၏၊

"ငါတို့အား အလင်းကို ရပါမူကား ကောင်းစွ"ဟူ၍ တောင့်တကုန်သော ကမ္ဘာဦးသူတို့အား ရဲရင့်ခြင်းကို ဖြစ်စေလျက် မြင်းမိုရ်, သတ္တရဘန် အစရှိသည်တို့နှင့် တစ်ပြိုင်နက် **တပေါင်းလပြည့်၊ တနင်္ဂနွေနေ့ ၌** မဏ္ဍေဝီထိတောင်နား မိန်ရာသီအဖို့ ဥတ္တရာ-ယဉ်၌ ဥတ္တရာဘဒြပိုဒ် နက္ခတ်နှင့်ယှဉ်လျက် **နေပေါ်၏**၊

ထိုပေါ်သည်မှ ၁-နာရီသော် ရှေ့သို့ယူဇနာ ငါးသောင်း အတိုင်းအရှည်ရှိသော အခွန့်ကို ပြေး၏၊ ၂၈-နာရီပြည့်သောအခါ၌ ယူဇနာတစ်သန်း, လေးသိန်း အခွန့်ရှိသော ခရီးဖြင့် မြင်းမိုရ်တောင်၏ အနောက်အဖို့သို့ရောက်၍ မြင်းမိုရ်တောင်ကွယ်သဖြင့် မမြင်သည်ကို **နေဝင်သည်**ဟူ၍ သမုတ်လေ၏။

ထိုနေ၏ အရောင်သည်ကား စကြဝဠာတာယူဇနာဖြင့် ရှေ့, နောက်, လက်ဝဲ, လက်ျာ ၄-မျက်နှာအရပ်တို့၌ ယူဇနာကိုးသိန်း, ကိုးသိန်းစီ ထွန်းလင်း၏၊

ဇမ္ဗူဒီပါကျွန်း၌ **နေထွက်ပေါ်စအခါသည်**-

အရှေ့ ပြုဗ္ဗဝိဒေဟကျွန်း၌ **နေမွန်းတည့်အခါ** ဖြစ်၏၊

မြောက် ဥတ္တရကုရုကျွန်း၌ **နေဝင်အခါ** ဖြစ်၏၊

အနောက် အပရဂေါယာဉ်ကျွန်း၌ **သန်းခေါင်အခါ** ဖြစ်၏။

## လထွက်, လဝင်

ထိုနေဝင်သောအခါ၌ ကမ္ဘာဦးသူတို့သည် "ငါတို့အား အလင်းသည် တဖန်ဖြစ်ဘိမူကားကောင်းလေစွ"ဟု တောင့်တပြန်သောကြောင့် ထိုသူတို့၏အလိုကို ပြည့်စေလျက် ဒက္ခိဏာယဉ်ခရီး မဇ္ဈေဝီထိမြောက် ကန်ရာသီအဖို့၌ ဥတ္တရဖလဂုဏီနက္ခတ်နှင့်ယှဉ်လျက် **လပေါ်၏**၊

ထိုလသည် ၁-နာရီသော် စကြဝဠာတာယူဇနာဖြင့် လေးသောင်း, ရှစ်ထောင်, သုံးရာ, သုံးဆယ်, သုံး(၄၈,၃၃၃)ယူဇနာနှင့်တစ်ဂါဝုတ်, နှစ်ဥသဘ, တစ်ဆယ့်သုံးတာနှင့် ရှစ်လက်သစ် ရှေ့သို့ခရီးအဓွန့်ကို ပြေး၏၊ ၃၂-နာရီရှိသောညဉ့်၌ ၄င်းတာယူဇနာဖြင့် တစ်သန်း, ငါးသိန်း, လေးသောင်း, ခြောက်ထောင်, ခြောက်ရာ, ခြောက်ဆယ့်, ခြောက် (၁၅,၄၆,၆၆၆)ယူဇနာနှင့် နှစ်ဂါဝုတ်, လေးဥသဘ, နှစ်ဆယ့်ခြောက်တာ, တစ်ဆယ့်ခြောက် လက်သစ် အဓွန့်ကိုပြေး၏၊ မြင်းမိုရ်၏အနောက်သို့ရောက်သဖြင့် လဝင်ပြန်လေ၏။

နေသည်လည်း ထိုညဉ့်ဖြင့် ယူဇနာတစ်သန်း, ခြောက်သိန်းအဓွန့်ရှည်သောခရီး၌ မြင်းမိုရ်တောင်ကို လှည့်၍ ဤကျွန်း၌ **ပေါ်လာပြန်၏**၊ ဤသို့လျှင် နာရီ ၆၀-ဖြင့် မှတ်အပ်သောနေ့, ညဉ့်အပေါင်းဖြစ်သောတစ်ရက်၌ ယူဇနာသုံးသန်းရှိသော ခရီးအဓွန့်ကို လှည့်သွား၏၊ လသည်ကား ၁-ရက်ကို ယူဇနာနှစ်သန်း, ကိုးသိန်းမျှသာ သွား၏၊ လထက် နေကား ယူဇနာတစ်သိန်းလွန်၍ သွား၏၊ ဤကား မြင်းမိုရ်လှည့်၍ သွားသည်ကို ဆိုအပ်၏၊ လ၏အရောင်သည်လည်း နေကဲ့သို့ ရှေ့, နောက်, လက်ဝဲ, လက်ျာ အရပ် ၄-မျက်နှာတို့၌ ယူဇနာကိုးသိန်း, ကိုးသိန်းစီပင် ထွန်းလင်း၏။

## လဆုတ်, လဆန်း၊ လပြည့်, လကွယ်

ဤသို့ တပေါင်းလပြည့်နေ့ ပေါ်ထွက်ကုန်သော နေ, လ, နက္ခတ်တို့တွင် နေသည် ၁-နေ့နှင့် ၁-ညဉ့်ဖြင့် ယူဇနာသုံးသန်းရှိသော မဇ္ဈေဝီထိခရီး၌ မြင်းမိုရ်တောင်ကို လှည့်၍ ဇမ္ဗူဒီပါကျွန်းသို့ ပေါ်လာပြန်၏၊ လသည်ကား နေအောက်တစ်သိန်းလျော့၍ ၁-နေ့နှင့် ၁-ညဉ့်ကို ယူဇနာနှစ်သန်း, ကိုးသိန်းသာရောက်နိုင်၏၊ ဤသို့ လှည့်ကြရာတွင် လသည် တပေါင်းလပြည့်နေ့ ညမှာပေါ်၍ နေသည် လပြည့်ကျော် ၁-ရက်နေ့ ထွက်ပေါ်လာသော အခါ ယူဇနာတစ်သန်း, ငါးသိန်းခြား၍ ရှေ့မှာရှိနှင့်သော လသည် နေနှင့် တစ်နေ့, တစ်နေ့ ကို ယူဇနာနှစ်သန်း, ကိုးသိန်းထက် ယူဇနာတစ်သိန်း, တစ်သိန်းသာ၍ အသွားလျှင်လေ

သောကြောင့် လပြည့်ကျော် ၆-ရက်တိုင်လျှင် ယုဇနာခြောက်သိန်း လထက်လွန်လေ၍ ခြားလျက် ရှိနိုင်လေသည်၊ တစ်သန်း, ငါးသိန်းမှာ ခြောက်သိန်းကြေ၍ ကိုးသိန်းသာ အလွန်ကျန်၏။

နေ၏အရောင်သည် ၁-မျက်နှာ, ၁-မျက်နှာ၌ ယူဇနာကိုးသန်းထွန်းလင်းရကား လပြည့်ကျော် ၇-ရက် မိုးသောက်ညဥ့်သည် နေ၏ရှေ့ ယူဇနာကိုးသိန်းခြားသောဖြစ်၍ လ၏အဖျားကို နေရောင်ခတ်မိသဖြင့် လမှအရိပ်ထွက်၍ လ၏အရိပ်သည်ပင် လ၏အဖျားကို လွှမ်းမိ၏၊ လမှာ ၈-စိတ် ၁-စိတ် ခန့်သာအရောင်ထွက်ရှိ၍ ရေးရေးသာထင်၏၊ ဤကဲ့သို့ ၁-နေ့တစ်သိန်းစီသာ၍လိုက်သဖြင့် ၁-နေ့ထက် ၁-နေ့ လနှင့်နေ ယူဇနာ အခြားနည်းသဖြင့် နေရောင်ကျောက်သည် အားကြီး၍ လ၏အရိပ်သည် ၁-နေ့ထက် ၁-နေ့ကြီး၍ ဖုံးလွှမ်းသဖြင့် ၈-စိတ်တွင် ၂-စိတ်ခန့်အစရှိသည်ဖြင့် ပွား၍, ပွား၍ ဖုံးလွှမ်းသောကြောင့် အရောင်ထွန်းသောအဖို့သည် ၁-နေ့အောက် ၁-နေ့ ယုတ်၍, ယုတ်၍သာ ကျန်၏။

လကွယ် ၁၅-ရက်တိုင်သောအခါ ခြားကွာနိုင်သည့် ယူဇနာတစ်သန်း, ငါးသိန်းလုံး အကုန်မှီ၍ နေနှင့်လ အထက်, အောက်တည့်တည့် နေအောက် ၁-ယူဇနာခြားအရပ်၌ လရှိရကား နေ၏အောက်ကျသဖြင့် လဝန်းအလုံးစုံကို ဖုံးလွှမ်း၍သွားသောကြောင့် နေ၏ အရောင်ကို လ၏အရောင်သည် မထွန်းကျော်နိုင်ရကား နေ့အခါ အဝေးမှ ရပ်ကုန်သော သူတို့အား ဆီမီးကို မြင်ရသကဲ့သို့ ဖြစ်သောလကို မြင်ရကုန်၏၊ မွန်းတည့်သောအခါ အိမ်အမိုးရိပ်သာလျှင် တိုင်နံရံ အစရှိသည်တို့ကို ဖုံးလွှမ်း၍ ထင်သကဲ့သို့ လ၏အရောင်ကို ဖုံးလွှမ်း၍ နေ၏အရောင်သာထင်သဖြင့် အလုံးအဝန်းမပျောက်၊ ရေးရေးသာ လကိုမြင်ရသတည်း၊

နေသွားရာ ကောင်းကင်အရပ်မှ လသည်အောက်သို့ ၁-ယူဇနာ နိမ့်သတည်း။ တစ်ဖန် လဆန်း ၁-ရက်နေ့၌ လကို ယူဇနာတစ်သိန်းလွန်၍ နေသွားလေ၏၊ ထိုရောအခါ လကိုနေသည် အနောက်မှ ကျောက်ပြန်လေ၏၊ ၁-နေ့ တစ်သိန်း, တစ်သိန်းစီ လွန်သဖြင့် လဆန်း ၁-ရက်, ၂-ရက် ရောက်သောအခါ၌ အနောက်မှ ကျောက်သော နေရောင်ကြောင့် ထွက်သောလ၏အရိပ်သည် လ၏ရှေ့အဖို့ကို ဖုံးလွှမ်းလေ၍ အရောင် မထွန်းဘဲ နေကျောက်ရာ အနောက်ဖျားကသာ အရောင်ထွန်းသဖြင့် အရောင်နှင့်တကွ အောက်နားက ရေးရေးပေါ်သကဲ့သို့ လဝန်းအနောက်ဖျားကို အရောင်နှင့်တကွ မြင်ရကုန်၏၊

ဤသို့ နေ့တိုင်း တစ်သိန်းစီလွန်ဖန်များ၍ လနှင့်နေဝေးသဖြင့် လမှာ အရိပ်လွှမ်းသည့် ရှေ့အဖို့ တစ်ရွေ့, တစ်ရွေ့ယုတ်၍ အရောင်ထွန်းသည့် နောက်အဖို့ပွား၍ လဆန်း ၉-ရက် ရောက်သောအခါ နေနှင့်လ ယူဇနာကိုးသိန်း ကွာလေ၏၊ ၁၀-ရက်နေ့ နေ၏

အရောင်မှ လုံးလုံးလွတ်သဖြင့် လသည် ဝန်းသကဲ့သို့ ထင်၏၊ ၁၅-ရက် လပြည့်ဥပုသ်နေ့တိုင်သောအခါ ယူဇနာတစ်သန်း, ငါးသိန်းခြားလေသောကြောင့် လသည်တောက်ပစွာ ပြည့်ပြည့်ဝန်းဝန်း ထွန်းသည်ကိုစွဲ၍ လပြည့်-ဟု သမုတ်၏။

လပြည့်ကျော် ၁-ရက်နေ့မှစ၍ တစ်သိန်း, တစ်သိန်းစီလွန်၍သွားသဖြင့် အောက်၌ ဆိုခဲ့ပြီးသောနည်းဖြင့် လ၏ယုတ်ခြင်း, ပွားခြင်းတို့သည်ဖြစ်၍ လကွယ်တိုင်ပြန်လျှင် အလုံးစုံ လကို ဖုံးမိပြန်လေ၍ လရောင်ပျောက်လေသည်ကို လပျောက်သကဲ့သို့ လကွယ် ဟူ၍ သမုတ်သတည်း၊ ဤသို့လျှင် ရှေ့သို့အဖြောင့်သွားရာ၌ လသည် နှေးသောသွားခြင်း ရှိ၏၊ နေသည် လျင်သောသွားခြင်း ရှိ၏၊ ၁-ရက်, ၁-ရက်ကို ယူဇနာတစ်သိန်း, တစ်သိန်း လထက်လွန်၍ နေသွား၏၊ နက္ခတ်တို့သည်ကား ၁-နာရီ, ၁-နာရီ၌ နေထက် ၁၂၅-ယူဇနာ လွန်၍သွား၏၊ ၁-နေ့, ၁-နေ့သော်ကား ခုနစ်ထောင်, ငါးရာယူဇနာဖြင့် နေကိုလွန်၍ သွား၏၊ လကိုကား ၁-နေ့, ၁-နေ့၌ နက္ခတ်တို့သည် ယူဇနာတစ်သိန်း, တစ်သိန်းလွန်၍ သွား၏။ (ဤဆိုခဲ့ပြီးသည်ကား- နေ, လတို့၏ရှေ့သို့အဖြောင့်သွားခြင်းသာတည်း။)

## တက်လမ်း, သက်လမ်း

နေ, လတို့သည် အထက်သို့တက်၍, တက်၍လည်း ဖီလာသွားကုန်သည်၊ အောက်သို့ သက်၍, သက်၍လည်း ဖီလာသွားကုန်သည်၊ ဥတ္တရာယဉ်၌ဖြစ်မူ တက်၍ သွားကုန်သည်၊ ဒက္ခိဏာယဉ်၌ဖြစ်မူ သက်၍သွားကုန်သည်၊ ဥတ္တရာယဉ်၌ အတွင်းသို့ ဝင်၍သွားကုန်သည်၊ ဒက္ခိဏာယဉ်၌ ပြင်သို့ထွက်၍ ဖီလာသွားကုန်သည်။

ထိုသို့ သွားဟန်ကား-

၁။ နေသည် တပေါင်းလပြည့် တနင်္ဂနွေနေ့၌ ပြုဗ္ဗဝိဒေဟကျွန်း၌ မွန်းတည့်အခါ, ဇမ္ဗူဒီပါကျွန်း၌ နေထွက်အခါ, အပရဂေါယာဉ်ကျွန်း၌ သန်းခေါင်အခါ, ဥတ္တရကုရုကျွန်း၌ နေဝင်အခါကိုပြုလျက် အဇ္ဈောဝီထိ, မဇ္ဈေဝီထိ, ဗာဟိရဝီထိဟူ၍ ခရီး ၃-ကြောင်းတွင် မဇ္ဈေဝီထိတောင်နား မိန်ရာသီအဖို့၌ ပေါ်သည်၊ ထိုမိန်ရာသီ အပိုင်းအခြားရှိသော ခရီးသည် ဥတ္တရာယဉ်ခရီးဖြစ်၍ နေပေါ်သည့် လပြည့်နေ့မှစ၍ ၁-နေ့, ၁-နေ့ကို မြင်းမိုရ်တာ ယူဇနာဖြင့် ၅-ယူဇနာ, ၂-ဂါဝုတ်, ၁၇-ဥသဘ, ၁၅-တာ, ၃-တောင်, ၂၁-လက်သစ်, ၁-စပါး, ၂-နှမ်း၊ ဤမျှလောက်သော အခွန့်ခရီး အတိုင်းအရှည်ဖြင့် အထက်ကို တက်၍, တက်၍ သွားသည်။

မြင်းမိုရ်သို့ ရှေးရှုအတွင်းသို့ကား ၁-နေ့, ၁-နေ့ကို စကြဝဠာတာယူဇနာဖြင့် ၁,၅၅၄-ယူဇနာ, ၃-ဂါဝုတ်, ၁၃-ဥသဘ, ၆-တာ, ၄-တောင်, ၁၆-လက်သစ်၊ ဤမျှ အတိုင်းအရှည်ရှိသော ခရီးခွန်ဖြင့် အတွင်းသို့ဝင်၍, ဝင်၍သွားသည်၊ တန်ခူးလရောက်သော် လဆန်း ၁-ရက်နေ့၌ မဇ္ဈေဝီထိအလယ် မိဿရာသီအဖို့၌ အဿဝဏီနက္ခတ်, ဘရဏီနက္ခတ်တို့နှင့် ယှဉ်လျက် ပေါ်ထွက်၏၊ တန်ခူးလပြည့်နေ့၌ မဇ္ဈေဝီထိအလယ်၌ သွားလေ၏၊ ကဆုန်လဆန်းသောအခါ မဇ္ဈေဝီထိမြောက်အဖို့ ပြိဿရာသီ၌ ကြတ္တိကာ, ရောဟဏီ, မိဂသီတို့နှင့် ယှဉ်လျက်ပေါ်၏၊ ကဆုန်လပြည့်တိုင်လျှင် မဇ္ဈေဝီထိ မြောက်နားအဆုံးတိုင်လေ၏၊ မဇ္ဈေဝီထိအကျယ်ကား စကြဝဠာတာယူဇနာဖြင့် ကိုးသောင်း, သုံးထောင်, နှစ်ရာ့, ရှစ်ဆယ့်ခုနစ်(၉၃,၂၈၇)ယူဇနာ, ၂-ဂါဝုတ် ရှိ၏။

တပေါင်းလပြည့်နေ့မှစ၍ ကဆုန်လပြည့်နေ့တိုင် ၂-လပတ်လုံး အောက်၌ ဆိုအပ်သော နည်းဖြင့် အထက်သို့တက်၍ အတွင်းသို့ဝင်၍ မြင်းမိုရ်သို့ရှေးရှု မဇ္ဈေဝီထိ မြောက်နားအဆုံးသို့ ရောက်၏၊ အဇ္ဈောဝီထိတောင်နားသို့ ဆိုက်၏၊ **သီဟိုဠ်ကျွန်း၏ အလယ်သို့လည်း** ရောက်၏၊

ကဆုန်လပြည့်ကျော် ၁-ရက်နေ့မှစ၍ အဇ္ဈောဝီထိသို့ သက်၍ အထက်သို့တက်၍ အတွင်းသို့ဝင်၍, ဝင်၍ မြင်းမိုရ်ကို လှည့်လေသည်၊ နယုန်လဆန်းသောအခါ၌ အဇ္ဈောဝီထိ အလယ်အဖို့ မေထုန်ရာသီ၌ မိဂသီအဒြနက္ခတ်တို့နှင့် ယှဉ်၍လှည့်၏၊ ဝါဆိုလဆန်းသော အခါ အဇ္ဈောဝီထိ ကြကဋ်ရာသီအဖို့သို့ ရောက်သောအခါ ပုနဖုသျှု, ဖုသျှ, အဿလိဿ တို့နှင့်ယှဉ်၍ လှည့်၏၊ ဤကြကဋ်ရာသီသို့ နေရောက်သောအခါ သီဟိုဠ်ကျွန်း၌ လူတို့အရိပ်တောင်သို့ ထွက်၏၊ မွန်းတည့်သောအခါ တောင်မျက်နှာ၌ ၂-ဖဝါးဖြစ်၏၊ ဇမ္ဗူဒီပါကျွန်း၏ အလယ်၌ အထက်လည်း ဖြစ်၏၊ ဇမ္ဗူဒီပါကျွန်း၌ မွန်းတည့်သောအခါ လူတို့အရိပ် ၁-ဖဝါးသာရှိ၏၊ အဇ္ဈောဝီထိမြောက်နားက ကြကဋ်ရာသီအဖို့၌ ဝါဆိုလပြည့်တိုင် အတွင်းသို့ ဝင်၍, ဝင်၍ အထက်သို့ တက်၍, တက်၍ မြင်းမိုရ်တောင်ကို လှည့်၏၊ ဥတ္တရာယဉ်ခရီးလည်း ဆုံးလေ၏၊ ယုဂန္ဓိုရ်တောင်နှင့်မျှသော ကောင်းကင်အရပ်သို့လည်း ရောက်လေ၏။

မဇ္ဈေဝီထိတောင်နား မိန်ရာသီအဖို့မှပေါ်သောနေသည် အထက်သို့တက်၍ အတွင်းသို့ဝင်၍, ဝင်၍ လှည့်သည်၊ တပေါင်းလပြည့်မှသည် ဝါဆိုလပြည့်တိုင် ဥတ္တရာယဉ်ခရီး ၂-ကြောင်းအဆုံးသို့ ရောက်၏၊ ဥတ္တရာယဉ်မြောက်နားဖြစ်သော ကြကဋ်ရာသီ၌ တက်၍, တက်၍သွားသော ဝါဆိုတစ်လ၌ နေသည်မြင်းမိုရ်တောင်၏အနီး၌ သွားသည် ဆိုရ၏။

၂။ ဝါဆိုလပြည့်ကျော် ၁-ရက်နေ့မှစ၍ ဒက္ခိဏာယဉ်သို့တက်၍ ဒက္ခိဏာယဉ် မြောက်နားကြကင်္ကရာသီအဖို့၌ ၁-နေ့, ၁-နေ့ကို စကြဝဠာတာယူဇနာဖြင့် တစ်ထောင်, ငါးရာ, ငါးဆယ့်လေးယူဇနာ, သုံးဂါဝုတ်, တစ်ဆယ့်သုံးဥသဘ, ခြောက်တာ, လေးတောင်, တစ်ဆယ့်ခြောက်လက်သစ် အတိုင်းအရှည်ဖြင့် ပြင်သို့ထွက်၍, ထွက်၍မြင်းမိုရ်တာယူဇနာဖြင့် ငါးယူဇနာနှစ်ဂါဝုတ်တစ်ဆယ့်ခုနစ်ဥသဘ တစ်ဆယ့်ငါးတာ, သုံးတောင်, နှစ်ဆယ့်တစ်လက်သစ်, တစ်မုယော, နှစ်နှမ်း၊ ဤမျှလောက်သော အတိုင်းအရှည်ဖြင့် **အောက်သို့သက်၍, သက်၍**လည်သည်။

ဝါဆိုလကုန်လျှင် ကြကင်္ကရာသီကုန်၍ ဝါခေါင်လဆန်း ၁-ရက်နေ့၌ ဒက္ခိဏာယဉ် အန္တောဝီထိအလယ်အဖို့ သိဟ်ရာသီသို့သက်၍ မာဃ, ပြုဗ္ဗဖလဂုဏီနက္ခတ်တို့နှင့် ယှဉ်၍ ဆိုခဲ့ပြီးသော အတိုင်းအရှည်ရှိသောခရီးအဝွန့်ဖြင့် ပြင်သို့ထွက်၍ အောက်သို့သက်၍ လှည့်သည်၊ ဝါခေါင်လကုန်လျှင် အန္တောဝီထိ၌ သိဟ်ရာသီအဖို့ကုန်၍ တော်သလင်း လဆန်း ၁-ရက်နေ့၌ ကန်ရာသီသို့သက်၍ ဥတ္တရာဖလဂုဏီ, ဟဿတနက္ခတ်တို့နှင့် ယှဉ်၍ ဆိုခဲ့ပြီးသော ခရီးအဝွန့်အတိုင်းအရှည်ရှိသော ခရီးအဝွန့်ဖြင့် ပြင်ပသို့ထွက်၍ အောက်သို့ သက်၍လှည့်သည်၊ တော်သလင်းလပြည့်လျှင် အန္တောဝီထိကုန်လေ၏၊ ဝါဆို လပြည့်ကျော် ၁-ရက်နေ့မှစ၍ တော်သလင်းလပြည့်နေ့တိုင် တစ်ထောင့်, ငါးရာ, ငါးဆယ့်, လေး(၁,၅၅၄) ယူဇနာ, သုံးဂါဝုတ်, တစ်ဆယ့်သုံးဥသဘ, ခြောက်တာ, လေးတောင်, တစ်ဆယ့် ခြောက် လက်သစ် အတိုင်းအရှည်ဖြင့် ပြင်သို့ထွက်၍ ငါးယူဇနာ, နှစ်ဂါဝုတ်, တစ်ဆယ့် ခုနစ်ဥသဘ, တစ်ဆယ့်ငါးတာ, သုံးတောင်, နှစ်ဆယ့်တစ်လက်သစ်, တစ်မုယော, နှစ်နှမ်း၊ ဤမျှ အတိုင်းအရှည်ရှိသော ခရီးအဝွန့်ဖြင့် အောက်သို့သက်၍ မြင်းမိုရ်ကိုလှည့်သည်၊ တော်သလင်းလပြည့်တိုင်လျှင် ဒက္ခိဏာယဉ်ခရီး၌ အန္တောဝီထိတောင်နားသို့ရောက်၏၊ **သီဟိုဠ်ကျွန်း၏အလယ်**သို့လည်း ရောက်၏၊ ဒက္ခိဏာယဉ်ခရီး၌ အန္တောဝီထိမြောက်နားသည် ဇမ္ဗူဒီပါကျွန်း၏အလယ်အထက်, အန္တောဝီထိတောင်နားသည် သီဟိုဠ်ကျွန်းအလယ်၏အထက်တည်း။

## ဥတု ၆-ပါး

၁။ ဝါဆိုလပြည့်ကျော် ၁-ရက်နေ့မှစ၍ တော်သလင်းလပြည့်တိုင် ၂-လ, အရက် ၆၀-သည် ဥတု ၆-ပါးတွင် **ဝဿာနဥတု** မည်၏၊ ဤဝဿာနဥတုဖြင့် ဇမ္ဗူဒီပါကျွန်း လယ်မှသည် သီဟိုဠ်ကျွန်းလယ်အရပ်၏ အထက်တိုင်အောင် နေ့တိုင်း, နေ့တိုင်း ဆိုခဲ့ပြီး သောအတိုင်းအရှည်ဖြင့် ပြင်သို့ထွက်၍ ဆိုခဲ့ပြီးသောအတိုင်းအရှည်ဖြင့် အောက်သို့

သက်၍လှည့်ရသော အန္တောဝီထိအကျယ်ကား ကိုးသောင်း, သုံးထောင်, နှစ်ရာ, ရှစ်ဆယ်, ခုနစ်(၉၃,၂၈၇)ယူဇနာ, နှစ်ဂါဝုတ်ရှိ၏။

၂။ တော်သလင်းလပြည့်ကျော် ၁-ရက်နေ့မှစ၍ မဇ္ဈေဝီထိ ကန်ရာသီအဖို့၌ ဆိုခဲ့ ပြီးသောနည်းဖြင့်ထွက်၍ သက်၍လှည့်သည်၊ လကွယ်ရောက်၍ ကန်ရာသီကုန်လျှင် သီတင်းကျွတ်လဆန်း ၁-ရက်နေ့ ဒက္ခိဏာယဉ် မဇ္ဈေဝီထိ တူရာသီအဖို့သို့သက်၍ စိတြ, သွာတိ နက္ခတ်တို့နှင့်ယှဉ်၍ ပြင်သို့ထွက်၍ အောက်သို့သက်၍ လှည့်သည်၊ သီတင်းကျွတ် လပြည့်နေ့ ဒက္ခိဏာယဉ် မဇ္ဈေဝီထိအလယ်၌သွား၏၊ သီတင်းကျွတ်လကုန်လျှင် တူရာသီ အဖို့ကုန်၍ တန်ဆောင်မုန်းလဆန်း ၁-ရက်နေ့၌ မဇ္ဈေဝီထိ ဗြိစ္ဆာရာသီအဖို့သို့သက်၍ ဝိသာခါ, အနုရာဓ, ဇေဋ္ဌ နက္ခတ်တို့နှင့်ယှဉ်၍လှည့်၏၊ တန်ဆောင်မုန်းလပြည့်တိုင်လျှင် မဇ္ဈေဝီထိ ကုန်လေ၏၊ မဇ္ဈေဝီထိ၌လည်း ဆိုခဲ့ပြီးသောနည်းဖြင့် ထွက်၍ သက်၍လှည့်၏၊ သရဒဥတု ၁-ဥတုလုံးလှည့်မှ မဇ္ဈေဝီထိတောင်နားအဆုံးသို့ ရောက်၏၊ တော်သလင်း လပြည့်ကျော် ၁-ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်တိုင် ၂-လသည် **သရဒဥတု** မည်၏။

၃။ တန်ဆောင်မုန်းလပြည့်ကျော် ၁-ရက်နေ့မှစ၍ ဒက္ခိဏာယဉ် ဗာဟိရဝီထိ သို့ သက်၍ ပြင်သို့ထွက်မြဲ, အောက်သို့သက်မြဲ လှည့်သည်၊ တန်ဆောင်မုန်းလကွယ်လျှင် ဒက္ခိဏာယဉ် ဗာဟိရဝီထိခရီး၌ မြောက်နားဗြိစ္ဆာရာသီအဖို့ကုန်၍ နတ်တော်လဆန်း ၁-ရက်နေ့၌ ဗာဟိရဝီထိအလယ် ဓနုရာသီအဖို့သို့သက်၍ မူလ, ပြုဗ္ဗာသဠ်နက္ခတ်တို့နှင့် ယှဉ်လျက် ပြင်သို့ထွက်မြဲ အောက်သို့သက်မြဲလှည့်၍ နတ်တော်လကုန်လျှင် ပြာသိုလဆန်း ၁-ရက်နေ့၌ ဒက္ခိဏာယဉ်, ဗာဟိရဝီထိတောင်နားအဖို့ မကာရရာသီသို့သက်၍ ဥတ္တရာသဠ်, သရဝဏ်နက္ခတ်တို့နှင့်ယှဉ်လျက် ထွက်မြဲသက်မြဲလှည့်၍ ပြာသိုလပြည့်တိုင်လျှင် ဒက္ခိဏာ- ယဉ် ဗာဟိရဝီထိတောင်နားအဆုံးသို့ ရောက်၏၊

ဒက္ခိဏာယဉ် အန္တောဝီထိမြောက်နားမြင်းမိုရ်တောင်၏အလယ်ပမာဏနှင့်မျှသော ကောင်းကင်အရပ်မှသက်၍, သက်၍ နေ့တိုင်းလာသည်လည်း ပြာသိုလပြည့်နေ့ ဒက္ခိဏာ- ယဉ် ဗာဟိရဝီထိတောင်နားသို့ ရောက်သည့်အခါ စကြဝဠာတောင်၏အလယ် အရပ်နှင့် မျှသော ကောင်းကင်အရပ်၌ နေသွား၏၊ ပြာသိုလဆန်း ၁-ရက်နေ့မှစ၍ မကာရရာသီ၌ ပြာသိုလကွယ်တိုင် နေသွားသောအခါကိုလည်း စကြဝဠာတောင်၏အနီး၌ သွားသည် ယူရ၏၊ ဤဒက္ခိဏာယဉ် ဗာဟိရဝီထိ၌လည်း ဟေမန္တဥတု ၁-ဥတုလုံး လှည့်သွားရ၏၊ ခရီးအကျယ်ကား အန္တောဝီထိ, မဇ္ဈေဝီထိတို့ကဲ့သို့ပင် စကြဝဠာတာယူဇနာဖြင့် ကိုးသောင်း, သုံးထောင်, နှစ်ရာ, ရှစ်ဆယ်, ခုနစ်ယူဇနာနှင့် နှစ်ဂါဝုတ်ရှိ၏၊ တန်ဆောင်မုန်းလပြည့်ကျော် ၁-ရက်နေ့မှစ၍ ပြာသိုလပြည့်တိုင် ၂-လသည် **ဟေမန္တဥတု** မည်၏။

၄။ ပြာသိုလပြည့်ကျော် ၁-ရက်နေ့၌ ဒက္ခိဏာယဉ် ဗာဟိရဝီထိခရီးမှသည် ဥတ္တရာယဉ် အန္တောဝီထိသို့ပြောင်း၍ နေ့တိုင်း, နေ့တိုင်း မြင်းမိုရ်တာယူဇနာဖြင့် ငါးယူဇနာ, နှစ်ဂါဝုတ်, တစ်ဆယ့်ခုနစ်ဥသဘ, တစ်ဆယ့်ငါးတာ, သုံးတောင်, နှစ်ဆယ့်တစ်လက်သစ်, တစ်မုယော, နှစ်နှမ်း အထက်သို့တက်၍ စကြဝဠာတာယူဇနာဖြင့် ယူဇနာတစ်သောင်း , ငါးရာ, ငါးဆယ့်လေး(၁၀,၅၅၄)ယူဇနာ, သုံးဂါဝုတ်, တစ်ဆယ့်သုံးဥသဘ, ခြောက်တာ, လေးတောင်, တစ်ဆယ့်ခြောက်လက်သစ် အတိုင်းအရှည်အစွန့်ဖြင့် အတွင်းသို့ဝင်၍ လှည့်သွားသည်၊ ပြာသိုလကုန်လျှင် ဥတ္တရာယဉ်ခရီး ဗာဟိရဝီထိ၌ မကာရရာသီအဖို့ ကုန်လေ၏၊ တပို့တွဲ လဆန်း ၁-ရက်နေ့ ဥတ္တရာယဉ် ဗာဟိရဝီထိ၌ ကုံရာသီအဖို့သို့တက်၍ ဓနသိဋ္ဌ, သတ္တဘိသျှ နက္ခတ်တို့နှင့်ယှဉ်၍ ဆိုခဲ့ပြီးသော အထက်တက်သချ်ာ, အတွင်းဝင် သချ်ာတို့ဖြင့် နေ့တိုင်း ထွက်ဝင်လှည့်သွား၍ တပို့တွဲလကုန်လျှင် ဥတ္တရာယဉ် ဗာဟိရဝီထိ၌ ကုံရာသီ အဖို့ကုန်၍ တပေါင်းလဆန်း ၁-ရက်နေ့၌ မိဿရာသီအဖို့သို့တက်၍ ပြုဗ္ဗဘဒြပိုဒ်, ဥတ္တရဘဒြပိုဒ်, ရေဝတီနက္ခတ်တို့နှင့်ယှဉ်လျက် တက်မြဲ, ဝင်မြဲ လှည့်သွား၍ တပေါင်း လပြည့်နေ့ ဥတ္တရာယဉ် ဗာဟိရဝီထိ၌လည်း သိသိရဥတု ၁-ဥတုလုံး လှည့်ရ၏၊ ပြာသို လပြည့်မှ တပေါင်းလပြည့်တိုင် ၂-လသည် **သိသိရဥတု** မည်၏။

၅။ တပေါင်းလပြည့်ကျော် ၁-ရက်နေ့မှစ၍ မဇ္ဈေဝီထိတောင်နား မိန်ရာသီ အဖို့၌ အထက်သို့တက်မြဲ, အတွင်းသို့ဝင်မြဲ လှည့်သွား၍ တပေါင်းလကွယ်နေ့ မိန်ရာသီအဖို့ ကုန်လျှင် တန်ခူးလဆန်း ၁-ရက်နေ့ ဥတ္တရာယဉ်မဇ္ဈေဝီထိ မိဿရာသီအဖို့သို့တက်၍ အဿဝဏီ, ဘရဏီနက္ခတ်တို့နှင့်ယှဉ်လျက် အထက်သို့တက်မြဲ, အတွင်းသို့ဝင်မြဲလှည့်သွား ၍ တန်ခူးလပြည့်နေ့ မဇ္ဈေဝီထိမြောက်နားအဆုံး၌ သွားလေ၏၊ တန်ခူးလကွယ်နေ့ မိဿ ရာသီအဖို့ကုန်၍ ကဆုန်လဆန်း ၁-ရက်နေ့ ဥတ္တရာယဉ် မဇ္ဈေဝီထိ၌ မိဿရာသီအဖို့သို့ တက်၍ ကြတ္တိကာ, ရောဟဏီတို့နှင့်ယှဉ်၍ အထက်သို့တက်မြဲ, အတွင်းသို့ဝင်မြဲ လှည့်၍ ကဆုန်လပြည့်နေ့ မဇ္ဈေဝီထိမြောက်နားအဆုံး၌ သွားလေ၏၊ မဇ္ဈေဝီထိ၌လည်း ဝသန္တဥတု ၁-ဥတုလုံး လှည့်သွားရသတည်း၊ တပေါင်းလပြည့်ကျော်၁-ရက်နေ့မှသည် ကဆုန်လပြည့် တိုင် ၂-လသည် **ဝသန္တဥတု** မည်၏။

၆။ ကဆုန်လပြည့်ကျော် ၁-ရက်နေ့မှစ၍ ဥတ္တရာယဉ်အန္တောဝီထိတောင်နား ပြိဿရာသီအဖို့၌ တက်မြဲ, ဝင်မြဲ လှည့်သွား၍ ကဆုန်လကွယ်နေ့ ပြိဿရာသီအဖို့ကုန်လျှင် နယုန်လဆန်း ၁-ရက်နေ့မှစ၍ မေထုန်ရာသီအဖို့သို့တက်၍ မိဂသီ, အဒြနက္ခတ်တို့နှင့် ယှဉ်၍ အထက်သို့တက်မြဲ, အတွင်းသို့ဝင်မြဲလှည့်သွား၍ နယုန်လကွယ်တိုင်လျှင် မေထုန် ရာသီအဖို့ကုန်၍ ဝါဆိုလဆန်း ၁-ရက်နေ့မှစ၍ ဥတ္တရာယဉ် အန္တောဝီထိမြောက်နား

ကြကင်္ကရာသီအဘို့သို့တက်၍ နေ့တိုင်း, နေ့တိုင်း မြင်းမိုရ်တာယူဇနာဖြင့် ငါးယူဇနာ, နှစ်ဂါဝုတ်, တစ်ဆယ့်နှစ်ဥသဘ, တစ်ဆယ့်ငါးတာ, သုံးတောင်, နှစ်ဆယ့်တစ်လက်သစ်, တစ်မုယော, နှစ်နှမ်းအတိုင်းအရှည်ဖြင့် အထက်သို့တက်၍ စကြဝဠာတာယူဇနာဖြင့် တစ်ထောင့်, ငါးရာ, ငါးဆယ့်လေး(၁,၅၅၄)ယူဇနာ, သုံးဂါဝုတ်, တစ်ဆယ့်သုံးဥသဘ, ခြောက်တာ, လေးတောင်, တစ်ဆယ့်ခြောက်လက်သစ် အတိုင်းအရှည်ဖြင့် အတွင်းသို့ဝင်၍, ဝင်၍ လှည့်သွားသည်၊ ဝါဆိုလပြည့်နေ့ ဥတ္တရာယဉ်ခရီး၌ ယူဇနာကိုးသောင်း သုံးထောင် နှစ်ရာ, ရှစ်ဆယ့်ခုနစ်(၉၃,၂၈၇)ယူဇနာ, နှစ်ဂါဝုတ်အနံရှိသော အန္တောဝီထိအဆုံး သွားလေ၏၊ ဤအန္တော ဝီထိလည်း ဂိမှာနဥတု ၁-ဥတုလုံး လှည့်သွားရသည်၊ ကဆုန်လပြည့်ကျော် ၁-ရက်နေ့မှ စ၍ ဝါဆိုလပြည့်တိုင် ၂-လသည် ဂိမှာနဥတု မည်၏။

## အတက် ၆-လ၊ အသက် ၆-လ

ဤသို့လျှင် နေသည် ဖီလာသွားခြင်း နှေးသောကြောင့် ဒက္ခိဏာယဉ်ခရီး၌ ပြင်သို့ ထွက်၍ အောက်သို့သက်၍ သွားသောအခါ၌ ဝါဆိုလပြည့်ကျော် ၁-ရက်နေ့မှစ၍ ပြာသိုလပြည့်တိုင် ၆-လမှာ ဒက္ခိဏာယဉ် အန္တောဝီထိမြောက်နားမှသည် ဗာဟိရဝီထိ တောင်နား အဆုံးတိုင် စကြဝဠာတာယူဇနာဖြင့် နှစ်သိန်း, ခုနစ်သောင်း, ကိုးထောင်, ရှစ်ရာ, ခြောက်ဆယ့်, နှစ်(၂၇၉,၈၆၂)ယူဇနာနှင့် နှစ်ဂါဝုတ် အတိုင်းအရှည်ရှိသော အန္တော, မဇ္ဈေ, ဗာဟိရဝီထိ ခရီး ၃-ကြောင်း အဆုံးရောက်သည်၊ မြင်းမိုရ်တောင်အလယ်အရပ်နှင့်မျှသော ကောင်းကင်၌ အန္တောဝီထိအထက်နားမှသည် မြင်းမိုရ်တာယူဇနာဖြင့် ယူဇနာတစ်ထောင် နိမ့်သော စကြဝဠာတောင်၏ အလယ်ပမာဏနှင့်မျှသော ကောင်းကင်အရပ်၌ ဗာဟိရဝီထိ အောက်နားသို့လည်း ဝါဆိုလပြည့်ကျော်တစ်ရက်နေ့မှစ၍ ဆိုခဲ့ပြီးသောနည်းဖြင့် နေ့တိုင်း, နေ့တိုင်း သက်သည်မှာ ပြာသိုလပြည့်တိုင် ၆-လသက်မှ ရောက်သတည်း။

တဖန် ပြာသိုလပြည့်ကျော် ၁-ရက်နေ့မှစ၍ ဥတ္တရာယဉ်ခရီး၌ ဗာဟိရဝီထိ မကာရ ရာသီသို့သက်၍ အတွင်းသို့ဝင်၍ အထက်သို့တက်၍ သွားသည်လည်း ပြာသိုလပြည့်ကျော် ၁-ရက်နေ့မှသည် ဝါဆိုလပြည့်တိုင် ၆-လတက်မှ ဥတ္တရာယဉ်၌ ဗာဟိရ, မဇ္ဈေ, အန္တောဝီထိ ခရီး ၃-ကြောင်းအဆုံးသို့ရောက်သည်၊ ဥတ္တရာယဉ်ဗာဟိရဝီထိ အောက်နား စကြဝဠာ တောင်၏ အလယ်နှင့်မျှသော ကောင်းကင်အရပ်မှသည် ယူဇနာတစ်ထောင် မြင့်သော မြင်းမိုရ်အလယ်နှင့်မျှသော ကောင်းကင်အရပ်၌ ဥတ္တရာယဉ်အန္တောဝီထိအဆုံးသို့ ပြာသိုလ-ပြည့်ကျော် ၁-ရက်နေ့ မှသည် ဝါဆိုလပြည့်တိုင် ၆-လတက်၍ သွားမှ ရောက်သတည်း။

ဤသို့လျှင် နေ၏ဖီလာသွားခြင်း, အထက်သို့ တက်၍သွားခြင်း, အောက်သို့ သက်၍သွားခြင်းသည် နှေးသောသွားခြင်းရှိ၏၊ ရှေ့သို့ မြင်းမိုရ်တောင်ကို လှည့်၍ အဖြောင့်သွားခြင်းမူကား ၁-နာရီအဖို့၌ စကြဝဠာတာ ယူဇနာ ငါးသောင်းရောက်၏၊ နာရီ ၃၀-သော် ယူဇနာ တစ်သန်း, ငါးသိန်း အဓွန့်သို့ ရောက်၏၊ နေ့, ညဉ့်နာရီပေါင်း ၆၀-သော် မဇ္ဈေခရီးဝန်း ယူဇနာသုံးသန်းကို လှည့်မိ၏။

(ဥတုသည်ကား- **ဝသန္တဥတု, ဂိမှာနဥတု, ဝဿာနဥတု, သရဒဥတု, ဟေမန္တဥတု, သိသိရဥတု**-ဟူ၍ ၆-ပါး ဖြစ်သတည်း၊ ထိုခြောက်ပါးတို့တွင် တပေါင်းလပြည့်ကျော် တစ်ရက်နေ့မှသည် ကဆုန်လပြည့်တိုင် ၂-လသည် ဝသန္တဥတုမည်၏၊ ဤသို့ အစရှိသည်ဖြင့် အကြွင်းဥတု ၅-ပါး၏ အပိုင်းအခြားကိုလည်း အစဉ်အားလျော်စွာ ၂-လ, ၂-လစီ လပြည့်, လပြည့် ပိုင်းခြား၍ သိအပ်လေ၏၊ ဘုရားပိဋကတ်တော်၌ ဤသို့ ပိုင်းခြားသတည်း။)

## လပြည့်နေ့တွင် စန်း(လမင်း)နှင့် နက္ခတ်ယှဉ်တွဲသဖြင့် ၁၂-လခေါ်ပုံ

နက္ခတ်တို့သည်ကား ၁-နာရီ၌ ၁၂၅-ယူဇနာ နေကိုလွန်၍ သွား၏၊ ၁-နေ့သော် ယူဇနာ ခုနစ်ထောင်, ငါးရာလွန်၍ သွား၏၊ ၁-လသော် ယူဇနာနှစ်သိန်း, နှစ်သောင်း, ငါးထောင်လွန်၍ သွား၏၊ ထို့ကြောင့် တပေါင်းလဥတ္တရာဘဒြပိုဒ်နက္ခတ်နှင့် ယှဉ်၍ သွားပြီးသော် တန်ခူးလ၌ နောက်လာသော အဿဝဏီနက္ခတ်, ဘရဏီနက္ခတ်တို့နှင့် ယှဉ်၍ သွားသတည်း၊ ကဆုန်လရောက်သောအခါ၌ ကြတ္တိကာ, ရောဟဏီနက္ခတ်တို့နှင့် ယှဉ်၍ သွားလေ၏၊ တပေါင်းလ၌ ယှဉ်၍သွားသော နက္ခတ်တို့သည် တပေါင်းလကုန်လျှင် နှစ်သိန်း, ရှစ်သောင်း, ငါးထောင် ရှေ့သို့လွန်နှင့်လေ၏၊ ဤသို့ အစရှိသောနည်းဖြင့် နောက်နောက်သောကာလတို့၌ နက္ခတ်တို့ယှဉ်ခြင်းကို သိအပ်၏၊ တပေါင်းလကုန်လျှင် နှစ်သိန်း, နှစ်သောင်း, ငါးထောင်လွန်လေသည်ဆိုရာ၌-အဿဝဏီ, ဘရဏီတို့နှင့်ယှဉ်၍ တပေါင်းလပြည့်တွင်ပေါ်သောကြောင့် တပေါင်းလကုန်လျှင် တစ်သိန်း, တစ်သောင်း, နှစ်ထောင်, ငါးရာ (၁၁၂,၅၀၀)ယူဇနာသာ ရှေ့သို့ လွန်နှင့်လေသေးသည်။

နက္ခတ်တို့သည် လကိုလွန်၍သွားသည်မူကား- နာရီ၏ ပါဒ် ၁-ပါဒ်ကာလ၌ စကြဝဠာ တာယူဇနာဖြင့် လေးရာ လေးဆယ့် ခုနစ်ယူဇနာ, သုံးဂါဝုတ်, ငါးဆယ့်တစ်ဥသဘ, ငါးတာ, ငါးတောင်, တစ်ထွာ, ရှစ်လက်သစ်လွန်၍သွား၏၊ ၁-နာရီကား- တစ်ထောင် ခုနစ်ရာ ကိုးဆယ့်တစ်ယူဇနာ, နှစ်ဂါဝုတ်, လေးဆယ့်ငါးဥသဘ, သုံးတာ, နှစ်တောင်, ရှစ်လက်သစ် လွန်၍သွား၏၊ တစ်နေ့သော်ကား- တစ်သိန်း, ခုနစ်ထောင်, ငါးရာ(၁၀၇,၅၀၀)

ယူဇနာ လွန်၍သွား၏၊ ရှေ့သို့အပြင်သွားရာ၌လည်း နေ, နက္ခတ်တို့အောက်နေး၏၊ တစ်နေ့၌ ယူဇနာ တစ်သိန်း, တစ်သိန်း လကိုလွန်၍နေသွား၏၊ တောင်, မြောက်ဖီလာ ထွက်၍, ဝင်၍သွားခြင်း, အထက်သို့တက်၍ အောက်သို့သက်၍ သွားခြင်းတို့၌ကား နေထက် လျင်မြန်သောသွားခြင်းရှိ၏၊ လသွားသော ခရီးအမြင့်ကောင်းကင်ကား အန္တော ဝီထိ၌ အခါခပ်သိမ်းနေအောက် တစ်ယူဇနာနိမ့်၍သွားသောကြောင့် မြင်းမိုရ်အလတ် လေးသောင်း, နှစ်ထောင်ယူဇနာတွင် တစ်ယူဇနာလျော့၍လေးသောင်း, တစ်ထောင်, ကိုးရာ, ကိုးဆယ့်, ကိုး(၄၁,၉၉၉)ယူဇနာနှင့်မျှသော ကောင်းကင်အရပ် အန္တောဝီထိ၌သွား၏၊ ဗာဟိရဝီထိ၌ လသွားရာ ခရီးကောင်းကင်အမြင့်ကား စကြဝဠာတောင်၏အလယ် လေးသောင်း, တစ်ထောင်(၄၁,၀၀၀)ယူဇနာတွင် ၁-ယူဇနာ လျော့၍ လေးသောင်း, ကိုးရာ, ကိုးဆယ့်, ကိုး(၄၀,၉၉၉)ယူဇနာရှိသော ကောင်းကင်အရပ်၌သွား၏၊ လသွားရာ ဗာဟိ-ရဝီထိအောက်နားမှသည် အန္တောဝီထိအထက်နားတိုင်အောင် ယူဇနာ ၁,၀၀၀-ငင်း မြင့်၏။

တပေါင်းလပြည့် တနင်္ဂနွေနေ့ည ဥတ္တရာဘဒြပိုဒ်နက္ခတ်နှင့်ယှဉ်၍ ပေါ်ရာ ကန်ရာသီသည် ဒက္ခိဏာယဉ်ပြင်သို့ထွက်သောခရီး မဇ္ဈေဝီထိမြောက်နားဖြစ်၍ တပေါင်း-လပြည့်နေ့ ညမှစ၍ စကြဝဠာတောင်သို့ ရှေးရှု စကြဝဠာတာယူဇနာဖြင့် တစ်သောင်း ရှစ်ထောင် ခြောက်ရာ ငါးဆယ့်ခုနစ်ယူဇနာ, နှစ်ဂါဝုတ်အတိုင်းအရှည်ဖြင့် နေ့တိုင်း, နေ့တိုင်း အတွင်းမှ အပြင်သို့ထွက်၍ အောက်သို့ သက်သဖြင့် စကြဝဠာတာ ယူဇနာဖြင့် ခြောက်ဆယ့် ခြောက် ယူဇနာ, နှစ်ဂါဝုတ်, ငါးဆယ့်သုံးဥသဘ, ခြောက်တာ, လေးတောင်, တစ်ဆယ့် ခြောက် လက်သစ် နေ့တိုင်း, နေ့တိုင်းအောက်သို့သက်၍ လှည့်သည်၊ တပေါင်းလပြည့်ကျော် ၁၀-ရက် ဒက္ခိဏာယဉ် ဗာဟိရဝီထိ၌ တောင်နားအဆုံးသို့ ရောက်၏၊ စကြဝဠာတောင်၏ လေးသောင်း, ကိုးဆယ့်, ကိုး(၄၀,၀၉၉)ယူဇနာရှိသော အရပ်နှင့်မျှသော ကောင်းကင်အရပ် သို့လည်း ရောက်၏။

တပေါင်းလပြည့်ကျော် ၁၁-ရက်မှစ၍ ဥတ္တရာယဉ် ဗာဟိရဝီထိသို့ တက်၍ နေ့တိုင်း, နေ့တိုင်း တစ်သောင်း, ရှစ်ထောင်, ခြောက်ရာ, ငါးဆယ့်, ခုနစ်(၁၈,၆၅၇)ယူဇနာ, နှစ်ဂါဝုတ် အတိုင်းအရှည်ဖြင့် မြင်းမိုရ်သို့ ရှေးရှု အတွင်းသို့ဝင်၍ ခြောက်ဆယ့်ခြောက် ယူဇနာ, နှစ်ဂါဝုတ်, ငါးဆယ့်သုံးဥသဘ, ခြောက်တာ, လေးတောင်, တစ်ဆယ့်ခြောက် လက်သစ် အတိုင်းအရှည်ဖြင့် အထက်သို့ နေ့တိုင်း, နေ့တိုင်း ထွက်သွားသည်၊ တန်ခူး လဆန်း ၁-ရက်နေ့ မဇ္ဈေဝီထိသို့ တက်၍သွား၏၊ တန်ခူးလဆန်း ၁၀-ရက်၌ အန္တောဝီထိ ဥတ္တရာယဉ် အဆုံး၌ သွား၏၊ တန်ခူးလဆန်း ၁၁-ရက်နေ့မှစ၍ ဒက္ခိဏာယဉ် အန္တောဝီထိ သို့သက်၍ ပြင်သို့ထွက်မြဲ, အောက်သို့သက်မြဲ ထွက်၍, သက်၍ သွားသည်၊ တန်ခူး

လပြည့်နေ့ ဒက္ခိဏာယဉ် မဇ္ဈေဝီထိ တူရာသီ၌ စိတြနက္ခတ်နှင့် ယှဉ်၍သွား၏၊ တန်ခူး လပြည့်ကျော် ၁၀-ရက်နေ့ ဒက္ခိဏာယဉ် ဗာဟိရဝီထိအဆုံး၌ သွားလေ၏၊ တန်ခူး လပြည့်ကျော် ၁၁-ရက်နေ့မှစ၍ ဥတ္တရာယဉ် ဗာဟိရဝီထိသို့ တက်၍ နေ့တိုင်း, နေ့တိုင်း အတွင်းသို့ တက်မြဲ, ဝင်မြဲ တက်၍, ဝင်၍ မြင်းမိုရ်ကိုလှည့် သွားသည်၊ တန်ခူးလကွယ်နေ့ ဥတ္တရာယဉ် ဗာဟိရဝီထိအဆုံး၌ သွားလေ၏၊ ကဆုန် လဆန်း ၁၀-ရက်နေ့ ဥတ္တရာယဉ် ကြကဋ်ရာသီ၌ အဗ္ဘန္တရဝီထိအဆုံး၌ သွားလေ၏။

ကဆုန်လဆန်း ၁၁-ရက်နေ့မှစ၍ ဥတ္တရာယဉ်မှသက်၍ ဒက္ခိဏာယဉ်၌ ပြင်သို့ ထွက်မြဲ, အောက်သို့သက်မြဲဖြင့် ကြကဋ်ရာသီတစ်ဝက်မှစ၍ သွားလေသည်၊ ကဆုန် လပြည့်နေ့ည ဒက္ခိဏာယဉ် မဇ္ဈေဝီထိပြိဿရာသီ၌ ဝိသာခါနက္ခတ်နှင့် ယှဉ်သွားလေ၏၊ ဤသို့လျှင် စကြဝဠာတာယူဇနာဖြင့် ကိုးသောင်း, သုံးထောင်, နှစ်ရာ, ရှစ်ဆယ့်, ခုနစ် (၉၃,၂၈၇)ယူဇနာ, နှစ်ဂါဝုတ်စီ အတိုင်းအရှည်ရှိသော အဗ္ဘန္တရဝီထိ, မဇ္ဈေဝီထိတို့တွင် ခရီးတစ်ကြောင်း, တစ်ကြောင်း၌ ၅-ရက်စီလှည့်သွား၍ စကြဝဠာတာယူဇနာဖြင့် နှစ်သိန်း, ခုနစ်သောင်း, ကိုးထောင်, ရှစ်ရာ, ခြောက်ဆယ့်, နှစ်(၂၇၉,၈၆၂)ယူဇနာ, နှစ်ဂါဝုတ် အပြန့်ကျယ်သော ဥတ္တရာယဉ်၌လည်း ၁၅-ရက်ဖြင့် ဥတ္တရာယဉ်တောင်နား မကာရရာသီ တစ်ဝက်မှသည် မြောက်နား ကြကဋ်ရာသီတစ်ဝက်သို့ ရောက်၏။

စကြဝဠာတောင်အလတ်ပမာဏတွင် ၁-ယူဇနာလျော့သောအရပ်နှင့်မျှသော ကောင်းကင်အရပ်၌ ဥတ္တရာယဉ်တောင်နားအောက် မကာရရာသီတစ်ဝက်မှသည် မြင်းမိုရ် တာယူဇနာဖြင့် တစ်ထောင်မြင့်သောမြင်းမိုရ်အလယ်တွင် ၁-ယူဇနာလျော့သော အရပ်နှင့် မျှသော ကောင်းကင်၌ ဥတ္တရာယဉ်မြောက်နား အဗ္ဘန္တရဝီထိ ကြကဋ်ရာသီတစ်ဝက်တိုင် အောင် ၁၅-ရက်ဖြင့်တက်၏၊ ဤသို့ ဒက္ခိဏာယဉ်သွားရာ၌လည်း ၁၅-ရက်ဖြင့် ဒက္ခိဏာ ယဉ်မြောက်နား ကြကဋ်တစ်ဝက်မှသည် တောင်နား မကာရရာသီတစ်ဝက်သို့ ရောက်၏၊ ဒက္ခိဏာယဉ်အထက်နားမှသည် အောက်နားသို့ ရောက်၏။

ဤသို့ ဆိုခဲ့ပြီးသောနည်းဖြင့် နယုန်အစရှိသော ထိုထိုသို့သောလတို့၌ လပြည့်နေ့ ည၌ သန်းခေါင်အခါ မွန်းတည့်သော ဇေဋ္ဌအစရှိသောနက္ခတ်တို့နှင့် နယုန်အစရှိသော ကြွင်းသောလပြည့်နေ့ညတို့၌ လသည်ယှဉ်၍ သွား၏၊ ထိုထိုသို့သောလပြည့်နေ့ည၌ သန်းခေါင်၌ မွန်းတည့်သောနက္ခတ်နှင့်ယှဉ်၍ လသွားသည်ကို အကြောင်းပြု၍-

၁။ စိတြမာသဟူ၍ တန်ခူးလကို သမုတ်သည်။

၂။ ဝိသာခါမာသဟူ၍ ကဆုန်လကို သမုတ်သည်။

| | | |
|---|---|---|
| ၃။ ဇေဋ္ဌမာသဟူ၍ | နယုန်လကို | သမုတ်သည်။ |
| ၄။ အာသဠှမာသဟူ၍ | ဝါဆိုလကို | ။ |
| ၅။ သရဝဏ္ဏမာသဟူ၍ | ဝါခေါင်လကို | ။ |
| ၆။ ဘဒြမာသဟူ၍ | တော်သလင်းလကို | ။ |
| ၇။ အဿယုဇမာသဟူ၍ | သီတင်းကျွတ်လကို | ။ |
| ၈။ ကြတ္တိကာမာသဟူ၍ | တန်ဆောင်မုန်းလကို | ။ |
| ၉။ မိဂသိရမာသဟူ၍ | နတ်တော်လကို | ။ |
| ၁၀။ ဖုဿမာသဟူ၍ | ပြာသိုလကို | ။ |
| ၁၁။ မာဃမာသဟူ၍ | တပို့တွဲလကို | ။ |
| ၁၂။ ဖဂ္ဂုဏမာသဟူ၍ | တပေါင်းလကို | သမုတ်လေသတည်း။ |

(ကမ္ဘာဦးက တပေါင်းလသည် ရှေးဦးစွာ လပြည့်နေ့၌ နေ, လ, နှစ်, ဥတု, နေ, လ, နက္ခတ်, မြင်းမိုရ်, သတ္တရဘန်, သမုဒ္ဒရာ၊ ဤအလုံးစုံသည် ထင်ရှားဖြစ်သဖြင့် ပေါ်ငြား သော်လည်း လထက်ဝက်တွင်မျှ ထင်ရှားဖြစ်သောကြောင့် ရှေးဦးစွာ အစဉ်မထားမူ၍ နောက်ဆုံးမှ အစဉ်ရေတွက်ခြင်း ဖြစ်လေသတည်း။)

## နေ, လတို့၏ မကောင်းသောသွားခြင်း ၅-ပါး

ဤ နေ, လ, နက္ခတ်တို့၏ တက်၍သွားခြင်း, ဝင်၍သွားခြင်း, သက်၍သွားခြင်း, ထွက်၍ သွားခြင်း, ရှေ့သို့သွားခြင်းတို့သည်ကား ဥတုကြောင့်ဖြစ်သောလေသည် ထိုနေ, လတို့ကို နှိပ်ခြင်း, ပင့်ခြင်း, ရှေ့သို့ တွန်းခြင်းတို့ဖြင့် ဆောင်အပ်သည်ဖြစ်၍ငြင်း နေနတ်သား, လနတ်သားတို့၏ အလိုအားဖြင့်ငြင်း ဖြစ်သတည်း၊ ဤသို့ နေ, လတို့၏သွားခြင်းသည် ဝက်ဂတိသွားခြင်း, အတိဝက်ဂတိသွားခြင်း, ကုဋိလဂတိသွားခြင်း, သီဃဂတိသွားခြင်း, မန္ဒဂတိ သွားခြင်းဟူ၍ ၅-ပါးအပြားရှိကုန်၏၊ ထို ၅-ပါးတို့တွင်-

၁။ ဝက်ဂတိမည်သည်ကား တစ်ရာသီတည်း၌ ရှေ့သို့တက်၍ သွားခြင်းတည်း။

၂။ အတိဝက်ဂတိမည်သည်ကား လကျာ်ထား၍ သွားမြဲဖြစ်သော ၁၄-လုံးသော နက္ခတ်တို့ကို လက်ဝဲထား၍, လက်ဝဲထား၍ သွားမြဲဖြစ်သော နက္ခတ် ၁၁-လုံးတို့ကို လကျာ်ထား၍, အလယ်ပြု၍ သွားမြဲဖြစ်သော နက္ခတ် ၂-လုံးတို့ကို လကျာ်ပြု၍ သွားခြင်းသည် အတိဝက်ဂတိသွားခြင်း မည်၏။

၃။ ၁-ရာသီမှ ၁-ရာသီသို့ ပြန်၍သွားခြင်းသည် **ကုဋိလဂတိ** မည်၏။

၄။ ၁-ရာသီ၌ နေမြဲတိုင်းကာလအတိုင်း မနေမူ၍ လျင်စွာပြောင်းခြင်းသည် **သီဃ-ဂတိ** မည်၏။

၅။ နေမြဲတိုင်းကာလရောက်၍မျှ ၁-ရာသီသို့မပြောင်းဘဲ ၁-ရာသီတည်း၌ နေမြဲတိုင်းကာလကိုလွန်၍ ကြာမြင့်စွာနေခြင်းသည် **မန္ဒဂတိသွားခြင်း** မည်၏။

(ကုဋိလသွားခြင်းကို **ဗျက္ကစရိယာပြု**သည်ဆို၏၊ သီဃဂတိကို **သီဃဇာပြု**သည်ဆို၏၊ ၁-ရာသီတည်း၌ အံသာရှေ့သို့ တက်သည်၊ နောက်သို့ဆုတ်သည်ကို ဝက်ဂတိဆို၏။)

## နေ, လ, နက္ခတ် အသွားမှန်ခြင်းအကျိုး

- နေသည် ၁-ရာသီ၌ ၁-လနေ၍သွား၏၊
- လသည်ကား- ၁-ရာသီ၌ ၂-ရက်နှင့် ၁း-ပိုင်းနေ၍ပြောင်း၏၊
- ဗုဒ္ဓဟူး, သောကြာဂြိုဟ်တို့သည်လည်း ၁-ရာသီ၌ ၁-လနေ၏၊
- အင်္ဂါဂြိုဟ်သည် ၁-ရာသီ၌ ၂-လနေ၏၊
- ကြာသပတေးဂြိုဟ်သည် ၁-ရာသီ၌ ၁၀-လ နေ၍ပြောင်း၏၊
- ရာဟုဂြိုဟ်သည် ၁-ရာသီ၌ ၁၈-လနေ၍ ပြောင်း၏၊
- စနေဂြိုဟ်သည် လပေါင်း ၃၀-နေ၍ပြောင်း၏၊

နေ, လ, နက္ခတ်တို့တွင် နေ, လတို့သည် အခါခပ်သိမ်း၌ အဿဝဏီ, ဘရဏီ, ကြတ္တိကာ, ရောဟဏီ, ပြုဗ္ဗာဖလဂ္ဂုဏ္ဏီ, ဥတ္တရာဖလဂ္ဂုဏ္ဏီ, မာဃ, သွာတိ, သရဝဏ္ဏ, ဓနသိဒ္ဓ, သတ္တဘိသျှ, ပြုဗ္ဗာဘဒြပိုဒ်, ဥတ္တရာဘဒြပိုဒ်, ရေဝတီ၊ ဤ ၁၄-လုံးသော နက္ခတ်တို့ကို **လက်ျာထား၍**၊ မိဂသီ, အဒြ, အဿလိဿ, ဟဿတ, စိတြ, ဝိသာခါ, အနုရာဓ, ဇေဋ္ဌ, မူလ, ပြုဗ္ဗာသဠ်, ဥတ္တရာသဠ်၊ ဤ ၁၁-လုံးသော နက္ခတ်တို့ကို လက်ဝဲထား၍၊ ပုနဖုသျှ, ဖုသျှ၊ ဤ ၂-လုံးသောနက္ခတ်တို့ကို **အလယ်၌ထား၍** သွားမြဲ ဖြစ်ကုန်၏၊ တနင်္ဂနွေသည် ၁-ရာသီ၌ ၁-လနေမြဲအစရှိသည် ဖြစ်ကုန်၏၊ ဤသို့ဆိုခဲ့ပြီးသော နည်းဖြင့် လ, နေတို့သည် လ, နှစ်ကိုစောင့်လျက် သွားမြဲခရီးဖြင့် တရားကိုစောင့်ကုန်သော မင်းတို့၏အခါ၌ သွားလှည့်ကုန်၏၊ ထိုအခါ၌ ဥတုညီညွတ်သောအဖြစ်သည် ပြည့်စုံကုန်၏၊ မိုးသည် ကောင်းစွာရွာ၏၊ ကောက်ပဲအစရှိသော သစ်ပင်တို့သည် ဩဇာအရသာနှင့် ပြည့်စုံကုန်၏၊

သစ်ပင်တို့၏ အမြစ်, အခေါက်, အရွက်, အသီး, အပွင့်တို့သည် ဩဇာအရသာ ရှိကုန်၏၊ လူတို့အား အနာနည်းခြင်းအစရှိသော အကျိုးတို့သည် ဖြစ်ကုန်၏။

✪✪✪✪✪✪✪✪✪✪✪

## ၁၁၁။ လူတို့တရားမစောင့်က နေ, လ, နက္ခတ်တို့ အသွားမမှန်

အကြင်အခါမင်းတို့သည် တရားကိုမစောင့်ကုန်၊ ထိုအခါ၌ အိမ်ရှေ့မင်း, စစ်သူကြီး အစရှိသောသူတို့သည်ရှင်း ထိုသူတို့၏ ကိုယ်စောင့်နတ်တို့သည်ရှင်း ထိုကိုယ်စောင့်နတ်တို့၏ အဆွေခင်ပွန်းဖြစ်ကုန်သော ရုက္ခစိုး, ဘုမ္မစိုး, အာကာသစိုး, စတုမဟာရာဇ်, တာဝတိံသာ အစရှိသောနတ်တို့သည်ရှင်း ထိုနတ်တို့၏ အဆွေခင်ပွန်းဖြစ်ကုန်သော ဗြဟ္မာတို့သည်ရှင်း ဤအလုံးစုံသောသူတို့သည် တရားမစောင့်ကုန်၊ ထိုအလုံးစုံသောသူတို့၏ တရားကိုမစောင့်ခြင်းကြောင့် နေ, လတို့သည် ဆိုအပ်ပြီးသော **ဝင်္ကဂတိ** စသောသွားခြင်းတို့တွင် တစ်ပါးပါးဖြင့် သွားကုန်၏၊ ၁-လတည်း၌ အသ်ာတို့သည် ဆုတ်ခြင်း, တက်ခြင်း ဖြစ်ကုန်၏။

လက်ျာထားသော နက္ခတ် ၁၄-လုံးတို့ကို လက်ဝဲထား၍, လက်ဝဲထားသော နက္ခတ် ၁၁-လုံးတို့ကို လက်ျာထား၍, အလယ်ပြု၍သွားသော နက္ခတ် ၂-လုံးကို လက်ျာထား၍ အတိဝင်္ကဂတိဖြင့် သွားကုန်၏၊ နောက်သို့ပြန်ခြင်း, လျင်စွာပြောင်းခြင်း, အချိန်ရောက်၍ မပြောင်းဘဲနေခြင်းဟု ဆိုအပ်သော **ကုဋိလဂတိ, သီဃဂတိ, မန္ဒဂတိ** တို့ဖြင့် သွားကုန်၏၊ ထိုအခါ၌ မိုယ်းတို့သည် ခေါင်ကုန်၏၊ ရွာငြားသော်လည်း မလိုအပ်သော အခါ၌ ရွာကုန်၏၊ အနာများခြင်း အစရှိသော မကောင်းသောအကျိုးတို့သည် ဖြစ်ကုန်၏၊ သစ်ပင်တို့၏အမြစ်, အခေါက် အစရှိသည်တို့သည် ဩဇာအရသာမရှိသည် ဖြစ်ကုန်၏။

ဤနေ, လတို့သည် အရပ် ၄-မျက်နှာတို့တွင် ၁-ဖက်, ၁-ဖက်သောအရပ်၌ စကြဝဠာတာယူဇနာဖြင့် ကိုးသိန်း, နှစ်ထောင်, ငါးရာ, ရှစ်ဆယ့်, ခုနစ်(၉၀၂,၅၈၇)ယူဇနာ, ၂-ဂါဝုတ်ဖြစ်သော အရပ်တို့၌ အမိုက်ကိုဖျောက်၍ အလင်းကို ဖြစ်စေ၏၊ ဤနေ, လတို့သည် ၁-နာရီသောကာလတို့ဖြင့် ရှေ့သို့သွားသောအခါ၌ ယခင်ဆိုအပ်ပြီးသော အတိုင်းအရှည်မှ ခြောက်သောင်း တစ်ရာ နှစ်ဆယ့် နှစ်(၆၀,၁၂၂)ယူဇနာ, နှစ်ဂါဝုတ်ရှေ့သို့တိုး၍ အရောင်ထွန်းလင်းနိုင်၏၊ ဤ၌လည်း ယူဇနာခြောက်သောင်း တစ်ရာ နှစ်ဆယ့် နှစ်(၆၀,၁၂၂) ယူဇနာ, နှစ်ဂါဝုတ် အမိုက်လိုက်၍ ဖြစ်၏၊ ဥပမာကား နေပူ၍ မိုးအုံ့သောအခါ ပြေးသော တိမ်တို့၏ အရိပ်ဖြစ်သကဲ့သို့တည်း။

✪✪✪✪✪✪✪✪✪✪✪

## ၁၁၂။ ကျွန်းကြီး ၄-ကျွန်း၌ နေထွက်, နေဝင်

### ၃-ကျွန်းလင်းခိုက် ၁-ကျွန်းမိုက်

ဤနေသည် စကြဝဠာအဝန်းယူဇနာ(၃၆,၁၀,၃၅၀) သုံးသန်း, ခြောက်သိန်း, တစ်ထောင်, သုံးရာ ငါးဆယ်ကို ၄-ဖို့ပြု၍ ရှေ့, နောက်, လက်ဝဲ, လက်ျာ ၁-ဖို့စီ အရောင် ထွန်းလင်းကုန်၏၊ နာရီ ၃၀-ပြည့်နေ့ အဖို့ရှိသောတန်ခူးလ, သီတင်းကျွတ်လတို့၌ စကြဝဠာ အဝန်းယူဇနာကို ၂-ဖို့ပြု၍ ထက်ဝက်ယူဇနာ တစ်သန်း, ရှစ်သိန်း, ငါးထောင်, တစ်ရာ့ ခုနစ်ဆယ့်ငါး (၈၀၅,၁၇၅)ယူဇနာကို ထွန်းလင်း၏၊ ထို့ကြောင့် ဇမ္ဗုဒီပါကျွန်း၌ မွန်းတည့်သောအခါ ပြုဗ္ဗဝိဒေဟကျွန်း၌ နေဝန်း၁-ခြမ်းဝင်, ၁-ခြမ်းပြင်ထင်၏၊ အပရဂေါယဉ်ကျွန်း၌ နေထွက်အခါ ၁-ခြမ်း မပေါ်, ၁-ခြမ်းပေါ် ထင်၏၊ ဤသို့လျှင် အရှေ့ကျွန်း၌ ၁-ခြမ်းဝင်, ဇမ္ဗုဒီပါကျွန်း၌ မွန်းတည့်, အနောက်ကျွန်း၌ ၁-ခြမ်းပေါ်အားဖြင့် ၃-ကျွန်း၌ အလင်းကို ဖြစ်စေ၏၊ ဥတ္တရကုရုကျွန်း၌ သန်းခေါင်အခါ ဖြစ်၏။

ကဆုန်လ, တော်သလင်းလတို့၌ အရှေ့ကျွန်း၌ မွန်းမတည့်မီ ၁-နာရီက ဇမ္ဗုဒီပါ ကျွန်း၌ နေထွက်၏၊ အရှေ့ကျွန်း မွန်းတည့်သည်နှင့်တပြိုင်နက် မြောက်ကျွန်းနေဝင်၏၊ အနောက်ကျွန်း သန်းခေါင်မတိုင်မီ ၁-နာရီဖြစ်၏၊ ဤနှစ်လတို့၌ ၁-နာရီခန့်၌ ၃-ကျွန်း အလင်းတပြိုင်နက်ဖြစ်၏၊ နယုန်လ, ဝါခေါင်လတို့၌ အရှေ့ကျွန်း၌ မွန်းမတည့်မီ ၂-နာရီက တောင်ကျွန်း၌ နေထွက်၏၊ အရှေ့ကျွန်း မွန်းတည့်သည်နှင့် တပြိုင်နက် မြောက်ကျွန်း၌ နေဝင်၏၊ ဤနှစ်လတို့၌ ၂-နာရီကာလ ၃-ကျွန်း တပြိုင်နက် အလင်းဖြစ်၏၊ ဝါဆိုလ၌ အရှေ့ကျွန်း၌ မွန်းမတည့်မီ ၃-နာရီက တောင်ကျွန်း၌ နေထွက်၏၊ အရှေ့ကျွန်း မွန်းတည့် သည်နှင့်တပြိုင်နက် မြောက်ကျွန်း၌ နေဝင်၏၊ ဤဝါဆိုလ၌ ၃-နာရီကာလ၌ ၃-ကျွန်း တပြိုင်နက် အလင်းဖြစ်၏။

### ၂-ကျွန်းလင်းခိုက် ၂-ကျွန်းမိုက်

တန်ဆောင်မုန်းလ, တပေါင်းလတို့၌ အရှေ့ကျွန်း၌ မွန်းလွဲ ၁-နာရီရှိမှ ဇမ္ဗူဒီပါ ကျွန်း၌ နေထွက်၏၊ ဤလတို့၌ အရှေ့ကျွန်းမှာ မွန်းတည့်စဉ် မြောက်ကျွန်း၌ နေဝင်ပြီ၊ ထို့ကြောင့် ၂-ကျွန်းသာ တပြိုင်နက် အလင်းဖြစ်၏၊ နတ်တော်လ, တပို့တွဲလတို့၌ အရှေ့ကျွန်း၌ မွန်းလွဲ ၂-နာရီမှ ဇမ္ဗူဒီပါကျွန်း၌ နေထွက်၏၊ အရှေ့ကျွန်း မွန်းတည့်ကာလ၌

မြောက်ကျွန်းမှာ နေဝင်ပြီ၊ ဤ ၂-လတို့၌ ၂-ကျွန်းသာ တပြိုင်နက်အလင်းဖြစ်၏၊ အနောက်ကျွန်း သန်းလွဲ ၂-နာရီရှိပြီ၊ ပြာသိုလကား အရှေ့ကျွန်းမွန်းလွဲ ၃-နာရီရှိမှ တောင်ကျွန်း၌ နေထွက်၏၊ မြောက်ကျွန်း၌ နေဝင်ကျော် ၃-နာရီရှိပြီ၊ အနောက်ကျွန်း၌ လည်း သန်လွဲ ၃-နာရီရှိပြီ၊ ထို ၂-လ၌လည်း ၂-ကျွန်းသာ တပြိုင်နက် လရောင်, နေရောင် အလင်းတို့သည် ဖြစ်ကုန်၏။

ဤစကြဝဠာ၌သာလျှင် လ, နေတို့သည် ဤကဲ့သို့သွားလှည့်ထွန်းလင်းသည်မဟုတ်၊ လောင်ဘက်, ပျက်ဘက်စကြဝဠာကုဋေ တစ်သိန်းလုံး၌ပင် ဤစကြဝဠာ၌ နေ့, ရက်, လ, ဉတုတို့သည် ဖြစ်ကုန်သကဲ့သို့ တပြိုင်နက် နေ့, ရက်, လ, နှစ်, ဉတုအပိုင်းအခြား, လ, နေ, နက္ခတ်အလင်းတို့သည် ဖြစ်ကုန်သတည်း။

ဤသို့ ဆိုခဲ့ပြီးသောနည်းဖြင့် အလုံးစုံသောအဆုံးမရှိသော စကြဝဠာတို့၌ ဖြစ်ခြင်း, ပျက်ခြင်းဟု ဆိုအပ်သော ဩကာသလောက၌ အခြင်းအရာအလုံးစုံကိုလည်း လူ ၃-ပါး တို့၏အထွတ် သဗ္ဗညုမြတ်စွာဘုရားသည် လက်ဝါးပြင်၌ထားအပ်သော ဆီးဖြူ, သျှိသျှား အစရှိသော သစ်သီးတို့ကို အကြွင်းမဲ့သိသကဲ့သို့ သဗ္ဗညုတဉာဏ်တော်ဖြင့် မြင်သိတော်မူ၏၊ ဤသို့ အလုံးစုံသော လောက ၃-ပါးကို အကြွင်းမရှိ သိတော်မူတတ်သောကြောင့် လောကဝိဒူဂုဏ်တော်နှင့် ပြည့်စုံတော်မူ၏။

✪✪✪✪✪✪✪✪✪✪✪

## ၁၁၃။ **အနုတ္တရော ပုရိသဒမ္မသာရထိဂုဏ်တော်**

အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်တော်-ဟူသည်ကား-

**နတ္ထိ ဉတ္တရော ဧတဿာတိ အနုတ္တရော။**

ဧတဿ ဘဂဝတော၊ ထိုမြတ်စွာဘုရားအား။ ဉတ္တရော၊ အလွန်သည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ထို့ကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ အနုတ္တရော၊ အနုတ္တရ မည်တော်မူ၏။ ဤသို့သော ဝစနတ္ထနှင့်အညီ- သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, ဝိမုတ္တိဂုဏ်, ဝိမုတ္တိဉာဏဒဿနဂုဏ်တို့ဖြင့် အလုံးစုံသော လူ, နတ်, ဗြဟ္မာတို့ထက်လွန်၍ ဖြစ်တော်မူ၏၊ ထိုသီလ, သမာဓိ, ပညာ, ဝိမုတ္တိ, ဝိမုတ္တိဉာဏဒဿနဂုဏ်တို့ဖြင့် လောက ၃-ပါး၌ အတုမရှိသည်ဖြစ်၏၊ လောက ၃-ပါး၌ အတုမရှိသော ရှေးရှေးသောဘုရားတို့နှင့်သာ တူတော်မူ၏၊ တူသောအဖို့မရှိ၊ တုဘက်ကင်းသော ပုဂ္ဂိုလ်မည်တော်မူ၏၊ ထို့ကြောင့်-

**န မေ အာစရိယော အတ္ထိ၊ သဒိသော မေ န ဝိဇ္ဇတိ။**
**သဒေဝကသ္မိံ လောကသ္မိံ၊ နတ္ထိ မေ အပ္ပဋိပုဂ္ဂလော။**

ဟူ၍ ဟောတောမူ၏။

ဥပက၊ ဥပက။ မေ၊ ငါ့အား။ လောကသ္မိံ၊ လောကသုံးပါး၌။ အာစရိယော၊ ဆရာသည်။ န အတ္ထိ၊ မရှိ။ သဒေဝကသ္မိံ၊ နတ်နှင့်တကွဖြစ်သော။ လောကသ္မိံ၊ လောက၌။ မေ၊ ငါနှင့်။ သဒိသော၊ တူသောသူသည်။ န ဝိဇ္ဇတိ၊ မရှိ။ မေ၊ ငါ့အား။ အပ္ပဋိပုဂ္ဂလော၊ တုဖက်ဖြစ်သော ပုဂ္ဂိုလ်သည်။ နတ္ထိ၊ မရှိ။

ဤသို့ဟောတော်မူ၏၊ ထိုမှတစ်ပါးတုံ-

**နာဟံ ဘိက္ခဝေ သမနုပဿာမိ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ အတ္တနော သီလသမ္ပန္နော ယံ။**

အစရှိသော ဒေသနာတော်ဖြင့် "ချစ်သားရဟန်းတို့၊ ငါဘုရားသည် နတ်နှင့်တကွဖြစ်သော လောက၌ မာရ်မင်းနှင့်တကွသော လောက၌ ဗြဟ္မာနှင့်တကွဖြစ်သော လောက၌ ရဟန်း, ပုဏ္ဏားနှင့်တကွဖြစ်သော သတ္တဝါ၌ နတ်, လူတို့နှင့်တကွဖြစ်သော သတ္တဝါ၌ ငါဘုရားထက် သီလ, သမာဓိ, ပညာ, ဝိမုတ္တိ, ဝိမုတ္တိဉာဏဒဿန ဂုဏ်တို့နှင့် ပြည့်စုံသော မြတ်သောသူကိုမမြင်" ဟူ၍ဟောတော်မူ၏။

**ယာဝတာ ဘိက္ခဝေ သတ္တာ အပဒါ ဝါ ဒွိပဒါ ဝါ စတုပ္ပဒါ ဝါ ဗဟုပ္ပဒါ ဝါ သညိနော ဝါ အသညိနော ဝါ နေဝသညီနာသညိနော ဝါ ဗုဒ္ဓေါ တေသံ အဂ္ဂမက္ခာယတိ။** အစရှိသော အဂ္ဂပသာဒသုတ္တန်ဒေသနာတော်ဖြင့်-

ဘိက္ခဝေ၊ တို့။ ယာဝတာ၊ အကြင်မျှ လောက်ကုန်သော။ အပဒါ၊ အခြေမရှိကုန်သော။ သတ္တာ ဝါ၊ သတ္တဝါတို့သည်ငှင်း။ ဒွိပဒါ၊ အခြေ ၂-ချောင်းရှိကုန်သော။ သတ္တာ ဝါ၊ သတ္တဝါတို့သည်ငှင်း။ စတုပ္ပဒါ ဝါ၊ အခြေ ၄-ချောင်းရှိကုန်သော။ သတ္တာ ဝါ၊ သတ္တဝါတို့သည်ငှင်း။ ဗဟုပ္ပဒါ၊ များသော အခြေရှိကုန်သော။ သတ္တာ ဝါ၊ သတ္တဝါတို့ သည်ငှင်း။ သညိနော၊ စိတ်ရှိကုန်သော။ သတ္တာ ဝါ၊ သတ္တဝါတို့သည်ငှင်း။ အသညိနော၊ စိတ်မရှိကုန်သော။ သတ္တာ ဝါ၊ သတ္တဝါတို့သည်ငှင်း။ နေဝသညီ နာသညိနော၊ သညီရှိသည်လည်းမဟုတ်, မရှိသည်လည်း မဟုတ်ကုန်သော။ သတ္တာ ဝါ၊ သတ္တဝါတို့သည်ငှင်း။ သန္တိ၊ ရှိကုန်၏။ တေသံ၊ ထိုသတ္တဝါအပေါင်းတို့ထက်။ ဗုဒ္ဓေါ၊ သည်။ အဂ္ဂံ၊ မြတ်၏ဟူ၍။ အက္ခာယတိ၊ ကြားအပ်၏။

ဤသို့ ဟောတော်မူ၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် **အနုတ္တရ** မည်တော်မူ၏။

**ပုရိသဒမ္မေ သာရေတီတိ ပုရိသဒမ္မသာရထိ။**

ယော ဘဂဝါ၊ သည်။ ပုရိသဒမ္မေ၊ ဆုံးမထိုက်သော မယဉ်ကျေးသော ယောကျ်ား တို့ကို။ သာရေတိ၊ ဆုံးမတော်မူတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော ဘဂဝါ၊ သည်။ ပုရိသဒမ္မသာရထိ၊ **ပုရိသဒမ္မသာရထိ** မည်တော်မူ၏။

ဤသို့သော ဝစနတ္ထနှင့်အညီ- မယဉ်ကျေးသော ဆုံးမခြင်းငှာထိုက်သော လူယောကျ်ား, နတ်ယောကျ်ား, တိရစ္ဆန်ယောကျ်ားတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူ တတ်၏။ ထိုစကားသည်မှန်၏၊ မြတ်စွာဘုရားသည် မိစ္ဆာဒိဋ္ဌိအယူရှိကုန်သော **သစ္စက, နိဂဏ္ဍ, အမ္ဗဋ္ဌလုလင်, ပေါက္ခရသာတိပုဏ္ဏား, သောဏဒဏ္ဍပုဏ္ဏား** အစရှိသော လူယောကျ်ား တို့ကို ဆုံးမတော်မူတတ်၏၊ သစ္စကအစရှိသော ပရိဗိုဇ်တို့ကိုငင်း အင်္ဂုလိမာလ အစရှိသော ခိုးသူတို့ကိုငင်း ဆုံးမတော်မူ၏၊ အဆိပ်အတောက်မရှိသည်ကိုပြု၍ ရဟန်းအဖြစ်ကို ပေးတော်မူ၏၊ မဂ်ဖိုလ်တို့၌တည်စေ၏၊ **အာဠဝကဘီလူး, သူစိလောမဘီလူး, ခရလောမ ဘီလူး, သိကြား, ဗကဗြဟ္မာ** အစရှိသောနတ်ယောကျ်ားတို့ကို ဆုံးမတော်မူ၏၊ သရဏဂုံ ပဉ္စသီအစရှိသည်တို့၌ တည်စေ၏၊ **အပလာလ နဂါးမင်း, စူဠောဒယနဂါးမင်း, မဟောဒယ နဂါးမင်း, အဂ္ဂိသိခနဂါးမင်း, ဓူမသိခနဂါးမင်း, ဓနပါလဆင်** အစရှိသော တိရစ္ဆာန် ယောကျ်ား တို့ကို ဆုံးမတော်မူ၏၊ အဆိပ်အတောက်မရှိသည်ကိုပြု၍ သရဏဂုံပဉ္စသီတို့၌ တည်စေ၏။

**သာရထိ ဝိယာတိ သာရထိ။**

သာရထိ ဝိယ၊ မြင်းကို ဆုံးမတတ်သော မြင်းထိန်းကဲ့သို့တည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သာရထိ၊ သာရထိမည်တော်မူ၏။

ကေသိယအမည်ရှိသောမြင်းထိန်းသည် သိမ်မွေ့နူးညံ့စွာဖြင့်လည်း မြင်းကိုဆုံးမ၏၊ ကြမ်းတမ်းရုန့်ရင်းစွာပြု၍လည်း ဆုံးမ၏၊ သိမ်မွေ့နူးညံ့စွာပြု၍ငင်း ကြမ်းတမ်းရုန့်ရင်းစွာ ပြု၍ငင်းဆုံးမ၏၊ ဤအကြောင်း ၃-ပါးဖြင့်ဆုံးမ၍ မယဉ်ကျေးသောမြင်းကို သတ်သကဲ့သို့ မြတ်စွာဘုရားသည်လည်း ထိုအကြောင်း ၃-ပါးဖြင့် ဆုံးမထိုက်သော လူ, နတ်, ဗြဟ္မာတို့ကို ဆုံးမတော်မူ၏၊ အကြောင်း ၃-ပါးဖြင့် ဆုံးမ၍ အကျွတ်မရသောသတ္တဝါကိုစွန့်ပစ်တော်မူ၏၊

တစ်နည်းလည်း ဆင်ထိန်းသည် ဆုံးမအပ်သောဆင်သည် ၁-ခုသောအရပ် မျက်နှာသို့သာ တက်စေသကဲ့သို့ မဟုတ်မူ၍ ဆုံးမထိုက်သောဝေနေယျတို့ကို ၁-ခုသော

ထက်ဝယ်ဖြင့် နေစေလျက် သမာပတ် ၈-ပါးတည်းဟူသော အရပ် ၈-မျက်နှာသို့ ပြေးဝင်စေ၍ ဆုံးမတော်မူတတ်၏၊ ထို့ကြောင့် **အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်တော်**နှင့် ပြည့်စုံတော်မူ၏။

✪✪✪✪✪✪✪✪✪✪

## ၁၁၄။ **သတ္ထာ ဒေဝမနုဿာနဂုဏ်တော်**

သတ္ထာ ဒေဝမနုဿာန ဂုဏ်တော်ဟူသည်ကား-

**ဒိဋ္ဌဓမ္မိကသမ္ပရာယိကပရမတ္ထေဟိ ယထာရဟံ သာသတီတိ သတ္ထာ။**

ယော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ ဒိဋ္ဌဓမ္မိကသမ္ပရာယိကပရမတ္ထေဟိ၊ မျက်မှောက်သောကိုယ်၏အဖြစ်၌ ခံစားအပ်သောအကျိုးစီးပွား, နောင်သံသရာ အဆက်ဆက်တို့၌ ခံစားအပ်သောအကျိုးစီးပွား, မဂ်-ဖိုလ်နိဗ္ဗာန်တည်း ဟူသော ပရမတ္ထအကျိုးစီးပွားတို့ဖြင့်။ ယထာရဟံ၊ ထိုက်သည့်အားလျော်စွာ။ သာသတိ၊ ဆုံးမတော်မူတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော ဘဂဝါ၊ သည်။ သတ္ထာ၊ **သတ္ထာ** မည်တော်မူ၏။

**ဒေဝမနုဿာနံ သတ္ထာတိ သတ္ထာ ဒေဝမနုဿာနံ။**

ဒေဝမနုဿာနံ၊ နတ်, လူတို့၏။ သတ္ထာ၊ အကျိုးစီးပွား ၃-ပါးတို့ဖြင့် ဆုံးမတော်မူတတ်သောဆရာတည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သတ္ထာ ဒေဝမနုဿာနံ၊ **သတ္ထာ ဒေဝမနုဿာန** မည်တော်မူ၏။ ။

ဤဒေဝမနုဿာနံဟူသောပုဒ်ကို ပရိသတ်၏ အစွမ်းအားဖြင့် ဆိုအပ်သတည်း၊ တစ်နည်းလည်း- ကျွတ်ထိုက်သောသူ၏ အစွမ်းအားဖြင့်သာ ဆိုအပ်သတည်း။

မြတ်စွာဘုရားသခင်သည် ခပ်သိမ်းသောသတ္တဝါအပေါင်း၏ဆရာပင်တည်း၊ ထို့ကြောင့်သာလျှင် ဖားနတ်သား အစရှိသောသူတို့သည် တိရစ္ဆာန်ဖားဖြစ်သောကာလ၌ မြတ်စွာဘုရားတရားတော်သံကို ကြားနာသဖြင့် သောတာပတ္တိဖိုလ်၏ ဥပနိဿယနှင့် ပြည့်စုံသော အဖြစ်သို့ရောက်၍ ထိုကိုယ်၏အဖြစ်မှ စုတေသောအခါ တာဝတိံသာနတ်ပြည်၌ ၁၂-ယူဇနာရှိသော ရွှေဗိမာန်ပေါက်၍ အိပ်၍နိုးသောယောကျ်ားကဲ့သို့ နတ်သမီး ၁,၀၀၀-ခြံရံလျက် နတ်၏စည်းစိမ်ကို ခံစားရသော မိမိကိုယ်ကိုမြင်၍ ငါသို့သောသူမျှလည်း နတ်ပြည်၌ဖြစ်ရ၏၊ အဘယ်ကောင်းမှုကို ပြုခဲ့ဖူးသနည်းဟူ၍ ဒိဗ္ဗစက္ခုဖြင့် ကြည့်သည်

ရှိသော် မြတ်စွာဘုရားသည် **ကောသမ္ဗီပြည်၏အနီး ဂဂ္ဂရရေကန် နား၌** တရားဟောတော်မူရာ တရားတော်အသံကို အာရုံပြု၍ နာသောအခိုက်၌ နွားကျောင်းသားသည် မိမိကျောက်၌ တုတ်လှင်ကန်ဖြင့်ထောက်မိ၍ ထိုကိုယ်၏အဖြစ်မှ စုတေလျှင် တရားတော်အသံ၌ အာရုံပြုကာမျှဖြစ်သော ကောင်းမှုကြောင့် နတ်ဖြစ်ကြောင်းကို မြင်လျှင် ဗိမာန်နှင့် တကွလာ၍ ထိုတရားဟောရာ ရေကန်နား၌ မြတ်စွာဘုရား ခြေတော်ကို ရှိခိုး၏၊ ထိုအခါ၌ မြတ်စွာဘုရားသည်-

**ကော မေ ဝန္ဒတိ ပါဒါနိ၊ ဣဒ္ဓိယာ ယသသာ ဇလံ။**

**အဘိက္ကန္တေန ဝဏ္ဏေန၊ သဗ္ဗာ ဩဘာသယံ ဒိသာ-**

ဟူသော ဂါထာဖြင့် နတ်သားကို မေးတော်မူ၏။

**အနက်ကား-** ဣဒ္ဓိယာ စ၊ တန်ခိုးဖြင့်၎င်း။ ယသသာ စ၊ အခြံအရံဖြင့်၎င်း။ ဇလံ၊ တောက်ပလျက်။ သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ ဒိသာ၊ အရပ်မျက်နှာတို့ကို။ အဘိက္ကန္တေန၊ အလွန် နှစ်လို့ဖွယ်သော။ ဝဏ္ဏေန၊ အဆင်းအရောင်ဖြင့်။ ဩဘာသယံ-ဩဘာသယန္တော၊ ထွန်းလင်းစေလျက်။ ကော၊ အဘယ်သူသည်။ မေ၊ ငါ၏။ ပါဒါနိ၊ ခြေတော်စုံတို့ကို။ ဝန္ဒတိ၊ ရှိခိုးလာသနည်း။

ဤသို့ မေးတော်မူလျှင် ဖားနတ်သားသည်-

**မဏ္ဍူကောဟံ ပုရေ အာသိံ၊ ဥဒကေ ဝါရိဂေါစရော။**

**တဝ ဓမ္မံ သုဏန္တဿ၊ အဝဓိ ဝစ္ဆပါလကော-**

ဟူသောဂါထာဖြင့် လျှောက်၏။

**အနက်ကား-** ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ သည်။ ပုရေ၊ ရှေးဘဝ၌။ ဝါရိဂေါစရော၊ ရေ၌ကျက်စားသော။ မဏ္ဍူကော၊ ဖားသူငယ်သည်။ ဥဒကေ၊ ရေ၌။ အာသိံ၊ ဖြစ်လေပြီ။ တဝ၊ အရှင်ဘုရား၏။ ဓမ္မံ၊ တရားတော်ကို။ သုဏန္တဿ၊ ကြားနာစဉ်။ ဝစ္ဆပါလကော၊ နွားကျောင်းသားသည်။ မံ၊ အကျွန်ုပ်ကို။ အဝဓိ၊ သတ်မိလေပြီ။

ဤသို့လျှောက်၏၊ ထိုအခါ မြတ်စွာဘုရားသည် နတ်သားအား တရားဟောတော်မူ၏၊ တရားတော်၏အဆုံး၌ နတ်သားသည် သောတာပတ္တိဖိုလ်၌တည်လေ၏၊ ရှစ်သောင်း, လေးထောင်ကုန်သောဝေနေယျတို့သည်လည်း မဂ်ဖိုလ်ရလေကုန်၏၊ ဤသို့လျှင် မြတ်စွာဘုရားသည် တိရစ္ဆာန်ဖြစ်သောဖား၏ပင်လျှင် ဆရာဖြစ်တော်မူ၏။

တစ်နည်းလည်း-

**အတ္တေန သဟ ယော ဝတ္တတီတိ သတ္တော။**

ယော၊ အကြင်သူ သည်။ အတ္တေန၊ အကျိုးစီးပွားဖြစ်သောဥစ္စာနှင့်။ သဟ၊ တကွ။ ဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော၊ ထိုသူသည်။ သတ္တော၊ သတ္တမည်၏။

**သတ္တော ဝိယာတိ သတ္တာ။**

ယော ဘဂဝါ၊ သည်။ သတ္တော ဝိယ၊ လှည်းကုန်သည်ကဲ့သို့တည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော ဘဂဝါ၊ သည်။ သတ္ထာ၊ သတ္ထာမည်၏။

လှည်းကုန်သည်အကြီးသည် လှည်းကုန်သည်အငယ်တို့ကို သဲကန္တာရ, ခိုးသူကန္တာရ, ဒုဗ္ဘိက္ခကန္တာရ, သားရဲကန္တာရ, ရေမရှိသော နိရုဒကကန္တာရတို့မှ လွတ်မြောက်စေ၍ ဘေးမရှိသောအရပ်သို့ ရောက်စေသကဲ့သို့ မြတ်စွာဘုရားသည်လည်း သတ္တဝါအပေါင်းတို့ကို ဇာတိကန္တာရ, ဇရာကန္တာရ, ဗျာဓိကန္တာရ, မရဏကန္တာရ, သောကကန္တာရ, ပရိဒေဝ-ကန္တာရ, ဒုက္ခ-ဒေါမနဿ-ဥပါယာသကန္တာရတို့မှ ထွက်မြောက်စေ, ဘေးမရှိသော နိဗ္ဗာန်တည်း ဟူသောအရပ်သို့ ရောက်စေတတ်၏၊ ထို့ကြောင့် သတ္ထာဒေဝမနုဿာနဂုဏ်နှင့် ပြည့်စုံတော်မူ၏။

✪✪✪✪✪✪✪✪✪✪

## ၁၁၅။ ဗုဒ္ဓဂုဏ်တော်

ဗုဒ္ဓဂုဏ်ဟူသည်ကား-

**ယော သော ဘဂဝါ သယမ္ဘူ အနာစရိယကော ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု သာမံ သစ္စာနိ အဘိသမ္ဗုဇ္ဈတီတိ ဗုဒ္ဓေါ။**

ယော ဘဂဝါ၊ အကြင် မြတ်စွာဘုရားသည်။ အနာစရိယကော၊ ဆရာ ၁-ပါးမရှိဘဲ။ သယမ္ဘူ၊ မိမိအလိုလို ဖြစ်တော်မူ၏။ ပုဗ္ဗေ၊ ဘုရားမဖြစ်မီရှေ့၌။ အနနုဿုတေသု၊ သူတပါးတို့၏အထံမှ မကြားဖူးကုန်သော။ ဓမ္မေသု၊ တရားတို့၌။ သာမံ၊ ကိုယ်တိုင်။ သစ္စာနိ၊ သစ္စာတို့ကို။ အဘိသမ္ဗုဇ္ဈတိ၊ ထိုးထွင်း၍ ကိုယ်တော်တိုင်သိတော်မူတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဗုဒ္ဓေါ၊ ဗုဒ္ဓမည်၏။

ဗုဇ္ဈိတာ သစ္စာနီတိ ဗုဒ္ဓေါ၊ ဗောဓေတာ ပဇာယာတိ ဗုဒ္ဓေါ။

သစ္စာနိ၊ သစ္စာ ၄-ပါးတရားတို့ကို။ ဗုဇ္ဈိတာ၊ သိတော်မူတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဗုဒ္ဓေါ၊ ဗုဒ္ဓမည်တော်မူ၏။ သစ္စာနိ၊ သစ္စာ ၄-ပါးတရားတို့ကို။ ပဇာယ၊ သတ္တဝါအပေါင်းတို့ကို။ ဗောဓေတာ၊ သိစေတော်မူတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဗုဒ္ဓေါ၊ ၏။

ဤသို့ အစရှိသော ဒေသနာနှင့်အညီ-

- သစ္စာ ၄-ပါးတရားတို့ကို သိတတ်သောကြောင့် ဗုဒ္ဓမည်တော်မူ၏၊ သစ္စာ ၄-ပါးတရားတို့ကို ကျွတ်ထိုက်သောသတ္တဝါတို့ကို သိစေတတ်သောကြောင့် ဗုဒ္ဓ မည်တော်မူ၏၊
- သဗ္ဗညုတဉာဏ်ဖြင့် ခပ်သိမ်းသောတရားတို့ကို သိတော်မူတတ်သောကြောင့် ဗုဒ္ဓ မည်တော်မူ၏၊
- ခပ်သိမ်းသောတရားတို့ကို မြင်တတ်သောကြောင့် ဗုဒ္ဓ မည်တော်မူ၏၊
- သူတစ်ပါးတို့မသိစေအပ်သည်၏အဖြစ်ကြောင့် ဗုဒ္ဓ မည်၏၊
- တစ်ပါးသော သူတို့၏အရာမှ လွတ်သောကြောင့် ဗုဒ္ဓ မည်၏၊
- အာသဝေါ ၄-ပါး ကုန်ပြီးသည်ဟုဆိုအပ်သောကြောင့် ဗုဒ္ဓ မည်၏၊
- ကင်းပြီးသော ဥပမိရှိသည်ဟု ဆိုအပ်သောကြောင့် ဗုဒ္ဓ မည်၏၊
- စင်စစ်ရာဂကင်းပြီးသောကြောင့် ဗုဒ္ဓမည်တော်မူ၏၊
- စင်စစ်ဒေါသ ကင်းပြီးသောကြောင့်, စင်စစ်မောဟကင်းပြီးသောကြောင့်, စင်စစ်ကိလေသာကင်းပြီးသောကြောင့် ဗုဒ္ဓ မည်၏။
- တစ်ကြောင်းတည်းသောခရီးကို သွားတတ်သောကြောင့် ဗုဒ္ဓ မည်၏၊
- တစ်ယောက်တည်းသော အတုမရှိမြတ်သောသစ္စာတို့ကို သိတတ်သောကြောင့် ဗုဒ္ဓ မည်တော်မူ၏၊
- မသိခြင်းမှ ကင်းတော်မူသောကြောင့် ဗုဒ္ဓ မည်၏၊
- သိခြင်းကိုရတတ်သောကြောင့် ဗုဒ္ဓ မည်တော်မူ၏။

ဗုဒ္ဓဟူသော ဤအမည်တော်ကို မယ်တော်မာယာသည်လည်း မမှည့်အပ်၊ ခမည်းတော်သည်လည်း မမှည့်အပ်၊ ညီတော်သည်ရင်း နှမတော်သည်ရင်း အဆွေခင်ပွန်းတို့သည်ရင်း ရဟန်း, ပုဏ္ဏားတို့သည်ရင်း မမှည့်အပ်၊ ဘုန်းတော် ၆-ပါးနှင့် ပြည့်စုံကုန်သော

မြတ်စွာဘုရားတို့အား ဗောဓိပင်ရင်း၌ သဗ္ဗညုတဉာဏ်တော်ကို ရသည်နှင့်တကွ မျက်မှောက်ပြုအပ်သော ဗုဒ္ဓဟူသော ဤပညတ်အမည်တော်ကို **ဝိမောက္ခန္တိကဟု** ဆိုအပ်သော အရဟတ္တမဂ်ဉာဏ်သည် ပြုအပ်၏၊ ဤသို့ ဆိုအပ်ပြီးသည်လျှင် ဗုဒ္ဓဂုဏ်တော် မည်၏။

✪✪✪✪✪✪✪✪✪✪

## ၁၁၆။ ဘဂဝါဂုဏ်တော်

ဘဂဝါဂုဏ်တော်ဟူသည်ကား-

- ဣတိပိသောဘဂဝါ၌ ဘဂဝါသဒ္ဒါဂုဏအားဖြစ်သော **ဘုရားဒြဗ်ကို** ဟော၏၊
- အဆုံး၌ဘဂဝါသဒ္ဒါသည် နိဒ္ဒေသနည်းဖြင့် ဘဂီ, ဘဇီ အစရှိသော **ဂုဏ်သကတ်ကို** ဟော၏၊
- **အဋ္ဌကထာနည်းအားဖြင့်** ဘဂျဝါ ဘဂ္ဂဝါ အစရှိသောဂုဏ်ကို ဟော၏၊ ထို့ကြောင့် ဂုဏ်သကတ်ကို ပဝတ္တနိမိတ်ပြု၍ ဘဂဝါဟူသော နာမပညတ်ကို ဟော၏၊
- ဘဂဝါဟူသော ဤပုဒ်သည် ထိုအရှင်ဂေါတမမြတ်စွာဘုရားအား ဂုဏ်ဖြင့် ထူးမြတ်သောအဖြစ်, ခပ်သိမ်းသောသတ္တဝါတို့ထက် မြတ်သောအဖြစ်, လူ ၃-ပါးတို့၏ အလေးအမြတ်ပြုအပ်သော ဆရာ၏အဖြစ်, အရိုအသေပြုအပ်သော အဖြစ်ဟုဆိုအပ်သော ဂုဏ်ကိုဟောသော **နေမိတ္တကနာမ်ပုဒ်တည်း၊** ထိုနေမိတ္တက နာမ်ပုဒ်၏အဖြစ်ကို အရှင်သာရိပုတ္တရာ ဟောတော်မူအပ်သောပါဠ်ကို မှီ၍ သိအပ်၏။

ယဒိဒံ ယံ ဣဒံ ဘဂဝါတိနာမံ၊ အကြင်ဘဂဝါဟူသောအမည်သည်။ အတ္ထိ၊ ရှိ၏၊ ဧတံ ဘဂဝါတိ နာမံ၊ ထိုဘဂဝါဟူသော အမည်ကို။ မာတရာ၊ မယ်တော်မာယာသည်။ န ကတံ၊ မမှည့်အပ်။ ပိတရာ၊ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည်။ န ကတံ၊ မမှည့်အပ်။ ဘာတရာ၊ ညီတော်နန္ဒမင်းသည်။ န ကတံ၊ မမှည့်အပ်။ ဘဂိနိယာ၊ နှမတော်ဇနပဒ-ကလျာဏီသည်။ န ကတံ၊ မမှည့်အပ်။ မိတ္တာမစ္စေဟိ၊ ဆွေတော်ရှစ်သောင်း မှူးမတ်ပေါင်းတို့သည်လည်း။ န ကတံ၊ မမှည့်အပ်။ ဉာတိသာလောဟိတေဟိ၊ မျိုးတော် ရှစ်သောင်းတို့သည်လည်း။ န ကတံ၊ မမှည့်အပ်။ ဒေဝတာဟိ၊ သိကြား, သန္တုသိတ အစရှိသောနတ်တို့သည်လည်း။ န ကတံ၊ မမှည့်အပ်။ သမဏ ဗြာဟ္မဏေဟိ၊ ရဟန်းပုဏ္ဏားတို့သည်လည်း။ န ကတံ၊ မမှည့်အပ်။ ဘဂဝန္တာနံ၊ ဘုန်းတော် ၆-ပါးနှင့်ပြည့်စုံကုန်သော။ ဗုဒ္ဓါနံ၊ ဘုရားရှင်

တို့အား။ ဇေတ် နာမံ၊ ဘဂဝါဟူသော ဤအမည်သည်။ ဗောဓိယာ၊ ဗောဓိပင်၏။ မူလေ၊ အရင်း၌။ သဗ္ဗညုတဉာဏာသ၊ သဗ္ဗညုတဉာဏ်ကို။ သဟ ပဋိလာဘာယ၊ ရသည်နှင့်တကွ။ သစ္ဆိကာ ပညတ္တိ၊ မျက်မှောက်ပြုအပ်သော အမည်တည်း။ ဝိမောက္ခန္တိကံ၊ အရဟတ္တမဂ်ဉာဏ်သည် ပြုအပ်၏။

ဤသို့ ဟောတော်မူသောကြောင့် သဗ္ဗညုတဉာဏ်, အရဟတ္တမဂ်ဉာဏ်ဟူသော ဂုဏ်ကိုစွဲ၍ ဖြစ်သည်၊ ဘဂဝါဟူသော နာမပညတ်ကို ထိုနိဒ္ဒေသနည်း- အဋ္ဌကထာတို့၌ လာသော ဂုဏ်တော်အပေါင်းကား- လောကီသဒ္ဒါကျမ်း၌ ဘဂဝါ သဒ္ဒါသည် ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတတည်းဟူသော ၆-ပါးသောတရားတို့၌ ဖြစ်၏။ ထို့ကြောင့်-

**၁။ ဘဂေါ ယဿ အတ္ထိတိ ဘဂဝါ။**

ယဿ၊ အကြင်မြတ်စွာဘုရားအား။ ဘဂေါ၊ ဣဿရိယ, ဓမ္မ, ယသအစရှိသော ၆-ပါးသောတရားသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ သော၊ သည်။ ဘဂဝါ၊ ဘဂဝါ မည်၏။

ဤသို့ ဝစနတ္ထနှင့်အညီ-

(၁) က။ အရဟတ္တဖိုလ်စျာန်ကို ဆင်ခြင်တော်မူခြင်း, ဖလသမာပတ်ကို ဝင်စားတော်မူခြင်း, ဆောက်တည်ဓိဋ္ဌာန်တော်မူခြင်း, ဖလသမာပတ်မှ ထခြင်း, တဖန် ဆင်ခြင်ခြင်းတည်းဟူသော ဝသီဘော် ၅-ပါးသို့ ကိုစယ်တော်၏စိတ်ကို ရောက်စေခြင်း၌ အစိုးရခြင်းတည်း ဟူသော **လောကုတ္တရာဣဿရိယ**၊

ခ။ ပကတိလူတို့၏အတောင်ဖြင့် ၁၈-တောင်အရပ်တော်ရှိသော ကိုယ်တော်ကို အဏုမြူမျှ ဖန်ဆင်းတော်မူနိုင်ခြင်းတည်းဟူသော **အနိမာ**၊

ဂ။ အလိုတော်အလျောက် ကောင်းကင်ပြင်၌ ခြေဖြင့်သာသွားနိုင်ခြင်း, ရပ်နိုင်ခြင်း, ထိုင်နိုင်ခြင်း, လျောင်းနိုင်ခြင်းတို့၌ ထိုက်သောအဖြစ်ဖြင့် ပေါ့ပါးခြင်းတည်း ဟူသော **လဃိမာ**၊

ဃ။ ၁၈-တောင်အရပ်ရှိသော ကိုယ်တော်ကို အရှေ့စကြဝဠာနား၌ ဦးခေါင်းတော်ကို ထားလျက် အနောက်စကြဝဠာနား၌ ခြေတော်ကိုတင်၍ လျောင်းတော်မူသော မြတ်စွာဘုရား၏ မျက်နှာတော်ကို ခြေဖျားမှသည် ဦးခေါင်းတိုင် ၄၈၀၀-ယူဇနာ မြင့်သော အသူရိန်နတ်သား မော်၍ကြည့်သည်ရှိသော် မမြင်စေရအောင် ထိုနတ်သား၏မျက်နှာသည် မြတ်စွာဘုရား၏ ပုဆစ်တော်ရင်းတွင်ရှိသဖြင့် ကြီးစွာ ဖန်ဆင်းခြင်းတည်းဟူသော **မဟိမာ**၊

င။ အလိုတော်ရှိသောအရပ်သို့ အလိုတော်အတိုင်း လျင်စွာရောက်နိုင်ခြင်းတည်းဟူသော ပတ္တိ၊

စ။ မိဋ္ဌာန်တော်မူသည်၏ အစွမ်းအားဖြင့် အလိုတော်ရှိအပ်သော အမှုကိုပြီးစေနိုင်ခြင်းတည်း-ဟူသော ပါကမ္မ၊

ဆ။ ကိုယ်တော်၏အလိုအားလျော်စွာ အစိုးရခြင်းတည်းဟူသော ဤသိတာ၊

ဇ။ တန်ခိုးဖန်ဆင်းခြင်း၌ အလေ့အလာပြုနိုင်သော အဖြစ်တည်းဟူသော ဝသိတာ၊

ဈ။ ကောင်းကင်ဖြင့် သွားတော်မူသော မြတ်စွာဘုရားအားရင်း ၁-ပါးသော အမှုကိုပြုတော်မူသော မြတ်စွာဘုရားအားရင်း အကြင်အမှတ်မဲ့ တစ်ပါးပါး၌ အဆုံးသို့ရောက်စေခြင်း, သတို့သားငယ်အစရှိသည်တို့၏ အရုပ်ကိုပြတော်မူတတ်ခြင်းတည်းဟူသော ယတ္ထကာမာဝသာယိတာ ဟူသော လောကီ-ဟု သမုတ်အပ်သော ၈-ပါးအပြားရှိသော ဣဿရိယ။

(၂) ကိုယ်တော်၌ရှိသော လောကုတ္တရာတရားဟူသော ဓမ္မ၊

(၃) တစ်စိတ်တစ်ဒေသ၌သာရင်း, မဟုတ်မမှန်သောသဘောရှိသော ဂုဏ်ကို မမှီသည်၏အဖြစ်ကြောင့် မသန့်ရှင်း မစင်ကြယ်သဖြင့်ရင်း ကျော်စောသော တစ်ပါးသောသူတို့၏ ကျော်စောခြင်းကဲ့သို့ မဟုတ်မူ၍ ဤလူ့ပြည်၌ရအပ်သော, သိအပ်သော မြတ်စွာဘုရားကျေးဇူးရှိသော အရူပဘုံ၌ဖြစ်သော ပြဟ္မာတို့အားလည်း "ဣတိပိ သော ဘဂဝါ အရဟံ" စသည်ဖြင့်ကျော်စောထင်ရှားသည်ဖြစ်၍ လောက ၃-ပါးကို တစ်ပြားတည်းနှံ့စေလျက် အဟုတ်အဟတ်သော ကျေးဇူးတော်ကြောင့် ရအပ်သည်ဖြစ်၍ အလွန်သန့်ရှင်းစင်ကြယ်သော ကျော်စောခြင်းတည်းဟူသော ယသ၊

(၄) လူ, နတ်, ပြဟ္မာ, သတ္တဝါအပေါင်းတို့သည်ရှု၍ မရောင့်ရဲနိုင်သော, ခပ်သိမ်းသော သူအပေါင်းတို့၏ကြည့်ခြင်းကို ဖြစ်စေခြင်းငှာ စွမ်းနိုင်သော, ခပ်သိမ်းသော အခြင်းအရာတို့နှင့်ပြည့်စုံသော, ၃၂-ပါးသောလက္ခဏာတော်ကြီး, ၈၀-သော လက္ခဏာတော်ငယ်ဟု ဆိုအပ်သောအင်္ဂါကြီး, ငယ်တို့ဖြင့် တင့်တယ်ခြင်းတည်းဟူသော သိရီ၊

(၅) အကြင်အကြင်သို့သော ကိုယ်တော်၏အကျိုးကိုရင်း, သူတစ်ပါးတို့၏ အကျိုးကိုရင်း စိတ်တော်ဖြင့် အလိုတော်ရှိ၏၊ တောင့်တ၏၊ ထိုထိုသို့သော အကျိုးကို အလိုတော်အတိုင်း ပြီးစေနိုင်ခြင်းတည်းဟူသော ကာမ၊

(၆) လောက ၃-ပါးတို့၏ အလေးအမြတ် အရိုအသေပြုအပ်သော ဆရာ၏အဖြစ်ကို ပြီးစေနိုင်ခြင်း၏အကြောင်းဖြစ်သော သမ္မာဝါယာမတည်းဟူသော ပယတ။

ဤသို့ဆိုအပ်ခဲ့ပြီးသော ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတတည်းဟူသော ၆-ပါးသောတရားတို့နှင့် ပြည့်စုံတော်မူသောကြောင့် **ဘဂဝါ** မည်တော်မူ၏။

၂။ **ဘဇီယတေတိ ဘတ္တော။**

ယော ဓမ္မော၊ အကြင်သဘောတရားကို။ ဘဇီယတေ သေဝီယတေ၊ မှီဝဲဆည်းကပ်အပ်၏။ ဣတိ၊ ကြောင့်။ သော ဓမ္မော၊ ထိုတရားသည်။ ဘတ္တော၊ ဘတ္တမည်၏။

**ဘတ္တော ယဿ အတ္ထီတိ ဘတ္တဝါ။**

ယဿ၊ အကြင်မြတ်စွာဘုရားအား။ ဘတ္တော၊ မှီဝဲဆည်းကပ်အပ်သောတရားသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဘတ္တဝါ၊ ဘတ္တဝါမည်၏။

(ဘတ္တဝါ-ဟု ဆိုအပ်လျက် ဘဂဝါဟူ၍ ဆိုအပ်၏။)

ဤသို့သော ဝစနတ္ထနှင့်အညီ-

- လူတို့သည် ဟစ်ကြွေးခေါ်ဝေါ်ကြော်ငြာခြင်း အစရှိသည်ဖြင့် နည်းသောအသံရှိကုန်သော,
- မြို့, ရွာ, ဇနပုဒ်တို့၏ကြွေးကြော်သောအသံမရှိ ကုန်သော,
- လူတို့၏သွားလာခြင်းကြောင့်ဖြစ်သော ဟန်ပန်လေမရှိကုန်သော,
- လူတို့အား လျှို့ဝှက်ခြင်းငှာထိုက်သောအိပ်ရာ, နေရာရှိကုန်သော,
- ရဟန်းတို့အား ကိန်းအောင်းခြင်း ငှာလျောက်ပတ်ကုန်သော
- ဆိတ်ငြိမ်ကုန်သော-- တောအရပ်တို့ကို ကပ်တော်မူလေ့ရှိသော ကြောင့်၎င်း,

တစ်နည်းတုံ-ပထဝီကသိုဏ်းအစရှိသည် အာရုံရှိသော ရူပါဝစရစျာန်တည်းဟူသော ဒိဗ္ဗဝိဟာရ, မေတ္တာစျာန် အစရှိသော ဗြဟ္မာဝိဟာရ, အရဟတ္တဖလ-သမာပတ်ကို ဝင်စားတော်မူခြင်းတည်းဟူသော အရိယဝိဟာရတို့သို့ ကပ်တော်မူသောကြောင့်၎င်း,

ဝတ္ထုကာမ, ကိလေသာကာမတို့မှ ဝေးစွာခွာ၍ တည်သောကိုယ်တော်၏အဖြစ်ဖြင့် ၁-ခုတည်းသောအာရုံကိုယူ၍တည်ခြင်းတည်းဟူသော ကာယဝိဝေက, ပဌမစျာန်အစရှိသည်တို့ဖြင့် ကာမစ္ဆန္ဒနီဝရဏ အစရှိသော နီဝရဏ ၅-ပါးတို့မှ ဝေးစွာခွာသော စိတ်ရှိတော်မူသည်၏အဖြစ်တည်းဟူသော စိတ္တဝိဝေက, ကာမဂုဏ် ၅-ပါးတို့ကိုစွဲ၍ဖြစ်သော သုခ

အသာဒအစရှိသော ဝေဒနာ၏အာရုံအဖြစ်ဖြင့် တည်ရာဖြစ်သော ကာမဂုဏ် ၅-ပါးတည်းဟူသော ကာမုပဓိ, ဝဋ္ဋဒုက္ခ၏တည်ရာဖြစ်သော ခန္ဓာငါးပါးတည်းဟူသော ခန္ဓုပဓိ, အပါယ်ဆင်းရဲ၏တည်ရာဖြစ်သော ကိလေသာတည်းဟူသော ကိလေသုပဓိ, ဥပပတ္တိဘဝ၏တည်ရာဖြစ်သော ကမ္မဘဝတည်းဟူသော အဘိသင်္ခါရူပဓိ-ဟု ဆိုအပ်သော ဥပဓိ ၄-ပါးတို့မှ ဆိတ်ငြိမ်ရာဖြစ်သော နိဗ္ဗာန်တည်းဟူသော **ဥပဓိဝိဝေက**၊ ဤဝိဝေက ၃-ပါးတို့သို့ ကပ်တော်မူလေ့ရှိသည်၏အဖြစ်ကြောင့်ရင်း,

ဆိတ်သောအခြင်းအရာ၏ အစွမ်းအားဖြင့် နိဗ္ဗာန်ကိုအာရုံပြု၍ဖြစ်သော အရိယမဂ်တည်းဟူသော **သုညတဝိမောက္ခ**, တဏှာ-ဟူသော ပဏိဓိမရှိသော အခြင်းအရာဖြင့် နိဗ္ဗာန်ကို အာရုံပြု၍ဖြစ်သော အရိယမဂ်တည်းဟူသော **အပဏိဟိတဝိမောက္ခ**, နိမိတ်မရှိသော အခြင်းအရာဖြင့် နိဗ္ဗာန်ကိုအာရုံပြု၍ဖြစ်သော အရိယမဂ်တည်းဟူသော **အနိမိတ္တဝိမောက္ခ**၊ ဤသို့ဝိမောက္ခတရားတို့သို့ ကပ်တော်မူလေ့ရှိသည်၏အဖြစ်ကြောင့်ရင်း,

ဆိုအပ်ပြီးသော တရားတို့မှတပါး လောကီ, လောကုတ္တရာဖြစ်သော လူတို့၏ ကုသိုလ်တရား ၁၀-ပါးထက် လွန်မြတ်သောကြောင့် ဉတ္တရိမနုဿဓမ္မဟု ဆိုအပ်သော အဘိညာဉ် ၅-ပါး, သမာပတ် ၈-ပါး အစရှိသောတရားတို့ကို မှီဝဲဆည်းကပ်တော်မူလေ့ရှိသည်၏အဖြစ်ကြောင့်ရင်း **ဘဂဝါ** မည်တော်မူ၏။

၃။ ဘတ္တဝါ-ဟူသောပုဒ်ကို-

**ဘဇတိ သီလေနာတိ ဘတ္တဝါ။**

ဟုပြုသင့်၏၊ ကိတ်ပုဒ်ဘဇ-ဓာတ်, တဿီလစသော အနက်၌ တု-ပစ္စည်းတည်း။ ။

ယော ဘဂဝါ၊ သည်။ တေ ဓမ္မေ၊ ထိုဆိုအပ်ပြီးသောအရည, သေနာသန, ဒိဗ္ဗဝိဟာရ အစရှိသောတရားတို့သို့။ သီလေန၊ အလေ့အားဖြင့်။ ဘဇတိ၊ ကပ်တတ်၏။ ဣတိ၊ ထို့ကြောင့်။ သော ဘဂဝါ၊ သည်။ ဘတ္တဝါ၊ ဘတ္တဝါမည်၏။

၄။ တစ်နည်းတုံ-

**ဝိဝရိတွာ အဘဇိ အဒေသီတိ ဝိဘတ္တဝါ။**

ယော ဘဂဝါ၊ သည်။ ကုသလာဒိဓမ္မေ၊ ကုသိုလ်အစရှိသော တရားတို့ကို။ ဝိဝရိတွာ၊ ဖွင့်၍။ အဘဇိ၊ ခွဲဝေလေပြီ။ အဒေသိ၊ ဟောလေပြီ။ ဣတိ၊ ထို့ကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဝိဘတ္တဝါ၊ ဝိဘတ္တဝါမည်၏။

(ဝိဘတ္တဝါ-ဟု ဆိုအပ်လျက် ဝိ-ကိုချေ၍ တ-ကို ဂ-ပြု၍ ဘဂဝါ-ဟုဆိုသတည်း)

ဤသို့သော ဝစနတ္ထနှင့်အညီ-ကျောင်း, သင်္ကန်း, ဆွမ်း, ဆေး-ဟု ဆိုအပ်သော ပစ္စည်း ၄-ပါးတို့ကို တပည့်သားတို့အား ခွဲဝေတော်မူတတ်သောကြောင့်ရှင်း

ကုသိုလ် အစရှိသော တရားအပေါင်းတို့ကို အတ္ထရသ, ဓမ္မရသ, ဝိမုတ္တိရသတို့ဖြင့် ခွဲဝေတော်မူတတ် သောကြောင့်ရှင်း

အဓိသီလ, အဓိစိတ္တ, အဓိပညာဖြင့် ခွဲဝေတော်မူတတ်သောကြောင့်ရှင်း

ဈာန် ၄-ပါး, အပ္ပမညာ ၄-ပါး, အရူပသမာပတ် ၄-ပါးတို့ကို ခွဲဝေတော်မူတတ်သော ကြောင့်ရှင်း ဝိမောက္ခတရား ၈-ပါး, အဘိဘာယတန ၈-ပါး, အစဉ်အတိုင်းဝင်စားအပ်သော အနုပုဗ္ဗဝိဟာရသမာပတ် ၉-ပါးတို့ကို ခွဲဝေတော်မူတတ်သောကြောင့်ရှင်း

အနိစ္စသညာ ဘာဝနာစသော ၁၀-ပါးသော ဘာဝနာ, ကသိုဏ်း ၁၀-ပါး, အာနာပါဏဿတိ, သမာဓိ, အသုဘ ၁၀-ပါး, သတိပဋ္ဌာန် ၄-ပါး, သမ္မပ္ပဓာန် ၄-ပါး, ဣဒ္ဓိပါဒ် ၄-ပါး, ဣန္ဒြေ ၅-ပါး, ဗိုလ် ၅-ပါး, ဗောဇ္ဈင် ၇-ပါး, မဂ္ဂင် ၊ ပါး, ဒသဗလဉာဏ် ၁၀-ပါး, ဝေသာရဇ္ဇဉာဏ် ၄-ပါး, ပဋိသမ္ဘိဒါဉာဏ် ၄-ပါး, အဘိညာဉ် ၆-ပါး, အသာဓာရဏ ဉာဏ်-ဟု ဆိုအပ်သော ဗုဒ္ဓဓမ္မ ၆-ပါး၊ ဤတရားအပေါင်းတို့ကို ဝေဖန်ခွဲခြမ်း၍ ဟောတော် မူတတ်သောကြောင့်ရှင်း - မြတ်စွာဘုရားသည် ဘဂဝါ မည်တော်မူ၏။

၅။ ကိလေသေ အဘဉ္ဇိ အနေနာတိ ဘဂ္ဂေါ။
ပဉ္စမာရေ အဘဉ္ဇိ ဧတေနာတိ ဝါ ဘဂ္ဂေါ။
ဘဂ္ဂေါ ယဿ အတ္ထီတိ ဘဂဝါ။

အနေန ဉာဏေန၊ ဤအရဟတ္တမဂ်ဉာဏ်ဖြင့်။ ကိလေသေ၊ ကိလေသာတို့ကို။ အဘဉ္ဇိ၊ ချိုးဖဲ့ပြီ။ ဣတိ၊ ထို့ကြောင့်။ ဘဂ္ဂေါ၊ ဘဂ္ဂမည်၏။ ဧတေန ဉာဏေန၊ ထိုအရဟတ္တမဂ်ဉာဏ်ဖြင့်။ ပဉ္စမာရေ၊ ၅-ပါးသောမာရ်တို့ကို။ အဘဉ္ဇိ၊ ချိုးဖဲ့ပြီ။ ဣတိ၊ ထို့ကြောင့်။ ဘဂ္ဂေါ၊ ဘဂ္ဂမည်၏။ ။ ယဿ၊ အကြင်မြတ်စွာဘုရားအား။ ဘဂ္ဂေါ၊ ချိုးဖဲ့ကြောင်းဖြစ်သော အရဟတ္တမဂ်ဉာဏ်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဘဂဝါ၊ ဘဂဝါမည်တော်မူ၏။

(ဤ၌လည်း ဘဂ္ဂဝါဆိုအပ်လျက် ဂ-တစ်ခုကို ချေ၍ ဘဂဝါဆိုသည်။)

ဤသို့သော ဝစနတ္ထနှင့်အညီ- ဒေဝပုတ္တမာရ်, ကိလေသာမာရ်, ခန္ဓမာရ်, မစ္စုမာရ်, အဘိသင်္ခါရမာရ်-တည်းဟူသော ၅-ပါးသောမာရ်တို့ကို အရဟတ္တမဂ်ဉာဏ်တည်းဟူသော ဓားသန်လျက်ဖြင့် ခုတ်ဖြတ်ချိုးဖဲ့တော်မူပြီးသောသတ္တိကြောင့် ဘဂဝါ မည်တော်မူ၏။

၆။ **တစ်နည်းတုံ-** ဣဋ္ဌာရုံ၌ တပ်ခြင်းလက္ခဏာရှိသော **လောဘ**၊ အနိဋ္ဌာရုံ၌ အမျက်ထွက်ခြင်းလက္ခဏာရှိသော **ဒေါသ**၊ သတ္တဝါတို့၏ ခန္ဓာကိုယ်၏ ရှေ့အစွန်း- နောက်အစွန်း-ရှေ့နောက် ၂-ပါး အစွန်းကိုဂင်း, သစ္စာ ၄-ပါးတရားတို့ကိုဂင်း မမြင်အောင် ဖုံးလွှမ်းခြင်းလက္ခဏာရှိသော **မောဟ**၊ အနိစ္စအစရှိသည်ကို နိစ္စစသောအားဖြင့် ဖောက်ပြန်သဖြင့် နှလုံးသွင်းခြင်းတည်းဟူသော **ဝိပရိတမနသိကာရ**၊ အကုသိုလ် ဒုစရိုက်တို့ကို ပြုခြင်းမှ မရှက်ခြင်း လက္ခဏာရှိသော **အဟိရိက**၊ ထိုအကုသိုလ် ဒုစရိုက်မှ မလန့်ခြင်းလက္ခဏာရှိသော **အနောတ္တပ္ပ**၊ ၉-ပါးသော အာဃာတဝတ္ထုကိုဖြစ်စေတတ်သော အမျက်ထွက်ခြင်းလက္ခဏာရှိသော **ကောဓ**၊ အဖန်တလဲလဲ အမျက်ထွက်သောစိတ်ဖြင့် ရန်ငြိုးဖွဲ့ခြင်းလက္ခဏာရှိသော **ဥပနာဟ**၊ သူတစ်ပါးသည် ကောင်းစွာပြုအပ်သော ကျေးဇူးကိုချေခြင်းလက္ခဏာရှိသော **မက္ခ**၊ သူတစ်ပါး၏ဂုဏ်ကို ဆိုသည်ရှိသော် မိမိဂုဏ်ကိုလည်း ပြသဖြင့် အပြိုင်ဆိုခြင်းလက္ခဏာရှိသော **ပလာသ**။

သူတစ်ပါးတို့၏ လာဘသက္ကာရ စသည်တို့ကို မရှုချင်ခြင်း, ငြူစူခြင်း လက္ခဏာရှိသော **ဣဿာ**၊ မိမိ၏စည်းစိမ်ချမ်းသာကို သူတစ်ပါးတို့နှင့် ဆက်ဆံခြင်းကို သည်းမခံနိုင်သည်ဖြစ်၍ လျှို့ဝှက်ခြင်းလက္ခဏာရှိသော **မစ္ဆေရ**၊ မိမိအပြစ်ကို ဖုံးလွှမ်းခြင်းလက္ခဏာရှိသော မျက်လှည့်သည်ကဲ့သို့ဖြစ်သော **မာယာ**၊ မိမိကိုယ်၌ ထင်ရှားမရှိသော ဂုဏ်ကိုပြ၍ စဉ်းလဲ စဉ်းစားပြုခြင်းလက္ခဏာရှိသော **သာဌေယျ**၊ အလုံးစုံနယ်အပ်သဖြင့် ပြည့်သောအခါ ခက်ထန်သော အဖြစ်ရှိသော သားရေအိတ် ကဲ့သို့ဂင်း မကိုင်းညွှတ်နိုင်သော တုတ်လုံးတံ ကဲ့သို့ဂင်း ချီအပ်သော ဦးခေါင်းရှိသည်ဖြစ်၍ ခက်ထန်ခြင်း, မကိုင်းညွှတ်ခြင်းလက္ခဏာရှိသော **ထမ္ဘ**၊ ထိုထမ္ဘထက် အလွန်ပြုခြင်း လက္ခဏာရှိသော **သာရမ္ဘ**၊ အမျိုး အစရှိသည်ကို မှီ၍ မိမိကိုယ်ကို ချီးမြှောက်ခြင်း, မာန်တက်ခြင်းလက္ခဏာရှိသော **မာန**၊ ထိုထက်အလွန် မာန်တက်ခြင်းလက္ခဏာရှိသော **အတိမာန**။

အမျိုးကိုစွဲ၍ မာန်ယစ်ခြင်းတည်းဟူသော **ဇာတိမဒ**၊ အနွယ်ကိုစွဲ၍ မာန်ယစ်ခြင်းတည်းဟူသော **ဂေါတ္တမဒ**၊ "ငါသည်အနာမရှိ"-ဟူ၍ အနာမရှိသည်ကိုစွဲ၍ မာန်ယစ်ခြင်းတည်းဟူသော **အာရောဂျမဒ**၊ "ငါသည်နုပျို၏, ပဌမအရွယ်၌ဖြစ်၏"-ဟူ၍ အရွယ်ကိုစွဲ၍ မာန်ယစ်ခြင်းတည်းဟူသော **ယောဗ္ဗနမဒ**၊ "ငါသည် အသက်ရှည်၏"-ဟူ၍ မာန်ယစ်ခြင်းတည်းဟူသော **ဇီဝိတမဒ**၊ "ငါသည်လျှင် လာဘ်များ၏"-ဟု မာန်ယစ်ခြင်းတည်းဟူသော **လာဘ မဒ**၊ "ငါသည်လျှင် ကောင်းကောင်းမွန်မွန် လေးလေးမြတ်မြတ် ပြုအပ်သော လာဘ် သပ္ပကာ ကိုရ၏"ဟု မာန်ယစ်ခြင်းတည်းဟူသော **သက္ကာရမဒ**၊ "သူတစ်ပါးတို့သည်

ငါ့အားသာလျှင် အရိုအသေကျောက်ထီးကဲ့သို့ အလေးအမြတ်ပြုကုန်၏"-ဟူ၍ မာန်ယစ်ခြင်းတည်း ဟူသော **ဂရုကာရမဒ**။

"ခပ်သိမ်းသော အမေးပုစ္ဆာသည် ငါ၏ခံတွင်း၌သာ ဖြစ်၏"ဟု "ခပ်သိမ်းသော လူ, ရဟန်းတို့သည် ငါ့ကိုသာ ခြံရံလာကုန်၏"ဟု မာန်ယစ်ခြင်းတည်းဟူသော **ပုရက္ခမဒ**၊ "ငါ့ကိုသာလျှင် လူ, ရဟန်းတို့သည် ခြံရံလာကုန်၏၊ ငါသာလျှင် စင်ကြယ်သော အခြံအရံရှိ၏"ဟူ၍ မာန်ယစ်ခြင်းတည်းဟူသော **ပရိဝါရမဒ**၊ "ငါသာလျှင် အသုံးအဆောင် ဥစ္စာများ၏"ဟု မာန်ယစ်ခြင်းတည်းဟူသော **ဘောဂမဒ**၊ "ငါသာလျှင် အဆင်းလှ၏၊ ကြည်ညိုဖွယ်ရှိ၏"ဟု မာန်ယစ်ခြင်းတည်းဟူသော **ဝဏ္ဏမဒ**၊ "ငါသာလျှင် အကြားအမြင် များ၏"ဟု မာန်ယစ်ခြင်းတည်း ဟူသော **သုတမဒ**၊ "ငါသာလျှင် ထင်သော အသိပညာ ရှိ၏"ဟု မာန်ယစ်ခြင်းတည်းဟူသော **ပဋိဘာနမဒ**၊ "ငါသာလျှင် အခါလေးမြင့် ညဥ့်အရေ အတွက်ကိုသိ၏"ဟု မာန်ယစ်ခြင်းတည်း ဟူသော **ရတ္တညုမဒ**၊ "ငါသာလျှင် ရဟန်းအဖြစ်သို့ ရောက်သည်မှစ၍ ဆွမ်းခံဝတ်ဆောက်တည်၏"ဟု မာန်ယစ်ခြင်းတည်းဟူသော **ပိဏ္ဍပါတိကမဒ**။

"သူတစ်ပါးတို့သည် ငါ့ကိုသာလျှင် မထီမဲ့မြင် မပြုအပ်"ဟု မာန်ယစ်ခြင်းတည်း ဟူသော **အနဝညတ္တိမဒ**၊ "ငါသာလျှင် ဣရိယာပုထ် ၄-ပါးတို့သည် ကြည်ညိုဖွယ်ရှိ၏"ဟု မာန်ယစ်ခြင်းတည်းဟူသော **ဣရိယာပထမဒ**၊ "ငါသာလျှင် တန်ခိုးအာနုဘော်ကြီး၏၊ ငါဆောင်ရွက်တိုင်းအမှုသည် ပြည့်စုံ၏"ဟု မာန်ယစ်ခြင်းတည်းဟူသော **ဣဒ္ဓိမဒ**၊ "ငါသာလျှင် အခြွေအရံ များ၏၊ ခပ်သိမ်းသောသူတို့သည် ငါ၏အစီအရင်ကို နာခံ၏၊ ငါ၏ အဆုံးအမ၌ တည်ကုန်၏"ဟု မာန်ယစ်ခြင်းတည်းဟူသော **ယသမဒ**၊ "ငါသာသီလ ရှိ၏"ဟု မာန်ယစ်ခြင်းတည်းဟူသော **သီလမဒ**၊ "ငါသာလျှင် ဥပစာရသမာဓိဈာန် ကိုရ၏"ဟု မာန်ယစ်ခြင်းတည်းဟူသော **ဈာနမဒ**၊ "ငါသာ အတတ်တတ်၏"ဟု မာန်ယစ်ခြင်းတည်း ဟူသော **သိပ္ပမဒ**၊ "ငါသာလျှင်မြင့်၏"ဟု မာန်ယစ်ခြင်းတည်းဟူသော **အာရောဟမဒ**၊ "ငါသာလျှင် အလုံးအရပ်နှင့်ပြည့်စုံ၏"ဟု မာန်ယစ်ခြင်းတည်းဟူသော **ပရိဏာဟမဒ**၊ "ငါသာလျှင် ကြည်ညိုဖွယ်သော အဆင်းသဏ္ဌာန်ရှိ၏"ဟု မာန်ယစ်ခြင်းတည်းဟူသော **သဏ္ဌာနမဒ**၊ "သူတစ်ပါး၏ကိုယ်၌ များသောအပြစ်ရှိ၏၊ ငါ၏ကိုယ်၌ တစ်ဆံဖျား လောက်သောအပြစ်မရှိ"ဟု မာန်ယစ်ခြင်းတည်းဟူသော **ပါရိပူရိမဒ**။

(ဇာတိမဒမှစ၍ ဤအလုံးစုံသောမဒသည် မာနသာလျှင်တည်း။)

- ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတည်းဟူသော ကာမဂုဏ် ၅-ပါးဟု ဆိုအပ်သော **ဝတ္ထုကာမ**၊
- ရာဂ, ဒေါသအစရှိသောကိလေသကာမတည်းဟူသော ကာမဂုဏ်တို့၌ စိတ်ကို လွှတ်၍ စိတ်၏အလိုသို့ လိုက်ခြင်းတည်းဟူသော **ပမာဒ**၊
- ၅-ပါးသော အာရုံကိုတပ်တတ်သော လောဘတည်းဟူသော **တဏှာ**၊
- တွေဝေခြင်းလက္ခဏာရှိသော မောဟတည်းဟူသော **အဝိဇ္ဇာ**၊
- လောဘ, ဒေါသ, မောဟတည်းဟူသော **အကုသိုလ်မူလ** ၃-ပါး၊
- ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက်တည်းဟူသော **ဒုစရိုက်** ၃-ပါး၊
- တဏှာသံ ကိလေသ, ဒေါသသံကိလေသ, မောဟသံကိလေသတည်း-ဟူသော **သံကိလေသ** ၃-ပါး၊
- ရာဂမလ, ဒေါသမလ, မောဟမလတည်းဟူသော **မလ** ၃-ပါး၊
- သာသနာတော် သုဂတိဘဝတို့မှ သတ္တဝါတို့သည် ချော်ခြင်း၏အကြောင်းဖြစ်သော မညီမညွတ်သော တရားဟူသော ရာဂဝိသမ, ဒေါသဝိသမ, မောဟဝိသမတည်းဟူသော **ဝိသမ** ၃-ပါး၊
- ကာယဒုစ္စရိ တဝိသမ, ဝစီဒုစ္စရိတဝိသမ, မနောဒုစ္စရိတဝိသမတည်းဟူသော **ဝိသမ** ၃-ပါး၊
- ကာမသညာ, ဗျာပါဒသညာ, ဝိဟိံသာသညာ ဟူသော **သညာ** ၃-ပါး။
- ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်ဟူသော **ဝိတက်** ၃-ပါး၊
- သံသရာဝဋ်၌ သတ္တဝါတို့ကို အကျယ်ချဲ့တတ်သော တရားဟူသော တဏှာပပဉ္စ, ဒိဋ္ဌိပပဉ္စ, မာနပပဉ္စဟူ သော **ပပဉ္စတရား** ၃-ပါး၊
- အနိစ္စေ နိစ္စန္တိ ဝိပရိယေသ, ဒုက္ခေ သုခန္တိ ဝိပရိယေသ, အနတ္တသိမ် အတ္တာတိ ဝိပရိယေသ, အသုဘေ သုဘန္တိဝိပရိယေသဟူ၍ ဖောက်ပြန်သောအားဖြင့် **ရှာမှီးခြင်း** ၄-ပါး။

(အနိစ္စေနိစ္စ အစရှိသော ဝတ္ထု ၄-ပါးတို့တွင် တစ်ပါးတစ်ပါး၌ သညာဝိပရိယေသ, စိတ္တဝိပရိယေသ, ဒိဋ္ဌိဝိပရိယေသ ၃-ပါးတို့ကို အသီးအသီးယှဉ်၍ ဝိပလ္လာသ ၁၂-ပါး ဟူ၏၊ အနိစ္စေနိစ္စန္တိ သညာဝိပရိယေသော စိတ္တဝိပရိယေသော ဒိဋ္ဌိဝိပရိ ယေသော၊ ဤသို့ယှဉ်၍ ၁၂-ပါးဖြစ်သတည်း၊ ထို ၁၂-ပါးကို အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ၊ ဤဝတ္ထု ၄-ပါးကိုယူ၍ ဝိပရိယေသ ၄-ပါးဆိုသတည်း)

ရှည်စွာသံသရာဝဋ်ကို ပွားစေတတ်သောတရားဟု ဆိုအပ်သော**တစ်နည်း**-တရားအားဖြင့် သောတာပတ္တိမဂ်၏ရှေ့ ဂေါတြဘူတိုင်အောင် ဩကာသအားဖြင့် နေဝသညာနာသညာယတနတည်းဟူသော ဘဝဂ်တိုင်အောင်၊ ဤအလုံးစုံတို့ကို အာရုံပြုသောအားဖြင့် အတွင်းထား၍ဖြစ်တတ်သော **တစ်နည်းကား**- မြဲစွာထုံအပ်၊ သိုးပုပ်စေအပ်သော မုဒရက်သီးရည် အစရှိသည်ကို အာသဝဟူ၍ ဆိုအပ်သကဲ့သို့ ရှေ့အစွန်းမထင်၊ ဤကာမတဏှာ စသည်တို့ဖြင့် သတ္တဝါတို့ကို ထုံအပ်၊ သိုးပုပ်စေအပ်သောကြောင့် အာသဝမည်သော **တစ်နည်းကား** အနာမှယိုစီးသောပြည်ကဲ့သို့ **စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန, မနာယတန**-တည်းဟူသော အနာတို့မှ မပြတ်ယိုစီးတတ်သော တရားဟုဆိုအပ်သော ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝတည်းဟူသော **အာသဝ ၄**-ပါး။

မဂ်ဖိုလ်မရသေးသောသတ္တဝါတို့ကို စုတိ, ပဋိသန္ဓေအားဖြင့် ဝဋ်၌ ထုံတတ်, ဆက်တတ်သော အဘိဇ္ဈာကာယဂန္ထ, ဗျာပါဒကာယဂန္ထ, သီလဗ္ဗတပရာမာသ ကာယဂန္ထ, ဣဒံ သစ္စာဘိနိဝေသကာယဂန္ထတည်းဟူသော **ဂန္ထ ၄**-ပါး၊

လွှမ်းမိုး၍စီးသော ရေအယဉ်ကဲ့သို့ မဂ်ဖိုလ်မရသေးသော သတ္တဝါတို့ကို ဝဋ်၌ နစ်စေတတ်သော ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃတည်းဟူသော **ဩဃ ၄**-ပါး၊

ဝဋ်၌ယှဉ်သောကာမယောဂ, ဘဝ ယောဂ, ဒိဋ္ဌိယောဂ, အဝိဇ္ဇာယောဂတည်းဟူသော **ယောဂ ၄**-ပါး၊

သောတာပတ္တိမဂ္ဂဋ္ဌာန် အစရှိသော အရိယာပုဂ္ဂိုလ်၏လားရာ အကြောင်းမဟုတ်သော ဆန္ဒဂတိ, ဒေါသဂတိ, မောဟဂတိ, ဘယဂတိဟူသော **အဂတိ ၄**-ပါး။

တစ်ခုသောအာရုံ၌ မြဲစွာစွဲလမ်းခြင်း လက္ခဏာရှိသော တဏှာဟု ဆိုအပ်သော တစ်နည်းကား-သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး, ဣတိ ဘဝါ ဘဝဟူသော အကြောင်း ၄-ပါးတို့၌ စွဲလမ်းခြင်းလက္ခဏာရှိသော တဏှာ ၄-ပါးတည်းဟူသော ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်အားဖြင့် ဥပါဒါန်တရား ၄-ပါး၊ ဘုရား၌ယုံမှားခြင်း, တရား၌ယုံမှားခြင်း, သံဃာ၌ယုံမှားခြင်း, သိက္ခာပုဒ်၌ယုံမှားခြင်း, သီတင်းသုံးဖော်တို့၌ အမျက်ထွက်ခြင်းတည်းဟူသော **စေတောခိလ ၅**-ပါး၊ ကာမ၌တပ်ခြင်း, ကာယ၌တပ်ခြင်း, ရူပ၌တပ်ခြင်း, ဝမ်းပြည့်အောင်စား၍ သေယျသုခ, မိဒ္ဓသုခတို့၌ယှဉ်ခြင်း, အမှတ်မဲ့ တစ်ပါးပါးသောနတ်ပြည်ကိုတောင့်တ၍ မြတ်သောအကျင့်ကို ကျင့်ခြင်းတည်းဟူသော **စေတော ဝိနိဗန္ဓ ၅**-ပါး။

ကာမစ္ဆန္ဒနီဝရဏ, ဗျာပါဒနီဝရဏ, ထိနမိဒ္ဓနီဝရဏ, ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ, အဝိဇ္ဇာနီဝရဏတည်းဟူသော ထိုတရားတို့ကို မြစ်တတ်သောလက္ခဏာရှိသော **နီဝရဏ ၅-ပါး**၊ ရူပါရုံ, သဒ္ဒါရုံ အစရှိသော အာရုံခြောက်ပါးတို့၌ နှစ်သက်ခြင်းတဏှာတည်းဟူသော **အဘိနန္ဒ ၅-ပါး**၊ အမျက်ထွက်ခြင်း, ကျေးဇူးချေခြင်း, စဉ်းလဲ စဉ်းစားပြုခြင်း, ယုတ်မာသောအလိုရှိခြင်း, မိမိအယူကို မြဲစွာစွဲလမ်းခြင်းတည်းဟူသော **ငြင်းခုန်ခြင်း၏အကြောင်း ၆-ပါး**၊ ရူပတဏှာ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, ဓမ္မတဏှာ-ဟူသော **တဏှာကာရ ၆-ပါး**၊ ကာမရာဂါနုသယ, ဘဝရာဂါနုသယ, ပဋိဃာနုသယ, ဒိဋ္ဌာနုသယ, မာနာ နုသယ, ဝိစိကိစ္ဆာနုသယ, အဝိဇ္ဇာနုသယဟူသော မဂ်, ဖိုလ်မရသေးသောပုဂ္ဂိုလ်တို့ကို ဝင်၍ အဖန်တလဲလဲကိန်းစေတတ်သော **အနုသယ ၇-ပါး**၊ မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာ ဝါစာ, မိစ္ဆာကမ္မန္တ, မိစ္ဆာအာဇီဝ, မိစ္ဆာဝါယာမ, မိစ္ဆာသတိ, မိစ္ဆာသမာဓိ-တည်းဟူသော **မိစ္ဆတ္တတရား ၈-ပါး**။

ရူပါရုံအစရှိသည်ကို ရှာမှီးခြင်း **ပရိယေသန**၊ ရှာမှီး၍ရခြင်းဟူသော လာဘ်ကိုရ၍ "ဤသည်ကား ရူပါရုံအလို့ငှာ, ဤသည်ကား သဒ္ဒါရုံအလို့ငှာဖြစ်လတ္တံ့." ဤသို့စသဖြင့်ရင်း "ဤသည်ကား ငါ့အားဖြစ်လတ္တံ့ ဤသည်ကား သူတစ်ပါးအားဖြစ်လတ္တံ့. ဤမျှကို သုံးဆောင်အံ့, ဤမျှကို မြှုပ်ထားအံ့" ဤသို့ကြံခြင်းတည်းဟူသော **ဝိနိစ္ဆယ**၊ ကြံပြီးသော် အားနည်းသော တပ်ခြင်းဟူသော **ဆန္ဒရာဂ**၊ "ဤသည်ကား-ငါ့ဥစ္စာ၊" ဤသို့ စသည်ဖြင့် အားကြီးသော တပ်ခြင်း, သိုမှီးခြင်းတည်းဟူသော **အဇ္ဈောသန**၊ သိမ်းဆည်းခြင်းဟူသော ပရိဂ္ဂဟ၊ သိမ်းဆည်းသည်ကိုစွဲ၍ သူတစ်ပါးနှင့် ဆက်ဆံခြင်းကို သည်းမခံနိုင်ခြင်းတည်းဟူသော **မစ္ဆရိယ**၊ သေတ္တာ, တံတင်း အစရှိသည်တို့ဖြင့် လုံခြုံစွာထား၍ စောင့်ရှောက်ခြင်းတည်းဟူသော **အာရက္ခ**၊ စောင့်ခြင်းကိုစွဲ၍ တုတ်, လေး, မြှား, ဓား, လှံ, လက်နက်ကိုင်ခြင်းဟူသော **ဒဏ္ဍာဒါန**၊ **သတ္ထာဒါန**၊ ကိုယ်လက်ထိပါး၍ငြင်းခုံခြင်းဟူသော ကာယကလဟ၊ သင်, နင် စသည်ဖြင့် ဆိုမြည်ဆဲရေးခြင်းဟူသော **ဝါစာကလဟ**၊ ရှေးဦးစွာဆန့်ကျင်၍ ဆိုမြည်ခြင်းဟူသော ဝိဂ္ဂဟ၊ နောက်နောက် ဆန့်ကျင်ခြင်းဟူသော ဝိဝါဒ၊ မုသာဝါဒ, ပေသုည အစရှိသော အကုသိုလ်တရားတို့၏ ဖြစ်ခြင်းဟူသော တဏှာမူလကတရား ၉-ပါး။

ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ, မုသာဝါဒ, ပိသုဏဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ, အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိတည်းဟူသော **အကုသလကမ္မပထ ၁၀-ပါး**၊ သဿတဒိဋ္ဌိ ၄-ပါး၊ ဧကစ္စသဿတဒိဋ္ဌိ ၄-ပါး၊ အန္တာနန္တိကဒိဋ္ဌိ ၄-ပါး၊ အမရာဝိက္ခေပိကဒိဋ္ဌိ ၄-ပါး၊ အဓိစ္စသမုပ္ပန္နဒိဋ္ဌိ ၂-ပါး၊ သညီဝါဒဒိဋ္ဌိ ၁၆-ပါး၊ အသညီ ဝါဒဒိဋ္ဌိ ၈-

ပါး၊ နေဝသညီနာသညီဝါဒဒိဋ္ဌိ ၈-ပါး၊ ဥစ္ဆေဒဝါဒဒိဋ္ဌိ ၇-ပါး၊ အဒိဋ္ဌဓမ္မနိဗ္ဗာန ဒိဋ္ဌိဝါဒ ၅-ပါး၊ ဤသို့အားဖြင့် ၆၂-ပါးသော ဒိဋ္ဌိဝါဒ၊ ရူပါရုံကို တပ်တတ်သော ရူပတဏှာ၊ ဤသို့ အစရှိသည်ဖြင့် သဒ္ဒတဏှာ, ဂန္ဓတဏှာ, ရသတဏှာ, ဖောဋ္ဌဗ္ဗတဏှာ, ဓမ္မတဏှာ ၆-ပါး တို့ကို အသီးအသီး ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာတို့၏ အစွမ်းအားဖြင့် ၃-ပါး စီခြောက်လီပြု၍ ၁၈-ပါး။

ဤ၁၈-ပါးသည် အဇ္ဈတ္တရုပ်၌လည်း ၁၈-ပါး, ဗဟိဒ္ဓရုပ်၌လည်း ၁၈-ပါးအားဖြင့် ၃၆-ပါး၊ ဤ၃၆-ပါးသည် အတိတ်၌လည်း ၃၆-ပါး၊ အနာဂတ်၌လည်း ၃၆-ပါး၊ ပစ္စုပ္ပန်၌လည်း ၃၆-ပါးအားဖြင့် တဏှာစရိုက်အပြား ၁၀၈-ပါး၊ ဤသို့လျှင် အာရုံအစ ရှိသည် တို့ဖြင့်ရင်း ဖြစ်သောအခြင်းအရာဖြင့်ရင်း ဝေဖန်သောအားဖြင့် အသိန်းမက များစွာ ကုန်သော သတ္တဝါအပေါင်းတို့အား ပူပန်စေတတ်သော ကိလေသာတို့ကို အရဟတ္တမဂ် ဉာဏ်ဖြင့် ချိုးဖျက်တော်မူပြီးသောကြောင့်လည်း ဘဂဝါ မည်တော်မူ၏။

၇။ တစ်နည်းတုံ-လောက၌ အတတ်ပညာသင်ပေးသော အလေးအမြတ်ပြု အပ်သော ဆရာကို ဘဂဝါဟူ၍ ဆိုအပ်သကဲ့သို့ ထိုလောကီဆရာတို့သည် အရိုအသေပြု အပ်သော ဂုဏ်နှင့်မယှဉ်ကုန်၊ ထိုကဲ့သို့မဟုတ်မူ၍ မြတ်စွာဘုရားသည် အကျိုးစီးပွား သုံးပါးတို့ဖြင့် လူသုံးပါးတို့ကို ဆုံးမသွန်သင်တော်မူတတ်သောကြောင့် အလေးအမြတ် ပြုအပ်သော ဆရာလည်းမည်၏၊ မနှိုင်းယှဉ်အပ်သောကာလ၌ အပြားအားဖြင့်ဖြစ်သော သီလအစရှိသော ကျေးဇူးဂုဏ်အထူးနှင့်ပြည့်စုံတော်မူသည်၏အဖြစ်ကြောင့် အလုံးစုံသော အကျိုးမဲ့ကို ပယ်တော်မူခြင်းလျှင် ပြဋ္ဌာန်းခြင်းရှိသော အကြွင်းမရှိ ခပ်သိမ်းသော အကျိုးစီးပွားကို ပြီးစေတတ်သောလုံ့လနှင့် ပြည့်စုံတော်မူသဖြင့် နတ်, လူတို့နှင့်တကွ ဖြစ်သော သတ္တဝါအပေါင်းတို့အား များစွာသောကျေးဇူးပြုတတ်သောကြောင့် အတိုင်း အရှည်မရှိသော လောက၌ အတိုင်းမသိသော သတ္တဝါအပေါင်းတို့၏မြတ်သော အရိုအသေ ပြုအပ်သော ဆရာဖြစ်တော်မူ၏၊ ထို့ကြောင့် ဘဂဝါမည်တော်မူ၏။

ဘဇိတဗ္ဗံ သေဝိတဗ္ဗန္တိ ဘဂျံ။

ယံ ဒါနသီလာဒိပုညံ၊ အကြင်ဒါန, သီလ အစရှိသော ကောင်းမှုကို။ ဘဇိတဗ္ဗံ သေဝိတဗ္ဗံ၊ မှီဝဲအပ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တံ ဒါနသီလာဒိပုညံ၊ ထိုဒါနသီလ အစရှိသော ကောင်းမှုသည်။ ဘဂျံ၊ ဘဂျမည်၏။

## ဘဂျ် တဿ အတ္ထိတိ ဘဂဝါ။

တဿ ဘဂဝတော၊ ထိုမြတ်စွာဘုရားအား။ ဘဂျံ၊ မှီဝဲအပ်သောဒါန, သီလ အစရှိသော ကုသိုလ်တရားသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဘဂဝါ၊ **ဘဂဝါ** မည်တော်မူ၏။

ဤသို့သော ဝစနတ္ထနှင့်အညီ- ဒီပင်္ကရာမြတ်စွာဘုရားဖြစ်တော်မူသောအခါ

- လူစင်စစ်အဖြစ်,
- ယောကျ်ားစင်စစ်အဖြစ်,
- တိဟိတ်ပဋိသန္ဓေနေခြင်း,
- မြတ်စွာဘုရားကို ဖူးမြင်ရခြင်း,
- ရသေ့ရဟန်းအဖြစ်,
- ဈာန်အဘိညာန်နှင့်ပြည့်စုံခြင်း,
- ကိုယ်အသက်ကိုစွန့်၍ သူတစ်ပါးတို့ ပြုနိုင်ခဲသော ကုသိုလ်ကိုပြု၍ ဘုရားဆုကို တောင်းခြင်း,
- ဘုရားအဖြစ်၌ အလွန်အားကြီးသော ဆန္ဒရှိသောအဖြစ်၊

ဤ ၈-ပါးသောတရားတို့နှင့် ပြည့်စုံ၍ ထိုမြတ်စွာ ဘုရားခြေတော်ရင်း၌ တောင်း၍ နိယတဗျာဒိတ်ကို ရတော်မူသည်မှစ၍ ဖြည့်တော်မူ အပ်သော-

- ဒါနပါရမီ,　- သီလ ပါရမီ,　- နေက္ခမ္မပါရမီ,
- ပညာပါရမီ,　- ဝီရိယပါရမီ,　- ခန္တီပါရမီ,
- သစ္စာပါရမီ,　- အဓိဋ္ဌာန်ပါရမီ,- မေတ္တာပါရမီ,

-ဥပေက္ခာပါရမီတည်းဟူသော ၁၀-ပါးသော ပါရမီ၊ အလတ်ဖြစ်သော ၁၀-ပါး သောဥပပါရမီ၊ အမြတ်ဖြစ်သော ၁၀-ပါးသော ပရမတ္ထပါရမီ။

ပေးကမ်းခြင်း, ချစ်ဖွယ်သောစကားကိုဆိုခြင်း, ကိုယ်တော်နှင့် ထပ်တူထပ်မျှ ကျင့်ခြင်း, အကျိုးကိုကျင့်ခြင်းဟူသော သင်္ဂဟ ၄-ပါး၊ ဥစ္စာကိုစွန့်ခြင်း, သားသမီးကိုစွန့်ခြင်း, မယားကိုစွန့်ခြင်း, အင်္ဂါကြီးငယ်ကို စွန့်ခြင်း, အသက်ကိုစွန့်ခြင်းတည်းဟူသော စွန့်ခြင်းကြီး ၅-ပါး၊ လောကတ္ထစရိယ, ဉာတတ္ထစရိယ, ဗုဒ္ဓတ္ထစရိယတည်းဟူသော စရိယ ၃-ပါး၊ ဤသို့ အစရှိကုန်သော သဗ္ဗညုတဉာဏ်တော်၏ အဆောက်အဦ ဖြစ်ကုန်သော တရားအပေါင်း တို့ကို လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ယုတ်သောအဖို့, ညစ်ညူးသောအဖို့, တန်ပြီ-ဟူသော အဖို့တို့၌ မတည်မူ၍ အတိုင်းထက် အလွန်ထူးမြတ်သော အဖို့ရှိသော အရိုအသေအခြားမဲ့ပြု၍ အကြွင်းမရှိသောအားဖြင့် ဖြည့်တော်မူအပ်သော လောကီ၌

ဖြစ်သော လူမင်းပဒေသရာဇ်, ဧကရာဇ်, စကြဝတေးမင်းတို့၏ စည်းစိမ်ချမ်းသာ, လောကုတ္တရာဖြစ်သော မဂ်, ဖိုလ်, နိဗ္ဗာန်ချမ်းသာကိုရင်း အဆအရာမကသော ဘုန်းတော် ကြောင့်ဖြစ်သော လက္ခဏာတော်ကြီး ၃၂-ပါး, ၈၀-သော လက္ခဏာတော်ငယ်, ၆-သွယ် သောရောင်ခြည်တော်တို့ဖြင့် တန်ဆာဆင်အပ်သော ရူပကာယပြည့်စုံခြင်းကိုရင်း ပြီးစေတတ်သော အထွတ်သို့ရောက်သော ပါရမီတော်ဟု ဆိုအပ်သော ဘုန်းတော်ရှိသည် ၏အဖြစ်ကြောင့်လည်း ဘဂဝါ မည်တော်မူသည်။

## ၈။ ဘဝေသု ဂမနံ ဝန္တံ အနေနာတိ ဘဝဂမနဝန္တော။

အနေန ဘဂဝတာ၊ ထိုမြတ်စွာဘုရားသည်။ ဘဝေသု၊ ဘဝ ၃-ပါးတို့၌။ ဂမနံ၊ တဏှာတည်းဟူသော သွားခြင်းကို။ ဝန္တံ၊ အန်တော်မူအပ်ပြီ။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဘဝဂမနဝန္တော၊ ဘဝဂမနဝန္တ မည်တော်မူ၏။

(ဘဝဂမနဝန္တဟုဆိုအပ်လျက် ဘဝ-သဒ္ဒါမှ ဘ-အက္ခရာကို, ဂမနသဒ္ဒါမှ ဂ-အက္ခရာ ကို, ဝန္တ-သဒ္ဒါမှ ဝ-အက္ခရာကိုယူ၍ ဘဂဝါဟူ၍ဆိုအပ်၏။)

ဤသို့သော ဝစနတ္ထနှင့်အညီ-ကာမဘဝ, ရူပဘဝ, အရူပဘဝတည်းဟူသော ဘဝ ၃-ပါးတို့၌ တဏှာတည်းဟူသော သွားခြင်းကို အန်တော်မူပြီးသောကြောင့်လည်း ဘဂဝါ မည်တော်မူ၏၊ ဤသို့လျှင် အရဟံ အစရှိသောဆိုအပ်ပြီးသော ဂုဏ်တော် ၉-ပါးတို့နှင့် ပြည့်စုံတော်မူ၏။

(လက္ခဏာတော်ကြီး ၃၂-ပါး, ၁၀၈-ကွက်သော စက်လက္ခဏာတော်, ၈၀-သော လက္ခဏာတော်ငယ်တို့ကို ဘုရားအလောင်းဖွားတော်မူစက ပုဏ္ဏားတို့ လက္ခဏာဖတ်ရာ၌ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် သိလေအပ်၏၊ ရောင်ခြည်တော် ၆-သွယ်တို့ကိုကား စတုတ္ထသတ္တာဟ၌ ဗောဓိပင်မှ အနောက်မြောက်ထောင့် ရတနာဃရ၌ အဘိဓမ္မာ ၇-ကျမ်းကို သုံးသပ်တော်မူရာမှ ဆိုလတ္တံ့။)

ဤသို့အရှိသောဆိုအပ်ပြီးသောကျေးဇူးတော်ဂုဏ်တော်အပေါင်းတို့သည် သက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့်နေ့ ညဥ့်ကုန် အရုဏ်မတက်မီ သစ္စာ ၄-ပါးတရားကို သိတော်မူ၍ ဘုရားအဖြစ်သို့ရောက်တော်မူသည်နှင့် တစ်ပြိုင်နက် တစ်ချက်တည်း ပြည့်စုံ တော်မူသတည်း၊ သဗ္ဗညုတမြတ်စွာဘုရား၏ ဂုဏ်တော်တို့သည်ကား ဤသို့ဆိုအပ်ပြီးသော အတိုင်းအရှည်မျှသာ မဟုတ်သေး၊ သိမြင်ပါသရွေ့ အမြွက်မျှသာဖြစ်ပေသည်၊ ဘုရား တစ်ဆူ၏ ကျေးဇူးဂုဏ်တော်ကို ၁-ဆူသောဘုရားရှင်သည် အာယုကပ်ပတ်လုံး တစ်ပါးသော

စကားကို မဆိုမူ၍ ရေတွက်သော်လည်း အာယုကပ်သာကုန်ခြင်းသို့ ရောက်ရာ၏၊ ဘုရားတစ်ဆူ၏ ကျေးဇူးတော်မကုန်နိုင်ပလေ၊ ထို့ကြောင့်-

**ဗုဒ္ဓေါပိ ဗုဒ္ဓဿ ဘဏေယျ ဝဏ္ဏံ၊ ကပ္ပမ္ပိ စေ အညံမဘာသမာနော။**

**ခီယေထ ကပ္ပေါ စိရဒီဃမန္တရေ၊ ဝဏ္ဏော န ခီယေထ တထာဂတဿာတိ။**

ဟူ၍ဟောတော်မူသည်။

ဗုဒ္ဓေါပိ၊ ဘုရားတစ်ဆူသည်လည်း။ ကပ္ပမ္ပိ၊ အာယုကပ်ပတ်လုံးလည်း။ အညံ၊ တစ်ပါးသောစကားကို။ အဘာသမာနော၊ မဆိုမူ၍။ ဗုဒ္ဓဿ၊ ဘုရား ၁-ဆူ၏။ ဝဏ္ဏံ၊ ကျေးဇူးဂုဏ်တော်ကို။ စေ ဘဏေယျ၊ အကယ်၍ ရေတွက်ဆိုငြားအံ့။ စိရဒီဃမန္တရေ၊ ကြာမြင့်ရှည်စွာသော အခွင့်ကိုလွန်သဖြင့်။ ကပ္ပေါ၊ အာယုကပ်သည်။ ခီယေထ၊ ကုန်ရာ၏။ တထာဂတဿ၊ ဘုရားတစ်ဆူ၏။ ဝဏ္ဏော၊ ကျေးဇူးဂုဏ်တော်သည်။ န ခီယေထ၊ မကုန်နိုင်ရာ။

(မာရ်စစ်ကို အောင်တော်မူ၍ ဘုရားအဖြစ်ကို ရောက်တော်မူသည်မှစ၍ ဤမျှတိုင်ရှိသော စကားစဉ်ကား အာသဝက္ခယဉာဏ်ကိုရ၍ ဘုရားအဖြစ်သို့ရောက်တော်မူသည်နှင့်တစ်ပြိုင်နက် ဘုရားတစ်ဆူသည် ဘုရားတစ်ဆူ၏ကျေးဇူးတော်ကို ရေတွက်သော်လည်း အာယုကပ်ပတ်လုံး မရေတွက်နိုင်သော အလုံးစုံ ဘုရားကျေးဇူးတော်တို့နှင့် ပြည့်စုံတော်မူသည်ကို ဆိုသောစကားတည်း။)

✪✪✪✪✪✪✪✪✪✪✪

## ၁၁၇။ မဂ်ဖိုလ်ရမည့် ဝေနေယျတို့ကို မြင်တော်မူပုံ

ထိုသို့ ဒေဝိလရသေ့နှင့် ဘိုးတော်အဥ္စနမင်းထားသော သက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့်နေ့၊ ညဥ့်ကုန် အရုဏ်မတက်မီ ဘုရားအဖြစ်သို့ရောက်တော်မူသောအခါ၌ "ငါသည် ဤပလ္လင်ကိုရလိုသောကြောင့် ပါရမီဖြည့်၍ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းကာလပတ်လုံး ကျင်လည်ရပြီ၊ ဤပလ္လင်သည် ငါ့အားမြင့်မြတ်စွာနေအပ်သောပလ္လင်တည်း၊ မင်္ဂလာပလ္လင်တည်း၊ ဤပလ္လင်၌နေသဖြင့် အခွဲနှင့်တကွ တစ်ထောင်သောကိလေသာတို့ကိုကုန်စေ၍ အလုံးစုံသောတရားကို ငါသိအပ်၏" ဟူ၍ သိသောတရားကို ဆင်ခြင်လျက် ၇-ရက်ပတ်လုံး တစ်ထက်ဝယ်တည်းဖြင့်နေတော်မူသောအခါ အာသယာနုသယဉာဏ်ဖြင့် လောကကိုကြည့်တော်မူသည်ရှိသော် မဂ်, ဖိုလ်ရလတ္တံ့သော ၂၄-သင်္ချေနှင့် ကုဋေ

ခြောက်ဆယ်, ဗိုလ်ခြေတစ်သိန်း အရေအတွက်ရှိသော ဝေနေယျသတ္တဝါတို့ကို မြင်တော်မူ၏၊ တရားဓမ္မစကြာဟောရအံ့သောဌာ ဗာရာဏသီပြည်ကို မြင်တော်မူ၏။

ပစ္စန္တဒေသကို ကြည့်တော်မူသော် သာသနာတော် တည်လတ္တံ့သောအရပ်တို့ကို မြင်တော်မူ၏၊ လက်ာဒီပကျွန်းတို့ကို မြင်တော်မူ၏၊ "ယခုလက်ာဒီပကျွန်း၌ နေသောသူတို့ကား မင်္ဂ, ဖိုလ်ရထိုက်သသူမဟုတ်၊ ရှေ့ ၉-လမြောက် ပြာသိုလပြည့်နေ့ ငါသွား၍ထိုသူတို့ကို ဂိရိပဗ္ဗတသို့ပြောင်းစေအံ့၊ ထို့နောက် ၅-ဝါမြောက်၌ ထိုကျွန်းဝယ် နဂါးတို့ ခိုက်ရန်ဖြစ်သည်ကို တန်ခူးလပြည့်နေ့ ငါသွား၍ ဆုံးမပြန်ရအံ့၊ ထို့နောက် ၈-ဝါမြောက် ကဆုန်လပြည့်နေ့ မဏိအက္ခိကမည်သော နဂါးသည် ကြည်ညိုသဒ္ဓါသောစိတ်ဖြင့် ဆည်းကပ်သည်ကို မေတ္တာရေဖြင့်ဖျန်း၍ လက်ာဒီပကျွန်း၌ နောင်မွေတော်ဌာပနာလတ္တံ့သောအရပ်တို့၌ ဖလသမာပတ်ဝင်စားရအံ့၊ ငါပရိနိဗ္ဗာန်ပြုသည့်နေ့ လာလတိုင်း သီဟဗာဟုမင်း၏သား ဝိဇယကုမ္မာသည် ကျွန်သီး ၅၀၀-နှင့်တကွ လူနေတည်တောင်စပြုလတ္တံ့၊ ငါပရိနိဗ္ဗာန်လွန်တော်မူသောနောက် အနှစ် ၂၃၆-နှစ်မြောက်ဝယ် ပါဋလိပုတ်ပြည် ဓမ္မာသောကမင်းကြီးသား ရှင်မဟိန္ဒသည် ငါ၏သာသနာတော်ကို ဤကျွန်းသို့ဆောင်လတ္တံ့" ဤအလုံးစုံကိုမြင်တော်မူ၏။

အကုဋ္ဌေတစ်သိန်းမက များစွာသော ဖလသမာပတ်တို့ကို ဝင်စားတော်မူလျက် ၇-ရက်နေတော်မူ၏၊ ဗောဓိပင်နှင့် ရွှေပလ္လင်ကား ၁-လံခြား၏၊ အလျား, အနံအချင့် ၁၄-တောင်ရှိ၏၊ ၇-ရက်စေ့ပြီးနောက် ထိုပလ္လင်မှထတော်မူ၍ "ဤပလ္လင်၌ နေလျက်ငါသည် သဗ္ဗညုဘုရားအဖြစ်သို့ရောက်သည်တကား"ဟု မမှိတ်သောမျက်စိဖြင့် ပလ္လင်ကိုရှုတော်မူ၍ ဗောဓိပင်မှ ၁၀-လံခြား အရှေ့မြောက်ထောင့်အရပ်၌ ၇-ရက်ပတ်လုံး ရပ်တော်မူ၏၊ ထိုသို့ရပ်သည်ကို အကြောင်းပြု၍ အချို့သောပုထုဇဉ်နတ်တို့အား "သိဒ္ဓတ်မင်းသား ဘုရားအဖြစ်၌ ပြုဖွယ်ကိစ္စရှိသေးယောင်တကား၊ ပလ္လင်၌တပ်ခြင်းကို မစွန့်"ဟူ၍ အကြံဖြစ်ကုန်၏၊ ထိုနတ်တို့၏အကြံကို သိတော်မူ၍ ၇-ရက်စေ့ပြီးသောနောက်၌ ထိုနတ်တို့၏အကြံကို ငြိမ်းစေခြင်းငှာ ကောင်းကင်သို့ပျံတက်၍ ယမိုက်ပြာဋိဟာ ပြတော်မူ၏။ (ဤဗောဓိပင်၏အနီး၌ ပြတော်မူအပ်သော ယမိုက်ပြာဋိဟာ, ကပိလဝတ်ပြည် နိဂြောဓာရုံဥယျာဉ် ဆွေတော်မျိုးတော်တို့၏ အစည်းအဝေး၌ပြတော်မူသော ယမိုက်ပြာဋိဟာ, ပါဋလိပုတ်ပြည်သူတို့၏ အစည်းအဝေး၌ ပြတော်မူသော ယမိုက်ပြာဋိဟာ၊ ဤအလုံးစုံသည် သာဝတ္ထိပြည်တောင်တံခါး၏အနီး ကဏ္ဍမ္ဗသရက်ပင်ရင်း၌ ပြတော်မူအပ်သော ယမိုက်ပြာဋိဟာ နှင့် တူသည်ချည်းတည်း၊ ဤယမိုက်ပြာဋိဟာ ပြတော်မူသောအခြင်းအရာကို ကဏ္ဍမ္ဗသရက်ပင် ရင်း၌ ပြာဋိဟာပြသော အခါသို့ရောက်မှ ဆိုလတ္တံ့။)

ဤသို့ယမိုက်ပြာဋိဟာပြတော်မူပြီးမှ ကောင်းကင်မှသက်တော်မူ၍ ရပ်တော်မူရာ အရပ်နှင့် ဗောဓိပင်၏အကြား ဗောဓိပင်မှ မြောက်စူးစူး ၂-လံခြားအရပ်၌ ၇-ရက်ပတ်လုံး စင်္ကြံသွားတော်မူ၏၊ စင်္ကြံတော်အလျားကား အရှေ့, အနောက်တည်း။

✪✪✪✪✪✪✪✪✪✪

## ၁၁၈။ ပဋ္ဌာန်းကျမ်းကို သုံးသပ်ရာ ရောင်ခြည်တော်ထွက်လာပုံ

စင်္ကြံသွားတော်မူ၍ ၇-ရက်မြောက်ပြီးသော ဗောဓိပင်မှ အနောက်မြောက်ထောင့် ၁၃-လံခြားအရပ်၌ နတ်တို့ဖန်ဆင်းအပ်သော **ရတနာဃရရွှေအိမ်**၌ ၇-ရက် ပတ်လုံး **အဘိဓမ္မာ ၇-ကျမ်းကို** သုံးသပ်တော်မူ၏၊ အဘိဓမ္မာ ၇-ကျမ်းဟူသည်ကား

- ဓမ္မသင်္ဂဏီ,    - ဝိဘင်း,    - ဓာတုကထာ,
- ပုဂ္ဂလပညတ်,    - ကထာဝတ္ထု,    - ယမိုက်,
- ပဋ္ဌာန်း    ဟူ၍ ၇-ကျမ်းတည်း၊

ထို ၇-ကျမ်းတို့တွင် ဓမ္မသင်္ဂဏီကျမ်းကို သုံးသပ်ဆင်ခြင်တော်မူသော မြတ်စွာဘုရား၏ကိုယ်တော်မှ ရောင်ခြည်တော် ၆-သွယ်တို့သည် မထွက်ကုန်၊ ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလ, ပညတ်, ကထာဝတ္ထု, ယမိုက်ကျမ်းတို့ကို ဆင်ခြင်သုံးသပ်တော်မူသော မြတ်စွာဘုရား၏ကိုယ်တော်မှ ရောင်ခြည်တော်တို့သည် မထွက်ကုန်။

အကြင်အခါ၌ မဟာပကရဏဖြစ်သော ပဋ္ဌာန်းကျမ်းသို့သက်၍ ဟေတုပစ္စယော, အာရမ္မဏပစ္စယော အစရှိသည်ဖြင့် ဆင်ခြင်သုံးသပ်တော်မူ၏၊ ထိုအခါ၌ တိမိရ, ပိင်္ဂလ အမည်ရှိသော ငါးကြီးတို့သည် ယူဇနာရှစ်သောင်းလေးထောင် အစောက်နက်သော အပြောကျယ်သော မဟာသမုဒ္ဒရာ၌ ကျက်စားမြူးထူးရာအခွင့်ရသကဲ့သို့ မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်သည်လည်း မဟာပကရဏဖြစ်သော ပဋ္ဌာန်းကျမ်း၌သာလျှင် ကျက်စားရာအခွင့်ရသည်ဖြစ်၍ မြူးထူးကျက်စားသဖြင့် အသိန်းမကသောနည်းတို့ဖြင့် တန်ဆာဆင်အပ်သော ၂၄-ပါးအပြားရှိသော သမန္တပဋ္ဌာန်းကျမ်းကြီးကို သုံးသပ်ဆင်ခြင်သော မြတ်စွာဘုရား၏ကိုယ်တော်မှ ၆-သွယ်သောရောင်ခြည်တော်တို့သည် ထွက်ကုန်၏။

၁။ ဆံ, မုတ်ဆိတ်တို့မှငင်း, မျက်စိတော်တို့၏ ညိုသောအရပ်တို့မှငင်း ညိုသော ရောင်ခြည်တော်တို့သည် ထွက်ကုန်၏၊ ညိုသောရောင်ခြည်တော်တို့၏ အစွမ်း

အားဖြင့် ကောင်းကင်သည် မျက်စဉ်းမှုန့်တို့ဖြင့် ပြွမ်းဘိသကဲ့သို့ရင်း အောက်မည်း ညိုပွင့်, ကြာညိုပွင့်တို့ဖြင့် ဖုံးလွှမ်းဘိသကဲ့သို့ရင်း တလွှဲလွှဲယပ်သော ပတ္တမြား ညိုယပ်ဝန်းကဲ့သို့ရင်း ဖြန့်၍ထားသော ကြိုးအူပုဆိုးကဲ့သို့ရင်း ဖြစ်၏။

၂။ အရေတော်မှရင်း မျက်စိတော်တို့၏ ရွှေသောအရပ်တို့မှရင်း ရွှေသောရောင်ခြည် တော်၏အစွမ်းအားဖြင့် အရပ်မျက်နှာအဖို့တို့သည် ရွှေရည်ဖြင့်သွန်းဘိသကဲ့သို့, ရွှေပြားပုဆိုးကို ဖြန့်ဘိသကဲ့သို့, မာလာကျိုကျူမှုန့်- မဟာလှေကားပန်းတို့ဖြင့် ပြွမ်းဘိသကဲ့သို့ တင့်တယ်ကုန်၏။

၃။ အသားတော် အသွေးတော်တို့မှရင်း မျက်စိတော်တို့၏နီသောအရပ်တို့မှရင်း နီသောရောင်ခြည်တော်တို့သည် ထွက်ကုန်၏၊ နီသောရောင်ခြည်တော်တို့၏ အစွမ်းအားဖြင့် အရပ်မျက်နှာတို့၏အဖို့တို့သည် ဆုံးမှုန့်ညက်ဖြင့် ဆိုးဘိသကဲ့သို့, ချိပ်ရည်ဖြင့်သွန်းဘိသကဲ့သို့, ကမ္ဗလာနီဖြင့်ကာရံဘိသကဲ့သို့, လယ်ခေါင်ရမ်း- ပင်လယ်ကသစ်-မိုးစွေပန်းတို့ဖြင့် ပြွမ်းဘိသကဲ့သို့ တင့်တယ်ကုန်၏။

၄။ အရိုးတော်မှရင်း သွားတော်မှရင်း မျက်စိတော်တို့၏ဖြူသောအရပ်တော်တို့မှရင်း ဖြူသောရောင်ခြည်တော်တို့သည် ထွက်ကုန်၏၊ ဖြူသောရောင်ခြည်တော်တို့၏ အစွမ်းအားဖြင့် အရပ်မျက်နှာအဖို့တို့သည် ငွေဖျဉ်းတို့မှသွန်းသော ငွေရည်ဖြင့် ပြွမ်းဘိသကဲ့သို့, ကောင်းစွာဖြန့်အပ်သော ငွေပြားဗိတာန်ကဲ့သို့, တလွဲလွဲ တလျှပ် လျှပ်ယပ်သော ငွေပြားယပ်ဝန်းကဲ့သို့, သင်းခွေပန်း-ကြာဖြူ-ဥနဲ့-မုလေး-ကြက်ရုံး ပန်းတို့ဖြင့် ပြွမ်းဘိသကဲ့သို့ တင့်တယ်ကုန်၏။

၅-၆။ မောင်းသောရောင်ခြည်တော်, ပြိုးပြိုးပြက်သော ရောင်ခြည်တော်တို့သည် ထိုထို သောကိုယ်တော်အရပ်မှ ထွက်ကုန်၏။

ဤသို့ ၆-သွယ်သောရောင်ခြည်တော်တို့သည် ထွက်ကုန်၍ တစ်ခဲနက်သော မြေကို စွဲယူလေကုန်၏၊ နှစ်သိန်း, လေးသောင်း(ယူဇနာ)အထုရှိသောမြေကြီးသည် ဦးပြီးသော ရွှေစိုင်ကဲ့သို့ ဖြစ်၏၊ မြေကိုထုတ်ချင်းလျှိုဖောက်၍ အောက်၌ရေကိုယူလေ၏၊ မြေကို ခံသော နှစ်သိန်း, လေးသောင်းအထုရှိသော ရေသည် ရွှေဖျဉ်းမှသွန်းအပ်သော ရေယဉ်ကဲ့သို့ ဖြစ်၏၊ ရေကို ထုတ်ချင်းလျှိုဖောက်၍ အောက်၌လေကို စွဲယူလေကုန်၏၊ ရေကိုခံသော ကိုးသိန်း, ခြောက်သောင်းယူဇနာအထုရှိသောလေသည် ကောင်းစွာစိုက်အပ်သော ရွှေတုံး ကဲ့သို့ ဖြစ်၏၊ လေကိုထုတ်ချင်းလျှိုဖောက်၍ ယနေ့ထက်တိုင်အောင် ဟင်းလင်းအပြင်၌ ပြေးလေကုန်၏။

အထက်အဖို့ဖြင့် ပြေးလေကုန်သော ရောင်ခြည်တော်တို့သည် စတုမဟာရာဇ် နတ်ပြည်ကို ယူလေကုန်၏၊ စတုမဟာရာဇ်နတ်ပြည်ကိုထုတ်ချင်းဖောက်၍ တာဝတိံသာ နတ်ပြည်ကို ယူလေကုန်၏၊ ထိုကို ဖောက်၍ ယာမာနတ်ပြည်ကို ယူလေကုန်၏၊ ထိုကို ဖောက်၍ တုသိတာနတ်ပြည်ကိုယူလေကုန်၏၊ ထိုကိုဖောက်၍ နိမ္မာနရတိနတ်ပြည်ကို ယူလေကုန်၏၊ ထိုကိုဖောက်၍ ပရနိမ္မိတဝသဝတ္တီနတ်ပြည်ကိုယူလေကုန်၏၊ ထို့နောင် ၉-ရပ်သော ဗြဟ္မာ့ပြည်ကို၊ ထို့နောင် ဝေဟပ္ဖိုလ်ဗြဟ္မာ့ပြည်ကို၊ ထို့နောင် သုဒ္ဓါဝါသ ၅-ဘုံကို၊ ထို့နောင် အရူပ ၄-ဘုံကို ယူလေကုန်၏၊ အရူပ ၄-ဘုံကို ဖောက်၍ အထက် ကောင်းကင်သို့ ယနေ့ထက်တိုင်အောင် ပြေးလေကုန်၏။

ဖီလာအဖို့တို့ဖြင့်ကား အဆုံးမရှိသော လောကဓာတ်တို့သို့ ပြေးလေကုန်၏၊ ဤမျှ သောအရပ်တို့၌ နေ, လ, ကြယ်တို့၌ အရောင်တို့သည် မရှိကုန်၊ နတ်တို့၏ ဗိမာန်ဥယျာဉ် ပဒေသာပင်တို့၌ရင်း နတ်တို့၏ကိုယ်တို့၌ရင်း တန်ဆာတို့၌ရင်း အရောင်တို့သည် မရှိကုန်၊ လက်ညှိုး ၁-ချောင်းကိုထောင်သဖြင့် စကြဝဠာကုဋေတစ်သောင်းကို ထွန်းလင်းစေနိုင် သော, လက်ညှိုး ၁၀-ချောင်းကိုထောင်သဖြင့် စကြဝဠာကုဋေတစ်သိန်းအရေအတွက် ရှိသော တိသဟဿီလောကဓာတ်လုံးကို ထွန်းလင်းစေနိုင်သော ဗြဟ္မာကြီးသည် နေထွက် သောအခါ ပိုးရည်မြူးကဲ့သို့ ဖြစ်လေကုန်၏၊ ထိုအခါ နေ, လ, ကြယ်, နက္ခတ်, နတ်တို့၏ ဗိမာန်, ပဒေသာပင်, ဥယျာဉ်တို့သည် အပိုင်းအခြားအရေးမျှသာလျှင် ထင်လေကုန်၏။

✪✪✪✪✪✪✪✪✪✪

## ၁၁၉။ ဒိဋ္ဌမင်္ဂလိက ပုဏ္ဏားအကြောင်း

ဤသို့ဗောဓိပင်၏ အနောက်မြောက် ၁၃-လံခြား၌ ရတနာဃရရွှေအိမ်၌ ၇-ရက် ပတ်လုံး အဘိဓမ္မာ ၇-ကျမ်းကို သုံးသပ်ဆင်ခြင်တော်မူပြီးလျှင် ဗောဓိပင်မှသည် အရှေ့စူးစူး ၃၂-လံခြားအရပ်၌ အဇပါလ ပညောင်ပင်သို့ ကပ်တော်မူ၏၊ ထို ပညောင်ပင်ရင်း၌ ၇-ရက်မြောက်ပတ်လုံး ဝိမုတ္တိချမ်းသာကိုခံစားတော်မူ၏၊ ထိုပညောင်ပင်ကို အဇပါလ-ပညောင်ပင်ဟူ၍ တွင်သောအကြောင်းကား ထိုညောင်ပင်၏အရိပ်သည် ဆိတ်ကျောင်း လုလင်တို့၏နေ့အခါ၌ နေရာဖြစ်သောကြောင့် အဇပါလ- ဟုတွင်သတည်း၊ တစ်နည်းတုံ-မိမိ၏အရိပ်သို့ နေ့အခါ၌ ခိုမှီလာသောဆိတ်တို့ကို ထိုပညောင်ပင်သည် မိမိအရိပ်ဖြင့် စောင့်တတ်သောကြောင့် အဇပါလ-ဟု တွင်သတည်း၊ ထိုအဇပါလပညောင်ပင်ရင်း၌

မြတ်စွာဘုရားသည် ဝိမုတ္တိချမ်းသာကို ခံစားလျက် နေတော်မူသော ပဌမသတ္တာဟအတွင်း၌ အမျိုးမာန်တက်သည်ဖြစ်၍ ဟုံးဟုံး ဟူသော အသံကိုပြု၍သွားတတ်သော အလေ့ရှိသော ဒိဋ္ဌမင်္ဂလိကအမည်ရှိသော ပုဏ္ဏားသည် မြတ်စွာဘုရားအထံသို့ ကပ်လာ၍ မြတ်စွာဘုရားနှင့် တစ်သက်ပတ်လုံး အောက်မေ့အပ်သောစကားကို ဝမ်းမြောက်ဝမ်းသာ ပြောဟောပြီး၍ တင့်အပ်သောအရပ်၌နေ၍ မြတ်စွာဘုရားအား ဤသို့မေးလျှောက်၏။

"အို- အရှင်ဂေါတမ၊ အဘယ်မျှသောအကြောင်းဖြင့် ပုဏ္ဏားမည်ရာသနည်း၊ ပုဏ္ဏားအဖြစ်ကို ပြုတတ်သောတရားတို့သည်ကား အဘယ်တရားတို့နည်း" ဤသို့ မေးလျှောက်၏၊ ထိုအခါ ပုဏ္ဏားမေးအပ်သော ပုစ္ဆာ၏အနက်ကိုသိတော်မူ၍ ဤသို့သော ဥဒါန်းစကားကို မြွက်တော်မူ၏။

**ယော ဗြာဟ္မဏော ဗာဟိတပါပဓမ္မော၊ နိဟုံဟုကော နိက္ကသာဝေါ ယတတ္တော။**
**ဝေဒန္တဂူ ဝုသိတဗြဟ္မစရိယော၊ ဓမ္မေန သော ဗြာဟ္မဏဝါဒံ ဝဒေယျ၊**
**ယဿုဿဒါ နတ္ထိ ကုဟိဉ္စိ လောကေ'တိ။**

ဤဂါထာဖြင့် ဥဒါန်းကျူးတော်မူ၏။

ယော ဗြာဟ္မဏော၊ အကြင်ရဟန္တာပုဂ္ဂိုလ်သည်။ ဗာဟိတပါပဓမ္မော၊ မြစ်အပ်ပြီးသော အကုသိုလ်တရားလည်း ရှိ၏။ နိဟုံဟုကော၊ ဟုံးဟုံးဟူသောအသံကိုလည်း မပြုတတ်။ နိက္ကသာဝေါ၊ ရာဂအစရှိသော ကိလေသာမာန်လည်း မရှိ။ ယတတ္တော၊ ဘာဝနာစီးဖြန်းခြင်းနှင့် ယှဉ်သောစိတ်လည်းရှိ၏။ ဝေဒန္တဂူ၊ မဂ် ၄-ပါးတို့၏ အဆုံးသို့ရောက်၏။ ဝုသိတဗြဟ္မစရိယော၊ သုံးအပ်ပြီးသော မဂ်တည်းဟူသောအကျင့် ရှိ၏။ ယဿ၊ အကြင် ရဟန္တာပုဂ္ဂိုလ်အား။ ကုဟိဉ္စိ လောကေ၊ တစ်စုံတစ်ခုသောအာရုံ၌။ ဥဿဒါ၊ ၅-ပါးသော ဥဿဒတရားတို့သည်။ နတ္ထိ၊ မရှိကုန်။ သော ဗြာဟ္မဏော၊ ထိုပုဏ္ဏားသည်။ ဓမ္မေန၊ ပုဏ္ဏား မည်သော တရားနှင့်ညီသဖြင့်။ ဗြာဟ္မဏဝါဒံ၊ ငါပုဏ္ဏားဟူသောစကားကို။ ဝဒေယျ၊ ဆိုရာ၏။

ထိုဥဒါန်း၌ အဓိပ္ပါယ်ကား "ပုဏ္ဏား၊ မျက်မှောက်၌ မင်္ဂလာရှိ၏ဟု အထူးရှိသော အဖြစ်ဖြင့် ဟုံးဟုံးပြုခြင်း ရာဂအစရှိသောအကုသိုလ်တရားတို့နှင့်ယှဉ်သည်ဖြစ်၍ ပုဏ္ဏား မမည်၊ ပုဏ္ဏားမျိုးဖြစ်ကာမျှဖြင့်သာ ပုဏ္ဏားဟူ၍ ဝန်ခံရပါသည်၊ အကြင်ရဟန္တာပုဂ္ဂိုလ်အား မြစ်အပ်ပြီးသောမကောင်းမှုရှိ၏၊ ဟုံးဟုံးဟူသော အသံကိုလည်း မပြု၊ ရာဂအရှိသော ကိလေသာဟူသောမာန်လည်း မရှိ၊ ဘာဝနာစီးဖြန်းခြင်း လုံ့လနှင့်ယှဉ်သော စိတ်ရှိ၏၊ မဂ် ၄-ပါးတို့၏အဆုံးသို့ ရောက်၏၊ သုံးအပ်ပြီးသောမဂ်တည်းဟူသော အကျင့်ရှိ၏၊ တစ်စုံ

တစ်ခုသောအာရုံ၌ တပ်ခြင်းမှ အမျက်ထွက်ခြင်း, မိုက်မဲတွေဝေခြင်း, ဖောက်ပြန်သဖြင့် မြင်ခြင်း, မာန်တက်ခြင်းဟူသော ဤတရား ၅-ပါးတို့သည် မရှိကုန်၊ ထိုရဟန္တာပုဂ္ဂိုလ်တို့သည် ပုဏ္ဏားအဖြစ်ကိုပြုတတ်သော ပုဏ္ဏားမည်ရသောအကြောင်းတရား ၁၁-ပါးနှင့်ညီသဖြင့် ငါပုဏ္ဏားဟူသော စကားကို ဆိုအပ်၏" ဟူလိုသည်။

✪✪✪✪✪✪✪✪✪✪

## ၁၂၀။ မုစလိန္ဒာနဂါးမင်း ပါးပျဉ်းဖြင့် မိုးကာထားပုံ

အဇပါလပညောင်ပင်ရင်း၌ ဝိမုတ္တိချမ်းသာကို ခံစားတော်မူ၍ ၇-ရက်လွန်ပြီး သော် ထိုသမာဓိမှထ၍ ဗောဓိပင်မှ အရှေ့တောင်ထောင့် ၁-ဥသဘ အတိုင်းအရှည်ရှိသော အရပ်၌ ကျည်းပင်တကာတို့ထက် ကြီးမြတ်သည်ဖြစ်၍ ကျည်းပင်တို့ကို အစိုးရ သည်ဟု သမုတ်အပ်သော မုစလိန္ဒာ အမည်ရှိသော ကျည်းပင်သည် ရှိ၏၊ ထိုကျည်းပင် အရင်း၌ ကြာမျိုး ၅-ပါးတို့ဖြင့်တင့်တယ်သော အိုင်သည်ရှိ၏၊ ထိုအိုင်ကိုလည်း အိုင်၏အနား၌ ကျည်းပင်ရောက်သည်ကိုအကြောင်းပြု၍ မုစလိန္ဒာအိုင်ဟူ၍ သမုတ်အပ်၏၊ ထိုမုစလိန္ဒာ အိုင်နား ကျည်းပင်ရင်းသို့ ပြောင်းတော်မူ၍ ၇-ရက်ပတ်လုံး ဝိမုတ္တိချမ်းသာကို ခံစား တော်မူ၏၊ မုစလိန္ဒာကျည်းပင်ရင်းသို့ ပြောင်းတော်မူသောနေ့ကား နယုန်လပြည့်ကျော် ၆-ရက်နေ့ပင်တည်း၊ ထိုကျည်းပင်ရင်းသို့ ပြောင်းတော်မူသောနေ့မှစ၍ ချမ်းအေးသော လေဖြင့် နှိပ်စက်ခြင်းရှိသော ၇-ရက်ပတ်လုံး မပြတ်သက်၍ရွာသော မိုယ်းသည် စွေ၏။

ထိုအခါ၌ ထိုအိုင်၏အောက်မြေအဖို့၌ ဘုံဗိမာန်ရှိသော မုစလိန္ဒာမည်သော နဂါးမင်းသည် မိမိဘုံဗိမာန်မှထွက်ခဲ့၍ "မြတ်စွာဘုရားအား မိုးဖွဲ့နှင့်တကွ ချမ်းအေးသော လေသည် မနှိပ်စက်စေသတည်း၊ တစ်ရံတစ်ခါ တိမ်တိုက်ကင်းသည်ရှိသော် အပူသည် မနှိပ်စက်စေသတည်း၊ ခြင်, မှက်, လေ, နေပူ, မြွေ, ကင်းသန်းတို့သည် မနှိပ်စက်စေသတည်း" ဟူ၍ ကြည်ညိုသောစိတ်ဖြင့် မြတ်စွာဘုရားကိုယ်တော်ကို မိမိအခွေဖြင့် ၇-ခွေပတ်၍ ထိပ်တော်အထက်၌ ကြီးစွာသောပါးပျဉ်းကိုဖြန့်၍နေ၏၊ ထိုနဂါး၏အခွေတွင်းသည်ကား သီဟိုဠ်ကျွန်းလောဟပါသာဒကျောင်း၌ ဘဏ္ဍာထားရာတိုက်နှင့် အမျှလျှင်ဖြစ်သတည်း။ မြတ်စွာဘုရားသည်လည်း ထိုနဂါးအခွေတွင်း၌ ၇-ရက်ပတ်လုံး ချမ်းသာစွာ ဝိမုတ္တိ ချမ်းသာကို ခံစားတော်မူ၏၊ ၇-ရက်လည်၍ မိုးစဲသဖြင့် တိမ်တိုက်လင်းသည်ရှိသော် မြတ်စွာဘုရားကိုယ်တော်မှ မိမိအခွေကိုဖြေ၍ မိမိ၏နဂါးအဆင်းသဏ္ဌာန်ကိုပယ်၍ လုလင်

အသွင်ဖန်ဆင်း၍ လက်အုပ်ချီလျက် ရှိခိုး၍ မြတ်စွာဘုရားရှေ့တော်မှာ ရပ်၏၊ ထို အကြောင်းကို သိ၍ မြတ်စွာဘုရားသည် ဤသို့ ဝမ်းမြောက်သောဥဒါန်းစကားကို ကျူးတော်မူ၏။

ဝိဝေကော၊ နိဗ္ဗာန်ဟု ဆိုအပ်သော ဥပဓိ ၄-ပါးတို့၏ ဆိတ်ငြိမ်ခြင်းသည်။ သုခေါ၊ ချမ်းသာစွာ၏။ တုဋ္ဌဿ၊ ၄-ပါးသော မဂ်ဉာဏ်နှင့်ယှဉ်သော ရောင့်ရဲလွယ်ထသော။ ဘူတဓမ္မဿ၊ ထင်ရှားသိအပ်ပြီးသော တရားရှိထသော။ ပဿတော၊ မြင်အပ်သော တရားအပေါင်းတို့ကို မြင်ပြီးသောရဟန္တာပုဂ္ဂိုလ်အား။ အဗျာပဇ္ဇံ မစောင်းမြောင်းခြင်းသည်။ သုခံ၊ ချမ်းသာ၏။ လောကေ၊ လောက၌။ ပါဏဘူတေသု၊ သတ္တဝါအပေါင်းတို့၌။ သံယမော၊ ညှဉ်းဆဲခြင်းကိုမပြုဘဲ ကိုယ်, နှုတ်ကို စောင့်ရှောက်ခြင်းသည်။ သုခေါ၊ ချမ်းသာ၏။ လောကေ၊ လောက၌။ ဝိရာဂတာ၊ ရာဂကင်းသောအဖြစ်သည်။ သုခါ၊ ချမ်းသာ၏။ ကာမာနံ၊ ကာမတရားတို့ကို။ သမတိက္ကမော၊ လွန်ခြင်းသည်။ သုခေါ၊ ချမ်းသာ၏။ အသ္မိမာနဿ၊ ငါဟူသောမာန်ကို။ ယော ဝိနယော၊ အကြင်မဂ်ဖြင့်ဖျောက်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤသို့ ဖျောက်ခြင်းသည်။ ဝေ၊ စင်စစ်။ ပရမံ၊ မြတ်သော။ သုခံ၊ ချမ်းသာခြင်းပင်တည်း။ ဤသို့ ဥဒါန်းကျူးတော်မူ၏။

✪✪✪✪✪✪✪✪✪✪

## ၁၂၁။ တပုဿ, ဘလ္လိကတို့ ဆံတော်ရှင် ရရှိခြင်း

### တပုဿနှင့် ဘလ္လိကတို့ ပျားမုန့်ဆုပ်လှူခြင်း

ထိုအခါ၌ ထို ၆-ခုမြောက်သော သတ္တာဟကို လွန်သဖြင့် ထိုသမာဓိမှ ထတော်မူ၍ မုစလိန္ဒာကျည်းပင်ရင်းမှသည် ဗောဓိပင်၏တောင်စူးစူး ဗောဓိပင်မှ အလံ ၄၀-ခြားသော အရပ်၌ ရာဇာယတန လင်းလွန်းပင်ရှိ၏၊ ထိုလင်းလွန်းပင်သို့ ကပ်တော်မူ၍ ထိုလင်းလွန်း ပင်ရင်း၌ တစ်ခုသောထက်ဝယ်ဖြင့် ၇-ရပ်ပတ်လုံး ဝိမုတ္တိချမ်းသာကို ခံစားတော်မူ၏၊ ဤသို့ မြတ်စွာဘုရားသခင်သည် ရာဇာယတန လင်းလွန်းပင်ရင်း၌ တစ်ထက်ဝယ်တည်းဖြင့် ၇-ရက်ပတ်လုံး ဝိမုတ္တိချမ်းသာကို ခံစားတော်မူပြီး၍ ၄၉-ရက်မြောက် သတ္တသတ္တာဟ ခေသဖြင့် ထိုရာဇာယတနသတ္တာဟမှ ထတော်မူသော ဝါဆိုလဆန်း၊ ၅-ရက်နေ့ မိုးသောက် အခါ၌ "ယနေ့မိုးသောက် အရုဏ်တက်သောအခါ၌ မြတ်စွာဘုရားအား ဆွမ်းဘုဉ်းပေးခြင်း ကိစ္စသည် ဖြစ်ရာ၏"ဟု သိကြားမင်းသိ၍ ဆေးဖြစ်သောကြစုသီးကို ကပ်လှူ၏၊ မြတ်စွာ-

ဘုရားသည် ထိုကြစုသီးကို ဘုဥ်းပေးသောခဏ၌ ကိုယ်တော်သုတ်သင် ခြင်းကိစ္စသည် ဖြစ်၏၊ နောက်လုပ်ဆေးရေ ကပ်လှူ၏၊ မြတ်စွာဘုရားသည် လုပ်ဆေးတော်မူ၍ ထိုရာဇာယတနလင်းလွန်းပင်ရင်း၌ နေတော်မူ၏။

ထိုအခါ၌ မဇ္ဈိမဒေသ၏ပြင်အရှေ့တောင်အဘို့ ဥက္ကလာပဇနပုဒ်မှ **တပုဿ, ဘလ္လိက** အမည်ရှိသော လှည်းကုန်သည် ညီနောင် ၂-ယောက်တို့သည် လှည်းသား ၅၀၀-တို့နှင့်တကွ အဇ္ဈိတ္တမြို့တွင် သင်္ဘောနှင့်ကူး၍ သုဝဏ္ဏနဂရမြို့သို့ နှင်အံ့ဟု မဇ္ဈိမဒေသ အတွင်းသို့ နှင်ခဲ့၍ မဇ္ဈိမဒေသအလယ် မဂဓတိုင်း၏အတွင်း ဥရုဝေဠတော၌ ဗောဓိပင်၏ အနီးသို့ ရောက်လာ၏၊

ထိုအခါ၌ ထိုတပုဿ, ဘလ္လိကလှည်းကုန်သည်ညီနောင်တို့ အဆွေသားချင်း ဖြစ်ဖူးသော ထိုအရပ်၌ ပဉောင်ပင်စောင့်ရုက္ခစိုးနတ်သည် ထိုလှည်းကုန်သည်ညီနောင် တို့ကို မြတ်စွာဘုရားအား အာဟာရဘောဇဉ်ကို ကပ်လှူစေလို၍ ၅၀၀-သောလှည်းတို့ကို လှည်းဘီးမလည်စေနိုင်အောင် တန်ခိုးဖြင့် ချုပ်ထား၏၊ ထိုသို့ လှည်း ၅၀၀-တို့ မသွားနိုင် သည်ကိုမြင်သော် လှည်းကုန်သည်တို့သည် ခရီးစောင့်သောနတ်တို့သည် မိမိတို့အား ပူဇော်သက္ကာရမပြု၍ ဖမ်းကိုင်ချုပ်သည်ဟု အယူရှိ၍ ပူဇော်သက္ကာရပြုကုန်၏။

ထိုညဥ့်၌ ထိုရုက္ခစိုးနတ်သည် လှည်းကုန်သည်တို့အနီး၌ ကိုယ်ထင်ပြရပ်လာ၍ "အချင်းတို့၊ သင်တို့လှည်းကို ခရီးစောင့်နတ်တို့ချုပ်ကိုင်ထားသည်မဟုတ်၊ ဤအရပ်၌ အရှင်ဂေါတမဘုရားသည် ခပ်သိမ်းသောသူတို့၏ ရှေးဦးစွာ သစ္စာ ၄-ပါးတရားကိုသိသဖြင့် ဘုရားအဖြစ်သို့ရောက်၍ ဆွမ်းအာဟာရ မမှီဝဲလေသည်ကား ၄၉-ရက်ရှိပြီ၊ ယခု ရာဇာယတနလင်းလွန်းပင်တွင် နေတော်မူသည်၊ နက်ဖြန်မိုးသောက်အရုဏ်တက်၌ ဆွမ်း အာဟာရ မှီဝဲခြင်းကိစ္စဖြစ်အံ့သည်၊ သင်တို့အား အကျိုးစီးပွားများစေခြင်းငှာ ထိုမြတ်စွာ ဘုရားအား လှူစေလို၍ ငါချုပ်ကိုင်ထားသည်၊ ထောပတ်, ပျား, တင်လဲတို့ဖြင့် ရော၍ပြု အပ်သောမုံ့ကိုရင်း မရောဘဲပြုသောမုန့်ကိုရင်း လှူကုန်လော့၊ ထိုသို့လှူခြင်းသည် သင်တို့ အား ရှည်စွာသော နေ့, ညဥ့်ပတ်လုံး အကျိုးစီးပွားသည် ဖြစ်လတ္တံ့" ဟူ၍ဆို၏၊

ထိုညဥ့်မိုးသောက် အရုဏ်တက်သောအခါ၌ ထိုညီနောင်တို့သည် ပျား, တင်လဲ, ထောပတ်တို့နှင့်ရော၍ ပြုသောမုန့်ကိုရင်း မရောဘဲပြုသောမုန့်ကိုရင်း မြတ်စွာဘုရားအား ကပ်လှူကုန်၍ "အရှင်ဘုရား၊ အကျွန်ုပ်တို့အား ရှည်စွာသောနေ့, ညဥ့်ပတ်လုံး အကျိုး စီးပွားများစိမ့်သောငှါ ဤပျားမုန့်ဆုပ်ကိုရင်း ပျားနှင့်မဆုပ်သောမုန့်ကိုရင်း အလှူခံတော်မူပါ" ဟု ကပ်လှူ၏။

## ဆံတော် ၈-ဆူပေး၍ စေတီတည်စေခြင်း

ထိုသို့လှူလာသောအခါ အနော်မာမြစ်နား ရဟန်းပြုတော်မူစဉ် ယဋိကာရ ဗြဟ္မာလှူ သော သပိတ်တော်သည် ဘုရားဖြစ်အံ့သော ကဆုန်လပြည့်နေ့ သေနနိဂုံး၌ သေန သူဌေးသမီးသုဇာတာ ရွှေခွက်နှင့်တကွ နို့ဃနာလှူစဉ်ကပင် ကွယ်လေ၍ မရှိခဲ့ ဖြစ်ရကား အာဟာရကိုလည်း မှိဝဲသုံးဆောင်တော်မူမည်ရည်သဖြင့် "ငါ့အား ဤမုန့်ဆုပ်တို့ကို ခံအံ့သောငှာ သပိတ်မရှိခဲ့၊ ရှေးဘုရားရှင်တို့သည်လည်း အာဟာရဘောဇဉ်ကို လက်တို့ဖြင့် မခံကုန်၊ အဘယ်ဝတ္ထုဖြင့် ဤမုန့်ဆုပ်ကို ငါသည် ခံရအံ့နည်း"ဟု အကြံတော်သည် ဖြစ်၏၊ ထိုအခါ၌ စတုမဟာရာဇ်နတ်မင်းကြီး ၄-ယောက်တို့သည် မိမိတို့၏စိတ်ဖြင့် မြတ်စွာဘုရား၏ အကြံတော်ကိုသိ၍ ဣန္ဒနီလာ ပတ္တမြားညိုကျောက်ဖြင့်ပြီးသော သပိတ် ၄-လုံးကို လှူကုန် ၏၊ ထိုသပိတ်တို့ကို အလှူမခံ, ပယ်တော်မူသဖြင့် တဖန် ပဲနောက်အဆင်းရှိသော ကျောက်ညိုဖြင့်ပြီးသော သပိတ် ၄-လုံးတို့ကို လှူကုန်၏။

ထိုသပိတ်တို့ကို အလှူခံ၍ နတ်သား ၄-ယောက်တို့ သဒ္ဓါကြည်ညိုခြင်း မပျက်စေ ခြင်းငှာ စောင့်တော်မူလိုသဖြင့် သပိတ် ၄-လုံးကိုဆင့်၍ လက်တော်သို့တင်လျှင် **အနားရစ်** ၄-ဆင့်ရှိသော တစ်လုံးတည်းသော သပိတ်ဖြစ်၏၊ ထိုသပိတ်ဖြင့် လှည်းကုန်သည်ညီနောင် လှူသော ပျားမုန့်ဆုပ်တို့ကို ခံတော်မူ၍ ဘုဉ်းပေးတော်မူ၏၊ ဘုဉ်းပေးပြီးသော အဆုံး၌ ထိုကုန်သည်ညီနောင်တို့သည် မြတ်စွာဘုရားကို လျှောက်ကုန်၏။

"အရှင်ဘုရား၊ အကျွန်ုပ်တို့သည် မြတ်စွာဘုရားကို ကိုးကွယ်ပါကုန်၏၊ တရားတော်ကို ကိုးကွယ်ပါကုန်၏၊ ယနေ့ကိုအစပြု၍ အသက်ရှိသောကာလပတ်လုံး အကျွန်ုပ်တို့ကို သရဏဂုံဆောက်တည်သော ဥပါသကာမှတ်တော်မူပါ"ဟု လျှောက်ကုန်၏၊ ထိုအခါ ဘုရားနှင့်တရားတော်သာ ရှိသေး၍ သံဃာမရှိသေးသဖြင့် ထိုညီနောင်တို့ယူသော သရဏဂုံသည် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ"ဟူ၍ **ဒွေဝါစိကသရဏဂုံ** မျှသာတည်း၊ ထိုကုန်သည်တို့သည် ဥပါသကာအဖြစ်ကို လျှောက်ပြီး၍ "အရှင်ဘုရား၊ ယနေ့မှစ၍ အကျွန်ုပ်တို့သည် အသူ့အားရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း အစရှိသည်ကို ပြုပါရအံ့နည်း"ဟူ၍ လျှောက်၏၊ ဤသို့လျှောက်သော် မြတ်စွာဘုရားသည် လက်တော်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်တော်မူ၏၊ ၈-ချောင်းသော ဆံတော်တို့သည် လက်တော်၌ငြိ၍ ပါလာကုန်၏၊

"ဤဆံတော်တို့ကို သင်တို့အရပ်သို့ ဆောင်၍ ကိုးကွယ်လေကုန်၊ သင်တို့အရပ်၌ သိင်္ဂုတ္တရအမည်ရှိသောကုန်း၌ ကကုသန်, ကောဏာဂုံ, ကဿပ နောင်တော်ဘုရား ၃-

ဆူတို့၏ ဓာတ်တော်ကိုလည်း ဌာပနာ၏၊ ထိုကုန်း၌ ဆံတော်ဓာတ်တို့ကို ဌာပနာ၍ ကိုးကွယ်လေကုန်"ဟု အပ်တော်မူ၏၊ ထိုဆံတော်တို့ ပမာဏကား မြတ်စွာဘုရား လက် ၄-သစ် အရှည်ပမာဏရှိ၏၊ မဇ္ဈိမပုရိသတို့ ၁-ထွာ ရှိ၏၊ ပကတိလူတို့ ၁၈-လက်သစ်ရှိ၏။

ထိုညီနောင်တို့သည် ဆံတော်ဓာတ်တို့ကိုရ၍ ဝမ်းသာစွာအမြိုက်ရေစင်ဖြင့် သွန်းသကဲ့သို့ဖြစ်၍ မြတ်စွာဘုရားကို ရိုသေစွာရှိခိုး၍ ပြန်လေကုန်၏။ မိမိတို့ ကုန်စည်ရောင်းခြင်းကိစ္စပြီးလျှင် မဇ္ဈိမဒေသမှပြန်ခဲ့၍ **အဿတ္ထမြို့**မှသည် ၂၇-ရက်လာသဖြင့် **မောတင်ကရစ်**သို့ ရောက်၏၊ မော်တင်ကရစ်မှသည် မိမိတို့ဥက္ကလာပဇနပုဒ်သို့ရောက်၍ ဥက္ကလာပမင်းအား အကြောင်းကိုကြား၍ သိင်္ဂုတ္တရကုန်းကို ပြည်သူ, ပြည်သားတို့နှင့် တကွရှာကုန်စဉ် သိကြားမင်းသိ၍ ၉၉-ကုန်းတို့ဖြင့်ခြံရံအပ်သော ကဿပဘုရားဖြစ်တော်မူသည်မှစ၍ သစ်ကြီး, ဝါးကြီး, ချုံ, ပိတ်ပေါင်း, မြက်ရောက်လေသော သိင်္ဂုတ္တရကုန်းကို ဝိသုကမ္မနတ်သားအား သုတ်သင်စေနှင့်၏။

ထိုသိင်္ဂုတ္တရကုန်းကို ကုန်သည်ညီနောင်တွေ့၍ စည်းဝေးကြသောအခါ ပြဟ္မာ, သိကြား, နတ်အစရှိသော သူတို့သည် ဆံတော်ဓာတ်ကို ပူဇော်လာကုန်၏၊ (ဘုရား ၃-ဆူတို့ ဓာတ်ဌာပနာရာ အရပ်ကို မသိ၍ ရေသဖန်းပင်စောင့်နတ်ကို သိကြားမင်းမေးသော် ထိုနတ်လည်း မသိ၊ ထိုနတ်ထက်အသက်ကြီးသော ကက္ကန္ဒရနတ်, ဂေါဝိန္ဒနတ်တို့ကို မေးသော်လည်း မသိ၍ ထို ၂-ယောက်ထက်ကြီးသော ဒက္ခိဏနတ်, ရောဟဏီနတ်, မော်ဘီနတ်, အမြိသာနတ်, စုလေနတ်၊ ဤနတ် ၅-ယောက်တို့ကို မေးရာတွင်မှသိ၍) ထိုသိင်္ဂုတ္တရကုန်း၌ ဘုရား ၃-ဆူတို့ဓာတ်ဌာပနာရာ တွင်းတွင်ဆင့်၍ ဆံတော်ဓာတ်ကို ဌာပနာ၍ စေတီတည်၍ ကိုးကွယ်လေကုန်၏၊ မြတ်စွာဘုရားဆံတော်ဓာတ်ကို တပုဿ, ဘလ္လိကညီနောင်တို့အား အပ်တော်မူသည့်နေ့ကား ဘုရားဖြစ်တော်မူပြီးနောက် အရက် ၅၀-ပြည့် ဝါဆိုလဆန်း ၆-ရက် ကြာသပတေးနေ့လျှင်တည်း။

မြတ်စွာဘုရား ၇-ရက် ၇-လီပတ်လုံး သီတင်းသုံးတော်မူရာ အရပ်တို့၌ စေတီရှိသည်ချည်းသာတည်း။

၁။ အလယ်၌ **ဗောဓိစေတီ,**

၂။ ဗောဓိမှ အရှေ့မြောက်ထောင့် ၁၀-လံခြား မျက်စိမမှိတ်ဘဲရပ်တော်မူရာ၌ **အနိမိသစေတီ,**

၃။ ဗောဓိမှမြောက်စူးစူး ၂-လံခြားအရပ်၌ **ရတနာစင်္ကမစေတီ,**

၄။ အနောက်မြောက်ထောင့် ၁၃-လံခြားအရပ်၌ **ရတနာဃရစေတီ,**

၅။ အရှေ့စူးစူး ၃၂-လံခြား၌ **အဇပါလစေတီ,**

၆။ အရှေ့တောင် ၁-ဥသဘအရပ်၌ မုစလိန္ဒာကျည်းပင်စေတီ,

၇။ တောင်စူးစူးအလံ ၄၀-ခြား၌ ရာဇာယတနလင်းလွန်းပင်စေတီရှိသတည်း။

ဤစေတီ ၇-ရပ်တို့တွင် ကျည်းပင်စေတီနှင့် လင်းလွန်းပင်စေတီကို ခြံရံ၍ စေတီ ၅-ရပ်ကို ဝိုက်၍ နောက် ပသေနဒီကောသလမင်းကြီး တံတိုင်း ၂-ထပ်ရံ၏၊ နောက် ဓမ္မာသောကမင်းကြီးလည်း ၂-ထပ်ရံပြန်၏၊ ထိုတံတိုင်းတို့၌ တောင်, မြောက်, အရှေ့၊ ဤ ၃-မျက်နှာကသာ တံခါးပေါက်ရှိသတည်း၊ နေရဉ္ဇရာမြစ်ကား ဗောဓိပင်အရှေ့တောင် ၈-ဥသဘခြား၌ ရှိသတည်း၊ ထိုနေရဉ္ဇရာမြစ်နား နို့ယနာဘုဉ်းပေးတော်မူရာ၌လည်း **စေတီ ၁-ဆူ** ရှိသတည်း။

(ဤမျှသော စကားအစဉ်သည်ကား ဘိုးတော်အဥ္ဇနမင်းကြီးထားသော သက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့်ကုန်မည့်နေ့ မိုးသောက်အရုဏ်မတက်မီ ဘုရားအဖြစ်သို့ ရောက်တော်မူသည်မှ စ၍ ၎င်းသက္ကရာဇ် ၁၀၃-ခု၊ ဝါဆိုလဆန်း၊ ၅-ရက်တိုင် ၄၉-ရက်ပတ်လုံး ၇-ပါးသောအရပ်တို့၌ ၇-ရက်စီ ဝိမုတ္တိချမ်းသာကို ခံစား၍နေတော်မူသည်ကို ဆိုသောစကားတည်း။)

✪✪✪✪✪✪✪✪✪✪

## ၁၂၂။ သဟံပတိပြဟ္မာ တရားဟောရန် တောင်းပန်ပုံ

ထိုသို့ ရာဇာယတနလင်းလွန်းပင်ရင်း၌ ပျားမုန့်ဆုပ်ဆွမ်းကို ဘုဉ်းပေးတော်မူပြီးသော် ဗောဓိပင်အရှေ့ အဇပါလညောင်ပင်ရင်းသို့ တဖန်ပြောင်းတော်မူ၍ ထို၌လည်း ၇-ရက်ပတ်လုံး ဝိမုတ္တိချမ်းသာကိုခံစား၍နေတော်မူပြန်၏၊ ထို ၈-ခုမြောက်ဖြစ်သော သတ္တာဟအတွင်း ဆိတ်ငြိမ်ရာအရပ်၌နေသော မြတ်စွာဘုရားအား ဤသို့သောအကြံတော်သည် ဖြစ်၏၊ "ငါထိုးထွင်း၍သိအပ်, ရအပ်သောတရားတော်သည် အလွန်နက်နဲသိမ်မွေ့၏၊ သူတပါးတို့သည် သိနိုင်ခဲ၏၊ ကြံတွေးဆ၍ မသိနိုင်၊ သဗ္ဗညုတပညာရှိသော သူတို့သည်သာ သိအပ်၏၊ ဤသတ္တဝါအပေါင်းတို့သည်ကား ကာမဂုဏ် ၅-ပါးကို တပ်ခြင်း၌ မွေ့လျော်၏၊ ကာမဂုဏ် ၅-ပါး၌ဝမ်းမြောက်၏၊ တပ်ခြင်း၌မွေ့လျော်သော သတ္တဝါအပေါင်းအား ဤအကြောင်းတရားကို စွဲ၍ဖြစ်သော ပဋိစ္စသမုပ္ပါဒ်တရားကို ဟောပြောသော်လည်း သိနိုင်ခဲ၏၊ ခပ်သိမ်းသော သင်္ခါရတို့၏ ငြိမ်းရာဖြစ်သော ဥပဓိ ၄-ပါးတို့မှ လွတ်ရာဖြစ်သော

တဏှာကုန်ရာဖြစ်သော နိဗ္ဗာန်ကို မြင်နိုင်ခဲ၏၊ ငါသည်ကား တရားဟောငြားအံ့၊ သူတစ်ပါးတို့သည် ငါဟောသောတရားတို့ကို မသိကုန်ရာ၊ ထိုသို့မသိသော် ငါတရားဟော၍ ဟောကျိုးမရှိ၊ ပင်ပန်းကာသာဖြစ်အံ့သည်”ဟု ကြံတော်မူ၏၊ **အံ့ဖွယ်သရဲသောဂါထာတို့သည်** ဖြစ်ကုန်၏။

၁။ မေ မယာ၊ ငါသည်။ ကိစ္ဆေန၊ ဆင်းရဲငြိုငြင်သဖြင့်။ အဓိဂတော၊ ရအပ်သော။ ဓမ္မော၊ တရားတော်ကို။ ဒါနိ၊ ယခုအခါ၌။ ပကာသိတုံ၊ ထင်ရှားပြအံ့သောငှာ။ အလံ၊ မထိုက်။ ရာဂဒေါသပရေတေဟိ၊ ရာဂ, ဒေါသဖြင့် နှိပ်စက်အပ်ကုန်သော သတ္တဝါတို့သည်။ အယံ ဓမ္မော၊ ဤငါဟောသောတရားကို။ န သုသမ္ဗုဓော၊ ကောင်းစွာမသိရာ။

၂။ ပဋိသောတဂါမိံ၊ ဘဝ၏အညာသို့သွားရာဖြစ်သော။ နိပုဏံ၊ သိမ်မွေ့စွာသော။ အဏုံ၊ အဏုမြူကဲ့သို့။ ဒုဒ္ဒသံ၊ မြင်နိုင်ခဲသောတရားကို။ ရာဂရတ္တာ၊ ရာဂဖြင့် တပ်ကုန်သော။ တမောခန္ဓေန၊ အမိုက်အစုဖြင့်။ အာဝုတာ၊ ပိတ်ပင်မှေးအပ် ကုန်သော သတ္တဝါတို့သည်။ န ဒက္ခန္တိ၊ မမြင်နိုင်ကုန်လတ္တံ့။

ဤသို့ အဖန်တလဲလဲ ဆင်ခြင်တော်မူသော မြတ်စွာဘုရားအား “ငါတရားမဟောပြီ”ဟူ၍ ခပ်သိမ်းသောဘုရားတို့ ကြံမြဲဖြစ်သော အကြံတော်သည်ဖြစ်၏၊ အဘယ့်ကြောင့် ခပ်သိမ်းသော မြတ်စွာဘုရားတို့အား ဤသို့သော အကြံဖြစ်သနည်းဟူမူကား တရားတော်၏ နက်နဲသိမ်မွေ့သောအဖြစ်ကို အဖန်တလဲလဲ ဆင်ခြင်တော်မူသဖြင့် ဗြဟ္မာကြီးတောင်းပန်မှ တရားတော်ကို ဟောတော်မူသည်၏အဖြစ်ကြောင့်ငှာ ဤသို့ “ငါတရားမဟောပြီ”ဟု ကြံသည်ရှိသော် ဗြဟ္မာကြီးသည် “တောင်းပန်လတ္တံ့”ဟူ၍ သိတော်မူကုန်၏၊ ဗြဟ္မာတောင်းပန်သဖြင့် ဟောသောကြောင့် သတ္တဝါတို့သည် တရားတော်၌ ရိုသေခြင်းကို ဖြစ်စေကုန်လတ္တံ့၊ အလုံးစုံသော လောကသည် ဗြဟ္မာကို အလေးပြုကုန်၏၊ ဤသို့သော အကြောင်း ၂-ပါးတို့ကြောင့် ခပ်သိမ်းသော ဘုရားရှင်တို့အား ဤအကြံတော်သည် ဖြစ်၏။

ထိုသို့ဖြစ်သောအကြံကို သဟံပတိဗြဟ္မာကြီးသိ၍ “အချင်းတို့၊ အကြင်လောက၌ မြတ်စွာဘုရားအား ‘ငါတရားမဟောပြီ’ဟူသော အကြံသည် ဖြစ်ခဲ့၏၊ ထိုလောကသည် ပျက်လတ္တံ့၊ ထိုမှ, ဤမှ ပျက်လတ္တံ့”ဟုဆို၍ တစ်သောင်းသော စကြဝဠာ၌နေသော ဗြဟ္မာတို့ကိုခေါ်၍ မြင်းမိုရ်တောင်လုံးမျှသော ရတနာပန်းကုံးကို ဆောင်ခဲ့၍ အားကြီးသော ယောကျ်ားသည် ခွေသောလက်ကို ဆန့်သကဲ့သို့ ဗြဟ္မာ့ပြည်၌ ကွယ်ခဲ့၍ မြတ်စွာဘုရားရှေ့တော်၌ ထင်ရှားဖြစ်လာခဲ့၍ ပခုံးတစ်ဖက်၌ ကိုယ်ဝတ်စမွယ်တင်၍ မြေ၌ လက်ျာပုဆစ်ဒူးဝန်းကို ထောက်၍ မြတ်စွာဘုရားသို့ ရှေးရှုညွတ်သော လက်အုပ်ရှိသည်ဖြစ်၍ -

၁။ ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော အရှင်ဘုရားသည် တရားဟောတော်မူပါ၊ ပညာမျက်စိ၌ ကိလေသာမြူနည်းသောသဘောရှိသော သတ္တဝါတို့သည် ရှိပါကုန်၏၊ တရားတော်ကို မနာပါရသောကြောင့် အကျိုးစီးပွားယုတ်ကုန်လတ္တံ့၊ တရားကို ထိုးထွင်း၍ သိပါကုန်လတ္တံ့။

၂။ အရှင်ဘုရား၊ မဂဓရာဇ်တိုင်း၌ ကိလေသာတည်းဟူသော အညစ်အကြေးနှင့် တကွဖြစ်သော ပုရာဏကဿပ အစရှိသောတိတ္ထိတို့သည် ကြံတွေးဆ၍ ဟောအပ်သောတရားသည် မစင်ကြယ်ပါ၊ ကိလေသာ-ဟူသော အညစ်အကြေးကင်းသော မြတ်စွာဘုရား၊ နိဗ္ဗာန်တံခါးကိုဖွင့်တော်မူပါ၊ သတ္တဝါအပေါင်းတို့သည် တရားတော်ကို နာပါစေကုန်။

၃။ ဘုန်းတော်ကြီးသောရှင်ပင်ဘုရား၊ ဥပမာသည်ကား ကျောက်အတိပြီးသော တောင်ထိပ်၌ တည်သောသူသည် ထိုတောင်၏ထက်ဝန်းကျင်အရပ်၌ရှိသော လူအပေါင်းကို မြင်ရသကဲ့သို့ ကောင်းသောပညာရှိတော်မူသော ထက်ဝန်းကျင် မြင်နိုင်သော ပညာရှိတော်မူသော မြတ်စွာဘုရား၊ တရားတော်တည်းဟူသော ပြာသာဒ်ထက်သို့ တက်တော်မူ၍ စိုးရိမ်ခြင်းကင်းပြီး သောဘုရားသည် စိုးရိမ်ကြောင့်ကြနှင့်ပြွမ်းသော လူအပေါင်းကို ရှုတော်မူပါ၊ အိုခြင်း, သေခြင်း, ပဋိသန္ဓေနေခြင်းဖြင့် နှိပ်စက်သောလူအပေါင်းကို ရှုတော်မူပါ။

၄။ ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား၊ အောင်အပ်ပြီးသော စစ်မြေ ရှိသော မြတ်စွာဘုရား၊ ထတော်မူလော့၊ လှည်းကုန်သည်နှင့်တူသော မြတ်စွာဘုရား၊ ကိလေသာတည်းဟူသော မြူမရှိသော မြတ်စွာဘုရား၊ လောက၌ ဒေသစာရီ လှည့်တော်မူပါလော့၊ တရားဟောတော်မူပါလော့၊ သတ္တဝါတို့သည် တရားကို သိပါကုန်လတ္တံ့" ဤသို့ လျှောက်၏။

မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏၊ "အို- ဗြဟ္မာကြီး၊ ငါရအပ်သော တရားသည် နက်နဲသိမ်မွေ့ မြင်နိုင်ခဲ၏၊ ဤသတ္တဝါအပေါင်းသည် ကာမဂုဏ် ၅-ပါး၌တပ်၏၊ မွေ့လျော်၏၊ ကာမဂုဏ် ၅-ပါး၌တပ်သောသတ္တဝါတို့သည် အကြောင်းနှင့်တကွဖြစ်သော ပဋိစ္စသမုပ္ပါဒ် တရားကိုမြင်နိုင်ခဲ၏၊ သိနိုင်ခဲ၏၊ တဏှာတို့၏ကုန်ရာ ဥပဓိ ၄-ပါးတို့မှ လွတ်ရာဖြစ်သော နိဗ္ဗာန်ကိုမြင်နိုင်ခဲ၏၊ ငါသည်ကား တရားဟော၏၊ တစ်ပါးသော သူတို့ သည်ကား ငါ့အား မယုံကြည်ကုန်ရာ၊ ငါတရားဟောသော်လည်း ပင်ပန်းကာသာဖြစ်ရာ၏၊ ဗြဟ္မာကြီး၊ ဤသို့လည်း အံ့ဖွယ်သရဲသည် ဖြစ်၏၊ ရှေး၌သူတပါးတို့၏အထံမှ မကြားဖူးသော တရားကို ငြိုငြင်သဖြင့် ငါ၏ယခုအခါ၌ ဤတရားကို ထင်ရှား ပြအံ့သောငှာ မသင့်၊ ရာဂ,

ဒေါသဖြင့် နှိပ်စက်ကုန်သော သတ္တဝါတို့သည် မသိနိုင်ကုန်လတ္တံ့၊ ထို့ကြောင့် ငါတရား မဟောပြီ”ဟု မိန့်တော်မူ၏။

၂-ကြိမ်မြောက် သဟံပတိဗြဟ္မာကြီးလျှောက်ပြန်၏၊ “အရှင်ဘုရား၊ တရားဟော တော်မူပါ၊ ပညာမျက်စိ၌ ကိလေသာမြူနည်းကုန်သောသတ္တဝါတို့သည် မနာရသောကြောင့် တရားတော်မှ ယုတ်ကုန်ရာ၏၊ ထိုးထွင်း၍သိပါကုန်လတ္တံ့”ဟူ၍ လျှောက်ပြန်၏၊ မြတ်စွာ ဘုရားသည် နှစ်ကြိမ်မြောက်မိန့်တော်မူ၏၊ “ဗြဟ္မာကြီး၊ ငါထိုးထွင်း၍သိအပ်, ရအပ် သောတရားတော်သည်ကား နက်နဲသိမ်မွေ့မြင်နိုင်ခဲ၏၊ ကြံတွေးဆ၍မသိအပ်၊ ဤသတ္တဝါ တို့သည် ကာမဂုဏ်၌ တပ်ကုန်၏၊ ကာမဂုဏ်၌ မွေ့လျော်ကုန်၏၊ ကာမဂုဏ်၌ မွေ့လျော် သော သတ္တဝါအပေါင်းတို့သည် အကြောင်းနှင့်တကွဖြစ်သော ပဋိစ္စသမုပ္ပါဒ်တရားကို သိနိုင် ခဲ၏၊ တဏှာတို့၏ကုန်ရာ ဖြစ်သော ဥပဓိတို့မှ လွတ်ရာဖြစ်သော နိဗ္ဗာန်ကို မြင်နိုင်ခဲ၏၊ ငါတရားဟော သော်လည်း ပင်ပန်းကာသာဖြစ်အံ့သည်၊ ငါတရားမဟောပြီ-ဟု အကြံတော် ဖြစ်သည်”ဟု မိန့်တော်မူ၏။

ဗြဟ္မာကြီးသည် ၃-ကြိမ်မြောက် လျှောက်ပြန်၏၊ “ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ တရားဟောတော်မူပါ၊ ပညာမျက်စိ၌ ကိလေသာမြူနည်းကုန်သော သတ္တဝါတို့သည် ရှိပါကုန်၏၊ မနာရပါသောကြောင့် တရားတော်မှ ယုတ်ကုန်ရာ၏၊ ထိုးထွင်း ၍ သိပါကုန်လတ္တံ့” ဤသို့ လျှောက်၏၊ ထိုအခါ၌ သဟံပတိဗြဟ္မာမင်း၏ တောင်းပန်ခြင်း ကို သည်းခံတော်မူ၍ သတ္တဝါတို့၌ သနားတော်မူသည်ကို စွဲ၍ ဣန္ဒြိယပရောပရိယတ္တိဉာဏ် တည်းဟူသော ဗုဒ္ဓစက္ခုဖြင့် လောကကို ကြည့်တော်မူသည်ရှိသော် ပညာမျက်စိ၌ ကိလေသာမြူနည်းသော သတ္တဝါ, ပညာမျက်စိ၌ ကိလေသာမြူများသောသတ္တဝါ, သဒ္ဓါအစရှိသော ထက်သော ဣန္ဒြေရှိသောသတ္တဝါ, သဒ္ဓါအစရှိသော နုံ့သောဣန္ဒြေရှိသော သတ္တဝါ, သိစေလွယ်နိုင်သော သတ္တဝါ, သိစေနိုင်ခဲသောသတ္တဝါ, တမလွန်လောက၌ ဘေးကိုရှုလေ့ရှိသော သတ္တဝါတို့ကို မြင်တော်မူ၏။

ထိုသတ္တဝါတို့အား ၃-ပါးသော ကြာတို့သည် ဥပမာဖြစ်ကုန်၏၊ ကြာညို, ကြာပဒုမာ, ကြာပုဏ္ဍရိက်ခြုံတို့၌ အချို့သောကြာတို့သည် ရေ၌ဖြစ်ကုန်၍ ရေ၌ကြီးကုန်၍ ရေ၌နစ်ကုန် ၍ တည်သကဲ့သို့ရင်း အချို့သောကြာတို့သည် ရေ၌ဖြစ်ကုန်၍ ရေ၌ကြီးကုန်၍ ရေနှင့် အမျှဖြစ်ကုန်၍ တည်ကုန်သကဲ့သို့ရင်း အချို့သောကြာတို့သည် ရေ၌ဖြစ်ကုန်၍ ရေ၌ကြီး ကုန်၍ ရေကိုလွှမ်း၍ ရေ၌မလိမ်းကျံသည်ဖြစ်၍ တည်ကုန်သကဲ့သို့ရင်း သတ္တဝါတို့ကို မြင်တော်မူပြီး၍ ဤသို့မိန့်တော်မူ၏၊ “ဗြဟ္မာကြီး၊ ထိုသတ္တဝါတို့အား အမြိုက်နိဗ္ဗာန်တံခါးကို ငါဖွင့်အံ့၊ အကြင်သတ္တဝါတို့သည် သောတပသာဒ ရှိကုန်၏၊ ထိုသတ္တဝါတို့သည် သဒ္ဓါတရား ကို လွှတ်စေကုန်၊ ငါတရားဟောသော်လည်း ပင်ပန်းကာမျှသာ အမှတ်ရှိ၍ ငါ လေ့ကျက်

အပ်သောတရားကို လူတို့၌ မဟောသေးသတည်း၊ ယခုအခါ၌ ငါတရားဟောအံ့”ဟု မိန့်တော်မူ၏၊ ထိုအခါ၌ သဟံပတိဗြဟ္မာကြီးသည် တရားဟောအံ့သောငှာ ခွင့်ပြုတော်မူပြီဟုသိ၍ မြတ်စွာဘုရားကို ရှိခိုး၍ လက်ျာရစ်လည်၍ ထိုအရပ်မှ ကွယ်လေ၏။

✪✪✪✪✪✪✪✪✪✪

## ၁၂၃။ မိဂဒါဝုန်သို့ အကြွ ဥပကနှင့်တွေ့ခြင်း

ထိုအခါ မြတ်စွာဘုရားအား “ငါသည် အဘယ်သူအား ရှေးဦးစွာတရားဟောရအံ့နည်း၊ ငါဟောသောတရားကို အဘယ်သူသည် လျင်မြန်စွာသိအံ့နည်း” ဟူ၍ အကြံတော်သည် ဖြစ်၏၊ ထို့နောင် “ကာလာမအမျိုးဖြစ်သော အာဠာရသည် ပညာရှိ၏၊ လိမ်မာ၏၊ မိုယ်းကြိုးစက်နှင့်တူသော ပညာရှိ၏၊ ရှည်စွာသောနေ့, ညဥ့်ပတ်လုံး ပညာမျက်စိ၌ မြူနည်းသောသဘောရှိ၏၊ ထိုအာဠာရအား ရှေးဦးစွာ ငါသည် တရားဟောအံ့၊ အာဠာရသည် ငါ၏တရားကို လျင်စွာသိလတ္တံ့.”၊ ဤသို့ အကြံတော်သည် ဖြစ်၏၊ ထိုအခါ အခြားမဲ့၌ ကွယ်လေပြီးသော သဟံပတိဗြဟ္မာသည် “အာဠာရသည် လွန်၍ ယနေ့ ၇-ရက်ရှိပြီ၊ အာကိဉ္စညာယတနဘုံ၌ ဖြစ်လေပြီ”ဟု လျှောက်၏၊ မြတ်စွာဘုရား ဉာဏ်တော်၌လည်း အာဠာရလွန်၍ ၇-ရက်ရှိပြီ၊ အာကိဉ္စညာယတနဘုံ၌ ဖြစ်လေပြီဟု မြင်တော်မူ၏၊ ထိုအခါ၌ “အာဠာရသည် ရှုံးခြင်းကြီး ရှုံးလေစွတကား၊ ငါ၏တရားကို နာရလေပါအံ့၊ လျင်စွာသိလေရာ၏”ဟု နှုတ်မြွက်တော်မူ၏။

ထို့နောင်မှ “အဘယ်သူအား တရားဦးကို ဟောရအံ့နည်း၊ အဘယ်သူသည် လျင်စွာ သိအံ့နည်း”ဟု ကြံတော်မူ၏၊ ထိုအခါ ရာမမင်းကြီးသားဖြစ်သော ဥဒကသည် ပညာရှိ၏၊ လိမ်မာ၏၊ မိုးကြိုးစက်နှင့်တူသော ပညာရှိ၏၊ ရှည်မြင့်စွာသောနေ့, ညဥ့်ပတ်လုံး ပညာမျက်စိ၌ ကိလေသာတည်းဟူသော မြူနည်းသောသဘောရှိ၏၊ ဥဒကအား တရားဦးကို ငါဟောအံ့၊ ငါ့တရားကို ဥဒကသည် လျင်စွာသိရာ၏”ဟု အကြံတော်ဖြစ်၏၊ ထိုအခါ အခြားမဲ့၌ကွယ်လေပြီးသော ဗြဟ္မာကြီးသည်ပင် “အရှင်ဘုရား၊ ဥဒကသည် ယနေ့ သန်းခေါင်ယံတွင် လွန်၍ နေဝသညာနာသညာယတနဘုံ၌ ဖြစ်လေပြီ”ဟု လျှောက်၏၊ မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်၌လည်း ဥဒကသည် ယနေ့သန်းခေါင်ယံတွင် လွန်၍ နေဝသညာနာသညာယတနဘုံ၌ဖြစ်လေပြီဟု မြင်တော် မူသဖြင့် “ဥဒကသည် ရှုံးခြင်းကြီး ရှုံးလေစွတကား၊ ငါ့တရားကို နာရလေသော် လျင်စွာ သိလေရာ၏”ဟု နှုတ်မြွက်တော်မူပြီးမှ-

"အဘယ်သူအား တရားဦးကို ဟောရအံ့နည်း၊ ငါ့တရားကို အဘယ်သူသည် လျင်စွာ သိနိုင်အံ့နည်းဟု ကြံတော်မူသော်" ပဉ္စဝဂ္ဂီ ၅-ယောက်တို့သည် ငါ့အား ကျေးဇူးကြီး ပေသည်၊ ၆-နှစ်ပတ်လုံး ဒုက္ကရစရိယာကျင့်သောငါ့ကို လုပ်ကျွေးပေသည်၊ စင်စစ်လျှင် ပဉ္စဝဂ္ဂီ ၅-ယောက်တို့အား တရားဦးကို ငါဟောအံ့"ဟု ကြံတော်မူပြီး၍ "ယခုအခါ၌ ပဉ္စဝဂ္ဂီ ရသေ့တို့သည် အဘယ်အရပ်၌ နေလေကုန်သနည်း"ဟု ဆင်ခြင်တော်မူသည်ရှိသော် ဤဗောဓိပင်မှသည် ၁၈-ယူဇနာခြားသော ဗာရာဏသီပြည်၏အနီး မိဂဒါဝုန်တော၌ နေကုန်သည်ဟု လူတို့၏အမြင်ကိုလွန်သော နတ်မျက်စိဖြင့် မြင်တော်မူပြီး၍ ဤအဋ္ဌမ သတ္တာဟနောက် ၃, ၄-ရက်ကို ဗောဓိပင်၏အနီး ရွာတို့၌ ဆွမ်းမှီဝဲတော်မူလျက် နေတော်မူပြီး၍ ဝါဆိုလပြည့်နေ့၌ ဗောဓိပင်မှ ၁၈-ယူဇနာကွာသော ဗာရာဏသီပြည်သို့ ဆဒ္ဒန်ဆင် ၁၀-စီးအားကို ဆောင်တော်မူသော မြတ်စွာဘုရားသည် တစ်နေ့ခြင်းဖြင့် ကြွတော်မူ၏။

ရှေးဘုရားရှင်တို့သည် တရားဦးဟောအံ့သောအရပ်သို့ ကောင်းကင်ခရီးဖြင့် ကြွတော်မူကုန်၏၊ အရှင်ဂေါတမဘုရားမူ မုဆိုးကြီး၏သားမက်ဖြစ်လတ္တံ့သော မဂ်ဖိုလ်၏ ဥပနိဿယနှင့်ပြည့်စုံသော ဥပကရှင်ကြီးနှင့် ခရီးအကြားတွင် တွေ့လတ္တံ့သည်ကို မြင်တော်မူ၍ ခြေဖြင့်သာကြွတော်မူလေသော် ဗောဓိပင်မှ ၃-ဂါဝုတ်မျှကွာသော ဂယာရွာသို့ မရောက်မီ အကြားတွင် ဥပကရှင်ကြီးကိုတွေ့လေ၍ ဤသို့မြတ်စွာဘုရားကို မေးလျှောက်၏၊ "ငါ့ရှင်၊ သင်၏မျက်စိအစရှိသော ဣန္ဒြေတို့သည် ကြည်လင်ကုန်၏၊ အရေ၏ အဆင်းသည် သန့်ရှင်းစင်ကြယ်၏၊ ဖြူစင်၏၊ အဘယ်သူကိုရည်၍ ငါ့ရှင် ရဟန်းပြုသနည်း၊ အဘယ်သူသည် သင်၏ဆရာနည်း၊ အဘယ်သူ၏တရားကို သင်သည်နှစ်သက်သနည်း"၊ ဤသို့မေး၏၊ ဤသို့ မေးသည်ရှိသော် ဥပကရှင်ကြီးကို မြတ်စွာဘုရား ဤသို့ မိန့်တော်မူ၏။

၁။ "ရှင်ကြီး၊ ငါသည် အလုံးစုံလောက ၃-ပါး၌ ဖြစ်သောတရားကို နှိပ်စက်၍ ဖြစ်၏၊ အလုံးစုံသော တေဘူမကတရားကို ငါသိ၏၊ ခပ်သိမ်းသောတရားတို့၌ ကိလေသာ တည်းဟူသော လိမ်းကျံခြင်းဖြင့် မလိမ်းကျံ၊ အလုံးစုံသော တေဘူမကတရားကို စွန့်ပြီ၊ တဏှာ၏ကုန်ရာဖြစ်သော နိဗ္ဗာန်၌ အာရုံပြုသောအားဖြင့် အရဟတ္တဖိုလ် စိတ်ဖြင့် ကိလေသာမှ ငါလွတ်ပြီ၊ ငါ၏ကိုယ်တိုင် အလုံးစုံသော တရားကို သိပြီး၍ အဘယ်သူကို ဆရာဟူ၍ ငါညွှန်ရအံ့နည်း။

၂။ နတ်နှင့်တကွဖြစ်သော လောက၌ ငါ့အား ဆရာမည်သည် မရှိ၊ လောက ၃-ပါး၌ ငါနှင့်တူသောသူသည် မရှိ၊ ငါနှင့်တုဖက်ဖြစ်သော ပုဂ္ဂိုလ်မည်သည် မရှိ။

၃။ ဥပကရှင်ကြီး၊ ငါသည်လောက ၃-ပါး၌ ရဟန္တာတည်း၊ ငါသည် လူ ၃-ပါးတို့၏ အတုမရှိသောဆရာတည်း၊ ငါသည်တစ်ဦးတည်း သစ္စာ ၄-ပါးကို သိ၏၊ ငါသည် ကိလေသာတို့မှ ငြိမ်းပြီ။

၄။ ဥပကရှင်ကြီး၊ အမိုက်အတိဖြစ်သော လောက၌ ဓမ္မစကြာတရားကိုဟောအံ့သောငှာ ကာသိကရာဇ်တိုင်း ဗာရာဏသီပြည်သို့ သွား၍ အမြိုက်နိဗ္ဗာန်ကို ပေးတတ်သော တရားစည်ကြီးကို ငါတီးအံ့။

၅။ ဥပကရှင်ကြီး၊ ငါသည် အကြွင်းအခြင်းဖြင့် ရဟန္တာဖြစ်၏၊ အနန္တဇိနအမည်ရှိသည်ဖြစ်၏၊ ထိုအခြင်းဖြင့် ငါ့ကို အနန္တဇိနဟူ၍ သင်သည် သိလေရာ၏။

၆။ ဥပကရှင်ကြီး၊ ငါသို့သဘောရှိသောအကြွင်းသူတို့သည် အာသဝေါ ၄-ပါးတို့ ၏ ကုန်ခြင်းသို့ ရောက်ကုန်၍ အကုသိုလ်တရားတို့ကို အောင်အပ်ပြီးကုန်ပြီ၊ ထိုသူတို့သည် ဇိန မည်ကုန်၏၊ ငါသည် အကုသိုလ်တရားတို့ကို အောင်ပြီးသောကြောင့် အနန္တဇိန မည်၏။

ဤမျှသော ၆-ဂါထာတို့ဖြင့် မြတ်စွာဘုရား စကားပြောဟောတော်မူခြင်းသည် ဥပကအား နောက်အခါ၌ ရဟန်းဖြစ်ခြင်း၏အကြောင်းဖြစ်၏။

✪✪✪✪✪✪✪✪✪✪

## ၁၂၄။ ဥပကရဟန်းပြု၊ အကျွတ်တရားရခြင်း

ဤသို့ မိန့်တော်မူသည်ရှိသော် ဥပကလည်း "ငါ့ရှင်၊ ဟုတ်ပေရာ၏"ဟု ဆို၍ ဦးခေါင်းကိုလှုပ်၍ အဖြောင့်ခရီးကိုယူ၍ မဇ္ဈိမဒေသ၏ပြင်ပအဖို့၌ ဝင်္ဟာရဇနပုဒ်သို့ သွားလေ၏၊ ထိုဇနပုဒ်၌ မုဆိုးကြီးသည် ရဟန္တာဟူသောအမှတ်ဖြင့် အရိပ်သခ်မ်းလုပ်၍ အစားအသောက်ပေး၍ထားလေ၏၊ တစ်နေ့သ၌ မုဆိုးကြီးသည် ဆာဝါအမည်ရှိသော သမီးကို "ငါ့ဆရာအား ကောင်းမွန်စွာလုပ်ကျွေးရစ်"ဟု မှာ၍သား, ညီတို့နှင့်တကွ တောအမှုလုပ်သွားလေ၏၊ ဥပကသည် နက်ဖြန်မိုးသောက်၌ မုဆိုးကြီးအိမ်သို့ ဆွမ်းစားလာ၍ ဆာဝါသည် ကောင်းမွန်စွာပြင်ဆင်၍ဆွမ်းကပ်လာသော် ဆာဝါကို ပြင်းစွာတပ်မက်သော စိတ်ရှိ၍ ဆွမ်းမစားနိုင်ပြီ၊ ဆွမ်းကိုယူလာ၍ သခ်မ်းသို့ရောက်လျှင် ဆွမ်းကို အနီးတွင်ထား၍ "ဆာဝါကိုရသော်မှ ငါအသက်ရှင်တုံအံ့၊ မရလျှင် မရှင်ပြီ"ဟု အလျားမှောက်သဖြင့် အိပ်၍ နေလေ၏။

မုဆိုးကြီးသည် ၇-ရက်လည်၍ တောမှပြန်လာသော် ဆရာ့အကြောင်းကို သမီးအား မေးလျှင် "တစ်နေ့မျှသာ လာ၏၊ မလာသည်မှာ ယနေ့ ၇-ရက်ရှိပြီ"ဟု ဆိုလျှင် တောက လာတိုင်းဖြင့်သာလျှင် ဥပကအထံသို့သွားလေ၍ မှောက်ခုံအိပ်၍နေသော ဥပကကို မြင်လျှင် ခြေကိုကိုင်၍ "ငါ့ဆရာအဘယ်သို့ရှိသနည်း"ဟု မေးသော်လည်း နှုတ်တုံ့မပြန် ကြည်းညည်းလျက် ပက်လက်ပြောင်းပြန် လှန်ရုံမျှဖြစ်၏၊ မုဆိုးကြီးလည်း "ဆရာ၊ ဆိုလော့၊ ငါပြုအံ့သောငှာ တတ်နိုင်၏၊ အလိုရှိတိုင်းကို ပြုအံ့"ဟု ဆိုသော် "ဆာဝါကိုရသော်မှ ငါအသက်ရှင်တော့မည်၊ မရမူကား ဤအိပ်တိုင်းဖြင့် သေရတော့မည်"ဟု ဥပကဆို၏၊ "တစ်စုံတစ်ခုသော အတတ်ပညာရှိပါ၏လော"ဟုမေးသော် "ငါတစ်စုံတစ်ခုသော အတတ် ပညာမတတ်"ဟု ဆို၏၊ "တစ်စုံတစ်ခုသော အတတ်ပညာရှိမှသာ အိမ်ရာထောင်၍ လူပြုနိုင်သည်"ဟု မုဆိုးကြီးကဆိုလျှင် "ငါသင်တို့သတ်၍ရသည့် အမဲကိုထမ်းတတ်၏၊ သင်တို့ရောင်းရာထမ်း၍ လိုက်တတ်၏"ဟု ဆိုလျှင် "သည်မျှပင် ကိုလည်း ငါကြိုက်၏"ဟု မိမိတွင်ပါသော အပေါ်ရုံပုဆိုးကိုပေးဝတ်စေ၍ အိမ်သို့ခေါ် ခဲ့၍ သမီးဆာဝါနှင့် ပေးစား၍ ဆာဝါမှာ သားတစ်ယောက် မြင်၏။

ဆာဝါသည် ဥပကကို မမြတ်နိုးလှသောကြောင့် သားငယ်ငိုတိုင်း **အို-အမဲထမ်း၏ သား၊ အမဲရောင်း၏သား** ဤသို့ စသည်ဆို၍ သားငယ်ကို ဖြားယောင်းသော သီချင်းဖြင့် ဥပကကို ပြက်ရယ်မှုဆို၏၊ ဥပကလည်း "ငါ့ကို မလေးမလောက် ဆာဝါဆိုသည်" ဟူ၍ ဆိုလျှင် ဤမျှသော စကားဖြင့်ပင် ဥပကငြီးငွေ့၏မှတ်၍ အထပ်ထပ်ဆာဝါက ပြက်ရယ် မှုပြုဘိ၏၊ ဥပကလည်း ငြီးငွေ့၏၊ "ငါ့ကို အနာထ ကိုးကွယ်ရာမရှိ-ဟု ဆာဝါမှတ်သလော၊ ငါ့မှာ အဆွေခင်ပွန်းကြီး **အနန္တဇိန** ရှိ၏၊ ငါအနန္တဇိနထံသို့ သွားတော့အံ့"ဟူ၍ အိမ်မှ ထွက်၍ ဝင်္ကဟာရဇနပုဒ်မှသည် မဇ္ဈိမဒေသသို့ သွားလေ၏။

မြတ်စွာဘုရားလည်း အလျင်ကပင် "အနန္တဇိန အဘယ်မှာရှိပါသနည်း"မေး၍ လူတစ်ယောက်လာလျှင် ငါ၏အထံသို့ပို့ပါ"ဟု တပည့်ရဟန်းတို့ကို မှာတော်မူ၏၊ ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူသောအခါ မြတ်စွာဘုရားအထံသို့လာ၍ "အနန္တ ဇိန အဘယ်၌ ရှိပါသနည်း"ဟု မေး၍လာသဖြင့် ရဟန်းတို့ဆောင်ခဲ့၍ ဘုရားအထံသို့ ရောက်လျှင် "ဥပက၊ အသက်လည်းကြီးရင့်ပြီ၊ ရဟန်းပြုခြင်းငှာ တတ်နိုင်အံ့လော"ဟု မိန့်တော်မူရာ "တတ်နိုင်ပါ၏"ဟု လျှောက်၍ ရဟန်းသာမဏေပြု၍ သာမဏေကသည် ပဥ္စင်းပြု၍ ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်းသဖြင့် **အနာဂါမိမဂ်**သို့ ရောက်၍ စုတေသောအခါ ဗြဟ္မာ့ပြည်၌ဖြစ်လေ၏၊ ဖြစ်သောခဏ၌ ရဟန္တာဖြစ်၍ အကျွတ်တရားရလေ၏၊ ဥပက သားသည်ကား သုဘဒ္ဒ ဟူ၍ အမည်ရှိသတည်း။

## ၁၂၅။ ဓမ္မစကြာတရားတော်ကို ဟောတော်မူခြင်း

ဤသို့ ဥပကနှင့် ပြောဟောပြီး၍ ကြွတော်မူလေသော် ထိုဝါဆိုလပြည့်နေ့ ညချမ်း၌ ပင် ဗောဓိပင်မှ ၁၈-ယူဇနာကွာသော အနောက်မြောက်ထောင့်အရပ်၌ ဗာရာဏသီပြည်၏ အနီး မိဂဒါဝုန်တောသို့ ရောက်တော်မူလေ၏၊ ထိုမိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီ ၅-ယောက် အနီးသို့ရောက်လေသော် မြတ်စွာဘုရားကို ပဉ္စဝဂ္ဂီရသေ့ ၅-ယောက်တို့သည် အဝေးကမြင် လျှင် အချင်းချင်း **ကတိကဝတ်** ပြုကုန်၏။

'အရှင်တို့၊ ဤရဟန်းဂေါတမသည် လာပြန်လတ်ပြီ၊ ရဟန်းဂေါတမသည် လာဘ်များခြင်းကို အလိုရှိ၍ ဒုက္ကရစရိယာအကျင့်ကို ဖြတ်၏၊ သက်န်းအစရှိသည် များစေ ခြင်းငှာ လည်၏၊ ထိုရဟန်းဂေါတမကို ရှိမခိုးအပ်၊ ခရီးဦးမကြိုဆိုအပ်၊ သပိတ်, သက်န်းကို မလှမ်းယူအပ်၊ ခြေဆေးရေမပေးအပ်၊ စင်စစ်ကား အာဂန္တုကဖြစ်၍ နေရာခင်းအပ်၏၊ နေလိုလျှင် နေလတ္တံ့"

ဤသို့ ကတိကဝတ်ပြုကုန်၏၊ ထိုပဉ္စဝဂ္ဂီတို့၏ အခြင်းအရာကို မြင်တော်မူ၍ ခပ်သိမ်းသော သတ္တဝါတို့၌ နှံ့သော အနောဓိသမေတ္တာကို လွှတ်တော်မူ၍ ထိုသူ ၅-ယောက်တို့ ကိုယ်၌သာ နှံ့စေတတ်သော ဩဓိသမေတ္တာဖြင့် ကြွတော်မူ၍ အနီးသို့ ရောက်သောအခါ တန်ခိုးတော်အားဖြင့် မိမိတို့ကတိကဝတ်၌ မတည်နိုင်မူ၍ ၁-ယောက် သည် ခရီးဦးကြိုလင့်၏၊ တစ်ယောက်သည် သပိတ်, သက်န်းတော်ကို လှမ်းယူလင့်၏၊ ၁-ယောက်သည် နေရာခင်းလင့်၏၊ ၁-ယောက်သည် ခြေဆေးရေ ကပ်၏၊ ခြေပွတ်အိုးခြမ်းဖြင့် ခြေတော်ကို ပွတ်ဆေး၏၊ ၁-ယောက်သော ပဉ္စဝဂ္ဂီသည် သောက်ရေကပ်ပေ၏၊ မြတ်စွာ- ဘုရားလည်း ခြေတော်ကိုဆေးပြီးလျှင် ခင်းအပ်သော ဘုရားနေရာ၌ နေတော်မူ၏။

ထိုအခါ ပဉ္စဝဂ္ဂီရသေ့တို့သည် မြတ်စွာဘုရားကို **ဂေါတမ** ဟူသောအမည်ဖြင့်ငင်း ငါ့ရှင်ဟူသော အာဝုသောစကားဖြင့်ငင်း ခေါ်ဝေါ်ပြောဆိုကုန်၏၊ ဤသို့ပြောဆိုသည် ရှိသော် "ရဟန်းတို့၊ သင်တို့သည် လာခြင်းကောင်းသော ငါဘုရားကို အမည်အားဖြင့် ငင်း အာဝုသောစကားဖြင့်ငင်း မခေါ်ဝေါ်ကြကုန်လင့်၊ ရဟန်းတို့၊ ငါဘုရားသည် ရဟန္တာ ဖြစ်ပြီ၊ သစ္စာ ၄-ပါးတရားကို ငါအလိုလိုသိပြီ၊ သင်တို့နာကုန်လော့၊ အမြိုက်နိဗ္ဗာန်ကို ငါပေးအံ့၊ ငါတရားဟောအံ့၊ အကြင်အခြင်းဖြင့် ငါဆုံးမ၏၊ ထိုငါဆုံးမတိုင်း ကျင့်သည် ရှိသော် အကြင်မင်္ဂ, ဖိုလ်, နိဗ္ဗာန်အကျိုးငှာ အမျိုးသားတို့သည် အိမ်မှထွက်၍ ကျောင်း၌ ရဟန်းပြုကုန်၏၊ အတုမရှိမြတ်သောမဂ်တည်းဟူသော မြတ်သောအကျင့်၏ အဆုံးဖြစ်

သော အရဟတ္တဖိုလ်ကို မျက်မှောက်သောကိုယ်၏အဖြစ်၌ ထိုအမျိုးသားတို့သည် မိမိကိုယ်တိုင်သိ၍ မျက်မှောက်ပြု၍ နေရကုန်လတ္တံ့"ဟူ၍ မိန့်တော်မူ၏။

ဤသို့ မိန့်တော်မူလေသော် ပဉ္စဝဂ္ဂီတို့သည် ဤသို့ ဆိုကုန်၏၊ "အရှင်ဂေါတမ၊ သူတပါးတို့ ပြုနိုင်ခဲစွာသော ဒုက္ကရစရိယာအကျင့်ကို ၆-နှစ်ပတ်လုံး သင်ကျင့်သဖြင့် လူတို့၏ကုသိုလ် ၁၀-ပါးတရားထက်လွန်မြတ်သော အရိယာ၏အဖြစ်ကို ပြုခြင်းငှာ စွမ်းနိုင်သောဉာဏ်အမြင် မရသေး၏ရှင့်၊ ယခုအခါ၌ သင်ဂေါတမသည် လာဘ်ကိုအလိုရှိ၍ ဒုက္ကရစရိယာအကျင့်ကို ဖျက်ပြီးလျှင် လာဘ်များစေခြင်းငှာ လှည့်ပတ်ပြီးလျက် လူတို့၏ကုသိုလ်တရားထက်လွန်သော အရိယာ၏အဖြစ်ကို အဘယ်သို့ပြုနိုင်အံ့နည်း၊ အရဟတ္တမဂ်, ဖိုလ်ဉာဏ်ကို သင်သည်အဘယ်သို့ ရနိုင်အံ့နည်း၊ သင်ဘုရားဖြစ်၏ဟူသည်ကို ငါတို့မယုံ"ဟု ဆိုကုန်၏၊ "ရှန့်ရှင်းသောအာဟာရကို မှီဝဲ၍ ကိုယ်, လက်ဆူဖြိုးမှ အရောင်အဆင်းနှင့်ပြည့်စုံမှ ဘုရားဖြစ်၏ဟူသည်ကို ငါတို့မယုံ"ဟု ဆိုကုန်၏။

ဤသို့ ဆိုကုန်သော် "ရဟန်းတို့၊ ငါလာဘ်များခြင်းကိုလို၍ ဒုက္ကစရိယာအကျင့်ကို မဖျက်၊ ငါလာဘ်များစေခြင်းငှာ မလှည့်ပတ်၊ ရဟန်းတို့၊ ငါရဟန္တာဖြစ်ပြီ၊ သစ္စာ ၄-ပါးတရားကို သိပြီ၊ သင်တို့အား အမြိုက်နိဗ္ဗာန်ကို ရစေတတ်သော အကျင့်ကို ငါဆုံးမအံ့၊ ငါတရားဟောအံ့၊ ငါ့တရားကိုနာကုန်သော အကြင်အမျိုးသားတို့သည် ငါဆုံးမတိုင်း ကျင့်၏၊ ထိုအမျိုးသားတို့သည် မဂ်, ဖိုလ်, နိဗ္ဗာန်အကျိုးငှာ အိမ်မှထွက်၍ ရဟန်းပြု၏၊ ထိုအမျိုးသားတို့သည် မျက်မှောက်သောကိုယ်၏အဖြစ်၌ မဂ်, ဖိုလ်, နိဗ္ဗာန်ကို ကိုယ်တိုင်သိကုန်လတ္တံ့" ဟု မိန့်တော်မူပြန်၏၊

ပဉ္စဝဂ္ဂီတို့သည်လည်း "ငါ့ရှင်ဂေါတမ၊ ငါ့ရှင်သည် သူတပါးတို့ကျင့်နိုင်ခဲသော ဒုက္ကရစရိယာအကျင့်ကို ၆-နှစ်ပတ်လုံး ကျင့်သဖြင့်လည်း ထိုလူတို့တရားထက် မြတ်သော အရိယာ၏အဖြစ်ကို ပြုတတ်သောမဂ်ဉာဏ်တရားကို မရသေး၏ရှင့်၊ ယခု ဒုက္ကရစရိယာအကျင့်ကိုဖျက်၍ လာဘ်များခြင်းကိုလိုသဖြင့် လှည့်ပတ်မှ, ရှန့်ရှင်းသောဆွမ်း အာဟာရကို မှီဝဲ၍ ကိုယ်လက်ဆူဖြိုးမှ, အရောင်အဆင်းနှင့် ပြည့်စုံမှ ဘုရားဖြစ်၏ ဟူသည်ကို ငါတို့မယုံကြည်" ဟူ၍ ၂-ကြိမ်, ၃-ကြိမ် ဆိုပြန်ကုန်သော် "ရဟန်းတို့၊ ဤအခါမှသည် ရှေးဒုက္ကရစရိယာကျင့်သောအခါ၌ ငါသည် သင်တို့အား ဘုရားဖြစ်ပြီ၊ သစ္စာ ၄-ပါး တရားကို သိပြီ၊ ငါတရားဟောအံ့ဟူသောစကားကို ဆိုဖူး၏ဟူ၍ အမှတ်ရကုန်၏လော" ဤသို့ မေးတော်မူလေသော် "အရှင်ဘုရား၊ ရှေး၌ မဆိုဖူးပေ"ဟူ၍ ဆိုကုန်၏။

"ရဟန်းတို့၊ ယခု ငါရဟန္တာဖြစ်ပြီ၊ သစ္စာ ၄-ပါးတရားကိုသိ၍ ဘုရားဖြစ်ပြီ၊ သင်တို့နားထောင်ကုန်လော့၊ ငါသင်တို့ကို နိဗ္ဗာန်ကို ရစေတတ်သောအကျင့်ကို ဆုံးမအံ့၊

တရားဟောအံ့၊ သင်တို့ငါဆုံးမတိုင်းကျင့်ကုန်သည်ရှိသော် မျက်မှောက်သောကိုယ်အဖြစ်၌ မဂ်, ဖိုလ်, နိဗ္ဗာန်ကို မျက်မှောက်ပြုရကုန်လတ္တံ့”ဟူ၍ မိန့်တော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် “လာက ၃-ပါးထက်မြတ်၏၊ ငါသည်ကြီး၏”ဟူ၍ ပဉ္စဝဂ္ဂီတို့ကို သိစေခြင်းငှာ တတ်နိုင်တော်မူ၏၊ ပဉ္စဝဂ္ဂီရသေ့တို့သည် မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးကုန်၏၊ နားထောင်ကုန်၏၊ “မြတ်စွာဘုရားဆိုတော်မူသော စကားသိအပ်၏”ဟု စိတ်ကို ဖြစ်စေကုန်၏၊ ထိုအခါ၌ မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီတို့ကို ခေါ်တော်မူ၍ ဝါဆိုလပြည့်နေ့, ည အနောက်မျက်နှာမှလည်း နေ ၁-ခြမ်းဝင်သောအခါ အရှေ့မျက်နှာမှလည်း ဥတ္တရာသဠ်နက္ခတ်နှင့်လည်း ယှဉ်လျက် လ ၁-ခြမ်းပေါ်သောအခါ၌-

ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ-

အစရှိသည်ဖြင့် ဓမ္မစကြာတရားတော်မြတ်ကို ဟောတော်မူ၏၊ အနောက်မျက်နှာ၌ နေလုံးလုံးဝင်, အရှေ့မျက်နှာ၌ လဝန်းအလုံးစုံပေါ်သောအခါ၌ ဓမ္မစကြာသုတ္တန်တရားတော်မြတ်သည် အပြီးသို့ရောက်၏၊ ထိုအခါ၌ ပဉ္စဝဂ္ဂီတို့တွင် အကြီးရသေ့ အရှင်ကောဏ္ဍညသည် အကျွတ်တတန် သောတာပတ္တိမဂ်, ဖိုလ်တရားကို ရ၏၊ အရှင်ကောဏ္ဍညနှင့်အတူ တစ်ဆယ့်ရှစ်ကုဋေအရေအတွက်ရှိသော နတ်, ဗြဟ္မာတို့သည်လည်း မဂ်, ဖိုလ်ရ၍ အကျွတ်တရားရလေကုန်၏။

“ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ”စသည်ဖြင့် ဟောတော်မူသော အသံကို ဘုမ္မစိုးနတ်တို့သည် ကြားကုန်၍ “ဓမ္မစကြာတရားတော်ကို မြတ်စွာဘုရားသည် ဗာရာဏသီပြည် မိဂဒါဝုန်တော၌ ဟောတော်မူသည်”ဟု ဟစ်ကြော်ကုန်၏၊

ထိုအသံကို စတုမဟာရာဇ်နတ်တို့ ကြားကုန်၏၊ စတုမဟာရာဇ်နတ်တို့၏အသံကို တာဝတိံသာနတ်တို့ ကြားကုန်၏၊ တာဝတိံသာနတ်တို့အသံကို ယာမာနတ်တို့သည် ကြားကုန်၏၊ ယာမာနတ်တို့ အသံကို တုသိတာနတ်တို့ ကြားကုန်၏၊ တုသိတာနတ်တို့၏ အသံကို နိမ္မာနရတိနတ်တို့ ကြားကုန်၏၊ နိမ္မာနရတိနတ်တို့၏အသံကို ပရနိမ္မိတဝသဝတ္တီနတ်တို့ ကြားကုန်၏၊ ပရနိမ္မိ တဝသဝတ္တီနတ်တို့၏အသံကို ဗြဟ္မပါရိသဇ္ဇာဘုံ၌ ဗြဟ္မာတို့သည် ကြားကုန်၏၊ ဗြဟ္မပါရိ သဇ္ဇာဘုံဗြဟ္မာတို့၏အသံကို ဗြဟ္မပုရောဟိတာဘုံဗြဟ္မာတို့သည် ကြားကုန်၏၊ ဗြဟ္မပုရော ဟိတာဗြဟ္မာတို့၏အသံကို မဟာဗြဟ္မာဘုံ၌ ဗြဟ္မာတို့သည် ကြားကုန်၏၊ မဟာဗြဟ္မာဘုံ ဗြဟ္မာတို့၏အသံကို ပရိတ္တာဘာဘုံဗြဟ္မာတို့သည်ကြားကုန်၏၊ ဤသို့သောနည်းဖြင့် အသညသတ်ဗြဟ္မာကိုထား၍ ရူပါဝစရ ၁၆-ဘုံ အဆုံးဖြစ်သော အကနိဋ္ဌဗြဟ္မာဘုံတိုင်အောင် ကျော်စောသောအသံသည် နှံ့၍ တက်လေ၏။

ထိုအခါ၌ တစ်သောင်းသော လောကဓာတ်သည် တုန်လှုပ်၏၊ ကောင်းစွာ အပြားအားဖြင့် တုန်လှုပ်၏၊ ပြင်းစွာထိုမှ, ဤမှ တုန်လှုပ်၏၊ အတိုင်းမသိသော မွန်မြတ်သော အရောင်သည် ၁၀,၀၀၀-သောလောက၌ နတ်တို့၏တန်ခိုးအာနုဘော်အဆင်း အရောင်ကိုလွန်၍ ဖြစ်၏၊ ထိုအခါ၌ "အညာသိ ဝတ ဘော ကောဏ္ဍညော-အိုအချင်းတို့ ကောဏ္ဍညသည် သိပြီတကား" ဟူ၍ ဝမ်းမြောက်သောစကားကို ဆိုတော်မူ၏၊ ထို့ကြောင့် ကောဏ္ဍညရသေ့သည် **အညာသိကောဏ္ဍည**ဟူသော အမည်ဖြစ်လေ၏၊ ထိုအခါ၌ အသက်ရှည်သော အညာသိကောဏ္ဍညသည် မြင်အပ်ပြီးသော သစ္စာ ၄-ပါး တရားရှိသည်ဖြစ်၍ သောတာပတ္တိမဂ်သို့ ရောက်ပြီးသည်ဖြစ်၍ ယုံမှားခြင်း ၁၆-ပါးကင်းပြီး သည်ဖြစ်၍ ဘုရားမှ တပါး ကိုးကွယ်ရာမရှိသည်ဖြစ်၍ "အရှင်ဘုရား၊ အကျွန်ုပ်သည် မြတ်စွာဘုရားအထံတော်၌ ရဟန်းအဖြစ်ကို ရလိုပါ၏၊ ပဉ္စင်းအဖြစ်ကို ရလိုပါ၏"ဟု မြတ်စွာဘုရားကို လျှောက်၏၊ ထိုသို့လျှောက်သောအခါ၌ မြတ်စွာဘုရားသည်-

**ဧဟိ ဘိက္ခု၊ သွာက္ခာတော ဓမ္မော၊ စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယ-** ဟူ၍ မိန့်တော်မူ၏။

**အနက်။**　　ဘိက္ခု၊ ရဟန်း။ ဧဟိ၊ လာလှည့်။ ဓမ္မော၊ တရားကို။ သွာက္ခာတော၊ ကောင်းစွာဟောအပ်ပြီ။ ဒုက္ခဿ၊ ဝဋ္ဋဒုက္ခ၏။ အန္တကိရိယာယ၊ အဆုံးကို ပြုခြင်းငှာ။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ သမ္မာ၊ ကောင်းစွာ။ စရ၊ ကျင့်လေလော့။

ဤသို့ မြတ်စွာဘုရား **ဧဟိဘိက္ခု** ခေါ်တော်မူခြင်းသည်သာလျှင် အရှင်ကောဏ္ဍညအား သာမဏေအဖြစ်, ရဟန်းပဉ္စင်းအဖြစ်သို့ ရောက်သည်မည်၏။

ဝါဆိုလပြည့်ကျော်၊ ၁-ရက်နေ့မှစ၍ မြတ်စွာဘုရားသည် အရှင်ကောဏ္ဍညမှ ကြွင်းသော ၄-ယောက်တို့ကို "သတို့သားငယ်တို့ကို ကြဦးဆောင်သကဲ့သို့" ထို ၄-ယောက် တို့၏ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းတို့၌ဖြစ်သော အညစ်အကြေးကို သုတ်သင်အံ့သောငှာ, ရွာတွင်းသို့ ဆွမ်းခံအံ့သောငှာ မကြွမူ၍ ကျောင်းတွင်း၌သာ နေတော်မူလျက် အဆုံးအမကို ပေးတော်မူ၏၊ **အရှင်ဝပ္ပနှင့် အရှင်ဘဒ္ဒိယ** လပြည့်ကျော် ၁-ရက်နေ့ သောတာပန်ဖြစ်၍ မြတ်စွာဘုရားထံ၌ ရဟန်းပဉ္စင်းအဖြစ်ကိုတောင်း၍ ထိုသူ ၂-ယောက်တို့ကို တစ်ပြိုင်နက် **ဧထ ဘိက္ခဝေါ** ဟူ၍ ခေါ်တော်မူ၍ ရဟန်းပဉ္စင်းအဖြစ်သို့ ရောက်ကုန်၏၊ လပြည့်ကျော် ၂-ရက်နေ့ ရဟန်းဖြစ်ပြီးသော အရှင် ၃-ပါးတို့ ရွာတွင်း၌ ဆွမ်းခံ၍ မြတ်စွာဘုရားနှင့် တကွ ၆-ယောက်မျှ ဖြစ်ကုန်၏၊ ၂-ရက်နေ့ အရှင်မဟာနာမ်နှင့် အရှင်အဿဇိကို အဆုံးအမ ပေးတော်မူ၍ သောတာပန်ဖြစ်ကုန်သဖြင့် မြတ်စွာဘုရား၌ ရဟန်းပဉ္စင်းအဖြစ်ကို တောင်း၍-

**ထေ ဘိက္ခဝေါ၊ သွာက္ခာတော ဓမ္မော၊ စရထ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿအန္တကိရိယာယ-** ဟူ၍ တစ်ပြိုင်နက် ဧဟိဘိက္ခု ခေါ်တော်မူသဖြင့် အရှင်မဟာနာမ်, အရှင်အဿဇိတို့ ရဟန်း, ပဉ္စင်းဖြစ်လေကုန်၏၊ (ဤစကားသည် ပါဠိတော်နည်း) **အဋ္ဌကထာ၌ကား-**လပြည့်ကျော် ၁-ရက်နေ့ အရှင်ဝပ္ပ သောတာပန်ဖြစ်၏၊ ၂-ရက်နေ့ အရှင်ဘဒ္ဒိယ၊ ၃-ရက်နေ့ အရှင်မဟာနာမ်၊ ၄-ရက်နေ့ အရှင်အဿဇိ သောတာပန်ဖြစ်၏-ဟူ၍ ဆို၏၊ လပြည့်ကျော်၊ ၅-ရက်နေ့ ထိုအရှင် ၅-ယောက်တို့ကို တစ်ပေါင်းတည်း စည်းဝေးစေ၍ **အနတ္တလက္ခဏ သုတ္တန်** တရားကို ဟောတော်မူ၏၊ ဟောတော်မူသောအဆုံး၌ ထိုအရှင် ၅-ယောက်တို့သည် အရဟတ္တဖိုလ်ကိုရ၍ ရဟန္တာအဖြစ်သို့ ရောက်လေကုန်၏၊ ဤသို့အားဖြင့် ဝါဆို လပြည့်ကျော် ၅-ရက်နေ့၌ လောက၌ဘုရားနှင့်တကွ လူရဟန္တာတို့သည် ၆-ယောက် ဖြစ်ကုန်၏။

✪✪✪✪✪✪✪✪✪✪

## ၁၂၆။ အရှင်ကောဏ္ဍည အတ္ထုပ္ပတ္တိ

“ငါ့အား ပဥ္စဝဂ္ဂီတို့သည် ကျေးဇူးများကုန်၏”ဟူ၍ မိန့်တော်မူသဖြင့် မြတ်စွာဘုရား တို့သည် ကျေးဇူးများသောသူတို့အားသာ တရားဟောတော်မူသလော၊ ကျေးဇူးမများသော သူတို့အား တရားမဟောသလော-ဟူတုံအံ့၊ မဟောသည်မဟုတ်၊ ကျေးဇူးမရှိသောသူတို့ အားလည်း ဟောတော်မူ၏၊ ပဥ္စမသတ္တာဟ၌ ဟုံဟုက်ပုဏ္ဏားအားလည်း တရားဟောထိုက် သောသူ မဟုတ်သောကြောင့် ဟောတော်မမူ၊ ၂-ဂါထာမျှသာ ဥဒါန်းကျူးတော်မူသည်၊ တပုဿ, ဘလ္လိကတို့အားလည်း ဒွေဝါစိကသရဏဂုံမျှကို ပေးတော်မူသည်၊ ထိုသရဏဂုံ သည် ဝါသနာဘာဂိယမျှသာ၊ အသေက္ခဘာဂိယ-မဂ်ဖိုလ်ရခြင်းငှာ မဖြစ်၊ ဘုရားမဖြစ်မီ တွင် အတူတကွ လေ့ကျက်ခဲ့ဖူးသည်၏အစွမ်းအားဖြင့်လည်း အာဠာရ, ဥဒကရသေ့တို့ကို အောက်မေ့တော်မူသည်၊ ပဥ္စဝဂ္ဂီ ၅-ယောက်တို့မှတစ်ပါး ဗုဒ္ဓခေတ် ၃-ပါး၌ ရှေ့ဦးစွာ တရားတော်ကို နာ၍ မဂ်, ဖိုလ်ရမည့်သူ မရှိ။

ပဥ္စဝဂ္ဂီတို့တွင်လည်း အရှင်ကောဏ္ဍညသာလျှင် တရားဦးကိုနာ၍ ခပ်သိမ်းသော ဝေနေယျတို့၏ ရှေးဦးစွာ မဂ်ဖိုလ်ရထိုက်သောသူတည်း၊ အဘယ့်ကြောင့်နည်းဟူမူကား- ခပ်သိမ်းသောသူတို့၏ ရှေ့ဦးစွာ အကျွတ်တရားရအံ့သောအကြောင်းကို ရှေ့၌ ကုသိုလ် ပြုခဲ့ဖူးသောကြောင့်တည်း၊ အဘယ်ကဲ့သို့ ပြုသနည်းဟူမူကား ဤကမ္ဘာမှပြန်၍ရေသော် ၉၁-ကမ္ဘာ၌ ဝိပဿီမြတ်စွာဘုရားလက်ထက်တော်ဝယ် ဗန္ဓုမတီပြည်၌ အရှင်ကောဏ္ဍည

အလောင်းသည် မဟာကာဠအမည်ရှိသော သူကြွယ်ဖြစ်၍ စူဠကာဠအမည်ရှိသော ညီသူကြွယ်နှင့်တစ်ပေါင်းတည်း လယ်လုပ်ကြသည်ရှိသော်-

၁။ မဟာကာဠ ပျိုးကြဲသောအခါ၌ ဗီဇဂ္ဂဒါန-ဟူ၍ မျိုးဦးစပါးဖြင့် လှူပြီး၍-

၂။ ကောက်ပင်ဖုံးလုံးသောအခါ၌ အဖုံးကိုခွဲ၍လှူအံ့သောငှာ ညီနှင့်တိုင်ပင်လျှင် အလို မရှိပါသောကြောင့် လယ်ကိုခွဲ၍ မိမိအဖို့၌ အဖုံးကိုခွဲစေ၍ နို့ရည်ယူ၍ ထောပတ်, တင်လဲအစရှိသည်တို့နှင့် ယှဉ်၍ ဂဗ္ဘဂ္ဂဒါန အလှူဟူ၍လှူ၏။

၃။ မုံ့ဆန်းစားကောင်းသောအခါ၌ မုံ့ဆန်းလုပ်၍ ပုထကဂ္ဂဒါန လှူ၏။

၄။ ရိတ်သောအခါ၌ လာယနဂ္ဂဒါနဟူ၍ လှူ၏။

၅။ ကောက်လှိုင်းစည်းကြိုးထုံးသောအခါ၌ ဝေနဂ္ဂဒါန-ဟူ၍ လှူ၏။

၆။ ကောက်လှိုင်းစည်းသောအခါ၌ ကလာပဂ္ဂဒါနဟူ၍ လှူ၏။

၇။ တလင်း၌ ကောက်လှိုင်းဆိုင်သောအခါ၌ ခလဂ္ဂဒါန-ဟူ၍ လှူ၏။

၈။ နယ်ပြီး၍ တလင်း၌ စုသောအခါ၌ ခလဘဏ္ဍဂ္ဂဒါန-ဟူ၍ လှူ၏။

၉။ ကျီသို့စပါးသွင်းသောအခါ၌ ကောဋ္ဌဂ္ဂဒါန-ဟူ၍ လှူ၏။

ဤသို့လျှင် ကောဏ္ဍညအလောင်း မဟာကာဠသည် တစ်သီးသောကောက်၌ တရားဦးနာ၍ မဂ်, ဖိုလ်ရအံ့သောအကြောင်း အဂ္ဂဒါနအဦး ၉-ကြိမ်လှူ၏၊ ညီစူဠကာဠ သည်ကား တလင်းမှထုတ်၍ သွင်းသောအခါ၌ တစ်ကြိမ်လှူ၏၊ မဟာကာဠသည် အဦး ၉-ကြိမ် လှူသောကြောင့် အရှင်ဂေါတမလက်ထက် အရှင်ကောဏ္ဍညဖြစ်လာ၍ တရားဦးကို နာရ၍ အကျွတ်တရားရ၏၊ စူဠကာဠကား သုဘဒ္ဒပရိဗိုဇ်ဖြစ်၍ ဘုရားမြတ်စွာ ပရိနိဗ္ဗာန်ပြုခါနီး၌ တရားနာ၍ အကျွတ်တရားရ၏။

✪✪✪✪✪✪✪✪✪✪✪

## ၁၂၇။ ပဉ္စဝဂ္ဂီ ၅-ဦး အတ္ထုပ္ပတ္တိ

ပဉ္စဝဂ္ဂီ ၅-ယောက်ဟူသည်ကား အရှင်ဂေါတမဘုရား ပဋိသန္ဓေနေစ မယ်တော် မြင်မက်သော အိပ်မက်ကိုရင်း ဖွားတော်မူသောအခါ၌ လက္ခဏာတော်ကိုရင်း ဖတ်စေ သော ၁၀၈-ယောက်သော ပုဏ္ဏားတို့တွင် အကြီးအရာမြောက်သော ရာမ, ဓဇ, လက္ခဏ, **မန္တီ,** ယညဒတ္တ, သုဘောဇ, သုရာမ, သုဒတ္တ၊ ဤ ၈-ယောက်တို့သည် အိပ်မက်ဖတ်ကုန်သည်၊ လက္ခဏာတော်ကို ဖတ်ကုန်သည်၊ ထို ၈-ယောက်တို့တွင် အကြီး ၃-ယောက်တို့သည်

"ဤမင်းသားသည် အိမ်ရာထောင်သောလူ၏ဘောင်၌နေမူကား စကြာမင်းဖြစ်လတ္တံ့၊ တောထွက်၍ ရဟန်းပြုမူကား ဘုရားဖြစ်လတ္တံ့" ဟူ၍ ၂-ခွန်းကြားကုန် သည်၊ အငယ်ပုဏ္ဏား ၅-ယောက်တို့သည်ကား "ဤသို့သော လက္ခဏာတို့နှင့် ပြည့်စုံသော မင်းသားသည် အိမ်၌ မနေလတ္တံ့၊ ရဟန်းပြု၍ ဘုရားဖြစ်လတ္တံ့." ဟု ၁-ခွန်းတည်းသာ ကြားကုန်သည်။

ထိုပုဏ္ဏားကြီး ၃-ယောက်တို့သည် ဗေဒင်သာ ရှေ့သွားပြုကုန်သည်၊ တစ်နည်း- လက္ခဏာဗေဒင်၌ ဆိုသောစကားနှင့်လျော်စွာ ၂-ပါးသောဂတိတို့သည် ဖြစ်ကုန်၏- ဟူ၍ ကြားကုန်သည်၊ ဘုရားလောင်း၏ ဘုရားအဖြစ်သို့ ရောက်ခြင်းကို မတောင့်တကုန်၊ ပုဏ္ဏား ငယ် ၅-ယောက်တို့သည်ကား "စင်စစ်လျှင် ဘုရားဖြစ်လတ္တံ့ဟု ဗေဒင်ကိုလွန်၍ ဆုံးဖြတ် ခြင်းဖြစ်သဖြင့် သုဒ္ဓေါဒနမင်းကြီးပြုအပ်သော ပူဇော်သက္ကာရကို အဆွေသားချင်းတို့အား ပေး၍ 'ဤယောက်ျားမြတ်သည် စင်စစ်လျှင် ဘုရားဖြစ်လတ္တံ့'ဟု ယုံမှားခြင်းကင်းကုန် သဖြင့် နောက်အခါ၌ ငါတို့သည် သား, မယား အနှောင်အဖွဲ့ကို ဖြတ်၍ ရဟန်းပြုအံ့သော ဌာ တတ်နိုင်ခဲလတ္တံ့"ဟု နှလုံးသွင်းကုန်၍ ငယ်သောအခါကပင် ရှင်သိဒ္ဓတ်ယောက်ျားမြတ်ကို ရည်၍ ရသေ့, ရဟန်းပြုကုန်၍ ကောင်းမြတ်သောအိပ်ရာ, နေရာ, ဘောဇဉ်တို့ကို သုံးဆောင်ကုန်လျက် "ယောက်ျားမြတ်သည် တောထွက်ပြီလော"ဟု မေးမြန်းကုန်လျက် လှည့်ပတ်ရကုန်၏။

"ယောက်ျားမြတ် အဘယ်မှာနည်း"ဟု လူတို့ကို မေးသော် "ကပိလဝတ်ပြည်၌ နန်းသုံးဆောင်၌ စည်းစိမ်ခံစား၏"ဟူ၍ ဆိုကုန်၏၊ 'တောမထွက်သေး'ဟူ၍ကြားလျှင် ယောက်ျားမြတ်ဉာဏ်ရင့်ခြင်းသို့ မရောက်သေးဟူ၍ ကြောင့်ကြမဲ့ ရွာကြီး, ရွာငယ်လှည့်ပတ် ကုန်၍ ဘုရားလောင်းတောထွက်၍ ရဟန်းပြု၍ ဥရုဝေလတော၌ ဒုက္ကရစရိယာကျင့်သည် ကြားလျှင်လာ၍ ၆-နှစ်ပတ်လုံး ရေပူ, ရေချမ်းကမ်း၍ လုပ်ကျွေးသော ပဉ္စဝဂ္ဂီတို့တည်း၊ ထို ၅-ယောက်တို့သည် လက္ခဏာဖတ်သောအခါ လုလင်ငယ်သာတည်း၊ ဗေဒင်အတတ် လွန်သောကြောင့် ပုဏ္ဏားတို့ အကြီးအရာမြှောက်ထားသတည်း၊ ထို ၅-ယောက်တို့တွင် အငယ်ဆုံးဖြစ်သော သုဒတ္တသည် အမျိုးအမည်ဖြင့် ကောဏ္ဍညတွင်သတည်း။

(ကျမ်း ၁-ကျမ်း၌ကား လက္ခဏာဖတ် ၈-ယောက်တွင် အငယ်ဆုံး ကောဏ္ဍည အမျိုးဖြစ်သော သုဒတ္တသာ ပဉ္စဝဂ္ဂီ ၅-ယောက်တို့တွင် အကြီးဖြစ်သည်၊ ဝပ္ပ, ဘဒ္ဒိယ, မဟာနာမ်, အဿဇိတို့ကား မန္တိ, ယညဒတ္တ, သုဘောဇ, သုရာမ၊ ဤ ၄-ယောက် တို့၏သားဟူ၍ ဆို၏၊ ထိုစကားကို အဋ္ဌကထာ၌ ပယ်သည်ဟူ၏။)

✪✪✪✪✪✪✪✪✪✪✪

## ၁၂၈။ သာတာဂိရိနှင့် ဟေမဝတာနတ်သားတို့အကြောင်း

ဘုရားလောင်း ပဋိသန္ဓေနေရာ ထင်ရှားဖြစ်ကုန်သော ၃၂-ပါးသော ပုဗ္ဗနိမိတ်တို့သည် ဖွားတော်မူသောအခါ, ဘုရားဖြစ်တော်မူသောအခါ, ဓမ္မစကြာတရား ဟောတော်မူသောအခါ၌လည်း ဖြစ်ကုန်၏၊ "တရားဟောတော်မူပါ"ဟူ၍ တောင်းပန်သော သဟံပတိဗြဟ္မာကား ပဉ္စမဈာန် ၃-ဘုံတွင် မဟာဗြဟ္မာဘုံ၌ဖြစ်သော ဗြဟ္မာတည်း၊ အရှင်ကောဏ္ဍညနှင့်အတူ မဂ်, ဖိုလ်ကိုရကုန်သော ၁၈-ကုဋေသော နတ်, ဗြဟ္မာတို့တွင် **သာတာဂိရိနတ်မင်းကြီး**သည် ဓမ္မစကြာတရားကို နာရ၍ သောတာပန်ဖြစ်ပြီးလျှင် "ဤဓမ္မစကြာတရားတော်ကို ငါ့အဆွေဖြစ်သော ဟေမဝတာနတ်သားသည် ကြားနာပါရလေ၏လော"ဟု နတ်မျက်စိဖြင့် ထို ၁၈-ကုဋေသော နတ်, ဗြဟ္မာ အပေါင်းတွင် ကြည့်သော် မမြင်၍ 'အဘယ်မှာနေလေသနည်း'ဟူ၍ ကြည့်ပြန်သော် ဓမ္မစကြာတရားဟောတော်မူသောကြောင့် ဟိမဝန္တာတော၌လည်း တစ်ပြိုင်နက်သစ်ပင် အလုံးတို့သည် ပင်လုံးကျွတ် ပွင့်ကုန်, သီးကုန်သဖြင့် ဟိမဝန္တာ၌ တောကစား၍ နေသည်ကို မြင်၍ "ငါ့အဆွေ ဟေမဝတာအား ငါသိသောတရားကို ကြားအံ့"ဟု မိမိအခြွေအရံ နတ်များကို ယူ၍ ထိုမိဂဒါဝုန်တောမှခွာ၍ ရာဇဂြိုဟ်မြို့၏ အပေါ် ကောင်းကင်ခရီးဖြင့် လာ၏။

**ဟေမဝတာနတ်**လည်း ယူဇနာသုံးထောင်ရှိသော ဟိမဝန္တာတော၌ အလုံးစုံသော သစ်ပင်တို့သည် ပင်လုံးကျွတ်ပွင့်သည်ကို မြင်၍ ငါ၏အဆွေ သာတာဂိရိနတ်မင်းနှင့်အတူတကွ တောကစားအံ့ဟူ၍ မိမိအခြွေအရံနတ်များနှင့်တကွ ရာဇဂြိုဟ်ပြည်၏အထက် ကောင်းကင်ခရီးဖြင့် သွား၏၊ ထိုနတ်မင်း ၂-ယောက်တို့၏ ဗိုလ်ပါတို့သည် ကုလဃရမြို့သူဖြစ်သော **ကာဠီ**မည်သော ဥပါသိကာမ၏ အိမ်၏အထက်၌ ဆိုင်မိ၍ အချင်းချင်း "သင်တို့သည် အဘယ်နတ်မင်း၏ယောကျ်ားတို့နည်း" မေးသော် "ငါတို့သည် သာတာဂိရိနတ်မင်း၏ ကျွန်တို့တည်း"ဟု ဆို၍ "သင်တို့သည်ကား အဘယ်နတ်မင်း၏ ကျွန်ယောကျ်ားတို့နည်း" ဟု မေးပြန်သော် "ငါတို့ဟေမဝတာနတ်မင်း၏ ကျွန်ယောကျ်ားတို့တည်း"၊ ဤသို့ပြောဆိုကြ၍ နှစ်လိုဝမ်းသာသွားကြကုန်၍ နတ်မင်းကြီးတို့အား ကြားလေကုန်၏။

ထိုနတ်မင်း ၂-ယောက်တို့သည် ထိုခဏ၌ပင် ကာဠီဥပါသိကာမအိမ်၏ အထက်၌ ဆိုင်မိ၍ သာတာဂိရိနတ်မင်းက ဟေမဝတာနတ်မင်းကို "သင်အဘယ်သို့ သွားအံ့နည်း"ဟု မေး၏၊ "သင်၏အထံသို့ ငါလာသည်" ဆို၏၊ "အဘယ့်ကြောင့်နည်း" မေးပြန်သော် "ဟိမဝန္တာတောအလုံး ပွင့်သည်ကိုမြင်၍ ထိုဟိမဝန္တာ၌ သင်နှင့်တကွ ကစားလို၍ ခေါ်လာသည်" ဟု ဆို၏၊ ဟေမဝတာနတ်မင်းက "သင်ကား အဘယ်သို့ သွားမည်နည်း"ဟု မေးပြန်၏၊

"သင်၏အထံသို့လာသည်"ဟု သာတာဂိရိကဆို၏၊ "အဘယ့်ကြောင့်နည်း" မေးပြန်၏၊ "သင်သည် ဟိမဝန္တာတော အလုံးပွင့်သည်ကိုသာ သိ၏၊""သင်သည် ဟိမဝန္တာတောအလုံး၌သာ ပွင့်သည်မှတ်သည်၊ သုဒ္ဓေါဒနမင်း၏သား သိဒ္ဓတ်မင်းသားသည် တစ်သောင်းသော လောကဓာတ်ကို တုန်လှုပ်စေလျက် ဘုရားအဖြစ်သို့ ရောက်၍ တစ်သောင်းသော စကြဝဠာမှလာသောနတ်တို့အား ဓမ္မစကြာတရား ဟောသည်ကို မသိလော"ဟု မေး၏၊ "မသိပါအချင်း"ဟု ဆို၏။

"သင်သည် ဟိမဝန္တာတောအလုံး၌သာ ပွင့်သည်မှတ်သည်၊ ထိုယောက်ျားမြတ်အား ပူဇော်သက္ကာရအလို့ငှာ တစ်သောင်းသော စကြဝဠာတိုက်အလုံးသည် ပန်းကုံးအတိ တစ်ပြိုင်နက်ယနေ့ဖြစ်သည်"ဟု သာတာဂိရိဆို၏၊ "ပန်းကုံးအတိဖြစ်သည်ဖြစ်စေကာ သင်သည် ထိုမြတ်စွာဘုရားကို မျက်စိတို့ကို ပြည့်စေ၍ မြင်ခဲ့၏လော"ဟု ဟေမဝတာက မေး၏၊ "အချင်း ဟေမဝတာ၊ မြတ်စွာဘုရားကိုလည်း ငါမြင်ခဲ့၏၊ ဓမ္မစကြာတရားတော်ကိုလည်း နာခဲ့ရ၏၊ အမြိုက်ကိုလည်း သောက်ခဲ့ရ၏၊ အချင်းကို အမြိုက်တရားကိုလည်း သိစေအံ့ဟု သင်၏အထံသို့ ငါလာသည်"ဟု သာတာဂိရိဆို၏၊ ဤသို့နတ်မင်း ၂-ယောက်တို့ပြောဟောကုန်စဉ် ကာဠီမည်သော ဒါယိကာမသည် အသရေရှိသောအိပ်ရာမှထ၍ ထိုင်လျက် ထိုစကားပြောဟောသောအသံကိုကြား၍ အသံ၌နိမိတ်ကို ယူ၏၊ ဤအသံသည် ကား အထက်ကဖြစ်သည်၊ အောက်ကမဟုတ်၊ နတ်တို့ပြောဟောသော အသံတည်း၊ လူတို့ပြောဟောသောအသံမဟုတ်ဟု အသံကိုမှတ်၍နားထောင်လျက် ချီသောစိတ်ရှိသည်ဖြစ်၍ နေ၏။

ထိုနတ်မင်း ၂-ယောက်တို့၏စကားပြောဟောပြီးနောက် သာတာဂိရိနတ်မင်းဆို၏၊ "အချင်းဟေမဝတာ၊ ယနေ့ ၁၅-ရက် ဥပုသ်နေ့ညဥ့်သည် ယခုထင်၏၊ မယုတ်မာသော အမည်ရှိသော ဂေါတမဘုရားကို ငါတို့ဖူးမြင်ချေတုံအံ့"ဟု ဆို၏၊ ဤသို့ သာတာဂိရိနတ်မင်း ဆိုသည်ရှိသော် ဟေမဝတာနတ်မင်းမေး၏၊ "အချင်းသာတာဂိရိ၊ အရှင်ဂေါတမ မြတ်စွာဘုရားသည် စိတ်ကိုကောင်းစွာ ဆောက်တည်၏လော၊ ခပ်သိမ်းသော သတ္တဝါတို့၌ သည်းခံခြင်းရှိ၏လော၊ ဣဋ္ဌာရုံ၌ရင်း အနိဋ္ဌာရုံ၌ရင်း အကြံအစည်ကို အလိုမလိုက်လော"ဟု ဟေမဝတာနတ်သည် မြတ်စွာဘုရား၏ ကိုယ်ဖြင့် ကောင်းသောအကျင့်ကိုရင်း နှုတ်ဖြင့် ကောင်းသောအကျင့်ကိုရင်း နှလုံးဖြင့်ကောင်းသောအကျင့်ကိုရင်း မေး၏၊ မေးတိုင်း မေးတိုင်း သာတာဂိရိနတ်မင်းလည်း ဖြေ၏။

ဤသို့ မြတ်စွာဘုရာ၏ ကိုယ်အဆင်း ဂုဏ်ကျေးဇူးကို ဆိုသဖြင့် ဟေမဝတာနတ်မင်းသည် သာတာဂိရိနတ်မင်း၏ တရားဒေသနာကို အစဉ်မှီးသဖြင့် ဉာဏ်ကို

စေလိုက်၍ **သောတာပတ္တိဖိုလ်၌** တည်လေ၏၊ ကာဠီမည်သော ဒါယိကာမသည်လည်း သူတစ်ပါးအား ဟောသောတရားကိုကြား၍ မြတ်စွာဘုရားကို မမြင်ဖူးသော်လည်း အဆင့်ကြားသဖြင့် ကြည်ညိုခြင်းကို ဖြစ်စေ၍ သောတာပတ္တိဖိုလ်၌ တည်လေ၏၊ ဤကာဠီမည်သောဒါယိကာမသည် ခပ်သိမ်းသောမာတုဂါမတို့၏ ရှေးဦးစွာ သောတာပန်ဖြစ်သတည်း၊ သောတာပန် ဖြစ်သောညဉ့်၌ပင် သားဖွား၏၊ ထိုသားကို သောဏဟူ၍မှည့်၏၊ အဘိုးအကုဋေ့ထိုက်သော နားတန်ဆာကို ဆင်သောကြောင့် နောက်အခါ **ကောဋိကဏ္ဏ-သောဏ**-ဟု တွင်၏၊ သာတာ ဂိရိ, ဟေမဝတာနတ်တို့ကား သိကြားမင်း၏ နတ်စစ်မှူး ဘီလူးအကြီး ၂၈-ကျိပ် ၈-ယောက်တို့၌ အဝင်တည်း။

(ဤကား ဓမ္မစကြာတရားတော်၏ အာနုဘော်နှင့်စပ်သော သာတာဂိရိနတ်သား, ဟေမဝတနတ်သား, ကာဠီဒါယိကာမတို့စကားကို ဆိုရာဖြစ်သတည်း။)

✪✪✪✪✪✪✪✪✪✪

## ၁၂၉။ အရှင်ယသမထေရ်အကြောင်း

ဤသို့ မြတ်စွာဘုရား ပဉ္စဝဂ္ဂီတို့အား ဓမ္မစကြာတရားဦး ဟောတော်မူ၍ ဗာရာဏသီပြည်၏အနီး မိဂဒါဝုန်တော၌ ဝါဆိုတော်မူသောအခါ ထိုဗာရာဏသီပြည်၌ **ယသ**အမည်ရှိသော သူဌေးသားသည် သိမ်မွေ့နူးညံ့၏၊ ဆောင်းလအခါ ပြာသာဒ် ၁-ဆောင်, နွေအခါ ပြာသာဒ် ၁-ဆောင်, မိုးလအခါပြာသာဒ် ၁-ဆောင်၊ ဤသို့ ပြာသာဒ် ၃-ဆောင်၌ အလှည့်အလှည့် ကာမဂုဏ်ချမ်းသာကို ခံစား၏၊ နွေ ၄-လတို့ ပတ်လုံး နွေလ နေသောပြာသာဒ်၌ ယောကျာ်းမရှိသော မိန်းမချည်းသာဖြစ်သော စည်, စောင်း, ငြင်းတို့ဖြင့် အောက်သို့မသက်မူ၍ ကာမဂုဏ်ချမ်းသာကို စံစားပြီး၍ ဝါဆိုလပြည့်ကျော် အခါ၌ မိုးလစံသော ပြာသာဒ်သို့ပြောင်း၍ ကာမဂုဏ်ချမ်းသာကို ခံစားသော သူဌေးသားအား ထို့နေ့, ညဉ့် စောစောလျှင် အိပ်ပျော်လေ၏၊ နောက်အခြွေအရံတို့သည်လည်း အိပ်ပျော်ခြင်းသို့ ရောက်လေကုန်၏၊ တစ်ညဉ့်ပတ်လုံး ဆီမီးသည် ထွန်းလျက်တည်၏။

ထိုအခါ၌ ယသသည် စောစောကလျှင် နိုး၍ အိပ်ပျော်သော မိမိပရိသတ်တို့ကို ရှုလေလျှင် တစ်ယောက်သောမိန်းမ၏ လက်ကတီး၌ စောင်းရှိသော, တစ်ယောက်၏ လည်၌ မုရိုးစည်ရှိသော, တစ်ယောက်၏ လက်ကတီး၌ ထက်စည်ရှိသော, တစ်ယောက်၌ ဆံဖရိုဖရဲရှိသော, အရိအရည်ယိုလျက်, ယောင်ယမ်းကုန်လျက်, အိပ်ပျော်သော မိမိ

ပရိသတ်ကိုမြင်၍ ပြာသာဒ်အပြင်ကို သုသာန်တစသို့ ထင်ခြင်းသည် ထင်ရှားဖြစ်၏၊ ငြီးငွေ့သဖြင့် စိတ်သည် တည်၏၊ ထိုအခါ၌ ယသသည် ဥဒါန်းကျူး၏၊

**"အချင်းတို့၊ လောကသည် နှိပ်စက်၏တကား၊ လောကကို စွန့်အပ်စွတကား"-**

ဤသို့ ဥဒါန်းကျူး၏၊ ထိုအခါ၌ယသအမျိုးသားသည် ရွှေခြေနင်းကိုစီး၍ အိမ်တံခါးသို့ ကပ်လေ၏၊ နတ်တို့သည် အိမ်တံခါးကို ဖွင့်ကုန်၏၊ တစ်စုံတစ်ယောက်သောသူမျှလည်း ယသအမျိုးသားအား အိမ်မှထွက်၍ ကျောင်း၌ရဟန်းပြုခြင်း၌ အန္တရာယ်ကို မပြုကုန်၊ ထိုအခါ၌ ယသအမျိုးသားသည် ဣသိပတနမိဂဒါဝုန်တောသို့ ကပ်အံ့သောငှာ မြို့တံခါးသို့ ကပ်လေ၏၊ နတ်တို့သည် မြို့တံခါးကို ဖွင့်ကုန်၏၊ တစ်စုံတစ်ယောက်သောသူမျှ ယသအမျိုးသားအား ရဟန်းပြုခြင်းငှာ သွားရာ၌ အန္တရာယ်ကို မပြု၊ ထိုအခါ ယသသည် အကြင်အရပ်၌ ဣသိပတနမိဂဒါဝုန်တောရှိ၏၊ ထိုအရပ်သို့ သွားလေ၏၊ ထိုအခါ၌ မြတ်စွာဘုရားသည် ညဥ့်မိုးသောက်ထအခါ၌ စောစောထ၍ လွင်တီးပြင်၌ စင်္ကြံသွားတော်မူသဖြင့် အဝေးမှလာသော ယသကိုမြင်၍ စင်္ကြံမှသက်တော်မူ၍ ခင်းအပ်သော ဘုရားနေရာ၌ ထိုင်တော်မူ၏။

ယသသည် မြတ်စွာဘုရားနှင့်မနီးမဝေးသောအရပ်၌ "အချင်းတို့၊ နှိပ်စက်၏တကား၊ ကပ်၍ငြိ၏တကား"ဟု ဥဒါန်းကျူး၏၊ ထိုအခါ၌ မြတ်စွာဘုရားသည် ယသအမျိုးသားကို "ယသ၊ ဤမြတ်သောရဟန်းအဖြစ်သည် နှိပ်စက်ခြင်းမရှိ၊ ကပ်၍မငြိ မစွန်းအပ်၊ သင်သည်လာလှည့်၊ ထိုင်ဦးလော့၊ သင့်အား ငါတရားဟောအံ့"ဟူ၍ မိန့်တော်မူ၏၊ ထိုအခါ ယသသည် "ရဟန်းအဖြစ်သည် နှိပ်စက်ခြင်းမရှိ"ဟု ရွှင်လန်းနှစ်လိုသော စိတ်ရှိသဖြင့် ရွှေခြေနင်းမှသက်၍ မြတ်စွာဘုရားအထံသို့ ကပ်၍ မြတ်စွာဘုရားကို ရှိခိုး၍ တင့်အပ်သောအရပ်၌ နေ၏၊ တင့်အပ်သောအရပ်၌နေသော ယသအား ဒါနကထာ, သီလကထာကို ပြော၏၊ ကာမတရားတို့၏ အပြစ်ကို, ယုတ်သောအခြင်းအရာကို ပြ၏၊ တောထွက်၍ ရဟန်းပြုခြင်း၌ အကျိုးကိုပြ၍ မဂ်ဖိုလ်ရခြင်းငှာ ခံ့သောစိတ်ရှိသော, နီဝရဏကင်းသော စိတ်ရှိသော, နူးညံ့သောစိတ်ရှိသော, ကြည်ညိုသောစိတ်ရှိသော ယသကိုသိ၍ တရားဟောတော်မူ၏၊ သစ္စာ ၄-ပါးကိုပြတော်မူ၏၊ ထိုအခါ ယသသည် သောတာပန်ဖြစ်လေ၏၊ သစ္စာ ၄-ပါးကို သိလေ၏။

ထိုအခါ၌ ယသအမိသည် ယသနေသောပြာသာဒ်သို့ တက်လေ၍ ယသကို မမြင်သော် အဘသူဌေးအား "သင်၏သားယသကို မမြင်"ဟူ၍ ကြားလေ၏၊ ထိုအခါ၌ ယသခမည်းတော်သည် အရပ် ၄-မျက်နှာတို့သို့ မြင်းစီးတမန် ၄-ယောက်တို့အား ယသကို

လိုက်၍ ရှာစိမ့်သောငှာ လွတ်၍ မိမိကား ဣသိပတနတောသို့ လိုက်လေ၏၊ အဘသူဌေးသည် ယသ ရွှေခြေနင်းရာကို အစဉ်မှီး၍လိုက်လေသော် မြတ်စွာဘုရားသည် အဝေးမှလာသော ယသခမည်းတော်ကို မြင်၍ မြတ်စွာဘုရားအထံ၌ နေသောယသကို အဘသူဌေးမမြင်စိမ့်သောငှာ တန်ခိုးတော်ဖန်ဆင်း၍ ထား၏၊ သူဌေးလည်း "အရှင်ဘုရား၊ ယသကိုမြင်တော်မူပါ၏လော"ဟု မေး၍ "သူကြွယ်. . ဤနေရာ၌ နေလော့၊ ဤ၌နေသောသင်ကားသားယသကို မြင်ရာ၏"ဟု ဘုရားမိန့်တော်မူ၏၊ သူဌေးသည် "ငါသည် ဤနေရာ၌နေလျက်ပင် ဤ၌နေသော ယသကို မြင်ရလတ္တံ့"ဟု ဝမ်းသာသည်ဖြစ်၍ မြတ်စွာဘုရားကိုရှိခိုး၍ တင့်အပ်သောအရပ်၌ နေ၏၊ တင့်အပ်သောအရပ်၌ နေသောခမည်းတော်အားမြတ်စွာဘုရားသည် ဒါနကထာ အစရှိသည်ကို ပြောဆို၍ တရားဟောတော်မူသဖြင့် ယသခမည်းတော်သူဌေးသည် ကြည်ညို၍ သရဏဂုံ ၃-ပါးကို အသက်ရှိသော ကာလပတ်လုံးဆောက်တည်၏။

ယသခမည်းတော်အား တရားဟောခိုက် ယသသည် မိမိရအပ်သောတရားကိုအဖန် တလဲလဲဆင်ခြင်၍ အာသဝေါ ၄-ပါးကုန်သဖြင့် ရဟန္တာအဖြစ်သို့ ရောက်နှင့်၏၊ လူယောကျ်ားတွင် **အရှင်ယသခမည်းတော်သည် လောက၌ခပ်သိမ်းသောသူတို့၏ ရှေးဦးစွာတေဝါစိကသရဏဂုံ ဆောက်တည်သတည်း**၊ ထိုအခါ၌ မြတ်စွာဘုရားသည် "ယခု အခါယသသည် လူပြု၍ ကာမဂုဏ်ကို ခံစားအံ့သောငှာ မထိုက်ပြီ"ဟု တန်ခိုးတော်ကို ရုပ်သိမ်း၍သူဌေးအား သားယသကို မြင်စေ၏၊ ယသကို မြင်၍ ဤသို့ အဖဆို၏၊ "ချစ်သား ယသ၊ သင်၏အမိသည် ငိုကြွေးလျက် စိုးရိမ်ခြင်းပြင်းစွာဖြစ်ပြီ၊ အမိအား အသက်ကို ပေးလော့"ဟုဆို၏၊ ထိုအခါ ယသသည် မြတ်စွာဘုရားကို ကြည့်၏၊ ထိုအခါ မြတ်စွာဘုရားသည် သူဌေးကို "သင့်သားယသသည် အာသဝေါတရား ၄-ပါးကုန်ပြီ၊ ကာမဂုဏ်ချမ်းသာကို ခံစားခြင်းငှာမထိုက်ပြီ"ဟု မိန့်တော်မူ၏၊

ထိုအခါ "အရှင်ဘုရား၊ ယသသည် အရတော်လေစွ၊ ယသအား ကောင်းသောရခြင်းတည်း၊ အရှင်ဘုရား၊ ယသရဟန်းနှင့်တကွသော အရှင်ဘုရားသည် အကျွန်ုပ်၏ဆွမ်းကို ယနေ့အလို့ငှာ ခံတော်မူပါ"ဟု လျှောက်၏၊ မြတ်စွာဘုရားလည်း တုဏှီဘာဝဖြင့်ဝန်ခံတော်မူ၏၊ သူဌေးလည်း မြတ်စွာဘုရား ဝန်ခံတော်မူသည်ကိုသိ၍ မြတ်စွာဘုရားကိုရိုသေစွာရှိခိုး၍ ပြန်လေ၏၊ သူဌေးပြန်လေပြီးသောနောက်၌ မြတ်စွာဘုရားသည် ယသကို**ဧဟိဘိက္ခု**ခေါ်တော်မူ၍ ယသသည် ရဟန်း ပဥ္စင်းအဖြစ်သို့ ရောက်လေ၏၊ ထိုအခါ မြတ်စွာဘုရားသည် နံနက်အခါ၌ သင်းပိုင်ကို ပြင်ဝတ်၍ ဒုကုဋ်ကို ဝတ်ရုံ၍ သပိတ်တော်ကိုပိုက်၍ အရှင်ယသကို နောက်လိုက်ရဟန်းပြု၍ အရှင်ယသခမည်းတော်၏အိမ်သို့ ကြွ၍

ခင်းအပ်သောနေရာ၌ နေတော်မူသောအခါ၌ အရှင်ယသ၏ ခမည်းတော်-မယ်တော် တို့သည်၎င်း ခင်ပွန်းဟောင်းသည်၎င်း မြတ်စွာဘုရားအထံသို့ကပ်၍ မြတ်စွာဘုရားကို ရှိခိုး၍ တင့်အပ်သောအရပ်၌ နေ၏။

မြတ်စွာဘုရားသည် အရှင်ယသခမည်းတော်, မယ်တော်တို့ကို၎င်း ခင်ပွန်းဟောင်း ကို၎င်း ဒါနကထာစသောတရားစကားကို ဟောတော်မူ၍ သစ္စာ ၄-ပါးတရားကို သိစေ သဖြင့် သောတာပန် ဖြစ်လေ၏၊ ထိုမယ်တော်နှင့်ခင်ပွန်းဟောင်းတို့သည်လည်း သောတာပန် ဖြစ်၍ ဘုရားမှတစ်ပါး ကိုးကွယ်ရာမရှိဟုသိသဖြင့် **တေဝါစိကသရဏဂုံ**ကို ဆောက်တည် ယူကုန်၏၊ **လောက၌ လူမိန်းမတို့တွင် ခပ်သိမ်းသောသူတို့၏ ရှေးဦးစွာ တေဝါစိကသရဏ ဂုံယူသည်ကား အရှင်ယသမယ်တော်နှင့် ခင်ပွန်းဟောင်းတို့တည်း၊** ထိုအခါ အရှင်ယသ၏ ခမည်းတော်, မယ်တော်, ခင်ပွန်းဟောင်းတို့သည် အရှင်ယသနှင့်တကွ မြတ်စွာဘုရားအား ကောင်းမွန်စွာ ဆွမ်း, ခဲဘွယ်ဘောဇဉ်တို့ဖြင့် လုပ်ကျွေးပြီးသော် ဆွမ်းအနုမောဒနာပြု၍ ဣသိပတန မိဂဒါဝုန်တောသို့ ပြန်တော်မူလေ၏။

✪✪✪✪✪✪✪✪✪✪

## ၁၃၀။ ရှင်ယသ၏ အဆွေ သူဌေးသား ၅၄-ယောက်

ထိုအခါ ဗာရာဏသီပြည်၌ အရှင်ယသ၏ အဆွေခင်ပွန်းဖြစ်သော **ဝိမလ, သုဗာဟု,** ပုဏ္ဏဇိ, ဂဝံပတိ၊ ဤသူဌေးသား ၄-ယောက်တို့သည် "အရှင်ယသသည် မြတ်စွာဘုရား အထံ၌ ဆံ, မုတ်ဆိတ်တို့ကို ဖြတ်၍ ဖန်ရည်စွန်းသောသင်္ကန်းကို ဝတ်၍ ရဟန်းပြုပြီ" ဟု ကြားလျှင် "ဤသို့ ရဟန်းအဖြစ်သည်ကား ယုတ်မာသည်မဖြစ်ရာ၊ ငါတို့လည်း ရဟန်းပြု ပါကုန်အံ့"ဟု ကြံ၍ အရှင်ယသထံသို့ သွားလေကုန်၏၊ အရှင်ယသလည်း "အရှင်ဘုရား၊ ဤသူဌေးသား ၄-ယောက်တို့ကို အရှင်ဘုရားသည်ဆုံးမတော်မူပါ"ဟု ဆောင်ခဲ့သဖြင့် မြတ်စွာဘုရားသည် ထိုသူဌေးသား ၄-ယောက်တို့ကို တရားစကားဖြင့်ဆုံးမ၍ သောတာပန် ဖြစ်စေပြီးသော် ရဟန်းအဖြစ်ကို တောင်းပန်ကုန်သဖြင့် ဧဟိဘိက္ခုခေါ်တော်မူ၍ ရဟန်းပရိက္ခရာ ၈-ပါးနှင့်တကွ ရဟန္တာချည်း ဖြစ်လေကုန်၏။

အရှင်ယသ၏ အဆွေခင်ပွန်းဖြစ်ကုန်သော ဗာရာဏသီမြို့ ကျေးလက်ဇနပုဒ်၌ နေကုန်သော ငါးကျိပ်သောသူဌေးသားတို့သည်လည်း အရှင်ယသရဟန်းပြုသည်ဟု ကြား၍ "ငါတို့လည်း ရဟန်းပြုပါကုန်အံ့"ဟု အရှင်ယသသို့ ကပ်လာကုန်၍ ထိုငါးကျိပ်သော သူဌေး သားတို့ကိုလည်း မြတ်စွာဘုရားအထံသို့ အရှင်ယသဆောင်ခဲ့၍ "အရှင်ဘုရား၊ ဤသူဌေး

သားတို့ကိုလည်း ဆုံးမတော်မူပါ”ဟု လျှောက်၍ တရားဟော၍ သောတာပန် ဖြစ်ကုန်သဖြင့် ရဟန်းအဖြစ်ကို တောင်းပန်ကုန်သဖြင့် ဧဟိဘိက္ခုခေါ်တော်မူ၍ ရဟန္တာ ချည်းဖြစ်စေ၏၊ ဤသို့လျှင် ပဌမဝါတွင်း၌-

- မြတ်စွာဘုရား (၁ +)နှင့်တကွ ပဉ္စဝဂ္ဂီ ၅-ယောက် (= ၆)
- **အရှင်ယသ,** (၁ +) အရှင်ယသ၏အဆွေခင်ပွန်း ဗာရာဏသီမြို့နေ သူဌေးသား ၄-ယောက် (• ၅)
- ကျေးလက်ဇနပုဒ်သူဌေးသား ငါးကျိပ်(၅၀)အားဖြင့် လောက၌ လူရဟန္တာ ခြောက်ကျိပ်တစ်ယောက် ဖြစ်၏၊ အရှင်ဝပ္ပမှစ၍ **ငါးကျိပ်ကိုးယောက်သော** ရဟန္တာတို့သည် ဒုတိယဝါဆို ရကုန်၏။

အရှင်ယသစသော ငါးကျိပ်ငါးယောက်တို့သည် ရှေး၌ အဘယ်ကဲ့သို့ ကုသိုလ် ပြုကုန်သနည်းဟူမူကား လွန်လေပြီးသောအခါ၌ ထိုငါးကျိပ်ငါးယောက်သောသူတို့သည် တစ်ရွာတည်း၌ အတူဖြစ်ကြ၍ သွေးသောက်စုဖွဲ့သဖြင့် သေသူတို့၏အကောင်ကို ဖုတ်ကြည်းကုန်၏၊ တစ်ရံရောအခါ၌ ကိုးကွယ်ရာမရှိ၊ သေသောလူ၏ အကောင်ကို ဖုတ်ကြည်းကုန်အံ့-ဟု တောသို့ ပို့ကုန်၏၊ ဖုတ်ကြည်းကုန်သည်ရှိသော် ငါးကျိပ်သားတို့သည် အိမ်သို့အလျင် ပြန်လေကုန်၏၊ အရှင်ယသအလောင်းလုလင်နှင့်တကွ မြို့နေသူဌေး ၄-ယောက်တို့၏ အလောင်းလုလင်တို့သည် စောင့်၍ သင်္ဂြိုဟ်ကုန်၏။

အရှင်ယသအလောင်းသည် တံစူးဝါးနှင့် ထိုအလောင်းကို လှန်လှော၍ သင်္ဂြိုဟ်သော် စက်ဆုပ်ဖွယ်အတိကို မြင်၍ အသုဘကမ္မဋ္ဌာန်းကို ပွားစေ၏၊ အဖော် ၄-ယောက်တို့အားလည်းပြော၍ ထိုသူတို့သည်လည်း အသုဘကမ္မဋ္ဌာန်းကို ပွားစေကုန်၏၊ ကျွမ်းပြီးသော် ရွာသို့ပြန်၍ ထိုငါးကျိပ်သားတို့အားလည်း ပြောဆိုကုန်၏၊ ထိုသူတို့သည် အသုဘကမ္မဋ္ဌာန်းကို ပွားစေကုန်၏၊ အရှင်ယသအလောင်းလုလင်၏ အမိ, အဖ, ခင်ပွန်းတို့အားလည်း ထိုစက်ဆုပ်ဖွယ်သောအကြောင်းကို ကြား၍ ထိုအမိ, အဖ, ခင်ပွန်းတို့သည်လည်း အသုဘကမ္မဋ္ဌာန်းကို စီးဖြန်းကုန်၏၊ ဤသည်လျှင် ရှင်ယသစသော သူဌေးသား ငါးကျိပ်ငါးယောက်တို့၏ ရှေးကောင်းမှုတို့တည်း။

✪✪✪✪✪✪✪✪✪✪✪

## ၁၃၁။ ဧရကပတ္တနဂါး၊ ဉတ္တရလုလင်

မြတ်စွာဘုရားသည် ဗာရာဏသီပြည်ကို မှီ၍ နေတော်မူသောအခါ ထိုဗာရာဏသီပြည်၏အနီး ဂင်္ဂါမြစ်နားဝယ် ကုက္ကိုပင်စည်၌ "ကိစ္ဆော မနုဿပဋိလာဘော-" အစရှိသော တရားတော်ကို ဧရကပတ္တနဂါး, ဉတ္တရလုလင်တို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

အကြောင်းကား ထိုဧရကပတ္တနဂါးသည် ကဿပမြတ်စွာဘုရားလက်ထက်၌ ပဉ္စင်းငယ်ဖြစ်သောအခါ ဂင်္ဂါမြစ်၌ လှေစီး၍သွားသော် တစ်ခုသောကြက်ဆူခြုံကို လှေတိုက်၍ မျောသဖြင့် တစ်ခုသောကြက်ဆူရွက်ကို ဆွဲသော် လှေသည် အဟုန်ဖြင့် ကြက်ဆူရွက်ကို မလွှတ်ဘဲ မျောသဖြင့် ကြက်ဆူရွက် ပြတ်၍ ပါလေ၏၊ ထိုပဉ္စင်းငယ်သည် "ဤသစ်ရွက်ပြတ်ခြင်းသည် အနည်းငယ်သာ"ဟု နှလုံးသွင်း၍ အာပတ်ကို ဒေသနာမကြားဘဲ အနှစ်နှစ်သောင်း ကာလပတ်လုံး တောကျောင်းနေ၍ ရဟန်းတရားကို ကျင့်၏၊ သေခါနီးကာလ၌ ကြက်ဆူရွက်သည် လည်၌ပတ်သကဲ့သို့ ထင်၍ အာပတ်ကို ဒေသနာကြားလိုသော်လည်း အဖော်ရဟန်းကို မမြင်၍ ဒေသနာမကြားရသဖြင့် "သီလသည် မစင်ကြယ်"ဟု နှလုံးမသာခြင်းဖြင့် စုတေလေသော် တစ်ယောက်စီးလောက်ရုံ လှေပမာဏရှိသော ကိုယ်ဖြင့် နဂါးမင်းဖြစ်၍ ဧရကပတ္တနဂါးမင်း- ဟူသောအမည်သည် ဖြစ်၏။

### နဂါးမင်းကသမီးကို သီချင်းဆိုစေခြင်း

ထိုနဂါးမင်းသည် ဖြစ်ပြီးသောခဏ၌ မိမိကိုယ်ကို ကြည့်၍ "ဤမျှလောက်သော ကာလပတ်လုံး ရဟန်းတရားကို ကျင့်ပါလျက် အဟိတ်ပဋိသန္ဓေအမျိုး ဖားစိမ်းစားသော အရပ်၌ ဖြစ်ခဲ့ပြီ"ဟု နှလုံးမသာခြင်းသည် ဖြစ်၏၊ ကာလရှည်သဖြင့် သမီး ၁-ယောက်ကို ရ၍ ဂင်္ဂါမြစ်လယ်ရေအပြင်၌ ကြီးစွာသောပါးပျဉ်းကို ဖြန့်၍ ထိုပါးပျဉ်း၌ သမီးကိုထား၍ ကစေလျက်, သီချင်းကို သီစေလျက် "ငါသည် ဤသို့ သမီးကို ကစေ, သီစေသဖြင့် လူ့ပြည်၌ ဘုရားဖြစ်ပါလျှင် ထိုမြတ်စွာဘုရား၏ ဖြစ်သောအဖြစ်ကို စင်စစ် ကြားပါရလတ္တံ့"ဟု ကြံ၍ ဤသို့ ကစေ, သီစေသတည်း၊ "အကြင်သူသည် ငါ့သမီး၏ သီချင်းအတုံ့ကို ဆောင်နိုင်၏၊ ထိုသူအား ကြီးစွာသောနဂါးမင်း၏စည်းစိမ်နှင့်တကွ ငါ၏သမီးကို ပေးအံ့"ဟု လခွဲ ၁-ကြိမ် ဉပုသ်နေ့၌ သမီးကို ပါးပျဉ်း၌ ထား၍ ကစေ, သီစေ၏။

**ကိံသု အဓိပတိ ရာဇာ၊ ကိံသု ရာဇာ ရဇဿိရော။**
**ကထံသု ဝိရဇော ဟောတိ၊ ကထံ ဗာလောတိ ဝုစ္စတီ'တိ။**

(ဤကား သီချင်းတည်း။)

**အနက်။** ။ ကိံသု၊ အဘယ်သူသည်။ အဓိပတိ၊ အစိုးရသော။ ရာဇာ၊ မင်းနည်း။ ကိံသု ရာဇာ၊ အဘယ်မင်းသည်။ ရဇဿိရော၊ မြူရှိသောဦးခေါင်း ရှိသနည်း။ ကထံသု၊ အဘယ်သို့သောသူသည်။ ဝိရဇော၊ မြူကင်းသည်။ ဟောတိ၊ ဖြစ်သနည်း။ ကထံ၊ အဘယ်သူကို။ ဗာလောတိ၊ သူမိုက်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်သနည်း။ ဣတိ၊ ဤသို့။ ဂါယတိ၊ သီ၏။

## ဘုရားက ဥတ္တလုလင်ကို သီချင်းတံ့စေခြင်း

ထိုအခါ အလုံးစုံသော ဇမ္ဗူဒီပါကျွန်း၌ နေသောသူတို့သည် နဂါးမင်းသမီးကို ယူကုန်အံ့-ဟု လာကုန်၍ မိမိတို့ပညာ၏အစွမ်းဖြင့် သီချင်းတံ့ဆို၍ သီကုန်၏၊ ထိုနဂါးမသည် ထိုအလုံးစုံကို ပယ်၏၊ ထိုနဂါးမသည် လခွဲ ၁-ကြိမ် အဖ၏ပါးပျဉ်း၌ နေ၍ ဤသို့ သီစဉ် ဘုရား ၁-ဆူ အကြားလွန်၍ ငါတို့မြတ်စွာဘုရား လူ၌ ထင်ရှားဖြစ်တော်မူ၍ တစ်နေ့သ၌ မြတ်စွာဘုရားသည် လောကကို ကြည့်တော်မူရာ ဧရကပတ္တနဂါး, ဥတ္တရလုလင် တို့ကို ဉာဏ်တော်အတွင်း၌ ဝင်သည်ကို မြင်၍ "အသို့ဖြစ်လတ္တံ့နည်း"ဟု ဆင်ခြင်သော်-

"ယနေ့ ဧရကပတ္တနဂါးသည် သမီးကို ပါးပျဉ်း၌ ထား၍ သီစေသောနေ့တည်း၊ ဤဥတ္တရလုလင်သည် ငါပေးသောသီချင်းတံ့ကို တတ်အောင် သင်စဉ်ပင် သောတာ ပန်ဖြစ်၍ ထိုသီချင်းတံ့ကိုယူ၍ နဂါးမင်း၏အထံသို့ သွားလတ္တံ့၊ ထိုနဂါးမင်းသည် သီချင်းကို ကြား၍ ဘုရားဖြစ်ပြီ-ဟု သိ၍ ငါ၏အထံသို့ လာလတ္တံ့၊ ငါသည် ထိုနဂါးလာသော် ထိုအစည်း အဝေး၌ ၁-ဂါထာမျှ တရားကို ဟောအံ့၊ ဂါထာအဆုံး၌ ရှစ်သောင်း, လေးထောင်ကုန်သော ဝေနေယျသတ္တဝါတို့အား အကျွတ်ရကုန်သည်ဖြစ်လတ္တံ့"-ဟု မြင်တော်မူ၍ မြတ်စွာဘုရား သည် ဧရကပတ္တနဂါးမင်း၏သမီးကို က, သီစေရာ အရပ်သို့ ကြွတော်မူ၍ ဗာရာဏသီပြည်မှ မနီးမဝေးသောအရပ်၌ ကုက္ကိုပင် ၇-ပင်တို့သည် ရှိကုန်၏။ ထိုကုက္ကိုပင်တို့တွင် ၁-ခုသော ကုက္ကိုပင်၏အရင်း၌ စမ္မခဏ်နေရာခင်း၍ နေတော်မူလင့်၏၊ ဇမ္ဗူဒီပါကျွန်း၌နေသော သူတို့သည် "သီချင်းတံ့ကို သီကုန်၍ ဧရကပတ္တနဂါးမင်း၏ သမီးကို ယူကုန်အံ့"ဟူ၍ စည်းဝေးကြကုန်၏၊ မြတ်စွာဘုရားသည် မနီးမဝေး၌ သွားသော ဥတ္တရလုလင်ကို မြင်တော် မူလျှင် "ဥတ္တရ"ဟူ၍ ခေါ်တော်မူ၏၊ အရှင်ဘုရားဟူ၍ ဥတ္တရနှုတ်တံ့ပြန်၏၊ "ဥတ္တရ၊ ဤသို့

လာခဲ့ဦး”ဟု ခေါ်တော်မူသဖြင့် လာ၍ ရှိခိုး၍နေသော ဥတ္တရကို “အဘယ်သို့ သင်သွားမည်နည်း”ဟု မေးတော်မူသော် “ဧရကပတ္တနဂါးမင်းသမီး သီချင်းသီရာအရပ်သို့ သွားပါအံ့” ဟု လျှောက်၏၊ “ဥတ္တရ၊ သင်သီချင်းတို့ကို သိ၏လော”ဟု မေးတော်မူ၏၊ “သိပါ၏”ဟု လျှောက်သဖြင့် “သီချင်းတို့ကို ဆိုပါလော့”ဟု မိန့်တော်မူ၍ ဥတ္တရသည် မိမိသိသော သီချင်းတို့ကိုဆိုသော် “ဥတ္တရ၊ ဤသည်ကား သီချင်းတို့မဟုတ်၊ သင့်အား ငါသီချင်းတို့ကို ပေးအံ့၊ သင်ယူ၍ သွားလတ္တံ့လော”ဟု မေးသော် “သွားပါအံ့”ဟု လျှောက်သဖြင့် “ဥတ္တရ၊ သင်သည် နဂါးမငယ် သီသောအခါ၌ ဤသို့ သီလေ”ဟု မြတ်စွာဘုရား မိန့်တော်မူ၍-

ဆဒွါရာဓိပတိ ရာဇာ၊ ရဇမာနော ရဇဿိရော။
အရဇံ ဝိရဇော ဟောတိ၊ ရဇံ ဗာလောတိ ဝုစ္စတိ။ ။

ဟူ၍ သီချင်းတို့ကို ဟောတော်မူ၏။

အနက်။ ။ ဆဒွါရာဓိပတိ၊ ဒွါရ ၆-ပါးကို အစိုးရသောသူသည်။ ရာဇာ၊ မင်းမည်၏။ ရဇမာနော၊ တပ်သောသူသည်။ ရဇဿိရော၊ ဦးခေါင်း၌ မြူရှိသည် မည်၏။ အရဇံ အာရုံ၌ မတပ်သောသူသည်။ ဝိရဇော၊ မြူကင်းသည်။ ဟောတိ၊ ၏။ ရဇံ အာရုံကို တပ်သောသူကို။ ဗာလောတိ၊ သူမိုက်ဟူ၍။ ဝုစ္စတိ၊ ၏။

ဤသို့ သီချင်းတို့ကိုပေးပြီး၍ “ဥတ္တရ၊ ဤသီချင်းကို သင်သီသည်ရှိသော် ဤသို့ သီချင်း၏အတို့ကို-

ကေနဿု ဝုယှတိ ဗာလော၊ ကထံ နုဒတိ ပဏ္ဍိတော။
ယောဂက္ခေမိ ကထံ ဟောတိ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော။

ဟူ၍ ဤသီချင်းကို နဂါးမသည် သီလတ္တံ့၊ ထိုအခါ၌ ထိုနဂါးမအား သင်သည် ဤသီချင်းတို့ကို သီလေ”ဟု မိန့်တော်မူ၍-

ဩဃေန ဝုယှတိ ဗာလော၊ ယောဂေ နုဒတိ ပဏ္ဍိတော။
သဗ္ဗယောဂဝိသံယုတ္တော၊ ယောဂက္ခေမီ'တိ ဝုစ္စတိ။ ။

ဟူသော သီချင်းတို့ကို ပေးတော်မူပြန်၏၊ ဥတ္တရလုလင်သည် ဤသီချင်းတို့ ၂-ဂါထာကို သင်စဉ်လျှင် သောတာပန်ဖြစ်လေ၏၊ ထိုဥတ္တရလုလင်သည် သောတာပန်ဖြစ်၍ ထိုဂါထာကိုယူ၍ သွား၍ “အချင်းတို့၊ ငါသီချင်းတို့ကို ဆောင်ခဲ့ပါသည်၊ အခွင့်ကို ငါ့အား ပေးပါ”ဟု ဆို၍ အခြားမဲ့သော လူအပေါင်းတို့၏ ပုဆစ်ဒူး, ပုဆစ်ဒူး၌နေ၍ သွားလေ၏၊ နဂါးမသည် အဖ၏ပါးပျဉ်း၌ ရပ်လျက် က၍ “ကိံသု အဓိပတိရာဇာ” အစရှိသော

သီချင်းတဲ့ကို သီဆို၏၊ ဥတ္တရလုလင်သည် "ဆဒ္ဒါရာဓိပတိ" အစရှိသော သီချင်းတဲ့ကို သီ၏၊ တစ်ဖန် နဂါးမသည် "ကေနဿု ဝုယှတိ" အစရှိသောသီချင်းကို သီ၏၊ ထိုအခါ ဥတ္တရလုလင်သည် "ဩဃေန ဝုယှတိ" အစရှိသော သီချင်းတဲ့ကို သီ၏။

## နဂါးမင်းဘုရားရှင်ထံ သွားခြင်း

ဧရကပတ္တနဂါးမင်းသည် ထိုဂါထာကို ကြား၍ မြတ်စွာဘုရား၏ တပည့်ဖြစ်တော်မူသော အဖြစ်ကို သိ၍ "ငါသည် ဘုရာ ၁-ဆူအကြားကာလပတ်လုံး ဤသို့သောစကားကို မကြားစဖူး၊ အချင်းတို့၊ လောက၌ ဘုရားဖြစ်တော်မူပြီတကား"ဟု နှစ်လိုသော နှလုံးရှိသည်ဖြစ်၍ အမြီးဖြင့် ရေကိုခတ်၏၊ ကြီးသောလှိုင်းတံပိုးတို့သည် ထကုန်၏၊ ရေ၏ အဟုန်ဖြင့် တစ်ဥသဘမျှလောက် ကမ်းနားတို့သည် ပြိုကုန်၏၊ ထိုမျှလောက်သောအရပ်၌ လူတို့သည် နစ်ကုန်၏၊ နဂါးမင်းသည် ထိုမျှလောက်သော လူအပေါင်းကို ပါးပျဉ်း၌ ထား၍ ချီ၍ ကြည်းထက်သို့ တင်၏။

ထိုနဂါးမင်းသည် ဥတ္တရလုလင်သို့ကပ်၍ "အရှင့်သား၊ မြတ်စွာဘုရားသည် အဘယ်အရပ်၌ ရှိတော်မူသနည်း"ဟု မေး၏၊ မြတ်သောနဂါးမင်း၊ တစ်ခုသော ကုက္ကိုပင်ရင်း၌ မြတ်စွာဘုရားသည် နေတော်မူ၏"ဟု ဆိုသဖြင့် ထိုနဂါးမင်းသည် "လာလှည့် အရှင်၊ ငါတို့သည် မြတ်စွာဘုရားအထံတော်သို့ သွားကုန်အံ့"ဟု ဥတ္တရလုလင်ကို ခေါ်၍ အတူသွားလေ၏၊ လူများအပေါင်းလည်း ထိုနဂါးမင်းနှင့်အတူ သွားလေကုန်၏။

## နဂါးမင်းကို ဘုရားရှင်တရားဟောခြင်း

နဂါးမင်းသည် ရောင်ခြည်တော် ၆-သွယ်တို့၏ အတွင်းသို့ ဝင်၍ မြတ်စွာဘုရားကို ရှိခိုး၍ ငိုလျက်နေ၏၊ မြတ်စွာဘုရားသည် နဂါးမင်းအား "နဂါးမင်း၊ အဘယ့်ကြောင့် ငိုသနည်း"ဟု မေးတော်မူ၏။

"ဘုန်းတော်ကြီးသော အရှင်ဘုရား၊ အကျွန်ုပ်သည် အရှင်ဘုရားကဲ့သို့ သဘောရှိတော်မူသော မြတ်စွာဘုရား၏ တပည့်ဖြစ်၍ အနှစ်နှစ်သောင်းပတ်လုံး ရဟန်း တရားကို ကျင့်ပါ၏၊ ထိုအနှစ်နှစ်သောင်းကျင့်သော ရဟန်းတရားသည် အကျွန်ုပ်ကို သံသရာဝဋ်မှ ထွက်မြောက်စေခြင်းငှာ မတတ်နိုင်၊ အနည်းငယ်မျှ ကြက်ဆူရွက် ၁-ခုကို ဖြတ်မိသည်ကို မှီ၍ အဟိတ်ပဋိသန္ဓေနေသော ရင်ဖြင့်တွား၍သွားသောအရပ်၌ ဖြစ်ရ၏၊ ဘုရား ၁-ဆူ

အကြားပတ်လုံး လူ၏အဖြစ်ကို မရပါ၊ သူတော်ကောင်းတရားကို နာအံ့သော ငှာ မရပါ၊ အရှင် ဘုရားတို့အား ဖူးမြင်ခြင်းကို မရပါ၊" ဟူ၍ လျှောက်၏၊ မြတ်စွာဘုရားသည် ထိုနဂါးမင်း၏ စကားကို ကြားတော်မူ၍ "မြတ်သောနဂါးမင်း၊ လူ့အဖြစ်ဟူသည်ကား ရခဲ၏၊ ထို့အတူ သူတော်ကောင်းတရားကို နာခြင်းကို ရခဲ၏၊ ထို့အတူ ဘုရားဖြစ်တော်မူသော အခါကို ရခဲ၏" ဟု မိန့်တော်မူ၍-

**ကိစ္ဆော မနုဿပဋိလာဘော၊ ကိစ္ဆံ မစ္စာန ဇီဝိတံ။**

**ကိစ္ဆံ သဒ္ဓမ္မသဝနံ၊ ကိစ္ဆော ဗုဒ္ဓါန'မုပ္ပါဒေါ-**

ဟူသော ဤတရားတော်ကို ဟောတော်မူ၏။

**အနက်။** ။ မဟာရာဇ နဂါးမင်း။ မနုဿပဋိလာဘော၊ လူ၏အဖြစ်ကို ရခြင်းသည်။ ကိစ္ဆော၊ ငြိုငြင်၏။ မစ္စာနံ၊ သတ္တဝါတို့၏။ ဇီဝိတံ၊ အသက်သည်။ ကိစ္ဆံ၊ ငြိုငြင်၏။ သဒ္ဓမ္မ သဝနံ၊ သူတော်ကောင်းတရားတော်ကို ကြားနာရခြင်းသည်လည်း။ ကိစ္ဆံ၊ ငြိုငြင်၏။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းသည်။ ကိစ္ဆော၊ ငြိုငြင်၏။

အဓိပ္ပါယ်ကား- "နဂါးမင်း၊ ကြီးစွာသော ကုသိုလ်ကောင်းမှုဖြင့်သာ ရအပ်သည်၏အဖြစ်ကြောင့် လူ၏အဖြစ်ကို ရခဲ၏၊ အခြားမဲ့ လယ်ထွန်ခြင်း အစရှိသည်တို့ကို ပြု၍ အသက်၏ဖြစ်ခြင်းကို စေ့စပ်ရသည်၏ အဖြစ်ကြောင့်ရင်း အနည်းငယ်မျှသောကာလ၌သာ တည်သောကြောင့်ရင်း သတ္တဝါတို့၏အသက်သည်လည်း ငြိုငြင်၏၊ အရာမကများစွာသော ကမ္ဘာတို့၌လည်း တရားဟောတတ်သောပုဂ္ဂိုလ်ကို ရခဲသည်၏အဖြစ်ကြောင့် သူတော်ကောင်းတရားကို ကြားနာရမည်ကိုလည်း ရခဲငြိုငြင်၏၊ ကြီးစွာသောလုံ့လဖြင့် ဆုတောင်းခြင်း၏ပြည့်စုံသောကြောင့် ဆုတောင်းခြင်း၏ပြည့်စုံပြီးသော ဘုရားရှင်တို့အားလည်း ကမ္ဘာအကုဋေအထောင်မက များစွာတို့ဖြင့်လည်း ရခဲသောဖြစ်ခြင်းရှိသောကြောင့် ဘုရားတို့၏ ဖြစ်ခြင်းကိုလည်း အလွန်လျှင် ရခဲ၏" ဟူလိုသည်။

ဤတရားဒေသနာတော်အဆုံး၌ ရှစ်သောင်း, လေးထောင်သော ဝေနေယျသတ္တဝါတို့သည် အကျွတ်တရားရကုန်၏။

## နောက်သီချင်း ၂-ဂါထာအနက်

ကေနာဿု၊ အဘယ်အကြောင်းဖြင့်။ ဗာလော၊ လူမိုက်သည်။ ဝုယှတိ၊ မျော သနည်း။ ပဏ္ဍိတော၊ ပညာရှိသောသူသည်။ ကထံ၊ အဘယ်တရားကို။ နုဒတိ၊ ဖျောက် သနည်း။ ယောဂက္ခေမီ၊ ယောဂကုန်သောသူသည်။ ကထံ ဟောတိ၊ အသို့ဖြစ်သနည်း။

ကထံ၊ အဘယ်သို့သောအကြောင်းဖြင့်။ ယောဂက္ခေမီ၊ ယောဂကုန်ခြင်းသည်။ ဟောတိ၊ ဖြစ်သနည်း။ တံ၊ ထိုအကြောင်းကို။ ပုစ္ဆိတော၊ မေးအပ်သောသင်သည်။ မေ၊ ငါ့အား။ အက္ခာဟိ၊ ကြားဘိလော့။　　　(ဤကား နဂါးမ၏ နောက်သီချင်းအနက်တည်း။)

ဗာလော၊ သူမိုက်သည်။ ဩယေန၊ အယဉ်ဖြင့်။ ဝုယှတိ၊ မျော၏။ ပဏ္ဍိတော၊ ပညာရှိသည်။ ယောဂေ၊ ဝဋ်ဆင်းရဲ၌ ယှဉ်ခြင်းတို့ကို။ နုဒတိ၊ ခွါ၏။ သဗ္ဗယောဂဝိသံယုတ္တော၊ ခပ်သိမ်းသောယောဂတို့နှင့် ယှဉ်ခြင်းကင်းသောသူကို။ ယောဂက္ခေမီတိ၊ ယောဂကုန်ပြီးသောသူဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

(ဤကား ဥတ္တရလုလင်၏နောက်သီချင်းအနက်တည်း။)

✪✪✪✪✪✪✪✪✪✪

## ၁၃၂။ ရှေ့ဦးပညတ်တော်မူသော သိက္ခာပုဒ်

ဤသို့ ဆိုအပ်ပြီးသောနည်းဖြင့် မြတ်စွာဘုရားသည် ဗာရာဏသီပြည်၌ မိဂဒါဝုန်တော၌ ပဥ္စဝဂ္ဂီရဟန်း ၅-ယောက်တို့ကိုအကြောင်းပြုသဖြင့် ပဌမဝါဆိုတော်မူ၍ များစွာသော ဝေနေယျသတ္တဝါတို့ကို ကယ်ချွတ်တော်မူလျက် တန်ဆောင်မုန်းလပြည့်တိုင် နေတော်မူ၏၊ ထို ခြောက်ကျိပ်သောရဟန်းတို့သည် 'တစ်ပါးသောအရပ်၌ ရဟန်းပဥ္စင်းအဖြစ်ကို ငယ်ကုန်သောသူတို့ကို မြတ်စွာဘုရားသည် ရဟန်းပြုလတ္တံ့'ဟု ဆောင်ခဲ့ကုန်သဖြင့် ရဟန်းလောင်းတို့သည်ငှင်း ပဥ္စင်းလောင်းတို့သည်ငှင်း ပင်ပန်းကုန်၏၊ ဆောင်ခဲ့သောရဟန်းတို့သည်လည်း ပင်ပန်းကုန်၏၊ ထို့ကြောင့် "ချစ်သားရဟန်းတို့၊ ယခုအခါ၌ ထိုထိုသို့သောအရပ်တို့၌ ထိုထိုသို့သောဇနပုဒ်တို့၌ သင်တို့သည်သာလျှင် ရဟန်းပြုလေကုန်၊ ပဥ္စင်းခံလေကုန်"ဟု မိန့်တော်မူ၏၊ "ချစ်သားရဟန်းတို့၊ ထိုရဟန်းပဥ္စင်းအဖြစ်ကို ငယ်သောသူတို့ကို ဤသရဏဂုံ ၃-ပါးကို ဆောက်တည်စေသဖြင့် သာမဏေရဟန်းအဖြစ်ကိုငှင်း ပဥ္စင်းရဟန်းအဖြစ်ကိုငှင်း ငါခွင့်ပြုတော်မူ၏၊ သင်တို့ ရဟန်းပဥ္စင်းပြုလေကုန်" ဟု မိန့်တော်မူ၍-

**အနုဇာနာမိ ဘိက္ခဝေ ဣမေဟိ တီဟိ သရဏဂမနေဟိ ပဗ္ဗဇ္ဇံ ဥပသမ္ပဒန္တိ။**

ဟူ၍ ဝိနည်းသိက္ခာပုဒ်အပေါင်းတို့တွင် ရှေ့ဦးစွာသောသိက္ခာပုဒ်ကို ပညတ်တော်မူ၍ "ချစ်သားရဟန်းတို့၊ အကြင်နတ်၌ဖြစ်ကုန်သော မာရ်၏ကြော့ကွင်းတို့သည်လည်း ရှိကုန်၏၊ ထိုအလုံးစုံသော ကြော့ကွင်းတို့မှ ငါသည်လွတ်တော်မူပြီ၊ သင်တို့သည်လည်း လွတ်ကုန်ပြီ၊

ချစ်သားရဟန်းတို့ များစွာသောသူအပေါင်းတို့၏ စီးပွားချမ်းသာအလို့ငှာ လူ, နတ်တို့၏ အကျိုးစီးပွားအလို့ငှာ ဒေသစာရီသွားလေကုန်၊ တစ်ကြောင်းတည်းသော ခရီးကို ၂-ယောက်မသွားလေကုန်လင့်၊ ပညာမျက်စိ၌ ကိလေသာမြူနည်းသော သတ္တဝါ တို့သည် ရှိကုန်၏၊ တရားကိုမနာရသောကြောင့် တရားမှယုတ်ကုန်၏၊ တရားကို ထိုးထွင်း၍ သိကုန်လတ္တံ့၊ အစ၏ကောင်းခြင်း, အလယ်၏ကောင်းခြင်း, အဆုံး၏ကောင်းခြင်းနှင့် ပြည့်စုံသော အနက်နှင့်တကွဖြစ်သော သဒ္ဒါနှင့်တကွဖြစ်သော တရားကို. ထင်ရှားပြလေကုန်၊ ငါလည်း ဥရုဝေလတောသို့ သွားအံ့၊ တရားဟောချေအံ့" ဤသို့မိန့်တော်မူ၏။

ထိုအခါ မာရ်နတ်သားသည်မြတ်စွာဘုရားထံသို့ကပ်လာ၍ "ရဟန်းကြီး၊ အကြင်လူ၌၎င်း နတ်၌၎င်း ဖြစ်သောကြော့ကွင်းတို့သည် ရှိကုန်၏၊ ထိုကြော့ကွင်းတို့ဖြင့် သင်သည် နှောင်ဖွဲ့အပ်သည်ဖြစ်၏၊ မာရ်၏နှောင်ဖွဲ့ခြင်းဖြင့် ဖွဲ့အပ်သည်ဖြစ်၏၊ ငါ၏ အနှောင်အဖွဲ့မှ သင်သည်မလွတ်သေး-ဟူ၍ဆို၏၊ ထိုအခါ၌ မြတ်စွာဘုရားသည်-

**မုတ္တောဟံ သဗ္ဗပါသေဟိ၊ ယေ ဒိဗ္ဗာ ယေ စ မာနုသာ။**
**မာရဗန္ဓနာ မုတ္တော'မှိ၊ နိဟတော တွ'မသိ အန္တက-**

ဟူသော ဂါထာကို မိန့်တော်မူ၏။

အနက်။ ။ အန္တက၊ ဟယ် မာရ်ယုတ်။ ဒိဗ္ဗာ၊ နတ်၌ဖြစ်ကုန်သော။ ယေ ပါသာ စ၊ အကြင်ကြော့ကွင်းတို့သည်၎င်း။ မာနုသာ၊ လူ၌ဖြစ်ကုန်သော။ ယေ ပါသာ စ၊ အကြင်ကြော့ကွင်းတို့သည်၎င်း။ သန္တိ၊ ရှိကုန်၏။ တေဟိ သဗ္ဗပါသေဟိ၊ ထိုခပ်သိမ်းကုန်သော ကြော့ကွင်းတို့မှ။ အဟံ၊ ငါသည်။ မုတ္တော၊ လွတ်ပြီ။ မာရဗန္ဓနာ၊ မာရ်မင်း၏ အနှောင်အဖွဲ့မှ။ မုတ္တော၊ လွတ်သည်။ အမှိ၊ ၏။ တွံ၊ သင်သည်။ နိဟတော၊ သတ်အပ်ပြီးသည်။ အသိ၊ ဖြစ်၏။

ဤသို့မိန့်တော်မူ၏၊ မာရ်နတ်သည် ဤသို့ဆိုပြန်၏၊ ရဟန်းကြီး၊ ကောင်းကင်၌ သွားထသော ဤငါ၏ကြော့ကွင်းသည် ငါ၏စိတ်အလိုအားဖြင့် သွား၏၊ ထိုကြော့ကွင်းဖြင့် သင့်ကို နှောင်ဖွဲ့ဦးအံ့၊ သင်သည် ငါ၏အနှောင်အဖွဲ့မှ မလွတ်သေး-ဟူ၍ဆို၏၊ မြတ်စွာဘုရားသည် ဤဂါထာကို မိန့်တော်မူပြန်၏။

ရူပါ သဒ္ဒါ ဂန္ဓာ ရသာ၊ ဖောဋ္ဌဗ္ဗာ စ မနောရမာ။
ဧတ္ထ မေ ဝိဂတော ဆန္ဒော၊ နိဟတော တွ'မသိ အန္တက-

ဟူ၍ မိန့်တော်မူ၏။

**အနက်**။ ။ အန္တက၊ ဟယ် မာရ်ယုတ်။ မနောရမာ၊ နှလုံးမွေ့လျော်ဖွယ်ရှိကုန်သော။ ရူပါ စ၊ ရူပါရုံတို့သည်၎င်း။ သဒ္ဒါ စ၊ ၎င်း။ ဂန္ဓာ စ၊ ၎င်း။ ရသာ စ၊ ၎င်း။ ဖောဋ္ဌဗ္ဗာ စ၊ ဖောဋ္ဌဗ္ဗာရုံတို့သည်၎င်း။ သန္တိ၊ ရှိကုန်၏။ ဧတ္ထ၊ ဤအာရုံတို့၌။ မေ၊ ၏။ ဆန္ဒော၊ သည်။ ဝိဂတော၊ ကင်း၏။ တံ၊ သင်သည်။ နိဟတော၊ သတ်အပ်သည်။ အသိ၊ ဖြစ်၏။

ဤသို့ မိန့်တော်မူလေသော် ကောင်းသောလာခြင်းရှိသော မြတ်စွာဘုရားလည်း သိလေ၏-ဟု ယုတ်မာသောအလိုရှိသော မာရ်နတ်သည် နှလုံးမသာသည်ဖြစ်၍ ထိုအရပ်၌ ကွယ်လေ၏။

✪✪✪✪✪✪✪✪✪✪

## ၁၃၃။ ဘဒ္ဒဝဂ္ဂီ မင်းသားသုံးကျိပ်

ထိုအခါ မြတ်စွာဘုရားသည် ဗာရာဏသီပြည်၌ မွေ့လျော်တော်မူသောအလျောက် တန်ဆောင်မုန်းလပြည့်နေ့တိုင် နေတော်မူ၍ လပြည့်ကျော် ၁-ရက်နေ့ ကိုယ်တော်ထီး, သပိတ်, သင်္ကန်းကို ယူ၍ ထွက်တော်မူလေ၏၊ ထိုအခါ မြတ်စွာဘုရားသည် ခရီးမှသက်၍ အမှတ်မဲ့တစ်ပါးသော တောအုပ်သို့ ဝင်၍ အမှတ်မဲ့တစ်ပါးသော သစ်ပင်ရင်း၌ နားနေတော်မူလေ၏၊ ထိုသို့နားနေတော်မူသောအခါ၌ ထိုမြတ်စွာဘုရား နားနေတော်မူသော ကပ္ပါသိကဝါတော၌ သာဝတ္ထိပြည် မဟာကောသလမင်းကြီး၏ အိမ်နိမ့်သားဖြစ်ကုန်သော ကိုယ်အဆင်းဖြင့်၎င်း စိတ်ဖြင့်၎င်း ကောင်းသောသဘောရှိသောကြောင့်၎င်း သုံးကျိပ်တစ်စုဖြစ်ကုန်သောကြောင့်၎င်း ဘဒ္ဒဝဂ္ဂီအမည်ရှိကုန်သော မင်းသားတို့သည် မယားကိုယ်စီနှင့် သာဝတ္ထိပြည်မှ ထွက်၍နေကုန်သော် တစ်ယောက်သောမင်းသား၌ မယားမရှိ၍ ပြည့်တန်ဆာမကို ဆောင်၍ နေ၏။

တစ်နေ့သ၌ ထိုမင်းသားတို့ မေ့လျော့၍နေစဉ် ပြည့်တန်ဆာမသည် ဥစ္စာကိုယူ၍ ပြေးလေသောကြောင့် အဖော်တစ်ယောက်၏အမှုကို ဝန်း၍ဆောင်ကုန်သဖြင့် မင်းသားသုံးကျိပ်လုံးတို့ ပြေးသောမိန်းမကို ရှာကုန်သည်ရှိသော် မြတ်စွာဘုရားကိုတွေ့၍ "အရှင်ဘုရား၊ မိန်းမတစ်ယောက်ပြေးလေသည်ကို အရှင်ဘုရားသည် တွေ့ပါမြင်ပါ၏လော" ဟူ၍ မေးကုန်၏၊ ထိုသို့မေးသောအခါ၌ မြတ်စွာဘုရား ဤသို့မိန့်တော်မူ၏၊ "အဘယ်သို့ အောက်မေ့ကုန်သနည်း၊ မင်းသားတို့၊ သင်တို့သည် မိန်းမကိုတည်း ရှာရာသလော၊ သင်တို့ကိုယ်ကိုတည်း ရှာရာသလော"ဟု မေးတော်မူ၏၊ "အရှင်ဘုရား၊ အကျွန်ုပ် တို့ကိုယ်ကို ရှာရာ၏"ဟု လျှောက်၏။

ထိုသို့တပြီးကား "မင်းသားတို့၊ ထိုင်ကုန်ဦးလော့၊ ငါတရားဟောအံ့"ဟု မိန့်တော်မူသော် ကောင်းပြီအရှင်ဘုရား-ဟု မြတ်စွာဘုရားကို ရိုသေစွာရှိခိုး၍ ထိုဘဒ္ဒဝဂ္ဂီမင်းသားတို့ နေကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် ဒါနကထာ, သီလကထာ စသောတရားဓမ္မဒေသနာဖြင့် ပြောဟောဆုံးမ၍ အောက်မဂ်, အောက်ဖိုလ်တို့ကို ရစေသဖြင့် ရဟန်းပဉ္စင်းအဖြစ်ကို တောင်းပန်ကုန်၍ ဧထဘိက္ခဝေါ-ဟု ခေါ်တော်မူ၍ ပရိက္ခရာ ၈-ပါးနှင့်တကွ **ဧဟိ ဘိက္ခုချည်း** ဖြစ်ကုန်၏၊ တစ်ယောက်သောသူသည်မျှ **ရဟန္တာမဖြစ်**၊ ထိုသုံးကျိပ်တို့တွင် ဂုဏ်ဖြင့်ငယ်သောသူကား **သောတာပန်တည်း**၊ ဂုဏ်ဖြင့်ကြီးသောသူကား-**အနာဂါမ်တည်း**။

ဤဘဒ္ဒဝဂ္ဂီမင်းသားသုံးကျိပ်တို့၏ ရှေးကောင်းမှုကား- ငါတို့ဘုရားလောင်း ဝက်မင်းဖြစ်တော်မူသော တုဏ္ဍိလဇာတ်၌ ဤသုံးကျိပ်သောဘဒ္ဒဝဂ္ဂီမင်းသားအလောင်းတို့သည် သေသောက်ကြူးဖြစ်ကုန်၍ ငါတို့ဘုရားလောင်း ဝက်မင်းတရားကို ကြားသဖြင့် ပဉ္စသီသီတင်းကို တစ်သက်ပန်လုံး ဆောက်တည်ကြသတည်း၊ ထိုဘဒ္ဒဝဂ္ဂီရဟန်းသုံးကျိပ်တို့ကိုလည်း "သင်တို့သည် တစ်ကြောင်းထည်းသောခရီးဖြင့် နှစ်ပါးမသွားကြလေကုန်လင့်၊ ထိုသို့သောအရပ်တို့သို့ ဒေသစာရီသွားကြလေကုန်၊ ထိုထိုသို့သောအရပ်တို့၌ နတ်, လူတို့အားအကျိုးစီးပွား များစိမ့်သောငှာ တရားဟောကြလေကုန်"ဟု မိန့်ဆို၍ အသီးအသီး စေလွှတ်တော်မူလိုက်၏။

✪✪✪✪✪✪✪✪✪✪✪

## ၁၃၄။ ဥရုဝေလကဿပရသေ့ညီနောင်
## ပဉ္စမအကြိမ် တန်ခိုးပြခြင်း

မြတ်စွာဘုရားသည် အစဉ်သဖြင့် ဒေသစာရီ သွားတော်မူသည်ရှိသော် ဥရုဝေလတောသို့ ရောက်လေ၏၊ ထိုအခါ ဥရုဝေလတော၌-

ဥရုဝေလကဿပ, နဒီကဿပ, ဂယာ-ကဿပ၊

ဤရသေ့ညီနောင် ၃-ယောက်တို့သည် တပည့်ရသေ့ ၁၀၀၀-တို့နှင့်တကွ နေကုန်၏၊ ဥရုဝေလကဿပသည် ရသေ့ ၅၀၀-တို့၏အကြီးတည်း၊ နဒီကဿပသည် ရသေ့ ၃၀၀-တို့၏အကြီးတည်း၊ ဂယာကဿပသည် ရသေ့ ၂၀၀-တို့၏အကြီးတည်း၊ ထိုအခါ မြတ်စွာဘုရားသည် ဥရုဝေလကဿပ၏သင်္ခမ်းသို့ ကပ်၍ "ကဿပ၊ သင်ဝန်မလေးပါမူ ယနေ့ တစ်ညဉ့် သင်၏မီးတင်းကုပ်၌ ငါအိပ်နေ တည်းခိုပါရစေ"ဟု ခွင့်တောင်း၏။

“ရဟန်းကြီး၊ ငါဝန်မလေး၊ ဤမီးတင်းကုပ်၌ ရုန့်ရင်းကြမ်းထမ်းသော လျင်သော အဆိပ်ရှိသော နဂါး ရှိသည်၊ ထိုနဂါးသည် သင်ရဟန်းကြီးကို မနှိပ်စက်ပါစေလင့်”ဟု ဆို၍ တားမြစ်၏၊ ၂-ကြိမ်မြောက်ၾင်း ၃-ကြိမ်မြောက်ၾင်း မြတ်စွာဘုရားခွင့်တောင်း၏၊ “ကဿပ၊ သင်ဝန်မလေးပါမူ ယနေ့တစ်ညဉ့် သင်၏မီးတင်းကုပ်၌ ငါတည်းနေပါအံ့”ဟု ဆို၏၊ ၃-ကြိမ်မြောက် ကဿပလည်း “ရဟန်းကြီး၊ ငါမူကား ဝန်မလေး၊ ဤမီးတင်း ကုပ်၌နေသော နဂါးသည် ရုန့်ရင်းကြမ်းထမ်း၍ လျင်သောအဆိပ်ရှိ၏၊ ကြမ်းသောအဆိပ် ရှိ၏၊ ထိုနဂါးသည် သင်ရဟန်းကြီးကို မနှိပ်စက်ပါစေလင့်”ဟု ဆို၍သာ နေ၏၊ မြတ်စွာ ဘုရားကလည်း “ကဿပ၊ မီးတင်းကုပ်ကိုသာ ခွင့်ပြုပါ၊ ငါ့ကိုယ်ကို နဂါးမနှိပ်စက်ရ” ဟူ၍ ဆို၏၊ “ရဟန်းကြီး၊ အလိုရှိသည့်အတိုင်းနေပါတော့”ဟူ၍ ဥရုဝေလကဿပ ခွင့်ပြု၏၊ ထိုအခါ မြတ်စွာဘုရားသည် မီးတင်းကုပ်သို့ဝင်၍ မြက်အခင်းကို ခင်း၍ ကိုယ်ကို ဖြောင့်မတ်စွာ ဆောက်တည်၍ သတိကို ရှေးရှုဖြစ်စေ၍ ထက်ဝယ်ဖွဲ့၍ နေတော်မူ၏။

မြတ်စွာဘုရား ဝင်တော်မူသည်ကို နဂါးမြင်၍ နှလုံးမသာသည်ဖြစ်၍ အခိုးကို လွှတ်၏၊ မြတ်စွာဘုရားလည်း “ငါသည် ဤနဂါး၏ အရေ, အသွေး, အသားတို့ကို မထိပါး စေမူ၍ နဂါး၏တန်ခိုးကို ငါ၏တန်ခိုးဖြင့် ကုန်စေအံ့”-ဟု ကြံတော်မူ၍ တန်ခိုးတော်ဖြင့် အခိုးလွှတ်၏၊ နဂါးသည် ရန်ငြိုးကို သည်းမခံနိုင်၍ အလျှံတောက်၏၊ မြတ်စွာဘုရားလည်း အလျှံတောက်၏၊ အလျှံနှင့်တကွဖြစ်ကုန်သော နဂါး, ဘုရားတို့ကြောင့် မီးတင်းကုပ်သည် အလျှံပြောင်ပြောင် တောက်၏၊

ထိုအခါ ၅၀၀-ရာသော ရသေ့တို့သည် မီးတင်းကုပ်ကို ခြံရံ၍ ဤသို့ ဆိုကုန်၏၊ “အချင်းတို့၊ ရဟန်းကြီးသည် အဆင်းလှလေစွ၊ နဂါးသည် နှိပ်စက် ဖျက်ဆီးလေလတ္တံ့”ဟူ၍ ဆိုကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် ထိုညဉ့်လွန်သဖြင့် ထိုနဂါး၏ အရေ, အရိုး, အသွေး, အသားတို့ကို မထိပါးစေမူ၍ နဂါး၏တန်ခိုးကို ဘုရားတန်ခိုးဖြင့် ကုန်စေ၍ သပိတ်တော်၌ ထည့်၍ ဥရုဝေလကဿပအား “ကဿပ၊ ဤကား သင်၏နဂါးတည်း၊ ငါ၏တန်ခိုးကြောင့် ဤနဂါး၏ တန်ခိုးသည် ကုန်ခဲ့ပြီ-ဟူ၍ ပြတော်မူ၏။

ထိုအခါ၌ ဥရုဝေလကဿပအား ဤသို့ကြံ၏၊ “ဤရဟန်းကြီးသည် တန်ခိုး အာနုဘော်ကြီး၏၊ အကြင်ကြောင့် ကြမ်းထမ်းသော အဆိပ်ထန်သော နဂါး၏ တန်ခိုးကိုပင် မိမိတန်ခိုးဖြင့် ကုန်စေ၏၊ ထို့ကြောင့် တန်ခိုးကြီး၏၊ သို့ရာတွင် ငါကဲ့သို့သော ရဟန္တာ မဟုတ်လေသတည်း”ဟူ၍ ကြံ၏၊ ထိုအခါ၌ မြတ်စွာဘုရား၏ ဤတန်ခိုးပြာဋိဟာကြောင့် ဥရုဝေလကဿပသည် အလွန်ကြည်ညိုသည်ဖြစ်၍ “ရဟန်းကြီး၊ သင်သည် ဤအရပ် ၌ပင် နေပါလော့၊ သင့်အား ငါအမြဲထမင်းဖြင့် လုပ်ကျွေးပါမည်”ဟု ဆို၏၊ မြတ်စွာဘုရား

လည်း ထိုရသေ့တို့ ဉာဏ်ရင့်သည်တိုင်အောင် ငံ့၍ ဥရုဝေလကဿပ၏ သင်္ခမ်းမှ မနီးမဝေးဖြစ်သော အမှတ်မဲ့တစ်ခုသော တောအုပ်၌ နေတော်မူလေ၏။

## ၂-ကြိမ်မြောက် တန်ခိုးပြခြင်း

ထိုအခါ **စတုမဟာရာဇ်နတ်မင်း ၄-ယောက်တို့သည်** ညဉ့်ဦးယံလွန်သော သန်းခေါင်ယံအခါ၌ အလုံးစုံသော ထိုတောအုပ်ကို မိမိကိုယ်ရောင်တို့ဖြင့် ထွန်းလင်းစေ၍ မြတ်စွာဘုရားသို့ ကပ်လာ၍ ရိုသေစွာရှိခိုး၍ မီးပုံကြီးကဲ့သို့ မြတ်စွာဘုရား၏ ရှေ့, နောက်, လက်ဝဲ, လက်ျာ ၄-မျက်နှာအရပ်တို့၌ ရပ်ကုန်၏၊ ထိုညဉ့်လွန်သဖြင့် ဥရုဝေလကဿ သည်လည်း မြတ်စွာဘုရားသို့ကပ်၍ "ရဟန်းကြီး၊ ဆွမ်းစားအခါ တန်ပြီ၊ ဆွမ်းပြင်၍ ပြီးပြီ၊ ရဟန်းကြီး၊ ညဉ့်ဦးယံလွန်သောအခါ၌ နှစ်လိုဖွယ်သော အဆင်းအရောင်ဖြင့် အလုံးစုံသော တောအုပ်ကို ထွန်းလင်းစေ၍ သင်ရဟန်းကြီးသို့ ကပ်၍ သင့်ကို ရှိခိုး၍ မီးပုံကြီးကဲ့သို့ ၄-မျက်နှာသောအရပ်၌ တည်သောသူတို့သည် အဘယ်သူတို့နည်း"ဟူ၍ မေးလျှောက်၏၊ "ကဿပ၊ ထိုသူ ၄-ယောက်တို့သည် စတုမဟာရာဇ်နတ်မင်းတို့တည်း၊ တရားနာအံ့ သောငှာ လာကုန်သည်"ဟု မိန့်တော်မူ၏၊ ထိုအခါ "ရဟန်းကြီးသည် တန်ခိုး အာနုဘော်ကြီး ပေ၏၊ စတုမဟာရာဇ်နတ်မင်းကြီး ၄-ယောက်တို့သည် တရားနာလာရကုန် ၏၊ သို့ရာတွင် ငါကဲ့သို့ ရဟန္တာမဟုတ်လေတော့သည်"ဟု ဥရုဝေလကြံ၏၊ ထိုအခါ ဥရုဝေလ၏ဆွမ်းကို ဘုဉ်းပေး၍ ထိုတောအုပ်၌ မြတ်စွာဘုရား နေတော်မူ၏။

## ၃-ကြိမ်မြောက် တန်ခိုးပြခြင်း

ထို့နောက် သိကြားမင်းသည် ညဉ့်ဦးယံလွန်သော သန်းခေါင်ယံအခါ၌ အလွန်နှစ်လို ဖွယ်သော အရောင်အဝါဖြင့် အလုံးစုံသော တောကိုထွန်းလင်းစေ၍ မြတ်စွာဘုရားသို့ ကပ်၍ ရိုသေစွာရှိခိုးလျက် တင့်အပ်သောအရပ်၌ ရပ်လာ၏၊ မီးပုံကြီးကဲ့သို့ ရှေးအရောင် အဝါထက် တောက်ပစွာ တည်၏၊ ထိုညဉ့်လွန်သဖြင့် ဥရုဝေလလည်း မြတ်စွာဘုရားသို့ ကပ်၍ "ရဟန်းကြီး၊ ဆွမ်းစားခါတန်ပြီ၊ ဆွမ်းပြင်၍ ပြီးပြီ၊ ရဟန်းကြီး၊ ညဉ့်ဦးယံ လွန်သောအခါ၌ အလွန်နှစ်လိုဖွယ်သောအရောင်ဖြင့် အလုံးစုံသောတောအုပ်ကို ထွန်းလင်း စေလျက် သင်ရဟန်းကြီးသို့ ကပ်လာ၍ ရိုသေစွာရှိခိုးလျက် မီးပုံကြီးကဲ့သို့ ယမန် နေ့ညဉ့် အရောင်အဝါထက် တောက်ပစွာရပ်လာသည်ကား အဘယ်သူနည်း"ဟု လျှောက်၏၊

"ကဿပ၊ သိကြားမင်းတည်း၊ တရားနာအံ့သောငှာ လာသည်"ဟု ဆို၏၊ ထိုသို့ မိန့်တော်မူသော် ဥရုဝေလအား ဤသို့ အကြံဖြစ်၏၊ "ရဟန်းကြီးသည် တန်ခိုးကြီးပေ၏၊ သိကြားမင်းသည်လည်း တရားနာလာရချေ၏၊ ငါကဲ့သို့သော **ရဟန္တာမဟုတ်သေးသည်**"ဟု ကြံ၏၊ မြတ်စွာဘုရားလည်း ဥရုဝေလဆွမ်းကို ဘုဉ်းပေး၍ ထိုတောဌ် နေတော်မူ၏။

## ၄-ကြိမ်မြောက် တန်ခိုးပြခြင်း

ထို့နောက် **သဟံပတိဗြဟ္မာ**သည် ညဉ့်ဦးယံလွန်သောအခါ၌ အလွန်နှစ်လိုဖွယ်သော အရောင်ဖြင့် အလုံးစုံသောတောကို လင်းစေ၍ မြတ်စွာဘုရားသို့ ကပ်လာ၍ ရိုသေစွာရှိခိုး၍ ရပ်လာ၏၊ ဥပမာကား မီးပုံကြီးကဲ့သို့ ရှေးအရောင်အဝါ ၂-ဦးထက် တိုးတက်ထွန်းပစွာ တည်၏၊ ထိုညဉ့်လွန်သဖြင့် ဥရုဝေလလည်း မြတ်စွာဘုရားသို့ ကပ်၍ "ရဟန်းကြီး၊ ဆွမ်းစားခါတန်ပြီ၊ ဆွမ်းပြင်၍ပြီးပြီ၊ ရဟန်းကြီး၊ သန်းခေါင်အခါ၌ အလွန်နှစ်လိုဖွယ်သောအရောင်ဖြင့် အလုံးစုံသောတောကို ထွန်းလင်းစေ၍ မီးပုံကြီးကဲ့သို့ ရှေးဦး ၂-ည အရောင်အဝါတို့ထက် တိုးတက်တောက်ပစွာ သင်ရဟန်းကြီးကို ရှိခိုး၍ သင်၏အနီး၌ တည်လာသည်ကား အဘယ်သူနည်း"ဟု မေး၏၊ "ကဿပ၊ ဤသူကား သဟံပတိဗြဟ္မာတည်း၊ တရားနာအံ့သောငှာ လာသည်"ဟု မိန့်တော်မူသော် ဥရုဝေလသည် ဤသို့ ကြံ၏၊ "ရဟန်းကြီးကား တန်ခိုးကြီးလှပေ၏၊ သဟံပတိဗြဟ္မာမင်းသည်လည်း တရားနာ လာရဘိ၏၊ ငါကဲ့သို့သော **ရဟန္တာမဟုတ်လေတော့သည်**"ဟု ကြံ၏၊ မြတ်စွာဘုရားလည်း ဥရုဝေလဆွမ်းကို ဘုဉ်းပေး၍ ထိုတောဌ် နေတော်မူ၏။

(နတ်တို့သည် လူ့ပြည်သို့လာကုန်သည်ရှိသော် လူတို့သည် ပွဲလမ်းသဘင်သို့ သွားကုန်သောအခါ ကောင်းမွန်စွာ ဝတ်စားတန်ဆာဆင်၍ သွားကုန်သကဲ့သို့ ပကတိ အဆင်း၊ အရောင်တန်ခိုးကို စွန့်၍ ရုန့်ရင်းသောကိုယ်ကို ဖန်ဆင်း၍ အတိုင်းထက်အလွန် အဆင်း၊ အရောင်၊ အဝတ်တန်ဆာရှိသောကိုယ်ဖြင့် အရောင်အဝါတောက်ပစေခြင်း စသော နတ်၌ ဖြစ်သောတန်ခိုးကို ဖန်ဆင်း၍ ပြုပြင်သောကိုယ်ဖြင့် လာကုန်၏၊ ကာမာဝစရ နတ်တို့သည်ကား ရုန့်ရင်းသောရုပ်ရှိသောကြောင့် အသစ်မပြုပြင်၊ မဖန်ဆင်းသော ကိုယ်ဖြင့်ပင်လာနိုင်ကုန်၏၊ ထို့ကြောင့် ထိုကာမာဝစရနတ်တို့သည် အလုပ်အလွေး အာဟာရကို လူကဲ့သို့ စားကုန်၏။

ရူပါဝစရဗြဟ္မာတို့သည်ကား-အသစ်မပြုပြင်၊ မဖန်ဆင်းသောဗြဟ္မာ့ပြည်၌ ဖြစ်မြဲတိုင်းသော ပကတိကိုယ်ဖြင့် လာအံ့သောငှာ မတတ်နိုင်ကုန်၊ အသစ်ဖန်ဆင်းသော ကိုယ်ဖြင့်သာ လာနိုင်ကုန်သည်၊ ဖြစ်မြဲတိုင်းသော ကိုယ်ဖြင့် မိမိဘုံ၌ပင် သွားခြင်း၊ ရပ်ခြင်းစသော

ဣရိယာပုထ်ကို မပြုနိုင်ကုန်၊ ဖြဟ္မာတို့၏ ဖြစ်မြဲတိုင်းသော ရုပ်သည် သိမ်မွေ့ငယ်လှသည်၊ ပဋိသန္ဓေစိတ်၏မှီရာ တည်ရာမျှသာ ဖြစ်သည်၊ ထို့ကြောင့် မိမိတို့ဘုံ၌ပင် ဖန်ဆင်းသော ကိုယ်ဖြင့်သာ နေကုန်သည်။)

## ၅-ကြိမ်မြောက်တန်ခိုးပြခြင်း

ထိုအခါ ဥရုဝေလအား **ကြီးစွာလှူဒါန်းပူဇော်အံ့သောနေ့သည်** ရှေးရှုဖြစ်၏၊ "အလုံးစုံသော အင်္ဂတိုင်း, မဂဓတိုင်း၌နေကုန်သောသူတို့သည် များစွာကုန်သော ခဲဖွယ် ဘောဇဉ်တို့ကိုယူ၍ လာကုန်လတ္တံ့၊ ရဟန်းကြီးလည်းတန်ခိုးကြီးလှ၏၊ များစွာသောလူတို့၏ အလယ်၌ တန်ခိုးပြာဋိဟာ ပြလတ္တံ့၊ များစွာသောလူတို့သည် ရဟန်းကြီးကို သဒ္ဓါကြည်ညို၍ ရဟန်းကြီးအား လာဘ်သပ္ပကာများလတ္တံ့၊ ငါ့အားလာဘ်သပ္ပကာ ယုတ်လတ္တံ့၊ နက်ဖြန် တစ်ရက် ရဟန်းကြီးဆွမ်းစားမလာဘဲနေသော် ကောင်းလေ၏"ဟု ကြံ၏၊ မြတ်စွာဘုရား သည် ဆင်ခြင်တော်မူသဖြင့် ဥရုဝေလအကြံကို သိ၍ **ဥတ္တရကုရုကျွန်းသို့** သွား၍ ထိုကျွန်း မှဆွမ်းကို ဆောင်ခဲ့၍ အနဝတတ်အိုင်နား၌ ဆွမ်းဘုဉ်းပေး၍ ထိုအိုင်နား၌ နေတော်မူ၍ ညချမ်းသောအခါ၌ ဥရုဝေလတောသို့ ကြွလာခဲ့၏၊ ထိုညဉ့်လွန်သဖြင့် ဥရုဝေလသည် မြတ်စွာဘုရားသို့ ကပ်လာ၏၊ "ရဟန်းကြီး၊ ဆွမ်းစားခါတန်ပြီ၊ ဆွမ်းပြင်၍ ပြီးပြီ၊ အဘယ့်ကြောင့် ယမန်နေ့က ရဟန်းကြီးဆွမ်းစားမလာသနည်း-စင်စစ်ကား ရဟန်းကြီးအား အဘယ့်ကြောင့်မလာသနည်း"ဟု ရဟန်းကြီးကို ငါတို့ အောက်မေ့ကုန်သည်၊ သင်၏အဖို့ ခဲဘွယ်ဘောဇဉ်ကို ထား၏"ဟု ဆို၏။

"ကဿပ၊ သင့်အား ဤသို့ အကြံဖြစ်သည် မဟုတ်တုံလော၊ ယခုအခါ၌ ငါ့အားကြီးစွာသောပူဇော်သက္ကာသည် ဖြစ်လတ္တံ့၊ အလုံးစုံသော အင်္ဂတိုင်း, မဂဓတိုင်း သူတို့သည် ခဲဘွယ်ဘောဇဉ်များစွာယူ၍ လာကုန်လတ္တံ့၊ ရဟန်းကြီးသည် များစွာသော လူတို့အလယ်၌ တန်ခိုးပြာဋိဟာပြလတ္တံ့၊ ရဟန်းကြီးအား လာဘ်များလတ္တံ့၊ ငါ့အား လာဘ်သပ္ပကာ ယုတ်လတ္တံ့၊ ရဟန်းကြီး ယနေ့ တစ်ရက်မလာဘဲနေသော် ကောင်းလေ၏-ဟု သင်ကြံသည် မဟုတ်လော၊ သင်၏အကြံကို သိ၍ ငါမလာဘဲ ဥတ္တရကုရုကျွန်းသို့ သွား၍ ဆွမ်းခံပြီးလျှင် အနဝတတ်အိုင်နား၌ ဆွမ်းစား၍ ထိုအိုင်နား၌ နေခြင်းကို ပြု၏" ဟု မြတ်စွာဘုရား မိန့်တော်မူ၏၊ ဥရုဝေလသည် ဤသို့ကြံ၏၊ "ရဟန်းကြီးသည် တန်ခိုးကြီး လှ၏၊ သူတစ်ပါး၏အကြံကိုပင် သိ၏၊ ငါကဲ့သို့ ရဟန္တာမဟုတ်သည်သာ"ဟု ကြံ၏၊ မြတ်စွာ ဘုရားလည်း ဥရုဝေလဆွမ်းကို ဘုဉ်းပေး၍ ထိုတော၌ နေတော်မူ၏။

## ပံသုကူသင်္ကန်းရတော်မူခြင်း

ထို့နောက် မြတ်စွာဘုရား၌ ပံသုကူသင်္ကန်းရ၏၊ ပံသုကူသင်္ကန်းကို အဘယ်၌ ဖွပ်ရအံ့နည်း-ဟု ကြံတော်မူ၏၊ ထိုအကြံကိုသိကြားမင်းသိ၍ ခံတက်ပင်ရင်း၌ လက်ဖြင့် ရေကန်တူး၍ "အရှင်ဘုရား၊ ဤရေကန်၌ ဖွပ်တော်မူပါ"ဟု လျှောက်၏၊ အဘယ်၌ ဤပံသုကူသင်္ကန်းကို ဆောင့်နယ်ရအံ့နည်း-ဟု ကြံတော်မူပြန်၏၊ ထိုအကြံကို သိကြားမင်း သိ၍ ကြီးစွာသောကျောက်ဖျာကို ရေ၏အနီး၌ထား၍ "အရှင်ဘုရား၊ ဤကျောက်ဖျာ၌ သင်္ကန်းကို ဆောင့်တော်မူပါ"ဟု လျှောက်၏၊ အဘယ်၌ဆွဲ၍ ငါသည် ရေမှတက်ရအံ့နည်း-ဟု ကြံတော်မူ၏၊ ထိုအကြံကို ခံတက်ပင်စောင့်နတ်သိ၍ အခက်ကိုညွတ်စေ၍ "အရှင်ဘုရား၊ ဤခံတက်ကိုင်း၌ဆွဲ၍ တက်တော်မူပါ"ဟု လျှောက်၏၊ ဤပံသုကူသင်္ကန်းကို အဘယ်၌ ဖြန့်၍လှမ်းရအံ့နည်း- ဟု ဘုရားကြံတော်မူ၏၊ ထိုအကြံကို သိကြားမင်းသိ၍ ရေကန်နား၌ ကြီးစွာသောကျောက်ဖျာကို ထား၍ "အရှင်ဘုရား၊ ဤကျောက်ဖျာ၌ သင်္ကန်းကို လှမ်းတော်မူပါ"ဟု လျှောက်၏။

ထိုညဉ့်လွန်သဖြင့် ဥရုဝေလလည်း မြတ်စွာဘုရားသို့ ကပ်လာ၍ "ရဟန်းကြီး၊ ဆွမ်းစားအံ့သောအခါ တန်ပြီ၊ ဆွမ်းပြင်၍ ပြီးပြီ"ဟု လျှောက်၏၊ "အကြောင်းအသို့နည်း- ရဟန်းကြီး၊ ရှေးအခါ ဤ၌ ရေကန်မရှိ၊ ယခုအခါ ရှိသည်၊ ရှေး၌ဤကျောက်ဖျာလည်း ရေကန်၏အနီး၌ မထား၊ အဘယ်သူသည် ဤကျောက်ဖျာကိုထားသနည်း၊ ဤခံတက်ပင်၏ အခက်သည်လည်း ရှေးအခါအောက်သို့ မညွတ်၊ ယခုအောက်သို့ ညွတ်သည်၊ အကြောင်း အဘယ်သို့တုံနည်း"ဟု မေး၏၊ "ကဿပ၊ ငါ့အား ပံသုကူသင်္ကန်းဖြစ်၍ ပံသုကူ သင်္ကန်းကို အဘယ်၌ ဖွပ်လျှော်အံ့နည်း-ဟု ငါ့အား အကြံဖြစ်၏၊ ထိုအကြံကို ထိုသိကြားမင်း သိ၍ ဤရေကန်ကို သိကြားမင်းလက်ဖြင့် တူး၍ အရှင်ဘုရား၊ ဤရေကန်၌ ဤပံသုကူ သင်္ကန်းကို ဖွပ်တော်မူပါ-ဟု ငါ့ကိုသိကြားမင်း လျှောက်သည်၊ ဤရေကန်ကား သိကြားတူးသော ရေကန်တည်း၊ ဤကျောက်ဖျာကိုလည်း ငါ့အား ပံသုကူသင်္ကန်း ဖြန့်လှန်းစိမ့်သောငှာ သိကြားပင် ထားပေ၏၊ ခံတက်ကိုင်းကိုကား ငါ့အား ပံသုကူသင်္ကန်းဆွဲရန် ငါ၏အလိုကို ခံတက်ပင်စောင့်နတ်သိ၍ ဤခံတက်ကိုင်းကို ညွတ်စေ၏"ဟု မိန့်တော်မူ၏။

ဥရုဝေလကဿပအားလည်း "ရဟန်းကြီးသည် တန်ခိုးအာနုဘော်ကြီးလှ၏၊ သိကြားမင်းသည်လည်း အမှုကြီး, ငယ်တို့ကို အကြင့်ကြောင့် ပြုလာရ၏၊ ထို့ကြောင့် တန်ခိုးကြီးလှချေ၏၊ ငါကဲ့သို့ ရဟန္တာမဟုတ်လေတော့သည်"ဟု အကြံဖြစ်၏၊ ထိုအခါ ဥရုဝေလဆွမ်းကို ဘုဉ်းပေး၍ ထိုတော၌ပင် မြတ်စွာဘုရား နေတော်မူ၏။

## ဣန္ဒြန်းဦးသပြေပင်နှင့် တာဝတိံသာသို့ ကြွတော်မူခြင်း

ထိုညဉ့်လွန်သဖြင့် ဥရုဝေလကဿပသည် မြတ်စွာဘုရားသို့ ကပ်၍ "ရဟန်းကြီး၊ ဆွမ်းပြင်၍ ပြီးပြီ၊ ဆွမ်းစားအခါတန်ပြီ"ဟု လျှောက်၏၊ မြတ်စွာဘုရား လည်း "ကဿပ၊ သင်သွားနှင့်လေ၊ ငါနောက်မှလာအံ့"ဟု ဥရုဝေလကဿပရသေ့ကို လွှတ်လိုက်၍ အကြင် သပြေပင်ကြောင့် ဇမ္ဗုဒီပါကျွန်းအပြင်-ဟု ထင်ရှား၏၊ ထိုသပြေပင်သို့ ကြွတော်မူ၍ အသီးကို ယူခဲ့၍ ဥရုဝေလ၏ရှေးဦးစွာ ဥရုဝေလမီးတင်းကုပ်၌ နေတော်မူနှင့်၏၊ ဥရုဝေလလည်း မီးတင်းကုပ်၌ နေတော်မူနှင့်သော မြတ်စွာဘုရားကို မြင်၍ "ရဟန်းကြီး၊ သင်သည် အဘယ်ခရီးဖြင့်လာခဲ့သနည်း၊ ငါလည်း သင်၏ ရှေးဦးစွာ သွားနှင့်သည်၊ နောက်လာသောသင်သည် ငါ၏ရှေးဦးစွာရောက်နှင့်၍ မီးတင်းကုပ်၌ နေနှင့်လေတကား" ဟု လျှောက်၏။

"ဥရုဝေလ၊ ယနေ့ ငါသည် သင့်ကို ရှေးဦးစွာ လွှတ်လိုက်၏၊ ဤဇမ္ဗုဒီပါကျွန်း ထိပ်၌ရောက်သော ဇမ္ဗုသပြေပင်သို့ သွား၍ အသီးကို ယူခဲ့၍ သင်၏အလျင်လာ၍ နေနှင့် သည်တကား၊ ကဿပ၊ ဤဇမ္ဗုသပြေသီးသည် အဆင်း, အနံ့, အရသာနှင့် ပြည့်စုံ၏၊ သင်စားလိုလျှင် စားလော့"ဟု ဘုရားမိန့်တော်မူ၏၊ "ရဟန်းကြီး၊ ငါအလိုမရှိ၊ သင်ရဟန်း ကြီးသည်သာလျှင် ဆောင်ခဲ့၏၊ သင်သာလျှင် စားပါလော့"ဟု ဆို၍ "ရဟန်းကြီးသည် တန်ခိုးကြီးလှ၏၊ ငါ့ကို ရှေးဦးစွာ သွားနှင့်တော့လွှတ်လိုက်၍ ကျွန်းဦးသပြေပင်ရှိရာ ဝေးလှစွာသို့သွား၍ သပြေသီးကို ယူခဲ့၍ ငါ၏ရှေးဦးလာ၍ မီးတင်းကုပ်၌ နေနှင့်၏၊ ငါကဲ့သို့ ရဟန္တာမဟုတ်တော့သည်တမည်သာ"ဟူ၍ ဥရုဝေလကြံ၏၊ ထိုနေ့၌လည်း ဥရုဝေလ ဆွမ်းကို ဘုဉ်းပေးတော်မူ၍ ထိုတော၌ပင် ဘုရားနေတော်မူ၏။

ထိုညဉ့်လွန်သဖြင့် ဆွမ်းစားလျှောက်လာသော ဥရုဝေလကဿပကို "သင်ရှေးဦး သွားနှင့်လေ၊ ငါနောက်မှလာအံ့"ဟု ဥရုဝေလကို ရှေးဦးလွှတ်လိုက်၍ ဇမ္ဗုဒီပါကျွန်းဦး ဇမ္ဗုသပြေပင်၏အနီး၌ သရက်ပင်ရှိ၏၊

ထိုသရက်ပင်သို့သွား၍ သရက်သီးကို ယူခဲ့၏၊

တစ်နေ့သ၌လည်း ထိုသပြေပင်၏အနီး သဖန်းခါးပင်၌ အသီးကို,

တစ်နေ့သ၌လည်း ထိုသပြေပင်၏အနီး၌ သျှိသျှားသီးကို,

တစ်နေ့သ၌လည်း တာဝတိံသာနတ်ပြည်သို့ သွား၍ ပင်လယ်ကသစ်ပွင့်ကို ယူခဲ့၍

ဥရုဝေလ၏ ရှေးဦးစွာလာ၍ မီးတင်းကုပ်၌ နေတော်မူ၏၊ ဥရုဝေလလည်း ရှေးဦးလာ၍ မီးတင်းကုပ်၌နေတော်မူနှင့်သော မြတ်စွာဘုရားကိုမြင်၍ ဤသို့ဆို၏၊ "ရဟန်းကြီး သင်သည် ငါ့ကို ရှေးဦးစွာ လွှတ်လိုက်၍ ငါ့နောက်မှလာ၍ ငါ၏ရှေးဦးစွာ မီးတင်းကုပ်၌ နေနှင့်၏၊ အဘယ်ခရီးဖြင့် လာခဲ့သနည်း"ဟု မေး၏။

"ကဿပ၊ ယနေ့သည် သင်၏နောက်မှထွက်၍ တာဝတိံသာနတ်ပြည်သို့ တက်ချေ၍ တာဝတိံသာပင်လယ်ကသစ်ပင်၌ အပွင့်ကို ယူခဲ့၍ သင်၏ ရှေးရောက်အောင် လာ၍ မီးတင်းကုပ်၌ ငါနေနှင့်၏"ဟု မိန့်တော်မူ၏၊ "ပင်လယ်ကသစ်ပွင့်သည် အဆင်းလှစွာ၏၊ အနံ့အရသာ မွှေးစွာ၏"ဟု မိန့်တော်မူ၏၊ ထိုအခါ ဥရုဝေလကဿပအား ဤသို့ ကြံ၏၊ "ရဟန်းကြီးသည် အလွန်တန်ခိုးကြီးလှချေ၏၊ ကဿပ၊ သင်သွားနှင့်တော့-ဟု ငါ့ကို ရှေ့လွှတ်လိုက်၍ မြေတွင်မျှမဟုတ်၊ မိုးထက်မှာ တာဝတိံသာနတ်ပြည်သို့ တက်၍ ပင်လယ်ကသစ်ပွင့်ကို ယူခဲ့၍ ငါ၏အလျင်ပင်ပြန်၍ မီးတင်းကုပ်၌ အကြင့်ကြောင့် ငုံ့နေဘိ၏၊ ထိုအကြောင်းကြောင့် တန်ခိုးကြီးလှ၏၊ ငါကဲ့သို့ ရဟန္တာ မဟုတ်လေတော့သည်"ဟု ကြံ၏၊

## လက်ာဒီပသို့ကြွ၍ ဘီလူးတို့ကိုဆုံးမခြင်း

ထိုအခါ ပြာသိုလပြည့်နေ့ မြတ်စွာဘုရား ဖလသမာပတ်ဝင်စားတော်မူ၍ ဆင်ခြင်တော်မူသည်ရှိသော် လက်ာဒီပကျွန်း၌ နောင်သောအခါ သာသနာတော်တည် မည်ကို မြင်တော်မူ၍ လက်ာဒီပကျွန်း၌ သိရိသဝတ္ထုဘီလူးပြည်၌ ဘီလူးတို့ကို ထိုကျွန်းမှ ခွာစေ၍ ပတိရူပဒေသဖြစ်စေအံ့-ဟု ကြံတော်မူ၍ ဘုရားဖြစ်တော်မူသည်မှ ၉-လမြောက်ဖြစ်သော ပြာသိုလပြည့်နေ့ ညနေချမ်းအခါ၌ ကောင်းကင်ခရီးဖြင့် ခြသေ့်မင်း ရဲရင့်ခြင်းဖြင့် ကြွတော်မူ၍ လက်ာဒီပကျွန်း၌ မဟာနာဂဝန်ဥယျာဉ်၏အနီး၌ ဘီလူးတို့အထက်၌ စမ္မခဏ်နေရာတော်ကိုကိုင်လျက် ရောင်ခြည်တော် ၆-ပါးကို လွှတ်လျက် ရပ်၏၊ ဘီလူးတို့ မြင်ကြသော် အချို့ကား ဝေဿဝဏ်နတ်မင်းကြီး မှတ်ကုန်၏၊ အချို့ကား ဂန္ဓဗ္ဗနတ်မင်းကြီး မှတ်ကုန်၏၊ အချို့ကား တန်ခိုးကြီးသော နဂါးဖန်ဆင်း၍ ပြသည် မှတ်ကုန်၏၊ အချို့ကား ကုမ္ဘဏ်မှတ်ကုန်၏၊ အချို့ကား အသုရာနတ်မင်းကြီး မှတ်ကုန်၏။

မြတ်စွာဘုရားလည်း ဘီလူးတို့ကို အထွေထွေမှတ်စေပြီးမှ အရပ် ၄-မျက်နှာကို မှောင်တို့ဖြင့် မိုက်စေ၏၊ မိုးကြီး ရွာစေ၏၊ မိုးသီးကျ၍ မြေ၌ သွင်သွင်စီးစေ၏၊ စီးသော ရေအယဉ်တို့ဖြင့် ကြီးမြင့်စွာသစ်ပင်တို့၏အဖျားကို လွှမ်းမိုးစေ၍ ဘီလူးတို့သည်

"ရေအယဉ်ဖြင့် မျော၍ မဟာသမုဒ္ဒရာသို့ကျက ငါတို့အသက်ကို မရကုန်ပြီ"ဟု ကြောက်လန့်၍ ငိုမြည်တမ်းကုန်၏၊ အနောက်မျက်နှာမှလေကို အရှေ့သို့ လာစေ၏၊ အရှေ့မျက်နှာမှလေကို အနောက်သို့ လာစေ၏၊ တောင်မှလေကို မြောက်သို့, မြောက်မှလေကို တောင်သို့ လာစေ၏၊ ကျောက်ဆောင်ကြီးတို့သည် လွင့်လေ၍ ဦးခေါင်းပေါ်၌ ကျအံ့သကဲ့သို့ ထင်ကုန်၏၊ ထိုဘီလူးတို့အား မထိပါးစေမူ၍ ကျောက်ခဲကို မိုးဖန်ဆင်း၍ ရွာစေသည်၊ အချင်းချင်း ထိခိုက်၍ အခိုးအလျှံ ထွက်ကုန်၏၊ ပြာပူမိုး, ညွန်ပျောင်းမိုးတို့သည် အခိုးအလျှံဖြစ်၍ သည်းစွာရွာကုန်၏၊ ဘီလူးတို့သည်လည်း အရိုး, အသားမြွေမြွေကြေ၍ စင်အံ့သကဲ့သို့ထင်၍ ကြောက်စွာကုန်၏။

ထို့နောင် လေချမ်းလာပြန်စေသည်၊ လောကန္တရိက်၌ ခံရသကဲ့သို့ ချမ်းအေးလှစွာ၏၊ ကြောက်လန့်ကုန်သဖြင့် သား, မယားကို စွန့်ပစ်၍ ပြေးကုန်အံ့-ဟု ကြံရွယ်သော်လည်း မိုက်လှသောကြောင့် မြေကိုမျှ မမြင်ရ မပြေးနိုင်ကုန်ရကား ကြောက်ထိတ်လန့်သဖြင့် ဟစ်အော်ငိုကြွေးကုန်၏၊ ၄-မျက်နှာ ရင်ဆိုင်လာသောလေတို့သည် ပြင်းထန်လှ၍ ကျောက်ဆောင်, သစ်ပင်ကြီးတို့သည် စင်လွင့်လျက် ဘီလူးတို့ဦးခေါင်းထက် ကျအံ့သကဲ့သို့ ထင်ကုန်၏၊ မဟာသမုဒ္ဒရာ၌ လှိုင်းတံပိုးတို့သည် ကြီးစွာဖြစ်၍ လက်ာဒီပကျွန်းကို လွှမ်းသကဲ့သို့ ထင်ကုန်၏၊ မိုးကြိုးတို့သည် ပြင်းစွာ ဟစ်မြည်ကုန်၏၊ မြေကြီးသည် ပြင်းစွာ တုန်လှုပ်၏၊ ထိုသို့ဖြစ်၍ ကြောက်ခြင်းပြင်းစွာ ဖြစ်ကုန်လတ်သော် ဦးခေါင်းထက် လက်အုပ်ချီ၍ "အရှင်နတ်မင်း၊ အရှင်နတ်မင်းသည် ငါတို့ကို ကိုးကွယ်ရာဖြစ်ဘိလော့၊ ဤသည့်ဘေးမှ ငါတို့ကို ကယ်ဆယ်ပါလော့"ဟု တောင်းပန်ကုန်၏။

မြတ်စွာဘုရားလည်း "ယခု ငါကောင်းကင်ကသာ ဖြစ်သည်၊ ငါ၏နေရာအရပ်ကို ရလျှင် သင်တို့၌ဘေးကို ပျောက်စေခြင်းငှာ စွမ်းနိုင်၏၊ ငါနေလောက်ရုံအရပ်ကိုပေးလော့" ဟု တောင်း၏၊ "အကျွန်ုပ်တို့ ဘေးကိုသာ ငြိမ်းအောင်ပြုတော်မူပါ၊ နေလောက်ရုံသာ မဆိုပါနှင့်၊ လက်ာဒီပကျွန်းအလုံးကိုပင် အရှင်နတ်မင်းယူတော်မူပါ"ဟု ဆို၏၊ "သင်တို့ဘေးရှိ၍ ကြောက်စဉ်ကိုကားဆို၏၊ ဘေးလွတ်ငြိမ်းလျှင် ဤရွေသာ ငါတို့ပေးသည်၊ ဤမှာကို ငါတို့မပေး ဆိုပြန်လျှင် အမှုဖြစ်လတ်မည်၊ မှန်သောစကားကို ဆိုကြကုန်" ဟူ၍ ပဋိညာဉ်ပြုစေ၏၊ "အရှင်နတ်မင်း၊ အမိုက်ကို လင်းစေ၍ အကျွန်ုပ်တို့ သား, မယားကိုသာ မြင်ပါရစေ၊ အကျွန်ုပ်တို့အသက် ကိုးကွယ်ပြီးသည်ကို လက်ာဒီပကျွန်းလုံးကို အကျွန်ုပ်တို့ ခွင့်ပြုပါတော့သည်၊ ဖောက်ပြန်ချေသော် နတ်တို့အစည်းအဝေးသို့ အကျွန်ုပ်တို့ မဝင်ရဖြစ်စေသော်ဝ"ဟူ၍ ပဋိညာဉ်ကို ပြုကုန်၏၊ ထိုပဋိညာဉ်ကို ကြားတော်မူလျှင် မြတ်စွာဘုရားကောင်းကင်မှသက်၍ မဟိယင်္ဂဏစေတီတည်မည့်အရပ်၌ စမ္မခဏ်နေရာခင်း၍ နေတော်မူ၏။

ထိုခဏ၌ အမိုက်ပျောက်၍ အလင်းဖြစ်သဖြင့် ဘီလူးတို့အချင်းချင်းမြင်ကုန်၍ "ရှင်နတ်မင်းသာလျှင် အကျွန်ုပ်တို့ကိုးကွယ်ရာ ဖြစ်တော့သည်"ဟု လက်အုပ်ချီ၍ ရှိခိုးကုန်လျက် အကျွန်ုပ်တို့ ချမ်းလှကုန်ကြသည်၊ နေမင်းကိုထွက်ပါစေလော့"ဟု တောင်းပန်ကုန်၏၊ မြတ်စွာဘုရားလည်း **စမ္မခဏ်နေရာကို ပူစေဟု** မိန့်ဒြာန်၍ လွှတ်တော်မူ၏၊ စမ္မခဏ်တန်ခိုးတော်ကြောင့် ကမ္ဘာလောင်မီးကဲ့သို့ဖြစ်၍ ပြင်းစွာပူလောင်၏၊ တန်ခိုးတော်အားဖြင့် စမ္မခဏ်တော်လည်း ကြီးစွာဖြစ်၍ လင်္ကာဒီပကျွန်းတစ်မျှဖြစ်၏၊ ဘီလူးတို့နောက်သို့ဆုတ်၍ ခွာရှဲကြလေ၍ ကျွန်းပတ်လည်သမုဒ္ဒရာသို့ချည်း ရောက်လေကုန်၏၊ ဖျဉ်းအိုး၏အနား၌ ယင်နားသကဲ့သို့ ဖြစ်ကုန်၏၊ မြတ်စွာဘုရားလည်း ဦးခေါင်းတော်ကို ပြဟ္မာ့ပြည်၌ ထားတော်မူ၏၊ ပြဟ္မာတို့ပယ်ရှားခြံရံ၍ နတ်ပန်းတို့ဖြင့် ပူဇော်ကုန်၏။

ဤသို့ ပြာဋိဟာပြတော်မူ၍ လင်္ကာဒီပကျွန်း၌ သိရိသဝတ္ထုပြည်သား ဘီလူးတို့ကို "တပါးသောအရပ်သို့ ပြောင်းစေအံ့"ဟု ကြံတော်မူ၍ စမ္မခဏ်အရောင်တော်ပြသောအားဖြင့် လင်္ကာဒီပကျွန်းအပြင်ကို ၁-ယူဇနာမျှ ဖြစ်စေ၏၊ ဘီလူးတို့လည်း "ငါတို့နေရာ လင်္ကာဒီပကျွန်းသည် မဟာသမုဒ္ဒရာသို့ ဝင်ခဲ့ပြီ၊ ငါတို့သမုဒ္ဒရာရေထဲ၌ နစ်အံ့သောဘေးမှ မလွတ်နိုင်ချေပြီ"ဟု မြည်တမ်းကုန်၏၊ မြတ်စွာဘုရားလည်း ဘီလူးတို့ဘေးကို ငြိမ်းစေ၍ ဘီလူးတို့ စိတ်ချခြင်းကို သိတော်မူ၍ **ဘီလူးတို့ကိုးကွယ်ရာဖြစ်စေအံ့**-ဟု လင်္ကာဒီပကျွန်းနှင့် တစ်ယူဇနာခြား အရှေ့တောင်ထောင့်အရပ်၌ ကန်, ချောင်း, လယ်ယာ, လုပ်သီး, ဆောင်ခင်း, ဥယျာဉ်, ပန်းမာလ်နှင့်ပြည့်စုံသော **ဂိရိဒီပကျွန်း**ကို လင်္ကာဒီပကျွန်းနှင့် ဖောင်ဖွဲ့သကဲ့သို့ တစ်စပ်တည်းဖြစ်စေ၍ ဘီလူးတို့ကို မြင်စေ၏၊ ဘီလူးတို့သည် ဂိရိဒီပကျွန်းသို့ ကူး၍ နေလေမှ ကာယသုခ, စိတ္တသုခ ဖြစ်၏၊ မြတ်စွာဘုရားလည်း ဂိရိဒီပကျွန်းကို ဘီလူးတို့နေရာအရပ်ကဲ့သို့ ဖြစ်စေ၏၊ ဘီလူးတို့လည်း မိမိတို့နေရာအရပ်ဟောင်း ထင်မှတ်၍ ဝမ်းမြောက်ဝမ်းသာ ရွှင်ပျစွာ ဖြစ်ကြကုန်၏၊ မြတ်စွာဘုရားလည်း လင်္ကာဒီပကျွန်းကို ၃-ပတ်လည်၍ **ရတနသုတ်ပရိတ်**ကို ရွတ်တော်မူ၏၊ နတ်နဂါးတို့သည် လက်အုပ်ချီလျက်နာကုန်၏။

ယင်းသို့မှ **မဟိယင်္ဂဏစေတီ**တည်မည့်အရပ်၌ ဖလသမာပတ်ဝင်စား၍ နေတော်မူ၏၊ ဖလသမာပတ်မှထတော်မူလျှင် ဟောတော်မူသောတရားတော်ကို နာကုန်သောအကုဋေအသောင်းမက များစွာသောနတ်တို့သည် တရားရကုန်၏၊ နဂါးစသော နတ်တို့သည် သရဏဂုံ, ပဉ္စသီတည်ကုန်၏၊ **သုမနကုဋ**တောင်၌စောင့်သော သုမနနတ်သားသည် သောတာပန်တည်၍ အစလသဒ္ဓါခြင်းဖြင့် မြတ်စွာဘုရားသို့ကပ်၍ "အရှင်ဘုရား၊ ဤကျွန်းကို သုတ်သင်ခြင်းကိစ္စပြီး၍ ဇမ္ဗူဒီပါကျွန်းသို့ ကူးတော်မူသောအခါ အကျွန်ုပ်တို့

အရပ်၌ အကျွန်ုပ်တို့ကိုးကွယ်ရာထားတော်မူခဲ့ပါ”ဟု လျှောက်လျှင် ဦးခေါင်းတော်ကို လက်ျာလက်တော်ဖြင့်သုံးသပ်တော်မူ၍ **ဆံတော်တစ်ဆူ** သုမနနတ်သားအား အပ်တော်မူ၏၊ သုမနနတ်သားလည်း ရွှေပန်းတောင်းဖြင့်ခံ၍ ဦးထိပ်၌ရွက်၍ စမ္ဗခဏ်ခင်း၍ နေတော်မူရာအရပ်၌ ရတနာ ၇-ပါးအတိပြီးသော စေတီတည်၍ ထိုစေတီကို **မဟိယင်္ဂဏ-စေတီ** ဟု သမုတ်၏၊ “ဤလင်္ကာဒီပကျွန်း၌ ငါ၏သာသနာတည်လတ္တံ့”ဟု သုမနနတ်သားအား ဗျာဒိတ်ကြားတော်မူပြီးမှ ဥရုဝေလတောသို့ ပြန်တော်မူခဲ့၏။

## ရသေ့တို့ မီးပူဇော်ပွဲနှင့် ရေကစားပွဲ

ထိုအခါ၌ ဥရုဝေလအစရှိသော ရသေ့ ၅၀၀-တို့သည် **မီးလုပ်ကျွေး** လိုကုန်သည်ဖြစ်၍ ၅၀၀-သောရသေ့တို့သည် ထင်းခွဲအံ့သော်ငှာ မတတ်နိုင်ကုန်၊ ထိုအခါ၌ ထို ၅၀၀-သော ရသေ့တို့အား ဤသို့ အကြံဖြစ်၏၊ “အကြင်အခြင်းဖြင့် ငါတို့ ၅၀၀-သည် ထင်းတုံး ၅၀၀-တို့ကို မခွဲနိုင်ကုန်၊ ထိုအခြင်းအရာသည် ရဟန်းကြီး၏တန်ခိုးအစွမ်းကြောင့်ပင်တည်း၊ ယုံမှားမရှိအပ်ကုန်”ဟူ၍ အကြံဖြစ်၏၊ ထိုအခါ၌ ဥရုဝေလကို “ကဿပ၊ ထင်းတုံးကို ကွဲစေလိုကုန်သလော” ဟူ၍ မြတ်စွာဘုရား မိန့်တော်မူ၏၊ “ရဟန်းကြီး၊ ကွဲပါစေကုန်” ဟု လျှောက်သည်ရှိသော် တန်ခိုးတော်ဖြင့် ထင်းတုံး ၅၀၀-တို့ကို တစ်ကြိမ်တည်း ကွဲတော်မူစေ၏၊ ထိုအခါ၌ ဥရုဝေလအား အကြံဖြစ်၏၊ “ဤရဟန်းကြီးသည် တန်ခိုးကြီးပေ၏၊ အကြင်ထင်းတုံး ၅၀၀-တို့သည်လည်း ကွဲကုန်ဘိ၏၊ တန်ခိုးအလွန်ကြီးပေ၏၊ ငါကဲ့သို့သာ **ရဟန္တာမဟုတ်လေတော့သည်**”ဟု အကြံဖြစ်၏။

ထိုအခါ၌ ထိုရသေ့ ၅၀၀-တို့သည်လည်း တန်ခိုးအလွန်ကြီးပေ၏၊ ထင်းတုံး ၅၀၀-ကွဲကုန်ဘိ၏၊ ငါတို့ကဲ့သို့သာ ရဟန္တာမဟုတ်လေတော့သည်ဟု အကြံဖြစ်၏၊ ထိုအခါ၌ ထိုရသေ့ ၅၀၀-တို့သည် မီးလုပ်ကျွေးလိုကုန်သည်ဖြစ်၍ မီးမွှေးကုန်သော် **မီးပုံ ၅၀၀-**တို့သည် မတောက်နိုင်ကုန်၊ ထိုအခါ ရသေ့တို့အား “ဤမီးပုံ ၅၀၀-တို့ မတောက်နိုင်ကုန်သည်ကား ရဟန်းကြီး၏အာနုဘော်ကြောင့်ပင်တည်း၊ ယုံမှားမရှိအပ်”ဟု အကြံဖြစ်ကုန်၏၊ ထိုအခါ “ကဿပ၊ မီးကို တောက်စေကုန်အံ့လော”ဟု မြတ်စွာဘုရား မိန့်တော်မူလျှင် “ရဟန်း ကြီး၊ တောက်ပါစေကုန်”ဟု လျှောက်၏၊ မြတ်စွာဘုရားလည်း တန်ခိုးတော်ဖြင့် မီးပုံတို့ကို တောက်စေ၏၊ မီးတောက်သောအခါ၌ ဥရုဝေလကဿပအား “ဤရဟန်းကြီးသည် ဘုန်းကြီးပေ၏၊ မီးပုံတို့သည် အကြင်ကြောင့် တစ်ပြိုင်နက်တောက်ရကုန်၏၊ ထို့ကြောင့် ရဟန်းကြီးသည် တန်ခိုးအာနုဘော်ကြီးပေ၏၊ ငါကဲ့သို့ **ရဟန္တာမဟုတ်သည်** တစ်မည်သာဟူ၍ အကြံသည်ဖြစ်၏။

ထိုအခါ ထိုရသေ့တို့သည် မီးလုပ်ကျွေး၍ **မီးကို ငြိမ်းစေအံ့သောငှာ** မတတ်နိုင်ကုန်၊ ထိုအခါ၌ ထိုရသေ့တို့အား "ဤမီးကို ငါတို့ မငြိမ်းစေနိုင်ခြင်းသည် ရဟန်းကြီး၏တန်ခိုး ကြောင့်ပင်တည်း၊ ယုံမှားမရှိအပ်ကုန်"ဟု အကြံဖြစ်ကုန်၏၊ မြတ်စွာဘုရားလည်း "ကဿပ မီးပုံ ၅၀၀-တို့ကို ငြိမ်းစေရအံ့လော"ဟု မိန့်တော်မူ၏၊ "ရဟန်းကြီး၊ ငြိမ်းပါစေကုန်"ဟု လျှောက်၏၊ မြတ်စွာဘုရားလည်း တန်ခိုးတော်ဖြင့် တစ်ပြိုင်နက် ငြိမ်းစေ၏၊ ထိုအခါ၌ ဥရုဝေလအား "ဤရဟန်းကြီးသည် တန်ခိုးအာနုဘော်ကြီးလှ၏၊ ရဟန်းကြီး၏ တန်ခိုး ကြောင့် မီးပုံ ၅၀၀-တို့သည် မငြိမ်းနိုင်ဘဲလည်းရှိကုန်၏၊ သူငြိမ်းစေလိုလျှင် တပြိုင်နက် ငြိမ်းကုန်၏၊ ရဟန်းကြီးသည် တန်ခိုးကြီး၏၊ ငါကဲ့သို့ **ရဟန္တာမဟုတ်တော့သည်**"ဟု အကြံဖြစ်၏။

ထိုအခါ ဆောင်းလအတွင်း၌ဖြစ်သော ပြာသိုလ, တပို့တွဲလ ၂-လအကြား ၈-ရက် ညဥ့်၌ ဆီးနှင်းကျသောအခါ အလွန်ချမ်းကုန်သဖြင့် ဂင်္ဂါမြစ်ရေ၌ ငုပ်လည်း ငုပ်ကုန်၏၊ ပေါ်လည်း ပေါ်ကုန်၏၊ ထိုအခါ မြတ်စွာဘုရား **မီးမယ်ဖျူး ၅၀၀-**တို့ကို ဖန်ဆင်းတော်မူ၏၊ ထိုရသေ့တို့သည် တက်၍ မီးလှုံကုန်၏၊ ထိုအခါ ရသေ့တို့အား "ရဟန်းကြီးသည် တန်ခိုးကြီး လှ၏၊ ယုံမှားမရှိအပ်"ဟု အကြံဖြစ်ကုန်၏၊ ဥရုဝေလအားလည်း "ဤရဟန်းကြီးသည် အကြင် မီးမယ်ဖျူး ၅၀၀-တို့ကိုလည်း ဖန်ဆင်းနိုင်ဘိ၏၊ တန်ခိုးကြီးလှပေ၏၊ ငါကဲ့သို့သာ **ရဟန္တာ မဟုတ်လေတော့သည်**"ဟု အကြံဖြစ်၏။

## ဥရုဝေလကဿပနှင့် တပည့်များ ကျွတ်တမ်းဝင်ခြင်း

ထိုအခါ၌ **အခါမဲ့မိုးကြီး** သည်းစွာရွာဘိ၍ အကြင်အရပ်၌ ဘုရားနေတော်မူ၏၊ ထိုအရပ်ကိုသာ တန်ခိုးတော်ကြောင့် မလွှမ်းနိုင်၊ ထိုအခါ မြတ်စွာဘုရားသည် ဤသို့ ကြံတော်မူ၏၊ "အကယ်၍ကား ငါသည် ရေအယဉ်ကို ထက်ဝန်းကျင်မှ ရှောင်လွှဲစေ၍ မြူမှုန်ကို ထောင်းထောင်းထစေလျက် စင်္ကြံသွားအံ့"ဟု ကြံ၍ ရေအယဉ်ကို ထက်ဝန်းကျင် ရှောင်လွှဲစေ၏၊ မြူမှုန်ထောင်းထောင်းထစေလျက် စင်္ကြံသွားတော်မူ၍ နေ၏၊ ဥရုဝေလ လည်း ရဟန်းကြီးသည် ရေ၌မမျောပါစေသတည်း"ဟု လှေဖြင့် များစွာသောရသေ့တို့နှင့် တကွ မြတ်စွာဘုရားနေတော်မူရာအရပ်သို့ လာ၍ မြတ်စွာဘုရားသည် ထက်ဝန်းကျင်မှ ရေကို ရှား၍ ဖုံထသောမြေ၌ စင်္ကြံသွားတော်မူသည်ကိုမြင်၍ ဤစင်္ကြံသွားသောရဟန်းကြီး သည် တန်ခိုးအာနုဘော်ကြီးလှ၏၊ ရေအယဉ်သည်ပင်လည်း အဘယ့်ကြောင့် မနှိပ်စက် နိုင်ဘိသနည်း၊ ငါကဲ့သို့ **ရဟန္တာမဟုတ်လေတော့သည်**သာဟု အကြံဖြစ်၏။

ထိုအခါ၌ မြတ်စွာဘုရားသည် ဤသို့ ကြံတော်မူ၏၊ "ဤမင်္ဂဖိုလ်မှ အချည်းနှီး ဖြစ်သော ရသေ့အား မြင့်ရှည်စွာပတ်လုံး ဤရဟန်းကြီးသည် တန်ခိုးကြီး၏၊ ငါကဲ့သို့ ရဟန္တာမဟုတ်ဟူ၍သာ စိတ်အကြံသည်ဖြစ်လတ္တံ့၊ အကယ်၍ကား ငါသည် ဤရသေ့ကို ထိတ်လန့်စေအံ့၊" ဤသို့ ကြံတော်မူ၍ "ကဿပ၊ သင်သည် ရဟန္တာလည်း မဟုတ်၊ အရဟတ္တမဂ်သို့လည်း မရောက်၊ အကြင်အကျင့်ဖြင့် ရဟန္တာဖြစ်ရာ၏၊ ထိုအကျင့်သည် လည်း သင့်အားမရှိ" ဤသို့ မြတ်စွာဘုရား မိန့်တော်မူ၏၊ ထိုအခါ၌ ဥရုဝေလကဿပသည် မြတ်စွာဘုရားခြေတော်၌ ဦးဖြင့်ဝပ်၍ "အရှင်ဘုရား၏အထံ၌ အကျွန်ုပ်သည် **ရဟန်းအဖြစ်** ကို ရပါလို၏၊ **ပဉ္စင်းအဖြစ်ကို** ရပါလို၏"ဟူ၍ လျှောက်၏၊ မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏၊ "ကဿပ၊ သင်သည် ရသေ့ ၅၀၀-တို့၏အကြီးတည်း၊ ထိုရသေ့ ၅၀၀-တို့ကို ရှေးဦးစွာ ခွင့်ပန်ချေဦး၊ ထိုရသေ့တို့သည် အကြင်အခြင်းဖြင့် အောက်မေ့ကုန်၏၊ ထိုအခြင်းဖြင့် ပြုကုန်လတ်အံ့"ဟူ၍ မိန့်တော်မူ၏။

ဥရုဝေလလည်း ထိုရသေ့တို့၏ အထံသို့သွား၍ "အချင်းတို့၊ ငါသည် ရဟန်း ကြီး၌ မြတ်သောအကျင့်ကို ကျင့်အံ့၊ သင်တို့သည် အကြင်အခြင်းဖြင့် အောက်မေ့ကုန်၏၊ ထို အခြင်းဖြင့် ပြုကုန်လော့"ဟူ၍ ဆို၏၊ ထိုရသေ့တို့ကလည်း "အရှင်ဥရုဝေလ၊ ငါတို့လည်း ရဟန်းကြီး၌ ကြည်ညိုသည်ကား ကြာမြင့်ပြီ၊ အကယ်၍ သင်သည် ရဟန်းကြီး၌ မြတ်သော အကျင့်ကို ကျင့်အံ့၊ အလုံးစုံသော ငါတို့သည်လည်း ရဟန်းကြီးထံ၌ မြတ်သော အကျင့်ကို ကျင့်ပါကုန်အံ့"ဟု ဆို၍ ဥရုဝေလ အစရှိသော အလုံးစုံသော ရသေ့တို့သည် ဆံကျစ်, ပြာစစ်, ထမ်းပိုး, မီးမွှေယောက်မ, တိဒဏ္ဍ အစရှိသော **ရသေ့တို့ပရိက္ခရာကို** ဂင်္ဂါမြစ်အတွင်း၌ မျှော၍ မြတ်စွာဘုရား၏အထံသို့ ကပ်လာကုန်၍ မြတ်စွာဘုရားခြေတော်တို့၌ ဦးဖြင့်ဝပ်ကုန်၍ "အရှင်ဘုရား၏အထံ၌ အကျွန်ုပ်တို့သည် ရဟန်းပဉ္စင်းအဖြစ်ကို ရပါလို ကုန်၏"ဟု လျှောက်ကုန်၏၊ မြတ်စွာဘုရားလည်း ဧဟိဘိက္ခုခေါ်တော်မူသဖြင့် ထိုအလုံးစုံ သော ရသေ့တို့သည် ပရိက္ခရာ ၈-ပါးနှင့် ကိုယ်စီ **ဧဟိဘိက္ခုရဟန်းပဉ္စင်း** ချည်းဖြစ်လေ ကုန်၏။

### နဒီကဿပနှင့် တပည့်များ ကျွတ်တမ်းဝင်ခြင်း

ဂင်္ဂါမြစ်အကွေ့၌နေသော **နဒီကဿပ**သည်လည်း ဂင်္ဂါမြစ်၌ မျောလာသော ရသေ့ ပရိက္ခရာတို့ကို မြင်၍ "ငါ၏နောင်တော်အား ဘေးရန်မဖြစ်ပါစေသတည်း၊ သိအောင်ပြု ပါကုန်အံ့"ဟု ရသေ့ ၃၀၀-တို့ကိုခေါ်၍ မိမိကိုယ်တိုင်ပင် ထိုရသေ့တို့နှင့်တကွ ဥရုဝေလ ကဿပထံသို့ ကပ်လာ၍ ရဟန်းပြုသည်ကို မြင်လျှင် "ကဿပ၊ ဤအကျင့်သည်

မြတ်သလော”ဟု မေး၏၊ “ငါ့ရှင်တို့၊ ဤရဟန်းပဥ္စင်းအဖြစ်သည် မြတ်၏”ဟု ဆိုသဖြင့် **နဒီကဿပ** စသော ထိုရသေ့ ၃၀၀-တို့သည်လည်း အလုံးစုံသော ရသေ့ပရိက္ခရာတို့ကို ဂင်္ဂါမြစ်၌ မျှော၍ မြတ်စွာဘုရားသို့ကပ်၍ ရဟန်းပဥ္စင်းအဖြစ်ကို တောင်းကုန်၏၊ မြတ်စွာဘုရားလည်း ဧဟိဘိက္ခု- ခေါ်တော်မူ၍ ထိုရသေ့တို့လည်း ပရိက္ခရာ ၈-ပါးအစုံနှင့်တကွ **ဧဟိဘိက္ခုရဟန်းပဥ္စင်းချည်း** ဖြစ်လေကုန်၏။

## ဂယာကဿပနှင့် တပည့်များ ကျွတ်တမ်းဝင်ခြင်း

ဂယာသီသ၌နေသော **ဂယာကဿပ**သည်လည်း ဂင်္ဂါမြစ်၌မျောလာသော ရသေ့ပရိက္ခရာတို့ကို မြင်လျှင် “ငါ၏နောင်တော်တို့အား ဘေးရန်မဖြစ်ပါစေသတည်း၊ သွား၍ သိအောင်ပြုပါကုန်အံ့”ဟု ရသေ့တို့ကိုခေါ်၍ မိမိကိုယ်တိုင်ပင် ရသေ့ ၂၀၀-တို့နှင့်တကွ သွား၍ ဥရုဝေလကဿပ, နဒီကဿပ နောင်တော် ၂-ဦးလုံးပင် ပရိသတ်နှင့်တကွ ရဟန်းပြုကြသည်ကို မြင်၍ “ဤ ရဟန်းပဥ္စင်းအဖြစ်သည် မြတ်သလော”ဟု မေး၍ “ငါ့ရှင်၊ မြတ်၏”ဟု ဆိုသဖြင့် ထိုဂယာကဿပ စသော ၂၀၀-သော ရသေ့တို့သည်လည်း အလုံးစုံသောရသေ့ပရိက္ခရာတို့ကို ဂင်္ဂါမြစ်၌ မျှော၍ မြတ်စွာဘုရား၏အထံသို့ကပ်၍ ရဟန်းပဥ္စင်းအဖြစ်ကို တောင်းကုန်၏၊ မြတ်စွာဘုရားလည်း ဧဟိဘိက္ခု- ခေါ်တော်မူ၍ ပရိက္ခရာ ၈-ပါးနှင့်တကွ **ဧဟိဘိက္ခုရဟန်းချည်း** ဖြစ်စေကုန်၏၊ ထို့နောက် ဥရုဝေလတောမှ ဂယာသီသသို့ ၁,၀၀၃-ယောက်သော ရသေ့ဟောင်း ရဟန်းတို့နှင့်တကွ ကြွတော်မူ၍ ထိုဂယာသီသ၌ ထိုရဟန်းတို့အား **အာဒိတ္တပရိယာယသုတ္တန်**တရားတော်ကို ဟော၍ **ရဟန္တာချည်း** ဖြစ်စေတော်မူ၏။

✪✪✪✪✪✪✪✪✪✪✪

## ၁၃၅။ ရဟန္တာ ၁,၀၀၀-ခြံရံလျက် ရာဇဂြိုဟ်သို့ ကြွတော်မူခြင်း

ထိုသို့ ဥရုဝေလအစရှိသော ၁,၀၀၃-ယောက်သော ရသေ့တို့ကို ချွတ်တော်မူပြီးလျှင် ထိုရဟန္တာအပေါင်းတို့ဖြင့် ခြံရံလျက် ပြာသိုလကွယ် ပက္ခ ၁၃-ရက်နေ့ ည ဂယာသီသမှ ကြွတော်မူ၍ ရာဇဂြိုဟ်ပြည်မှ ၃-ဂါဝုတ်ကွာသော လဋ္ဌိဝနဥယျာဉ်၌ နေတော်မူ၏၊ ထိုအခါ ဥယျာဉ်စောင့်သည် ကြားလျှောက်သဖြင့် ဗိမ္ဗိသာရမင်းကြီးသည် ရာဇဂြိုဟ်ပြည်၌ နေကုန်သော တစ်သိန်းနှစ်သောင်းကုန်သော ပုဏ္ဏားသူကြွယ်တို့ဖြင့် ခြံရံလျက် မြတ်စွာဘုရားအထံသို့ ပြာသိုလကွယ်ပက္ခ ၁၄-ရက်နေ့၌ ကပ်၍ ရိုသေစွာ ရှိခိုး၍ နေ၏၊ ထိုပုဏ္ဏား

သူကြွယ် တစ်သိန်းနှစ်သောင်းတို့တွင် အချို့သောသူတို့သည် မြတ်စွာဘုရားကို ရှိခိုး၍ နေကုန်၏၊ အချို့သောသူတို့သည် ဝမ်းမြောက်ဝမ်းသာ မြတ်စွာဘုရားနှင့် ပြောဟောကုန်၍ တင့်အပ်သောအရပ်၌ နေကုန်၏၊ အချို့သောသူတို့သည် မြတ်စွာဘုရားသို့ ညွတ်သော လက်အုပ်ချီခြင်း ရှိကုန်သည်ဖြစ်၍ နေကုန်၏၊ အချို့သောသူတို့သည် အမျိုးအမည်ကို ကြားလျှောက်၍ နေကုန်၏၊ အချို့သောသူတို့သည် ဆိတ်ဆိတ်သာလျှင် နေကုန်၏။

ထိုအခါ တစ်သိန်းနှစ်သောင်းကုန်သော ပုဏ္ဏားသူကြွယ်တို့အား "ဥရုဝေလကဿပ သည် ရဟန်းကြီး၌ မြတ်သောအကျင့်ကို ကျင့်သလော၊ ရဟန်းကြီးသည်တည်း ဥရုဝေလ ကဿပ၌ မြတ်သောအကျင့်ကို ကျင့်သလော"ဟူ၍ အကြံသည် ဖြစ်၏၊ မြတ်စွာဘုရား သခင်သည် စိတ်တော်ဖြင့် ထိုပုဏ္ဏားသူကြွယ်တို့၏ အကြံကိုသိ၍ ဥရုဝေလကို ဤဂါထာဖြင့် မိန့်တော်မူ၏။

**ကိမေဝ ဒိသွာ ဥရုဝေလဝါသီ၊ ပဟာသိ အဂ္ဂိံ ကိသကောဝဒါနော။**

**ပုစ္ဆာမိ တံ ကဿပ ဧတမတ္ထံ၊ ကထံ ပဟီနံ တဝ အဂ္ဂိဟုတ္တန္တိ။ ။**

အနက်။ ။ ဥရုဝေလဝါသီ၊ ဥရုဝေလတော၌နေသော။ ကဿပ၊ ကဿပ။ တွံ၊ သင်သည်။ ကိသကောဝဒါနော၊ ကြုံသော ကိုယ်ရှိသော, တပည့်တို့ကို ဆုံးမသောဆရာဖြစ်လျက်။ ကိမေဝကာရဏံ၊ အဘယ်မည်သောအကြောင်းကို။ ဒိသွာ၊ မြင်၍။ အဂ္ဂိံ၊ မီးကို။ ပဟာသိ၊ ပယ်သနည်း။ အဟံ၊ ငါသည်။ ဧတမတ္ထံ၊ ဤအကြောင်းကို။ တံ၊ သင့်ကို။ ပုစ္ဆာမိ၊ မေး၏။ ကထံ၊ အဘယ့်ကြောင့်။ တဝ၊ သင်၏။ အဂ္ဂိဟုတ္တံ၊ မီးပူဇော်ခြင်းကို။ ပဟီနံ၊ ပယ်အပ်သနည်း။ ဣတိ၊ သို့။ ပုစ္ဆိ၊ မေးတော်မူ၏။

အဓိပ္ပါယ်ကား- ဥရုဝေလတော၌ နေသော ကဿပ၊ သင်သည် ကြုံသောကိုယ် ရှိသည် ဖြစ်၍ တပည့်တို့ကို အဆုံးအမပေးသော ဆရာဖြစ် လျက် သင်သည် အဘယ်မည်သော အကြောင်းကိုမြင်၍ မီးကို ပယ်သနည်း၊ ဤအကြောင်း ကို ငါမေး၏၊ အဘယ့်ကြောင့် သင်၏ မီးပူဇော်ခြင်းကို ပယ်သနည်း၊ ဤသို့ မေးတော်မူ၏ ဟူလိုသည်။

ထိုသို့ မေးတော်မူသော ဥရုဝေလကဿပသည် ဤသို့ လျှောက်၏။

"ရူပါရုံအစရှိသော ၅-ပါးသော ကာမဂုဏ်၏ပြည့်စုံခြင်းတို့သည် ယဇ်ပူဇော်ခြင်း ကြောင့်ဖြစ်ကုန်၏ဟု အယူရှိ၏၊ ထိုအလုံးစုံသည် ဥပဓိ ၄-ပါးတို့၏ ကင်းရာဖြစ်သော နိဗ္ဗာန်၌ အညစ်အကြေးတည်းဟု သိပြီး၍ ယဇ်ပူဇော်ခြင်း၌လည်း တပ်ခြင်းကင်း၏"ဟု လျှောက်ပြီးလျှင် ဥရုဝေလကဿပသည် နေရာမှထ၍ ကိုယ်ဝတ် စံပယ်တင်သည်ကို ပြု၍

မြတ်စွာဘုရား၏ ခြေတော်တို့၌ ဦးဖြင့်ဝပ်၍ "ဘုန်းတော်ကြီးသော အရှင်ဘုရား၊ အရှင်ဘုရားသည်ကား ဆရာတည်း၊ အကျွန်ုပ်သည်ကား တပည့်တည်း"၊ ဤသို့ လျှောက်၍ ထန်းတစ်ဖျားတိုင်အောင် ကောင်းကင်သို့ ပျံတက်၍ တစ်ဖန် ကောင်းကင်မှသက်၍ မြတ်စွာဘုရားခြေတော်၌ ဦးဖြင့်ဝပ်၍ "အရှင်ဘုရားသည် ဆရာတည်း၊ အကျွန်ုပ်သည် တပည့်တည်း"၊ ဤသို့ လျှောက်၍ ထန်း ၂-ဖျားတိုင်အောင် ပျံတက်၍ လျှောက်မြဲ လျှောက်၍ တစ်ဖန် ထန်း ၃-ဖျား, တဖန် ထန်း ၄-ဖျား, ၅-ဖျား, ၆-ဖျား, ၇-ဖျား တိုင်အောင် တက်၍ ကောင်းကင်မှ သက်၍ "ရှင်ပင်ဘုရားသည် ဆရာတည်း၊ အကျွန်ုပ်သည် တပည့်တည်း"။

ဤသို့ လျှောက်သောအခါ၌ ထိုတစ်သိန်းနှစ်သောင်းကုန်သော ပုဏ္ဏားသူကြွယ်တို့သည် "ဤမြတ်သော ရဟန်းကြီး၌ ဥရုဝေလကဿပသည် မြတ်သောအကျင့်ကို ကျင့်၏ဟု ယုံမှားခြင်းကင်းကုန်သဖြင့် ဤသို့လျှင် အရှည်လေးမြင့်စွဲလမ်းခြင်းသို့ ရောက်ပြီးသော ဒိဋ္ဌိအယူရှိသော ဥရုဝေလကိုလျက် မြတ်စွာဘုရားသည် ဆုံးမတော်မူနိုင်သဖြင့် ဒိဋ္ဌိအယူကို စွန့်၍ မြတ်စွာဘုရားအထံ၌ ရဟန်းပြုရသည်"ဟု ချီးမွမ်းကြရာတွင် ဥရုဝေလကို ယခုသာ ငါဆုံးမသည် မဟုတ်၊ ရှေး၌လည်း ဆုံးမဖူးပြီဟု မိန့်တော်မူသောကြောင့် ပရိသတ်တို့ တောင်းပန်သဖြင့် **မဟာနာရဒဇာတ်တော်**ကို လင္ဂိဝနဥယျာဉ်၌ ဟောတော်မူ၍ သစ္စာ ၄-ပါးကို ပြတော်မူသောအဆုံး၌ ဗိမ္ဗိသာရမင်းအမျူးရှိသော တစ်သိန်းတစ်သောင်းကုန်သော ပုဏ္ဏားသူကြွယ်တို့သည် မြင်အပ်သောသစ္စာကို သိကုန်သဖြင့် **သောတာပတ္တိဖိုလ်**၌ တည်ကုန်၏၊ တစ်သောင်းသော ပုဏ္ဏားသူကြွယ်တို့သည် **သရဏဂုံ** ၃-ပါးကို ဆောက်တည်ကုန်၏၊ ဗိမ္ဗိသာရမင်းကြီးလည်း မင်းသားဖြစ်စဉ်ကာလ၌ မိမိ၏တောင့်တခြင်း ၅-ပါးကို လျှောက်၏။

၁။ "အရှင်ဘုရား၊ အကျွန်ုပ်သည် မင်းသားဖြစ်သောအခါ၌ ငါ့အား မင်း၏အဖြစ်၌ အဘိသိက်သွန်းပါမူ ကောင်းလေစွ- ဟူ၍ရင်း

၂။ မင်းဖြစ်ပြီးသော် ငါ၏နိုင်ငံသို့ သစ္စာ ၄-ပါးတရားကို သိသော မြတ်စွာဘုရား ရောက်လာအံ့၊ ကောင်းလေစွ-ဟူ၍ရင်း

၃။ ထိုဘုရားကို ငါဆည်းကပ်ရအံ့၊ ကောင်းလေစွ-ဟူ၍ရင်း

၄။ ထိုမြတ်စွာဘုရားသည် ငါ့အားတရားဟောအံ့၊ ကောင်းလေစွ-ဟူ၍ရင်း

၅။ မြတ်စွာဘုရားဟောသောတရားကို ငါသိပါအံ့၊ ကောင်းလေစွ-ဟူ၍ရင်း"။

ဤ ၅-ပါးသော တောင့်တခြင်းတို့သည် ယခုအခါ၌ အကျွန်ုပ်အား ပြည့်စုံပေပြီဟူ၍ လျှောက်၍ "အရှင်ဘုရား၊ နက်ဖြန်အလို့ငှာ အကျွန်ုပ်၏ဆွမ်းကို အရှင်ဘုရားသည်

သံဃာတော်နှင့်တကွ ခံတော်မူပါ”ဟူ၍ ဖိတ်မန်၏၊ မြတ်စွာဘုရား ဆိတ်ဆိတ် နေသဖြင့် ဝန်ခံတော်မူ၏၊ ဝန်ခံတော်မူသောအဖြစ်ကိုသိ၍ မင်းနှင့်တကွသော ပရိသတ်တို့သည် မြတ်စွာဘုရားကို လက်ျာရစ်လည်သည်ကို ပြု၍ ရာဇဂြိုဟ်မြို့သို့ ပြန်လေကုန်၏။

✪✪✪✪✪✪✪✪✪✪✪

## ၁၃၆။ ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်တော်မူခြင်း

ထိုနေ့လွန်သဖြင့် ဗိမ္ဗိသာရမင်းကြီးလည်း ခဲဘွယ်ဘောဇဉ်တို့ကို ကောင်းမွန်စွာ စီရင်ပြီး၍ မြတ်စွာဘုရားအား အခါကို ကြားလျှောက်စေ၏၊ ပြာသိုလကွယ်နေ့နံနက်အခါ၌ မြတ်စွာဘုရားလည်း သင်းပိုင်တော်ကို ပြင်ဝတ်၍ ဒုကုဋ်ကိုယ်ဝတ်တို့ကို ရုံ၍ သပိတ်တော်ကို ပိုက်၍ ရသေ့ဟောင်းဖြစ်သော ၁,၀၀၃-ယောက်ကုန်သော ရဟန္တာတို့ဖြင့် ခြံရံလျက် ရာဇဂြိုဟ်မြို့၌ ဗိမ္ဗိသာရမင်း၏နန်းတော်တွင် ဆွမ်းစားကြွအံ့သော အစီအရင်ကို ပြုတော်မူ၏၊ ထိုအခါ ရာဇဂြိုဟ်ပြည်၌ မြို့တွင်းအိမ်ခြေ ကိုးကုဋေ၊ မြို့ပြင်အိမ်ခြေ ကိုးကုဋေ အားဖြင့် ၁၈-ကုဋေသောအိမ်၌ နေကုန်သော မင်း၊ ပုဏ္ဏား၊ သူဌေး၊ သူကြွယ်၊ သူဆင်းရဲ ဖြစ်ကုန်သော ယမန်နေ့ ဖူးမြင်ကုန်ပြီး၊ မဖူးမြင်ရကုန်သေးသော အလုံးစုံသောသူတို့သည် ရာဇဂြိုဟ်မြို့မှ ထွက်၍ မြတ်စွာဘုရားကို ဖူးမြင်အံ့သောငှာ ထန်းပင်ပျိုရောက်ရာ လဋ္ဌိဝန ဥယျာဉ်သို့ လာကုန်၏။

ရာဇဂြိုဟ်မြို့မှသည် ထန်းပင်ပျိုရောက်ရာ လဋ္ဌိဝနဥယျာဉ်တိုင်အောင် ၃-ဂါဝုတ် အတိုင်းအရှည်ရှိသော မြေအပြင်ဥယျာဉ်ထက်ဝန်းကျင်သည် ၁၈-ကုဋေမက များစွာသော လူပရိသတ်တို့ဖြင့် ပြည့်ကုန်၏၊ တစ်ယောက်သောရဟန်းမျှလည်း ထွက်လောက်ရုံခရီးသည် မရှိပြီ၊ ထိုနေ့၌ မြတ်စွာဘုရားအား“ မြတ်သောဆွမ်းအာဟာရ ရှိသည် ဖြစ်ရာ၏၊ ထို့ကြောင့် ထိုဆွမ်းအာဟာရပြတ်ခြင်းသည် မဖြစ်စေသတည်း”ဟု သိကြားမင်း၏ နေရာကျောက်ဖျာ သည် ပူသောအခြင်းအရာကို ပြပေ၏၊ သိကြားမင်းဆင်ခြင်သော် ထိုအကြောင်းကိုသိ၍ သိကြားမင်းသည် အလွန်လှစွာသောလုလင်၏အသွင်ကို ဖန်ဆင်း၍ မြတ်စွာဘုရား၏ ရှေ့တော်မှမြတ်စွာဘုရားဂုဏ်ကျေးဇူးနှင့်စပ်သော ချီးမွမ်းခြင်းတို့ကို ချီးမွမ်းလျက် မြတ်စွာဘုရားသည် ယဉ်ကျေးစေအပ်ကုန်ပြီးသော ကိလေသာကုန်ပြီးသော ရသေ့ဟောင်း ဖြစ်ကုန်သော ရဟန္တာတို့နှင့်တကွ သိင်္ဂီရွှေအဆင်းနှင့်တူသော အဆင်းရှိသော မြတ်စွာ ဘုရားသည် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်တော်မူလေ၏။

သိကြားမင်း ဖန်ဆင်းသောလုလင်သည် ဤသို့ ချီးမွမ်းလျက် နတ်၏တန်ခိုးဖြင့် မြတ်စွာဘုရား၏ရှေ့တော်မှ ခရီးလမ်းထွင်၍ သွား၏၊ လူအပေါင်းတို့သည် အလွန် တင့်တယ်သော လုလင်ကို မြင်၍ "ဤလုလင်သည် အလွန်အဆင်းလှစွာ၏၊ ငါတို့ မမြင်ဖူး ပါကုန်တကား၊ အဘယ်အရပ်မှ ဤလုလင်လာလေသနည်း၊ အဘယ်သူ၏ အလုပ်အကျွေး ဖြစ်လေသနည်း"၊ ဤသို့ ဆိုကုန်၏၊ ထိုစကားကို ကြား၍ သိကြားမင်းသည် ထိုလူအပေါင်း တို့ကို ဤသို့ ဆိုပေ၏၊ "အို-လူများတို့၊ လောက ၃-ပါး၌ ခပ်သိမ်းသော သူတို့ထက် ပညာရှိတော်မူသော ခပ်သိမ်းသောသူတို့၏ ပစ္စည်း ၄-ပါး ပူဇော်သက္ကာရကို ခံထိုက်သော တုဘက်ကင်းတော်မူသော မြတ်စွာဘုရားသည် ထင်ရှားဖြစ်တော်မူ၏၊ ငါသည်ကား ထိုမြတ်စွာဘုရား၏ အလုပ်အကျွေးပေတည်း"ဟု ဆို၏၊ လူများအပေါင်းတို့သည် လုလင်၏အဆင်းသဏ္ဌာန်ကိုဂင်း မြတ်စွာဘုရားတင့်တယ်ခြင်းကိုဂင်း ကြည့်၍ ခရီးလမ်း အခွင့် ပေးနှင့်ကုန်၏၊ မြတ်စွာဘုရားသည် ရသေ့ဟောင်း ရဟန္တာ ၁,၀၀၃-ယောက် တို့နှင့် တကွ သိကြားထွင်အပ်သော ခရီးဖြင့် ကြွတော်မူ၍ ဗိမ္ဗိသာရနန်းတော်၌ ဆွမ်းဘုဉ်းပေး တော်မူ၏။

○○○○○○○○○○

## ၁၃၇။ ဝေဠုဝန်ကျောင်းတော်ကို အလှူခံတော်မူခြင်း

ဗိမ္ဗိသာရမင်း၏ ရွှေနန်းတော်၌ ဆွမ်းဘုဉ်းပေးတော်မူပြီးသောအဆုံး၌ မင်းကြီး သည် မြတ်စွာဘုရားကို ဤသို့ လျှောက်၏၊ "အရှင်ဘုရား၊ အကျွန်ုပ်တို့သည် အချင်း ခပ်သိမ်း ရတနာ ၃-ပါးနှင့်ကင်း၍ နေခြင်းငှာ မတတ်နိုင်၊ ဤလဋ္ဌိဝနဥယျာဉ်သည် အလွန်ဝေးလွန်းသည်၊ အကျွန်ုပ်တို့အား အခါဟုတ်သည်၌ဂင်း အခါမဟုတ်သည်၌ဂင်း ဆည်းကပ်အံ့သောငှာ မပြုလွယ်ပါ၊ ဤဝေဠုဝန်ဥယျာဉ်သည် နီးလည်း မနီးလွန်း, ဝေးလည်း မဝေးလွန်း, အသွားအလာနှင့် ပြည့်စုံ၏၊ နေ့အခါ၌လည်း လူနှင့်မပြွမ်း၊ ညဥ့်အခါ၌လည်း လူသံဆိတ်၏၊ သွားလာသောသူတို့၏ဟန်ပန်လေမှ ကင်း၏၊ ဆည်းကပ်လိုသော သူတို့ အားလည်း ရောက်လွယ်ပါ၏၊ လူတို့အား လျှို့ဝှက်သောအိပ်ရာ, နေရာရှိ၏၊ ဤဝေဠုဝန် ဥယျာဉ်ကို အလှူခံတော်မူပါ"ဟု လျှောက်၍ ရွှေကရားဖြင့် မြတ်စွာဘုရား လက်တော်၌ ရေစက်ချ၍ ဝေဠုဝန်ဥယျာဉ်ကို လှူ၏၊ မြတ်စွာဘုရားလက်မှ ရေစက်မြေသို့ ကျသောအခါ၌ မြတ်စွာဘုရား၏ အဆုံးအမတော်တည်းဟူသော သာသနာတော်၏ အမြစ်တို့သည်

သက်ကုန်ပြီဟူ၍ ဝမ်းမြောက်ဝမ်းသာ ကောင်းချီးပေးသော အခြင်းအရာကို ပြုကုန်သကဲ့သို့ နှစ်သိန်း, လေးသောင်းအထုရှိသော မြေကြီးသည် ပြင်းစွာတုန်လှုပ်၏။

ဇမ္ဗုဒီပါကျွန်း၌ ဝေဠုဝန်ကျောင်းတော်မှတပါး မြေကြီးကို တုန်လှုပ်စေ၍ အလှူခံအပ်သော ကျောင်းမည်သည်မရှိ၊ သီဟိုဠ်ကျွန်း၌လည်း မဟာဝိဟာရကျောင်းမှတပါး မြေကြီးကို တုန်လှုပ်စေ၍ အလှူခံအပ်သောကျောင်း မည်သည်မရှိ၊ မြတ်စွာဘုရားသည် ပြာသိုလကွယ်နေ့ **ဝေဠုဝန်ကျောင်းတော်ကို** ဗိမ္ဗိသာရမင်း၏နန်းတော်၌ အလှူခံ၍ ဆွမ်းလုပ်ကျွေးပြီးလျှင် "သီတံ ဥဏှံ ပဋိဟနတိ" အစရှိသည်ဖြင့် ကျောင်းအနုမောဒနာကို ပြုပြီးသော် နန်းတော်မှသက်၍ ရာဇဂြိုဟ်မြို့မှ ကုလလေးတာ အပြန် ၅၀၀-ခြား မြို့အနောက်မြောက် ဝေဠုဝန်ဉယျာဉ်သို့ ကြွတော်မူ၍ ထိုဝေဠုဝန်ဉယျာဉ်၌ ရဟန်းတို့အား-

**အနုဇာနာမိ ဘိက္ခဝေ အာရာမံ-**

ဟု အရံကို ခွင့်ပြုတော်မူသဖြင့် သိက္ခာပုဒ်ကို ပညတ်တော်မူ၍ သီတင်းသုံးနေတော်မူ၏၊ ဤသို့ ဗိမ္ဗိသာရမင်းကြီးသည် ဝေဠုဝန်ကျောင်းတော်ကို လှူသောအခါ ရှေးအထက် ဖုဿ ဘုရားဖြစ်သောကာလ ဉရုဝေလကဿပ, နဒီကဿပ, ဂယာကဿပရသေ့ညီနောင်တို့၏ အလောင်းမင်းသားညီနောင် ၃-ယောက်တို့သည် ဖုဿဘုရားအထံ၌ ဉပုသ်သီလကို သုံး၍ နေလိုသဖြင့် သံဃာတို့အား လုပ်ကျွေးသောအမှု၌ ဗိမ္ဗိသာရမင်း၏အလောင်း **စာရေးစာချီ** ကို ဝန်ပြု၍ ထားအပ်သော် ထိုမင်းညီနောင်တို့၏ ကျွန်အမှုလုပ်မင်းချင်းယောကျ်ားအပေါင်း တို့သည် သား, မယားတို့နှင့်တကွ သံဃာအား ရည်ထားသောပစ္စည်းတို့ကို သုံးဆောင် စားသောက်သော မကောင်းမှုကြောင့် ထိုကိုယ်၏အဖြစ်မှ စုတေကြသော် ပြိတ္တာဖြစ်၍ ငတ်မွတ်ခြင်းနှိပ်စက်၍ ဘုရားအဆက်ဆက်ဖြစ်တိုင်း "အကျွန်ုပ်တို့သည် အဘယ်နေ့၌ စားရ, သောက်ရ, ဝတ်ရပါလတ္တံ့နည်း"ဟု မေးလျှောက်၍-

"ငါ၏နောက် မြေကြီးအထု ၁-ယူဇနာတက်သောအခါ မည်သည့်ဘုရားဖြစ်လတ္တံ့၊ ဤသို့သောအခါမှ သင်တို့မေးရစ်" ဟု မြတ်စွာဘုရားတို့သည် မိန့်တော်မူသဖြင့် ဝိပဿီ, သိခီ, ဝေဿဘူ, ကကုသန်, ကောဏာဂုံဘုရားရှင်တို့ကို လွန်၍ ကဿပဘုရားထံမေးရာ တွင်မှ "နောက်မြေကြီးအထု ၁-ယူဇနာနှင့် ၃-ဂါဝုတ်တက်၍ ဂေါတမဘုရားဖြစ်တော် မူသောအခါ၌ သင်တို့၏အဆွေဖြစ်သော ဗိမ္ဗိသာရမင်းကြီး အလှူပေးသောအခါ သင်တို့ သည် စားရ, သောက်ရ, ဝတ်ရကုန်လတ္တံ့" ဟု မိန့်တော်မူ၍ စားချင်, သောက်ချင်, ဝတ်ချင် သောအာသာဖြင့် ဂေါတမဘုရားဖြစ်အံ့သောအခါကို နက်ဖြန်အခါ၌ကဲ့သို့ ထင်လျက် မြော်၍ ဂိဇ္ဈကုဋ်တောင်၌နေသော ရှစ်သောင်း, လေးထောင်သော ပြိတ္တာတို့သည်

ဝေဠုဝန်ဥယျာဉ်ကို လှူ၍ ဆွမ်းလုပ်ကျွေးသောအခါ မင်းကြီး၏နန်းတော်ပတ်လည်၌ ငါတို့အား မင်းကြီးသည် အလှူအဖို့ကို ရည်ပါလတ္တံ့- ထင်မှတ်၍ ဝန်းရံလာကုန်၏။

မင်းကြီးသည် ပြိတ္တာတို့အား မရည်ပါသဖြင့် ပြိတ္တာတို့သည် မစား, မသောက်, မဝတ်ရဖြစ်၍ မပြတ်သောအာသာဖြင့် မိမိတို့နေရာသို့ ပြန်လေ၍ ထိုကျောင်းတော် လှူပြီးနောက် ညဉ့်အခါ၌ နန်းတော်ပတ်လည်ဝန်းရံလာပြန်၍ အချို့သော ပြိတ္တာတို့သည် မင်းကြီးအား ကိုယ်ထင်ပြလာကုန်၏၊ အချို့သောပြိတ္တာတို့သည်လည်း "မင်းကြီး၊ ငါတို့သည် မဝတ်ပါရ, မစားပါရ, မသောက်ပါရ, အဝတ်ပေးပါ၊ အစားပေးပါ၊ သောက်ရန် ပေးပါ"ဟု ကြောက်မက်ဖွယ်သောအသံဖြင့် ဟစ်ကြော်လာကုန်၏၊ မင်းကြီးလည်း အိပ်၍ မပျော်သဖြင့် ထိုအသံကို ကြား၍ ကြောက်လန့်ခြင်းဖြင့် မိုးသောက်ထအခါ၌ မြတ်စွာဘုရား သို့ ချဉ်းကပ်၍ အကြောင်းကို မေးလျှောက်သော် "မင်းကြီး. . ဤသူတို့သည် တပါးမဟုတ်၊ ရှေးသောအခါ မင်းကြီးအဆွေအမျိုးချည်းဖြစ်သတည်း၊ ပြိတ္တာဖြစ်၍ **ဘုရား ၇-ဆူတို့၏ အကြား** ကာလပတ်လုံး မစားရ, မသောက်ရဖြစ်၍ မင်းကြီးအလှူပေးလိမ့်မည်ကို မြှော်၍နေကုန် သည်၊ အလှူပေးသောအခါ အလှူအဖို့ကို ပြိတ္တာတို့အား မဝေပါသောကြောင့် အသံပြင်းစွာ ဟစ်လာကုန်၏၊ မင်းကြီးအား တစ်စုံတစ်ခုသော ဘေးသည်မရှိ၊ မစိုးရိမ်လင့်၊ အလှူပေး၍ အလှူအဖို့ကို ဝေငှပါ"ဟု မိန့်တော်မူသဖြင့် မြတ်စွာဘုရားကို သံဃာတော်နှင့်တကွ ဖိတ်မန်၍ နန်းတော်သို့ ပင့်၍ ဆွမ်း, ယာဂု အစရှိသော အလှူတို့ကို စီရင်၍ မြတ်စွာဘုရား အား အခါကို လျှောက်စေ၍ သံဃာတော်နှင့်တကွ မြတ်စွာဘုရား နန်းတော်သို့ ကြွ၍ ခင်းအပ်သောနေရာ၌ နေတော်မူ၏။

ထိုပြိတ္တာတို့လည်း "ငါတို့အား ယနေ့အလှူအဖို့ကို ရလတ္တံ့"ဟု နန်းတော်သို့ လာ၍ တိုက်နံရံ အစရှိသည်တို့၌ ရပ်လာကုန်၏၊ မြတ်စွာဘုရားသည် ပြိတ္တာတို့ကို မင်းအား ထင်ရှား စွာပြစေ၏၊ မင်းကြီးသည် "ငါ၏အဆွေဖြစ်သော ပြိတ္တာတို့အား အလှူအဖို့ကို ရစေ သတည်း"ဟု ရည်မှတ်၍ မြတ်စွာဘုရား၌ ရေစက်ချ၍ ယာဂု, ခဲဖွယ်, ဆွမ်း, အဝတ်, သင်္ကန်းတို့ကို လှူ၏၊ ထိုအခါ ပြိတ္တာတို့အား အဝတ်တန်ဆာ, အစား, အသောက် ရကုန် သည်ဖြစ်၍ နတ်၏စည်းစိမ်ချမ်းသာကို ခံစားရလေ၏၊ မြတ်စွာဘုရားသည် ဆွမ်းဘုဉ်း ပေးပြီးသော် တိရောကုဋ္ဋသုတ်ကို ဟောတော်မူ၏၊ ဒေသနာတော်၏အဆုံး၌ ရှစ်သောင်း, လေးထောင်ကုန်သော တရားနာပရိသတ်တို့သည် အကျွတ်တရား ရကုန်၏။

(ဤမျှတိရောကုဋ္ဋသုတ်ကို ဝေဠုဝန်ကျောင်းတော်ကို အလှူခံပြီးနောက် ၁-ရက်၌ ဟောတော်မူသတည်း၊ ဤမျှသော စကားအစဉ်သည်ကား ပဌမဝါကျွတ်လျှင် တန်ဆောင်မုန်း လပြည့်တိုင် မိဂဒါဝုန်၌နေ၍ လပြည့်ကျော် ၁-ရက်နေ့ မိဂဒါဝုန်မှ ထွက်၍ ခရီးအကြား

ဝါးတောအုပ်၌ ဘဒ္ဒဝဂ္ဂီမင်းသား ၃-ကျိပ်တို့ကို ချွတ်ပြီးသော် ဥရုဝေလသို့ကြွ၍ ထိုတော၌ အခွဲနှင့်တကွ ၃-လပတ်လုံးနေ၍ အခွဲနှင့်တကွ ၄,၀၀၀-သော ပြာဋိဟာတို့ကို ပြတော်မူ၍ ဥရုဝေလစသော ညီနောင် ၃-ယောက် အမှူးရှိသော ရသေ့ ၁,၀၀၀-ကို ချွတ်၍ ဂယာသီသ၌ ရဟန္တာဖြစ်စေ၍ ရာဇဂြိုဟ်ပြည်သို့ ကြွ၍ ဝေဠုဝန်ကျောင်းတော်ကို အလှူခံသည်တိုင်အောင် ဆိုသောစကားတည်း။)

○○○○○○○○○○

## ၁၃၈။ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန် မသေရာတရားကို ရှာမှီးကြခြင်း

ထိုအခါ ရာဇဂြိုဟ်ပြည်၌ **ပုရာဏကဿပ, မက္ခလိဂေါသာလ, ကစ္စာယနပကုဓ, ကေသ ကမ္ဗလ, သဉ္စယ, နိဂဏ္ဌ၊** ဤသို့ တိတ္ထိဆရာ ၆-ယောက်တို့သည် ဂိုဏ်းအခြွေအရံ ဆောင်၍ နေကုန်၏၊ ထို ၆-ယောက်တို့တွင် သဉ္စယပရိဗိုဇ် အဝတ်ဖြူဝတ်သတည်း၊ ရာဇဂြိုဟ်ပြည်မှ မနီးမဝေးသောအရပ်၌ ဥပတိဿ, ကောလိတ-ဟု ကျေးလက်ရွာ ၂-ရွာရှိ၏၊

- အရှင်သာရိပုတ္တရာကား ဥပတိဿရွာသူကြီး၏သားဖြစ်၍ **ဥပတိဿအမည်** ရှိ၏၊ ထမ်းစင်စီးချင်း အခြံအရံ ၅၀၀-ရှိ၏၊
- အရှင်မောဂ္ဂလာန်ကား ကောလိတရွာ သူကြီးသား ဖြစ်၍ **ကောလိတအမည်** ရှိ၏၊ ရထားစီးချင်း အခြံအရံ ၅၀၀-ရှိ၏၊

ထိုဥပတိဿ, ကောလိတတို့သည် ချစ်ကြည်လေးမြတ်စွာသော အဆွေခင်ပွန်းတည်း။

တစ်ရံရောအခါ ရာဇဂြိုဟ်ပြည်၌ တောင်ထွဋ်သဘင်ရှိ၏-ဟူ၍ ထိုသူ ၂-ယောက်တို့သည် အခြံအရံ ၅၀၀-စီနှင့်တကွ တောင်ထွဋ်သဘင်သို့ သွားရောက်ကြည့်ရှုသောအခါ ဥပတိဿ, ကောလိတတို့သည် ထိုပွဲသဘင်၌ လူအပေါင်းကို အာရုံပြု၍ "ဤအလုံးစုံသော လူအပေါင်းတို့သည် သေခြင်းသို့ ရောက်ကုန်လတ္တံ့၊ ငါတို့သည်လည်း သေခြင်းသို့ရောက်ကုန်လတ္တံ့၊ ဤသို့ သေခြင်းသဘောမှ ထိတ်လန့်ကုန်သဖြင့် မသေသောတရားကို ငါတို့ ရှာကုန်အံ့"ဟု အခြွေအရံ ၅၀၀-တို့တွင် တစ်ဝက်စီ မိမိတို့စီးသော ထမ်းစင်, ရထား, ဝတ်စားတန်ဆာတို့ကို ယူစေ၍ အိမ်သို့ ပြန်စေကုန်၏၊ တစ်ဝက်စီသော အခြွေအရံတို့နှင့်တကွ တောင်ထွဋ်သဘင် ကြည့်ရှုရာမှ **သဉ္စယပရိဗိုဇ်**အထံသို့ သွား၍ အဝတ်ဖြူဝတ်သော

ပရိဗိုဇ်ရဟန်းပြုကြလေကုန်၏၊ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်တို့ ပရိဗိုဇ်ရဟန်းပြုကြသည်ကား အရှင်ဂေါတမ ဘုရားဖြစ်တော်မမူမီကပင်တည်း။

ထိုသူ ၂-ယောက်တို့သည် သဉ္စယပရိဗိုဇ်၏အယူဝါဒကို ၄, ၅-ရက်ဖြင့် အကုန်တတ်၍ "ဤဆရာ၏အထံ၌ ငါတို့သည် မသေရာတရားကို မသိချေသေး၊ မသေသောတရားကို ရှာရချေသေး၏"ဟု ၂-ယောက် တိုင်ပင်ကြကုန်၏၊ ထို ၂-ယောက်တွင် "အကြင်သူသည် မသေသောတရားကို ရှေးဦးစွာ ရ၏၊ ထိုသူသည် တစ်ယောက်သောသူအားကြားစေသတည်း"ဟု ကတိကဝတ် ပြုကြ၍ ဇမ္ဗူဒီပါကျွန်းအပြင်၌ လည်၍ ရှာကြ၏၊ ထိုထိုသို့သော ပညာရှိတို့သို့ ကပ်၍ ဘုရားနှင့်ထိုက်တန်သော ပြဿနာကို ဥပတိဿမေးရာ တစ်စုံတစ်ယောက်သောသူသည် ဖြေရှင်းခြင်းငှာ မတတ်နိုင်၊ ထိုထိုသို့သော ပညာရှိတို့၏ ပြဿနာကိုသာလျှင် အရှင်သာရိပုတ္တရာ ဖြေရသတည်း။

## ဥပတိဿ အရှင်အဿဇိနှင့်တွေ့ခြင်း

ထိုအခါ ဗာရာဏသီပြည်၌ မိဂဒါဝုန်တောမှ ဝါကျွတ်၍ ဒေသစာရီလှည့်လာသော ရဟန်း ၆-ကျိပ်တို့အနက် ပဉ္စဝဂ္ဂီ ၅-ဦးတွင် အငယ်ဆုံးဖြစ်သော **အရှင်အဿဇိမထေရ်**သည် ပြာသိုလကွယ်နေ့၊ ည ရာဇဂြိုဟ်ပြည်သို့ ရောက်လာ၍ တပို့တွဲလဆန်း ၁-ရက်နေ့၊ နံနက် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံသွားရာ၌ အရှင်သာရိပုတ္တရာနှင့် တွေ့လေ၍ အရှင်သာရိပုတ္တရာအား ဤသို့ အကြံသည် ဖြစ်၏။

"ဤအရှင်သည်ကား ကြည်ညိုဖွယ်ရှိသော ရှေ့သို့တက်ခြင်း, နောက်သို့ဆုတ်ခြင်း, တစောင်းကြည့်ခြင်း, တူရူကြည့်ခြင်း, ကွေးခြင်း, ဆန့်ခြင်း ရှိ၏၊ ချသောမျက်လွှာ ရှိ၏၊ လောက၌ ရဟန်းသည်ငှင်း အရဟတ္တမဂ်အလို့ငှာ ကျင့်သောသူသည်ငှင်း ရှိ၏၊ ထိုသူတို့တွင် ဤအရှင်မြတ်သည် တစ်ပါးပါးဖြစ်လတ္တံ့၊ ငါသည် ဤရဟန်းသို့ ကပ်၍ 'သင်သည် အဘယ်သူကို ရည်၍ ရဟန်းပြုသနည်း၊ သင်၏ဆရာသည် အဘယ်သူနည်း၊ အဘယ်သူ၏တရားကို သင်သည် နှစ်သက်သနည်း၊' ဤသို့ မေးအံ့"ဟု ကြံပြီး၍ တစ်ဖန် ဤသို့ ကြံပြန်၏၊ "ရွာတွင်း၌ ဆွမ်းအလို့ငှာ ဝင်သော ဤရဟန်းကို မေးအံ့သောငှာ အခါမဟုတ်သေး၊ အကြောင်းကို သိလိုသောသူတို့သည် နောက်သို့ အစဉ်လိုက်အပ်၏"ဟု ကြံပြီး၍ အရှင်အဿဇိ ဆွမ်းခံသွားရာ ဆွမ်းကို ယူ၍ မြို့မှထွက်ပြီးလျှင် တစ်ခုသော ရေသင့်တင့်ရာ၌ ဆွမ်းဘုဉ်းပေးအံ့သော အခြင်းအရာကို ပြု၏။

အရှင်သာရိပုတ္တရာလည်း မိမိတွင် လွယ်၍ပါသော ပရိပိုဇ်တို့၏ နေရာထိုင်ဖျဉ်ချပ်ကို ခင်း၏၊ မထေရ်လည်း ထိုင်တော်မူ၍ အရှင်သာရိပုတ္တရာလည်း မိမိကရားတွင်ပါသော ရေကိုကပ်၍ သင့်တင့်သောအရပ်၌ နေ၏၊ အရှင်အဿဇိ ဆွမ်းဘုဉ်းပေးတော်မူပြီးလျှင် ဝမ်းမြောက်ဝမ်းသာပြောဟော၍ အရှင်သာရိပုတ္တရာသည် ဤသို့ ဆို၏၊ "ငါ့ရှင်၊ သင်၏ မျက်စိအစရှိသော ဣန္ဒြေတို့သည် ကြည်လင်ကုန်၏၊ အရေအဆင်းလည်း သန့်ရှင်း စင်ကြယ် ကုန်၏၊ သင်သည် အဘယ်သူကို ရည်၍ ရဟန်းပြုသနည်း၊ အဘယ်သူသည် သင်၏ဆရာနည်း၊ အဘယ်သူ၏ တရားကို သင်သည်နှစ်သက်သနည်း"ဟူ၍ မေး၏၊ ထိုသို့ မေးသည်ရှိသော် "ငါ့ရှင်၊ ငါသည် သကျသာကီဝင်မင်း၏သားဖြစ်သော သကျသာကီဝင် မင်းမျိုးမှ ရဟန်းပြုသော ရဟန်းကြီးသည် ရှိ၏၊ ထိုရဟန်းကြီးသည် ငါ၏ဆရာ တည်း၊ ထိုမြတ်စွာဘုရားကို ရည်၍ ငါသည် ရဟန်းပြု၏၊ ထိုမြတ်စွာဘုရား၏တရားကို ငါသည် နှစ်သက်၏"ဟု ဆို၏။

ထိုအခါ "အရှင်၏ဆရာသည် အဘယ်သို့ အယူရှိသနည်း၊ အဘယ်သို့ တရားကို ဟောကြားသနည်း"ဟူ၍ ရှင်သာရိပုတ္တရာမေးပြန်သော် "ငါ့ရှင်၊ ငါသည် အငယ်သာတည်း၊ ရဟန်းပြု၍ မကြာမြင့်သေး၊ ယခုအခါ၌သာလျှင် ပဋ္ဌင်းအဖြစ်သို့ ရောက်၏၊ ရှေးဦးစွာ ငါသည် ဤသုတ်, အဘိဓမ္မာ, ဝိနည်းကို အကျယ်အားဖြင့် သင့်အား ဟောအံ့သောငှာ မတတ်နိုင်၊ စင်စစ်သော်ကား အကျဉ်းအားဖြင့် သင့်အား အနက်ကို ငါဆိုအံ့"ဟု ဆိုသည် ရှိသော် အရှင်သာရိပုတ္တရာ ဤသို့ ဆို၏၊ "အရှင်၊ နည်းသည်ဖြစ်စေ, များသည်ဖြစ်စေ အနက်ကိုသာ ငါ့အားဟောပါ၊ အနက်ကိုသာ အလိုရှိပါသည်၊ များစွာသောသဒ္ဒါကို အဘယ် ပြုပါအံ့နည်း"ဟု ဆို၏၊ ထိုအခါ အရှင်အဿဇိမထေရ်သည်-

> ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ။
> တေသဉ္စ ယော နိရောဓော၊ ဧဝံဝါဒီ မဟာသမဏော။ ။

ဟူသော တစ်ဂါထာမျှသော တရားကို ဟော၏။

အနက်။ ။ ယေ ဓမ္မာ၊ အကြင်တရားတို့သည်။ ဟေတုပ္ပဘဝါ၊ အကြောင်းလျှင် အမွန်ရှိကုန်၏။ တေသံ၊ ထိုတရားတို့၏။ ဟေတုဉ္စ၊ အကြောင်းကိုလည်း။ တထာဂတော၊ မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူ၏။ တေသံ၊ ထိုအကြောင်းတရား တို့၏။ ယော နိရောဓော၊ အကြင်ချုပ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ တဉ္စ နိရောဓံ၊ ထိုချုပ်ခြင်းကို လည်း။ တထာဂတော၊ မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူ၏။ မဟာသမဏော၊ မြတ်သောရဟန်းကြီးသည်။ ဧဝံဝါဒီ၊ ဤသို့ အယူရှိ၏။

## ဥပတိဿနှင့် ကောလိတ သောတာပန်တည်ခြင်း

ဤ ၄-ပါဒရှိသော အနက်ဂါထာကို ရှင်အဿဇိဟောတော်မူရာ၌ "ယေဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ"ဟူသော ၂-ပါဒ၏အဆုံး၌ ရှင်သာရိပုတ္တရာသည် သောတာပတ္တိမဂ်ကို ရ၍ သောတာပန်ဖြစ်ပြီးမှ နောက်အကြွင်း ၂-ပါဒကို နာရ၏၊ ထိုအခါ အရှင်သာရိပုတ္တရာသည် အရှင်အဿဇိကို "အရှင်ဘုရား၊ ယခုအခါ မြတ်စွာဘုရားသည် အဘယ်အရပ်၌ နေတော်မူသနည်း"ဟု မေး၍ "ငါ့ရှင်၊ ဝေဠုဝန်ကျောင်း၌ နေသည်"ဟု မိန့်တော်မူသော် အရှင်အဿဇိကို ရှိသေစွာ ရှိခိုး၍ မိမိနေရာ ပရိဗိုဇ်အာရာမ်သို့ ပြန်ခဲ့၍ အရှင်မောဂ္ဂလာန်ရှိရာသို့ ကပ်လေ၏၊ အရှင်မောဂ္ဂလာန်လည်း အဝေးမှလာသော အရှင်သာရိပုတ္တရာကို မြင်၍ ဤသို့ ဆို၏၊ "ယနေ့ကား ငါ့ရှင်၊ သင်၏မျက်စိအစရှိသော ဣန္ဒြေတို့သည် ကြည်လင်ကုန်၏၊ အရေ, အဆင်းသည် စင်ကြယ်၏၊ ဖြူစင်၏၊ အသို့နည်း သင်သည် မသေသောတရားကို ရပြီလော"ဟု မေး၏၊ "ဪ ငါ့ရှင်၊ မသေသောတရားကို ငါရပြီ"ဟု အရှင်သာရိပုတ္တရာ မိန့်တော်မူ၏။

"ငါ့ရှင်၊ အဘယ်သို့သောအကြောင်းဖြင့် မသေသောတရားကို သင်ရပေသနည်း"ဟု ရှင်မောဂ္ဂလာန်မေးပြန်သောအခါ အောက်၌ အရှင်အဿဇိကိုတွေ့သည်မှစ၍ ဆိုခဲ့ပြီးသော အကြောင်းအလုံးစုံကို အရှင်သာရိပုတ္တရာပြန်ကြား၍ "ငါ့ရှင်၊ အရှင်အဿဇိမထေရ်သည် ဤတရားအစဉ်ကို ငါ့အားဟော၏"ဟု "ယေ ဓမ္မာ ဟေတုပ္ပဘဝါ" အစရှိသော ဂါထာကို အရှင်သာရိပုတ္တရာသည် အရှင်မောဂ္ဂလာန်အား ဟောတော်မူ၏၊ ဤဂါထာကို ဟောတော်မူသောအဆုံး၌ အရှင်မောဂ္ဂလာန်သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

## တပည့် ၂၅၀-နှင့်အတူ ဘုရားထံသွားကြခြင်း

သောတာပတ္တိဖိုလ်၌ တည်ပြီးသော် ဤသို့ ဆို၏၊ "ငါ့ရှင်၊ အကြင်အရပ်၌ မြတ်စွာဘုရား ရှိ၏၊ ထိုအရပ်သို့ ငါတို့သွားကုန်အံ့"ဟု ဆိုသည်ရှိသော် "ငါ့ရှင်၊ အခွဲနှင့်တကွ ၃၀၀-သော ပရိဗိုဇ်တို့သည် ငါတို့ကို အမှီပြု၍ ငါတို့ကို ကောင်းစွာရှု၍ နေကုန်၏၊ ဤအခွဲနှင့်တကွ ၃၀၀-သော ပရိဗိုဇ်တို့အား ကြားကုန်ဦးအံ့၊ ထိုသူတို့သည် အကြင်အခြင်းဖြင့် အောက်မေ့ကုန်လတ္တံ့၊ ထိုအခြင်းဖြင့် ပြုကုန်လတ္တံ့"ဟု အရှင်သာရိပုတ္တရာ ဆိုတော်

မူ၍ ထိုပရိဗိုဇ်တို့၏အထံသို့ သွားကုန်၍ "ငါ့ရှင်တို့၊ ငါတို့သည် မြတ်စွာဘုရားအထံသို့ သွားကုန်အံ့၊ မြတ်စွာဘုရားသည် ငါတို့၏ဆရာတည်း" ဟု ဆိုကုန်၏။

ထိုပရိဗိုဇ်တို့ကလည်း "အသက်ရှည်သော အရှင်တို့ကို ငါတို့အမှီပြု၍ အရှင်တို့ကို ကောင်းစွာရှုလျက် ဤအရပ်၌ နေကုန်သည်၊ အကယ်၍ အရှင် ၂-ပါးတို့သည် မြတ်သော ရဟန်းကြီးအထံ၌ မြတ်သောအကျင့်ကို ကျင့်ကုန်အံ့၊ အလုံးစုံသော ငါတို့သည်လည်း မြတ်သော ရဟန်းကြီး၌ မြတ်သော အကျင့်ကို ကျင့်ကုန်အံ့"ဟု ထိုအခွဲနှင့်တကွ ၃၀၀-သော ပရိဗိုဇ်တို့သည် ဆိုကုန်သဖြင့် အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်တို့သည် ဆရာဖြစ်သော သဉ္စယအထံသို့ ကပ်၍ ဤသို့ ဆိုလေကုန်၏၊ "အရှင်သဉ္စယ၊ ငါတို့သည် မြတ်စွာဘုရားအထံသို့ သွားကုန်အံ့၊ ထိုမြတ်စွာဘုရားသည် ငါတို့၏ဆရာတည်း" ဟူ၍ ဆိုကုန်၏၊ သဉ္စယကလည်း "ငါ့ရှင်တို့၊ မသွားလေကုန်လင့်၊ အလုံးစုံကုန်သော သင်တို့, ငါတို့ ၃-ယောက်တို့သည် ဤဂိုဏ်းကို ဆောင်ကုန်အံ့"ဟု ဆို၏။

၂-ကြိမ်, ၃-ကြိမ်မြောက်အောင် သဉ္စယပရိဗိုဇ်ကို ဆိုသော်လည်း "ငါ့ရှင်တို့၊ ဤလောက၌ ပညာရှိသောသူသည် များသလော၊ သူမိုက်သည်တည်း များသလော"ဟု သဉ္စယကမေး၍ 'သူမိုက်သာများသည်'ဟူ၍ဆိုလျှင် "ငါ့ရှင်တို့၊ ပညာရှိသောသူကား ရှင်ဂေါတမထံသို့ ဆည်းကပ်လေလတ္တံ့၊ သူမိုက်တို့သည် ငါတို့သို့ ဆည်းကပ်လာလတ္တံ့၊ ငါ့ရှင်တို့၊ ရေလှောင်အိုးစရည်းကြီးသဖွယ်ဖြစ်ပြီးမှ လက်ဆွဲအိုးကဲ့သို့ပြု၍ သူ့အထံ၌ ဆည်းကပ်အံ့သောငှာ မသင့်၊ မသွားကုန်လင့်၊ သင်တို့, ငါတို့ ၃-ယောက် ဤဂိုဏ်းကို ဆောင်ကုန်အံ့" ဆိုသော်လည်း ထိုသဉ္စယစကားကို မနာမူ၍ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်တို့သည် အခွဲနှင့်တကွ ၃၀၀-သော ပရိဗိုဇ်တပည့်အခြွေအရံတို့ကို ယူ၍ မြတ်စွာဘုရားနေတော်မူရာ ဝေဠုဝန်အရပ်သို့ ရှေးရှုသွားလေကုန်၏၊ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်တို့သည် မိမိတို့ပရိသတ်ကို ယူ၍ သွားလေကုန်သော် သဉ္စယပရိဗိုဇ်အား ထိုနေရာ၌ပင် ပူသောသွေးသည် ခံတွင်းမှ အန်၏။

## ဆရာတပည့်တို့ ရဟန္တာဖြစ်ကြခြင်း

မြတ်စွာဘုရားသည်လည်း ဝေဠုဝန်ကျောင်းတော်၌ ရဟန်းသံဃာတို့၏အလယ်၌ နေတော်မူစဉ် အဝေးမှလာဆဲဖြစ်သော အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်တို့ကို မြင်တော်မူ၍ ရဟန်းတို့ကို မိန့်တော်မူ၏၊ "ချစ်သားရဟန်းတို့၊ ဥပတိဿ, ကောလိတ ဤအဆွေခင်ပွန်း ၂-ယောက်တို့သည် ယခုလာကုန်၏၊ ဤအဆွေခင်ပွန်းတို့သည် ငါ၏

လက်ျာရံ, လက်ဝဲရံတပည့်သားအစုံသည် ဖြစ်လတ္တံ့”ဟူ၍ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်တို့သည် ဝေဠုဝန်ကျောင်းတော်သို့ မရောက်မီကပင် ဥပမိ ၄-ပါးတို့၏ ကုန်ရာဖြစ်သော အရဟတ္တဖိုလ်ဖြင့် ကိလေသာမှ လွတ်ရာဖြစ်သော နက်နဲသော သာဝကပါရမီဉာဏ်၏အရာ၌ “ဤယခုလာဆဲဖြစ်သော အဆွေခင်ပွန်း ၂-ယောက်တို့သည် ငါ၏ လက်ျာရံ, လက်ဝဲရံတပည့်သားအစုံ ဖြစ်လတ္တံ့”ဟူ၍ ဗျာဒိတ်ကြားတော်မူလင့်၏။

ထိုအရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်တို့သည် မြတ်စွာဘုရားအထံသို့ ရောက်သောအခါ “အကျွန်ုပ်တို့သည် ရဟန်းပဉ္စင်းအဖြစ်ကို ရပါလိုကုန်၏”ဟု မြတ်စွာဘုရားကို တောင်းပန်သဖြင့် မြတ်စွာဘုရားလည်း ဧဟိဘိက္ခုခေါ်တော်မူ၍ ဧဟိဘိက္ခုရဟန်းပဉ္စင်း ဖြစ်လေကုန်၏၊ ရဟန်းပဉ္စင်းဖြစ်ပြီးသော်-

- အရှင်သာရိပုတ္တရာကို **လက်ျာရံအရာ၌** အကြီးတင်တော်မူ၏၊
- အရှင်မောဂ္ဂလာန်ကို **လက်ဝဲရံအရာ၌** အကြီးတင်တော်မူ၏၊

အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်တို့သည် တပို့တွဲလဆန်း ၁-ရက်နေ့ နံနက် မြတ်စွာဘုရားအထံသို့ ရောက်ကုန်၍ ဧဟိဘိက္ခုရဟန်းဖြစ်ကုန်သတည်း၊ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်တို့နှင့်ပါသော ၂၀၅-ကျိပ်သော တပည့်တို့သည်ကား ဧဟိဘိက္ခုရဟန်းဖြစ်သည့်နေ့ပင် ရဟန္တာဖြစ်ကုန်၏။

အရှင်မောဂ္ဂလာန်ကား ဧဟိဘိက္ခုရဟန်းဖြစ်သည်မှ ၇-ရက်မြောက်ဖြစ်သော တပို့တွဲလဆန်း၊ ၇-ရက်နေ့၊ မဂဓတိုင်း၌ **သလ္လဝါလရွာငယ်**၏အနီး၌ ရဟန်းတရားကို ပြု၍နေသော် ငိုက်မျည်းခြင်းသို့ရောက်သောကြောင့် မြတ်စွာဘုရားက ထိတ်စေသဖြင့် ငိုက်မျည်းခြင်းကို ခွာ၍ ရဟန်းတရားကို ဆင်ခြင်သဖြင့် အထက်မဂ် ၃-ပါးကို ပြီးစေ၍ ရဟန္တာအဖြစ်သို့ ရောက်၏၊

အရှင်သာရိပုတ္တရာကား ရဟန်းဖြစ်သည်မှ လခွဲမြောက် တပို့တွဲလပြည့်နေ့၊ ရာဇဂြိုဟ်ပြည်၊ **သူကရခတလိုဏ်**၌ နေတော်မူလျက် အရှင်သာရိပုတ္တရာ၏ တူဖြစ်သော ဒီဃနခပရိဗိုဇ်အား မြတ်စွာဘုရားဟောတော်မူသော ဝေဒနာပရိဂ္ဂဟသုတ္တန်ကို နာရ၍ သူတစ်ပါးအား ပြင်အပ်သောထမင်းပွဲ၌ စားဘိသကဲ့သို့ သုတ္တန်၌ မိမိဉာဏ်ကို စေလွှတ်၍ ရဟန္တာအဖြစ်သို့ ရောက်၏၊ အရှင်သာရိပုတ္တရာ ရဟန္တာအဖြစ်သို့ ရောက်သော တပို့တွဲလပြည့်နေ့၌ မြတ်စွာဘုရားအား ရှေးဦးစွာသော သာဝကအစည်းအဝေး အထောင်မကများစွာ ဖြစ်၏၊ ထိုအစည်းအဝေး၌ မြတ်စွာဘုရားသည် ဩဝါဒပါတိမောက်ကို ပြတော်မူ၏။

## လူတို့ကဲ့ရဲ့သည်ကို ဖြေရှင်းတော်မူခြင်း

ထိုအခါ မဂဓတိုင်း၌နေကုန်သော ကျော်စောထင်ရှားကုန်သော အမျိုးသားတို့သည် မြတ်စွာဘုရား၌ ရဟန်းပြုကုန်၍ လူတို့သည် ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ "ရဟန်းဂေါတမသည် သားမရှိစေခြင်းငှာ ကျင့်၏၊ မုဆိုးမဖြစ်စေခြင်းငှာ ကျင့်၏၊ ဤဂေါတမသည် ရသေ့ ၁,၀၀၀-တို့ကိုလည်း ဆောင်ပြီ၊ အခွဲနှင့်တကွ ၃၀၀-သော ပရိဗိုဇ်တို့ကိုလည်း ဆောင်ယူပြီ၊ ထင်ရှားကုန်သော မဂဓရာဇ်တိုင်းသားတို့သည် ရဟန်းဂေါတမ၌ ရဟန်းပြုကုန်ပြီ"၊ ဤသို့ ကဲ့ရဲ့ ရှုတ်ချကုန်၏၊ ရဟန်းတို့ကို မြင်၍လည်း-

**အာဂတော ခေါ မဟာမသမဏော၊ မာဂဓာနံ ဂိရိဗ္ဗဇံ။**

**သဗ္ဗေ သဉ္စယေ နေတွာန၊ ကံသု ဒါနိ နယိဿတိ။**

ဤဂါထာဖြင့် စောဒနာကုန်၏။

**အနက်။** ။ သော၊ အချင်းတို့။ ခေါ၊ စင်စစ်။ သမဏော ဂေါတမော၊ ရဟန်းဂေါတမသည်။ မာဂဓာနံ၊ မဂဓရာဇ်တိုင်းသူတို့၏။ ဂိရိဗ္ဗဇံ၊ နွားခြံကဲ့သို့ တောင်ညိုငါးလုံးတို့ဖြင့် ရံအပ်သော ရာဇဂြိုဟ်ပြည်ကို။ အာဂတော၊ လာ၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သဉ္စယေ၊ အဝတ်ဖြူဝတ်သော ပရိဗိုဇ်တို့ကို။ နေတွာန၊ ဆောင်ပြီး၍။ ဒါနိ၊ ယခုအခါ၌။ ကံသု၊ အဘယ်သူကိုလျှင်။ နယိဿတိ၊ ဆောင်ပြန်လတ္တံ့နည်း။

ဤသို့ စောဒနာသောအသံကို ရဟန်းတို့ကြား၍ မြတ်စွာဘုရားအား ကြားလျှောက်ကုန်၏၊ ထိုအခါ "ချစ်သားရဟန်းတို့ ဤစောဒနာသောအသံသည် ကြာမြင့်စွာ မဖြစ်၊ ၇-ရက်မျှသာဖြစ်လတ္တံ့၊ ထိုသူတို့ကို သင်ချစ်သားတို့က ဤဂါထာဖြင့် အတုံ့စောဒနာကုန်" ဟု မိန့်တော်မူ၍ ဂါထာကို သင်၍ပေးတော်မူ၏။

**နယန္တိ ဝေ မဟာဝီရာ၊ သဒ္ဓမ္မေန တထာဂတာ။**

**ဓမ္မေန နယမာနာနံ၊ ကာ ဥသူယာ ဝိဇာနတံ။**

**အနက်။** ။ ဘောန္တော၊ အို လူများတို့။ မဟာဝီရာ၊ ကြီးသောလုံ့လရှိကုန်သော။ တထာဂတာ၊ မြတ်စွာဘုရားတို့သည်။ သဒ္ဓမ္မေန၊ သူတော်ကောင်းတရားဖြင့်။ ဝေ၊ စင်စစ်။ နယန္တိ၊ ဆောင်ကုန်၏။ ဓမ္မေန၊ တရားသဖြင့်။ နယမာနာနံ၊ ဆောင်ကုန်သော။ ဝိဇာနတံ၊ ပညာရှိသော သူတော်ကောင်းတို့အား။ ဥသူယာ၊ ကဲ့ရဲ့ခြင်းဖြင့်။ ကာ၊ အဘယ်အကျိုးရှိအံ့နည်း။

ဤဂါထာကို တပည့်သားရဟန်းတို့အား တတ်အောင်သင်၍ ဂါထာဖြင့် လူတို့က စောဒနာသောအခါ၌ ရဟန်းတို့က အတုံ့ဤဂါထာဖြင့် စောဒနာကုန်၏၊ ထိုအခါ၌ "ရဟန်းဂေါတမသည် တရားနှင့်ညီစွာ ဆောင်ပေသည်"ဟု လူတို့သည် သိကြ၍ ထိုကဲ့ရဲ့ရှုတ်ချသောအသံသည် ၇-ရက်မျှသာဖြစ်၍ ၇-ရက်လွန်လျှင် ပျောက်ကွယ်လေ၏။

✪✪✪✪✪✪✪✪✪✪✪

## ၁၃၉။ ရဟန်းတို့ပြစ်တင်၍ ရှေးအကြောင်း ဆောင်တော်မူခြင်း

ထိုအခါ၌ ပုထုဇဉ်ရဟန်းတို့သည် အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်တို့အား လက်ျာရံ, လက်ဝဲရံအရာ၌ ထားသည်ကို အကြောင်းပြု၍ "ငါ့ရှင်တို့ မြတ်စွာဘုရားသည် **မျက်နှာကြည့်သဖြင့်** ယခုသာ ရောက်သစ်စဖြစ်သော အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်တို့အား လက်ျာရံ, လက်ဝဲရံအရာကို ပေးတော်မူသည်၊ အလျှင်ရဟန်းဖြစ်နှင့်၍ အကြီးဖြစ်သော အရှင်ကောဏ္ဍညစသော ပဉ္စဝဂ္ဂီတို့ကိုငင်း အရှင်ယသအစရှိသော ငါးကျိပ်ငါးယောက်တို့ကိုငင်း ဘဒ္ဒဝဂ္ဂီသုံးကျိပ်တို့ကိုငင်း ဥရုဝေလအစရှိသော ရသေ့ဟောင်းတစ်ထောင့်သုံးယောက်တို့ကိုငင်း မပေးပါ"ဟု ပြောဆိုကြ၏၊ ထိုအသံကို ကြားတော်မူ၍ "ချစ်သားရဟန်းတို့ ငါဘုရားသည် မျက်နှာကို ကြည့်သဖြင့် သာရိပုတ္တရာ, မောဂ္ဂလာန်တို့အား လက်ျာရံ, လက်ဝဲရံအရာကို ပေးသည်မဟုတ်၊ ထိုသူတို့ ပတ္ထနာဆုတောင်းပါရမီနှင့်လျော်စွာသာ ပေးရသည်"ဟု မိန့်တော်မူ၍ ရှေးအတိတ်ကို ဆောင်၍ ဟောတော်မူ၏။

ဤကမ္ဘာမှ ပြန်၍ရေသော် တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းအထက်၌ အနောမဒဿီမြတ်စွာဘုရားဖြစ်တော်မူသောအခါ အရှင်သာရိပုတ္တရာအလောင်းသည် စန္ဒဝတီပြည်၌ ဗြာဟ္မဏမဟာသာလအမျိုး၌ဖြစ်၍ **သာရဒ**အမည်ရှိ၏၊ အရှင်မောဂ္ဂလာန်အလောင်းလည်း ဂဟပတိမဟာသာလအမျိုး၌ဖြစ်၍ **သိရိဝမုန** အမည်ရှိ၏၊ ထိုသူ ၂-ယောက်ကားငယ်သောအခါက ကစားဘက်ဖြစ်သလျှင်ကတည်း၊ သာရဒလုလင်သည် ဗေဒင် ၄-ပုံ၌ အပြီးသို့ ရောက်၏၊ ပုဏ္ဏားတပည့် ၇၄,၀၀၀-ရှိသတည်း၊ ထိုသာရဒလုလင်သည် "ဗေဒင်အတတ်၌ အနှစ်ကို မမြင်သောကြောင့် သံသရာဝဋ်မှ ထွက်မြောက်အံ့သော အကြောင်းကို ရှာအပ်၏"ဟု ကြံပြီးလျှင် တောထွက်၍ ရသေ့ပြုလတ်သော် ၇၄,၀၀၀ ကုန်သော တပည့်တို့သည်လည်း ဆရာနှင့်အတူ ရသေ့ပြု၍ ဟိမဝန္တာတောင်ခြေရင်း၌ နေကုန်၏။

ထိုအခါ၌ အနောမဒဿီမြတ်စွာဘုရား ထင်ရှားဖြစ်တော်မူရာ လက်ျာရံကား **နိသဘမထေရ်**တည်း၊ လက်ဝဲရံကား **အနောမမထေရ်**တည်း၊ အလုပ်အကျွေးကား **ဝရုဏ** တည်း၊ တစ်နေ့သ၌ သာရဒရသေ့၏တပည့် ၇၄,၀၀၀-တို့၏ ဥပနိဿယကို မြင်တော်မူ၍ ကိုယ်တော်ထီး ကောင်းကင်ခရီးဖြင့် ကြွတော်မူ၍ သာရဒရသေ့သင်္ခမ်း၏ အထက်၌ ကောင်းကင်မှ သက်တော်မူ၏၊ သာရဒရသေ့လည်း မြတ်စွာဘုရားကို မြင်လျှင် လက္ခဏာကြီး, ငယ်ကို ရှု၍ "ဘုရားစင်စစ်ဖြစ်၏"ဟု သိသဖြင့် ရိုသေစွာ ရှိခိုး၍ နေ၏၊ ထိုအခါ သစ်သီးသစ်ပွင့်ရှာကုန်သော တပည့်ရသေ့တို့သည် တောမှရောက်လာကုန်သော် ဆရာရှိခိုးသည်ကို မြင်၍ အလုံးစုံသောတပည့်တို့သည် ရှိခိုး၍ သစ်သီးဆွမ်းဖြင့် လုပ်ကျွေးကြကုန်၏၊ ပန်းအခင်းဖြင့် ပူဇော်ကုန်၏၊ မြတ်စွာဘုရားလည်း ပန်းအခင်း၌ ၇-ရက်ပတ်လုံး နိရောဓသမာပတ် ဝင်စားတော်မူ၍ သမာပတ်မှထသောအခါ "လက်ျာရံ, လက်ဝဲရံ တပည့်တို့သည် သံဃာအပေါင်းနှင့်တကွ လာစေသတည်း"ဟု ကြံ၏။

နိသဘမထေရ်လည်း ရဟန္တာတစ်သိန်းခြံရံလျက်လာ၍ မြတ်စွာဘုရားကို ရှိခိုးလျက် နေကုန်၏၊ ရသေ့တို့လည်း တန်ခိုးဖြင့်ပြီးသော ပန်းအခင်းကို လှူကုန်၏၊ **နိသဘမထေရ်** ကို ပန်းအခင်းအနုမောဒနာ ပြုစေ၏၊ **အနောမမထေရ်**ကိုလည်း တရားဟောစေ၏၊ တစ်စုံ တစ်ယောက်သော ရသေ့သည်မျှ တရားမရကြလေ၊ မြတ်စွာဘုရားတရားဟောတော်မူ သော အဆုံး၌ကား ၇၄,၀၀၀-ကုန်သော တပည့်ရသေ့တို့သည် ရဟန္တာဖြစ်၍ ဧဟိဘိက္ခု ရဟန်းချည်း ဖြစ်လေကုန်၏၊ သာရဒရသေ့ကား နိသဘမထေရ်ကဲ့သို့ ဖြစ်လိုသော စိတ်ဖြင့် တရားနာသောကြောင့် အကျွတ်တရားမရ၍ "နောင်သောအခါ ဘုရားရှင်တို့၏ အထံ၌ ဤလက်ျာရံမထေရ်ကဲ့သို့ လက်ျာရံ ဖြစ်ရလို၏"ဟု ဆုတောင်း၏၊ အနောမဒဿီမြတ်စွာ ဘုရားလည်း "နောင်သောအခါ ဂေါတမဘုရား၏လက်ထက်တော်၌ **လက်ျာရံ ဖြစ်လတ္တံ့**" ဟု ဗျာဒိတ်ကြားတော်မူ၍ ကောင်းကင်ခရီးဖြင့် ကြွလေ၏။

သာရဒရသေ့လည်း အဆွေဖြစ်သော သိရိဝမုနသူဌေးအိမ်သို့ သွား၍ အလုံးစုံ သော အကြောင်းကို ပြန်၍ "လက်ဝဲရံဆုကို တောင်းလော့"ဟု တိုက်တွန်း၏၊ သူဌေးလည်း မဏ္ဍပ်ကြီးစွာဆောက်၍ ဘုရားအမှူးရှိသော သံဃာတော်တစ်သိန်းကို ပင့်ဖိတ်၍ ၇-ရက် ပတ်လုံး အလှူကြီးစွာ ပေး၍ လက်ဝဲရံဆုကို တောင်း၏၊ မြတ်စွာဘုရားလည်း "နောင်သော အခါ ဂေါတမမြတ်စွာဘုရား၏ လက်ဝဲရံဖြစ်လတ္တံ့"ဟု ဗျာဒိတ်ကြားတော်မူ၏၊ ဤသို့လျှင် "မိမိတို့၏ ပတ္ထနာဆု ကောင်းမှုနှင့်လျော်စွာ ရဟန်းတို့၊ သာရိပုတ္တရာ, မောဂ္ဂလာန်တို့အား လက်ျာရံ, လက်ဝဲရံအရာကို ပေးရသတည်း၊ မျက်နှာကို ကြည့်၍ ငါပေးရသည် မဟုတ်" ဟူ၍ မိန့်တော်မူ၏။

## ၁၄၀။ သုဒ္ဓေါဒနမင်းကြီးက ဘုရားပင့်ရန် စေလွှတ်ခြင်း

ဤသို့လျှင် အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်တို့အား လက်ျာရံ, လက်ဝဲရံ အရာကို ပေးတော်မူ၍ ရာဇဂြိုဟ်ပြည်၏အနီး အနောက်မြောက်အရပ်၌ ဝေဠုဝန်ကျောင်းတော်၌ နေတော်မူသောအခါ ကပိလဝတ်ပြည်၌ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် "သားတော်သိဒ္ဓတ်မင်းသားသည် အနောမာမြစ်နား၌ ရဟန်းပြုပြီးသော် ရာဇဂြိုဟ်ပြည်မှ ၂-ယူဇနာကွာသော ဗောဓိပင်ရောက်ရာ ဥရုဝေလတော၌ ဒုက္ကရစရိယာ ၆-နှစ်ပတ်လုံး ကျင့်ပြီး၍ ဘုရားအဖြစ်သို့ ရောက်ပြီးသဖြင့် ရှေးဦးစွာ ဗာရာဏသီပြည်၏အနီး မိဂဒါဝုန်တော၌ ဝါဆိုတော်မူ၍ ဝါကျွတ်လျှင် တန်ဆောင်မုန်းလပြည့်တိုင် ထိုတော၌နေ၍ လပြည့်ကျော် ၁-ရက်နေ့ မိဂဒါဝုန်တောမှ ခွာ၍ ဥရုဝေလသို့လာသော ခရီးအကြားတွင် ၃-ကျိပ်သော ဘဒ္ဒဝဂ္ဂီမင်းသားတို့ကို ဧဟိဘိက္ခုရဟန်းဖြစ်စေ၍ ဥရုဝေလကဿပစသော ၁,၀၀၀-သော ရသေ့တို့၏ ဉာဏ်ရင့်ခြင်းကို ငံ့၍ အခွဲနှင့်တကွ ၃-လနေတော်မူလျက် ၃,၅၀၀-သော ပြာဋိဟာကို ပြ၍ ဥရုဝေလကဿပ, နဒီကဿပ, ဂယာကဿပ၊ ဤညီနောင် ၃-ယောက်အမှူးရှိသော ၁,၀၀၀-သောရသေ့တို့ကို ချွတ်တော်မူ၍ ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူ၍ ဗိမ္ဗိသာရမင်းကြီးသည် လှူအပ်သော ဝေဠုဝန်ကျောင်းတော် ဝါးတောအရံ၌ နေတော်မူပြီ"ဟု ကြားတော်မူလေ၏။

ဤသို့ ကြားပြီး၍ မင်းကြီးသည် သားတော်ဘုရားကို ဖူးမြင်လိုသဖြင့် အမတ်တစ်ယောက်ကိုခေါ်၍ "အို အမတ်၊ သင်သည် မင်းချင်းယောက်ျား ၁,၀၀၀-အခြံအရံ ယူလျက် ရာဇဂြိုဟ်ပြည် မြတ်စွာဘုရားထံသို့ သွား၍ ငါ၏စကားဖြင့် 'ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော အရှင်ဘုရား၊ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် ရှင်ပင်ဘုရားကို ဖူးမြင်တော်မူလို၏၊ ကြွတော်မူပါ'ဟု လျှောက်၍ ငါ့သားဘုရားကို ပင့်ဆောင်၍လာခဲ့လော့" ဟု စေ၏၊ ထိုအမတ်သည်လည်း "ကောင်းပြီ အရှင်မင်းကြီး"ဟု ဝန်ခံ၍ မင်းချင်းယောက်ျား ၁,၀၀၀-ခြံရံလျက် ရာဇဂြိုဟ်ပြည်သို့ ယူဇနာ ၆၀-ရှိသော ခရီးကို လျင်စွာ သွားလေ၍ မြတ်စွာဘုရားသည် ပရိသတ် ၄-ပါးတို့၏အလယ်၌ တရားဟောသောအခါ၌ ဝေဠုဝန်ကျောင်းတော်သို့ ဝင်လေ၏၊ ထိုအမတ်သည် မင်းကြီးစေမှာသော သတင်းစကားကို ရှိစေဦးဟု ရိုသေစွာ ပရိသတ်တို့၏အဆုံး၌ နေ၍ မင်းချင်းယောက်ျား ၁,၀၀၀-တို့နှင့်တကွ တရားတော်ကို နာလေသော် မင်းချင်းယောက်ျား ၁,၀၀၀-တို့နှင့်တကွ ရဟန္တာဖြစ်၍ မြတ်စွာဘုရား၌ ရဟန်းအဖြစ်ကို တောင်းသဖြင့် ဧဟိဘိက္ခု ခေါ်တော်မူ၍ ဧဟိဘိက္ခုရဟန်းချည်း ဖြစ်လေ၏။

ရဟန္တာအဖြစ်သို့ ရောက်သောအခါမှစ၍ အရိယာတို့မည်သည် လျစ်လျူရှုသည် ဖြစ်ကုန်၏၊ ထို့ကြောင့် ထိုအမတ်သည် မိမိရဟန္တာဖြစ်ပြီးသော် မင်းကြီးစေအပ်သော သတင်းစကားကို မြတ်စွာဘုရားအား မကြားမလျှောက်ဘဲ အရဟတ္တဖိုလ်ချည်းသာ ခံစား၍ နေ၏၊ မင်းကြီးသည် "သွားလေသောတမန်သည် မပြန်လာ၊ သတင်းစကားကိုမျှလည်း မကြားရ"ဟု အမတ်တစ်ယောက်ကို ခေါ်၍ ယောကျ်ား ၁,၀၀၀- အခြံအရံနှင့် တကွ စေပြန်၏၊ ထိုအမတ်သည်လည်း ရှေးနည်းအတူပင် သွား၍ အခြံအရံ ၁,၀၀၀-တို့နှင့်တကွ ရဟန္တာဖြစ်၍ ရှေးနည်းအတူ လျစ်လျူရှုနေလေ၏၊ မင်းကြီးလည်း အမတ်တစ်ယောက်ကို "သင်သွားချေ၊ ငါ၏သား ဘုရားကို ပင့်ဆောင်၍ လာခဲ့လော့"ဟု စေပြန်၏၊ ဤကဲ့သို့ ၉-ကြိမ်တိုင် အခြံအရံ ၁,၀၀၀-စီနှင့်တကွ အမတ် ၉-ယောက်ကို စေ၏။

အလုံးစုံတို့သည် တရားဟောသောအခါ၌ချည်း ရောက်၍ တရားနာရသဖြင့် ရဟန္တာချည်းဖြစ်၍ ဧဟိဘိက္ခုရဟန်းချည်း ဖြစ်လေကုန်၏၊ တစ်စုံတစ်ယောက်သော သူသည်မျှ မင်းကြီးစေသော သတင်းစကားကို မြတ်စွာဘုရားအား ကြားလျှောက်သည် မရှိ၊ အကြောင်းအဘယ်သို့ ဖြစ်သည်ဟု တစ်စုံတစ်ယောက်သောသူမျှ မင်းကြီးအား နောက်ပြန်၍ ကြားသောမည်သည် မရှိ၊ လျစ်လျူရှု၍ချည်း နေလေကုန်၏။

✪✪✪✪✪✪✪✪✪✪✪

## ၁၄၁။ ကပိလဝတ်ပြည်ကြွရန် လျှောက်ထားခြင်း

## ကာဠုဒါယီရဟန္တာဖြစ်ခြင်း

သုဒ္ဓေါဒနမင်းကြီးသည် သတင်းစကားကြားလာသူကို မရ၍ "ဤမျှလောက်သော သူတို့သည် ငါ၌ချစ်ကြည်လေးမြတ်ခြင်း မရှိသည်၏အဖြစ်ကြောင့် ငါ့အား သတင်းစကားကိုမျှ မကြားလာဘဲ နေလေကုန်ပြီ၊ အဘယ်သူသည် ငါ၏စကားကို လိုက်နာပါအံ့နည်း"ဟူ၍ အမတ်ဗိုလ်ပါအပေါင်းကို ရှုကြည့်သော် မြတ်စွာဘုရားနှင့် ဖွားဘက်တော် ဖြစ်သော ကာဠုဒါယီ အမည်ရှိသော အမတ်ကို မြင်၏၊ ထိုကာဠုဒါယီအမတ်သည် မင်းကြီးအား ခပ်သိမ်းသောအမှုကို ပြီးစေတတ်သော အမတ်တည်း၊ နန်းတွင်း၌သာ ကြီး၏၊ မြတ်စွာဘုရားနှင့် အလွန်အကျွမ်းဝင်၏၊ မြတ်စွာဘုရားနှင့် ဖွားဘက်၊ ကစားဘက်တည်း။

မင်းကြီးသည် ကာဠုဒါယီအမတ်ကို ခေါ်၍ "အမောင် ကာဠုဒါယီ၊ အဘသည် သားတော်ဘုရားကို ဖူးမြင်လို၍ အမတ်တစ်ယောက်, တစ်ယောက်ကို မင်းချင်းယောကျ်ား ၁,၀၀၀, ၁,၀၀၀-စီခြံရံစေလျက် အမတ် ၉-ယောက်ကို ၉-ခေါက်စေပါသော်လည်း

တစ်ယောက်သောသူမျှ အကြောင်းကိုပြန်၍ ကြားလျှောက်ကြသော မည်သည်မရှိ၊ ငါသည် သားတော်ဘုရားကို ဖူးမြင်လိုပါသည်၊ ငါသည် အိုမင်းပြီ၊ အသက်၏အန္တရာယ်ကိုလည်း မသိနိုင်ပါ၊ သင်ကာဠုဒါယီသည် ငါ၏သားတော်ဘုရားကို ပင့်ဆောင်၍ ပြအံ့သောငှာ စွမ်းနိုင်ပါ၏လော"ဟု ဆို၏၊ "အရှင်မင်းကြီး၊ အကယ်၍ အကျွန်ုပ်သည် ရဟန်းပြုခွင့်ကို ရပါအံ့၊ စွမ်းနိုင်ပါ၏"ဟု လျှောက်သည်ရှိသော် သင်သည် ရဟန်းပြုလိုသော်လည်းပြု၊ မပြုလိုသော်လည်း နေပါ၊ ငါ့သားဘုရားကိုသာ ပင့်ဆောင်၍ပြပါ"ဟု ဆို၏။

ထိုအခါ ကာဠုဒါယီသည် "ကောင်းပြီ အရှင်မင်းကြီး"ဟု ဝန်ခံ၍ မင်းချင်း ယောကျ်ား ၁,၀၀၀-ခြံရံလျက် လျင်စွာ ရာဇဂြိုဟ်ပြည်သို့ သွားလေ၍ ပရိသတ် ၄-ပါး တို့၏အလယ်၌ မြတ်စွာဘုရားတရားဟော၍ နေတော်မူသောအခါ ဝေဠုဝန်ကျောင်းတော် သို့ ဝင်လေ၍ ပရိသတ်၏အဆုံး၌ နေလျက် တရားတော်ကို နာကြလေသော် မင်းချင်း ယောကျ်ား ၁,၀၀၀-နှင့်တကွ ကာဠုဒါယီလည်း ရဟန္တာအဖြစ်သို့ ရောက်၍ မြတ်စွာဘုရား ကို ရဟန်းအဖြစ်ကို တောင်းပန်သော် ပဉောင်သီးမှည့် အဆင်းနှင့်တူသော သင်္ကန်းတော် အကြားမှ ဆဒ္ဒန်ဆင်မင်း၏ နှာမောင်းနှင့်တူသော လက်တော်ကို ထုတ်၍ "ဧထ ဘိက္ခဝေါ မယာ သွာက္ခာတော ဓမ္မော၊ စရထ ဗြဟ္မစရိယံ ဒုက္ခဿန္တကိရိယာယ"ဟု ခေါ်တော်မူလျှင် ကာဠုဒါယီနှင့်တကွ မင်းချင်း ၁,၀၀၀-တို့အား ဆံ, မုတ်ဆိတ်, အဝတ်, အထည်တို့သည် ကွယ်၍ ဖန်ရည်ဆိုးသော သင်းပိုင်ကို ဝတ်ကုန်လျက်, ခါးပန်းစည်းလျက်, ကိုယ်ဝတ်ကို စမွယ်တင်လျက်, ဒုကုဋ်ကို လက်ဝဲပခုံး၌တင်လျက်, သပိတ်ကို လက်ျာပခုံး၌ လွယ်လျက် အဝါ ၆၀-ရှိပြီးသော မထေရ်ကြီးကဲ့သို့ ကိုယ်စီချီသော လက်အုပ်ရှိသဖြင့် မြတ်စွာဘုရားသို့ ညွတ်သောဦးခေါင်းရှိသဖြင့် **ဧဟိဘိက္ခုရဟန်းချည်း** ဖြစ်လေကုန်၏။

## ဂါထာ ၆၀-ဖြင့် မွေးရပ်မြေသို့ ကြွရန်လျှောက်ထားခြင်း

ကာဠုဒါယီအမတ်သည် ရာဇဂြိုဟ်ပြည်သို့ တပေါင်းလဆန်း ၈-ရက်နေ့ ရောက် လာ၏၊ ကာဠုဒါယီအမတ် ရဟန္တာဖြစ်ပြီးသော် တပေါင်းလပြည့်နေ့၌ ကြံ၏၊ "ယခုအခါ၌ ဟေမန္တဥတုသည် လွန်လေပြီ၊ ဂိမှာနဥတုသည် ရောက်ပြီ၊ လူတို့သည် ကောက်တို့ကို ထုတ်၍ မိမိတို့, မိမိတို့ရွာသို့ ရှေးရှုရာအရပ်တို့ဖြင့် ခရီးကို ပေးကုန်ပြီ၊ မြေအပြင်သည် စိမ်းသော မြက်မြေဇာတို့ဖြင့် ဖုံးလွှမ်းပြီ၊ တောအုပ်အပေါင်းသည်လည်း သစ်ပင်နွယ်ရှိတိုင်း ကောင်းစွာ ပွင့်လေပြီ၊ ခရီးသွားခြင်းငှာ ခန့်ပြီ၊ မြတ်စွာဘုရားအား ဆွေတော်မျိုးတော်တို့ကို သင်္ဂြိုဟ် ခြင်းကို ပြုအံ့သောအခါတန်ပြီ၊" ဤသို့ ကြံပြီးသော် မြတ်စွာဘုရားအထံသို့ ကပ်၍-

**အင်္ဂါရိနော ဒါနိ ဒုမာ ဘဒန္တေ၊ ဖလေသိနော ဆာဒနံ ဝိပ္ပဟာယ။**
**တေ အစ္စိမန္တောဝ ပဘာသယန္တိ၊ သမယော မဟာဝီရ အင်္ဂီရသာနံ။ ။**

**အနက်။** ။ ဘဒန္တေ၊ ကောင်းသောမျက်နှာရှိသော အရှင်ဘုရား။ ဒါနိ၊ ယခုအခါ၌။ ဒုမာ၊ သစ်ပင်တို့သည်။ အင်္ဂါရိနော၊ မီးကျီးစုကဲ့သို့ဖြစ်ကုန်ပြီ။ ဆာဒနံ၊ အရွက်ဟောင်းကို။ ဝိပ္ပဟာယ၊ စွန့်၍။ ဖလေသိနော၊ သီးပွင့်ရွက်သစ်ပေါ်ကုန်ပြီ။ တေ ဒုမာ၊ ထိုသစ်ပင်တို့သည်။ အစ္စိမန္တောဝ၊ အလျှံတောက်သော မီးလျှံပုံကြီးတို့ကဲ့သို့။ ပဘာသယန္တိ၊ ထွန်းလင်းတောက်ပကြကုန်၏၊ အင်္ဂီရသာနံ၊ ကိုယ်မှအရောင် ပြောင်ပြောင်တောက်ပတော်မူထသော။ မဟာဝီရ၊ ကြီးသော လုံ့လရှိတော်မူသော ရှင်ပင်ဘုရား။ သမယော၊ ကပိလဝတ်ပြည်သို့ ကြွတော်မူခါ တန်ပါပြီ။

ဤသို့ အစရှိသော ၆၀-မျှလောက်သော ဂါထာတို့ဖြင့် မြတ်စွာဘုရားအား ဆွေတော်မျိုးတော်တို့၏ပြည်သို့ ကြွတော်မူစိမ့်သောငှာ ခရီး၌ကျေးဇူးကို ကာဠုဒါယီမထေရ် ချီးမွမ်း၏၊ မြတ်စွာဘုရားလည်း "ကာဠုဒါယီ၊ ခရီးသွားခြင်း၏ကျေးဇူးကို သင်ချီးမွမ်းသည်မှာ အကြောင်းအဘယ်သို့နည်း"ဟု မေးတော်မူ၏၊ "အရှင်ဘုရား၊ အရှင်ဘုရား တို့၏ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် အရှင်ဘုရားတို့ကို ဖူးမြင်လို၏၊ ဆွေတော် မျိုးတော်တို့အား သင်္ဂြိုဟ်ခြင်းကို ပြုတော်မူပါ" ဟူ၍ လျှောက်၏၊ "ဥဒါယီ၊ ကောင်းပြီ၊ ဆွေတော်မျိုးတော်တို့အား သင်္ဂြိုဟ်ခြင်းကို ပြုအံ့၊ ရဟန်းသံဃာတို့အား သင်သည် ကြားချေလော့၊ ရဟန်းတို့သည် ဂမိယဝတ်ကို ဖြည့်ရကုန်လတ္တံ့."ဟူ၍ မိန့်တော်မူ၏၊ "ကောင်းပြီ အရှင်ဘုရား"ဟု ဥဒါယီသည် သံဃာအား ကြား၏။

## ကပိလဝတ်ပြည်သို့ ကြွချီတော်မူခြင်း

မြတ်စွာဘုရားသည် အင်္ဂတိုင်း, မဂဓတိုင်း၌နေကုန်သော အမျိုးသား ရဟန်း ၁၀,၀၀၀, ကပိလဝတ်ပြည် ရဟန်း ၁၀,၀၀၀၊ ဤ ၂၀,၀၀၀-သော ရဟန်းတို့ဖြင့် ခြံရံလျက် ဝေဠုဝန်ကျောင်းတော်မှ တပေါင်းလပြည့်ကျော် ၁-ရက်နေ့ ထွက်တော်မူ၍ "ယူဇနာ ၆၀-ရှိသော ခရီးကို ၂-လဖြင့် ရောက်စေအံ့"ဟု နေ့တိုင်း, နေ့တိုင်း ၁-ယူဇနာစီဖြင့် မလျင်လွန်းသော ကြွတော်မူခြင်းဖြင့် ကပိလဝတ်ပြည်သို့ ကြွတော်မူလေ၏။

ကာဠုဒါယီမထေရ်လည်း "မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်မှ ထွက်တော်မူလာကြောင်းကို ကြားနှင့်အံ့"ဟု ကောင်းကင်သို့ ပျံတက်၍ သုဒ္ဓေါဒနမင်းကြီး၏နန်းတော်၌ ထင်ရှားဖြစ်၏၊ မင်းကြီးလည်း မထေရ်ကိုမြင်၍ နှစ်သက်သောစိတ် ရှိသည်ဖြစ်၍ ရာဇပလ္လင်

ထက်၌ နေစေ၍ မိမိအဖို့စီရင်အပ်သော အထူးထူးသော အရသာရှိသော ဘောဇဉ်ဖြင့် သပိတ်ကို ပြည့်စေ၍ ကပ်လှူ၏၊ မထေရ်သည် သပိတ်ကို လှမ်း၍ ထသွားအံ့သော အခြင်းအရာကို ပြ၏၊ "ချစ်သား ကာဠုဒါယီ၊ ထိုင်၍ စားတော်မူပါ"ဟု လျှောက်၏၊ "မြတ်သောမင်းကြီး၊ မြတ်စွာဘုရားထံသို့ သွား၍စားအံ့"ဟု မိန့်တော်မူ၏၊ "ချစ်သား ကာဠုဒါယီ၊ ဘုရားအဘယ်အရပ်၌ ရှိသနည်း"ဟု မင်းကြီးမေး၏၊ "မြတ်သော မင်းကြီး၊ သင်မင်းကြီးတို့ကို ဖူးမြင်အံ့သောငှာ ၂၀,၀၀၀-သောရဟန္တာတို့ဖြင့် ခြံရံလျက် ရာဇဂြိုဟ်ပြည်မှ ထွက်၍ ကြွလာတော်မူပြီ"ဟု မိန့်၏။

မင်းကြီးလည်း နှစ်သက်သောစိတ်ရှိသည်ဖြစ်၍ "အရှင်ဘုရားသည် ဤဆွမ်းကို ဘုဉ်းပေးတော်မူပါ၊ ငါ၏သားဘုရားသည် အကြင်မျှလောက်သော နေ့တို့ဖြင့် ဤပြည်သို့ ရောက်၏၊ ထိုမျှလောက်သော နေ့တို့ပတ်လုံး ငါ့သားဘုရားအား ဆွမ်းကို ဤနန်းတော်မှသာ ဆောင်ပါ"ဟု လျှောက်၏၊ မထေရ်လည်း ဝန်ခံတော်မူ၏၊ မင်းကြီးလည်း မထေရ်ကို လုပ်ကျွေးပြီးသော် သပိတ်ကို ဆေး၍ နံ့သာမှုန့်တို့ဖြင့် လိမ်းကျံ၍ ဆွမ်းဘောဇဉ်ကို သပိတ်၌ ပြည့်စေ၍ "သားဘုရားအား လှူပါလေ"ဟု သပိတ်ကို မထေရ်၏လက်၌ ထားပေ၏၊ ကာဠုဒါယီမထေရ်လည်း အလုံးစုံသောသူတို့၏ မြင်စဉ်ပင် သပိတ်ကို ကောင်းကင်သို့ ပစ်လိုက်၍ မိမိလည်းကောင်းကင်သို့ ပျံတက်၍ ဆွမ်းကိုဆောင်၍ မြတ်စွာဘုရားလက်၌ ထား၏၊ မြတ်စွာဘုရားသည် ထိုဆွမ်းကို ဘုဉ်းပေးတော်မူ၏။

ဤသို့သောနည်းဖြင့် နေ့တိုင်း, နေ့တိုင်း မထေရ်သည် ဆွမ်းကို ဆောင်၏၊ ဘုရားသခင်လည်း ခရီးအကြား၌ ခမည်းတော်မင်းကြီး၏ဆွမ်းကိုသာ ဘုဉ်းပေးတော်မူ၏၊ မထေရ်လည်း နေ့တိုင်းဆွမ်းစားပြီးသောအဆုံး၌ "ယနေ့ မြတ်စွာဘုရားသည် ဤမျှသော အရပ်သို့ရောက်ပြီ၊ ယနေ့ ဤမျှသို့ရောက်ပြီ"ဟု မင်းကြီးအား ကြား၍ ဘုရားကျေးဇူးတော်နှင့်စပ်သော စကားကို ပြောဆိုသဖြင့် အလုံးစုံသောမင်းမျိုးတို့အား ဘုရားမြတ်စွာကို မမြင်ရသေးဘဲဖြင့် ဘုရားမြတ်စွာ၌ ကြည်ညိုခြင်းကို ဖြစ်စေ၏။

(ထိုသို့ ဖြစ်စေသောကြောင့် နောက်အခါ၌ ကာဠုဒါယီမထေရ်ကို "အမျိုးကို ကြည်စေတတ်သော တပည့်အပေါင်းတို့တွင် ကာဠုဒါယီသည် မြတ်၏"ဟူ၍ ကုလပ္ပသာဒက အရာ၌ **တေဒဂ်ထားတော်မူ၏။**)

မြတ်စွာဘုရားသည် ကပိလဝတ်ပြည်၏အနီးသို့ ရောက်သောအခါ၌ **သာကီဝင်မင်းမျိုးအပေါင်းတို့**သည် "ငါတို့၏အဆွေကို ငါတို့ဖူးမျှော်ကြကုန်အံ့"ဟု စည်းဝေးကြ၍ မြတ်စွာဘုရားအား သင့်တင့်လျောက်ပတ်သော နေရာအရပ်ကို စူးစမ်းဆင်ခြင်ကုန်သော်

ရောဟိဏီမြစ်နား၌ နိဂြောဓသာကီဝင်မင်း၏ အာရာမ်သည် နှလုံးမွေ့လျော်ဖွယ်ရှိ၏ဟု မှတ်၍ ထိုအရပ်၌ အလုံးစုံ သုတ်သင်ပြင်ဆင်ခွင့်ရှိသည်ကို သုတ်သင်ပြင်ဆင်၍ ခရီးဦးကြိုဆိုခြင်းကို ပြုသည်ရှိသော် ခပ်သိမ်းသောတန်ဆာတို့ဖြင့် တန်ဆာဆင်ကုန်သော ငယ်ကုန်သော သာကီဝင်မင်းသားငယ်, မင်းသမီးငယ်တို့ကို ရှေးဦးစွာ စေလွှတ်ကုန်၏၊ နောက်မှ သာကီဝင်မင်းသားမျိုး, မင်းသမီးမျိုးတို့ကို စေကုန်၏၊ ထိုမင်းသားမျိုး, မင်းသမီးမျိုး တို့၏အကြား၌ မိမိတို့သည် ပန်း, နံ့သာ, အခိုး, အထုံ, အမှုံ စသည်တို့ဖြင့် ပူဇော်ကုန်လျက် မြတ်စွာဘုရားကို ပင့်၍ နိဂြောဓသာကီဝင်မင်း၏အာရာမ်သို့သာလျှင် သွားလေကုန်၏၊ ထိုအာရာမ်၌ မြတ်စွာဘုရားသည် ၂၀,၀၀၀-သောရဟန္တာတို့ဖြင့် ခြံရံလျက် နေတော်မူ၏။

✪✪✪✪✪✪✪✪✪✪

## ၁၄၂။ သာကီဝင်မင်းတို့အား တန်ခိုးပြတော်မူခြင်း

သာကီဝင်မင်းမျိုးတို့သည် မာန်ကြီးသော သဘောရှိကုန်၏၊ မာန်ဖြင့် ခက်ထန်ကုန်၏၊ "ဤသိဒ္ဓတ်မင်းသားသည် ငါတို့အောက်အငယ်သာတည်း၊ ငါတို့၏ ညီတော်သာတည်း၊ ငါတို့၏ တူသာတည်း၊ ငါတို့၏မြေးသာတည်း"ဟု ကြံကုန်၍ မင်းသားငယ်, မင်းသမီးငယ်တို့ကို "သင်တို့သည်သာ သိဒ္ဓတ်မင်းသားဘုရားကို ရှိခိုးကုန်၊ ငါတို့သည် သင်တို့၏နောက်၌သာလျှင် နေကုန်အံ့"ဟု ဆိုကုန်၏၊ မြတ်စွာဘုရားအား တစ်စုံတစ်ယောက်သော မင်းသားကြီးတို့သည်မျှလည်း ရှိမခိုး နေကုန်၏၊ ထိုသာကီဝင်မင်းတို့ ရှိမခိုးဘဲ နေကုန်သောကြောင့် မြတ်စွာဘုရားသည် ထိုသူတို့၏အလိုကို ဆင်ခြင်သော် "ထိုသူတို့သည် အမျိုးကြီးသည်, အသက်ကြီးသည်ဟု ငါ့အား ရှိမခိုး နေကုန်သည်၊ ယခုအခါ၌ ငါ၏ဆွေတော်မျိုးတော်တို့ကို ရှိခိုးစေအံ့"ဟု ကြံတော်မူ၍-

အဘိညာဉ်၏အခြေ ဖြစ်သော စတုတ္ထဈာန်ကို ဝင်စားတော်မူ၍ ၁၀,၀၀၀-သော စကြဝဠာတို့၌ မြင်းမိုရ်တောင် ၁၀,၀၀၀-ကို အစဉ်အတိုင်း ရွှေသည်တိုင် ဖန်ဆင်းတော်မူ၍ ၁၀,၀၀၀-သော စကြဝဠာတို့တွင် အရှေ့စွန်းစကြဝဠာ၏ အရှေ့တံတိုင်းနား၌ စကြံ ထားလျက်, အနောက်စွန်းစကြဝဠာ၏ အနောက်တံတိုင်းနား၌ စကြံနောက်မြီးထားလျက်, ရတနာ ၇-ပါး အတိပြီးသော ထုပ်, လျှောက်တို့၏အထက်၌ ရွှေဖြင့်ပြီးသော ပျဉ်ခင်းလျက်, အလယ်၌ ပတ္တမြားဖြင့်ပြီးသော မြေ, စကြံနံပါး ၂-ဖက်တို့၌ နှလုံးမွေ့လျော်ဖွယ်ရှိသော ရွှေဖြင့်ပြီးသောမြေ ဖန်ဆင်းလျက်, ပုလဲပတ္တမြားဖြင့်ပြီးသောသဲဖြင့် ကြဲလျက် အံ့ဖွယ်သရဲသော ရတနာအတိပြီးသော စကြံကို ကောင်းကင်၌ ဖန်ဆင်းတော်မူပြီးမှ "တစ်သောင်းသော စကြဝဠာတိုက်၌ တစ်ပြိုင်နက် အလင်းသည်ဖြစ်စေသတည်း"ဟု မိန့်ဒ္ဓာန်တော်မူ၍-

**အာလောကကသိုဏ်းလျှင်** အာရုံရှိသော စတုတ္ထစျာန်ကို ဝင်စားတော်မူ၍ **၆၀,၀၀၀-သောစကြဝဠာ၌** တစ်ပြိုင်နက်အလင်းကို ဖြစ်စေပြီးမှ "ငါ၏ဆွေတော် မျိုးတော်တို့သည် 'ဘုရားဟူသည် ဤသို့ သဘောရှိ၏၊ ဘုရား၏အားသည် ဤသို့ သဘောရှိ၏' ဟု မသိကုန်သောကြောင့် 'ငါတို့သည် သိဒ္ဓတ်မင်းသားဘုရားထက် အမျိုးကြီး၏၊ အသက်ဖြင့် ကြီး၏'ဟု အချည်းနှီးချည်း, အိုမင်းကာမျှဖြင့် မာနတက်၍ ရှိမခိုးကုန်၊ ဆွေတော်မျိုးတော်တို့၏မာန်တည်းဟူသော မှန်ကင်းကို ချိုးဖွဲ့၍ 'ဘုရားဟူသည် ဤကဲ့သို့, ဘုရား၏အားသည် ဤကဲ့သို့'ဟု ပြ၍ ငါ့ကို ရှိခိုးစေကုန်အံ့"ဟု ကြံတော်မူ၍ စတုတ္ထစျာန်ကို ဝင်စား၍ ကောင်းကင်သို့ ပျံတက်၍ ကြီးစွာသော လူ, နတ်ပရိသတ်တို့၏အလယ်၌ ရတနာစင်္ကြံ၌ လူးလာတုံ့ပယ် စင်္ကြံသွားလျက် **တေဇောကသိုဏ်းလျှင်** အာရုံရှိသော စတုတ္ထစျာန်ကို ဝင်စား၍ အထက်ကိုယ်တော်တစ်ပိုင်းမှ မီးအလျှံကို လွှတ်စေခြင်း, အာပေါကသိုဏ်းလျှင် အာရုံရှိသော စတုတ္ထစျာန်ကို ဝင်စား၍ အောက်ကိုယ်တော်တစ်ပိုင်းမှ ရေအယဉ်ကို ထွက်စေခြင်း အစရှိသော သာဝတ္ထိပြည်တောင်တံခါး၏အနီး၌ ကဏ္ဍအမည်ရှိသော သရက်ပင်ကို အမှီပြု၍ ပြတော်မူအပ်သော ယမိုက်ပြာဋိဟာနှင့်အတူ ယမိုက်ပြာဋိဟာကို ပြတော်မူ၏။

ထိုအခါ **အရှင်သာရိပုတ္တရာသည်** တပည့် ၅၀၀-နှင့်တကွ ရာဇဂြိုဟ်ပြည်၏အရံ ဖြစ်သော ဂိဇ္ဈကုဋ်တောင်ကျောင်း၌ နေတော်မူရစ်သဖြင့် "ယခုအခါ၌ မြတ်စွာဘုရား အဘယ်၌ ရှိလေသနည်း"ဟု ဒိဗ္ဗစက္ခုဉာဏ်ဖြင့် ကြည့်တော်မူသည်ရှိသော် ကပိလဝတ်ပြည်၌ ရတနာဖြင့်ပြီးသော စင်္ကြံဖန်ဆင်းတော်မူလျက် ၁၀,၀၀၀-သောစကြဝဠာမှ လာကုန်သော နတ်, ဗြဟ္မာတို့၏အလယ်၌ စင်္ကြံသွားတော်မူလျက် ယမိုက်ပြာဋိဟာပြ၍ နေသည်ကို မြင်၍ "ငါသည် ယခုအခါ၌ မြတ်စွာဘုရားသို့ ကပ်၍ မြတ်စွာဘုရားကျေးဇူးကို ပြတတ်သော **ဗုဒ္ဓဝင်တရားကို** ဟောတော်မူစေခြင်းငှာ မြတ်စွာဘုရားကို တောင်းပန်အံ့"ဟု ကြံ၍ အတူနေ တပည့်ရဟန္တာ ၅၀၀-တို့ကို တစ်ခဏခြင်းဖြင့် စည်းဝေးစေ၍ "ချစ်သားတို့၊ မြတ်စွာဘုရားသည် ကပိလဝတ်ပြည်၌ ကောင်းကင်ဝယ် ရတနာစင်္ကြံ၌ လောကကို ကြည့်စေတတ်သော ယမိုက်ပြာဋိဟာကို ပြပြီ၊ ငါတို့သည် ထိုအရပ်သို့ သွား၍ မြတ်စွာဘုရားကို ဖူးမြင်ကုန်အံ့၊ ရှိခိုးကုန်အံ့၊ အလုံးစုံသောသင်တို့သည် လာကုန်လော့၊ မြတ်စွာဘုရားကို ဖူးမြင်၍ ရှိခိုး၍ မေးကုန်အံ့၊ အယူမှားကို ဖျောက်ကုန်အံ့"ဟု ဆို၏။

(ရဟန္တာတို့အား အယူမှားသက်ာကို ဖျောက်အံ့ဆိုခြင်းသည် ဗုဒ္ဓဝင်ကို အရှင်သာရိပုတ္တရာ ဉာဏ်၌ထင်သော်လည်း ဘုရား၏အရာဖြစ်သောကြောင့် တောင်းပန်လို၍ ဆိုသတည်း)

ထိုတပည့် ၅၀၀-တို့သည် “ကောင်းပြီ”ဟု ဝန်ခံ၍ သပိတ်, သင်္ကန်းကို ယူကုန်၍ တစ်ခဏခြင်း ကောင်းကင်ဖြင့် ကြွလာကုန်၍ တန်ခိုး၏တင့်တယ်ခြင်းဖြင့် နတ်ကဲ့သို့ ကောင်းကင်ပြင်၌ မြတ်စွာဘုရားသို့ ကပ်၍ အရှင်သာရိပုတ္တရာအမှူးရှိသော ၅၀၀-သော ရဟန္တာတို့သည် ဦးထိပ်၌ လက်အုပ်တင်၍ မြတ်စွာဘုရားခြေတော်အစုံတို့ကို ရှိခိုးလျက် နေကုန်၏၊ ထိုအခါ၌ အရှင်သာရိပုတ္တရာသည် ဗုဒ္ဓဝင်ကို ဟောစိမ့်သောငှာ တောင်းပန်၏၊ မြတ်စွာဘုရားလည်း ထို ၅၀၀-သော ရဟန်းတို့၏အလိုကို သိ၍ ရတနာစင်္ကြံ၌ စင်္ကြံသွားတော်မူလျက်ပင် ဗုဒ္ဓဝင်ကို ဟောတော်မူ၏၊ ဤသို့ဗုဒ္ဓဝင်ကို ဟောတော်မူ၍ ဆွေတော်မျိုးတော်တို့၏ဦးထိပ်၌ ခြေဖဝါးတော် မြေမှုန့်ကို ချဘိသကဲ့သို့ စင်္ကြံသွားတော်မူလျက် ပြာဋိဟာပြတော်မူသော ထိုအံ့ဖွယ်သရဲကို မြင်၍ သုဒ္ဓေါဒနမင်းကြီးသည် ဦးထိပ်၌ တင်သော လက်အုပ်ရှိသည်ဖြစ်၍ ဤသို့ လျှောက်၏။

၁။ “ဘုန်းတော်ကြီးသော အရှင်ဘုရား၊ အရှင်ဘုရားတို့၏ ဖွားတော်မူစကာလ၌ ကာလဒေဝီလရသေ့ကို ရှိခိုးစိမ့်သောငှာ ဆောင်ခဲ့အပ်ကုန်သော အရှင်ဘုရားတို့၏ ခြေတော်အစုံသည် အထက်သို့ပျံ၍ ရသေ့၏ထိပ်ပေါ်၌ တည်သည်ကို မြင်၍ အကျွန်ုပ်သည် အရှင်ဘုရားတို့၏ခြေတော်တို့ကို ရှိခိုး၏၊ ဤရှိခိုးခြင်းသည် ရှေးဦးစွာသော ရှိခိုးခြင်းတည်း။

၂။ ကောက်စိုက်မင်္ဂလာပြုသောအခါ၌ ဇမ္ဗူသပြေပင်ရိပ်၌ အသရေရှိသော အိပ်ရာ၌ နေကုန်သော အရှင်ဘုရားတို့အား ဇမ္ဗူသပြေပင်အရိပ် အရှေ့သို့ မပြန်သည်ကို မြင်၍ အကျွန်ုပ်သည် အရှင်ဘုရားခြေတော်တို့ကို ရှိခိုး၏၊ ဤရှိခိုးခြင်းသည် ၂-ကြိမ်မြောက် ရှိခိုးခြင်းတည်း။

၃။ ယခုအခါ၌ မမြင်ဖူးသော တန်ခိုးပြာဋိဟာကို မြင်၍ အရှင်ဘုရား၏ခြေတော်တို့ကို ရှိခိုး၏၊ ဤရှိခိုးခြင်းသည် ၃-ကြိမ်မြောက် ရှိခိုးခြင်းတည်း”-

ဟု ချီသောလက်အုပ်ဖြင့် ရှိခိုး၍ လျှောက်၏၊ သုဒ္ဓေါဒနမင်းကြီး ရှိခိုးသည်ရှိသော် တစ်ယောက်သော သာကီဝင်သည်မျှ ရှိမခိုးဘဲ နေအံ့သောငှာ မဝံ့ကုန်၊ အလုံးစုံသော သာကီဝင်တို့သည် ချီသောလက်အုပ်ဖြင့်ချည်း ရှိခိုးကြကုန်၏၊ ဤသို့ ဘုရားမြတ်စွာသည် ဆွေတော်မျိုးတော်အပေါင်းကို ရှိခိုးစေပြီး၍ ကောင်းကင်မှသက်တော်မူ၍ ခင်းအပ်သော နေရာ၌ နေတော်မူ၏၊ ထိုအခါ၌ ၂၀,၅၀၀-မက များစွာသော တပည့်ရဟန္တာတို့သည် မြတ်စွာဘုရားသို့ချည်း ညွတ်သောဦးခေါင်း, တင်သောလက်အုပ်ဖြင့် ချေခြင်း, ဆတ်ခြင်း, လက်လှုပ်ခြင်း, ခြေလှုပ်ခြင်းမရှိ ငြိမ်သက်စွာ နောက်အဖို့၌ နေကုန်၏၊ သုဒ္ဓေါဒနမင်း အမှူးရှိသော သာကီဝင်မင်းအပေါင်းတို့သည်လည်း မြတ်စွာဘုရားသို့ချည်း ညွတ်သော

ဦးခေါင်းထက်၌ တင်သောလက်အုပ်ဖြင့် ရှေ့အဖို့မှ ငြိမ်သက်စွာ နေကုန်၏၊ ထိုအခါ၌ အထွတ်သို့ရောက်သော ဆွေတော်, မျိုးတော်အစည်းအဝေးသည် ဖြစ်၏၊ အလုံးစုံသော ပရိသတ်သည်လည်း တည်ကြည်သောစိတ်ရှိသည် ဖြစ်၏။

ထိုအခါ၌ မိုး၏အလယ်၌ ကြာရွက်မျှလောက်သော တိမ်လွှာသည်တက်၍ တရွေ့ရွေ့ အလွှာ-၁၀၀, အလွှာ-၁,၀၀၀၊ မိုးတိမ်အတိပြည့်၍ **ပေါက္ခရဝဿမိုး**သည် ရွာ၏၊ နီသောအဆင်းရှိသော ရေသည် အောက်၌ မြည်လျက်သွား၏၊ စွတ်လိုသော သူကိုသာ စွတ်၏၊ မစွတ်လိုသောသူကို မစွတ်ရ၊ ထိုမိုးကို မြင်၍ အလုံးစုံသောသူတို့သည် အံ့ဖွယ်သရဲ ဖြစ်ကုန်၏၊ အံ့ဖွယ်သရဲ မဖြစ်ဖူးမြဲဟူသော စကားကို ဆိုကြကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် "ယခုသာ ငါ၏ဆွေတော်, မျိုးတော်အစည်းအဝေး၌ ပေါက္ခရဝဿမိုး ရွာသည် မဟုတ်၊ ရှေး၌လည်း ရွာဖူးပြီ"ဟု မိန့်တော်မူ၍ ရဟန်းတို့တောင်းပန်ကုန်သဖြင့် ထိုအစည်းအဝေး၌ **ဝေဿန္တရာဇာတ်**ကို ဟောတော်မူ၏။

✪✪✪✪✪✪✪✪✪✪✪

## ၁၄၃။ ဘုရားရှင် ကပိလဝတ်၌ ဆွမ်းခံဝင်တော်မူခြင်း

တရားဒေသနာကို နာပြီး၍ အလုံးစုံသောပရိသတ်တို့သည် မြတ်စွာဘုရားကို ရှိခိုး၍ ဖဲလေကုန်၏၊ တစ်ယောက်သော သာကီဝင်မင်းသည်၎င်း မင်း၏အမတ်သည်၎င်း နက်ဖြန် အကျွန်ုပ်တို့၏ဆွမ်းကို ခံတော်မူပါဟု ဖိတ်မန်သောသူ မည်သည်မရှိ၊ မြတ်စွာဘုရားသည် ကပိလဝတ်ပြည်သို့ ကဆုန်လပြည့်ရောက်၍ မိုးသောက်လပြည့်ကျော် ၁-ရက်နေ့၌ ရဟန္တာအပေါင်း ၂၀,၀၀၀-မက များစွာခြံရံလျက် ကပိလဝတ်ပြည်သို့ ဆွမ်းခံဝင်တော်မူ၏၊ ထိုအခါ၌လည်း တစ်ယောက်သောသူမျှလာ၍ ဖိတ်မန်သောမည်သည် မရှိ၊ သပိတ်ကို လှမ်းယူသောမည်သည် မရှိ၊ မြတ်စွာဘုရားသည် တံခါးခုံ၌ ရပ်တော်မူလျက် ဆင်ခြင်တော်မူ၏။

"အဘယ်သို့လျှင် ရှေးဘုရားတို့သည် ဆွေတော်, မျိုးတော်တို့၏မြို့၌ ဆွမ်းခံကြွတော်မူလေကုန်သနည်း၊ အစဉ်ကျိတကျူအားဖြင့် အစိုးရသော စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသော မင်း, အမတ်, သူဌေး, သူကြွယ်တို့၏အိမ်သို့သာ ကြွတော်မူကုန်သလော၊ ထိုသို့မဟုတ် အိမ်ကြီး, အိမ်ငယ်မရွေး အိမ်စဉ်အတိုင်း ကြွတော်မူကုန်သလော"ဟု ဆင်ခြင်တော်မူသည်ရှိသော် တစ်ဆူသောဘုရားရှင်မျှလည်း အစဉ်ကျိတကျူအားဖြင့် ကြွတော်မူခြင်းကို မြင်တော်မမူ၍ "ယခုအခါ၌ ငါသည်လည်း ထိုရှေးဘုရားတို့၏ အစဉ်အဆက်ကိုသာလျှင် ချီးမြှောက်အပ်၏၊ နောင်အခါ၌ ငါ၏တပည့်သားတော်တို့သည်

ဆွမ်းခံဝတ်ကို ဖြည့်ကုန်လတ္တံ့."ဟု နှလုံးသွင်းတော်မူ၍ အစွန်း၌နေသော အိမ်မှစ၍ ရပ်တော်မူလျက် အစဉ်အတိုင်း ဆွမ်းခံကြွတော်မူ၏၊ ထိုသို့ ကြွတော်မူသောအခါ၌ "အရှင်သိဒ္ဓတ်မင်းသားလည်း ဆွမ်းခံကြွတော်မူ၏"ဟု ဘုံ ၂-ဆင့်, ဘုံ ၃-ဆင့် အစရှိသည်တို့၌ လေသာတံခါး အစရှိသည်တို့ကို ဖွင့်၍ လူအပေါင်းတို့သည် ကြည့်မျှော်ကြကုန်သည်၊ ရှု၍ မရောင့်ရဲနိုင်ကုန်။

ရာဟုလာမယ်တော် ယသောဓရာသည်လည်း "အရှင်သားသည် ဤမြို့၌သာလျှင် ကြီးစွာသော မင်း၏တန်ခိုးအာနုဘော်ဖြင့် ရွှေထမ်းစင်အစရှိသည်တို့ဖြင့် လှည့်ပတ်သွားလာပြီး၍ ယခုအခါ၌ ဆံ, မုတ်ဆိတ်တို့ကိုပယ်၍ ဖန်ရည်ဆိုးသောသင်္ကန်းကိုဝတ်လျက် ဆွမ်းခံသွားခြင်းသည် သင့်တင့်လေသလော"ဟု ခြသေ့်ခံသော လေသာနန်းတံခါးကို ဖွင့်၍ မျှော်ကြည့်သည်ရှိသော် အထူးထူးသောအဆင်းဖြင့် တောက်ပသော ကိုယ်၏အရောင်ဖြင့် မြို့ခရီးတို့ကို ထွန်းလင်းစေ၍ ၁-လံမျှလောက်သော အရောင်တော်အဝန်းဖြင့် ကောင်းစွာထိအပ်သော, ၈၀-သောလက္ခဏာတော်ငယ်တို့ဖြင့် ထုံအပ်သော, ၃၂-ပါးသော ယောကျ်ားမြတ်၏ လက္ခဏာတို့ဖြင့် တန်ဆာဆင်အပ်သော မြတ်စွာဘုရား၏အသရေတော်ဖြင့် တင့်တယ်ထွန်းတောက်ပသည်ကို မြင်လေ၏၊ ဤသို့ မြင်လေသဖြင့် နဖူးသင်းကျစ်တော်မှစ၍ ခြေဖဝါးတိုင်အောင်-

နရသီဟော၊ ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ သိနိဒ္ဓ-နီလမုဒုကုဉ္စိကကေသော၊ သိမ်မွေ့နူးညံ့စိမ်းစိုသော, သားလိုးမားကဲ့သို့ အဖျားကော့သော ဆံရှိ၏။ သူရိယနိမ္မလတလာဘိနလာဋ္ဌော၊ နေလုလင်ကဲ့သို့ အညစ်အကြေးကင်းသော, ကျယ်သောအပြင်ရှိသော နဖူးတော်လည်း ရှိတော်မူ၏။ ယုတ္တတုင်္ဂမုဒုကာယတနာသော၊ လျောက်ပတ်စွာမြင့်သော, နူးညံ့ရှည်လျားသော နှာခေါင်းတော်ရှိ၏။ ရံသိဇာလဂတ္တော၊ ရောင်ခြည်ကွန်ယက်ဖြင့် ပြည့်ဖြိုးသော ကိုယ်တော်ရှိ၏။

ဤသို့ အစရှိသော ၁၀-ဂါထာတို့ဖြင့် ချီးမွမ်းပြီး၍ "အရှင်မင်းကြီးတို့၏ သားတော်သည် ဆွမ်းခံကြွတော်မူသည်"ဟု သုဒ္ဓေါဒနမင်းကြီးအား ကြားလျှောက်၏၊ သုဒ္ဓေါဒနမင်းကြီးလည်း ထိတ်လန့်သော နှလုံးရှိသည်ဖြစ်၍ လက်ဖြင့်ပုဆိုးကို မလျက် အဆောတလျင် နန်းတော်မှထွက်ခဲ့၍ လျင်စွာသဖြင့် သွား၍ မြတ်စွာဘုရား၏ ရှေ့တော်မှ ရပ်၍ "အဘယ့်ကြောင့် အရှင်ဘုရား အကျွန်ုပ်တို့ကို ရှက်စေဘိသနည်း၊ အဘယ်အလို့ငှာ ဆွမ်းခံသွားဘိသနည်း၊ ဤမျှလောက်သော ရဟန်းတို့အား ဆွမ်းကိုရခြင်းငှာ မတတ်နိုင်ဟူ၍ အမှတ်ကို ပြုဘိ၏တကား"၊ ဤသို့ လျှောက်၏၊ "မြတ်သောမင်းကြီး၊ ဤသို့ ဆွမ်းခံသွားခြင်းသည် ငါတို့အနွယ်၏ အလေ့အကျင့်တည်း"ဟူ၍ မြတ်စွာဘုရား မိန့်တော်မူ၏၊

"အရှင်ဘုရား၊ အကျွန်ုပ်တို့၏အနွယ်သည် မဟာသမ္မတမင်း၏အနွယ် မဟုတ်တုံလော၊ ထိုမဟာသမ္မတမင်းမျိုး၌ တစ်ယောက်သော မင်းသည်မျှ ဆွမ်းခံသွားသော သူမည်သည် မရှိ"ဟု လျှောက်၏၊ "ဤမဟာသမ္မတမင်း၏အနွယ်သည် ခမည်းတော်မင်းကြီး၏ အနွယ်တည်း၊ ငါတို့အားကား ဒီပင်္ကရာ, ကောဏ္ဍည, မင်္ဂလ အစရှိသော နှစ်ကျိပ်ငါးဆူ ကုန်သော ဘုရားရှင်တို့၏အနွယ်တည်း၊ ထိုနှစ်ကျိပ်ငါးဆူကုန်သော ဘုရားတို့သည်ရင်း တစ်ပါးကုန်သော အထောင်မက များစွာကုန်သော ဘုရားတို့သည်ရင်း ဆွမ်းခံ သွားသဖြင့် သာလျှင် အသက်မွေးကုန်၏"ဟု မိန့်တော်မူ၍ ခရီးမ၌ ရပ်တော်မူလျက်-

**ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ၊ ဓမ္မံ သုစရိတံ စရေ။**
**ဓမ္မစာရီ သုခံ သေတိ၊ အသ္မိံ လောကေ ပရမှိ စ။**

**အနက်။**　　။ မဟာရာဇ မြတ်သောမင်းကြီး။ ဥတ္တိဋ္ဌေ၊ ဆွမ်းခံအကျင့်၌။ နပ္ပမဇ္ဇေယျ၊ မမေ့လျော့ရာ။ သုစရိတံ၊ ကောင်းစွာသွားအပ် ကျင့်အပ်သော။ ဓမ္မံ၊ ဆွမ်းခံသွားခြင်း အစရှိသောတရားကို။ စရေ၊ ကျင့်ရာ၏။ ဓမ္မစာရီ၊ ဆွမ်းခံသွားခြင်း အစရှိသော တရားကို ကျင့်သောသူသည်။ အသ္မိံ လောကေ စ၊ ဤလောက၌ရင်း။ ပရမှိ စ၊ တမလွန်လောက၌ရင်း။ သုခံ၊ ချမ်းသာစွာ။ သေတိ၊ အိပ်ရ၏။

ဤတရားတော်ကို ဟောတော်မူ၏၊ ဟောတော်မူသောအဆုံး၌ သုဒ္ဓေါဒနမင်းကြီး သည် သောတာပတ္တိဖိုလ်၌ တည်လေ၏၊ သောတာပတ္တိဖိုလ်၌ တည်ပြီးသော မင်းကြီးသည် မြတ်စွာဘုရားသပိတ်တော်ကို ယူ၍ သံဃာတော်နှင့်တကွ မြတ်စွာဘုရားကို ပြာသာဒ်မသို့ တက်စေ၍ မြတ်သောနေရာ၌ နေစေ၍ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ဆွမ်းလုပ် ကျွေး၏၊ ဆွမ်းလုပ်ကျွေးပြီးသော် ရာဟုလာမယ်တော်ကို ထား၍ ဂေါတမီအစရှိသော မောင်းမအပေါင်းတို့ကို ရှိခိုးစေ၏၊ ရာဟုလာမယ်တော်သည်ကား အလုပ်အကျွေးတို့သည် "အရှင်မ၊ ကြွတော်မူလော့၊ အရှင့်သားကို ရှိခိုးချေလော့"ဟူ၍ ဆိုသော်လည်း "အကယ် ငါ့အား ကျေးဇူးရှိသည်ဖြစ်အံ့၊ ငါ၏အထံသို့ အရှင့်သားသည် ကိုယ်တိုင်ကြွတော်မူလာလတ္တံ့၊ ငါ၏ထံသို့ကြွတော်မူလာမှ အရှင့်သားကို ငါရှိခိုးအံ့"ဟု မသွားဘဲ နေလေ၏၊ မင်းအမျိုးရှိ သောပရိသတ်၌-

ဓမ္မဥ္စရေ သုစရိတံ၊ န နံ ဒုစ္စရိတံ စရေ။
ဓမ္မစာရီ သုခံ သေတိ၊ အသ္မိံ လောကေ ပရမှိ စ။

ဟူသော ဂါထာဖြင့် အနုမောဒနာပြု၏။

**အနက်။** ။ မဟာရာဇ၊ မြတ်သောမင်းကြီး။ သုစရိတံ၊ ကောင်းစွာကျင့်အပ်သော။ ဓမ္မံ၊ တရားကို။ စရေ၊ ကျင့်ရာ၏။ ဒုစ္စရိတံ၊ မကောင်းသောအကျင့်ကို။ န စရေ၊ မကျင့်ရာ။ ဓမ္မစာရီ၊ တရားကို ကျင့်သောသူသည်။ အသ္မိံ လောကေ စ၊ ဤပစ္စုပ္ပန်ဘဝ၌၎င်း။ ပရမှိ စ၊ တမလွန်ဘဝ၌၎င်း။ သုခံ၊ ချမ်းသာစွာ။ သေတိ၊ အိပ်ရ၏။

ဤတရားကို ကြားလျှင် သုဒ္ဓေါဒနမင်းကြီးသည် သကဒါဂါမိဖိုလ်၌ တည်လေ၏၊ မိထွေးတော်ဂေါတမီကား အနာဂါမိဖိုလ်၌ တည်လေ၏။

(ဓမ္မပါလဇာတ်ကို ဟောတော်မူသောအဆုံး၌ သုဒ္ဓေါဒနမင်းကြီးသည် အနာဂါမိဖိုလ်၌ တည်လေ၏၊ သေခါနီးကာလ၌ ထီးဖြူအောက် အသရေရှိသောအိပ်ရာ၌ တည်လျက် ရဟန္တာအဖြစ်သို့ ရောက်လေ၏၊ တောခ်နေ၍ ကမ္မဋ္ဌာန်းစီးဖြန်းရခြင်းကိစ္စမည်သည် မင်းကြီးအား မရှိပြီ၊ ဤကား စကားချပ်။)

✪✪✪✪✪✪✪✪✪✪

## ၁၄၄။ယသောဓရာ တိုက်ခန်းသို့ ဘုရားဝင်တော်မူခြင်း

ဆွမ်းအနုမောဒနာပြုပြီးသော မြတ်စွာဘုရားသည် မင်းကြီးကို သပိတ်တော်ကို ယူစေ၍ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန် ၂-ပါးတို့နှင့်တကွ ယသောဓရာနေရာ တိုက်ခန်းသို့ ကြွ၍ "ရာဟုလာမယ်တော်သည် အလိုရှိသည်အတိုင်း ရှိခိုးပါစေ၊ တစ်စုံတစ်ခုသော စကားကို မဆိုအပ်"ဟု မြတ်တော်မူ၍ ခင်းသောနေရာ၌ နေတော်မူ၏၊ ရာဟုလာမယ်တော်သည် လျင်စွာလာ၍ ခြေဖမျက်တော်၌ကိုင်၍ ခြေဖမိုး၌ ဦးခေါင်းပွတ်၍ အလိုအတိုင်း ရှိခိုး၏၊ မင်းသမီး၏ မြတ်စွာဘုရား၌ များစွာမြတ်နိုးခြင်းအစရှိသော ကျေးဇူးနှင့်ပြည့်စုံသော အဖြစ်ကို ခမည်းတော်မင်းကြီး လျှောက်၏။

"အရှင်ဘုရား၊ အကျွန်ုပ်၏သမီးသည် အရှင်ဘုရားတို့သည် ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်သည်-ဟု ကြားသောအခါမှစ၍ ဖန်ရည်ဆိုးသောအဝတ်ကို ဝတ်၏၊ အရှင်ဘုရားတို့ တစ်ထပ်တည်းသာ စားသည်-ဟု ကြား၍ တစ်ထပ်တည်းသာ စား၏၊ အရှင်ဘုရားတို့သည် မြင့်သောနေရာ, မြတ်သောနေရာကို စွန့်သောအဖြစ်ကိုကြား၍ ကပ်စိပ်ခင်းသော ညောင်စောင်း၌သာ အိပ်၏၊ အရှင်ဘုရားတို့၏ ပန်း, နံ့သာ အစရှိသည်တို့ကို ကြဉ်သောအဖြစ်ကို သိ၍ နံ့သာလိမ်းခြင်း, ပန်းပန်ခြင်းမှကင်းသည်သာ ဖြစ်၏၊ မိမိအဆွေအမျိုးတို့သည် ငါတို့သည် လုပ်ကျွေးကုန်အံ့-ဟူ၍ သတင်းစေပါသော်လည်း တစ်စုံတစ်ယောက်သော အဆွေအမျိုးကိုမျှ ပြန်၍မကြည့်၊ အကျွန်ုပ်၏သမီးသည် ဤသို့သော

ကျေးဇူးနှင့်ပြည့်စုံ၏ အရှင်ဘုရား”ဟူ၍ လျှောက်သော် “မြတ်သောမင်းကြီး၊ ယခုအခါ၌ သင်မင်းကြီးသည် စောင့်အပ်သောမင်းသမီးသည် ပညာရင့်ပြီးသောအခါ၌ မိမိကိုယ်ကို စောင့်ခြင်းကို အံ့ဖွယ်မရှိသေး၊ ရှေးအခါ၌ ထိုမင်းသမီးသည် တောင်ခြေရင်း၌ သူတစ်ပါး အစောင့်မရှိဘဲ ကျင်လည်သည်ဖြစ်၍ ပညာမရင့်သေးဘဲလျက် မိမိကိုယ်ကို စောင့်ဖူးသည် သာလျှင်တည်း”ဟု မိန့်တော်မူ၍ **စန္ဒကိန္နရီဇာတ်**ကို ဟောတော်မူ၍ နေရာမှထ၍ နိဂြောဓာရုံသို့ ပြန်ကြွတော်မူလေ၏။

✪✪✪✪✪✪✪✪✪✪✪

## ၁၄၅။ နန္ဒမင်းသားကို ရဟန်းပြုပေးတော်မူခြင်း

ကဆုန်လပြည့်ကျော်၊ ၂-ရက်နေ့၌ မိထွေးတော်ဂေါတမီ၏သားဖြစ်သော ညီတော် နန္ဒမင်းသားအား-

**-အဘိသိက်သွန်းမင်္ဂလာ, -အိမ်သစ်တက်မင်္ဂလာ,**

**-နှမတော်ဇနပဒကလျာဏီနှင့် ထိမ်းမြားအံ့သောမင်္ဂလာ,**

**-နားထွင်းမင်္ဂလာ, -ထီးဆောင်းမင်္ဂလာ၊**

ဤမင်္ဂလာ ၅-ပါးတို့သည် ဖြစ်လတ္တံ့သည်ရှိသော် နန်းတော်၌ ဆွမ်းဘုဉ်းပေးတော်မူပြီးလျှင် နန္ဒမင်းသား၏အိမ်သို့ ကြွတော်မူ၍ နန္ဒမင်းသားကို သပိတ်တော်ကို ယူစေ၍ ညီတော်ကို ရဟန်းပြုတော်မူလိုသည်ဖြစ်၍ မင်္ဂလာတရားစကားကို မိန့်တော်မူ၍ နေရာမှထ၍ ကျောင်းတော်သို့ ပြန်လေ၏၊ ဇနပဒကလျာဏီသည်လည်း ဦးခေါင်းလျှော်၍ နေစဉ် ဖြစ်ရကား ထက်ဝက်လျှော်ပြီးသော ဆံကို လက်ဖြင့်ရစ်၍ သွားသောမင်းသားကို မြင်သဖြင့် “အရှင့်သား၊ လျင်စွာ လာခဲ့လော့”ဟု မှာလိုက်၍ လည်ကို ဆန့်၍ မျှော်လိုက်၏။

နန္ဒမင်းသားသည်လည်း မြတ်စွာဘုရားကို သပိတ်တော်ကို ယူစိမ့်သောငှာ မလျှောက်ဝံ့သဖြင့် စောင်းတန်းရပ်၌ ယူလတ္တံ့၊ တံခါးပြင်၌ ယူလတ္တံ့၊ မြို့မှထွက်လျှင် ယူလတ္တံ့၊ ကျောင်းတော်သို့မဝင်မီ ယူလတ္တံ့၊ ဤသို့ မှတ်ထင်ကာ, မှတ်ထင်ကာနှင့် ကျောင်းတော်သို့ ရောက်၍ သပိတ်တော်ကို ချ၍ နေသောအခါ ‘ညီတော်ပြန်လေတော့’ ဆိုမည်ထင်မှတ်လျက် နေပါသော် “ညီတော်မင်းနန်၊ ရဟန်းပြုတော့”ဟု မိန့်တော် မူသဖြင့် မြတ်စွာဘုရား၌ အလွန်ခံ့ညားရိုသေသောအဖြစ်ဖြင့် ရဟန်းပြုလိုသောစိတ် မရှိသော်လည်း “ပြုတော်မူပါတော့ အရှင်ဘုရား”ဟု ခွင့်ပေးရလေ၏၊ မြတ်စွာဘုရားလည်း အလိုမရှိဘဲပင်

ညီတော်နန္ဒကို ရဟန်းပြုလေ၏၊ ကပိလဝတ်ပြည်သို့ ရောက်သည့်နေ့မှ ၃-ရက်မြောက် ကဆုန်လပြည့်ကျော်၊ ၂-ရက်နေ့၌ ညီတော်နန္ဒမင်းသား ရဟန်းပြုသည်။

✪✪✪✪✪✪✪✪✪✪

## ၁၄၆။ ရာဟုလာအား သာမဏေ ပြုပေးတော်မူခြင်း

ကပိလဝတ်ပြည်သို့ ရောက်တော်မူ၍ ၇-ရက်မြောက်ဖြစ်သော ကဆုန်လပြည့်ကျော်၊ ၆-ရက် နန်းတော်၌ ဆွမ်းဘုဉ်းပေးတော်မူသောအခါ ရာဟုလာမယ်တော်သည် သားတော်ရာဟုလာကို တန်ဆာဆင်၍ မြတ်စွာဘုရားအထံသို့ စေလိုက်၏၊ "ချစ်သား ရာဟုလာ၊ ၂၀,၀၀၀-သော ရဟန္တာတို့ဖြင့် ခြံရံအပ်သော ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ပြဟ္မာမင်း၏ အရုပ်ကဲ့သို့သော ထိုရဟန်းကြီးကို သင်သည်ရှုလော့၊ ဤ ရဟန်းကြီးသည် သင်၏အဖတည်း၊ ထိုရဟန်းကြီးအား ရွှေအိုးကြီး ၄-လုံးသည် ရှိကုန်၏၊ ထိုရဟန်းကြီး တောထွက်သောအခါမှစ၍ ထိုရွှေအိုးကြီးတို့ကို ငါတို့သည် မမြင်ကုန်ပြီ၊ သင်ချစ်သားသည် သွား၍ အမွေတောင်းချေ၊ 'ငါသည် ဖခင်မင်း၏သားငယ်ဖြစ်၏၊ မင်း၏ အဘိသိက် သွန်းခြင်းသို့ ရောက်သောအခါ၌ စကြဝတေးမင်းသည် ဖြစ်ပါရလတ္တံ့၊ အကျွန်ုပ်အား ဥစ္စာဖြင့် အလိုရှိပါသည်၊ ဥစ္စာကို အကျွန်ုပ်အား ပေးပါလော့၊ သားသည် အဖဥစ္စာ၏ အရှင်တည်း'ဟု ဆို၍ အမွေတောင်းချေ"ဟု စေ၏။

ရာဟုလာသည် မြတ်စွာဘုရားအထံသို့ သွား၍ အနီးသို့ရောက်လျှင် အဖ၌ ချစ်ခြင်းကိုရ၍ နှစ်သက်သောစိတ် ရှိသည်ဖြစ်၍ "ရဟန်းကြီး၊ သင်၏အရိပ်သည် ချမ်းမြေ့၏၊ ရဟန်းကြီး၊ သင်၏အရိပ်သည် ချမ်းမြေ့၏"ဟု ဆို၍ရင်း သူငယ်အားလျော်စွာ တပါး သော များစွာသော စကားကိုဆို၍ရင်း အနီး၌ ရပ်၏၊ မြတ်စွာဘုရားလည်း ဆွမ်းစား ပြီးသော် အနုမောဒနာပြု၍ နေရာမှထ၍ ကြွတော်မူ၏၊ "ရဟန်းကြီး၊ ငါ့အား အမွေပေး လော့"ဟု ဤသို့ အမွေတောင်း၍ မြတ်စွာဘုရားသို့ အစဉ်လိုက်၏၊ မြတ်စွာဘုရားသည် ရာဟုလာကို မပြန်စေ၊ အထိန်းအယ အလုပ်အကျွေးတို့သည်လည်း ဘုရားနှင့် အတူလိုက် သော မင်းသားကို ပြန်စေအံ့သောငှာ မဝံ့ကုန်၊ ဤသို့ ဖြစ်သဖြင့် ရာဟုလာသည် မြတ်စွာ ဘုရားနှင့်အတူတကွ ကျောင်းသို့ လိုက်လေ၏၊ "ရာဟုလာသည် အကြင်အဖ၏ဥစ္စာ ဖြစ်သော အမွေကို အလိုရှိ၏၊ ထိုဥစ္စာသည် ဝဋ်ဆင်းရဲသို့ အစဉ်လိုက်၏၊ ပင်ပန်းခြင်း နှင့်တကွ ဖြစ်၏၊ ယခုအခါ၌ ရာဟုလာအား ငါသည် ဗောဓိမဏ္ဍိုင်၌ ရအပ်သော ၇-ပါး အပြားရှိသော အရိယာတို့၏ဥစ္စာကို ပေးအံ့၊ လောကုတ္တရာအမွေ၏အရှင်ကို ပြုအံ့၊" ဤသို့

ကြွတော်မူ၍ အရှင်သာရိပုတ္တရာကို ခေါ်တော်မူ၍ "ချစ်သား သာရိပုတ္တရာ၊ ရာဟုလာသည် ငါ့ကို အမွေတောင်းသောကြောင့် ရာဟုလာကို ချစ်သား သာရိပုတ္တရာ ရဟန်းပြုဘိ" ဟု မိန့်တော်မူ၏။

ဤသို့ မိန့်တော်မူသောအခါ၌ အရှင်သာရိပုတ္တရာသည် ရာဟုလာအား သပိတ်၊ သင်္ကန်းပေး၍ ဖန်ရည်ဆိုးသော သင်္ကန်းကို ဝတ်စေ၍ သရဏဂုံ ၃-ပါး ဆောက်တည်စေသဖြင့် ရဟန်းပြု၏၊ မြေးတော်ရာဟုလာ ရဟန်းပြုပြီဟု ကြားလျှင် သကဒါဂါမ်တည်ပြီးသော မင်းကြီးအားလည်း အတိုင်းအရှည်ကို လွန်သော နှလုံးမသာ ဆင်းရဲခြင်းဖြစ်သဖြင့် ထိုနှလုံးမသာဆင်းရဲကို သည်းမခံနိုင်သဖြင့် မြတ်စွာဘုရားအား လျှောက်ကြား၍ "အရှင်ဘုရား၊ အရှင်ဘုရားတို့သည် အမိ, အဖတို့ ခွင့်မပြုသောသားကို ရဟန်းမပြုစေကုန်သတည်းဟု ဤဆုကို တောင်းပါ၏"ဟု လျှောက်၏၊ မြတ်စွာဘုရားလည်း ခမည်းတော်မင်းကြီးအား ဆုကို ပေးတော်မူ၏။

တစ်နေ့သ၌ သုဒ္ဓေါဒနမင်းကြီးသည် သာကီဝင်မင်းအပေါင်းကို စည်းဝေးစေ၍ ဤသို့ ဆို၏၊ "အိုသာကီဝင်မင်းအပေါင်းတို့၊ ငါ၏သားတော်သည် အိမ်ရာထောင်သော လူ၏ ဘောင်၌ နေအံ့၊ စကြဝတေးမင်းဖြစ်၍ သာကီဝင်မင်းသားအပေါင်းဖြင့် ခြံရံလျက် စံစားရလတ္တံ့၊ တောထွက်၍ ရဟန်းပြုသော်လည်း ဘုရားဖြစ်သဖြင့် သာကီဝင်မင်းသား ရဟန်းအပေါင်းဖြင့် ခြံရံလျက် သွားလာရလတ္တံ့၊ ဤအကြောင်းကို သင်တို့သည် မသိကုန်၊ ထို့ကြောင့် သင်တို့ သာကီဝင်မင်းအပေါင်းတို့အိမ်မှ တစ်ယောက်စီသော သာကီဝင်မင်းသားကို ငါ၏သားတော် ဘုရား၏အထံ၌ ရဟန်းပြုကြစေကုန်"ဟူ၍ ဆိုသဖြင့် တပြိုင်နက်ထည်း ၁,၀၀၀-သော သာကီဝင်မင်းသားတို့သည် အခြံအရံအလို့ငှာ ရဟန်းပြုကုန်၏။

ကဆုန်လပြည့်ကျော်၊ ၇-ရက်နေ့ နန်းတော်၌ ဆွမ်းဘုဉ်းပေးတော်မူပြီးသောအခါ၌ သုဒ္ဓေါဒနမင်းကြီးသည် ဤသို့လျှောက်၏၊ "အရှင်ဘုရား၊ အရှင်ဘုရားတို့သည် ၆-နှစ်ပတ်လုံး ဒုက္ကရစရိယာကျင့်တော်မူသောအခါ၌ နတ်သားတစ်ယောက်သည် အကျွန်ုပ်သို့ ကပ်လာ၍ "မင်းကြီး၊ မင်းကြီး၏သားတော်သည် ဘုရားဖြစ်ချင်လွန်းသဖြင့် ဒုက္ကရ-စရိယာအကျင့်လွန်၍ သေခဲ့ပြီ"ဟု ကြားလာ၏၊ ထိုစကားကို အကျွန်ုပ်မယုံသောကြောင့် "ငါ၏သားသည် သေ၏-ဆိုသော် ဘုရားအဖြစ်သို့ ရောက်၍သေသလော, မရောက်ဘဲ သေသလော မေး၍ ဘုရားအဖြစ်သို့ မရောက်လေဆိုသဖြင့် ငါ၏သားတော် ဘုရားအဖြစ်သို့ မရောက်ဘဲ သေ၏ဆိုသည်ကို ငါမယုံဟု ဆိုပေသည်" ဟု လျှောက်သည်ရှိသော် "ယခုအခါ ပညာရင့်ပြီးသောအခါ၌ကား ဒါယကာမင်းကြီး အဘယ်သို့ ယူအံ့နည်း၊ ရှေးပညာနုသေးသောအခါ၌သော်လည်း မာရ်နတ်သည် သူတပါးတို့၏အရိုးကို ရုံးစုယူပြီး

လျှင် အရိုးကိုပြ၍ သင်၏သားသည် သေခဲ့ပြီတကား၊ ဤသည့်အရိုး လျှင် သင့်သား၏ အရိုးပင်တည်းဟူ၍ ဆိုသော်လည်း မယုံသည်သာလျှင်တည်း"ဟု မိန့်တော်မူ၍ ဤစကား အကြောင်း၏ ဖြစ်ခြင်း၌ **မဟာဓမ္မပါလဇာတ်တော်ကို** ဟောတော်မူ၏။

ဇာတ်တော်ကို ဟောတော်မူသောအဆုံး၌ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးသည် အနာဂါမိဖိုလ်၌ တည်လေ၏၊ ဤသို့ ကဆုန်လပြည့်ကျော်၊ ၇-ရက်နေ့ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကို အနာဂါမိဖိုလ်၌ တည်စေ၍ ၂၀,၀၀၀-မက များစွာသော ရဟန်း အပေါင်းတို့ဖြင့် ခြံရံလျက် ရာဇဂြိုဟ်ပြည်သို့ ပြန်ကြွတော်မူလေ၏၊ မြတ်စွာဘုရားသည် ကပိလဝတ်ပြည်မှ ထွက်၍ ရာဇဂြိုဟ်ပြည်သို့ ပြန်ကြွတော်မူသောအခါ ခရီးအကြား မလ္လာတိုင်း၌ **အနုပိယနိဂုံးသို့** ရောက်တော်မူလေ၏၊ ထိုအနုပိယနိဂုံး၌ မလ္လာမင်းမျိုးတို့၏ သုံးဆောင်ရာဖြစ်သော အနုပိယသရက်တောသည် ရှိ၏၊ အနုပိယနိဂုံးကို ဆွမ်းအမှီပြု၍ ထိုအနုပိယသရက်တော၌ ၂၀,၀၀၀-မက များစွာသော ရဟန္တာတို့နှင့်တကွ မြတ်စွာဘုရား နေတော်မူ၏။

✪✪✪✪✪✪✪✪✪✪✪

## ၁၄၇။ မင်းသား ၆-ပါး, ဆေတ္တာသည်တို့ ရဟန်းပြုကြခြင်း

ထိုအခါ ကပိလဝတ်ပြည်၌ ဘထွေးတော် သက္ကောဒနသာကီဝင်မင်း၏ သားဖြစ် သော မဟာနာမ်သည် ညီ**အနုရုဒ္ဓါ**ကို ခေါ်၍ ဆို၏၊ "ငါ့ညီ အနုရုဒ္ဓါ၊ ယခုအခါ၌ ထင်ရှားကုန်သော သာကီဝင်မင်းသားတို့သည် သုဒ္ဓေါဒနမင်းကြီး၏သားတော်ဘုရား၏ အခြံအရံအလို့ငှာ မြတ်စွာဘုရားအထံတော်၌ ရဟန်းပြုကြကုန်ပြီ၊ ငါတို့၏အိမ်မှ တစ်စုံတစ်ယောက်သောသူသည် ရဟန်းပြုသောမည်သည် မရှိ၊ ထို့ကြောင့် ညီတော်သည် ရဟန်းပြုပါ၊ အစ်ကို စည်းစိမ်ဥစ္စာကို တည်စေအံ့၊ အစ်ကိုသော်လည်း ရဟန်းပြုပါအံ့၊ ညီတော် စည်းစိမ်ဥစ္စာကို တည်ပါစေ"ဟူ၍ ဆို၏၊ ထိုသို့ ဆိုသောအခါ "နောင်တော်၊ အဘယ်ကဲ့သို့ စည်းစိမ်ဥစ္စာကို တည်ရအံ့နည်း"ဟု အနုရုဒ္ဓါမင်းသားမေးသဖြင့် "ငါ့ညီ၊ မိုးကျလျှင် လယ်ထွန်ရမည်၊ မျိုးကြဲရမည်၊ ကောက်စိုက်ရမည်၊ စပါးစိုက်ရမည်၊ သွင်းရေ တည်ရမည်၊ စပါးသီးမှည့်သောအခါကာလ ရိတ်ရမည်၊ ကောက်လှိုင်းစည်းရမည်၊ ကောက်လှိုင်းဆိုင်ရမည်၊ နယ်ရမည်၊ ကျီသို့စပါးသွင်းရမည်၊ ဤသို့ လုပ်၍ စည်းစိမ်ချမ်းသာ ကို တည်စေရမည်"ဟူ၍ မဟာနာမ်ပြော၏။

စည်းစိမ်ချမ်းသာတည်ခြင်း၏ အကြောင်းစကားကို နောင်တော်မဟာနာမ်ပြော၍ ကြားသောအခါ ဥတု ၃-ပါးနှင့်လျော်စွာ ပြာသာဒ် ၃-ဆောင်တို့၌ တန်ဆာဆင်အပ်သော

ကချေသည်မိန်းမတို့ဖြင့် ခြံရံလျက် နတ်ကဲ့သို့ မရှိဟူသောစကားကိုမျှ မကြားစဖူး၍ ရွှေလင်ပန်း၌သာ ထမင်းဖြစ်သည်ဟူသော အမှတ်ဖြင့် စည်းစိမ်ခံစားသော မင်းသားသည် အိမ်ရာထောင်ခြင်း၌ အလိုမရှိသည် ဖြစ်၏၊ ထိုအနုရုဒ္ဓါမင်းသားသည် ကစားဘက်ဖြစ်သော ဘဂုမင်းသား, ကိမိလမင်းသား, ဘဒ္ဒိယမင်းသားတို့နှင့် တစ်ရံရောအခါ မုန့်ပေါင်းလောင်း တမ်း ကြွေအန်ကစားကြသော် အနုရုဒ္ဓါမင်းသားရှုံး၍ အိမ်ပါမုန့်ကုန်သဖြင့် အမိကို မုန့်တောင်းစေသော် ၁-ကြိမ်, ၂-ကြိမ်, ၃-ကြိမ် ပေးလိုက်၏၊ ၄-ကြိမ်မြောက် တောင်းစေ သောအခါ မုန့်ကုန်ပြီဖြစ်၍ "မရှိပြီ"ဟု မှာလိုက်သည်ရှိသော် မရှိဟူသောစကားကို မကြား ဖူးသောကြောင့် "မရှိမုန့်ကို ပေးလိုက်တော့"ဟု စေပြန်လိုက်သော် အမိသည် "ငါ့သား အနုရုဒ္ဓါသည် မရှိဟူသောစကားကို မသိချေသေး၊ ယခုအခါ၌ သိစေအံ့"ဟု ကြံ၍ ရွှေခွက် ၂-လုံးတို့ကို စင်ကြယ်စွာဆေး၍ ရွှေခွက် ၁-လုံး၌ ၁-လုံးမှောက်၍ ပေးလိုက်၏။

မြို့တံခါးစောင့်နတ်သည် မုန့်မပါရွှေခွက် အချည်းစည်းကိုမြင်၍ "အနုရုဒ္ဓါမင်းသား မုန့်တောင်းသည်၊ မုန့်မပါ ရွှေခွက်ချည်းပြန်သည်ကို သိလျက်နေချေသော် သိကြားမင်းသည် ငါ့အား အပြစ်တင်ရာ၏"ဟု ကြံ၍ နတ်၌ ဖြစ်သောမုန့်ကို ရွှေခွက်၌ အပြည့်အမို့ ထည့်လိုက်ရ ၏၊ ထိုနေ့မှစ၍ မရှိမုန့်ကို တောင်း၏၊ အမိလည်း "ငါ့သားဘုန်းကြောင့် နတ်တို့မုန့်ထည့်လိုက် သည် ဖြစ်မည်" ကြံ၍ ရွှေခွက်ချည်းသာ ပေးလိုက်၏၊ နတ်တို့သာ မုံ့ထည့်လိုက်ရ၏၊ တစ်နေ့သ၌ ဘဂု, ကိမိလ, အနုရုဒ္ဓါမင်းသား ၃-ယောက်တို့ ထမင်းဖြစ်ရာအရပ်ကို မေးဆို ကြရာ ဘဂုမင်းသားသည် ကျီမှစပါးထုတ်သည်ကိုသာ မြင်ဖူးသောကြောင့် "စပါးကျီမှ ထမင်းဖြစ်သည်"ဆို၏၊ ကိမိလမင်းသားလည်း အိုးမှခူးဆဲကိုသာ မြင်ဖူးသောကြောင့် "ထမင်းသည် အိုးမှ ဖြစ်သည်"ဆို၏၊ အနုရုဒ္ဓါမင်းသားကား ရွှေလင်ပန်းဖြင့် ရှေ့တွင် တည်လာသည်ကို မြင်ဖူးသောကြောင့် "ထမင်းသည် ရွှေလင်ပန်းမှဖြစ်သည်"ဟူ၍ ဆို၏။

(အနုရုဒ္ဓါမင်းသားသည် ကြီးမြင့်၍ မင်းသားပျိုဖြစ်၍ ကချေသည်တို့ဖြင့် ခြံရံလျက် စည်းစိမ်ခံစားမှ ဘုရားလောင်း သိဒ္ဓတ်မင်းသား ဖွားတော်မူ၍ အရွယ်ရောက်သော် တောထွက် ၍ ဘုရားဖြစ်သည် ဟူ၏။)

ဤသို့ အိမ်ရာထောင်ခြင်း၌ အလိုမရှိသော အနုရုဒ္ဓါမင်းသားသည် ဘဂု, ကိမိလ, ဘဒ္ဒိယ, အာနန္ဒာ, ဒေဝဒတ် ဤကစားဘက် သာကီဝင်မင်းသား ၅-ယောက်တို့နှင့် တိုင်ပင်၍ ၇-ရက်ပတ်လုံး နတ်ကဲ့သို့ စည်းစိမ်ချမ်းသာကို ခံစား၍ တောဥယျာဉ်ကစားအံ့သောငှာ ထွက်သကဲ့သို့ စစ်အင်္ဂါ ၄-ပါးနှင့်ထွက်၍ တောသို့ရောက်လျှင် အခြွေအရံဗိုလ်ပါမှ ခွာ၍ ထိုမင်းသား ၆-ယောက်တို့သည် မိမိတို့၏ ဆေတ္တာသည်ဥပါလိကို ခေါ်၍ သွားကြလေ သဖြင့် အနုပိယသရက်တော၏အနီးသို့ ရောက်သောအခါ၌ ဆင်ခဲ့သောအဝတ်တန်ဆာ

အဝတ်တို့ကို ချွတ်၍ ကောင်းမွန်စွာ ထုတ်၍ ဥပါလိအား "ဥပါလိ၊ သင်သည် ငါတို့ အဝတ်တန်ဆာကို ယူ၍ အသက်မွေးလေတော့၊ ကပိလဝတ်ပြည်သို့ ပြန်လော့"ဟု ဆိုကုန်၏။

ဥပါလိသည် ထိုအလုံးစုံကိုယူ၍ ပြန်လေသော် များများမရောက်မီ ဤသို့ အကြံဖြစ်၏၊ "သာကီဝင်မင်းမျိုးတို့သည် မာန်ခက်တရော် ရှိကုန်၏၊ ဤအဝတ်တန်ဆာကိုမြင်လျှင် 'သင်သည် မင်းသား ၆-ယောက်ကို တောသို့သတ်ခဲ့၍ အဝတ်တန်ဆာကို ယူ၍လာသည်'ဟု ငါ့အား သတ်ရာ၏၊ အကြောင်းကို ပြန်သော်လည်း မယုံပေရာ" ဤသို့ ကြံ၍ ထို့ကြောင့် ငါအသက်ရှင်အပ်သောအကြောင်းကို ရှာအပ်၏၊ အလုံးစုံသောအထုတ်ကို သစ်ပင်၌ဆွဲ၍ ဤအဝတ်တန်ဆာတို့ကို အလိုရှိသောသူတို့သည် ယူကြလေကုန်'ဟု စာရင်းကမ္ပည်းရေးခဲ့၍ မင်းသား ၆-ယောက်တို့သွားရာ အမှီလိုက်လေ၍ မှီသောအခါ မင်းသားတို့မေးလျှင် အလုံးစုံကိုပြန်၍ မင်းသားတို့လည်း "ကောင်းပြီ"ဟု ဝန်ခံကြ၍ မင်းသား ၆-ယောက်တို့သည် ၇-ယောက်မြောက် ဥပါလိဆေတ္တာသည်နှင့်တကွ အနုပိယ သရက်ဥယျာဉ်၌ မြတ်စွာဘုရားသို့ ကပ်၍ တင့်တယ်လျှောက်ပတ်သော အရပ်မှာ နေ၍ ရိုသေစွာရှိခိုးလျက် ဤသို့ လျှောက်၏။

"အရှင်ဘုရား၊ အကျွန်ုပ်တို့ သာကီဝင်မင်းမျိုးတို့သည် မာန်ဖြင့် ခက်ထန်ကုန်၏၊ အရှင်ဘုရား၊ ဤဥပါလိသည် အကျွန်ုပ်တို့၏ အရှည်လေးမြင့် အလုပ်အကျွေး တည်း၊ ဥပါလိကို ရှေးဦးစွာ ရဟန်းပြုတော်မူပါ၊ ရဟန်းဖြစ်ပြီးသော ဥပါလိအား အကျွန်ုပ်တို့ သည် ရှိခိုးခြင်းကို ပြုပါအံ့၊ ဤသို့ ရှိခိုးခြင်းကို ပြုသည်ရှိသော် အကျွန်ုပ်တို့အား သာကီဝင်မင်း မျိုး၏ မာန်သည်မရှိသည် ဖြစ်ပါလတ္တံ့"ဟု လျှောက်၏၊ ထိုအခါ၌ မြတ်စွာဘုရားသည် ဥပါလိကို ရှေးဦးစွာရဟန်းပြုတော်မူ၍ နောက်၌ သာကီဝင်မင်းသား ၆-ယောက်တို့ကို ရဟန်းပြုတော်မူ၏၊ ဤသို့လျှင် မြတ်စွာဘုရားသည် ဥပါလိနှင့်တကွ ၇-ယောက်မြောက် မင်းသား ၆-ယောက်တို့ကို အနုပိယနိဂုံး၏အနီး အနုပိယသရက်ဥယျာဉ်၌ ရဟန်းပြုတော်မူ ပြီးသော် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူ၍ ဝေဠုဝန်ကျောင်းတော်၌ ဒုတိယဝါဆိုတော်မူ၏။

(ဤမျှသော စကားအစဉ်သည်ကား ဗာရာဏသီပြည်၊ မိဂဒါဝုန်၌ ဝါကျွတ်တော် မူပြီးလျှင် ဥရုဝေလသို့ ကြွချီတော်မူ၍ ထိုမှသည် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူ၍ ထိုမှသည် ကပိလဝတ်သို့ ကြွတော်မူ၍ ကပိလဝတ်မှ တဖန် ပြန်ကြွတော်မူ၍ ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်၌ ဝါဆိုသည်တိုင်အောင် ဆိုသောစကားအစဉ်တည်း။)

○○○○○○○○○○○

## ၁၄၈။ ရှင်ရာဟုလာ ရဟန္တာဖြစ်ခြင်း

ဤဒုတိယဝါတွင်း၌ ဘဒ္ဒိယမထေရ် ရဟန္တာဖြစ်၏၊

အရှင်အနုရုဒ္ဓါကား ဒိဗ္ဗစက္ခု အဘိညာဉ်ကို ဖြစ်စေ၏၊

အရှင်ဒေဝဒတ်ကား လောကီသမာပတ် ၈-ပါးကို ဖြစ်စေ၏၊

အရှင်အာနန္ဒာကား သောတာပတ္တိဖိုလ်၌ တည်၏၊

အရှင်ဘဂု, အရှင်ကိမိလတို့ကား နောက်မှ ရဟန္တာဖြစ်၏၊

ဒုတိယဝါကျွတ်သောအခါ **အရှင်အနုရုဒ္ဓါ**သည် အရှင်သာရိပုတ္တရာ အထံ၌ ကမ္မဋ္ဌာန်းကို ယူ၍ စေတိယတိုင်း၏ အရှေ့ဝါးတောဝယ် ရဟန်းတရားကို ပြုရာ၌ မဟာပုရိသ ဝိတက် ၈-ပါးကို ကြံရာတွင် ၇-ခုတိုင်အောင်ကြံပြီး၍ ၈-ခုမြောက် မဟာပုရိသ-ဝိတက်၌ ပင်ပန်း၏၊ ထိုအကြောင်းကို မြတ်စွာဘုရားသိတော်မူ၍ "အနုရုဒ္ဓါသည် မဟာပုရိသဝိတက် ၈-ပါးကို ကြံရာတွင် ၈-ခုမြောက်၌ ပန်ပန်းသည်၊ ငါ အနုရုဒ္ဓါအား ၈-ခုမြောက်မဟာပုရိသဝိတက်ကို ပြည့်စုံစေအံ့"ဟု **ပါစီနဝံသ**သို့ ရာဇဂြိုဟ်ပြည်မှ ကောင်းကင်ခရီးဖြင့် ကြွတော်မူ၍ ခင်းအပ်သော ဘုရားနေရာ၌ နေတော်မူလျက် **အဋ္ဌမဟာပုရိသဝိတက်**ကို ဟောတော်မူ၍ **အရိယဝံသ** ၄-ပါးကို ဟောတော်မူပြန်ခဲ့၍ နေရာမှထပြီးလျှင် **ဘေသကလာတော**သို့ ကြွတော်မူလေ၏၊ မြတ်စွာဘုရား ကြွတော်မူသော နောက် အရှင်အနုရုဒ္ဓါ **ရဟန္တာ** အဖြစ်သို့ ရောက်၏။

ရာဇဂြိုဟ်ပြည်၌ ဒုတိယဝါဆိုတော်မူသောအခါ၌ မြတ်စွာဘုရားသည် ၇-နှစ်သာ ရှိသော သားတော်ရာဟုလာကို ရဟန်းပြုသဖြင့် "ရာဟုလာသည် သူငယ်၏အဖြစ်ဖြင့် ကစား မြူးထူးခြင်းငှာ ချွတ်လွဲသောစကားသည်မျှ မဖြစ်စေသတည်း"ဟု မပြတ် အဆုံးအမ ပေးတော်မူသဖြင့် **အမ္ဗလဋ္ဌိယရာဟုလောဝါဒ**သုတ်ကို ဟောတော်မူ၏၊

ရာဟုလာသည် နံနက် အခါ၌ စောစောထ၍ လက်ဖြင့်သဲကို ဆုပ်ချီ၍ "ယနေ့ မြတ်စွာဘုရားအထံမှရင်း ဆရာ ဥပဇ္ဈာယ်တို့၏အထံမှရင်း 'ဤငါ၏လက်၌ သဲနှင့်မျှသော အဆုံးအမကို ရလို၏'ဟူသော ဆုကို တောင်း၏"ဟု ရဟန်းတို့သည် "ရာဟုလာ သာမဏေ သည် အဆုံးအမ၌ ခံ၍ ခမည်းတော်နှင့်လျောက်ပတ်သော သားတည်း"ဟု ချီးမွမ်းကုန်၏၊ မြတ်စွာဘုရားသည် ရဟန်းတို့စိတ်ကို သိ၍ "ရဟန်းတို့အထံသို့ ငါသွားရသော်

ရာဟုလာ၏ကျေးဇူးသည် ထင်ရှား စွာဖြစ်လတ္တံ့.'' ဟု ကြွတော်မူ၍ ခင်းအပ်သောဘုရားနေရာ၌ နေတော်မူလျက် "ကာယာနုတ္တ ဘိက္ခဝေ" စသည်ဖြင့် "ယခုငါလာတော်မူသောအခါ အဘယ်စကားကို ချစ်သားတို့ ပြောဆိုကြသနည်း" ဟု မေးတော်မူ၍ "အရှင်ဘုရား၊ သားတော်ရာဟုလာသည် သာမဏေ၏အဆုံးအမ၌ ခံ့သောအဖြစ်ကို ချီးမွမ်းပြောဆိုကြပါသည်"ဟု လျှောက်ရာတွင် မြတ်စွာဘုရားသည် "ရာဟုလာသည် ယခုသာအဆုံးအမ၌ ခံ့သည်မဟုတ်၊ ရှေး၌လည်း ခံ့ဖူးလေပြီ"ဟု ရာဟုလာ၏ဂုဏ်ကို ထင်ရှားစေခြင်းငှာ မိဂဇာတ်ကို ဟောတော်မူ၏။

ထို့နောက်ကာလ ရာဟုလာ ၁၈-နှစ်မြောက်လတ်သော် မြတ်စွာဘုရားနောက်တော်မှလိုက်၍ ဆွမ်းခံဝင်သောအခါ မြတ်စွာဘုရား၏ အဆင်းတော်ကိုင်၍, မိမိ၏အဆင်းကိုင်၍ မြင်သဖြင့် ခန္ဓာ ၅-ပါးကို မှီသော အကြံကိုကြံသော ရာဟုလာအား ဆုံးမလိုသဖြင့် "ယံကိဉ္စိ ရာဟုလ ရူပံ" အစရှိသောနည်းဖြင့် မဟာရာဟုလောဝါဒသုတ်ကို ဟောတော်မူ၏၊ ရာဟုလာ ပဉ္စင်းရဟန်းဖြစ်၍ တစ်ဝါမျှမရသေးသောအခါ၌ ရာဟုလာ၏ ဉာဏ်ရင့်သောအဖြစ်ကို သိတော်မူ၍ ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ နေ့နေခြင်းငှာ ယင်းတိုက်တောသို့ ရာဟုလာနှင့်တကွ ကပ်၍ စူးထိုးယင်းတိုက်တော၌ ရာဟုလာအား စူဠရာဟုလောဝါဒသုတ်ကို ဟောတော်မူ၏၊ ဒေသနာတော်၏အဆုံး၌ အရှင်ရာဟုလာသည် ကုဋေတစ်သိန်းသော နတ်တို့နှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်လေ၏၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်တည်သောနတ်တို့၏အရေအတွက်မည်သည်ကား မရေတွက်နိုင်သလျှင်ကတည်း။

✪✪✪✪✪✪✪✪✪✪✪

## ၁၄၉။ သုမနပန်းသည် ပန်းလှူဒါန်းပုံ

မြတ်စွာဘုရားသည် ရာဇဂြိုလ်ပြည်၌ သီတင်းသုံးနေတော်မူသောအခါ သုမနမည်သော ပန်းသည်သည် နေ့တိုင်း နံနက်စောစော ၈-ပြည်သော မြတ်လေးပန်းပွင့်တို့ကို လက်ဆောင်ပြု၍ ဗိမ္ဗိသာရမင်းကြီးအား ခစားသဖြင့် နေ့တိုင်း ၈-သပြာစီရ၏၊ တစ်နေ့သ၌ ၈-ပြည်သော ပန်းတို့ကိုယူ၍ မြို့သို့ဝင်ကာမျှ၌ မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာတို့ဖြင့် ခြံရံလျက် ၆-သွယ်သော ရောင်ခြည်တော်တို့ကို လွှတ်၍ ကြီးမြတ်စွာသော ဘုရား၏အာနုဘော်ဖြင့် မြို့တွင်းသို့ ဆွမ်းအလို့ငှာ ဝင်တော်မူ၏၊ တစ်ရံတစ်ခါ

မြတ်စွာဘုရားသည် ၆-သွယ်သော**ရောင်ခြည်တော်**တို့ကို သက်န်းဖြင့် ဖုံးလွှမ်း၍ အမှတ်မဲ့သော ဆွမ်းခံရဟန်းကဲ့သို့ ကြွတော်မူ၏၊ ၁-ယူဇနာတိုင်အောင် အင်္ဂလိမာလကို ခရီးဦးကြိုဆို၍ သွားသကဲ့သို့တည်း၊ တစ်ရံတစ်ခါ ၆-သွယ်သော ရောင်ခြည်တော်တို့ကို လွှတ်၍ ကပိလဝတ်ပြည်သို့ ဆွမ်းခံဝင်သကဲ့သို့ ကြွတော်မူ၏၊ ထိုနေ့၌ မြတ်စွာဘုရားသည် ကိုယ်တော်မှ ရောင်ခြည်တော် ၆-သွယ်တို့ကို လွှတ်တော်မူလျက် ကြီးမြတ်စွာသော ဘုရား၏အာနုဘော်ဖြင့် ကြီးမြတ်စွာသော ဘုရား၏တင့်တယ်ခြင်းဖြင့် ရာဇဂြိုဟ်ပြည်သို့ ဝင်တော်မူ၏။

သုမနပန်းသည်သည် ရတနာတိုင်ဖူး, ရွှေတိုင်ဖူးကဲ့သို့ မြတ်စွာဘုရား၏ ကိုယ်တော်ကို မြင်၍ ဤ၃၂-ပါးသော ယောကျ်ားမြတ်တို့၏လက္ခဏာတော်ကြီး, ၈၀-သော လက္ခဏာတော်ငယ်တို့၏ တင့်တယ်ခြင်းကို ကြည့်၍ "ငါသည် မြတ်စွာဘုရားအား အဘယ်ကောင်းမှုကို ပြုရပါအံ့နည်း"ဟု ကြံသော် တစ်ပါးကို မမြင်၍ "ဤပန်းတို့ဖြင့် ပူဇော်အံ့"ဟူ၍ ကြံပြီးမှ တဖန်ကြံပြန်၏၊ "ဤပန်းတို့ကို မင်းကြီးအားအမြဲဆက်အပ်ကုန်၏၊ ဤပန်းတို့ကို မင်းသည်မရသည်ဖြစ်၍ ငါ့ကိုနှောင်လည်း ဖွဲ့ရာ၏၊ သတ်သော်လည်း သတ်ရာ၏၊ တိုင်းမှသော်လည်း နှင်ထုတ်ရာ၏၊ အဘယ်သို့ပြုရပါအံ့နည်း" ဟု ကြံပြီးသော် "မင်းသည် ငါ့အားသတ်သော်လည်း သတ်စေ၊ နှောင်ဖွဲ့သည်မူလည်း ဖွဲ့စေ၊ တိုင်းမှမူလည်း နှင်ထုတ်စေ၊ ထိုမင်းသည် ငါ့အား အသပြာပေးသည်ရှိသော် ဤကိုယ်၏ အဖြစ်၌ အသက်မွေးလောက်ရုံမျှသာ ပေးရာ၏၊ မြတ်စွာဘုရားအား ပူဇော်ရသော အကျိုးသည်ကား အကုဋေမက များစွာကုန်သော ကမ္ဘာတို့၌ အစီးအပွားဖြစ်ခြင်းငှာ ချမ်းသာခြင်းငှာ ထိုက်၏"ဟု ကြံ၍ မြတ်စွာဘုရားအား မိမိ **အသက်ကို** စွန့်၍ ထိုသုမနပန်းသည်သည် "ငါ၏စိတ်သည် တွန့်တိုခြင်းမဖြစ်မီ ပူဇော်အံ့"ဟု နှစ်လိုဝမ်းမြောက်စွာ မြတ်စွာဘုရားကို ပူဇော်၏။

အဘယ်သို့ ပူဇော်သနည်းဟူမူကား ရှေးဦးစွာ ၂-ဆုပ်သောပန်းတို့ကို မြတ်စွာဘုရားသို့ ရှေးရှု ကောင်းကင်သို့ မြှောက်လိုက်၏၊ ထိုပန်း၂-ဆုပ်တို့သည် မြတ်စွာဘုရားဦးခေါင်းတော်၏ အထက်၌ ဗိတာန်ဖြစ်၍တည်ကုန်၏၊ တဖန် ၂-ဆုပ်သောပန်းတို့ကို မြှောက်ပြန်၏၊ ထိုပန်းတို့သည် လက်ျာနံပါးဖြင့် တင်းတိမ်ရံသကဲ့သို့ ရံ၍တည်ကုန်၏၊ တဖန် ၂-ဆုပ်သောပန်းတို့ကို မြှောက်ပြန်၏၊ ထိုပန်းတို့သည် နောက်အဖို့ဖြင့် ရံ၍ ထို့အတူ တည်ကုန်၏၊ တဖန် ၂-ဆုပ်သောပန်းတို့ကို ပူဇော်ပြန်၏၊ ထိုပန်းတို့သည်လည်း လက်ဝဲနံပါးဖြင့်ရံ၍ တင်းတိမ်ရံသကဲ့သို့ကျ၍ တည်ကုန်၏၊ ဤလေးကြိမ်ပူဇော်သဖြင့် ၈-ပြည်**သောပန်း**တို့သည် ၈-ဆုပ်သောပန်းဖြစ်၍ မြတ်စွာဘုရားကို ၄-ပါးသောအရပ်တို့၌

ခြံရံ၍တည်ကုန်၏၊ ရှေ့တော်မှသွားရာ တံခါးမျှသည် ဖြစ်၏၊ ပန်းပွင့်တို့၏အညှာတို့သည် အတွင်း၌ဖြစ်ကုန်၏၊ ပွင့်ချပ်တို့သည် အပသို့ မျက်နှာပြုကုန်သည်ဖြစ်၍ မြတ်စွာဘုရားကို ငွေပြားဖြင့် ခြံရံသကဲ့သို့ ဖြစ်၍သွားလေ၏၊ ပန်းပွင့်တို့သည် စိတ်မရှိကုန်သော်လည်း စိတ်ရှိသောမြတ်ဘုရား၏ ဘုန်းတော်ကိုမှီ၍ မကွဲမပြားဘဲ အောက်သို့မကျမူ၍ မြတ်စွာဘုရားနှင့်တကွသာလျှင်သွား၏၊ ဆွမ်းရပ်တော်မူရာ၌ ပန်းတို့သည် ရပ်ကုန်၏။

မြတ်စွာဘုရား၏ကိုယ်တော်မှ အရာ, အထောင်သော လျှပ်စစ်နွယ်ကဲ့သို့ ခြောက်သွယ်သော ရောင်ခြည်တော်တို့သည် ထွက်ကုန်၏၊ ရှေ့မှဝင်း နောက်မှဝင်း လက်ဝဲမှဝင်း လက်ျာမှဝင်း ထိပ်တော်မှဝင်း ထွက်ကုန်သော ရောင်ခြည်တော်တို့သည် ရှေးရှု, ရှေးရှုရာ အရပ်ဖြင့် အောက်သို့သက်၍ မပြေးကုန်မူ၍ ခပ်သိမ်းသော ရောင်ခြည်တော်တို့သည် မြတ်စွာဘုရားကို ၃-ကြိမ်လက်ျာရစ်လှည့်သည်ကိုပြု၍ ထန်းပင်ပျို ပင်စည်လုံးပတ်ပမာဏ ရှိသည်ဖြစ်၍ ရှေ့တော်မှသာလျှင် ပြေးကုန်၏၊ အလုံးစုံမြို့တွင်း, မြို့ပြင် ချောက်ချား၏၊ မြို့တွင်းအိမ်ခြေ ကိုးကုဋေ, မြို့ပြင်အိမ်ခြေ ကိုးကုဋေအားဖြင့် ၁၈-ကုဋေသော အိမ်တို့၌ တစ်ယောက်သော ယောကျ်ားသည်ဝင်း, မိန်းမသည်ဝင်း ဆွမ်းကို ယူ၍ မထွက်သောသူမည်သည်မရှိ၊ လူများအပေါင်းတို့သည် ခြင်္သေ့၏အသံကဲ့သို့ ပွဲတင်ထပ်သော အသံကို ပြုလျက် ဦးရစ်ပုဆိုးမြှောက်ခြင်း ၁,၀၀၀-မကသည်တို့ကို ပြုကုန်လျက် မြတ်စွာဘုရားရှေ့တော်မှသွား၏၊ မြတ်စွာဘုရားသည် သုမနပန်းသည်၏ ကျေးဇူးဂုဏ်ကို ထင်ရှားစွာပြုခြင်းငှာ ၃-ဂါဝုတ်ရှိသောမြို့၌ စည်လည်သောခရီးဖြင့် ကြွတော်မူ၏။

သုမနပန်းသည်၏ ကိုယ်အလုံးသည် ၅-ပါးအတိုင်းအရှည်ရှိသော ပီတိဖြင့်ပြည့်၏၊ ထိုပန်းသည်သည် အတန်ငယ်သောခရီးကိုသာလျှင် မြတ်စွာဘုရားနှင့်တကွသွား၍ ဆေးဒန်းမြင်းသီလာအပြင်၌ ငုပ်သကဲ့သို့ မြတ်စွာဘုရား၏ရောင်ခြည်တော်အတွင်းသို့ ဝင်၍ မြတ်စွာဘုရားကို ချီးမွမ်း၍ ရှိခိုး၍ အချည်းစည်းသောပန်းတောင်းကိုယူ၍ အိမ်သို့ သွားသော် ပန်းသည်မသည် "ပန်းပွင့်တို့သည် အဘယ်မှာရှိလေသနည်း" ဟု မေးသဖြင့် "မြတ်စွာဘုရားကို ငါပူဇော်ပြီ" ဟူ၍ ဆိုသည်ရှိသော် "ယခုအခါ၌ မင်းကြီးအား အဘယ်ကဲ့သို့ပြုလတ္တံ့နည်း"ဟု ဆိုသဖြင့် မင်းကြီးသည် ငါ့ကို သတ်လိုလည်း သတ်ပစေ၊ တိုင်းမှလည်း နှင်ထုတ်စေ၊ ငါသည် အသက်ကိုစွန့်၍ မြတ်စွာဘုရားကို ပူဇော်ပြီ၊ ၈-ပြည်သော ပန်းတို့သည် ၈-ဆုပ်တို့သည်သာဖြစ်ကုန်၏၊ ထိပ်တော်၏အထက်၌ဝင်း ရှေ့, နောက်, လက်ဝဲ, လက်ျာနံပါးတို့၌ဝင်း တင်းတိမ်ရံသော အခြင်းအရာဖြင့် ပူဇော်ပြီ၊ လူများအပေါင်းသည် ကြွေးကြော်ခြင်း အကြောင်းတို့ကို ပြုကုန်လျက် မြတ်စွာဘုရားနှင့်အတူ လိုက်ကုန်၏။

ဤယခု ကြွေးကြော်သံသည်ကား ထိုမြတ်စွာဘုရားကြွတော်မူရာလိုက်၍ လူအများ ကောင်းချီးပေးသဖြင့် ကြွေးကြော်သံပင်တည်းဟု မယားပန်းသည်မကို ပြော၏၊ ထိုအခါ၌ ထိုပန်းသည်၏ မယားသည် မိုက်သောကြောင့် ဤသို့ သဘောရှိသော အံ့ဖွယ်သရဲ၌ ကြည်ညိုခြင်းတို့ကိုမျှလည်း မဖြစ်စေမူ၍ လင်-ပန်းသည်ကို ဆဲရေးဆိုမြည်၍ "မင်းတို့မည်သည် အလွန်ကြမ်းတမ်းကုန်၏၊ တစ်ကြိမ်အမျက်ထွက်သဖြင့် လက်, ခြေတို့ကိုဖြတ်ခြင်း စသော များစွာသောအပြစ်တို့ကို ပြုတတ်ကုန်၏၊ ခိုးသူ၏အမှု၌ ငါ့အားလည်း အကျိုးမဲ့သည်ဖြစ်ရာ၏"ဟု ကြောက်မှား၍ သားငယ်တစ်ယောက်ကိုယူ၍ မင်းအိမ်သို့သွား၍ မင်းကြီးအား ကြားအောင် **အရှင်မင်းကြီး**-ဟု ပြင်းစွာဟစ်၏။

"ဤသို့ ဟစ်ခြင်းသည် အဘယ်နည်း"ဟု မင်းကြီးမေးသည်ရှိသော် "အရှင်မင်းကြီး၊ ဤအကျွန်ုပ်၏လင်သည် အရှင်မင်းကြီးအား ဆက်ရန်ပန်းတို့ဖြင့် မြတ်စွာဘုရား ကို ပူဇော်၍ ပန်းတောင်းချည်းသာ အိမ်သို့ပြန်လာသောကြောင့် ပန်းပွင့်တို့သည် အဘယ်၌ ရှိလေသနည်းဟု အကျွန်ုပ်မေးသော် ဘုရားကို ပူဇော်ပြီဟူသော စကားကို ဆိုသောကြောင့် ထိုလင်ကို အကျွန်ုပ်ဆဲရေးဆိုမြည်၍ မင်းတို့မည်သည် ကြမ်းတမ်းရက်ရောကုန်သည်၊ တစ်ကြိမ် အမျက်ထွက်သဖြင့် များစွာသော အကျိုးမဲ့ကို ပြုတတ်ကုန်၏၊ သင်ပြုသော အမှုကြောင့် ငါ့အား အကျိုးမဲ့ဖြစ်ရာ၏ဟု ဆို၍ ဤနန်းတော်သို့ လာပါသည်အရှင်မင်းကြီး၊ ထိုယောကျ်ားပြုသောအမှုသည် ကောင်းသောပြုခြင်းဖြစ်စေ, မကောင်းသောပြုခြင်းဖြစ်စေ ထိုလင်အား အကျွန်ုပ်သည် **ကွာစွန့်ပစ်သောအဖြစ်**ကို အရှင်မင်းကြီးသိတော်မူပါ"ဟု ဆို၏။

ထိုအခါ၌ ရှေးဦးစွာမြင်ခြင်းဖြင့် သောတာပန်ဖြစ်သော သဒ္ဓါနှင့်ပြည့်စုံသော အရိယာတပည့်ဖြစ်သောမင်းကြီးသည် "ဤပန်းသည်မသည် အလွန်မိုက်စွ၊ ဤသို့သော ကျေးဇူးတော်ဖြင့်လည်း ကြည်ညိုခြင်းကိုမျှ မဖြစ်စေ"ဟု ကြံ၍ အမျက်ထွက်ယောင်ပြု၍ "အမိ၊ အဘယ်သို့ဆိုသည်၊ ငါ့အားဆက်ရန်ပန်းတို့ဖြင့် ထိုသင်၏လင်သည် ပူဇော်ခြင်းကို ပြုသလော"ဟု မေး၏၊ "သြော် အရှင်မင်းကြီး၊ ပူဇော်ခြင်းကိုပြုသည်၊ ထို့ကြောင့် ယခု ထိုလင်ကို အရှင်မင်းကြီးအထံ၌ ကွာပါတော့မည်" ဟု လျှောက်သဖြင့် "ထိုသင်၏လင်သည် ငါ၏ပန်းကို ပူဇော်သောကြောင့် ငါသည်ပြုအပ်သော အမှုနှင့်ယှဉ်သည်သိလတ္တံ့၊ သင်သွားလေတော့"ဟု လွှတ်လိုက်၍ လျင်စွာသဖြင့် မြတ်စွာဘုရားရှိရာသွား၍ မြတ်စွာဘုရားကို ရှိခိုး၍ ဘုရားနှင့်တကွသွားလေ၏၊ မြတ်စွာဘုရားသည် ထိုဗိမ္ဗိသာရမင်း၏စိတ်ကို သိတော်မူ၍ စည်လည်သောခရီးဖြင့် မြို့ကိုလည်ပြီး၍ မင်း၏နန်းတော်တံခါးသို့ ကြွလေ၏၊ မင်းကြီးသည် သပိတ်တော်ကိုယူ၍ မြတ်စွာဘုရားကို အိမ်တွင်းသို့ ဝင်စေလို၏၊ မြတ်စွာဘုရာလည်း မင်းရင်ပြင်၌ ထိုင်နေအံ့သော အခြင်းအရာကိုပြု၏၊ မင်းကြီးသည် ထိုအကြောင်းကိုသိ၍

တစ်ခဏခြင်းသာလျှင် လျှင်စွာမင်းရင်ပြင်၌ မဏ္ဍာပ် ပြုစေ၏၊ မြတ်စွာဘုရားလည်း သံဃာတော်နှင့်တကွ နေတော်မူ၏။

အဘယ့်ကြောင့် မြတ်စွာဘုရားသည် မင်း၏အိမ်တော်တွင်းသို့ မဝင်သနည်းဟူတုံအံ့၊ "အကယ်၍ ငါသည် အိမ်တွင်းသို့ဝင်၍ နေအံ့၊ လူများအပေါင်းသည် ငါ့ကို မမြင်ကုန်ရာ၊ ပန်းသည်၏ ဂုဏ်သည်လည်း ထင်ရှားမဖြစ်ရာ၊ မင်းရင်ပြင်၌နေသော် ငါ့ကိုလူများသည် မြင်ရရာ၏၊ ပန်းသည်၏ဂုဏ်သည်လည်း ထင်ရှားသည်ဖြစ်ရာ၏၊ ကျေးဇူးရှိသောသူတို့၏ ကျေးဇူးကိုလည်း ဘုရားတို့သည်သာလျှင် ထင်ရှားဖြစ်ခြင်းငှာ တတ်နိုင်ကုန်၏"ဟု ကြံတော်မူ၍ နန်းရင်ပြင်၌ နေတော်မူသတည်း၊ ဘုရားမှကြွင်းသော သူတို့သည်ကား ကျေးဇူးရှိသောသူတို့၏ကျေးဇူးကို ဆိုသည်ရှိသော် ဝန်တို၏၊ ကျေးဇူးကို ဆိုသောသူတို့ကို စင်လျက်လည်း စဉ်းလဲသောအသံကို ပေးတတ်ကုန်၏၊ လူများအပေါင်းသည် မြတ်စွာဘုရားကို ခြံရံ၏၊ မင်းကြီးသည် ဘုရားအမှူးရှိသော သံဃာကို မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် လုပ်ကျွေး၏၊ မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးပြီးသောအခါ၌ အနုမောဒနာ ပြု၍ ရှေးနှင့်တူသည်သာလျှင်ဖြစ်ကုန်သော ၄-ပါးကုန်သော ပန်းပြားတို့ဖြင့် ခြံရံလျက် ခြင်္သေ့မင်း၏အသံကဲ့သို့ ပဲ့တင်ထပ်သောအသံဖြင့် လူများအပေါင်းခြံရံလျက် ကျောင်းသို့ ကြွတော်မူလေ၏။

ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရားသို့ လိုက်၍ ပြန်သောအခါ ပန်းသည်ကို ခေါ်၍ "သင်သည် ငါ့အားဆောင်ခဲ့အပ်သော ၈-ပြည်သောပန်းတို့ဖြင့် အဘယ်ပြု၍ ပူဇော်ခြင်းကို ပြုသနည်း" ဟု မေး၏၊ "အရှင်မင်းကြီးသည် သတ်သော်လည်း သတ်စေ၊ တိုင်းမှသော်လည်း နှင်ထုတ်စေဟု အသက်ကိုစွန့်၍ အကျွန်ုပ်သည် ပူဇော်ပေ၏"ဟု ပန်းသည် သုမနလျှောက်၏၊ မင်းကြီးသည် "သင်ပန်းသည် သည် မြတ်သောယောကျ်ားတည်း"ဟု ဆို၍ ဆင်၈-စီး, မြင်း၈-စီး, ကျွန်၈-ယောက်တို့ကိုငင်း၊ မြတ်သောသူတို့ ဝတ်ဆင်ရာ တန်ဆာတို့ကိုငင်း အသပြာရှစ်ထောင်တို့ကိုငင်း မင်းအိမ်မှထုတ်၍ ခပ်သိမ်းသောတန်ဆာတို့ဖြင့် တန်ဆာဆင်ကုန်သော ၈-ယောက်သော မိန်းမတို့ကိုငင်း ရွာ ၈-ရွာတို့ကိုငင်း ဤသို့လျှင် သဗ္ဗဋ္ဌကမည်သော ပေးခြင်းကိုပေး၏၊ အရှင်အာနန္ဒာသည် ကြံ၏၊ "ယနေ့ နံနက်အခါမှစ၍ အထောင်သော သီဟနာဒတို့သည်ငင်း, အထောင်သော ဦးရစ်ပုဆိုးမြှောက်ခြင်းတို့သည်ငင်း ဖြစ်၏၊ ပန်းသည်အား အဘယ်ကောင်းမှု၏အကျိုးနည်း" ဟူ၍ မြတ်စွာဘုရားကို မေး၏။

ထိုရောအခါ အရှင်အာနန္ဒာကို မြတ်စွာဘုရား မိန့်တော်မူ၏၊ အာနန္ဒာ၊ ဤပန်းသည်သည် အနည်းငယ်သော ကောင်းမှုကိုပြုသည်ဟူ၍ မကြံအပ်၊ ဤသုမနပန်း

သည်သည် ငါ့အားအသက်ကိုစွန့်၍ ပူဇော်ခြင်းကို ပြုသည်၊ ဤပန်းသည်သည် ငါ၌ ကြည်ညိုခြင်းကို ဖြစ်စေ၍ ကမ္ဘာတစ်သိန်းပတ်လုံး အပါယ်လေးပါးမသွားမူ၍ လူ့ပြည်, နတ်ပြည်တို့၌ ဤ ကောင်းမှု၏အကျိုးကိုခံစား၍ နောင်သောအခါ၌ သုမန အမည်ရှိသော **ပစ္စေကဗုဒ္ဓါ** ဘုရား ဖြစ်လတ္တံ့." ဟူ၍ မိန့်တော်မူ၏၊ မြတ်စွာဘုရားကျောင်းတော်သို့ရောက်၍ ဂန္ဓကုဋိသို့ ဝင်သောအခါ၌ ထိုပန်းသည်သည် တံခါးမုခ်အဝင်၌ ကျန်ရစ်လေ၏၊ ညချမ်းသောအခါ ရဟန်းတို့သည် တရားသဘင်၌ "အရှင်တို့ သုမနပန်းသည်၏ ကောင်းမှု သည် အံ့ဖွယ်ရှိလှ၏၊ ကိုယ်တော်ထင်ရှားရှိသောဘုရားအား အသက်ကို စွန့်၍ ပန်းပူဇော်သောကြောင့် တစ်ခဏခြင်းဖြင့်လျှင် သဗ္ဗဋ္ဌကမည်သောဆုကို ရ၏" ဟု စကားကို ဖြစ်စေကုန်၏။

ထိုအကြောင်းကို မြတ်စွာဘုရားသည် နတ်နားဖြင့်ကြား၍ ဂန္ဓကုဋိမှထွက်တော်မူ၍ တရားသဘင်သို့လာတော်မူ၍ "ယခုအခါ၌ အဘယ်စကားကို ပြောကြသနည်း"ဟု မေးတော်မူသဖြင့် ဤသို့သောစကားကို လျှောက်ကြကုန်သော် "ချော်-ချစ်သားရဟန်းတို့ အကြင်အမှုကို ပြုသောကြောင့် နောက်အခါ၌ မပူပန်၊ အဖန်တလဲလဲ အောက်မေ့သော သူအား တစ်ခဏခြင်းဖြင့် ဝမ်းမြောက်ရခြင်းသည်ဖြစ်၏၊ ဤသို့ သဘောရှိသော အမှုကို ပြုအပ်သည်သာလျှင်တည်း"ဟု မိန့်တော်မူ၏။

**တဉ္စ ကမ္မံ ကတံ သာဓု၊ ယံ ကတွာ နာနုတပ္ပတိ။**
**ယဿ ပတီတော သုမနော၊ ဝိပါကံ ပဋိသံဝေဒိ။　။**

ဟူသော ဤဓမ္မဒေသနာကို ဟောတော်မူ၏။

**အနက်။**　။ ဘိက္ခဝေ၊ ရဟန်းတို့။ ယဿ၊ အကြင်သူအား။ ယံ ကမ္မံ၊ အကြင်အမှုကို။ ကတွာ၊ ၍။ ပစ္ဆာ၊ နောက်၌။ နာနုတပ္ပတိ၊ အဖန်တလဲလဲမစိုးရိမ်မပူပန်။ ပတီတော၊ နှစ်သက်သည်ဖြစ်၍။ သုမနော၊ ဝမ်းမြောက်သည်ဖြစ်၍။ ဝိပါကံ၊ အကျိုးကို။ ပဋိသံဝေဒိ၊ ခံစားရ၏။ တံ ကမ္မံ၊ ထိုအမှုကို။ ကတံ၊ ပြုခြင်းသည်။ သာဓု၊ ကောင်း၏။

ဤတရားကို ဟောတော်မူသောအဆုံး၌ ရှစ်သောင်းလေးထောင်ကုန်သော လူ, နတ်, ပြဟ္မာတို့သည် အကျွတ်တရားရကုန်၏။

✪✪✪✪✪✪✪✪✪✪

## ၁၅၀။ ဇေတဝန်ကျောင်းတော် ဆောက်လုပ်လှူဒါန်းခြင်း

ဤသို့ အစရှိသော များစွာသော တရားဒေသနာကို ဟောတော်မူလျက် များစွာသော လူ, နတ်, ဗြဟ္မာတို့ကို ချွတ်ကယ်တော်မူလျက် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်၌ ဒုတိယဝါဆိုတော်မူ၍ ဝါကျွတ်လျှင် စေတိယတိုင်း ပါစိနဝံသ၌ အရှင်အနုရုဒ္ဓါအား အဌမဟာပုရိသဝိတက်ကို ပြည့်စုံစေ၍ ဘေသကလာတောသို့ ကြွတော်မူ၍ ထိုဘေသ-ကလာတောမှ ရာဇဂြိုဟ်သို့ ပြန်တော်မူခဲ့၍ ထိုရာဇဂြိုဟ်၌ သုသာန်၏အနီးယင်းတိုက်တော၌ သီတင်းသုံးနေတော်မူသောအခါ၌ သာဝတ္ထိပြည်မှ အနာထပိဏ်သူဌေးသည် လှည်း ၅၀၀-နှင့် ရာဇဂြိုဟ်ပြည်သို့ ကုန်ပြုလာ၍ မြို့တွင်းအဆွေခင်ပွန်းသူဌေးအိမ်၌ တည်း၍ ညစာစားပြီးသော ညဉ့်အခါ၌ ချမ်းသာသောစကားကို ပြောကြရာတွင် ဘုရား, တရား, သံဃာသည် လောက၌ ထင်ရှားဖြစ်၍ ယင်းတိုက်တော၌ သီတင်းသုံးနေတော်မူကြောင်းကို ကြားလျှင် ၅-ပါးသောပီတိဖြင့် နှံ့သောကိုယ်ရှိသည်ဖြစ်၍ ထိုညဉ့်၌ အလုံးစုံသော ခဲဖွယ် ဘောဇဉ် လှူဒါန်းဖွယ်ကို ပြင်ဆင်၍ မိုးသောက်အားကြီးသောအခါ၌ ဘုရားကို ဆည်းကပ်လိုသဖြင့် ဗုဒ္ဓါရမ္မဏပီတိဖြင့် စွတ်သောကိုယ်ရှိသည်ဖြစ်၍ သွားလေသော် နတ်တို့သည် ဖွင့်အပ်သောတံခါးဖြင့် မြို့မှထွက်၍ မြတ်စွာဘုရားသို့ ကပ်လေ၏။

မြတ်စွာဘုရားလည်း မဂ်, ဖိုလ်၏ဥပနိဿယနှင့် ပြည့်စုံသသူဖြစ်၍ အနာထပိဏ်သူဌေးကို ငယ်မည်ဖြင့် "သုဒတ္တ၊ ဤသို့လာလော့"ဟု ပဋိသန္ထာရပြုသဖြင့် မြတ်စွာဘုရားသည် "ငါ့ကို သုဒတ္တ လာလော့"ဟု ဆိုပေသည်ဟု ဝမ်းမြောက်သဖြင့် ဘုရားအထံသို့ ချဉ်းကပ်၍ တင့်အပ်လျောက်ပတ်သောအရပ်၌ ရှိခိုးလျက်နေသောအခါ မြတ်စွာဘုရားသည် ဒါနကထာ, သီလကထာစသော တရားစကားကို ဟောပြောသဖြင့် သောတာပတ္တိဖိုလ်၌ တည်၍ သရဏဂုံယူသဖြင့် ဥပါသကာအဖြစ်သို့ ရောက်၍ သံဃာနှင့်တကွမြတ်စွာဘုရားကို ဆွမ်းဖိတ်၍ နံနက်အခါ ဆွမ်းကျွေးပြီးသော် သာဝတ္ထိပြည်သို့ ကြွတော်မူလာစေခြင်းငှာ ပဋိညာဉ်ကို ယူ၍ ရာဇဂြိုဟ်ပြည်၌ မိမိပြုဘွယ်ကိစ္စကိုလွန်စေ၍ ရာဇဂြိုဟ်ပြည်မှ သာဝတ္ထိ ပြည်တိုင်အောင် ၄၅-ယူဇနာရှိသောခရီး၌ ၁-ယူဇနာ, ၁-ယူဇနာအရပ်၌ အသပြာတစ်သိန်း, တစ်သိန်းစီ ကံကျွေး လက္ခပေး၍ ၄၅- ဆောင်သောကျောင်းတို့ကို ဆောက်ခဲ့၍ သာဝတ္ထိပြည်မှ ကုလ လေးတာ အပြန် ၅၀၀-ခြားသောတောင်အရပ်၌ ဇေတမင်းသား၏ဥယျာဉ်ကို အသပြာ ၁-ခု၏အစွန်းနှင့် ၁-ခု၏ အစွန်းကို စပ်မိစေ၍ ခင်းလျက် ၁၈-ကုဋေသော ငွေတို့ဖြင့် ဝယ်၍ ၁၈-ကုဋေသော ဥစ္စာဖြင့် ကံကျွေးပြု၍-

၁။ အလယ်၌ မြတ်စွာဘုရားနေတော်မူရာ ဂန္ဓကုဋိကို ရံ၍ ရှစ်ကျိပ်သော မဟာထေရ်တို့၏နေရာ တစ်ယောက်နေလောက်ရုံ, တစ်ယောက်နေလောက်ရုံဖြစ်သော ကျောင်း ၈၀, ထို ၈၀-ကိုရံ၍ တစ်ခုသောအထွဋ်ရှိသော ဟင်္သာတောင်ကဲ့သို့ ချသော အမိုးရှိသော စရပ်ရှည်မဏ္ဍပ်၊ ဤသို့အစရှိသော ကျောင်းတို့ကိုရင်း

၂။ လေးထောင့်ရေကန်တို့ကိုရင်း စင်္ကြံ, ညဉ့်သန့်ရာ, နေ့သန့်ရာတို့ကိုရင်း

နှလုံးမွေ့လျော်ဖွယ်ရှိကုန်သော ဤအလုံးစုံသော ကျောင်းတို့ကို နှလုံးမွေ့လျော်ဖွယ်ရှိသော မြေအဖို့၌ ပြုစေ၍ မြတ်စွာဘုရားအား သာဝတ္ထိပြည်သို့ ကြွတော်မူလာစိမ့်သောငှာ ကြားလျှောက်စေ၏၊ မြတ်စွာဘုရားသည် ထိုအကြောင်းကို ကြားတော်မူလျှင် များစွာသော ရဟန်းအပေါင်းတို့ဖြင့် ခြံရံလျက် ရာဇဂြိုဟ်ပြည်မှ ထွက်တော်မူ၍ အစဉ်သဖြင့် ခရီးအကြား ၄၅-ဆောင်သောကျောင်းတို့၌ တည်းနေ၍ သာဝတ္ထိမြို့သို့ ရောက်သောအခါ သူဌေးကြီးသည် ကျောင်းပူဇော်အံ့သောအခြင်းအရာကို စီရင်၍ မြတ်စွာဘုရားအား ဇေတဝန်ကျောင်းတော်သို့ ဝင်အံ့သောနေ့၌ မိမိ၏သားကို ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်ကုန်သော ၅၀၀-ကုန်သောသတို့သားတို့နှင့်တကွ ၅-ပါးသော အဆင်းတို့ဖြင့် တောက်ပသော ပုဆိုးတို့ဖြင့် ပြီးသော ၅၀၀-သော တံခွန်တို့ကို ကိုင်စေ၍ ရှေ့ဖျားသွားစေ၏။

ထိုတံခွန်တို့၏ နောက်၌ ခပ်သိမ်းသော တန်ဆာဖြင့် ဆင်ယင်ကုန်လျက် မဟာသုဘဒ္ဒါ, စူဠသုဘဒ္ဒါ သမီး ၂-ယောက်တို့ကို တန်ဆာဆင်ကုန်သော ၅၀၀-ကုန်သော သတို့သမီးတို့နှင့်တကွ ပန်းနံ့သာတို့ဖြင့် ထုံအပ်သောရေဖြင့် ပြည့်သော အိုးတို့ကို ရွက်စေ၍ ထိုရေအိုးတို့၏ နောက်၌ ဆင်အပ်သောတန်ဆာရှိသော အနာထပိဏ် သူဌေး၏မယားသည် တန်ဆာဆင်ကုန်သော ၅၀၀-ကုန်သော မာတုဂါမတို့နှင့်တကွ ရေဖြင့်ပြည့်သော ခွက်တို့ကို ယူ၍ထွက်၏၊ ထိုအလုံးစုံတို့၏ နောက်၌ သူဌေးကြီးသည် အစာမကြေသောပုဆိုးကို ဝတ်လျက် အစာမကြေသော ပုဆိုးကို ဝတ်ကုန်သော ၅၀၀-သော သူဌေးကြီးတို့ဖြင့် ခြံရံလျက် မြတ်စွာဘုရားကို ခရီးဦးကြိုဆို၏။

မြတ်စွာဘုရားသည် ဤဉပါသကာ, ဉပါသိကာပရိသတ်တို့၏ရှေ့မှ အလုံးစုံသော ရဟန်း အပေါင်းတို့ဖြင့် ခြံရံလျက် ၃၂-ပါးသောလက္ခဏာတော်ကြီး, ၈၀-သော လက္ခဏာတော်ငယ်တို့ဖြင့် တန်ဆာဆင်အပ်သော သိင်္ဂီရွှေ၏အဆင်းရှိသော ကိုယ်တော်၏ အရောင်ဖြင့် အလုံးစုံသော ဉယျာဉ်တော်ကို ရွှေရည်ဖြင့် သွန်းအပ်သောဝတ်မှုံကဲ့သို့ ပြု၍ အဆုံးမရှိသော ဘုရား၏တင့်တယ်ခြင်းဖြင့် အတုမရှိသော ဘုရား၏အသရေဖြင့် တင့်တယ်လျက် ဇေတဝန်ကျောင်းတော်သို့ ဝင်တော်မူ၍ ခင်းအပ်သောဘုရား၏နေရာ၌ နေတော်မူသော အခါ၌ သူဌေးသည် "အရှင်ဘုရား၊ ဇေတဝန်ကျောင်းတော်၌ အကျွန်ုပ်သည် အဘယ်ကဲ့သို့ ပြုရအံ့နည်း"ဟု လျှောက်၏၊ "ဒါယကာ၊ ဤဇေတဝန်ကျောင်းတော်ကို

လာဆဲ, လာလတ္တံ့သော အရပ်လေးမျက်နှာ၌ရှိသော သံဃာအား လှူလော့”ဟု မိန့်တော်မူ၏၊ သူဌေးလည်း “ကောင်းပြီအရှင်ဘုရား”ဟု ရွှေကရားကို ယူ၍ မြတ်စွာဘုရား လက်တော်၌ ရေစက်သွန်း၍-

**ဣမံ ဇေတဝနဝိဟာရံ အာဂတာနာဂတဿ စတုဒ္ဒိသဿ ဗုဒ္ဓပမုခဿ သံဃဿ ဒမ္မိ။**

ဟု လှူလေ၏၊ မြတ်စွာဘုရားအလှူခံပြီးသော် “သီတံ ဥဏှံ ပဋိဟနတိ” အစရှိသော ဂါထာတို့ဖြင့် အနုမောဒနာပြု၏၊ မြတ်စွာဘုရားအား ကျောင်းလှူပြီး၍ မိုးသောက်သော နေ့မှစ၍ ၁၈-ကုဋေသော ဉစ္စာကို စွန့်၍ ကျောင်းပူဇော်သည်ကား ၉-လတိုင်မှ ပြီး၏၊ ဤသို့လျှင် သူဌေးကြီးသည် ဇေတဝန်ကျောင်းတော်၌ ကျောင်းရာမြေကို ဝယ်သည့် ၁၈-ကုဋေ, ကျောင်းကံကျွေး ၁၈-ကုဋေ, ကျောင်းပူဇော်ရာ၌ ၁၈-ကုဋေ, ခရီးအကြား၌ လေးသန်းငါးသိန်းအားဖြင့် ၅၄-ကုဋေနှင့် လေးသန်း ငါးသိန်းသောဉစ္စာတို့ကို မြတ်စွာဘုရား၌ လှူဒါန်းစွန့်ကြ၏။

✪✪✪✪✪✪✪✪✪✪

## ၁၅၁။ ဇေတဝန်ကျောင်းတော်ရာသည် ဘုရား ၇-ဆူတို့၏ ကျောင်းတော်ရာဖြစ်ခဲ့ပုံ

ရှေး ဝိပဿီ ဘုရားဖြစ်တော်မူသောအခါ၌ ပုနပသုမိတ္တသူဌေးသည် ဤဇေတဝန် ကျောင်းတော်ရာ၌ ရွှေအုဋ်အတိစပ်ကာခင်း၍ မြေကိုဝယ်၍ ၁-ယူဇနာအရပ်၌ သံဃာ၏ အာရာမ်ကို ပြု၏၊

သိခီ ဘုရားဖြစ်သောအခါ၌ သိရိဝဍ္ဎနသူဌေးသည် ရွှေထွန်သွားစပ်ကာ ခင်း၍ မြေကိုဝယ်၍ ၃-ဂါဝုတ်ရှိသောအရပ်၌ သံဃာ၏အာရာမ်ကို ပြု၏၊

ဝေဿဘူ ဘုရားဖြစ်သောအခါ၌ သောတ္ထိယမည်သောသူဌေးသည် ရွှေလုံတံ အတိခင်းသဖြင့် မြေကို ဝယ်၍ ယူဇနာခွဲရှိသောအရပ်၌ သံဃာ့အာရာမ်ကို ပြု၏၊

ကကုသန် ဘုရားဖြစ်တော်မူသောအခါ၌ အစ္စုတသူဌေးသည် ရွှေအုဋ်စပ်ကာ, စပ်ကာခင်း၍ မြေကို ဝယ်၍ ၁-ဂါဝုတ်ရှိသောအရပ်၌ သံဃာ့အာရာမ်ကို ပြု၏၊

**ကောဏာဂုံ** ဘုရားဖြစ်တော်မူသောအခါ၌ ဥဂ္ဂသူဌေးသည် ရွှေလိပ်ရုပ် ခင်းသဖြင့် ဝယ်၍ ဂါဝုတ်ခွဲရှိသောသံဃာ့အာရာမ်ကို ပြု၏၊

**ကဿပ** ဘုရားဖြစ်တော်မူသောအခါ၌ သုမင်္ဂလသူဌေးသည် ရွှေကပ်စီခင်းသဖြင့် မြေကို ဝယ်၍ ၁၆-မင်းပယ် ပမာဏရှိသော သံဃာ့အာရာမ်ကို ပြု၏၊

**အရှင်ဂေါတမ** ဘုရားဖြစ်တော်မူသောအခါ၌ **အနာထပိဏ်**သူဌေးသည် **တစ်ဆယ့်ရှစ်ကုဋေ**သောအသပြာတို့ကို စပ်ကာ, စပ်ကာခင်းသဖြင့် ဝယ်၍ ရှစ်မင်းပယ် ပမာဏရှိသော သံဃာ့အာရာမ်ကို ပြု၏၊

ဤဘုရား ၇-ဆူတို့၏ ကျောင်းတော်ရာသည်လည်း ဤအရပ်၌သာတည်း၊ ကျောင်းတော်မူကား ကြီး, ငယ် ရှိ၏၊ ကျိန်းတော်မူသော ညောင်စောင်းခြေရာကား မလွဲသလျှင်ကတည်း၊ သာဝတ္ထိမြို့လည်း ကျောင်းတော်မှ ရံခါအရှေ့, ရံခါအနောက်, ရံခါတောင်, ရံခါမြောက် ဖြစ်၏။

✪✪✪✪✪✪✪✪✪✪✪

## ၁၅၂။ မင်းနန်ကိုခေါ်၍ တာဝတိံသာ ကြွတော်မူခြင်း

ဤသို့မျှ ဇေတဝန်ကျောင်းတော်ကို အလှူခံ၍ ၉-လပတ်လုံး ဘုရားမြတ်စွာ သီတင်းသုံးနေတော်မူသောအခါ ရဟန်းပြု၍ ၁-ဝါရဖြစ်သော **ညီတော်မင်းနန်**သည် မမွေ့မလျော်၍ "ငါသည် မြတ်သောအကျင့်၌ တည်အံ့သောငှာ မတတ်နိုင်၊ သိက္ခာကို စွန့်၍ လူထွက်အံ့" ဟု ရဟန်းတို့ကို ကြား၏၊ ထိုအကြောင်းကို ဘုရားကြား၍ ညီတော်ကို ခေါ်၍ "မင်းနန်၊ သင်သည် လူထွက်အံ့ဆိုသည်မှန်၏လော" ဟု မေးတော်မူသော် "အရှင်ဘုရား၊ ဟုတ်ပေ၏" ဟု လျှောက်၏၊ "အဘယ့်ကြောင့် မမွေ့လျော်သနည်း" ဟု မေးတော်မူသော် "အရှင်ဘုရား၊ ဇနပဒကလျာဏီသည် ထက်ဝက်ဖြီးကာဖြစ်သော ဆံတို့ဖြင့် အိမ်မှထွက်၍ လာသောအကျွန်ုပ်ကို မျှော်လိုက်၍ အရှင့်သား၊ လျင်လှစေ ဟူ၍ မှာလိုက်သောစကားကိုအောက်မေ့၍ မမွေ့လျော်နိုင်၊ လူထွက်တော့မည်" ဟူ၍ လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် မင်းနန်ကို လက်မောင်း၌ ကိုင်၍ တန်ခိုးတော်ဖြင့် တာဝတိံသာနတ်ပြည်သို့ ကြွရာ ခရီးအကြား တောမီးလောင်ရာအရပ်၌ မီးလောင်သစ်ငုတ်ထက် မီးလောင်၍ နား, နှာခေါင်း, အမြီးပြတ်သော မျောက်မကို ပြပြီး၍ နတ်ပြည်၌ သိကြားကို ခစားလာကုန်သော ခိုခြေအဆင်းနှင့်တူသောခြေရှိကုန်သော ၅၀၀-ကုန်သော နတ်သမီးတို့ကို ပြ၍ "မင်းနန်၊ အဘယ်ကဲ့သို့နည်း၊ ဇနပဒကလျာဏီက အဆင်းလှ မြတ်သလော၊ ဤနတ်သမီးတို့က လှမြတ်ကုန်သလော" ဟု မေးတော်မူ၏၊ "အရှင်ဘုရား၊ မီးလောင်သောလယ်တော၌ နား, နှာခေါင်း, အမြီးပြတ်သောမျောက်ကဲ့သို့ ဇနပဒကလျာဏီ ဖြစ်ခဲ့ပြီ၊ ဤနတ်သမီးတို့ကို ထောက်၍ **ဇနပဒကလျာဏီ** ဟု ဆိုစရာမရှိပြီ၊ အစိတ်, အဝက်ကိုမျှ မမှီပြီ၊ ဤနတ်သမီးတို့သည်သာလျှင် လှလှပေတော့သည်၊ ရှုဘွယ် ကြည့်ဘွယ် ရှိလှပေတော့သည်"ဟူ၍ လျှောက်လျှင် "မင်းနန်၊ ရဟန်းအဖြစ်၌သာ မွေ့လျော်လော့၊ ခိုခြေအဆင်းနှင့်တူသော အဆင်းရှိကုန်သော ဤနတ်သမီးတို့ကိုရခြင်း၌ ငါ၏အဖို့ ဖြစ်စေ" ဟူ၍ မိန့်၏။

ထိုစကားကိုကြား၍ "အကယ်၍ ဤနတ်သမီးတို့ကိုရခြင်းငှာ အရှင်ဘုရားသည် အဖို့ ဖြစ်ပါအံ့၊ အကျွန်ုပ်သည် ရဟန်းအဖြစ်၌ မွေ့လျော်အံ့" ဟူ၍ လျှောက်၏၊ ထိုအခါ၌ မင်းနန်ကို ခေါ်၍ နတ်ပြည်မှကွယ်ခဲ့၍ ဇေတဝန်ကျောင်းတော်၌ ထင်ရှားဖြစ်လာ၍ မြတ်စွာဘုရားမိထွေးတော်၏သားဖြစ်သော မင်းနန်သည် နတ်သမီးတို့ကို ရလိုသောကြောင့် မြတ်သောအကျင့်ကို ကျင့်လေ၏၊ နတ်သမီးတို့ကို ရခြင်း၌ မြတ်စွာဘုရားသည် ငါ၏အဖို့ ဖြစ်စေ ဝန်ခံရသည်ဟု ရဟန်းတို့သည် ကြားလေကုန်၏၊ ထိုအခါ၌ မင်းနန်အဖော်ဖြစ်သော ရဟန်းတို့သည် မင်းနန်ကို **အခစား** ဟူသောခေါ်ဝေါ်ခြင်းဖြင့် ပြောဆိုကုန်၏၊ "အသက်ရှည်သောမင်းနန်သည် အခစားသတတ်၊ နတ်သမီးကို ရလိုသောကြောင့် မြတ်သောအကျင့်ကို ကျင့်၏၊ ၊ နတ်သမီးကိုရခြင်း၌ မြတ်စွာဘုရားသည် ငါ၏အဖို့ဖြစ်စေ- ဟု ဝန်ခံရသည်" ဟု ပြောဆိုကုန်၏၊ ထိုအခါ မင်းနန်သည် အဖော်ရဟန်းတို့၏ **အခစား** ဟူသော စကားကြောင့် ရှက်သည်ဖြစ်၍ ငြီးငွေ့သည်ဖြစ်၍ တစ်ယောက်တည်း ဆိတ်ငြိမ်သောနေရာ၌ မမေ့မလျော့ ခြိုးခြံသောလုံ့လရှိသည်ဖြစ်၍ နိဗ္ဗာန်သို့ လွှတ်သောစိတ်ရှိသည်ဖြစ်၍ မကြာမြင့်မီ ရဟန္တာဖြစ်လေ၏။

ထိုအခါ ညဉ့်အဖို့၌ နတ်တစ်ယောက်သည် ဇေတဝန်ကျောင်းတော်ကို အရောင်ဖြင့် ထွန်းလင်းစေ၍ ဘုရားသို့ ကပ်၍ "အရှင်ဘုရား၊ ရှင်နန်သည် အာသဝေါတရားကုန်ပြီ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီ" ဟု မြတ်စွာဘုရားအား ကြားလာ၏၊ မြတ်စွာဘုရားအားလည်း မင်းနန်သည် အာသဝေါတရားကုန်ပြီ၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုပြီ-ဟု သိတော်မူသည်ဖြစ်၏၊

ထိုညဥ့်လွန်သဖြင့် ရှင်နန်သည် မြတ်စွာဘုရားသို့ ကပ်၍ "အရှင်ဘုရား၊ နတ်သမီးတို့ကို ရခြင်း၌ မြတ်စွာဘုရားသည် အကြင်ဝန်ခံခြင်းကို ခံ၏၊ ထိုဝန်ခံခြင်းကို အကျွန်ုပ်ကား လွှတ်၏" ဟူ၍ လျှောက်၏၊ "နန္ဒ၊ ငါသည်လည်း သင်၏တဏှာ, ဒိဋ္ဌိတို့သည် မစွဲလမ်းမူ၍ အရဟတ္တဖိုလ်ဖြင့် ကိလေသာမှ လွတ်ခြင်းကို ငါ၏စိတ်ဖြင့်သိ၏၊ နတ်သား တစ်ယောက်သည်လည်း အရှင်ဘုရား၊ အသက်ရှည်သော နန္ဒသည် တပ်ခြင်းကင်းပြီဟု လျှောက်၏၊ နန္ဒ၊ သင်သည် အာသဝေါတရားတို့မှ လွတ်သကဲ့သို့ ငါသည်လည်းထို **ဝန်ခံခြင်းမှ** လွတ်ပြီ" ဟု မိန့်တော်မူ၍-

**ယဿ တိဏ္ဏော ကာမာဘင်္ဂေါ၊ မဒ္ဒိတော ကာမကဏ္ဋကော။**

**မောဟက္ခယံ အနုပ္ပတ္တော၊ သုခဒုက္ခေသု န ဝေဓတိ။**

ဟူ၍ မြတ်စွာဘုရားသည် ဥဒါန်းကျူးတော်မူ၏၊ ထိုအခါ တစ်နေ့သ၌ ရဟန်းတို့သည် ရှင်နန်ကို မေးကုန်၏၊ "ရှင်နန်၊ သင်သည် ဆန့်ကျင်သည်ဟု ဆို၏၊ ယခုအခါ ဘယ်သို့နည်း" ဟု မေးကုန်၏၊ "ငါ့ရှင်တို့၊ ငါ့အား လူ့အဖြစ်၌ တပ်ခြင်းကင်းပြီ" ဟု ဆိုသော် ရဟန်းတို့သည် ရှင်နန္ဒသည် မဟုတ်မမှန်သောစကားကို ဆို၍ **အရဟတ္တဖိုလ်ကို** ကြား၏၊ လွန်လေပြီးသောနေ့တို့၌ ဆန့်ကျင့်သည်ဟု ဆို၍ ယခုအခါ လူ့အဖြစ်၌တပ်ခြင်းကင်းသည် ဟု ဆိုလေ၏" ဟု ဆိုကြကုန်၍ မြတ်စွာဘုရားအား ကြားကုန်၏၊ မြတ်စွာဘုရားအားလည်း "ချစ်သားတို့၊ လွန်လေပြီးသောနေ့တို့၌ နန္ဒ၏ကိုယ်သည် မကောင်းသဖြင့် မိုးသော **အိမ်နှင့်တူ၏၊** ယခုအခါ ကောင်းစွာမိုးသောအိမ်နှင့်တူ၏၊ နတ်သမီးကို မြင်သောအခါမှစ၍ **ရဟန်းကိစ္စ၏**အပြီးသို့ ရောက်ခြင်း၌ လုံ့လပြု၏၊ ယခုအခါ ရဟန်းကိစ္စအပြီးသို့ ရောက်ပြီ" ဟု မိန့်တော်မူ၍-

**ယထာ အာဂါရံ ဒုစ္ဆန္နံ၊ ဝုဋ္ဌိ သမတိ ဝိဇ္ဈတိ။**

**ဧဝံ အဘာဝိတံ စိတ္တံ၊ ရာဂေါ သမတိ ဝိဇ္ဈတိ။**

**ယထာ အာဂါရံ သုစ္ဆန္နံ၊ ဝုဋ္ဌိ န သမတိ ဝိဇ္ဈတိ။**

**ဧဝံ သုဘာဝိတံ စိတ္တံ၊ ရာဂေါ န သမတိ ဝိဇ္ဈတိ။**

ဟူသောတရားကို ဟောတော်မူ၏၊ အဆုံး၌ များစွာသောပရိသတ်တို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

✪✪✪✪✪✪✪✪✪✪✪

## ၁၅၃။ ညီတော်မင်းနန်၏ ရှေးအကြောင်း

ရဟန်းတို့သည် တရားသဘင်၌ "အရှင်တို့၊ ဘုရားရှင်တို့မည်သည် အံ့ဖွယ်ရှိပေစွ၊ ဇနပဒကလျာဏီကြောင့် ဆန့်ကျင်သောရှင်နန္ဒသည် နတ်သမီးကို အာမိသပြု၍ ဆုံးမတော်မူသည်" ဟု စကားကို ပြောဆိုကုန်၏၊ မြတ်စွာဘုရားကြွလာ၍ မေးတော်မူသဖြင့် ဤစကားကို ပြောဆိုကြပေသည်ဟု လျှောက်သော် "ချစ်သားတို့၊ ယခုအခါ၌သာ မင်းနန်ကို မာတုဂါမဖြင့် ဖြားယောင်း၍ ဆုံးမသည်မဟုတ်၊ ရှေး၌လည်း ဆုံးမဖူးပြီ" ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသောအခါ ဗာရာဏသီပြည်၌နေသော ကပ္ပက မည်သော ကုန်သည်သည် ရှိ၏၊ ထိုကုန်သည်အား တစ်ခုသော မြည်းသည် ၁-ကုမ္ဘသောဝန်ကို ရွက်ဆောင်၏၊ တစ်နေ့လျှင် ၇-ယူဇနာခရီးကို သွား၏၊ ထိုကုန်သည်သည် အခါတစ်ပါးသော် ၁-ဖိုထွက်အိုးကို မြည်း၌တင်၍ တက္ကသိုလ်သို့ သွား၍ အိုးကိုချ၍ မြည်းကို ကျက်စားစိမ့်သောငှာ ကျုံးအပြင်၌ လွှတ်၍ ကျက်စားလေသော် တစ်ခုသောမြည်းမကို မြင်၍ အနီးသို့ကပ်လေ၏၊ မြည်းမသည် ထိုမြည်းနှင့်စကားပြောလို၍ "အဘယ်အရပ်မှလာသနည်း"ဟု မေး၏၊ "ဗာရာဏသီမှ လာသည်"ဟု ဆိုသော် "အဘယ်အမှုဖြင့် လာသနည်း"ဟု မေးပြန်၍ "အိုးရောင်းလာသည်"ဟု မြည်းထီးဆိုလျှင် "အဘယ်မျှ လောက်ဝန်ကို ရွက်ဆောင်နိုင်သနည်း"ဟု မေးပြန်၏၊ "အိုး၁-ဖိုထွက်ကို ဆောင်နိုင်၏"ဟု ဆိုသော် "ဤမျှသောဝန်ကို ဆောင်လျက် တစ်နေ့လျှင် အဘယ်မျှ ယူဇနာခရီးကို သွားနိုင်သနည်း" ဟု မေးပြန်၏၊ "၇-ယူဇနာခရီးကို သွားနိုင်၏"ဟု မြည်းထီးဆိုသော် "သင့်အား ခြေဆုပ်ကျောက်နယ်ပြုသောသူ ရှိပါ၏လော"ဟု မေးပြန်၍ "အချင်း၊ မရှိပါ" ဟု မြည်းထီးဆိုလျှင် "ဤသို့ မရှိပါသော် ဆင်းရဲစွာ ဖြစ်လေလတ္တံ့." ဟု မြည်းမဆို၏။

ခရီးသွားကုန်သော တိရစ္ဆာန်တို့အား ခြေဆုပ်ကျောက်နယ်ပြုခြင်းမည်သည်မရှိ၊စင်စစ်မှန်လျက် ကာမဖြင့် စေ့စပ်လို၍ ထိုစကားကို မြည်းမဆို၏၊ ထိုမြည်းမစကားကြောင့် မြည်းထီးသည် ဆန့်ကျင်၏၊ ကပ္ပကသည် အိုးစွန့်၍ မြည်း၏အထံသို့ သွား၍ "ချစ်သား၊ သွားကုန်အံ့၊ လာလော့"ဟု ခေါ်သော် "သင်သွားလေ၊ ငါမလိုက်ပြီ" ဆို၍ "အဖန်တလဲလဲ တောင်းပန်၍ မလိုက်လိုသော် ခြိမ်းခြောက်၍ ခေါ်အံ့ဟု ကြံ၍ "အချင်း၊ ၁၆-လက်သစ် အဆူးရှိသောလှံတံဖြင့် သင့်ကို ခတ်အံ့၊ သင်၏ကိုယ်ကို ပေါက်ပြဲစေအံ့၊ ဤသို့ သိလော့"ဟု ဆို၏၊ ထိုစကားကို ကြားလျှင် "ဤသို့ဖြစ်သော် သင့်အား ပြုအပ်သည်ကိုလည်း ငါသိအံ့၊

၁၆-လက်သစ်အဆူးရှိသော လှံတံဖြင့် ရိုက်သော် ရှေ့မှရပ်၍ ကျောက်ကန်အံ့၊ သင်၏ ဘဏ္ဍာကို နောက်သို့ ပြောင်းပြန်လှန်၍ ကျစေအံ့”ဟု မြည်းကဆို၏။

ထိုစကားကို ကုန်သည်ကြားသော် အဘယ့်ကြောင့်ဤသို့ဆိုသနည်းဟု ထိုမှ, ဤမှ ကြည့်သော် မြည်းမကို မြင်၍ ဤမြည်းမသွန်သင်သည် ဖြစ်လတ္တံ့၊ ဤမြည်းမကဲ့သို့သော မြည်းမကို သင်ဖို့ ဆောင်အံ့ဟု မာတုဂါမဖြင့် ဖြားယောင်း၍ ခေါ် အံ့ကြံ၍ “အချင်း၊ ဤ မြည်းမကဲ့သို့ မျက်နှာရှိသော အခြေလေးခုရှိသော ခပ်သိမ်းသောအင်္ဂါဖြင့် တင့်တယ်သော မယားကို သင့်အား ငါဆောင်အံ့၊ ဤကဲ့သို့ သိလော့” ဟု ကုန်သည်ဆိုသော် ထိုစကားကို မြည်းထီးနှစ်လိုသည်ဖြစ်၍ “ဤသို့သော မယားကို ငါ့အားဆောင်သော် ဝန်ကိုလွန်စွာ ရွက်ဆောင်အံ့၊ ၁၄-ယူဇနာခရီးကို သွားအံ့”ဟု ဆို၍ ထိုမြည်းနှင့်တကွ ကပ္ပကသည် ပြန်လေ၏၊ နေရာသို့ရောက်၍ ၂-ရက်, ၃-ရက်လွန်သဖြင့် မြည်းဆို၏၊ “သင်ငါ့အား မယား ကို ဆောင်မည်ဆိုသည်မဟုတ်လော” ဟု ဆိုသော် “စကားကို ငါမဖျက်၊ သင့်အား မယား ငါပေးမည်၊ အစာကိုမူကား သင့်အားသာ ငါတို့ပေးကုန်မည်၊ သင်နှင့်သား, မယားအား လောက်လျှင်လောက်စေ၊ မလောက်လျှင် သင်ရှာလေ၊ သင်တို့ပေါင်းဖော်၍ သားမွေးသော အခါ ထိုသားမယားတို့နှင့်တကွ လောက်လျှင်လောက်စေ၊ မလောက်လျှင် သင်ရှာလေ၊ ငါတို့မူကား တစ်ယောက်စာသာပေးမည်” ဆို၏၊ ထိုစကားကို ကြားတိုင်း မြည်းသည်မယား၌ တပ်ခြင်းကင်းလေ၏၊ ထိုအခါ မြည်းမသည် ဇနပဒကလျာဏီဖြစ်လာ၏၊ မြည်းထီးသည် **မင်းနန်ဖြစ်လာ၏၊ ကပ္ပကကုန်သည်ကား ငါဘုရားဖြစ်တော်မူလာ၏ဟု** ကပ္ပကဇာတ်ကို ဟောတော်မူ၏။

✪✪✪✪✪✪✪✪✪✪

## ၁၅၄။ အဂ္ဂိဒတ္တရသေ့အကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူလျက် အဂ္ဂိဒတ္တရသေ့ကို အကြောင်းပြု၍ “ဗဟုံ ဝေ သရဏံ ယန္တိ” အစရှိသော တရားဒေသနာကို ဟောတော် မူ၏၊ အကြောင်းကား ထိုအဂ္ဂိဒတ္တပုဏ္ဏားသည် မဟာကောသလမင်း၏ ပုရောဟိတ်တည်း၊ ထိုရောအခါ မဟာကောသလမင်းလွန်သည်ရှိသော် သား ပသေနဒီကောသလသည် ငါ့ဘမင်း၏ ပုရောဟိတ်တည်း-ဟု ထိုအဂ္ဂိဒတ္တပုဏ္ဏားကို ရိုသေသဖြင့် ထိုအရာ၌ပင် ထား၏၊ မိမိအား ခစားအံ့သောငှာ လာသောအခါ ထိုပုရောဟိတ်အား ခရီးဦးကြိုပြု၍ “ဆရာ၊

ဤ၌နေလော့”ဟု နေရာခင်း၍ မြင့်သောနေရာ၌ နေစေ၏၊ ထိုပုရောဟိတ်သည် ဤသို့ ကြံ၏၊ “ဤမင်းသည် နေ့တိုင်း, နေ့တိုင်း အလွန်လျှင် ငါ့အား အရိုအသေပြု၏၊ စင်စစ်ကား- မင်းတို့၏စိတ်ကို အခါခပ်သိမ်း ယုံ၍နေအံ့သောငှာ မတတ်နိုင်၊ မင်းတို့၏ချမ်းသာမည်သည် မျှသောအရွယ်ရှိသော သူနှင့်သာလျှင်တကွ ဖြစ်၏၊ ငါသည် အသက်အရွယ်ကြီးရင့်သည် ဖြစ်၏၊ ငါ့အား ရသေ့ရဟန်းပြုအံ့သောငှာ သင့်၏” ဟု ကြံ၍ ထိုအဂ္ဂိဒတ္တပုရောဟိတ်သည် မင်းကြီးကို ရဟန်းအဖြစ်၌ ခွင့်ပြုစေ၍ မြို့၌စည်လည်စေပြီးလျှင် ၇-ရက်ဖြင့် အလုံးစုံသော မိမိဥစ္စာကို အလှူပေး၍ ရသေ့ရဟန်း၏အဖြစ်ဖြင့် ရဟန်းပြု၏။

ထိုအဂ္ဂိဒတ္တရသေ့ကို မှီ၍ ဖယောက်ျား ၁,၀၀၀-တို့သည် ရသေ့ရဟန်းပြုကုန်၏၊ ထိုအဂ္ဂိဒတ္တရသေ့သည် ထို ၁,၀၀၀-သောရသေ့တို့နှင့်တကွ အင်္ဂတိုင်း, မဂဓတိုင်း, ကုရုတိုင်း၊ ဤ ၃-တိုင်းတို့၏အကြား၌ နေခြင်းကို ပြု၍ တပည့်တို့အား ဤသို့သော အဆုံးအမကို ပေး၏၊ “ချစ်သားတို့၊ အကြင်သူအား ကာမဝိတက် အစရှိသည်တို့သည် ဖြစ်ကုန်၏၊ ထိုသူသည် မြစ်မှသဲကို ဆောင်၍ ဤအရပ်၌ လောင်းစေသတည်း” ဟု ဆုံးမ၏၊ “ကောင်းပြီ”ဟု ထိုရသေ့တို့သည် ဝန်ခံ၍ ကာမဝိတက် စသည်တို့ဖြစ်သောအခါ၌ ဝန်ခံတိုင်းပြုကုန်၏၊ ကာလရှည်သဖြင့် ကြီးစွာသောသဲအစုသည် ဖြစ်၏၊ ထိုသဲပုံကို **အဟိဆတ္တမည်သော** နဂါးသည် သိမ်းဆည်း၏၊ အင်္ဂတိုင်း, မဂဓတိုင်း, ကုရုတိုင်း၊ ဤ ၃-တိုင်းသားတို့သည် ၁-လ ၁-ကြိမ် ထိုရသေ့တို့အား ကြီးစွာသော ပူဇော်သက္ကာရကို ဆောင်ခဲ့၍ အလှူပေးကုန်၏၊ အဂ္ဂိဒတ္တရသေ့သည် ထိုတိုင်းသူတို့အား ဤသို့ ဆုံးမ၏၊ “တောင်ကို ကိုးကွယ်ကုန်၊ တောကို ကိုးကွယ်ကုန်၊ အာရာမ်ကို ကိုးကွယ်ကုန်၊ သစ်ပင်ကို ကိုးကွယ်ကုန်၊ ဤသို့ ကိုးကွယ်သဖြင့် ခပ်သိမ်းသော ဆင်းရဲမှ လွတ်ကုန်လတ္တံ့”ဟု ဆုံးမ၏၊ တပည့်ရသေ့တို့ကို ဤအဆုံးအမဖြင့် ဆုံးမ၏။

ဘုရားလောင်းသည် ပြုအပ်ပြီးသော တောထွက်ခြင်းရှိသည်ဖြစ်၍ သစ္စာ ၄-ပါး တရားကို သိတော်မူပြီးသော် သာဝတ္ထိပြည်၌ ဇေတဝန်ကျောင်းတော်ကို အလှူခံ၍ ၉-လနေတော်မူသောအခါ မိုးသောက်သောအခါ၌ လောကကို ကြည့်တော်မူလတ်သော် အဂ္ဂိဒတ္တရသေ့ကို တပည့်တို့နှင့်တကွ ဉာဏ်တော်ကွန်ယက်၏ အတွင်း၌ ဝင်သည်ကို မြင်၍ အလုံးစုံကုန်သော ဤရသေ့တို့သည် အရဟတ္တဖိုလ်၏ ဥပနိဿယနှင့် ပြည့်စုံကုန်၏ဟု သိတော်မူ၍ ညချမ်းသောအခါ၌ အရှင်မောဂ္ဂလာန်ကို ခေါ်၍ “ချစ်သား မောဂ္ဂလာန်၊ အဂ္ဂိဒတ္တပုဏ္ဏားသည် များစွာသောသူအပေါင်းတို့ကို ဆိပ်မဟုတ်သည်၌ ပြေးဝင်စေသည်တို့ကို သင်မမြင်လော၊ သင်သွားချေ၊ ထိုရသေ့တို့အား အဆုံးအမပေးချေ”ဟု မိန့်တော်မူသော် “အရှင်ဘုရား၊ ထိုရသေ့တို့သည် များစွာကုန်၏၊ တစ်ယောက်တည်းသော အကျွန်ုပ်

သည် မနှိပ်နင်းနိုင်ချေ၊ အကယ်၍ ရှင်ပင်ဘုရားသည်လည်း ကြွတော်မူပါသည် ဖြစ်အံ့၊ နှိပ်နင်းနိုင်ပါသည် ဖြစ်လတ္တံ့"ဟု လျှောက်သဖြင့် "မောဂ္ဂလာန်၊ ငါလည်း လာအံ့၊ သင်ရှေးဦးစွာ သွားနှင့်လေ"ဟု မိန့်တော်မူ၍ အရှင်မောဂ္ဂလာန်သည် သွားတော်မူစဉ် ကြံသည်ကား-

"ဤရသေ့တို့သည် အားလည်း ကြီးကုန်၏၊ များလည်း များကုန်၏၊ တစ်ပေါင်းတည်း စု၍နေရာ၌ တစ်စုံတစ်ခုကို ငါဆိုမိအံ့၊ အလုံးစုံသော ရသေ့တို့သည် အစုအစုဖြင့် ထကုန်ရာ၏"ဟု ကြံတော်မူ၍ ရှုန့်ရင်းသော အတွေ့ရှိသော မိုးပေါက်ရှိသော မိုးကို ရွာစေ၏၊ မိုးပေါက်တို့သည် ပြင်းစွာကျကုန်သော် ထကုန်၍ မိမိ မိမိတို့၏သင်္ခမ်းသို့ ဝင်လေကုန်၏၊ အရှင်မောဂ္ဂလာန်သည် အင်္ဂုဒတ္တရသေ့၏ သင်္ခမ်းတံခါးဝ၌ ရပ်၍ အင်္ဂုဒတ္တဟု ခေါ်၏၊ မထေရ်၏အသံကို ကြား၍ "လောက၌ ငါ့ကို အမည်ဖြင့်ခေါ်ခြင်းငှာ စွမ်းနိုင်သော သူမည်သည် မရှိ၊ အဘယ်သူသည် ငါ့ကိုအမည်ဖြင့် ခေါ်သနည်း"ဟု အင်္ဂုဒတ္တရသေ့သည် အမျက် ထွက်သဖြင့် "ဤသို့ခေါ်သောသူသည် အဘယ်သူနည်း"ဟု ဆို၏၊ "ပုဏ္ဏား၊ ငါ" ဟု မထေရ်ဆိုသော် "သင်ဘယ်သို့ဆိုလိုသနည်း"ဟု မေးလေ၏၊ "ယနေ့ တစ်ညဉ့်မျှ ငါ့အား ဤအရပ်၌ နေရာကြားပါ"ဟု ရှင်မောဂ္ဂလာန်ဆိုသော် "ဤ၌ နေရာမရှိ၊ တစ်ယောက် ဆန့်ရုံ သင်္ခမ်းမျှသာ ဖြစ်သည်"ဟု အင်္ဂုဒတ္တဆို၏၊ "အင်္ဂုဒတ္တ၊ လူတို့သည် လူတို့၏ အထံသို့၊ နွားတို့သည် နွားတို့၏အထံသို့၊ ရဟန်းတို့သည် ရဟန်းတို့၏အထံသို့ လာကုန်၏၊ ဤသို့ သင်မပြုလင့်၊ ငါ့အား နေရာကြားပါကုန်" ဟု ရှင်မောဂ္ဂလာန်မထေရ်ဆိုသော် "အသို့နည်း၊ သင်ရဟန်းပင်လော"ဟု မေး၍ "ဩော်-ငါရဟန်းဖြစ်ပါ၏"ဟု ဆိုသော် "အကယ်၍ သင်ရဟန်းဖြစ်အံ့၊ ပြာစစ်ထမ်းပိုး၊ တိဒဏ္ဍစသော ရဟန်းပရိက္ခရာ အဘယ်မှာရှိသနည်း" ဟု မေးသဖြင့် "အင်္ဂုဒတ္တ၊ ငါ့အား ရဟန်းပရိက္ခရာ ရှိပါ၏၊ အသီးဆောင်ယူသွားခြင်း သည် ဆင်းရဲ၏၊ ထိုပရိက္ခရာကို ကိုယ်တွင်း၌ ယူ၍သွား၏"ဟု မထေရ်ဆိုသော် ထိုအင်္ဂုဒတ္တ ရသေ့သည် "ဤအလုံးစုံကို သင့်ကိုယ်တွင်း၌ ယူ၍သွားနိုင်ရာသလော"ဟု မထေရ်အား အမျက်ထွက်၏။

အရှင်မောဂ္ဂလာန်သည် ရသေ့ကို ဆို၏၊ "အင်္ဂုဒတ္တ၊ ငါယူခဲ့နိုင်၏၊ သင်အမျက် မထွက်လင့်၊ ငါ့အား နေရာကိုသာ ကြားပါ" ဆိုလျှင် "ဤ၌ နေရာမရှိ" ဆိုသဖြင့် "ထိုသဲအစု၌ ကား အဘယ်သူနေသနည်း"မေးသော် "၁-ခုသောနဂါးမင်းသည် နေ၏"ဟု ရသေ့ ဆိုသဖြင့် "ထိုသဲပုံကို ငါ့အားပေးလော့"ဟု တောင်းသော် "မပေးဝံ့ပါ၊ ရဟန်း၊ နဂါးမင်း ၏အမူသည် ဝန်လေး၏"ဟု ရသေ့ဆို၏၊ "ဝန်လေးသည်ဖြစ်စေ၊ ပေးသာပေးပါ"ဟု ဆိုသော် "ထိုသို့ တပြီးကား သင်သာလျှင် နေရ၊ မနေရကို သိလေတော့"ဟု ဆိုသော် အရှင်မောဂ္ဂလာန်

သည် ထိုသဲပုံသို့ ရှေးရှုသွားလေ၏၊ နဂါးမင်းသည် အရှင်မောဂ္ဂလာန်ကို မြင်၍ "ဤရဟန်းသည် ဤအရပ်သို့ လာ၏၊ ဤအရပ်၌ ငါရှိသောအဖြစ်ကို မသိသည် ထင်၏၊ အခိုးကိုလွှတ်၍ ထိုရဟန်းကို သေစေအံ့"ဟု အခိုးလွှတ်၏၊ အရှင်မောဂ္ဂလာန်သည် လည်း "ဤနဂါးသည် ငါသာအခိုးလွှတ်အံ့သောငှာ တတ်နိုင်၏၊ တပါးသောသူတို့သည် မတတ်နိုင်ကုန်ဟု မှတ်သည်ထင်၏"ဟု ကြံ၍ အရှင်မောဂ္ဂလာန်လည်း အခိုးလွှတ်၏။

နဂါး, အရှင်မောဂ္ဂလာန်တို့၏ ကိုယ်မှထွက်သောအခိုးတို့သည် ဗြဟ္မာ့ပြည် တိုင်အောင် ထကုန်၏၊ ၂-ပါးကုန်သောအခိုးတို့သည် မထေရ်ကို မနှိပ်စက်မူ၍ နဂါးကိုသာ နှိပ်စက်ကုန်၏၊ အဟိဆတ္တနဂါးမင်းသည် အခိုး၏အဟုန်ကို သည်းမခံနိုင်သည်ဖြစ်၍ အလျှံ တောက်၏၊ မထေရ်သည်လည်း တေဇောကသိုဏ်းလျှင် အာရုံရှိသော စတုတ္ထဈာန်ကို ဝင်စား၍ ထိုနဂါးနှင့်ပြိုင်၍ အလျှံတောက်၏၊ ထိုမီးအလျှံတို့သည် ဗြဟ္မာ့ပြည်တိုင်အောင် ထကုန်၏၊ မီးလျှံ ၂-ပါးတို့သည် မထေရ်ကို မနှိပ်စက်ကုန်မူ၍ နဂါးမင်းကိုသာ နှိပ်စက် ကုန်၏၊ ထိုနဂါး၏ကိုယ်အလုံးသည် မီးရှူးတို့ဖြင့် ခြံရံအပ်သကဲ့သို့ ဖြစ်၏၊ ရသေ့အပေါင်း သည် ကြည့်၍ "နဂါးမင်းသည် ရဟန်းကို လောင်စေ၏၊ ရဟန်းသည် ကောင်းလှလေ၏၊ ငါတို့ စကားကို နားမထောင်ပါ၍ ပျက်ခဲ့ပြီ"ဟု ကြံကုန်၏၊ မထေရ်လည်း နဂါးကို ဆုံးမ၍ အဆိပ်မရှိသည်ကိုပြု၍ သဲပုံအထက်၌ နေ၏၊ နဂါးသည် သဲအစုကို မိမိအခွေတို့ဖြင့် ရစ်ပတ်၍ စုလစ်မွန်ချွန်တပ်သော တိုက်ပမာဏရှိသော ပါးပျဉ်းကို ဖန်ဆင်း၍ မထေရ်၏ အထက်၌ ထီးကဲ့သို့ ဆောင်း၏။

ရသေ့အပေါင်းသည် နံနက်စောစောကလျှင် 'ရဟန်း၏သေသောအဖြစ်, မသေသောအဖြစ်ကို သိရကုန်လတ္တံ့'ဟု မထေရ်အထံသို့ သွား၍ သဲပုံ၏အထက်၌နေသော အရှင်မောဂ္ဂလာန်ကို မြင်၍ လက်အုပ်ချီ၍ ချီးမွမ်းလိုကုန်သည်ဖြစ်၍ "ရှင်ရဟန်း၊ နဂါးသည် စိုးစဉ်းမျှ မနှိပ်စက်အပ်သလော"ဟု မေးကုန်သော် "ငါ၏အထက်၌ ပါးပျဉ်းဖြန့်၍ နေသော နဂါးကို မမြင်ကုန်သလော"ဟု မထေရ်မိန့်တော်မူသော် "အချင်းတို့၊ အံ့ဖွယ်ရှိစွ၊ ဤသို့ သဘောရှိသော နဂါးကိုလျက်လည်း မထေရ်သည် ဆုံးမနိုင်ချေ၏"ဟု ချီးမွမ်း၍ မထေရ်ကို ရံ၍ ရပ်ကုန်၏၊ ထိုအခါ မြတ်စွာဘုရား လာတော်မူ၏၊ မထေရ်သည် မြတ်စွာဘုရားကို မြင်၍ ထ၍ ရှိခိုး၏၊ ထိုအခါ၌ "ရှင်ရဟန်း၊ ဤယခုလာသောသူသည်လည်း သင်ထက်ပင် မြတ်သေးသလော"ဟု ဆိုကုန်၏၊ "ရသေ့တို့၊ ဤမြတ်စွာဘုရားသည် ငါ၏ဆရာတည်း၊ ငါသည် မြတ်စွာဘုရား၏ တပည့်တည်း"ဟု မထေရ်မိန့်၏၊ မြတ်စွာဘုရားသည် သဲပုံ၏ အထက်၌ နေတော်မူ၏။

ရသေ့အပေါင်းသည် "ရှေးဦးစွာ တပည့်၏အာနုဘော်ပင် ဤမျှလောက်ဖြစ်၏၊ ဆရာ၏ တန်ခိုးအာနုဘော်သည်ကား အဘယ်ဆိုဖွယ်ရာရှိတော့အံ့နည်း"ဟု လက်အုပ်ချီ၍ မြတ်စွာဘုရားကို ချီးမွမ်းကုန်၏၊ မြတ်စွာဘုရားသည် အင်္ဂုဒတ္တကို ခေါ်၍ "အင်္ဂုဒတ္တ၊ သင်၏တပည့်တို့အားရင်း အလုပ်အကျွေးတို့အားရင်း သင်သည် အဆုံးအမပေးသော် အဘယ်ကဲ့သို့ ပေးသနည်း"ဟု မေးတော်မူ၏၊ အင်္ဂုဒတ္တလည်း မိမိအဆုံးအမပေးသော အခြင်းအရာကို "ဤတောင်ကို ကိုးကွယ်ခြင်းသို့ ရောက်ကုန်လော့" အစရှိသော အောက်၌ ဆိုခဲ့ပြီးသောနည်းဖြင့် လျှောက်၏၊ "အင်္ဂုဒတ္တ၊ ထိုတောင်အစရှိသည်ကို ကိုးကွယ်သော သူသည် ဆင်းရဲမှ မလွတ်၊ ဘုရား, တရား, သံဃာတို့ကို ကိုးကွယ်မှသာ အလုံးစုံသော ဆင်းရဲမှ လွတ်နိုင်၏"ဟု မိန့်တော်မူ၍-

၁။ ဗဟုံ ဝေ သရဏံ ယန္တိ၊ ပဗ္ဗတာနိ ဝနာနိ စ။
အာရာမရုက္ခစေတျာနိ၊ မနုဿာ ဘယတဇ္ဇိတာ။ ။

၂။ နေတံ ခေါ သရဏံ ခေမံ၊ နေတံ သရဏမုတ္တမံ။
နေတံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ န မုစ္စတိ။ ။

၃။ ယော စ ဗုဒ္ဓဉ္စ ဓမ္မဉ္စ၊ သံဃဉ္စ သရဏံ ဂတော။
စတ္တာရိ အရိယသစ္စာနိ၊ သမ္မပ္ပညာယ ပဿတိ။ ။

၄။ ဒုက္ခံ ဒုက္ခသမုပ္ပါဒံ၊ ဒုက္ခဿ စ အတိက္ကမံ။
အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ၊ ဒုက္ခူပသမဂါမိနံ။ ။

၅။ ဧတံ ခေါ သရဏံ ခေမံ၊ ဧတံ သရဏမုတ္တမံ။
ဧတံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတီတိ။ ။

ဟူသော တရားဒေသနာတော်ကို ဟောတော်မူ၏၊ တရားဟောတော်မူသော အဆုံး၌ အင်္ဂုဒတ္တရသေ့အမျိုးရှိသော ၁၀၀၀-သောရသေ့တို့သည် ပဋိသမ္ဘိဒါ ၄-ပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်ကုန်၏၊ မြတ်စွာဘုရားကို ရှိသေစွာရှိခိုးကုန်၍ ရဟန်းအဖြစ်ကို တောင်းပန်ကုန်၏၊ မြတ်စွာဘုရားသည် "ဧထ ဘိက္ခဝေါ" အစရှိသည်ဖြင့် ခေါ်တော်မူသော အဆုံး၌ ကိုယ်စီပရိက္ခရာ ၈-ပါးနှင့်တကွ အဝါ ၆၀-ရှိပြီးသော မထေရ်ကဲ့သို့ ဧဟိဘိက္ခုရဟန်းချည်း ဖြစ်ကုန်၏၊ ထိုနေ့သည်ကား အလုံးစုံကုန်သော အင်္ဂတိုင်း, မဂဓတိုင်း, ကုရုတိုင်းသူတို့၏ များစွာသော ပူဇော်သက္ကာရကို ယူ၍လာသော နေ့တည်း၊ ထို့ကြောင့် ပူဇော်သက္ကာရကို ယူ၍ လာကုန်သော အလုံးစုံကုန်သော ထို ၃-တိုင်းသူ, ၃-တိုင်းသားတို့

သည် ရဟန်းပြုကုန်ပြီးသော ရသေ့တို့ကို မြင်၍ "ငါတို့၏ အရှင်အဂ္ဂိဒတ္တရသေ့သည်လည်း မြတ်သလော၊ ထိုသို့မဟုတ်မူ၍ ရဟန်းဂေါတမသည်လည်း မြတ်သလော"ဟု ကြံကုန်ပြီး၍ ရဟန်းဂေါတမလာသည်၏အဖြစ်ကြောင့် အရှင်အဂ္ဂိဒတ္တရသေ့သာလျှင် မြတ်သည်ဟု မှတ်ကုန်၏။

မြတ်စွာဘုရားသည် ထိုသူတို့၏အလိုကို သိတော်မူ၍ "အဂ္ဂိဒတ္တ၊ သင်၏အလုပ်အကျွေးပရိသတ်တို့အား ယုံမှားသက်ာကို ဖြတ်လော့"ဟု မိန့်တော်မူ၏၊ အဂ္ဂိဒတ္တရသေ့လည်း "ဘုန်းတော်ကြီးသော အရှင်ဘုရား၊ အကျွန်ုပ်သည်လည်း ဤသည်ကိုပင် တောင့်တပါသည်"ဟု လျှောက်၍ ထန်း ၁-ဖျားမျှ ကောင်းကင်သို့ ပျံတက်၍ သက်ခဲ့၍ မြတ်စွာဘုရား ခြေတော်၌ ရှိခိုး၍ "အရှင်ဘုရား၊ အရှင်ဘုရားသည်ကား ဆရာတည်း၊ အကျွန်ုပ်သည် တပည့်တည်း"ဟု လျှောက်ပြီး၍ တဖန်ထန်း ၂-ဖျား ပျံတက်၍ ဤသို့စသည်ဖြင့် ၇-ကြိမ်မြောက်အောင် ထန်း ၇-ဖျား ပျံတက်၍ အောက်သို့သက်၍ ခြေတော်၌ ရှိခိုး၍ တပည့်၏အဖြစ်ကို ကြားလျှောက်ပေ၏၊ ဤသို့ အစရှိသော များစွာသောတရား ဒေသနာတော်ဖြင့် များစွာသော ဝေနေယျတို့ကို ကယ်ချွတ်တော်မူလျက် ဒုတိယဝါကျွတ်တော်မူသည်မှစ၍ တတိယဝါမဆိုမီ ၉-လပတ်လုံး ဇေတဝန်ကျောင်းတော်၌ နေတော်မူ၏။

(ဤမျှသောစကားသည်ကား တတိယဝါမဆိုမီတိုင်အောင်သော စကားအစဉ်တည်း။)

✪✪✪✪✪✪✪✪✪✪

## ၁၅၅။ ဇမ္ဗုကရဟန်းအကြောင်း

သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ ၉-လပတ်လုံး နေတော်မူပြီးသော် ရာဇဂြိုဟ်ပြည်သို့ ပြန်၍ ဝေဠုဝန်၌ တတိယဝါဆိုတော်မူ၏၊ မြတ်စွာဘုရားသခင်သည် ဝေဠုဝန်ကျောင်းတော်၌ နေတော်မူသောအခါ ဇမ္ဗုကမထေရ်ကိုအကြောင်းပြု၍ "မာသေ မာသေ" အစရှိသော တရားဒေသနာတော်ကို ဟောတော်မူ၏၊ ဤဇမ္ဗုကမထေရ်သည် လွန်လေပြီးသောအခါ၌ ကဿပမြတ်စွာဘုရား လက်ထက်တော်၌ ရဟန်းဖြစ်၍ သူကြွယ်တစ်ဦးသည် ကျောင်းဆောက်၍ ဇမ္ဗုကအလောင်းရဟန်းကို ပစ္စည်း ၄-ပါးဖြင့် လုပ်ကျွေး၏၊ မထေရ်သည် ထိုသူကြွယ်အိမ်၌ နေ့တိုင်းဆွမ်းစား၏၊ ထိုအခါ၌ အာဂန္တုက ရဟန္တာပုဂ္ဂိုလ်သည် ဆွမ်းရပ်သည်ရှိသော် ထိုဒါယကာအိမ်သို့ ရောက်လေ၏၊ ဒါယကာမြင်၍

ကြည်ညိုသဖြင့် အိမ်တွင်းသို့ သွင်း၍ မွန်မြတ်သော ဘောဇဉ်ဖြင့် လုပ်ကျွေး၍ "အရှင်ဘုရား၊ ဤပုဆိုးကို သက်န်းချုပ်ဆိုး၍ ဝတ်တော်မူပါ"ဟု ဆို၍ ကောင်းမြတ်သော ပုဆိုးကို လှူ၏၊ "အရှင်ဘုရား၊ ဆံရှည်၏၊ ဆံရိတ်စိမ့်သောငှာ ဆေတ္တာသည်ခေါ်၍ လာပါအံ့၊ အိပ်ရာညောင်စောင်း ဆောင်ခဲ့ပေအံ့"ဟု လျှောက်၏။

ဆရာဖြစ်သောရဟန်းသည် ထိုရဟန္တာအား မြတ်နိုးတနာပြုသည်ကို မြင်၍ "တစ်ခဏခြင်း မြင်ရုံမျှနှင့် ဤသို့ ပြု၏၊ အမြဲအိမ်၌ ဆွမ်းစားသော ငါ့အားမူကား မပြုပါလေ"ဟု ကြံ၍ ကျောင်းသို့ သွားလေ၏၊ ဧည့်သည်ရဟန်းသည်လည်း ထိုရဟန်းနှင့်အတူသွား၍ ဒါယကာလှူသောပုဆိုးကို သက်န်းဆိုး၍ ဝတ်၏၊ ဒါယကာခေါ်ခဲ့သော ဆေတ္တာသည်ကို ဆံရိတ်စေ၏၊ ဒါယကာဆောင်ခဲ့သောညောင်စောင်း၌ အိပ်၏၊ ထိုဒါယကာသည် မထေရ် ၂-ပါးကိုပင် နက်ဖြန်အလို့ငှာ ဆွမ်းဖိတ်၍ သွားလေ၏။

## အာဝါသိကရဟန်း၏ မစ္ဆေရစိတ်

ထိုကျောင်းနေရဟန်းသည် ဧည့်သည်ရဟန်းအား မိမိဒါယကာအပြုအမူကို သည်းမခံနိုင်၍ ညချမ်းသောအခါ ဧည့်သည်ရဟန္တာ၏အထံသို့ သွား၍ "ငါ့ရှင်အာဂန္တုက၊ သူကြွယ်ဆွမ်းကို စားသောထက် မစင်ကို စားသော် ကောင်း၏၊ ဒါယကာ၏ ဆေတ္တာသည်ကို ဆံကိုရိတ်စေသောထက် တံညှပ်ဖြင့် နုတ်ရသော် ကောင်း၏၊ ဒါယကာလှူသော သက်န်းကို ဝတ်သောထက် အချည်းစည်းနေသော် ကောင်း၏၊ ဒါယကာလှူသော ညောင်စောင်း၌ အိပ်သောထက် မြေ၌အိပ်သော် ကောင်း၏"ဟု ဤ ၄-ပါးသောအခြင်းအရာတို့ဖြင့် ဆဲရေး၏၊ ဧည့်သည်လည်း "ငါ့ကိုမှီ၍ ဤသူမိုက်သည် မပျက်စီးပါစေသတည်း"ဟုကြံ၍ ဒါယကာဖိတ်မန်သော ဆွမ်းကို မငဲ့မူ၍ နံနက်ထအခါ၌ စောစောထ၍ ချမ်းသာသော အလျောက်သွားပေ၏၊ ကျောင်းနေရဟန်းလည်း နံနက်ထအခါ၌ ပြုအပ်သောဝတ်ကို ပြု၍ အာဂန္တုကရဟန်းသည် ယခုထက်တိုင်ပင် အိပ်သေး၏မှတ်သဖြင့် ကျောက်စည်သံဖြင့် နိုးအံ့သည်မှစိုး၍ ကျောက်စည်ကို လက်သည်းဖြင့် ခြစ်၍ ရွာတွင်းသို့ ဝင်လေ၏။

သူကြွယ်သည် ပူဇော်သက္ကာရကို စီရင်၍ မထေရ်တို့၏လာခြင်းကို မျှော်နှင့်သော် ကျောင်းနေရဟန်းကိုသာ မြင်၍ "အရှင်ဘုရား၊ အာဂန္တုကမထေရ်သည် အဘယ်သို့ သွားလေသနည်း"ဟု မေး၏၊ ဆရာက "ဒါယကာ၊ သင်အာဂန္တုကဆရာကို တစ်စုံတစ်ခု မျှမဆိုပါနှင့်တော့၊ ယမန်နေ့ သင်သွားလေသောနောက်၌ အခန်းသို့ဝင်၍ အိပ်သည်၊ ငါ နံနက်စောစောထ တံမြက်လှည်းခြင်း, သောက်ရေသုံးဆောင်ရေ တည်၍မျှလည်း မနိုး၊

ကျောက်စည်ထိုးသော်လည်း မနိုးနိုင်၍ လာခဲ့ရသည်ဆို၏၊ ဒါယကာသည် ကြံ၏၊ "ဤကဲ့သို့ ကြိယာပုထ်နှင့်ပြည့်စုံသော အရှင်မြတ်သည် ဤမျှလောက် မအိပ်ရာ၊ ထိုအရှင်မြတ်၏ အပြုအမူကို မြင်၍ ဤကျောင်းနေရဟန်းသည် ဝန်တိုသဖြင့် တစ်စုံတစ်ခုဆိုသည် ဖြစ်လတ္တံ့."ဟု ကြံ၍ ထိုဆရာကို ကောင်းမွန်စွာ လုပ်ကျွေး၍ ထိုဆရာ၏ သပိတ်ကိုဆေး၍ အထူးထူးသော ခဲဖွယ်ဘောဇဉ်တို့ဖြင့် ပြည့်စေ၍ "အရှင်ဘုရား၊ အကယ်၍ အရှင်မြတ်ကို မြင်ပါအံ့၊ ဤဆွမ်းကို လှူပါလေ"ဟု ပေးလိုက်၏။

ဆွမ်းကိုယူ၍ ထိုကျောင်းနေရဟန်းသည် ကြံ၏၊ "အကယ်၍ ဧည့်သည်ရဟန်းသည် ဤဆွမ်းကို စားရအံ့၊ ဤအရပ်၌ တပ်မက်သည်ဖြစ်လတ္တံ့."ဟု ထိုဆွမ်းကို ခရီးအကြား၌ သွန်ခဲ့၍ ထိုဧည့်သည်ရဟန်းနေရာသို့ သွား၍ ကြည့်သော် မမြင်လေပြီ။

## မစ္ဆေရစိတ်၏အပြစ်

ထိုဇမ္ဗုကမထေရ်၏ အလောင်းရဟန်းသည် ဤမျှလောက်သော မကောင်းမှုကို ပြုဖူးသောကြောင့် အနှစ်နှစ်သောင်းပတ်လုံး ကျင့်အပ်သော ရဟန်းတရားသည် စောင့်ခြင်းငှာ မတတ်နိုင်မူ၍ ထိုကိုယ်အဖြစ်မှ စုတေသော် အဝီစိငရဲ၌ဖြစ်၍ ကဿပဘုရားနှင့် ဂေါတမဘုရားအကြား မြေကြီးအထု ၁-ယူဇနာနှင့် ၃-ဂါဝုတ် အတိုင်းအရှည်တက်သော ကာလပတ်လုံး ဆင်းရဲကြီးစွာခံပြီး၍ အရှင်ဂေါတမ ဘုရားဖြစ်တော်မူသောကာလ၌ ရာဇဂြိုဟ်ပြည်၌ ထမင်းအဖျော်များသောအမျိုး၌ ဖြစ်၍ ထိုသူငယ်သည် ခြေဖြင့်သွားတတ်သောအခါမှစ၍ အဝတ်ဝတ်ခြင်းငှာ, ထမင်းစားခြင်းငှာ အလိုမရှိ၊ မိမိ၏ကျင်ကြီးကိုသာ စား၏၊ မိုက်သောကြောင့်ပြုသည်ဟု မှတ်၍ မွေးကျွေးကုန်၏၊ ကြီးသောအခါ၌လည်း အဝတ်မဝတ် အချည်းစည်းသာ နေ၏၊ မစင်ကိုသာ စား၏၊ မြေ၌သာ အိပ်၏။

ထိုအခါ အမိ, အဘတို့သည် ဤသူငယ်သည် အမျိုး၏အိမ်နှင့်မတန်၊ ရှက်ဖွယ်ရှိ၏၊ အဝတ်မဝတ် အချည်းစည်းသာကျင့်သော အာဇီဝကရဟန်းတို့အား လျောက်ပတ်၏ဟု ကြံ၍ ထိုသူငယ်ကိုဆောင်၍ "အရှင်ဘုရားတို့၊ ဤသူငယ်ကို ရဟန်းပြုပါလော့"ဟု အာဇီဝကတို့အား အပ်လေကုန်၏၊ အာဇီဝကတို့သည် ဝမ်းမြောက်ဝမ်းသာ ရဟန်းပြုလေကုန်၏၊ ပြုသည်ရှိသော် လည်ပမာဏတွင်းတူး၍ ထိုတွင်း၌ချ၍ ပခုံး ၂-ဖက်တို့၏အထက်၌ ပျဉ် ၂-ချပ်ခင်း၍ ထိုပျဉ်၌ထိုင်၍ တံညှပ်ဖြင့် ဆံကို နုတ်ကုန်လျက် ရဟန်းပြုကုန်၏၊ အမိ, အဖတို့သည် 'ငါတို့မှလွတ်ပြီ'ဟု ဝမ်းမြောက်စွာ နက်ဖြန်အလို့ငှာ ဆွမ်းဖိတ်၍ သွားလေကုန်၏၊ နက်ဖြန်မိုးသောက်၌ အာဇီဝကတို့သည် "သင်လာလှည့်၊ ရွာတွင်းသို့

ဝင်ကုန်အံ့"ဟူ၍ ထိုဇမ္ဗုကကို ခေါ်၏၊ ထိုဇမ္ဗုကသည် "သင်တို့သွားလေကုန်၊ ဤ၌သာ နေနှင့်အံ့"ဟု ဆို၏၊ ဆရာအာဇီဝကတို့သည် အဖန်တလဲလဲခေါ်၍ မလိုက်သော် ပစ်၍ သွားလေကုန်၏၊ ထိုအာဇီဝကတို့၏ သွားသောအဖြစ်ကို သိ၍ ဇမ္ဗုကသည် ကျင်ကြီးအိမ်၌ တံခါးကို ဖွင့်၍ တွင်းထဲသို့ဆင်း၍ လက် ၂-ဖက်တို့ဖြင့် မစင်ကို ကျုံးကာ, ကျုံးကာ စား၍ တွင်းမှတက်၍ နေနှင့်၏။

အာဇီဝကတို့သည် ရွာတွင်းမှဆွမ်းကို ဆောင်ခဲ့၍ပေးသော်လည်း မစား၊ အဖန်တလဲလဲ ပေးကြသော်လည်း မစား "ငါ့အား ဤဆွမ်းဖြင့် အလိုမရှိ၊ ငါ့မှာ အစာရပြီ" ဆို၏၊ "အဘယ်မှာရသနည်း" မေးလျှင် "ဤ၌ပင် ရသည်" ဆို၏၊ ဤကဲ့သို့ ၂-ရက်မြောက်၌ ၎င်း, ၃-ရက်မြောက်၌၎င်း ရွာတွင်းသို့မဝင်၊ ကျောင်း၌သာနေ၍ မစင်ကို စား၏။

## မစင်စား၍ နှင်ထုတ်ခံရခြင်း

ထိုရောအခါ အာဇီဝကတို့သည် "ဤဇမ္ဗုကသည် ငါတို့ရွာတွင်းသို့ ခေါ်သော်လည်း မလိုက်၊ ထမင်းပေးသော်လည်း မစား၊ ငါအစာစားရပြီသာ ဆို၏၊ အဘယ်ကဲ့သို့ပြုသနည်း၊ ချောင်း၍ဖမ်းအံ့" ကြံကုန်၍ ၄-ရက်မြောက် ထိုအာဇီဝကတို့သည် ၂-ယောက်, ၃-ယောက်ကို ချန်ထားခဲ့၍ ရွာတွင်းသို့ ဝင်လေကုန်၏၊ ထို၂-ယောက်, ၃-ယောက်တို့သည် တစ်ဖန်နောက်မှ လိုက်ပြန်ကုန်သကဲ့သို့ ပြု၍ ပုန်း၍ နေကုန်၏၊ ထိုဇမ္ဗုကသည် အာဇီဝက တို့ အကုန်သွားပြီ မှတ်၍ ရှေးနည်းဖြင့် ကျင်ကြီးအိမ်သို့ဝင်၍ တွင်း၌ဆင်းပြီးလျှင် လက် ၂- ဖက်တို့ဖြင့် ကျုံးကာ, ကျုံးကာ စား၏။

ထိုချောင်း၍ ကြည့်ကုန်သော အာဇီဝကတို့သည် ဇမ္ဗုက၏အပြုအမူကို မြင်၍ အာဇီဝကတို့အား ကြားပေကုန်၏၊ အာဇီဝကတို့သည် ထိုစကားကို ကြား၍ "သြော်- ဇမ္ဗုကသည် ဝန်လေးသောအမှုကို ပြု၏၊ အကယ်၍ ရဟန်းဂေါတမတပည့်တို့ သိကုန်အံ့၊ အာဇီဝကတို့သည် မစင်ကို စားကုန်သည်ဟု ငါတို့အား အကျော်အစောမဲ့ကို ထင်ရှားပြု ကုန်ရာ၏၊ ဇမ္ဗုကသည် ငါတို့အား မလျောက်ပတ်"ဟု ကြံကုန်၍ နှင်ထုတ်လိုက်ကုန်၏၊ နှင်ထုတ်သောအခါ ဇမ္ဗုကသည် ရာဇဂြိုဟ်ပြည်သူတို့၏ ကျင်ကြီးစွန့်ရာအရပ်၌ ကျောက်ဖျာကြီး ၁-ခုကို အမှီပြုလျက်နေ၍ ညဉ့်အခါလူအပေါင်းတို့၏ မစင်ကို စား၍ နေ့အခါ၌ ကျင်ကြီး စွန့်အံ့သောငှာ လူအပေါင်းတို့လာသောအခါ လက် ၁-ဖက်ကို ကျောက်ဖျာ၌ ထောက်၍ ခြေ ၁-ဖက်ကို ကွေးပြီးလျှင် ပုဆစ်ဒူး ၁-ဖက်၌ နင်းလျက် လက် ၁-ဖက်ကိုမြောက်၍ ပါးစပ်ကိုဟလျက် မိုးသို့ မျှော်၍နေ၏။

ကျင်ကြီးသွားလူတို့လည်း ချဉ်းကပ်ပြီးလျှင် ပါးစပ်ကိုဟလျက် မိုးသို့မျှော်၍ အဘယ့်ကြောင့် အရှင်ကောင်းနေသနည်းဟု မေးသော် "ငါလေကို စားသည်၊ တပါးသော အစာကို မစား"ဟု ဆို၏၊ "အဘယ့်ကြောင့် အရှင်သည် ခြေ ၁-ဘက်ဖြင့် ပုဆစ်ဒူး၌ နင်း၍ နေတော်မူသနည်း"ဟု မေးကြသော် "ငါသည် ထက်သောအကျင့်ရှိ၏၊ ကြမ်းသော အကျင့်ရှိ၏၊ ခြေ ၂-ဖက်စုံ မြေ၌နင်းသော် မြေသည် ပြင်းစွာတုန်လှုပ်၏၊ ထို့ကြောင့် ပုဆစ်ဒူး၌နင်း၍ နေသည်၊ နေ့ ညဉ့်ပတ်လုံး ရပ်၍သာနေရသည်၊ မထိုင်မလျောင်းရ" ဟု ဆို၏၊ လူတို့သည် များစွာသောအားဖြင့် စကားကို ယုံကြည်ကုန်၍ "အံ့ဩဖွယ်ရှိစွ၊ ဤသို့သဘောရှိသော ခြိုးခြံသော အကျင့်ရှိသောသူတို့သည် ရှိကုန်၏၊ ငါတို့သည် ဤအရှင်ဇမ္ဗုကကဲ့သို့ မမြင်ဖူးကုန်တကား"ဟု များစွာသောအားဖြင့် ရွာ၌နေသောသူ, မြို့၌နေသောသူတို့သည် ပြင်းစွာ ခြောက်ခြားကုန်၍ ကပ်လာကုန်လျက် လတိုင်း, လတိုင်း ကြီးစွာသော ပူဇော်သက္ကာရကို ဆောင်ခဲ့ကုန်၏။

ထိုဇမ္ဗုကသည် "ငါသည်လေကိုသာ စား၏၊ တပါးသောအစာကို မစား၊ တပါးသော အစာကိုစားသော် ငါ့အားအကျင့်သည် ပျက်လတ္တံ့"ဟု ထိုသူတို့ဆောင်ခဲ့သော တစ်စုံတစ်ခုကိုမျှ အလိုမရှိ၊ "အရှင်ဘုရား၊ အကျွန်ုပ်တို့ကို မဖျက်ဆီးပါလင့်၊ ပြင်းသော အကျင့်ရှိသော အရှင်သည် အကျွန်ုပ်တို့အား ရှည်စွာသော နေ့ ညဉ့်ပတ်လုံး စီးပွားချမ်းသာ ခြင်းငှာ ဖြစ်လတ္တံ့"ဟု လူတို့သည် တောင်းပန်ကုန်၏၊ ထိုဇမ္ဗုကသည် မစင်မှတပါးသော အစာကို မနှစ်သက်၊ လူများတောင်းပန်ဖန်များသဖြင့် ထိုသူတို့ယူဆောင်ခဲ့သော ထောပတ်, ဆီဦး အစရှိသည်တို့ကို သမန်းမြက်ဖျားဖြင့် ထား၍ "သွားလေကုန်၊ ဤမျှလောက် ငါသုံး ဆောင်ခြင်းသည် သင်တို့အား စီးပွားချမ်းသာဖြစ်လေပြီ"ဟု လွှတ်လိုက်၏၊ ဤသို့သော နည်းဖြင့် ထိုဇမ္ဗုကသည် ၅၅-နှစ်ပတ်လုံး အဝတ်မဝတ်၊ မစင်ကိုသာ စားလျက် ဆံပင် ရှည်သောအခါ၌လည်း တံညှပ်တို့ဖြင့် နုတ်စေလျက် မြေ၌သာအိပ်လျက် လွန်စေ၏။

## ဘုရားရှင်ကြွ၍ ကယ်ချွတ်တော်မူခြင်း

မြတ်စွာဘုရားတို့အားလည်း မိုးသောက်သောအခါ၌ ဝေနေယျကို ကြည့်တော်မူခြင်းကို မစွန့်အပ်သလျှင်ကတည်း၊ ထို့ကြောင့် တစ်နေ့သ၌ လောကကို ကြည့်တော်မူသော မြတ်စွာဘုရားအား ဇမ္ဗုကကို ဉာဏ်တော်ကွန်ယက်တွင်း၌ ထင်၍ "ဇမ္ဗုကသည် အသို့ဖြစ်လတ္တံ့နည်း"ဟု ဆင်ခြင်၍ ပဋိသမ္ဘိဒါ ၄-ပါးနှင့်တကွ ရဟန္တာဖြစ်လိမ့်မည်ကို မြင်၍ "ငါသည် ဤသူ့ကိုအစပြု၍ ၁-ဂါထာကို ဟောသဖြင့် ရှစ်သောင်း, လေးထောင်သော

ဝေနေယျတို့သည် ကျွတ်ကုန်လတ္တံ့၊ ဤသူတစ်ယောက်ကို အမှီပြု၍ များစွာသော လူအပေါင်းသည် ချမ်းသာခြင်းသို့ ရောက်လတ္တံ့"ဟု သိ၍ မိုးသောက်သောအခါ၌ ရာဇဂြိုဟ်မြို့၌ ဆွမ်းခံ၍ ဆွမ်းဘုဉ်းပေးပြီးသော် "အာနန္ဒာ၊ ငါသည် ဇမ္ဗုကအထံသို့ သွားချေအံ့"ဟု မိန့်တော်မူလျှင် "အရှင်ဘုရား၊ ကိုယ်တော်ထီးပင် ကြွတော်မူအံ့လော"ဟုလျှောက်၍ "ချော်- ငါချည်းပင် သွားအံ့"ဟု မိန့်တော်မူ၍ မွန်းတိမ်းသောအခါ၌ ဇမ္ဗုကအထံသို့ မြတ်စွာဘုရား ကြွတော်မူလေ၏။

နတ်တို့သည် "မြတ်စွာဘုရားသည် ဇမ္ဗုကထံသို့ ကြွတော်မူ၏၊ ဇမ္ဗုကသည် အလွန်စက်ဆုပ်ဖွယ်ရှိသော ကျင်ကြီးစွန့်ရာ၌ ကနုတ်တို့ဖြင့် ညစ်ကျုသောကျောက်ဖျာ၌ နေ၏၊ သန့်ရှင်းစိမ့်သောငှာ မိုးကိုရွာစေအပ်၏"ဟု ကြံကုန်၍ ထိုနတ်တို့သည် မိမိတို့၏ အာနုဘော်ဖြင့် တခဏခြင်းမိုးကို ရွာစေကုန်၏၊ ကျောက်ဖျာအပြင်သည် စင်ကြယ်သန့်ရှင်းစွာ ဖြစ်၏၊ ထို့နောင် ကျောက်ဖျာအထက်၌ ၅-ပါးသောအဆင်းရှိသော ပန်းမိုးကို ရွာစေကုန်၏၊ မြတ်စွာဘုရားသည် ညချမ်းသောအခါ၌ ဇမ္ဗုကအထံသို့ ရောက်၍ ဇမ္ဗုကဟူ၍ခေါ်၏၊ ဇမ္ဗုကလည်း "ဤမကောင်းသောသူသည် ငါ့ကို ဇမ္ဗုကဟူ၍ ခေါ်ဝေါ်၏၊ အဘယ်သူနည်း"ဟု ကြံ၍ "ဇမ္ဗုက-ဟု ငါ့ကိုခေါ်သောသူသည် အဘယ်သူနည်း"ဟု မေး၏၊ "ဇမ္ဗုက၊ ငါ" ဟူ၍ မိန့်တော်မူ၏၊ "အဘယ်အလိုရှိသနည်း ရဟန်းကြီး"ဟူ၍ မေး၏၊ "ဇမ္ဗုက၊ ယနေ့ တစ်ညဉ့် ဤကျောက်ဖျာ၌ နေရာ ငါ့အား ပေးပါ"ဟု ဘုရားမိန့်၏၊ "ရဟန်းကြီး၊ ဤကျောက်ဖျာ၌ နေစရာမရှိ"ဟု ဇမ္ဗုကဆို၏၊ "ဇမ္ဗုက၊ ဤသို့ မပြုလင့် ယနေ့ တစ်ညဉ့် ဤနေရာပေးပါ၊ ရဟန်းတို့သည် ရဟန်းတို့၏အထံသို့ လာကုန်၏၊ လူတို့သည် လူတို့၏အထံသို့ လာကုန်၏၊ နွားတို့သည် နွားတို့၏အထံသို့ လာကုန်၏" ဟူ၍ ဘုရားမိန့်၏။

"အသို့နည်း၊ ရဟန်းပင်လော"ဟု ဇမ္ဗုက မေး၏၊ "ချော်-ဇမ္ဗုက၊ ငါရဟန်းပင်" ဟု မိန့်တော်မူ၏၊ "အကယ်၍ သင်ရဟန်းဟူက အဘယ်၌ ဆီဗူးရှိလေသနည်း၊ အဘယ်၌ မီးမွှေယောက်မ ရှိလေသနည်း" စသည်ဖြင့် ရသေ့အသုံးအဆောင်ကို ဇမ္ဗုကမေး၏၊ "ဇမ္ဗုက၊ ဤသင်မေးသော အလုံးစုံသည်ရှိ၏၊ အသီးအသီးလွယ်ပိုး၍ သွားခြင်းသည် ဆင်းရဲ၏- ဟု ထိုအလုံးစုံကို ငါ၏ကိုယ်တွင်း၌ယူ၍လာသည်"ဟု မိန့်တော်မူ၏၊ ထိုစကားကိုကြားလျှင် "ရဟန်းကြီးမျှသည် ဤအလုံးစုံကို အကယ်၍ ကိုယ်တွင်း၌ ယူ၍သွားနိုင်လတ္တံ့လော"ဟု အမျက်ထွက်၏၊ ထိုအခါ ဇမ္ဗုကကို ဘုရားမိန့်တော်မူ၏၊ "ကိုယ်တွင်း၌ မယူနိုင်သည် ပင်ဖြစ်စေတော့၊ ဇမ္ဗုက၊ အမျက်မထွက်လင့်၊ ငါ့အား နေရာကို ကြားပါ" ဆို၏၊ "ရဟန်းကြီး၊ နေရာမရှိ"ဟု ဆိုပြန်၏၊ ထိုအခါ ဇမ္ဗုက၏နေရာမှ မနီးမဝေး၌ရှိသော တစ်ခုသော တောင်ဝှမ်းကို စုံစမ်းလို၍ ဇမ္ဗုကကို "တောင်ဝှမ်း၌ အဘယ်သူနေသနည်း"ဟု ဘုရားမေး၏။

"ရဟန်းကြီး၊ တစ်စုံတစ်ယောက်သောသူမျှ မရှိ"ဟူ၍ ဇမ္ဗုကဆိုသော် "တောင်ဝှမ်းကိုပင် ငါ့အားပေးပါ"ဟု မိန့်တော်မူ၏၊ "ရဟန်းကြီး၊ သင်သည်ပင် သိလေတော့"ဟု ဇမ္ဗုကဆိုသဖြင့် မြတ်စွာဘုရားသည် ထိုတောင်ဝှမ်း၌ နိသီဒိုင်ကို ခင်း၍ နေတော်မူ၏၊ ညဥ့်ဦးယံ၌ **စတုမဟာရာဇ်နတ်မင်းကြီး** ၄-ယောက်တို့သည် အရပ် ၄-မျက်နှာကို ကိုယ်ရောင်ဖြင့် ထွန်းစေ၍ မြတ်စွာဘုရားအား ခစားလာကုန်၏၊ ဇမ္ဗုကသည် ထိုအရောင်ကို မြင်၍ "အဘယ်အရောင်သည် ရဟန်းကြီးအပါး၌ ဖြစ်လေသနည်း"ဟု ကြံ၏၊ သန်းခေါင်ယံ၌ သိကြားမင်း ခစားလာ၏၊ ဇမ္ဗုကလည်း ထိုသိကြားမင်းကို မြင်၍ "ရဟန်းကြီး အနီး၌နေသော ထိုသူသည် အဘယ်သူဖြစ်လေသနည်း"ဟု ကြံ၏၊ မိုးသောက်ယံ၌ကား လက်ညှိုး ၁-ချောင်းဖြင့် ၁-ခုသောစကြဝဠာကို, ၂-ချောင်းဖြင့် ၂-ခုသောစကြဝဠာကို ထွန်းလင်းစေနိုင်သော မဟာဗြဟ္မာသည် အလုံးစုံသော တောအုပ်ကို တစ်ပြိုင်နက် အရောင်ဖြင့် ထွန်းလင်းသည်တို့ ပြု၍ ခစား၏၊ ထိုဗြဟ္မာမင်းကိုလည်း ဇမ္ဗုကမြင်၍ "အဘယ်သူဖြစ်လေသနည်း"ဟု ကြံ၍ နံနက်စောစော ဘုရားအထံသို့ လာ၍ စေ့စပ်ခြင်း စကားပြောဟောခြင်းကို ပြု၍ တစ်ခုသောအစွန်း၌ ရပ်လျက် မြတ်စွာဘုရားကို မေး၏။

"ရဟန်းကြီး၊ ညဥ့်ဦးယံ၌ သင်၏အထံသို့ အရပ် ၄-မျက်နှာကို ထွန်းလင်းစေ၍ အဘယ်သူလာသနည်း"ဟု မေး၏၊ "ဇမ္ဗုက၊ စတုမဟာရာဇ်နတ်မင်း ၄-ယောက်တို့တည်း" ဟု မိန့်တော်မူ၏၊ "အဘယ့်ကြောင့် လာသနည်း"ဟု မေးပြန်သော် "ငါ့ကို ခစား လာကုန်သည်"ဟု မိန့်တော်မူ၏၊ "သင်ရဟန်းကြီးသည် စတုမဟာရာဇ်နတ်ထက်ပင် မြတ်သလော" ဟု မေး၏၊ "ဩော်-ဇမ္ဗုက၊ ငါသည် စတုမဟာရာဇ်နတ်တို့ထက် မြတ်သည်"ဟု ဘုရား မိန့်တော်မူ၏၊ "သန်းခေါင်ယံ၌ကား အဘယ်သူလာသနည်း"ဟု မေးပြန်၍ "ဇမ္ဗုက၊ သိကြားမင်းတည်း"ဟု မိန့်တော်မူ၍ ရှေးနည်းအတိုင်း မေးပြီးလျှင် "အသို့နည်း သင်ရဟန်းကြီးသည် သိကြားမင်းထက်ပင် မြတ်သလော"ဟု မေးပြန်၏၊ "ဩော်-ဇမ္ဗုက၊ သိကြားမင်း ထက်လည်း ငါသည်လွန်မြတ်သည် ဖြစ်၏၊ ဇမ္ဗုက၊ ဤသိကြားမင်းသည် ငါ့အား သူနာအလုပ်အကျွေးတည်း၊ အပ်သည်, မအပ်သည်ကို ပြုသော **သာမဏေနှင့်အတူပင်**"။

"မိုးသောက်ယံ၌ကား ရဟန်းကြီး၊ အလုံးစုံသော တောအုပ်ကို ထွန်းလင်းစေ၍ အဘယ်သူလာပြန်သနည်း" "ဇမ္ဗုက၊ အကြင်ဗြဟ္မာမင်းကို လောက၌ ပုဏ္ဏားစသော သူတို့သည် မဟာဗြဟ္မာအား ရှိခိုး၏ဟု ဆိုကုန်၏၊ ထိုတောအလုံးကို လင်းစေ၍ လာသောသူသည် ဤဗြဟ္မာမင်းပင်။ "အဘယ်သို့နည်း ရဟန်းကြီး၊ သင်သည် မဟာဗြဟ္မာမင်းထက်ပင် လွန်မြတ်သလော။" "ဩော်-ဟုတ်၏၊ ဇမ္ဗုက၊ ငါသည် မဟာဗြဟ္မာတို့ထက်လည်း

အလွန်မြတ်သော ဗြဟ္မာမင်းပင်။" "ရဟန်းကြီး၊ သင်သည် အံ့ဖွယ်သရဲပင် ဖြစ်ပေတော့သည်၊ ၅၅-နှစ်ပတ်လုံး ဤတောင်၌နေသော ငါ့အား ထိုစတုမဟာရာဇ်နတ်, သိကြား, ဗြဟ္မာတို့တွင် တစ်ယောက်သောသူမျှ ငါ့ကို ခစားအံ့သောငှာ မလာဖူးပါ၊ ရဟန်းကြီး၊ ငါသည် ဤမျှလောက် ၅၅-နှစ် အစွန့်ပတ်လုံး လေကို စား၍ မအိပ်မထိုင် ရပ်လျက်သာ နေပါသည်၊ ငါ့အား အခစားမလာဖူးပါ"ဟု ဆို၏၊ ထိုအခါ၌ မြတ်စွာဘုရားလည်း "ဇမ္ဗုက၊ သင်သည် လောက၌ လူမိုက်များကို လှည့်စားရလျှင် ငါ့ကိုလည်း လှည့်စားချင်ပြန်တော့သလော၊ စင်စစ်လျှင် သင်သည် ၅၅-နှစ်ပတ်လုံး မစင်ကိုသာ စားရသည် မဟုတ်လော၊ မြေ၌သာအိပ်သည် မဟုတ်လော၊ အဝတ်မဝတ် အချည်းစည်း နေသည် မဟုတ်လော၊ သင်၏ဆံကိုပင် တံညှပ်ဖြင့်သာနုတ်ရသည် မဟုတ်လော၊ ထိုသို့ဖြစ်လျက် ငါသည် လေကိုသာ စား၏၊ ခြေတစ်ဖက်ဖြင့်သာ ရပ်၏၊ ငါမထိုင်, ငါမအိပ်-ဟု လူမိုက်များကို လှည့်စားပြီး၍ ငါ့ကို သင်လှည့်စားပြန်သလော၊ ဇမ္ဗုက၊ ရှေးသောအခါ၌ သင်သည် **ယုတ်မာသောအလိုကို** မှီ၍ ဤမျှလောက်သော ၅၅-နှစ်ပတ်လုံး မစင်ကိုသာ စားရသည်၊ မြေ၌သာ အိပ်ရသည်၊ အဝတ်မကပ် အချည်းစည်း နေရသည်၊ ဆံပင်ကို တံညှပ်ဖြင့် နုတ်ရသည်၊ ယခုလည်း မကောင်းသောအယူကို ယူပြန်တော့သလော"ဟု ဘုရားမိန့်၏။

"ရဟန်းကြီး၊ ရှေး၌ကား ငါအဘယ်သို့ ပြုဖူးသနည်း၊ သင်ပြောပါ"ဟု ဆိုလျှင် မြတ်စွာဘုရားသည် ထိုဇမ္ဗုကအား ရှေးကဿပဘုရားလက်ထက်ပြုသော အလုံးစုံကို ကြား၏၊ မြတ်စွာဘုရားဟောကြားစဉ်ပင် ဇမ္ဗုကအား ထိတ်လန့်ခြင်းသည်ဖြစ်၍ အရှက်အကြောက်သည် ရှေးရှုထင်၏၊ ဆောင့်ကြောင့် ထိုင်၏၊ ထိုအခါ ဇမ္ဗုကအား မြတ်စွာဘုရားသည် **ရေသနုပ်တော်**ကို ပစ်လိုက်၍ ပေး၏၊ ဇမ္ဗုကသည် ရေသနုပ်တော်ကို ဝတ်၍ တင့်အပ်သောအရပ်၌ ထိုင်၍ ရှိခိုး၍ နေ၏၊ မြတ်စွာဘုရားအစဉ်စကားကို ပြောဆိုတော်မူ၍ တရားဟောတော်မူ၏၊ တရားဟောတော်မူသည်၏အဆုံး၌ ဇမ္ဗုကသည် ပဋိသမ္ဘိဒါ ၄-ပါးနှင့်တကွ **ရဟန္တာ**အဖြစ်သို့ ရောက်၍ မြတ်စွာဘုရားကို ရှိခိုး၍ နေရာမှထ၍ ဘုရားအနီးသို့ ကပ်၍ ရဟန်းပဉ္စင်းအဖြစ်ကို တောင်း၏၊ ဤမျှလောက်ဖြင့် ထိုဇမ္ဗုကအား ရှေးမကောင်းမှုကံသည် ကုန်ခြင်းသို့ ရောက်၏။

ဤဇမ္ဗုကသည် ရဟန္တာမထေရ်ကို ဆဲရေးခြင်း ၄-ပါးဖြင့် ဆဲရေး၍ ဤနှစ်သိန်း, လေးသောင်းအထုရှိသော မြေကြီးသည် ၁-ယူဇနာနှင့် ၃-ဂါဝုတ်အတိုင်းအရှည် ဟက်သောကာလတိုင်အောင် အဝီစိ၌ ဆင်းရဲခံပြီး၍ မကောင်းမှုအကြွင်းဖြင့် ၅၅-နှစ်ပတ်လုံး မကောင်းသောအစာစသည်ဖြင့် ဤသို့ ဆိုအပ်ပြီးသော ဖောက်ပြန်ခြင်းသို့ ရောက်၏၊ ထိုမကောင်းမှုကုန်ပြီးသော် အနှစ်နှစ်သောင်းပတ်လုံး ကဿပဘုရားလက်ထက်၌ ပြုအပ်

သော ရဟန်းတရားသည် ထိုအကျိုးကို ဖျက်ဆီးအံ့သောငှာ မတတ်နိုင်၊ ထို့ကြောင့် မြတ်စွာဘုရားသည် လက်ျာလက်မောင်းဆန့်၍ “ဧဟိ ဘိက္ခု၊ သမ္မာ စရထ ဒြဟ္မစရိယံ” စသည်ဖြင့် ခေါ်တော်မူသောအဆုံး၌ ပရိက္ခာ ၈-ပါးလွယ်လျက် ၆၀-ဝါရှိပြီးသော မထေရ်ကဲ့သို့ ဖြစ်၏။

## ပူဇော်ပွဲတွင် ကျွတ်တမ်းဝင်ကြခြင်း

ထိုနေ့သည် ဇမ္ဗုကထံသို့ အင်္ဂတိုင်း, မဂဓတိုင်းသူတို့သည် ပူဇော်သက္ကာရများစွာ ယူခဲ့၍ လာသောနေ့တည်း၊ ထို့ကြောင့် ပူဇော်သက္ကာရယူ၍ လာကုန်သော ထိုနှစ်တိုင်းသူတို့သည် ထိုဇမ္ဗုက၏ အခြင်းအရာကို မြင်ကုန်၍ “အသို့နည်း၊ ငါတို့အရှင်ဇမ္ဗုကသည် မြတ်သလော၊ ထိုသို့မဟုတ် ရဟန်းဂေါတမသည် မြတ်သလော”ဟု ကြံကုန်၍ “အကယ်၍ ရဟန်းဂေါတမ မြတ်သည်ဖြစ်အံ့၊ ဇမ္ဗုကသည် ရဟန်းဂေါတမထံသို့ သွားရာ၏၊ ငါတို့အရှင် ဇမ္ဗုကမြတ်သောကြောင့် ရဟန်းဂေါတမသည် အရှင်ဇမ္ဗုက၏အထံသို့ လာရသည်”ဟု ကြံကုန်၏၊ မြတ်စွာဘုရားသည် လူများအကြံကို သိတော်မူ၍ “ဇမ္ဗုက၊ သင်၏အလုပ်အကျွေး ဒကာ, ဒကာမတို့၏ ယုံမှားသက်ာကို ဖြတ်လော့”ဟု မိန့်တော်မူ၏။

“အရှင်ဘုရား၊ အကျွန်ုပ်သည်လည်း ဤသို့ မိန့်တော်မူသော အခြင်းအရာကို တောင့်တ၏”ဟု လျှောက်၍ စတုတ္ထဈာန်ကို ဝင်စား၍ နေရာမှထ၍ ထန်း ၁-ဖျားအမျှ ကောင်းကင်သို့ ပျံ၍ “ဘုန်းတော်ကြီးသော အရှင်ဘုရား၊ အရှင်ဘုရားသာ ဆရာတည်း၊ အကျွန်ုပ်သည် တပည့်တည်း”ဟု လျှောက်၍ ကောင်းကင်မှသက်၍ ဘုရားမြတ်စွာ ခြေရင်း၌ ရှိခိုး၍ တစ်ဖန် ထန်း ၂-ဖျား၌ တက်ပြန်၍ “အရှင်ဘုရားသည် ဆရာတည်း၊ အကျွန်ုပ်သည် တပည့်တည်း”ဟု လျှောက်၍ တစ်ဖန်သက်၍ ရှိခိုး၏၊ ဤကဲ့သို့နည်းဖြင့် တက်ပြန်တုံ, သက်ပြန်တုံ ထန်း ၇-ဆင့်ဖျားတိုင် ပျံတက်၍ လျှောက်ပြီးသော် သက်၍ မိမိ၏တပည့်အဖြစ်ကို သိစေ၏၊ ထိုအခြင်းအရာကို မြင်၍ “ဘုရားဂေါတမ၊ အရှင်ဂေါတမသည် အံ့ဖွယ်ရှိပေစွ၊ မနိုင်းယှဉ်အပ်သော ကျေးဇူးရှိပေ၏”ဟု ချီးမွမ်းကုန်၏၊ မြတ်စွာဘုရားသည် ထိုလူများနှင့် ပြောဟောလိုသည်ဖြစ်၍ “အို-လူများတို့၊ ဤဇမ္ဗုကသည် ဤမျှလောက်သော ကာလပတ်လုံး သင်တို့ဆောင်ခဲ့အပ်သော ပူဇော်သက္ကာရကို သမန်းမြက်ဖျားဖြင့် လျှာဖျား၌ထား၍ ခြိုးခြံသောအကျင့်ကို ဖြည့်၏၊ ဤအရပ်၌နေလျက် အကယ်၍ ဤသို့သောနည်းဖြင့် အနှစ် တစ်ရာတိုင်တိုင် ခြိုးခြံသောအကျင့်ကို ကျင့်အံ့၊ ထိုဇမ္ဗုကသည် ယခုအခါ၌ တင်လဲကိုရင်း ဆွမ်းကိုရင်း အလိုရှိ၍ မစားဘဲဖြစ်၍နေသော ကုသိုလ်စေတနာ၏အကျိုးကို ၁၆-စိတ်စိတ်၍ ၁-စိတ်ကိုမျှ မတူနိုင်ရာ”ဟု မိန့်တော်မူ၍-

**မာသေ မာသေ ကုသဂ္ဂေန၊ ဗာလော ဘုဉ္ဇေယျ ဘောဇနံ။**
**သော အသင်္ခတဓမ္မာနံ၊ ကလံ နဂ္ဃတိ သောဠသိံတိ။ ။**

**အနက်။** ။ ဘောန္တော၊ အို-လူအများတို့။ ယော ဗာလော၊ အကြင်သူမိုက်သည်။ မာသေ မာသေ၊ လတိုင်း, လတိုင်း။ ဧကဝါရံ၊ ၁-ကြိမ်စီ။ ကုသဂ္ဂေန၊ သမန်းမြက်ဖျားဖြင့်။ ဘောဇနံ၊ အစာကို။ ဘုဉ္ဇေယျ၊ စားငြားအံ့။ သော ဗာလော၊ ထိုသူမိုက်သည်။ အသင်္ခတဓမ္မာနံ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးသော သောတာပန် အစရှိသည်တို့၏။ သောဠသိံ၊ ၁၆-စိတ်တွင်။ ကလံ၊ ၁-စိတ်ကိုမျှ။ နဂ္ဃတိ၊ မထိုက်။

ဤတရားတော်ကို ဟောတော်မူသောအဆုံး၌ ရှစ်သောင်း, လေးထောင်ကုန်သော ဝေနေယျတို့သည် အကျွတ်တရားရကုန်၏၊ ဤသို့ အစရှိသော တရားဒေသနာတော်ကို ဟောတော်မူ၍ များစွာသောဝေနေယျတို့ကို ကယ်ချွတ်တော်မူ၏။

✪✪✪✪✪✪✪✪✪✪

## ၁၅၆။ ဝေသာလီပြည်၌ ဘေး ၃-ပါးဆိုက်ရောက်ပုံ
## ရတနသုတ်ပရိတ် အရံအတားပြုရခြင်း

**စတုတ္ထဝါ၌လည်း** ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ ဝါဆိုတော်မူ၏၊ စတုတ္ထဝါ ကပ်တော်မမူမီ ဝေသာလီပြည်သို့ ကြွတော်မူ၏၊ ကြွတော်မူကြောင်းကား တပါးသောအခါ၌ ဝေသာလီပြည်သည် ဝပြော၏၊ သာယာ၏၊ များစွာသောလူတို့ဖြင့် ပြွမ်း၏၊ ထိုဝေသာလီပြည်၌ လူတို့သည် အလှည့်အားဖြင့် မင်းပြုကုန်၏၊ ထိုမင်းတို့သည် **မင်း ၇,၇၀၇-ယောက်** ရှိကုန်၏၊ ထိုမင်းတို့နေရာ ပြာသာဒ်တို့သည် ၇,၇၀၇-ဆောင်ရှိကုန်၏၊ စုလစ်မွန်ချွန်တပ်သောတိုက်သည် ၇,၇၀၇-ခု ရှိ၏၊ ဥယျာဉ်, ရေကန်တို့သည်လည်း ၇,၇၀၇-ခုရှိကုန်၏။

### ဘေး ၃-ပါးဆိုက်ခြင်း

မြတ်စွာဘုရား ရာဇဂြိုဟ်၌ စတုတ္ထဝါဆိုတော်မမူမီ ကာလ၌ကား ဝေသာလီပြည်သည် မိုးခေါင်၏၊ ငတ်မွတ်၏၊ မကောင်းသောကောက် ရှိကုန်၏၊ ထိုဝေသာလီ၌ ငတ်မွတ်သောဘေးဖြင့် ရှေးဦးစွာ လူဆင်းရဲတို့သည် သေကုန်၏၊ ထိုထိုသောအရပ်တို့၌

စွန့်ပစ်စေအပ်ကုန်သော အကောင်ပုပ်တို့၏အနံ့ဖြင့် ဘီလူးတို့သည် မြို့သို့ ဝင်ကုန်၏၊ ဘီလူးတို့သည် နှိပ်စက်သဖြင့် ထိုအခါ၌ များစွာသောလူတို့သည် သေကုန်၏၊ ထိုသူကောင်ပုပ်တို့၏ အနံ့ကို စက်ဆုပ်ရွံရှာသည်ဖြစ်၍ ယဉ်းအနာသည် ဖြစ်၏၊ ဤသို့ **တော်မွတ်သောဘေး, ဘီလူးဘေး, အနာဘေးအားဖြင့်** ဘေး ၃-ပါးတို့သည် ဖြစ်ကုန်၏၊ မြို့၌နေသောသူတို့သည် စည်းဝေးကုန်၍ မင်းအား ဆိုကုန်၏၊ "မြတ်သောမင်းကြီး၊ ဤမြို့၌ ဘေး ၃-ပါးတို့သည် ဖြစ်ကုန်၏၊ ဤအခါမှ ရှေး၌ မင်းမျိုး ၇-ဆက်မြောက်အောင် ဤကဲ့သို့ မဖြစ်ဖူးပါ၊ တရားကို စောင့်သောမင်းတို့၏ကာလ၌ ဤဘေးတို့သည် မဖြစ်ကုန်" ဟူ၍ မင်းကို ရည်၍ ဆိုကုန်၏။

မင်းသည် ဆို၏၊ "အချင်းတို့၊ ပြည်သူတို့ စည်းဝေးသည်ကိုပြု၍ ငါ့အားတရားမစောင့်သောအဖြစ်ကို စိစစ်ကုန်"ဟူ၍ ဆို၏၊ ပြည်သူတို့သည် အလုံးစုံသောမင်း၏ ထုံးအစဉ်ကို စူးစမ်းကုန်သော် မင်းကြီးအား တစ်စုံတစ်ခုသောအပြစ်ကို မမြင်ကုန်မူ၍ "မြတ်သောမင်းကြီး၊ အရှင်မင်းကြီးတို့အား အပြစ်သည် မရှိ"ဟု ဆိုပြီး၍ "အဘယ်သို့သောအကြောင်းဖြင့် ဤဘေးသည် ငြိမ်းခြင်းသို့ ရောက်အံ့နည်း"ဟု တိုင်ပင်ကုန်၏၊ ထိုတိုင်ပင်ရာ၌ အချို့သောသူတို့သည် ဆိုကုန်၏၊ **ဗလိနတ်စာတင်သဖြင့်** တောင်းပန်ခြင်းအစရှိသော မင်္ဂလာကို ပြု၍ ကင်းငြိမ်းရာ၏-ဟု ဆိုသဖြင့် ထိုအလုံးစုံကို စီရင်ကုန်သော်လည်း ငြိမ်းစိမ့်သောငှာ မတတ်နိုင်ကုန်၊ တပါးသောသူတို့သည် ဆိုကုန်၏၊ "လောက၌ ဆရာ ၆-ယောက်တို့သည် ကြီးသောအာနုဘော် ရှိကုန်၏၊ ထိုဆရာတို့သည် ဤအရပ်သို့ လာကာမျှ၌ ဤဘေးတို့သည် ငြိမ်းကုန်ရာ၏"ဟု ဆိုကုန်၏။

အချို့သောသူတို့သည်လည်း "မြတ်စွာဘုရားသည် လောက၌ ထင်ရှားဖြစ်၏၊ ထိုမြတ်စွာဘုရားသည် ဝေနေယျတို့ကို ကျွတ်စိမ့်သောငှာ တရားဟော၏၊ တန်ခိုးကြီး၏၊ အာနုဘော်ကြီး၏၊ ထိုမြတ်စွာဘုရားကြွလာသော် ဘေးငြိမ်းရာ၏"ဟု ဆိုကုန်၏၊ ထိုသူတို့၏ စကားကို အလုံးစုံသောသူတို့သည် နှစ်သက်ကုန်၍ "ယခုအခါ ထိုမြတ်စွာဘုရားသည် အဘယ်အရပ်၌ နေသနည်း"ဟု ဆိုကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် ဗိမ္ဗိသာရမင်းအား ပဋိညာဉ်ကို ဖြေတော်မူလို၍ ဝါဆိုနေ့ နီးလတ်သော် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်၌ နေတော်မူ၏။

ထိုအခါ ထိုလိစ္ဆဝီမင်းတို့၏ အစည်းအဝေး၌ ဗိမ္ဗိသာရမင်းနှင့်အတူတကွသောတာပန်ဖြစ်သော မဟာလိမည်သော လိစ္ဆဝီသည် ထိုပရိသတ်၌ ရှိသည်ဖြစ်၍ ဝေသာလီပြည်သားတို့သည် ကြီးစွာသော လက်ဆောင်ပဏ္ဏာကို စီရင်ကုန်၍ ဗိမ္ဗိသာရမင်းကြီးကို သိစေ၍ "မြတ်စွာဘုရားကို ဤအရပ်သို့ ဆောင်ပါ"ဟု မဟာလိကိုရှင်း

**ပုရောဟိတ်ပုဏ္ဏား၏**သားကိုင်း စေကုန်၏၊ ထိုသူတို့သွားကုန်၍ ဗိမ္ဗိသာရမင်းအား လက်ဆောင်ပဏ္ဏာကို ဆက်၍ "မြတ်သောမင်းကြီး၊ မြတ်စွာဘုရားကို အကျွန်ုပ်တို့မြို့သို့ ကြွပါစေ"ဟူ၍ တောင်းပန်ကုန်၏၊ ဗိမ္ဗိသာရမင်းကြီးက "သင်တို့သည်ပင် မြတ်စွာဘုရားကို လျှောက်လေကုန်"ဆို၍ ထိုမဟာလိတို့သည် မြတ်စွာဘုရားသို့ ကပ်၍ ရှိခိုး၍ "ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော အရှင်ဘုရား၊ ဝေသာလီပြည်၌ ဘေး ၃-ပါး ဖြစ်ကုန်သည်၊ အရှင်ဘုရားတို့ ကြွတော်မူပါကုန်သော် ထိုဘေးတို့သည် ငြိမ်းကုန်လတ္တံ့၊ အရှင်ဘုရား လိုက်တော်မူပါ၊ သွားကုန်အံ့"ဟု တောင်းပန်ကုန်၏။

## မြတ်စွာဘုရား ကြွလာတော်မူခြင်း

မြတ်စွာဘုရားသည် ထိုတမန်တို့၏ စကားကိုကြား၍ ဆင်ခြင်တော်မူသော် "ဝေသာလီပြည်၌ ရတနာ ၃-ပါးကို ဟောသဖြင့် ပရိတ်တော်၏အာဏာတော်သည် စကြဝဠာ **ကုဋေတစ်သိန်း** နှံ့လတ္တံ့၊ ဒေသနာတော်အဆုံး၌ ရှစ်သောင်းလေးထောင်ကုန်သော ဝေနေယျတို့သည် အကျွတ်တရားကို ရကုန်လတ္တံ့၊ ထိုဘေးတို့သည်လည်း ငြိမ်းကုန်လတ္တံ့" ဟု မြင်တော်မူ၍ မြတ်စွာဘုရားသည် ဝန်ခံတော်မူ၏၊ ဗိမ္ဗိသာရမင်းသည် "မြတ်စွာဘုရား ဝေသာလီသို့ ကြွအံ့"ဟု ဝန်ခံတော်မူကြောင်းကို ကြား၍ မြို့၌ ကြွေးကြော်စေ၍ မြတ်စွာဘုရားသို့ ကပ်၍ "အရှင်ဘုရား၊ ဝေသာလီသို့ ကြွတော်မူအံ့လော"ဟု လျှောက်သော် "မင်းကြီး၊ ဩော်-ကြွအံ့"ဟု မိန့်တော်မူ၏၊ "အရှင်ဘုရား၊ ငံ့တော်မူပါဦး၊ ခရီးသုတ်သင် ပြင်ဆင်ပါဦးမည်"ဟု လျှောက်၍ ရာဇဂြိုဟ်မှ ဂင်္ဂါမြစ်တိုင်အောင် ၅-ယူဇနာရှိသော ခရီး၌ မြေကို ညီညွတ်စွာပြု၍ ၁-ယူဇနာ, ၁-ယူဇနာအဆုံး၌ ကျောင်းဆောက်၍ မြတ်စွာဘုရားအား ကြွတော်မူအံ့သောအခါကို လျှောက်၍ မြတ်စွာဘုရားသည် သံဃာတော်နှင့်တကွ ကြွတော်မူ၏။

ဗိမ္ဗိသာရမင်းသည် ၁-ယူဇနာ, ၁-ယူဇနာအတွင်း၌ ၅-ပါးသော အဆင်းရှိကုန်သော သော်ကပန်းတို့ကို ကြဲစေ၍ ပုဆစ်, ဒူးဆစ်မျှဖြစ်စေ၍ တံခွန်ကုပ်ကားစိုက်ခြင်း, ရာဇမတ် ကာရံခြင်း, ငှက်ပျောပင်ရှင်စိုက်ခြင်း, ရေပြည့်အိုးတည်ခြင်း စသည်တို့ကို ပြုစေ၍ မြတ်စွာဘုရားအား လက်ဝဲ, လက်ျာထီးဖြူ ၂-ခုတို့ကိုင်း, တစ်ယောက်တစ်ယောက်သော ရဟန်းအား တစ်ခုတစ်ခုစီသော ထီးဖြူကိုင်း ဆောင်းစေ၍ အခြံအရံနှင့်တကွ ပန်းနံ့သာ အစရှိသည်တို့ဖြင့် ပူဇော်၍ မြတ်စွာဘုရားကို တစ်ခုတစ်ခုသောကျောင်း၌ တည်းနေစေ၍ အလှူကြီးစွာပေး၍, ပေး၍ ၅-ရက်တို့ဖြင့် ဂင်္ဂါမြစ်နားတိုင်အောင် ပို့၍ ထိုဂင်္ဂါ၌လှေကို

တန်ဆာဆင်လျက် လှေဖောင်ကိုပြုစဉ် ဝေသာလီပြည်သားတို့အား "မြတ်စွာဘုရား ကြွတော်မူလာပြီ၊ သင်တို့သည် ခရီးကို သုတ်သင်ပြင်ဆင်၍ ခရီးဦးကြိုဆိုကုန်"ဟု သတင်းစကားကို စေလိုက်၏။

ဝေသာလီပြည်သားတို့သည် '၂-ဆတက် ပူဇော်ကုန်အံ့'ဟု ဂင်္ဂါမှ ဝေသာလီတိုင် ၃-ယူဇနာရှိသော ခရီး၌ မြေကို ညီညွတ်စွာပြု၍ မြတ်စွာဘုရားအား အရှေ့, အနောက်, လက်ဝဲ, လက်ျာ ထီးဖြူ ၄-စင်း၊ တစ်ပါးတစ်ပါးသော ရဟန်းအား ထီးဖြူ ၂-စင်း, ၂-စင်းစီ တို့ဖြင့် ထီးဖြူကိုပြု၍ ပူဇော်ဖွယ်ကို စီရင်လျက် လာ၍ ဂင်္ဂါမြစ်နား၌ တည်ကုန်၏၊ ဗိမ္ဗိသာရ မင်းသည် လှေ ၂-စင်းကို စပ်၍ မဏ္ဍပ်ပြု၍ နံ့သာဆိုင်း, ပန်းဆိုင်း စသည်တို့ဖြင့် တန်ဆာ ဆင်၍ ရတနာ ၇-ပါးဖြင့်ပြီးသော ဘုရားနေရာကို အလယ်၌ခင်း၏၊ ထိုနေရာ၌ မြတ်စွာ ဘုရားနေတော်မူ၏၊ ရဟန်းတို့လည်း လှေသို့တက်၍ ဘုရားကို ခြံရံ၍ နေကုန်၏၊ မင်းကြီး ပို့လိုက်သောအခါ လည်မျိုရှိသော ရေတိုင်အောင် ဆင်း၍ "အရှင်ဘုရား၊ ကြွတော်မူ လာသည်တိုင်အောင် အကျွန်ုပ် ဤဂင်္ဂါနား၌သာ နေနှင့်အံ့"ဟု လျှောက်၍ လှေကိုလွှတ် လိုက်၍ ပြန်၏၊ မြတ်စွာဘုရားသည် ဂင်္ဂါ၌ ၁-ယူဇနာမျှသော အဓွန့်ကိုသွား၍ ဝေသာလီ ဘက်သို့ ကြွတော်မူ၏။

လိစ္ဆဝီမင်းတို့သည် လည်တိုင်အောင်ရေသို့သက်၍ ခရီးဦးကြိုဆို၍ လှေကိုကမ်းသို့ ဆောင်၏၊ မြတ်စွာဘုရားကို လှေမှသက်စေ၍ မြတ်စွာဘုရားကမ်းနား၌ နင်းတော်မူကာ မျှ၌ ကြီးစွာသောမိုးသည် တက်လတ်၍ ပေါက္ခရမိုးကဲ့သို့ ရွာ၏၊ အလုံးစုံသော ဝေသာလီ တိုင်း၌ ပုဆစ်ဒူးမျှရှိသောရေအယဉ်တို့သည် စီးကုန်လျက် ခပ်သိမ်းသောအရပ်၌ အကောင်ပုပ်တို့ကို ဂင်္ဂါသို့ ဝင်စေကုန်၏၊ မြေအဖို့သည် သန့်ရှင်းစင်ကြယ်၏၊ လိစ္ဆဝီမင်း တို့သည် ယူဇနာ, ယူဇနာတိုင်း မြတ်စွာဘုရားကို တည်းနေစေ၍ ၂-ဆတက် ပူဇော်၍ ၃-ရက်တို့ဖြင့် ဝေသာလီပြည်သို့ ဆောင်ကုန်၏၊ သိကြားမင်းသည် နတ်အပေါင်းခြံရံလျက် ဝေသာလီသို့ သွားလေ၏၊ တန်ခိုးကြီးသော နတ်တို့သည် စည်းဝေးလာကုန်၏၊ ရှိနှင့်သော ဘီလူးတို့သည် များစွာပြေးနှင့်ကုန်၏၊ မြတ်စွာဘုရားသည် ညချမ်းသောအခါ မြို့တံခါး၌ ရပ်၍ အာနန္ဒာမထေရ်ကို ခေါ်၍ ရတနသုတ်ပရိတ်ကို တတ်အောင်သင်စေ၍ လိစ္ဆဝီ မင်းသားပျိုတို့နှင့်တကွ သွားစေ၍ "ဝေသာလီပြည် တံတိုင်း ၃-ထပ်တို့၏ အကြား၌ ပရိတ် ကို ရွတ်လော့"ဟု စေ၏။

## ရတနသုတ်ပရိတ်အရံအတားပြုတော်မူခြင်း

အရှင်အာနန္ဒာလည်း တတ်အောင်သင်၍ မြတ်စွာဘုရား၏ ကျောက်သပိတ်တော်ဖြင့် ရေကိုယူ၍ မြို့တံခါး၌ ရပ်၍ "ပဏိဓာနတော ပဋ္ဌာယ တထာဂတဿ" အစရှိသော ပါဠိဖြင့် ဆိုအပ်သော မြတ်စွာဘုရား၏ ၁၀-ပါးသော ပါရမီတော်အစရှိသော အလုံးစုံသော မြတ်စွာဘုရား ကျေးဇူးတော်ဂုဏ်တော်တို့ကို ဆင်ခြင်၍ ဝေသာလီပြည်၏ တံတိုင်း ၃-ထပ်အကြားတို့၌ ညဥ့် ၃-ယံပတ်လုံး ပရိတ်တော်ရွတ်ခြင်းကို ပြုလျက် သွား၏၊ "ယံကိဉ္စိ" ဟူ၍ဆိုကာမျှ၌ အထက်သို့ပစ်အပ်သောရေသည် ဘီလူးတို့၏အပေါ်၌ ကျ၏၊ "ယာနိဓ ဘူတာနိ" အစရှိသည်ကို ဆိုသောအခါမှစ၍ ငွေအဆင်းနှင့်တူသော ရေပေါက်တို့သည် အထက်သို့ တက်၍ သူနာတို့၏အပေါ်၌ ကျကုန်၏၊ ထိုခဏ၌ ကင်းငြိမ်းသော အနာရှိကုန်၍ လူနာလံထတို့သည် အရှင်အာနန္ဒာကို ခြံရံ၍ လိုက်ကုန်၏၊ "ယံကိဉ္စိ" အစရှိသော သုတ်ပုဒ်မှစ၍ ရေပေါက်တို့ဖြင့် တွေ့ကုန်, ထိကုန်သော ရှေး၌မထွက်နေကုန်သော တိုက်နံရံအစရှိသည်တို့၌ မှီ၍နေကုန်သော ဘီလူးတို့သည် ထိုထိုရှေးရှုရာဖြစ်သော တံခါးတို့ဖြင့် ထွက်၍ ပြေးကုန်၏။

တံခါးတို့သည် မဆံ့နိုင်ဖြစ်ကုန်၏၊ ပြေးရာတံခါး မရှိကုန်သော ဘီလူးတို့သည် မြို့တံခါးတိုင်ကို ဖောက်၍, ဖွင့်၍ ပြေးကုန်၏၊ လူများအပေါင်းသည် မြို့လယ်၌ မင်းကွန်းဇရပ်ကို ခပ်သိမ်းသောနံ့သာတို့ဖြင့် လိမ်းကျံ၍ အထက်၌ ရွှေကြယ်အစရှိသည်တို့ဖြင့် ဆန်းကြယ်သော ဗိတာန်ကို မျက်နှာကြက်ဖွဲ့၍ မြတ်စွာဘုရားကို ထိုမင်းကွန်းသို့ ဆောင်၏၊ မြတ်စွာဘုရားသည် ခင်းအပ်သောနေရာ၌ နေတော်မူ၏၊ ရဟန်းသံဃာသည် ၎င်း လိစ္ဆဝီမင်းသား ၇,၇၀၇-ယောက်တို့သည်၎င်း ဘုရားကို ခြံရံ၍ နေကုန်၏၊ နတ်အပေါင်းတို့ဖြင့် ခြံရံလျက် သိကြားမင်းသည်လည်း တင့်အပ်သောအရပ်၌ နေ၏၊ အရှင်အာနန္ဒာသည်လည်း တစ်မြို့လုံးကို ၃-ပတ်လှည့်၍ အလုံးစုံသော အနာလွတ်ငြိမ်းပြီးသောလူ အပေါင်းနှင့်တကွလာ၏၊ မြတ်စွာဘုရားသည် ပရိသတ်ကို ကြည့်တော်မူ၍ ထိုရတနသုတ်ကိုပင် ဟောတော်မူ၏၊ ဒေသနာတော်အဆုံး၌ ရှစ်သောင်း, လေးထောင်သော ဝေနေယျတို့သည် အကျွတ်တရားကို ရကုန်၏၊ သစ္စာ ၄-ပါးတရားကို ထင်ရှားသိကုန်၏၊ မြတ်စွာဘုရားသည် ၇-ရက်ပတ်လုံး ထိုရတနသုတ်ပရိတ်ကိုသာ ရွတ်တော်မူ၏၊ ရှစ်သောင်း, လေးထောင်, ခုနစ်ကျိပ် အကျွတ်တရား ရကုန်၏။

## ဘေး ၃-ပါးငြိမ်း၍ ဘုရားရှင်ကို ပူဇော်ကြခြင်း

မြတ်စွာဘုရားသည် ဘေး ၃-ပါးတို့၏ ငြိမ်းသောအဖြစ်ကို သိတော်မူ၍ လိစ္ဆဝီအပေါင်းကိုခေါ်၍ ဝေသာလီမြို့မှ ထွက်၏၊ လိစ္ဆဝီမင်းတို့သည် ကြွတော်မူလာသော အခါထက် ၂-ဆတက် ပူဇော်၍ ဂင်္ဂါမြစ်နားတိုင်အောင် ၃-ရက်တို့ဖြင့် သွား၍ ပို့လိုက်ကုန်၏၊ ဂင်္ဂါမြစ်၌ နေကုန်သော နဂါးမင်းတို့သည် ကြံကုန်၏၊ "လူတို့သည် မြတ်စွာဘုရားအား ကြီးစွာသော ပူဇော်သက္ကာရကို ပြုကုန်၏၊ ငါတို့သည် အဘယ့်ကြောင့် မပြုကုန်အံ့နည်း"ဟု ကြံကုန်၍ ထိုနဂါးတို့သည် ရွှေလှေ, ငွေလှေ, ပတ္တမြားလှေတို့ကို ဖန်ဆင်း၍ ရွှေပလ္လင်, ငွေပလ္လင်, ပဏ္ဍမြားပလ္လင်တို့ကို ခင်း၍ ဂင်္ဂါမြစ်၌ ရေတစ်ပြင်လုံးကို ၅-ပါးကုန်သောအဆင်းရှိကုန်သော ကြာပဒုမာပွင့်တို့ဖြင့် ဖုံးလွှမ်းသည်ကို ပြု၍ "အရှင်ဘုရား၊ အကျွန်ုပ်တို့ကို ချီးမြှောက်တော်မူပါ၊ အကျွန်ုပ်တို့၏လှေ၌ တက်စီးတော်မူပါ"ဟု တောင်းပန်ကုန်၏။

"လူတို့သည်၎င်း နဂါးတို့သည်၎င်း မြတ်စွာဘုရားကို ပူဇော်ကုန်ပြီ၊ ငါတို့သည် အဘယ့် ကြောင့်မပူဇော်ရှိကုန်အံ့နည်း"ဟု မြေစောင့်နတ်တို့ကို အစပြု၍ အကနိဋ္ဌပြဟ္မာ့ပြည်တိုင်အောင် ခပ်သိမ်းသောနတ်တို့သည် ပူဇော်သက္ကာရကို ပြုကုန်၏၊ ထိုပူဇော်ပွဲ၌ နဂါးတို့သည် ၁-ယူဇနာရှိသော ထီးဖြူတို့ကို ဆောင်းကုန်၏၊ မြေအပြင်၌ သစ်ပင်, တော, တောင်, ခြုံ၌ နေကုန်သော ဘုမ္မစိုးနတ်တို့သည်၎င်း ကောင်းကင်ပြင်၌ နေကုန်သော နတ်တို့သည်၎င်း အောက်နဂါးပြည်မှစ၍ စကြဝဠာတောင်အဆုံးဖြင့် ပြဟ္မာ့ပြည် အကနိဋ္ဌဘုံတိုင်အောင် အဆင့်ဆင့်သော ထီးဖြူတို့ကို ဆောင်းကုန်၏၊ ထီးတို့၏အကြား၌ တံခွန်ကုပ်ကားတို့ကို စိုက်ကုန်၏၊ ထိုထီး, တံခွန်ကုပ်ကားတို့၏အကြား၌ နံ့သာဆိုင်း, ပန်းဆိုင်း, အခိုး, အထုံ, အမွှံစသည်တို့ဖြင့် ပူဇော်ကုန်၏၊ ခပ်သိမ်းသောတန်ဆာတို့ဖြင့် တန်ဆာဆင်ကုန်သော နတ်သားတို့သည် အဆင်းအထူးကို ယူကုန်၍ ကြွေးကြော်ကုန်လျက် ထင်ရှားပြသော ကိုယ်ဖြင့် ကောင်းကင်၌ သွားကုန်၏။

၁။ ဤဂင်္ဂါကူးတော်မူသော အစည်းအဝေး,

၂။ ယမိုက်ပြာဋိဟာပြတော်မူသော အစည်းအဝေး,

၃။ နတ်ပြည်မှ သက်တော်မူသော အစည်းအဝေး,

ဤအစည်းအဝေး ၃-ပါးတို့သည် အဘယ်မျှလောက်ဟူ၍ မချင့်တွက်နိုင်သေး၊ မြတ်စွာဘုရားအား ကြီးစွာသော အစည်းအဝေးတို့တည်း၊ ကမ်းတစ်ဘက်၌ ဗိမ္ဗိသာရမင်း

လည်း "လိစ္ဆဝီမင်းတို့ ပူဇော်သက္ကာရထက် ၂-ဆတက်ပ၍ဇော်အံ့"ဟု မြတ်စွာဘုရား၏ လာခြင်းကို မျှော်၍ နေ၏၊ မြတ်စွာဘုရားသည် ဂင်္ဂါ၏ကမ်းနား ၂-ဘက်တို့၌ ထိုနဂါးမင်းသည် လှေ ၁-စင်း, ၁-စင်း၌ ၁-ဆူ, ၁-ဆူစီသော ထီးဖြူတို့ကိုငင်း ပဒေသာပင်တို့ကိုငင်း ပန်းဆိုင်းတို့ကိုငင်း နဂါးအပေါင်းတို့၏ ကြီးစွာသော အစီအရင်ကို မြင်တော်မူ၍ နဂါးတို့၏အလိုကို သိတော်မူ၍ နဂါးတို့၏ဖန်ဆင်းအပ်သော လှေ ၃-စင်း၌ ရဟန်း ၅၀၀, ၅၀၀-စီ အခြံအရံနှင့်တကွ ဘုရား ၁-ဆူ, ၁-ဆူစီ ဖန်ဆင်းတော်မူ၏။

ထိုနဂါးမင်းသည် ၁-ဆူ, ၁-ဆူသော ထီးဖြူ၏ငင်း ပဒေသာပင်၏ငင်း ပန်းဆိုင်း၏ငင်း အောက်၌ နဂါးအပေါင်းတို့ဖြင့် ခြံရံလျက် ခြံရံလျက်နေသည် ဖြစ်၏၊ ဘုမ္မစိုးနတ် အစရှိသည်တို့၌လည်း ၁-ခု, ၁-ခုသောနတ်တို့၏ အစည်းအဝေး၌ ရဟန်း ၅၀၀, ၅၀၀-အခြံအရံနှင့်တကွ နိမ္မိတဘုရား ၁-ဆူ, ၁-ဆူ ဖန်ဆင်းတော်မူ၏၊ ဤသို့လျှင် အလုံးစုံသော စကြဝဠာတိုက်၌ တစ်ပြိုင်နက် သဘင်ကဲ့သို့ ဖြစ်စေပြီးသော် နဂါးတို့အား ချီးမြှောက်တော်မူလိုသော မြတ်စွာဘုရားသခင်သည် ၁-စင်းသော ရတနာပတ္တမြားဖြင့် ပြီးသော လှေသို့ တက်တော်မူ၏၊ ရဟန်းတို့လည်း ၁-ပါး, ၁-ပါးလျှင် လှေ ၁-စင်း, ၁-စင်းစီ တက်လေကုန်၏၊ နဂါးမင်းသည် ဘုရားအမှူးရှိသော ရဟန်းသံဃာတို့ကို နဂါးပြည်သို့ ဆောင်၍ ၁-ညဥ့်ပတ်လုံး မြတ်စွာဘုရားထံ၌ တရားစကားကို နာ၍ ၂-ရက်မြောက်သောနေ့ မိုးသောက်နံနက်အခါ၌ နတ်၌ဖြစ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ဘုရားအမှူးရှိသော သံဃာတော်တို့ကို လုပ်ကျွေးကုန်၏။

မြတ်စွာဘုရားလည်း ဘုဉ်းပေးပြီးသော် အနုမောဒနာပြု၍ နဂါးပြည်မှ ထွက်တော်မူ၍ အလုံးစုံသောစကြဝဠာတိုက်၌ နတ်တို့သည် ပူဇော်အပ်သည်ဖြစ်၍ ၅၀၀-သောလှေတို့ဖြင့် ဂင်္ဂါမြစ်ကို ကူးတော်မူ၏၊ ဗိမ္ဗိသာရမင်းသည် ခရီးဦးကြိုဆို၍ မြတ်စွာဘုရားကို လှေမှသက်စေ၍ ကြွတော်မူသောအခါ၌ လိစ္ဆဝီမင်းတို့ပြုသော ပူဇော်သက္ကာရထက် ၂-ဆတက်ပြု၍ ၅-ရက်တို့ဖြင့် ရာဇဂြိုဟ်ပြည်သို့ ဆောင်လေ၏။

✪✪✪✪✪✪✪✪✪✪✪

## ၁၅၇။ ဘုရားလောင်း သခ်ပုဏ္ဏား

မြတ်စွာဘုရား ဝေသာလီပြည်မှပြန်၍ ရာဇဂြိုဟ်သို့ရောက်၍ ၂-ရက်မြောက် ဖြစ်သောနေ့၌ ရဟန်းတို့သည် ဆွမ်းခံ၍ရွာမှဖဲ၍ ညချမ်းသောအခါ တရားသဘင်၌ စည်းဝေးကုန်လျက် "အရှင်တို့၊ မြတ်စွာဘုရားတို့၏ တန်ခိုးအာနုဘော်သည် အံ့ဖွယ်ရှိစွ၊

မြတ်စွာဘုရား၌ နတ်လူတို့၏ကြည်ညိုခြင်းလည်း အံ့ဖွယ်ရှိစွ၊ ဂင်္ဂါ၏ဤမှာဘက်, ထိုမှာဘက် အားဖြင့် ၈-ယူဇနာရှိသော ခရီး၌ ဘုရားအားကြည်ညိုခြင်းဖြင့် မင်းတို့သည် မြေကို အညီအညွတ်ပြု၍ သဲအတိကြဲ၍ ပုဆစ်ဒူးနစ်မျှ အထူးထူးအဆင်းရှိသော ပန်းတို့ဖြင့် ခင်းအပ်ကုန်၏၊ ဂင်္ဂါ၌ ရေအပြင်ကိုလည်း နဂါးတို့၏ အာနုဘော်ဖြင့် ၅-ပါးသော အဆင်း ရှိသော ပဒုမာကြာပန်းတို့ဖြင့် ဖုံးလွှမ်း၏၊ အကနိဋ္ဌပြဟ္မာ့ပြည်တိုင်အောင် ထီးထက်ထီးကို ဆင့်၍ ဆောင်းအပ်ကုန်၏၊ အလုံးစုံသော စကြဝဠာတိုက်သည် တစ်ပြိုင်နက် တန်ဆာဆင် သကဲ့သို့ တစ်ပြိုင်နက် သဘင်ကြီးစွာ ခံသကဲ့သို့ဖြစ်၏”ဟူ၍ စကားကို ဖြစ်စေကုန်၏။

မြတ်စွာဘုရား ကြွလာတော်မူ၍ “ချစ်သားရဟန်းတို့၊ သင်တို့ ယခုအခါ အဘယ် စကားဖြင့် စည်းဝေးကုန်သနည်း”ဟု မေး၍ ဤအကြောင်းဟု လျှောက်ကုန်သော် “ချစ်သား ရဟန်းတို့၊ ဤပူဇော်သက္ကာရပွဲသည် ငါ၏တန်ခိုးအာနုဘော်ကြောင့် မဖြစ်ပေ၊ နဂါးတို့၏ အာနုဘော်ကြောင့်လည်း မဖြစ်၊ လွန်လေပြီးသောအခါ သုသိမအမည်ရှိသော ပစ္စေကဗုဒ္ဓါ ဘုရား၏ စေတီတော်ကို **သင်္ခ**အမည်ရှိသော သူတော်ကောင်း၏ အနည်းငယ်မျှသော စွန့်ကြဲခြင်းစေတနာကြောင့် ဖြစ်ပေသည်”ဟု မိန့်၍ ထိုရဟန်းတို့တောင်းပန်သဖြင့် အတိတ် ကို ဆောင်တော်မူ၏။

“ချစ်သားရဟန်းတို့ လွန်လေပြီးသောအခါ တက္ကသိုလ်ပြည်၌ ငါဘုရား အလောင်း သည် သင်္ခမည်သော ပုဏ္ဏားဖြစ်၏၊ သားပုဏ္ဏားလုလင်သည် သုသိမ အမည်ရှိ၏၊ ထိုသားသည် ၁၆-နှစ်ရွယ်အခါ၌ အတတ်ဗေဒင်သင်လို၍ အဖကို ခွင့်တောင်း၏၊ ထိုခွင့်တောင်းသောအခါ “ချစ်သား၊ အတတ်သင်လိုသော် ဗာရာဏသီပြည်၌ ငါ၏ အဆွေဗေဒင်တတ် ရှိ၏၊ ထိုသူ၏အထံသို့သွား၍ သင်လော့”ဟု အဖသည် ဆို၏၊ သုသိမလုလင်သည် “ကောင်းပြီ”ဟု ဝန်ခံ၍ ဗာရာဏသီ၌ ဗေဒင်တတ်သော ပုဏ္ဏား၏ အထံသို့ ကပ်၍ အဘသည် စေအပ်သောအဖြစ်ကို ကြား၏၊ ထိုဒိသာပါမောက္ခဆရာသည် အဆွေ၏သား-ဟု သိမ်းမြန်း၍ သင်စေ၏၊ သုသိမသည် လျင်စွာ, လျင်စွာသင်၏၊ ရပြီးသော အတတ်တို့ကိုလည်း ရွှေအိုး၌စည်ကဲ့သို့ မပျောက်မပျက်ရအောင်ဆောင်၍ မကြာမြင့်မီ ဆရာ့အထံမှ သင်အပ်သောအတတ်ကို တတ်၍ သရဇ္ဈာယ်သောအခါ အတတ်၏ **အစ**, အလယ်, အဆုံးကို ဆင်ခြင်သော် အစ, အလယ်ကိုသာ မြင်၍ အဆုံးကို မမြင်သောကြောင့် ဆရာကို မေး၏။

ဆရာလည်း “ချစ်သား၊ ငါလည်းအဆုံးကို မမြင်”ဟု ဆိုသော် “ဆရာ၊ အဘယ်သူ သည် အဆုံးကို သိပါအံ့နည်း”ဟု မေး၏၊ “ချစ်သား၊ ဣသိပတန မိဂဒါဝုန်တော၌ ရသေ့တို့သည် သိကုန်ရာ၏၊ ထိုရသေ့တို့ကို မေးပါချေလော့”ဟု ဆရာဆိုသဖြင့်

သုသိမလုလင်သည် ပစ္စေကဗုဒ္ဓါဘုရားတို့သို့ ကပ်၍ မေးလေ၏၊ "အရှင်ဘုရားတို့ သည် ဗေဒင်၏ အဆုံးကို သိပါကုန်၏လော"ဟု မေး၏၊ "ငါတို့သိ၏"ဟု ဆိုသော် "အကျွန်ုပ်အား အဆုံးကို ကြားပါ"ဟု လျှောက်၍ "လုလင်၊ ငါတို့ကဲ့သို့ ရဟန်းမပြုသော သူအား မကြား၊ ထိုအတတ်၏အဆုံးကို သိလိုသော် ရဟန်းပြုလော့"ဟူ၍ ဆိုကုန်၏၊ လုလင်သည် "ကောင်းပြီ"ဟု ဝန်ခံ၍ ပစ္စေကဗုဒ္ဓါတို့၏အထံ၌ ရဟန်းပြု၏၊ ထိုရောအခါ ရဟန်းသစ်ကို ရှေးဦးစွာ "ဤအကျင့်ကို ကျင့်လော့၊ ဤသို့ဝတ်၍ ဤသို့ ရုံအပ်၏၊" ဤသို့ အစရှိသဖြင့် **အဘိသမာစာရိကဝတ်**ကို ထိုအရှင်ပစ္စေကဗုဒ္ဓါတို့သည် ကြားကုန်၏။

ထိုသုသိမလုလင်သည် ဥပနိဿယနှင့် ပြည့်စုံသည်ဖြစ်၍ အဘိသမာစာရိကဝတ်ကို ကျင့်၍ မကြာမြင့်မီ ပစ္စေကဗုဒ္ဓါဘုရားဖြစ်လျက် ကောင်းကင်ပြင်၌ လပြည့်ဝန်းကဲ့သို့ ဗာရာဏသီပြည်၌ ထင်ရှားစွာဖြစ်၍ လာဘ်သပ္ပကာများသောအဖြစ်သို့ ရောက်၏၊ ထိုသုသိမ ပစ္စေကဗုဒ္ဓါသည် ရှေး၌ အသက်ကို တိုစေတတ်သောကံကို ပြုခဲ့ဖူးသောကြောင့် မကြာမြင့်မီ ပရိနိဗ္ဗာန်ပြုလေ၏၊ ထိုအခါ၌ ပစ္စေကဗုဒ္ဓါဘုရားတို့သည်၎င်း လူများအပေါင်း တို့သည်၎င်း အကောင်ဖုတ်ခြင်းကိစ္စကိုပြု၍ ဓာတ်တော်ကိုယူ၍ မြို့တံခါး၌ စေတီ တည်လေကုန်၏၊ အဖသခ်ပုဏ္ဏားသည်လည်း "ငါ၏သား သွားသည်ကြာပြီ၊ အကြောင်းကို သိအောင်ပြုအံ့"ဟု သားကို မြင်လိုသဖြင့် တက္ကသိုလ်မှ ဗာရာဏသီသို့သွား၍ ရောက်လေ သော် လူအပေါင်းစည်းဝေးသည်ကို မြင်၍ "မချွတ် ဤသူအပေါင်းတို့တွင် တစ်ယောက် ယောက်သည် ငါ့သား၏ အကြောင်းကို သိလတ္တံ့"ဟု အနီးသို့ကပ်၍ မေးလေ၏။

"အမောင်တို့၊ သုသိမအမည်ရှိသော လုလင်သည် ဤပြည်သို့ သွားပါလေသည်၊ ထိုလုလင်၏အကြောင်းကို သိပါကုန်၏လော"ဟု မေးသော် "ပုဏ္ဏား၊ ငါတို့သိကုန်၏၊ ဤမည်သောပုဏ္ဏား၏အထံ၌ ဗေဒင် ၃-ပုံကို သင်၍တတ်ပြီးလျှင် ရဟန်းပြု၍ ပစ္စေကဗုဒ္ဓါ ဘုရားဖြစ်၍ ပရိနိဗ္ဗာန်ပြုပြီ၊ ဤစေတီသည် သုသိမ ပစ္စေကဗုဒ္ဓါဘုရား၏ဓာတ်တော်တို့ကို ဌာပနာ၍ တည်အပ်၏"ဟူ၍ ကြားကုန်၏၊ သခ်ပုဏ္ဏားသည် လက်ဖြင့်မြေကို ယက်၍ ငိုကြွေးမြည်တမ်း၍ စေတီပြင်သို့ သွား၍ မြက်တို့ကိုသုတ်သင်၍ အပေါ် ရုံပုဆိုးဖြင့် သဲကို ရွက်ဆောင်၍ စေတီပြင်၌ ကြဲ၍ ကရားမှရေဖြင့် ဖျန်းသွန်း၍ တောပန်းတို့ဖြင့် ပူဇော်၍ အပေါ် ရုံပုဆိုးဖြင့် တံခွန်ကုပ်ကားပြု၍ မိမိဆောင်းသောထီးကို စေတီ၌ဆောင်း၍ ရှိခိုး ဝတ်တက်ပြု၍ တက္ကသိုလ်ပြည်သို့ ပြန်လေ၏။

ဤသို့ မြတ်စွာဘုရားသည် အတိတ်ကို ဆောင်တော်မူ၍ "ချစ်သားရဟန်းတို့၊ ထိုအခါ၌ သခ်အမည်ရှိသော ပုဏ္ဏားသည် ငါဖြစ်၏၊ ငါသည် သုသိမပစ္စေကဗုဒ္ဓါ ဘုရားစေတီပြင်၌ မြက်တို့ကို သုတ်သင်၏၊ ထိုကောင်းမှုအကျိုးကြောင့် ၈-ယူဇနာခရီး၌ မြေကို ခလုပ်, သစ်ငုပ် တူးဆွ၍ အညီအညွတ် ပြုကုန်၏၊ သဲကြဲ၍ ကရားမှရေကို ဖျန်းသော

ကောင်းမှုကြောင့် ၈-ယူဇနာရှိသောခရီးကို သဲဖြင့်ကြဲကုန်၏၊ တောပန်းဖြင့် ပူဇော်သော ကောင်းမှုကြောင့် ၈-ယူဇနာခရီး၌ အထူးထူးသောပန်းတို့ကို ပုဆစ်ဒူးမျှ ခင်းကုန်၏၊ ၁-ယူဇနာရှိသော ဂင်္ဂါမြစ်ရေအပြင်၌ နဂါးတို့သည် ၅-ပါးအဆင်းရှိသော ပဒုမာကြာတို့ဖြင့် လွှမ်းကုန်၏၊ ကရားမှရေကို ဖျန်းသောကောင်းမှုကြောင့် ဝေသာလီပြည်၌ ပေါက္ခရဝဿမိုး ရွာ၏၊ ငါသည် တံခွန်, ထီးလှူသောကောင်းမှုကြောင့် နဂါးပြည်ကသည် အကနိဋ္ဌပြဟ္မာ့ပြည်တိုင်အောင် တံခွန်-ကုက္ကားတို့သည်ရင်း အဆင့်ဆင့်သော ထီးတို့သည်ရင်း ဖြစ်ကုန်၏၊ အလုံးစုံသော စကြဝဠာတိုက်သည် တစ်ပြိုင်နက် သဘင်ကြီးစွာ ခံသကဲ့သို့ ဖြစ်၏၊ ဤပူဇော်သက္ကာရသည် ငါ၏တန်ခိုးအာနုဘော်ကြောင့် မဖြစ်၊ နတ်, နဂါး, ပြဟ္မာတို့၏ တန်ခိုးအာနုဘော်ကြောင့်လည်း မဖြစ်၊ ရှေး၌ အနည်းငယ်မျှ စွန့်ကြဲခဲ့ဖူးသော ကောင်းမှုကြောင့်သာ ဖြစ်သည်-ဟု မိန့်တော်မူ၍-

**မတ္တာသုခပရိစ္စာဂါ၊ ပဿေ စေ ဝိပုလံ သုခံ။**
**စဇေ မတ္တံ သုခံ ဓီရော၊ သံပဿံ ဝိပုလံ သုခံ။**

ဟူသောတရားကို ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ မတ္တာသုခပရိစ္စာဂါ၊ အနည်းငယ်မျှသော ချမ်းသာကို စွန့်ခြင်းကြောင့်။ ဝိပုလံ၊ ပြန့်ပြောမွန်မြတ်သော။ သုခံ၊ ချမ်းသာကို။ စေ ပဿေ၊ အကယ်၍ မြင်ငြားအံ့။ ဝိပုလံ၊ ပြန့်ပြောသော။ သုခံ၊ ချမ်းသာကို။ သံပဿံ သံပဿန္တော၊ ကောင်းစွာ ရှုသော။ ဓီရော၊ ပညာရှိသည်။ မတ္တံ သုခံ၊ အနည်းငယ်မျှသော ချမ်းသာကို။ စဇေ၊ စွန့်ရာ၏။

ဤဒေသနာတော်အဆုံး၌ တရားနာပရိသတ်တို့သည် သောတာပတ္တိဖိုလ် အစရှိသည်တို့သို့ ရောက်ကုန်၏၊ ဘုရားဖြစ်တော်မူ၍ ၄-ဝါမြောက် ဝါမဆိုမီ နယုန်လပြည့်ကျော်၊ ၅-ရက်နေ့ ရာဇဂြိုဟ်မှ ဝေသာလီသို့ ဂင်္ဂါကို ကူး၍ ကြွတော်မူ၏၊ ဝါဆိုလပြည့်နေ့ ရာဇဂြိုဟ်သို့ ပြန်ရောက်တော်မူ၏၊ လပြည့်ကျော် ၁-ရက်နေ့ **သင်္ခဇာတ်ကို** ဟောတော်မူ၏၊ မြတ်စွာဘုရား အနောမာမြစ်နား၌ ရဟန်းပြုတော်မူ၍ အနုပိယသရက်တော၌ ၇-ရက်နေတော်မူ၍ အနုပိယသရက်တောမှ ယူဇနာ ၃၀-ကွာသော ရာဇဂြိုဟ်ပြည်သို့ နေ့ချင်းကြွတော်မူ၍ ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံ၍ မြို့အရှေ့ ပဏ္ဍဝတောင်ရိပ်၌ ဆွမ်းဘုဉ်းပေးရာ၌ ဗိမ္ဗိသာရမင်းကြီးယူအပ်သော ပဋိညာဉ်ကို ဖြေတော်မူသည်ဖြစ်၍ ဘုရားအဖြစ်သို့ ရောက်ပြီးလျှင် ပဌမဝါမိဂဒါဝုန်၌ ဝါဆိုတော်မူ၏၊ ဒုတိယဝါ, တတိယဝါတို့ကို ဝေဠုဝန်ကျောင်းတော်၌ ဝါဆိုတော်မူပြီး၍ စတုတ္ထဝါကိုလည်း ဝေဠုဝန်ကျောင်းတော်၌ပင် ဆိုတော်မူ၏။

✪✪✪✪✪✪✪✪✪✪✪

## ၁၅၈။ ဗုဒ္ဓကိစ္စတော် ၅-ပါး

## ပုရေဘတ္တကိစ္စ

ခပ်သိမ်းသောအရပ်တို့၌ သီတင်းသုံးနေတော်မူကုန်သော ဘုရားရှင်တို့အား-

- **ပုရေဘတ္တကိစ္စ,** - **ပစ္ဆာဘတ္တကိစ္စ,**
- **ပဌမယာမကိစ္စ,** - **မဇ္ဈိမယာမကိစ္စ,**
- **ပစ္ဆိမယာမကိစ္စ** တည်း-

ဟူသော ဤ ၅-ပါးသောကိစ္စတို့ကို မစွန့်မူ၍သာလျှင် နေတော်မူကုန်၏၊ ထို ၅-ပါးတို့တွင်-

၁။ **ပုရေဘတ္တကိစ္စ**-ဟူသော်ကား မြတ်စွာဘုရားသည် နံနက်အခါ၌ ထတော်မူ၍ ဒါယကာတို့ကို ချီးမြှောက်အံ့သောငှာရင်း ကိုယ်တော်၏ချမ်းသာစေခြင်းငှာရင်း မျက်နှာသစ်ခြင်းအစရှိသော ကိုယ်တော်၏ပရိကံကို ပြုတော်မူ၍ ဆွမ်းစားအခါတိုင်အောင် ဆိတ်ငြိမ်ရာအရပ်၌ နေတော်မူ၍ ဂန္ဓကုဋီနံရံတော်မှစ၍ စကြဝဠာတံတိုင်းဆိုက်အောင် ဗုဒ္ဓစက္ခုဖြင့် ဝေနေယျတို့ကို ရှုကြည့်တော်မူသဖြင့် လွန်စေ၍ ဆွမ်းခံအခါ၌ သင်းပိုင်တော်ကို ပြင်ဝတ်၍ ခါးပန်းဆီး၍ ဒုကုဋ်ကိုယ်ဝတ်တို့ကို ရုံ၍ သပိတ်တော်ကို ယူ၍ တစ်ရံတစ်ခါ ကိုယ်တော်ထီး, တစ်ရံတစ်ခါ ရဟန်းသံဃာခြံရံလျက် ရွာနိဂုံးတို့သို့ ဆွမ်းခံဝင်တော်မူ၏၊ တစ်ရံတစ်ခါ ပကတိဝင်တော်မူ၏၊ တစ်ရံတစ်ခါ အထူးထူးသော ပြာဋိဟာကို ဖြစ်စေလျက် ဝင်တော်မူ၏။

အဘယ်သို့ ဖြစ်စေသနည်းဟူမူကား ဆွမ်းခံဝင်တော်မူသော မြတ်စွာဘုရား၏ ရှေ့မှ, ရှေ့မှသွား၍ နူးညံ့ဖြည်းညှင်းစွာသော လေသည် မြေကို သုတ်သင်၏၊ တိမ်တိုက်တို့သည် ရေပေါက်တို့ကို လွှတ်ကုန်လျက် ခရီး၌မြူကို ငြိမ်းစေလျက် အထက်၌ ဇိတာန်ဖြစ်စေလျက် တည်ကုန်၏၊ တပါးသော လေတို့သည် ပန်းပွင့်တို့ကို ဆောင်၍ ခရီး၌ ကြဲကုန်၏၊ မြင့်သော မြေတို့သည် နိမ့်ကုန်၏၊ နိမ့်သောမြေတို့သည် တက်ကုန်၏၊ ခြေတော်ချသောအခါ၌ အညီအညွတ် ဖြစ်၏၊ ကောင်းသောအတွေ့ ရှိကုန်သော ပဒုမာကြာပန်းတို့သည် ခြေတော်တို့ကို ခံကုန်၏၊ တံခါးခုံ၏အတွင်း၌ လက်ျာခြေဘဝါး တော်ကို ချကာမျှ၌ ကိုယ်တော်မှ ၆-သွယ်သော ရောင်ခြည်တော်တို့သည် ထွက်ကုန်၍ ရွှေရည်ဖြင့် သွန်းဘိသကဲ့သို့, ရွှေပြားဖြင့် ရုံအပ်ဘိသကဲ့သို့ နံရံ, အမိုး, စုလစ်မွမ်းချွန် အစရှိသည်တို့ကို ပြုကုန်လျက် ထိုမှ, ဤမှ ပြေးကုန်၏။

ဆင်, မြင်း, ကျေးငှက်အစရှိသည်တို့သည် နေရာ၌ တည်ကုန်လျက် သာယာစွာသော အသံကို မြည်ကုန်၏၊ စည်, စောင်းငြင်း, ထက်စည် အစရှိသည်တို့သည်လည်း လူမတီးဘဲ အလိုလိုမြည်ကုန်၏၊ လူတို့ကိုယ်၌ ဆင်သော ခြေကျဉ်း, နားဒေါင်း, လက်ကောက် အစရှိသော တန်ဆာတို့သည် အလိုလိုမြည်ကုန်၏၊ ထိုအမှတ်ဖြင့် လူတို့သည် ယနေ့ ဤမြို့, ဤရွာ၌ ဆွမ်းခံဝင်တော်မူ၏-ဟု သိကုန်၍ ကောင်းစွာ ဝတ်ရုံကုန်လျက် ဆွမ်း, ကွမ်း, လဘက်, နံ့သာပန်းအစရှိသည်တို့ကို ယူကုန်လျက် အိမ်မှထွက်၍ ခရီးမ၌ သွား၍ မြတ်စွာဘုရားကို ရိုသေစွာပူဇော်ကုန်လျက် ရှိခိုးကုန်၍ "အရှင်ဘုရား၊ အကျွန်ုပ်တို့အား ၁-ကျိပ်သော သံဃာကို ပေးပါ၊ ၂-ကျိပ်သော သံဃာကို ပေးပါ၊ တရားပေးတော်မူပါ" အစရှိသည်ဖြင့် တောင်းကုန်၍ မြတ်စွာဘုရား သပိတ်တော်ကို ယူ၍ နေရာခင်း၍ ကောင်းမွန်ရိုသေစွာ ဆွမ်းဖြင့် လုပ်ကျွေးကုန်၏။

မြတ်စွာဘုရားသည် ထိုသူတို့၏ ပါရမီဉာဏ်ကို ကြည့်တော်မူ၍ ထိုသူတို့နှင့်လျော်စွာ တရားဟောတော်မူ၏၊ အချို့သောသူတို့သည် သရဏဂုံ၌ တည်ကုန်၏၊ အချို့သောသူတို့သည် သောတာပန်, သကဒါဂါမ်, အနာဂါမ်ဖြစ်ကုန်၏၊ အချို့သောသူတို့သည် ရဟန္တာဖြစ်၍ ရဟန်းပြုကုန်၏၊ ထိုသို့လူများအပေါင်းကို ချီးမြှောက်တော်မူ၍ နေရာမှထ၍ ကျောင်းသို့ကြွတော်မူ၍ ဂန္ဓကုဋီအစည်းအဝေး၌ ခင်းအပ်သောဘုရားနေရာ၌ နေတော်မူလျက် ရဟန်းတို့၏ ဆွမ်းစားပြီးအခါကို ငံ့တော်မူ၏၊ ရဟန်းတို့ဆွမ်းစားပြီးသော အဆုံး၌ အလုပ်အကျွေးတော်သည် ကြားလျှောက်၏၊ ထိုအခါ၌ မြတ်စွာဘုရားသည် ဂန္ဓကုဋီသို့ ဝင်တော်မူ၏။

(ဤဆိုအပ်ပြီးသည်လျှင် ဆွမ်းမစားမီ ပြုအပ်သောမြတ်စွာဘုရား၏ ပုရေဘတ္တကိစ္စတည်း။)

## ပစ္ဆာဘတ္တကိစ္စ

၂။ ဤသို့ ဆိုအပ်ပြီးသောနည်းဖြင့် ပြုအပ်သော ဆွမ်းစားခြင်းကိစ္စရှိသော မြတ်စွာဘုရားသည် ဂန္ဓကုဋီ ညီမူရာ၌ ထိုင်တော်မူ၍ ခြေတော်တို့ကို ဆေး၍ ခြေဆေးအင်းပျဉ်၌ ရပ်၍ "ချစ်သားရဟန်းတို့၊ မမေ့မလျော့ခြင်းနှင့် ပြည့်စုံစေကုန်၊ လောက၌ ဘုရားဖြစ်သောအခါကို ရခဲ၏၊ လူ၏အဖြစ်ကို ရခဲ၏၊ ခဏနှင့်ပြည့်စုံခြင်းကို ရခဲ၏၊ ရဟန်းအဖြစ်ကို ရခဲ၏၊ သူတော်ကောင်းတရားစကားကို ကြားနာရခဲ၏၊ ဤသို့ ရဟန်းတို့ကို ဆုံးမ၏၊ ထိုအရပ်၌ အချို့သောရဟန်းတို့သည် ကမ္မဋ္ဌာန်းကို ယူကုန်၏၊ ထိုရဟန်းတို့အား

စရိုက်နှင့်လျော်စွာ ကမ္မဋ္ဌာန်းကို ပေး၏၊ ထို့နောင်မှ အလုံးစုံသော ရဟန်းတို့သည် မြတ်စွာဘုရားကို ရှိခိုး၍ မိမိတို့၏ညဉ့်နေရာ, နေ့နေရာအရပ်တို့သို့ သွားလေကုန်၏၊ အချို့သောရဟန်းတို့သည် တောသို့, အချို့ကား သစ်ပင်ရင်းသို့, အချို့ကား တောင်ခေါင်းအစရှိသည်သို့, အချို့ကား စတုမဟာရာဇ်သို့, အချို့ကား တာဝတိံသာ, ယာမာ, တုသိတာ, နိမ္မာနရတိ, ပရနိမ္မိတ ဝသဝတ္တီသို့ သွားကုန်၏။

ထို့နောင်မှ မြတ်စွာဘုရားသည် ဂန္ဓကုဋီသို့ ဝင်၍ အလိုတော်ရှိအံ့၊ လက်ျာနံပါးဖြင့် သတိအဆင်အခြင်နှင့်ပြည့်စုံတော်မူသည်ဖြစ်၍ တစ်ခဏမျှ သီဟသေယျဖြင့် ကျိန်းစက်တော်မူ၏၊ ထိုအခါ မျှစေအပ်ပြီးသော ခတ်ရှိသော မြတ်စွာဘုရားသည် ထတော်မူ၍ **ဒုတိယအဖို့၌** ဗုဒ္ဓစက္ခုဖြင့် စကြဝဠာနားစသည်မှ ဂန္ဓကုဋီနံရံဆိုက်အောင် ဆုတ်ခဲ့၍ ဝေနေယျကို ကြည့်တော်မူ၏၊ **တတိယအဖို့၌** အကြင် ရွာနိဂုံးကို မှီ၍ နေ၏၊ ထိုရွာနိဂုံး၌ လူအပေါင်းတို့သည် နံနက်အခါ အလှူပေးပြီး၍ ညချမ်း၌ ကောင်းသောဝတ်ခြင်း, ကောင်းသောရုံခြင်း ရှိကုန်သည်ဖြစ်၍ ပန်း, နံ့သာအစရှိသည်ကို ယူ၍ ကျောင်း၌ စည်းဝေးကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် ရောက်လာသောပရိသတ်နှင့်လျော်စွာ တန်ခိုးပြာဋိဟာဖြင့် ကြွတော်မူ၍ တရားသဘင်၌ ခင်းအပ်သော ဘုရားနေရာ၌နေ၍ အခါနှင့်လျောက်ပတ်စွာ တရားဟောတော်မူ၏၊ တရားဟောပြီးသော် ပရိသတ်တို့သည် ဘုရားကိုရှိခိုး၍ သွားလေကုန်၏။

(ဤသို့ ဆိုအပ်ပြီးသည်ကား မွန်းလွဲသောအခါ၌ ပြုအပ်သော ပစ္ဆာဘတ္တကိစ္စတည်း)

## ပုရိမယာမကိစ္စ

၃။ ဤသို့ မွန်းလွဲသောအခါ ပြုအပ်ပြီးသောကိစ္စရှိသော မြတ်စွာဘုရားသည် အကယ်၍ ရေသပ္ပါယ်တော်မူလိုအံ့၊ ဘုရားနေရာတော်မှထ၍ ရေချိုးအိမ်သို့ ဝင်၍ အလုပ်အကျွေးတော်သည် စီရင်ထားအပ်သောရေဖြင့် ကိုယ်တော်ကို ချမ်းသောဥတုကို ယူစေ၍ အလုပ်အကျွေးတော်သည် ဘုရားနေရာကို ယူ၍ ဂန္ဓကုဋီပရိဝုဏ်၌ ခင်း၏၊ မြတ်စွာဘုရားသည် ကောင်းစွာဆိုးအပ်သော ၂-ထပ်သော သင်းပိုင်တော်ကို ဝတ်၍ ခါးပန်းတော်ကို ဖွဲ့၍ ကိုယ်ရုံတော်ကို ပခုံး ၁-ဘက်၌ စမွယ်တင်ပြု၍ ထိုနေရာသို့ကြွ၍ ကိုယ်တော်ထီး တမုဟုတ်မျှ တစ်ခုတည်းသော အာရုံကို မှီ၍ နေတော်မူ၏၊ ထိုအခါ ရဟန်းတို့သည် ထိုထိုသော အရပ်မှ လာကုန်၍ မြတ်စွာဘုရားအား ခစားကုန်၏၊

အချို့သောရဟန်းတို့သည် ပြဿနာကို မေးကုန်၏၊ အချို့တို့သည် ကမ္မဋ္ဌာန်းကို မေးကုန်၏၊ အချို့တို့သည် တရားဟောခြင်းကို တောင်းပန်ကုန်၏၊ မြတ်စွာဘုရားသည် ထိုရဟန်းတို့၏ အလိုကိုပြည့်စုံစေလျက် ညဉ့်ဦးယံကို လွန်စေ၏။

(ဤသို့ ဆိုအပ်ပြီးသည်ကား ညဉ့်ဦးယံ၌ ပြုတော်မူအပ်သော ပုရိမယာမကိစ္စတည်း)

## မဇ္ဈိမယာမကိစ္စ

၄။ ညဉ့်ဦးယံလွန်ပြီးသောအဆုံး၌ မြတ်စွာဘုရားကို ရှိခိုးဦး၍ ရဟန်းတို့ ဖဲကုန်ပြီးသော် တစ်သောင်းသော လောကဓာတ်၌နတ်တို့သည် အခွင့်ကို ရကုန်သည်ဖြစ်၍ မြတ်စွာဘုရားသို့ ကပ်၍ ပြဿနာမေးကုန်၏၊ အကြင်အခြင်းဖြင့် စီရင်ခဲ့အပ်သော အယုတ်သဖြင့် အက္ခရာ ၄-လုံးကိုမျှလည်း ထိုနတ်တို့၏ပြဿနာကို မြတ်စွာဘုရားသည် ဖြေတော်မူ၍ သန်းခေါင်ယံကို လွန်စေ၏။

(ဤသို့ ဆိုအပ်ပြီးသည်ကား သန်းခေါင်ယံ၌ ပြုတော်မူအပ်သော မဇ္ဈိမယာမကိစ္စ တည်း။)

## ပစ္ဆိမယာမကိစ္စ

၅။ မိုးသောက်ယံကိုကား ၃-ဖို့ပြု၍ နံနက်ဆွမ်းမစားမီ အခါမှစ၍ ထိုင်ခြင်းဖြင့် နှိပ်စက်အပ်သော ကိုယ်တော်၏ ညောင်းညာသောအဖြစ်မှ လွတ်စေခြင်းငှာ မိုးသောက်ယံတွင် ရှေးဦးတစ်ဖို့ကို စင်္ကြံသွားသဖြင့် လွန်တော်မူစေ၏၊ ဒုတိယအဖို့၌ ဂန္ဓကုဋီသို့ ဝင်တော်မူ၍ လက်ျာနံတောင်းဖြင့် ခြင်္သေ့မင်း၏အိပ်ခြင်းကို ပြုတော်မူ၏၊ တတိယအဖို့၌ စောစောထ၍ ထိုင်၍ ရှေးဘုရားတို့၏ အထံ၌ ဒါန, သီလ အစရှိသည်၏ အစွမ်းအားဖြင့် ပြုအပ်သော ကောင်းမှုရှိသော ပုဂ္ဂိုလ်ကို ရှုအံ့သောငှာ ဗုဒ္ဓစက္ခုဖြင့် လောကကို ရှုကြည့်တော်မူ၏။

(ဤသို့ ဆိုအပ်ပြီးသည်ကား မိုးသောက်ယံ၌ ပြုတော်မူအပ်သော ပစ္ဆိမယာမ ကိစ္စတည်း။)

✪✪✪✪✪✪✪✪✪✪✪

## ၁၅၉။ သူဌေးသားဥဂ္ဂသေနအကြောင်း

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ နေတော်မူသောအခါ၌ သူဌေးသား ဥဂ္ဂသေနကို အကြောင်းပြု၍ "မုဉ္စ ပုရေ" အစရှိသောတရားတော်ကို ဟောတော်မူ၏၊ ဟောတော်မူသောအကြောင်းကား ၅၀၀-ကုန်သော ကခြေသည်တို့သည် ၁-နှစ်သော်ငြား ၆-လသော်ငြား ရောက်သည်ရှိသော် ရာဇဂြိုဟ်ပြည်သို့ လာ၍ ဗိမ္ဗိသာရမင်း၏ အထံ၌ ၇-ရက်ပတ်လုံး သဘင်ကို ပြု၍ များစွာသော ရွှေ, ငွေတို့ကို မင်းမှရကုန်၏၊ အကြား, အကြား၌ ဦးရစ်ပေးခြင်း အစရှိသည်တို့၏ အရေအတွက်မည်သည်ကား မရှိ၊ လူများတို့သည် အဆင့်ဆင့်သော ညောင်စောင်းတို့ကို ပြုကုန်၍ ကခြေသဘင်ကို ရှုကုန်၏။

ထိုအခါ တစ်ယောက်သော ကျွမ်းသမား၏သမီးသည် ကျွမ်းတန်းဝါးသို့ တက်၍ ထိုကျွမ်း၏ အထက်၌ ကျွမ်းထိုး၍ တန်း၏အဆုံး၌ ကောင်းကင်၌သွားလျက် ကလည်း က၏၊ သီလည်း သီ၏၊ ထိုအခါ ဥဂ္ဂသေနမည်သော သူဌေးသားသည် အဖော်နှင့်တကွ ညောင်စောင်းထက်၌နေ၍ ထိုကခြေသည်မကို ကြည့်၍ ထိုကခြေသည်၏လက်ပစ်ခြင်းတို့၌ ဖြစ်သော ချစ်ခြင်း ရှိသည်ဖြစ်၍ အိမ်သို့သွား၍ "ထိုကျွမ်းသမား၏သမီးကိုရသော်ကား အသက်ရှင်အံ့၊ မရသော် ဤ၌ သေအံ့"ဟု ထမင်းမစား ညောင်စောင်း၌ အိပ်၍နေ၏။

အမိ, အဖတို့သည် "သင်အား အဘယ်ကျင်နာသနည်း" မေးကုန်၏၊ ထိုသို့ မေးသောအခါ "ကခြေသည်၏သမီးကို ရသော် အသက်ရှင်အံ့၊ မရသော် ဤ၌ပင် သေအံ့" ဟုဆို၍ "ချစ်သား၊ ဤသို့ မဆိုလင့်၊ တပါးသော ငါတို့အမျိုးစည်းစိမ်နှင့် လျောက်ပတ်သော သမီးပျိုကို သင့်အားဆောင်အံ့"ဟု ဆိုသော်လည်း ထိုရှေ့ဆိုမြဲတိုင်း ဆို၍ အိပ်၏၊

ထိုဥဂ္ဂသေနအား အဖသူဌေးသည် များစွာတောင်းပန်၍ မတတ်နိုင်သော် ထိုဥဂ္ဂသေန၏ အဖော်ကို ခေါ်၍ အသပြာ ၁,၀၀၀-ကို ပေး၍ "ဤအသပြာတို့ကို ယူ၍ သမီးကို ငါ့သားအား ပေးလော့"ဟု စေ၏၊ ကချေသည်မ၏အဖသည် အသပြာကို ပေးသော်လည်း အလို မရှိ၊ "ထိုဥဂ္ဂသေနသည် ငါ၏သမီးကို မရသော် အသက်ရှင် အံ့သောငှာ မတတ်နိုင်အံ့၊ ထိုသို့ မတတ်နိုင်သော် ငါတို့နှင့်တကွ သွား, လာ လှည့်ပတ်အံ့ သောငှာ တတ်နိုင်မူ သမီးကို ပေးအံ့"ဟု ဆို၏၊ အမိ, အဖတို့သည် ထိုအကြောင်းကို ဥဂ္ဂသေနအား ကြားကုန်၏။

## ဥဂ္ဂသေနနှင့် ကျွမ်းသမား၏သမီး

"ငါသည် ထိုကျွမ်းသမားတို့နှင့်အတူ လှည့်ပတ်အံ့"ဟု ဆို၍ တောင်းပန်ကုန်သော အမိ, အဖတို့၏စကားကို မနာမူ၍ ကျွမ်းသမားအိမ်သို့ သွားလေ၏၊ ထိုကျွမ်းသမားသည် ဥဂ္ဂသေနအား သမီးကို ပေး၍ ဥဂ္ဂသေနနှင့်တကွ ရွာနိဂုံးတို့၌ အတတ်ကို ပြလျက် လှည့်ပတ်၏၊ ထိုကခြေသည်မသည် ဥဂ္ဂသေနနှင့် ပေါင်းဖော်၍ မကြာမြင့်မီ သား ၁-ယောက် ရ၍ ထိုသားငယ်ကို ကစားမြူးထူးစေသော် "လှည်းစောင့်ယောကျ်ား၏သား, ဥစ္စာထမ်း၏သား, တစ်စုံတစ်ခုမတတ်သော သူ၏သား"ဟူ၍ မြူးထူးကျီစယ်ကုန်၏၊ ထိုကခြေသည် ၅၀၀-တို့၏ လှည်းဝိုင်းပြု၍ ချနေသောအခါ ဥဂ္ဂသေနသည် နွားကျောင်း ရ၏၊ အတတ်ပြရာ၌ရသော ဥစ္စာကို ထမ်းဆောင်ရ၏၊ ထို့ကြောင့် ဥဂ္ဂသေနကို ရည်၍ ထိုကခြေသည်မသည် သားကို ကစားမြူးတူးသည်ရှိသော် ထိုဆိုမြဲတိုင်းသာ ဆို၏၊ ဥဂ္ဂသေနသည် မိမိအား ဆိုသောအဖြစ်ကို သိ၍ "ငါ့ကိုဆိုလေသလော"ဟု မေးသော် "သင့်ကိုပင် ဆိုသည်"ဟု ကခြေသည်မက ဆို၏၊ "သို့ဖြစ်လျှင် ငါပြေးတော့မည်"ဟု ဥဂ္ဂသေနက ဆို၏၊ ထိုကခြေသည်မသည် "ငါ့အား သင်ပြေးသဖြင့်ရင်း လိုက်လာသဖြင့်ရင်း အဘယ်မူအံ့နည်း"ဟု ဆို၍ အဖန်တလဲလဲ ထိုသီချင်းကိုသာ သီဆို၏။

ကခြေသည်မသည် မိမိ၏အဆင်းနှင့်ပြည့်စုံခြင်းကိုရင်း ဥစ္စာရခြင်းကိုရင်း မှီ၍ ဥဂ္ဂသေနကို တစ်စုံတစ်ခုမျှ မမှတ်၊ ဥဂ္ဂသေနသည် "မိမိအား အဘယ်ကို မှီ၍ မာန်တက်သနည်း"ဟု ကြံသော် အတတ်ကို မှီ၍ မာန်တက်သည်ကို သိ၍ "ဆိုနှင့်စေ၊ အတတ်ကို သင်အံ့"ဟု ကြံ၍ ယောက္ခမသို့ ကပ်၍ ထိုမယားကခြေသည်မ သီသောအတတ်ကို တတ်အောင်သင်၍ ရွာနိဂုံးစသည်တို့၌ အတတ်ကိုပြလျက် အစဉ်သဖြင့် ရာဇဂြိုဟ်ပြည်သို့ ရောက်၏၊ "ဤနေ့မှ ၇-ရက်မြောက်သောနေ့၌ ဥဂ္ဂသေနသူဌေးသားသည် မြို့နေသူတို့အား အတတ်ကို ပြလတ္တံ့"ဟု ကြားဟစ်စေ၏။

## ဘုရားကြွ၍ ကယ်ချွတ်ခြင်း

မြို့သူ, မြို့သားတို့သည် ငြမ်းစင်အစရှိသည်ကို ဖွဲ့ကုန်၍ ၇-ရက်မြောက်သောနေ့၌ စည်းဝေးကြ၏၊ ဥဂ္ဂသေနသည် အတောင် ၆၀-မြင့်သော ကျွမ်းတိုင်သို့ တက်၍ အထက်၌ ရပ်၏၊ ထိုဥဂ္ဂသေန ကျွမ်းတိုင်သို့တက်မည့်နေ့ မိုးသောက်ထအခါ၌ မြတ်စွာဘုရားသည် ၅-ပါးသော ဘုရားကိစ္စတို့တွင် ပစ္ဆိမယာမကိစ္စကို ပြုတော်မူသဖြင့် ဗုဒ္ဓစက္ခုဖြင့် လောကကို

ကြည့်တော်မူသော် ဉာဏ်တော်ကွန်ယက်၏ အတွင်း၌ဝင်လာသော ဥဂ္ဂသေနကို မြင်တော်မူ၍ "အသို့ဖြစ်လတ္တံ့နည်း"ဟု ဆင်ခြင်တော်မူသော် "သူဌေးသား ဥဂ္ဂသေနသည် အတတ်ကိုပြအံ့-ဟု ကျွမ်းတိုင်၏အထက်၌နေအံ့၊ ထိုသူကိုရှုအံ့သောငှာ လူအပေါင်း စည်းဝေးလတ္တံ့၊ ထိုအစည်းအဝေး၌ ငါသည် ၄-ပါဒရှိသော ဂါထာကိုဟောရအံ့၊ ထိုတရားကို ကြား၍ ရှစ်သောင်း, လေးထောင်ကုန်သော ဝေနေယျတို့အား မဂ်, ဖိုလ်ရလတ္တံ့၊ သူဌေးသား ဥဂ္ဂသေနသည်လည်း ရဟန္တာအဖြစ်သို့ ရောက်၍ ဧဟိဘိက္ခုရဟန်း ဖြစ်လတ္တံ့"ဟု သိတော်မူ၍ မိုးသောက်သောနေ့၌ ဆွမ်းခံအခါ၌ ရဟန်းသံဃာအပေါင်း ခြံရံတော်မူလျက် ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံဝင်တော်မူ၏။

ဥဂ္ဂသေနသူဌေးသားသည် မိမိ၏အနီးသို့ မြတ်စွာဘုရား ရောက်တော်မူသော အခါ၌ ကြွေးကြော်စိမ့်သောငှာ လူများအပေါင်းအား လက်ညှိုးအမှတ်ကို ပေး၍ ကျွမ်းတိုင် အထက်၌ တည်၍ရပ်၍ ကောင်းကင်၌သာလျှင် ၇-ကြိမ် ကျွမ်းထိုး၍ သက်၍ ကျွမ်းတိုင်၏ အထက်၌ ရပ်၏၊ ထိုခဏ၌ မြတ်စွာဘုရားသည် မြို့တွင်းသို့ ဝင်တော်မူသည်ရှိသော် အကြင်အခြင်းဖြင့် ဥဂ္ဂသေနကို ပရိသတ်သည် မကြည့်၊ ထိုအခြင်းဖြင့် တန်ခိုးလွှတ်၍ ကိုယ်တော်ကိုသာ ကြည့်စေ၏၊ ဥဂ္ဂသေနသည် ပရိသတ်ကို ကြည့်၍ "ငါ့ကိုပရိသတ်သည် မကြည့်ပါပြီ"ဟု နှလုံးမသာခြင်းသို့ ရောက်၍ "ငါသည် ၁-နှစ်ပတ်လုံး သင်အပ်သော ဤအတတ်ကို မြတ်စွာဘုရားမြို့တွင်းသို့ ဝင်သည်ရှိသော် တစ်ယောက်သောသူသည်မျှ ငါ့ကို မကြည့်၊ မြတ်စွာဘုရားကိုသာ ကြည့်၏၊ ငါ၏အတတ်ပြခြင်းသည် အချည်းနှီး ဖြစ်ခဲ့ပြီ" ကြံ၏။

ထိုဥဂ္ဂသေန၏အကြံကို မြတ်စွာဘုရားသိတော်မူ၍ ရှင်မောဂ္ဂလာန်ကို ခေါ်တော်မူ၍ "ချစ်သားမောဂ္ဂလာန်. . . သူဌေးသားကို အတတ်ကို ပြလော့ဟု ဆိုချေ" မိန့်တော်မူ၏၊ အရှင်မောဂ္ဂလာန်သွား၍ ကျွမ်းတိုင်၏အရင်း၌ ရပ်၍ သူဌေးသားကို ခေါ်၍ ဤသို့ ဆို၏၊ "ကခြေသည်၏သားဖြစ်သော ဥဂ္ဂသေန၊ သင့်အား ငါတိုက်တွန်းပါ၏၊ ကခြေသဘင် ပရိသတ်၌ အားရှိတိုင်းသင်ပြလော့၊ လူများအပေါင်းကို ရွှင်စေလော့" ဤသို့ ဆို၏၊ ထိုဥဂ္ဂသေနသည် အရှင်မောဂ္ဂလာန်၏စကားကို ကြား၍ နှစ်သက်သည်ဖြစ်၍ "မြတ်စွာဘုရား သည် ငါ၏အတတ်ကို ကြည့်လိုသည်ထင်၏"ဟု ကြံ၍ ကျွမ်းတိုင်၏အထက်၌ ရပ်၍ ဤသို့ ဆို၏၊ "တိုက်တွန်းပါ၏၊ ပညာကြီးသော တန်ခိုးကြီးသော အရှင်မောဂ္ဂလာန်၊ ရှုတော်မူလော့၊ သဘင်ပရိသတ်၌ အကျွန်ုပ်သည် အားရှိတိုင်းပြုပါအံ့၊ လူများအပေါင်းကို ရွှင်ပါစေအံ့၊" ဤသို့ ဆို၏၊ ဤသို့ ဆိုပြီး၍ ကျွမ်းတိုင်၏အထက်မှ ကောင်းကင်သို့ ပျံတက်၍ ကောင်းကင်၌ ၇-ကြိမ် ကျွမ်းထိုး၍ သက်၍ ကျွမ်းတိုင်၏အထက်၌ ရပ်၏။

## ဥဂ္ဂသေနရဟန္တာဖြစ်ခြင်း

ထိုအခါ မြတ်စွာဘုရားသည် "ဥဂ္ဂသေန၊ ပညာရှိတို့မည်သည် အတိတ်, အနာဂတ်, ပစ္စုပ္ပန်၌ ဖြစ်ကုန်သော ခန္ဓာတို့၌ တပ်ခြင်းကို စွန့်၍ ပဋိသန္ဓေနေခြင်း စသည်တို့မှ လွတ်စေခြင်းငှာ အပ်၏"ဟု မိန့်တော်မူ၍-

**မုဉ္စ ပုရေ မုဉ္စ ပစ္ဆတော၊ ဝေမဇ္ဈေ မုဉ္စ ဘဝဿ ပါရဂူ။**

**သဗ္ဗတ္ထ ဝိမုတ္တမာနသော၊ န ဇာတိဇရံ ဥပေဟိသိ။ ။**

ဟူသော ၄-ပါဒရှိသော ဂါထာကို ဟောတော်မူ၏။

**အနက်။** ။ သေဋ္ဌိပုတ္တ၊ သူဌေးသားဥဂ္ဂသေန။ ပုရေ၊ ရှေးလွန်လေပြီးသော ခန္ဓာကိုယ်၌။ အာလယံ၊ တပ်ခြင်းကို။ မုဉ္စ၊ လွှတ်လော့။ ပစ္ဆတော၊ နောင်လာလတ္တံ့သောခန္ဓာကိုယ်၌ လည်း။ အာလယံ၊ တပ်ခြင်းကို။ မုဉ္စ၊ လွှတ်လော့။ ဝေမဇ္ဈေ၊ အလယ်ဖြစ်သော ပစ္စုပ္ပန် ခန္ဓာကိုယ်၌လည်း။ အာလယံ၊ တပ်ခြင်းကို။ မုဉ္စ၊ လွှတ်လော့။ ဧဝံ၊ ဤသို့ လွှတ်သဖြင့်။ ဘဝဿ၊ ကာမ, ရူပ, အရူပတည်းဟူသော ဘဝသုံးပါး၏။ ပါရဂူ၊ အဘိညာပါရဂူ, ပဟာန ပါရဂူ, ဘာဝနာပါရဂူ, သစ္ဆိကိရိယပါရဂူတို့၏အစွမ်းအားဖြင့် အပြီးသို့ ရောက်သည်ဖြစ်၍။ သဗ္ဗတ္ထ၊ ခပ်သိမ်းကုန်သော ခန္ဓာ, အာယတန, ဓာတ် အစရှိသော အပြားရှိသော သင်္ခတတရား၌။ ဝိမုတ္တမာနသော၊ အရဟတ္တမဂ်ဖြင့် ကိလေသာမှ လွတ်သောစိတ်ရှိသည် ဖြစ်၍။ ဝိဟရန္တော၊ နေလျက်။ ပုန၊ တဖန်။ ဇာတိဇရံ၊ ပဋိသန္ဓေနေခြင်း, အိုခြင်းသို့။ န ဥပေဟိသိ၊ မကပ်ရသည် ဖြစ်လတ္တံ့။

ဤတရားတော်ကို ဟောတော်မူသောအဆုံး၌ ရှစ်သောင်းလေးထောင်ကုန်သော ဝေနေယျသတ္တဝါတို့သည် သစ္စာ ၄-ပါးတရားကို သိကုန်၏၊ မဂ်ဖိုလ်ရကုန်၏၊ သူဌေးသား ဥဂ္ဂသေနသည် ကြွမ်းတိုင်၏အထက်၌ ရပ်လျက်ပင် ပဋိသမ္ဘိဒါ ၄-ပါးနှင့်တကွ ရဟန္တာ အဖြစ်သို့ ရောက်၍ ကြွမ်းတိုင်မှသက်၍ မြတ်စွာဘုရားအထံသို့ လာ၍ ၅-ပါးသော ထိခြင်းဖြင့် မြတ်စွာဘုရားကို ရှိခိုး၍ ရဟန်းအဖြစ်ကို တောင်း၏၊ မြတ်စွာဘုရားသည်လည်း လက်ျာလက်တော်ကို ဆန့်၍ "ဧဟိ ဘိက္ခု၊ စရ ဗြဟ္မစရိယံ" အစရှိသည်ဖြင့် ခေါ်တော်မူ၏၊ ထိုအခါ၌ ဥဂ္ဂသေနအား လူဝတ်လူစား, ဆံ, မုတ်ဆိတ်တို့သည် အလိုလိုကွယ်၍ ပရိက္ခရာ ၈-ပါး ကိုယ်ဝတ်ထက်ကြပ်ကပ်လျက် အဝါ ၆၀-ရှိပြီးသော မထေရ်ကြီးကဲ့သို့ မြတ်စွာ ဘုရားသို့ ညွတ်သောဦးခေါင်းဖြင့် ရှိခိုးလျက် **ဧဟိ ဘိက္ခုရဟန္တာ** ဖြစ်လေ၏။

ထိုအခါ ရဟန်းတို့သည် "ငါ့ရှင်ဥဂ္ဂသေန၊ အတောင် ၆၀-ရှိသော တိုင်၏ အထက်မှသက်သော ငါ့ရှင်အား ကြောက်ခြင်းသည် မဖြစ်လော"ဟု မေးကုန်၍ "အရှင်

တို့၊ ငါ့အား ကြောက်ခြင်းသည် မရှိ”ဟု ဆိုသော် မြတ်စွာဘုရားအား “အရှင်ဘုရား၊ ဥဂ္ဂသေနသည် ငါမကြောက်ဟူ၍ မဟုတ်မမှန်ဆို၍ အရဟတ္တဖိုလ်ကို ကြား၏”ဟု လျှောက်ကုန်၏၊ မြတ်စွာဘုရားသည် “ချစ်သားရဟန်းတို့၊ ငါ၏သား ဥဂ္ဂသေနနှင့် တူကုန်သော ဖြတ်အပ်ပြီးသော သံယောဇဉ်ရှိကုန်သော ရဟန်းတို့သည် မကြောက်ကုန်” ဟု မိန့်တော်မူ၍-

**သဗ္ဗသံယောဇနံ ဆေတွာ၊ ယော ဝေ န ပရိတဿတိ။**

**သင်္ဂါတိဂံ ဝိသံယုတ္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။ ။**

ဟူသောတရားတော်ကို ဟောတော်မူ၏။ တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ “ငါ့ရှင်တို့၊ ဤသို့ အရဟတ္တဖိုလ်၏ ဥပနိဿယနှင့်ပြည့်စုံသော ရဟန်းအား ကခြေသည်၏ သမီးကို မှီ၍ ကခြေသည်တို့နှင့်အတူ သွားရခြင်း၏ အကြောင်းကား အသို့နည်း၊ အရဟတ္တဖိုလ်၏အကြောင်းကား အသို့နည်း” ဟူ၍ စကားကို ဖြစ်စေကုန်၏၊ မြတ်စွာဘုရား လာတော်မူ၍ “ချစ်သားရဟန်းတို့၊ ယခုအခါ အဘယ်စကားကို ပြောဆိုကြသနည်း” မေးတော်မူ၍ “ဤမည်သောစကားကို ပြောဆိုကြပါသည်”ဟု လျှောက်ကြသော် “ဤအကြောင်း ၂-ပါးကို ဥဂ္ဂသေနပင် ပြုအပ်၏”ဟု မိန့်၍ ရှေးအကြောင်းကို ဆောင်တော်မူ၏။

✪✪✪✪✪✪✪✪✪✪

## ၁၆၀။ ဥဂ္ဂသေနမထေရ်၏ရှေးအကြောင်း

လွန်လေပြီးသောအခါ ကဿပမြတ်စွာဘုရား၏ စေတီကိုပြုသည်ရှိသော် ဗာရာဏသီပြည်၌နေကုန်သော အမျိုးသားတို့သည် များစွာသော ခဲဖွယ်ဘောဇဉ်ကို လှည်း၌တင်၍ “စေတီတည်ရာသို့ လက်အမှုပြုကုန်အံ့”ဟူ၍ သွားကုန်သော် ခရီးအကြား၌ ဆွမ်းအလို့ငှာ ရွာသို့ဝင်သော သခင်ကောင်းတစ်ပါးကို မြင်ကုန်၍ အမျိုးသမီး တစ်ယောက်သည် မထေရ်ကို ကြည့်၍ လုလင်ကို ဆို၏၊ “အရှင့်သား၊ ငါတို့ အရှင်ကောင်းသည် ဆွမ်းအလို့ငှာ ဝင်၏၊ လှည်း၌လည်း ခဲဖွယ်ဘောဇဉ် များစွာပါ၏၊ သပိတ်ကို ဆောင်ချေ၊ ဆွမ်းလှူအံ့”ဟု ဆို၏၊ ထိုယောကျ်ားသည် သပိတ်ကို ဆောင်ချေ၍ ခဲဖွယ်ဘောဇဉ်ဖြင့် ပြည့်စုံစေ၍ မထေရ်၏ လက်၌ထားပြီးလျှင် သမီးခင်ပွန်းဆုတောင်း၏၊ “ဤကောင်းမှုကြောင့် အရှင်ကောင်း သိသောတရားကို ရလိုကုန်၏”ဟု ဆုတောင်း၏။

ထိုသခင်သည် ရဟန္တာဖြစ်သောကြောင့် ဆင်ခြင်တော်မူသော် ထိုသူတို့၏ပတ္ထနာ ပြည့်စုံလတ္တံ့သောအဖြစ်ကို သိ၍ ပြုံး၏၊ ထိုသို့ပြုံးသည်ကို မြင်၍ မိန်းမသည် ယောကျ်ားကို ဆို၏၊ "ငါတို့အရှင်ကောင်း ပြုံးသည်၊ ကခြေသည် ဖြစ်လတ္တံ့"ဟု ဆို၏၊ ယောကျ်ားကလည်း "ဤသင်ဆိုတိုင်း ကခြေသည် ဖြစ်လတ္တံ့"ဟု ဆို၏၊ ဤသည်လျှင် ထိုဥဂ္ဂသေနသမီးခင်ပွန်းတို့၏ ရှေးကံတည်း၊ ထိုသူတို့သည် တစ်သက်ပတ်လုံးတည်၍ နတ်ပြည်၌ ဖြစ်၍ ထိုနတ်ပြည်မှ စုတေ၍ မိန်းမသည် ကခြေသည်အိမ်၌ ဖြစ်၏၊ ယောကျ်ားသည် သူဌေးအိမ်၌ ဖြစ်၏၊ ဤသို့ဆိုတိုင်း "ကခြေသည် ဖြစ်လတ္တံ့"ဟု စကားတံ့ပေးသောကြောင့် ကခြေသည်နှင့်အတူ သွားရ၏၊ ရဟန္တာပုဂ္ဂိုလ်အား ဆွမ်းလှူသောကောင်းမှုကြောင့် ဥဂ္ဂသေနရဟန္တာအဖြစ်သို့ ရောက်၏၊ ကခြေသည်မလည်း "ငါ့ခင်ပွန်း၏အလား ငါ့အားလည်း ဖြစ်ရာ၏"ဟု နောက်အခါ ရဟန်းပြု၍ ရဟန္တာမ ဖြစ်လေ၏။

(ဤမျှသောစကားသည်ကား-ဗိမ္ဗိသာရမင်းကြီးအား ပဋိညာဉ်ကို ဖြေတော်မူလို၍ ၄-ဝါမြောက်တိုင်အောင် ရာဇဂြိုဟ်၌ ဝါဆိုတော်မူသည်ကို ဆိုသောစကားတည်း။)

## ပထမတွဲ၊ ဒုတိယပိုင်း ပြီးပြီ။

✪✪✪✪✪✪✪✪✪✪✪

သိရိသဒ္ဓမ္မာဘိလင်္ကာရထေရ်

မူလမဟာဗုဒ္ဓဝင်

# တထာဂတဥဒါနဒီပနီ

## ပထမတွဲ၊ တတိယပိုင်း-၁

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ၁၆၁။ ကောလိယနှင့် ကပိလ စစ်ငြိမ်းစေတော်မူခြင်း

၄-ဝါမြောက် ရာဇဂြိုဟ်၌ ဝါဆိုပြီးသော် အထူးထူးသော တရားဒေသနာတို့ဖြင့် များစွာသော ဝေနေယျတို့ကို ကယ်ချွတ်ပြီးသော် ၅-ဝါမြောက် ဝေသာလီပြည်၊ မဟာဝုန်တော၌ စုလစ်မွန်းချွန်တပ်သော ဇရပ်၌ ဝါဆိုတော်မူ၏၊ ဝေသာလီ၌ ၅-ဝါမြောက် ဝါဆိုတော်မမူမီ သက္ကတိုင်း၌ နေတော်မူလျက် "သုသုခံ ဝတ ဇီဝါမ" အစရှိသော တရားဒေသနာကို ဟောတော်မူ၏၊ ငြင်းခုံခြင်းကို ငြိမ်းစိမ့်သောငှာ ဆွေတော်မျိုးတော်တို့ကို အကြောင်းပြု၍ ဟောတော်မူ၏၊ သာကီဝင်မင်းမျိုး, ကောလိယမင်းမျိုးတို့သည် ကပိလဝတ်ပြည်နှင့် ကောလိယပြည်အကြား၌ စီးသော ရောဟိဏီမည်သော မြစ်ငယ်ကို ဆည်ပေါင်ရိုးတစ်ခု ဖွဲ့၍ မုရင်းလယ် လုပ်ကြကုန်၏။

## ၂-ပြည်ထောင်ရန်ပွဲအစ

နယုန်လ၌ ကောက်ပင်တို့သည် ညှိုးကုန်သည်ရှိသော် ၂-ပြည်သားတို့၏ လယ်လုပ်သားတို့သည် စည်းဝေးကြကုန်၍ ကောလိယပြည်သားတို့က ဆိုကုန်၏၊ "ဤမြစ်ရေကို ၂-ဖက်သားတို့က ယူကုန်သော် သင်တို့အားလည်း မလောက်၊ ငါတို့အားလည်း မလောက်၊ ငါတို့၏ ကောက်သည် ရေတစ်ကြိမ်သွင်းသဖြင့် ပြီးလတ္တံ့၊ ဤရေကို ငါတို့အား ပေးကုန်လော့" ဟူ၍ ဆို၏၊ ကပိလဝတ်ပြည်သားတို့က ဆိုကုန်၏၊ "သင်တို့မူကား ကျီတို့၌ စပါးကို ပြည့်စေ၍ နေကုန်သော် ငါတို့သည် နီစွာသောရွှေ၊ ပတ္တမြားညို၊ သလွဲမည်းတို့ကို ယူ၍ တောင်း၊ အိတ်အစရှိသည် လက်စွဲကုန်လျက် သင်တို့၏ အိမ်တံခါးရင်း၌ သွားအံ့သောငှာ မတတ်နိုင်၊ ငါတို့၏ကောက်သည်လည်း ရေတစ်ကြိမ်သွင်းသဖြင့် ပြီးလတ္တံ့၊ ငါတို့အား ရေကို ပေးကုန်လော့"ဟု ဆို၏၊ "ငါတို့ မပေးကုန်၊ ငါတို့ကလည်း မပေးကုန်၊" ဤသို့ စကားကို ပွားစေ၍ တစ်ယောက်သောသူသည် ထ၍ တစ်ယောက်သောသူကို သတ်လေ၏၊ ထိုသူသည်လည်း ထ၍ သတ်လေ၏၊ ဤသို့ အချင်းချင်းသတ်ကြ၍ မင်းမျိုးတို့၏ အဖြစ်ကို ထိပါး၍ ငြင်းခုံခြင်းကို ပွားစေကုန်၏။

ကောလိယလယ်လုပ်တို့က ဆိုကုန်၏၊ "သင်တို့သည် ကပိလဝတ်ပြည်၌ နေကုန်သော မင်းသားငယ်တို့ကို ယူ၍ ကြိမ်းဝါးကုန်၊ အကြင်သူတို့သည် ခွေး၊ မြေခွေးစသည်တို့ကဲ့သို့ မိမိ၏နှမတို့နှင့်တကွ အိမ်ထောင်ကုန်၏၊ ထိုသူတို့၏ ဆင်၊ မြင်း၊ ဗိုလ်ပါ၊ လက်နက်တို့သည် ငါတို့အား အဘယ်သို့ပြုနိုင်ကုန်လတ္တံ့နည်း" ဆိုကုန်၏၊ ကပိလဝတ်လယ်လုပ်တို့ကလည်း ဆိုကုန်၏၊ "သင်တို့သည် နူနာစွဲကုန်သော သူငယ်တို့ကို ယူကုန်၍ ကြိမ်းဝါးကုန်၊ အကြင်သူတို့သည် ကိုးကွယ်ရာမဲ့ အလားမရှိကုန်သည်ဖြစ်၍ တိရစ္ဆာန်တို့ကဲ့သို့ ကလောခေါင်း၌ နေကုန်၏၊ ထိုသူတို့၏ ဆင်၊ မြင်း၊ ဗိုလ်ပါ၊ လက်နက်တို့သည် ငါတို့အား အဘယ်သို့ ပြုနိုင်ကုန်လတ္တံ့နည်း"ဟု ဆိုကုန်၏၊ ထိုလယ်လုပ်တို့သည် သွား၍ ထိုလယ်အမှု၌ စီရင်ကုန်သော အမတ်တို့အား ကြားကုန်၏၊ အမတ်တို့သည် မင်းမျိုးတို့အား ကြားလေကုန်၏၊ ထိုသို့ ကြားကုန်သောကြောင့် သာကီဝင်မင်းသားတို့သည် "နှမနှင့်အိမ်ထောင်ကုန်သော ငါတို့၏ အစွမ်းကိုရင်း အားကိုရင်း ပြကုန်အံ့"ဟု စစ်ထိုးအံ့သောငှာ စီရင်ကုန်၍ ထွက်ကုန်၏၊ ကောလိယမင်းသားတို့သည်လည်း "ကလောခေါင်း၌ အောင်းနေသော သူတို့၏အစွမ်းအားကို ပြကုန်အံ့"ဟု စစ်ထိုးခြင်းငှာ စီရင်ကုန်၍ ထွက်ကုန်၏။

မြတ်စွာဘုရားသည် ထိုညဉ့် မိုးသောက်ထ၌ မဟာကရုဏာ သမာပတ်မှထ၍ ပစ္ဆိမယာမကိစ္စဖြင့် လောကကို ကြည့်တော်မူသော် "ဤသို့ စစ်ထိုးအံ့သောငှာ ထွက်ကုန်သည်

တို့ကို မြင်ကုန်၍ ငါသွားသည်ရှိသော် ထိုသူတို့၏ငြင်းခုံခြင်းသည် ငြိမ်းလတ္တံ့လော, မငြိမ်း လတ္တံ့လော"ဟု ဆင်ခြင်တော်မူသော် "ထိုစစ်မြေပြင်အရပ်သို့ ငါသွား၍ ခိုက်ရန်ငြိမ်းစိမ့် သောငှာ ၃-ပါးကုန်သော ဇာတ်တော်တို့ကို ဟောအံ့၊ ခိုက်ရန်ငြိမ်းလတ္တံ့၊ ထို့နောင်မှ ညီညွတ် ခြင်းကို ပြအံ့သောငှာ ဇာတ် ၂-ပါးတို့ကို ဟော၍ အတ္တဒဏ္ဍသုတ်ကို ဟောအံ့၊ ထိုတရားကို ကြား၍ ၂-ပြည်၌ နေကုန်သော ၂၀၅-ကျိပ်ကုန်သော မင်းသားတို့ကို ပေးလတ္တံ့၊ ထိုမင်းသား တို့ကို ငါရဟန်းပြုရအံ့၊ ထိုအခါ၌ ကြီးစွာသော နတ်တို့၏ အစည်းအဝေးသည် ဖြစ်လတ္တံ့"ဟု မြင်တော်မူ၍ ထို ၂-ပြည်သားတို့ စစ်စီရင်၍ ထွက်ကုန်သောအခါ၌ တစုံတယောက်သော ရဟန်းအား မကြားမူ၍ ကိုယ်တော်ထီးတည်းသာ သပိတ်, သင်္ကန်းကို ယူ၍ ထိုသူတို့ စစ်ဆိုင်ရာ အရပ်သို့ ကြွ၍ ၂-ဖက်သော စစ်သည်တို့၏အကြား ရောဟိဏီမြစ်၏ အထက် ကောင်းကင်မှ ထက်ဝယ်ဖွဲ့၍ ၆-သွယ်သော ရောင်ခြည်တော်တို့ကို လွှတ်၍ နေတော်မူ၏။

ကပိလဝတ်ပြည်သားတို့သည် မြတ်စွာဘုရားကို မြင်၍ "ငါတို့အဆွေမြတ်ဖြစ်သော ဆရာဘုရားသည် ကြွလာ၏၊ ငါတို့၏ငြင်းခုံခြင်းဖြစ်သော အဖြစ်ကို မြတ်စွာဘုရားမြင်တော် မူချေ၏၊ မြတ်စွာဘုရားကြွတော်မူလာသော် ငါတို့သည် သူတပါးတို့ကိုယ်၌ လက်နက်ကို ချအံ့သောငှာ မတတ်ကောင်း၊ ကောလိယပြည်သားတို့သည် ငါတို့ကို သတ်လိုသော် သတ်စေကုန်၊ နှောင်ဖွဲ့လိုသော် ဖွဲ့စေကုန်"ဟု ကြံ၍ လက်နက်ကို စွန့်ပစ်၍ ဘုရားကို ရှိခိုး၍ နေကုန်၏၊ ကောလိယပြည်သားတို့သည်လည်း ထို့အတူကြံ၍ လက်နက်ကို စွန့်၍ ဘုရားကို ရှိခိုး၍ နေကုန်၏၊ မြတ်စွာဘုရားသည် သိတော်မူလျက် "မင်းမြတ်တို့၊ အဘယ့်ကြောင့် လာကုန်သနည်း"ဟု မေးတော်မူ၏၊ "အရှင်ဘုရား၊ ရေဆိပ်ကစားအံ့ သောငှာ, မြစ်ရေကစားအံ့သောငှာ, တော, တောင် ကစားအံ့သောငှာ လာသည်မဟုတ်ကုန်၊ ဤအရပ်၌ စစ်မြေပြင်ဖြစ်၍ လာကုန်၏"ဟု လျှောက်ကုန်၏။

"မင်းမြတ်တို့၊ အဘယ်ကို မှီ၍ ငြင်းခုံခြင်းဖြစ်ကြသနည်း"ဟု မေးတော်မူသော် "ရေကိုမှီ၍ ဖြစ်ပါသည်"ဟု လျှောက်ကုန်၏၊ "ရေသည် အဖိုးမည်မျှ ထိုက်သနည်း"ဟု မေးတော်မူသော် "အဖိုးနည်း၏ အရှင်ဘုရား"ဟု လျှောက်ကုန်၏၊ "မင်းမျိုးတို့သည်ကား အဖိုးဘယ်မျှထိုက်ကုန်သနည်း မင်းမြတ်တို့"ဟု မေးတော်မူသော် "မင်းမျိုးတို့သည်ကား အဖိုးအတိုင်းမသိ ထိုက်ကုန်၏"ဟု လျှောက်ကုန်သဖြင့် "မင်းမြတ်တို့၊ အဖိုးနည်းသော ရေကိုမှီ၍ အဖိုးအတိုင်းမသိ ထိုက်သော မင်းမျိုးတို့ကို ဖျက်ကုန်ရာသလော၊ ငြင်းခုံခြင်း၌ သက်သာရာမည်သည် မရှိ၊ မင်းမြတ်တို့၊ ငြင်းခုံခြင်း၏ အစွမ်းအားဖြင့် အရာမဟုတ်သည်၌ ရန်ကိုပြု၍ ရုက္ခစိုးနတ်တစ်ယောက်နှင့် ခြင်္သေ့မင်းတို့ဖွဲ့သော ရန်ငြိုးသည် ဤဘဒ္ဒကမ္ဘာ ပတ်လုံးတိုင်အောင် ရောက်၏"ဟု မိန့်တော်မူ၍ **ဗန္ဒနဇာတ်**ကို ဟောတော်မူ၏။

ထို့နောင်မှ "မင်းမျိုးတို့သည်ကား သူတပါး၏ အဖို့နှင့်ယှဉ်သော မည်သည်မဖြစ်ရာ၊ သူတပါး၏အဖို့နှင့် ယှဉ်သည်ဖြစ်၍ ယုန်ငယ်တစ်ခု၏စကားကြောင့် ယူဇနာ ၃၀- အပြင်ကျယ်သော ဟိမဝန္တာတော၌ အခြေ ၄-ချောင်းသားအပေါင်းတို့သည် သမုဒ္ဒရာသို့ ပြေးဝင်ဖူးကုန်ပြီ၊ ထို့ကြောင့် သူတပါးတို့၏ အဖို့ကို မပြုရာ"ဟု မိန့်တော်မူ၍ ဒုဒ္ဒုဘ ဇာတ်ကို ဟောတော်မူ၏၊

ထို့နောင်မှ "မင်းမြတ်တို့၊ တရံတခါ၌ အားနည်းသောသူသည်လည်း အားကြီးသောသူ၏ ဘေးရန်အခွင့်ကို မြင်၏၊ တရံတခါ အားကြီးသောသူသည်ပင် အားနည်းသောသူ၏ ဘေးရန်၌ အခွင့်ကို မြင်၏၊ နှံစုတ်ငှက်ငယ်သည်လျက်လည်း ဆင်ပြောင်ကြီးကို သတ်နိုင်ဖူး၏"ဟု မိန့်တော်မူ၍ လဋုကိကဇာတ်ကို ဟောတော်မူ၏၊ ဤသို့ ငြင်းခုံခြင်း ငြိမ်းစိမ့်သောငှာ ၃-ပါးသောဇာတ်တို့ကို ဟောပြီး၍ ညီညွတ်ခြင်းကို ပြုအံ့သောငှာ ၂- ပါးသော ဇာတ်တို့ကို ဟောတော်မူ၏၊ "မင်းမြတ်တို့၊ ညီညွတ်ကုန်သောသူတို့အား တစုံတယောက်သော သူသည် ယုတ်သောအခြင်းအရာကို ရှုအံ့သောငှာ မတတ်နိုင်"ဟု မိန့်တော်မူ၍ ရုက္ခဓမ္မဇာတ်ကို ဟောတော်မူ၏။

ထို့နောင်မှ "မင်းမြတ်တို့၊ ညီညွတ်သောသူတို့အား တစုံတယောက်သောသူသည် အပေါက်ကို ရှုအံ့သောငှာ မတတ်နိုင်၊ အကြင်အခါ၌ အချင်းချင်း ငြင်းခုံခြင်းကို ပြုကုန်၏၊ ထိုအခါ၌ ထိုသူတို့ကို တံငါသားသည် သတ်ယူ၍ သွားလေကုန်၏၊ ငြင်းခုံခြင်း၌ သက်သာရာမည်သည် မရှိ"ဟု မိန့်တော်မူ၍ ဝဋ္ဋကဇာတ်ကို ဟောတော်မူ၏၊

အဆုံး၌လည်း အတ္တဒဏ္ဍသုတ်ကို ဟောတော်မူ၏။

သုသုခံ ဝတ ဇီဝါမ၊ ဝေရိနေသု အဝေရိနော။
ဝေရိနေသု မနုဿေသု၊ ဝိဟရာမ အဝေရိနော။ ။

သုသုခံ ဝတ ဇီဝါမ၊ ဣဿုကေသု အနိဿုကာ။
ဣဿုကေသု မနုဿေသု၊ ဝိဟရာမ အနိဿုကာ။ ။

သုသုခံ ဝတ ဇီဝါမ၊ အာတုရေသု အနာတုရာ။
အာတုရေသု မနုဿေသု၊ ဝိဟရာမ အနာတုရာ -

ဟူသော ဤဒေသနာတော်ကိုလည်း ဟောတော်မူ၏။

ထို ၂-ပြည်ထောင် မင်းသားတို့သည် ညီညွတ်ကုန်၍ "အကယ်၍ မြတ်စွာဘုရား မကြွလာအံ့၊ ငါတို့သည် မိမိတို့လက်နက်ဖြင့် အချင်းချင်းသတ်၍ သွေးသည်မြစ်ကဲ့သို့

စီးလတ္တံ့၊ ငါတို့၏သား, သမီး, ညီ, နှမတို့ကို အိမ်တံခါး၌ မမြင်ရကုန်ရာ၊ သတင်းစကားအပြန် အလှန်ကိုမျှ ဆောင်မည့်သူ မရှိရာပြီ၊ မြတ်စွာဘုရားကို မှီ၍ ငါတို့သည် အသက်ကို ရအပ်ပြီ၊ အကယ်၍ ဘုရားမြတ်သည် လူ၏ဘောင်၌နေအံ့၊ ကျွန်းငယ် ၂,၀၀၀-အရံရှိသော ကျွန်းကြီး ၄-ကျွန်းတို့၌ မင်းအဖြစ်သည် ရောက်ရာပြီ၊ အထောင်မက များစွာသောသားတို့သည် ဖြစ်ရာကုန်ပြီ၊ မင်းသားအခြံအရံရှိသည်ဖြစ်၍ ကြည်လင်ရာပြီ၊ ထိုစည်းစိမ်ကို စွန့်၍ တောထွက်၍ ဘုရားဖြစ်တော်မူပြီ၊ မင်းသားရဟန်း အခြံအရံရှိသည်ဖြစ်၍သာလျှင် ကြွတော်မူစေသတည်း"ဟု ၂-ပြည်ထောင်မင်းသားတို့သည် ၂၀၅-ကျိပ်စီသော မင်းသားတို့ကို လှူကြကုန်၏။

✪✪✪✪✪✪✪✪✪✪

## ၁၆၂။ ရဟန်းပြုသော မင်းသား-၅၀၀

ထို ၅၀၀-ကုန်သောမင်းသားတို့ကို မြတ်စွာဘုရားသည် ရဟန်းပြုစေ၍ ထို ၅၀၀-သော ရဟန်းတို့ကို အလေးအမြတ်ပြုလိုသဖြင့် မဟာဝုန်တောသို့ ကြွတော်မူလေ၏၊ ကိုယ်တော်၏အလိုအားဖြင့် ကြွတော်မူသည် မဟုတ်၊ ရဟန်းပြုကုန်ပြီးသော မင်းသားတို့အားကား မမွေ့လျော်ခြင်းသည် ဖြစ်၏၊ ခင်ပွန်းဟောင်းတို့သည်လည်း "အရှင့်သားတို့သည် ဆန့်ကျင်ပါစေကုန်၊ အိမ်၌နေစေသတည်း"၊ ဤသို့ စသည်တို့ကို ဆို၍ သတင်းစကားစေကုန်၏၊ ထို ၅၀၀-သော ရဟန်းသစ်တို့သည် အလွန်ဆန့်ကျင်ကုန်၏၊ ဘုရားမြတ်သည် ထိုရဟန်းမြတ်တို့၏ မမွေ့လျော်သော အဖြစ်ကို သိ၍ ဤရဟန်းတို့သည် ငါကဲ့သို့သော ဘုရားနှင့်တကွ နေကုန်လျက် ဆန့်ကျင်ကုန်၏၊ ထိုရဟန်းတို့အား ကုဏာလအိုင်၌ ကျေးဇူးကို ဆို၍ ထိုအိုင်သို့ ဆောင်၍ မမွေ့လျော်ခြင်းကို ဖျောက်အံ့-ဟု ကုဏာလအိုင်၏ ကျေးဇူးကို ဆိုတော်မူ၏၊ ထိုရဟန်းတို့သည် ထိုကုဏာလအိုင်ကို ရှုလိုကုန်သည် ဖြစ်၏။

"ချစ်သားရဟန်းတို့၊ ကုဏာလအိုင်ကို ရှုလိုကြကုန်သလော"ဟု မေးတော်မူ၍ "အရှင်ဘုရား၊ ရှုလိုပါကုန်၏"ဟု လျှောက်ကုန်သော် "အကယ်၍ ရှုလိုကုန်အံ့၊ လိုက်လှည့်ကုန်၊ ငါသွားအံ့"ဟု မိန့်၏၊ "တန်ခိုးကြီးသော သူတို့၏သွားရာကို အကျွန်ုပ်တို့ အဘယ်သို့ လိုက်နိုင်ပါကုန်အံ့နည်း"ဟု လျှောက်သော် သင်တို့သည် သွားလိုသော စိတ်ကို ဖြစ်စေကုန်၊ "ငါ၏အာနုဘော်ဖြင့် ယူ၍သွားအံ့"ဟု မိန့်တော်မူ၍ "ကောင်းပြီ အရှင်ဘုရား" ဟု ဝန်ခံကုန်၏၊ ဘုရားမြတ်စွာသည် ၅၀၀-သောရဟန်းတို့ကို ယူ၍ ကောင်းကင်ဖြင့် ပျံ၍ ကုဏာလအိုင်၌ တည်၍ "ချစ်သားရဟန်းတို့၊ ဤကုဏာလအိုင်၌ အကြင်ငါးတို့ အမည်ကို သိလိုကုန်အံ့၊ ထိုငါးတို့၏အမည်ကို မေးကုန်"ဟု မိန့်တော်မူ၏၊ ထိုရဟန်းတို့သည်

မေးကုန်၏၊ ဘုရားလည်း မေးတိုင်းကို ဖြေတော်မူ၏၊ ငါးတို့ကိုသာ မဟုတ်၊ ထိုတော၌ သစ်ပင်တို့၏ အမည်ကိုရင်း တောင်ခြေရင်း၌ အခြေ ၂-ချောင်း, အခြေ ၄-ချောင်းရှိသော ငှက်တို့၏ အမည်ကိုရင်း မေးစေ၍ ဖြေတော်မူ၏။

ထိုအခါ ၂-ခုသောငှက်တို့သည် နှုတ်သီးဖြင့် ကိုက်အပ်သော လှံတံပေါ်၌ ကုဏာလ ငှက်မင်းသည်နေလျက် ရှေ့မှရင်း နောက်မှရင်း နံပါး ၂-ဖက်တို့၌ရင်း များစွာသော ကုဏာလငှက် အပေါင်းတို့ဖြင့် ခြံရံလျက် လာလတ်၏၊ ၅၀၀-သော ရဟန်းတို့သည် ကုဏာလငှက်မင်းကို မြင်၍ "အရှင်ဘုရား၊ ဤလှံတံပေါ်တွင် စီး၍လာသော ငှက်ကြီးသည် ဤငှက်တို့၏မင်း ဖြစ်လတ္တံ့၊ ဤငှက်အပေါင်းတို့သည် ဤငှက်မင်း၏ အခြံအရံ ဖြစ်ကုန်လတ္တံ့၊ ဤသို့ အကျွန်ုပ်တို့မှတ်ကုန်၏"ဟု လျှောက်ကုန်၏၊ "ချစ်သားတို့၊ ဆိုတိုင်း ဟုတ်၏၊ ဤငှက်မင်းသည် ငါ၏အနွယ်တည်း၊ ငါ၏အဆက်တည်း"ဟု မိန့်တော်မူ၍ "ယခုအခါ၌ အကျွန်ုပ်တို့အား ဤငှက်မင်းသည် ငါ၏ အနွယ်အဆက်တည်းဟူသော အကြောင်းစကားကို ဆို၏၊ ထိုစကားကို ကြားပါလိုသည်"ဟု လျှောက်ကုန်သော် "ထိုသို့ တပြီးကား နာလင့်ကုန်"ဟု မိန့်တော်မူ၍ ဂါထာ ၃၀၀-တို့ဖြင့် တန်ဆာဆင်အပ်သော ကုဏာလဇာတ်ကို ဟောတော်မူ၏။

## ရဟန်း-၅၀၀ ရဟန္တာဖြစ်ကြခြင်း

ဟောတော်မူသောအဆုံး၌ ၅၀၀-သောရဟန်းတို့၏ မမွေ့လျော်ခြင်းသည် ပျောက် ကုန်၍ သောတာပတ္တိဖိုလ်၌ တည်ကုန်၏၊ သောတာပတ္တိမဂ်ကိုရသဖြင့် ထိုရဟန်းတို့အား ကောင်းကင်ပျံနိုင်ခြင်းစသော တန်ခိုးသည် ရောက်၏၊ မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသောတာပန်မျှသည်ဖြစ်စေဦး-ဟု ကောင်းကင်ဖြင့်ပျံ၍ မဟာဝုန်တောသို့ ကြွတော်မူ၏၊ ထိုရဟန်းတို့သည် သွားသောအခါ ဘုရားတန်ခိုးဖြင့် ပျံကုန်၍ ပြန်သောအခါ မိမိတန်ခိုးဖြင့် လျှင် မြတ်စွာဘုရားကို ခြံရံ၍ မဟာဝုန်တော၌ သက်ကုန်၏၊ မြတ်စွာဘုရားသည် ခင်းအပ်သော နေရာ၌နေ၍ "ချစ်သားတို့၊ လာကုန်လော့၊ ထိုင်ကုန်လော့၊ အထက်မဂ် ၃-ပါး၏ အစာဖြစ်သော ကိလေသာတို့ကို ပယ်ခြင်းငှာ ကမ္မဋ္ဌာန်းကို ဆိုအံ့"ဟု ကမ္မဋ္ဌာန်း ပေးတော်မူ ၏၊ ထိုရဟန်းတို့သည် ငါတို့၏မမွေ့လျော်သော အဖြစ်ကိုသိ၍ ကုဏာလအိုင်သို့ဆောင်၍ မမွေ့လျော်ခြင်းကို ဖျောက်ခြင်းငှာ ဇာတ်တော်ကို ဟောသဖြင့် သောတာပန်ဖြစ်စေ၍ အထက်မဂ်အလို့ငှာ ကမ္မဋ္ဌာန်းပေးတော်မူ၏၊ "ငါတို့မေ့လျော့၍ နေခြင်းငှာ မအပ်"ဟု ကြံကုန်၍ မြတ်စွာဘုရားကို ရှိခိုးကုန်၍ အသီးအသီးတောင်ဝှမ်း, သစ်ပင်ရင်းအစရှိသည်တို့ သို့သွား၍ ကမ္မဋ္ဌာန်းစီးဖြန်းလေကုန်၏။

မြတ်စွာဘုရားလည်း "ဤရဟန်းတို့သည် သဘောအားဖြင့် မလွတ်သောကမ္မဋ္ဌာန်း ရှိကုန်၏၊ ရအပ်သော အကြောင်းရှိသော ရဟန်းအား ပင်ပန်းခြင်း၏အကြောင်းသည် မရှိ၊ သွားတိုင်း, သွားတိုင်းသော ရဟန်းတို့သည် ကမ္မဋ္ဌာန်းကို ပွားစေ၍ ရဟန္တာဖြစ်၍ မိမိတို့ရအပ်သော ကျေးဇူးကို ကြားလာလတ္တံ့၊ ဤရဟန်းတို့လာကုန်သည်ရှိသော် ၁၀,၀၀၀-သော စကြဝဠာ၌ရှိသော နတ်တို့သည် ဤစကြဝဠာ၌ စည်းဝေးလာကုန်လတ္တံ့၊ ကြီးစွာသော နတ်တို့၏ အစည်းအဝေးသည် ဖြစ်လတ္တံ့၊ ဆိတ်ငြိမ်ရာအရပ်၌ ငါနေအံ့"ဟု ကြံတော်မူ၍ ဆိတ်ငြိမ်ရာ၌ ဘုရားနေရာကို ခင်း၍ နေတော်မူနှင့်၏၊ ရှေးဦးစွာ ကမ္မဋ္ဌာန်းကို ယူ၍ သွားသောရဟန်းတို့သည် ပဋိသမ္ဘိဒါ ၄-ပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်၏၊ ထို့နောင်မှ တစ်ပါးသောရဟန်းသည် ရဟန္တာအဖြစ်သို့ ရောက်၏၊ ဤသို့လျှင် ၅၀၀-သော ရဟန်းတို့သည် ရဟန္တာအဖြစ်သို့ ရောက်လေကုန်၏။

ရှေးဦးစွာ ရဟန္တာဖြစ်သော ရဟန်းသည် "မြတ်စွာဘုရားအား အကြောင်းကို ကြားအံ့"ဟု ထက်ဝယ်ကို ဖြေ၍ နေရာထိုင်ကို ခါပြီးလျှင် ထ၍ ဘုရားရှိရာသို့ ရှေးရှုလာ၏၊ ဤအတူ ရဟန်းတစ်ယောက်လည်း ဖြစ်၏၊ တစ်ယောက်လည်း ဖြစ်၏၊ ဤသို့လျှင် ၅၀၀-သော ရဟန်းတို့သည် ဆွမ်းစားဇရပ်သို့ ဝင်ကုန်သကဲ့သို့ အစဉ်အတိုင်း လာကုန်၏၊ ရှေးဦးစွာလာသော ရဟန်းသည် ဘုရားကို ရှိခိုး၍ နေရာကို ခင်း၍ တင့်အပ်သော အရပ်၌ ထိုင်၍ မိမိရသောဂုဏ်ကို ကြားလို၍ "ငါမှတပါး တစုံတယောက်သော ရဟန်းသည် ရှိသလော"ဟု နောက်ကိုပြန်၍ လာသောခရီးကို ကြည့်သော် တစ်ပါးသောရဟန်းကို မြင်၏၊ တစ်ပါးကိုလည်း မြင်ပြန်၏၊ ဤသို့လျှင် အလုံးစုံသော ၅၀၀-သောရဟန်းတို့သည် အစဉ်အတိုင်း လာကုန်၍ ထိုင်ကုန်၍ တစ်ဦးသည် တစ်ဦးအား ရှက်၍ မဆိုဘဲ နေကုန်၏၊ ဤကဲ့သို့ အချင်းချင်းရှက်၍ မဆိုဘဲ နေကြကုန်၏၊ ရဟန္တာတို့အား ၂-ပါးသော အခြင်းအရာ တို့သည် ဖြစ်ကုန်၏၊ "ငါရသော ကျေးဇူးကို နတ်နှင့်တကွသောလူသည် လျင်စွာသိပါအံ့၊ ကောင်းစွ"ဟူသော စိတ်သည်လည်း ဖြစ်၏၊ ကျေးဇူးကိုရသော အဖြစ်ကိုကား ရွှေအိုးကို ရသော ယောကျ်ားသည် သူတပါးအား မကြားလိုသကဲ့သို့လည်း ဖြစ်၏။

ဤသို့လျှင် ရဟန္တာဖြစ်စကို ၅၀၀-သောအရိယာအပေါင်း စည်းဝေးပြီးသော် အရှေ့ ယုဂန္ဓိုရ်အဝန်း၌ တိမ်တိုက်, ဆီးနှင်း, မီးခိုးမြူ, ရာဟု၊ ဤ ၅-ပါးသော အညစ်အကြေးမှ လွတ်သော အရှေ့မျက်နှာအရပ်မှ မြောက်အပ်သော ငွေဖြင့်ပြီးသော ကြေးမုံကြီးကဲ့သို့ရင်း အကွပ်ဝန်း၌ ကိုင်၍လှည့်လည်အပ်သော ငွေစကြာ၏အသရေကဲ့သို့ရင်း တောက်ပသော အသရေရှိသော နယုန်လပြည့်နေ့ည လဝန်းသည် ဘုရားဖြစ်ခြင်းဖြင့် တန်ဆာဆင်အပ်သော လူအပေါင်းအား မွေ့လျော်ဖွယ်ကို ပြုအံ့သောငှာ တက်လတ်၍ လေ၏ခရီး၌ သွား၏၊

ဤသို့ သဘောရှိသောခဏ၌ မြတ်စွာဘုရားသည် သက္ကတိုင်း၊ ကပိလဝတ်ပြည်၏အနီး မဟာဝုန်တော၌ များစွာကုန်သော ရဟန္တာသစ်ဖြစ်ကုန်သော ၅၀၀-ကုန်သော ရဟန္တာတို့ဖြင့် ခြံရံလျက်နေသည်ဖြစ်၍ -

မဟာသမ္မတမင်းမျိုး၌ ဖြစ်သောဘုရားသည် မဟာသမ္မတမင်းမျိုး၌ ဖြစ်ကုန်သော ၅၀၀-သော ရဟန္တာတို့ဖြင့်, မင်းသမီး၏ဝမ်းတိုက်၌ ဖြစ်သောဘုရားသည် မင်းသမီး၏ ဝမ်းတိုက်၌ဖြစ်ကုန်သော ရဟန္တာသစ်တို့ဖြင့်, ထီးဖြူကို စွန့်၍ လက်သို့ရောက်သော စကြာမင်း၏ စည်းစိမ်ကို စွန့်၍ ရဟန်းပြုသောဘုရားသည် ထီးဖြူကို စွန့်၍ လက်သို့ ရောက်သော စကြာမင်း၏စည်းစိမ်ကိုစွန့်၍ ရဟန်းပြုကုန်သော ၅၀၀-ကုန်သော ရဟန္တာသစ်တို့ဖြင့် ခြံရံလျက် စင်ကြယ်သောအရပ်၌ စင်ကြယ်သော ညဉ့်အဖို့၌ ကိလေသာမှ စင်ကြယ်သော မြတ်စွာဘုရားသည် စင်ကြယ်သော အခြံအရံရှိသည်ဖြစ်၍, ရာဂ, ဒေါသ, မောဟကင်းပြီးသော ဘုရားသည် ရာဂ, ဒေါသ, မောဟကင်းပြီးသော အခြံအရံရှိသည် ဖြစ်၍, ကိလေသာတဏှာ ကင်းပြီးသော ဘုရားသည် ကိလေသာတဏှာ ကင်းကုန်ပြီးသော အခြံအရံရှိသည်ဖြစ်၍, ငြိမ်သက်ယဉ်ကျေးတော်မူသော ဘုရားသည် ငြိမ်သက်ယဉ်ကျေး ကုန်ပြီးသော ရဟန္တာသစ်တို့ဖြင့် ခြံရံကုန်သည်ဖြစ်၍ အလွန်လျှင် တင့်တယ်တော်မူ၏။

## နတ်, ဗြဟ္မာတို့ လာရောက်ဖူးမျှော်ကြခြင်း

ထိုအခါ မဟာဝုန်တော၌နေသော **နတ်တို့သည်** "အချင်းတို့၊ ဘုရားကိုဖူးမြင် အံ့သောငှာ သွားကုန်အံ့၊ ဘုရားကို ဖူးမြင်ရခြင်းသည် ကျေးဇူးကြီး၏၊ တရားကို နာရခြင်း သည် ကျေးဇူးကြီး၏၊ သံဃာကို ဖူးမြင်ရခြင်းသည် ကျေးဇူးကြီး၏၊ အချင်းတို့၊ သွားကုန်အံ့" ဟူ၍ ဟစ်ကုန်၏၊ ဤသို့ ပြင်းစွာသောအသံကို ပြုလျက်လာကုန်၍ မြတ်စွာဘုရားကိုငင်း ထိုခဏ၌ ရဟန္တာဖြစ်သော ၅၀၀-သော ရဟန္တာတို့ကိုငင်း ရှိခိုး၍ တင့်အပ်သောအရပ်၌ ရပ်ကုန်၏။

ထိုသို့သောနည်းဖြင့် အဆင့်ဆင့်ဟစ်ကုန်သော နတ်တို့၏အသံကို အဆင့်ဆင့် ကြားကုန်၍ ၁-ကောသအတွင်း, ဂါဝုတ်ခွဲ, ၁-ဂါဝုတ်, ၁-ယူဇနာအတွင်းအစရှိသော အစွန်း အားဖြင့် ယူဇနာ ၃,၀၀၀-အပြန့်ကျယ်သော ဟိမဝန္တာတော၌ နတ်တို့သည်ငင်း ၃-ကြိမ် ပွားသောအားဖြင့် ခြောက်သန်း, သုံးသိန်းကုန်သော မြို့တို့၌ငင်း ကိုးသန်း, ကိုးသိန်းသော ကျေးရွာ, ခရိုင်တို့၌ငင်း ကိုးသန်း, ခြောက်သိန်းကုန်သော သဘော်ဆိပ်တို့၌ငင်း ၅၆- ရပ်သော ရတနာတည်ရာအရပ်တို့၌ငင်း အလုံးစုံသော ဇမ္ဗူဒီပါကျွန်းတို့၌ငင်း အရှေ့ကျွန်း,

မြောက်ကျွန်း, အနောက်ကျွန်းတို့၌ငင်း အရံကျွန်းငယ် ၂,၀၀၀-တို့၌ငင်း အလုံးစုံသော ဤစကြဝဠာတိုက်၌ငင်း ၂-ခုမြောက်သော စကြဝဠာ, ၃-ခုမြောက်သော စကြဝဠာတို့၌ ငင်း ဤသို့သောနည်းဖြင့် လူ့ပြည်ကသည် **အကနိဋ္ဌ** ဗြဟ္မာ့ပြည်တိုင်အောင် ၁၀,၀၀၀-သောစကြဝဠာတို့၌ငင်း အသညသတ်, အရူပဗြဟ္မာ, သမာပတ်ဝင်စားသော နတ်, ဗြဟ္မာ တို့ကိုထား၍ အလုံးစုံသောနတ်တို့သည် အဆင့်ဆင့် ဟစ်ကုန်သဖြင့် ကြားကုန်၍ ဤစကြဝဠာ၌ချည်း ထိုခဏ၌ စည်းဝေးလာကုန်၏။

ဤစကြဝဠာတိုက်သည် လူ့ပြည်မှ အကနိဋ္ဌဗြဟ္မာ့ပြည်တိုင်အောင် အပ်ကျည်၌ အပ်တို့ဖြင့်ပြည့်သကဲ့သို့ နတ်, ဗြဟ္မာတို့ဖြင့် ပြည့်၏၊ လူ့ပြည်မှ ဗြဟ္မာ့ပြည်တိုင်အောင် မြင့်သောအဖြစ်ကား သီဟိုဠ်ကျွန်း၌ ကြေးပြာသာဒ်ကျောင်း၌ ၇-ခုကုန်သော စုလစ် အထွဋ်တို့ဖြင့် မှူသောကျောက်ကို ဗြဟ္မာ့ပြည်အနိကဋ္ဌမှ လူ့ပြည်သို့ ချလိုက်သည်ရှိသော် ၄-လမှမြေသို့ ရောက်၏၊ ဤမျှလောက်သော အရပ်၌ မြေ၌ရပ်၍ အထက်သို့ မြောက်အပ် သော ပန်းပွင့်, အခိုး, အထုံ, အမှုံတို့သည် အထက်သို့ တက်အံ့သောငှာ အထက် ကောင်းကင်၌ ရပ်၍ အောက်သို့ ချလိုက်သော အခိုး, အထုံ, အမှုံ, ပန်းပွင့်တို့သည် အောက်သို့ ကျအံ့သောငှာ အကြားမရ၊ အခြားမဲ့ နတ်, ဗြဟ္မာတို့ဖြင့်သာလျှင် ပြည့်၏။

ဥပမာကား စကြဝတေးမင်း၏နေရာအရပ်သည် မကျဉ်းမြောင်းသည် ဖြစ်၏၊ လာလာတိုင်းသော တန်ခိုးကြီးသော မင်းတို့သည် နေရာမရကုန်၊ နောက်နောင်၌ နေရာ ကျဉ်းမြောင်းသည် ဖြစ်၏၊ ထို့အတူ မြတ်စွာဘုရားနေတော်မူရာ အရပ်သည် မကျဉ်းမြောင်း သည် ဖြစ်၏၊ လာတိုင်းလာတိုင်းကုန်သော တန်ခိုးကြီးသော နတ်တို့သည်ငင်း ဗြဟ္မာတို့ သည်သာငင်း နေရာကို ရကုန်၏၊ မြတ်စွာဘုရားနှင့်နီးသောအရပ်၌ သားမြီးဖြင့် ထိုးလောက်ရုံမျှသောအရပ်၌ ၁-ကျိပ်သော တန်ခိုးကြီးသောနတ်၊ ၂-ကျိပ်သော တန်ခိုးကြီးသောနတ်၊ ၃-ကျိပ်, ၄-ကျိပ်, ၅-ကျိပ်, ၆-ကျိပ်သော တန်ခိုးကြီးသော နတ်တို့သည် သိမ်မွေ့ငယ်လှစွာသော ကိုယ်ကို ဖန်ဆင်း၍ နေရကုန်၏။

## ဗြဟ္မာကြီး ၄-ဦး ဂါထာဖြင့် လျှောက်ခြင်း

ထိုအခါ သုဒ္ဓါဝါသ အကနိဋ္ဌဗြဟ္မာ့ပြည်၌ ဗြဟ္မာကြီး ၄-ယောက်တို့သည် သမာ ပတ်ဝင်စား၍နေသဖြင့် ကျန်ရစ်၍ သမာပတ်မှ ထပြီးသော် ဗြဟ္မာ့ဘုံတို့ကို ကြည့်၍ ဆွမ်းစားပြီးသော် မွန်းလွဲအခါ၌ ဆွမ်းစားဇရပ်ကဲ့သို့ ဆိတ်ဆိတ်ညံညံဖြစ်ကုန်သော ဗြဟ္မာ့ဘုံတို့ကို မြင်၍ "ဗြဟ္မာတို့သည် အဘယ်သို့ သွားလေကုန်သနည်း"ဟု ဆင်ခြင်သော်

များစွာသော နတ်အပေါင်းတို့၏ အစည်းအဝေးသို့ သွားကြောင်းကို သိ၍ ဤအခါသည်ကား များစွာသော နတ်, ပြဟ္မာအပေါင်းတို့၏ အစည်းအဝေးတည်း၊ ငါတို့သည် ကျန်ရစ်ချေပြီ၊ ကျန်ရစ်ကုန်သော ငါတို့အား နေရာမရဖြစ်ကြ၏၊ ထို့ကြောင့် ငါတို့လက်ချည်း မသွားကုန်မူ၍ ၁-ဂါထာစီ ကုံးသီ၍ သွားကုန်အံ့၊ ထိုဂါထာဖြင့် ကြီးစွာသော အစည်းအဝေး၌ ငါတို့လာကြောင်းကို သိစေကုန်အံ့၊ မြတ်စွာဘုရားကျေးဇူးကို ဆိုကုန်အံ့"ဟု ကြံကုန်၍ ပြဟ္မာ့ပြည်ကပင် ၁-ဂါထာစီ ကုံးသီ၍ ဥပမာကား အားရှိသော ယောကျာ်းသည် ခွေသောလက်ကို ဆန့်သကဲ့သို့ ပြဟ္မာ့ဘုံ၌ ကွယ်ခဲ့၍ တစ်ယောက်သောပြဟ္မာသည် အရှေ့စကြဝဠာနား၌ သက်၏၊ တစ်ယောက်သော ပြဟ္မာသည် တောင်စကြဝဠာနား၌ သက်၏၊ တစ်ယောက်သည် အနောက်စကြဝဠာနား၌ သက်၏၊ တစ်ယောက်သည် မြောက်စကြဝဠာနား၌ သက်၏၊ ထို့နောင်မှ -

၁။ အရှေ့စကြဝဠာနား၌ သက်သောပြဟ္မာသည် နီလကသိုဏ်းလျှင် အာရုံရှိသော စတုတ္ထစျာန်ကို ဝင်စား၍ ညိုသောရောင်ခြည်ကို လွှတ်၍ စကြဝဠာ ၁၀,၀၀၀-မှ လာသော နတ်, ပြဟ္မာတို့အား ပတ္တမြားညိုဖြင့်ပြီးသော မိန်ညိုကို စွပ်သကဲ့သို့ ဖြစ်စေ၍ မိမိ၏နောက်မှ လာသောအဖြစ်ကို သိစေ၏။

၂။ တောင်စကြဝဠာနား၌ သက်သောပြဟ္မာကြီးသည် ရွှေသောကသိုဏ်းလျှင် အာရုံရှိသော စတုတ္ထစျာန်ကို ဝင်စား၍ ရွှေသောရောင်ခြည်ကို လွှတ်၍ အလုံးစုံသော နတ်, ပြဟ္မာတို့ကို ရွှေပြားဖြင့် ရုံဘိသကဲ့သို့ဖြစ်စေလျက် မိမိလာသောအဖြစ်ကို သိစေ၏၊ ဘုရား၏ ခရီးကိုမူကား တစုံတယောက်သောသူသည် လွှန်အံ့သောငှါ မတတ်နိုင်သဖြင့် ဘုရား၏ခရီးတိုင်အောင်လာ၍ ဘုရားကို ရှိခိုး၍ ရပ်၏။

၃။ အနောက်စကြဝဠာနား၌ သက်သော ပြဟ္မာသည် နီသောကသိုဏ်းလျှင် အာရုံရှိသော စျာန်ကိုဝင်စား၍ နီသောရောင်ခြည်ကိုလွှတ်၍ အလုံးစုံသောနတ်, ပြဟ္မာတို့ကို ကမ္ဗလာနီဖြင့် ရုံသကဲ့သို့ဖြစ်စေလျက် မိမိလာသောအဖြစ်ကို သိစေ၍ ထို့အတူ ရှိခိုး၍ ရပ်၏။

၄။ မြောက်စကြဝဠာနား၌ သက်သော ပြဟ္မာကြီးသည် ဖြူသောကသိုဏ်းလျှင် အာရုံရှိသော စျာန်ကိုဝင်စား၍ ဖြူသောရောင်ခြည်ကို လွှတ်၍ ဘုရားမှတပါးသော ၁၀,၀၀၀-သောစကြဝဠာမှ လာသော နတ်, ပြဟ္မာတို့အား မြတ်လေးပန်းပုဆိုးကို ရုံဘိသကဲ့သို့ ဖြစ်စေ၍ မိမိနောက်မှလာသော အဖြစ်ကို သိစေလျက် ထို့အတူ ဘုရားကို ရှိခိုး၍ ရပ်၏။

ဤသို့ မြတ်စွာဘုရားအထံသို့ လာ၍ ရပ်ကုန်ပြီးသော နတ်, ဗြဟ္မာကြီး ၄-ယောက်တို့သည် မိမိတို့ကုံးသီခဲ့သော ဂါထာကို အသီးအသီး လျှောက်ကုန်ပြီး၍ မိမိတို့သက်ရာ စကြဝဠာတံတိုင်းနားသို့ ပြန်၍ နေရလေကုန်၏။

## မာရ်နတ်နှောင့်ယှက်သည်ကို တားမြစ်တော်မူခြင်း

ထိုကြီးစွာသော အစည်းအဝေး၌ များသော စစ်သည်ရှိသော **မာရ်နတ်သား**သည် များစွာသော နတ်, ဗြဟ္မာတို့၏ အစည်းအဝေး၌ မင်္ဂဖိုလ်အန္တရာယ် ဖြစ်စိမ့်သောငှာ မိမိ၏ စစ်သည်တို့ကို စေလွှတ်၏၊ မိမိလည်းလက်ဖြင့် မြေကိုခတ်၍ ကြောက်မက်ဖွယ်သော အသံကို ပြု၏။ လျှပ်စစ်ပြီးပြက် ထစ်ကြိုးလျက် ပြင်းစွာရွာသော မိုးကဲ့သို့ ပြင်းစွာကြိမ်းဝါးခြင်းကို ပြု၏၊ မြတ်စွာဘုရားသည်လည်း "မာရ်နတ်သားသည် ကြီးစွာသော အစည်းအဝေးကို မြင်၍ မင်္ဂဖိုလ်အန္တရာယ်ကို ပြုအံ့"ဟု ပရိသတ်တို့၏ အကြား, အကြား၌ မိမိစစ်သည်ကို စေ၏၊ "မိမိသည်လည်း ကြောက်မက်ဖွယ်သောအသံ, အဆင်းကို ပြု၏"ဟု သိတော်မူ၏၊ အကြင်အခြင်းဖြင့် ပရိသတ်သည် ထိုမာရ်နတ်၏ အသံကို မကြား, အရုပ်ကို မမြင်၊ ထိုအခြင်းဖြင့် မိဋ္ဌာန်တော်မူ၏၊ ဤသို့ မိဋ္ဌာန်ခြင်းသည် ဘုရားတို့၏ သဘောတည်း၊ အကြင်အစည်းအဝေး၌ မင်္ဂဖိုလ်ရခြင်းသည် မဖြစ်လတ္တံ့၊ ထိုအစည်းအဝေး၌ မာရ်နတ်၏ ခြိမ်းခြောက်ခြင်းကို မြစ်တော်မမူ၊ အကြင်အစည်းအဝေး၌ မင်္ဂဖိုလ်ရခြင်းသည် ဖြစ်လတ္တံ့၊ ထိုအစည်းအဝေး၌ မာရ်နတ်၏ ကြောက်မက်ဖွယ်သော အသံ, အဆင်းကို ပရိသတ်တို့သည် မကြား, မမြင်အောင် မိဋ္ဌာန်၏။

ထိုအခါ၌ ပရိသတ်တို့သည် မာရ်နတ်၏ကြောက်မက်ဖွယ်သော အသံ, အဆင်းကို ဘုရားတန်ခိုးတော်အားဖြင့် မကြား, မမြင်ရ၍ ထိတ်လန့်ခြင်းကင်းရကား တစုံတယောက်သော သူသည်မျှ မာရ်နတ်၏ အလိုသို့ မပါသဖြင့် မာရ်နတ်သည် ပြင်းစွာအမျက်ထွက်၍ ပြန်လေ၏၊ ထိုအခါ၌ မြတ်စွာဘုရားသည် ပရိသတ်ကို ကြည့်တော်မူသော် မြေမှသည် စကြဝဠာမျက်နှာ၁၀အပိုင်းအခြားဖြင့် အကနိဋ္ဌဗြဟ္မာ့ပြည်တိုင်အောင် နတ်, ဗြဟ္မာတို့၏ အစည်းအဝေးကို မြင်၍ ကြံတော်မူ၏။ "ဤနတ်တို့၏ ကြီးစွာသော အစည်းအဝေးကို ဤ ၅၀၀-သောရဟန်းတို့သည် ဤမျှလောက် အစည်းအဝေး ကြီး၏-ဟု မသိကုန်၊ ထိုရဟန်းတို့အား ကြားအံ့"ဟု ကြံတော်မူ၍ "နတ်တို့သည် အဘယ်သို့ ကြံသနည်း"ဟု ဆင်ခြင်တော်မူပြန်သော် ခံတွင်းကို ဖွင့်၍ လက်ကိုသွင်း၍ နှလုံးသားကို သုံးသပ်သကဲ့သို့ နတ်တို့၏အလိုကို သိ၍ "စကြဝဠာ ၁၀,၀၀၀-မှလာကုန်သော အလုံးစုံသော နတ်တို့၏ အမည်ကို ကြားအံ့"ဟု ကြံတော်မူပြီးမှ ထိုနတ်တို့ကို ကျွတ်ထိုက်, မကျွတ်ထိုက်အားဖြင့်

နှလုံးပြု၍ ကျွတ်ထိုက်သော သတ္တဝါတို့ကို ပိုက်၍ "ဤမျှသော နတ်တို့သည် ရာဂစရိုက် ပြောကုန်၏၊ ဤမျှသည် ဒေါသစရိုက် ပြောကုန်၏၊ ဤသို့ အစရှိသဖြင့် ဆင်ခြင်၍ ထိုထိုသို့သော စရိုက်နှင့်လျော်စွာ တရားကို ဟောအံ့"ဟု မှတ်ပြီး၍-

ဤနတ်တို့သည် အဇ္ဈတ္တာသယဖြင့် သိအံ့လော၊ ဤသို့ စသည်ဖြင့် ဆင်ခြင်တော်မူသော် "ပုစ္ဆာဝသိကဖြင့် သိအံ့သည်"ဟု မြင်တော်မူ၍ "ဤရဟန်း ၅၀၀-တို့တွင် တစုံတယောက်သည် နတ်တို့၏အလိုကို ယူ၍ စရိုက်နှင့်လျော်စွာ ပြဿနာမေးအံ့သောငှာ တတ်နိုင်အံ့လော"ဟု ဆင်ခြင်သော် ထို ၅၀၀-တို့တွင် တစုံတယောက်ကို မမြင်၍ ၈-ကျိပ်သော မဟာသာဝက, လက်ျာရံ, လက်ဝဲရံတို့ကို ဆင်ခြင်ပြန်သော် မမြင်၍ "အကယ်၍ ပစ္စေကဗုဒ္ဓါဘုရား ဖြစ်အံ့၊ ပစ္စေကဗုဒ္ဓါသည် တတ်နိုင်အံ့လော"ဟု ဆင်ခြင်သော် ပစ္စေကဗုဒ္ဓါကိုလည်း မမြင်၍ "ငါသို့သောဘုရားသည်သာလျှင် နတ်တို့၏အလိုကို ယူ၍ မေးအံ့သောငှါ တတ်နိုင်ရာ၏၊ ငါမှတပါးသောဘုရားသည် တစုံတခုသောအရပ်၌ရှိသလော"ဟု အဆုံးမရှိသော လောကဓာတ်တို့၌ ဉာဏ်တော်ဖြင့် ကြည့်တော်မူသော် ဘုရားတပါးကို မမြင်မူ၍ "အကယ်၍ ငါဘုရားသည်ပင် မေး၍ ငါဘုရားသည်ပင် ဖြေအံ့၊ ဤသို့ ဖြေသဖြင့်လည်း ဤနတ်တို့သည် မသိနိုင်ကုန်လတ္တံ့၊ ဘုရားတစ်ဆူသည် မေး၍ ဘုရားတစ်ဆူဖြေသော်ကား အံ့ဖွယ်သည်လည်း ဖြစ်လတ္တံ့၊ နတ်တို့သည်လည်း ထိုးထွင်း၍သိခြင်းငှါ တတ်နိုင်ကုန်လတ္တံ့၊ ထို့ကြောင့် ဘုရားတစ်ဆူ ဖန်ဆင်းအံ့" ကြံတော်မူ၍ အဘိညာဉ်၏အခြေဖြစ်သော စတုတ္ထဈာန်ကို ဝင်စား၍ ဈာန်မှထ၍ "သပိတ်, သင်္ကန်းယူခြင်း, ကွေးခြင်း, ဆန့်ခြင်း အစရှိသော အပြုအမူ ငါနှင့်တူသော ဘုရားတစ်ဆူသည် ဖြစ်စေသတည်း"ဟု မိန့်ဒွါန်တော်မူ၏။

## နိမ္မိတဘုရားတစ်ဆူ ဖန်ဆင်း၍ တရားဟောခြင်း

ကာမာဝစရကြိယာဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်ဖြင့် ပရိကံကို ပြု၍ အရှေ့ယုဂန္ဓိုရ်တောင် အဝန်းမှထွက်သော လဝန်းကို ခွဲ၍ ထွက်သကဲ့သို့ ရူပါဝစရကြိယာ ပဥ္စမဈာန်စိတ်ဖြင့် ဘုရားတစ်ဆူ ဖန်ဆင်းတော်မူ၏၊ နတ်အပေါင်းတို့သည် နိမ္မိတဘုရားတစ်ဆူကို မြင်၍-

- ယနေ့ လဝန်းတစ်ဆူသည် တက်၏၊ ထိုအခါ လကို ခွာ၍ အနီးသို့ ရောက်လတ်သော် လမဟုတ်၊ နေတက်သည်ဟု ဆိုကုန်၏၊
- တခွေ့ထက် တခွေ့နီးပြန်သော် နေမဟုတ်၊ နတ်၏ ဗိမာန်တည်းဟု ဆို၏၊

- တဖန်နီးပြန်လတ်သော် နတ်ဗိမာန်လည်း မဟုတ်၊ တစ်ယောက်သော နတ်သား တည်းဟု ဆို၏၊
- တဖန်အနီးသို့ ရောက်ပြန်လတ်သော် နတ်သားမဟုတ်၊ ပြဟ္မာမင်းတည်း-ဟု ဆို၏၊
- တဖန်နီးပြန်သဖြင့် "အချင်းတို့၊ ပြဟ္မာမင်းမဟုတ်၊ ဘုရားတစ်ဆူသည် ဖြစ်၏" ဟု ဆို၏။

ထိုအစည်းအဝေး၌ ပုထုဇဉ်နတ်တို့သည် ကြံကုန်၏၊ "တစ်ဆူသော ဘုရားမြတ်အားလျက် ဤမျှလောက်သော နတ်, ပြဟ္မာ အစည်းအဝေးသည် ဖြစ်၏၊ ၂-ဆူသော ဘုရားတို့အားကား အဘယ်မျှလောက်သော အစည်းအဝေး ပရိသတ်ကြီးသည် ဖြစ်လတ္တံ့နည်း"ဟု ကြံကုန်၏၊ အရိယာဖြစ်သော နတ်တို့သည် ကြံကုန်၏၊ "တစ်ခုသော လောကဓာတ်၌ ၂-ဆူသော ဘုရားမြတ်တို့သည် မဖြစ်ကုန်၊ မချွတ် ဤအရှင်ဂေါတမဘုရားသည်လျှင် ကိုယ်တော်နှင့်တူသော ဘုရားတစ်ဆူကို ဖန်ဆင်းတော်မူ၏"ဟု ကြံကုန်၏၊ ထိုအခါ နတ်, ပြဟ္မာအပေါင်းတို့ မြင်စဉ်ပင်လျှင် နိမ္မိတဘုရားသည် အနီးသို့ရောက်တော်မူ၍-

- အရှင်ဂေါတမဘုရားကို ရှိမခိုးမူ၍ ရှေ့တူရူအရပ်၌ အမျှဖန်ဆင်းအပ်သော ဘုရားနေရာ၌ နေတော်မူ၏၊
- မြတ်စွာဘုရားအားလည်း ၃၂-ပါးသော လက္ခဏာတို့သည် ထင်ရှားဖြစ်ကုန်၏၊
- နိမ္မိတဘုရားအားလည်း ထင်ရှားဖြစ်ကုန်၏၊
- မြတ်စွာဘုရား၏ ကိုယ်တော်မှထွက်သော ရောင်ခြည်တော် ၆-သွယ်တို့သည် နိမ္မိတဘုရား၏ကိုယ်တော်၌ ခတ်မိကုန်၏၊
- နိမ္မိတဘုရားမှထွက်သော ရောင်ခြည်တော် ၆-သွယ်တို့သည် အရှင်ဂေါတမဘုရား၏ ကိုယ်တော်၌ ခတ်မိကုန်၏။

ဘုရား ၂-ဆူအရောင်တို့သည် အထက်သို့ တက်လတ်၍ အကနိဋ္ဌပြဟ္မာ့ဘုံကို ထိ၍ တဖန်ပြန်၍ နတ်တို့၏ထိပ်ပေါ်အဆုံး၌ သက်၍ စကြဝဠာတံတိုင်းဆိုက်အောင် တည်လေ၏၊ အလုံးစုံသော စကြဝဠာတိုက်သည် ရွှေမိုး, ရွှေခြင်ဖြင့် စီအပ်သော စေတီအိမ်ကဲ့သို့ တင့်တယ်၏၊ ၁၀,၀၀၀-သောစကြဝဠာ၌ နတ်, ပြဟ္မာတို့သည် တစ်ခုသောစကြဝဠာ၌ တပေါင်းတည်းစုကုန်၍ ဘုရား ၂-ဆူတို့၏ ရောင်ခြည်တော်အတွင်း၌ ဝင်၍ တည်ကုန်၏၊ ထိုအခါ နိမ္မိတဘုရားသည် ထိုင်လျက် အရှင်ဂေါတမဘုရား၏ ဗောဓိပလ္လင်၌ ကိလေသာကို ပယ်ခြင်းကို ချီးမွမ်းတော်မူလို၍ "ပုစ္ဆာမိ မုနိ ပဟုတပည်" အစရှိသော ဂါထာကို ရွတ်၏၊

မြတ်စွာဘုရားသည်လည်း "နတ်တို့အား စိတ်၏ကြံခြင်းကို ဖြစ်စေခြင်းငှာ လာတိုင်း လာတိုင်းသော နတ်တို့၏အမည်ကို ကြားဦးအံ့"ဟု ကြံတော်မူ၍ "အာစိက္ခိဿာမိ ဘိက္ခဝေ" အစရှိသည်ဖြင့် မဟာသမယသုတ်ကို ဟောတော်မူ၏၊ သုတ္တန်ဟောသောအဆုံး၌ ကုဋေတစ်သိန်းသောနတ်တို့သည် ရဟန္တာအဖြစ်သို့ ရောက်ကုန်၏၊ သောတာပန်အစရှိသော နတ်တို့၏ အရေအတွက်သည်ကား မရှိသလျှင်ကတည်း။

✪✪✪✪✪✪✪✪✪✪

## ၁၆၃။ သုဒ္ဓေါဒနမင်းကြီး ဝေဒနာဖြစ်ပေါ်ခြင်း

ဤသို့လျှင် ကပိလဝတ်ပြည်အနီး မဟာဝုန်တော၌ မဟာသမယသုတ်ကို ဟောတော်မူပြီးသော် ဝေသာလီပြည်သို့ ကြွတော်မူ၍ ဝေသာလီကို အမှီပြု၍ အပိုင်းအခြားနှင့် တကွဖြစ်သော မဟာဝုန်တော၌ စုလစ်အထွဋ်ရှိတပ်သော ဇရပ်၌ ၅-ဝါမြောက် ဝါဆိုတော်မူ၏၊ ဝေသာလီ၌ ဝါဆိုတော်မူသောအခါ လင်းနို့အကျင့်ကို ကျင့်သော လျှို့ကပ်သောပုဏ္ဏားကို အကြောင်းပြု၍ "ကိံ တေ ဇဋာ" အစရှိသော ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော ဖွတ်မင်းဇာတ်အစရှိသော တရားဒေသနာတော်ဖြင့် များစွာသောလူ, နတ်တို့ကို ကယ်ချွတ်တော်မူ၏၊ "သဗ္ဗေ သင်္ခါရာ" အစရှိသော တရားဒေသနာကို ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကို အကြောင်းပြု၍ ဟောတော်မူ၏၊ ဝေသာလီ၌ ဝါဆို၍ ဝါခေါင်လ ရောက်သောအခါ၌ ခမည်းတော်မင်းကြီးအား ပြင်းစွာသောဝေဒနာသည် ဖြစ်၏၊ ထိုအနာကို မိထွေးတော် ဂေါတမီ အစရှိသော ဆွေတော်, မျိုးတော်အပေါင်းတို့သည် ငြိမ်းစိမ့်သောငှာ မတတ်နိုင်ကုန်။

မင်းကြီးသည် ပြင်းစွာသောဝေဒနာဖြင့် နှိပ်စက်သည်ဖြစ်၍ သေရာညောင်စောင်း၌ အိပ်လျက် "ဩော်-ဆင်းရဲစွ, ဆင်းရဲစွ"ဟု ဆို၍ တပြောင်းပြန်ပြန် ဆင်းရဲလျက် "ငါ၏ သားဘုရားသည် ဤသို့ ရောက်ပါမူကား ပြင်းစွာသော ဝေဒနာတက်သော ငါ၏ဦးခေါင်းကို သုံးသပ်လတ္တံ့၊ ငါ့သား ရှင်နန်သည်၎င်း အရှင်အာနန္ဒာသည်၎င်း နံပါး ၂-ဖက်တို့ကို ဆုပ်နယ် သုံးသပ်လတ္တံ့၊ ငါ၏မြေး ရာဟုလာသည် ငါ၏ကျောက်ကို သုံးသပ်လတ္တံ့၊" ဤသို့ အဖန်တလဲလဲ အောက်မေ့တ ဆို၏၊ ထိုအခါ မြတ်စွာဘုရားသည် မိုးသောက်ယံအခါ၌ ကရုဏာ-သမာပတ်မှ ထတော်မူ၍ ပစ္ဆိမယာမကိစ္စ၌ တည်၍ ဝေနေယျတို့ကို ကြည့်တော်မူသော် ပြင်းစွာနာသည်ဖြစ်၍ သေရာညောင်စောင်း၌ အိပ်သောသနားဖွယ် မြည်တမ်းခြင်းနှင့် တကွဖြစ်သော ခမည်းတော်ကို မြင်၍ "ငါ၏ခမည်းတော်သည် ပြင်းစွာနာ၏၊ ငါ၏ရောက်လာခြင်းကို တောင့်တ၏၊ ယခုငါသွားအံ့"ဟု ကြံတော်မူ၍ နေရာတော်မှထ၍ ကိုယ်, လက်သုံးသပ်တော်မူပြီးသော် ဝေသာလီပြည်မှ ဆွမ်းရပ်ပြီးသော် ဆွမ်းခံရွာမှ ဖဲ၍

အရှင်အာနန္ဒာကို ခေါ်၍ "ချစ်သားအာနန္ဒာ၊ ယခုအခါ၌ ငါ၏ခမည်းတော်မင်းကြီးအား ထက်သော ပြင်းစွာသော အနာသည် ဖြစ်၏၊ ငါ၏လာခြင်းကို တောင့်တ၏၊ ယခု ငါသွားအံ့၊ ခမည်းတော်ကို ဖူးမြင်ချေအံ့၊ သင်သည်ရဟန်းသံဃာအား ကြားချေလော့"ဟု မိန့်တော်မူ၏။

## ဘုရားရှင်ကြွလာတော်မူခြင်း

အရှင်အာနန္ဒာသည်လည်း "ကောင်းပြီ"ဟု ဝန်ခံ၍ သံဃာတော်အား ကြားပေ၏၊ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန် အစရှိသော သံဃာတော်အပေါင်းတို့သည် သပိတ်, သင်္ကန်းကိုယူ၍ မြတ်စွာဘုရားသို့ ကပ်လာကုန်၏၊ "ချစ်သားရဟန်းတို့၊ ယနေ့လျှင် သုဒ္ဓေါဒနမင်းကြီးသည် ပြင်းစွာသောအနာဖြင့် နှိပ်စက်သည်ဖြစ်၍ ငါ၏ရောက်ခြင်းကို တောင့်တ၏၊ ထိုမင်းကြီးအား ဖူးမြင်အံ့သောငှာ သွားအံ့၊ ဤမြင်ခြင်းသည်ကား အဆုံးစွန်သော မြင်ခြင်းပင်တည်း"ဟု မိန့်တော်မူ၍ ၅၀၀-သောရဟန်းတို့ဖြင့် ခြံရံလျက် မြတ်စွာဘုရား၏ အာနုဘော်ဖြင့် ကောင်းကင်ခရီးသို့ ပျံတက်၍ ကပိလဝတ်သို့ ကပ်တော်မူလေ၍ နန်းပြာသာဒ်သို့ တက်၍ ပြင်းစွာနာသော ခမည်းတော်၏ ဦးခေါင်းရင်း၌ ခင်းအပ်သော ပလ္လင်၌နေလျက် ကြုံသောကိုယ်ရှိသော ခမည်းတော်ကို မြင်၍ ဓမ္မသံဝေဂကို ဖြစ်စေ၍ "ခမည်းတော်မင်းကြီး၊ အသို့နည်း၊ ခံ၏လော၊ ဣရိယာပုထ် ၄-ပါးမျှ၏လော၊ ဒုက္ခဝေဒနာသည် ဆုတ်ပါ၏လော၊ ရှေ့သို့ မတက်သလော" ဤသို့ မေးတော်မူ၏။

မင်းကြီးသည် မြတ်စွာဘုရားစကားကို ကြား၍ မျက်ရည်ဖြင့်ပြည့်သော မျက်စိတို့ဖြင့် "ဘုန်းတော်ကြီးလှသော အရှင်ဘုရား၊ အကျွန်ုပ်အား မခံ့ပါ၊ အကျွန်ုပ်အား ဒုက္ခဝေဒနာတို့သည် နောက်သို့ မဆုတ်ကုန်၊ ရှေ့သို့ တက်ကုန်၏"ဟူ၍ လျှောက်၏၊ ထိုသို့လျှောက်သော် မြတ်စွာဘုရားသည် "မင်းကြီး၊ မကြံလင့်"ဟု မိန့်တော်မူ၍ လက်ျာလက်မောင်းတော်ကို ဆန့်၍ -

၁။ အကယ်၍ ငါသည် ခပ်သိမ်းသော လောကတို့၏အကျိုးစီးပွားအလို့ငှာ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းပတ်လုံး ပါရမီ-၃၀, စွန့်ခြင်းကြီး ၅-ပါး, စရိယ ၃-ပါးတို့ကို ဖြည့်ကျင့်၍ ဘုရားအဖြစ်သို့ ရောက်သည် မှန်အံ့၊ ဤသို့သော သစ္စာစကားကြောင့် ခမည်းတော်မင်း၏ ဦးခေါင်းတော်၌ ငါ၏လက်ထိကာမျှ၌ ခပ်သိမ်းသော ဒုက္ခဝေဒနာသည် ငြိမ်းစေသတည်း"ဟု မိဋ္ဌာန်တော်မူ၍ လက်ျာလက်ဖြင့် ခမည်းတော်မင်း၏ ဦးခေါင်းကို သုံးသပ်၏၊ မြတ်စွာဘုရားလက်တော်ထိကာမျှ၌ ဦးခေါင်း၌ ဝေဒနာသည် ငြိမ်း၏။

၂။ ထို့နောင် **အရှင်အာနန္ဒာသည်** သစ္စာပြုလို၍ မြတ်စွာဘုရားကို ရှိခိုး၍ "အရှင်ဘုရား၊ အကြင်အရပ်၌ အာနန္ဒာသည် ရှိ၏၊ ထိုအရပ်၌ မြတ်စွာဘုရားသည် ရှိ၏၊ အကြင်အရပ်၌ မြတ်စွာဘုရားသည် ရှိ၏၊ ထိုအရပ်၌ အာနန္ဒာသည် ရှိ၏၊ အကျွန်ုပ်သည် အရှင်ဘုရားကို အရိပ်ကဲ့သို့ အစဉ်လိုက်သည် အကယ်၍ ဖြစ်အံ့၊ ဤသို့သော သစ္စာစကားကြောင့် ဘကြီးမင်း၏ လက်ျာလက်မောင်းကို အကျွန်ုပ်၏ လက်ဝါးဖြင့် ထိကာမျှ၌ လက်ျာဘက်၌ရှိသော ဝေဒနာသည် ငြိမ်းစေသတည်း" ဟု သစ္စာပြု၍ လက်ျာလက်မောင်းကို သုံးသပ်၏၊ ထိုခဏ၌ မင်းကြီး၏ လက်ျာလက်မောင်း၌ရှိသော ဝေဒနာသည် ငြိမ်း၏။

၃။ ထိုအခါ **အရှင်နန္ဒသည်** သစ္စာပြုလို၍ မြတ်စွာဘုရားကို ရှိခိုး၍ "ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ အရှင်ဘုရားတို့၏ စကားကို လိုက်နာ၍ အကျွန်ုပ်သည် အာသဝေါတရား ကုန်သည်ဖြစ်သည် မှန်အံ့၊ အကျွန်ုပ်၏လက်ဖြင့် ခမည်းတော်မင်းကြီး၏ လက်ဝဲဘက်ကို သုံးသပ်ကာမျှ၌ လက်ဝဲဘက်၌ရှိသော ဝေဒနာသည် ငြိမ်းစေသတည်း"ဟု မိန့်ဆို၏၊ ထိုခဏ၌ လက်ဝဲဘက်၌ရှိသော ဝေဒနာသည် ငြိမ်း၏။

၄။ မြေးတော်ရာဟုလာသည်လည်း သစ္စာပြုလိုသဖြင့် မြတ်စွာဘုရားကို ရှိခိုး၍ "ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ ဝေဿန္တရာ၏ အဖြစ်၌တည်သော ရှင်ပင်ဘုရားသည် အကျွန်ုပ်ကို ဇူဇကာပုဏ္ဏားအား လှူ၏၊ ထိုအခါ အကျွန်ုပ်သည် အရှင်ဘုရား၏စကားကို လိုက်နာ၏၊ ဤသစ္စာစကားကြောင့် အကျွန်ုပ်၏ လက်သည် အဘိုးမင်းကြီး၏ ကျောက်ကို ထိကာမျှ၌ ကျောက်၌ရှိသော ဝေဒနာသည် ငြိမ်းစေသတည်း"ဟု ကျောက်ကို ဆုပ်နယ်၏၊ ထိုခဏ၌ ကျောက်၌ ဝေဒနာအစရှိသော အလုံးစုံသော ဝေဒနာသည် ငြိမ်း၏။

## သုဒ္ဓေါဒနမင်းကြီး ပရိနိဗ္ဗာန်ပြုခြင်း

ထိုအခါ မင်းကြီးသည် အနာမှကင်းသည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာထ၍ မြတ်စွာဘုရားကို ရှိခိုး၍နေ၏၊ ထိုအခါ မြတ်စွာဘုရားသည် မင်းကြီး၏အားနည်းသော အသက်ကြွင်းရှိသော အဖြစ်ကို သိတော်မူ၍ "ငါ၏ခမည်းတော်သည် ၇-ရက်မြောက်သောနေ့၌ ပရိနိဗ္ဗာန်ပြုလတ္တံ့"ဟု မြင်၍ ခမည်းတော်မင်းကြီးအား အရဟတ္တဖိုလ်၏ ဥပနိဿယသည် ရှိ၏လော, မရှိလော-ဟု ဆင်ခြင်တော်မူသော် "ရှိ၏"ဟု မြင်တော်မူ၍ ခပ်သိမ်းသောနေ့, ညဥ့်ပတ်လုံး တရားဟောတော်မူ၍ ၇-ရက်မြောက်သောနေ့၌ ခပ်သိမ်းသော သင်္ခါရတရားတို့၏ အမြဲမရှိသောအဖြစ်ကို ပြတော်မူခြင်းငှာ -

**အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။**

**ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။ ။**

**သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊ ယဒါ ပညာယ ပဿတိ။**

**အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ -**

ဟူသောတရားကို ဟောတော်မူ၏။

မင်းကြီးသည် တရားဒေသနာကို အစဉ်မှီးသဖြင့် ဝိပဿနာကို ပွားစေ၍ ရူပရာဂ, မာန, ဥဒ္ဓစ္စအစရှိသော ကိလေသာတို့ကို အကြွင်းမရှိပယ်၍ ပဋိသမ္ဘိဒါ ၄-ပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်ပြီး၍ "အရှင်ဘုရား၊ အကျွန်ုပ်သည် သံသရာတည်းဟူသော အနှောင်အဖွဲ့မှ လွတ်ပြီ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုအပ်ပြီ၊ စင်စစ်သော်ကား အကျွန်ုပ်၏ အသက်သည် နည်းလှစွာ၏၊ ယခုအခါ၌ပင် အကျွန်ုပ်သည် ပရိနိဗ္ဗာန်ပြုရအံ့"ဟု မြတ်စွာဘုရားကို ရှိခိုး၍ လျှောက်၏၊ "မြတ်သောမင်းကြီး၊ ယခုအခါ၌ ပရိနိဗ္ဗာန်ပြုခြင်း၏ အခါကို သိတော်မူလော့"ဟူ၍ မြတ်စွာဘုရားသည် မိန့်တော်မူ၏၊ မင်းကြီးသည် "အရှင်ဘုရား၊ ကောင်းပါပြီ"ဟု ဆို၏။

သာကီဝင်မင်းသားအပေါင်းတို့သည်ငှင်း ပဇာပတိဂေါတမီ အစရှိသော မောင်းမအပေါင်းတို့သည်ငှင်း ဆံကို ဖရိုဖရဲကြကုန်၍ ရင်ကို ခတ်သည် ဖြစ်ကုန်၍ ပြင်းစွာငိုကြွေးကုန်၏၊ ထိုရောအခါ မင်းကြီးသည်လည်း ထိုအလုံးစုံသောသူတို့ကို သက်သာစိမ့်သောငှာ-

"သင်တို့သည် မစိုးရိမ်ကုန်လင့်၊ မငိုကြွေးကုန်လင့်၊

- ဤသေခြင်းတရားသည် ဖြစ်ခြင်းသဘောရှိသော လောက၏ဓမ္မတာတည်း၊
- ချစ်နှစ်လိုအပ်သောသူတို့နှင့် အထူးထူးဖြစ်၍ ကွေကွင်းရခြင်းသည် လောက၏ ဓမ္မတာတည်း၊
- အကြင်လောက၏သဘောသည် ဖြစ်တတ်၏၊
- ထိုလောက၏သဘောသည် ပျက်တတ်၏၊
- လောက၌ မပျက်သောအဖြစ်ကို အတီမှာလျှင် ရနိုင်အံ့နည်း"

ဟု နှစ်သိမ့်စေ၍ နေရာမှထ၍ မြတ်စွာဘုရားကို ရှိခိုး၍ "ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ ဘဝများစွာ သံသရာ၌ ကာယကံ, ဝစီကံ, မနောကံဖြင့် ပြစ်မှားမိသော အပြစ်ကို အကျွန်ုပ်အား သည်းခံပါ"ဟု ကန်တော့၍ အသရေရှိသော အိပ်ရာ၌ လျောင်း၍ ဝါခေါင်လပြည့်၊ စနေနေ့ နေထွက်အခါတွင် ပရိနိဗ္ဗာန်ပြုလေ၏။

## ဘုရားရှင်ကိုယ်တိုင် သဂြိုဟ်တော်မူခြင်း

မြတ်စွာဘုရားသည် မင်းကြီး၏ ပရိနိဗ္ဗာန်ပြုသောအဖြစ်ကို သိ၍ ခမ္ဘသံဝေဂကို ဖြစ်စေ၏၊ "ချစ်သားရဟန်းတို့၊ ခမည်းတော်မင်းကြီးကို ရှုပါကုန်လော့၊ မမြင့်မီပင်လျှင် သေခြင်းတည်းဟူသော အနိစ္စသို့ ရောက်၏၊ ခပ်သိမ်းသော သတ္တဝါအပေါင်းတို့သည် သေတတ်သော သဘောရှိကုန်၏၊ သေခြင်းသဘောကို မစွန့်နိုင်ချေကုန်၊ ထို့ကြောင့် သင်ချစ်သား ရဟန်းတို့သည် မဂ်, ဖိုလ်ရခြင်း၏ အကြောင်းဖြစ်သော အကျင့်၌ မမေ့ မလျော့ခြင်းနှင့် ပြည့်စုံကုန်"ဟု မိန့်တော်မူ၏၊ မဟာပဇာပတိဂေါတမီ အစရှိသော အလုံးစုံသောသူတို့သည် ရင်တီးလက်ခတ် ပြင်းစွာသောအသံဖြင့် ငိုကြွေးကုန်၏၊ ထိုအလုံးစုံတို့ကို မြတ်စွာဘုရားသည် အနိစ္စနှင့် စပ်သောတရားစကားဖြင့် သက်သာရာရစေ၍ **အရှင်မဟာကဿပ**ကို ခေါ်တော်မူ၍ "ချစ်သား ကဿပ၊ ငါသည် ခမည်းတော်မင်းကြီးကို သဂြိုဟ်အံ့၊ အကောင်ဖုတ်ရာ သင်္ချိုင်းမြေကို သိချေလော့"ဟု မိန့်တော်မူ၏။

အရှင်မဟာကဿပလည်း "ကောင်းပြီ"ဟု ဝန်ခံ၍ ခုတင်ကို ဆောင်ကုန်သော တပည့် ၅၀၀-ခြံရံလျက် သာကီဝင်မင်းသားတို့နှင့်တကွ မင်းကြီး၏အကောင်ဖုတ်အံ့သော အရပ်သို့သွား၍ ထိုအကောင်ဖုတ်ရာ မြေကို စီရင်၍ ဆန်းကြယ်စွာ ထင်းပုံ၏၊ ထိုအခါ စကြဝဠာ ၁၀,၀၀၀-၌ နေကုန်သော သိကြား, သုယာမ, သန္တုသိတ, နိမ္မာနရတိ, ပရနိမ္မိတဝသဝတ္တီအမျိုးရှိကုန်သောနတ်တို့သည်၎င်း ပြဟ္မာအပေါင်းတို့သည်၎င်း ၅၀၀-ကုန်သော စုလစ်မွမ်းချွန် အထွဋ်တပ်သော အလောင်းတင်ပြာသာဒ်တို့ကို၎င်း စန္ဒကူးနံ့သာထင်းတို့ကို၎င်း ၅၀၀-သော အထွဋ်တို့ကို၎င်း ယူခဲ့ကုန်၍ အရှင်မဟာကဿပနှင့်တကွ ထင်းပုံကြကုန်၏၊ ပြီးပြီးသော အကြောင်းကို အရှင်မဟာကဿပပြန်၍ ဘုရားအား ကြားလျှောက်၏၊ ထိုအခါ၌ မြတ်စွာဘုရားသည် ကိုယ်တိုင်မင်းကြီး၏ ဦးခေါင်းကို ကြွချီ၍ ရေကို သွန်း၍ အရှင်သာရိပုတ္တရာသည် မင်းကြီးကိုယ်ကို ပွတ်သပ်၍ ရေချိုး၍ ပတ္တမြားညို ညောင်စောင်း၌ တင်၍ ရတနာ ၇-ပါးစီခြယ်သော ရွှေထမ်းစင်၌တင်၍ သာကီဝင်မင်းအပေါင်းတို့သည် အညီအညွတ်စည်းဝေးကုန်၍ ထီး, တံခွန်, ကုက္ကား, စာမရီသား မြီးယပ်တို့ကို ဆောင်း၍ စည်ကြီး, ဒုံမင်း, ခရုသင်း, ပတ်သာ အစရှိကုန်သော ပဥ္စင်္ဂတူရိယာတို့ကို တီးမှုတ်ကုန်လျက် မင်းကြီး၏အလောင်းတော်ကို ထမ်း၍ သင်္ချိုင်းသို့ ဆောင်၏။

ကောင်းကင်၌ နတ်တို့သည်၎င်း ဂန္ဓဗ္ဗနတ်တို့သည်၎င်း နတ်၌စည်, စောင်းငြင်းတို့ကို တီးမှုတ်ကုန်လျက် ကောင်းကင်ခရီးဖြင့် သွား၍ ခြံရံကုန်၏၊ မြတ်စွာဘုရားသည် ရဟန်း

အပေါင်းတို့ဖြင့် ခြံရံလျက် သချိုင်းသို့ လိုက်၍ မြတ်စွာဘုရားကိုယ်တိုင် အလောင်းတင်သော ညောင်စောင်းကိုချီ၍ ထင်းပုံသို့ တင်၏၊ ထိုအခါ သိကြားမင်းသည် နတ်, လူ ၂-ပါးတို့၏ အပေါင်းဖြင့် ခြံရံလျက် ထင်းပုံကို လက်ျာရစ်လည်၍ တန်ခိုးကြီးသော မဏိဇောတိရသ မီးကိုကိုင်၍ မင်းကြီး၏ထင်းပုံကို မီးဖုတ်လိုသည်ဖြစ်၍ ရပ်၏၊ ထိုအခါ မြတ်စွာဘုရားသည် "သိကြားမင်း၊ ဘုရားခမည်းတော်၏ထင်းပုံကို သင်သည်ရှေးဦးစွာ မဖုတ်လင့်၊ ငါဘုရားသည် ရှေးဦးစွာ ဖုတ်အံ့"ဟု မိန့်တော်မူ၍ သိကြားမင်း၏ လက်မှ ပတ္တမြားမီးကို ယူ၍ စုလစ်မွမ်းချွန် စီသော ထင်းပုံကို မြတ်စွာဘုရားသည် ဖုတ်၏၊ သိကြားအစရှိသော နတ်တို့သည်လည်း ဖုတ်ကုန်၏။

ဘုရားအစရှိသော နတ်တို့သည် မင်းကြီး၏အလောင်းတော်ကို မီးဖုတ်သောအခါ သာကီဝင်မင်းအပေါင်းတို့သည်၎င်း မဟာပဇာပတိဂေါတမီ အစရှိသော မောင်းမအပေါင်း တို့သည်၎င်း ပြင်းစွာသောအသံဖြင့် ငိုကြွေးကုန်၏၊ မြတ်စွာဘုရားသည် အနိစ္စသဘောနှင့် စပ်သော တရားစကားဖြင့် ထိုအလုံးစုံသောသူတို့ကို နှစ်သိမ့်စေ၏၊ ထိုအစည်းအဝေး၌ နှစ်သောင်း, လေးထောင်သော တရားနာပရိသတ်တို့သည် မဂ်, ဖိုလ်အကျွတ်တရားကို ရကြကုန်၏၊ မြတ်စွာဘုရား၏ ဘိုးတော်အဥ္စနမင်းနှင့် အရှင်ဒေဝီလရသေ့တို့ထားအပ်သော **သက္ကရာဇ် ၁၀-ခု**၊ ဝါဆိုလပြည့်၊ စနေနေ့ နေထွက်သောအခါဖွား၍ သက္ကရာဇ် ၁၀၇-ခု၊ "မြတ်စွာဘုရား ဘုရားဖြစ်တော်မူပြီးနောက် ၅-ဝါမြောက်" ဝေသာလီပြည်၊ မဟာဝုန်တော ကူဋာဂါရသာလာ၌ ဝါဆိုတော်မူသောနှစ်၊ ဝါခေါင်လပြည့်၊ စနေနေ့ နေထွက်အခါတွင် သုဒ္ဓေါဒနမင်းကြီး ပရိနိဗ္ဗာန်ပြုတော်မူသည်၊ အသက်တော် ၉၇-နှစ်တည်း။

(ဤမျှသော စကားအစဉ်သည်ကား မြတ်စွာဘုရား ရာဇဂြိုဟ်၌ စတုတ္ထ ဝါဆိုပြီးသည်မှစ၍ ဝေသာလီ၌ ၅-ဝါမြောက် ဝါဆိုတော်မူသောအခါ သုဒ္ဓေါဒန မင်းကြီး ပရိနိဗ္ဗာန်ပြုသည်တိုင်အောင် ဆိုသောစကားအစဉ်တည်း။)

✪✪✪✪✪✪✪✪✪✪✪

## ၁၆၄။ မိထွေးတော် ရဟန်းပြုခြင်း

ဤသို့ ခမည်းတော်သုဒ္ဓေါဒနမင်းကြီး ပရိနိဗ္ဗာန်ပြုသည်ရှိသော် ဆွေတော်မျိုးတော် ချည်းဖြစ်ကုန်သော-

| | | |
|---|---|---|
| ကပိလဝတ်ပြည်, | ကောလိယပြည်, | ဒေဝဒဟပြည်, |
| သက္ကရပြည်, | သုပ္ပဝါသပြည်, | ဝေရဥ္စပြည် |

အားဖြင့် ဤ ၆-ပြည်သားတို့သည် ချောက်ချားကုန်၏၊ ထိုပြည်တို့၌ မင်းအစရှိကုန်သော များစွာသောသူတို့သည် သုဒ္ဓေါဒနမင်းသေသည်ကို ကြား၍ ငိုကြွေး မြည်တမ်းကုန်လျက် မင်းကြီးကိုရည်၍ ကြီးစွာလှူဒါန်းပူဇော်ခြင်းကို ပြုအံ့သောငှာ အားထုတ်ကုန်၏၊ မြတ်စွာဘုရားသည်လည်း ရဟန်းသံဃာနှင့်တကွ ထိုထိုသို့သော မင်းအစရှိသော သူတို့သည် ဖိတ်မန်အပ်ကုန်သည်ဖြစ်၍ ထိုထိုသို့သောအရပ်တို့သို့ သွား၍ ထိုမင်းစသော သူတို့၏ ကြီးစွာလှူဒါန်းပူဇော်အပ်သော ဝတ္ထုကို သုံးဆောင်ဘုဉ်းပေး၍ "မာတာ ပိတာ စ ဘာတာ စ" အစရှိသော ဂါထာတို့ကို ဟောတော်မူ၏။

## မိထွေးတော်ရဟန်းပြုခွင့်တောင်းခြင်း

ဤသို့ မြတ်စွာဘုရားသည် ထိုထိုသို့သော မင်းအစရှိသောသူတို့၏ အလှူဝတ္ထုကို သုံးဆောင်၍ အနုမောဒနာပြုပြီးသော် ရောဟိဏီမြစ်နား၌ ဆွေတော်ရှစ်သောင်း, မျိုးတော်ရှစ်သောင်း မင်းအပေါင်းတို့သည် ဆောက်အပ်သော နိဂြောဓါရုံကျောင်းတော်၌ နေတော်မူသောအခါ မိထွေးတော် **မဟာပဇာပတိဂေါတမီ**သည် မြတ်စွာဘုရားသို့ ကပ်လာ၍ မြတ်စွာဘုရားကို ရိုသေစွာရှိခိုး၍ "အရှင်ဘုရား၊ အကျွန်ုပ်သည် တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် ဟောတော်မူအပ်သော သုတ်, အဘိဓမ္မာ, ဝိနည်း၌ မာတုဂါမသည် အိမ်ရာထောင်သောလူ၏ဘောင်မှ ထွက်၍ အိမ်ရာမထောင်သော ရဟန်း၏ဘောင်၌ ရဟန်းအဖြစ်ကို အလိုရှိပါ၏"ဟု လျှောက်၏၊ **"မိထွေးတော် ဂေါတမီ၊ မာတုဂါမသည် ရဟန်းပြုခြင်းငှာ မလျောက်ပတ်၊ မာတုဂါမ၏ ရဟန်းအဖြစ်ကို သင်အလို မရှိလင့်၊** မနှစ်သက်လင့်"ဟု မြတ်စွာဘုရား ပယ်တော်မူ၏။

မိထွေးတော်သည် ၂-ကြိမ်, ၃-ကြိမ်မြောက်အောင် "ရှင်ပင်ဘုရား၊ မာတုဂါမသည် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော သုတ်, အဘိဓမ္မာ, ဝိနည်း၌ ရဟန်းအဖြစ်ကို ရပါလို၏"ဟု တောင်း၏၊ မြတ်စွာဘုရားလည်း "မိထွေးတော်ဂေါတမီ၊ ငါဘုရား၏ သာသနာ၌ မာတုဂါမသည် ရဟန်းပြုခြင်းငှာ မလျောက်ပတ်၊ မာတုဂါမ၏ရဟန်းအဖြစ်ကို သင်မနှစ်သက်လင့်"ဟု ၃-ကြိမ်မြောက် ပယ်တော်မူ၏၊ "မြတ်စွာဘုရားသည် မာတုဂါမအား သာသနာတော်၌ ရဟန်းပြုခြင်းကို ခွင့်ပြုတော်မမူပါ"ဟု နှလုံးမသာဖြစ်၍ မိထွေးတော် ဂေါတမီသည် မြတ်စွာဘုရားကို ရိုသေစွာရှိခိုး၍ သွားလေ၏၊ ထိုအခါ မြတ်စွာဘုရားသည် ကပိလဝတ်ပြည်၌ မွေ့လျော်သောအတိုင်း နေ၍ ဝေသာလီပြည်သို့ ကြွ၍ မဟာဝုန်တော၌ ကူဋာဂါရသာလာ၌ နေတော်မူလေ၏။

## ဝဍ္ဍီမင်းသားရဟန်း ရဟန္တာဖြစ်ခြင်း

ပဉ္စမဝါကျွတ်တော်မူသောအခါ၌ "ဒုပ္ပဗ္ဗဇ္ဇံ ဒုရဘိရမံ" အစရှိသော တရားကိုဟောခြင်း၏အကြောင်းကား ဝဇ္ဇီတိုင်း၌ မင်းသားတစ်ယောက်သည် အလှည့်အားဖြင့် ရောက်သော် မင်း၏အဖြစ်ကို စွန့်၍ ရဟန်းပြု၍ အရညကင်ဓုတင်ဆောက်တည်၍ အမှတ်မရှိ တစ်ခုသော တောအုပ်၌ နေ၏၊ ထိုအခါ တန်ဆောင်မုန်းလပြည့်နေ့၌ ဝေသာလီပြည်၌ စတုမဟာရာဇ်နတ်တို့နှင့် တစပ်ထည်းကဲ့သို့ပြု၍ အလုံးစုံသောမြို့၌ တံခွန်, ကြက်လျှာ, ကုက္ကား အစရှိသည်တို့ဖြင့် တန်ဆာဆင်၍ တစ်ညဥ့်ပတ်လုံး စည်ကြီး, မုရိုးစည်, ပတ်သာ, ဒုံမင်း, ခရုသင်း, ကြေးနင်း, မောင်း, ငြင်းစောင်းအစရှိသည်တို့ကို တီးမှုတ်ကုန်၏။

ထိုအသံကို ကြား၍ ၇,၇၀၇-ဆောင်သော ပြာသာဒ်တို့ဖြင့် မင်းပြုကုန်သော ၇,၇၀၇-ယောက်သောမင်းတို့သည်၎င်း ထိုမျှလောက်သော အိမ်ရှေ့မင်းတို့သည်၎င်း ထိုမျှလောက်သော စစ်သူကြီးတို့သည်၎င်း တန်ဆာဆင်ခြင်းနှင့် စပ်ကုန်သည်ဖြစ်၍ နက္ခတ်သဘင်ကစားအံ့သောငှာ ခရီးမသို့ သက်ကုန်သည်ရှိသော် အရညကင် ဆောက်တည်သော **ဝဇ္ဇီမင်းသားရဟန်းသည်** အတောင် ၆၀-မျှသော စင်္ကြံ၌ စင်္ကြံသွားသော် ကောင်းကင်၏ အလယ်၌ တည်သော လမင်းကို မြင်၍ စင်္ကြံစွန်း၌ တံကဲကိုမှီ၍ရပ်လျက် ဦးရစ်ပေါင်းထုပ် အစရှိသောတန်ဆာမှ ကင်းသောကြောင့် စွန့်အပ်သော ထင်းတုံးကဲ့သို့ မိမိကိုယ်ကို ကြည့်၍ "ငါ၏ကိုယ်အောက် ယုတ်သောသူသည် ရှိပါလေအံ့လော"ဟု ကြံလျက် အမြဲတောရဓုတင် အစရှိသော ကျေးဇူးနှင့်ယှဉ်သော ရဟန်းသည် ထိုခဏ၌ မမွေ့လျော်ခြင်းဖြင့် နှိပ်စက်သည်ဖြစ်၍ ငိုကြွေးလျက် -

> ဧကကောဟံ အရညေ ဝိဟရာမိ၊　အပဝိဋ္ဌံ ဝနသ္မိံ ဒါယုကံ။
> ဧတာဒိသိကာယ ရတ္တိယာ၊ ကောသု ဒါနိ အမှေဟိ ပါပိယောတိ။　။

ဟူ၍ မြည်တမ်း၏၊ ထိုအခါ၌ ထိုတော၌ စောင့်နေသောနတ်သည် 'ဤရဟန်းကို ထိတ်လန့်စေအံ့'ဟု ကြံ၍ -

> ဧကကော တွံ အရညေ ဝိဟရတိ၊ အပဝိဋ္ဌံ ဝနသ္မိံ ဒါယုကံ။
> တဿ တေ ဗဟုကာ ပိယာယန္တိ၊ နေရယိကာ သဂ္ဂဂါမိနောတိ။　။

ဟူ၍ ဆို၏၊ ထိုနတ်သားဆိုသော စကားကိုကြား၍ ကြောက်ထိတ်လန့်သဖြင့် မိုးသောက်သောအခါ မြတ်စွာဘုရားထံသို့ ကပ်လာ၍ ရိုသေစွာ ရှိခိုး၍ တင့်အပ်သောအရပ်၌ နေ၏၊

မြတ်စွာဘုရားသည် ထိုရဟန်းအကြောင်းကို သိတော်မူသဖြင့် အိမ်ရာထောင်ခြင်း၌ ဆင်းရဲများသောအဖြစ်ကို ထင်ရှားပြတော်မူလိုသည်ဖြစ်၍ ဤတရားဒေသနာကို ဟော တော်မူ၏။

ဒုပ္ပဗ္ဗဇ္ဇံ ဒုရဘိရမံ၊ ဒုရာဝါသာ ဃရာ ဒုက္ခာ။
ဒုက္ခော သမာနေ သံဝါသော၊ ဒုက္ခာနုပတိ တန္နဂူ။
တသ္မာ န စန္နဂူ သိယာ၊ န စ ဒုက္ခာနုပတိတော သိယာတိ။ ။

ဟူ၍ ဟောတော်မူ၏၊ ထိုဒေသနာအဆုံး၌ ထိုရဟန်းသည် ရဟန္တာအဖြစ်သို့ ရောက်လေ၏။

## မိထွေးတော် ရဟန်းပြုခွင့်ရခြင်း

မြတ်စွာဘုရားသည် ဝေသာလီပြည်၌ သီတင်းသုံးနေတော်မူသောအခါ၌ ကပိလဝတ်, ကောလိယ ၂-ပြည်သားတို့ ရေလုအငြင်းအခုံဖြစ်ကြရာတွင် ရဟန်းပြုကုန်သော ၅၀၀-သော ရဟန်းတို့၏ ခင်ပွန်းဟောင်းဖြစ်ကုန်သော **သာကီဝင်မင်းသမီး** ၅၀၀-တို့သည် မိမိတို့၏ ခင်ပွန်းတို့သည် ရဟန်းပြုလေကုန်ပြီးသည်ဖြစ်၍ လူ၏အဖြစ်၌ မမွေ့လျော်နိုင်ကုန် သောကြောင့် မဟာပဇာပတိဂေါတမီအထံသို့ ကပ်လာ၍ မြတ်စွာဘုရားဟောကြားအပ် သော သုတ်, အဘိဓမ္မာ, ဝိနည်း၌ ရဟန်းပြုခြင်းငှာ အလိုရှိသောအဖြစ်ကို ကြားလျှောက် ကုန်၏၊ ထိုအခါ မဟာပဇာပတိဂေါတမီလည်း သာသနာတော်၌ ရဟန်းပြုလိုသော ဆန္ဒ မကုန်သေးသည်ဖြစ်၍ "ကောင်းပြီ ဝန်ခံ၍" ထိုနန်းတော်၌ပင်လျှင် မဟာပဇာပတိဂေါတမီ သည် ထိုအလုံးစုံသော သာကီဝင်မင်းသမီးတို့၏ ဆံကိုရင်း မိမိဆံကိုရင်း ဖြတ်စေ၍ ဖန်ရည်ဆိုးသော သင်္ကန်းတို့ကိုဝတ်၍ ရဟန်းအသွင်ကိုယူကုန်၍ မြတ်စွာဘုရားရှိတော်မူရာ ဝေသာလီပြည်သို့ လာကုန်၍ အစဉ်သဖြင့် မဟာဝုန်တော၌ ကူဋာဂါရသာလာသို့ ရောက်၍ ဖူးဖူးပေါက်သော ခြေတို့ဖြင့်၎င်း မြူကပ်သော ကိုယ်တို့ဖြင့်၎င်း ပင်ပန်းဆင်းရဲခြင်း, နှလုံး မသာယာခြင်း ရှိကုန်သည်ဖြစ်၍ ကူဋာဂါရဇရပ်၏ တံခါးမုခ်ဝ၌ ရပ်ကုန်၍ **အရှင်အာနန္ဒာ**ကို ခေါ်၍ မြတ်စွာဘုရားထံ၌ မိထွေးတော်မှစ၍ သာကီဝင်မင်းသမီး ၅၀၀-တို့ ရဟန်းပြုပါ ရအံ့သောအကြောင်းကို တောင်းပန်လျှောက်ကြားစေ၏။

ထိုအခါ ဤသို့ မိန့်တော်မူ၏၊ "အာနန္ဒာ၊ သာသနာတော်၌ မာတုဂါမတို့၏ ရဟန်းအဖြစ်ကို သင်အလိုမရှိလင့်၊ အာနန္ဒာ၊ သာသနာတော်၌ မာတုဂါမသည် ရဟန်း ပြုဘိမူကား သာသနာတော်သည် အခွန့်ရှည်စွာ မတည်သည်ဖြစ်လတ္တံ့."ဟု မိန့်တော်မူ၏၊

အရှင်အာနန္ဒာသည် ဤသို့ လျှောက်၏၊ "အရှင်ဘုရား၊ မိထွေးတော်ဂေါတမီသည် အရှင်ဘုရားအား ကျေးဇူးကြီးပေသည်၊ နို့ရည်ပေး၍ မွေးကျွေးသုတ်သင်ပေသည်၊ မိထွေးတော်ကို အကြောင်းပြု၍ မာတုဂါမတို့အား သာသနာတော်၌ ရဟန်းအဖြစ်ကို ခွင့်ပြုတော်မူပါ"ဟု လျှောက်၏၊ ထိုအခါ၌ မြတ်စွာဘုရားသည် "မာတုဂါမတို့သည် အဋ္ဌဂရုဓမ္မကို အကယ်၍ အရိုအသေအလေးအမြတ်ပြု၍ ကျင့်နိုင်ကုန်အံ့၊ မာတုဂါမတို့အား ရဟန်းအဖြစ်ကိုခွင့်ပြုအံ့"ဟု ကြံတော်မူ၍ ဤသို့ မိန့်တော်မူ၏၊ "အာနန္ဒာ၊ မိထွေးတော်ဂေါတမီသည် ငါ့အားကျေးဇူးကြီးပေသည်ဖြစ်၍ မိထွေးတော်ဂေါတမီအား ရဟန်းအဖြစ်ကို ခွင့်ပြုစေလိုမူ အကယ်၍ မိထွေးတော်သည် အဋ္ဌဂရုဓမ္မကို အရိုအသေအလေးအမြတ်ပြု၍ အသက်ရှိသော ကာလပတ်လုံး မလွန်ကျူးမူ၍ ကျင့်နိုင်သည်ဖြစ်အံ့၊ ထိုသို့ကျင့်ခြင်းသည်လျှင် မိထွေးတော်အား ပဉ္စင်းအဖြစ်သည် ဖြစ်စေတော့"ဟု မိန့်တော်မူ၍ အဋ္ဌဂရုဓမ္မ၏ သရုပ်ကိုလည်း ဟောတော်မူ၏။

ထိုအကြောင်းကို အရှင်အာနန္ဒာသည် မိထွေးတော်အား ကြားပေ၏၊ ထိုအခါ၌ မိထွေးတော်သည် ဤသို့ ဆို၏၊ "အသက်တော်ရှည်သော အရှင်အာနန္ဒာ၊ ဥပမာကား ဦးခေါင်းနှင့်တကွ ရေချိုးပြီးသော် တန်ဆာဆင်လိုသော သဘောရှိသော မိန်းမပျိုသည်၎င်း ယောကျ်ားပျိုသည်၎င်း ကြာညိုပန်းကို၎င်း မိုးစွေပန်းကို၎င်း ကြက်ရုံးပန်းကို၎င်း ရ၍ လက် ၂-ဖက်တို့ဖြင့် ခံယူ၍ ဝမ်းမြောက်ဝမ်းသာ မြတ်သောအင်္ဂါဟု ဆိုအပ်သော ဦးခေါင်း၌ တင်ထားဆင်ယင်ရသကဲ့သို့ ထို့အတူ အကျွန်ုပ်သည်လည်း ဤ ၈-ပါးသော ဂရုဓမ္မတို့ကို ဝမ်းမြောက်ဝမ်းသာ နှလုံးဖြင့်ခံယူ၍ အသက်ရှည်သောကာလပတ်လုံး အရိုအသေအလေးအမြတ်ပြု၍ မလွန်ကျူးမူ၍ ကျင့်ပါအံ့"ဟု ဆို၏၊ ထိုအကြောင်းကို အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား "အရှင်ဘုရား၊ မိထွေးတော်ဂေါတမီသည် ၈-ပါးသော ဂရုဓမ္မတရားကို မလွန်ကျူးမူ၍ ကောင်းစွာကျင့်ပါအံ့ဟု ဝန်ခံပါလေပြီ" ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် "အာနန္ဒာ၊ မိထွေးတော်သည် အဋ္ဌဂရုဓမ္မကို ဝန်ခံမူရဟန်းဖြစ်ပြီ"ဟု မိန့်တော်မူ၏၊ ဤသို့ မြတ်စွာဘုရားသည် မိထွေးတော်ဂေါတမီအား အဋ္ဌဂရုဓမ္မကို ဝန်ခံစေသဖြင့် ရဟန်းပဉ္စင်းအဖြစ်ကို ပေးတော်မူ၏၊ ဤသို့ မြတ်စွာဘုရား အဋ္ဌဂရုဓမ္မကို ခွင့်ပြု၍ ဝန်ခံသော နေ့၌ပင်လျှင် မိထွေးတော်ဂေါတမီ ပဉ္စင်းရဟန်းဖြစ်၏၊ ထိုအခါ၌ ယသောရောအစရှိသော သာကီဝင်မင်းသမီး ၅၀၀-တို့သည်လည်း မြတ်စွာဘုရား အထံ၌ ဘိက္ခုနီပဉ္စင်းအဖြစ်ကို ရကုန်၏၊ မိထွေးတော်ပဇာပတိဂေါတမီသည် ပဉ္စင်းအဖြစ် သို့ရောက်လျှင် မြတ်စွာဘုရားဟောတော်မူသော တရားကိုနာ၍ ကမ္မဋ္ဌာန်း ဝိပဿနာကို ပွားစေ၍ ရဟန္တာဖြစ်၏၊ နောက်အခါ ဇေတဝန်ကျောင်းတော်၌ မထေရ်မတို့ကို ဧတဒဂ်

ထားရာတွင် ရတ္တညူအရာ၌ ဧတဒဂ်ရ၏၊ ၅၀၀-သော သာကီဝင်မင်းသမီးရဟန်းမိန်းမတို့သည် နောက်အခါ နန္ဒကောဝါဒသုတ်ကို ဟောတော်မူသည်၏ အဆုံး၌ ရဟန္တာဖြစ်ကုန်၏။

✪✪✪✪✪✪✪✪✪✪

## ၁၆၅။ မိထွေးတော်၏ ရှေးအကြောင်း

မိထွေးတော်၏ ရှေးကောင်းမှုကား လွန်လေပြီးသောအခါ ပဒုမုတ္တရဘုရားလက်ထက်၌ ဤမိထွေးတော်သည် အမျိုးအိမ်၌ဖြစ်၍ မြတ်စွာဘုရား တရားတော်ကိုရ၍ ရဟန်းမိန်းမတစ်ယောက်ကို ရတ္တညူအရာ၌ ဧတဒဂ်ထားသည်ကို မြင်၍ ကုသိုလ်ကောင်းမှုပြု၍ ထိုဆုကို တောင်း၏၊ အသက်ထက်ဆုံး ကုသိုလ်ပြု၍ ကမ္ဘာတစ်သိန်းကို လွန်၍ ဗာရာဏသီပြည်ဝယ် သူဌေးအိမ် ကျွန်မ ၅၀၀-တွင် အကြီးဖြစ်၏၊ ဝါလနီးသောအခါ၌ အရှင်ပစ္စေကဗုဒ္ဓါတို့သည် ဂန္ဓမာဒနတောင်ဝှမ်းမှ ဣသိပတနတောသို့လာ၍ မြို့၌ဆွမ်းခံ၍ ညအခါ ဣသိပတနတော၌ ဝါဆိုကုဋီအလို့ငှာ လက်အမှုကို တောင်း၍ မရသဖြင့် ပြန်ခဲ့သော် ကျွန်မအကြီးသည် ရေခပ်၍ ပြန်သည်နှင့်ကြုံ၍ ရှိခိုး၍ "အရှင်ကောင်းတို့သည် မြို့တွင်းသို့ ဝင်ခါမျှဖြင့် ပြန်ကုန်သည်၊ အကြောင်းအသို့နည်း"ဟု မေး၍ "ဝါဆိုကုဋီကို ပြုအံ့သောငှာ သူဌေးအိမ်၌ လက်အမှုကို တောင်းလာသည်"ဟု ဆိုသော် "ရတော်မူ၏လော" မေး၍ မရဟုဆိုလျှင် "အရှင်တို့၊ သူဌေးတို့သာ ကုဋီကို ပြုကောင်းသလော၊ သူဆင်းရဲတို့သည် ပြုကောင်းပါ၏လော"ဟု မေး၍ "တတ်နိုင်သောသူသည် ပြုရ၏"ဆိုလျှင် "အကျွန်ုပ်ပြုပါအံ့"ဟု လျှောက်ခဲ့၍ နက်ဖြန် အကျွန်ုပ်တို့အိမ်သို့ ဆွမ်းခံကြွပါ"ဟု ဖိတ်မန်၍ ရေခပ်ခရီး၌ အိုးကိုချ၍ လာတိုင်းသောကျွန်တို့ကို ရပ်နေစိမ့်သောငှာ ချုပ်၍ အလုံးစုံသော ကျွန်မတို့ လာသောအခါ -

"အမယ်တို့သည် အမြဲပင်လည်း ကျွန်အဖြစ်ကို လိုကုန်သလော၊ ဤအဖြစ်မှတည်း လွတ်လိုကုန်သလော" မေး၍ "ယနေ့ပင် လွတ်လိုပါတော့သည်" ဆိုလျှင် "ရှင်မတို့၊ ငါသည် အရှင်ပစ္စေကဗုဒ္ဓါတို့အား ကျောင်းဆောက်အံ့"ဟု လျှောက်၍ နက်ဖြန် ဆွမ်းဖိတ်လိုက်ပြီ၊ မင်းယောကျ်ားတို့ကို တစ်နေ့ဖို့မျှ လက်အမှုကို ပေးစေကုန်"ဟု ဆို၍ ဝန်ခံသဖြင့် ညအခါ၌ သားခင်ပွန်းတို့ တောမှရောက်လျှင် ကျွန်မအကြီး၏ အိမ်၌စည်းဝေးကုန်၍ ထိုအကြောင်းကို ညီညွတ်၍ မိုးသောက်လျှင် အရှင်ပစ္စေကဗုဒ္ဓါတို့အား ဆွမ်းလှူ၍ တော၌ သစ်, ဝါးရှာ၍ ဝါဆိုကုဋီကို ဆောက်လှူ၍ ဝါတွင်း ၃-လပတ်လုံး အလှည့်ဖြင့် ဆွမ်းကျွေး

ကုန်၏။ မိမိအလှည့်၌ မတတ်နိုင်ကုန်သော် ကျွန်မအကြီးအား ကြားရ၏၊ ကျွန်မအကြီးသာ လုပ်ကျွေး၏၊ ဝါကျွတ်လျှင် ဝါဆိုသင်္ကန်းတစ်ထည်စီ လှူကုန်၏၊ ဤသို့ ကောင်းမှုပြု၍ အသက်၏အဆုံး၌ နတ်ပြည်၌ ဖြစ်လေကုန်၏။

နတ်ပြည်မှစုတေသော် ဗာရာဏသီပြည်၏အနီး၌ အိမ်ခြေ ၅၀၀-ရှိသော ရက်ကန်းသည်ရွာ၌ ဖြစ်လေကုန်၏၊ ကျွန်မအကြီးသည် ရက်ကန်းသည်ကြီးအိမ်၌ ဖြစ်၏၊ ထိုအခါ **ပဒုမဝတီမိဖုရား**၏ သားဖြစ်ကုန်သော ရှင်ပစ္စေကဗုဒ္ဓါ ၅၀၀-တို့သည် မင်းကြီးဖိတ်မန်အပ်သည်ဖြစ်၍ မင်းအိမ်တံခါးသို့ လာကုန်သော် တစုံတယောက်သော သူကိုမျှ မမြင်၍ မြို့မှထွက်၍ ရက်ကန်းသည်ရွာသို့ လာကုန်သော် မိထွေးတော်အလောင်း ရက်ကန်းသည်မကြီး မြင်၍ သဒ္ဓါလေးမြတ်သဖြင့် နှိုးဆော်ညီညွတ်၍ ဆွမ်းလုပ်ကျွေးသဖြင့် ကောင်းမှုပြု၍ နတ်ပြည်, လူ့ပြည်ကျင်လည်ပြီးသော် ငါတို့ဘုရားဖြစ်ခါနီး၌ ဒေဝဒဟပြည်၊ အဥ္စနမင်းကြီး၏ အိမ်၌ ဘုရားမယ်တော် မဟာမာယာ၏ ညီမတော် ပဇာပတိဂေါတမီဖြစ်လာ၏၊ သုဒ္ဓေါဒန မင်းကြီးသည် မယ်တော်မာယာလွန်လျှင် မိထွေးတော်ဂေါတမီကို မိဖုရားမြှောက်၏၊ သမီး နန္ဒာ, သားနန္ဒ-ဟု သမီး, သား ၂-ယောက် မြင်၏၊ မင်းကြီး ပရိနိဗ္ဗာန်လွန်လျှင် ရဟန်းပြု၍ ရဟန္တာမဖြစ်၍ **ရတ္တညူ**ဧတဒဂ်ကို ရ၏။

✪✪✪✪✪✪✪✪✪✪

## ၁၆၆။ ယသောဓရာ ဘိက္ခုနီမပြုခြင်း

သမီးနန္ဒာသည် အလွန်အဆင်းလှမြတ်သောကြောင့် နောက်ကာလ၌ ဇနပဒ-ကလျာဏီတွင်၏၊ ယသောဓရာ(နှင့်ဇနပဒကလျာဏီ)သည်ကား "ရှင်သိဒ္ဓတ်မင်းသားလည်း ဘုရားဖြစ်ခဲ့ပြီ၊ သားတော်ရာဟုလာလည်း ရဟန်းပြုခဲ့ပြီ၊" ဇနပဒကလျာဏီမှာလည်း "မယ်တော် မဟာပဇာပတိလည်း ရဟန်းပြုခဲ့ပြီ၊ ခင်ပွန်းဖြစ်မည့်သူ မောင်တော်နန္ဒမင်းသား လည်း ရဟန်းပြုခဲ့ပြီ၊ ငါတို့ချည်း အိမ်တွင်နေ၍ မကောင်းပြီ"ဟု ကြံကုန်၍ မဟာပဇာပတိ ဂေါတမီသို့သွား၍ ရဟန်းပြု လေကုန်၏။

ယသောဓရာသည် နောက်အခါ၌ ဝိပဿနာကို ပွားစေ၍ ရဟန္တာမ ဖြစ်၏၊ ဗိမ္ဗာ-**ထေရီ**ဟူ၍လည်း တွင်၏၊ **ဘဒ္ဒကစ္စာနာထေရီ**ဟူ၍လည်း တွင်၏၊ အဘိညာဉ်အရာ၌ ဧတဒဂ်ရ၏၊ တစ်နေရာတည်း၌ နေလျက် တစ်ခုသော အာဝဇ္ဇန်းဖြင့် ကမ္ဘာတစ်သိန်း အလွန်နှင့်တကွ တစ်သင်္ချေတိုင်အောင်ရှေ့၌ ဖြစ်ဖူးသောခန္ဓာကို အောက်မေ့ဆင်ခြင်နိုင်၏၊ ကမ္ဘာတစ်သင်္ချေနှင့် တစ်သိန်းတိုင်တိုင် ရှေးခန္ဓာကို အောက်မေ့နိုင်သော ရဟန္တာကား

**အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်, ဗာကုလမထေရ်, ရာဟုလာမယ်တော်ဗိမ္ဗာထေရီ ဤ ၄-ပါး သာတည်း။**

ဗိမ္ဗာထေရီအား မဟာဘိညာပတ္တအရာ၌ ဧတဒဂ်ရခြင်း၏ အကြောင်းကောင်းမှုကား ပဒုမုတ္တရဘုရားလက်ထက်၌ အမျိုး၏အိမ်၌ဖြစ်၍ မြတ်စွာဘုရားတရားတော်ကို နာသောအခါ၌ ပဒုမုတ္တရဘုရားသခင်သည် ရဟန်းမိန်းမတစ်ယောက်ကို မဟာဘိညာပတ္တအရာ၌ ဧတဒဂ်ထားတော်မူသည်ကို မြင်၍ အလှူကောင်းမှုကိုပြု၍ ထို **မဟာဘိညာပတ္တ** အရာကို ဆုတောင်းသတည်း။

✪✪✪✪✪✪✪✪✪✪

## ၁၆၇။ ရူပနန္ဒာထေရီမအကြောင်း

ဇနပဒကလျာဏီကား အဆင်းလှသောကြောင့် ရဟန်းပြုသောအခါ၌ **ရူပနန္ဒာ-ထေရီ** ဟု တွင်၏၊ ထိုရူပနန္ဒာ ရဟန်းပြုသည်မှစ၍ မြတ်စွာဘုရားသည် အဆင်းကို ရည်၍ "**ရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ**"ဟု ဟောတော်မူသည်ကို ကြား၍ မိမိအဆင်းလှသည်၏ အဖြစ်ကြောင့် ဤသို့ ရှုချင်ဖွယ် ကြည်ညိုဖွယ်သောအဆင်း၏ အဖြစ်ကို ကဲ့ရဲ့သလော"ဟု မြတ်စွာဘုရားအား ခစားရာသို့ မလိုက်၊ အဆုံးအမခံ အလှည့်ရောက်သော်လည်း တပါးသော ရဟန်းမိန်းမကိုစေ၍ အဆုံးအမကို ဆောင်စေ၏၊ သာဝတ္ထိပြည်သူတို့သည် နံနက် အလှူပေး၍ ဥပုသ်ဆောက်တည်၍ ညအခါ ပန်းနံ့သာလက်စွဲကုန်လျက် ဇေတဝန်ကျောင်းတော်သို့သွား၍ တရားနာ၏၊ ဘိက္ခုနီသံဃာတို့သည် တရားနာ၏၊ မြို့တွင်းသို့ ပြန်ကုန်သော် မြတ်စွာဘုရား ကျေးဇူးတော်ကို ဆိုကုန်လျက် ဝင်ကုန်၏၊ လူအပေါင်းတို့သည် ၄-ပါးသော အကြောင်းဖြင့် ဘုရား၌ ကြည်ညိုကုန်၏။

၁။ ၃၂-ပါးသော လက္ခဏာတော်ကြီး, ၈၀-သော လက္ခဏာတော်ငယ်တို့ဖြင့် တန်ဆာဆင်အပ်သော ရွှေအဆင်းနှင့်တူသော မြတ်စွာဘုရား၏ အဆင်းတော်ကိုမြင်၍ ကြည်ညိုကုန်၏၊ မြတ်စွာဘုရား အဆင်းတော်ကို မြင်၍ မကြည်ညိုသော သူတို့သည်ကား အနည်းငယ်သာတည်း။

၂။ အသံ၌ ပမာဏပြုကုန်သောသူတို့သည် အရာမကသော ကောင်းမှုကို မှီ၍ဖြစ်သော ဘုရားကျေးဇူးအသံကိုရင်း အင်္ဂါ ၈-ပါးနှင့်ပြည့်စုံသော တရားဟောသော အသံကိုရင်း ကြား၍ ကြည်ညိုကုန်၏။

၃။ ခေါင်းပါးခြင်း၌ ပမာဏပြုကုန်သော သူတို့သည် သင်္ကန်း ၃-ထည်သာ ဆောင်ခြင်းစသော ခေါင်းပါးခြင်းကို စွဲ၍ ကြည်ညိုကုန်၏။

၄။ တရားကို ပမာဏပြုကုန်သော သူတို့သည် မြတ်စွာဘုရား၏ သီလတော်သည် ဤသို့ သဘောရှိ၏၊ သမာဓိသည် ဤသို့ သဘောရှိ၏၊ သီလအစရှိသော ကျေးဇူးတို့ဖြင့် အတုမရှိသော ပုဂ္ဂိုလ်တည်း၊ ဤသို့ ကြည်ညိုကုန်၏။

## ရူပနန္ဒာထေရီတရားနာသွားခြင်း

မြတ်စွာဘုရားကျေးဇူးတို့ကို ဆိုကုန်သော ထိုကြည်ညိုကုန်သော သူတို့၏ခံတွင်းသည် မဆံ့သလျှင်ကတည်း၊ ရူပနန္ဒာသည်လည်း ဘိက္ခုနီမတို့၏ငင်း တရားနာလာကုန်သော ယောက်ျား, မိန်းမတို့၏ငင်း အထံမှ မြတ်စွာဘုရားကျေးဇူးတော်စကားကို ကြား၍ "ဤသူတို့သည် ငါ၏မောင်ကြီးဘုရား၏ကျေးဇူးကို အလွန်လျှင် ဆိုကုန်၏၊ ငါ၏အဆင်း၌ အပြစ်ကို ဆိုလတ်သော်လည်း အဘယ်လောက်ဆိုအံ့နည်း၊ ငါသည် ဘိက္ခုနီမတို့နှင့်အတူ သွား၍ ငါ့ကိုယ်ကို မပြမူ၍ ဘုရားကိုဖူးမြင်၍ တရားကိုနာ၍ လာအံ့ဟု ကြံ၍ငင်း ဘိက္ခုနီမတို့သည် အလှည့်ရောက်လျှင် ကိုယ်တိုင်လာ၍ ဆုံးမခံစေ၊ တပါးကိုစေ၍ မခံစေနှင့်ဟု ဘုရားမြစ်သဖြင့် နေရစရာ အခွင့်မမြင်သဖြင့်ငင်း ယနေ့ ငါသည်တရားလိုက်နာအံ့"ဟု ဘိက္ခုနီမတို့အား ကြား၏၊ ဘိက္ခုနီမတို့သည် "ကြာမြင့်မှရူပနန္ဒာသည် မြတ်စွာဘုရားအား ခစားလိုသော စိတ်ရှိသည်ဖြစ်၏၊ ယနေ့ မြတ်စွာဘုရားသည် ရူပနန္ဒာကိုမှီ၍ ဆန်းကြယ်သော တရားစကားကို ဟောလတ္တံ့."ဟု ဆိုကုန်၍ ဝမ်းမြောက်ဝမ်းသာ ရူပနန္ဒာနှင့် အတူတကွ လိုက်ကုန်၏။

ထိုရူပနန္ဒာသည်ကား ဘိက္ခုနီမကျောင်းမှ ထွက်သောကာလမှစ၍ "ငါသည် ငါ၏ကိုယ်ကို မြတ်စွာဘုရားကိုမပြအံ့"ဟု ကြံ၏၊ မြတ်စွာဘုရားသည်လည်း "ယနေ့ ရူပနန္ဒာသည် ငါ့အား ခစားလာလတ္တံ့၊ အဘယ်သို့သဘောရှိသော တရားဒေသနာသည် ရူပနန္ဒာအား လျောက်ပတ်မည်နည်း" ကြံတော်မူ၍ ရူပနန္ဒာသည်အဆင်းကို အလေးအမြတ်ပြု၏၊ မိမိကိုယ်၏အဆင်း၌ အားကြီးသော ချစ်ခြင်းရှိ၏၊ ဆူးဖြင့်ဆူးကို ထွင်ထုတ်သကဲ့သို့ ရုပ်ကို နှိပ်နင်းတတ်သောတရားသည်လျှင် လျောက်ပတ်၏"ဟု ဆုံးဖြတ်တော်မူပြီး၍ ထိုရူပနန္ဒာ၏ စရိုက်နှင့်လျော်သဖြင့် ထိုရူပနန္ဒာသည် ဇေတဝန်ကျောင်းတော်တွင်းသို့ ဝင်သောအခါ အလွန်အဆင်းလှစွာသော ၁၆-နှစ်အရွယ်ရှိသော နီသောအဝတ်ကို ဝတ်သော ခပ်သိမ်း

သော တန်ဆာဆင်သော ယပ်ကိုကိုင်၍ မြတ်စွာဘုရား၏အနီး၌ ထိုင်၍ ယပ်လေ ခပ်သော-မိန်းမတစ်ယောက်ကို ဖန်ဆင်းတော်မူနှင့်၏၊ ထိုဖန်ဆင်းသောမိန်းမကို မြတ်စွာဘုရားနှင့် ရူပနန္ဒာသည်သာ မြင်၏။

## ရူပနန္ဒာထေရီ သောတာပန်တည်ခြင်း

ရူပနန္ဒာသည် ဘိက္ခုနီမတို့နှင့်တကွဝင်၍ ဘိက္ခုနီမတို့၏နောက်၌ ထိုင်၍ ၅-ပါးသော ထိခြင်းဖြင့် မြတ်စွာဘုရားကို ရှိခိုး၍ ဘိက္ခုနီမတို့၏ အကြား၌ထိုင်လျက် မြတ်စွာဘုရားကို ခြေဘဝါးတော်မှစ၍ ကြည့်သည်ရှိသော် ၃၂-ပါးသော **လက္ခဏာတော်ကြီးတို့**ဖြင့် တန်ဆာဆင်အပ်သော ၈၀-သောလက္ခဏာတော်ငယ်တို့ဖြင့် တောက်ပသော ၁-လံမျှလောက်သော ရောင်တော်အဝန်းဖြင့် ခြံရံအပ်သော မြတ်စွာဘုရား၏ ကိုယ်တော်ကိုမြင်၍ တဖန် လပြည့်ဝန်း၏ အသရေနှင့်တူသော အသရေရှိသော မျက်နှာတော်ကို ကြည့်ပြန်သော် မြတ်စွာဘုရား၏အနီး၌ ယပ်ခပ်၍နေသော မိန်းမကို မြင်၍ ထိုမိန်းမကို ကြည့်ပြီး၍ ရူပနန္ဒာသည် မိမိကိုယ်ကို ကြည့်ပြန်သော် ရွှေဟင်္သာမ၏ရှေ့၌ ကျီးမကဲ့သို့ မိမိကိုယ်ကို အောက်မေ့၏၊ တန်ခိုးဖြင့်ပြီးသော မိန်းမအရုပ်အဆင်းကို မြင်သောအခါမှ စ၍ ထိုရူပနန္ဒာ၏မျက်စိတို့သည် ငင်ကုန်၏၊ ဤမိန်းမ၏ဆံပင်တို့သည် တင့်တယ်လှစွ, နဖူးသည် တင့်တယ်လှစွ၊ ဤသို့ စသည်ဖြင့် အလုံးစုံသော ကိုယ်အစိတ်တို့၏ အသရေဖြင့် ကောင်းစွာငင်အပ်သော စိတ်ရှိသည်ဖြစ်၍ ထိုဖန်ဆင်းသောမိန်းမ၌ အားကြီးစွာသော **ချစ်ခြင်း**သည် ဖြစ်၏၊ "ဤသို့ အလွန်လှပတင့်တယ်စွာသော မိန်းမသည်လျက် ဘုရား၏အနီး၌ ကျင်လည်ရ၏၊ ငါသည်ကား ငါ၏အဆင်းသာ လှသည်မှတ်၍ ငါ့မောင်ကြီးဘုရားကို မဆည်းမကပ်နေမိ၏"ဟူသော အကြံဖြစ်၏။

မြတ်စွာဘုရားသည် ထိုရူပနန္ဒာ၏ ထိုဖန်ဆင်းသောမိန်းမ၌ မွေ့လျော်သောစိတ်ရှိသောအဖြစ်ကို သိ၍ တရားဟောတော်မူလျက်ပင် ထိုဖန်ဆင်းသော မိန်းမအဆင်းကို ၁၆-နှစ်ရွယ်ကို လွန်စေ၍ အသက် ၂၀-ရွယ်ပြု၍ ပြတော်မူ၏၊ ရူပနန္ဒာသည် ကြည့်၍ ဤမိန်းမသည် ရှေးနှင့်မတူ-ဟု အတန်ငယ် တပ်ခြင်းကင်းသော စိတ်ရှိ၏၊ မြတ်စွာဘုရားသည် ဖန်ဆင်းသော မိန်းမ၏အရုပ်ကို အစဉ်သဖြင့် တစ်ကြိမ်သာ ဖွားပြီးသော မိန်းမ၏အဆင်းကို, အလတ်သောမိန်းမ၏ အဆင်းကို, မိန်းမအိုု၏အဆင်းကို, အိုလှစွာသော မိန်းမအို၏အဆင်းကို ပြု၍ ပြ၏၊ ထိုရူပနန္ဒာသည်လည်း အစဉ်သဖြင့် ဤနေရာတွင်ပင် ဤ ၁၆-နှစ်ရွယ်သည်လည်း ကွယ်၏၊ ၂၀-ရွယ်သည်လည်း ကွယ်၏၊ ဤသို့ အစ

ရှိသဖြင့် အတန်ငယ်, အတန်ငယ်တပ်ခြင်းကင်း၍ အိုသောအရုပ်ဖြစ်သောအခါ၌ အလျင်းတပ်ခြင်း ကင်း၏၊ သွားကျိုးသော, ဆံဖြူသော, နံရိုးပြိုင်းပြိုင်းကိုင်းသော တောင်ဝှေးစွဲလျက် တုန်လှုပ်သောမိန်းမကို မြင်၍ အလွန်လျှင် တပ်ခြင်းကင်း၏။

မြတ်စွာဘုရားသည် ထိုအခါ၌ အနာဖြင့်နှိပ်စက်သောမိန်းမကို ပြ၍ ပြ၏၊ ထိုဖန်ဆင်းသောမိန်းမသည် ထိုခဏ၌သာလျှင် တောင်ဝှေးကိုငင်း ယပ်ကိုင်း စွန့်ပစ်၍ ပြင်းစွာ မြည်တမ်းခြင်းကို မြည်တမ်းလျက်လဲ၍ မိမိကျင်ကြီး, ကျင်ငယ်၌ လူးလဲ၍ နစ်၏၊ ထိုအခြင်းအရာကို ရူပနန္ဒာမြင်၍ အလွန်တပ်ခြင်း ကင်း၏၊ မြတ်စွာဘုရားသည် ထိုမိန်းမသေခြင်းကို ပြ၏၊ ထိုဖန်ဆင်းသောမိန်းမသည် ထိုခဏ၌ ဖူးဖူးရောင်သော အဖြစ်သို့ရောက်၍ ၉-ပါးသော အဝတို့မှ သွေးပြည်တို့သည်ငှင်း ပိုးလောက်တို့သည်ငှင်း ယိုစီးကုန်၏၊ ကျီးအစရှိသည်တို့သည် စည်းဝေးကုန်၍ လုယက်ဆိတ်ဆွကုန်၏၊ ရူပနန္ဒာသည်ကြည့်၍ “ဤယပ်ခပ်သောမိန်းမသည် ဤနေရာ၌ပင် အိုခြင်းသို့ ရောက်လေ၏၊ နာခြင်းသို့ ရောက်လေ၏၊ သေခြင်းသို့ ရောက်လေ၏၊ ဤငါ၏ကိုယ်အားလည်း ဤအတူပင် အိုခြင်း, နာခြင်း, သေခြင်းတို့သို့ ရောက်လတ္တံ့.”ဟု မိမိကိုယ်ကို အနိစ္စအားဖြင့် မြင်၏၊ အနိစ္စအားဖြင့် မြင်ပြီးသောကြောင့် ဒုက္ခ, အနတ္တအားဖြင့် ဖြစ်သည်ကို မြင်၏၊ ထိုအခါ ဘဝ ၃-ပါးတို့သည် ပြောင်ပြောင်တောက်သကဲ့သို့ လည်၌ဖွဲ့သော အကောင်ပုပ်ကဲ့သို့ ရူပနန္ဒာအား ထင်ကုန်၏၊ ကမ္မဋ္ဌာန်းသို့ ရှေးရှုစိတ်သည် ပြောင်း၏။

မြတ်စွာဘုရားသည် ထိုရူပနန္ဒာ၏ အနိစ္စအားဖြင့် မြင်သောအဖြစ်ကို သိ၍ “ရူပနန္ဒာသည် မိမိကိုယ်တိုင် မိမိ၏တည်ရာကို ပြုခြင်းငှာ တတ်နိုင်လတ္တံ့လော”ဟု ကြံတော်မူသော် မတတ်နိုင်၊ တည်ရာအကြောင်းကို ရခြင်းငှာ အပ်၏”ဟု ကြံ၍ တရားဟောတော်မူလို၍ -

အာတုရံ အသုစိံ ပူတိံ၊ ပဿ နန္ဒေ သမုဿယံ။
ဥဂ္ဃရန္တံ ပဃရန္တံ၊ ဗာလာနံ အဘိပတ္ထိတံ။
ယထာ ဣဒံ တထာ ဧတံ၊ ယထာ ဧတံ တထာ ဣဒံ။
ဓာတုယော သုညတော ပဿ၊ မာ လောကံ ပုန အာဂမိ။
ဘဝေ ဆန္ဒံ ဝိရာဇေတွာ၊ ဥပသန္တာ စရိဿသီတိ -

ဟူသော သုတ်ကို ဟောတော်မူ၏၊ ရူပနန္ဒာသည် ဒေသနာတော်သို့ အစဉ်မှီးသဖြင့် ဉာဏ်ကို စေ၍ သောတာပတ္တိဖိုလ်၌ တည်လေ၏။

## ရူပနန္ဒာထေရီရဟန္တာဖြစ်ခြင်း

ထိုအခါ၌ ထိုရူပနန္ဒာအား အထက်မဂ်ဖိုလ် ၃-ပါးတို့၏ ဝိပဿနာအခြံအရံကို ပေး၍ သုညတကမ္မဋ္ဌာန်းကို ဟောအံ့သောငှာ "ရူပနန္ဒာ၊ ဤသင်၏ကိုယ်၌ အနှစ်သည်မရှိ -ဟု အမှတ်ကို ပြုလော့၊ ဤကိုယ်၌ အနည်းငယ်မျှသော အနှစ်သည် မရှိ၊ ၃၀၀-သောအရိုး တို့ကိုဆောက်၍ ပြုအပ်၏၊ ဤကိုယ်သည် အရိုးဖြင့်ပြီးသော မြို့မည်၏"ဟု မိန့်၍ ဤတရားတော်ကို ဟော၏။

**အဋ္ဌီနံ နဂရံ ကတံ၊ မံသလောဟိတလေပနံ။**

**ယတ္ထ ဇရာ စ မစ္စု စ၊ မာနော မက္ခော စ ဩဟိတောတိ။**

ဟူ၍ ဟောတော်မူ၏၊ ဒေသနာတော်အဆုံး၌ ရူပနန္ဒာသည် ရဟန္တာအဖြစ်သို့ ရောက်၏၊ နောက်အခါ၌ ဘိက္ခုနီမတို့ကို ဧတဒဂ်ထားရာတွင် ဈာနာဘိရတအရာ၌ ဧတဒဂ်ရ၏။

နန္ဒေ၊ ရူပနန္ဒာ။ သမုဿယံ၊ ၃၀၀-သော အရိုးတို့ဖြင့် ဆောက်အပ်သော။ ဉဟ္ဃရန္တံ၊ အလွန်ယိုစီးသော။ ပဃ္ဃရန္တံ၊ ၉-ပါးသော အဝတို့မှ ယိုစီးတတ်သော။ ဗာလာနံ၊ သူမိုက်တို့ သည်။ အဘိပတ္ထိတံ၊ အလွန်တောင့်တအပ်သော။ အာတုရံ၊ ကျင်နာတတ်သော။ အသုစိံ၊ မစင်အတိပြွမ်းသော။ ပုတိံ၊ အကောင်ပုပ်ကို။ ပဿ၊ ရှုလော့။

ဣဒံ၊ ဤသေသောအကောင်သည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ တထာ၊ ထို့အတူ။ ဧတံ၊ ထိုသင်၏ကိုယ်သည်။ ဟောတိ၊ ၏။ ဧတံ ယထာ၊ ထိုသင်၏ကိုယ်ကဲ့သို့။ ဣဒံ၊ ဤအကောင်ပုပ်သည်။ အဟောသိ၊ ဖြစ်ဖူးပြီ။ ဓာတုယော၊ ဓာတ်တို့ကို။ သုညတော၊ ဆိတ်သောအားဖြင့်။ ပဿ၊ ရှုလော့။ လောကံ၊ လောကကို။ ပုန၊ တဖန်။ မာ အာဂမိ၊ မလာလင့်။ ဘဝေ၊ ဘဝ၌။ ဆန္ဒံ၊ တပ်ခြင်းဆန္ဒကို။ ဝိရာဇေတွာ၊ ကင်းစေ၍။ ဥပသန္တာ၊ ကိလေသာ ငြိမ်းသည်ဖြစ်၍။ စရိဿသိ၊ သွားရလတ္တံ့။

(ဤကား သုတ္တန်အနက်။)

နန္ဒေ၊ ရူပနန္ဒာ။ အဋ္ဌီနံ၊ အရိုးတို့ဖြင့်။ သမုဿယံ၊ ဆောက်အပ်သော။ မံသလော ဟိတလေပနံ၊ အသား, အသွေးတို့ဖြင့် လိမ်းကျံသော။ နဂရံ၊ ကိုယ်ဟူသော မြို့ကို။ ကတံ၊ ပြုအပ်၏။ ယတ္ထ၊ အကြင်ကိုယ်၌။ ဇရာ စ၊ အိုခြင်းသည်၎င်း။ မစ္စု စ၊ သေခြင်းသည်၎င်း။ မာနော စ၊ ငါအဆင်းလှ၏-ဟု မာန်ယစ်ခြင်းသည်၎င်း။ မက္ခော စ၊ ကျေးဇူးချေခြင်း သည်၎င်း။ ဩဟိတော၊ ကျန်၏။

(ဤကား နောက်တရားအနက်။)

ရှေ့ကောင်းမှုကား ပဒုမုတ္တရဘုရားဖြစ်သောအခါ အမျိုး၏သမီးဖြစ်၍ မြတ်စွာဘုရားကရားကို နာသော် ဈာနာဘိရတအရာ၌ ဧတဒဂ်ကားသည်ကို မြင်၍ ထိုဘိက္ခုနီမကဲ့သို့ ဖြစ်လို၍ အလှူပေး၍ ဈာနာဘိရတအရာ၌ ဧတဒဂ်ဆုကို တောင်း၏။

✪✪✪✪✪✪✪✪✪✪✪

## ၁၆၈။ နာဂဒီပသို့ ကြွတော်မူခြင်း

မြတ်စွာဘုရားသည် ဝေသာလီပြည်၌ ၅-ဝါမြောက် သီတင်းသုံးနေတော်မူပြီးလျှင် ဒေသစာရီကြွတော်မူသောအားဖြင့် လှည့်လည်၍ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသောအခါ နာဂဒီပကျွန်း၌ မဟောဒရနဂါး၏တူဖြစ်သော စူဠောဒရနဂါးသည် ပတ္တမြားပလ္လင်ကို လုကြသဖြင့် စစ်ဖြစ်ကြ၏၊ လုကြသောအကြောင်းကား ဤသို့တည်း၊

မဟာသမုဒ္ဒရာ၌ ၅-ယူဇနာရှိသောအရပ်ကို မဟောဒရနဂါးသည် မင်းပြု၏၊ မဟောဒရနဂါးမင်း၏ နှမဖြစ်သော ကဏ္ဏမည်သော နဂါးမသည် ဂန္ဓမာဒနတောင်၌ မင်းပြုသော နဂါးနှင့် အိမ်ထောင်ဖြစ်ကြ၍ စူဠောဒရနဂါးမင်းကို မြင်၏၊ ကဏ္ဏအဘ နဂါးမင်းသည် မိမိ၏ ပတ္တမြားပလ္လင်ကို သမီးကဏ္ဏအား ပေး၏၊ ကဏ္ဏသေလွန်သည်ရှိသော် မဟောဒရနဂါးမင်းသည် "ဤပတ္တမြားပလ္လင်သည် ငါ့အဘ၏ ပလ္လင်ဖြစ်သည်၊ ငါသားအကြီးသာ ရကောင်းသည်"ဆို၏၊ စူဠောဒရကလည်း "ငါ၏အဘိုးသည် ဤပလ္လင်ကို ငါ၏အမိအား ပေးသည်၊ အမိလွန်လျှင် သားဖြစ်သော ငါသာလျှင် ရကောင်းသည်"ဆို၍ "ငါ၏ဦးရီး လုယူသော် ငါစစ်ထိုးမည်"ဟု ကြုံးပ၏၊ စစ်သည် ၈-သိန်းစီ ရှိ၏။

ရှင်တော်ဘုရား မြင်တော်မူ၍ ၅-ဝါဆိုပြီးသည့်နောက် တန်ခူးလပြည့်နေ့ ဇေတဝန်ကျောင်းတော်ပါးတွင် လင်းလွန်းပင်ကို စောင့်သော သမိဒ္ဓိသုမနအမည်ရှိသော နတ်ကို အကြောင်းကြား၍ "သင်ရုက္ခစိုးသည် လင်းလွန်းပင်နှင့်တကွ လိုက်ခဲ့"ဟု ခေါ်တော်မူ၍ လင်းလွန်းပင်ကို အမိုးပြု၍ ကောင်းကင်ခရီးဖြင့် နာဂဒီပကျွန်းသို့ ကြွတော်မူလေ၏၊ ဇေတဝန်ကျောင်းတော်စောင့်သော နတ်ကို မခေါ်မူ၍ ကျောင်းတော်ပါး၌ လင်းလွန်းပင် စောင့်နတ်ကို အဘယ့်ကြောင့် ခေါ်လေသနည်း ဟူတုံငြားအံ့၊ ထိုလင်းလွန်းပင်နတ်သည် ရှေးဘဝ၌ နာဂဒီပတွင် လူဖြစ်သောအခါ လင်းလွန်းရွက်ကို အရည်ပြု၍ အရှင်ပစ္စေကဗုဒ္ဓါအား လှူဖူး၏၊ ထိုကောင်းမှုကြောင့် ထိုကိုယ်၏အဖြစ်မှ စုတေသော် ဇေတဝန်ကျောင်းတော်ပါး လင်းလွန်းပင်၌ ရုက္ခစိုးနတ် ဖြစ်လာလတ်၏၊ ထိုလင်းလွန်းပင်နတ်သည် ဤသို့ နာဂဒီပ၌ ကျင်လည်ဖူးသောသူဖြစ်၍ ခေါ်တော်မူသတည်း။

မြတ်စွာဘုရားသည် နာဂဒီပသို့ ရောက်တော်မူလျှင် နဂါးတူ, ဦးရီး ၂-ယောက်တို့၏ မြင်သာရာ ကောင်းကင်၌ လင်းလွန်းပင်နှင့်တကွ ရပ်တော်မူ၍ မျက်မှောင်တော်ကဲ့သို့ ညိုသောရောင်ခြည်တော်ကို လွှတ်၍ အမိုက်ကို ဖြစ်စေ၏၊ နဂါးတို့သည် အလွန်ကြောက်ထိတ်လန့်ကုန်၏၊ ထိုအခါ လက်ျာစွယ်တော်မှ ဖြူသောရောင်ခြည်တော်ကို လွှတ်၍ နဂါးတို့ကို မြင်စေ၏၊ နဂါးတို့လည်း ရိုသေစွာရှိခိုး၍ နေကုန်၏၊ ထိုအခါ ခိုက်ရန်ငြိမ်းစိမ့်သောငှာ တရားဟောတော်မူ၏၊ တရားတော်ကိုကြားလျှင် နဂါးတို့ ခိုက်ရန်စဲ၍ ပတ္တမြားပလ္လင်ဖြင့် မြတ်စွာဘုရားကို ပူဇော်၏၊ ထိုအခါ မြတ်စွာဘုရား ကောင်းကင်မှသက်၍ ပတ္တမြားပလ္လင်၌ နေတော်မူ၏၊ နဂါးတို့သည် နတ်၏ဆွမ်းဖြင့် လုပ်ကျွေး၍ သရဏဂုံ, ပဉ္စသီ ဆောက်တည်ကုန်၏၊ ကလျာဏီသို့ ဝင်သောအရပ်၌နေသော မဟောဒရ၏ ဦးရီးဖြစ်သော **မဏိအက္ခိက** မည်သော နဂါးသည် နဂါးစစ်သည် တစ်သိန်းနှင့် စစ်ကူလာ၏။

နတ်, လူတို့၏ ကိုးကွယ်ရာဖြစ်သော မြတ်စွာဘုရားသည် ကြွတော်မူလာ၍ "နဂါးတို့ ခိုက်ရန် မဖြစ်ကြပြီ၊ ညီညွတ်သဖြင့် ချမ်းသာခြင်းကို ရကုန်ပြီ"ဟူ၍ ကြားလျှင် **မဏိအက္ခိက** နဂါးလည်း ဝမ်းမြောက်ဝမ်းသာဖြစ်၍ မိမိတွင်ပါသော နဂါးတို့နှင့်တကွ သရဏဂုံ, ပဉ္စသီလ ဆောက်တည်ကုန်၏၊ နဂါးတို့သည် လျှောက်တောင်းပန်ကုန်၏၊ "ရှင်ပင်ဘုရားသည် အကျွန်ုပ်တို့အား သနားတော်မူသဖြင့် အကျွန်ုပ်တို့အရပ်သို့ ကြွတော်မူလာသည်၊ အရှည်သဖြင့် ကိုးကွယ်၍ အကျိုးစီးပွားများပါအံ့သောအကြောင်းဖြင့် အကျွန်ုပ်တို့၏ အရပ်၌ ကိုးကွယ်ဖို့ရာ ကိုယ်စားတော်ထားတော်မူပါ"ဟု လျှောက်တောင်းပန်ကုန်၏၊ ထိုသို့ တောင်းပန်ကုန်သောကြောင့် သမိဒ္ဓိနတ်ကို လင်းလွန်းပင်နှင့်တကွ ပတ္တမြားပလ္လင်၏ အနီး၌ နေရစ်စေ၍ "နဂါးတို့၊ ငါမှီခို၍လာသော ဤလင်းလွန်းပင်သည်လည်း ငါ၏ ပရိဘောဂစေတီ ဖြစ်၏၊ ငါထိုင်နေသော ပတ္တမြားပလ္လင်သည်လည်း ပရိဘောဂစေတီ ဖြစ်၏၊ သင်တို့ အကျိုးစီးပွားကို အလိုရှိသော် ဤငါ၏ပရိဘောဂစေတီ ၂-ဆူကို ကိုးကွယ်ဆည်းကပ်ရစ်ကုန်၊ ငါဆုံးမသော တရားစကားကို အဖန်တလဲလဲ အောက်မေ့၍ သရဏဂုံ, ပဉ္စသီလကို အမြဲဆောက်တည်ကျင့်ရစ်ကုန်"ဟု မိန့်တော်မူ၍ ဇေတဝန်ကျောင်းတော်သို့ ပြန်တော်မူခဲ့၏။

✪✪✪✪✪✪✪✪✪✪✪

## ၁၆၉။ ဥပ္ပလဝဏ်ထေရီမအကြောင်း

"မဓုဝ မညတိ" အစရှိသောတရားကို ဇေတဝန်ကျောင်းတော်၌ ဟောတော်မူ၏၊ အကြောင်းကား ဥပ္ပလဝဏ်သည် ပဒုမုတ္တရမြတ်စွာဘုရား ခြေတော်ရင်း၌ တန်ခိုးအရာ၌

ဧတဒဂ်ရခြင်းဆုကို တောင်း၍ ကမ္ဘာတစ်သိန်း ကာလပတ်လုံး ကုသိုလ်ပြုလျက် လူ့ပြည်၊ နတ်ပြည်ကျင်လည်၍ ငါတို့ဘုရားလက်ထက် နတ်ပြည်မှစုတေ့၍ သာဝတ္ထိပြည်၌ သူဌေးအိမ်၌ ဖြစ်၍ ကြာညိုပန်း အဆင်းနှင့်တူသောကြောင့် ဥပ္ပလဝဏ္ဏာဟူသောအမည်ကို မှည့်ကုန်၏၊ အဆင်းလှခြင်း၏ ကျော်စောသံကို ကြား၍ ဇမ္ဗူဒီပါကျွန်း၌ မင်း, သူဌေးတို့သည် "သမီးကို ငါတို့အားပေးလော့"ဟု ပဏ္ဏာနှင့် စေကုန်၏၊ မစေသောသူမည်သည် မရှိ၊ ထို့ကြောင့် သူဌေးသည် ငါသည် အလုံးစုံသောသူတို့၏အလိုကို ပြည့်စေအံ့သောငှာ မတတ်နိုင်၊ တစ်ခုသောအကြောင်းကို ပြုအံ့ဟု ကြံ၍ သမီးကိုခေါ်၍ "သမီး၊ ရဟန်းပြုပါလော့"ဆို၏၊ ထိုသမီးသည် ပစ္ဆိမဘဝိကသူဖြစ်သောကြောင့် ထိုစကားကို ကြားလျှင် အကြိမ် ၁၀၀-ချက်သော ဆီကို ထိပ်၌သွန်းသကဲ့သို့ ဖြစ်၍ "ကောင်းပြီ၊ ရဟန်းပြုပါအံ့"ဆို၍ အဘသည် သမီးအား ကြီးစွာသော ပူဇော်သက္ကာရပြု၍ ဘိက္ခုနီမတို့၏ ကျောင်းသို့ပို့၍ ရဟန်းပြု၏။

ထိုဥပ္ပလဝဏ်သည် ရဟန်းပြု၍ မကြာမြင့်မီ ဥပုသ်အိမ်၌ ပြုအပ်သော အလှည့် ရောက်၍ ဆီမီးညှိ၍ တံမြက်လှည်း၍ ဆီမီး၌နိမိတ်ကို ယူ၍ အဖန်တလဲလဲကြည့်လျက် တေဇောကသိုဏ်းလျှင် အာရုံရှိသော ဈာန်ကိုဖြစ်စေ၍ ထိုဈာန်ကို အခြေပြု၍ ရဟန္တာအဖြစ်သို့ ရောက်၏၊ နောက်အခါ **တန်ခိုးကြီးသောအရာ၌** ဧတဒဂ်ရ၏၊ မြတ်စွာဘုရား လက်ဝဲရံ ရဟန္တာမ ဖြစ်၏၊ ထိုအခါ ဘိက္ခုနီမတို့အား တောနေခြင်းကို မပယ်သေးဖြစ်၍ တော၌ ကုဋီပြု၍ ညောင်စောင်းခင်း၍ တင်းတိမ်ရံလျက်နေ၍ သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်သောအခိုက် မထေရ်မ လူဖြစ်စဉ်ကာလကပင် တပ်သောစိတ်ရှိသော ဦးရီးသားဖြစ်သော လုလင်သည် ဆွမ်းခံမပြန်ခင် ထိုကုဋီသို့ သွား၍ ညောင်စောင်းအောက်၌ နေနှင့်၍ မထေရ်မ ဆွမ်းခံပြီးလျှင် ကုဋီသို့ဝင်၍ ညောင်စောင်းထက်နေသောအခါ ညောင်စောင်းအောက်မှ ထွက်၍ အနိုင်အထက်အလိုရှိတိုင်းပြု၍ သွားလေသော် မြေမျိုလေ၏၊ ထိုအကြောင်းကို ဘိက္ခုနီမတို့အား ကြား၍ မြတ်စွာဘုရားအား ကြားလျှောက်သောကြောင့်-

မဓုဝ မညတိ ဗာလော၊ ယာဝ ပါပံ န ပစ္စတိ။
ယဒါ စ ပစ္စတိ ပါပံ၊ အထ ဒုက္ခံ နိဂစ္ဆတိ။ ။

ဟူ၍ ဟောတော်မူသတည်း။

(ဤမျှလောက်သော စကားသည် မိထွေးတော်ဂေါတမီ ရဟန်းပြုသည်မှစ၍ ဆဋ္ဌမြောက် ဝါမဆိုမီတိုင်အောင် ဆိုသောစကားအစဉ်တည်း။)

✪✪✪✪✪✪✪✪✪✪✪

## ၁၇၀။ ခေမာမိဖုရားအကြောင်း

ဇေတဝန်ကျောင်းတော်၌ မွေ့လျော်တော်မူသောအတိုင်း နေပြီး၍ ဒေသစာရီကြွ တော်မူ၍ ဆဌမြောက်ဖြစ်သောဝါ၌ သမုဒ္ဒရာကမ်းနား၌ ချရားပင်အတိရ်၍ တန်ဆာဆင် အပ်သော မကုဋတောင်ကျောင်းတော်၌ ဝါဆိုတော်မူ၏၊ မကုဋတောင်၌ ဝါဆိုတော်မူသော အခါ၌လည်း များစွာသောတရားဒေသနာတော်တို့ဖြင့် များစွာသော လူ, နတ်, ဗြဟ္မာတို့ကို သံသရာတည်းဟူသော ဝဲသြဃမှ ထုတ်ဆယ်တော်မူ၍ နိဗ္ဗာန်တည်းဟူသော ရွှေပြည်မြို့ သို့ ဆောင်ပို့တော်မူ၏၊ မကုဋတောင်၌ ၆-ဝါမြောက် ဝါဆိုတော်မူပြီးလျှင် ဒေသစာရီ ကြွတော်မူသောအားဖြင့် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော် မူသောအခါ "ယေ ရာဂရတ္တာ" အစရှိသော တရားဒေသနာကို ဟောတော်မူ၏။

ဟောတော်မူခြင်း၏ အကြောင်းကား -

ဗိမ္ဗိသာရမင်းကြီး၏ ခေမာအမည်ရှိသော မိဖုရားကြီးသည် ပဒုမုတ္တရဘုရား ခြေတော်ရင်း၌ ကုသိုလ်ကောင်းမှုပြု၍ လကျ်ာရံမဟာပညာအရာ၌ ဧတဒဂ်ရ ရဟန္တာမဆု ကို တောင်းသဖြင့် အလွန်အဆင်းလှသဖြင့် ရှုချင်ဖွယ်, ကြည်ညိုဖွယ် ရှိ၏၊ မြတ်စွာဘုရား သည် အဆင်း၏အပြစ်ကို ဟောသည်ဟု ကြား၍ မြတ်စွာဘုရားထံသို့ ဆည်းကပ်အံ့သောငှာ အလိုမရှိ၊ ဗိမ္ဗိသာရမင်းသည် ထိုခေမာမိဖုရား၏ မြတ်စွာဘုရား၏ အထံသို့ မဆည်းကပ် သော အဖြစ်ကို သိ၍ ဝေဠုဝန်ဥယျာဉ်၏ ကျေးဇူးနှင့်စပ်သော သီချင်းတို့ကို ဖွဲ့စေ၍ ကခြေသည်မတို့ကို သီစေ၏၊ ထိုကခြေသည်တို့၏ သီချင်းသံကို ကြား၍ ထိုခေမာမိဖုရား အား မမြင်ဖူး, မကြားဖူးသကဲ့သို့ ဖြစ်၍ "အဘယ်ဥယျာဉ်ကို ဖွဲ့သီကုံးသနည်း"မေး၍ "အရှင်မိဖုရားတို့၏ ဝေဠုဝန်ဥယျာဉ်ကို ဖွဲ့သီသည်"ဟု လျှောက်သော် ဥယျာဉ်ကို ရှုကြည့်ခြင်းငှာ သွားလိုသည်ဖြစ်၍ မင်းကြီးအား ပန်၏။

ဥယျာဉ်သို့သွားသော် "မြတ်စွာဘုရားကို မဖူးမြင်မူ၍ကား ပြန်လာအံ့သောငှာ မရအပ်"ဟု မင်းကြီးဆို၏၊ မိဖုရားသည် မင်းကြီးအား စကားတုံ့မပေးမူ၍ သွား၏၊ မင်းကြီး သည် ထိုမိဖုရားနှင့်တကွ သွားသောယောကျ်ားတို့ကို "မိဖုရားသည် ဥယျာဉ်မှပြန်သော် မြတ်စွာဘုရားကို ဖူးမြင်သော် ကောင်း၏၊ ဖူးမြင်ခြင်းငှာ မဝင်သော် မင်းအာဏာဖြင့် မြတ်စွာဘုရားကို ဖူးမြင်စေကုန်"ဟု မှာလိုက်၏၊ မိဖုရားသည် ဥယျာဉ်၌ ၁-နေ့ပတ်လုံးနေ၍ ပြန်ချိန်တန်သော် ဘုရားကို မဖူးမမြင်မူ၍ ပြန်မည်ပြု၏၊ ထိုအခါ၌ မင်းချင်းယောကျ်ား တို့သည် အလိုမရှိသော မိဖုရားကို မင်းအာဏာဖြင့် ဘုရားအထံသို့ ဆောင်လေကုန်၏၊

မြတ်စွာဘုရားသည် မိဖုရားလာသည်ကို သိ၍ တန်ခိုးတော်ဖြင့် နတ်သမီး ၁-ယောက် ဖန်ဆင်း၍ မြတ်စွာဘုရားအနီး၌ ယပ်ခပ်၍ နေစေ၏၊ မိဖုရားသည် **နိမ္မိတနတ်သမီးကို** မြင်၍ "ငါသည် စဉ်းငယ်ပျက်သော သဘောရှိ၏၊ နတ်သမီးနှင့်တူသော အဖို့ရှိသော မိန်းမပျိုသည်လျက် မြတ်စွာဘုရားအနီး၌ တည်ရာ၏။ ငါသည် ထိုမိန်းမ၏ခြေဆုပ်, ယပ်ခပ်မှုလည်း မလောက်၊ စဉ်းငယ်အဆင်း၌ မာန်တက်သောစိတ်အားဖြင့် ပျက်ချေ၏"ဟု ကြံ၏။

ထိုမိန်းမကို အဖန်တလဲလဲရှုလျက် တည်၏၊ ထိုအခါ ခေမာမိဖုရား၏ ရှုစဉ်ပင်လျှင် မြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့် ပဌမအရွယ်လွန်၍ မဇ္ဈိမအရွယ်၌ တည်၏၊ မဇ္ဈိမအရွယ်ကို လွန်၍ ပစ္ဆိမအရွယ်၌ တည်၏၊ ထို့နောင် အရေတွန့်ခြင်း, သွားကျိုးခြင်း အစရှိသည်ကိုပြု၍ အရိုးသာကြွင်းသည်တိုင်အောင် ဖန်ဆင်း၍ ပြတော်မူ၏၊ ထိုအခါ ခေမာမိဖုရားသည် တိဟိတ်ပဋိသန္ဓေနေသသူဖြစ်၍ "ဤသို့သော သဘောရှိသော ကိုယ်အဆင်းနှင့် ပြည့်စုံသော နတ်သမီးသည်လည်း တခဏခြင်းဖြင့် ဤသို့ အိုခြင်း, နာခြင်း, သေခြင်းသည် ဖြစ်ဘိ၏၊ ငါ့အားလည်း ဤသို့သောသဘောသည်လျှင် ဖြစ်လတ္တံ့"ဟူ၍ ကြံ၏၊ ထိုသို့ ကြံသောအခါ၌ မြတ်စွာဘုရားသည် "အာတုရံ အသုစိံ ပူတိံ" အစရှိသောသုတ်ကို ဟောတော်မူ၏၊ တရားတော်အဆုံး၌ ခေမာမိဖုရားသည် သောတာပတ္တိဖိုလ်၌ တည်၏၊ ထို့နောင်မှ-

**ယေ ရာဂရတ္တာနုပတန္တိ သောတံ၊ သယံ ဂတံ မက္ကဋကောဝ ဇာလံ။**
**ဧတံ ပိ ဆေတွာန ဝဇန္တိ ဓီရာ၊ အပေက္ခိနော ကာမသုခံ ပဟာယာတိ။**

ဟူသော တရားတော်ကို ဟော၏၊ ဒေသနာတော်အဆုံး၌ ခေမာမိဖုရားသည် ပဋိသမ္ဘိဒါ ၄-ပါးနှင့်တကွ **ရဟန္တာမ** ဖြစ်၏၊ လူသည် ရဟန္တာဖြစ်သဖြင့် ပရိနိဗ္ဗာန် ပြုအပ်သည်လည်း ဖြစ်ရာ၏၊ ရဟန်းသော်လည်း ပြုအပ်၏၊ ခေမာမိဖုရားသည် မိမိအာယုသင်္ခါရကို ကြည့်သော် အကြွင်းများသောအဖြစ်ကို သိ၍ ရဟန်းပြုအံ့-ဟု ကြံ၍ မင်းကြီးကို ခွင့်တောင်းအံ့ဟု မြတ်စွာဘုရားကို ရှိခိုး၍ နန်းတော်သို့ပြန်၍ မင်းကြီးကို ရှိမခိုးမူ၍ ရပ်၏၊

ထိုသို့ရပ်သဖြင့် မိဖုရားသည် အရိယာတို့၏တရားသို့ ရောက်ပြီဟု သိ၍၊ "မိဖုရား၊ သင်သည် မြတ်စွာဘုရားကို ဖူးမြင်၏လော"ဟု မင်းကြီးမေး၏၊ "အရှင်မင်းကြီး၊ အရှင်မင်းကြီးတို့၏ ဖူးမြင်အပ်ခြင်းကား အနည်းငယ်မျှသာ၊ အကျွန်ုပ်သည် မြတ်စွာဘုရားကို ကောင်းသောဖူး မြင်ခြင်းကို ပြုအပ်ပြီ၊ အကျွန်ုပ်အား ရဟန်းပြုခြင်းကို ခွင့်ပြုပါ"ဟု လျှောက်၏၊ "ကောင်းပြီ မိဖုရား"ဟု မင်းကြီးဝန်ခံ၍ ကြီးစွာသော ပူဇော်သက္ကာရကို စီရင်၍

ရွှေထမ်းစင်ဖြင့် မိဖုရားကို ထမ်း၍ ဘိက္ခုနီမတို့၏အထံသို့ပို့၍ ရဟန်းပြုစေ၏၊ မြတ်စွာဘုရား လက်ျာရံ ရဟန္တာမ ဖြစ်၏၊ နောက်အခါ မဟာပညာအရာ၌ ဧတဒဂ်ရ၏။

✪✪✪✪✪✪✪✪✪✪

## ၁၇၁။ ခေမာမိဖုရား၏ ရှေးကောင်းမှု

ထိုမိဖုရား၏ရှေးကောင်းမှုကား ပဒုမုတ္တရ မြတ်စွာဘုရား ဖြစ်တော်မူသောအခါ ဟံသာဝတီပြည်၌ သူတပါးနှင့်စပ်သောအရာ၌ ခေမာထေရီအလောင်းသည် ဖြစ်၍ တပည့်သားတော် လက်ျာရံ အရှင်ဒေဝလမထေရ်အား မုန့်ကွဲသဲ ၃-ခုလှူ၍ "အရှင်ဘုရားကဲ့သို့ ၁-ဆူသော ဘုရား၏အထံ၌ ပညာကြီးသော ရဟန္တာမ ဖြစ်ရပါလို၏"ဟု ဆုတောင်း၏၊ နောက်အခါ၌ မိမိဆံကို စွန့်၍ မထေရ်အားအလှူပေး၍ တောင်းမြဲတိုင်းဆုကို တောင်း၏၊ ဤသို့ အသက်ထက်ဆုံး ကောင်းမှုပြု၍ ကမ္ဘာ ၁-သိန်းပတ်လုံး လူ့ပြည်, နတ်ပြည် ကျင်လည်၍ ဤကမ္ဘာ၌ ကဿပဘုရားရှင်လက်ထက် ဗာရာဏသီ၌ ကိကီမင်းကြီး၏ သမီး ၇- ယောက်တွင် အလတ်ဖြစ်၍ အနှစ်နှစ်သောင်းပတ်လုံး အိမ်၌ပင် သတို့သမီး အဖြစ်ဖြင့် ဥပုသ်သုံး၍ ထိုအခါ ညီအမ ၆-ယောက်တို့နှင့်တကွ မြတ်စွာဘုရားအား ပရိဝုဏ်ဆောက်လှူ၍ ဘုရား ၁-ဆူနှင့် ၁-ဆူအကြား လူ့ပြည်, နတ်ပြည်ကျင်လည်ခဲ့၍ ငါတို့ဘုရား ဖြစ်တော်မူသောအခါ မဒ္ဒတိုင်း၊ သာဂလပြည် မင်းမျိုး၌ ဖြစ်၍ အရွယ်ရောက်သော် ရာဇဂြိုဟ်ပြည်၌ ဗိမ္ဗိသာရမင်း၏မိဖုရား ဖြစ်လာ၏။

✪✪✪✪✪✪✪✪✪✪

## ၁၇၂။ ဇမ္ဗုပတိမင်းအကြောင်း

[ ဤဝတ္ထုသည် ထေရဝါဒကျမ်းဂန်လာ မဟုတ်။]

ရာဇဂြိုဟ်ပြည်ကို ဆွမ်းခံအမှီပြု၍ ဝေဠုဝန်ကျောင်းတော်၌ မြတ်စွာဘုရားသီတင်းသုံးနေတော်မူသောအခါ ဇမ္ဗုပတိမင်း အမှူးရှိသော ၁,၀၀၀-သော အမတ်တို့ကိုရင်း ကဥ္စနဒေဝီမိဖုရား အမှူးရှိသော ၁,၀၀၀-သော အမတ်မယားတို့ကိုရင်း ချွတ်ကယ်တော်မူလေ၏၊ အကြောင်းကား ပဉ္စာလတိုင်း၊ ပဉ္စာလပြည်၌ ဇမ္ဗုပတိမင်းသည် မင်းပြု၏၊ ထိုမင်း ပဋိသန္ဓေနေသောအခါ နန်းရင်ပြင်၌ ၁၈-တောင် အစောက်ရှိသော ရွှေသည်တိုင် ပေါက်၏၊ ဖွားသောအခါ မြေမှရွှေအိုးတို့သည် ပေါက်ကုန်၏၊ သစ်ပင်ဖျားမှ ရွှေအိုးတို့သည် ကျလေ

ကုန်၍ ရေမှပေါ်လာကုန်၏၊ ဝေပုလ္လတောင်မှ မဏိဇောတိရသပတ္တမြား ခြေနင်းတစ်ရံတို့သည် မင်း၏ခြေတို့မှာ ခံလာကုန်၏၊ "ဤမင်းသားသည် ဇမ္ဗူဒီပါကျွန်းကို အစိုးရလတ္တံ့၊ အထက် ၁-ယူဇနာ, အောက် ၁-ယူဇနာပိုင်လတ္တံ့၊ နဂါးပြည်ကို အစိုးရလတ္တံ့"ဟု ကြားကုန်၏၊ "ပတ္တမြားခြေနင်းကို စီး၍ အထက်ကောင်းကင်သို့ ၁-ယူဇနာမြင့်အောင် ပျံတက်လတ္တံ့" ဟု ကြားကုန်၏။

## ဗိမ္ဗိသာရမင်းထံ မြားနှင့် ခြေနင်းလွှတ်ခြင်း

ထိုမင်းသားသည် သတို့သားတို့ကိစ္စကို ပြုသောအခါ၌ မြားဖြင့်မြေ၌ရင်း ရေ၌ရင်း ကောင်းကင်၌ရင်း ပစ်၏၊ ၁၆-နှစ်ပတ်လုံး အတတ်သင်ပြီးသော မင်းသားသည် ၁-နှစ်၌ ၁-ယူဇနာ, ၂-နှစ်၌ ၂-ယူဇနာ၊ ဤသို့သောနည်းဖြင့် ၇-နှစ်၌ ၇-ယူဇနာရောက်အောင် ပစ်၏၊ မြေထဲသို့ပစ်သော် ၁-ယူဇနာ ဝင်၏၊ ရေ၌ပစ်သော် အနိုးထွက်၍ ၁-ယူဇနာ ပြေး၏၊ နဂါးပြည်ကို ပစ်သော် ဖွဲပြာကဲ့သို့ ဖြစ်၏၊ ဇမ္ဗူဒီပါကျွန်း၌ ၁၀၁-ယောက်သော မင်းတို့ကို ချခေါ်သော အခါ မြားကို တမန်ပြု၍ ၁၀၁-ယောက်သော မင်းတို့၏နား၌ သီသကဲ့သို့ဝင်၍ မြား၏ အစွမ်းဖြင့် ဆောင်၏။

ကဥ္စနဒေဝီမိဖုရားနှင့်တကွ ပဥ္စာလပြည်၌ ဧကရာဇ်မင်း၏ အဘိသိက်ကို ခံ၍ ၁-လ မြောက် တန်ဆောင်မုန်းလပြည့်၊ ဥပုသ်နေ့၌ တပြင်ကျယ်၌နေလျက် ကြယ်အပေါင်းတို့ဖြင့် ခြံရံအပ်သော လပြည့်ဝန်းကို မြင်၍ "ငါ၏တင့်တယ်ခြင်းသည် လပြည့်ဝန်းနှင့် တူ၏၊ ၁၀၁-ယောက်သော မင်းအစရှိကုန်သော အခြံအရံတို့သည်ကား ကြယ်အပေါင်းနှင့် တူ၏" ဟု ကြံ၍ ညဥ့်ဦးယံ၌ မင်းမြောက်တန်ဆာ ၅-ပါးတို့ဖြင့် တန်ဆာဆင်၍ ပတ္တမြားခြေနင်းကို စီး၍ ခြေနင်း၏အာနုဘော်ဖြင့် ကောင်းကင်သို့ပျံတက်၍ ၁၀၁-ယောက်သော မင်းတို့၏ အထံသို့ လှည့်လည်သည်ရှိသော် ထိုမင်းတို့သည် မြင်ကုန်သဖြင့် ပူဇော်သက္ကာရ ပြုကုန်သဖြင့် ပြန်လည်၏၊ ထိုအခါ ရာဇဂြိုဟ်ပြည်မှ ဗိမ္ဗိသာရမင်း၏ နန်းတော်ပြာသာဒ်ကို မြင်၍ "ဤပြာသာဒ်သည် အစောက်လည်း မြင့်၏၊ အထွဋ်စုလစ်မွမ်းချွန်လည်း များစွာ၏၊ အဘယ်သူသည် ဤပြာသာဒ်ကို အစိုးရသနည်း"ဟု အမျက်ကို ဖြစ်စေ၍ အထွဋ်ကို ခြေနင်းဖြင့် ကျောက်၏။

မြတ်စွာဘုရား၏ ဥပါသကာဖြစ်သဖြင့် မြတ်စွာဘုရား၏ တန်ခိုးအားဖြင့်ချော်၍ အထွဋ်ဖြင့် ပုဆစ်ဒူးကို ခတ်မိ၍ သွေးယိုသည်ကို မြင်၍ အလွန်အမျက်ပြင်းစွာထွက်သဖြင့် သန်လျက်ကို နုတ်၍ ခုတ်ပြန်သော်လည်း ဘုရား၏တန်ခိုးတော်အားဖြင့် နတ်တို့သည်

သံဖြင့် ပြီးသော အထွင့်ဖန်ဆင်း၍ သန်လျက်သည် ပျက်စီး၏၊ ထိုမင်းသည် ပြင်းစွာ အမျက်ထွက်သဖြင့် "ရှိနှင့်စေဦး၊ ငါ၏နန်းတော်သို့ပြန်၍ အဆိပ်နစ်သောမြားကို စေ၍ ထိုသူ၏နားကို ဖောက်သီ၍ ငါ၏နေရာသို့ ဆောင်စေအံ့"ဟု ကြံ၍ မိမိနေရာသို့ပြန်ပြီးသော် အမတ်တို့၏ မျက်မှောက်၌ လေးကိုဖြန့်၍ အမျက်ဖြင့် ပြင်းစွာနှိပ်စက်သည်ဖြစ်၍ သန်လျက်စွဲလျက် ခုန်၏။ ?

ထိုမင်းကို မြင်၍ "အရှင်မင်းကြီး၊ ဤအမှုကို အဘယ့်ကြောင့် ပြုတော်မူသနည်း၊ အကျွန်ုပ်တို့ကို အမျက်ထွက်တော်မူသလော"ဟု အမတ်တို့ မေးကုန်၏၊ ခပ်သိမ်းသော အမတ်တို့သည် ခြင်္သေ့ဟောက်သကဲ့သို့ ကြောက်လန့်၍ ရင်ဖြင့်မြေ၌ ဝပ်ကုန်၏၊ "အိုအမတ်တို့၊ သင်တို့အား ငါသည် အမျက်မထွက်၊ တပါးသောသူတို့ကို ထွက်၏"ဟု ဆို၍ အဆိပ်နစ်သောမြားကို လက်ဝါး၌တင်၍ "အို-မြား၊ သင်သည်သွား၍ ဤအရပ်မှသည် တောင်မျက်နှာအရပ်၌ မင်း၏နားကို ထိုးဖောက်သီ၍ ဤအရပ်သို့ ဆောင်ချေ"ဆို၍ ဧလွှတ်၏၊ ထိုမြားသည် ကောင်းကင်ဖြင့်သွား၍ နဂါးကို ထိတ်လန့်စေတတ်သော ဂဠုန်ကဲ့သို့ပြု၍ "ဗိမ္ဗိသာရမင်း၏ ဦးခေါင်းကို ဖြတ်အံ့၊ ရင်ကို ခွဲအံ့၊ ငါသည် မဟာဇမ္ဗုပတိမင်း၏ တမန်တည်း၊ ငါ၏ရှေ့တူရူ၌ မတည်လင့်၊" ဤသို့ ခြင်္သေ့ကဲ့သို့ မြည်လျက် ပြေး၏။

## မြားနှင့်ခြေနင်းကို ဘုရားရှင်တားမြစ်တော်မူခြင်း

ဗိမ္ဗိသာရမင်းကြီးသည် မိုးသောက်ထအခါ ပြာသာဒ်၏အထွင့်၌ သည်းစွာသော အသံကိုကြား၍ ကြောက်ထိတ်လန့်သည်ဖြစ်၍ နေထွက်သောအခါ ဝေဠုဝန်ကျောင်းတော်သို့သွား၍ မြတ်စွာဘုရားကို ရှိခိုး၍ "ဘုန်းတော်ကြီးသော အရှင်ဘုရား၊ ညဉ့်အခါ၌ ပြာသာဒ်၏အဖျား၌ ခြိမ်းချောက်သောအသံကို ကြား၏၊ အဘယ်ကဲ့သို့ ဖြစ်လတ္တံ့နည်း"ဟု လျှောက်၏၊ မြတ်စွာဘုရားသည် "မြတ်သောမင်းကြီး၊ ဇမ္ဗုပတိမင်းသည် သင်မင်းကြီးကို အမျက်ထွက်၍ နဂါး၏အဆိပ်နစ်သော မြားကိုစေ၍ သင်မင်းကြီး၏နားကို ဖောက်သီ၍ မိမိနိုင်ငံသို့ ဆောင်လတ္တံ့"ဟု မိန့်တော်မူ၏၊ မင်းကြီးသည် အလွန်ကြောက်သဖြင့် "အရှင်ဘုရား၊ အဘယ်သို့ ပြုပါရအံ့နည်း"ဟု လျှောက်၏၊ "မြတ်သောမင်းကြီး၊ မစိုးရိမ်လင့်"ဟု မိန့်တော်မူ၏။

ထိုသို့ ပြောဟောစဉ်ပင် "ဗိမ္ဗိသာရမင်းကြီး၏ ဦးခေါင်းကို ဖြတ်အံ့၊ ဇမ္ဗုပတိမင်း၏ အာဏာတည်း"ဟု ပြင်းစွာဟစ်ကြော်၍ မြားသည် ရောက်လာ၏၊ ထိုအသံကို အလုံးစုံသော ပြည်သူတို့သည် ကြားကုန်၍ ပြင်းစွာကြောက်ထိတ်လန့်ကုန်၏၊ မြားသည်နန်းတော်၌ မင်းကြီး

ကို မရ၍ ထီးဖြူကို ဖျက်ဆီး၍ ဝေဠုဝန်ကျောင်းတော်သို့ ရှေးရှု၍ လာလတ်၏၊ ထိုမြားလာလတ်သည်ကို မြတ်စွာဘုရားမြင်တော်မူ၍ "မြတ်သောမင်းကြီး၊ မြားသည် လာလတ်ပြီ"ဟု မိန့်တော်မူ၏၊ မင်းကြီးသည် မြားကိုမြင်၍ မိမိကိုယ်၏ အဖြစ်ဖြင့် တည်အံ့သောငှာ မတတ်နိုင်သည်ဖြစ်၍ "ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ ရှင်ပင်ဘုရားသည် အကျွန်ုပ်၏ ကိုးကွယ်ရာဖြစ်၏"ဟု ဦးခေါင်းဖြင့် ဘုရားခြေတော်၌ ဆိုက်၍ မှောက်ခုံဝပ်၏၊ ထိုအခါ လူတို့ကို အစဉ်သနားတော်မူသော မြတ်စွာဘုရားသည် ၁-ခုသောစက်ကို ဖန်ဆင်း၍ "အို-မြတ်သောစက်၊ သင်သည် ငါ့အာဏာတမန်တည်း၊ သွား၍ ထိုမြားကိုပစ်ချေ"ဟု စေလွှတ်တော်မူ၏၊ မြတ်စွာဘုရားစက်သည် ကောင်းကင်သို့ တက်၍ "ဇမ္ဗုပတိမင်း၏ တမန်ကို ရင်ကို ခွဲအံ့၊ ဦးခေါင်းကို ဖြတ်အံ့"ဟု ပြင်းစွာမြည်လျက် မြားသို့ရှေးရှု သွားလေ၍ ထိုမြားနှင့်ခတ်မိသော အသံသည် မိုးကြိုးစက်ကဲ့သို့ဖြစ်၍ အလုံးစုံသောလောကကို လောင်သောမီး၏ အခိုးကဲ့သို့ ထွက်၏။

မြားသည် မခံနိုင်၍ ပြေးလေသော် မြတ်စွာဘုရား၏ နိမ္မိတစက်တော်သည် အစဉ်လိုက်လေ၏၊ မြားသည် မိမိနေရာရွှေကျင်းသို့ ဝင်၍ ပုန်းလေ၏၊ ထိုမြားကို ဇမ္ဗုပတိမင်းမြင်၍ အစွယ်ကျိုးသော မြွေကဲ့သို့ဖြစ်၍ ဇောတိရသပတ္တမြားခြေနင်းကိုယူ၍ "သင်သည် သွား၍ ဗိမ္ဗိသာရမင်း၏ခြေကို နှောင်ဖွဲ့၍ ဆောင်ချေလော့"ဟု စေလွှတ်ပြန်၏၊ ပတ္တမြားခြေနင်း ၂-ခုတို့သည် ၁၀၀-သောဦးခေါင်းရှိသော အကုန္ဒေသောပါးပျဉ်းရှိသော နဂါးမင်း၏ အသွင်ကို ဖန်ဆင်း၍ ငရဲမီးခိုးကဲ့သို့ အခိုးကိုလွှတ်လျက် အခိုး၏အတွင်း၌ တောက်ပကုန်သော အလျှံတို့ကို လွှတ်လျက် ရာဇဂြိုဟ်ပြည်သို့ ရှေးရှုလာ၍ "ခွဲအံ့၊ ဖြတ်အံ့"ဟု ပြင်းစွာမြည်တမ်း၍ နန်းတော်သို့ ဝင်၍ ပလ္လင်၌ မင်းကို မမြင်သော် ပလ္လင်ကို ဖျက်ဆီး၍ ဝေဠုဝန်ကျောင်းတော်သို့ ရှေးရှုလာကုန်၏၊ မြတ်စွာဘုရားသည် ထိုလာကုန်သော နဂါးလုလင်တို့ကို မြင်၍ "မြတ်သော မင်းကြီး၊ ထိုလာကုန်သော နဂါး ၂-ခုတို့သည် မင်းကြီး၏ရန်သူတည်း"ဟု မိန့်တော်မူသော် အလွန်ကြောက်ခြင်းဖြစ်၍ ရင်ဖြင့်ညွတ်၏။

မြတ်စွာဘုရားသည် "မင်းကြီး၊ မကြောက်လင့်"ဟု မိန့်တော်မူ၍ ဦးခေါင်း အသောင်းရှိသော, အသိန်းသော အတောင်ရှိသော ကြီးစွာသော ဂဠုန်ကို ဖန်ဆင်း၍ လွှတ်၏၊ ထိုဂဠုန်သည် ကောင်းကင်သို့ ပျံတက်၍ အတောင်သံတို့ဖြင့် အသိန်းသော မိုးကြိုးစက်အသံကဲ့သို့ လောင်တတ်သော အခိုးကဲ့သို့ ဖြစ်၍ "နဂါး၏ ဦးခေါင်းတို့ကို ဖြတ်အံ့, ခွဲအံ့၊ သင်တို့သည် ငါ၏အစာဖြစ်ပြီ"ဟု ခြိမ်း၍လာလတ်၍ နဂါးတို့ကို ဖမ်းယူလိုသကဲ့သို့ ဖြစ်၏၊ ထိုနဂါးတို့သည် အလွန်ကြောက်ကုန်၍ ဂဠုန်မှဖဲ၍ မြေ၌ငုပ်၍ မိမိတို့နေရာအရပ်သို့ ပြေးလေကုန်၏၊ ဇမ္ဗုပတိမင်းသည် ပြေးလာသောနဂါးတို့ကို မြင်၍ အတောင် ၂-ဖက်ပြတ်သော ငှက်ကဲ့သို့ ဖြစ်၍ ပြင်းစွာစိုးရိမ်ခြင်း ဖြစ်၏။

## ဇမ္ဗုပတိမင်းနှင့် သိကြားမင်း

မြတ်စွာဘုရားသည် ဇမ္ဗုပတိမင်းကို ကြည့်တော်မူသော် အရဟတ္တဖိုလ်၏ ဥပနိဿယကို မြင်၍ သိကြားမင်းကို ခေါ်တော်မူ၍ "သိကြားမင်း၊ သင်သည် သွား၍ 'ရာဇာဓိရာဇာက ခေါ်ချေစေသောကြောင့် လာသည်'ဟု ဆို၍ ဇမ္ဗုပတိမင်းကို ခေါ်ချေ"ဟု စေတော်မူ၏၊ ထိုသိကြားမင်းသည် ပဉ္စာလပြည်သို့သွား၍ အလုံးစုံသောပြည်ကို ကိုယ်ရောင်ဖြင့် ထွန်းလင်းစေ၍ နန်းတွင်းသို့ ဝင်၍ အမတ်တို့၏ရှေ့မှ ရပ်၍ ဤသို့ ခေါ်၏၊ "အို-ဇမ္ဗုပတိမင်း၊ သင်သည် ပဉ္စာလပြည်ကို မှီ၍ အခိုင်အမာမနေလင့်၊ မင်းတကာတို့ကို အစိုးရသော ရာဇာဓိရာဇာအား လက်ဆောင်ပဏ္ဏာကို အဘယ့်ကြောင့် မဆက်လာသနည်း၊ အို-တောင်သူမင်း၊ တော၌ သမင်ကဲ့သို့ ရာဇဓိရာဇာ၏အထံသို့ အဘယ့်ကြောင့် မလာဘဲ သင်နေသနည်း၊ ယခု သင့်ကို ငါအပါခေါ်ရမည်၊ မနေသာဘူး၊ အဆောတလျှင်လိုက်ခဲ့"ဟု ဆို၏။

ထိုစကားကိုကြားသော် ဇမ္ဗုပတိမင်းသည် တုန်လှုပ်သော နှလုံးရှိသည်ဖြစ်၍ "ဤတမန်၏ အဆင်းအရောင်သည် အလွန်တင့်တယ်၏၊ ဤတမန်သည်ပင်လျှင် ငါတို့ထက် တန်ခိုးကြီးမြတ်သည် ဖြစ်လတ္တံ့၊ ထိုသို့ဖြစ်သော်လည်း တမန်နှင့်လျော်စွာ ပြုအပ်သော ဝတ်ကို ဆိုဦးအံ့"ဟု ကြံ၍ "အို လုလင်၊ တမန်မည်သည် ပညာရှိသည် ဖြစ်ရာ၏၊ နူးညံ့သော စိတ်ရှိသည်, သာယာသောစကားကိုဆိုသည် ဖြစ်ရာ၏။ လက်အုပ်ချီ၍ ဖြည်းညှင်းစွာ စကားပြောဟောပြီးမှ စေလိုက်သည့်သတင်းစကားကို ကြားရာ၏၊ သင်သည် တမန်တို့ ပြုရာသော ဝတ်ကိုမသိ"ဟု ဆို၏၊ ထိုအခါ သိကြားမင်း ဆို၏၊ "မင်းကြီး၊ ပညာရှိသော တမန်မည်သည် ဒေသ, ကာလကို သိ၏၊ အကြင်မင်းသည် အခြံအရံ နည်း၏၊ ဘုန်းနည်း၏၊ ထိုမင်းအား ရှိခိုးခြင်းကိုဖြင့် အရိုအသေကိုဖြင့် မပြုအပ်ဟူ၍ သိ၏၊ သင်သည် တောတွင်း ပစ္စန္တရစ်၌နေ၍ ဘုန်းတန်ခိုးနည်းသောကြောင့် သင့်အား ရှိခိုးခြင်း, အရိုအသေပြုခြင်းကို ငါမပြုသည်"ဟု ဆို၏။

ဇမ္ဗုပတိမင်းသည် အမျက်ထွက်၍ "အလုံးစုံသော ဇမ္ဗူဒီပါကျွန်း၌ ငါနှင့်တူ၍ ဘုန်းတန်ခိုးကြီးသောမင်းသည် အဘယ်မှာရှိသနည်း"ဟု ထ၍ လက်ပန်းပေါက်ခတ်၍ အဆိပ်နစ်သောမြားကို ယူ၍ တမန်၏နားကို ပစ်၏၊ ရာဇာဓိရာဇာ၏ တမန်ဖြစ်သော သိကြားမင်းသည် ၁-ခုသောစက်ကို ဖန်ဆင်း၍ မြားကို ပစ်၏၊ စက်သည် မိုးကြိုးစက်ကဲ့သို့ ပြင်းစွာမြည်၍ မြား၏အသွားကို ခတ်မိလေ၏၊ မြားသည် ပြေးလေ၍ ချုံသို့ ပုန်းဝင်လေ၏၊ စက်သည် လိုက်လေ၍ ချုံကို လောင်လေ၏၊ မြားသည် မြေ၌ ငုပ်လေ၏၊ စက်သည်လည်း မြေ၌ ငုပ်လေ၍ လိုက်လေ၏၊ မြားသည် ရေ၌ငုပ်၍ ပြေးလေ၏၊ စက်သည်လည်း ရေ၌

ငုပ်၍ ရေကို အခိုးအလျှံ တက်စေ၏၊ မြားသည် မြေ၌ပြေးလေ၏၊ စက်သည် မြားပြေးလေရာလိုက်၍ မြေကို အခိုးအလျှံ တက်စေ၏၊ မြားသည် ကောင်းကင်၌ ပြေးလေ၏။ စက်သည်လည်း ကောင်းကင်၌ လိုက်လေ၏။ မြားသည် တောင်သို့ ပြေးဝင်လေ၏၊ စက်သည်လည်း မြားပြေးရာလိုက်၍ ဖွဲပြာဖြစ်စေ၏၊ မြားပြန်လည်၍ မင်းကြီး၏ ဦးရစ်သို့ ဝင်လေ၏၊ စက်သည်လည်း လျင်စွာလိုက်၍ ဦးရစ်ကို အလျှံတောက်စေ၏၊ မင်းသည် ဦးရစ်ကို ချွတ်၍ ပြေးလေ၏၊ မြားကို စက်သည် ခတ်မိ၍ မီးထ၏။

ထိုအခါ ၁,၀၀၀-သောအမတ်တို့သည် ထ၍ပြေးကုန်၏၊ အလုံးစုံသော ပဉ္စာလပြည်ကို အလျှံဖြစ်စေ၏၊ အလုံးစုံသောသူတို့သည် ကြောက်ကုန်၍ ပြင်းစွာ မြည်တမ်းကုန်၏၊ ဇမ္ဗုပတိမင်းသည် သိကြားမင်းတမန်ကို "ဤတမန်သည် အလွန်ကြမ်းကြုတ်၏၊ မိမိအရှင်၏ အာဏာခေတ်အခါ၌သာ စိတ်ရှိတိုင်း မပြု ငါ၏ပြည်ကို မီးတိုက်၏"ဟု ဆို၏၊ ထိုအခါ "မြတ်သောမင်းကြီး၊ သင်၏ အစိုးရသောအရာသည် မရှိ အဘယ့်ကြောင့် ဤသို့ ဆိုသနည်း၊ မင်းကြီး၊ သင်၏တန်ခိုးကို ငါ့အား သင်ပြပြီ၊ ငါ၏တန်ခိုးကို မင်းကြီးရှုလော့"ဟု ဆို၏၊ "အို-တမန်၊ သင်၏ တန်ခိုးကို ငါမြင်ရပြီ၊ သင်၏တန်ခိုးကို ငြိမ်းပါစေလော့"ဟု ဆို၏၊ သိကြားမင်းသည် "ကောင်းပြီ"ဟု စက်ကို ငြိမ်းစေ၏၊ ဇမ္ဗုပတိမင်းသည် နှလုံးမသာသည်ဖြစ်၍ ဤသို့ ကြံ၏၊ "ငါသည် ရှေးအခါ၌ အလုံးစုံသော ဇမ္ဗူဒီပါကျွန်းကို လက်ဝါးပြင်ကဲ့သို့ အစိုးရ၏၊ ယခုမူကား အစိုးရသော တပါးသောသူ ရှိ၏"ဟု ကြံ၍ နှလုံးမသာဖြစ်၍ တမန်က ဆို၏။

"လာလော့မင်းကြီး၊ သွားကုန်အံ့"ဟု ဆို၏၊ "တမန်၊ ငါမလိုက်ဘူး၊ သင်၏ သခင်ကို ငါပင်အစိုးရ၏၊ သင်သွားလော့"ဟု ဆို၏၊ တမန်ကလည်း "မင်းကြီး၊ ငါ၏အရှင် ရာဇာဓိရာဇာသည် ကေသရရာဇာခြင်္သေ့မင်းကဲ့သို့ အမျက်ထွက်တတ်၏၊ သင် ၁-ယောက် မလာဘဲနေသောကြောင့် တစ်ပြည်လုံး မီးလောင်လတ္တံ့၊ ဤပြည်သည် ငယ်လှစွာ၏၊ အဘယ်သူမြင်နိုင်ဝံ့တော့မည်နည်း၊ မင်းကြီး၊ လာလော့၊ ရာဇာဓိရာဇာ၏ အဘယပုရပြည်ကြီးကို ရှုလှည့်"ဟု ဆို၏၊ "တမန်၊ သင်သည်ကဲ့သို့ မဆိုလင့်၊ ငါသည်အလုံးစုံသော ဇမ္ဗူဒီပါကျွန်း၌ အစိုးရ၏၊ အဘယ့်ကြောင့် ငါလိုက်ရအံ့နည်း"ဆို၏၊ "တောင်သူမင်း၊ အလုံးစုံသော ဇမ္ဗူဒီပါကျွန်းကို ငါတို့သခင် ရာဇာဓိရာဇာသည် အစိုးရသည်၊ အကြာ မနေလင့်၊ မင်းယုတ်၊ လျင်လျင်လာ၊ အကယ်၍ မလာနေသော် သင်အရှက်ရလတ္တံ့"ဟု သိကြားဆို၍ စက်ကို ပစ်လိုက်၏၊ စက်သည် မင်း၏ခြေတို့ကို နှောင်ဖွဲ့၍ "ထလော့၊ ထလော့"ဟု ဆို၍ စက်သည် မင်းကိုငင်သော် မင်းသည် ရွှေအင်းပျဉ်မှကျ၍ အမတ် ၁,၀၀၀-တို့၏ ရှေ့မှအရှက်ရသည်ဖြစ်၍ အောက်သို့ ဦးခေါင်းညွတ်လျက် နေ၏၊ စက်၏ အစွမ်းဖြင့် မင်း၏ဦးရစ်ကို ငင်၍

ပစ်လိုက်၏၊ ၁-ဥသဘမျှသောအရပ်၌ ကျ၏၊ စက်၏ အစွမ်းဖြင့် မင်းကိုင်၍ ပြာသာဒ်မှ ချ၏။

အမတ်တို့သည် မင်းကြီး၏ခြေ, လက်တို့ကိုကိုင်၍ လုကုန်၏၊ ထက်စွာသော စက်ဖြင့် ထိပါးရာအရေစုတ်ပြတ်၍ သွေးထွက်၏၊ ထိုသွေးကို မြင်၍ မင်းကြီးသည် ကြောက်၍ "အမောင်တမန်၊ တစ်နေ့မျှ ငုံ့ပါဦး၊ ဗိုလ်ပါရိုးစု၍ နက်ဖြန်နံနက်စောစော ရာဇာဓိရာဇာ၏ ခြေတော်ရင်းသို့ လိုက်ပါအံ့"ဟု တောင်းပန်၏၊ ထိုအခါ "မင်းကြီး၊ ကောင်းပြီ၊ ငါသွားနှင့် လေအံ့၊ နက်ဖြန်မူကား စောစောလာ၍ ငါတို့အရှင်မင်းကြီး၏အထံသို့ ရောက်စေ၊ မရောက်၍ ငါလာပြန်ရသော် ငါ၏စက်သည် မင်းကြီး၏ခြေတို့ကို ဖြတ်လတ္တံ့" ဟူ၍ သိကြားမင်း ဆိုခဲ့၏၊ မြတ်စွာဘုရားအား ထိုအကြောင်းကို လျှောက်လာ၏။

## ဇမ္ဗုပတိမင်းကို ချွတ်ရန် ကြိုတင်စီမံခြင်း

မြတ်စွာဘုရားလည်း "ဤအခါသည် များစွာသောသူတို့သည် မဂ်, ဖိုလ်ရလတ္တံ့သော အခါတည်း"ဟု မြင်တော်မူ၍ "များစွာသော နတ်တို့သည် ဤအရပ်သို့ လာစေသတည်း"ဟု မိန့်ကြွေးတော်မူ၏၊ မြေကြီးသည် ပြင်းစွာတုန်လှုပ်၏။

ကာလရာဇာနဂါးမင်းကိုလည်း "နဂါမင်း၊ သား, မယားတို့နှင့်တကွ လာခဲ့"ဟု ခေါ်တော်မူသဖြင့် နဂါးမင်းလာ၍ "အရှင်ဘုရား၊ အဘယ့်ကြောင့် ခေါ်တော်မူသနည်း"ဟု လျှောက်၏၊ "နဂါးမင်း၊ အကြင်ခရီးဖြင့် ဇမ္ဗုပတိမင်းသည် လာလတ္တံ့၊ ထိုခရီး၌ သင်သည် ကြီးစွာသော ဂင်္ဂါမြစ်ဖန်ဆင်း၍ နဂါးသမီးတို့ကို မိမိတို့၏အရုပ်ကို စွန့်၍ နတ်သမီး အရုပ်ကို ဖန်ဆင်း၍ ဂင်္ဂါ၌ ရတနာ ၇-ပါးကို ဈေးခင်း၍ ရောင်းဝယ်စေ၊ နဂါးမိဖုရား ဝိမလာဒေဝီကို ဈေးသည်မအကြီး ပြုစေ၊ သင်နဂါးမင်းသည်လည်း အထောင်မကသော နဂါးလုလင်တို့ကို ခေါ်၍ လူ့အသွင်ဖန်ဆင်း၍ ဝယ်ခြင်းကို ပြုလေ"ဟု စေတော်မူ၏၊ ကာလရာဇာနဂါးမင်းသည် "ကောင်းပါပြီ"ဟု ဝန်ခံ၍ နဂါးပြည်မှ ရတနာ ၇-ပါးတို့ကို ယူခဲ့စေ၍ ထိုထိုသို့သော အရပ်၌ ဈေးခင်းကျင်း၍ ရောင်းဝယ်ခြင်းကို ပြုကုန်၏။

ဂဠုန်မင်းသည်လည်း သား, မယားတို့နှင့်တကွလာ၍ အမိန့်တော်ကို ခံသဖြင့် "ဂဠုန်မင်း၊ သင်သည် များစွာသော ဂဠုန်တို့နှင့်တကွ လူအရုပ်ကို ပြု၍ ပန်းဘဲ, ပန်းထိမ် အမှုကို ပြုလေ"ဟု စေတော်မူသဖြင့် ဂဠုန်မင်းသည် ဘုရားအမိန့်တော်ကို ဦးထိပ်ရွက်၍ အကုဋေမကသော ဂဠုန်တို့နှင့်တကွလာ၍ ထိုမင်းလာလတ္တံ့သောခရီး၌ ပန်းဘဲအမှု, ရွှေပန်းထိမ်အမှုတို့ကို ပြုကုန်၏။

**ဆဒ္ဒန်အမျိုး**မှ ရှစ်သောင်းသော ဆင်တို့သည်လာကုန်၍ မင်္ဂလာဆင်ထားရာ၌ တည်ကုန်၏၊ **ဝလာဟကမြင်းမျိုး**မှ ရှစ်သောင်းသော မြင်းတို့သည်လာကုန်၍ မင်္ဂလာမြင်းထားရာ၌ တည်ကုန်၏၊ ရှစ်သောင်းသော **ကရဝိတ်ငှက်**တို့သည် လာကုန်၍ သာယာစွာသောအသံဖြင့် တွန်ကုန်၏၊ **ကျေးအပေါင်း**တို့သည် စန္ဒကူးနံ့သာတို့ကို ယူ၍ လာကုန်၏၊ **ကိန္နရာဖို, ကိန္နရီမ**တို့သည် လာကုန်၏၊ **ဂန္ဓဗ္ဗနတ်**တို့သည် လာကုန်၍ နတ်တို့၏စည်, စောင်း, ငြင်းတို့ကို တီးမှုတ်ကုန်၏၊ **စတုမဟာရာဇ်နတ်မင်း** ၄-ယောက်တို့သည် မိမိတို့၏ အခြံအရံနှင့်တကွ လာကုန်၍ အရပ် ၄-မျက်နှာ၌ စောင့်ကုန်၏။

မြတ်စွာဘုရားသည် ဝေဠုဝန်ဥယျာဉ်၌ ရှစ်သောင်း, လေးထောင်သော ရွှေဗိမာန်တို့ကို ဖန်ဆင်း၍ ထိုထိုသို့သော ဗိမာန်တို့၌ တစ်သိန်း, တစ်သိန်းကုန်သော တပည့်တို့သည် ပြဟ္မာမင်း၏ အရုပ်ကဲ့သို့ ဖန်ဆင်း၍ နေကုန်၏၊ ထိုဗိမာန်၏အလယ်၌ အထောင်မကသော တံခါးတိုင်ရှိသော ဘုံဆင့် ၁၀၀-ရှိသော ကြီးစွာသောဗိမာန်ကို ဖန်ဆင်းတော်မူ၏၊ ရွှေခြူကွန်ယက်တို့ဖြင့် ချောက်ချားသော ထီးဖြူတို့ကို ထိုဗိမာန်၌ မြတ်စွာဘုရား ဖန်ဆင်းတော်မူ၏၊ ထီးဖြူအောက်၌ ရတနာ ၇-ပါးတို့ဖြင့် ဆန်းကြယ်သော ရာဇပလ္လင် ဖန်ဆင်း၍ အထူးထူးသော အရောင်အဆင်းတို့ဖြင့် တောက်ပလျက် **ပြဟ္မာမင်း၏အရုပ်**ကိုကဲ့သို့ ဖန်ဆင်း၍ မြတ်စွာဘုရား နေတော်မူ၏။

မြတ်သောအဆင်းရှိသော ၂-ယောက်သော **နတ်သမီး**တို့ကို ဖန်ဆင်း၍ လက်ဝဲ, လက်ျာတို့၌ တည်စေကုန်၏၊ **မဟာပြဟ္မာကြီး**သည် ထီးဖြူကို ဆောင်းရ၏၊ မြတ်စွာဘုရား၏ နောက်တော်၌ အသိန်းမကသော **ဂန္ဓဗ္ဗနတ်**တို့သည် များစွာသော စည်, စောင်းငြင်းတို့ကို တီးမှုတ်ကုန်၏၊ အသိန်းမကသော ဂန္ဓဗ္ဗနတ်သမီးတို့သည် ကကုန်, သီကုန်၏၊ ထို့နောင်မှ အရှင်ရာဟုလာသည် **စကြဝတေးမင်း**ကဲ့သို့ ဖန်ဆင်း၍ အခြံအရံများစွာနှင့်နေ၏၊ မဟာကပ္ပိနမထေရ်သည် **စကြဝတေးမင်း**ကဲ့သို့ အခြွေအရံနှင့်တကွနေ၏၊ ထို့နောင်မှ တစ်သောင်း, ခြောက်ထောင်ကုန်သော တပည့်တို့သည် **ပဒေသရာဇ်မင်း**ငယ်ကဲ့သို့ ပြု၍ နေကုန်၏၊ နေနတ်သား, လနတ်သားတို့သည် တံခါးစောင့်အသွင်ကို ယူကုန်၏၊ စောင်းတန်း လှေကားအောက်၌ ကောင်းကင်၌သွားတတ်ကုန်သော နတ်သမီးတို့သည် ရက်ကန်းယက်သော အမှုကိုပြုကုန်၏။

တံတိုင်းအတွင်း၌ မြေသည် ဖလ်ဖြင့် ပြီး၏၊ အတောင် ၈၀-မြင့်သော ရွှေဖြင့်ပြီးသော တံတိုင်းရံ၏၊ တံခါးအဝင် ပြင်လမ်းနား ၂-ဖက်တို့၌ တစ်သိန်းသော ဆင်ပြောင်တို့ကို ချည်ကုန်၏၊ မြေကားရွှေဖြင့် ပြီး၏၊ အပ၌ ပတ္တမြားနီတံတိုင်း ရံ၏၊ တံခါးခုံ ၂-ဖက်တို့၌ အသိန်းမကသော ဝလာဟကမြင်းတို့ကို ချည်ကုန်၏၊ မြေကား ပတ္တမြားနီဖြင့်

ပြီး၏၊ ပတ္တမြားပြောက် တံတိုင်းရံ၏၊ တံခါး ၇-ဖက်တို့၌ အထူးထူးသော ရတနာဖြင့်ပြီးသော ဒိုင်း, လွှားကာ, ချပ်ဝတ်, မိန်ညို, မောက်တို, ဓား, လှံ လက်နက်နှင့်တကွ အသိန်းမကသော စစ်သည်သူရဲတို့သည် နေကုန်၏၊ မြေကား ဝဇိရစိန်ဖြင့် ပြီး၏၊ ပတ္တမြားပြောက်တံတိုင်း ရံ၏၊ တံခါးဝ ၂-ဖက် အပဌ် အသိန်းမကသော ခြေသည်စသည်တို့ နေကုန်၏၊ မြေကား ကြေးနီဖြင့် ပြီး၏၊ သံတံတိုင်း ရံ၏၊ တံခါးဝ ၂-ဖက်ပြင်တို့၌ အသိန်းမကသော စစ်သည် သူရဲတို့သည် နေကုန်၏၊ ကြေးဖြင့်ပြီးသော မြေတို့ကို ကြေးနီတံတိုင်း ရံ၏၊ တံခါးဝပြင် ၂-ဖက်တို့၌ သန်လျက် လက်စွဲကုန်သော အသိန်းမကသော စစ်သည်တို့သည် နေကုန်၏၊ မြေကား ကြေးဖြူအတိ ပြီး၏၊ ငွေဖြင့်ပြီးသော တံတိုင်းရံ၏၊ အပဌ် တံခါးဝ ၂-ဖက်တို့၌ များစွာသော စစ်သည်တို့သည် တည်ကုန်၏။

အရှင်သာရိပုတ္တရာသည် စစ်သူကြီးကဲ့သို့ ဖြစ်၍ အသိန်းမကသော အခြွေအရံတို့နှင့်တကွ လက်ျာနံပါး၌ အမှုကိုစီရင်၍ အရှင်မောဂ္ဂလာန်သည် ချပ်ဝတ်, မိန်ညိုကိုဝတ်လျက် ဗိုလ်မှူးပြု၍ လက်ဝဲနံပါး၌ အမှုကို စီရင်၏၊ ထိုတံတိုင်း၏အပဌ် ဖြဟ္မာအပေါင်းတို့သည် ရွှေပန်းထိမ်အမှုကို ပြုလုပ်ကုန်၏၊ ထို့နောင်မှ ရွှေအိမ်ဈေးသည် ခင်းကျင်း၏၊ ထိုဈေး၌ သုဇာတာသည် အခြွေအရံနှင့်တကွနေ၏၊ ထို့နောင်မှ ငွေအိမ်ဈေးသည် ကျင်းပ၏၊ သုဓမ္မာ သည် အခြံအရံနှင့်တကွ ထိုဈေး၌နေ၏၊ ထို့နောင်မှ အထူးထူးသော အဝတ်ပုဆိုးတို့ကို ဈေးခင်း၏၊ သုစိတ္တာသည် အခြံအရံနှင့်တကွ ထိုဈေး၌နေ၏၊ ထို့နောင် ကွမ်းဈေးသည် ခင်းကျင်း၏၊ လနတ်သမီးသည် အခြံအရံနှင့်တကွ ထိုဈေး၌နေ၍ ရောင်း၏၊ ထို့နောင် ထမင်းဈေး ခင်းကျင်း၏၊ ဂန္ဓဗ္ဗနတ်သမီးသည် အခြံအရံနှင့်တကွ နေ၍ရောင်း၏၊ ထို့နောင် ငါး, အမဲ, ဟင်းမျိုးဈေးခင်းကျင်း၏၊ ထိုဈေး၌ ကိန္နရီမတို့သည် အခြံအရံနှင့်တကွ ထိုဈေး၌ ရောင်း၏၊ ထို့နောင် နဂါးလုလင်, နဂါးသတို့သမီးတို့သည် ရေခပ်သောအမှုကို ပြုကုန်၏၊ ထို့နောင် ဥယျာဉ်, ရေကန်တို့သည် ဖြစ်ကုန်၏၊ ထိုမျှလောက်သော အလုံးစုံတို့ကို မြတ်စွာဘုရားသည် ဖန်ဆင်းတော်မူပြီး၍ မင်းတကာတို့ထက် မြတ်သောမင်း၏အသွင်ကို ပြုတော်မူ၏။

## ဇမ္ဗုပတိမင်း ကြွချီလာစဉ်

ထိုအခါ ဇမ္ဗုပတိမင်းသည် ၁၀၁-ယောက်သော မင်းတို့နှင့် ၁-သိန်းသော အမတ်တို့ဖြင့် ခြံရံလျက် စစ်အင်္ဂါ ၄-ပါးနှင့်တကွ ပဥ္စာလမြို့မှထွက်၍ ဇမ္ဗုပတိမင်းသည် "မြေ၌ သွားရသော် ကောင်းအံ့လော, ကောင်းကင်၌သွားရသော် ကောင်းအံ့လော"ဟု ကြံ၍ "ငါ

သည် အကယ်၍ကောင်းကင်ဖြင့် သွားအံ့၊ ငါ၏တန်ခိုးသည် များစွာမထင်ပေါ်လတ္တံ့၊ မြေ၌သွားမူကား ငါ၏တန်ခိုးသည် အလွန်ထင်ပေါ်လတ္တံ့"ဟု ကြံ၍ ဆင်စီး၍ သွား၏၊ ထိုမင်းသည် ခရီးသွားဆဲ ကြံ၏၊ "အကယ်၍ ရာဇာဓိရာဇာကို ငါသည်အောင်အံ့၊ လနတ်သား, နေနတ်တို့နှင့် စစ်ထိုးအံ့၊ ရာဇာဓိရာဇာမှ ငါသည် ရှုံးချေမူကား ၁၀၁-ယောက်သော မင်းတို့ကို ရာဇာဓိရာဇာအား ငါပေး၍ပြန်အံ့"ဟု ကြံ၏၊ မြတ်စွာဘုရားသည် ဇမ္ဗုပတိမင်း မြို့မှထွက်သည်ကို မြင်၍ **မာဃသာမဏေ**ယ်ကို ခေါ်၍ "သာမဏေ၊ သင်သည် သွားချေ၍ ဇမ္ဗုပတိမင်းလာရာ ယူဇနာ ၁၆၀-ကို သင့်တန်ခိုးဖြင့် ချုပ်၍ ခရီး၌ သစ်ငုတ်, ခလုတ်, ကုန်း, ကျင်း, နိမ့်မြင့်မရှိမူ၍ ညီညွတ်စွာ ၁-ယူဇနာမျှရှိစေ၍ ဖန်ဆင်းချေ"ဟု စေတော်မူသဖြင့် မာဃသာမဏေသည် ဘုရားစေခန့်တော်မူတိုင်း ဖြစ်စေ၏။

ဇမ္ဗုပတိမင်းသည် နံနက်စောစောနေမထွက်မီ ဖန်ဆင်းအပ်သော ခရီးကို ဆင်စီး၍ ရောက်လာ၏၊ မြတ်စွာဘုရားသည် "တမန်အဆင့် စေဦးအံ့"ဟု ကြံတော်မူ၍ မာဃသာမဏေကို ခေါ်၍မိန့်၏၊ "သာမဏေ၊ သင်သွား၍ ဇမ္ဗုပတိမင်းကို ဆင်စီး၍ မလာစေနှင့်၊ ခြေဖြင့်သွား၍ လာစေ"ဟု မိန့်တော်မူ၏၊ မာဃသာမဏေသည် **မင်း၏အရုပ်**ကို ဖန်ဆင်း၍ တခဏခြင်းသွား၍ ဇမ္ဗုပတိမင်း၏ရှေ့မှ ရပ်၍ "မင်းကြီး၊ ဆင်မှ ဆင်းလော့"ဟူ၍ ဆို၏၊ ထိုမင်းသည် အမျက်ထွက်၍ "မိမိ၏ ဗိုလ်ပါတို့ကို ဖမ်းကုန်လော့၊ သတ်ကုန်လော့"ဟု ဆို၏၊ ခပ်သိမ်းသော သူရဲတို့သည် ဖမ်းအံ့သောငှာ လာသောအခါ၌ သာမဏေသည် တန်ခိုးဖြင့် မြေကိုလှုပ်စေ၍ လဲစေ၏၊ များစွာသော စစ်သည်တို့သည် ကြောက်၍ ပြေးလေကုန်၏၊ သာမဏေသည် ကြောက်မက်ဖွယ်သောအရုပ်ကို ဖန်ဆင်း၍ ဆင်ကိုအမြီး၌ ကိုင်၍ ပစ်လိုက်၏၊ ထိုမင်းသည် ကြောက်ခြင်းပြင်းစွာဖြစ်၍ မြေ၌သွား၏၊ အမတ်တို့သည် ရှေ့မှ သွားကုန်၏၊ ၁၀၁-ယောက်သောမင်းတို့သည် နောက်မှလိုက်ကုန်၏၊ ဇမ္ဗုပတိမင်းသည် ပတ္တမြားခြေနင်းကို စီး၍ မြေ၌သွား၏၊ အဆိပ်နစ်သောမြားကို ယူ၍ သွား၏။

## ဇမ္ဗုပတိမင်း မြို့ပြင်သို့ ရောက်လာခြင်း

ဇမ္ဗုပတိမင်းသည် မြစ်နားသို့ရောက်လျှင် ဥစ္စာ, ဘဏ္ဍာနှင့်တကွ ဖြစ်သော ၁,၀၀၀-သောရွှေလှေတို့ကို မြင်၍ "ဤပြည်ကြီးသည် ယူအပ်သောဥစ္စာ များစွာ၏"ဟု ကြံ၍ သွား၏၊ ထို့နောင် ရတနာ ၇-ပါးဈေးကို မြင်၍ နဂါးမဝိမလာဒေဝီသည် "မင်းကြီး၊ ဤရေကို ယူ၍ သောက်လော့"ဟု ဆို၏၊ ထိုမင်းသည် ရေကို သောက်၍ "ဤရေသည် ငါတို့ပြည်မှ ရေထက် မြိန်မြတ်လှ၏"ဟု ကြံ၍သွားသော် ရွှေဖြင့်ပြီးသောပြအိုး, တန်ဆောင်း, အထွဋ်တို့ကို မြင်၍

ရပ်လျက်ကြည့်၏၊ "ဤပြည်သည် ငါ၏ပြည်ထက် အလွန်မြတ်သောပြည်တည်း"ဟု ကြံ၍ သွားလေသော် ဆဒ္ဒန်အိုင်မှလာသော ၈-သောင်းသော ဆင်တို့ကို မြင်လေ၏၊ "ငါ၏ ဆင်တို့ထက် အလွန်မြတ်သော ဆင်တို့တည်း"ဟု ကြံ၍ သွားလေသော် ရှစ်သောင်းသော ဝလာဟကမြင်းတို့ကို မြင်၍ "ဤမြင်းတို့သည် ငါ၏မြင်းတို့ထက် မြတ်ချေ၏"ဟု ဆို၍ သွားလေသော် ကရဝိတ်ငှက်တို့၏ တွန်မြူးသံကို ကြား၍ "ဤအသံတို့သည် ငါ၏စည်, စောင်းငြင်း အသံထက်အလွန် သာယာလှ၏၊ အံ့ဖွယ်ရှိစွတကား"ဟု အသံကို နာလျက် အံ့သြ၍ နေ၏။

မာဃသာမဏေသည် **လုလင်ငယ်၏အရုပ်ဖြင့်**လာ၍ "မင်းကြီး၊ မရပ်လင့်၊ ငှက်တို့၏စည်, စောင်းငြင်းအသံကို နားမထောင်လင့်၊ လာလော့၊ လျင်စွာသွားလော့"ဟု ဆို၏၊ ထိုမင်းသည် လျင်စွာသွား၍ စန္ဒကူးပွင့်တို့ကို ချီ၍ လာကုန်သော ကျေးအပေါင်းတို့ကို ရှု၍ သွားပြန်သော် ကကုန်, သီကုန်သော ကိန္နရီမတို့ကို မြင်၍ "ဤကိန္နရီမတို့သည် ငါ၏မိဖုရား **ကဠုနဒေဝီ**ထက် လှပေ၏"ဟု ကြံ၍သွားပြန်သော် ဂန္ဓဗ္ဗနတ်တို့၏ စောင်းငြင်း တီးမှုတ်သောအသံကို ကြား၍ အံ့သြ၍ သွားပြန်သော် အရပ် ၄-မျက်နှာ၌ စောင့်ကုန်သော စတုမဟာရာဇ်နတ်မင်းကြီးတို့ကို မြင်၍ "ဤသူတို့သည် ရာဇာဓိရာဇာမင်း ဖြစ်လတ္တံ့"ဟု ကြောက်ထိတ်လန့်သည်ဖြစ်၍ ထိုင်အံ့သော အခြင်းအရာကို ပြု၏၊ မာဃသာမဏေဆို၏၊ "ဇမ္ဗူပတိမင်း၊ မထိုင်လင့်၊ ရာဇာဓိရာဇာသည် ရှေ့မှာနေတော်မူသည်၊ သွားဦးလော့၊ ဤသူတို့သည် အစောင့်မျှသာတည်း"ဟု ဆို၏။

ထိုစကားကို ကြားသော် "အစောင့်ဖြစ်သော သူတို့စဉ်လျက် ဤမျှလောက်ဖြစ်သော် မင်းတကာတို့ထက်မြတ်သော မင်းသည်ကား အလွန်လျှင် မြတ်ချေအံ့သည်"ဟု ကြံ၍ သွားပြန်သော် ဥယျာဉ်, ရေကန်တို့ကို မြင်၍သွားပြန်သော် ရေတော်ခပ်နဂါးမင်းသမီး, နဂါးလုလင်တို့ကို မြင်လေ၏၊ သွားပြန်သော် သေရည်သေရက်ဟင်းမျိုး ဈေးသို့ရောက်လေ၍ ကိန္နရီ, ကိန္နရာတို့သည် ဆိုကုန်၏၊ "အို-မင်းကြီး၊ အမတ်တို့နှင့်တကွလာ၍ ဤသေကို ယူ၍ သောက်လော့၊ ဤဟင်းမျိုးကို စားလော့"ဟု ဆို၏၊ ထိုမင်းသည် ထိုစားဖွယ်, သောက်ဖွယ်တို့ကို မြင်၍ စားချင်, သောက်ချင်သဖြင့် "ဤအိမ်ဈေးသည်မအကြီးသည် ငါ၏မိဖုရားထက် လှစွာ၏"ဟု ကြံလျက် သွားပြန်သော် ထမင်းဈေးသို့ ရောက်၍ ဂန္ဓဗ္ဗနတ် သမီးတို့သည် "မင်းကြီး၊ အမတ်ပေါင်းနှင့်တကွလာ၍ ထမင်းစားပါလော့"ဟု ဆို၏၊ ဂန္ဓဗ္ဗနတ်သမီး ကို မြင်၍ "ဤဈေးသည်မအကြီးသည် ကဠုနဒေဝီထက် မွန်မြတ်၏"ဟု ကြံ၍သွားပြန်သော် ကွမ်းဈေးသို့ ရောက်လေ၍ လနတ်သမီးသည် "အို-မင်းကြီး၊ အမတ်တို့နှင့်တကွ လာလော့၊ ကွမ်းဖိုးလည်း ပေးခဲ့၊ ကွမ်းကိုလည်း စားလော့"ဟု ဆို၏။

ထိုမင်းသည် "ဤကွမ်းဈေးသည်မအကြီးသည် ငါ၏မိဖုရားထက် လှစွာ၏"ဟု ကြံ၍ သွားပြန်သော် ပန်းဈေးသို့ ရောက်လေ၏၊ နေနတ်သမီးသည် ဆို၏၊ "မင်းကြီး၊ လာလှည့်၊ ပန်းဖိုးပေး၍ ပန်းပန်လေ"ဟု ဆို၏၊ မင်းကြီးသည် ထိုနေနတ်သမီးကို မြင်၍ "ဤဈေးသည်မအကြီးသည် လှစွာ၏၊ ငါ၏ကဉ္စနဒေဝီသည် ကျွန်မမျှဖြစ်ခဲ့ပြီ"ဆို၍ သွားပြန်လေသော် သစ်သီးကြီး, ငယ်ဈေးသို့ ရောက်ပြန်လေ၏၊ သုနန္ဒာသည် ဆို၏၊ "အို-မင်းကြီး၊ အဖိုးပေး၍ သစ်သီးကြီး, ငယ်ကို စားလော့"ဟု ဆို၏၊ မင်းကြီးသည် သုနန္ဒာကို မြင်၍ ရှက်ကြောက်စွာသွားလေသော် ပုဆိုးဈေးသို့ ရောက်လာ၍ "မင်းကြီး၊ လာလှည့်၊ အဖိုးပေး၍ ကြိုက်ရာပုဆိုးကို ဝတ်လေ"ဟု သုစိတ္တာဆို၏၊ ထိုမင်းသည် သုစိတ္တာကို မြင်၍ တပ်သောစိတ်ရှိသဖြင့် ဖြောင့်ဖြောင့်မသွား၊ ခရီးနားဖြင့် သွားလေသော် ငွေပန်းဈေးသို့ ရောက်လေ၏၊ သုဓမ္မာသည် ခေါ်၏၊ "အို-တောတွင်းမင်း၊ ဤငွေပန်းတို့ကို တန်ဆာဆင်လေလော့"ဟု ဆို၏၊ ထိုမင်းသည် သုဓမ္မာကို မြင်၍ တပ်သောစိတ်ရှိလှသောကြောင့် ခံတွင်းမှ ကွမ်းကို ထွေးမိ၏။

သွားပြန်လေသော် ရွှေပန်းဈေးသို့ ရောက်လေ၏၊ သုဇာတာသည် ဆို၏၊ "အို-မင်းဆင်းရဲ၊ လာလှည့်၊ ဤရွှေပန်းတို့ကို ပန်လေလော့"ဟု ဆို၏၊ ထိုမင်းသည် သုဇာတာကို မြင်၍ နောက်ပြန်သွား၏၊ "မင်းကြီး၊ ခရီးကို ဖြောင့်ဖြောင့် ရှေ့သို့မျက်နှာထား၍ သွားလော့" ဟု မာဃသာမဏေဆို၍ သွားပြန်ရသော် မင်းသည်ရှက်လှ၍ ကိုယ်မှချွေးထွက်၏၊ ရှေ့သို့ သွားသော် ပန်းထိမ်, ပန်းပဲလုပ်ရာသို့ ရောက်လေ၏၊ မဟာပြဟ္မာကြီးသည် "အို-မကောင်းသော မင်း၊ လာခဲ့လော့၊ ဈေးရောင်းဝယ်ကစားလော့"ဟု ဆို၏၊ ထိုမင်းသည် မဟာပြဟ္မာကြီးကို မြင်၍ "ဤသူသည် ရာဇာမိရာဇာဖြစ်ချေပြီ"ဟု နေရာအရပ်ကို ကြည့်၏၊ "မင်းကြီး-သွားဦးလော့၊ ဤသူတို့သည် ရွှေပန်းထိမ်သည်တို့တည်း"ဟု မာဃသာမဏေဆို၍ သွားပြန်သော် မြို့တံခါးသို့ ဝင်လေ၏။

## ဇမ္ဗူပတိမင်းမြို့တွင်းသို့ဝင်ခြင်း

လက်ဝဲနံပါး၌ ၁-သိန်းသောစစ်သည်တို့နှင့်တကွနေသော ရှင်မောဂ္ဂလာန်ကို မြင်၍ ထိုးပစ်အံ့သကဲ့သို့ ထင်၍ ကြည့်၏၊ လက်ျာနံပါး၌ ၁-သိန်းသောသူတို့နှင့် တကွနေသော ရှင်သာရိပုတ္တရာကို မြင်၍ ဖြတ်အံ့သကဲ့သို့ ထင်၍ကြည့်ပြီးသော် မြေဖြူတံတိုင်းသို့ ဝင်၍ ဆေးဒန်းမြင်းသီလာမြေကို နင်း၍ ခရီး၌ သန်လျက်, ချပ်ကာလက်စွဲကုန်သော ၁-သိန်းသောသူရဲတို့ကို မြင်၍ ကြောက်လန့်စွာကြည့်၍ သွားပြန်သော် ကြေးနီတံတိုင်းသို့ ဝင်၍

ကြေးနီဖြင့်ပြီးသော မြေကိုနင်း၍ မြမြစွာဖွဲ့အပ်သော ဓားလက်နက်ရှိကုန်သော ၁-သိန်းသောစစ်သည်တို့ကိုမြင်၍ ဦးခေါင်းကို ဖြတ်အံ့သကဲ့သို့ထင်လျက် ကြောက်လန့်စွာသွားရသော် သံတံတိုင်းသို့ ဝင်၍ ကြေးနီမြေကို နင်း၍ မြမြစွာဖွဲ့အပ်သော ၁-သိန်းသောလှံစစ်သည်တို့ကို မြင်၍ ယခုပင် ထိုးအံ့သကဲ့သို့ ထင်လျက် နံပါး ၁-ဖက်ဖြင့်သွား၍ ပတ္တမြားပြောက်တံတိုင်းသို့ဝင်၍ ဝဇီရစိန်မြေကို နင်း၍ မြမြစွာဖွဲ့အပ်သော ၁-သိန်းသော သိန္ဓောမြင်းတို့ကိုမြင်၍ ကြောက်လန့်စွာဖြစ်၍ သွားလေသော် မြတံတိုင်းသို့ဝင်၍ ပတ္တမြားမြေကို နင်း၍ ၁-သိန်းသောသူရဲတို့ကို မြင်၍ ကြောက်လန့်စွာသွား၍ ဖလ်တံတိုင်းသို့ဝင်၍ ရွှေမြေကိုနင်း၍ ၁-သိန်းသော ဆဒ္ဒန်ဆင်တို့ကိုမြင်၍ မင်းသည်ကြောက်လန့်စွာသွား၍ ရွှေတံတိုင်းသို့ဝင်၍ ဖလ်မြေကိုမြင်၍ ရေထင်၍ မနင်းဝံ့၍ ရပ်သော် "မင်းကြီး၊ လျင်စွာသွားလော့" ဟု မာဃသာမဏေ ဆို၏။

ရေအမှတ်ဖြင့် ပုဆိုးကို ပင့်၏၊ ရေနက်၍ ကျမည်ကိုလည်း ကြောက်၏၊ "မင်းကြီး-ဤမြေသည် ရေမဟုတ်၊ ဖလ်မြေတည်း"ဟု မာဃသာမဏေဆို၏၊ မြတ်စွာဘုရား၏ ပရိသတ်တို့ကို မြင်၍ ရပ်၏၊ ရှက်လှစွာ၍ ကိုယ်မှချွေးတို့သည် ထွက်ကုန်၍ သွားပြန်လေသော် ရက်ကန်းသည်တို့ကို မြင်၍ **အာကာသစာရီမည်သော** နတ်သမီးသည် ဆို၏၊ "တောင်သူလယ်ထွန်မင်း၊ လာခဲ့လော့၊ ဝါချည်ပုဆိုးကို ပယ်၍ ဤငါတို့ ရွှေချည်ပုဆိုးကို ဝတ်လော့"ဟု ဆို၏၊ ဇမ္ဗုပတိမင်းသည် အမျက်ထွက်၍ "သင်တို့၏မင်းကို ငါအောင်၍ မင်းပြုရသော် သင့်အား ကြီးသောမင်း၏ဒဏ်ကို ပေးအံ့"ဆို၍ ရွှေစောင်းတန်းကို တက်လေသော် တံခါး၌ စောင့်နေသော **နေနတ်သား, လနတ်သား**တို့ကို မြင်၍ "ဤသူတို့သည် ရာဇာဓိရာဇာ ဖြစ်ချေပြီ"ဟု ထင်၍ အလွန်ကြောက်လန့်စွာဖြစ်၍ နောက်သို့ဆုတ်လိုသဖြင့် ရပ်၏၊ မာဃသာမဏေသည် ဆို၏၊ "ဤသူတို့သည် တံခါးစောင့်သာတည်း၊ ရာဇာဓိရာဇာ မဟုတ်သေး"ဟု ဆို၍ သွားပြန်ရသော် **ပဒေသရာဇ်မင်းငယ်တို့**ကဲ့သို့ တစ်သောင်းခြောက်ထောင်သော တပည့်တို့ကို မြင်၍ ပြင်းစွာ ကြောက်လန့်လျက် "ရာဇာဓိရာဇာပင် ဖြစ်ချေပြီ"ဟု ကြံ၍ နောက်သို့ ဆုတ်ယောင် ပြု၏။

"ဇမ္ဗုပတိမင်း၊ ဤသူတို့ ရာဇာဓိရာဇာ မဟုတ်သေး၊ သွားကုန်ဦး"ဟု မာဃသာမဏေ ဆို၏၊ ဇမ္ဗုပတိမင်းသည် ထိုတစ်သောင်းခြောက်ထောင်သော တပည့်တို့၏ အလယ်၌ မသွားဝံ့ဖြစ်၍ ကုန်းကွလျက်သွားသော် စကြဝတေးမင်းကဲ့သို့ **အရှင်ကပ္ပိနမထေရ်**ကို မြင်၍ "ဤသူသည်ကား ရာဇာဓိရာဇာပင် ဖြစ်ချေပြီ"ဟု ထင်လျက် ကြောက်လန့်စွာဖြစ်၍ ရပ်၏၊ "မင်းကြီး၊ ဤသူသည် ဥစ္စာစောင့်သာတည်း"ဟု မာဃသာမဏေ ဆို၍ ရှေ့သို့ ဝင်ပြန်ရသော် စကြဝတေးမင်းကြီးကဲ့သို့ **အရှင်ရာဟုလာ**ကို မြင်၍ "ဤသူသည် စင်စစ်

ရာဇာဓိရာဇာ ဖြစ်ချေပြီ”ဟု ကြောက်လှစွာ၍ နောက်သို့ ဆုတ်၏၊ “မင်းကြီး၊ ဤသူသည်လည်း ရာဇာဓိရာဇာ မဟုတ်သေး၊ ဘဏ္ဍာစိုးသာတည်း”ဟု ဘာမဏေဆို၍ ရှေ့သို့ တိုးပြန်ရသော် ပြဟ္မာမင်းကဲ့သို့ အရှင်အနုရုဒ္ဓါကို မြင်၍ “ဤသူသည် ရာဇာဓိရာဇာ ဖြစ်တော့သည်”ဟု အောက်မေ့၍ ပုဆစ်တုပ်မည် ပြု၏၊ “ရာဇာဓိရာဇာ မဟုတ်သေး၊ ဝင်ဦးလော့၊ ဤသူသည် နန်းတော်စောင့်သာတည်း”ဟု ဆို၍ ဝင်ပြန်ရသော် တစ်သိန်းသော ဗြဟ္မာတို့ကိုမြင်၍ “ဤသူတို့သည် ရာဇာဓိရာဇာဖြစ်ချေပြီ”ဟု မှတ်၏။

“မင်းကြီး၊ ဤသူတို့သည်လည်း ရာဇာဓိရာဇာမဟုတ်သေး၊ နတ်စစ်သည်တို့တည်း”ဟု ဆိုသဖြင့် ရှေ့သို့တိုး၍ ထိုနတ်စစ်သည်တို့၏ အလယ်၌ ကြက်သီးမွေးညှင်းထလျက်သွားရပြန်သော် တပါးသောသူတို့သည် ပုဆိုးကို ငင်ကုန်၏၊ တပါးသောသူတို့သည် ပခုံးကို ဆွဲလိုက်ကုန်၏၊ တပါးသောသူတို့ကလည်း “တိုင်းစောင့်မင်း၊ ငါတို့၏ အထက်၌ မသွားလင့်”ဆိုကုန်၏၊ ဇမ္ဗုပတိမင်းသည် ကြောက်လန့်စွာ ဖြစ်သဖြင့် ပုဆစ်တုပ်၍ သွား၏၊ ဂန္ဓဗ္ဗနတ်သမီးတို့သည် စည်, စောင်း, ငြင်းတို့ကို ရှေးထက်တိုး၍ တီးမှုတ်ကုန်၏၊ ဗြဟ္မာတို့သည် ထီးကို ဖွင့်၍ ကာကုန်၏၊ ထိပ်တော်၌ အပုံအစုဖြစ်၍ ထွန်းသော ကေတုမာလာတည်းဟူသော မှန်ကင်းပန်းဖြင့် တန်ဆာဆင်လျက် ၆-သွယ်သော ရောင်ခြည်တို့ဖြင့် တောက်ပလျက် တစ်သိန်းသော ပတ္တမြားအရောင်တို့ဖြင့် တောက်ပသော ရာဇပလ္လင်၌ နေတော်မူသော မြတ်စွာဘုရားကို ဇမ္ဗုပတိမင်းသည် မြင်၍ မိမိကိုယ်၏အဖြစ်ဖြင့် တည်ခြင်းငှာ မတတ်နိုင်သည်ဖြစ်၍ “ဤသူသည်ကား ရာဇာဓိရာဇာမင်းဖြစ်တော့သည်လော”ဟု မာဃသာမဏေကို မေး၏၊ “ဩော်-မင်းကြီး၊ ဤရတနာပလ္လင်ထက် နေတော်မူသော သူသည် ငါတို့အရှင် ရာဇာဓိရာဇာပင်တည်း”ဟု သာမဏေဆိုသော စကားကိုကြားလျှင် ကျားကို ကြောက်သော ခွေးကဲ့သို့ အလွန်ကြောက်လှသည်ဖြစ်၍ ထိုအရပ်၌ ဝပ်၏၊ ၁၀၁-ယောက်သော မင်းတို့သည်ငှင်း တစ်သိန်းသော အမတ်တို့သည်ငှင်း အပ၌ နေရကုန်၏။

### ဇမ္ဗုပတိမင်း ဘုရားနှင့် တန်ခိုးပြိုင်ခြင်း

လွန်မြတ်သော ကရုဏာတော်ရှိသော မြတ်စွာဘုရားသည် ကြောက်လှစွာသော မင်းကို သနားတော်မူသဖြင့် ဗြဟ္မာမင်း၏အသံနှင့်တူသော အသံတော်ဖြင့် “ဇမ္ဗုပတိမင်း၊ သင်သည် ငါ၏အထံသို့ လာလော့”ဟု ခေါ်တော်မူ၏၊ အကယ်၍ မြတ်စွာဘုရားသည် ရှေးဦးစွာ ခေါ်တော်မမူပါအံ့၊ ဇမ္ဗုပတိမင်းသည် ခြောက်ထပ်သော နှလုံးရှိသဖြင့် ထိုနေရာ၌ပင် ပျက်စီးခြင်းသို့ ရောက်ရာ၏၊ ဇမ္ဗုပတိမင်းသည် ပုဆစ်ဖြင့် တွား၍သွား၍ မြတ်စွာဘုရား

အထံသို့ရောက်၍ သက်သာရာကိုရသဖြင့် မြတ်စွာဘုရားကို ရှိမခိုးမူ၍နေ၏၊ မြတ်စွာဘုရား အသံတော်ကို ကြား၍ရင်း အဆင်းတော်ကို မြင်၍ရင်း "ဤမင်းတကာတို့ထက် မြတ်သော မင်းသည် အသံလည်း သာယာလှပေ၏၊ အဆင်းလည်း တင့်တယ်၏၊ အခြံအရံလည်း များပေ၏၊ ငါ့ထက်အထူးသဖြင့် မြတ်သည်ဖြစ်လတ္တံ့၊ တန်ခိုးသော်ကား ငါ့ထက်မကြီးလတ္တံ့" ဤသို့ ထိုမင်းသည် ကြံ၏၊

ထိုအကြံကို သိ၍ မြတ်စွာဘုရားသည် "မင်းကြီး၊ ငါသည် အသံလည်း သာယာ၏၊ အဆင်းလည်း သူတကာတို့ထက် တင့်တယ်၏၊ အခြံအရံလည်း များ၏၊ တန်ခိုးလည်း သင့်ထက်ကြီးမြတ်၏၊ အဘယ့်ကြောင့် သင်သည် ဤသို့ ကြံသနည်း"ဟု မိန့်တော်မူ၏၊ ဇမ္ဗုပတိမင်းသည် ထိုစကားကို ကြား၍ "ဤရာဇာဓိရာဇာသည် အကြံကိုပင် သိဘိ၏တကား" ဟု ကြံ၏၊ မြတ်စွာဘုရားသည် ထိုအကြံကို သိတော်မူပြန်၍ "မင်းကြီး၊ ဤရာဇာဓိရာဇာသည် သူတပါး၏ စိတ်ကို သိယောင်တကားဟု အဘယ့်ကြောင့် ဆိုသနည်း၊ ငါသည် ယခုအခါ၌ မင်းကြီး၏ အကြံကိုထား၍ ရှေးဦးစွာ လာစက သင်၏အကြံကိုပင် သိ၏၊ အဘယ်သို့ သင်ကြံသနည်း-ဟူတုံအံ့၊ 'ငါသည် ကောင်းကင်ခရီးဖြင့် သွားရသော်ကောင်းအံ့လော၊ မြေ၌ ခြေဖြင့် သွားရသော် ကောင်းအံ့လော'ဟု ကြံပြီး၍ 'ကောင်းကင်ဖြင့်သွားသော် ငါ၏တန်ခိုး သည် မထင်ပေါ်လတ္တံ့၊ မြေ၌သွားသော် ငါ၏တန်ခိုးသည် များစွာထင်ပေါ်လတ္တံ့'ဟူ၍ ကြံ၏၊ ရာဇာဓိရာဇာသည် 'ငါ၏ဂုဏ်ကို မြင်သောအခါ၌ ငါ၏အောင်ခြင်းသည် ဖြစ်လတ္တံ့၊ ထိုအခါ နေနတ်သား, လနတ်သားတို့ကို ငါစစ်ထိုးအံ့၊ အကယ်၍တည်း ရာဇာဓိရာဇာမှ ငါသည် ရှုံးအံ့၊ ၁၀၁-ယောက်သောမင်းတို့ကို ရာဇာဓိရာဇာအား ငါပေးအံ့'ဟု ကြံ၍ လာသည်မဟုတ်လော"ဟု ဘုရားမိန့်ပြီး၍ "မင်းကြီး၊ အောင်အပ်သောကျေးဇူးသည် သင့်အားရှိမူ ထိုကျေးဇူးကို ငါ့အားပြလော့"ဟု မြတ်စွာဘုရား မိန့်တော်မူလေသော် "ကောင်းပြီ အရှင်မင်းကြီး၊ ငါ၏ ဂုဏ်ကိုပြ၍ အရှင်မင်းကြီး ရှုံးသော် အဘယ်ပြုလတ္တံ့ နည်း"ဟု ဆို၏။

"ဇမ္ဗုပတိမင်း၊ သင်၏အောင်ခြင်းသည် အကယ်၍ ဖြစ်လတ္တံ့၊ သင့်ကို ငါရှိခိုး အံ့၊ ငါ၏အောင်ခြင်းဖြစ်မူကား ငါ့အား သင်ရှိခိုးပါအံ့လော"ဟု မြတ်စွာဘုရား မိန့်တော် မူသော် "ကောင်းပြီ အရှင်မင်းမြတ်"ဟု ဆို၍ ဇမ္ဗုပတိမင်းသည်ထ၍ အဆိပ်တပ်သော မြားကိုယူ၍ လေသာနန်းတံခါးကို ပစ်၏၊ ထိုမြား ပြေးလေသောအခါ၌ မြတ်စွာဘုရားသည် ဖန်ဆင်း၍လွှတ်သော ဝဇိရစိန်စက်ကို တွေ့လေသဖြင့် မြားသည်ကြောက်လန့်သည်ဖြစ် ၍ နစ်ပြန်လေ၏၊ ထိုစက်သည် ပြေးလာ၍ ထိုမြားကို လောင်လေ၏၊ ထိုမင်းသည် ထိုသို့ လောင်သည်ကို မြင်၍ လက်ျာ, လက်မောင်း ပြတ်သကဲ့သို့ဖြစ်၍ မိမိပရိသတ်၏ရင်း

မြတ်စွာဘုရားပရိသတ်၏ရင်း အလယ်၌ အလွန်ရှက်လှစွာ၍ တစ်ကိုယ်လုံးမှ ချွေးတို့သည် ယိုကုန်၍ နှလုံးမသာ ပြင်းစွာဖြစ်၍ နေ၏၊ မြတ်စွာဘုရားသည် "မင်းကြီး၊ မကြောက်လင့်၊ ငါ၏ မြားကိုယူလော့"ဟု မိန့်တော်မူ၏၊ လက်ချောင်းပမာဏရှိသော မြားကို ဖန်ဆင်း၍ ပေးတော်မူ၏၊ ထိုမြားကို ဇမ္ဗုပတိယူသောအခါ၌ မြင့်မိုရ်တောင်ကို ချီရသကဲ့သို့ဖြစ်၍ ယူခြင်းငှာ မတတ်နိုင်သဖြင့် တည်၏။

မြတ်စွာဘုရားသည် "ဇမ္ဗုပတိမင်း၊ သင့်အား တပါးသော တန်ခိုးရှိမူ ငါ့အား ပြဦးလော့"ဟု မိန့်တော်မူ၏၊ ထိုအခါ မာန်ခက်ထန်သော သဘောရှိသော ထိုမင်းသည် "ကောင်းပြီ အရှင်မင်းကြီး"ဟု ပတ္တမြားဘိနပ်ကို စွပ်၍ လေသာနန်းတံခါးသို့ ပျံတက်၏၊ မြတ်စွာဘုရားသည် တစ်ခုသောစက်ကို စကြဝဠာကိုလောင်သော မီးပုံကြီးကဲ့သို့ ဖန်ဆင်း၍ အလျှံထွက်စေ၏၊ ဇမ္ဗုပတိမင်းသည် ကြောက်လန့်ခြင်းပြင်းစွာဖြစ်သဖြင့် ပြန်လည်၍ မြတ်စွာဘုရားထံ၌ ဝပ်လျက်နေ၏၊ မြတ်စွာဘုရားသည် တစ်ခုသောဝဇိရစိန်မြားကို ထစေ၏၊ ထိုမြားစက်သည် စကြဝဠာအဆုံးတိုင်အောင် ပြေး၍ ပြန်လည်၍ ဇမ္ဗုပတိမင်း၏ ပတ္တမြားဘိနပ်သို့ ရှေးရှုသက်၍ ပတ္တမြားဘိနပ်ကို ဖွဲပြာဖြစ်စေ၏၊ ထိုအခါ ဇမ္ဗုပတိမင်းသည် ကျီး၏အလယ်၌ ခင်ပုပ်ငှက်ငယ်ကဲ့သို့, ချိုးပြီးသော အစွယ်ရှိသော မြွေကဲ့သို့ဖြစ်၍ အလွန် ညှိုးငယ်သည်ဖြစ်၍ ကြံစရာအပေါက် မမြင်သည်ဖြစ်၍နေ၏၊ ဇမ္ဗုပတိမင်းသည် ရှုံးပြီးလျက် မြတ်စွာဘုရားကို ရှိမခိုးနေ၏။

## ဇမ္ဗုပတိမင်းကို ငရဲဖြင့်ခြောက်ခြင်း

မြတ်စွာဘုရား မိန့်တော်မူ၏၊ "မင်းကြီး၊ ရှေးဦးစွာ စစ်မထိုးမီကာလ၌ ရှုံးသောသူသည် အောင်သောသူကို ရှိခိုးစတမ်းဟူ၍ ကတိကဝတ်ပြုကြသည်၊ ယခု ငါသည် အောင်ပြီ၊ ရှေးကပြုသော ကတိကဝတ်အတိုင်း သင်သည် ငါ့ကိုရှိခိုးလော့"ဟု ဆို၏၊ "အရှင်မင်းကြီး၊ သင်မင်းကြီးတို့အရပ်၌ သင်မင်းကြီးသည် အားကြီး၏၊ အကျွန်ုပ်၏အရပ်၌ အကျွန်ုပ်သည် အားကြီး၏"ဟု ဇမ္ဗုပတိမင်းက ဆိုပြန်၏၊ "ဇမ္ဗုပတိမင်း၊ သင်၏အရပ်၌ သင်သည် အားကြီးသော် ရှေးဦးက ငါ၏တမန်တော်သည် သင်၏တိုင်းသို့ ရောက်လေ၏၊ ငါ၏တမန် သည် သင့်ကို အောင်လေ၏၊ ငါ၏တမန်စက်သည် သင်၏ခြေကို နှောင်ဖွဲ့၏၊ သင်သည် ရှုံး၏၊ ဤပြည်ကြီး၌လည်း ယခု ရှုံးပြန်၏၊ ဤသို့ မြတ်စွာဘုရားမိန့်တော်မူသော် ဇမ္ဗုပတိဆို ၏၊ "အရှင်ရာဇာဓိရာဇာ၊ ဧကရာဇ်မင်းမည်သည် အသက်ကိုစွန့်သော် စွန့်မည်သာ၊ တပါးသောမင်းကို ရှိမခိုး"ဟူ၍ ဆို၏။

မြတ်စွာဘုရားက "မင်းကြီး၊ သူတော်ကောင်းမည်သည်ကား အသက်ကိုပင် သော်လည်း စွန့်၍ သစ္စာစကားကိုသာ စောင့်၏၊ မင်းမည်သည်ကား စူးစမ်းဆင်ခြင်၍ပြုရာ ၏၊ အကြင်မင်းသည် မစူးစမ်းမဆင်ခြင်ဘဲ သူတော်ကောင်း ၁-ယောက်၏အထံ၌ **သစ္စာ မစောင့်** ဖောက်ပြန်၏၊ ထိုမင်းသည် ငရဲသို့ လားရာ၏၊ အကြင်မင်းသည် သစ္စာကိုစောင့် ၏၊ ထိုမင်းသည် နတ်ပြည်သို့ လားရာ၏၊ အကြင်မင်းသည် သိလျက် ပျက်စကားဆို၏၊ ထိုမင်းသည် အလျှင်းပင် ငရဲသို့ လားရလတ္တံ့"ဟု ဘုရားမိန့်၏၊ ထိုစကားကိုကြားသော် ဇမ္ဗုပတိမင်း ရယ်၏၊ ရယ်ပြီး၍ "ရာဇာဓိရာဇာ၊ ငရဲသည် အတီမှာရှိအံ့နည်း၊ အကြင်သူသည် အလျှုကောင်းမှုကို ပြု၏၊ မကောင်းမှုကိုလည်း ပြု၏၊ ထိုသူသည် ဆိတ်၏၊ ဤသို့ ငါသိ၏၊ **ငရဲရှိ၏**ဟူသည်ကို ငါမယုံ" ဤသို့ ဇမ္ဗုပတိဆို၏၊ မြတ်စွာဘုရားက "ဇမ္ဗုပတိ၊ အကြင် သူသည် ရတနာ ၃-ပါးအထံ၌ သိလျက် ပျက်စကားကို ဆို၏၊ ထိုသူကို ပျက်သောကိုယ်၏ အဖြစ်၌ပင် ငရဲစသည်လား၍ နှိပ်စက်လတ္တံ့"ဟူ၍ မိန့်တော်မူ၏။

ထိုစကားကို ဇမ္ဗုပတိကြား၍ ပြင်းစွာရယ်၍ "အရှင်မင်းကြီး၊ ငရဲလား၍ ငါ့ကို အကယ်နှိပ်စက်ကုန်အံ့၊ ငါယုံ၏၊ ငါသည် မုသားဆို၏၊ ငရဲလား၍ ငါ့ကိုမနှိပ်စက်မူကား သင်မင်းကြီးသည် မဟာမုသာဝါဒကြီး ဖြစ်လတ္တံ့"ဟု ဇမ္ဗုပတိဆို၏၊ မြတ်စွာဘုရားသည် "ဇမ္ဗုပတိ၊ သင်၏စကားသည်ဖြစ်စေတော့"ဟု မိန့်တော်မူ၍ တေဇောကသိုဏ်းကို ဝင်စား၍ တန်ခိုးဖြင့်ငရဲမီးကို ကျစေ၏၊ မြေအပြင်မှ မီးသည်ဖြစ်လတ်၍ ရှေးဦးစွာ ခပ်သိမ်းသော သူတို့ကိုလွန်၍ ဇမ္ဗုပတိကိုရည်၍ အခိုးသည် ထလတ်၏၊ ထိုမင်းသည် "ငါသည် အသို့ဖြစ် လတ္တံ့နည်း"ဟု အောက်သို့ကြည့်သော် ငရဲမီးခိုးကို မြင်၍ ငါ့အားမကောင်းသော အပြစ်သည် ဖြစ်၏၊ ငါ့အားသာ ငရဲမီးသည် တက်လတ်သည်လော"ဟု ကြံ၍ နှာခေါင်းဖြင့် ထွက်သက်, ဝင်သက်မဆံ့သည်ဖြစ်၍ ငါ့အားအခိုးသည် ဖြစ်၏၊ သူတပါးတို့အား ဖြစ်ပါလေသလော"ဟု ကြည့်သော် အလျှံတောက်သော ငရဲမီးကိုမြင်၍ ကြောက်လန့်ခြင်းပြင်းစွာဖြင့် "အရှင်မင်းကြီး၊ မီးသည် လောင်၏၊ မျက်နှာကို လောင်၏"ဟု မြည်တမ်း၏။

မြတ်စွာဘုရားသည် အလုံးစုံသော အခြံအရံနှင့်တကွ ကွယ်တော်မူခဲ့၏၊ ငရဲမီးသည် တောက်လတ်သော် အလုံးစုံသော နန်းတော်ကိုလောင်သကဲ့သို့ထင်၏၊ ဇမ္ဗုပတိမင်းသည် ၎င်း ထိုမင်း၏အခြွေအရံတို့သည်၎င်း ပြင်းစွာ မြည်တမ်းကုန်၏။ "မင်းတကာတို့ထက် မြတ်တော်မူသော အရှင်မင်းမြတ်၊ အရှင်မင်းမြတ်၏ကျေးဇူးတော်ကို မြတ်သော ဦးခေါင်း၌ထား၍ အကျွန်ုပ်တို့သည် ရှိခိုးပါကုန်အံ့၊ မီးကို မလောင်ပါစေနှင့်"ဟု ဟစ်ကုန်၏၊ မြတ်စွာဘုရားသည် အခြံအရံနှင့်တကွ ကိုယ်တော်ကိုပြ၍ မီးကို ငြိမ်းစေ၏၊ ဇမ္ဗုပတိမင်း သည် သက်သာရာကို ရပြန်၍ "ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော အရှင်မင်းကြီး၊ အလုံးစုံသော ဇမ္ဗုဒီပါကျွန်း၌ အကျွန်ုပ်သာလျှင် မြတ်လှတော့သည် မှတ်မိချေ၏၊ ယခုအခါ

မင်းတကာတို့ထက်မြတ်သော အရှင်မင်းကြီးသည် အကျွန်ုပ်တို့ထက် မြတ်လှပေ၏။ အကျွန်ုပ်သည် အရှင်ရာဇာဓိရာဇာကို ရှိခိုးပါ၏"ဟု ဇမ္ဗုပတိမင်းသည် ဦးခေါင်း၌တင်သော လက်အုပ်ဖြင့် မြတ်စွာဘုရားသို့ ညွတ်၍ ၅-ပါးသောထိခြင်းဖြင့် ရှိခိုး၏၊ ဇမ္ဗုပတိမင်း ရှိခိုးသောအခါ အလုံးစုံသော ထိုမင်း၏အခြံအရံတို့သည် ရှိခိုးကုန်၏။

မြတ်စွာဘုရားသည် ဇမ္ဗုပတိမင်းအား ခရီးမှားသောသူသည် ခရီးကို တွေ့သကဲ့သို့ သင်မင်းကြီးသည် မဂ်ဖိုလ်ရခြင်း၏ အကြောင်းကို တွေ့အပ်သည် ဖြစ်၏၊ ဤသို့ အစရှိသည်ဖြင့် တရားများစွာဟောတော်မူသော်လည်း ဇမ္ဗုပတိသည် နှစ်သက်ခြင်း မရှိလိုသည်ဖြစ်၍ "မင်းကြီး၊ သင်၏မြို့သည် အဘယ်မျှလောက် ယူဇနာရှိသနည်း"ဟု မေးတော်မူ၏၊ "ယူဇနာ ၆၀-ရှိ၏ အရှင်မင်းကြီး"ဟု လျှောက်သော် "မင်းဆက်အတီမျှ ရှိသနည်း"ဟူ၍ မေးပြန်၏၊ "ဆယ်ကုဋေရှိပြီ"ဟု လျှောက်သဖြင့် ထိုအလုံးစုံသောသူတို့သည် ရှိကုန်သေးသလော"ဟု မေးပြန်၏၊ "မရှိ"ဟူ၍ လျှောက်သော် "အတီမှာ ရှိလေသနည်း"ဟု မေးတော်မူ၍ "သေလေကုန်ပြီ"ဟု လျှောက်သော် "သင်သည်ရအပ်သော ထိုမင်းတို့၏ မင်းမြောက်တန်ဆာ ၅-ပါးတို့သည် ရှိကုန်သေး၏လော"ဟု မေးတော်မူ၍ "ရှိသေး၏"ဟု လျှောက်သော် "မင်းကြီး၊ ထိုကဲ့သို့ရှင်း သင်၏သေသောအခါတိုင်အောင် သင်၏ အထံ၌ ထိုမင်းမြောက်တန်ဆာ ၅-ပါးသည် တည်၏၊ သင်သေသောအခါ၌ ထိုမင်းမြောက်တန်ဆာတို့ကို စွန့်၍ ၁-ယောက် အထီးတည်း သွားရလတ္တံ့၊ မင်းကြီး၊ ခပ်သိမ်းကုန်သော မင်းတို့သည် သေသောအခါ၌ ချစ်စွာသော သား, မယား, ဉစ္စာ, ဆင်, မြင်းတို့ကို ယူ၍ သွားသောသူ မည်သည်ရှိသလော"ဟု မေးတော်မူ၏။

"အရှင်မင်းကြီး၊ ယူဆောင်၍ သွားသောသူမည်သည် မရှိ၊ ၁-ယောက် အထီး တည်းသာ သွားကြလေ၏"ဟု လျှောက်သော် "မင်းကြီး၊ သင်သည် သေရအံ့သော အဖြစ်ကိုမသိ၊ နားထောင်လော့"ဟု မိန့်တော်မူ၍ "မစ္စုနာ သက်ရော နတ္ထိ" အစရှိသော တရားကို ဟောတော်မူ၏၊ ဟောတော်မူသောအဆုံး၌ "မင်းတကာတို့ထက်မြတ်သော မင်းကြီး၊ အရှင်မင်းကြီးသည် ခပ်သိမ်းသော သူတို့၏သေခြင်းကို သိ၏၊ အရှင်မင်းကြီး သည်ကား သေခြင်းသို့ မရောက်လတ္တံ့လော"ဟု ဇမ္ဗုပတိ မေးပြန်၏၊ "မင်းကြီး၊ ခပ်သိမ်း သောသူတို့သည် သေကုန်သကဲ့သို့ ငါသည်လည်း သေရလတ္တံ့"ဟု ဘုရားမိန့်တော်မူသော် "အရှင်မင်းကြီး၊ အရှင်မင်းကြီးစကားတော်သည် မှန်သည်ဖြစ်စေ၊ သေကုန်သောသူတို့ သည် အဘယ်၌ဖြစ်လေကုန်သနည်း၊ မင်းသေသော် မင်းပင် ဖြစ်ပြန်သလော၊ ပုဏ္ဏားသေ သော် ပုဏ္ဏားပင် ဖြစ်ပြန်သလော၊ သူဆင်းရဲသေသော် သူဆင်းရဲပင်ဖြစ်ပြန်သလော၊ အရှင် ရာဇာဓိရာဇာသည် သိတော်မူ၏လော"ဟု လျှောက်ပြန်၏၊ "မင်းကြီး၊ ငါသိ၏"ဟု

မိန့်တော်မူသော် "ဘုန်းတော်ကြီးမြတ်သော အရှင်ရာဇာဓိရာဇာ၊ ခပ်သိမ်းသော အကျွန်ုပ်၏ **အဆွေအမျိုး**တို့သည် အဘယ်၌ ဖြစ်လေကုန်သနည်း"ဟု မေး၏၊ "ဇမ္ဗုပတိမင်း၊ တရားစောင့်ကုန်သော သင်၏ဆွေမျိုးတို့သည် နတ်ပြည်၌ ဖြစ်လေကုန်၏၊ တရားမစောင့်ကုန်သော သင်၏ဆွေမျိုးတို့သည် ငရဲသို့လားလေကုန်၏"ဟု မိန့်တော်မူ၏။

"အရှင်မင်းကြီး၊ ထိုငရဲကို အကျွန်ုပ်မြင်ရမှ ယုံနိုင်ပါအံ့"ဟု ဇမ္ဗုပတိလျှောက်သော် "မင်းကြီး၊ ငရဲ၌ခံရသော သင့်အဆွေအမျိုးတို့ကို မြင်သောအခါ၌ သင်သည် ကြောက်လတ္တံ့" ဟု မြတ်စွာဘုရား မိန့်တော်မူ၏၊ ဇမ္ဗုပတိမင်းက "အကျွန်ုပ်မကြောက်ဖူး အရှင်မင်းကြီး" ဟု လျှောက်၏၊ ထိုအခါမြတ်စွာဘုရားသည် ပုထဝီကသိုဏ်းလျှင် အာရုံရှိသော စတုတ္ထစျာန်ကို ဝင်စား၍ အဝီစိငရဲတိုင်အောင် မြေကိုခွဲ၍ တေဇောကသိုဏ်းကို ဝင်စား၍ **ငရဲမီးလျှံ**ကိုထွက်စေ၍ "ဇမ္ဗုပတိ၊ သင်သည် အဆွေအမျိုးတို့ကို ရှုလော့"ဟု မိန့်တော်မူ၏၊ "အရှင်ရာဇာဓိရာဇာ၊ မီးသည် အလွန်တောက်လှသောကြောင့် အဆွေအမျိုးတို့ကို မမြင်နိုင်ပါ"ဟု ဇမ္ဗုပတိလျှောက်သော် မြတ်စွာဘုရားသည် မီးတောက်ကို ငြိမ်းစေ၍ ဇမ္ဗုပတိမင်းအား ကြည့်စေ၍ "မင်းကြီး၊ ဤသူသည် သင်၏အဖိုးတည်း၊ ဤသူသည် အဖွားတည်း၊ ဤသူသည် အဖတည်း၊ ဤသူသည် အမိတည်း၊ ဤသူတို့သည် သင်၏အဆွေအမျိုးတို့တည်း"ဟု မြတ်စွာဘုရား ပြတော်မူ၏။

ထိုငရဲခံရသော သူတို့သည် ၉-ယူဇနာ၊ ၈-ယူဇနာသော အရပ်တို့၌ အိပ်ရကုန်၏၊ ခြေဖျားကသည် ဦးခေါင်းတိုင်အောင် အလျှံတောက်ကုန်၏၊ ထိုအခါ **ငရဲထိန်း**သည် ပြေးလာကုန်၍ လှံဖြင့် ထိုးကုန်၏၊ သန်လျက်ဖြင့် ဦးခေါင်းကို ဖြတ်ကုန်၏၊ တစည်းတို့ဖြင့် ရွေကုန်၏၊ ပြင်းစွာ ငိုမြည်တမ်းကုန်၏၊ ထိုငိုမြည်တမ်းသံကို ကြားကုန်၏၊ "မင်းကြီး၊ အဆွေအမျိုးတို့ကို မမြင်သေးသော် ယခုရှုပါလော့၊ သင်မင်းကြီးသည် မကြောက်လော"ဟု မြတ်စွာဘုရား မိန့်တော်မူ၏၊ "အရှင်မင်းကြီး၊ ကြောက်ပါ၏"ဟု ဇမ္ဗုပတိမင်း လျှောက်သောအခါ မြတ်စွာဘုရားသည် ငရဲကို ကွယ်စေ၏။

## ဇမ္ဗုပတိမင်းကို နတ်ပြည်ဖြင့် မြှောက်ခြင်း

ဇမ္ဗုပတိမင်း လျှောက်၏၊ "အရှင်မင်းကြီး၊ အဘယ်အမှုကို ပြု၍ သတ္တဝါတို့သည် ငရဲသို့ လားရကုန်သနည်း"ဟု လျှောက်၏၊ "မင်းကြီး၊ လောက၌ အကြင်သူတို့သည် မကောင်းမှုကို ပြုကုန်၏၊ ထိုသူတို့သည် ငရဲသို့လားကုန်၏၊ မင်းကြီး၊ အကြင်သူတို့သည် အဂတိ ၄-ပါးသို့ လိုက်ကုန်၍ အသက်သတ်ခြင်း အစရှိသည်ကို ပြုကုန်၏၊ အမိ၊ အဖတို့၌

ဖြစ်များကုန်၏၊ တရားမဟုတ်သည်ကို ယူကုန်၏၊ ထိုသူတို့သည် မချွတ်လျှင် ငရဲသို့လားရကုန်၏"ဟု မိန့်တော်မူသောကာလ "အရှင်ရာဇာဓိရာဇာ၊ ဤအကြောင်းကို အကျွန်ုပ်သိရပြီ၊ အချို့ကုန်သော အကျွန်ုပ်၏အဆွေအမျိုးတို့သည် နတ်ရွာသို့ လားရကုန်၏"ဟု အရှင်မင်းကြီး မိန့်တော်မူ၏၊ ထိုအဆွေအမျိုးတို့ကို ပြတော်မူပါလော့၊ အကျွန်ုပ်သည် မြင်ပါရချင်၏"ဟု လျှောက်သော် "မင်းကြီး၊ ရှုလော့"ဟု မြတ်စွာဘုရား မိန့်တော်မူ၍ စတုမဟာရာဇ် အစရှိသော ကာမာဝစရနတ်ပြည် ၆-ထပ်၌ ဖြစ်ကုန်သော ရွှေဗိမာန်, ငွေဗိမာန်, ပတ္တမြားဗိမာန်တို့၌ နေကုန်သော ထိုမင်း၏ အဆွေအမျိုးဖြစ်သော နတ်တို့ကို ပြတော်မူ၏။

တစ်ယောက်သောနတ်သားသည် နတ်သမီး ၁,၀၀၀- အခြံအရံရှိ၏၊ တစ်ယောက်သော နတ်သားသည် တစ်သိန်းသောနတ်သမီး အခြံအရံ ရှိ၏၊ ဤသို့ အစရှိသည်ဖြင့် ပြတော်မူ၏၊ ဇမ္ဗုပတိမင်းသည် ထိုနတ်သား, နတ်သမီးတို့၏ ဗိမာန်ကို မြင်၍ ထိုဗိမာန်တို့၌ တပ်ခြင်း, ချစ်နှစ်လိုခြင်း ရှိသည်ဖြစ်၍ မြတ်စွာဘုရားကို လျှောက်၏၊ "ဘုန်းတော် အလွန်တရာကြီးမြတ်တော်မူသော အရှင်ရာဇာဓိရာဇာ၊ ထိုနတ်သား, နတ်သမီးတို့သည် အဘယ်ကောင်းမှုကို ပြုသောကြောင့် ဤဗိမာန်တို့ကို ရလေကုန်သနည်း"ဟု လျှောက်၏၊ "မင်းကြီး၊ တစ်ပါးသော နတ်သည် ဤလောက၌ ဘုရားဖြစ်သောအခါ ကျောင်းဆောက်၍ လှူ၏၊ တစ်ပါးသော နတ်သည် မီးပုံဆေးလှူ၏၊ တစ်ပါးသောနတ်သည် ရွှေဗိတာန်ကိုပြု၍ လှူ၏၊ တစ်ပါးသောနတ်သည် မြတ်စွာဘုရားဆင်တုတော်ကို ဆည်းကပ်ကိုးကွယ်၏။ တစ်ပါးသောနတ်သည် ပုထိုးစေတီကို ဆည်းကပ်၏၊ တစ်ပါးသောနတ်သည် တရားနာ၏၊ တရားကို လှူဒါန်းပူဇော်၏၊ ရေလှူ၏။ ပစ္စည်း ၄-ပါးလှူ၏၊ ဇရပ် လှူ၏၊ တံတား လှူ၏၊ စရုံးအိမ် လှူ၏၊ ရွှေပန်း လှူ၏၊ ဆီမီး လှူ၏၊ ပံသုကူသင်္ကန်း လှူ၏၊ ကထိန်သင်္ကန်း လှူ၏၊ ညောင်စောင်းအင်းပျဉ် လှူ၏၊ ဤသို့သောကောင်းမှုကို ပြုသောကြောင့် ထိုထိုသို့သော သင်၏အဆွေအမျိုးနတ်တို့သည် ထိုထိုသို့သော ဗိမာန်ကို ရကုန်၏"ဟု မိန့်တော်မူ၏။

ထိုစကားကို ဇမ္ဗုပတိမင်းကြား၍ "မဟာရာဇာဓိရာဇာ၊ အလုံးစုံသော ဇမ္ဗူဒီပါကျွန်း၌ အကျွန်ုပ်သည် မြတ်၏၊ အကျွန်ုပ်ထက်လည်း အရှင်မင်းကြီး မြတ်တော်မူ၏၊ အရှင်မင်းကြီးထက်လည်း ဤအကျွန်ုပ်၏ အဆွေနတ်တို့သည် မြတ်လေကုန်သေး၏၊ အကျွန်ုပ်သည် နတ်၏အဖြစ်ကို အဘယ်ကဲ့သို့ပြု၍ ရပါအံ့နည်း"ဟု ဇမ္ဗုပတိ လျှောက်၏၊ မြတ်စွာဘုရားသည် "မင်းကြီး၊ အလိုရှိသော် ရလတ္တံ့"ဟု မိန့်တော်မူ၍ "ဒါနံ သဂ္ဂသောပါနံ" အစရှိသော တရားကို ဟောတော်မူ၏၊ "ဇမ္ဗုပတိမင်းကြီး၊ အလှူပေးခြင်းသည် နတ်ပြည်စောင်းတန်း ဖြစ်၏၊ အလှူပေးခြင်းသည် နတ်ပြည်တံခါးကို ဖွင့်ပေး၏၊ အလှူကောင်းမှုသည် ခပ်သိမ်းသောအလိုကို ပေးတတ်၏၊ စကြဝတေးမင်း၏ ပတ္တမြားသဖွယ်

ဖြစ်၏၊ အလှူပေးခြင်းသည် ပဒေသာပင်သဖွယ် ဖြစ်၏၊ အလှူပေးသောကြောင့် နတ်ချမ်းသာကို ရ၏၊ နတ်၌ဖြစ်သော အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ အခြံအရံများခြင်းတို့ကို ရ၏၊ နတ်၌ဖြစ်သော သီခြင်း၊ ကခြင်းတို့ဖြင့် မွေ့လျော်ရ၏။

## ဇမ္ဗုပတိမင်းကို နိဗ္ဗာန်ညွှန်ပြတော်မူခြင်း

ဤနတ်၌ဖြစ်သော စည်းစိမ်ချမ်းသာတို့ကို နတ်တို့သည် ချစ်အပ်၏၊ နှစ်လိုအပ်၏၊ ဤအလုံးစုံသော စည်းစိမ်ချမ်းသာသည် အမြဲမရှိ၊ အနိစ္စသဘောသာတည်း၊ ဒုက္ခသဘောသာတည်း၊ အနတ္တသဘောသာတည်း၊ ပြုပြင်အပ်သော သဘောရှိ၏၊ အကြောင်းကိုစွဲ၍ ဖြစ်၏၊ တပ်ခြင်းမကင်းရာ သဘောရှိ၏၊ ဤစည်းစိမ်ချမ်းသာတည်းဟူသော ကာမဂုဏ်ကို မှီ၍ အဖသည် သားကို သတ်၏၊ သားသည် အဖကို သတ်၏၊ အမိသည် သမီးကို သတ်၏၊ သမီးသည် အမိကို သတ်၏၊ မောင်သည် နှမကို သတ်၏၊ နှမသည် မောင်ကို သတ်၏၊ အစ်ကိုသည် ညီကို သတ်၏၊ ညီသည် အစ်ကိုကို သတ်၏၊ ဤသို့ အစရှိသည်ဖြင့် သတ်ကုန်သောကြောင့်၊ ဇမ္ဗုပတိမင်း၊ ဤဝတ္ထုကာမ၊ ကိလေသာကာမဂုဏ်တို့ကို ပယ်အပ်သည်သာလျှင်တည်း၊ တပ်ခြင်းကင်းအပ်သည်သာလျှင်တည်း၊ မချစ်အပ်၊ မနှစ်လိုအပ်"ဟူ၍ မိန့်တော်မူသော် "အရှင်ရာဇာဓိရာဇာ၊ အဘယ်ကိုကား ချစ်အပ်သနည်း" ဟု ဇမ္ဗုပတိမင်းက မေးလျှောက်၏။

"ဇမ္ဗုပတိမင်းကြီး၊ နိဗ္ဗာန်ကို ချစ်အပ်၏၊ နိဗ္ဗာန်ကို နှစ်လိုအပ်၏၊ နိဗ္ဗာန်ကို သာယာအပ်၏၊ နိဗ္ဗာန်၌သာလျှင် မွေ့လျော်အပ်၏"ဟု မြတ်စွာဘုရားက မိန့်တော်မူသော် "အရှင်မင်းကြီး၊ နိဗ္ဗာန်သည် အဘယ်သို့ဖြစ်သနည်း"ဟု မေးလျှောက်ပြန်၏၊ "မင်းကြီး၊ နိဗ္ဗာန်သည်ကား စုတေခြင်း မရှိ၊ နိဗ္ဗာန်သည် မြဲသောသဘော ရှိ၏၊ နိဗ္ဗာန်သည် ကင်းသော ဥပမိ ရှိ၏၊ နိဗ္ဗာန်သည် မြတ်သောချမ်းသာခြင်း မည်၏၊ မင်းကြီး၊ ဆိတ်ငြိမ်ရာ ချမ်းသာနှင့်ယှဉ်သောသူအား ချမ်းသာ၏၊ ကြားအပ်၊ နာအပ်သော တရားရှိသော ကမ္မဋ္ဌာန်းဘာဝနာရှုသောသူအား ကြောင့်ကြမရှိသည်ဖြစ်၍ ချမ်းသာ၏၊ နိဗ္ဗာန်သည် ငြိမ်သက်၏၊ ထိုနိဗ္ဗာန်ကို သင်မင်းကြီးသည် ချစ်ခြင်း၊ နှစ်လိုခြင်းကို ပြုလော့၊ ထိုနိဗ္ဗာန်၌ မွေ့လျော်ခြင်းကို ပြုလော့၊ နိဗ္ဗာန်ကို နှစ်သက်လော့"ဟု မိန့်တော်မူသော် မြတ်စွာဘုရား၏စကားတော်ကို ဇမ္ဗုပတိမင်းကြား၍ ထိုမင်း၏နှလုံးသည် ငြိမ်း၏၊ စိတ်သည် တည်ကြည်၏၊ သဒ္ဓါစိတ်သည် ဖြစ်၏၊ "ဘုန်းတော်ကြီးမြတ်တော်မူသော အရှင်မင်းကြီး၊ အရှင်မင်းကြီး တရားတော်ကို မင်းမြောက်တန်ဆာ ၅-ပါးဖြင့် ပူဇော်ပါ၏"ဟု ပူဇော်၏၊ ထိုဇမ္ဗုပတိမင်းအတူ ၁၀၁-ယောက်သောမင်းတို့သည်လည်း များစွာ ပူဇော်ကုန်၏။

"ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော အရှင်ရာဇာဓိရာဇာ၊ ထိုနိဗ္ဗာန်ကို အကျွန်ုပ်သည် အသို့မူ၍ရပါအံ့နည်း"ဟု လျှောက်၏၊ "မင်းကြီး၊ ထိုနိဗ္ဗာန်ကို သင်မင်းကြီး သည်ရလတ္တံ့"ဟု မိန့်တော်မူ၍ "ဤမင်းကို ငါတို့၏ရဟန်းအသွင်အပြင်ကို သိစေ၍ ဤမင်း ကို ရဟန်းပြုစေအံ့"ဟု ကြံတော်မူ၍ အလုံးစုံဖန်ဆင်းအပ်သော မင်းနေပြည်ကြီး၏အခြင်း အရာကို ကွယ်စေ၍ ပကတိသော ဝေဠုဝန်ကျောင်းတော်ကို ဖြစ်စေ၍ မြတ်စွာဘုရားလည်း ပြဟ္မာမင်း၏ အရုပ်ကို ကွယ်စေ၍ ပကတိသော ဘုရားအရုပ်တော်ကို ဖြစ်စေ၏၊ ဇမ္ဗုပတိမင်းသည် ၃၂-ပါးသော လက္ခဏာတော်ကြီးတို့ဖြင့် တန်ဆာဆင်အပ်သော ၈၀-သော လက္ခဏာတော်ငယ်တို့ဖြင့် ပြိုးပြိုးပြက်ထွန်းပသော ကေတုမာလာ မည်သော မှန်ကင်းဖြင့် တင့်တယ်သော ဖန်ရည်စွန်းသော သင်္ကန်းကိုဝတ်လျက် တန်ဆောင်မုန်းလ အခါ လပြည့်ဝန်း၏ အသရေကဲ့သို့ တင့်တယ်သော မျက်နှာတော်ရှိသော မြတ်စွာဘုရား၏ အရုပ်တော်ကို ဇမ္ဗုပတိမင်းမြင်၍ "ဤယခုအခါ၌ပင် လူ၏အရုပ်သည် ပျောက်၏၊ ရဟန်း၏အရုပ်သည် ဖြစ်၏၊ "ဩော်-တန်ခိုးအာနုဘော် ကြီးစွတကား၊ ဩော်-အံ့ဖွယ် ရှိစွတကား"ဟု ထိုမင်းသည် ကြံ၍ မြတ်စွာဘုရားကို ကြည့်၏။

## ဇမ္ဗုပတိမင်းအား ဒုလ္လဘတရား ၄-ပါးဟောခြင်း

မြတ်စွာဘုရားသည် မိန့်တော်မူ၏၊ "ဇမ္ဗုပတိမင်းကြီး၊ အကြင်သူသည် အလုံးစုံ သော ဟိမဝန္တာတော၌ ရှိသောပန်းတို့ဖြင့် အသက်ရှိသော ကာလပတ်လုံး အထောင် မကသော ဘုရားအားပူဇော်ခြင်းကို ပြု၏၊ ထိုပူဇော်ခြင်း၏အကျိုးသည် တစ်ကြိမ်ရဟန်း ပြုရသော အကျိုးကို မတူရာ၊ ဤသို့ အစရှိသဖြင့် ရဟန်းပြုခြင်း၏အကျိုးကို ဟောတော် မူ၍ "မင်းကြီး၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းဟူ သံဃာရတနာဟု ဆိုအပ်သော လောကုတ္တရာ အဝတ်ဟု ဆိုအပ်သော ဖန်ရည်စွန်းသောအဝတ်ကို ဝတ်လှည့်လော့၊ လောကုတ္တရာခရီးကို သွားလှည့်လော့၊ သင်မင်းကြီးသည် သေခြင်းမရှိသော နိဗ္ဗာန်တည်း ဟူသော ပြည်ကြီး၌ နေလှည့်လော့"ဟု မိန့်တော်မူ၍ "မင်းကြီး၊ ရခဲခြင်းသည်ကား ၄-ပါး တည်း။

၁။ ဘုရားနှင့်တွေ့ကြုံ ရခဲ၏။

၂။ ရဟန်းအဖြစ်ကိုလည်း ရခဲ၏။

၃။ သဒ္ဓါတရားနှင့်ပြည့်စုံခြင်းကိုလည်း ရခဲ၏။

၄။ လူ့အဖြစ်ကိုလည်း ရခဲ၏။

မင်းကြီး၊ သင်သည် ရခဲခြင်း ၄-ပါးတွင် ငါဘုရားအား တွေ့ရပြီ၊ လာလှည့်လော့၊ ငါနှင့်အတူတကွသေခြင်းမရှိသော နိဗ္ဗာန်ပြည်ကြီးသို့ သွားလှည့်လော့”ဟူ၍ မိန့်တော်မူ၏၊ ဇမ္ဗုပတိမင်းသည် မြတ်စွာဘုရားစကားတော်ကို ကြား၍ မင်းတကာတို့၏ အရှင်ဖြစ်တော်မူသော မင်းမြတ်သည် ငါ၌ အလွန်ချစ်ခင်လေးမြတ်ပေ၏၊ ငါ့အား အကျိုးစီးပွားပြုပေ၏၊ ငါ့အား နတ်ရွာနိဗ္ဗာန်ခရီးကို ကြားပေ၏၊ ငါ၏ပြည်ကိုရင်း ငါ၏စည်းစိမ်ချမ်းသာကိုရင်း ငါ၏အသက်ကိုရင်း ခံတော်မူပါစေသတည်း”ဟု ကြံ၍ “ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော အရှင်ဘုရား၊ အရှင်ဘုရားအား အကျွန်ုပ်၏ကိုယ်ကိုရင်း အသက်ကိုရင်း ပဉ္စာလရာဇ်ပြည်ကိုရင်း ဆောင်နှင်းပါ၏၊ အကျွန်ုပ်သည် အရှင်ဘုရား၏ အထံတော်၌ ရဟန်းပြုပါအံ့၊ အကျွန်ုပ်ကို ရဟန်းပြုတော်မူပါလော့”ဟူ၍ လျှောက်၏။

## ဇမ္ဗုပတိမင်း ရဟန္တာဖြစ်ခြင်း

ထိုအခါ မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်ဖြင့် “ထိုမင်းအား ရဟန်းအဖြစ်၌ ဥပနိဿယသည် ရှိသလော၊ မရှိသလော”ဟု ဆင်ခြင်တော်မူသည်ရှိသော် ထိုမင်းသည် ကဿပမြတ်စွာဘုရားလက်ထက်၌ ကုန်သည်အမျိုး၌ဖြစ်၍ ကမ္ဗလာရောင်း အရပ်တပါးသို့ သွားရာ၌ ဆွမ်းခံတော်မူသော မြတ်စွာဘုရားကို တွေ့၍ မိမိကမ္ဗလာကို နေရာခင်းပြု၍ ကဿပမြတ်စွာဘုရားအား “တောင်းသောဆုသည် ပြည့်စုံလတ္တံ့”ဟု ကြံပြီးလျှင် ဆွမ်းလည်း လှူ၏၊ ပဲခွပ်လည်း တစ်စင်းလှူ၏၊ အပ်လည်း တစ်စင်းလှူ၏၊ ဤသို့ ကောင်းမှုပြု၍ “အရှင်ဘုရား၊ ဤကောင်းမှုကြောင့် အကျွန်ုပ်သည် ရဟန္တာအဖြစ်သို့ ရောက်သည်တိုင်အောင် ဖြစ်တိုင်းသော ဘဝတို့၌ ဆင်းရဲခြင်းမှ လွတ်ရပါလို၏”ဟု ဆုတောင်း၏၊ ကဿပမြတ်စွာဘုရားလည်း “ဒါယကာ၊ တောင်းသည့်ဆုနှင့် ပြည့်လတ္တံ့”ဟု ကြားတော်မူ၏၊ ထိုကုန်သည်သည် အိမ်သို့ပြန်သောအခါ မယားအား ကြား၏၊ မယားလည်း ဝမ်းမြောက်ဝမ်းသာ အနုမောဒနာပြု၍ “ဘဝဆက်တိုင်း အတူတကွ ဖြစ်ရပါလို၏၊ နိဗ္ဗာန်ကို သင်နှင့်အတူ ရပါလို၏”ဟု ဆုတောင်း၏။

ထိုညဥ့်လွန်သဖြင့် သိကြားမင်းသည် ဝိသုကြံနတ်သားကိုစေ၍ ထိုကုန်သည်၏ လယ်၌ အစောက် ၉-ယူဇနာရှိသော ဘုံ ၇-ဆင့်ရှိသော ရွှေဖြူကွန်ယက်တို့ဖြင့် တန်ဆာဆင်သော ပြာသာဒ် ၄-ဆောင် ဖန်ဆင်းလာ၏၊ ထိုကုန်သည်သည် ထိုပြာသာဒ်တို့၌ လူ့ချမ်းသာကို ခံစား၍ စုတေသော် နတ်ပြည်၌ဖြစ်၍ နတ်၏စည်းစိမ်ချမ်းသာကို ခံစား၍ ငါတို့ဘုရားဖြစ်သောအခါ ပဉ္စာလရာဇ်ပြည်၌ ဇမ္ဗုပတိမင်း ဖြစ်လေ၏၊ ကမ္ဗလာလှူဖူးသော

ကြောင့် ပတ္တမြားခြေနင်းရ၏၊ ဇမ္ဗူဒီပါတစ်ကျွန်းလုံးကို အစိုးရ၏၊ ပဲခွပ်လျှဖူးသောကြောင့် သန်လျက်ရ၏၊ အပ်လှူဖူးသောကြောင့် မြားစကြာရ၏၊ ဇေဟိဘိက္ခုရဟန္တာဖြစ်လတ္တံ့သည်ကို မြင်တော်မူ၍ "မင်းကြီး၊ လာလော့၊ တရားကို ငါသည် ကောင်းစွာဟောအပ်ပြီ၊ ဆင်းရဲ၏ အဆုံးကို ပြုခြင်းငှာ မြတ်သောအကျင့်ကို ကျင့်လော့"ဟု ဆဒ္ဒန်ဆင်မင်း၏ နှာမောင်းနှင့်တူသော လက်ျာလက်တော်ကို ဆန့်၍ ခေါ်တော်မူလျှင် ဇမ္ဗုပတိမင်းနှင့်တကွ ၁၀၁-ယောက်သောမင်းတို့သည်၎င်း တစ်သိန်းသော အမတ်တို့သည်၎င်း **ဧဟိဘိက္ခု** ရဟန်းချည်း ဖြစ်လေကုန်၏။

မြတ်စွာဘုရားသည် ထိုရဟန်းတို့အား အနိစ္စကမ္မဋ္ဌာန်းကို ပေးတော်မူ၏၊ ထိုအလုံးစုံသော ဧဟိဘိက္ခုရဟန်းတို့သည် **ရဟန္တာ**ချည်းဖြစ်လေကုန်၏၊ ဇမ္ဗုပတိမထေရ်သည် ကဥ္စနဒေဝီအားရင်း သား သိရိဂုတ္တအားရင်း သတင်းစကားမှာလိုက်၍ ထိုသတင်းစကားကို ကြားလျှင် ထိုကဥ္စနဒေဝီသည် အမတ်တို့၏မယားများနှင့်တကွ လာကုန်၍ မြတ်စွာဘုရားထံသို့ မာဃသာမဏေသည် ခရီးကို ချုပ်သဖြင့် နေ့ခြင်းလာ၍ရောက်လျှင် မိထွေးတော် ဂေါတမီရဟန္တာမ အထံ၌ ရဟန်းပြု၍ **ရဟန္တာမ**ချည်း ဖြစ်ကုန်၏။

✪✪✪✪✪✪✪✪✪✪✪

## ၁၇၃။ အရှင်ပိဏ္ဍောလထေရ် ပြာဋိဟာပြခြင်း

**၆-ဝါမြောက်** မကုဋ္ဌတောင်၌ ဝါဆိုတော်မူပြီး၍ ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသောအခါ "ယေ ဈာနပသုတာ" အစရှိသော တရားကိုဟောတော်မူ၏၊ ဟောတော်မူခြင်းအကြောင်းကား ဤသို့လျှင်တည်း၊

အခါတပါးသော် ရာဇဂြိုဟ်ပြည်၌ ရာဇဂြိုဟ်သူဌေးသည် ဘေးရန်မှ လွတ်စိမ့်သောငှာ၎င်း မေ့လျော့သော တန်ဆာတို့ကို စောင့်အံ့သောငှာ၎င်း ကွန်ဖြင့် စည်းရံ၍ ဂင်္ဂါမြစ်၌ ရေကစား၏၊ ထိုရေအခါ ဂင်္ဂါမြစ်ညာကမ်းနား၌ ရောက်သော စန္ဒကူးနံ့သာနီအပင်သည် မြစ်ရေတိုက်၍ အမြစ်ဖုဖွား မြစ်ရေ၌ မျောလေသော် ထိုထိုသို့သော ကျောက်တို့၌ ထိခိုက်ဖန်များသဖြင့် ဖရိုဖရဲ ကြဲကြဲသဖြင့် ရေအိုးလုံးပမာဏရှိသော တစ်ခုသောအမျက်မသည် ကျောက်တို့ဖြင့် ပွတ်ခိုက်မိသည်ဖြစ်၍ မြစ်ရေတံပိုးဖြင့် သုတ်သင်အပ်သည်ဖြစ်၍ ပြေပြစ်ချောမောစွာ မျောလာ၍ ထိုသူဌေး၏ကွန်၌ ငြိလေ၏။

"ထိုပိုက်၌ငြိသော ဝတ္ထုသည် အဘယ်နည်း"ဟု သူဌေးက မေး၏၊ "သစ်ဖုတည်း" ဟု ဆိုသောကြောင့် ထိုသစ်ဖုကို ဆောင်စေ၍ "ဤသစ်သားသည် အဘယ်သစ်သားနည်း" ဟု စိတ်အံ့သောငှာ ပဲခွပ်စွန်းဖြင့် ရွေစေသော် စိုစွတ်သောအဆင်းရှိသော စန္ဒကူးနံ့သာနီမှန်း သိ၍ သူဌေးသည် သမ္မာဒိဋ္ဌိ အယူရှိသည်လည်း မဟုတ်၊ မိစ္ဆာဒိဋ္ဌိ အယူရှိသည်လည်း မဟုတ်၊ အလတ်သော သဘောရှိ၏။

ထိုသူဌေးသည် ကြံ၏၊ "ငါ၏အိမ်၌ စန္ဒကူးနံ့သာသည် များ၏၊ ဤစန္ဒကူးဖြင့် အဘယ်သို့ပြုအံ့နည်း"ဟု ကြံပြီးသော် "ဤလောက၌ ငါတို့သည် ရဟန္တာဟု ဆိုသောသူများကုန်၏၊ ငါတို့သည် ရဟန္တာဟု မသိကုန်၊ ဤစန္ဒကူးနံ့သာတို့ကို ပွတ်သမားတို့ကို သပိတ်ခံစေ၍ ဆိုင်းဖြင့် အတောင် ၆၀-မျှသော ဝါး၌ဆွဲ၍ ကောင်းကင်၌ ရှိစေ၍ အကယ်၍ ရဟန္တာရှိအံ့၊ ကောင်းကင်ဖြင့်လာ၍ ဤသပိတ်ကို ယူစေကုန်သတည်း၊" ဟု ဆိုအံ့။ အကြင်သူသည် ထိုသပိတ်ကို ယူ၏၊ ထိုသူကို သား, မယားနှင့်တကွ ကိုးကွယ်အံ့"ဟု ကြံ၍ ထိုသူဌေးသည် မိမိကြံသောအတိုင်း သပိတ်ကို ပွတ်စေ၍ ဝါးအဆက်ဆက်ဖြင့် အတောင် ၆၀-မျှသောဝါး၌ ဆွဲ၍ ကောင်းကင်၌ထောင်၍ "ဤလောက၌ ရဟန္တာရှိအံ့၊ ကောင်းကင်ဖြင့်လာ၍ ဤသပိတ်ကို ယူစေ"ဟု ဆို၏။ ၆-ယောက်သော တိတ္ထိဆရာတို့သည် "ဤသပိတ်သည် ငါတို့အား လျောက် ပတ်၏၊ ငါတို့အား ပေးကုန်လော့"ဟု ဆို၏၊ "ကောင်းကင်ဖြင့်လာ၍ ယူကုန်လော့"ဟု သူဌေးက ဆို၏။

ထိုအခါ ၆-ရက်မြောက်သောနေ့၌ နာဋပုတ္တနိဂဏ္ဌသည် တပည့်တို့ကို "သင်တို့ သူဌေး အိမ်သို့သွား၍ 'ဤသပိတ်သည် ငါတို့ဆရာအား လျောက်ပတ်၏၊ အနည်းငယ်မျှ သောအကြောင်းကြောင့် ကောင်းကင်ဖြင့် သွားခြင်းကို ပြုသဖြင့် ဒါယကာ၊ အဘယ် ပြုအံ့နည်း၊ ငါတို့ဆရာအား ဤသပိတ်ကို လှူလော့'ဟု ဆိုချေကုန်"ဟူ၍ စေ၏၊ ထိုတပည့် တို့သည် သွား၍ ဆရာသင်တိုင်း သူဌေးကို ဆိုကုန်၏၊ "ကောင်းကင်ဖြင့် လာ၍ ယူနိုင်သော သူသည် ယူလော့"ဟု သူဌေးက ဆို၏၊ နာဋပုတ္တနိဂဏ္ဌသည် လိုချင်လှ၍ တပည့်တို့ကို အမှတ်ပေး၏၊ "ငါသည် လက်တစ်ဖက်ကိုရင်း ခြေတစ်ဖက်ကိုရင်း မိုးပေါ်ကို မြှောက်၍ သပိတ်ကိုယူအံ့သောငှာ ပျံအံ့သကဲ့သို့ ဖြစ်အံ့၊ သင်တို့သည် 'ဆရာ၊ အဘယ်သို့ပြုသနည်း၊ သစ်သားသပိတ်တစ်လုံးကြောင့် လျှို့ဝှက်အပ်သော ရဟန္တာ၏အဖြစ်ကို လူအပေါင်းအား မပြလင့်'ဟု ဆို၍ လက်ကိုရင်း ခြေကိုရင်း ကိုင်ငင်ကုန်၍ ငါ့ကိုမြေ၌ လှဲကြကုန်"ဟု မှာထား၍ တပည့်တို့နှင့်တကွ ထိုသူဌေးသပိတ်ကို ဆွဲ၍ထားရာသို့ သွား၍ ဝါးရင်း၌ရပ်၍ သူဌေးကို ဆို၏။

"ဒါယကာသူဌေး၊ ဤသပိတ်သည် သူတပါးအား မလျောက်ပတ်၊ ငါအားသာ လျောက်ပတ်၏၊ အနည်းငယ်သော သပိတ်ကြောင့် ကောင်းကင်ပျံခြင်းကို အလိုမရှိလင့်၊ သပိတ်ကို ငါ့အားလှူလော့"ဟု ဆို၏၊ "အရှင်ဘုရား၊ ကောင်းကင်ဖြင့်ပျံ၍ ယူတော်မူ" ဟု သူဌေးက ဆို၏၊ ထိုသူဌေးဆိုလေလျှင် နာဋပုတ္တသည် တပည့်တို့ကို "ဖဲကုန်လော့, ဖဲကုန်လော့"ဟု မောင်းမဲ၍ "ကောင်းကင်၌ ပျံအံ့"ဟု လက်တစ်ဘက်ကိုရင်း ခြေတစ်ဘက် ကိုရင်း ကြွ၏၊ ထိုအခါ ထိုနာဋပုတ္တကို တပည့်တို့သည် "ဆရာ၊ အဘယ့်ကြောင့် ဤအမှု ကိုပြုမည်နည်း၊ ယုတ်ညံ့စွာသော သစ်သားသပိတ်အကြောင်းကြောင့် ဖုံးလွှမ်းအပ်သော ဂုဏ်ကို လူအပေါင်းအားပြသဖြင့် အဘယ်အကျိုးရှိအံ့နည်း"ဟု လက်, ခြေတို့၌ ကိုင်၍ မြေ၌ လဲစေကုန်၏၊ ထိုနာဋပုတ္တသည် သူဌေးကို ဆို၏၊ "ဤတပည့်တို့သည် ငါ့ကို ပျံအံ့သော ငှာ မပေး၊ ထိုငါ့အား သပိတ်ကို လှူလော့ သူဌေးကြီး"ဟု ဆို၏၊ "အရှင်ဘုရား၊ ပျံ၍ ယူတော်မူ"ဟု သူဌေးက ဆို၏။

ဤသို့ တိတ္ထိတို့သည် ၆-ရက်ပတ်လုံး လုံ့လပြုကုန်၍ သပိတ်ကို မရကုန်၊ ၇-ရက်မြောက်သောနေ့၌ အရှင်မောဂ္ဂလာန်, အရှင်ပိဏ္ဍောလတို့သည် ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံအံ့-ဟု တစ်ခုသောကျောက်ဖျာ၌ရပ်၍ သင်္ကန်းကို ရုံကုန်၏၊ ထိုအခါ၌ သေသောက်ကြူးတို့ သည် စကားကို ဖြစ်စေကုန်၏ "အချင်းတို့၊ ၆-ယောက်ကုန်သော တိတ္ထိဆရာတို့သည် 'လောက၌ ငါတို့သည် ရဟန္တာဖြစ်ကုန်၏'ဟု ရှေး၌ ပြောဆိုကုန်၏၊ ရာဇဂြိုဟ်သူဌေးသည် သပိတ်ကို ဝါးဖျား၌ ဆွဲ၍ ရဟန္တာဖြစ်သူကောင်းကင်၌ ပျံ၍ယူစေဟု ထားသည်၊ ယနေ့ ၇-ရက်ရှိပြီ၊ တစ်ယောက်သော ရဟန္တာသည်မျှလည်း ပျံ၍ယူသောမည်သည် မရှိ၊ ယခုလောက၌ ရဟန္တာ မရှိသောအဖြစ်ကို ငါတို့သိရကုန်ပြီ"ဟု စကားကို ဖြစ်စေကုန်၏၊ ထိုစကားကို ကြား၍ အရှင်မောဂ္ဂလာန်သည် အရှင်ပိဏ္ဍောလကို ဆို၏၊ "အရှင်ပိဏ္ဍောလ၊ ဤသေသောက်ကြူးတို့၏စကားကို ငါ့ရှင်သည် ကြား၏လော၊ ဤသူတို့သည် မြတ်စွာ ဘုရားသာသနာတော်ကို နှိပ်စက်သကဲ့သို့ ပြောဆိုကုန်၏၊ ငါ့ရှင်သည်လည်း တန်ခိုးကြီး၏၊ ငါ့ရှင်၊ ကောင်းကင်ဖြင့်သွား၍ ထိုသပိတ်ကို ယူလော့"ဟု ဆိုလျှင် ရှင်ပိဏ္ဍောလ ဆို၏။

"ငါ့ရှင်မောဂ္ဂလာန်၊ တန်ခိုးကြီးသော ရဟန်းတို့တွင် အရှင်သည် အလွန်မြတ်၏၊ အရှင်သည်လျှင် ထိုသပိတ်ကို ယူလော့၊ ငါ့ရှင် မယူသည်ရှိသော် ငါသည်ပင် ယူအံ့"ဟု ဆို၏၊ "ငါ့ရှင်ပိဏ္ဍောလ၊ သင်ယူချေလော့"ဟု အရှင်မောဂ္ဂလာန်ဆိုသဖြင့် အရှင် ပိဏ္ဍောလ-ဘာရဒွါဇသည် အဘိညာဉ်၏အခြေဖြစ်သော စတုတ္ထဈာန်ကို ဝင်စား၍ သင်္ကန်းရုံရာ ကျောက်ဖျာကို ၃-ဂါဝုတ်ရှိအောင် ဖန်ဆင်း၍ ကျောက်ဖျာကို ခြေမကြား၌ ညှပ်၍ လဲဝါစုကို ကဲ့သို့ ယူ၍ ကောင်းကင်သို့ ပျံလေ၍ ရာဇဂြိုဟ်ပြည်၏အထက်၌ ၇-ပတ်လှည့်လည်၏၊

ထိုကျောက်ဖျာသည် ၃-ဂါဝုတ်ပမာဏရှိသော ရာဇဂြိုဟ်မြို့ကို ပိတ်အုံ့သကဲ့သို့ ထင်၏၊ မြို့၌နေသောသူတို့သည် ကျောက်ဖျာဖိ၍ သေအံ့သည်မှ ကြောက်ကုန်၍ စံကောအစရှိသည်တို့ကို ခေါင်းပေါ်၌ မိုးကုန်၏၊ ထိုထိုသို့သောအရပ်၌ ပုန်းကုန်၏။

၇-ပတ်စေ့သောအခါ၌ အရှင်ပိဏ္ဍောလသည် ကျောက်ဖျာကို ထက်ခြမ်းခွဲ၍ ကိုယ်တော်ကို ပြ၏၊ လူများအပေါင်းသည် ရှင်ပိဏ္ဍောလကို မြင်၍ "အရှင်ပိဏ္ဍောလ၊ ကျောက်ဖျာကို မြဲမြဲကိုင်တော်မူပါ၊ အလုံးစုံသောသူတို့ကို မဖျက်ဆီးပါလင့်"ဟု ဟစ်ကုန်၏၊ အရှင်ပိဏ္ဍောလသည် ကျောက်ဖျာကို ခြေဖျားဖြင့်တွန်း၍ လွှတ်လိုက်၏၊ ထိုကျောက်ဖျာသည် မိမိနေရာ၌ ကျ၍ နေလေ၏၊ မထေရ်သည် သူဌေး၏အိမ်အထက်၌ ရပ်၏၊ သူဌေးသည် မထေရ်ကို မြင်၍ ရင်ဖြင့်ဝပ်၍ "သက်တော်မူပါ အရှင်ဘုရား"ဟု တောင်းပန်၍ သက်လာသောမထေရ်ကို နေရာ၌ နေစေ၍ သပိတ်ကို ချစေ၍ စတုမဓုဖြင့် ပြည့်စေ၍ မထေရ်အား လှူ၏၊ အရှင်ပိဏ္ဍောလသည် သပိတ်ကိုယူစေ၍ ကျောင်းသို့ရှေးရှု သွားလေ၏၊ ထိုရောအခါ တောသို့ သွားသောသူသည်ငှင်း ဆိတ်ငြိမ်ရာ၌ ဝင်၍နေသော သူတို့သည်ငှင်း အရှင်ပိဏ္ဍောလပြာဋိဟာကို မမြင်ရကုန်၊ ထိုသူတို့သည် တပေါင်းတည်း စည်းဝေးကုန်၍ အရှင်ပိဏ္ဍောလသို့ လိုက်၍ "အရှင်ဘုရား၊ ပြာဋိဟာကို အကျွန်ုပ်တို့အား ပြတော်မူပါဦး"ဟု လိုက်၍ တောင်းပန်၏။

ထိုအခါ အရှင်ပိဏ္ဍောလသည် ထိုသူတို့အား အထိုက်အလျောက် ပြာဋိဟာပြ၍ ကျောင်းသို့ သွားလေ၏၊ မြတ်စွာဘုရားသည် အစဉ်လိုက်သော များစွာသော လူအပေါင်းတို့၏ အသံကိုကြား၍ "အာနန္ဒာ၊ ဤအသံသည်ကား အဘယ်အသံနည်း"ဟု မေးတော်မူ၍ "အရှင်ဘုရား၊ ပိဏ္ဍောလဘာရဒွါဇသည် ကောင်းကင်၌ပျံ၍ သူဌေးသပိတ်ကိုယူ၍ ပိဏ္ဍောလ၏အထံ၌ ပြာဋိဟာပြပါဟု တောင်းပန်ကုန်သော သူတို့၏အသံတည်း"ဟု လျှောက်သည်ရှိသော် အရှင်ပိဏ္ဍောလကို ခေါ်၍ ပိဏ္ဍောလကို "သင်သည် ပြာဋိဟာပြသည်ဟု ကြား၏၊ ထိုစကားမှန်သလော"ဟု မေးတော်မူ၍ "မှန်ပါ၏ အရှင်ဘုရား"ဟု လျှောက်သော် "ပိဏ္ဍောလ၊ အဘယ်ကြောင့် သည်အမှုကို သင်ပြုဘိသနည်း"ဟု ကဲ့ရဲ့တော်မူ၍ သပိတ်ကို အစိတ်စိတ်ခွဲစေ၍ မျက်စဉ်းဆေးအလို့ငှာ ရဟန်းတို့အား ပေးဝေစေ၏၊ လူတို့အား တန်ခိုးပြာဋိဟာ မပြအပ်"ဟု သိက္ခာပုဒ်ကို ပညတ်တော်မူ၏။

✪✪✪✪✪✪✪✪✪✪✪

## ၁၇၄။ ဘုရား ယမကပြာဋိဟာပြတော်မူခြင်း

တိတ္ထိတို့သည် ထိုအကြောင်းကို ကြား၍ "ရဟန်းဂေါတမ၏တပည့်တို့သည် ဂေါတမထားသော သိက္ခာပုဒ်ကို အသက်ဟူသော အကြောင်းကြောင့်လည်း မလွန်ပေကုန်လတ္တံ့၊ ဂေါတမသည်လည်း ထိုသိက္ခာပုဒ်ကို စောင့်လတ္တံ့သလျှင်ကတည်း၊ ငါတို့သည် ယခုအခါ၌ အခွင့်ရပြီ"ဟု ထိုတိတ္ထိတို့သည် မြို့ခရီး၌ "ငါတို့သည် မိမိဂုဏ်ကို စောင့်ကုန်လျက် သစ်သားသပိတ်ကြောင့် ရဟန္တာ၏ဂုဏ်ကို ရှေး၌ လူအပေါင်းတို့အား မပြကုန်၊ ရဟန်းဂေါတမ၏ တပည့်တို့သည် သစ်သားသပိတ်တစ်လုံးကြောင့် မိမိဂုဏ်ကို လူအပေါင်းတို့အား ပြကုန်ပြီ၊ ရဟန်းဂေါတမသည် ဆန်းပြားလိမ္မာသည်၏အဖြစ်ကြောင့် ထိုသပိတ်ကို ခွဲစေ၍ သူတပါးတို့အား ပြာဋိဟာမပြအပ်ဟု သိက္ခာပုဒ်ကို ပညတ်သည်၊ ယခုအခါ ငါတို့သည် ရဟန်းဂေါတမနှင့် ပြိုင်၍ ပြာဋိဟာပြကုန်အံ့"ဟု ပြောဆိုကုန်လျက် သွားလာလှည့်ပတ်ကုန်၏။

## ဘုရားနောက်သို့ တိတ္ထိတို့လိုက်ခြင်း

ထိုစကားကို ဗိမ္ဗိသာရမင်းကြား၍ မြတ်စွာဘုရား အထံသို့လာ၍ "အရှင်ဘုရား၊ အရှင်ဘုရားတို့သည် ပြာဋိဟာပြခြင်းကို မပြုခြင်းငှာ တပည့်ရဟန်းတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူသလော"ဟု လျှောက်၏၊ "မြတ်သောမင်းကြီး၊ ပညတ်၏"ဟု မိန့်တော်မူသော် "ယခုအခါ၌ တိတ္ထိတို့သည် အရှင်ဘုရားတို့နှင့်ပြိုင်၍ ပြာဋိဟာပြကုန်အံ့ ဟူ၍ ဆိုကုန်၏၊ အရှင်ဘုရားတို့သည် အဘယ်သို့ပြုကုန်အံ့နည်း"ဟု လျှောက်ပြန်၏၊ "မြတ်သောမင်းကြီး၊ ထိုတိတ္ထိတို့ ပြာဋိဟာပြသော် ငါလည်းပြအံ့"ဟု မိန့်တော်မူ၏၊ အရှင်ဘုရားတို့သည် **သိက္ခာပုဒ်ပညတ်သည်** မဟုတ်တုံလော"ဟု လျှောက်ပြန်သော် "မြတ်သောမင်းကြီး၊ ငါသည် ငါ၏ကိုယ်အား သိက္ခာပုဒ် မပညတ်၊ တပည့်တို့အားသာ ပညတ်သည်"ဟု မိန့်တော်မူ၏၊ "အရှင်ဘုရား၊ ကိုယ်တော်ကို လွတ်၍ တပါးသောသူတို့အားသာ သိက္ခာပုဒ်ပညတ်ခြင်းသည် သင့်ပါအံ့လော"ဟု လျှောက်ပြန်၏။

ထိုသို့ဆိုသော် မင်းကြီးကိုပင် ငါမေးဦးအံ့၊ "သင်မင်းကြီး၏ဥယျာဉ်သည် ရှိ၏လော" ဟု မေးတော်မူ၍ "ရှိပါ၏"ဟု လျှောက်၏၊ "မင်းကြီး၊ ဥယျာဉ်တော်၌ သရက်သီး စသည်တို့ကို လူများစားသည်ရှိသော် ထိုစားသောသူအား အဘယ်ကဲ့သို့ပြုအပ်မည်နည်း"ဟု မေးတော်

မူ၏၊ "ဒက်ပေးခြင်းကို ပြုအပ်၏"ဟု လျှောက်သော် "သင်မင်းကြီးသည် စားခြင်းငှာ ရပါအံ့လော"ဟု မိန့်တော်မူသော် "ရပါ၏ အရှင်ဘုရား၊ အကျွန်ုပ်အား ဒဏ်သည် မရှိ၊ မိမိဥစ္စာကို စားရပါ၏" ဟူ၍ လျှောက်၏၊ "မြတ်သောမင်းကြီး၊ ယူဇနာအဝန်း ၃၀၀-ရှိသော သင်မင်းကြီး၏နိုင်ငံ၌ သင်မင်းကြီး၏အာဏာသည် ဖြစ်သဖြင့် သင်၏ဥယျာဉ်တော်၌ သရက်သီးစသည်တို့ကို စားခြင်းငှာ ရ၏၊ ဒဏ်မရှိသကဲ့သို့ ထို့အတူ ငါ၏အာဏာသည်လည်း စကြဝဠာ ကုဋေတစ်သိန်း၌ ဖြစ်၏၊ မိမိ၏သိက္ခာပုဒ်ကို ပညတ်ခြင်း၌ လွန်ကျူးသောမည်သည် မရှိ၊ သူတပါးတို့အား လွန်ကျူးခြင်းသည် ရှိ၏၊ မြတ်သောမင်းကြီး၊ ငါသည် ယမိုက်ပြာဋိဟာကို ပြအံ့"ဟု မိန့်တော်မူ၏။

ထိုစကားကို တိတ္ထိတို့ကြား၍ "ယခုအခါ ငါတို့ပျက်ခဲ့ပြီ၊ ရဟန်းဂေါတမသည် တပည့်တို့အားသာ သိက္ခာပုဒ်ကို ပညတ်၏၊ မိမိကိုယ်တိုင်ပင် ပြာဋိဟာကို ပြလို၏၊ ငါတို့သည် အဘယ်သို့ပြုပါအံ့နည်း"ဟူ၍ တိုင်ပင်ကုန်၏၊ ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရားအား မေးလျှောက်၏၊ "အဘယ်အခါ၌ ပြာဋိဟာကို ပြကုန်အံ့နည်း"ဟု မေးလျှောက်၏၊ "မင်းကြီး၊ တပေါင်းလမှ ၄-လလွန်သဖြင့် ဝါဆိုလပြည့်နေ့၌ ပြာဋိဟာပြအံ့"ဟု မိန့်တော်မူ၏၊ "အရှင်ဘုရား၊ အဘယ်အရပ်၌ ပြအံ့နည်း"ဟု လျှောက်ပြန်သော် "မင်းကြီး၊ သာဝတ္ထိပြည်၌ ပြအံ့"ဟု မိန့်တော်မူ၏၊ အဘယ့်ကြောင့် မြတ်စွာဘုရားသည် ဝေးသောအရပ်ကို ညွှန်းတော်မူသနည်းဟူတုံအံ့၊ ထိုသာဝတ္ထိပြည်သည် ခပ်သိမ်းသောဘုရားတို့၏ ပြာဋိဟာပြတော်မူရာ ဖြစ်သောကြောင့် ညွှန်းတော်မူသတည်း၊ တစ်နည်းလည်း များစွာသောလူအပေါင်းတို့၏ စည်းဝေးခြင်းငှာ ဝေးသောအရပ်ကို ညွှန်းသတည်း။

တိတ္ထိတို့သည် ထိုစကားကို ကြားကုန်၍ "ဤတပေါင်းလမှ ၄-လလွန်သဖြင့် ရဟန်းဂေါတမသည် သာဝတ္ထိပြည်၌ ပြာဋိဟာပြလတ္တံ့၊ ယခုအခါ ဂေါတမကို မလွှတ်မူ၍ ငါတို့လိုက်ကုန်အံ့၊ လူများတို့သည် ငါတို့လိုက်သည်ကို မြင်ကုန်၍ 'အဘယ့်ကြောင့် ဤသို့ပြုကုန်သနည်း'ဟု မေးကုန်သော် 'ငါတို့သည် ဂေါတမနှင့်ပြိုင်၍ ပြာဋိဟာပြကုန်အံ့'ဟု ဆိုကုန်၍ 'ထိုဂေါတမ ပြေး၏၊ ငါတို့သည် ဂေါတမအား ပြေးခြင်းငှာ မပေးမူ၍ အစဉ်လိုက်ကုန်သည်'ဟု ဆိုကုန်အံ့"ဟု တိုင်ပင်ကုန်၏၊ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံ၍ ရာဇဂြိုဟ်ပြည်မှ ထွက်တော်မူ၏၊ တိတ္ထိတို့သည် မြတ်စွာဘုရား၏ နောက်မှထွက်ကုန်၍ မြတ်စွာဘုရား ဆွမ်းစားရာ, ညဉ့်တည်းတော်မူရာအရပ်တို့၌ တိတ္ထိတို့သည် အစဉ်လိုက်ကုန်၍ ဆွမ်းစားခြင်း, တည်းနေခြင်းတို့ကို ပြုကုန်၏။

တိတ္ထိတို့ကို လူတို့မေးကုန်သော် မိမိတို့ကြံသောအတိုင်း ဆိုကုန်၏၊ လူများအပေါင်းသည် "ပြာဋိဟာကို မြင်ရကုန်လတ္တံ့"ဟု အစဉ်လိုက်ကုန်၏၊ အစဉ်သဖြင့် မြတ်စွာဘုရား

သည် သာဝတ္ထိသို့ ရောက်တော်မူ၏၊ တိတ္ထိတို့သည် မြတ်စွာဘုရားနှင့်တကွ သွား၍ အလုပ်အကျွေးတကာတို့ကို နှိုးဆော်၍ တစ်သိန်းသော အသပြာကို ရ၍ ရှားသည်တိုင်တို့ဖြင့် မဏ္ဍပ်ကြီးစွာ ပြု၏၊ ကြာညိုဖက်တို့ဖြင့် မိုး၍ "ဤမဏ္ဍပ်၌ ငါတို့ပြာဋိဟာပြကုန်အံ့"ဟု နေကုန်၏၊ ပသေနဒီကောသလမင်းသည် မြတ်စွာဘုရားသို့ ကပ်၍ "အရှင်ဘုရား၊ တိတ္ထိတို့သည် မဏ္ဍပ်ကို ပြုအပ်ပြီ၊ အကျွန်ုပ်သည် အရှင်ဘုရားအလို့ငှာ မဏ္ဍပ်ဆောက်အံ့"ဟု လျှောက်သော် "မင်းကြီး၊ မသင့်၊ ငါ့အား မဏ္ဍပ်ဆောက်မည့်သူရှိ၏"ဟု မိန့်တော်မူသဖြင့် "အရှင်ဘုရား၊ အကျွန်ုပ်မှတပါးသော အဘယ်သူသည် ဆောက်နိုင်လတ္တံ့နည်း"ဟု လျှောက်သော် "မြတ်သောမင်းကြီး၊ သိကြားနတ်မင်းသည် ဆောက်လတ္တံ့"ဟု မိန့်တော်မူ၏။

"အရှင်ဘုရားသည် အဘယ်၌ ပြဋိဟာပြအံ့နည်း"ဟု လျှောက်သော် "မင်းကြီး၊ ကဏ္ဍမ္ဗသရက်ပင်ရင်း၌ ပြအံ့"ဟု မိန့်တော်မူ၏၊ တိတ္ထိတို့သည် "ရဟန်းဂေါတမသည် သရက်ပင်ရင်း၌ ပြာဋိဟာပြလတ္တံ့သတည်း"ဟု ကြားကုန်၍ မိမိတို့အလုပ်အကျွေးတကာတို့ကို ကြား၍ သာဝတ္ထိပြည် ထက်ဝန်းကျင် ၁-ယူဇနာ အတွင်း၌ရှိသော သရက်ပင်တို့ကို ယနေ့ပေါက်သည့် သရက်ပင်ကိုမျှ မကျန်ရ၊ တူးဆွ၍ နုတ်ပစ်စေကုန်၏၊ မင်း၏ဥယျာဉ်၌ သရက်ပင်သာ မနုတ်ဝံ့၍ကျန်၏၊ မြတ်စွာဘုရားသည် ဝါဆိုလပြည့်နေ့ မြို့တွင်းသို့ဆွမ်းခံဝင်တော်မူအံ့သောငှာ ဇေတဝန်ကျောင်းတော်မှ ရှေးရှုထွက်တော်မူ၏။

## ကဏ္ဍဥယျာဉ်မှူး သရက်သီးကပ်လှူခြင်း

မင်း၏ဥယျာဉ်၌စောင့်သော ကဏ္ဍအမည်ရှိသောသူသည် ပိုးရွက်, ခါချဉ်တို့သည် ပြုအပ်သော ဖက်ထုပ်၏အတွင်း၌ သရက်သီးမှည့်တစ်လုံးကို မြင်၍ ထိုသရက်သီးမှည့်၏ အနံ့ဖြင့် နားလာကုန်သော ကျီးတို့ကို ပျံစေ၍ ထိုသရက်သီးကို ဆွတ်၍ "မင်းကြီးအား ဆက်အံ့"ဟု ယူ၍လာသော် ခရီးအကြား၌ မြတ်စွာဘုရားကို မြင်၍ "ဤသရက်သီးမှည့်ကို စားပြီးသော် မင်းကြီးသည် ၈-သပြာမျှသော ဥစ္စာကို ငါ့အားပေးရာ၏၊ ထို ၈-သပြာသည် ငါ့အား ဤဘဝတွင်ပင် အသက်မမွေးလောက်၊ ဤသရက်သီးကို ငါသည် အကယ်၍ မြတ်စွာဘုရားအား လှူအံ့၊ အဆုံးမရှိသော ဘဝကာလပတ်လုံး ငါ့အား အကျိုးစီးပွားကို ဆောင်လတ္တံ့"ဟု ကဏ္ဍသည်ကြံ၍ မြတ်စွာဘုရားအား သရက်သီးကို လှူလေ၏၊ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို ကြည့်၍ အရှင်အာနန္ဒာသပိတ်တော်ကို ကပ်၍ မြတ်စွာဘုရား သပိတ်တော်ဖြင့် သရက်သီးကို ခံ၍ ထိုခံရာအရပ်၌ပင် ထိုင်အံ့သော အခြင်းအရာကို ပြ၏။

အရှင်အာနန္ဒာသည် ဒုကုဋ်တော်ကို ခင်း၍ပေး၏၊ ထိုသက်န်းအခင်း၌ နေတော်မူသော မြတ်စွာဘုရားအား သောက်ရေစစ်၍ ထိုသရက်ဖျော်ကို သောက်၍ ကဏ္ဍာကို "ဤသရက်စေ့ကို ဤအရပ်၌ မြေကြီးကိုယက်၍ စိုက်လော့"ဟု မိန့်တော်မူ၏၊ ကဏ္ဍာသည်လည်း မြတ်စွာဘုရားမိန့်တော်မူတိုင်း စိုက်လေ၏၊ မြတ်စွာဘုရားသည် ထိုသရက်သီးစေ့၏ အထက်၌ လက်တော်ကို ဆေး၏၊ လက်တော်ဆေးတော်မူသော ခဏ၌ပင် ထွန်တုံးမျှ ပင်စည်လုံးပတ်ရှိသော အတောင်-၅၀ အစောက်မြင့်သော သရက်ပင် ပေါက်၏၊ အရပ် ၄-မျက်နှာတို့၌ တစ်ခက်စီ, အထက်၌ အခက်အားဖြင့် ခက်မ ၅-ခက်တို့သည် ဖြစ်ကုန်၏၊ ထိုခက်မတို့သည်လည်း အတောင် ၅၀-စီမြင့်ကုန်၏၊ ထိုခဏ၌ပင် ထိုသရက်ပင်သည် အသီး, အပွင့်တို့ဖြင့် ဖုံးလွှမ်းသည်ဖြစ်၏၊ တပါးတပါးသောအရပ်၌ သရက်သီးမှည့်ခိုင်ကို ဆောင်သည် ဖြစ်၏၊ နောက်မှလာကုန်သော ရဟန်းတို့သည် သရက်သီးမှည့်ကို စားကုန်လျက် သွားရကုန်၏။

ဤသို့ သဘောရှိသော သရက်ပင်သည်ပေါက်၏-ဟု ပသေနဒီကောသလမင်းကြီးသည် ကြား၍ "ထိုသရက်ပင်ကို တစုံတယောက်သော သူသည် မခုတ်ဖြတ်စေလင့်"ဟု အစောင့်ထား၏၊ ကဏ္ဍာမည်သောဥယျာဉ်စောင့်သည် စိုက်သောကြောင့် ထိုသရက်ပင်သည် ကဏ္ဍာမ္ဗသရက်ပင်ဟု တွင်၏၊ သေသောက်ကြူးတို့သည် သရက်သီးမှည့်ကို စား၍ "ဟယ် အချင်းတို့၊ တိတ္ထိတို့နှင့် ရဟန်းဂေါတမသည် ကဏ္ဍာမ္ဗသရက်ပင်ရင်း၌ ပြာဋိဟာပြုလတ္တံ့.-ဟု မြို့ထက်ဝန်းကျင် ၁-ယူဇနာအတွင်း၌ ယနေ့ပေါက်သော သရက်ပင်ငယ်မျှမကျန်ရ နုတ်ခုတ်၍ ပစ်သည်၊ ကဏ္ဍာမ္ဗသရက်ပင် သည်မှာ ဟယ်တို့"ဟု ဆိုကုန်၍ စားဖတ်သရက်စေ့တို့ဖြင့် ပစ်ခတ်ကုန်၏။

## သိကြားမင်းက တိတ္ထိတို့ထွက်ပြေးစေခြင်း

ထိုအခါ သိကြားမင်းသည် လေနတ်သားကို စေ၏၊ "တိတ္ထိတို့၏ မဏ္ဍပ်ကို လေတို့ဖြင့် ခွာလှန့်၍ ကျင်ကြီးစွန့်ရာမြေ၌ ကျစေ"ဟု စေ၏၊ သိကြားစေတိုင်း လေနတ်သားပြု၏၊ နေနတ်သားကိုလည်း "နေဝိမာန်ကို နှိမ့်၍ တိတ္ထိတို့ကိုနှိပ်စက်၍ ပူစေလော့"ဟု စေ၏၊ နေနတ်သားသည် ထိုဆိုတိုင်း ပြု၏၊ တဖန် လေနတ်သားကို "လေပွေကို ထစေ၍ တိတ္ထိတို့၏ ကိုယ်၌ မှုံတင်အောင်တိုက်လော့"ဟု စေ၏၊ လေနတ်သားသည် ထိုဆိုတိုင်းကို ပြု၏။ တိတ္ထိတို့၏ ယိုသောချွေးရှိသောကိုယ်၌ မြူတို့သည် လွင့်ကပ်ကုန်သည်ဖြစ်၍ မြေနီတောင်ပို့နှင့်တူကုန်၏၊ မိုးတိမ်စောင့်သောနတ်ကို "ကြီးစွာသော မိုးပေါက်တို့ကို

တိတ္ထိတို့၏ ကိုယ်၌ ကျစေ”ဟု စေ၏၊ ထိုမိုးတိမ်နတ်သည်လည်း စေတိုင်းပြု၏၊ ထိုအခါ တိတ္ထိတို့၏ ကိုယ်သည် ပြောက်ကျားသောနွားနှင့် တူ၏၊ ထိုတိတ္ထိတို့သည် သိကြားမင်း နှိပ်စက်အပ်ကုန်သည်ဖြစ်၍ ပျက်ခြင်းကြီးပျက်သဖြင့် မျက်နှာပြုမိရာအရပ်သို့ချည်း ပြေးလေကုန်၏။

ဤသို့ တိတ္ထိတို့ ပြေးလေကုန်ပြီးသော် ပူရဏကဿပမည်သော တိတ္ထိတို့၏ အလုပ် အကျွေးဖြစ်သော လယ်ထွန်သွားလေသော တကာတစ်ယောက်သည် “ယခုအခါ အရှင် မြတ်တို့၏ ပြာဋိဟာပြုအံ့သောအခါတည်း၊ သွား၍ပြာဋိဟာကို ကြည့်ချေအံ့”ဟု နွားတို့ကို လွှတ်လိုက်၍ နံနက်ကယူခဲ့သော ယာဂုအိုးကိုရင်း ဖွဲကြိုး, လက်ကိုင်ကြိုးတို့ကိုရင်း ယူ၍ လာသည်ရှိသော် နွားပြောက်ကဲ့သို့ ပြေးလာသော ပူရဏကို မြင်၍ “အရှင်ဘုရား၊ အရှင် ဘုရားတို့၏ ယမိုက်ပြာဋိဟာကို ကြည့်အံ့ဟု အကျွန်ုပ်လာပါသည်၊ အဘယ်သို့ ပြေးတော် မူလိမ့်နည်း”ဟု ဆီး၍ဆိုသော် “တကာ၊ တကာနှင့် ပြာဋိဟာနှင့်အရာလား၊ သင်၏ လက်၌ ပါသော ဖျဉ်အိုးနှင့်ဖွဲကြိုးကိုသာ ငါ့အား ပေးပါ”ဟု တောင်းယူ၍ အစိရဝတီမြစ်နားသို့ ပြေး၍ ဖျဉ်းအိုးကို ဖွဲကြိုးနှင့်လည်မှာ ဖွဲ့၍ ရေနက်ရာ၌ ခုန်ဆင်း၍ ရေပွက်တို့ကို ထစေ လျက် သေ၍ အဝီစိငရဲ၌ ဖြစ်လေ၏။

## သာဝကတို့ တန်ခိုးပြခွင့်တောင်းကြခြင်း

မြတ်စွာဘုရားသည် ထိုကဏ္ဍမွှသရက်ပင်ရင်း၏အနီး ကောင်းကင်၌ ရတနာစင်္ကြံ ဖန်ဆင်းတော်မူ၏၊ ထိုရတနာစင်္ကြံ၏ အရှေ့နားအစွန်းသည် အရှေ့စကြဝဠာမျက်နှာဝ အနား၌ ဖြစ်၏၊ အနောက်စင်္ကြံစွန်းသည် အနောက်စကြဝဠာမျက်နှာဝအနား၌ ဖြစ်၏၊ ဖန်ဆင်းတော်မူသော ရတနာစင်္ကြံကား ကပိလဝတ်ပြည်သို့ ပဋ္ဌမကြွတော်မူသော ဆွေတော်, မျိုးတော်တို့၏ အစည်းအဝေး၌ ဖန်ဆင်းတော်မူသော စင်္ကြံကဲ့သို့ပင်တည်း၊ တပေါင်းလပြည့်ကပင် ဤလမှ ၄-လလွန်သောအခါ သာဝတ္ထိပြည်၌ ယမိုက်ပြာဋိဟာပြအံ့-ဟု ဗိမ္ဗိသာရမင်းကြီးအား မိန့်တော်မူသောစကားကို ကြား၍ ယမိုက်ပြာဋိဟာကို ကြည့်လို၍ သာဝတ္ထိပြည်သို့ စည်းဝေးလာကြသည့် ပရိသတ်ကား ဝါဆိုလပြည့်နေ့၌ အလျား, အနံ ၁၂-ယူဇနာ ရှိ၏၊ အဝန်းအားဖြင့် ၃၆-ယူဇနာရှိသည် ဖြစ်သတည်း၊ ထိုအခါ ဝါဆိုလပြည့် နေ့၌ မွန်းမတ်တိမ်းသည်ရှိသော် “ယခုအခါ၌ ပြာဋိဟာပြချိန်တန်ပြီ”ဟု ဂန္ဓကုဋီရွှေကျောင်း တော်မှ ထွက်၍ မုခ်ဦး၌ ရပ်တော်မူ၏။

၁။ ထိုအခါ ကြီးသောတန်ခိုးရှိသော ယရဏီအမည်ရှိသော အနာဂါမ် ဒါယိကာမသည် မြတ်စွာဘုရားသို့ ကပ်၍ "အရှင်ဘုရား၊ အကျွန်ုပ်ကဲ့သို့ အနာဂါမ် တည်သော သမီးတော်သည် ရှိပါလျက် အရှင်ဘုရားတို့အား ပင်ပန်းတော်မူရအံ့သော ကိစ္စသည် မရှိ၊ အကျွန်ုပ်သည် ပြာဋိဟာကို ပြပါအံ့"ဟု လျှောက်၏၊ "ယရဏီ၊ သင်သည် အဘယ်ကဲ့သို့ ပြာဋိဟာပြလတ္တံ့နည်း"ဟု မိန့်တော်မူသော် "အရှင်ဘုရား၊ တစ်ခုသော စကြဝဠာနားတိုင် မြေတပြင်လုံး၌ ရေဖြင့်ပြည့်အောင် ဖန်ဆင်း၍ အကျွန်ုပ်ကိုယ်ကို ရေကြက်မဟန် ဖန်ဆင်းလျက် ငုပ်၍သွားပြီးလျှင် အရှေ့စကြဝဠာ၌ ပေါ်၍ အကျွန်ုပ်ကိုယ် ကို ပြပါအံ့၊ ထို့အတူ အနောက်စကြဝဠာ၌ ပြပါအံ့၊ တောင်စကြဝဠာ၌ ပြပါအံ့၊ မြောက်စကြဝဠာ၌ ပြပါအံ့၊ 'ဤသူသည် အဘယ်သူနည်း'ဟု မေးသည်ရှိသော် ဤသူသည် ယရဏီအမည်ရှိသော ဥပါသိကာမတည်းဟု ဆိုသဖြင့် 'ရှေးဦးစွာ ဤမိန်းမတန်ခိုးသည် ဤမျှလောက် ရှိ၏၊ မြတ်စွာဘုရား၏ တန်ခိုးတော်သည်ကား အဘယ်သို့ ဖြစ်လတ္တံ့နည်း'ဟု ကြံ၍ တိတ္ထိတို့သည် အရှင်ဘုရားတို့ကို မမြင်ဘဲဖြင့် ပြေးလေကုန်လတ္တံ့"ဟု လျှောက်၏။

ထိုအခါ ယရဏီမည်သော ဒါယိကာမကို မြတ်စွာဘုရားသည် "ယရဏီ၊ ဤသို့ သဘောရှိသော ပြာဋိဟာပြုခြင်းငှာ စွမ်းနိုင်အံ့သောသင်၏ အာနုဘော်ကို ငါသိ၏၊ ထိုသို့ သိသော်လည်း သင်၏အလို့ငှာ ဤပန်းဆုပ်ကို ငါမဖွဲ့"ဟု ပယ်တော်မူ၏၊ ထိုယရဏီသည် "မြတ်စွာဘုရားသည် ငါ့အားခွင့်ပြုတော် မမူ၊ ငါ့ထက်အလွန်ပြာဋိဟာပြခြင်းငှာ စွမ်းနိုင်သော တပါးသောသူရှိသေးသည်ထင်၏"ဟု ကြံ၍ တင့်အပ်သောအရပ်၌ နေလေ၏။

၂။ ထို့နောင် စူဠအနာထပိဏ်သည် မြတ်စွာဘုရားသို့ ကပ်၍ "အရှင်ဘုရား၊ အကျွန်ုပ်ကဲ့သို့သဘောရှိသော ဥပါသကာသည် ရှိလျက် အရှင်ဘုရားတို့အား ပင်ပန်းရခြင်း ကိစ္စမည်သည် မရှိရာ၊ အကျွန်ုပ်သည် ပြာဋိဟာပြပါအံ့"ဟု လျှောက်၏၊ "သင်သည်အဘယ် သို့ ပြလတ္တံ့နည်း"ဟု မေးတော်မူသော် "အရှင်ဘုရား၊ အကျွန်ုပ်သည် ၁၂-ယူဇနာရှိသော ပြဟ္မာမင်း၏ကိုယ်ကို ဖန်ဆင်း၍ ဤပရိတ်သတ်၏ အလယ်၌ ကြီးစွာသော မိုး၏ ထစ်ကြိုးခြင်းအသံနှင့်တူသော အသံဖြင့် ပြဟ္မာ၏ လက်ပမ်းပေါက်ကို ခတ်အံ့၊ 'ဤအသံ သည် အဘယ်အသံနည်း'ဟူ လူများမေးသော် 'စူဠအနာထပိဏ်၏ ပြဟ္မာမင်း၏ လက်ပမ်း ပေါက်ခတ်သော အသံတည်း'ဟု ဆိုကုန်လတ္တံ့၊ တိတ္ထိတို့သည် 'ဒါယကာ၏တန်ခိုး အာနုဘော်သည်လျက် ဤမျှလောက်ရှိ၏၊ မြတ်စွာဘုရား တန်ခိုးအာနုဘော်သည်ကား အဘယ်သို့လျှင် ဖြစ်လတ္တံ့နည်း'ဟု ကြောက်ကုန်၍ အရှင်ဘုရားကို မမြင်ဘဲပင် ပြေးလေ ကုန်လတ္တံ့"ဟု လျှောက်၏၊ မြတ်စွာဘုရားသည် "ဒါယကာ၊ သင်၏ တန်ခိုးကို ငါသိ၏၊ ဤပန်းထုပ်ကို သင်၏ အလို့ငှာ မဖွဲ့"ဟု ပယ်တော်မူ၏။

၃။ ထိုအခါ ဖွားသည်မှ ၇-နှစ်သာရှိသော ပဋိသမ္ဘိဒါ ၄-ပါးသို့ ရောက်သော **စီရာ**အမည်ရှိသော သာမဏေယ်မသည် မြတ်စွာဘုရားသို့ ကပ်၍ "အရှင်ဘုရား၊ အကျွန်ုပ်သည် ပြာဋိဟာပြပါအံ့"ဟု လျှောက်၏။ "စီရာ၊ သင်အဘယ်ကဲ့သို့ ပြာဋိဟာ ပြလတ္တံ့နည်း"ဟု မေးတော်မူသော် "အရှင်ဘုရား၊ အကျွန်ုပ်သည် မြင်းမိုရ်တောင်ကိုငင်း စကြဝဠာတောင်ကိုငင်း ဟိမဝန္တာတောင်ကိုငင်း ဆောင်ချေ၍ ပရိသတ်၏အလယ်၌ အစဉ်သဖြင့်ထား၍ အကျွန်ုပ်သည် ရွှေဟင်္သာမယေ်ဖြစ်၍ တစ်တောင်မှတစ်တောင် ဆင်းသက်လူးလာ မငြိမယှက်သွားပါအံ့၊ 'ဤသူသည် အဘယ်သူနည်း'ဟု လူများအပေါင်း မေးသော် 'စီရာသာမဏေယ်မတည်း'ဟူ၍ ဆိုကုန်လတ္တံ့၊ တိတ္ထိတို့သည် '၇-နှစ်မျှသာ အသက်ရှိသော သာမဏေယ်မ၏ တန်ခိုးသည်လျှက် ဤသို့စင် ရှိ၏၊ မြတ်စွာဘုရား တန်ခိုးတော်သည် အဘယ်သို့သဘောရှိသည်ဖြစ်လတ္တံ့နည်း'ဟု ကြံကုန်၍ အရှင်ဘုရား တို့ကို မမြင်စေမူ၍ ပြေးလေကုန်လတ္တံ့"ဟု လျှောက်၏၊ ထိုသာမဏေယ်မကိုလည်း ပယ်တော်မူ၏။

၄။ ထိုအခါ ပဋိသမ္ဘိဒါ ၄-ပါးသို့ရောက်သော ဖွားသည်မှ ၇-နှစ်သာရှိသေး သော စုန္ဒအမည်ရှိသော သာမဏေယ်သည် မြတ်စွာဘုရားသို့ ကပ်၍ "အရှင်ဘုရား၊ အကျွန်ုပ်သည် ပြာဋိဟာပြပါအံ့"ဟု လျှောက်၏၊ "စုန္ဒ၊ သင်အဘယ်သို့ ပြလတ္တံ့နည်း" ဟု မေးတော်မူသော် "အရှင်ဘုရား၊ အကျွန်ုပ်သည် ဇမ္ဗူဒိပ်ကျွန်း၏ တံခွန်သဖွယ်ဖြစ်သော ဇမ္ဗူသပြေပင်ကို ပင်စည်၌ ကိုင်သဖြင့် ဆောင်ခဲ့၍ ဤပရိသတ်အလယ်၌ လှုပ်ချွေ၍ ဇမ္ဗူသပြေသီးတို့ကို ဤပရိတ်သတ်တို့အား စားစေပါအံ့၊ တာဝတိံသာမှ ပင်လယ် ကသစ်ပင်ကို ဆောင်၍ အပွင့်ကို လှုပ်ချွေ၍ ပန်စေပါအံ့၊" ဤသို့ လျှောက်သော် မြတ်စွာ ဘုရားသည် "စုန္ဒ၊ သင်၏တန်ခိုးကို ငါသိ၏"ဟု မိန့်တော်မူ၍ "သင်၏အရာ မဟုတ်"ဟု ပယ်တော်မူ၏။

၅။ ထိုအခါ ဥပ္ပလဝဏ်ထေရီမသည် မြတ်စွာဘုရားသို့ ကပ်၍ "အရှင်ဘုရား၊ အကျွန်ုပ်ပြာဋိဟာ ပြပါအံ့"ဟု လျှောက်သော် "အဘယ်သို့ ပြလတ္တံ့နည်း"ဟု မေးတော် မူသဖြင့် "အရှင်ဘုရား၊ အကျွန်ုပ်သည် ၁၂-ယူဇနာရှိသော ဤပရိသတ်ကို မြင်စေ၍ ၃၆-ယူဇနာအဝန်းရှိသော ပရိသတ်ဖြင့်ခြံရံသော စကြဝတေးမင်း ဖြစ်၍ အရှင်ဘုရားတို့ကို ရှိခိုးအံ့"ဟု လျှောက်၏၊ မြတ်စွာဘုရားသည် "သင်၏အာနုဘော်ကို ငါသိ၏"ဟု မိန့်တော် မူ၍ ဥပ္ပလဝဏ်၏ ပြာဋိဟာပြခြင်းကို ပယ်တော်မူ၏။

၆။ ထိုအခါ ရှင်မောဂ္ဂလာန်သည် မြတ်စွာဘုရားသို့ ကပ်၍ "အရှင်ဘုရား၊ အကျွန်ုပ် ပြာဋိဟာ ပြပါအံ့"ဟု လျှောက်၏၊ "အဘယ်သို့ ပြလတ္တံ့နည်း"ဟု မေးတော်မူသော် "အရှင်ဘုရား၊ အကျွန်ုပ်သည် မြင်းမိုရ်တောင်ကို သွားကြား၌ ထား၍ မုန်ညင်းစေ့ ကိုကဲ့သို့ပြပါအံ့"ဟု လျှောက်၏၊ "ဤမှတပါး အဘယ်သို့ ပြလတ္တံ့နည်း"ဟု မေးသော် "အရှင်ဘုရား၊ ဤမြေကို သင်ဖြူးကဲ့သို့လိပ်၍ လက်ချောင်းကြား၌ ထားပါအံ့"ဟု လျှောက်၏၊ "ဤမှတပါး အဘယ်သို့ ပြအံ့နည်း"ဟု မေးတော်မူသော် "ဤမြေကြီးကို အိုးထိန်းသည်၏ စက်ပျဉ်ကဲ့သို့ လည်စေ၍ ပြောင်းပြန်လှန်၍ မြေဆီအရသာကို လူများအား စားပါစေအံ့" ဟု လျှောက်၏၊ "ဤမှတပါး အဘယ်သို့ ပြလတ္တံ့နည်း"ဟု မေးတော်မူပြန်သော် "ဤမြေကြီး ကို လက်ဝဲလက်ဝါး၌တင်၍ သတ္တဝါအပေါင်းတို့ကို လက်ျာလက်ဝါး၌ ထားအံ့"ဟု လျှောက် ၏၊ "ဤမှတပါး အဘယ်သို့ ပြလတ္တံ့နည်း"ဟု မေးတော်မူပြန်သော် "မြင်းမိုရ်တောင်ကို ထီးရိုးပြု၍ မြေကြီးကို မြင်းမိုရ်တောင်အထက်၌ ထား၍ ထီးကိုင်၍ သွားသော ရဟန်းကဲ့သို့ လက်တစ်ဖက်ဖြင့် ကိုင်၍ ကောင်းကင်၌လူများအပေါင်းကို မြင်စေလျက် စင်္ကြံ သွားပါအံ့" ဟု လျှောက်၏။

မြတ်စွာဘုရားသည် "မောဂ္ဂလာန်၊ သင်၏တန်ခိုးကို ငါသိ၏"ဟု မိန့်တော်မူ၍ ထိုအရှင်မောဂ္ဂလာန်အားလည်း "ဤပန်းထုပ်ကိုသင်၏ အလို့ငှာ မဖွဲ့"ဟု ပြာဋိဟာပြခြင်း ကိုပယ်တော်မူ၏၊ အရှင်မောဂ္ဂလာန်သည် ငါ့အား မြတ်စွာဘုရား ခွင့်မပြု၊ ငါ့ထက်အလွန် ပြာဋိဟာပြခြင်း၌ စွမ်းနိုင်သသူ ရှိသေးယောင်တကား"ဟု နောက်သို့ဆုတ်၍ လျှောက် ပတ်သောအရပ်၌ နေတော်မူလေ၏၊ ထိုရောအခါ၌ အရှင်မောဂ္ဂလာန်ကို မြတ်စွာဘုရား သည် "မောဂ္ဂလာန်၊ သင်၏အလို့ငှာ ဤပန်းထုပ်ကို ငါမဖွဲ့၊ ငါသည် **အတုမရှိသောဝန်ကို** ရွက်ဆောင်သည် ဖြစ်၏၊ ငါ၏ဝန်ကို ရွက်ဆောင်နိုင်သော ငါမှတပါးသောသူမည်သည် မရှိ၊ ယခုအခါ၌ ငါ၏ဝန်ကို ရွက်ဆောင်နိုင်သောသူမည်သည် မရှိခြင်းကိုလည်း မအံ့အပ် သေး၊ အဟိတ်ပဋိသန္ဓေနေသော အခါ၌လည်း ငါ၏ဝန်ကို ရွက်ဆောင်နိုင်သော တပါး သောသူမည်သည် မရှိသည်သာလျှင်တည်း"ဟု မိန့်တော်မူသောကြောင့် အရှင်မောဂ္ဂလာန် တောင်းပန်တော်မူသဖြင့် ကဏှဥသဘဇာတ်ကို ဟောတော်မူ၏၊ ထိုဇာတ်ကို ဟောတော်မူ ပြီးနောက် နန္ဒိဝိသာလန္ဒားမင်းဇာတ်ကိုလည်း ဟောတော်မူပြန်၏။

### ဘုရားရှင်ယမိုက်ပြာဋိဟာပြတော်မူခြင်း

ဤဇာတ် ၂-ပါးကို ဟောတော်မူပြီး၍ မြတ်စွာဘုရားသည် ရတနာစင်္ကြံသို့ တက် တော်မူ၍ ရှေ့မှ ၁၂-ယူဇနာ, နောက်မှ ၁၂-ယူဇနာ, လက်ဝဲ ၁၂-ယူဇနာ, လက်ျာ ၁၂-

ယူဇနာ, အဖြောင့်အားဖြင့် ၂၄-ယူဇနာရှိသော ပရိသတ်၏ အလယ်၌ စင်္ကြံသွားတော်မူလျက် ယမိုက်ပြာဋိဟာကို ပြတော်မူ၏၊ အဘယ်ကဲ့သို့ ပြတော်မူသနည်းဟူမူကား-

- အဘိညာဉ်၏အခြေဖြစ်သော တေဇောကသိုဏ်းလျှင် အာရုံရှိသော ရူပါဝစရကြိယာစတုတ္ထစျာန်ကို ဝင်စားတော်မူ၍ အထက်ကိုယ်တော်တစ်ပိုင်းမှ မီးကို ဖြစ်စေ၏၊
- အာပေါကသိုဏ်းလျှင် အာရုံရှိသော စျာန်ကို ဝင်စား၍ အောက်ကိုယ်တော်တစ်ပိုင်းမှ ရေကို ဖြစ်စေ၏၊
- အောက်ကိုယ်တော်မှ မီးကို ဖြစ်စေ၍ အထက်ကိုယ်တော်မှ ရေကို ဖြစ်စေ၏၊
- ရှေ့ကိုယ်တော် တစ်ခြမ်းမှ မီးကို ဖြစ်စေ၍ နောက်ကိုယ်တော်တစ်ခြမ်းမှ ရေကို ဖြစ်စေ၏၊
- နောက်ကိုယ်တော် တစ်ခြမ်းမှ မီးကို ဖြစ်စေ၍ ရှေ့ကိုယ်တော်တစ်ခြမ်းမှ ရေကို ဖြစ်စေ၏၊
- လက်ျာကိုယ်တော် တစ်ခြမ်းမှ မီးကို ဖြစ်စေ၍ လက်ဝဲကိုယ်တော်တစ်ခြမ်းမှ ရေကို ဖြစ်စေ၏၊
- လက်ဝဲကိုယ်တော် တစ်ခြမ်းမှ မီးကို ဖြစ်စေ၍ လက်ျာကိုယ်တော်တစ်ခြမ်းမှ ရေကို ဖြစ်စေ၏။
- လက်ျာနားတွင်းတော်မှ မီးကို ဖြစ်စေ၍ လက်ဝဲနားတွင်းတော်မှ ရေကို ဖြစ်စေ၏၊ လက်ဝဲနားတွင်းတော်မှ မီးကို ဖြစ်စေ၍ လက်ျာနားတွင်းတော်မှ ရေကို ဖြစ်စေ၏၊
- လက်ျာမျက်လုံးတော်မှ မီးကို ဖြစ်စေ၍ လက်ဝဲမျက်လုံးတော်မှ ရေကို ဖြစ်စေ၏၊ လက်ဝဲမျက်လုံးတော်မှ မီးကို ဖြစ်စေ၍ လက်ျာမျက်လုံးတော်မှ ရေကို ဖြစ်စေ၏၊
- လက်ျာနှာခေါင်းတော်မှ မီးကို ဖြစ်စေ၍ လက်ဝဲနှာခေါင်းတော်မှ ရေကို ဖြစ်စေ၏၊ လက်ဝဲနှာခေါင်းတော်မှ မီးကို ဖြစ်စေ၍ လက်ျာနှာခေါင်းတော်မှ ရေကို ဖြစ်စေ၏။
- လက်ျာပခုံးထွတ်တော်မှ မီးကို ဖြစ်စေ၍ လက်ဝဲပခုံးထွတ်တော်မှ ရေကို ဖြစ်စေ၏၊ လက်ဝဲပခုံးထွတ်တော်မှ မီးကို ဖြစ်စေ၍ လက်ျာပခုံးထွတ်တော်မှ ရေကို ဖြစ်စေ၏၊
- လက်ျာလက်မောင်းတော်မှ မီးကို ဖြစ်စေ၍ လက်ဝဲလက်မောင်းတော်မှ ရေကို ဖြစ်စေ၏၊

- လက်ဝဲလက်မောင်းတော်မှ မီးကို ဖြစ်စေ၍ လက်ျာလက်မောင်းတော်မှ ရေကို ဖြစ်စေ၏။
- လက်ျာနံဘေးတော်မှ မီးကို ဖြစ်စေ၍ လက်ဝဲနံဘေးတော်မှ ရေကို ဖြစ်စေ၏၊ လက်ဝဲနံဘေးတော်မှ မီးကို ဖြစ်စေ၍ လက်ျာနံဘေးတော်မှ ရေကို ဖြစ်စေ၏၊
- လက်ျာခြေတော်မှ မီးကို ဖြစ်စေ၍ လက်ဝဲခြေတော်မှ ရေကို ဖြစ်စေ၏၊ လက်ဝဲ ခြေတော်မှ မီးကို ဖြစ်စေ၍ လက်ျာခြေတော်မှ ရေကို ဖြစ်စေ၏၊
- လက်ချောင်းတော်တို့မှ မီးကို ဖြစ်စေ၍ လက်ချောင်းတော်ကြားမှ ရေကို ဖြစ်စေ၏၊ လက်ချောင်းတော်ကြားတို့မှ မီးကို ဖြစ်စေ၍ လက်ချောင်းတော်တို့မှ ရေကို ဖြစ်စေ၏၊
- မွေးညှင်းတော်တစ်ချောင်း, တစ်ချောင်းမှ မီးကို ထွက်စေ၍ မွေးတွင်းတော်တစ်ခု, တစ်ခုတို့မှ ရေကို ဖြစ်စေ၏၊ မွေးတွင်းတော် တစ်ခု, တစ်ခုမှ မီးကို ထွက်စေ၍ မွေးညှင်းတော်တစ်ချောင်း, တစ်ချောင်းမှ ရေကို ထွက်စေ၏။
- ဆံအမွေးတော်တို့မှုငင်း မျက်စိတော်တို့၏ ညိုသောအရပ်တို့မှုငင်း ညိုသောရောင်ခြည်တော်ကို ထွက်စေ၏၊
- အရေတော်မှုငင်း မျက်စိတော်တို့၏ ရွှေသောအရပ်တို့မှုငင်း ရွှေသောရောင်ခြည်တော်တို့ကို ထွက်စေ၏၊
- အသွေးတော်တို့မှုငင်း မျက်စိတော်တို့၏ နီသောအရပ်တို့မှုငင်း နီသောရောင်ခြည်တော်တို့ကို ထွက်စေ၏၊
- အရိုးတို့မှုငင်း သွားတို့မှုငင်း မျက်စိတို့၏ ဖြူသောအရပ်တော်တို့မှုငင်း ဖြူသောရောင်ခြည်တော်တို့ကို ထွက်စေ၏၊
- ထိုထိုသို့သော ကိုယ်တော်အရပ်တို့မှ မောင်းသော ရောင်ခြည်တော်, ပြိုးပြိုးပြက်သော ရောင်ခြည်တော်တို့သည် ထွက်ကုန်၏။

ဤသို့ အစည်းအဝေး၌ မြတ်စွာဘုရား၏စိတ်တော်ကို ယူ၍ ပြဿနာမေးခြင်းငှာ စွမ်းနိုင်သော တပါးသောသူ မမြင်၍ နိမ္မိတဘုရား ဖန်ဆင်းတော်မူ၏၊

နိမ္မိတဘုရား မေးတော်မူသော ပြဿနာကို မြတ်စွာဘုရား ဖြေတော်မူ၏၊
မြတ်စွာဘုရား မေးတော်မူသော ပြဿနာကို နိမ္မိတဘုရား ဖြေတော်မူ၏၊

မြတ်စွာဘုရား စင်္ကြံသွားတော်မူသောအခါ နိမ္မိတဘုရား ရပ်လည်း ရပ်၏၊
ထိုင်လည်း ထိုင်၏၊ လျောင်းလည်း လျောင်း၏၊

နိမ္မိတဘုရား စင်္ကြံသွားတော်မူလျှင် မြတ်စွာဘုရား ရပ်၏၊ ထိုင်၏၊ လျောင်း၏၊ ဤသို့ ဆိုအပ်ပြီးသော ယမိုက်ပြာဋိဟာကို မြတ်စွာဘုရားသည် ထိုရတနာစင်္ကြံ၌ စင်္ကြံသွား၍ ပြတော်မူ၏၊ စင်္ကြံသွားလျက် တရားရံခါ, ရံခါ ဟောတော်မူ၏၊ နိမ္မိတဘုရားလည်း စင်္ကြံသွားလျက် ရံခါ တရားဟောတော်မူ၏။

ဤသို့ မီး, ရေ အစုံအစုံသော ယမိုက်ပြာဋိဟာပြရာ၌ တေဇောကသိုဏ်းလျှင် အာရုံရှိသော သမာပတ်စျာန်၏အစွမ်းအားဖြင့် မီးထွက်၏၊ အာပေါကသိုဏ်းလျှင် အာရုံရှိသော စျာန်သမာပတ်၏ အစွမ်းအားဖြင့် ရေထွက်၏၊ မီးထွက်တော်မူရာမှ ရေထွက်၏၊ ရေထွက်ရာမှ မီးထွက်၏၊ မီး, ရေတို့သည် တပြိုင်နက်ထွက်ကုန်သကဲ့သို့ အစုံ, အစုံလျှင် ဖြစ်ကုန်၏၊ မီးအစုံနှင့် ရေအယဉ်တို့ မရောနှောကုန်၊

မီးကို ထွက်စေသည်လည်း ၁-ကဿဒ္ဓိ,
ရေကို ထွက်စေသည်လည်း ၁-ကဿဒ္ဓိ၊

မြတ်စွာဘုရား၏စိတ်တော် အလွန်လျှင်လှသောကြောင့် အစုံအစုံ မီး, ရေထွက်သကဲ့သို့ ဖြစ်၏၊ ရောင်ခြည်တော် ၆-သွယ်တို့၌ နီလကသိုဏ်း စျာန်၏ အစွမ်းအားဖြင့်
ညိုသောရောင်ခြည်တော် ထွက်၏၊
ပီတကသိုဏ်းစျာန်၏ အစွမ်းအားဖြင့် ရွှေသောရောင်ခြည်တော် ထွက်၏၊

ဤသို့ စသည်ဖြင့် ရောင်ခြည်တော် ၆-သွယ်တို့သည် ရှေ့, နောက်အစဉ်သဖြင့် ထွက်ကုန်၏၊ ဘဝင်စိတ်တော် အလွန်လျင်သောကြောင့် ရောင်ခြည်တော် ၆-သွယ် အစုံထွက်သကဲ့သို့ ဖြစ်၏။

ဤမီး, ရေတို့သည် ဗြဟ္မာ့ပြည်တိုင်အောင်တက်၍ စကြဝဠာတံတိုင်းနား၌ ကျကုန်၏၊ ၆-သွယ်သော ရောင်ခြည်တော်တို့သည် ဖျဉ်းအိုးတို့မှ သွန်အပ်သော ကြည်လှစွာသော ရွှေရည်ကဲ့သို့, ယန္တရားကျည်မှထွက်သော ရွှေရည်ကဲ့သို့ တစ်ခုသော စကြဝဠာတိုက်မှထွက်၍ ဗြဟ္မာပြည်တိုင်အောင်ထိ၍ တဖန်ပြန်၍ စကြဝဠာတံတိုင်းနားကို ယူလေကုန်၏၊ တစ်ခုသော စကြဝဠာတိုက်သည် ရွှေမိုး, ရွှေခြင်စီအပ်သော ဗောဓိအိမ်သို့ ဖြစ်၏၊ တပြိုင်နက်သော အလင်းသည် ဖြစ်၏၊ ထိုနေ့၌ မြတ်စွာဘုရားသည် စင်္ကြံသွားလျက် ယမိုက်ပြာဋိဟာ ပြတော်မူ၏၊ အကြားအကြား၌ တရားဟောတော်မူ၏၊ ဟောတော်မူသော်လည်း လူအပေါင်းတို့ အားထုတ်ခြင်းကင်းသည်ကို မပြုမူ၍ ဩဝါဒကို ပေး၏။

ထိုအခါ လူများအပေါင်းသည် ကောင်းချီးသံကို ဖြစ်စေကုန်၏၊ ထိုဖြစ်စေသော မြတ်စွာဘုရားသည် များစွာသော လူအပေါင်းတို့၏ စိတ်ကို ကြည့်တော်မူလျက် တစ်ယောက်, တစ်ယောက်သောသူအား ၁၆-ပါးသော အခြင်းအရာ၏ အစွမ်းဖြင့် စိတ်ကို သိတော်မူ၏၊ အကြင်, အကြင်သို့သောသူသည် အကြင်တရား၌ ကြည်ညို၏၊ အကြင်ပြာဋိဟာ၌ ကြည်ညို၏၊ ထိုထိုသို့သော သူတို့၏ အလိုဖြင့် တရားကို ဟောတော်မူ၏၊ ထိုထိုသို့သော သူတို့၏ အလိုနှင့်လျော်စွာ ပြာဋိဟာကို ပြတော်မူ၏၊ ဤသို့ တရားဟောတော်မူလျက် ယမိုက်ပြာဋိဟာ ပြတော်မူသောအခါ၌ **အကုဋေ -၂၀ ကုန်သော ဝေနေယျတို့အား သစ္စာ ၄-ပါး** တရားကို သိခြင်းသည် ဖြစ်၏။

## တာဝတိံသာသို့ ကြွတော်မူခြင်း

မြတ်စွာဘုရားသည် ယမိုက်ပြာဋိဟာ ပြတော်မူပြီးသော် ရှေးဘုရားတို့သည် ဤယမိုက်ပြာဋိဟာကို ပြ၍ "အဘယ်အရပ်၌ ဝါဆိုတော်မူသနည်း"ဟု ဆင်ခြင်တော်မူသော် တာဝတိံသာနတ်ပြည်၌ ဝါဆိုတော်မူ၍ **မယ်တော်မိနတ်သားအား အဘိဓမ္မာပိဋကတ်ကို** ဟောတော်မူ၏-ဟု မြင်တော်မူ၏။

- လက်ျာခြေတော်ကို ချီ၍ ယုဂန္ဓိုရ်တောင်၏ ထိပ်၌ ထားတော်မူ၍
- ထို့နောင် လက်ဝဲခြေတော်ကို ချီတော်မူ၍ မြင်းမိုရ်တောင်၏ထိပ်၌ ထားတော်မူ၏၊

ဤသို့ ယူဇနာခြောက်သန်း, ရှစ်သိန်းအပြင်၌ ထားတော်မူသောအခါ-

- ၃-ဖဝါးအကြိမ်တို့သည် ဖြစ်ကုန်၏၊
- ၂-လှမ်းတို့သည် ဖြစ်ကုန်၏၊

မြတ်စွာဘုရားသည် ခြေတော်ကို ဆန့်၍ နင်းသည်-ဟု မမှတ်အပ်၊ မြတ်စွာဘုရား၏ ခြေတော်ကို ချီသောအခါ၌ ထိုတောင်တို့သည် ခြေတော်ရင်း၌ လာ၍ခံကုန်၏၊ နင်းတော်မူပြီးသော် ထ၍ မိမိတို့၏တည်ရာ၌ တည်လေကုန်၏။

သိကြားမင်းသည် မြတ်စွာဘုရားကို မြင်၍ "ပဏ္ဍုကမ္ဗလာကျောက်ဖျာ၌ မြတ်စွာဘုရားသည် ဝါဆိုတော်မူလိုသည် ထင်၏၊ ဤဝါတွင်း ၃-လပတ်လုံး များစွာသော နတ်တို့အား ကျေးဇူးများသည် ဖြစ်လတ္တံ့၊ ဤကျောက်ဖျာ၌ မြတ်စွာဘုရား နေတော်မူသော်ကား

နတ်တို့သည် လက်ကိုမျှ ဤကျောက်ဖျာ၌ တင်အံ့သောငှာ မဝံ့ကုန်လတ္တံ့၊ ဤကျောက်ဖျာသည် အလျားမှ ယူဇနာ ၆၀-ရှိ၏၊ အနံမှ ယူဇနာ-၅၀, အထု ၁၅-ယူဇနာဖြင့် ကျယ်ဝန်းလေ၏၊ မြတ်စွာဘုရား နေတော်မူပြီးသော်ကား အချည်းနှီးကဲ့သို့ ဖြစ်လတ္တံ့”ဟု သိကြားကြံ၏၊ မြတ်စွာဘုရားသည် ထိုသိကြား၏ အလိုကို သိ၍ ဒုကုဋ်တော်ကို ကျောက်ဖျာအလုံးကို ဖုံးလွှမ်းမိစေလျက် ပစ်တော်မူလိုက်၏၊ သိကြားမင်း ကြံပြန်၏၊ “ရှေးဦးစွာ သင်္ကန်းကိုမူကား ကျောက်ဖျာကို ဖုံးအုပ်မိစေလျက် ပစ်တော်မူ၏၊ ကိုယ်တော်သည်ကား အနည်းငယ်မျှသော အရပ်၌သာ နေထိုင်တော်မူလတ္တံ့”ဟု ကြံပြန်၏။

ထိုသိကြားမင်း၏ အလိုကို သိတော်မူ၍ နိမ့်သောအင်းပျဉ်ငယ်၌ ပံသုကူဆောင်သော မထေရ်ကြီးကဲ့သို့ ပဏ္ဍုကမ္ဗလာကျောက်ဖျာကို သင်္ကန်း၏အတွင်း၌ ပြု၍ ထိုင်နေတော်မူ၏၊ ယမိုက်ပြာဋိဟာ ပြတော်မူရာ၌ လူများအပေါင်းသည် မြတ်စွာဘုရား နတ်ပြည်သို့ ကြွတော်မူသောခဏ၌ ကြည့်သော်မမြင်၍ လ, နေတို့၏ ဝင်သောအခါကဲ့သို့ဖြစ်၍-

**ဂတော နု စိတ္တကူဋံ ဝါ၊ ကေလာသံ ယုဂန္ဓရံ။**
**န နော ဒက္ခေမု သမ္ဗုဒ္ဓံ၊ လောကဇေဋ္ဌံ နရာသဘံ။ -**

ဤဂါထာကို ရွတ်ဆို၍ မြည်တမ်းကြကုန်၏။

သတ္ထာ၊ မြတ်စွာဘုရားသည်။ စိတ္တကူဋံ ဝါ၊ စိတ္တကုဋ်တောင်သို့ရင်း။ ကေလာသံ ဝါ၊ ကေလာသတောင်သို့ရင်း။ ယုဂန္ဓရံ ဝါ၊ ယုဂန္ဓိုရ်တောင်သို့ရင်း။ ဂတော နု၊ ကြွတော်မူလေသလော။ လောကဇေဋ္ဌံ၊ လူသုံးပါးတို့ထက် ကြီးတော်မူထသော။ နရာသဘံ၊ လူ, နတ်တို့ထက် အာသဘမြောက်တော်မူထသော။ သမ္ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ နော၊ ငါတို့သည်။ န ဒက္ခေမု၊ မမြင်ပါကုန်ပြီတကား။

ဤသို့ မြည်တမ်းကြကုန်၏၊ တပါးသော သူတို့သည်ကား ဤသို့ ဆိုကုန်၏၊ “မြတ်စွာဘုရားတို့မည်သည် ဆိတ်ငြိမ်ရာ၌ မွေ့လျော်တော်မူ၏၊ ဤမျှလောက်သော ပရိသတ်၏ အလယ်၌ ဤသို့ သဘောရှိသော ပြာဋိဟာကို ငါသည်ပြခဲ့ပြီ-ဟု ထိုမြတ်စွာဘုရားသည် ရှက်သဖြင့် တိုင်းတပါးသို့သော်ရင်း ဇနပုဒ်တပါးသို့သော်ရင်း သွားလေတော့သည် ဖြစ်လတ္တံ့၊ ယခုအခါ ငါတို့ မမြင်ရကုန်ပြီ”ဟု ဤဂါထာကို ရွတ်၍ မြည်တမ်းငိုကြွေးကြကုန်၏။

**ပဝိဝေကရတော ဓီရော၊ နယိမံ လောကံ ပုနေဟိ။**
**န နော ဒက္ခေမု သမ္ဗုဒ္ဓံ၊ လောကဇေဋ္ဌံ နရာသဘံ။ ။**

ပဝိဝေကရတော၊ ဆိတ်ငြိမ်ရာ၌ မွေ့လျော်သော။ ဇိနော၊ မြတ်စွာဘုရားသည်။ ဣမံ လောကံ၊ ဤလူ့ပြည်သို့။ ပုန၊ တဖန်။ န ဧဟိ၊ မပြန်လာလတ္တံ့။ လောကဇေဋ္ဌံ၊ သော။ နရာသဘံ၊ သော။ သမ္ဗုဒ္ဓံ၊ ကို။ နော၊ ငါတို့သည်။ န ဒက္ခေမု၊ မမြင်ရပါကုန်။

ဤသို့ဆို၍ ငိုမြည်တမ်းကုန်၏၊ ထိုလူများတို့သည် "အရှင်ဘုရား၊ မြတ်စွာဘုရားသည် အဘယ်မှာရှိတော်မူသနည်း"ဟု အရှင်မောဂ္ဂလာန်ကို မေးကုန်၏၊ အရှင်မောဂ္ဂလာန်သည်လည်း "သူတပါးတို့၏ဂုဏ်သည် ထင်ရှားစေသတည်း"ဟု ကြံ၍ "အရှင်အနုရုဒ္ဓါကို မေးကြကုန်"ဟု ဆို၏၊ ထိုသူတို့သည် "အရှင်ဘုရား၊ မြတ်စွာဘုရားသည် အဘယ်အရပ်၌ ရှိလေသနည်း"ဟု အရှင်အနုရုဒ္ဓါကို မေးလေကုန်သော် "တာဝတိံသာ၌ ဝါဆို၍ မယ်တော်မိနတ်သားအား **အဘိဓမ္မာ**တရားကို ဟောအံ့ဟု ကြွလေ၏"ဆိုသော် "အဘယ်အခါ၌ လာပါအံ့နည်း"ဟု မေးပြန်သဖြင့် " ၃-လပတ်လုံး အဘိဓမ္မာပိဋကတ်ကို ဟော၍ သီတင်းကျွတ်လပြည့်နေ့၌ လာလတ္တံ့."ဟု မိန့်တော်မူသော် "ငါတို့သည် မြတ်စွာဘုရားကို မမြင်ရဘဲ မသွားကုန်ပြီ"ဟု ထိုပြာဋိဟာပြရာ အစည်းအဝေးအရပ်၌ သစ်တပ်ဖွဲ့ကုန်၏၊ မိုး ၃-လပတ်လုံး ကောင်းကင်သည်သာ ထိုသူတို့အား အမိုးဖြစ်၏၊ များစွာသော ပရိသတ်၏ကိုယ်၌ ကျင်ကြီး, ကျင်ငယ်မည်သည်မထင်၊ မြေကြီးသည် ဟင်းလင်းအပေါက်ကို ပေး၏၊ ၃၆-ယူဇနာ အဝန်းရှိသော အရပ်သည် သန့်ရှင်းစင်ကြယ်သော မြေအပြင်ရှိ၏။

ပြာဋိဟာမပြမီ ရှေးဦးက မြတ်စွာဘုရားသည် ရှင်မောဂ္ဂလာန်ကို "သင်သည် ဤပရိတ်သတ်အား တရားဟောလော့၊ **စူဠအနာထပိဏ်**သည် အာဟာရပေးလတ္တံ့."ဟု မိန့်၏၊ ထို့ကြောင့် ဝါတွင်း ၃-လပတ်လုံး စူဠအနာထပိဏ်သည် ထိုမျှလောက်သော ပရိသတ်အား ည, နံနက် ယာဂု, ထမင်း, ခဲဖွယ်, လက်ဖက်, ပန်း, နံ့သာတို့ကို ပေး၏၊ အရှင်မောဂ္ဂလာန်သည် တရားဟော၏၊ ထိုသူတို့မေးသော ပြဿနာကို ဖြေ၏။

✪✪✪✪✪✪✪✪✪✪✪

## ၁၇၅။ တာဝတိံသာ၌ တရားဟောတော်မူခြင်း

မြတ်စွာဘုရားသည် လူ့ပြည်၌ ဝါဆိုလပြည့်ကျော်အထွက် ၁-ရက်နေ့အခါကို မှတ်၍ တာဝတိံသာနတ်ပြည်၌ မဟာသုဒဿန အမည်ရှိသော နတ်မြို့၏အရှေ့မြောက် ယွန်း၌ မဟာဝန်ဥယျာဉ်၌ ရောက်သော ပင်လယ်ကသစ်ပင်ရင်း၌ ပဏ္ဍုကမ္ဗလာကျောက်ဖျာ၌ ၇-ဝါမြောက်ဝါကို ဆိုတော်မူ၏၊ ထိုကျောက်ဖျာ၏ နူးညံ့ခြင်းကား သိကြားထ၍

နေလျှင် ပုဆစ်ဒူးမျှနစ်၏၊ ထိုင်၍နေလျှင် ချက်မျှနစ်၏၊ လျောင်း၍နေလျှင် ကိုယ်တစ်ခြမ်းနစ်၏၊ သိကြားစသော ကာမာဝစရနတ်တို့၏ ကိုယ်ကား ၃-ဂါဝုတ် အလုံးအရပ်ရှိ၏၊ ဤကား ဖန်ဆင်း၍ နေသောကိုယ်တည်း။

## အင်္ကုရ, ဣန္ဒကနတ်သားတို့ကို တရားဟောခြင်း

တာဝတိံသာ၌ မယ်တော်မိနတ်သားအား တရားဟောခြင်းငှာ ဝါဆိုသော မြတ်စွာဘုရားကို တစ်သောင်းသော စကြဝဠာတိုက်၌ နေကုန်သော အလုံးစုံသောနတ်တို့သည် လာကုန်၍ ခြံရံကုန်၏၊ ထိုနတ်တို့တွင် တစုံတယောက်သောနတ်သည်မျှ အဆင်းအရောင်ဖြင့် မြတ်စွာဘုရားထက်သာ၍ မတင့်တယ်ကုန်၊ ခပ်သိမ်းသော နတ်တို့ကို လွှမ်း၍ မြတ်စွာဘုရားအားသာ တင့်တယ်တော်မူ၏၊ ဤသို့ ခပ်သိမ်းသော နတ်တို့ကို ကိုယ်တော်၏ အရောင်ဖြင့် အလွှမ်းဖြစ်၍ နေတော်မူပြီးသော မြတ်စွာဘုရား၏ မယ်တော်ဖြစ်ဖူးသော နတ်သားသည် တုသိတာနတ်ပြည်မှလာ၍ လက်ျာနံပါး၌ နေ၏၊ ဣန္ဒကနတ်သားသည်လည်း လက်ျာပုဆစ်ဒူးတော်အနီး၌ နေ၏၊ အင်္ကုရနတ်သားသည် လက်ဝဲပုဆစ်ဒူးတော်အနီး၌ နေ၏၊ တန်ခိုးကြီးသော နတ်တို့သည် နောက်လာပြန်ကုန်သော် အင်္ကုရနတ်သားသည် နောက်သို့ ဆုတ်၍ မြတ်စွာဘုရားမှ ၁၂-ယူဇနာကွာသော အရပ်၌ နေရလေ၏၊ ဣန္ဒကနတ်သားသည်ကား ရှေးနေမြဲတိုင်း၌ပင် နေနိုင်၏။

မြတ်စွာဘုရားသည် ထိုနတ်သား ၂-ယောက်ကို ကြည့်၍ မြတ်စွာဘုရား၏ သာသနာတော်၌ မြတ်သောအလှူခံဟု ဆိုအပ်သော တပည့်ရဟန်းတို့အား လှူအပ်သော အလှူ၏ အကျိုးကြီးသော အဖြစ်ကို ခပ်သိမ်းသောသူတို့အား သိစေလို၍ အင်္ကုရနတ်သားကို ခေါ်၍ မိန့်တော်မူ၏၊ "အင်္ကုရ၊ သင်သည် ရှည်စွာသော အခွင့်အကြား၌ အနှစ် ၁၀,၀၀၀-အရှည်ရှိသော ကာလပတ်လုံး ၁၂-ယူဇနာအတိုင်းအရှည်ရှိသော ခုံလောက်အစဉ်ကို ပြု၍ ထမင်းရည်ချောင်းစီးမျှ ကြီးစွာသော အလှူကို လှူ၏၊ ထိုသင်သည် ယခု ငါ၏အနီး၌ နေပြီးမှ ၁၂-ယူဇနာတိုင်အောင် ဆုတ်ပြန်၍ နေရခြင်းသည် အကြောင်းအဘယ်သို့နည်း" ဟု မေးတော်မူ၏၊ ထိုမေးသောအသံတော်သည် မြေအပြင်တိုင်အောင် ရောက်၏၊ မြေအပြင်၌ စည်းဝေးသော အလုံးစုံသော ပရိသတ်သည်လည်း ထိုအသံကို ကြားရ၏။

ဤသို့ မြတ်စွာဘုရားမေးအပ်သော အင်္ကုရနတ်သားသည် "ကိံ မယံ့ တေန ဒါနေန" အစရှိသော ဂါထာကို ရွတ်၍ "ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ မြတ်သော အလှူခံပုဂ္ဂိုလ်မှ ဆိတ်သော ကြီးစွာသော အကျွန်ုပ်၏အလှူကြောင့် အကျွန်ုပ်

အား တန်ခိုးအဘယ်သို့ ကြီးနိုင်ချေအံ့၊ ထိုဣန္ဒကနတ်သားသည် အနည်းငယ်သော အကြင်အလှူကို ပြု၏၊ ထိုအလှူကြောင့် လမင်းသည် ကြယ်အပေါင်းတို့ကို လွှမ်း၍ တင့်တယ်သကဲ့သို့ အင်္ကုရနတ်ကို လွှမ်း၍ ဣန္ဒက တင့်တယ်လေ၏”ဟု လျှောက်၏၊

ထို့နောင် မြတ်စွာဘုရားသည် “ဣန္ဒက၊ သင်သည်အဘယ့်ကြောင့် လက်ျာပုဆစ်ဒူးတော်ပါးမှ မခွာမူ၍ နေမြဲတိုင်း နေနိုင်သနည်း”ဟု ဣန္ဒကနတ်သားကို မေးတော်မူသော် “အရှင်ဘုရား၊ လယ်ထွန်ယောက်ျားသည် အနည်းငယ်မျှဖြစ်သော မျိုးစေ့ကို ကောင်းသော လယ်မြေ၌ စိုက်ကြဲရသကဲ့သို့ မြတ်သောအလှူခံကို အင်္ကုရနတ်ပေသည်”ဟု အလှူခံဒက္ခိဏေယျကို ထင်စွာဖြစ်စေလို၍ -

၁။ ဥဒ္ဓဂ်လေ ယထာ ခေတ္တေ၊ ဗီဇံ ဗဟုမ္ပိ ရောပိတံ။
န ဝိပုလံ ဖလံ ဟောတိ၊ နာပိ တောသေတိ ကဿကံ။ ။

၂။ တထေဝ ဒါနံ ဗဟုကံ၊ ဒုဿီလေသု ပတိဋ္ဌိတံ။
န ဝိပုလံ ဖလံ ဟောတိ၊ နာပိ တောသေတိ ဒါယကံ။ ။

၃။ ယထာပိ ဘဒ္ဒကေ ခေတ္တေ၊ ဗီဇံ အပ္ပံပိ ရောပိတံ။
ပမာဒါ ယေ ပဝဿန္တေ၊ ဖလံ တောသေတိ ကဿကံ။ ။

၄။ တထေဝ သီလဝန္တေသု၊ ဂုဏဝန္တေသု တာဒိသု။
အပ္ပကံပိ ကတံ ဒါနံ၊ ပုညံ ဟောတိ မဟပ္ဖလန္တိ -

ဟူသော ၄-ဂါထာတို့ဖြင့် ဣန္ဒက လျှောက်၏၊

ဤဂါထာတို့၌ အဓိပ္ပါယ်ကား “ဘုန်းတော်ကြီးမြတ်တော်မူသော အရှင်ဘုရား၊ ကျတ်တီးကုန်းခင်၌ များစွာသော မျိုးစေ့ကို စိုက်သော်လည်း ပြန့်ပြောစွာ အသီးမဖြစ်၊ ထိုမျိုးစေ့သည် လယ်လုပ်ယောက်ျားကိုလည်း မနှစ်သက်စေနိုင်သကဲ့သို့ ထို့အတူ သီလသီတင်းမရှိသော အလှူခံတို့၌ များစွာပေးလှူသောအလှူသည် အကျိုးပြန့်ပြောသည် မဖြစ်၊ ဒါယကာကိုလည်း မနှစ်သက်စေနိုင်၊ ကောင်းသောလယ်မြေ၌ မျိုးစေ့ကို အနည်းငယ်မျှ စိုက်ပျိုးသော်လည်း မိုးရွာသောအခါ ပြန့်ပြောစွာ သီးသည်ဖြစ်၍ လယ်လုပ်ယောက်ျားကို နှစ်သက်စေသကဲ့သို့ ထို့အတူ သီလဂုဏ်နှင့်ပြည့်စုံသော အလှူခံတို့၌ အနည်းငယ်ပြုအပ်သော ကောင်းမှုသည် အကျိုးကြီးမြတ်သည်ဖြစ်၏”ဟု ဆိုလိုသည်။

ထိုဣန္ဒကနတ်သား၏ ရှေးကောင်းမှုကား လူဖြစ်သောအခါ ဆွမ်းခံရွာတွင်းသို့ ဝင်သော အရှင်အနုရုဒ္ဓါအား မိမိစားဖို့ရာ ထမင်းမှ တစ်ယောက်မမျှသော ဆွမ်းကို လှူ၏၊

ထိုကောင်းမှုသည် အင်္ကုရမင်း အနှစ်ရှစ်သောင်းကာလပတ်လုံး ၁၂-ယူဇနာရှိအောင် ခုံလောက်စဉ်ပြု၍ ထမင်းရည်ချောင်းစီးအောင် လှူသောအလှူထက် အကျိုးကြီးသည်ဖြစ်၏၊ ဤသို့ ဣန္ဒကလျှောက်သော် "အင်္ကုရ၊ အလှူမည်သည်ကို ရွေးချယ်၍ လှူအပ်၏၊ ဤသို့ ရွေးချယ်၍ လှူသောအလှူသည် ကောင်းသောလယ်မြေ၌ စိုက်သောမျိုးစေ့ကဲ့သို့ အကျိုးကြီးသည် ဖြစ်၏၊ သင်သည် ရွေးချယ်၍ အလှူမပေး၊ ထို့ကြောင့် သင်၏အလှူသည် အကျိုးကြီးသည် မဖြစ်"ဟု မိန့်တော်မူ၍ -

**ဝိစေယျ ဒါနံ ဒါတဗ္ဗံ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ။**
**ဝိစေယျ ဒါနံ ဒတွာန၊ သဂ္ဂံ ဂစ္ဆန္တိ ဒါယကာ။ ။**

**ဝိစေယျ ဒါနံ သုဂတပ္ပသဋ္ဌံ၊ ယေ ဒက္ခိဏေယျာ ဣဓ ဇီဝလောကေ။**
**ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ၊ ဗီဇာနိ ဝုတ္တာနိ ယထာ သုခေတ္တေတိ -**

ဟူသော တရားကို ဟောတော်မူပြီး၍ ရွေးချယ်အပ်သော ပုဂ္ဂိုလ်ကို ဤသို့ ဟောတော်မူ၏။

**တိဏဒေါသာနိ ခေတ္တာနိ၊ ရာဂဒေါသာ အယံ ပဇာ။**
**တသ္မာ ဟိ ဝီတဒေါသေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။**
**တိဏဒေါသာနိ ခေတ္တာနိ၊ ဒေါသဒေါသာ အယံ ပဇာ။ ။**

အစရှိသော တရားတို့ကို ဟောတော်မူ၏၊ ထိုတရားတော် အဆုံး၌ အင်္ကုရ, ဣန္ဒက နတ်သားတို့သည် သောတပတ္တိဖိုလ်၌ တည်လေကုန်၏။

## အဘိဓမ္မာတရားဟောတော်မူခြင်း

ထိုဝါတွင်းအခါ၌ နတ်ပရိသတ်၏ အလယ်၌ နေတော်မူလျက် မယ်တော်ဖြစ်ဖူးသော **သန္တုသိတနတ်သား**ကို အကြောင်းပြု၍ **ကုသလာဓမ္မာ, အကုသလာဓမ္မာ, အဗျာကတာဓမ္မာ** အစရှိသည်ဖြင့် အဘိဓမ္မာ ၇-ကျမ်းကို ဟောတော်မူ၏၊ ဤသို့ ဝါတွင်း ၃-လ ပတ်လုံး အဘိဓမ္မာ ပိဋကတ်ကို ဟောတော်မူသော မြတ်စွာဘုရားသည် ဆွမ်းခံချိန်ရောက်သောအခါ၌ "ငါလာသည့်တိုင်အောင် ဤမျှလောက်သော တရားကို ဟောစေသတည်း" ဟု **နိမ္မိတဘုရား**ကို ဖန်ဆင်း၍ ကံ့ကော်နွယ်ဒန်ပူကို စား၍ အနဝတတ်အိုင်နား၌ မျက်နှာတော်သစ်၍ ဥတ္တရကုရုကျွန်းမှ ဆွမ်းကို ဆောင်၍ အနဝတတ်အိုင်နား၌ ဆွမ်းစားခြင်းကိစ္စကိုပြု၏၊ အရှင်သာရိပုတ္တရာသည် ထိုဆွမ်းစားရာ၌ ဝတ်ကြီး, ဝတ်ငယ်ကို ပြုလာ၏၊ မြတ်စွာဘုရားသည် ဆွမ်းစားပြီးသော် "သာရိပုတ္တရာ၊ ယနေ့ ဤမျှလောက်သောတရားကို ငါဟော

အပ်ပြီ၊ သင်သည် သင်၏ တပည့်ရဟန်းသစ် ၅၀၀-တို့အား သင်စေ”ဟု မိန့်မှာ၏၊ ယမိုက်ပြာဋိဟာကို ကြည်ညို၍ ၅၀၀-သောအမျိုးသားတို့သည် အရှင်သာရိပုတ္တရာအထံ၌ ထိုဝါဦးတွင် ရဟန်းပြုကုန်၏၊ ထိုရဟန်းတို့ကို ရည်၍ မြတ်စွာဘုရားသည် ရှင်သာရိပုတ္တရာကို မှာတော်မူ၏။

မှာတော်မူပြီး၍ နတ်ပြည်သို့ မသွားတည့်သေးမူ၍ နိမ္မိတဘုရားဟောသော အရာမှစ၍ အလုံးစုံသောတရားကို ဟောတော်မူ၏၊ ရှင်သာရိပုတ္တရာသည် ပြန်ခဲ့၍ ထိုရဟန်း ၅၀၀-တို့အား ဟော၏၊ ထိုရဟန်း ၅၀၀-တို့သည် မြတ်စွာဘုရား နတ်ပြည်၌ နေတော်မူစဉ် အဘိဓမ္မာ ၇-ကျမ်းကို တတ်သည် ဖြစ်ကုန်၏၊ ထိုရဟန်းတို့သည် ကဿပဘုရားဖြစ်သော အခါ လင်းနို့မျိုး၌ ဖြစ်ကုန်၍ တစ်ခုသောလိုဏ်၌ တွဲလွဲဆွဲကုန်လျက် ၂-ယောက်သော မထေရ်တို့သည် စကြံသွားကုန်၍ အဘိဓမ္မာကို သရဇ္ဈာယ်သော အသံ၌ နိမိတ်ကို ယူကုန်၏၊ ထိုလင်းနို့တို့သည် **ဤသည်ကား ခန္ဓာ, ဤသည်ကား အာယတန, ဤသည်ကား ဓာတ်ဟူ၍ မသိကုန်မူ၍ အသံ၌ နိမိတ်ယူကာမျှဖြင့် လင်းနို့အဖြစ်မှ စုတေ့သော် နတ်ပြည်၌ ဖြစ်လေကုန်၏၊** ဘုရား ၂-ဆူအကြား ကာလပတ်လုံး လူ့ချမ်းသာ, နတ်ချမ်းသာကို ခံစား၍ ငါတို့ဂေါတမမြတ်စွာဘုရားသည် လူတွင်ထင်ရှား ဘုရားဖြစ်တော်မူသောအခါ ထိုနတ်ပြည်မှ စုတေ့ခဲ့၍ သာဝတ္ထိပြည်၌ ဖြစ်ကုန်၍ ယမိုက်ပြာဋိဟာပြတော်မူသောအခါ ထိုပြာဋိဟာကို ကြည်ညို၍ အရှင်သာရိပုတ္တရာအထံ၌ ရဟန်းပြု၍ ခပ်သိမ်းသောသူတို့၏ ရှေးဦးစွာ အဘိဓမ္မာကို တတ်ကုန်၏။

မြတ်စွာဘုရားသည် အနဝတတ်အိုင်နား၌ ဆွမ်းဘုဉ်းပေးပြီးသော် အရှင်သာရိပုတ္တရာအား အဘိဓမ္မာကို ဟောပြီး၍ စန္ဒကူးနံ့သာတော၌ နေတော်မူပြီးမှ ဇေတဝန်ကျောင်းတော်၌ သာဝတ္ထိပြည်သူတို့၏ တရားနာသောအခါ ညနေချမ်းမှ နတ်ပြည်သို့ ကြွတော်မူ၏၊ မြတ်စွာဘုရားလာသည်ကိုရင်း နိမ္မိတဘုရားဖန်ဆင်း၍ ကြွသွားသည်ကိုရင်း နတ်, ပြဟ္မာ ပရိသတ်အပေါင်းတို့သည် မသိကုန်၊ သစ္စာ ၄-ပါးတရားကို သိခြင်းသည် ဖြစ်ကုန်၏၊ မယ်တော်ဖြစ်ဖူးသော သန္တုသိတနတ်သားသည် သောတာပတ္တိဖိုလ်၌ တည်၏၊ ပြာဋိဟာ ပြတော်မူရာ၌ ၃၆-ယူဇနာအဝန်းရှိသော ထိုပရိသတ်သည်လည်း သီတင်းကျွတ်လဆန်း ၉-ရက်နေ့၌ အရှင်မောဂ္ဂလာန်သို့ ကပ်၍ “အရှင်ဘုရား၊ မြတ်စွာဘုရားသည် နတ်ပြည်မှ သက်အံ့သောနေ့ကို သိအောင်ပြုပါ၊ အကျွန်ုပ်တို့သည် မြတ်စွာဘုရားကို မမြင်ရဘဲ မသွားကုန်”ဟု လျှောက်ကုန်၏။

အရှင်မောဂ္ဂလာန်သည် ထိုစကားကို ကြား၍ “ထိုတကာတို့ လျှောက်ရာအရပ်၌ပင် မြေ၌ငုပ်လျှိုး၍ မြင့်မိုရ်တောင်ခြေရင်းသို့ သွား၍ မြင့်မိုရ်တောင်ကိုတက်သည်နှင့်အတူ

မြင်စေသတည်း”ဟု ဓိဋ္ဌာန်တော်မူ၍ ပတ္တမြားရတနာ၌ သီသော, ဖြော့တော့သော, ဝါသော အဆင်းရှိသော ကမ္ဗလာချည်ကြိုးကဲ့သို့ထင်လျက် မြင့်မိုရ်တောင်၏ အလယ်ဖြင့် တက်၏၊ လူတို့သည် အရှင်မောဂ္ဂလာန်ကို ၁-ယူဇနာတက်ပြီ၊ ၂-ယူဇနာတက်ပြီ၊ ဤသို့ စသည်ဖြင့် မျှော်လျက်ကြည့်ကုန်၏၊ မထေရ်သည် မြတ်စွာဘုရားခြေတော်ကို ဦးခေါင်းဖြင့် ရွက်သကဲ့သို့ မြင့်မိုရ်ထိပ်၌ ပေါ်၍ မြတ်စွာဘုရားကို ရှိခိုး၍ “ဘုန်းတော်ကြီးသော အရှင်ဘုရား၊ ပရိသတ်တို့သည် အရှင်ဘုရားကို ဖူးမြင်ပြီး၍ သွားပါကုန်လို၏၊ အဘယ်အခါ၌ နတ်ပြည်မှ သက်တော်မူပါလတ္တံ့နည်း”ဟု လျှောက်၏။

“မောဂ္ဂလာန်၊ သင်၏ အစ်ကိုကြီးဖြစ်သော သာရိပုတ္တရာသည် အဘယ်အရပ်၌ ရှိသနည်း”ဟု မြတ်စွာဘုရား မေးတော်မူ၍ “အရှင်ဘုရား၊ နောင်တော်သာရိပုတ္တရာ သင်္ကဿနဂိုရ်ပြည်၌ ဝါကပ်တော်မူ၏”ဟု လျှောက်သော် “မောဂ္ဂလာန်၊ ယနေ့မှ ၇-ရက်မြောက်ဖြစ်သော မဟာပဝါရဏာနေ့၌ သင်္ကဿနဂိုရ်ပြည်၏ အရှေ့တံခါးအနီး၌ ငါသက်တော်မူလတ္တံ့၊ ငါ့ကို ဖူးမြင်လိုသောသူတို့သည် သင်္ကဿနဂိုရ်ပြည်သို့ လာစေကုန်၊ သာဝတ္ထိပြည်မှ သင်္ကဿပြည်သည် ယူဇနာ ၃၀-ကွာ၏၊ ဤမျှသောခရီး၌ တစုံတယောက်သောသူအား ဆန်ရေရိက္ခာ ထုပ်ယူခြင်းမည်သည် မရှိစေလင့်၊ ဥပုသ်သီလ ဆောက်တည်ကုန်သည်ဖြစ်၍ အဦးဖြစ်သောကျောင်း၌ တရားနာအံ့သောငှာ သွားကုန်သကဲ့သို့ သင်တို့ သွားကုန်ရာ၏ဟု ပရိသတ်တို့အား သင်ကြားလေ”ဟု မှာတော်မူလိုက်၏၊ အရှင်မောဂ္ဂလာန်လည်း “ကောင်းပြီ အရှင်ဘုရား”ဟု ဝန်ခံ၍ သာဝတ္ထိသို့ ပြန်၍ ထိုပရိသတ်တို့အား ထိုအကြောင်းကို ကြားတော်မူ၏။

✪✪✪✪✪✪✪✪✪✪✪

## ၁၇၆။ နတ်ပြည်မှ ရတနာစောင်းတန်းဖြင့် ဆင်းသက်ခြင်း

မြတ်စွာဘုရားသည် ဝါကျွတ်သော် သီတင်းကျွတ်လပြည့်နေ့ တာဝတိံသာ၌ ပဝါရဏာပြု၍ လူ့ပြည်သို့ သက်အံ့သော အကြောင်းကို သိကြားမင်းအား ကြားတော်မူ၏၊ သိကြားမင်းသည်-

လက်ျာ ရွှေစောင်းတန်း,

လက်ဝဲ ငွေစောင်းတန်း,

အလယ်၌ ပတ္တမြားစောင်းတန်း -အားဖြင့်

- စောင်းတန်း ၃-သွယ်တို့၏ခြေသည် သင်္ကဿပြည် အရှေ့တံခါးဝ၌ ချ၏၊
- စောင်းတန်းဦးသည် မြင့်မိုရ်တောင်ထိပ်၌ ဖြစ်၏၊ ထိုစောင်းတန်းတို့တွင်-
- လက်ျာ ရွှေစောင်းတန်းသည်ကား နတ်တို့အား သက်စိမ့်သောငှာ,
- လက်ဝဲငွေစောင်းတန်းကား ဗြဟ္မာတို့ သက်စိမ့်သောငှာ,
- အလယ်ပတ္တမြားစောင်းတန်းကား မြတ်စွာဘုရားသက်တော်မူစိမ့်သောငှာ ဖြစ်၏၊

မြတ်စွာဘုရား မြင့်မိုရ်တောင်ထိပ်၌ ရပ်တော်မူ၍ နတ်ပြည်မှသက်သော **မြာဋိဟာ** ကိုပြုလို၍ အထက်ကို ကြည့်တော်မူ၏၊

- ဗြဟ္မာ့ပြည်တိုင်အောင် ဟင်းလင်းတပြင်တည်း ဖြစ်၏၊
- အောက်သို့ကြည့်တော်မူသော် အဝီစိတိုင်အောင် ဟင်းလင်းတပြင်တည်းဖြစ်၏၊
- တူရူဖြစ်သော အရပ်, ထောင့်အရပ်တို့ကို ကြည့်တော်မူသော် အသိန်းမက များစွာသော စကြဝဠာတို့သည် ဟင်းလင်းတပြင်တည်း ဖြစ်ကုန်၏။
- လူတို့သည် နတ်တို့ကို မြင်ရကုန်၏၊

ထိုနေ့၌ မြတ်စွာဘုရား၏တင့်တယ်ခြင်းကို ကြည့်၍ ၃၆-ယူဇနာ အဝန်းရှိသော ပရိသတ်၌ တစ်ယောက်သောသူသည်မျှ ဘုရားဆုကို မတောင်းသောသူမည်သည် မရှိ၊ တောင်းသောသူချည်းသာတည်း။

- နတ်တို့သည် ရွှေစောင်းတန်းဖြင့် သက်ကုန်၏၊
- ဗြဟ္မာတို့သည် ငွေစောင်းတန်းဖြင့် သက်ကုန်၏၊
- မြတ်စွာဘုရားသည် ပတ္တမြားစောင်းတန်းဖြင့် သက်တော်မူ၏၊
- ပဉ္စသိခနတ်သားသည် ဗေလုဝစောင်းကို ယူ၍ မြတ်စွာဘုရား၏ လက်ျာနံပါး၌ ရပ်၍ စောင်းဖြင့်ပူဇော်လျက် သက်၏၊
- မာတလိနတ်သားသည် လက်ဝဲနံပါး၌ သက်၏၊
- မဟာဗြဟ္မာသည် မြတ်စွာဘုရားကို ထီးမိုး၍ နောက်မှလိုက်၏၊
- သုယာမနတ်သားသည် သားမြီးယပ်ကို ကိုင်၍ ယပ်ခတ်၍ လိုက်၏၊

မြတ်စွာဘုရားသည် ဤသို့သော အခြံအရံဖြင့် သက်တော်မူ၍ သင်္ကဿပြည်၏ အရှေ့တံခါးဝ စောင်းတန်းရင်း၌ ရပ်တော်မူ၏။

အရှင်သာရိပုတ္တရာသည်လာ၍ မြတ်စွာဘုရားကို ရှိခိုး၍ အကြင့်ကြောင့် ဤအခါမှ ရှေး၌ ထိုသို့ဆိုအပ်ပြီးသော သဘောရှိသော မြတ်စွာဘုရား၏ တင့်တယ်ခြင်းဖြင့် နတ်ပြည်မှ သက်တော်မူသော မြတ်စွာဘုရားကို မမြင်စဖူး၊ ထို့ကြောင့် “န မေ ဒိဋ္ဌပုဗ္ဗော ဣတော”

အစရှိသည်ဖြင့် မိမိနှစ်သက်ခြင်းကို ပြ၍ "ဘုန်းတော်ကြီးမြတ်တော်မူသော ရှင်ပင်ဘုရား၊ ယနေ့သည် ခပ်သိမ်းသော လူ, နတ်တို့သည် အလွန်ချစ်မြတ်နိုးကုန်၏"ဟူ၍ လျှောက်၏၊ ထိုအခါ အရှင်သာရိပုတ္တရာကို မြတ်စွာဘုရားသည် "ချစ်သား သာရိပုတ္တရာ၊ ဤသို့ သဘောရှိသော ကျေးဇူးတို့နှင့် ပြည့်စုံကုန်သော ဘုရားတို့မည်သည်ကား ချစ်မြတ်နိုးအပ်သည်သာလျှင် ဖြစ်ကုန်၏"ဟု မိန့်တော်မူ၏။

**ယေ ဈာနပသုတာ ဓီရာ၊ နိက္ခမ္မူပသမေ ရတာ။**
**ဒေဝါပိ တေသံ ပိဟယန္တိ၊ သမ္ဗုဒ္ဓါနံ သတီမတံ -**

ဟူသော တရားဒေသနာတော်ကို ဟောတော်မူ၏၊ ဒေသနာတော်၏အဆုံး၌ အကုဋေ ၃၀-မျှကုန်သော ဝေနေယျတို့သည် အကျွတ်တရား ရကုန်၏၊ အရှင်သာရိပုတ္တရာ၏တပည့် ၅၀၀-သောရဟန်းတို့သည် ရဟန္တာဖြစ်လေကုန်၏။

ခပ်သိမ်းသော ဘုရားတို့သည် ယမိုက်ပြာဋိဟာပြပြီးလျှင် နတ်ပြည်၌ ဝါဆိုတော်မူ၍ သင်္ကဿပြည်၏ အရှေ့တံခါး၌ နတ်ပြည်မှသက်ခြင်း, ထိုသက်ရာအရပ်၌ လကျ်ာ **ခြေဖဝါးတော်အရာကို** တည်စေခြင်းသည် ဘုရားတကာတို့၏ မရွေ့သောအရာတည်း၊ မြတ်စွာဘုရားသည် ထိုအရပ်၌ ရပ်တော်မူလျက် ပုထုဇဉ်, သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်တို့အား ထိုထိုသို့သော ပုဂ္ဂိုလ်တို့နှင့်လျော်ပတ်စွာ ပြဿနာကို မေးတော်မူ၏၊

- ပုထုဇဉ်တို့သည် မိမိတို့၏ အရာ၌ ပြဿနာကို ဖြေနိုင်ကုန်၏၊
- သောတာပန်တို့၏ အရာ၌ ပြဿနာကို မဖြေနိုင်ကုန်၊
- သောတာပန်တို့သည်လည်း မိမိတို့၏အရာ၌ ပြဿနာကို ဖြေနိုင်ကုန်၏၊
- သကဒါဂါမ်တို့၏ အရာ၌ ပြဿနာကို သောတာပန်တို့သည် မဖြေနိုင်ကုန်၊
- အနာဂါမ်တို့၏အရာ၌ သကဒါဂါမ်တို့ မဖြေနိုင်၊
- ရဟန္တာတို့၏အရာ၌ အနာဂါမ်တို့ မဖြေနိုင်၊
- ရှင်မောဂ္ဂလာန်၏အရာ၌ ပြဿနာကို မဟာသာဝကတို့သည် မဖြေနိုင်၊
- အရှင်သာရိပုတ္တရာ၏အရာ၌ အရှင်မောဂ္ဂလာန် မဖြေနိုင်၊

- မြတ်စွာဘုရား၏အရာ၌ ပြဿနာကို အရှင်သာရိပုတ္တရာ မဖြေနိုင်သည်ဖြစ်၍ အရှင်သာရိပုတ္တရာသည် အရှေ့အရပ်ကို အစပြု၍ ခပ်သိမ်းသောအရပ်ကို ကြည့်၏၊ ခပ်သိမ်းသောအရပ်၌ ဟင်းလင်းတပြိုင်တည်း မြင်၏။

ထိုအခါ အထက်၌ ဗြဟ္မာ့ပြည်တိုင်အောင်, အောက်မြေ၌တည်သော နဂါး, ဂဠုန်တို့ပြည်တိုင်အောင် အလုံးစုံသော နတ်, လူတို့သည် လက်အုပ်ချီကုန်၍ "အရှင်သာရိပုတ္တရာ၊ ဤအကျွန်ုပ်တို့အရပ်၌ မြတ်စွာဘုရားမေးတော်မူသော ထိုပြဿနာကို ဖြေတတ်သောသူမည်သည် မရှိပါ၊ ထိုအရှင်ဘုရား နေတော်မူရာအရပ်၌သာလျှင် စုံစမ်းတော်မူပါကုန်"ဟု ဆိုကုန်၏။

ယေ စ သင်္ခတဓမ္မာ ယေ စ သေက္ခာ ပုထူဓ။
တေသံ မေ နိပကော ဣရိယံ ပုဋ္ဌော ပဗြူဟိ မာရိသာ'တိ -

ဟူသော မြတ်စွာဘုရားအရာ၌ ပြဿနာကို အရှင်သာရိပုတ္တရာ ကြား၍ "မြတ်စွာဘုရားသည် သေက္ခတို့၏ အကြင်အာဂမနပဋိပဒါကို ငါ့အား မေး၏-ဟူ၍ ပြဿနာ၌ယုံမှားခြင်း ကင်း၏၊ ခန္ဓာအစရှိသည်တို့တွင်ကား အဘယ်ခန္ဓာဖြင့် ဤပဋိပဒါကို ဖြေသည်ရှိသော် ငါသည် မြတ်စွာဘုရားအလိုတော်ကို ယူအံ့သောငှာ တတ်နိုင်ပါအံ့နည်း-ဟု ငါ၏အလို၌ ယုံမှား၏။" "ထိုသာရိပုတ္တရာသည် ပင်ပန်း၏၊ ငါသည် နည်းမပေးသော် သာရိပုတ္တရာသည် ဖြေအံ့သောငှာ မတတ်နိုင်လတ္တံ့၊ ထိုသာရိပုတ္တရာအား ငါသည်နည်းပေးအံ့"ဟု မြတ်စွာဘုရား ကြံတော်မူ၍ နည်းပေးတော်မူလိုသော မြတ်စွာဘုရားသည် -

ဘူတမိဒံ သာရိပုတ္တ သမနုပဿသီ'တိ။

ဟူ၍ ဟောတော်မူ၏၊ မြတ်စွာဘုရားအား ဤသို့ စိတ်တော်ရှိသည် ဖြစ်၏၊ "သာရိပုတ္တရာသည် ငါ၏အလိုကို ယူ၍ ဖြေသည်ရှိသော် ခန္ဓာ၏ အစွမ်းဖြင့် ပြေလတ္တံ့။" မြတ်စွာဘုရားသည် နည်းပေးတော်မူသဖြင့် အရှင်သာရိပုတ္တရာအား ထိုပြဿနာသည် အရာသော နည်းဖြင့်ငှင်း အထောင်သောနည်းဖြင့်ငှင်း ထင်၏၊ ထိုရှင်သာရိပုတ္တရာသည် မြတ်စွာဘုရား ပေးတော်မူသော နည်း၌တည်၍ ပြဿနာကို ဖြေ၏၊ မြတ်စွာဘုရားကိုထား၍ ဘုရားမှတပါး သောသူသည် ရှင်သာရိပုတ္တရာ၏ပညာကို မှီခြင်းငှာ စွမ်းနိုင်သောသူမည်သည် မရှိ၊ ထို့ကြောင့်သာလျှင် အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရား၏ ရှေ့တော်၌ရပ်၍ "အရှင်ဘုရား၊ တစ်ကမ္ဘာပတ်လုံး မိုးရွာသည်ရှိသော် ဤမျှသောမိုးပေါက်သည် သမုဒ္ဒရာ၌ ကျ၏၊ ဤမျှသောမိုးပေါက်သည် မြေ၌ကျ၏၊ ဤမျှသည် တောင်၌ ကျ၏"ဟု ရေတွက်၍ အမှတ်ကို ယူခြင်းငှာ စွမ်းနိုင်ပါ၏"ဟူ၍ မကြောက်မရွံ့သော စကားကို ဆို၏၊ မြတ်စွာဘုရားသည် "သာရိပုတ္တရာ၊ သင်ရေတွက်ခြင်းငှာ စွမ်းနိုင်သော အဖြစ်ကို ငါသိ၏"ဟု မိန့်တော်မူ၏၊ ထို့ကြောင့် အရှင်သာရိပုတ္တရာ၏ ပညာတော်အားလည်း နှိုင်းယှဉ်စရာ ဥပမာ မရှိသည် သာတည်း၊ ထို့ကြောင့် -

**ဂင်္ဂါယ ဝါဠုကာ ခီယေ၊ ဥဒကံ ခီယနမေဝ။**
**မဟိယံ မတ္တိကာ ခီယေ၊ န ခီယေ မမ ဗုဒ္ဓိယာ။ ။**

ဟူ၍ အရှင်သာရိပုတ္တရာ ဆိုတော်မူ၏။

အဓိပ္ပါယ်ကား "ဘုန်းတော်ကြီးသော အရှင်ဘုရား၊ တစ်ခုသော ပြဿနာကို ဖြေသည်ရှိသော် သဲတစ်ဆုပ်ကို ပစ်၍မှတ်အံ့၊ ဂင်္ဂါမှ ရေတစ်ပေါက်ကို ပစ်၍မှတ်အံ့၊ မြေမှ မြေမှုန့်တစ်လုံးကို ပစ်၍ မှတ်အံ့၊ ထိုသို့ မှတ်သဖြင့် ပြဿနာအရာ, အထောင်စသည်တို့ကို ဖြေသော် ဂင်္ဂါစသည်တို့၌ သဲအစရှိသည်တို့သာလျှင် ကုန်ခြင်းသို့ ရောက်ရာ၏၊ အကျွန်ုပ်၏ ပညာသည်ကား ကုန်ခြင်းသို့ မရောက်ရာ"ဟူလိုသည်။

ဤသို့ စင်ကြီးသော ပညာရှိသော မထေရ်သည် မြတ်စွာဘုရား၏ အရာ၌ မြတ်စွာဘုရား၏ ပြဿနာ၏အစကိုငင်း အဆုံးကိုငင်း မမြင်နိုင်သောကြောင့် မြတ်စွာဘုရား မေးတော်မူအပ်သောနည်း၌ တည်၍ ဖြေတော်မူ၏၊ ထိုသို့ ရှင်သာရိပုတ္တရာဖြေသည်ကို ကြား၍ ရဟန်းတို့သည် "မြတ်စွာဘုရားမေးသော ပြဿနာကို အလုံးစုံသော ရဟန်းအပေါင်းသည် မဖြေနိုင်၊ အရှင်သာရိပုတ္တရာ တစ်ပါးသာ ဖြေနိုင်သည်"ဟု စကားကို ဖြစ်စေကုန်၏၊ ထိုစကားကို မြတ်စွာဘုရား ကြားတော်မူ၍ "ချစ်သားတို့၊ သာရိပုတ္တရာသည် ယခုအခါ၌သာ ခပ်သိမ်းသောသူတို့၏ မဖြေနိုင်သော ငါ၏ပြဿနာကို ဖြေသည် မဟုတ်၊ ရှေး၌လည်း ဖြေဖူးသည်သာလျှင်တည်း"ဟု မိန့်တော်မူ၍ ထိုရဟန်းတို့သည် တောင်းပန်သဖြင့် -

**ပရောသဟဿံပိ သဟဂတာနံ၊ ကရေယျုံ တေ ဝဿသတံ အပညာ။**
**ဧကောဝ သေယျော ပုရိသော၊ ယော ဘာသိတဿ ဝိဇာနာတိ အတ္ထံ'တိ။ ။**

ဟူသော ဂါထာကို အကျယ်ချဲ့၍ ပရောသဟဿဇာတ်ကို ဟောတော်မူ၏၊ ဟောတော်မူသောအဆုံး၌ များစွာသော ဝေနေယျတို့သည် သောတာပတ္တိဖိုလ် အစရှိသည်တို့၌ တည်ကုန်၏၊ ထိုအခါ၌ ရှေးဘုရားတို့သည် နတ်ပြည်၌ ဝါဆိုတော်မူ၍ သက်သောအခါ ခြေတော်ရာချမြဲဖြစ်သော သင်္ကဿနဂိုရ်ပြည် အရှေ့တံခါးဝ၌ လူ, နတ်တို့ ကိုးကွယ်စိမ့်သောငှာ လက်ျာခြေဖဝါးတော်ရာကို ချတော်မူ၍ မွေ့လျော်တော်မူတိုင်း ထိုအရပ်၌ နေတော်မူ၍ သာဝတ္ထိပြည်သို့ ကြွတော်မူလေ၏။

(ဤမျှသော စကားအစဉ်သည်ကား ရာဇဂြိုဟ်ပြည်၌ ပြာဋိဟာပြတော်မူအံ့သော အကြောင်းဝတ္ထု ဖြစ်သည်မှစ၍ သာဝတ္ထိပြည်၌ ပြာဋိဟာပြတော်မူပြီးသော် နတ်ပြည်၌ ဝါဆိုတော်မူ၍ ဝါကျွတ်လျှင် သင်္ကဿနဂိုရ်ပြည် အရှေ့တံခါး၌ နတ်ပြည်မှ သက်တော်မူသည်တိုင်အောင်ဆိုသော စကားအစဉ်တည်း)

✪✪✪✪✪✪✪✪✪✪✪

## ၁၇၇။ စိဉ္စမာဏမိန်းမယုတ်အကြောင်း

မြတ်စွာဘုရားသည် ၇-ဝါမြောက် နတ်ပြည်၌ ဝါဆိုတော်မူပြီး၍ သင်္ကဿနဂိုရ်ပြည်၌ နတ်ပြည်မှ သက်တော်မူ၍ ခြေတော်ရာချပြီး၍ ဒေသစာရီကြွတော်မူသဖြင့် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်သို့ရောက်၍ ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ ဇမ္ဗူဒီပါကျွန်းကို လွှမ်းမိုး၍စီးသော မြစ်ကြီး ၅-စင်းကဲ့သို့ မြတ်စွာဘုရားအား လာဘ်သပ္ပကာ ပူဇော်သက္ကာရသည် အတိုင်းမသိ ပြန့်ပြောသည် ဖြစ်၏၊ တိတ္ထိတို့သည်ကား နေထွက်သောအခါ ပိုးမြေမြှုးကဲ့သို့ ဖြစ်ကုန်၍ ယုတ်သော **လာဘ်ပူဇော်သက္ကာရ** ရှိကုန်သည်ဖြစ်၍ နှလုံးမသာ ဆင်းရဲကြီးစွာဖြစ်ကုန်လျက် ခရီးမ၌ ရပ်ကုန်၍ "ရဟန်းဂေါတမသည်သာလျှင် ဘုရားဖြစ်သလော၊ ငါတို့သည်လည်း ဘုရားဖြစ်ကုန်၏၊ ရဟန်းဂေါတမအား လှူခြင်းသည်သာလျှင် အကျိုးကြီးသလော၊ ငါတို့အား လှူသော်လည်း အကျိုးကြီးကုန်၏၊ ငါတို့အားလည်း လှူကုန်လော့၊ ပူဇော်သက္ကာရ ပြုကုန်လော့"ဟု လူတို့ကို ဆိုပြောဟောကုန်သော်လည်း လာဘ်ပူဇော်သက္ကာရကို မရကုန်မူ၍ ဆင်းရဲကြီးစွာ နှလုံးမသာ ချသောမျက်နှာ, လည်ကုပ် ရှိကုန်သည်ဖြစ်၍ အောက်သို့ မျက်နှာပြုကုန်လျက် အဘယ်သို့သော အကြောင်းဖြင့် ရဟန်းဂေါတမ၏ကျေးဇူးမဲ့ကို လူတို့အား ပြောကြား၍ လာဘ်ပူဇော်သက္ကာရကို ဖျက်ဆီးကုန်ရအံ့နည်း"ဟု ကြံကုန်၏။

ထိုရောအခါ သာဝတ္ထိပြည်၌ စိဉ္စမာဏအမည်ရှိသော တစ်ယောက်သော ပရိဗိုဇ်မသည် မြတ်သောအဆင်းကို ဆောင်၏၊ တင့်တယ်ခြင်းသို့ ရောက်၏၊ နတ်သမီးကဲ့သို့ ကိုယ်မှအရောင်တို့သည် ပြိုးပြိုးပြက် ထွက်ကုန်၏၊ ထိုသို့သောအခါ တစ်ယောက်သော တိတ္ထိသည် ဤသို့ ဆို၏၊ "စိဉ္စမာဏဝိကာကို စွဲ၍ ရဟန်းဂေါတမအား ကျေးဇူးမဲ့ကို ဖြစ်စေ၍ လာဘ်ပူဇော်သက္ကာရကို ဖျက်ဆီးကုန်အံ့"ဟု ဆို၏၊ ထိုအလုံးစုံသော တိတ္ထိတို့သည် "ဤအကြောင်းကား သင့်၏"ဟု ဝန်ခံကုန်၏၊ ထိုရောအခါ စိဉ္စမာဏဝိကာသည် တိတ္ထိတို့၏ ကျောင်းသို့သွား၍ ရှိခိုး၍ ရပ်လေသော် တိတ္ထိတို့သည် ထိုစိဉ္စမာဏဝိကာနှင့်တကွ စကား မပြောမဆို နေကုန်၏၊ ထိုစိဉ္စမာဏသည် "အရှင်တို့၊ အကျွန်ုပ်အား အဘယ်အပြစ်

ရှိသနည်း၊ အကျွန်ုပ်သည် ၃-ကြိမ် ရှိခိုးပါ၏၊ အရှင်ကောင်းတို့ အကျွန်ုပ်အား အဘယ်အပြစ်ရှိသနည်း၊ အဘယ့်ကြောင့် အကျွန်ုပ်ကို စကားမပြောသနည်း"ဟု ဆို၏။

"နှမ စိဥ္စမာဏ၊ ရဟန်းဂေါတမသည် ငါတို့ကို ညှဉ်းဆဲလျက် လာဘ်ပူဇော်သက္ကာရမရှိသည်ကို ပြု၍ သွားလာသည်ကို သင်မသိပါသလော"ဟု ဆိုကုန်သော် "အရှင်ကောင်းတို့၊ အကျွန်ုပ်မသိပါ၊ အဘယ်သို့လျှင် ဤအမှု၌ အကျွန်ုပ်သည် ပြုရမည်နည်း" ဟု မေး၏၊ "နှမ စိဥ္စမာဏ၊ ငါတို့၏ချမ်းသာခြင်းကို အကယ်၍ သင်သည် အလိုရှိပါအံ့၊ နှမကိုစွဲ၍ ရဟန်းဂေါတမ၏ ကျေးဇူးမဲ့ကို ဖြစ်စေ၍ လာဘ်ပူဇော်သက္ကာရကို နှမဖျက်ဆီးပါလော့"ဟု ဆိုကုန်၏၊ ထိုစိဥ္စမာဏသည် "အရှင်ကောင်းတို့၊ ကောင်းပါပြီ၊ ဤအမှုသည် အကျွန်ုပ်အား ဝန်မလေး၊ မစိုးရိမ်ကုန်လင့်"ဟု ဆို၍ သွားလေ၍ မိန်းမမာယာ ၄၀-တို့၌ လိမ္မာလှသည်၏အဖြစ်ကြောင့် ထိုနေ့မှစ၍ သာဝတ္ထိပြည်သူတို့၏ တရားနာ၍ ဇေတဝန်ကျောင်းတော်မှထွက်သောအခါ၌ ကြမ်းပိုးအဆင်းနှင့်တူသော ခြုံထည်နီကို ခြုံ၍ ပန်းနံ့သာစသည်ကို လက်စွဲလျက် ဇေတဝန်ကျောင်းတော်သို့ ရှေးရှုလာ၏။

"စိဥ္စမာဏ၊ ဤအခါ၌ အဘယ်သို့ သွားအံ့နည်း"ဟု မေးကုန်သော် "သင်တို့အား ငါ၏သွားရာအရပ်ဖြင့် အဘယ်ပြုအံ့နည်း" ဆို၍ ဇေတဝန်ကျောင်းတော်အနီး၌ တိတ္ထိတို့၏ ကျောင်းသို့ဝင်၍ ထိုတိတ္ထိတို့နှင့် ပျော်ပါးအိပ်နေ၍ နံနက်စောစောကလျှင် မြတ်စွာဘုရားကို ရှိခိုးအံ့-ဟု မြို့မှထွက်ကုန်သော သရဏဂုံဆောက်တည်သော ဒါယကာ, ဒါယိကာမ အပေါင်းတို့ကို ဇေတဝန်ကျောင်းတော်မှ ပြန်သကဲ့သို့ ထင်စေ၍ မြို့တွင်းသို့ ဝင်လာ၏၊ "အဘယ်အရပ်၌ အိပ်နေခဲ့သနည်း" မေးသောသူတို့ကို "သင်တို့အား ငါ၏အိပ်ရာနေရာဖြင့် အဘယ်ပြုအံ့နည်း"ဟု ဆို၏၊ ဤကဲ့သို့ နေ့တိုင်းပြု၍ ၁-လခွဲလွန်သဖြင့် မေးသောသူတို့ကို ဇေတဝန်ကျောင်းတော်၌ ရဟန်းဂေါတမနှင့် အတူတကွ တစ်ခုသော ဂန္ဓကုဋီ၌ အိပ်နေသည် ဖြစ်၏"ဟု ပြောဆို၏။

"ပုထုဇဉ်တို့အား ဤစကားသည် မှန်သလော၊ မမှန်သလော"ဟု ယုံမှားခြင်းကို ဖြစ်စေ၍ ၃, ၄-လလွန်သဖြင့် ပုဆိုးကြမ်းညစ်တို့ဖြင့် ဝမ်းကို ရစ်ပတ်၍ ကိုယ်ဝန်ဆောင်သော အဆင်းကို ယူ၍, အပေါ်၌ နီသောပုဆိုးကို ရုံ၍, ရဟန်းဂေါတမကို စွဲ၍ရသည့် ကိုယ်ဝန်-ဟု မိုက်သောသူတို့ကို ယုံမှတ်စေ၍ ၈-လ, ၉-လလွန်သဖြင့် ဝမ်း၌ လိပ်ခွံသဏ္ဌာန် ခုံးခုံးသစ်ပျဉ်ကို ဖွဲ့၍ အပေါ်၌ ပုဆိုးရုံ၍ လက်, ခြေ, ကျောက်ဆစ်တို့ကို နွားမေးရိုးဖြင့် ပုတ်ခတ်စေ၍ ကိုယ်လက်ဖောရောင် သဏ္ဌာန်ပြု၍ ညှိုးနွမ်းသော ဣန္ဒြေရှိသည်ဖြစ်၍ ညချမ်းသောအခါ မြတ်စွာဘုရားသည် တန်ဆာဆင်အပ်သော တရားဟောပလ္လင်၌ ထိုင်၍ တရားဟောတော်မူသော မြတ်စွာဘုရား၏ တရားသဘင်သို့ သွား၍ မြတ်စွာဘုရား၏

ရှေ့တူရူမှ ရပ်၍ "ရဟန်းကြီး၊ လူများအပေါင်းအား တရားဟောတော်မူပေ၏၊ သင်၏အသံ လည်း သာယာပေ၏၊ သွားတော်ပိတ်ခြင်းလည်း ကောင်းစွာစေ့စပ်ပေ၏၊ ငါတမူကား သင့်ကို စွဲ၍ ပဋိသန္ဓေကိုရ၍ ရင့်သောကိုယ်ဝန်ရှိသည် ဖြစ်ပြီ၊ ငါ့အား သားဖွားအိမ်ကိုလည်း သင်ဆောက်၍ မပေး၊ ထောပတ်, ဆီအစရှိသည်ကိုလည်း မပေး၊ မိမိသည် မပြုလိုသော် လည်း အလုပ်အကျွေးဖြစ်ကုန်သော ဒါယကာတို့တွင် ကောသလမင်းကြီးကိုသော်ရင်း အနာထပိဏ်သူဌေးကိုသော်ရင်း တစ်ယောက်ယောက်ကို ဤမိန်းမငယ်အား ပြုအပ်သည် နှင့် ယှဉ်သော အလုံးစုံကို ပြုပါဟူ မဆို၊ မွေ့လျော်ပျော်ပါးမည်ကိုသာ တတ်ခဲ့၏၊ ကိုယ်ဝန်၏ အစောင့်အရှောက်ကို မသိပါ"ဟု မစင်စုကို ကိုင်၍ လဝန်းကို ဖျက်စီးအံ့သောငှာ လုံ့လပြု သကဲ့သို့ ပရိသတ်တို့၏အလယ်၌ မြတ်စွာဘုရားကို စွပ်စွဲဆဲရေး၏။

မြတ်စွာဘုရားသည် ဟောတော်မူသောတရားကို ထား၍ ကေသရာဇာခြသေ့်မင်း သည် မြူးထူးစမွယ် ဟောက်ဘိမူသကဲ့သို့ "နှမ စိဉ္စမာဏ၊ သင်ဆိုတိုင်းသော စကား အမှုကို ပြုအပ်သောအဖြစ်, မပြုအပ်သော အဖြစ်ကို ငါသာလျှင် သိ၏"ဟု မိန့်တော်မူသော် "သြော်-ရဟန်းကြီး၊ သင်ပြုအပ်သည်၏ အဖြစ်ကြောင့်သာလျှင် ဤကိုယ်ဝန်ပဋိသန္ဓေသည် ဖြစ်ပါတော့သည်"ဟု စိဉ္စမာဏဆိုသော ခဏ၌ သိကြားမင်း၏နေရာသည် ပူသော အခြင်း အရာပြု၏၊ သိကြားမင်းဆင်ခြင်သော် စိဉ္စမာဏသည် မြတ်စွာဘုရားကို မဟုတ်မမှန် သောစကားဖြင့် စွပ်စွဲဆဲရေးသည်ကို သိ၍ ဤအကြောင်းကို သုတ်သင်အံ့-ဟု **နတ်သား** ၄-ယောက်တို့နှင့်တကွလာ၍ နတ်သား ၄-ယောက်တို့သည် ကြွက်ငယ် ၄-ခုပြုကုန်၍ သစ်ပျဉ်ဝမ်းကို ဖွဲ့သော ကြိုးငယ် ၄-ခုကို တပြိုင်နက်ထည်းဖြင့် ကိုက်ဖြတ်ကုန်၏၊ လေနတ် သားသည် ခြုံရုံသော တဘက်ကို ချီကြွပင့်၍ လွင့်လိုက်၏၊ သစ်ပျဉ်ပြားဝန်အောက်သို့ ကျသော် စိဉ္စမာဏ၏ ခြေဘဝါး ၂-ဖက်တို့သည် ပြတ်ကုန်၏။

တရားနာပရိသတ်တို့သည်လည်း "သူယုတ်မ၊ မြတ်စွာဘုရားကို နင်မဟုတ် မမှန်စကားဖြင့် စွပ်စွဲဆဲရေးသည်တကား"ဟု ဦးခေါင်းထက်၌ တံထွေးထွေးကုန်၍ အုတ်ခဲ, လှံတံတို့ဖြင့် ပစ်ခတ်ရိုက်ကုန်လျက် ဇေတဝန်ကျောင်းတော်မှ နှင်ထုတ်ကုန်၏၊ ထိုအခါ မြတ်စွာဘုရား၏ မျက်စိဖြင့်မြင်ကောင်းသော ခရီးကို စိဉ္စမာဏ၏ လွန်သောအခါ၌ မြေကြီး သည် ၂-ဖြာကွဲ၍ ဟင်းလင်းအကြားကို ပေးလင့်၏၊ အဝီစိမှမီးလျှံသည် တက်လတ်၍ ထိုစိဉ္စမာဏသည် အမိ, အဖတို့သည် ပေးအပ်သော ကမ္ဗလာနီရုံသကဲ့သို့ အဝီစိငရဲမီးလျှံဖြင့် ရစ်ပတ်ခြုံရုံလျက် အဝီစိ၌ ဖြစ်လေ၏၊ ထိုတိတ္ထိတို့အား လာဘ်သပ္ပကာယုတ်သည်ထက် သာ ယုတ်လေ၏၊ မြတ်စွာဘုရားအား အတိုင်းထက်အလွန် လာဘ်သပ္ပကာ ပြန့်ပွား၏။

✪✪✪✪✪✪✪✪✪✪✪

## ၁၇၈။ မဟာပဒုမမင်းသားအကြောင်း

တစ်နေ့သ၌ တရားသဘင်၌ "ငါ့ရှင်တို့၊ စိဥ္စမာဏဝိကာသည် ဤသို့မြတ်သော ကျေးဇူးရှိသော အလျှုခံဖြစ်သော မြတ်စွာဘုရားကို မဟုတ်မမှန်သောစကားဖြင့် ဆဲရေး၍ ကြီးကျယ်စွာပျက်စီးခြင်းသို့ ရောက်လေပြီ"ဟု ရဟန်းတို့သည် စကားကို ဖြစ်စေကုန်၏၊ မြတ်စွာဘုရားကြွလာတော်မူ၍ "ချစ်သားရဟန်းတို့၊ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်း"ဟု မေးတော်မူ၏၊ "ဤမည်သော စကားကြောင့်တည်း"ဟု လျှောက်ကုန်သော် "ချစ်သားရဟန်းတို့၊ ယခုသာမဟုတ်၊ ရှေး၌လည်း ဤစိဥ္စမာဏဝိကာသည် မဟုတ်မမှန်သောစကားဖြင့် ငါ့အားစွပ်စွဲ၍ ပျက်စီးခြင်းသို့ ရောက်လေပြီ"ဟု မိန့်တော်မူ၍ -

**နာဒိဋ္ဌာ ပရတော ဒေါသံ၊ အဏုံ ထူလာနိ သဗ္ဗသော။**

**ဣဿရော ပန ယေ ဒဏ္ဍံ၊ သာမံ အပ္ပဋိဝေက္ခိယ။ -**

ဟူသော ဂါထာဖြင့် တန်ဆာဆင်အပ်သော မဟာပဒုမဇာတ်ကို အကျယ်ချဲ့၍ ဒွါဒသနိပါတ်၌ ဟောတော်မူ၏။

ထိုအခါ ဤစိဥ္စမာဏသည် ဘုရားလောင်း မဟာပဒုမမင်းသား၏ မယ်တော်၏ ရန်သူဖြစ်သော မိဖုရားဖြစ်၍ ဘုရားလောင်းကို မေထုန်သံဝါသဖြင့် ဖိတ်မန်၍ ထိုဘုရားလောင်း၏ စိတ်ကို မရ၍ မိမိသည်ပင် မိမိကိုယ်ကို ဆိတ်ဆွကုပ်ဖွဲ့သော အမှုကိုပြု၍ နာယောင်ကို ပြု၍ "သင်မင်းကြီး၏သားသည် အလိုသို့ မလိုက်သော ငါ့ကို ဤသို့ ဖျက်ဆီးခြင်းအမှုကို ပြု၏"ဟု မင်းအား လျှောက်၏၊ မင်းသည် အမျက်ထွက်၍ သားကို ခိုးသူချ ကမ်းပါးပြတ်၌ ပစ်စေ၏၊ တောင်ဝှမ်း၌ နေသောနတ်သည် ခံလင့်၍ နဂါးမင်း၏ ပါးပျဉ်း တိုက်၌ ထားပေ၏၊ နဂါးမင်းသည် နဂါးပြည်သို့ဆောင်၍ ထက်ဝက်သောပြည်ဖြင့် မြတ်နိုးတနာ ဖိတ်မန်၏၊ ထိုဘုရားလောင်းသည် ထိုနဂါးပြည်၌ ၁-နှစ်ပတ်လုံး နေခဲ့၍ ရဟန်းပြုလိုသဖြင့် ဟိမဝန္တာတောသို့ သွား၍ ရဟန်းပြု၍ ဈာန်, အဘိညာဉ်ကို ဖြစ်စေ၏။

ထိုအခါ ဘုရားလောင်းရသေ့ကို တစ်ယောက်သော မုဆိုးမြင်၍ မင်းကြီးအား ကြား၏၊ မင်းကြီးသည် ထိုသူ၏အထံသို့သွား၍ စကားပြောဟော၍ အလုံးစုံသော အကြောင်းကို သိ၍ စကားပြောဟော၍ ဘုရားလောင်းရသေ့ကို ပြည်ဖြင့် ဖိတ်မန်၍ "ငါ့အား မင်းအဖြစ်ဖြင့် အလိုမရှိပြီ၊ သင်မင်းကြီးသည် ၁၀-ပါးသော မင်းကျင့်တရားကို မပျက်စေမူ၍ အဂတိသို့လိုက်ခြင်းကို ပယ်၍ တရားသဖြင့် မင်းပြုလော့"ဟု ဆုံးမ၍ ထိုမင်းသည် နေရာမှထ၍ ငိုမြည်တမ်း၍ မြို့သို့သွားသည်ရှိသော် ခရီးအကြား၌ အမတ်တို့ကို

နကုလမာတာကို စိတ်ဖြင့်မျှသော်လည်း မလွန်ကျူးဖူးပါ၊ ကိုယ်ဖြင့်ကား အဘယ်မှာ လွန်ကျူးပါအံ့နည်း၊ အရှင်ဘုရား၊ အကျွန်ုပ်တို့သည် ဤမျက်မှောက်သောကိုယ်၏ အဖြစ်၌ အချင်းချင်း မြင်ချင်ကြကုန်၏၊ တမလွန်ဘဝ၌လည်း အချင်းချင်း မြင်ရပါလို၏"ဟု လျှောက်၏။

**နကုလမာတာ**သည်လည်း "အရှင်ဘုရား၊ အကျွန်ုပ်ကို အငယ်ကပင် အငယ်ဖြစ်သော နကုလပိတာသူကြွယ်ကို ဆောင်သောအခါမှစ၍ နကုလပိတာသူကြွယ်ကို စိတ်ဖြင့်သော်မှ မလွန်ကျူးဖူးပါ၊ ကိုယ်ဖြင့်ကား အဘယ်မှာ လွန်ကျူးအံ့နည်း၊ ဤမျက်မှောက်သော ကိုယ်၏အဖြစ်မှ အကျွန်ုပ်တို့သည် အချင်းချင်း မြင်ချင်ကြကုန်၏၊ နောင်ဘဝ၌လည်း မြင်ချင်ကြပါလို၏"ဟု အလွန်အကျွမ်းဝင်သောအဖြစ်ဖြင့် သား, သမီးတို့၏အထံ၌မျှသော်လည်း မဆိုစကောင်းသောစကားကို လျှောက်ဆို၏၊ ထို့ကြောင့် "မြတ်စွာဘုရား၌ အကျွမ်းဝင်ကုန်သော ဒါယကာတို့တွင် နကုလပိတာသည် လွန်မြတ်၏၊ ဘုရား၌ အကျွမ်းဝင်သော ဥပါသိကာမတို့တွင် နကုလမာတာသည် လွန်မြတ်၏"ဟု **ဧတဒဂ်ထားတော်မူ**သည်။

✪✪✪✪✪✪✪✪✪✪✪

## ၁၈၁။ ဗောဓိမင်းသားအကြောင်း

"အတ္တာနဉ္စေ ပိယံ ဇညာ" အစရှိသောတရားကို **ဘေသကလာတောအုပ်**၌ ဝါဆိုတော်မူသောအခါ သံသုမာဂိရိမြို့၌ ဗောဓိမင်းသားကို အကြောင်းပြု၍ ဟောတော်မူ၏၊ အကြောင်းကား ဗောဓိမင်းသားသည် စိတြကာရအမည်ရှိသော လက်သမားကို ဇမ္ဗူဒီပါကျွန်း၌ အတုမရှိသော ကောကနုဒ အမည်ရှိသော ပြာသာဒ်ကို ပြုစေ၍ ပြီးလျှင် "ဤပြာသာဒ်၌ အမှုပြီးပြီလော" လက်သမားကို မေး၍ "ပြီးပြီ အရှင်မင်းသား"ဟု လက်သမားလျှောက်လျှင် "ဤပြာသာဒ်ကဲ့သို့ မြို့တပါး၌ သင်ပြုဖူးပြီလော"ဟု မေးပြီး၍ "ဤပြာသာဒ်သည် ရှေးဦးစွာသော အကျွန်ုပ်၏အမှုတည်း"ဟု လျှောက်သော် "ဤလက်သမားသည် တပါးသောမြို့တို့၌ ဤပြာသာဒ်ကဲ့သို့ ပြုပြန်သော် ငါ၏ပြာသာဒ်သည် အံ့ဖွယ်မရှိ ဖြစ်လတ္တံ့၊ ထို့ကြောင့် နောင်မပြုရအောင် လက်ကို ဖြတ်ခြင်းငှာရင်း မျက်စိကို ထုတ်ခြင်းငှာရင်း သတ်ခြင်းငှာရင်း သင့်၏"ဟု ကြံ၍ ထိုအကြံကို မိမိ၏အဆွေခင်ပွန်းဖြစ်သော သဉ္ဇိဝကပုတ္တအား ကြား၏။

ထိုလုလင်သည် "ဤမင်းသည် စင်စစ်လျှင် လက်သမားကို သတ်လတ္တံ့၊ ငါသိလျက် ပျက်စီးခြင်းသို့ မရောက်စကောင်း"ဟု ကြံ၍ လက်သမားသို့ ကပ်၍ "ဆရာ၊ ပြာသာဒ်၌

အမှုသည် ပြီးပြီလော”ဟု မေး၍ “လုလင်၊ ပြီးပြီ”ဟု ဆိုသော် “ဆရာ၊ သင့်ကို မင်းသည် သတ်လို၏၊ အသက်ကို ဆရာစောင့်လေရာ၏”ဟု ဆိုသဖြင့် “လုလင်လှ၊ ဤသို့ သိပါရသဖြင့် မသတ်ရစေခြင်းငှာ ပြုအပ်သောအမှုကို သိပါအံ့”ဟု ဆို၏၊ မင်းလည်း လက်သမားကို ခေါ်၍ “ပြာသာဒ်အမှု ပြီးပြီလော”မေးသော် “အရှင်မင်းသား၊ မပြီးသေး၊ အမှုများစွာ ကြွင်းသေး၏”ဆို၍ “အဘယ်အမှုနည်း”မေးသော် “အရှင်မင်းသား နောက်မှသိရလတ္တံ့၊ အရှင်မင်းသား၊ သစ်သားတို့ကို ဆောင်စေကုန်”ဟု ဆို၏၊ “အဘယ်သစ်တို့နည်း”မေးသော် “အရှင်မင်းသား၊ အနှစ်မရှိသော သစ်တို့ကိုဆောင်ယူ၍ပေးပါ၊ ဤနေ့မှစ၍ အကျွန်ုပ်အမှုလုပ်ရာသို့ တပါးသူကို မလာစေလင့်၊ **သိမ်မွေ့သောအမှုကိုပြုရာ** သူတပါးစကားပြောလာသော် စိတ်ပျံ့လွင့်ခြင်းသည် ဖြစ်၏၊ အကျွန်ုပ်၏ မယားသာလျှင် ထမင်းစသော ခဲဖွယ်ဘောဇဉ်တို့ကို ပို့ပါစေ”ဟု လျှောက်၏။

မင်းလည်း “ကောင်းပြီ”ဟု ဝန်ခံ၏၊ လက်သမားလည်း တစ်ခုသောတိုက်၌ နေ၍ သစ်တို့ကို ပါးပါးရွေ၍ သား, မယားတို့နှင့်တကွ နေလောက်အောင် ဂဠုန်ရုပ်လုပ်ပြီးလျှင် ထမင်းပို့လာသောအခါ မယားကို အိမ်၌ရှိသော ဝတ္ထုကို ရောင်း၍ ရွှေ, ငွေဝယ်စေ၏၊ ဗောဓိမင်းသားလည်း လက်သမားကို မပြေးသွားစိမ့်သောငှာ ခြံရံ၍ အစောင့်ထား၏၊ လက်သမားလည်း ဂဠုန်ပြီးသောအခါ “ယနေ့ည သား, သမီးအလုံးစုံကို ယူ၍လာခဲ့”ဟု မယားကိုမှာ၍ နံနက်စာစားပြီးသော် သားမယားတို့ကို ထိုငှက်ရုပ်၏ ဝမ်း၌နေစေ၍ လေသာတံခါးဖြင့် ထွက်၍ ပျံလေ၏၊ “အို-အရှင်မင်းသား၊ အရှင်မင်းသားတို့၏ လက်သမားသည် ပြေးခဲ့ပြီ”ဟူ၍ ဆိုကုန်စဉ် ဂဠုန်ရုပ်ဖြင့် လက်သမားကောင်းကင်၌ ပျံ၍ ဟိမဝန္တာ၌ သက်၍ တစ်ခုသော မြို့ကို စီရင်၍ **ကဋ္ဌဝါဟန**အမည်ရှိသည်ဖြစ်၍ မင်းပြုလေ၏။

ဗောဓိမင်းသားလည်း ပြာသာဒ်ထက် မင်္ဂလာပြုအံ့-ဟု မြတ်စွာဘုရားကို သံဃာတော်နှင့်တကွ ဖိတ်၍ ပြာသာဒ်၌ ၄-ပါးသောနံ့သာမျိုးတို့ဖြင့် ထုံအပ်သည်ကိုပြု၍ တံခါးခုံမှစ၍ ပုဆိုးအခင်းကို ခင်း၏၊ ထိုဗောဓိမင်းသားသည် သား, သမီးရလိုသောကြောင့် “အကယ်၍ ငါသည် သား, သမီးကို ရလတ္တံ့၊ ဘုရားမြတ်စွာသည် ဤပုဆိုးအခင်းကို နင်းလတ္တံ့”ဟု ကြံ၍ ခင်းသတည်း၊ မြတ်စွာဘုရား ကြွတော်မူလာသောအခါ ထိုမင်းသားသည် ၅-ပါးသောထိခြင်းဖြင့် ရှိခိုး၍ “ဝင်တော်မူပါ အရှင်ဘုရား”ဟု လျှောက်၏၊ မြတ်စွာဘုရားသည် ပုဆိုးအခင်းကို မနင်းဘဲရပ်၏၊ မင်းသားသည် ၂-ကြိမ်, ၃-ကြိမ်တိုင်အောင် “ပုဆိုးအခင်းကို နင်း၍ ဝင်တော်မူပါ”ဟု လျှောက်သဖြင့် မြတ်စွာဘုရား ဝင်တော်မမူဘဲ အရှင်အာနန္ဒာကို ကြည့်၏။

ရှင်အာနန္ဒာသည် မြတ်စွာဘုရား ကြည့်တော်မူသော အမှတ်ဖြင့် ပုဆိုးအခင်းကို နင်းတော်မမူလိုသည်-ဟု သိ၍ "မင်းသား၊ ပုဆိုးကို ပယ်ဘိ၊ ပုဆိုးအခင်းကို နင်းတော်မမူလတ္တံ့၊ မြတ်စွာဘုရားသည် နောင်လာလူအပေါင်းကို ရှုကြည့်တော်မူ၏"ဟု ဆို၍ ပုဆိုးအခင်းကို ရုပ်ပြီးသော် ဝင်တော်မူသော မြတ်စွာဘုရားကို ပြာသာဒ်တွင်း၌ ခင်းအပ်သော နေရာ၌ နေစေ၍ မွန်မြတ်သော ယာဂု, ခဲဖွယ်တို့ဖြင့် လုပ်ကျွေး၍ ရှိခိုးလျက် တင့်အပ်သော အရပ်၌နေ၍ ဤသို့လျှောက်၏၊ "ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ အကျွန်ုပ်သည် ရှင်ပင်ဘုရား၏ ကျေးဇူးတော်ကို သိသည် ဖြစ်ပါ၍ အမိဝမ်း၌ ပဋိသန္ဓေနေသည့်ကာလ၌ အရှင်ဘုရားကို ကိုးကွယ်ပါသည်၊ ၂-ကြိမ်မြောက် ဖွားသောကာလ၌ ကိုးကွယ်ပါသည်၊ ၃-ကြိမ်မြောက် သိ,ကြားလိမ္မာသော အခါ၌ ကိုးကွယ်ပါသည်၊ အကျွန်ုပ်၏ ပုဆိုးအခင်းကို အဘယ့်ကြောင့် နင်းတော်မမူပါသနည်း"ဟု လျှောက်၏။

"မင်းသား၊ မင်းသားသည် သားကိုဍင်း သမီးကိုဍင်း ငါရအံ့၊ မြတ်စွာဘုရားသည် ဤအခင်းကို နင်းလတ္တံ့-ဟု ကြံ၍ ခင်းသောကြောင့် ငါမနင်းသည်"ဟု မိန့်တော်မူသော် "အရှင်ဘုရား၊ အကျွန်ုပ်သည် သား, သမီးတို့ကို မရပြီလော"ဟု လျှောက်သဖြင့် "မရလတ္တံ့" ဟု မိန့်၏၊ "အဘယ့်ကြောင့် မရလတ္တံ့နည်း"ဟု လျှောက်ပြန်သော် "မင်းသား၊ ရှေးဘဝ၌ မယားနှင့်တကွသော သင်သည် တူသော မကောင်းမှုကို ပြုခဲ့သောကြောင့် မရလတ္တံ့" ဟု မိန့်တော်မူသော် "အဘယ်ကာလ၌ ပြုခဲ့ဖူးသနည်း"ဟု လျှောက်၏၊ ထိုအခါ မြတ်စွာဘုရားသည် လွန်လေပြီးသော အကြောင်းကို ဆောင်ပေ၏။

"မင်းသား၊ ရှေးကာလ၌ သင်သည် မယားနှင့်တကွ သင်္ဘော၌လိုက်လေသော် သင်္ဘောသည် သမုဒ္ဒရာအလယ်၌ ပျက်၍ သင်္ဘောသားတို့ သေလေကုန်၏၊ သင်တို့လင်မယားသည် ပျဉ်တစ်ခုကို ရသဖြင့် ကျွန်းတစ်ခုသို့ ဝင်လေ၏၊ ဤကျွန်းမှာ စားစရာမရှိသဖြင့် ထိုကျွန်း၌နေသော များစွာသောငှက်တို့၏ အဥတို့ကို ပြုတ်၍ စားကုန်၏၊ အဥကုန်လျှင် ငှက်ငယ်တို့ကို သတ်၍ စားကုန်၏၊

ဤသို့သောနည်းဖြင့် ပဌမအရွယ်, မဇ္ဈိမအရွယ်, ပစ္ဆိမအရွယ်တို့၌ မကောင်းမှုကို ပြု၍ အသက်မွေးကုန်၏၊ တပါးသော အရွယ်၌မျှ အပ္ပမာဒသို့ မရောက်ကုန်၊ မကောင်းမှုမှ မကြဉ်ကုန်၊ ဤသို့ တူသောမကောင်းမှုကို သင်တို့ပြုသောကြောင့် သင်တို့သား, သမီးတို့ကို မရအံ့သတည်း၊ မင်းသား၊ အရွယ် ၃-ပါးတွင် တပါးပါး၌ မကောင်းမှုကို ကြဉ်သော်ဍင်း သင်တို့ ၂-ယောက်တွင် တစ်ယောက်ယောက်သည် မကောင်းမှုမှ ကြဉ်ပါသော်ဍင်း ထိုကြဉ်သော သူကိုစွဲ၍ သား, သမီးရရာ၏၊

ထို့ကြောင့် မင်းသား၊ ကိုယ်ကိုချစ်သောသူသည် အရွယ် ၃-ပါးတို့၌ မမေ့မလျော့ ကိုယ်ကိုစောင့်ရာ၏၊ ၃-ပါးလုံး၌ မတတ်နိုင်သော် တပါးသောအရွယ်၌ စောင့်အပ်၏"ဟု မိန့်တော်မူ၍-

**အတ္တာနဉ္စေ ပိယံ ဇညာ၊ ရက္ခေယျ နံ သုရက္ခိတံ။**
**တိဏ္ဏံ အညတရံ ယာမံ၊ ပဋိဇဂ္ဂေယျ ပဏ္ဍိတော -**

ဟူသော ဓမ္မဒေသနာကို ဟောတော်မူ၏။

**အနက်။** ။ အတ္တာနံ၊ ကိုယ်ကို။ ပိယံ၊ ချစ်အပ်၏။ ဣတိ၊ ဤသို့။ စေ ဇညာ၊ အကယ်၍ သိအံ့။ နံ အတ္တာနံ၊ ထိုကိုယ်ကို။ သုရက္ခိတံ၊ အရွယ် ၃-ပါး၌ ကောင်းစွာ စောင့်ရှောက်ခြင်းကို။ ရက္ခေယျ၊ စောင့်ရာ၏။ တိဏ္ဏံ၊ အရွယ် ၃-ပါးတို့တွင်။ အညတရံ၊ တပါးပါးသော။ ယာမံ၊ အရွယ်ကို။ ပဏ္ဍိတော၊ ပညာရှိသည်။ ပဋိဇဂ္ဂေယျ၊ သုတ်သင်ရာ၏။

ဤတရားတော်အဆုံး၌ ဗောဓိမင်းသား သောတာပတ္တိဖိုလ်၌ တည်လေ၏၊ ပရိသတ်တို့အားလည်း များသောအကျိုးရှိသည် ဖြစ်၏၊ ဤသို့ အစရှိသော တရားဒေသနာတော်တို့ဖြင့် ၈-ခုမြောက်ဝါ၌ များစွာသော ဝေနေယျတို့အား အကျွတ်တရား ပေးဝေတော်မူ၍ အဋ္ဌမဝါကျွတ်တော်မူလျှင် ဒေသစာရီ လှည့်လည်တော်မူသဖြင့် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်သို့ ရောက်တော်မူ၏။

✪✪✪✪✪✪✪✪✪✪

## ၁၈၂။ ပဉ္စဂ္ဂဒါယကပုဏ္ဏားအကြောင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ ထိုသာဝတ္ထိပြည်၌ **ပဉ္စဂ္ဂဒါယက** အမည်ရှိသော ပုဏ္ဏားကို အကြောင်းပြု၍ "ယဒဂ္ဂတော မဇ္ဈတောဝါ" အစရှိသော တရားတော်ကို ဟောတော်မူ၏၊ ဟောခြင်း၏အကြောင်းကား ထိုပဉ္စဂ္ဂဒါယက ပုဏ္ဏားသည်-

ကောက်သည် - လယ်၌ ရှိစဉ် ခေတ္တဂ္ဂမည်သော အလှူကို လှူ၏၊
- တလင်း၌ ရှိစဉ် ခလဂ္ဂမည်သော အလှူကို ပေး၏၊
- တလင်း၌ စပါးစုသောအခါ ခလဘဏ္ဍဂ္ဂဟူသော အလှူကို လှူ၏၊

- ထမင်းအိုး၌ ရှိစဉ် ဥက္ခလိဂ္ဂဟူသော အလျှုကို လျှု၏၊
- လင်ပန်း၌ ခူးသောအခါ ပါတျဂ္ဂဟူသော အလျှုကို လျှု၏၊

ဤ ၅-ပါးသော အဂ္ဂဒါနအဦး အလျှုကို လျှု၏၊ ရောက်လာသော သူအား အဦး မပေးမူ၍ စားသောမည်သည် မရှိ၊ ထို့ကြောင့် ထိုပုဏ္ဏားအား ပဉ္စဂ္ဂဒါယက အမည်သည် ဖြစ်၏။

မြတ်စွာဘုရားသည် တစ်နေ့သ၌ ထိုပုဏ္ဏားတို့အား အောက်မဂ် ၃-ပါးတို့၏ ဥပနိဿယကို မြင်တော်မူ၍ ထိုပုဏ္ဏား ထမင်းစားသောအခါ၌ ပုဏ္ဏားအိမ်သို့ ကြွတော်မူ၍ အိမ်တံခါး၌ ရပ်တော်မူ၏၊ ထိုပုဏ္ဏားသည် တံခါးဝ၌ အတွင်းသို့မျက်နှာပြု၍ စား၏၊ တံခါး၌ ရပ်သော မြတ်စွာဘုရားကို ထိုပုဏ္ဏား မမြင်၊ ပုဏ္ဏားကို လုပ်ကျွေး၍နေသော ပုဏ္ဏေးမသည် မြင်၍ ကြံ၏၊ "ဤပုဏ္ဏားသည် ၅-ပါးသော အရာတို့၌ အဦးလျှု၍ စား၏၊ ယခုအခါ ရဟန်းဂေါတမလာ၍ တံခါး၌ ရပ်၏၊ အကယ်၍ ပုဏ္ဏားသည် ထိုရဟန်းဂေါတမကို မြင်၍ မိမိ ထမင်းကို မစားမူ၍ လျှုချေအံ့၊ တဖန် ငါသည် ချက်ပြုတ်ခြင်းငှာ မတတ်နိုင်လတ္တံ့၊ ဤသို့ပြုသော် ပုဏ္ဏားသည် ဂေါတမကို မမြင်လတ္တံ့"ဟု ကြံ၍ မြတ်စွာဘုရားအား မိမိကျောက်ကုန်းဖြင့် ကိုင်း၍ မွန်းတည့်အခါ လပြည့်ဝန်းကို လက်ဝါးဖြင့် ဖုံးလွှမ်းသကဲ့သို့ ထိုပုဏ္ဏား၏ နောက်၌ ဖုံးလွှမ်းလို၍ ရပ်၏၊ ထိုသို့ရပ်လျက် "သွားလေပြီလော၊ မသွားသေးလော"ဟု ဘုရားကို စောင်းငဲ့၍ ကြည့်၏၊ မြတ်စွာဘုရားလည်း ရပ်မြဲရပ်၏။

အသံကိုကြား၍ ကြည့်သော် ပုဏ္ဏားမြင်မည် စိုးသောကြောင့် "ကန်တော့ပါ၏" ဟု ပြင်းပြင်းမဆိုမူ၍ နောက်သို့ဆုတ်၍ ပုဏ္ဏား မကြားအောင် "ကန်တော့ပါ၏"ဟု ဖြည်းညင်းစွာ ဆို၏၊ ပုဏ္ဏေးမ၏အလိုကို မပြည့်စေအံ့ ကြံတော်မူ၍ မြတ်စွာဘုရားသည် "ငါမသွားလတ္တံ့"ဟု ဦးခေါင်းတော်ကို လှုပ်၏၊ လောကကို အလေးအမြတ်ပြုတတ်သော မြတ်စွာဘုရားသည် "ငါမသွားလတ္တံ့"ဟု ဦးခေါင်းကိုလှုပ်သော် ပုဏ္ဏေးမသည် မိမိသဘောဖြင့် တည်တံ့ခြင်းငှာ မတတ်နိုင်သည်ဖြစ်၍ ပြင်းစွာရယ်၏၊ ထိုခဏ၌ မြတ်စွာဘုရားသည် အိမ်တွင်းသို့ ရွှေရှု ၆-သွယ်သော ရောင်ခြည်တော်တို့ကို လွှတ်၏၊ မြတ်စွာဘုရားအား ကျောက်ကို ပေး၍နေသော ပုဏ္ဏားသည် ပုဏ္ဏေးမ၏ရယ်သံကို ကြား၍၎င်း မြတ်စွာဘုရား၏ အရောင်တော်တို့ကို မြင်၍၎င်း ပြန်၍ကြည့်သော် မြတ်စွာဘုရားကို မြင်လေ၏။

မြတ်စွာဘုရားတို့သည် ရွာ၌၎င်း တော၌၎င်း မင်္ဂိုလ်ရခြင်း၏ အကြောင်းနှင့်ပြည့်စုံကုန်သော သတ္တဝါတို့အား ကိုယ်တော်ကို မပြမူ၍ မဖဲကုန်၊ ပုဏ္ဏားသည် မြတ်စွာဘုရားကို မြင်ပြီး၍ "ပုဏ္ဏေးမ၊ သင်သည် ငါ့ကိုဖျက်ဆီး၏တကား၊ ငါတို့အိမ်သို့လာ၍ တံခါးဝ၌

ရပ်သော မင်းသားကို မြင်လျက် ငါ့အားမကြားခြင်းသည် ဝန်လေးသော အမှုကို သင်ပြု၏" ဟု ဆို၍ ထက်ဝက်စားပြီးသော ထမင်းခွက်ကိုယူ၍ မြတ်စွာဘုရားအထံသို့လာ၍ "အို အရှင်ဂေါတမ၊ အကျွန်ုပ်သည် ၅-ပါးသောအရာတို့၌ အဦးလှူ၍ စားပါသည်၊ ဤထမင်းခွက်အလယ်၌ ထက်ဝက်ခွဲ၍ တစ်ဖို့သော ထမင်းကို စားမိချေပြီ၊ တစ်ဖို့သည် ရှိပါသေး၏၊ ဤအကျွန်ုပ်ထမင်းကို အလှူခံတော်မူပါ"ဟု လျှောက်၏။

မြတ်စွာဘုရားသည် "သင်၏စားကြွင်းထမင်းကို ငါအလိုမရှိ"ဟု မဆိုမူ၍ "ပုဏ္ဏား၊ အဦးထမင်းသည်လည်း ငါ့အား လျောက်ပတ်၏၊ အလယ်၌ ထက်ဝက်ခွဲ၍ စားသော ထမင်းသည်လည်း ငါ့အား လျောက်ပတ်၏၊ အဆုံးစွန်ဖြစ်သော ထမင်းလုပ်သည်လည်း ငါ့အား လျောက်ပတ်၏၊ ပုဏ္ဏား၊ သူတပါးဝတ္ထုကို မှီ၍ အသက်မွေးသော ငါတို့၌ ပြိတ္တာနှင့်တူ၏"ဟု မိန့်တော်မူ၏။

**ယဒဂ္ဂတော မဇ္ဈတော ဝါ၊ သေသတော ပိဏ္ဍံ လဘေယျ။**
**ပရဒတ္တူပဇီဝိနော၊ အလဒ္ဓဘောဇနာနိပိ။**
**နိပစ္စဝါဒိတံ စာပိ၊ ဓီရာ မုနိ ဝေဒယန္တိ။　　။**

**အနက်။**　　။ ဗြာဟ္မဏ၊ ပုဏ္ဏား။ အဂ္ဂတော ဝါ၊ အဦးမှငင်း။ မဇ္ဈတော ဝါ၊ အလယ်၌ ခွဲ၍စားသော ထမင်းမှငင်း။ သေသတော၊ အကြွင်းမှငင်း။ ယံ ပိဏ္ဍံ၊ အကြင်ဆွမ်းကို။ ပရဒတ္တူပဇီဝိနော၊ သူတပါးတို့ပေးသော အစာကိုမှီ၍ အသက်မွေးသော ငါတို့သည်။ လဘေယျ၊ ရကုန်ရာ၏၊ တံ ပိဏ္ဍံ၊ ထိုဆွမ်းကို။ ဘုဥ္စထ၊ စားကုန်ရာ၏။ အလဒ္ဓဘောဇနာနိပိ၊ အစာကို မရကုန်မူ၍။ နိပစ္စဝါဒိတံ၊ မိမိကိုယ်ကို နှိမ့်ချ၍ ဆိုလေ့ရှိသောသူကို။ ဓီရာ၊ ဘုရားစသော ပညာရှိတို့သည်။ မုနိ၊ ရဟန်းဟူ၍။ ဝေဒယန္တိ၊ ပြောကြားကုန်၏။

ပုဏ္ဏားသည် ထိုစကားကိုကြား၍ ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍ အံ့ဩဖွယ်ရှိစွ၊ တစ်ကျွန်းလုံး၏ အရှင်ဖြစ်သော မင်းသားသည်လျက်လည်း သင်၏စားကြွင်းကို "ငါအလိုမရှိ" ဟု မဆိုမူ၍ "ဤသို့ ဆိုအပ်ဘိ၏တကား"ဟု အံ့ဩလျက် တံခါး၌ရပ်လျက်ပင် မြတ်စွာဘုရားကို ပြဿနာမေး၏၊ "အရှင်ဂေါတမ၊ အရှင်ဘုရားတို့သည် တပည့်သားတော်တို့ကို ရဟန်းဟူ၍ ဆိုကုန်၏၊ အဘယ်မျှလောက်သော အကြောင်းဖြင့် ရဟန်းပြုသနည်း" ဟု မေး၏၊ မြတ်စွာဘုရားသည် ဤပုဏ္ဏားအား အဘယ်သို့သဘောရှိသော တရားသည် လျောက်ပတ်မည်နည်းဟု စူးစမ်းသော် "ဤသူ ၂-ယောက်တို့သည် ကဿပဘုရားဖြစ်သော အခါ၌ နာမရူပဟု ဆိုအပ်သော ရဟန်းတို့၏စကားကို ကြားဖူးကုန်၏၊ နာမ်, ရုပ်ကို မစွန့်၍

တရားကို ထိုသူ, ထိုသူတို့အား ထင်ရှားပြခြင်းငှာ သင့်၏”ဟု ကြံတော်မူ၍ “ပုဏ္ဏား၊ နာမ်၌ရင်း ရုပ်၌ရင်း မတပ်မှု၍ ငြိခြင်းကင်းသော သူသည် ရဟန်းမည်၏”ဟု မိန့်တော်မူ၍-

သဗ္ဗသော နာမရူပသ္မိံ၊ ယဿ နတ္ထိ မမာယိတံ။
အသတာ စ န သောစတိ၊ သ ဝေ ဘိက္ခူတိ ဝုစ္စတိ။ ။

ဟူသော တရားတော်ကို ဟောတော်မူ၏၊ တရားတော်အဆုံး၌ ပုဏ္ဏားခင်ပွန်းတို့သည် အနာဂါမိဖိုလ်၌ တည်လေကုန်၏၊ ဤသို့ အစရှိသော တရားဒေသနာတော်တို့ဖြင့် များစွာသော ဝေနေယျတို့ကို ကယ်ချွတ်တော်မူ၏။

✪✪✪✪✪✪✪✪✪✪

## ၁၈၃။ မာဂဏ္ဍီပုဏ္ဏား ဇနီးမောင်နှံ

မြတ်စွာဘုရားသည် ဒေသစာရီ ကြွချီတော်မူ၍ ကုရုရာဇ်တိုင်းသို့ ရောက်၍ မာဂဏ္ဍိယ ပုဏ္ဏားရွာ၌ နေတော်မူသောအခါ၌ မာဂဏ္ဍိယ ပုဏ္ဏားသမီးခင်ပွန်းကို အကြောင်းပြု၍ “ဒိသွာန တဏှံ အရတိံ” အစရှိသော တရားဒေသနာကို ဟောတော်မူ၏၊ ဟောတော်မူခြင်း၏အကြောင်းကား ကုရုရာဇ်တိုင်း၌ မာဂဏ္ဍိယပုဏ္ဏားရွာ၌ ပုဏ္ဏားသည်လည်း မာဂဏ္ဍိယမည်၏၊ ပုဏ္ဏေးမသည်လည်း မာဂဏ္ဍိယမည်၏၊ သမီးသည်လည်း မာဂဏ္ဍိယမည်၏၊ မာဂဏ္ဍီ၏ ဘထွေးသည်လည်း မာဂဏ္ဍိယပင် မည်၏၊ သမီးမာဂဏ္ဍီသည်ကား အလွန် အဆင်းလှ မြတ်၏၊ နတ်သမီးနှင့်တူသော ကိုယ်ရှိ၏၊ ထို့ကြောင့် မင်း, ပုဏ္ဏား, သူဌေး, သူကြွယ် အမျိုးဖြစ်သောသူတို့သည် ကြီးစွာသော လက်ဆောင်ပဏ္ဏာဖြင့် “သမီးကို ပေးပါ” ဟူ၍ မာဂဏ္ဍိယမည်သော အဘပုဏ္ဏားအား စေတောင်းကုန်သော်လည်း “သင်တို့သည် ငါ၏သမီးအား မလျောက်ပတ်ကုန်”ဟု ဆို၏၊ ထိုပုဏ္ဏားသည် သမီးအား လျောက်ပတ်သော လင်ကို မရနိုင် ရှိ၏။

ထိုအခါ တစ်နေ့သ၌ မြတ်စွာဘုရားသည် မိုးသောက်သောအခါ လောကကိုကြည့်တော်မူသော် ပုဏ္ဏားသမီးခင်ပွန်းတို့သည် ဉာဏ်တော်၏အတွင်း၌ ထင်၍ “အကြောင်းအသို့နည်း” ဟု ဆင်ခြင်တော်မူသော် ထိုသူတို့အား အနာဂါမိဖိုလ်၏ ဥပနိဿယကို မြင်တော်မူ၍ ကိုယ်တော်တိုင် သပိတ်, သင်္ကန်းကို ယူတော်မူ၍ မြို့၏အပ၌ ထိုပုဏ္ဏားသမီး လုပ်ကျွေးရာသို့ ကြွတော်မူလေ၏၊ ထိုပုဏ္ဏားသည် မြတ်စွာဘုရား၏ အဆင်းတော်၏ တင့်တယ်ခြင်းသို့ ရောက်သော ကိုယ်တော်ကို ကြည့်၍ “ဤလောက၌ ဤယောကျ်ားနှင့် တူသော ယောကျ်ား

သည် မရှိ၊ ဤသူသည် ငါ၏သမီးအား လျောက်ပတ်၏၊ ဤသူအား မွေးကျွေးစိမ့်သောငှာ ငါ၏သမီးကို ပေးအံ့”ဟု ကြံ၍ “ရဟန်း၊ ငါ့အား တစ်ယောက်သောသမီးသည် ရှိ၏၊ ငါသည် ဤမျှလောက်သောကာလပတ်လုံး ထိုသမီးအား လျောက်ပတ်သော ယောက်ျားကို မမြင်၊ သင်သည် ငါ့သမီးအား လျောက်ပတ်၏၊ ငါ့သမီးသည် သင့်အားလျောက်ပတ်၏၊ သင်တို့အား ခြေရင်းအလုပ်အကျွေးကို ရအပ်၏၊ ငါ၏သမီးသည်လည်း လင်ကိုရအံ့သောငှာ အပ်၏၊ ထိုသမီးကို သင့်အား ငါသည် ပေးပါအံ့၊ သမီးကို ဆောင်ပါချေအံ့၊ ငါလာသည်တိုင်အောင် ဤအရပ်တွင် နေနှင့်ပါ”ဟု ဆို၏။

မြတ်စွာဘုရားသည် ထိုပုဏ္ဏား၏စကားကို နှစ်လည်း မနှစ်သက်၊ ပယ်လည်း မပယ်၊ တစုံတခုကို မဆိုမူ၍ ဆိတ်ဆိတ်သာ နေတော်မူ၏၊ ထိုပုဏ္ဏားသည် လျင်စွာ အိမ်သို့သွား၍ “အို-ပုဏ္ဏေးမ, ပုဏ္ဏေးမ၊ သင်၏သမီးနှင့် လျောက်ပတ်သော ယောက်ျားကို ငါမြင်ပြီ၊ လျင်စွာသမီးကို တန်ဆာဆင်လော့”ဟု သမီးမာဂဏ္ဍီကို တန်ဆာဆင်စေ၍ ပုဏ္ဏေးမနှင့် တကွ ယူ၍ မြတ်စွာဘုရားအထံသို့ သွားလေ၏။

တစ်မြို့လုံး ချောက်ချား၏၊ “ဤပုဏ္ဏားသည် ဤမျှလောက်သော ကာလပတ်လုံး ငါ၏သမီးနှင့်ထိုက်သောသူ မရှိ-ဟု တစ်စုံတစ်ယောက်သောသူအား မပေးမူ၍ ယခုမှ သမီးနှင့် လျောက်ပတ်သော သူကိုမြင်ပြီ ဆို၏၊ အဘယ်သို့ သဘောရှိသောသူနည်း၊ ထိုသူကို ငါတို့လည်း ကြည့်ပါကုန်အံ့”ဟု များစွာသော လူအပေါင်းသည် ထိုပုဏ္ဏားနှင့်အတူ ထွက်ကုန်၏။

သမီးကိုယူ၍ ပုဏ္ဏားသွားသောအခါ၌ မြတ်စွာဘုရားသည် ထိုပုဏ္ဏား “သည်တွင် နေနှင့်ပါ” ဆိုရာ၌ မနေမူ၍ ထိုအရပ်၌ ခြေဖဝါးတော်ရာကို ပြခဲ့ပြီးလျှင် သွား၍တစ်ပါးသောအရပ်၌ နေတော်မူနှင့်၏၊

[ မြတ်စွာဘုရားတို့၏ ခြေတော်ရာသည် “ဤအရပ်၌ ထင်စေ”ဟူ၍ ဓိဋ္ဌာန်၍ နင်းတော်မူရာ၌သာ ထင်တော်မူ၏၊ တစ်ပါးသောအရပ်၌ မထင်၊ “အကြင်သူသည် ငါ၏ခြေရာကို မြင်စေ”ဟု ဓိဋ္ဌာန်၏၊ ထိုသူသည်သာ မြင်၏၊ ထိုဓိဋ္ဌာန်တော်မူသူကို မမြင်စေခြင်းငှာ ဆင်အစရှိသော သတ္တဝါတို့သည်မူလည်း နင်းစေကုန်၊ မိုးကြီးပင်သော်လည်း သည်းစွာရွာစေ၊ ဝေရမ္ဘလေပင်သော်လည်း ခတ်စေ၊ တစုံတယောက်သော သူသည် ပျက်စီးစေအံ့သောငှာ မတတ်နိုင်။]

ထိုအခါ၌ ပုဏ္ဏေးမသည် ပုဏ္ဏားကို “သင်မြင်သော ယောက်ျားသည် အဘယ်မှာနည်း”ဟု မေး၏၊ “ပုဏ္ဏေးမ၊ ထိုယောက်ျားကို ဤအရပ်၌ ငါမှာခဲ့ပါသည်၊ အဘယ်သို့

သွားလေသနည်း”ဟု ထိုမှ, ဤမှ ကြည့်သော် ခြေဖဝါးတော်ရာကို မြင်၍ကား “ပုဏ္ဏေးမ၊ ဤခြေရာသည် ထိုသူ၏ခြေရာပင်တည်း”ဟု ပြ၏။

ပုဏ္ဏေးမ မြင်သော် ပုဏ္ဏေးမသည် ဗေဒင် ၃-ပုံကို လေ့ကျက်ဆောင်သောကြောင့် လက္ခဏာဗေဒင်ကို ရှု၍ လက္ခဏာကို စူးစမ်း၍ “ပုဏ္ဏား၊ ဤခြေရာသည် ကာမဂုဏ် ၅-ပါးကို ခံစားသောသူ၏ ခြေရာမဟုတ်” ဆို၍ -

**ရတ္တဿ ဥက္ကုဋိကံ ယံ ဘဝေ၊ ဒုဋ္ဌဿ ဟောတိ သမသာနုပိဠိတံ။**
**မူဠ္ဟဿ ဟောတိ အဝကမိုတပဒံ၊ ဝိဝဋ္ဋ ဒဿ ဤဒိသံ ပဒသိ။ ။**

ဟူသော ဂါထာကို ရွတ်၏၊ ထိုအခါ ပုဏ္ဏေးမကို “ပုဏ္ဏေးမ၊ သင်သည် ရေအိုးခွက်၌ လမင်းကိုကဲ့သို့, အိမ်၏အလယ်၌ ခိုးသူတို့ကဲ့သို့ ဗေဒင်ကို မြင်တတ်သောအလေ့ ရှိ၏၊ သင် တိတ်တိတ်သာနေပါ”ဟု ပုဏ္ဏားဆိုသော် “သင်သည် ငါ့ကို ဆိုလိုသမျှဆိုတော့၊ ပြုလိုသမျှ ပြုတော့၊ ဤခြေရာသည် ကာမဂုဏ် ၅-ပါးကို ခံစားသောသူ၏ ခြေရာမဟုတ်”ဟု ပုဏ္ဏေးမဆို၍ ထိုမှ, ဤမှကြည့်သော် မြတ်စွာဘုရားကို မြင်၍ “ပုဏ္ဏေးမ၊ ဤ ယောကျ်ား သည် ငါမှာခဲ့သော ယောကျ်ားပင်တည်း”ဟု ဆို၍ ပုဏ္ဏားသွား၍ “ရဟန်း၊ ငါ၏သမီးကို သင့်အား မွေးကျွေးစိမ့်သောငှာ ပေးပါ၏”ဆို၏၊ မြတ်စွာဘုရားသည် ‘ငါ့အား သင်၏ သမီးဖြင့် အလိုရှိ၏ဟူ၍ငှင်း အလိုမရှိဟူ၍ငှင်း’ မဆိုမူ၍ “ပုဏ္ဏား၊ သင့်အား ငါတစ်ခုသော အကြောင်းကို ဆိုအံ့၊ သင် နာအံ့လော”ဟု မိန့်တော်မူ၍ “ရဟန်း၊ ဆိုလော့၊ နာပါအံ့”ဟု ဆိုသဖြင့် တောထွက်တော်မူသည်မှစ၍ အတိတ်ကို ဆောင်တော်မူ၏။

“ပုဏ္ဏား၊ ငါသည် မင်း၏စည်းစိမ်ကိုစွန့်၍ ကဏ္ဍကမြင်းသို့တက်၍ ဆန်လျှင် အဖော်ရှိသည်ဖြစ်၍ တောထွက်တော်မူသော် မာရ်နတ်သည် မြို့တံခါး၌ရပ်၍ ‘သိဒ္ဓတ်မင်းသား၊ တောမထွက်လင့်၊ ပြန်လော့၊ ဤနေ့မှ ၇-ရက်မြောက်၌ စကြာရတနာသည် ရောက်လတ္တံ့’ဟု ဆိုသော် ‘မာရ်နတ်၊ ဤအကြောင်းကို ငါလည်းသိ၏၊ ထိုစကြာရတနာဖြင့် ငါအလိုမရှိ’ဟု ဆို၏၊ ထိုအခါ၌ ‘အဘယ်အလို့ငှာ သင်တောထွက်သနည်း’မေး၍ ‘သဗ္ဗညုတဉာဏ်အလို့ငှာ တောထွက်၏’ဆိုသော် ထိုသို့တပြီကား ‘ယနေ့မှစ၍ သင်သည် ကာမဝိတက်အစရှိသည်တို့တွင် တစ်ပါးပါးကို သင်ကြံအံ့၊ သင်အားပြုအပ်သောအမှုကို ငါသိအံ့’ဟု ဆို၍ မာရ်နတ်သည် ထိုအခါမှစ၍ ယုတ်သော အခြင်းအရာကို ရှု၍ ၇-နှစ်ပတ်လုံး ငါ၏ နောက်၌ အရိပ်ကဲ့သို့ လိုက်၏။

ငါသည် ၆-နှစ်ပတ်လုံး ဒုက္ကရစရိယာကျင့်၍ မြတ်သောယောကျ်ား၏ လုံ့လကို မှီ၍ ဗောဓိမဏ္ဍိုင်၌ သဗ္ဗညုတဉာဏ်ကို ထိုးထွင်းသိပြီး၍ ဝိမုတ္တိချမ်းသာကို ခံစားလျက် ပဥ္စမသတ္တာဟ အဇပါလညောင်ပင်ရင်း၌ နေသောအခါ မာရ်နတ်သည် ဤမျှလောက်သော

ကာလပတ်လုံး ငါ့အစဉ်လိုက်၍ ယုတ်သောအခြင်းအရာကို ရှုသော်လည်း ဤသိဒ္ဓတ်မင်းသားအား တစုံတခုမျှ ချွတ်ယွင်းသောအမှုကို မမြင်၊ ယခုအခါ၌ ဤမင်းသားသည် ငါ၏အရာကို လွန်ပြီ-ဟု နှလုံးမသာသည်ဖြစ်၍ ခရီးမ၌ ၁၆-ကြောင်းသော အရေးတို့ကို ကိုင်၍နေ၏။

ထိုအခါ၌ မာရ်နတ်၏သမီး တဏှာ, ရတိ, ရာဂ ဤ ၃-ယောက်တို့သည် 'ယခုအခါ၌ ငါတို့၏အဖကို မမြင်ကုန်၊ အဘယ်အရပ်၌ ရှိလေသနည်း'ဟု ကြည့်ကုန်သော် ခရီးမ၌ ထိုအခြင်းအရာဖြင့်နေသော အဖကို မြင်၍ ကပ်လာကုန်၍ 'အဘယ့်ကြောင့် ဖခင်သည် နှလုံးမသာရှိသနည်း' ဟု မေးကုန်၍ ထိုအကြောင်းကို သမီးတို့အား ကြား၏၊ သမီးတို့သည် ဆိုကုန်၏၊ 'ဖခင်၊ မကြံလင့်၊ ထိုသိဒ္ဓတ်မင်းသားကို ငါတို့သည် မိမိအလိုသို့ လိုက်စေ၍ ဆောင်ကုန်အံ့' ဟု ဆိုကုန်သော် 'သမီးတို့၊ မတတ်နိုင်၊ ဤသိဒ္ဓတ်ကို တစုံတယောက်သောသူသည် အလိုသို့လိုက်စိမ့်သောငှာ မတတ်နိုင်' ဟု ဆို၏၊ 'ဖခင်၊ အကျွန်ုပ်တို့သည် ယခုအခါ၌ပင် ထိုသိဒ္ဓတ်ကို ရာဂကျော့ကွင်း အစရှိသည်တို့ဖြင့် နှောင်ဖွဲ့၍ ဆောင်ကုန်အံ့၊ အဖ၊ မကြောင့်ကြလင့်' ဟု ဆိုကုန်၍ ငါဘုရားသို့ ကပ်လာကုန်၍ 'ရှင်ရဟန်း သင်၏ခြေရင်း၌ လုပ်ကျွေးကုန်အံ့'ဟု ဆိုကုန်၏။

ငါဘုရားသည် ထိုမာရ်နတ်သမီးတို့၏စကားကို နားမထောင်၊ မျက်စိတော်ကို ဖွင့်၍မျှ ထိုမာရ်နတ်သမီးတို့ကို မကြည့်၊ တဖန်မာရ်နတ်၏ သမီးတို့သည် "ယောကျ်ားတို့၏ အလိုသည် များကုန်၏၊ အချို့သောယောကျ်ားတို့သည် သတို့သမီးငယ်တို့၌ ချစ်ကုန်၏၊ အချို့တို့သည် ပဌမအရွယ်၌ တည်သော မိန်းမပျိုတို့၌ ချစ်ကုန်၏၊ အချို့တို့သည် မဇ္ဈိမအရွယ်၌တည်သော မိန်းမတို့၌ ချစ်ကုန်၏၊ အချို့တို့သည် ပစ္ဆိမအရွယ်၌ တည်သော မိန်းမတို့၌ ချစ်ကုန်၏၊ အထူးထူးအပြားပြားတို့ဖြင့် ထိုသိဒ္ဓတ်ကို ဖြားယောင်းကုန်အံ့"ဟု တစ်ယောက်သော နတ်သမီးသည် သတို့သမီးငယ်၏အသွင်ဖြင့် အရာအရာစီသောကိုယ်ကို ဖန်ဆင်း၍, အသက် ၂၀-အရွယ်တို့ကို ဖန်ဆင်း၍, တစ်ကြိမ်သားဖွားပြီးသော မဇ္ဈိမအရွယ်တို့ကို ဖန်ဆင်း၍ ညီအစ်မ ၃-ယောက်တို့သည် ၃-ကြိမ်စီဖြင့် ၉-ကြိမ်တိုင် မြတ်စွာဘုရားသို့ ကပ်ကုန်၍ 'အရှင်ရဟန်း၊ သင့်ခြေရင်း၌ ငါတို့သည် လုပ်ကျွေးပါကုန်အံ့'ဟု ဆိုကုန်၏။

ထိုမာရ်နတ်၏ သမီးတို့ကိုမျှ ငါသည် နှလုံးသွင်းတော်မမူ၊ 'သင်တို့သည် အဘယ်အကျိုးကို မြင်၍ ဤသို့ လုံ့လပြုကုန်သနည်း၊ ဖဲလေကုန်၊ ငါ၏ရှေ့မှာ ဤကဲ့သို့အမှုကို ပြုခြင်းငှာ မသင့်၊ ငါ့အား ရာဂအစရှိသော ကိလေသာတို့ကို ပယ်ပြီ၊ အဘယ်သို့သော အကြောင်းဖြင့် မိမိ၏အလိုသို့လိုက်စိမ့်သောငှာ တတ်နိုင်ကုန်အံ့နည်း' ဟု ဆို၍ ငါပယ်တော်မူသည်-ဟု မိန့်၏။

**ဒိသွာန တဏှံ အရတိံ စ ရဂံ၊ နာဟောသိ ဆန္ဒော အပိ မေထုနသ္မိံ။**
**ကိမေဝိဒံ မုတ္တကရီသပုဏ္ဏံ၊ ပါဒါပိ နံ သံဖုသိတုံ န ဣစ္ဆေ**

ဟူသော တရားဒေသနာကို ဟောတော်မူ၏၊ ထိုတရားတော်အဆုံး ပုဏ္ဏားသမီး ခင်ပွန်းတို့သည် အနာဂါမိဖိုလ်၌ တည်လေကုန်၏။

မာဂဏ္ဍီအားကား "ဤရဟန်းသည် 'ငါ့ကို အလိုရှိလျှင် ရှိ၏၊ အလိုမရှိလျှင် မရှိ-ဟူ၍သာ ဆိုအပ်လျက် ငါ၏ကိုယ်ကို ကျင်ငယ်, ကျင်ကြီးဖြင့် ပြည့်သည်ကို ဤရဟန်းသည် ပြု၏'ဟု မြတ်စွာဘုရားအား ရန်ငြိုးဖွဲ့၍ ဖြစ်နိုင်စေ၏၊ ငါ၏အမျိုးအနွယ်, အရွယ်အဆင်း, စည်းစိမ်ချမ်းသာကို စွဲ၍ ငါကဲ့သို့သဘောရှိသော လင်ကိုရ၍ ဤရဟန်းအား ပြုအပ်သည်နှင့် ယှဉ်သည်ကို ပြုအံ့"ဟု မြတ်စွာဘုရား၌ ရန်ငြိုးဖွဲ့၏၊ မြတ်စွာဘုရားသည် ကိုယ်တော်၌ မာဂဏ္ဍီရန်ငြိုးဖွဲ့လတ္တံ့သောအဖြစ်ကို မသိသလော-ဟူအံ့၊ သိ၏၊ သိတော်မူသော်လည်း မြတ်စွာဘုရားတို့သည် သူတပါးရန်ငြိုးကို မရေတွက်မူ၍ မဂ်ဖိုလ်ရခြင်းငှာ ထိုက်ကုန်သော သူတို့၏ အစွမ်းအားဖြင့် တရားကို ဟောတော်မူကုန်၏။

အနာဂါမိဖိုလ်၌တည်ပြီးသော် မိဘတို့သည်ကား ထိုမာဂဏ္ဍီကို ဘထွေး မာဂဏ္ဍိယပုဏ္ဏားအား အပ်နှင်း၍ မိမိတို့မှာ ဘုရားအထံ၌ ရဟန်းပြု၍ ရဟန္တာဖြစ်လေကုန်၏၊ ဘထွေး မာဂဏ္ဍိယပုဏ္ဏားသည်လည်း 'ငါ၏သမီးသည် ယုတ်သောသူအား မလျောက်ပတ်၊ တစ်ယောက်သော မင်းသားအား လျောက်ပတ်၏'ဟု ကြံ၍ ထိုမာဂဏ္ဍီကိုယူ၍ ပုရံတပ္ပတိုင်း၊ ကောသမ္ဗီပြည်သို့သွား၍ ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်လျက် "အရှင်မင်းကြီးအား ထိုက်သော မိန်းမရတနာ"ဟု ဆို၍ ဥတေနမင်းအား ဆက်လေ၏၊ ထိုဥတေနမင်းသည် မာဂဏ္ဍီကိုမြင်လျှင် အားကြီးသော ချစ်ခြင်းဖြစ်သဖြင့် အဘိသိက်သွန်း၍ မောင်းမ ၅၀၀- အခြံအရံရှိသည်ကို ပြု၍ မိဖုရားကြီးအရာ၌ ထားလေ၏။

✪✪✪✪✪✪✪✪✪✪

## ၁၈၄။ ကောသမ္ဗီပြည် သူဌေး ၃-ဦး

ကောသမ္ဗီပြည်၌ ဃောသိတသူဌေး, ကုက္ကုဋသူဌေး, ပါဝါရိယသူဌေး-ဟူ၍ ရှိ၏၊ ထိုသူဌေး ၃-ယောက်တို့သည် ဝါဆိုလပြည့်နီးသော အခါ၌ ၅၀၀-သောရသေ့တို့သည် ဟိမဝန္တာမှလာ၍ ကောသမ္ဗီမြို့တွင်း၌ ဆွမ်းခံသွားကုန်သည်ကို မြင်ကုန်၍ ကြည်ညို၍ ဆွမ်းလုပ်ကျွေး၍ တောင်းပန်၍ မိုး ၄-လတို့ပတ်လုံး မိမိတို့အထံ၌ နေစေ၍ တဖန် မိုးလသို့

ရောက်သောအခါ လာပြန်စိမ့်သောငှာတောင်းပန်၍ ဝန်ခံစေ၍ လွှတ်လိုက်ကုန်၏၊ ထိုရသေ့တို့သည် ထိုအခါမှစ၍ ဆောင်း, နွေ ၈-လ ဟိမဝန္တာ၌ နေ၍ မိုး ၄-လတိုင်လျှင် ထိုသူဌေး ၃-ယောက်တို့၏အထံ၌ နေကုန်၏၊ ထိုရသေ့တို့သည် နောက်အဖို့၌ ဟိမဝန္တာမှ လာကုန်သော် တောအုပ်၌ တစ်ခုသောပညောင်ပင်သို့ ရောက်၍ ထိုပညောင်ပင်ရင်း၌ နေကုန်၏။

ထိုရသေ့တို့တွင် အကြီးဆုံးဖြစ်သောရသေ့သည် 'ဤပညောင်ပင်၌ စောင့်သောနတ်သည် တန်ခိုးကြီးသည် ဖြစ်လတ္တံ့၊ ဤရုက္ခစိုးနတ်သည် ဤရသေ့အပေါင်းအား သောက်ရေပေးပါသော် ကောင်းလေ၏'ဟု ကြံ၏၊ ထို ရုက္ခစိုးသည် သောက်ရေပေး၏၊ ချိုးရေကို ကြံပြန်၏၊ ချိုးရေပေး၏၊ ထို့နောင် 'ဆွမ်းဘောဇဉ်ပေးပါသော် ကောင်း၏'ဟု ကြံပြန်၏၊ ဆွမ်းဘောဇဉ်ကို ပေး၏၊ ထိုအခါ 'ဤရုက္ခစိုးနတ်သည် ငါတို့ကြံတိုင်း အလုံးစုံကို ပေး၏၊ ဤရုက္ခစိုးနတ်ကို ငါတို့မြင်ပါရသော် ကောင်းလေစွ'ဟု ကြံပြန်၏၊ ထိုရုက္ခစိုးနတ်သည် ပင်စည်ကို ထက်ခြမ်းခွဲ၍ မိမိကိုယ်ကို ပြ၏၊ ထိုအခါ "ရုက္ခစိုးနတ်မြတ်၊ အဘယ် ကောင်းမှုကို ပြု၍ သင်ရုက္ခစိုးသည် ဤစည်းစိမ်ချမ်းသာကို ရပေသနည်း"ဟု မေး၏။

"အရှင်ရသေ့တို့၊ မမေးပါကုန်လင့်" ဟူ၍ ရုက္ခစိုးနတ်ဆိုသော် "အရှင်နတ်မင်း ကြားပါ"ဟူ၍ ဆိုပြန်သော် ရုက္ခစိုးနတ်သည် မိမိပြုသော ကောင်းမှုအနည်းငယ် ဖြစ်သောကြောင့် ရှက်၍မကြားတည့်ဝံ့၊ အတန်တန်မေးဖန်များသဖြင့် "ထိုသို့တပြီးကား 'နားထောင်ပါကုန်'ဟု ဆို၍ "အကျွန်ုပ်သည် ရှေး၌ သူဆင်းရဲအဖြစ်ဖြင့် အခစား အမှုလုပ်စရာရှာသော် သာဝတ္ထိပြည်၌ အနာထပိဏ်သူဌေးအိမ်၌ အခစားအမှုကို ရ၍ ထိုသူဌေးကို မှီ၍ အသက်မွေး၏၊ ထိုရောအခါ ဥပုသ်နေ့ရောက်လတ်သော် သူဌေးသည် ကျောင်းမှလာ၍ ထိုသူရင်းငှားအား တစုံတခုပြုအံ့လော"ဟု မေး၍ "ပြုပါအံ့"ဟု ဆိုသဖြင့် ထိုနေ့၌ ညစာ တစ်ပြည်မျှ လောက်သော ဆန်ကို ချက်စေ၏။

ထိုသူရင်းငှားသည် တစ်နေ့ပတ်လုံး တော၌အမှုလုပ်၍ ညအခါလာသော် ထမင်းခူး၍ ပေးသောအခါ အလျင်တဆောမစားမူ၍ "တပါးနေ့တို့၌ ဤအိမ်၌ 'ထမင်းပေးလော့, ဟင်းပေးလော့'ဟု အုတ်အုတ်ကျက်ကျက်အသံ ဖြစ်၏၊ ယနေ့ ထိုအလုံးစုံသောသူတို့သည် အသံဆိတ်ကုန်သည်ဖြစ်၍ အိပ်ကုန်၏၊ အကြောင်းအသို့နည်း"ဟု ကြံ၍ "ငါမှကြွင်းသော သူတို့သည် စားကုန်သလော, မစားကုန်သလော"ဟု စဖိုသည်ကို မေးသော် "မစားကုန်"ဟု ဆိုသဖြင့် "အဘယ်အကြောင်းကြောင့်နည်း"ဟု မေးသော် "ဤအိမ်၌ ဥပုသ်နေ့၌ ညစာ မချက်ကုန်၊ အလုံးစုံသောသူတို့သည် ဥပုသ်စောင့်ကုန်၏၊ အယုတ်သဖြင့် နို့စို့သားငယ်ရှိသော အိမ်ကျွန်မသော်လည်း သားငယ်တို့ခံတွင်းကို ဆေးစေ၍ စတုမဓုကို ခံတွင်း၌

ထည့်စေ၍ သူဌေးနှင့်အတူ ဥပုသ်သုံးသည်ကို ပြုကုန်၏၊ နံ့သာဆီမီးတို့ကို ညှိလျက် လူကြီး, လူငယ်တို့သည် ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို သရဇ္ဈာယ်ကုန်၏၊ သင့်အားမူကား ဥပုသ်နေ့၌ အဖြစ်ကို မပြောမိ၊ ထို့ကြောင့် သင် ၁-ယောက်စာသာ ချက်ရသည်၊ ဤထမင်းကို စားလော့”ဟု ဆို၏။

“ယခုအခါ၌လည်း ဥပုသ်သုံးသော် ရသည်ဖြစ်ပါအံ့၊ ငါလည်း ဥပုသ်သုံးသည်ဖြစ်ပါအံ့”ဟု သူရင်းငှားဆိုသော် “ဤအကြောင်းကို သူဌေးကြီးအား မေးလော့”ဟု ဆို၍ မေးလေသော် “ယခုအခါ၌ မစားမူ၍ ခံတွင်းကိုဆေး၍ ဥပုသ်ဆောက်တည်သော် ထက်ဝက်သော ဥပုသ်ကို ရ၏”ဆိုသဖြင့် ထိုသူရင်းငှားလည်း ထက်ဝက်မျှသော ဥပုသ်ကို သုံး၍နေ၏၊ တစ်နေ့ပတ်လုံး အမှုလုပ်၍ ငတ်မွတ်ဆာလောင်သဖြင့် လေတို့သည် တက်ကုန်၏၊ ထိုသူရင်းငှားသည် ကြိုးဖြင့်ဝမ်းကို စည်း၍ ကြိုးစွန်းကို ကိုင်၍ လူးလဲ၏။

သူဌေးသည် ထိုအကြောင်းကို ကြား၍ မီးရှူးထွန်းလျက် စတုမဓုကို ယူ၍ လာပြီးလျှင် “ချစ်သား၊ အဘယ်သို့ ရှိသနည်း”ဟု မေးသော် ‘အကျွန်ုပ်အား လေတက်သည်’ ဆိုသောကြောင့် ‘ဤဆေးကို စားလော့’ဟု ဆိုလျှင် “အရှင်သူဌေးတို့ စားကုန်သလော”မေး၍ ‘ငါတို့အား မချမ်းသာခြင်းသည် မရှိ၊ သင်သည် စားလော့”ဟု ဆိုသော် “အရှင် ဥပုသ်သုံးပါသည်၊ တစ်နေ့ပတ်လုံး မတတ်နိုင်မူ၍ နေ့ထက်ဝက်မျှသော ဥပုသ်ကံသည် ချို့တဲ့သည် မဖြစ်စေသတည်း”ဟု မစားဘဲနေ၍ ‘ဤသို့ မပြုလင့်’ဟု အထပ်ထပ်ဆိုသော်လည်း မစားမူ၍ အရုဏ်တက်သောအခါ၌ စုတေ၍ ပဉ္စောင်ပင်၌ ရုက္ခစိုးနတ်ဖြစ်ရ၏”ဟု အကြောင်းကိုကြားဆို၍ “ရှင်ရသေ့တို့၊ အနာထပိဏ်သူဌေးသည် ရတနာ၃-ပါး ဘုရား, တရား, သံဃာ၌ မြတ်နိုး၏၊ ထိုသူဌေးကိုမှီ၍ ထက်ဝက်မျှသော ဥပုသ်ကံ၏ အကျိုးဆက်ဖြင့် ဤစည်းစိမ်ကို အကျွန်ုပ်သည် ရ၏”ဟု ဆို၏။

ဘုရားဟူသော စကားကို ကြား၍ ထို ၅၀၀-ရသော ရသေ့တို့သည် ရုက္ခစိုးနတ်ကို လက်အုပ်ချီ၍ “အရှင်ရုက္ခစိုး၊ ဘုရားဟူ၍ ဆိုသလော”ဟု မေး၍ “ဘုရားဟု ဆို၏”ဟု ၃-ကြိမ်မြောက် ခွင့်ပြုစေ၏၊ ထိုရုက္ခစိုးနတ်သည်လည်း ‘ဤဘုရားအဖြစ်မည်သည်ကို လောက၌ အလွန်ရခဲစွာ၏’ဟု ဝမ်းမြောက်ဝမ်းသာစကားကို ဆိုသောကြောင့် “နတ်မင်း၊ နတ်မင်းသည် ငါတို့အား တစ်သိန်းမက များစွာသောကမ္ဘာတို့၌ မကြားဖူးသော ဘုရားဟူသော စကားကို ကြားပေ၏”ဟု ဆိုကုန်၍ တပည့်ရသေ့တို့သည် ဆရာကို ဤသို့ ဆိုကုန်၏၊ “ဘုရားထင်ရှား ရှိပြီတကား၊ ဆရာ၊ ငါတို့သည် မြတ်စွာဘုရားအထံသို့ သွားကုန်အံ့” ဟု ဆိုသော် “ချစ်သားတို့၊ သူဌေး ၃-ယောက်တို့သည် ရှိ၏၊ ထိုသူဌေးတို့ အိမ်၌ ဆွမ်းခံ၍

ထိုသူဌေးတို့အား ကြား၍ သွားကုန်အံ့၊ သည်းခံလော့”ဟု ဆရာဆို၍ သည်းခံ၍ မိုးသောက်သောနေ့၌ သူဌေး ၃-ယောက်တို့သည် ‘ယာဂုဆွမ်းတို့ကို ပြည့်စုံစေ၍ နေရာတို့၌ နေရာခင်းစေ၍ ယနေ့သည် အရှင်ရသေ့ ၅၀၀-ရာတို့ လာအံ့သော နေ့တည်း’ဟု သိ၍ ခရီးဦးကြိုဆို၍ ရသေ့တို့ကို ခင်းသောနေရာ၌ နေစေ၍ ဆွမ်းလုပ်ကျွေး၏။

ဆွမ်းစားကုန်ပြီးသော် “သူဌေးတို့၊ ငါတို့သည် သွားကုန်အံ့”ဟု ရသေ့တို့ ဆိုကုန်သော် “အရှင်ဘုရားတို့သည် မိုး ၄-လပတ်လုံး အကျွန်ုပ်တို့သည် ယူအပ်သော ဝန်ခံခြင်းရှိကုန်၏၊ ယခု အဘယ်အရပ်သို့ သွားကုန်အံ့နည်း”ဟု သူဌေးတို့ လျှောက်ကုန်သော် “သူဌေးတို့၊ လောက၌ ဘုရားသည် ထင်ရှားဖြစ်၏၊ တရားသည်ငှင်း သံဃာသည်ငှင်း ထင်ရှားဖြစ်၏၊ ထို့ကြောင့် မြတ်စွာဘုရားအထံသို့ သွားကုန်အံ့”ဟု ဆိုကုန်သော် “အသို့နည်း အရှင်တို့၊ မြတ်စွာဘုရားအထံသို့ အရှင်တို့သာ သွားအပ်သလော”ဟု မေး၏။

“ဒါယကာတို့၊ တပါးသောသူတို့အားလည်း မမြစ်အပ်”ဟု ဆိုကုန်သော် “အရှင်တို့၊ ငံ့ပါကုန်ဦး၊ အကျွန်ုပ်တို့သည် ကံကျွေးရိက္ခာစီရင်၍ လိုက်ပါအံ့”ဟု ဆိုသော် “သင်တို့ကံကျွေးရိက္ခာ စီရင်ကုန်သော် ငါတို့အား ကြာမြင့်ကုန်လတ္တံ့၊ ငါတို့သည် ရှေးဦးစွာ သွားနှင့်ကုန်အံ့၊ သင်တို့ နောက်လာကုန်လော့”ဟု ဆို၍ ရသေ့တို့သွားကုန်၍ မြတ်စွာဘုရားအထံသို့ ရောက်၍ မြတ်စွာဘုရားကို ချီးမွမ်း၍ ရှိခိုး၍ တင့်အပ်သောအရပ်၌ နေကုန်သောရသေ့တို့အား ဘုရားမြတ်စွာသည် စကားအစဉ်ကို ပြောဆိုတော်မူ၍ တရားဟောတော်မူသော အဆုံး၌ ပဋိသမ္ဘိဒါ ၄-ပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရသေ့ ၅၀၀-တို့သည် ရောက်ကုန်၍ ရဟန်းအဖြစ်ကို တောင်းပန်သဖြင့် “ဧထ ဘိက္ခဝေါ” စသည်ဖြင့် ခေါ်တော်မူ၍ ဧဟိဘိက္ခု ရဟန်းချည်းဖြစ်ကုန်၏။

ထိုသူဌေး ၃-ယောက်တို့သည် ၅၀၀၊ ၅၀၀-စီသောလှည်းတို့ဖြင့် အဝတ်, ပုဆိုး, ခဲဖွယ်, ဘောဇဉ်, ထောပတ်, ပျား, တင်လဲတို့ကိုငှင်း ထမင်းအိုး, ဟင်းအိုး အစရှိသည်တို့ကိုငှင်း ယူလာကုန်သဖြင့် သာဝတ္ထိပြည်သို့ ရောက်၍ ဇေတဝန်ကျောင်းတော်အနီး၌ လှည်းဝိုင်းဖွဲ့၍ မြတ်စွာဘုရားသို့ ကပ်၍ ရှိခိုးသော် တရားဟောတော်မူ၏၊ တရားဒေသနာတော်အဆုံး၌ သောတာပတ္တိဖိုလ်၌ တည်လေကုန်ပြီး၍ လခွဲ၌ အလှူပေးလျက် မြတ်စွာဘုရားအနီး၌နေ၍ ကောသမ္ဗီသို့ ကြွလာစိမ့်သောငှာ တောင်းပန်၍ မြတ်စွာဘုရားသည် ပဋိညာဉ်ပေးသဖြင့် “သူကြွယ်တို့၊ ဘုရားတို့မည်သည် ဆိတ်ငြိမ်ရာ၌ မွေ့လျော်ကုန်၏”ဟု ဆိုသော် “သိပါပြီ အရှင်ဘုရား၊ အကျွန်ုပ်တို့ ကြားလျှောက်စေသောအခါ ကြွတော်မူပါ”ဟု လျှောက်ကုန်၍ ကောသမ္ဗီသို့ ပြန်၍-

- ယောသိတသူငှေးသည် ယောသိတာရုံကျောင်းကို,
- ကုက္ကုဋသူငှေးသည် ကုက္ကုဋာရုံကျောင်းကို,
- ပါဝါရိကသူငှေးသည် ပါဝါရိကာရုံကျောင်းကို ဆောက်ကုန်၏။

ထိုသူငှေးတို့သည် ကျောင်းပြီးကုန်သော် မြတ်စွာဘုရား ကြွလာစိမ့်သောငှာ အပင့် စေလိုက်ကုန်၏၊ မြတ်စွာဘုရားသည် ထိုပင့်လျှောက်လာသောသူတို့၏ စကားကို ကြားလျှင် ကောသမ္ဗီပြည်သို့ ကြွတော်မူလေ၏။ သူငှေးတို့သည် ခရီးဦး ကြိုဆိုကုန်၍ ကျောင်းကို အပ်လှူကုန်၍ အလှည့်အလှည့်အားဖြင့် မြတ်စွာဘုရားကို လုပ်ကျွေးကုန်၏၊ မြတ်စွာဘုရား သည် တစ်နေ့တစ်နေ့စီ ၁-ကျောင်း ၁-ကျောင်း၌ နေတော်မူ၍ အကြင်သူငှေးကျောင်း၌ နေတော်မူ၏၊ ထိုသူငှေးအိမ်၌ ဆွမ်းဘုဉ်းပေးတော်မူ၏၊ ဤသို့လျှင် မြတ်စွာဘုရားသည် ၉-ခုမြောက်သောဝါ၌ ကောသမ္ဗီပြည် ယောသိတသူငှေး, ကုက္ကုဋသူငှေး, ပါဝါရိကသူငှေး၊ ဤ ၃-ယောက်တို့၏ အလုပ်အကျွေးတို့ကို ခံတော်မူလျက် ဝါဆိုတော်မူ၏၊

ကောသမ္ဗီပြည်၌ ၉-ဝါမြောက် ဝါမဆိုမီ ဇေတဝန်ကျောင်းတော်၌ နေစဉ် ကဆုန် လပြည့်နေ့၌ သီဟိုဠ်ကျွန်း ကလျာဏီအရပ်၌ နေသော **မဏိအက္ခိ** နဂါးမင်း ပင့်လျှောက်လာ ၍ သံဃာတော်-၅၀၀ နှင့်တကွ သီဟိုဠ်ကျွန်းသို့ ကြွတော်မူ၍ ကလျာဏီအရပ်၌ နဂါးတို့ ဖန်ဆင်းသော မဏ္ဍပ်သို့ ဝင်တော်မူ၍ နဂါးမင်းတို့သည် ဘုရားအမှူးရှိသော သံဃာတော် တို့အား နတ်ဆွမ်းဖြင့် လုပ်ကျွေးကုန်၏၊

မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးတော်မူပြီးလျှင် တရားဟောတော်မူ၏၊ "နဂါးမင်းတို့၊ သတ္တဝါအပေါင်းတို့အား မေတ္တာမျှစေကုန်၊ အမျက်ဒေါသကို လျှော့ညံ့ကုန်၊ သံသရာဝဋ်မှ ထွက်မြောက်လွယ်အံ့သော အကြောင်းကို လုံ့လပြုကုန်"ဟု ဆုံးမတော်မူ၍ **သုမနဂုတ္တ** တောင်ထိပ်၌ လက်ျာခြေတော်ရာ ထားခဲ့၏၊ "အဘယ့်ကြောင့် ထားတော်မူခဲ့သနည်း"ဟူ တုံအံ့၊ သီဟိုဠ်ကျွန်းသို့ ၃-ခေါက်ကြွတော်မူသည်ကို လူ, နတ်တို့အား သိစေခြင်းငှာ ထားတော်မူခဲ့သတည်း။

- "သီဟိုဠ်ကျွန်းသို့ မဟိန္ဒထေရ် သာသနာတော်ကို ဆောင်လတ္တံ့၊
- မဟိန္ဒမထေရ်သည် သုမနသာမဏေကို တာဝတိံသာ၌ သိကြားမင်း စူဠာမဏိစည်းခံ၌ ဌာပနာသော ငါ၏လက်ျာညှပ်ရိုးတော်ကို တောင်းစေ၍ ဒေဝါနံပိယတိဿမင်းအား နှင်း၍ ဌာပနာလတ္တံ့၊
- ကာကဝဏ္ဏမင်း၏သား အဘယဒုဋ္ဌဂါမဏိမင်းသည် အစောက်အတောင် ၈၈ဝ- မြင့်သော စေတီတည်၍ ဓာတ်တော်ကို ဌာပနာလတ္တံ့."

ဟု ဗျာဒိတ် ကြားတော်မူ၏၊ သုမနဂုတ္တတောင်ထိပ်၌ ဖလသမာပတ် ဝင်စားတော်မူ၏၊ ဒီဃဝါပိအရပ်, မဟာမေဃဝန်အရပ်, ဒက္ခိဏာသာခါ ဗောဓိတည်မည့်အရပ်, မဟာစေတီ တည်မည့်အရပ်၊ ဤအရပ်တို့သို့လည်း သံဃာနှင့်တကွ ကြွတော်မူ၍ ဖလသမာပတ် ဝင်စားပြီးမှ ဇေတဝန်ကျောင်းတော်သို့ ပြန်ခဲ့၏။

(ဤမျှသော စကားအစဉ်သည်ကား ၈-ဝါ ဆိုတော်မူပြီးသည်မှစ၍ ကောသမ္ဗီပြည်၌ ၉-ဝါမြောက် ဝါဆိုတော်မူသည် တိုင်အောင်သာ စကားအစဉ်တည်း။)

✪✪✪✪✪

မူလမဟာဗုဒ္ဓဝင်
တထာဂတဥဒါနဒီပနီ

ပထမတွဲ၊ တတိယပိုင်း ၁- ပြီးပြီ။

✪✪✪✪✪✪✪✪✪✪

## ရကြပါစေ၊ အမျှဝေ

“ဓမ္မအလှူ ဖြစ်စေ”ဟူ၍၊ ‘ဘယ်သူမနိုး၊ ကိုယ်တိုင်နိုး’လျက်၊ ကောင်းကျိုးရမှု၊ ကောင်းစွာပြုသား၊ ကောင်းမှုပေါင်းကို၊ သောင်းစကြဝဠာ၊ များစွာတွက်ရေ၊ ကုဋေတစ်သိန်း၊ တွက်ကိန်းဆဆ၊ အနန္တလျှင်၊ ဝိသယ, အာဏာ၊ ဇာတိဟူသား၊ ခေတ်သုံးပါးဝယ်၊ များလှသတ္တဝါ၊ ဝေနေယျာကို၊ မေတ္တာသနား၊ ဝေငှကြား၏။

ထူးခြားထိုမှ၊ ဂုဏ်ကြီးလှသား၊ မိဘ, ဘွား, ဘိုး၊ ဆွေမျိုး ဉာတကာ၊ ကုလာ ဇေဋ္ဌ၊ ဝယ, သီလာ၊ ပညာဝါဖြင့်၊ ဆရာအရှင်၊ ကျေးဇူးဖြင်သည်၊ ဝန်းကျင်တွင်းပ၊ စောင့်ရှောက်မ-သား၊ ဂေဟ ဒေဝတာ၊ ဆယ်ဖြာကျိုးနတ်၊ မြတ်ထွဋ်ကုန်ကျ၊ အဋ္ဌအရိယာ၊ ဒေဝါ, သက္က၊ ဗြဟ္မမဟာ၊ လောကပါလ၊ ဝဋ္ဋာဟက၊ ယမတွင်ခြင်း၊ နတ်မင်းအများ၊ နဂါး, ယက္ခ၊ ကုမ္ဘဏ္ဍာနှင့်၊ ဂန္ဓဗ္ဗများ၊ လေးခြားဒေဝတာ၊ သုံးဖြာနတ်မျိုး၊ အရိုးရိုးလျှင်၊ တန်ခိုးအာဏာ၊ ဂုဏ်ရှိန်ဝါဖြင့်၊ ပြည်, ရွာ, တိုင်းကား၊ လူတလွှားကို၊ စီးပွားရှာရှာ၊ သာသနာကို၊ မချာ နေ့, ည၊ စောင့်ရှောက်ကြသား၊ ဘူမ, ရုက္ခာ၊ အာကာသဋ္ဌ၊ တွင်နာမဖြင့်၊ ပဗ္ဗတများမြောင်၊ တော, တောင်, ကုန်းကျဉ်း၊ မြစ်ခပင်းနှင့်၊ အိုင်မင်း ၇-ဖြာ၊ သတ္တရဘန် ၇-ရပ်၊ ၅-ထပ်အာလိန်၊ တေဇာရှိန်သာ၊ ဒေဝိန္ဒရာဇ်၊ ဖြစ်ဖြစ်ကုန်ကြ၊ နတ်ထိုမျှကို၊ ရပါလေစေ၊ အမျှဝေ၏။

စိတ်စေတနာ၊ ဝမ်းပမ်းသာ၍၊ ငါတို့ကောင်းမှု၊ ပြုပြုသမျှ၊ ဤပုညကို၊ ဒိဗ္ဗစက္ခု၊ မြင်မှုမပြတ်၊ ဆတ်ဆတ်နတ်နား၊ ဆင့်ဆင့်ကြားက၊ တို့အားချစ်ခင်၊ မိဘသွင်သို့၊ ကြင်ကြင်နာနာ၊ စောင့်ကုန်ပါ၍၊ ချမ်းသာကဲမိုး၊ သစ်သစ်တိုးသည်၊ ကောင်းကျိုးဆဆ-ပွါးစေတည်း။ ။

သာဓု သာဓု သာဓု။

# မှတ်သားဖွယ်ရာ အက္ခရာစဉ်

[ က ]


ကကုသန်ဘုရား ၄၉၀
ကခြေသည်နဂါးမ ၂၀၂
ကခြေသည်နတ်သား ၂၁၄
ကခြေသည်မ ၅၂၄
ကဋ္ဌနဒေဝီ ၅၇၆, ၅၈၉
ကဋ္ဌနဒေဝီမိဖုရား ၅၆၆၊ ၅၆၇
ကဋ္ဌနသန္တိဘတစ ၁၄၀
ကဋ္ဌနာ ၇၄
ကဌဝါဟန ၆၂၃
ကဏ္ဍကမြင်း ၁၂၇, ၁၇၃
ကဏှာဥယျာဉ်မှူး ၅၉၅
ကဏှာဂင်္ဂါ ၃၀၉
ကဏှာသရက်ပင် ၄၆၉
ကဏှာမ္ဗသရက်ပင်ရင်း ၅၉၅, ၅၉၆
ကဏ္ဏာဂေါတ္တပြည် ၆၇
ကဏ္ဏာမည်သော နဂါးမ ၅၆၁
ကဏှာဥသဘဇာတ် ၆၀၀
ကဏှာဇိန်၊ သမီးတော် ၂၃၅
ကတိကဝတ် ၃၁၂, ၅၈၁
ကပိလရှင်ရသေ့ ၇၀
ကပိလဝတ်ပြည် ၄, ၇၁, ၄၆၆, ၅၃၈, ၅၄၉
ကပိလဝတ်ပြည်မင်းဆက် ၇၄
ကပိလဝတ်မြို့ ၉၃
ကပိလဝတ်ပြည်သား ၅၃၂
ကလောခေါင်း ၅၃၂
ကပ္ပက ၄၉၄, ၄၉၅
ကပ္ပါသိကဝါတော ၄၃၃
ကပ္ပိနမထေရ်၊ အရှင် ၅၇၈
ကမ္ဗည်းဆက်စာ ၁၆၀
ကမ္ဗလာရောင်း အရပ်တပါး ၅၈၈
ကမ္ဗလာပုဆိုး ၉၅
ကမ္ဘာ ၅-ရပ် ၃၄၈
ကမ္ဘာပြု မိုးကြီး ၃၄၂
ကမ္ဗဋ္ဌာန်း ၅၂၂၊ ၅၃၆
ကမ္ဗဋ္ဌာန်းစီးဖြန်း ၁၈၇
ကမ္ဗလပြည် ၆၆
ကမ္ဗလဝသမင်း ၆၆
ကရဝိကတောင် ၂၉၅
ကရဝိကသီဒါ ၂၉၆
ကရဝိတ်ငှက် ၈၂, ၅၇၃
ကသိဏာယတန ၁၀-ပါး ၂၄၁
ကဿပဘုရား ၄၉၁
ကဿပမြတ်စွာဘုရား ၄၅၂, ၅၂၇
ကာမ ၃၈၁
ကာမ, ကာမဝဏ္ဏ, ကာမသုဒ္ဓိပြာသာဒ် ၅၆
ကာမဂုဏ် ၅-ပါး ၃၈၂
ကာမလောက ၁၁-ပါး ၂၈၉
ကာမသုဂတိ ၇-ဘုံ ၂၈၉
ကာမာဝစရနတ်ပြည် ၁၀၀,၁၀၉,၂၁၄,၅၈၅
ကာမာဝစရနတ်သား ၃၄၁
ကာယအစု ၃၂-ပါး ၂၄၁

[ က ]


ကာယဝိဝေက ၃၈၂
ကာယ သုစရိုက် ၃-ပါး ၂၂၇
ကာလဒေဝိလရသေ့ ၁၃၂, ၁၈၇, ၄၇၀
ကာလရာဇာနဂါးမင်း ၅၇၂
ကာသိကပုဆိုး ၁၂၃
ကာသိကရာဇ်တိုင်း ၃၁၀
ကာသိပြည် ၅၀
ကာသိတိုင်း ၆၀
ကာသိမင်း ၆၃
ကာဠနဂါးမင်း ၁၁၃, ၁၉၆၊ ၁၉၉၊ ၂၀၂
ကာဠသုတ်ငရဲ ၃၁၆
ကာဠာယဇကမင်း ၆၈
ကာဠာဝကဆင် ၁၇၅
ကာဠာဝကဆင်နက် ၂၁၆
ကာဠီဥပါသိကာမ ၄၁၉
ကာဠီဿရမင်း ၆၇
ကာဠုဒါယီ ၁၂၇, ၄၆၄, ၄၆၆
ကိကီမင်း ၇၆, ၅၆၆
ကိန္နရီငှက်မ ၈၂
ကိန္နရာဖို, ကိန္နရီမ ၅၇၃
ကိန္နရီမ ၅၇၄
ကိမိလမင်းသား ၄၇၉
ကုက္ကုရဝတီပြည်သား အစေလက ၂၆၄
ကုက္ကို ၇-ပင် ၄၂၇
ကုက္ကိုပင်ကြီး ၃၀၀
ကုဋာဂါရသာလာ ၅၅၀, ၅၅၂
ကုဏာလအိုင် ၅၃၅
ကုဏာလငှက်မင်း ၅၃၆
ကုဏာလဇာတ် ၅၃၆


[ က ]


ကုဒါလပညာရှိ ၆၃
ကုမုဒြာကြာဖြူအဆင်း ၁၆၃
ကုမ္ဘဏ် ၄၄၁
ကုလယရမြို့ ၄၁၉
ကုလပ္ပသာဒက ၄၆၇
ကုသလာ ဓမ္မာ ၆၀၉
ကုသမင်း ၆၈, ၃၁၄
ကုသဝတီပြည် ၆၅
ကုသိနာရုံပြည် ၆၇
ကုသုမ္ဘကပန်းပွင့် ၁၇၀
ကုသိုလ်, အကုသိုလ် ၂၃၉
ကုသိုလ်စေတနာ၏အကျိုး ၅၀၈
ကုသိုလ်တရား ၁၀-ပါး ၃၈၃
ကေတုမာလာ ၂၆၇, ၅၈၇, ၅၇၉
ကေသရာဇာ ခြင်္သေ့မင်း ၂၀၃, ၆၁၈
ကေသိယ ၃၇၄
ကောကနုဒ ပြာသာဒ် ၉၅, ၆၂၂
ကောကာ, သုပ္ပလ, ပဒုမပြာသာဒ် ၄၈
ကောကာလိက ၂၆၄
ကောဋိကဏ္ဏသောဏ ၄၂၀
ကောဠမ္ဗရသရစည် ၃၃၂
ကောဏာဂုံဘုရား ၄၉၁
ကောဏ္ဍညပုဏ္ဏား ၈၂, ၁၃၄
ကောဏ္ဍည၊ အရှင် ၃၁၄, ၄၁၆
ကောလာဟလစကား ၁၀၅
ကောလိယပြည် ၇၂, ၅၄၉
ကောလိယပြည်သား ၅၃၂
ကောလိယမင်းသား ၅၃၂
ကောလိယလယ်လုပ် ၅၃၂

[ က ]


ကောသမ္ဗီပြည် ၆၇, ၃၇၆
ကောသောဟိတဝတ္ထုဂုယှ ၁၄၀, ၁၄၈
ကံ့ကော်နွယ်ဒန်ပူ ၆၀၉
ကောက်စိုက်မင်္ဂလာ ၁၅၆၊ ၄၇၀
ကောင်းကင်ပျံခြင်း ၅၉၁
ကောင်းကင်ပျံနိုင်သော တန်ခိုး ၃၄၄
ကောင်းချီးသံ ၆၀၄
ကောင်းခြင်း ၅-ပါး ၈၃
ကိုယ်စားတော် ၅၆၂
ကိုယ်လုံးဖြူသော ဆင် ၉၃
ကျီးအူပုဆိုးကဲ့သို့ ၃၉၆
ကျေးအပေါင်း ၅၇၃
ကျေးငှက်နှင့်စပ်သော သီချင်း ၅၆၄
ကျုံးကာ, ကျုံးကာ စား၍ ၅၀၃
ကျောက်ခဲမိုး ၂၀၅
ကျောက်စည် ၅၀၁၊ ၅၀၂
ကျောက်ထီးသဖွယ် ၁၉၉
ကျောက်ဖျာ ၅၀၃, ၅၀၅
ကျောက်သပိတ်တော် ၅၁၃
ကျွတ်တီးကုန်းခင် ၆၀၈
ကြာညိုဖက် ၅၉၅
ကြာနီ့ရည် ၃၁၂
ကြာပုဏ္ဍရိက်ဖြူ ၄၀၇
ကြာဖက်ဖျာ ၃၁၂
ကြာသွတ်အိုး ၃၃၄
ကြီးစွာသော ဂငျူန် ၅၆၉
ကြေးနီတံတိုင်း ၅၇၄၊ ၅၇၇
ကြေးမုံသဏ္ဍာန် ၃၀၁
ကြည့်ခြင်းကြီး ၅-ပါး ၁၀၇


[ က ]


ကြွမ်းပိုးအဆင်းနှင့်တူသော ခြုံထည်နီ ၆၁၇
ကြိမ်ပိုက်ချောင်းငရဲ ၃၁၈
ကွာစွန့်ပစ်သောအဖြစ် ၄၈၅
ကွမ်းဈေး ၅၇၆, ၅၇၇
ကျွန်အမှုလုပ်မင်းချင်းယောကျ်ား ၄၅၂
ကျွန်းကြီး ၄-ကျွန်း ၅၃၅၊ ၃၅၁
ကျွန်းငယ် ၂၀၀၀ ၃၅၁
ကျွမ်းသမားအိမ် ၅၂၄


[ ခ ]


ခန္ဓာ ၅-ပါး ၂၄၁
ခန္တိပါရမီ ၆၃
ခန္တိဝါဒီရသေ့ ၆၃
ခန္ဓုတ္တမအာသခေ်ျ ၄
ခရဒါဌိကဘီလူး ၃၇
ခရလောမဘီလူး ၃၇၄
ခရုသင်း ၁၂၅
ခလဘဏ္ဍဂ္ဂ အလှူ ၆၂၅
ခလဂ္ဂ အလှူ ၆၂၅
ခီရသာဂရ ၃၀၀
ခေမပြည် ၃၉, ၄၉, ၅၆, ၅၇
ခေမမိဂဒါဝုန် ၅၅
ခေမမိဂဒါယတောကျောင်း ၇၅
ခေမဝတီပြည် ၅၆
ခေမာမင်း ၅၇
ခေမာ မိဖုရား ၅၆၄, ၅၆၅
ခေမာရာမကျောင်းတော် ၅၇

[ ခ ]


ခေတ္တဂ္ဂ အလှူ ၆၂၅
ခါးပန်းတော် ၅၂၀
ခိုခြေအဆင်းနှင့်တူသောခြေ ၄၉၂
ခက်မ ၅-ဖြာ ၃၁၁
ခင်ပုပ်ငှက်ငယ်ကဲ့သို့ ၅၈၁
ခေါင်းပါးခြင်း ၅၅၇
ခပ်သိမ်းသောတန်ဆာ ၅၁၄
ခပ်သိမ်းသောစျာန် ၂၆၅
ခပ်သိမ်းသော ဘုရား ၆၁၃
ချိပ်ရည်, ဟင်းသပြဒါး ၁၅၃
ခြေမိုးမျှော်ကိုင်၍ ၆၂၀
ခြသေ့်နှုတ်သီး ၃၀၈
ခြေတော်ရာချ ၆၁၅


[ ဂ ]


ဂဂ္ဂရရေကန် ၃၇၆
ဂဂ္ဂရီ ၃၃၂
ဂင်္ဂါမြစ် ၄၄၆၊ ၅၁၁
ဂင်္ဂါမြစ်နား ၄၂၆
ဂင်္ဂါမြစ်ဖန်ဆင်း၍ ၅၇၂
ဂင်္ဂေယျဆင် ၂၁၆
ဂဇင်္ဂလ နိဂုံး ၁၀၈
ဂတိ ၅-ပါး ၂၈၇
ဂန္ဓကုဋိ ၄၈၇
ဂန္ဓကုဋိပရိဝုဏ် ၅၂၀
ဂန္ဓကုဋိရွှေကျောင်းတော် ၅၉၇
ဂန္ဓဆင် ၂၁၆
ဂန္ဓဗ္ဗနတ် ၁၁၉, ၃၂၉, ၅၇၃
ဂန္ဓဗ္ဗနတ်ကခြေသဘင် ၃၃၃
ဂန္ဓဗ္ဗနတ်ကခြေသည် ၃၃၄
ဂန္ဓဗ္ဗနတ်မင်းကြီး ၄၄၁
ဂန္ဓဗ္ဗနတ်သမီး ၅၇၄
ဂန္ဓမာဒနတောင် ၃၀၇, ၅၆၁, ၅၅၄
ဂန္ဓာရုံ ၂၆၂
ဂယာကဿပ ၄၄၇
ဂယာရွာ ၃၀၉
ဂမိယဝတ် ၄၆၆
ဂယာသီသ ၄၄၇
ဂရုဠပက္ခ, ဟံသ, သုဝဏ္ဏပြာသာဒ် ၅၀
ဂဟပတိမဟာသာလအမျိုး ၄၆၁
ဂဠုန်မင်း ၅၇၂
ဂဠုန်ရုပ် ၆၂၃
ဂိဇ္ဈကုဋ်တောင် ၄၅၂
ဂိဇ္ဈကုဋ်တောင်ကျောင်း ၄၆၉
ဂိမှာနဥတု ၃၆၄, ၄၆၅
ဂိရိဒီပကျွန်း ၄၄၃
ဂိရိမေခလာ ၂၀၁
ဂိရိမေခလာဆင် ၂၀၇
ဂုဏ်တော် ၉-ပါး ၂၇၉, ၃၉၂
ဂုဟာသေလ, နာရိသယ, နိသဘပဒုမပြာသာဒ် ၄၉
ဂေါဇာမပြည် ၆၇
ဂေါဏာဝိထိ ၃၅၄
ဂေါတမ ၃၁၂
ဂေါတမဘုရား ၄၂၀, ၄၅၂, ၄၉၁
ဂေါတမ အရှင် ဘုရား၏ ဗောဓိပလ္လင် ၅၄၃
ဂေါပခုမ ၁၄၄, ၁၄၉
ဂေါဝတိကရွာသား ပုဏ္ဏ ၂၆၄
ဂေါ်သဇင်, မာလာကျိုကျူ ၁၂၂
ဂြိုဟ်နတ်, နက္ခတ်, တာရာ, ကြယ် ၃၅၀

[ ယ ]

ယဋိကာရ၊ အိုးထိန်းသည် ၅၉
ယဋိကာရ ဖြဟ္မာ ၁၇၉, ၄၀၂
ယရဏီ အနာဂါမ်ဒါယိကာမ ၅၉၈
ယောရတရ ၃၃၃

[ င ]

ငဆန် ၁၂၇၊ ၁၇၃
ငရဲအိုး ၃၂၀
ငရဲကြိမ်ပိုက်ချောင်း ၃၁၈
ငရဲကြီး ၈-ထပ် ၃၁၄
ငရဲထိန်း ၃၂၁၊ ၅၈၄
ငရဲနရက်ချောက် ၃၂၂
ငရဲမီး ၅၈၂
ငရဲမီးလျှံ ၅၈၄
ငါ၏တန်ခိုး ၅၇၁
ငါ၏တမန်တော် ၅၈၁
ငါမှတပါးသောဘုရား ၅၄၂
ငါးကျိပ်သောသူဌေးသား ၄၂၄
ငွေစကြာ၏အသရေ ၅၇၇
ငှက်တို့၏မင်း ၅၃၆
ငှက်ရုပ်၏ ဝမ်း ၆၂၃
ငြိခြင်းကင်းသူ ရဟန်း ၆၂၈

[ စ ]

စကား၏တင့်တယ်ခြင်း ၂၇၃
စက္ခုပသာဒ ၃၄၀
စကြဝတေးမင်း ၄၅,၁၁၁,၄၇၇,၅၇၃,၅၉၉
စကြဝတေးမင်း၏ ပတ္တမြားသဖွယ် ၅၈၅
စကြဝဠာ၏ တည်ဟန် ၂၉၁
စကြဝဠာတံတိုင်း ၅၄၁, ၆၀၃
စကြဝဠာတိုက် ၁၁၀, ၅၁၆, ၅၃၉
စကြဝဠာမျက်နှာဝအပိုင်းအခြား ၅၄၁
စကြဝဠာယူဇနာ ၂၉၈
စကြာမင်း ၄၁၈
စက္ကာလောကမဏ္ဍပ် ၁၅၉
စတုတ္ထစျာန် ၂၂၂
စတုတ္ထစျာန် ၂-ဘုံ ၃၃၉
စတုတ္ထဝါ ၅၀၉
စတုမဟာရာဇ် ၃၃၅, ၃၉၇, ၅၂၀
စတုမဟာရာဇ်နတ်မင်း-၄ ၃၂၄, ၃၃၄, ၄၃၆, ၅၀၆, ၅၇၃
စတုလောကပါလနတ်မင်းကြီး-၄ ၃၃၄
စတုဝေသာရဇ္ဇဉာဏ် ၁၃၀
စတုဝေသာရဇ္ဇဉာဏ် ၄-ပါး ၂၅၅
စတ္တာလီသဒန္တ ၁၄၂, ၁၄၉
စန္ဒ ၃၄၅
စန္ဒကိန္နရီဇာတ် ၄၇၅
စန္ဒကုမာရမင်း ၆၂
စန္ဒကူး, ကံကော်ပင် ၃၀၅
စန္ဒကူးနံ့သာထင်း ၅၄၈
စန္ဒကူးနံ့သာနီ ၅၈၉, ၅၉၀, ၆၁၀
စန္ဒကူးပွင့် ၅၇၆
စန္ဒကူးနံ့သာမှုန့် ၂၀၅
စန္ဒကူးနှစ် သည်တိုင် ၁၀၁
စန္ဒနသာရ ၁၀၁

[ စ ]


စန္ဒနသာရ ပြာသာဒ် ၁၁၅
စန္ဒဝတီပြည် ၄၂, ၄၆၁
စန္ဒာဒေဝီ မိဖုရား ၃၄
စန္ဒာ(သုစန္ဒာ)မယ်တော်မိဖုရား ၄၆
စမ္ပကပြည် ၄၂
စမ္ပခဏ် နေရာတော် ၄၄၁
စမ္ပာပြည် ၆၇
စမ္ပေယျနဂါးမင်း ၆၂
စပါးကျို, ဆန်ကျို ၉၀
စပါးရွက် ၉၅
စရိယ ၃-ပါး ၂၀၈, ၃၉၁, ၅၄၅
စရိယာပိဋက ၆၄
စာမရီသားမြီးယပ် ၁၁၉
စာရေးစာချီ ၄၅၂
စိဉ္စမာဏာ ပရိဗိုဇ်မ ၆၁၆
စိတန္တရံသ ၁၄၂
စိတန္တရံသလက္ခဏာ ၁၄၈
စိတ္တရဿီမင်း ၆၈
စိတ္တလတာဥယျာဉ် ၇၆, ၃၂၆
စိတ္တဝိဝေက ၃၈၂
စိတြကာရ ၆၂၂
စိတြနက္ခတ် ၃၅၅
စိတ္တာ, သုစိတ္တာ ၃၂၆
စိတ်မရှိသော သတ္တဝါ ၂၈၆
စိရာအမည်ရှိသာမဏေယ်မ ၅၉၉
စုတိ, ပဋိသန္ဓေ ၂၂၇
စုတေခြင်း၏အကြောင်း ၅-ပါး ၁၀၆
စုန္ဒ သာမဏေယ် ၅၉၉
စုလစ်အထွဋ်တပ်သော ဇရပ် ၅၃၁, ၅၄၄


[ စ ]


စူဠအနာထပိဏ် ၅၉၈, ၆၀၆
စူဠကာဠ ၄၁၇
စူဠရာဟုလောဝါဒသုတ် ၄၈၂
စူဠသဟဿီလောကဓာတ် ၂၉၀
စူဠသုတသောမမင်း ၆၂
စူဠသုဘဒ္ဒါ ၄၈၉
စူဠာမဏိစေတီ ၁၇၉
စူဠောဒရနဂါး ၃၇၄, ၅၆၁
စေတိယတိုင်း ၄၈၁
စေတီ, ဗောဓိ, ဆင်းတုအိမ် ၃၃၄
စေတီတိုက် ၂၆၈
စေတုတ္တရာပြည် ၁၀၅
စေတောခိလ ၅-ပါး ၃၈၈
စေတော ဝိနိဗန္ဓ ၅-ပါး ၃၈၈
စောဒနာသောအသံ ၄၆၀
စောင်းတန်း ၃-သွယ် ၆၁၂
စောင်းသမား ၂၁၄
စက်လက္ခဏာ ၁၀၅, ၁၃၇
စက်လက်နက် ၂၀၆
စစ်အင်္ဂါ ၄-ပါး ၁၁၇, ၄၇၉, ၅၇၄
စည်မျိုး ၅-ပါး ၁၂၅
စည်လည်သောခရီး ၄၈၅
စည်းစိမ်ချမ်းသာ ၅၈၆
စွဲလမ်းအပ်သောကံ ၂၆၃
စွန့်ခြင်းကြီး ၅-ပါး ၃၉၁, ၅၄၅


[ ဆ ]


ဆဋ္ဌမြောက်ဖြစ်သောဝါ ၅၆၄

[ ဆ ]

ဆဒ္ဒန်အမျိုး ၅၇၃
ဆဒ္ဒန်အိုင် ၃၁၀, ၅၇၆
ဆဒ္ဒန်ဆင်မင်း၏ နှာမောင်း ၅၈၉
ဆဒ္ဒန်ဆင် ၆၂, ၂၁၆
ဆဒ္ဒန်ဆင် ၁၀-စီးအား ၈၃
ဆန္ဒ ၃၄၅
ဆဋ္ဌဘိညရဟန္တာ ၃၂
ဆာဝါ ၃၁၀
ဆားငန်သမုဒ္ဒရာ ၂၉၃
ဆီမီးလျှံကဲ့သို့ ဒိဗ္ဗစက္ခု ၃၄၀
ဆူးဖြင့်ဆူးကို ထွင်ထုတ်သကဲ့သို့ ၅၅၇
ဆံတော်တစ်ဆူ ၄၄၄
ဆံတော်ဓာတ် ၄၀၃
ဆံဖျား ၁-ချောင်းခန့်မျှ ၁၂၂
ဆင်ထိန်း ၃၇၄
ဆင်နှုတ်သီး ၃၀၈
ဆိတ်ကျောင်း ပညောင်ပင် ၁၉၂
ဆိတ်ကွယ်ရာ၏မဖြစ်ခြင်း ၂၈၀
ဆေတ္တာသည် ၅၀၁
ဆေတ္တာသည်ဥပါလိ ၄၇၉
ဆေးဒန်းမြင်းသီလာ ၄၈၄
ဆဲရေးခြင်း ၄-ပါး ၅၀၇
ဆွမ်းစားဇရပ် ၅၇၇, ၅၇၉
ဆွမ်းစားခြင်း, တည်းနေခြင်း ၅၉၄

[ ဇ ]

ဇင္ဃာတိန္ဒုက၊ လယ်စောင့် ၅၈
ဇဋိလသူဌေးကြီး ၄၄
ဇနပဒကလျာဏီ ၂၀၄, ၄၇၅, ၄၉၂, ၄၉၅, ၅၅၅
ဇနသန္ဓမင်း ၄၉
ဇန္တု ၆၉
ဇမ္ဗုက ၅၀၀, ၅၀၄, ၅၀၅
ဇမ္ဗုဒီပ ၃၀၀
ဇမ္ဗုနဒရွှေ ၁၀၀
ဇမ္ဗုနဒီ ၃၁၃
ဇမ္ဗုနဒီမြစ် ၃၀၁, ၃၁၃
ဇမ္ဗုနဒီရွှေ ၃၀၁
ဇမ္ဗုပတိမင်း ၅၆၆, ၅၇၀, ၅၇၅, ၅၇၉, ၅၈၂, ၅၈၆
ဇမ္ဗုသပြေပင် ၃၀၀, ၃၁၃, ၁၅၇, ၅၉၉
ဇမ္ဗုသပြေသီး ၄၄၀
ဇမ္ဗုဒီပါကျွန်း ၈၅, ၁၀၈, ၃၁၃, ၃၅၁, ၄၄၀, ၄၄၅, ၅၇၈, ၅၈၉
ဇမ္ဗုဒိပ်ကျွန်း၏ တံခွန် ၅၉၉
ဇယအသချေ် ၅
ဇယတု တုဋ္ဌနန္ဒာ ၁၇၀
ဇယဒိသမင်း ၆၂
ဇယသေနမင်း ၅၀
ဇယသေန(ဥဒေန)မင်း ၄၈
ဇရာ, မရဏ ၂၂၄
ဇာတိခေတ် ၂၉၀
ဇာတိချုပ် ၂၂၄
ဇာတိ ပဋိသန္ဓေနေခြင်း ၂၁၇
ဇာတိမဒ ၃၈၅
ဇာလဟတ္ထပါဒ ၁၇၉, ၁၄၆

[ ဇ ]

ဇာလိ ၇၄, ၂၉၅
ဇာလိ, ကဏှာဇိန် ၆၄
ဇိဝှါဝိညာဉ် ၃၄၃
ဇူဇကာပုဏ္ဏား ၅၄၆
ဇေတမင်းသား ၄၈၈
ဇေတဝန်ကျောင်းတော် ၃၁၁, ၄၈၉, ၆၁၇
ဇေတဝန်ကျောင်းတော်စောင့် နတ် ၅၆၁
ဇေယျဝမှု၊ မြို့သူကြီးမင်း [ ၉ ]
ဇောတိပါလပုဏ္ဏား ၅၉
ဇောတိမန္တ ၁၅၄
ဇောတိရသပတ္တမြားခြေနင်း ၅၆၉

[ ဈ ]

ဈာနာဘိရတ ၅၆၀
ဈာန်, အဘိညာဉ် ၆၁၉
ဈာန် ၄-ပါး ၂၄၂

[ ဉ ]

ဉာဏအစိန္တေယျ ၂၇၂
ဉာဏ်တော် ၃-ပါး ၂၇၁
ဉာဏ်တော်ကွန်ယက် ၅၂၅
ဉာတတ္ထစရိယ ၂၀၈
ညီအနုရုဒ္ဓါ ၄၇၈
ညီတော်မင်းနန် ၄၉၁
ညီမတော် ပဇာပတိ ၁၂၀
ညီသောရောင်ခြည်တော် ၅၆၂
ညောင်စောင်း ၄၇၄

[ ည ]

ညောင်ဗုဒ္ဓေဟပင် ၁၉၇, ၂၀၇
ညွန့်ပျောင်းမိုး ၂၀၆

[ တ ]

တက္ကသိုလ်ပြည် ၆၇, ၅၁၇
တတိယဈာန် ၂၂၂
တတိယဈာန် ၃-ဘုံ ၃၃၈
တတိယဝိဇ္ဇာ ၂၉၅
တတိယအဖို့ ၅၂၁
တဏှာ ၂၁၈
တဏှာ, ဥပါဒါန်, ဘဝ ၂၂၀
တဏှာချုပ် ၂၂၄
တဏှာနုသယ ၂၆၁
တဏှာမူလကတရား ၉-ပါး ၃၈၉
တပုဿနှင့် ဘလ္လိက ၄၀၀
တမ္ဗဆင် ၂၁၆
တရင်္ဂဂင်္ဂါ ၁၈၁
တရားဒေသနာ ၅၅၇, ၆၂၈
တရားဟောခြင်း ၅၂၂
တရားဟောတတ်သောပုဂ္ဂိုလ် ၄၃၀
တရားဟောပလ္လင် ၆၁၇
တရားဟောသော အသံ ၅၅၆
တာပနငရဲ ၃၁၇
တာ ၄-ပါး ၂၉၈
တာဝတိံသာနတ်ပြည် ၂၁၄,၃၃၆,၃၉၇,၆၀၆
တာဝတိံသာနတ်မြို့ ၃၂၄
တိက္ခသလကမင်း ၉၂
တိတ္တိပုရပြည် ၆၆

[ တ ]


တိတ္တိဆရာ ၆-ယောက် ၄၅၄
တိဒဏ္ဍ ၄၉၇
တိမ္ပရုသက နတ်သား ၃၃၃
တိယဂ်လကျောက်ဖျာ ၃၀၉
တိယဂ်လရေကန် ၃၀၉
တိရစ္ဆာန် ၂၈၇
တိရိယ ၁၉၃
တိရိယတောင် ၃၀၉
တိရောကုဋ္ဋသုတ် ၄၅၃
တိသဟဿိမဟာသဟဿိလောကဓာတ် ၂၉၀
တိသဟဿိလောကဓာတ် ၃၉၇
တိဟိတ်ပဋိသန္ဓေနေသသူ ၅၆၅
တုဏှိလဇာတ် ၄၃၄
တုသိတ, သန္တုသိတ, သန္တုဋ္ဌပြာသာဒ် ၅၇
တုသိတာနတ်ပြည် ၆၄, ၁၀၅, ၂၁၄, ၃၃၆, ၃၉၇
တေဇောကသိုဏ်း ၄၆၉, ၄၉၈, ၅၆၃, ၅၈၄, ၆၀၁
တေဇောဓာတ် ၃၄၉
တေဝါစိကသရဏဂုံ ၄၂၄
တောတွင်း ပစ္စန္တရစ် ၅၇၀
တံခွန်, ကြက်လှျာ, ကုက္ကား ၅၅၁
တံခွန်ရွက် ၃၂၅
တံတိုင်း ၇-ထပ်,ကျုံး ၇-ထပ် ၈၈
တံတိုင်းမျက်နှာ၀ ၂၀၂
တံမြက်လှည်းတတ်သောလေ ၃၀၈
တက်လမ်း, သက်လမ်း ၃၅၉
တောင်, တော ၇-ထပ် ၃၁၁
တောင်စဉ် ၇-ထပ် ၂၉၄, ၃၅၁


[ တ ]


တောင် ၅-လုံး ၃၀၆
တောင်ထွဋ်သဘင် ၄၅၄
တောင်, မြောက်ဖီလာ ၃၆၆
တောင့်တခြင်း ၅-ပါး ၄၄၉
တစ်ကြိမ်ရဟန်း ၅၈၇
တစ်ခုသောအမျက်မ ၅၈၉
တစ်ခုသောကျောက်ဖျာ ၅၉၁
တစ်ခုသော လောကဓာတ် ၅၄၃
တစ်ယောက်မမျှသောဆွမ်း ၆၀၈
တန်ခိုးကြီးသောအရာ ၅၆၃
တွင်းငရဲ ၃၁၉


[ ထ ]


ထမင်းဖြစ်ရာအရပ် ၄၇၉
ထမင်းရည်ချောင်းစီးအောင်လှူ ၆၀၉
ထီးဆောင်းမင်္ဂလာ ၄၇၅
ထီးထက်ထီးကို ဆင့်၍ ၅၁၆
ထီးဖြူ ၁၂၄, ၁၉၉
ထီးဖြူ ၄-စင်း ၅၁၂
ထီးလှိုင်ကာငှက် ၂၀၃
ထူဏာအမည်ရှိ ပုဏ္ဏားရွာ ၁၀၈
ထက်ဝက်စားပြီးသော ထမင်းခွက် ၆၂၇
ထင်ရှားပန်း ၁၂၅
ထန်း ၇-ဆင့်ဖျားတိုင် ၅၀၈
ထန်း ၁-ဖျား ၅၀၀
ထွန်တုံးမျှ ပင်စည်လုံးပတ် ၅၉၆
ထိမ်ပင်ကြီး ၃၀၁
ထိမ်းမြားအုံ့သောမင်္ဂလာ ၄၇၅

[ ဒ ]


ဒက္ခိဏာယဉ် ၃၅၃၊ ၃၅၉
ဒဏ္ဍပါဏိ ၇၅
ဒလဗလညာဏ်တော် ၁၀-ပါး ၂၅၇
ဒသယောသမည်သော စည်ကြီး ၃၃၃
ဒသပရမတ္ထပါရမီ ၆၁
ဒသပါရမီ ၆၁
ဒသရထမင်း ၆၈
ဒသဥပပါရမီ ၆၁
ဒါနပါရမီ ၆၂
ဒါနေသာဘိလူး ၁၀၀
ဒိဋ္ဌမင်္ဂလိကအမည်ရှိ ပုဏ္ဏား ၃၉၈
ဒိဗ္ဗစက္ခုညာဏ် ၁၃၀, ၂၂၃, ၂၂၈
ဒိဗ္ဗသောတညာဏ် ၁၃၀
ဒိသမ္ပတိမင်း ၆၈
ဒီဃင်္ဂုလိ ၁၃၉
ဒီဃနခပရိဗိုဇ် ၄၅၉
ဒီဃမုခ နတ်သား ၃၃၃
ဒီဃမုခမည်သော တစ်ဖက်ပိတ်စည် ၃၃၂
ဒီပင်္ကရာမြတ်စွာဘုရား ၃၉၁
ဒီပဲယင်းဆရာတော် [ ၉ ]
ဒီပဲယင်းမြို့ [ ၅ ]
ဒုကုဋ်ကိုယ်ဝတ် ၄၅၀
ဒုကုဋ်တော် ၂၆၉, ၅၉၆, ၆၀၅
ဒုက္ကရစရိယာ ၁၈၆, ၃၀၉, ၃၁၃
ဒုက္ခ-ဒေါမနဿ-ဥပါယာသကန္တာရ ၃၇၇
ဒုက္ခသစ္စာ ၂၂၉
ဒုစရိုက် ၃-ပါး ၂၅၉
ဒုတိယစျာန် ၂၂၁


[ ဒ ]


ဒုတိယစျာန် ၃-ဘုံ ၃၃၈
ဒုတိယအဖို့ ၅၂၁, ၅၂၂
ဒုဒ္ဓုဘဇာတ် ၅၃၄
ဒုပ္ပသတမင်း ၆၆
ဒုလ္လဘတရား ၄-ပါး ၅၈၇
ဒုဿစေတီ ၁၈၀
ဒေဝဒတ် ၂၆၄
ဒေဝဒဟပြည် ၈၁, ၅၄၉
ဒေဝိလရသေ့ ၇၅, ၃၉၃, ၅၄၉
ဒေသစာရီကြွ ၅၆၄, ၆၁၆, ၆၂၅
ဒေါမနဿ ၂၂၂
ဒေါသစရိုက် ၅၄၂
ဒွါဒသနိပါတ် ၆၁၉
ဒွါရ ၆-ပါး ၂၄၁
ဒွေဝါစိကသရဏဂုံ ၄၀၂, ၄၁၆


[ ဓ ]


ဓဇ ၁၅၄, ၄၁၇
ဓညဝတီပြည် ၄၀, ၄၃
ဓတရဋ္ဌနဂါး ၁၁၃
ဓတရဋ္ဌနတ်မင်းကြီး ၃၂၉
ဓတရဋ္ဌဟင်္သာမင်း ၁၅၁
ဓနဉ္စယမင်း ၆၂
ဓနပါလဆင် ၁၈၁, ၃၇၄
ဓနဝတီပုဏ္ဏေးမ၊ မယ်တော်မိဖုရား ၅၉
ဓမ္မ ၃၈၁
ဓမ္မကရိုဏ် ၁၂၀
ဓမ္မဂုတ္တမင်း ၆၆

[ ဓ ]

ဓမ္မစကြာတရား ၁၃၂, ၃၁၀, ၄၁၉
ဓမ္မဒေသနာ ၆၂၅
ဓမ္မပါလဇာတ်တော် ၄၇၈
ဓမ္မသံဝေဂ ၅၄၅
ဓမ္မသင်္ဂဏီကျမ်း ၃၉၅
ဓမ္မသေနမင်း ၆၈
ဓမ္မာရုံ ၂၆၂
ဓမ္မာသောကမင်းကြီး ၄၀၄
ဓမ္မာ, သုဓမ္မာ ၃၂၆
ဓရဏီအသင်္ချေ ၃
ဓူမသိခနဂါးမင်း ၃၇၄
ဓောတောဒန ၇၄, ၉၁
ဓာတ် ၆-ပါး ၂၄၁
ဓာတ် ၁၈-ပါး ၂၄၂

[ န ]

နကုလပိတာ ၆၂၂
နကုလပိတာ, နကုလမာတာ ၆၂၁
နကုလမာတာ ၆၂၂
နက္ခတ်တာရာကြယ် ၃၄၅
နက္ခတ် ၂၇-လုံး ၃၅၅
နဂါး ၃၂၉
နဂါးတူ, ဦးရိုး ၂-ယောက် ၅၆၂
နဂါးပြည် ၅၁၈
နဂါးမဝိမလာဒေဝီ ၅၇၂, ၅၇၅
နဂါးမင်း ၄၉၈, ၅၁၄
နဂါးလုလင်, နဂါးသတို့သမီး ၅၇၄
နဒီကဿပ ၄၄၆
နန္ဒအသင်္ချေ ၃
နန္ဒ, သုနန္ဒ, သိရိမာပြာသာဒ် ၅၁
နန္ဒကောဝါဒသုတ် ၅၅၄
နန္ဒမူလ ၃၀၇
နန္ဒမင်းသား ၁၅၆, ၂၀၄, ၄၇၅
နန္ဒဝန်ဥယျာဉ် ၉၀, ၁၀၂, ၃၂၆
နန္ဒသရမည်သော မဏိပဗ္ဗစည် ၃၃၃
နန္ဒာ, စူဠနန္ဒာ ၃၂၆
နန္ဒာနတ်သမီး ၃၃၂
နန္ဒာပြည် ၄
နန္ဒာရုံ ၃၅
နန္ဒာရုံ၊ ကုက္ကိုပင်ရင်း ၁၇
နန္ဒိဝိသာလနွားမင်းဇာတ် ၆၀၀
နဖူးသင်းကျစ်တော် ၄၇၂
နရဒေဝမင်း ၆၇
နရသီဟ ၈၇
နရိန္ဒနဂါးမင်း ၅၄
နာဂဒီပကျွန်း ၅၆၁
နာဂဒေဝမင်း ၆၇
နာဂဝိထိ ၃၅၄
နာဂသေနမင်း ၆၈
နာဋပုတ္တ၊ နိဂဏ္ဌာ ၅၉၀
နာမရူပ ၆၂၇
နာရာယန ဗိဿဏိုးနတ် ၂၁၆
နားထွင်းမင်္ဂလာ ၄၇၅
နိဂဏ္ဌ ၃၇၄
နိဂြောဓပရိမဏ္ဍလ ၁၄၂, ၁၄၈
နိဂြောဓသာကီဝင်မင်း ၄၆၈
နိဂြောဓာရုံ ၄၇၅, ၅၅၀

[ န ]


နိဗ္ဗာန် ၁၇၁, ၅၈၈
နိဗ္ဗာန်ကို ချစ်အပ် ၅၈၆
နိဗ္ဗုတာ ၁၇၂
နိမ္မာနရတိနတ်ပြည် ၃၃၇, ၃၉၇
နိမ္မိတနတ်သမီး ၅၆၅
နိမ္မိတဘုရား ၅၁၅, ၅၄၃, ၆၀၉
နိမ္မိတဘုရားတစ်ဆူ ဖန်ဆင်း ၅၄၂
နိမိတ်ကြီး ၄-ပါး ၁၆၂
နိမ့်သောအင်းပျဉ်ငယ် ၆၀၅
နိယတမိစ္ဆာဒိဋ္ဌိ ၃၁၆
နိရောဓသစ္စာ ၂၂၉
နိသဘဥယျာဉ်တော် ၅၃
နိသဘမထေရ် ၄၆၂
နိလကသိုဏ်း ၅၄၀, ၆၀၃
နိလသာဂရ ၃၀၀
နိဝရဏ ၅-ပါး ၂၆၀, ၃၈၂
နူနာပျောက်သော ကလောပင် ၇၃
နေ၏ဖိလာသွားခြင်း ၃၆၅
နေကမ္မပါရမီ ၆၂
နေ ၇-စင်း ၂၃၁
နေထွက်, နေဝင် ၃၅၆
နေနတ်သား ၅၉၆
နေနတ်သား, လနတ်သား ၅၇၃, ၅၇၈, ၅၈၀
နေပြာသာဒ် ၃၄၉
နေမိတ္တကနာမ်ပုဒ် ၃၇၉
နေမိန္ဓရတောင် ၂၉၆
နေမိန္ဓရသီဒါ ၂၉၆
နေမိမင်း ၆၂, ၆၈
နေရဥ္စရာမြစ် ၁၉၆, ၄၀၄


[ န ]


နေရောင်ကျောက် ၃၅၈
နေ,လတို့မကောင်း သွားခြင်း ၅-ပါး ၃၆၈
နေ, လ, နက္ခတ် အသွားမှန်ခြင်းအကျိုး ၃၆၉
နေ, လသွားရာလမ်း ၃-သွယ် ၃၅၁
နေဝသညာနာသညာယတနပြဟ္မာ ၂၈၇
နေဝသညာနာသညာယတနဘုံ ၃၀၈
နို့ယနာ ၁၁၁, ၁၉၄, ၄၀၂
နို့ရည်ပေး၍ မွေးကျွေးသုတ်သင် ၅၅၃
နို့ရည်သမုဒ္ဒရာ ၂၁၃
နောင်တော်ဘုရား ၃-ဆူ ၄၀၂
နတ်, ဗြဟ္မာ ၅၃၉
နတ်ချမ်းသာ ၅၈၆
နတ်တို့သြဇာ ၁၈၆
နတ်တို့ ရွှေစောင်းတန်း ၅၈၅, ၆၁၂
နတ်ပန်းမိုး ၉၇
နတ်ဗိမာန် ၅၄၃
နတ်, ဗြဟ္မာကြီး ၄-ယောက် ၅၄၁
နတ်မြင်း ၃၂၉
နတ်ရွာနိဗ္ဗာန်ခရီး ၅၈၈
နတ်ဝတ်ပုဆိုး ၁၀၇
နတ်သမီး ၂၁၄
နတ်သား ၃၂၈
နတ်သား ၄-ယောက် ၆၁၈
နာမ်, ရုပ် ၂၁၉
နာမ်, ရုပ်ချုပ် ၂၂၅
နွားနူတ်သီး ၃၀၈
နွယ်ချို ၃၄၄
နှမအကြီးကိုအမိအရာ၌ထား ၇၂
နှလုံး၏ပြစ်မှားခြင်း ၁၁၈

[ န ]

နှစ်ကျိပ်ခုနစ်ဆူဘုရား ၆
နှစ်ကျိပ်ငါးဆူကုန်သော ဘုရားရှင် ၄၇၇

[ ပ ]

ပကတိသာဂရ ၃၀၁
ပကတိသော ဝေဠုဝန်ကျောင်းတော် ၅၈၇
ပစ္စည်း ၄-ပါး ၃၈၄, ၅၈၅
ပစ္စယနာဂဆင်ဖြူရတနာ ၆၄
ပစ္ဆာဘတ္တကိစ္စ ၅၂၀
ပစ္စေကဗုဒ္ဓါ၊ အရှင် ၃၀၇, ၅၅၄
ပစ္စေကဗုဒ္ဓါဘုရား ၅၄၂
ပစ္စေကဗုဒ္ဓါ၊ ရှင်-၅၀၀ ၅၅၅
ပစ္ဆိမအရွယ် ၅၆၅, ၆၂၄
ပစ္ဆိမဘဝိကသူ ၅၆၃
ပစ္ဆိမယာမကိစ္စ ၅၂၂
ပဇာပတိ ၇၅
ပဇာပတိဂေါတမီ ၅၄၇
ပဉ္စဂ္ဂဒါယကပုဏ္ဏား ၆၂၅
ပဉ္စင်္ဂတူရိယာ ၃၃၀
ပဉ္စမသတ္တာဟ ၃၉၈
ပဉ္စဝဂ္ဂီ ၅-ဦး ၁၈၅, ၃၀၉, ၃၁၂
ပဉ္စသိခနတ်သား ၉၈, ၁၉၉, ၂၁၄, ၃၂၈, ၃၃၅
ပဉ္စသီ ၅-ပါး ၉၁
ပဉ္စသီလ ၃၀၅
ပဉ္စာလတိုင်း၊ ပဉ္စာလပြည် ၅၆၆
ပဉ္စာလရာဇ်ပြည် ၅၈၈
ပညာပါရမီ ၆၃

[ ပ ]

ပညောင်ပင်ကြီး ၃၁၁
ပညောင်သီးမှည့် အဆင်း ၄၆၅
ပဋိစ္စသမုပ္ပါဒ် အနုလုံ ၂၂၀
ပဋိစ္စသမုပ္ပါဒ် ၁၂-ပါး ၂၄၂
ပဋိစ္စသမုပ္ပါဒ်တရား ၄၀၄
ပဋိညာဉ် ၄၄၂
ပဋိသန္ဓေစိတ် ၂၈၇
ပဋိသမ္ဘိဒါ ၄-ပါး ၁၃၀, ၅၀၄, ၅၂၆, ၅၃၇
ပဋိသမ္ဘိဒါဉာဏ် ၄-ပါး ၂၅၀
ပဌမဈာန် ၁၅၇, ၂၂၁
ပဌမဈာန် ၃-ဘုံ ၃၃၇
ပဌမဗုဒ္ဓစန ၂၃၂
ပဌမဝေတ္တာရဏီငရဲ ၃၁၈
ပဌမအရွယ် ၆၂၄
ပဏ္ဍရဆင် ၂၁၆
ပဏ္ဍဝတောင်ရိပ် ၅၁၈
ပဏ္ဍုကမ္ဗလာကျောက်ဖျာ ၃၂၇, ၆၀၄, ၆၀၆
ပဏ္ဏာ လက်ဆောင် ၈၆
ပတ္တမြားခြေနင်း ၅၆၇
ပတ္တမြားညှိအဆင်း ၁၃၈
ပတ္တမြားညှို ညောင်စောင်း ၅၄၈
ပတ္တမြားထီးဝန်း ၁၉၉
ပတ္တမြားနီတံတိုင်း ၅၃၃
ပတ္တမြားပလ္လင် ၅၆၁, ၅၆၂
ပတ္တမြားပြောက် တံတိုင်း ၅၃၄, ၅၃၈
ပတ္တမြားဘိနပ် ၅၈၁
ပတ္တမြားယပ်ဝန်း ၁၂၅, ၂၁၄
ပတ္တမြားလည်ရွဲ ၈၄
ပတ္တိ ၃၈၁

[ ပ ]

ပထဝိပ္ပမည်သော မုရိုးစည် ၃၃၂
ပထဝီကသိုဏ်း ၅၈၄
ပထဝီအာသချေ ၃
ပဒုမအာသချေ ၄
ပဒုမဝတီမိဖုရား ၅၅၅
ပဒုမာမိဖုရား ၁၆
ပဒုမာမယ်တော်မိဖုရား ၄၉
ပဒုမုတ္တရဘုရား ၅၅၄, ၅၅၆, ၅၆၁
ပဒေသရာဇ်မင်းငယ် ၅၇၃, ၅၇၈
ပဒေသာပင် ၃၄၆, ၅၈၆
ပဗ္ဗတမင်း ၅၈
ပဘာဝတီမယ်တော်မိဖုရား ၄၅, ၅၂
ပယတ ၃၈၂
ပရိက္ခရာ ၈-ပါး ၁၇၉, ၂၆၈၁ ၄၄၇
ပရိနိမ္မိတဝသဝတ္တီနတ်သမီး ၁၀၀
ပရိနိမ္မိတဝသဝတ္တီ နတ်ပြည် ၃၃၇, ၃၉၇
ပရိသတ် ၄-ပါး ၂၅၆
ပရိတ် ၇-ပါး ၂၉၀
ပရိနိဗ္ဗာန် ၅၄၇, ၅၁၇
ပရိဘောဂစေတီ ၂-ဆူ ၅၆၂
ပရောသဟဿဇာတ် ၆၁၅
ပလ္လင်တော်၌ ၇-ရက်စံ ၂၃၄
ပဝါရဏာပြု ၆၁၁
ပသေနဒီကောသလ ၄၀၄, ၄၉၅, ၅၉၅
ပဿဝမင် ၃၄၀
ပဟူတဇိဝှါ ၁၄၃, ၁၄၉
ပါကမ္မ ၃၈၁
ပါစိနဝံသ ၄၈၁
ပါတျဂ္ဂ အလှူ ၆၂၆

[ ပ ]

ပါဠိလိပုတ်ပြည် ၃၉၄
ပါရမီဉာဏ် ၅၂၀
ပါရမီ-၃၀ ၅၄၅
ပါလိတာ ၇၅
ပိင်္ဂလဆင် ၂၁၆
ပိဏ္ဍောလ၊ အရှင် ၅၉၁
ပိဏ္ဍောလဘာရဒွါဇ၊ အရှင် ၅၉၁
ပိဏ္ဍောလပြာဋိဟာ၊ အရှင် ၅၉၂
ပိယဒဿီသူဌေးသမီး ၅၃
ပိတသာဂရ ၃၀၁
ပိတကသိုဏ်းချာန် ၆၀၃
ပုဆိုးအခင်း ၆၂၃
ပုဆိုးအပြစ် ၉-ပါး ၁၃
ပုဆစ်ဖြင့်တွား၍ ၅၇၉
ပုဏ္ဏရိကအာသချေ ၃
ပုဏ္ဏရိက်တော ၃၂၇
ပုဏ္ဏရိက်(သရက်ဖြူ)ပင် ၅၃
ပုဏ္ဏ ၁၉၂
ပုဏ္ဏား ၈-ယောက် ၈၁
ပုဏ္ဏားသူကြွယ် ၄၄၈
ပုဏ္ဏေးမဏိရယ်သံ ၆၂၆
ပုထုဇဉ်နတ် ၅၄၃
ပုနပသုမိတ္တသူဌေး ၄၉၀
ပုဗ္ဗနိမိတ် ၁၁၀
ပုဗ္ဗနိမိတ် ၃၂-ပါး ၂၃၀
ပုဗ္ဗေနိဝါသာနုဿတိဉာဏ် ၂၂၀
ပုရာဏကဿပ တိတ္ထိ ၄၀၆
ပုရိမယာမကိစ္စ ၅၂၁
ပုရိသဒမ္မသာရထိ ၃၇၄

[ ပ ]

ပုရေဘတ္တကိစ္စ ၅၁၉
ပုရောဟိတ် ၄၉၅
ပုရောဟိတ်ပုဏ္ဏား၏သား ၅၁၁
ပုလဲပတ္တမြားဖြင့်ပြီးသောသဲ ၄၆၈
ပူဇော်သက္ကာရ ၅၀၄, ၅၁၆, ၅၆၅
ပူရက္ခမဒ ၃၈၆
ပူရဏကဿပ ၅၉၇
ပဲခွပ်စွန်း ၅၉၀
ပဲခွပ်လည်း တစ်စင်းလှူ ၅၈၈
ပေါက္ခရဝဿမိုး ၄၇၁, ၅၁၂, ၅၁၈
ပေါက္ခရသာတိပုဏ္ဏား ၃၇၄
ပေါရာဏဂေါတမဘုရား ၄
ပံ့သုကူဆောင် ၂၆၉
ပံသုကူသင်္ကန်း ၄၃၉
ပံသုပထဝီ ၂၉၂, ၃၄၃
ပိုးကြိုးချည် ၁၁၄
ပိုးမြေမြူကဲ့သို့ ၆၁၆
ပိုက်၌ငြိသော ဝတ္ထု ၅၉၀
ပင်လယ်ကသစ်ပင် ၃၂၄, ၃၂၇, ၆၀၆
ပင်လယ်ကသစ်ပွင့် ၄၄၀
ပန်း၏ညှိုးခြင်း ၁၀၆
ပန်းဇလပ်ပွင့်ချပ် ၁၅၄
ပန်းဘဲအမှု, ရွှေပန်းထိမ်အမှု ၅၇၂
ပျားမုန့်ဆုပ် ၄၀၁
ပျားမုန့်ဆုပ်ဆွမ်း ၄၀၄
ပြဿနာ ၅၂၂
ပြာစစ်ထမ်းပိုး ၄၉၇
ပြာဋိဟာမပြအပ် ၅၉၃
ပြာပူမိုး, ညွှန်ပျောင်းမိုး ၄၄၂
ပြုဗ္ဗဝိဒေဟကျွန်း ၃၀၀, ၃၅၉

[ ပ ]

ပြာသာဒ် ၃-ဆောင် ၁၅၈
ပြာသာဒ် ၄-ဆောင် ၅၈၈
ပြိတ္တာ ၄၅၃
ပြိတ္တာနှင့်တူ ၆၂၇
ပြိုးပြိုးပြက်သော ရောင်ခြည်တော် ၆၀၂
ပြောက်ကျားသောနွားနှင့်တူ ၅၉၇
ပြင်းစွာကြောက်ထိတ်လန့် ၅၆၈

[ ဖ ]

ဖဂ္ဂုဏပုဏ္ဏမိ ၃၄၅
ဖဿ ၂၁၈
ဖဿချုပ် ၂၂၅
ဖာရုသက ဥယျာဉ် ၃၂၆
ဖားနတ်သား ၃၇၅
ဖုဿတိ ၇၆
ဖုဿဘုရား ၄၅၂
ဖြူသောရောင်ခြည်တော် ၅၆၂
ဖောဋ္ဌဗ္ဗာရုံ ၂၆၂
ဖောင်းဝတ်မြင်း ၄-စီး ၉၆
ဖန်ဆင်းသောမိန်းမ ၅၅၈
ဖန်ရည်ဆိုးသောသင်္ကန်း ၄၇၂, ၄၇၇, ၅၅၂, ၅၈၇
ဖန်ရည်ဆိုးသော အဝတ် ၄၇၄
ဖုံးလွှမ်းအပ်သော ဂုဏ် ၅၉၁
ဖလ်မြေ ၅၇၈
ဖျဉ်အိုးနှင့်ဖွဲကြိုး ၅၉၇
ဖွဲ, စပါးဖျင်း ၃၂၀
ဖွတ်မင်းဇာတ် ၅၄၄

[ ဗ ]


ဗကမြဟ္မာ ၃၃၄
ဗန္ဓနဇာတ် ၅၃၃
ဗန္ဓုမတီပြည် ၅၁, ၄၁၆
ဗန္ဓုမမင်း ၅၁, ၃၅
ဗန္ဓုမတီမယ်တော်မိဖုရား ၅၁
ဗလဒတ္တမင်း ၆၇
ဗလိနတ်စာ ၁၉၁, ၅၁၀
ဗဟာလဂင်္ဂါ ၃၁၀
ဗာကုလမထေရ် ၅၅၆
ဗာကူလ-ပြာသာဒ် ၁၀၁
ဗာရာဏသီပြည် ၅၉, ၆၆, ၁၉၀, ၄၉၄, ၃၀၉, ၃၁၂, ၃၉၄, ၅၁၆
ဗာဟိရဒါရုစီရိယ ၃၅၁, ၃၅၂
ဗိတာန်မိုးကြက် ၁၁၆
ဗိမ္ဗာထေရီ ၅၅၅
ဗိမ္ဗာမိဖုရား ၁၆၆
ဗိမာန်အိပ်မက် ၈၆
ဗိမ္ဗိသာရနန်းတော် ၄၅၁
ဗိမ္ဗိသာရမင်း ၁၈၂, ၄၄၇, ၄၈၂, ၄၈၅, ၅၁၀, ၅၁၄, ၅၂၃, ၅၉၃
ဗိမ္ဗိသာရမင်း၏ နန်းတော်ပြာသာဒ် ၅၆၇
ဗိမ္ဗိသာရမင်း၏မိဖုရား ၅၆၆
ဗိသုကာ နတ်မင်းကြီး ၂၀၀, ၂၁၆
ဗုဒ္ဓ ၃၇၈
ဗုဒ္ဓခေတ် ၃-ပါး ၄၁၆
ဗုဒ္ဓစကျု ၅၁၉, ၅၂၂
ဗုဒ္ဓဉာဏ် ၁၄-ပါး ၂၄၀
ဗုဒ္ဓတ္တစရိယ ၂၀၈
ဗုဒ္ဓဝင် ၄၇၀
ဗုဒ္ဓဝင်တရား ၄၆၉
ဗုဒ္ဓါရမ္မဏပီတိ ၄၈၈
ဗောဓိအတတ်လွှန် ၄၁၈
ဗောဓိ၏ အဆုံး ၅၁၇
ဗောဓိ ၃-ပုံ ၅၁၇
ဗောဓိ ၄-ပုံ ၁၁၁, ၄၆၁
ဗေလုဝစောင်း ၁၉၉, ၆၁၂
ဗောဇ္ဈင် ၇-ပါး ၁၃၁, ၂၆၀
ဗောဓိစေတီ ၄၀၃
ဗောဓိညောင်ဗုဒ္ဓဟေ ၁၂၇
ဗောဓိပက္ခိယတရား ၃၇-ပါး ၂၃၄
ဗောဓိပုရိဗိုဇ် ၆၃
ဗောဓိပင် ၃၁၂
ဗောဓိပင်မှ ၁၀-လံခြား ၃၉၄
ဗောဓိပင်ရွှေပလ္လင်ထက် ၁၁၈
ဗောဓိမဏ္ဍိုင် ၁၃၃, ၂၀၀, ၄၇၆
ဗောဓိမဏ္ဍလအဝန်း ၁၉၆
ဗောဓိမင်းသား ၆၂၂
ဗောဓိအိမ် ၆၀၃
ဗိုလ်တစ်ထောင်အား ၁၆၁
ဗျာဒိတ် ၄၅၉
ဗျာဒိတ်ရခြင်းအကြောင်း အင်္ဂါ ၈-ပါး ၃၂
ဗြဟ္မဒတ္တမင်း ၆၆, ၆၇
ဗြဟ္မဒတ္တပုဏ္ဏားမင်း၊ ခမည်းတော် ၅၉
ဗြဟ္မဒေဝဘုရား ၃
ဗြဟ္မဒတ်မင်း ၄၉၄
ဗြဟ္မပါရိသဇ္ဇာဘုံ ၉၀

[ ဗ ]

ဗြဟ္မဝိဟာရ ၄-ပါး ၁၃၁
ဗြဟ္မဿရလက္ခဏာ ၁၄၉
ဗြဟ္မဿရကရဝိကဘာဏီ ၁၄၇
ဗြဟ္မာ ၅၇၄, ၅၇၉
ဗြဟ္မာကြီး ၄-ဦး ၁၁၂, ၅၃၉
ဗြဟ္မာတို့ ငွေစောင်းတန်း ၆၁၂
ဗြဟ္မာ ပါရိသဇ္ဇာဘုံ ၂၀၄
ဗြဟ္မာ့ပြည်တိုင်အောင် ၆၀၃
ဗြဟ္မာမင်း၏အရုပ် ၅၇၃
ဗြဟ္မာမင်း၏ကိုယ်ကို ဖန်ဆင်း၍ ၅၉၈
ဗြဟ္မုဇုဂတ္တ ၁၄၁
ဗြာဟ္မဏမဟာသာလအမျိုး ၄၆၁

[ ဘ ]

ဘဂဝါ ၃၈၂, ၃၈၃
ဘဂဝါဂုဏ်တော် ၇၇၉
ဘဂဝါ သဒ္ဒါ ၃၈၀
ဘဂ္ဂါယနဇနပုဒ် ၆၂၁
ဘဂီ, ဘဇီ ၇၇၉
ဘဂျဝါ, ဘဂ္ဂဝါ ၇၇၉
ဘဂုမင်းသား ၄၇၉
ဘဒ္ဒကစ္စာနာ ၁၆၂
ဘဒ္ဒကစ္စာနာထေရီ ၅၅၅
ဘဒ္ဒကမ္ဘာ ၇၄၈
ဘဒ္ဒဝဂ္ဂီ ၄၃၃
ဘဒ္ဒဝဂ္ဂီမင်းသား ၄၆၃
ဘဒ္ဒါ, သုဘဒ္ဒါ ၇၂၆
ဘဒ္ဒိယ ၁၈၅
ဘဒ္ဒိယ၊ အရှင် ၃၁၅
ဘဒ္ဒိယမင်းသား ၄၇၉
ဘရဏီနက္ခတ် ၃၆၅
ဘဝချုပ် ၂၂၄
ဘဝ ၃-ပါး ၁၇၇, ၇၉၂, ၅၅၉
ဘာသအသချေ ၅
ဘိက္ခုနီပဥ္စင်း ၅၁၇
ဘိက္ခုနီမကျောင်း ၅၅၃
ဘီလူး ၇၂၉
ဘီလူးစစ်သူကြီး ၄၁
ဘီလူးနတ် ၁၀၀
ဘုရား၊ အရှင်၏ ခြေတော် ၄၇၀
ဘုရားအလောင်း ၁၁၀
ဘုရားစင်စစ် ၁၁၂
ဘုရား ၂-ဆူအရောင်တို့ ၅၄၇
ဘုရား, တရား, သံဃာ ၄၈၈
ဘုရား ၇-ဆူ ၄၅၇, ၄၉၀
ဘုရားတန်ခိုး ၄၇၅
ဘုရားထံသွားကြခြင်း ၄၅၃
ဘုရားဖြစ် ၇၇၉
ဘုရားလောင်းယောက်ျားမြတ် ၂၀၀
ဘုရားလောင်း ဝက်မင်း ၄၇၄
ဘုရားဟူသော အမည် ၂၄၂
ဘူရိဒတ်နဂါးမင်း ၆၂
ဘေသကလာတော ၄၈၁, ၄၈၈, ၆၂၁, ၆၂၂
ဘေး ၃-ပါး ၅၀၉, ၅၁၀
ဘိုးတော်အဥ္ဇနမင်း ၇၉၇, ၅၄၉
ဘုန်းတော် ၆-ပါး ၇၇၈
ဘွဲဖြူပုဆိုး ၉၁

[ မ ]


မကုဋ္ဌတောင် ၅၈၉
မကုဋ္ဌတောင်ကျောင်းတော် ၅၆၄
မကောင်းမှု ၆၂၄
မဂဓတိုင်း ၄၀၁, ၄၃၈, ၄၅၉
မဂ္ဂင် ၈-ပါး ၂၂၉
မဂ်ဉာဏ်တရား ၃၁၃
မဂ်ဖိုလ်ရခြင်း ၅၄၁
မင်္ဂလဆင် ၂၁၆
မင်္ဂလာစကြဝဠာ ၂၉၀
မင်္ဂလရသေ့ ၄၉
မင်္ဂလာဆင်တော် ၉၄
မင်္ဂလာဘဏ္ဍာ ၁၂၅
မင်္ဂလာသိန္ဓောမြင်း ၈-စီး ၁၁၇
မင်္ဂလာ ၅-ပါး ၄၇၅
မဃဒေဝမင်း ၆၈
မစ္ဆေရစိတ် ၅၀၁
မဇ္ဈိမအရွယ် ၅၆၅, ၆၂၄
မဇ္ဈိမဒေသ ၃၁၁, ၄၀၁
မဇ္ဈိမဒွိသဟဿိလောကဓာတ် ၂၉၀
မဇ္ဈိမပုရိသယောက်ျား ၂၁၆
မဇ္ဈိမယာမကိစ္စ ၅၂၂
မဇ္ဈေဝိထိ ၃၅၂
မဉ္ဇူသကပန်းပင် ၃၀၇
မဏ္ဍအသချေ ၃
မဏ္ဍကမ္ဘာ ၃၄၈
မဏ္ဍပ် ၄၈၆
မဏိအက္ခိက၊ နဂါး ၁၁၃, ၃၉၄, ၅၆၂
မဏိဇောတိရသပတ္တမြား ၈၁
မဏိဇောတိရသပတ္တမြား ခြေနင်း ၅၆၇
မဏိဇောတိရသမီး ၅၄၉
မဏိမေခလာ နတ်သမီး ၃၃၂
မတ္တကီနတ်သမီး ၃၃၂
မန္တီ ၄၁၇
မဒ္ဒတိုင်း၊ သာဂလပြည် ၅၆၆
မဒ္ဒီမိဖုရား ၆၄, ၂၀၉
မစုရသရမည်သော ပွေပါစောင်း ၃၃၂
မစုရာပြည် ၆၆
မန္ဒာကိနီအိုင် ၃၁၂
မန္ဒိယကနဂါးပြည် ၂၀၂
မနုဿ ၂၈၇
မနောသဒ္ဒါရ ၂၅၃
မနောသုစရိုက် ၃-ပါး ၂၂၇
မနောဟရနတ်သမီး ၃၃၂
မယား မဒ္ဒီမိဖုရား ၂၃၅
မရှိမုန့် ၄၇၉
မရှိဟူသောစကား ၄၇၉
မလိတ္တပြည် ၆၇
မလ္လာမင်းမျိုး ၄၇၈
မလွတ်သောကမ္မဌာန်း ၅၃၇
မသေရာတရား ၄၅၄
မဟိန္ဒမင်း ၆၇
မဟိန္ဒ၊ ရှင် ဓမ္မာသောကမင်း သား ၃၉၄
မဟိယင်္ဂဏစေတီ ၄၄၂
မဟုတ်မမှန်သောစကား ၆၁၉
မဟာကရုဏာ သမာပတ် ၅၃၂
မဟာကရုဏာသမာပတ္တိဉာဏ် ၂၄၄
မဟာကပ္ပိန မထေရ် ၅၇၃
မဟာကာဠ ၄၁၇

[ မ ]


မဟာကုသမင်း ၆၈
မဟာကောသလမင်း ၄၃၃, ၄၉၅
မဟာကပ် ၅၆, ၃၃၈, ၃၄၇
မဟာကဿပ၊ အရှင် ၅၄၈
မဟာဂေါဝိန္ဒပညာရှိ ၆၃
မဟာဂေါဝိန္ဒပုဏ္ဏား ၆၂
မဟာဇနကမင်း ၆၃
မဟာဇမ္ဗူပတိမင်း၏ တမန် ၅၆၈
မဟာတာပန ၃၁၇
မဟာနာရဒဇာတ်တော် ၄၄၉
မဟာနာဂဝန်ဥယျာဉ် ၄၄၁
မဟာနာမ် ၁၅၆, ၁၈၅, ၄၇၈
မဟာနာမ်၊ အရှင် ၃၁၅
မဟာပဇာပတိဂေါတမီ ၁၂၇
မဟာပညာအရာ ၅၆၆
မဟာပဒုမဇာတ် ၆၁၉
မဟာပဒုမမင်းသား ၆၁၉
မဟာပဝါရဏာနေ့ ၆၁၁
မဟာပုရိသ ဝိတက် ၈-ပါး ၄၈၁
မဟာဗန္ဓုမည်သောစည် ၃၃၃
မဟာဗြဟ္မာ ၁၀၀, ၅၀၆
မဟာဗြဟ္မာကြီး ၅၇၃, ၅၇၇
မဟာဗြဟ္မာမင်း ၁၂၅
မဟာဗြဟ္မာ ထီးမိုး ၆၁၂
မဟာဘိညာပတ္တ ၅၅၆
မဟာမာယာ ၇၅
မဟာမုသာဝါဒကြီး ၅၈၂
မဟာရာဟုလောဝါဒသုတ် ၄၈၂
မဟာရောရုဝ ငရဲ ၃၁၇

[ မ ]

မဟာလိ ၅၁၀
မဟာဝဇိရညဏ် ၂၅၀
မဟာဝင္ကအမည်ရှိစောင်း ၃၃၂
မဟာဝိဟာရကျောင်း ၄၅၂
မဟာဝန်ဥယျာဉ် ၃၂၆, ၆၀၆
မဟာဝုန်တော ၅၃၀, ၅၃၈
မဟာဝုန်တော ကူဋာဂါရသာလာ ၅၄၉
မဟာသမယသုတ် ၅၄၄
မဟာသမုဒ္ဒရာ ၄-စင်း ၃၄၂
မဟာသမ္မတမင်း ၃၄၆, ၄၇၃, ၅၃၈
မဟာသမ္မတမင်းနှင့်သား, မြေး, မြစ်
၂၈-ယောက်သောမင်းများ ၆၅
မဟာသုတသောမမင်း ၆၃
မဟာသုဒဿနစကြာမင်း ၆၂
မဟာသုဒဿနနတ်မြို့ ၆၀၆
မဟာသုဘဒ္ဒါ ၄၈၉
မဟောဒရနဂါး ၃၇၄, ၅၆၁
မဟောသဓပညာရှိ ၆၃
မဟိမာ ၃၈၀
မာဃသာမဏေ ၅၇၅, ၅၇၇
မာတလိနတ်သား ၃၃၅, ၆၁၂
မာတုဂါမ ၄၂၀
မာတုဂါမ၏ရဟန်းအဖြစ် ၅၅၀
မာနိဘဒ္ဒအသင်္ချေ ၄
မာယာ နတ်သမီး ၃၃၃
မာလာကျိုက်ကျူမှုန့် ၃၉၆
မာရ်ကိုအောင်ရာဖြစ်သော ပလ္လင် ၂၃၅
မာရ်နတ် ၄၃၂, ၄၇၇, ၅၄၀
မာရ်နတ်စစ်ကို အောင်ခြင်း ၂၁၁

[ မ ]

မာရ်နတ်စစ်သည် ၂၀၂
မိဂဇာတ် ၄၈၂
မိဂဒါဝုန်တော ၃၀၉, ၃၁၂
မိစ္ဆာဒိဋ္ဌိ ၉၆, ၅၉၀
မိစ္ဆတ္တတရား ၈-ပါး ၃၈၉
မိထိလာမြို့ ၅၈
မိထိလာပြည် ၆၅, ၆၇, ၆၈
မိထွေးတော်ဂေါတမီ ၄၇၅, ၅၅၀, ၅၅၃
မိထွေးတော် ဂေါတမီရဟန္တာမ ၅၈၉
မိဖုရားကြီး ၄-ယောက် ၃၃၁
မိဿကဥယျာဉ် ၃၂၆
မိမိ၏သိက္ခာပုဒ်ကို ပညတ်ခြင်း ၅၉၄
မီးကျီးစုမိုး ၂၀၆
မီးကျီးစုမိုးရွာ ၂၁၀
မီး ၁၁-ပါး ၂၄၄
မီးတင်းကုပ် ၄၃၅
မီးပုံ ၅၀၀ ၄၄၄
မီးပုံဆေးလှူ ၅၈၅
မီးမယ်ဖျူး ၅၀၀ ၄၄၅
မီးမွှေယောက်မ ၅၀၅
မီး, ရေအစုံသော ယမိုက်ပြာဋိဟာ ၆၀၃
မီးလုပ်ကျွေး ၄၄၄
မုစလိန္ဒာကျည်းပင်စေတီ ၄၀၄
မုစလိန္ဒာကျည်းပင်ရင်း ၃၉၉
မုစလိန္ဒာနဂါးမင်း ၃၉၉
မုဒရက်သီးရည် ၃၈၈
မုဒု, မဇ္ဈ, အဓိမတ္တ ၂၆၄
မုဒုတလုဏဟတ္ထပါဒ ၁၃၉
မုဒုတလုဏဟတ္ထပါဒလက္ခဏာ ၁၄၇

[ မ ]

မူနာငို့အမည်ရှိ သေသောက်ကြူး ၆၂၀
မူရိုးစည်ကဲ့သို့ ၂၉၃
မူရင်းလယ် ၅၃၁
မူဂပက္ခဇာတ် ၆၃
မူဆိုးကြီး ၃၁၀
မူလမဟာဇိနတ္ထပကာသနီ [ ၁၀ ]
မူလမဟာဗုဒ္ဓဝင် [ ၁၀ ]
မူလမဟာဗုဒ္ဓုပ္ပတ္တိကထာ [ ၁၀ ]
မေတ္တာကမ္မဋ္ဌာန်း ၆၃
မေတ္တာပါရမီ ၆၃, ၂၀၇
မေတ္တာပုဗ္ဗဘာဂ ၁၁၀
မောဂ္ဂလာန်၊ အရှင်, ကောလိတ ၄၅၄
မောဂ္ဂလာန်၊ အရှင်, လက်ဝဲရံ ၄၅၉
မောဂ္ဂလာန်၊ အရှင် ၄၅၄, ၄၅၉, ၄၉၈, ၅၂၅, ၅၄၅, ၅၅၆, ၅၇၄, ၅၇၇, ၅၉၁, ၆၀၀, ၆၀၆
မောတင်ကရစ် ၄၀၃
မိုး၏ ထစ်ကြိုးခြင်းအသံ ၅၉၈
မိုးကြိုးစက် ၂၀၆
မိုးတိမ်စောင့်သောနတ် ၅၉၆
မင်း၏အရုပ် ၅၇၅
မင်း၏ဥယျာဉ်၌ သရက်ပင် ၅၉၅
မင်းအာဏာ ၅၆၄
မင်းအိမ်တံခါး ၅၅၅
မင်းကျင့်တရား ၁၀-ပါး ၉၁
မင်းကြီး၏ ဦးရစ် ၅၇၁
မင်းကြီး၏အလောင်းတော် ၅၄၈
မဂ်ဖိုလ်ရခြင်း၏ အကြောင်း ၅၈၃

[ မ ]


မင်းကွန်းဇရပ် ၅၁၃
မင်းချင်း ယောက်ျား ၁,၀၀၀ ၄၆၅
မင်းနန် ၄၉၅
မင်းမြောက်တန်ဆာ ၅-ပါး ၅၈၃, ၅၈၆
မင်းသမီး၏ဝမ်းတိုက် ၅၃၈
မင်းသေသော် မင်းပင် ဖြစ်ပြန်သလော ၅၈၃
မယ်တော်၏ အသက် ၁၀၉
မယ်တော်နှင့်ခင်ပွန်းဟောင်း ၄၂၄
မယ်တော်ဖြစ်ဖူးသော နတ်သား ၆၀၇
မယ်တော်မိနတ်သား ၆၀၄
မုန်ညင်းသီးခွံအတွင်း ၂၆၈
များသောအပြား ၂၈၆
မျက်နှာကြည့်သဖြင့် ၄၆၁
မျောက်မ ၄၉၂
မြုနည်းသောသတ္တဝါ ၂၈၅
မြောက်ကျွန်းသူ ၃၀၂
မြားစကြာ ၅၈၉
မြက် ၈-ဆုပ် ၁၉၈
မြင်းခတောင် ၁၇၈
မြင်းထိန်း ၃၃၄
မြင်းနှုတ်သီး ၃၀၈
မြင်းမိုရ်တောင်ခြေရင်း ၆၁၀
မြင်းမိုရ်တောင်ထိပ် ၂၀၆, ၆၀၄
မြင်းမိုရ်တောင်မင်း ၉၈, ၁၁၃
မြင်းမိုရ်တောင်ကို ချီရသကဲ့သို့ ၅၈၁
မြင်းမိုရ်တောင်ကို ထီးရိုးပြု၍ ၆၀၀
မြင်းမိုရ်သိဒါ ၂၉၅
မြေကိုထုတ်ချင်းလျှိုဖောက်၍ ၃၉၆
မြေကြီးသည် ပြင်းစွာတုန်လှုပ် ၅၇၂


[ မ ]


မြေကြီးလျှင် သိသူသက်သေ ၂၁၀
မြေစောင့်နတ် ၅၁၄
မြေဖြုတ်တိုင်း ၅၇၇
မြေမှရွှေအိုးတို့သည် ပေါက် ၅၆၆
မြေ၌ငုပ်လျှိုး ၆၁၀
မြေလွှာ ၃၄၄
မြေသပိတ် ၁၉၅
မြစ်ကြီး ၅-စင်း ၃၄၂
မြစ်ကြီး ၅-သွယ် ၃၁၀
မြစ်ရေတံပိုး ၅၈၉
မြည်း ၄၉၄
မြည်းထီး ၄၉၅
မြည်းမ ၄၉၅
မြွေခါးကြိုး, ပန်းဆိုင်း ၂၁၁
မြတ်စွာဘုရား ၅၄၁, ၅၆၈, ၅၇၉
မြတ်စွာဘုရား အဆင်းတော် ၅၅၆
မြတ်စွာဘုရား အသံတော် ၅၈၀
မြတ်စွာဘုရား၏ရောင်ခြည်တော် ၄၈၄
မြတ်စွာဘုရား၏ နိမ္မိတစက်တော် ၅၆၉
မြတ်စွာဘုရားဆင်းတုတော် ၅၈၅
မြတ်စွာဘုရားသည် ပတ္တမြားစောင်းတန်း ၆၁၂
မြတ်လေးပန်းပုဆိုး ၁၇၃, ၅၄၀
မြတ်သောအကျင့် ၄၄၈
မြတ်သောအင်္ဂါ ၅၅၃
မြတ်သော ဦးခေါင်း ၅၈၂
မြတ်သော အလှူခံပုဂ္ဂိုလ် ၆၀၇
မိန်ညိုကို စွပ်သကဲ့သို့ ၅၄၀
မိန်းမမာယာ-၄၀ ၆၁၇
မွန်းတည့်သောနက္ခတ် ၃၆၇

[ မ ]

မွန်မြတ်သော ယာဂု, ခဲဖွယ် ၆၂၄
မှန်သော သစ္စာစကား ၆၂၀

[ ယ ]

ယည ၁၅၄
ယညဒတ္တပုဏ္ဏားမင်း၊ ခမည်းတော် ၅၇
ယညဒတ္တ ၄၁၇
ယတ္ထကာမာဝသာယိတာ ၃၈၁
ယန္တယားစက်ဖြင့်တင် ၁၅၉
ယမိုက်ပြာဋိဟာ ၂၁၅, ၅၉၇
ယသ ၃၈၁
ယသအမည်ရှိ သူဌေးသား ၄၂၀
ယသ၊ အရှင်, ခမည်းတော် ၄၂၃
ယသဝတီမိဖုရား ၃၅
ယသဝတီမယ်တော်မိဖုရား ၅၄
ယသဝါမင်း ၄၂
ယသောဓရာ ၇၄, ၇၅, ၁၀၀, ၁၂၇, ၁၆၂
ယသောဓရာ၊ သူဌေးသမီး ၃၄
ယသော်ဓရာမယ်တော်မိဖုရား ၄၂
ယာမာနတ်ပြည် ၃၃၆, ၃၉၇
ယုဂန္ဓိုရ်တောင် ၁၇၇, ၂၉၄
ယုဂန္ဓိုရ်တောင်ထိပ် ၈၉, ၃၃၅, ၆၀၄
ယုဂန္ဓိုရ်သီဒါ ၂၉၅
ယဉ် ၂-ပါး ၃၅၃
ယဉ်းအနာ ၅၁၀
ယုတ်မာသောအလို ၅၀၇
ယုတ်သောလာဘ်ပူဇော်သက္ကာရ ၆၁၆
ယုံမှားခြင်း ၁၆-ပါး ၃၁၅

[ ရ ]

ရခဲခြင်း ၄-ပါး ၅၈၇, ၅၈၈
ရတနမာလ ၃၀၈
ရတနသုတ်ပရိတ် ၄၄၃, ၅၀၉, ၅၁၂
ရတနာဃရစေတီ ၄၀၃
ရတနာဃရအိမ် ၃၉၅
ရတနာစင်္ကြမစေတီ ၄၀၃
ရတနာစင်္ကြံ ၄၇၀, ၅၉၇, ၆၀၃
ရတနာ ပစ္စယ ၉၃
ရတနာပစ္စယဆင်ဖြူတော် ၉၇
ရတနာပတ္တမြားဖြင့်ပြီးသော လှေ ၅၁၅
ရတနာ ၇-ပါးစီခြယ်သော ရွှေထမ်းစင် ၅၄၈
ရတနာပန်း ၇-ပါး ၉၉
ရတနာဗိမာန် ၈၆
ရတနာယပ် ၁၂၅
ရတ္တညူ ၅၅၄
ရတ္တညူဇတဒဂ် ၅၅၅
ရထားထမ်းပိုးတစ်ပြန်မျှ ၁၈၃
ရမ္မ, သုရမ္မ, သုဘ ၁၆၀
ရမ္မ, သုဘ, သုရမ္မ ပြာသာဒ် ၃၄
ရမ္မာဝတီပြည် ၁၆, ၃၂
ရသဂ္ဂသဂ္ဂိ ၁၄၂, ၁၄၈
ရသပထဝီ ၃၄၃
ရသာရုံ ၂၆၂
ရသေ့ညီနောင် ၃-ယောက် ၄၃၄
ရသေ့တို့ပရိက္ခရာ ၄၄၆
ရဟန္တာ ၁၈၄, ၃၁၁, ၄၉၂, ၅၀၇, ၅၅၃, ၅၆၀
ရဟန္တာမ ၅၂၈
ရဟန္တာ၏ဂုဏ် ၅၉၃

[ ရ ]


ရဟန်း ၃၂၈
ရဟန်းအသွင်အပြင် ၅၈၇
ရဟန်း-၅၀၀ ၆၁၀
ရဟန်းနိမိတ် ၁၆၈
ရဟန်းပဥ္စင်းအဖြစ် ၅၅၃
ရာဂစရိုက် ၅၄၂
ရာဇဂြိုဟ်ပြည် ၆၅, ၄၄၇, ၄၅၉, ၄၈၈, ၅၀၉, ၅၂၄, ၅၆၉, ၅၉၄
ရာဇဂြိုဟ်မြို့ ၄၁၉
ရာဇဂြိုဟ်သူဌေး ၅၈၉, ၅၉၁
ရာဇာဓိရာဇာ ၅၇၀, ၅၇၅, ၅၇၈, ၅၇၉, ၅၈၀၁ ၅၈၃
ရာဇာဓိရာဇာ၏ တမန် ၅၇၀
ရာဇာယတန လင်းလွန်းပင် ၄၀၀
ရာဇာယတနလင်းလွန်းပင်စေတီ ၄၀၄
ရာဇာယတနသတ္တာဟ ၄၀၀
ရာဓမင်း ၆၈
ရာမ ၁၅၄, ၄၁၇
ရာသီ ၁၂-ခွင် ၃၅၃
ရာဟုလာ ၁၇၁, ၅၄၄, ၅၄၆
ရာဟုလာ၊ အရှင် ၅၇၈
ရာဟုလာမယ်တော် ၄၇၂, ၄၇၄
ရာဟုလာမယ်တော်ဗိမ္ဗာထေရီ ၅၅၆
ရာဟုလာ၊ သားတော် ၄၇၆, ၄၈၁
ရာဟုအသုရိန် ၂၆၉
ရုက္ခစိုးနတ် ၁၉၁
ရုစိ, သုရုစိ, ရတိဝဍ္ဍနပြာသာဒ် ၅၄
ရုစိယအသခ်ေျ ၅
ရုက္ခဓမ္မဇာတ် ၅၃၄
ရူပအစိန္တေယျ ၂၇၀
ရူပနန္ဒာ ၅၅၇
ရူပနန္ဒာထေရီ ၅၅၆
ရူပရာဂ, မာန, ဥဒ္ဓစ္စ ၅၄၇
ရူပလောက ၃၄၀
ရူပလောက ၁၆-ဘုံ ၂၈၉
ရူပဝိလာသ ၂၆၈
ရူပဝိလာသ အတုလိယ ၂၇၀
ရူပဝိလာသ အဝါစိယ ၂၇၁
ရူပဝိလာသ အဝေဒိယ ၂၇၀
ရူပါရုံ ၂၆၂
ရူပါဝစရကြိယာ စတုတ္ထစျာန် ၆၀၁
ရူပါဝစရကြိယာ ပဥ္စမစျာန်စိတ် ၅၄၂
ရူပါဝစရစျာန် ၄-ပါး ၂၂၆
ရူပါဝစရ ၁၆-ဘုံ ၃၁၄
ရူပါဝစရဗြဟ္မာ့ပြည် ၁၆-ထပ် ၃၄၀
ရေကြက်မဟန် ဖန်ဆင်း ၅၉၈
ရေဏုမင်း ၆၈
ရေတော်ခပ်နဂါးမင်းသမီး, နဂါးလုလင် ၅၇၆
ရေထွက်ရာပွင့်ဝ ၄-ပေါက် ၃၀၈
ရေဖျန်းတတ်သော လေ ၃၀၈
ရေမရှိသော နိရုဒကကန္တာရ ၃၇၇
ရေလုအငြင်းအခုံဖြစ် ၅၅၂
ရေသနုပ်တော် ၅၀၇
ရေသဖန်းပင် ၅၈
ရေသဖန်းပင်စောင့်နတ် ၄၀၃
ရောစိနီပုဏ္ဏားမမိဖုရား ၅၆
ရောရုဝငရဲ ၃၁၇

[ ရ ]

ရောဟိဏီမြစ် ၄၆၈, ၅၃၁, ၅၅၀
ရောဟိဏီမြစ်၏ အထက်ကောင်းကင် ၅၃၃
ရက်ကန်းသည့်ရွာ ၅၅၅
ရောင်ခြည်ကွန်ယက် ၃၀၄
ရောင်ခြည်တော် ၄၈၃
ရောင်ခြည်တော် ၆-သွယ် ၄၂၉, ၅၄၃, ၆၀၃, ၆၂၆
ရောင်တော်အဝန်း ၁၅၂
ရုပ်ရှိသော သတ္တဝါ ၂၈၆
ရှား သည့်တိုင် ၅၉၅
ရှိခိုးစတမ်း ၅၈၁
ရှေ့ဦးစွာသောသိက္ခာပုဒ် ၄၃၀
ရှေးဦးတစ်ဖို့ ၅၂၂
ရှေးခန္ဓာ အောက်မေ့နိုင်သော ရဟန္တာ ၅၅၅
ရှုံးခြင်းကြီးစွာ ၁၃၃
ရှင်နန္ဒ ၄၉၃
ရှင်နန် ၅၄၄
ရှင်ပင်ဘုရား ၄၆၃
ရှင်သိဒ္ဓတ်အားတော် ၂၁၆
ရှင်သိဒ္ဓတ်ယောက်ျားမြတ် ၄၁၈
ရှစ်သောင်းလေးထောင် ၄၈၃
ရွေးချယ်၍ လှူသောအလှူ ၆၀၉
ရွှေအိုးကြီး ၄-လုံး ၁၂၃
ရွှေကရား ၄၉၀
ရွှေကပ်စီ ၄၉၁
ရွှေခြုံကွန်ယက် ၃၀, ၅၈၈
ရွှေခြုံညောင်ရွက် ၁၁၆
ရွှေခြေနင်း ၁၂၄, ၄၂၂
ရွှေခွက် ၄၀၂

[ ရ ]

ရွှေဆင်းတုကဲ့သို့ ၃၀၃
ရွှေပေ, ဟင်းသပြဒါးစစ် ၃၃၄
ရွှေမိုး, ရွှေခြင်ဖြင့် စိသော စေတီအိမ် ၅၄၃
ရွှေရေအိုး ၃၃၀
ရွှေလှံတံ ၄၉၀
ရွှေလှေ, ငွေလှေ, ပတ္တမြားလှေ ၅၁၄
ရွှေလိုဏ် ၃၁၂
ရွှေလိပ်ရုပ် ၄၉၁
ရွှေဟင်္သာမ၏ရှေ့၌ ကျီးမကဲ့သို့ ၅၅၈
ရွှေဟင်္သာမငယ် ၅၉၉

[ လ ]

လက္ခဏာ ၁၅၄, ၄၁၃
လက္ခဏာတော် ၃-ပါး ၁၄၆
လက္ခဏာတော်ကြီး ၃၂-ပါး ၁၃၅
လက္ခဏာ ၆၄-ပါး ၈၀
လက္ခဏာ ၁၈-ပါး ၈၁
လက္ခဏာရေး ၃-ပါး ၁၀၈
လက္ခဏာတော်ငယ်-၈၀ ၁၅၀
လက်ျာပုဆစ် ဒူးဝန်း ၁၂၅
လက်ျာ နက္ခတ် ၁၄-လုံး ၃၆၉
လက္ခယ်ပက္ခဥပုသ်နေ့ ၃၀၃
လက်ာဒီပကျွန်း ၄၄၁, ၃၉၄
လဃီမာ ၃၈၀
လဆုတ်, လဆန်း ၃၅၃
လဠုကိကဇာတ် ၅၃၄
လင္ဂဝနဥယျာဉ် ၄၄၃, ၄၄၆
လထက်ဝက် သင်္ကြာန် ၃၀၀

[ လ ]


လထွက်, လဝင် ၃၅၇
လ, နေတို့၏ ဝင်သောအခါကဲ့သို့ ၆၀၅
လနတ်သမီး ၅၇၄
လပြာသာဒ် ၃၄၉
လပြည့်, လကွယ် ၃၅၇
လ, ရက်, နက္ခတ်အခါ ၉၃
လဝန်း ၃၄၅
လဝန်းအနောက်ဖျား ၃၅၈
လိစ္ဆဝီမင်း ၅၁၀
လိစ္ဆဝီမင်းသားပျို ၅၁၂
လုမ္ဗိနီဉယျာဉ် ၁၁၈
လုမ္ဗိနီ အင်ကြင်းတော ၁၁၇
လုလင်ငယ်၏အရုပ် ၅၇၆
လူနာလံထ ၅၁၃
လူရဟန္တာ၊ ၆-ယောက် ၄၁၆
လေနတ်သား ၅၉၆
လေသာနန်းတံခါးရွက် ၁၅၈
လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ၅၄၅
လောက၏မမွတာ ၅၄၇
လောကတ္ထစရိယ ၂၀၈
လောကဓာတ် ၁၂၆
လောကဓာတ် ၄-ပါး ၂၈၉, ၃၄၈
လောကဓာတ်ကို တုန်လှုပ်စေလျက် ၄၂၀
လောကန္တရိက်ငရဲ ၁၂၁
လောကဗြူဟာ ၃၄၁
လောကဝိဒူဂုဏ်တော် ၂၈၄, ၃၇၂
လောကသာရစကြာမင်း ၄
လောကီ ၃၈၁
လောကီက္ကန္ဒြေ ၁၉-ပါး ၂၄၂

[ လ ]

လောကုတ္တရာက္ကဿရိယ ၃၈၀
လောကုတ္တရာအမွေ ၄၇၆
လောကုတ္တရာ အဝတ် ၅၈၇
လောဏသာဂရ ၃၅၀
လောဏသာဂရအကျယ် ၂၉၈
လောဏသာဂရဆားငန်ရေသမုဒ္ဒရာ ၂၉၇
လောဏသာဂရရေ ၂၉၃
လောဘ ၃၈၅
လောဘ, ဒိဋ္ဌိ, အဝိဇ္ဇာ ၃-ပါး ၂၂၉
လောမဟံသဇာတ် ၆၄
လောဟကုမ္ဘီငရဲ ၃၁၉
လောဟပါသာဒကျောင်း ၃၉၉
လက်ချောင်းပမာဏရှိသော မြား ၅၈၁
လက်ညှိုးမှ နို့ရည်ထွက် ၃၀၄
လက်နက်မိုး ၂၀၅
လက်ပံတော ဉသဒရက်ငရဲ ၃၂၂
လက်ဝဲ နက္ခတ် ၁၁-လုံး ၃၆၉
လက်ဝဲပုဆစ်ဒူးတော် အနီး ၆၀၇
လက်ဝဲရံ ၄၆၂
လက်ဝဲရံ ရဟန္တာမ ၅၆၃
လက်သမား ၆၂၂
လက်ျာခြေဖဝါးတော် ၅၁၉, ၆၁၃, ၆၁၅
လက်ျာစွယ်တော် ၅၆၂
လက်ျာပုဆစ်ဒူးတော် ၄၀၅, ၆၀၇
လက်ျာရံ ၄၆၂
လက်ျာရံ ရဟန္တာမ ၅၆၆
လက်ျာရံ, လက်ဝဲရံ ၅၄၂
လက်ျာရံ အရှင်ဒေဝလမထေရ် ၅၆၆
လက်ျာ, လက်မောင်း ပြတ်သကဲ့သို့ ၅၈၀

[ လ ]

| | |
|---|---|
| လင်ပန်း မျက်နှာ၀ | ၂၉၃ |
| လင်းနို့အကျင့် | ၅၄၄ |
| လင်းနို့မျိုး | ၆၁၀ |
| လင်းယဉ်ရှက် | ၈၇ |
| လင်းလွန်းပင်စောင့် သမိဒ္ဓိသုမနနတ် | ၅၆၁ |
| လယ်လုပ်ခြင်း | ၃၄၆ |
| လိပ်ခွံသင်္ဃာန် | ၆၁၇ |
| လိပ်, ငါး, မကန်း | ၈၇ |
| လှေဖောင် | ၈၇, ၅၁၂ |
| လှည်းဦးကင်း | ၃၀၀ |
| လှည်းအုပ်ဆုံကဲ့သို့ | ၃၀၀ |
| လှည်းသင်္ဃာန် | ၃၀၀ |
| လျှာဖျား၌ ထား၍ | ၅၀၈ |
| လျှော်တေသက်န်းအကျိုး ၁၃-ပါး | ၁၃ |
| လျှို့ကပ်သောပုဏ္ဏား | ၅၄၄ |
| လျှို့ဝှက်အပ်သော ရဟန္တာ၏အဖြစ် | ၅၉၀ |
| လျှပ်စစ်နွယ် | ၉၉ |
| လျှပ်စစ်ပြိုးပြက် ထစ်ကြိုးလျက် | ၅၄၁ |

[ ဝ ]

| | |
|---|---|
| ဝက်ဟာရဇနပုဒ် | ၃၁၁ |
| ဝဂ်ဟာရဇနပုဒ် | ၃၁၀ |
| ဝစနအစိန္တေယျ | ၂၇၂ |
| ဝစနဝိလာသ | ၂၇၃ |
| ဝစီသုစရိုက် ၄-ပါး | ၂၂၇ |
| ဝဇိရစိန် | ၅၇၄ |
| ဝဇိရစိန်ကျောက်အဆင်း | ၉၄ |
| ဝဇိရစိန်စက် | ၅၈၀ |
| ဝဇိရစိန်မြား | ၅၈၁ |
| ဝဇိရစိန်မြေ | ၅၇၈ |
| ဝဇိရစိန်ခွဲ | ၁၁၄ |
| ဝဇိရဝုတ္တိပြည် | ၆၆ |
| ဝဇိရစိန် သန်လျက် | ၁၁၂ |
| ဝဇိရိန္ဒ | ၅၆ |
| ဝဇ္ဇီမင်းသားရဟန်း | ၅၅၁ |
| ဝဇ္ဇီတိုင်း | ၅၅၁ |
| ဝဋ္ဋကဇာတ် | ၅၃၄ |
| ဝတ္ထုကာမ | ၃၈၇ |
| ဝပ္ပ၊ အရှင် | ၁၈၅, ၃၁၅ |
| ဝရကမ္ဘာ | ၃၄၈ |
| ဝရဇိန်လက်နက် | ၁၈၂ |
| ဝရုဏ | ၄၆၂ |
| ဝရုဏမြက်ရိတ်သမား | ၄၈ |
| ဝလာဟကမြင်း | ၅၇၃, ၅၇၆ |
| ဝသန္တဥတု | ၃၆၃ |
| ဝသဝတ္တီမာရ်နတ် | ၁၇၆, ၂၀၀ |
| ဝသီတာ | ၃၈၁ |
| ဝသီဘော် ၅-ပါး | ၃၈၀ |
| ဝဿမင်း | ၆၈ |
| ဝဿာနဥတု | ၃၆၁ |
| ဝဿာရုံ | ၃၉ |
| ဝါခေါင်လပြည့်၊ စနေနေ့၊ နေထွက် | ၅၄၇ |
| ဝါဆိုကုဋီ | ၅၅၄ |
| ဝါဆိုလပြည့်နေ့, ည | ၃၁၄ |
| ဝါဆိုသက်န်း | ၅၅၅ |
| ဝါတွင်း ၃-လ | ၅၅၄, ၆၀၆ |

[ ဝ ]


ဝါယောကသိုဏ်း ၃၄၂
ဝါးခွက် ၉၅
ဝိဇယုတ္တရ ၁၉၉
ဝိဇယုတ္တရ ခရုသင်း ၂၁၄, ၃၃၂, ၃၂၈
ဝိဇိတကသင်္ဂါမလယ်စောင့် ၄၉
ဝိဇိတသေနမင်း ၆၈
ဝိဇိတသေနသားတော် ၃၄, ၅၉
ဝိဇိတာဝီ စကြဝတေးမင်း ၃၅
ဝိဇိတာဝီမင်း ၅၀
ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော် ၂၈၂
ဝိဇ္ဇာ ၃-ပါး ၂၅၀
ဝိတတ-၂-ဖက်ပိတ် စည် ၃၃၃
ဝိတဝါပေါက္ခရ၊ ပြောစည် ၃၃၃
ဝိတက်ကြဲစည်သော အသံ ၂၅၃
ဝိတက်, ဝိစာရ ၂၂၁
ဝိဓုရပညာရှိ ၆၃
ဝိနတကတောင် ၂၉၆
ဝိနတကသီဒါ ၂၉၇
ဝိနိစ္ဆယ ၃၈၉
ဝိနိပါတိကအသုရာ ၂၈၇
ဝိပရိယေသ ၄-ပါး ၃၈၇
ဝိပလ္လာသ ၁၂-ပါး ၃၈၇
ဝိပဿနာအခြံအရံ ၅၆၀
ဝိပဿီဘုရား ၄၁၆, ၄၉၀
ဝိပုလမင်း ၄၀
ဝိပုလမယ်တော်မိဖုရား ၄၀
ဝိမုတ္တိချမ်းသာ ၃၉၉
ဝိမောက္ခန္တိက ၃၇၉
ဝိရူပက္ခနတ်မင်းကြီး ၃၂၉


[ ဝ ]


ဝိရူဠှကနတ်မင်း ၃၂၉
ဝိရူဠှနဂါး ၁၁၃
ဝိလာသမင်း ၆၈
ဝိဝဋ္ဋအသင်္ချေယျကပ် ၅၅, ၃၄၃, ၃၄၇
ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ် ၅၅, ၃၄၅, ၃၄၇
ဝိဝါဟမင်္ဂလာ ၉၂
ဝိသယခေတ် ၂၉၁
ဝိသယှသူဌေး ၆၂
ဝိသာခါပုဏ္ဏားမမိဖုရား၊ မယ်တော် ၅၆
ဝိသုကမ္မနတ်သား ၄၀၃
ဝိသုကြုံ နတ်သား ၉၆, ၁၆၉
ဝီရနိဂုံးပြည် ၄၉
ဝီရသူဌေးသမီး ၄၉
ဝီရိယပါရမီ ၆၃
ဝေဇယန္တာ ၁၀၂
ဝေဇယန္တာပြာသာဒ် ၃၂၅
ဝေဇယန္တာရထား ၃၂၅
ဝေဒနာပရိဂ္ဂဟသုတ္တန် ၄၅၉
ဝေနေယျသတ္တဝါ ၄၃၀, ၅၂၆
ဝေပစိတ္တိ ၃၂၄
ဝေပုလ္လတောင် ၅၆၇
ဝေဘာရပြည် ၄၈
ဝေရဉ္ဇပြည် ၅၄၉
ဝေရမ္ဘလေ ၂၀၅
ဝေသာရဇ္ဇဉာဏ် ၄-ပါး ၂၅၇
ဝေသာလီပြည် ၅၀၉, ၅၃၁, ၅၄၄
ဝေသာလီပြည် တံတိုင်း ၃-ထပ် ၅၁၂
ဝေဿန္တရာ ၆၁, ၆၂, ၇၄, ၁၀၄

[ ဝ ]

ဝေဿန္တရာဇာတ် ၄၇၁
ဝေဿဘူ ဘုရား ၄၉၀
ဝေဿဝဏ္ဏနတ်မင်းကြီး ၁၀၀, ၃၂၉, ၄၄၁
ဝေဟပ္ဖိုလ်ဗြဟ္မာ့ပြည် ၃၉၇
ဝေဠုဝန်အရပ် ၄၅၈
ဝေဠုဝန်ဥယျာဉ် ၄၅၁, ၅၆၄
ဝေဠုဝန်ကျောင်းတော် ၄၅၂, ၄၈၀, ၅၁၀, ၅၆၄, ၅၆၉
ဝန်ခံခြင်း ၄၉၃

[ သ ]

သဉပါဒိသေသနိဗ္ဗာနဓာတ် ၂၅၈
သကဒါဂါမိဖိုလ် ၄၇၄
သက္ကတိုင်း ၅၃၈
သက္ကရပြည် ၅၄၉
သက္ကောဒန ၇၄, ၉၁
သက်န်း ၃-ထည်သာ ဆောင်ခြင်း ၅၅၇
သကျသာကီဝင်မင်းမျိုး ၄၅၆
သက်ဿနဂိုရ်ပြည် ၆၁၁, ၆၁၅
သခ်အမည်ရှိသူတော်ကောင်း ၅၁၆
သခ်ဇာတ် ၅၁၈
သခ်တ, အသခ်တတရား ၂၃၈
သခ်တ သဘော ၁၁၈
သခ်ပါလနဂါးမင်း ၆၂
သခ်ပုဏ္ဏား ၆၂, ၅၁၅
သခ်ါရလောက ၂၈၅
သခ်မ်း၌ အပြစ် ၈-ပါး ၁၄
သခွတ်ပင်ကြီး ၃၂၄

[ သ ]

သဂ္ဂလောက ၃၂၃
သဂ်ဟ ၄-ပါး ၃၉၁
သဂ်ဟဝတ္ထု ၁၀၄, ၁၄၆
သဃ်ာတငရဲ ၃၁၆
သစ္စက ၃၇၄
သစ္စာစကားကိုစောင့် ၅၈၂
သစ္စာ ၄-ပါးတရား ၅၂၆, ၆၀၇
သစ္စာပါရမီ ၆၃
သဥ္စယပရိဗိုဇ် ၄၅၄, ၄၅၈
သဥ္စိဝကပုတ္တ ၆၂၂
သတိပဋ္ဌာန် ၄-ပါး ၁၃၀
သတိမန္တ ၉၂
သတိမုတ္တက ၃၃၂
သတ္တသတကမဟာဒါန ၆၄
သတ္တသတ္တတိဉာဏ် ၂၇၅
သတ္တဝါတို့၌ ကရုဏာတော် ၂၄၆
သတ္တုဘာသ္တဇာတ် ၆၃
သတ္တုဿဒ ၁၄၁
သတ္ထာ ဒေဝမနုဿာနံ ၃၇၇
သဒ္ဒါရုံ ၂၆၂
သဒ္ဒါရဂ်သေနာ ၃၃၃
သန္တိရဏစိတ် ၂၈၇
သန္တုသိတ ၁၂၈
သန္တုသိတနတ် ၁၉၉, ၂၁၄, ၆၀၉
သနက်ုမာရဗြဟ္မာမင်း ၃၂၈
သပိတ်တော် ၄၀၂, ၄၅၀
သပိတ်၊ အနားရစ် ၄-ဆင့် ၄၀၂
သပိတ်, သက်န်း ၄၇၇
သပိတ်ကို အစိတ်စိတ်ခွဲစေ၍ ၅၉၂

[ သ ]

သပိတ်ကို ဝါးဖျား၌ ဆွဲ၍ ၅၉၁
သပြေပင် ၄၄၀
သဖန်းခါး အသီး ၄၄၀
သဗ္ဗကာမာ ၅၃
သဗ္ဗညုတညာဏ်တော် ၁၂၉, ၅၈၈
သဗ္ဗညုဘုရား၏မယ်တော် ၈၈
သဗ္ဗညုမြတ်စွာဘုရား ၃၇၂
သဗ္ဗဋ္ဌက ၄၈၆, ၄၈၇
သဗ္ဗတ္ထဂါမိနီပဋိပဒါ ၂၆၁
သဗ္ဗဖာလအသချေ ၄
သဗ္ဗဖုလ္လအသချေ ၄
သဗ္ဗဘဒ္ဒအသချေ ၄
သဗ္ဗရတနအသချေ ၄
သမဒတ္တ ၁၄၂
သမဒတ္တလက္ခဏာ ၁၅၀
သမန္တစက္ခု ၂၄၀
သမန္တပဋ္ဌာန်းကျမ်းကြီး ၃၉၅
သမင်္ဂီရမင်း ၆၈
သမဝဋ္ဋကွန္ဒ ၁၄၂, ၁၄၈
သမဝဋ္ဋကွန္ဒသားတော် ၅၁
သမာပတ် ၈-ပါး ၁၉၇, ၃၈၃
သမိဒ္ဓိနတ် ၅၆၂
သမီး နန္ဒာ, သားနန္ဒ ၅၅၅
သမီးကညာရတနာ ၉၀
သမုဒယသစ္စာ ၂၂၉
သမုဒ္ဒရာ ၄-စင်း ၂၉၉
သမ္ဘရသီမင်း ၆၉
သမ္ဘူတမင်း ၆၈
သမ္ဘာဒိဋ္ဌိ ၅၉၀

[ သ ]

သမ္ဘာသမ္ဘုဒ္ဓ ၂၄၃
သမ္ဘာသမ္ဘုဒ္ဓဂုဏ်တော် ၂၈၁
သမန်းမြက်ဖျား ၅၀၄
သရဖျာယ်သော အသံ၌နိမိတ်ကိုယူ ၆၁၀
သရဏဂုံ ၃-ပါး ၄၃၁, ၄၄၉
သရဒဥတု ၃၆၂
သရဏပြည် ၄၇
သရဏမင်း ၄၇
သရက်ဖျော် ၅၉၆
သလေးစပါး ၃၀၂, ၃၄၄
သလေးတော ၃၁၀
သလ္လဝါလဈာငယ် ၄၅၉
သလ္လာဝတီအမည်ရှိ ချင်းတွင်းမြစ် ၁၀၈
သဟမ္ပတိဗြဟ္မာ ၅၉, ၁၀၀, ၁၉၉, ၄၀၇, ၄၃၇
သဟဿသာရ ၁၀၂
သင္ဂာယတနချုပ် ၂၂၅
သင္ဂာယတနတရား ၂၁၉
သာကီဝင်မင်းမျိုး ၇၂, ၄၆၇
သာကီဝင်မင်းသမီး ၅၀၀ ၅၅၂
သာကီဝင်မင်းသမီးရဟန်းမိန်းမ ၅၅၄
သာကီဝင်မင်းသား ၅၃၂
သာကီဝင်မင်းသား ၅-ယောက် ၄၇၉
သာဂရအသချေ ၃
သာဂရမင်း ၄၇
သာဂလဒေဝမင်း ၆၈
သာတာဂိရိနတ်မင်းကြီး ၄၁၉
သာမိနမင်း ၆၆
သာစုနတ်သမီး ၃၃၂

[ သ ]

သာမဏေ ၅၀၆
သာရကမ္ဘာ ၃၄၈
သာရဒ ၄၆၁
သာရဒရသေ့ ၄၆၂
သာရဒလုလင် ၄၆၁
သာရမဏ္ဍကမ္ဘာ ၃၄၈
သာရိပုတ္တရာ၊ အရှင် ၃၇၉, ၄၆၉, ၄၇၇, ၅၄၅, ၅၄၈, ၅၅၆, ၅၇၄, ၅၇၇, ၆၀၉, ၆၁၀
သာရိပုတ္တရာ၊ အရှင် ၏တပည့် ၅၀၀ ၆၁၃
သာရိပုတ္တရာ၊ အရှင်၏ ပညာတော် ၆၁၄
သာရိပုတ္တရာ၊ အရှင်, ဥပတိဿ ၄၅၄
သာရိပုတ္တရာ၊ အရှင်, လက်ျာရံ ၄၅၉
သာလကလျာဏီ ဗောဓိပင် ၃၄
သာလမကပန်းပွင့် ၁၇၀
သာဝတ္ထိပြည် ၄၃၃, ၄၈၈, ၅၉၄, ၆၂၅
သားတော် ဇာလိမင်း ၁၀၄
သားဘုရား ၄၆၃, ၄၆၇
သား ၁-ယောက် ၅၂၄
သားမြီးယပ် ၁၉၉
သိက္ခာပုဒ်ပညတ် ၅၉၂, ၅၉၃
သိကြားမင်း ၉၆, ၃၂၈, ၃၃၅, ၃၇၄, ၄၃၆, ၅၀၆, ၅၇၀, ၆၀၄
သိကြားမင်း၏ နေရာကျောက်ဖျာ ၄၅၀
သိကြားမင်း၏ နတ်စစ်မှုး ၄၂၁
သိကြားမင်း၏လက်မှ ပတ္တမြားမီး ၅၄၉
သိကြားမင်းတမန် ၅၇၁
သိခိ ဘုရား ၄၉၀
သိင်္ဂုတ္တရကုန်း ၄၀၂, ၄၀၃

[ သ ]

သိဥ္စယ ၇၆, ၁၀၅
သိဥ္စိုဝ်းငရဲ ၃၁၆
သိဒ္ဓတ္ထ ၁၃၅
သိန္ဓောမြင်း ၃၅၁, ၅၇၈
သိပ္ပမင်း ၆၆
သိရိဂုတ္တ ၅၈၉
သိရိဂ္ဃန ပြာသာဒ် ၉၆
သိရိမဟာမာယာ ၇၆, ၉၆
သိရိမာမယ်တော်မိဖုရား ၃၉, ၅၀
သိရိလဝမ္ဗုနာသူဌေးသမီး ၅၄
သိရိဝမ္ဗုန ၄၆၁
သိရိဝမ္ဗုနသူဌေး ၄၉၀
သိရိဝမ္ဗုနဒါယကာ ၅၀
သိရိဝမ္ဗုာသူဌေးသမီး ၅၀
သိရိသဝတ္ထုပြည်သား ဘိလူး ၄၄၃
သိရိသဝတ္ထုဘိလူးပြည် ၄၄၁
သိရိသုဒ္ဓေါဒန ၉၁, ၉၃, ၉၆
သိရိ ၃၈၁
သိလာပထဝီ ၂၉၂, ၃၄၃
သိဝိမင်း ၆၂
သိသိရဥတု ၃၆၃
သီတာမြစ် ၈၀
သီတင်းကျွတ်လပြည့်နေ့ ၆၁၁
သီဒါ ၇-တန် ၂၉၄
သိရိဝမ္ဗုနအမတ် ၈
သိရိသဒ္ဓမ္မာဘိလင်္ကာရ [ ၉ ]
သီလ ၅၅၇
သီလက္ခန္ဓ ၂၅၇
သီလဂုဏ်နှင့်ပြည့်စုံသော အလှူခံ ၆၀၈

[ သ ]


သီလပါရမီ ၆၂
သီလဝမင်း ၆၂
သီလဝသားတော် ၃၅
သီလ သီတင်းမရှိသော အလှူခံ ၆၀၈
သီလာမိမင်း ၉၂
သီဟနာဒ ၄၈၆
သီဟပုဗ္ဗမုကာယ ၁၄၁
သီဟပုဗ္ဗမုကာယလက္ခဏာ ၁၄၈
သီဟပ္ပတိမင်း ၆၈
သီဟဗာဟုမင်း၊ သားဝိဇယကုမ္မာ ၃၉၄
သီဟဝါဟန ၇၄
သီဟသဿရ ၇၄
သီဟဟနု ၇၄၊ ၉၇၊ ၁၄၂
သီဟဟနုလက္ခဏာ ၁၅၀
သီဟိုဠ်ကျွန်း ၃၅၂
သီဟိုဠ်ကျွန်း၏ အလယ် ၃၆၀
သုက္ကောဒန ၇၄၊ ၉၁
သုခုမဆဝိ ၁၄၀
သုခုမဆဝိလက္ခဏာ ၁၄၇
သုဂတဂုဏ်တော် ၂၈၂
သုဂတိလောက ၂၈၈
သုဂန္ဓအမတ် ၁၁၆
သုစရိုက် ၃-ပါး ၂၆၀
သုစိတ္တာ ၃၃၁၊ ၅၇၄၊ ၅၇၇
သုစိတ္တာနိဂုံး ၅၄
သုစိတ္တာမိဖုရား ၅၄
သုစိရိန္ဒနိဂုံး ၅၆
သုဇာတမင်း ၆၉
သုဇာတာ ၁၉၁၊ ၅၇၄၊ ၅၇၇


[ သ ]


သုဇာတာ၊ အသုရာသမီး ၁၆၂
သုဇာတာမယ်တော်မိဖုရား ၃၄၊ ၄၄
သုဇိတာ ၈၃၊ ၃၃၁
သုဇန္ဒက, ဂိရိ, ဝသဘပြာသာဒ် ၅၃
သုညတကမ္မဋ္ဌာန်း ၅၆၀
သုညတဝိမောက္ခ ၃၈၃
သုဒနာမိဖုရား ၅၁
သုဒတ္တ ၃၉၊ ၄၅၁ ၁၅၄၊ ၄၁၇
သုဒတ္တာမယ်တော်မိဖုရား ၄၅
သုဒဿနကျောင်း ၁၇
သုဒဿနတောင် ၁၇၊ ၂၉၅
သုဒဿနနိဂုံး ၅၃
သုဒဿနပြည် ၄၅၊ ၅၈
သုဒဿနမင်း ၅၄
သုဒဿနာမယ်တော်မိဖုရား ၄၇
သုဒဿနသီဒါ ၂၉၆
သုဒဿနသူဌေးသမီး ၅၁
သုဒိန္န (သုဒတ္တ)မင်း ၄၆
သုဒေဝ ၄၃၊ ၃၂၉
သုဒေဝမင်း၊ ခမည်းတော် ၁၆၊ ၃၂
သုဓမ္မပြည် ၄၁
သုဓမ္မမင်း ၄၁
သုဓမ္မမယ်တော်မိဖုရား ၄၁
သုဓမ္မာ ၇၆၊ ၃၃၁၊ ၅၇၄၊ ၅၇၇
သုဓမ္မာ၊ ဂန္ဓဗ္ဗနတ်သား ၃၃၃
သုဓမ္မာဇရပ် ၂၁၃၊ ၃၂၇
သုဓမ္မာနတ်သဘင် ၃၂၈
သုဒ္ဓါဝါသ အကနိဋ္ဌဗြဟ္မာ့ပြည် ၅၇၉

[ သ ]

သုဒ္ဓါဝါသဗြဟ္မာကြီး ၉၇
သုဒ္ဓါဝါသ ၅-ဘုံ ၁၂၃, ၃၃၉, ၃၉၇
သုဒ္ဓိယအမတ် ၁၁၆
သုဒ္ဓိယ ၉၂, ၁၉၇, ၁၉၈
သုဒ္ဓေါဒနမင်းကြီး ၇၄, ၄၆၃, ၄၆၄
သုဒ္ဓေါဒနမင်းကြီး ပရိနိဗ္ဗာန် ၅၄၆, ၅၄၉
သုဒ္ဓေါဒနမင်းကြီး ဝေဒနာဖြစ် ၅၄၄
သုနက္ခတ္တ ၂၆၄
သုနန္ဒအသင်္ချေ ၃
သုနန္ဒရဝမည်သော ပြွေ ၃၃၂
သုနန္ဒာ ၃၃၁, ၅၇၇
သုနန္ဒာ၊ ခမည်းတော် ၃၄
သုနန္ဒာ၊ နိဂုံး ၃၄
သုနန္ဒာပုဏ္ဏားမ မိဖုရား ၅၉
သုနန္ဒာ မြက်ရိတ်သမား ၁၇, ၃၄
သုနန္ဒာမယ်တော်မိဖုရား ၄၇
သုနန္ဒာရေကန် ၃၂၆
သုနေတ္တာပုဏ္ဏားသမီး ၄၈
သုပတိဋ္ဌ အမတ် ၈၄, ၉၂
သုပတိဋ္ဌိတ ၁၉၆
သုပ္ပတိဋ္ဌိတပါဒ ၁၃၇, ၁၄၅
သုပ္ပတိတမင်း ၅၄
သုပ္ပဗုဒ္ဓ ၇၅, ၁၁၀, ၁၆၂
သုပ္ပဗုဒ္ဓသားတော် ၅၄
သုပ္ပဝါသပြည် ၅၄၉
သုဖဿာမယ်တော်မိဖုရား ၄၈
သုဘဒ္ဒ ၃၁၁
သုဘဒ္ဒပရိဗိုဇ် ၄၁၇

[ သ ]

သုဘဒ္ဒလယ်စောင့်လုလင် ၅၆
သုဘောဇ ၁၅၄, ၄၁၇
သုမင်္ဂလသူဌေး ၄၉၁
သုမင်္ဂလာပြည် ၄၅
သုမနအမည်ရှိ ပစ္စေကဗုဒ္ဓါဘုရား ၄၈၇
သုမနကုဋ္ဌတောင် ၄၄၃
သုမနနတ်သား ၄၄၄
သုမန ပန်းသည် ၄၈၂
သုမေဓာ၏ နေရာအရပ် ၁၀, ၁၁
သုမေဓာမယ်တော်မိဖုရား ၁၆, ၃၂
သုမေဓာသတို့သား၏ဒဿန ၈
သုယာမနတ်မင်း ၂၁၄
သုယာမနတ်သား သားမြီးယပ်ကိုင် ၆၁၂
သုရဘိအမည်ရှိ အရှင်ပစ္စေကဗုဒ္ဓါ ၆၂၀
သုရာမ ၁၅၄, ၄၁၇
သုရုစိပုဏ္ဏား ၃၇
သုရုန္ဒန, သဗ္ဗနန္ဒရ- စည် ၃၃၃
သုရိန္ဒဒေဝမင်း ၆၆, ၆၇
သုဝဏ္ဏအသင်္ချေယျကပ် ၅၅
သုဝဏ္ဏနဂရမြို့ ၄၀၁
သုဝဏ္ဏပဿတောင် ၃၁၁
သုသိမ ပစ္စေကဗုဒ္ဓါ ခေတ်တော် ၅၁၇
သုသိမလုလင် ၅၁၆
သုသိမအမည်ရှိ ပစ္စေကဗုဒ္ဓါဘုရား ၅၁၆
သုသိမရသေ့ ၄၇
သုသုက္ကဒါဌာ ၁၄၃, ၁၅၀
သုတ်, အဘိဓမ္မာ, ဝိနည်း ၅၅၀
သူအိုနိမိတ် ၁၆၂
သူအို, သူနာ, သူသေ, ရဟန်း ၁၅၅

[ သ ]


သူကရခတလိုဏ် ၄၅၉
သူစိလောမဘီလူး ၃၇၄
သူဌေး၏မယား ၄၈၉
သူတိယရ ၂၉၀
သူနာနိမိတ် ၁၆၄
သူရဂုဏ ၉၅
သူရိယ ၃၄၅
သူသေနိမိတ် ၁၆၆
သေခြင်းသဘောကို မစွန့်နိုင် ၅၄၈
သေတကဏ္ဏိကနိဂုံး ၁၀၈
သေတကေတု ၁၀၄
သေတဗျမြို့ ၆၀
သေတဗျဥယျာဉ်ကြီး ၆၀
သေနကပညာရှိ ၆၃
သေနနိဂုံး ၄၀၂
သေန သူဌေးသမီးသုဇာတာ ၄၀၂
သေရာညောင်စောင်း ၅၄၄
သေရည်သေရက်ဟင်းမျိုးစျေး ၅၇၆
သေလအသင်္ချေ ၅
သောဏဒဏ္ဍပုဏ္ဏား ၃၇၄
သောတ-ဃာန-ဇိဝှါ-ကာယ-မန ၂၈၁
သောတပသာဒ ၃၄၀
သောတာပန် ၃၁၅, ၄၂၂
သောတာပတ္တိဖိုလ် ၃၇၅, ၄၂၁, ၄၄၉, ၄၇၃, ၅၅၉, ၆၀၉, ၆၂၀
သောတာပတ္တိမဂ် ၂၅၈
သောတာပတ္တိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် ၂၅၈
သောတ္ထိယ သူဌေး ၄၉၀
သောဘနပြည် ၄၇


[ သ ]


သောဘဝတီဥယျာဉ်တော် ၅၇
သောဘဝတီပြည် ၅၇
သောမနဿ ၂၂၂
သောမနဿမင်းသား ၆၂
သောမလယ်စောင့်လုလင် ၅၉
သောမနဿာမိဖုရား ၄၈
သဲတစ်ဆုပ်ကို ပစ်၍မှတ် ၆၁၅
သဲမိုး ၂၀၆
သော်ကပန်းတို့ကို ကြဲစေ၍ ၅၁၁
သံဃာ၏အာရာမ် ၄၉၀
သံဃာရတနာ ၅၈၇
သံတံတိုင်း ၅၇၄, ၅၇၈
သံမြေပြောင်ပြောင် ၃၂၁
သံဝဋ္ဋအသင်္ချေယျကပ် ၃၄၁, ၃၄၇
သံဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ် ၅၅, ၃၄၂, ၃၄၇
သံဝရသီလ ၁၈၀
သံသရာစက်၏အကန့် ၂၈၀
သံသုမာဂိရိမြို့ ၆၂၁
သင်ခုန်းသွား ကြာဖက်သံရွက် ၃၁၈
သင်းကျပ် ၁၂၄
သင်းပိုင်တော် ၄၅၀
သစ်တပ်ဖွဲ့ ၆၀၆
သစ်နက်ရေ ၁၃
သစ်ပင်ရင်း အကျိုး ၁၀-ပါး ၁၅
သစ်ပျဉ်ဝမ်းကို ဖွဲ့သော ကြိုးငယ် ၄-ခု ၆၁၈
သစ်ဖု ၅၉၀
သစ်သားသပိတ် ၅၉၃
သစ်သီးကြီး, ငယ်စျေး ၅၇၇

[ သ ]


| | |
|---|---|
| သန်လျက် | ၅၈၉ |
| သန်းခေါင်ယံ | ၂၂၈ |
| သိမ်မွေ့သောအမှု | ၆၂၃ |
| သုံးထပ်ရွှေကျောင်းကြီး | [ ၉ ] |
| သုံးထပ်ရွှေကျောင်းဆရာတော် | [ ၃ ], [ ၅ ] |
| သျှိသျှားသီး | ၄၄၀ |


[ ဟ ]


| | |
|---|---|
| ဟတ္ထာမိဖုရား သား ၄-ပါး | ၆၉ |
| ဟတ္ထာမိဖုရား သမီး ၅-ပါး | ၆၉ |
| ဟတ္ထိဒေဝမင်း | ၆၇ |
| ဟတ္ထိပါလမင်းသား | ၆၂ |
| ဟသ်ာတောင်ကဲ့သို့ | ၄၈၉ |
| ဟဿတ, သုစိမ ပြာသာဒ် | ၃၅ |
| ဟိမဝန္တာတော | ၄၂၀, ၅၃၈, ၆၁၉ |
| ဟိမဝန္တာတော၌ ရှိသောပန်း | ၅၈၇ |
| ဟိမဝန္တာတောင်မင်း | ၁၉၃ |
| ဟံသ, ကောဉ္စာ, မယူရ ပြာသာဒ် | ၁၆ |
| ဟံသ, ယသ, သိရိနန္ဒပြာသာဒ် | ၅၉ |
| ဟံသာဝတီပြည် | ၄၄ |
| ဟေမဆင် | ၂၁၆ |
| ဟေမန္တဥတု | ၃၆၂, ၄၆၅ |
| ဟေမဝတာနတ် | ၄၁၉ |
| ဟင်းမျိုးစျေး | ၃၂၀, ၅၃၄ |
| ဟုတ်၏၊ မှန်၏- အကျိုးမဲ့စကား | ၂၈၃ |
| ဟုံဟုက်ပုဏ္ဏား | ၄၁၆ |


[ အ ]


| | |
|---|---|
| အကနိဋ္ဌဗြဟ္မာပြည် | ၅၁၄, ၅၁၈, ၅၃၉ |
| အကနိဋ္ဌဗြဟ္မာဘုံ | ၃၁၄ |
| အကင္ဃာဝေဓိ, ဝါလဝေဓိ | ၁၆၁ |
| အကိတ္တိပုဏ္ဏား | ၆၂ |
| အကုသလာ ဓမ္မာ | ၆၀၉ |
| အကုသသလကမ္မပထ ၁၀-ပါး | ၃၈၉ |
| အင်္ဂုရနတ်သား | ၆၀၇ |
| အင်္ဂုရမင်း | ၆၀၉ |
| အင်္ဂုရ, ဣန္ဒကနတ်သား | ၆၀၇ |
| အကောင်ဖုတ်ရာ သင်္ချိုင်းမြေ | ၅၄၈ |
| အကြောင်းတရား ၁၁-ပါး | ၃၉၉ |
| အခစား | ၄၉၂ |
| အခါမဲ့မိုးကြီး | ၄၄၅ |
| အချည်းစည်းသောပန်းတောင်း | ၄၈၄ |
| အခြေ ၄-ချောင်းသား | ၅၃၄ |
| အဂတိ ၄-ပါး | ၅၈၄ |
| အဂ္ဂဒါနအဦး ၉-ကြိမ် | ၄၁၇ |
| အဂ္ဂပသာဒသုတ္တန် | ၃၃၃ |
| အဂ္ဂိဒတ္တပုဏ္ဏား | ၄၉၅ |
| အဂ္ဂိဒတ္တပုဏ္ဏားမင်း၊ ခမည်းတော် | ၅၆ |
| အဂ္ဂိဒတ္တပုရောဟိတ် | ၄၉၆ |
| အဂ္ဂိဒတ္တရသေ့ | ၄၉၅, ၅၀၀ |
| အဂ္ဂိသိခနဂါးမင်း | ၃၃၄ |
| အဂ္ဂိသောနပုဏ္ဏား | ၅၃ |
| အင်္ဂတိုင်း | ၄၃၈ |
| အင်္ဂုလိမာလ | ၃၃၄ |
| အင်္ဂုလိမာလမထေရ်၊ အရှင် | ၂၆၄ |
| အစ, အလယ်, အဆုံး | ၅၁၆ |
| အစိန္တေယျ ၄-ပါး | ၂၆၇ |

[ အ ]


| | |
|---|---|
| အစိရဝတီမြစ်နား | ၅၉၇ |
| အစည်းအဝေး ၃-ပါး | ၅၁၄ |
| အဆွေအမျိုး | ၅၈၄ |
| အဆင်း၌ အပြစ် | ၅၅၇ |
| အဆိပ်တပ်သောမြား | ၅၈၀ |
| အဆိပ်နစ်သောမြား | ၅၆၈ |
| အဇပါလညောင်ပင်ရင်း | ၁၉၄, ၄၀၄ |
| အဇပါလစေတီ | ၄၀၄ |
| အဇပါလ ပညောင်ပင် | ၃၉၇ |
| အဇဝိထိ | ၃၅၄ |
| အဇိတဇနမင်း | ၆၆ |
| အဇိတပုဏ္ဏား | ၄၁ |
| အဇ္ဈတသူဌေး | ၄၉၀ |
| အဋ္ဌန | ၇၄ |
| အဋ္ဌနမင်း | ၇၅, ၉၅ |
| အဋ္ဌတ္တမြို့ | ၄၀၁, ၄၀၃ |
| အဋ္ဌတ္တိကာယတန ၆-ပါး | ၂၁၉ |
| အညတြမင်း | ၆၇ |
| အညာသိကောဏ္ဍည | ၃၁၅ |
| အဌဂရုဓမ္မ | ၅၅၃ |
| အဌငီက မင် | ၉၆ |
| အဌမဟာပုရိသဝိတက် | ၄၈၁ |
| အတိဒေဝပုဏ္ဏား | ၄၀ |
| အတုမရှိမြတ်သောမင် | ၃၁၂ |
| အတုမရှိသော ပုဂ္ဂိုလ် | ၅၅၇ |
| အတုမရှိသောဝန် | ၆၀၀ |
| အတုလနဂါးမင်း | ၃၉ |
| အတုလသားတော် | ၅၃ |
| အတုံ့စောဒနာ | ၄၆၀ |


[ အ ]


| | |
|---|---|
| အတက် ၆-လ၊ အသက် ၆-လ | ၃၆၄ |
| အတောင် ၆၀-မျှသော စကြာ | ၅၅၁ |
| အတောင် ၆၀-မျှသော ဝါး | ၅၉၀ |
| အတောင် ၆၀-ရှိသော တိုင် | ၅၂၆ |
| အတ္တာဒန္တသုတ် | ၅၃၃ |
| အတ္ထဂါမိနီပဋိပဒါ | ၂၆၁ |
| အတ္ထပဋိသမ္ဘိဒါ | ၂၃၉ |
| အန္တဒီပက | ၂၇၆ |
| အန္တရကပ် | ၅၅, ၃၃၈, ၃၄၇ |
| အန္တရကပ် ၆၄-ကပ် | ၃၄၂ |
| အန္တောဝိထိ | ၃၅၅ |
| အန္တောဝိထိတောင် | ၃၅၂ |
| အထက်ကိုယ်တော်တစ်ပိုင်းမှမီး | ၆၀၁ |
| အထက်မင်ဖိုလ် ၃-ပါး | ၅၆၀ |
| အထိန်းအယ အလုပ်အကျွေး | ၄၇၆ |
| အဓိဋ္ဌာန်ပါရမီ | ၆၃ |
| အနဝညတ္တိမဒ | ၃၈၆ |
| အနဝတတ်အိုင် ၁၁၀, ၃၀၈, ၄၃၈, ၆၀၉ | |
| အနတ္တလက္ခဏာသုတ္တန် | ၄၁၆ |
| အနန္တဇိန | ၃၁၀, ၃၁၁ |
| အနန္တရိယကံ ၅-ပါး | ၃၁၆ |
| အနာဂါမိဖိုလ် | ၄၇၄ |
| အနာဂါမိမင် | ၃၁၁ |
| အနာထပိဏ်သူဌေး | ၄၈၈, ၄၉၁ |
| အနာလယ | ၈၈ |
| အနာဝရဏဉာဏ် | ၂၃၆ |
| အနိစ္စကမ္မဋ္ဌာန်း | ၅၈၉ |
| အနိမာ | ၃၈၀ |
| အနိမိသစေတီ | ၄၀၃ |

[ အ ]

အနိမိတ္တဝိမောက္ခ ၃၈၃
အနှစ်မရှိသောသစ် ၆၂၃
အနုပမသားတော် ၄၈
အနုပါဒိသေသနိဗ္ဗာနဓာတ် ၂၅၈
အနုပိယနိဂုံး ၁၈၁, ၄၇၈
အနုပိယသရက်ဥယျာဉ် ၄၈၀
အနုပိယသရက်တော ၄၇၈, ၅၁၈
အနုမောဒနာ ၄၈၆
အနုတ္တရ ၃၇၄
အနုတ္တရော ပုရိသဒမ္မသာရထိဂုဏ် ၃၇၂
အနုရုဒ္ဓါ ၁၅၆
အနုရုဒ္ဓါ၊ အရှင် ၅၇၉, ၆၀၆
အနေကဓာတုလောက ၂၆၂
အနောတတ္တ ၃၀၇
အနောနမန္တပါဏိဇာဏုကပရာမာသ ၁၄၀, ၁၄၈
အနောမဒဿီရသေ့ ၅၃
အနောမဒဿီမြတ်စွာဘုရား ၄၆၂
အနောမ(သုဓော)မြည် ၄၆
အနောမပြည် ၅၄
အနောမမထေရ် ၄၆၂
အနောမာမယ်တော်မိဖုရား ၄၃
အနောမာမြစ် ၁၇၇, ၅၁၈
အနောခိသမေတ္တာ ၃၁၂
အပဏိဟိတဝိမောက္ခ ၃၈၃
အပရဂေါယာနကျွန်း ၃၀၁
အပရာဇိတပလ္လင် ၂၀၉, ၂၁၃
အပလာလ နဂါးမင်း ၃၇၄
အပါယလောက ၂၈၈
အပါယ် ၄-ပါး ၂၆၀
အပွမညာ ၄-ပါး ၂၄၂

[ အ ]

အပွမာဒ ၆၂၄
အပြစ် ၆-ပါး ၃၀၂
အဖ၏ပါးပျဉ်း၌ နေ၍ ၄၂၇
အဖိုးအတိုင်းမသိ ထိုက်သော မင်းမျိုး ၅၃၃
အမွှေလုလင် ၃၇၄
အမ္ဗလဋ္ဌိယရာဟုလောဝါဒသုတ် ၄၈၁
အဗျာကတာ ဓမ္မာ ၆၀၉
အဘယပုရပြည်ကြီး ၅၇၁
အဘိညာဉ်၏အခြေ ၄၆၈
အဘိညာဉ်၏အခြေ စတုတ္ထဈာန် ၅၉၁
အဘိညာဉ် ၆-ပါး ၂၅၄
အဘိညာဉ် ၅-ပါး ၁၉၇, ၃၈၃
အဘိဓမ္မာ ၇-ကျမ်း ၃၉၅, ၆၀၉
အဘိဓမ္မာတရား ၂၆၈, ၆၀၆
အဘိဓမ္မာဒေသနာ ၂၇၂
အဘိဓမ္မာပိဋကတ် ၆၀၄, ၆၀၆
အဘိနိလနေတ္တ ၁၄၄, ၁၄၉
အဘိသမာစာရိကဝတ် ၅၁၇
အဘိသိက်သွန်း ၁၀၃, ၄၇၅
အမရဝတီပြည် ၈
အမိတာ ၇၅, ၁၆၂
အမိတောဒန ၇၄, ၉၁
အမိုက်တိုက် ၂၀၆
အမြဲမရှိသောအဖြစ် ၅၄၆
အမြိုက်နိဗ္ဗာန်တံခါး ၄၀၇
အယဥ္စသရိနတ်သမီး ၃၃၂
အယောယရပဏ္ဍိတ ၆၂
အယုဇ္ဈပုရပြည် ၆၅
အယုတ်တရား ၄-ပါး ၂၈၃

[ အ ]


အရည်ကင်ခုတင်ဆောက်တည် ၅၅၁
အရဟံဂုဏ်တော် ၂၇၉
အရဟတ္တဖိုလ် ၄၉၃၊ ၅၂၇
အရဟတ္တဖိုလ်၏ ဥပနိဿယ ၅၇၀
အရိဋ္ဌပုရပြည် ၆၆
အရိန္ဒမမင်း ၅၃၊ ၆၅
အရိမေတ္တယျ၊ ၅-ဆူမြောက် ၃၄၈
အရိယဝံသ ၄-ပါး ၄၈၁
အရိယာ ၂၈၈၊ ၄၆၄
အရုဏဝတီပြည် ၅၂
အရုဏဝမင်း ၅၂
အရူပဗြဟ္မာ့ပြည် ၄-ထပ် ၃၄၀
အရူပ ၄-ဘုံ ၃၃၉၊ ၃၉၇
အရူပလောက ၃၄၀
အရူပလောက ၄-ပါး ၂၈၉
အရေလက္ခဏာ ၁၁၅
အရောင် ၄-ပါး ၂၉၉
အရိပ်ကဲ့သို့ အစဉ်လိုက် ၅၄၆
အရှင်နန် ၅၄၆
အရှေ့စကြဝဠာ ၅၄၀
အရှေ့ ယုဂန္ဓိုရ်တောင် ၅၄၂
အရှေ့ဝါးတော ၄၈၁
အလီနသတ္တုမင်းသား ၆၂
အလောင်းတင်ပြာသာဒ် ၅၄၈
အလိုလိုကြွေသော သစ်သီး ၁၈၅
အလျှ၏ အကျိုးကြီးသော အဖြစ် ၆၀၇
အလျှခံဒက္ခိဏေယျ ၆၀၈
အဝါ ၆၀-ရှိ မထေရ်ကြီးကဲ့သို့ ၄၆၅၊ ၅၂၆
အဝိရဠဒန္တ ၁၄၂

[ အ ]

အဝိရဠဒန္တလက္ခဏာ ၁၄၉
အဝီစိငရဲ ၃၁၇
အဝီစိငရဲတိုင်အောင် ၅၈၄
အဝီစိငရဲမီး ၁၂၁၊ ၆၁၈
အသင်္ခါရိကစိတ် ၁၁၀
အသင်္ဂဂင်္ဂါ ၁၈၁
အသဒိသပုဏ္ဏားရွာ ၄၈
အသမမင်း ၄၂
အသမာမယ်တော်မိဖုရား ၄၂
အသာဓာရဏဉာဏ်တော် ၆-ပါး ၂၅၁
အသုဘကမ္မဋ္ဌာန်း ၄၂၅
အသုရာပြည် ၃၂၄
အသုရာနတ်မင်းကြီး ၄၄၁
အသူရိန်ရာဟု ၁၈၁
အသံ၌နိမိတ် ၄၂၀
အသံ ၁၀-ပါး ၇
အသောစမင်း ၆၈
အသောကဥယျာဉ် ၉၅
အသက်ကို စွန့်၍ ၄၈၃
အသက်ကြွင်းရှိသော အဖြစ် ၅၄၆
အဿကဏ္ဏတောင် ၂၉၇၊ ၃၅၁
အဿဇိ ၁၈၅၊ ၃၁၅၊ ၄၅၅၊ ၄၅၇
အဿဝဏ္ဏနက္ခတ် ၃၅၅၊ ၃၆၅
အဟိဆတ္တ နဂါး ၄၉၆
အဟိတ်အကုသလဝိပါက် ၇-ခု ၃၁၅
အဟိတ်ပဋိသန္ဓေ ၄၂၉
အာကာသဂင်္ဂါ ၃၀၉
အာကာသစာရီ နတ်သမီး ၅၇၈
အာဂမနပဋိပဒါ ၆၁၄

[ အ ]

အာဂန္တုက ၃၁၂
အာဂန္တုက ရဟန္တာပုဂ္ဂိုလ် ၅၀၀
အာဇီဝကရဟန်း ၅၀၂
အာဏာခေတ် ၂၉၀, ၂၉၂, ၃၄၇
အာတတ- တစ်ဖက်ပိတ်စည် ၃၃၃
အာတတဝိတတ ၃၃၃
အာဒိတ္တပရိယာယသုတ္တန် ၄၄၇
အာနန္ဒာ၊ အရှင် ၁၂၇, ၄၈၆, ၅၁၃, ၅၄၄, ၅၄၆, ၅၅၂, ၅၉၅, ၆၂၃
အာနန္ဒာမထေရ် ၅၁၂
အာနန္ဒာမင်း ၄၄
အာနန္ဒာ- မုရိုးစည် ၃၃၂
အာနန္ဒာမြင်း ၄၉
အာနန္ဒာသားတော် ၄၉, ၅၀
အာနာပါနစျာန် ၁၈၈
အာပေါကသိုဏ်း ၆၀၁
အာယတပဏှိ ၁၃၉
အာယတန ၁၂-ပါး ၂၄၁
အာယုကပ် ၅၅, ၃၉၃
အာယုကပ်ပတ်လုံး ၃၉၂
အာယုသင်္ခါရ ၅၆၅
အာရကပညာရှိ ၆၃
အာရာမ် ၄၆၈
အာရုံ ၆-ပါး ၂၄၁
အာလောကကသိုဏ်း ၄၆၉
အာလိန် ၅-ဆင့် ၂၉၄
အာဝဋ္ဋဂင်္ဂါ ၃၀၉
အာဝေဏိက ဗုဒ္ဓဓမ္မ ၁၈-ပါး ၂၆၆
အာသဝ ၄-ပါး ၃၈၈

[ အ ]

အာသဝက္ခယဉာဏ် ၂၂၉
အာသဝေါတရားကုန် ၅၄၆
အာသဝေါတရား ၄-ပါး ၂၂၉
အာသာဝတီနွယ် ၃၂၇
အာဠဝကဘီလူး ၃၇၄
အာဠာရ ၃၀၈
အာဠာရ ရသေ့ ၁၈၄
အားကြီးစွာသော ချစ်ခြင်း ၅၅၈
ဣဒ္ဓိအစိန္တေယျ ၂၇၄
ဣဒ္ဓိပါဒ် ၄-ပါး ၁၃၀
ဣန္ဒြေရှိသော သတ္တဝါ ၂၈၅
ဣန္ဒကနတ်သား ၆၀၇
ဣန္ဒပတ္ထပြည် ၆၆
ဣရိယာပုထ် ၅၀၂
ဣရိယာပုထ် ၄-ပါး ၁၁၂, ၂၆၉
ဣသိပတနတော ၅၅၄
ဣသိပတနမိဂဒါဝုန်တော ၅၈, ၄၂၂, ၅၁၆
ဣဿရိယ ၃၈၁
ဣဿာ ၃၈၅
ဤသရေတောင် ၂၉၅
ဤသရေသီဒါ ၂၉၅
ဤသိတာ ၃၈၁
ဥက္ကလာပဇနပုဒ် ၄၀၃
ဥက္ကလာပမင်း ၄၀၃
ဥက္ကာ ၂၀၆
ဥက္ခလိဂ္ဂ အလှူ ၆၂၆
ဥက္ခေပက ၂၉၂
ဥဂ္ဂတမင်း ၄၅
ဥဂ္ဂသူဌေး ၄၉၁

[ အ ]

ဥဂ္ဂသေန သူဌေးသား ၅၂၃
ဥဂ္ဂသေနမထေရ် ၅၂၇
ဥဂ္ဂသေနရဟန္တာ ၅၂၈
ဥဏ္ဏာလောမ ၁၄၄
ဥဏ္ဏာလောမလက္ခဏာ ၁၄၉
ဥဏှီသသီသ ၁၄၄
ဥဏှီသသီသ လက္ခဏာ ၁၄၉
ဥတု ၆-ပါး ၃၆၁
ဥတ္တကာမယ်တော်မိဖုရား ၃၅
ဥတ္တရကုရုကျွန်း ၉၁, ၁၁၇, ၃၀၁,
၃၀၅, ၄၃၈, ၆၀၉
ဥတ္တရဖလဂုဏီနက္ခတ် ၃၄၅
ဥတ္တရဘဒြပိုဒ်နက္ခတ် ၃၆၆
ဥတ္တရမင်း ၃၅
ဥတ္တရမြင်း ၃၅
ဥတ္တရလုလင် ၄၄, ၄၂၆
ဥတ္တရာနိဂုံး ၃၅
ဥတ္တရာပုဏ္ဏေးမ၊မယ်တော်မိဖုရား ၅၇
ဥတ္တရာပြည် ၃၅
ဥတ္တရာမြင်းစာရိတ်သမား ၃၅
ဥတ္တရာယဉ် ၃၅၃, ၃၅၉
ဥတ္တရာယဉ်ဗာဟိရဝီထိ ၃၆၄
ဥတ္တရာသားတော် ၅၆
ဥတ္တရာသူဌေးသမီး ၃၅
ဥတ္တရာသဠ်နက္ခတ် ၁၁၀, ၁၇၆, ၃၁၄, ၃၅၅
ဥတ္တရိမနုဿဓမ္မ ၃၈၃
ဥဒက ၃၀၈
ဥဒကရသေ့ ၁၈၄
ဥဒါန-အဖြစ်အပျက်, အကြောင်းအရာ [၉]

[ အ ]

ဥဒ္ဒဂ္ဂလောမ ၁၄၀
ဥဒ္ဒဂ္ဂလောမလက္ခဏာ ၁၄၇
ဥဒါန်း ၃-ဂါထာ ၂၃၃
ဥပက ၃၀၉, ၃၁၁
ဥပမိ ၄-ပါး ၄၀၄
ဥပမိဝိဝေက ၃၈၃
ဥပနိဿယ ၄၆၂, ၄၉၆
ဥပဝါဟစစ်သူကြီး ၉၂
ဥပါဒါန်တရား ၄-ပါး ၂၁၈, ၃၈၈
ဥပါဒါနက္ခန္ဓာ ၅-ပါး ၂၂၈
ဥပေက္ခာပါရမီ ၆၄
ဥပေက္ခာ ဝေဒနာ ၂၂၂
ဥပေါသထဆင် ၂၁၆
ဥပ္ပလဝဏ် ၅၆၂
ဥပ္ပလဝဏ္ဏာ ၅၆၃, ၅၉၉
ဥပုသ်သီလအင်္ဂါ ၁၁၀
ဥမင်္ဂင်္ဂါ ၃၁၀
ဥရုဝေလကဿပ ၄၃၄
ဥရုဝေလဆွမ်း ၄၃၈
ဥရုဝေလတော ၁၉၀, ၄၀၁
ဥရုဝေလမီးတင်းကုပ် ၄၄၀
ဥသဘက္ခန္ဓအသင်္ချေ ၄
ဥသဘက္ခန္ဓ သားတော် ၁၆
ဥသဘဝတီပြည် ၅၅
ဥသဘအသင်္ချေ ၄
ဥသိရဒ္ဓဇတောင် ၁၀၈
ဥဿင်္ခပါဒ ၁၃၉
ဥဿင်္ခပါဒလက္ခဏာ ၁၄၇
ဥဿဒရက်ငရဲ ၃၁၅, ၃၁၇

[ အ ]


ဦးခေါင်း၌ ဝေဒနာ ၅၄၅
ဦးရစ်ပုဆိုး ၁,၀၀၀ ၁၇၀
ဦးသျှောင်တော် ၁၇၈
ဧကစက္ကူပြည် ၆၆, ၆၇
ဧကရာဇ်မင်း၏ အဘိသိက် ၅၆၇
ဧကာလောကဓာတ် ၂၉၀
ဧကေကလောမ ၁၄၀
ဧကေကလောမလက္ခဏာ ၁၄၉
ဧဏိဇယ် ၁၄၀
ဧဏိဇယ်လက္ခဏာ ၁၄၇
ဧတဒဂ် ၆၂၂
ဧတဒဂ်ဆု ၅၆၁, ၅၆၃
ဧတဒဂ်ရ ရဟန္တာမဆု ၅၆၄
ဧည့်သည်ရဟန်း ၅၀၁
ဧရကပတ္တနဂါး ၄၂၆
ဧရာဝဏ်ဆင် ၁၈၂, ၃၃၀
ဧဟိဘိက္ခု ၃၁၅
ဧဟိ ဘိက္ခုရဟန္တာ ၅၂၆, ၅၈၉
ဧဟိဘိက္ခုရဟန်း ၄၆၃
ဧဟိဘိက္ခုရဟန်းပဋ္ဌင်း ၄၄၆
ဩကာသလောက ၂၈၈
ဩက္ကာကရာဇ်မင်း ၆၉
ဩက္ကာကရာဇ်၏ မိဖုရား ၅-ပါး ၆၉
အံ့ဖွယ် ၁၂-ပါး ၇၈
အံ့ဖွယ်သရဲ ၄၇၁
အံ့ဖွယ်သရဲဂါထာ ၄၀၅
အိုးစရည်းမှု ၃၀၄
အောက်ကိုယ်တော်တစ်ပိုင်းမှရေ ၆၀၁
အောက်မင် ၃-ပါးတို့၏ ဥပနိဿယ ၆၂၆


[ အ ]


အောက်မြေ၌တည်သော နဂါး, ဂဠုန် ၆၁၄
အင်ကြင်းခက် ၁၂၀
အိုင်ကြီး ၇-အိုင် ၃၀၆, ၃၄၂
အောင်မြေပလ္လင် ဗောဓိပင် ၁၀၆
အပ်ကျည်၌ အပ်တို့ဖြင့်ပြည့်သကဲ့သို့ ၅၃၉
အိမ်ရာထောင်ခြင်း၌ ဆင်းရဲသောအဖြစ် ၅၅၂
အိမ်ရှေ့မင်း ၉၂
အိမ်သစ်တက်မင်္ဂလာ ၄၇၅

၁-ခုသော စက် ၅၆၉
၁-ဂါထာစီ ကုံးသီ ၅၄၀
၁-ယောက် အထီးတည်းသာ ၅၈၃
၂-ကျွန်းလင်းခိုက် ၂-ကျွန်းမိုက် ၃၇၁
၂-ဆုပ်သောပန်း ၄၈၃
၂-ပါးသော အခြင်းအရာ ၅၃၇
၃-ကျွန်းလင်းခိုက် ၁-ကျွန်းမိုက် ၃၇၁
၄-ထောင့်အင်းပျဉ်ကဲ့သို့ ၃၀၁
၄-ပါးသောအခြင်းအရာ ၅၀၁
၄-ပါးသော အမျိုး ၁၉၃
၄-ပါးသော ပြဿနာ ၂၇၃
၅-ပါးသော အဂ္ဂဒါနအဦး အလှူ ၆၂၆
၅-ပါးသော အညစ်အကြေး ၅၃၇
၅-ပါးသောကိစ္စ ၅၁၉
၅-ပါးသော ကာမဂုဏ် ၁၆၅
၅-ပါးသော ထိခြင်း ၅၂၆, ၅၅၈
၅-ပါးသော ဘုရားကိစ္စ ၅၂၄
၅-ပါးသော မာရ် ၃၈၄
၅-ပါးသော မင်းမြောက်တန်ဆာ ၁၂၅
၅-ပါးသော ရှိခိုးခြင်း ၁၉၅

၅-ဝါမြောက် ၅၃၁
၅-ဝါမြောက် ဝါဆို ၅၄၄
၆-ခွန်းသောစကား ၂၈၄
၆-ယောက်သော တိတ္ထိဆရာ ၅၉၀
၆-ဝါမြောက် ၅၈၉
၇-ကြိမ်အလှူကြီး ၂၀၉
၇-ကြိမ် ကျွမ်းထိုး၍ သက် ၅၂၅
၇-ပါးအပြားရှိ အရိယာတို့၏ဥစ္စာ ၄၇၆
၇-ဖဝါးနင်း ၁၂၄
၇-ရက်ပတ်လုံး ၅၂၃၊ ၃၉၄
၈-ကျိပ်သော မဟာသာဝက ၅၄၂
၈-ချောင်းသော ဆံတော် ၄၀၂
၈-ပြည်သော မြတ်လေးပန်းပွင့် ၄၈၂
၈-ဝါမြောက် ဝါဆို ၆၂၁
၉-ပါးသောအဝတ်တို့မှ သွေးပြည် ၅၅၉
၉-ပါးသော ဝိမုတ္တိ ၁၃၀
၉-ပါးသော သမာပတ် ၁၂၉
၁၀-ပါးသော ပါရမီ ၂၀၄၊ ၃၉၁
၁၀-ပါးသော မင်းကျင့်တရား ၆၁၉
၁၁-ပါးသော မီး ၁၃၀
၁၁-ဘုံသည် ကာမလောက ၃၄၀
၁၂-ပါးသော ပဋိစ္စသမုပ္ပါဒ ၂၈၂
၁၂-လခေါ်ပုံ ၃၆၅
၁၄-ပါးသော ဗုဒ္ဓဉာဏ် ၂၇၄
၁၆-ပါးသော အခြင်းအရာ ၆၀၄
၁၆-ပါးသော ဥပဒ္ဒဝေါ ၁၀၁
၂၅-ပါးသော ဘေး ၁၀၁
၃၂-ပါးသော ကြမ္မာ ၁၀၁
၃၂-ပါးသော နိမိတ် ၁၁၁၊ ၁၂၁
၃၂-ပါးသော လက္ခဏာ ၅၄၃၊ ၅၅၈
၃၃-လုံးသော ဦးကင်း ၃၃၀
၆၂-ပါးသော ဒိဋ္ဌိဝါဒ ၃၉၀
၆၂-ပါးသော မိစ္ဆာဒိဋ္ဌိအယူ ၁၃၀
၇၇-ပါးသော ဉာဏ်တော် ၂၇၆
၈၀-သော လက္ခဏာတော်ငယ် ၅၅၈
၉၆-ပါးသော အနာ ၁၀၁
၁၀၁-ယောက်သော မင်း ၈၅၊ ၅၆၇၊ ၅၇၉
၁၀၈-ကွက်သော စက် ၁၄၆
၁၀၈-ယောက်သော ပုဏ္ဏား ၄၁၇
၁၃၆-ငရဲ ၃၂၃
၂၀၄-ကျိပ်သော နို့ထိန်း ၁၅၆
၂၀၅-ကျိပ်ကုန်သော မင်းသား ၅၃၃
၃၀၀-သောအရိုး ၅၆၀
၅၀၀-ကုန်သောမင်းသား ၅၃၅
၅၀၀-သော ရဟန်းတို့ ရဟန္တာဖြစ် ၅၃၇
၁၀,၀၀၀-သော စကြဝဠာ ၄၆၉
၇,၇၀၇-ယောက်သော မင်း ၅၅၁


------- x -------

✪✪✪✪✪✪✪✪✪✪

ကျမ်းစာအုပ်ဓမ္မဒါနအလှူရှင်

ဤတထာဂတဥဒါနဒီပနီကျမ်းကို အဆက်မပြတ်

လည်ပတ်ထုတ်ဝေနိုင်ရန် ရည်သန်၍ ငွေပဒေသာပင်စိုက်ထူကာ

ပညာသံဝတ္တနိကကုသိုလ်ပြုကြသော ဓမ္မဒါန ဒါယကာများ

✡ နှစ်ဖက်မိဘများ

အားအမှူးထား၍

အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး

✡ ဗိုလ်ချုပ်မြင့်စိုး + ဒေါ်ခင်မြဦး

သမီး မဆုသစ်ထူး၊ မမေသကြာ်နှ်ဦး

မိသားစုနှင့်

✡ ဓမ္မမိတ်ဆွေများ

ကောင်းမှု

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
အမှတ် ...............
ရက်စွဲ ...............
သုတေသနစာကြည့်တိုက်

## ...ပုံနှိပ်ပြီးသော ကျမ်းစာများ

၁။ သီလက္ခန်အဋ္ဌကထာ မြန်မာပြန်

၂။ ဝိသုဒ္ဓါရုံကစ္စည်းသုတ်နက်ဋီကာ

၃။ ဝိသုဒ္ဓါရုံပုဒ်စစ်ဂဏ္ဌိကျမ်း

၄။ နှုတ်ငုံဆောင် ဝိသုဒ္ဓါရုံ ပရမတ္ထသရူပဆိုရိုး

၅။ သိရီမဟာမာယာဒေဝီဝတ္ထုနိဿယ

၆။ ဝိစိတြဝန္ဒနာ [ ရောင်ခြည်တော်ဖွဲ့, မဟာပုရိသလက္ခဏာ, စက်လက္ခဏာ, အစိန္တေယျကြီး- ဝန္ဒနာများ]

၇။ မင်္ဂလာ့အမြုတေ

၈။ လင်္ကာဒိမဂ္ဂဒီပနီ

၉။ မဟာဗောဓျာဒိမဂ္ဂဒီပနီ

၁၀။ မဟာဝိသုဒ္ဓါရာမတိုက်အုပ် ဆရာတော်ထေရုပ္ပတ္တိ

၁၁။ ဝိမိဿရစနာ

၁၂။ ဗုဒ္ဓနိုင်ငံတော် ပထမတွဲ

၁၃။ အမေးတော်ဖြေ

၁၄။ ဘူမိစာလနီဒါန်းကျမ်း

၁၅။ ဓာတွတ္ထသင်္ဂဟပါဌ် + နိဿယ

ကျမ်းစာအုပ်ဓမ္မဒါနအလှူရှင်

ဤတထာဂတဥဒါနဒီပနီကျမ်းကို အဆက်မပြတ်

လည်ပတ်ထုတ်ဝေနိုင်ရန် ရည်သန်၍ ငွေပဒေသာပင်စိုက်ထူကာ

ပညာသံဝတ္တနိကကုသိုလ်ပြုကြသော ဓမ္မဒါန ဒါယကာများ

✡ နှစ်ဖက်မိဘများ

အားအမှူးထား၍

အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး

✡ ဗိုလ်မှူးချုပ်မြင့်စိုး + ဒေါ်ခင်မြဦး

သမီး မဆုသစ်ထူး၊ မမေသကြ်နံဦး

မိသားစုနှင့်

✡ ဓမ္မမိတ်ဆွေများ

ကောင်းမှု